
စိတ်ကူးချိုချိုအနုပညာ



တင်မောင်မြင့်

# ဒီရေရိုင်းနှင့် မုန်တိုင်းနှင့်

FRANK YERBY, FLOOD TIDE

ဒုတိယအကြိမ်

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

စိတ်ကူးချိုချိုစာအုပ်

တင်မောင်မြင့်

# ဒီရေရှိုင်းနှင့် မုန်တိုင်းနှင့်

# FLOOD TIDE

## FRANK YERBY

၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ
ဒုတိယအကြိမ်

ဒီရေရိုင်းနှင့် မုန်တိုင်းနှင့်

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - [illegible]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - [illegible]

မျက်နှာဖုံးဒီဇိုင်း [illegible]

[illegible]

[illegible]

[illegible]

[illegible] [redacted] ကျော်မြင့် ဖြန့်ချိသည်။


## အခန်း (၁)

ရှောစ်ပါရှီသည် ခရက်ဆင့်စီတီ မီးသဘောကြီးပေါ်တွင် လက်ကို တင်းတင်းပိုက်ရပ်ရင်း မစ္စစ္စပီမြစ်ညာဆီသို့ ငေးစိုက်လိုက်ပါလာခဲ့၏။ ဟိုရှေ့မှ ရေပြင်ကျယ်နှင့် အငူစွန်းတစ်ခုကိုလွန်လျှင် မြို့ကိုမြင်ရတော့မည်။ ရင်ထဲတွင် ခံစားမှုတစ်မျိုးဖြင့် လှိုင်းပုတ်လှုပ်ခတ်လာသည်။

ဦးခေါင်းပေါ်မှ ခေါင်းတိုင်ရှည်ကြီးတစ်ခုဆီက ဥဩသံသည် မီးခိုးဖြူဖြူများနှင့်အတူ ဆူညံစွာ ထွက်ပေါ်လာသည်။ တစ်ပြိုင်တည်းတွင် ခေါင်းလောင်းသံများကိုလည်း ကြားလိုက်ရ၏။ မီးသဘောကြီးသည် သိသိသာသာ အရှိန်လျှော့ချလိုက်သည်။

ဟော... နက်ချက်မြို့ကလေးကို လှမ်းမြင်ရပြီ။ ရှောစ်တစ်ကိုယ်လုံး တောင့်တင်းသွားသလို ခံစားလိုက်ရ၏။ အသက်ရှူမှားမတတ်ပင်။

မော်ဂင်ဘာရစ်တာနီက သူ့ကို လှမ်းကြည့်နေပြန်သည်။ အမျိုးသမီးက လင်တော်မောင် လန့်စ်ဘာရစ်တာနီ၏ လက်ကိုတွဲရင်း ကုန်းပတ်ပေါ်သို့ တက်လာခြင်းဖြစ်၏။ လက်ထဲမှ ထီးလှလှကလေးမှာ လေထဲတွင် တဖျပ်ဖျပ် လှုပ်ယမ်းလျက်။ ရှောစ်ကို မြင်လိုက်သည်နှင့် ရုတ်ခြည်း ရပ်လိုက်သည်။

“ဒီနေရာကလေးက လူရှင်းပါတယ် လန့်စ်ရယ်၊ ဒီနားမှာပဲ နေရအောင်ပါ”

လန့်စ်ဘာရစ်တာနီက ရှောစ်ကို လှမ်းကြည့်သည်။ စူးစူးရဲရဲ ကြည့်ခြင်းမျိုး။ သည်ခွေးမသားနှင့် တွေ့ပြန်ပြီ၊ လူကတော့ လူချောကလေး။ သို့သော် ရှောစ်ရပ်နေပုံက ကျောက်ဆစ်ရုပ်တစ်ခုအလား။ သူတို့လင်မယားကို လုံးဝ သတိပြုမိပံ့မရှိ။

လန့်စ်က ပခုံး မသိမသာတွန့်လိုက်၏။ လန့်စ်ဘာရစ်တာနီမှာ အသက်ငါးဆယ်ရှိပြီး ဇနီး မော်ဂင်က နှစ်ဆယ့်ငါးနှစ်တိတိ။ လက်ထပ်ခဲ့သည်မှာ

နှစ်လမျှသာ ရှိသေးသည်။ ထို့ကြောင့် ပင်ကိုအားဖြင့် သဘောထားသေးသိမ်ခြင်း မရှိသော လန့်စ်သည် ပုပုနွေးနွေး ဇနီးကလေးနှင့် ဝတ်သက်လာလျှင် သဝန်တို ချင်သလိုလို ဖြစ်နေ၏။

သဘော်ပေါ်တွင် ခရီးသွားဟန်လွှဲ တွေ့လာသော လူငယ်လူရွယ်များကို ဝန်တိုမိခြင်းမှာ မိုက်မဲမှုသက်သက်ပဲဟု လန့်စ်က သဘောထားလိုက်သည်။ ခထူးသဖြင့် ရော့စ်လို သေးသေးသွယ်သွယ်နှင့် ခေါက်ရိုးမကျိုးသည့် မနူးမနပ် သူငယ်မျိုးကို မော်ဂင်ကလည်း မျက်စိကျလိမ့်မည် မထင်။

"ကောင်းပြီလေ၊ ဒီနားမှာပဲ စောင့်ကြတာပေါ့"

မော်ဂင်က ရွှေရောင်တောက်နေသည့် မစ္စစ္စပီမြစ်ဝှမ်း ရှုခင်းနှင့် ဟိုး အဝေးမှ အစိမ်းရောင် လှုဝီစီးယားနားနယ်မြေကို ငေးမောနေရာမှ ရော့စ်ဘက်သို့ မသိမသာကလေး တဖြည်းဖြည်း စောင်းငဲ့ကာ နည်းနည်းချင်း ခိုးကြည့်နေပြန် သည်။ သေးသေးသွယ်သွယ်နှင့် တကယ့်ကို ချစ်ဖို့ကောင်းတဲ့ လူရွယ်ပါကလား၊ ၁၈၅၀ ပြည့်နှစ်၊ ဥရောပတွင် နောက်ဆုံး ခေတ်စားနေသည့် ဝတ်စုံနှင့်။ အမေရိ ကန်တွင် လုံးဝ အမြင်ဆန်းနေဦးမည့် ဝတ်စုံမျိုး။

ခါးကျဉ်းကျဉ်းတွင် ချပ်ချပ်ရပ်ရပ်နှင့် ဒူးတစ်ဝိုက် ဝဲကျနေသော ဓီးရောင် ကုတ်အင်္ကျီရှည်ကို မော်ဂင် သဘောကျနေ၏။ အတွင်းမှ ကိုယ်ကျပ်ခါးတို အင်္ကျီမှာ နူးနူးညံ့ညံ့ ဖြူဖြူဖွေးဖွေး၊ ဘောင်းဘီက အစင်းစင်းနှင့်၊ ဖိနပ်မှာ အရိပ်ပေါ်လောက်အောင် နက်ပြောင်လျက်၊ ဦးထုပ်အောက်မှ ရွှေရောင်ဆံပင်များ ကို အတိုင်းသား မြင်နေရ၏။ ချိုင်းကြားတစ်ဖက်တွင် ကြိမ်လုံးခပ်တိုတိုတစ် ချောင်းကို ညှပ်ထားသည်။

မျက်နှာသွင်ပြင်မှာ နံနက်ခင်း နေရောင်ခြည်တွင် ချစ်စဖွယ် ကြည်လင် ဝင်းပနေ၏။ နှာတံစင်းစင်း၊ မေးရိုးတင်းတင်းနှင့်။ မင်းညီမင်းသားတစ်ပါး၏ ရုပ်ဆင်းရူပကာမျိုး။ သို့သော် မျက်လုံးများကမူ ရီဝေဝေနိုင်လှသည်ဟု မော်ဂင် ထင်လိုက်၏။ ဆွေးရိပ်သန်းနေသလိုလို။ မော်ဂင် ရုတ်ခြည်း စိတ်မကောင်းဖြစ် သွားသည်။

ကဗျာဆရာနဲ့ တူပါရဲ့။

မော်ဂင်၏ အတွေးမှာ မှန်လုနီးပါး ဖြစ်နသည်။ ချစ်စဖွယ် လူရွယ်ဆီမှ ခင်ပွန်းဖြစ်သူ လူထွားကြီးဘက်သို့လှည့်ပြီး မော်ဂင် ပြုံးသည်။

သို့သော် လူရွယ်၏ ပုံရိပ်က သူ့အာရုံတွင် စိုးမိုးနေဆဲ။

အမျိုးသမီးအားလုံးသည် လူရွယ်ကို သဘော်ခရီးတစ်လျှောက်လုံး စိတ်ဝင် စားလာခဲ့ကြသည် မဟုတ်လား။ သူ့အမူအရာ၊ အပြောအဆို၊ ဆင်ယင်ထုံးဖွဲ့မှု



အားလုံး ခရီးသွားဖော် အမျိုးသားများနှင့် တစ်ဘာသာဖြစ်နေ၏။

သဘော်ပေါ်တွင် အချင်းချင်း မိတ်ဆက်ကြရ၏။ လိပ်စာကတ်ပြားကလေး များ လဲလှယ်ရင်း ရွှန်းရွှန်းဝေ စကားဝိုင်းများ ဖွဲ့ကြရ၏။ သူကမူ သူ့နာမည်ကို ထုတ်ပြောရုံမျှလွှဲပြီး ခပ်မဆိတ်နေလေ့ရှိသည်။

ဘယ်လို လူစားမျိုးပါလိမ့်။ သူက နက်ချက်မြို့သားတဲ့။ (သဘော်ကပ္ပတိန် ထံမှ မော်ဂင် စုပ်စုခဲ့ခြင်းဖြစ်၏) နက်ချက်ဆိုတာ လန့်စ်ရဲ့မြို့ပဲ။ အင်းလေ ခုတော့ ကိုယ့်မြို့ဖြစ်ရတော့မှာပေါ့။ စကားမစပ်စပ်မိအောင် ဦးတည်ပြီး လင်တော် မောင်အား သူ့အကြောင်း ဆက်လက်စပ်စုမိသေး၏။ လန့်စ်က စိတ်ဝင်စားဟန် အလျှင်းမရှိဘဲ "ဘာ... ရော့စ်ပါရီ ဟုတ်လား၊ မကြားဖူးပါဘူး၊ ထင်ထင်ရှားရှား မျိုးရိုးထဲက မဟုတ်လို့နေမှာပေါ့ကွာ" တဲ့လေ။

လန့်စ်ဘရစ်တာနီတို့ မျိုးရိုးကတော့ နက်ချက်တွင် အချမ်းသာဆုံးနဲ့ ရှေးအကျဆုံးတဲ့လေ။ ဒါပေမဲ့ ရော့စ်ပါရီကိုကြည့်ရတာ လန့်စ်ပြောသလို မထင် မရှား မျိုးရိုးထဲကနှင့် လုံးဝမတူ၊ တကယ့် လူကြီးလူကောင်းပဲ။ ခေတ်ပညာတတ် တစ်ယောက်၊ ကဗျာဆရာတစ်ယောက်ရဲ့ ပုံစံမျိုးပဲ။

တခြား အမေရိကန်တောင်ပိုင်းသားများနှင့် လားလားမျှမတူ။ ကြမ်းကြမ်း ရမ်းရမ်း အမူအရာမျိုး လုံးဝမရှိ။

အရက်များများ သောက်နိုင်မှ၊ မြင်းကြမ်းကြမ်းစီးနိုင်မှ လူကြီးလူကောင်း ဟု သတ်မှတ်လေ့ရှိသော တောင်ပိုင်းသားများထဲတွင် သူက သဘော်ဧည့်ခန်း ထဲမှာ စန္ဒရားဖြင့် မွေ့လျော်သူ၊ ခရီးသည်များကို ဖျော်ဖြေသူဖြစ်၏။ ဒေါက်တာ ဗင်ဘိုးနှင့် စကားပြောစဉ် ဟိုမာ၏ ကဗျာများကို ဂရိဘာသာဖြင့်ရွတ်ပြနေ သည်ကိုလည်း ကြားကြရ၏။

ရော့စ် ခပ်ဖြည်းဖြည်း လှည့်လာသည်။ အကြည့်ချင်းဆုံကော့ မော်ဂင့် ရင်ထဲ နွေးသွား၏။ နက်ချက်ဟာ ပျော်စရာကောင်းမှာပါလေ။ ဤတွင်မှ သျှောင်နောက်ဆံထုံးပါခဲ့သော မော်ဂင်တစ်ယောက် နက်ချက်ကို နှလုံးမွေ့လျော် ဖွယ်အရပ် ဖြစ်လိမ့်မည်ဟု ယုံကြည်လိုက်ခြင်း ဖြစ်လေသည်။

*

ပေ ၂၀၀ ခန့်မြင့်သည့် အညိုရောင် ချောက်ကမ်းပါးကြီးများကိုကျော်ပြီး မှေးစင်းသော မျက်လုံးများဖြင့် ရော့စ်တစ်ယောက် မြို့ဆီသို့ ငေးမြဲငေးနေ၏။

ရောမဝက်သစ်ချပင်ကြီးများကြားတွင် စပျစ်ခြံတွေကို လှမ်းမြင်ရပြီ။ မြို့ကျက်သရေဆောင် တတိုင်းမွေးပင်များနှင့် တောင်ပေါ်မြေပိုင်ရှင်ကြီးများ ရပ်ကွက်မှ ဂရိဆန်ဆန် အဆောက်အအုံများကိုလည်း လှမ်းမြင်ရပြီ။

အစိမ်းရောင်နောက်ခံတွင် ပန်းမျိုးစုံ ဖူးပွင့်ဝေဆာနေကြသည်ကိုလည်း ခပ်ရေးရေး မြင်နေရသည်။

ဒီအမျိုးသမီး နက်ချက်ကို ရောက်တော့မယ်၊ နက်ချက်ကိုရောက်ရင် ...။

ရှော့စ်တစ်ယောက် ကိုယ့်ကိုယ်ကိုယ် မယုံနိုင်အောင် ဖြစ်နေ၏။ ဘာကြောင့်သည်ကိစ္စကို အရေးတကြီး စဉ်းစားနေမိပါလိမ့်။ ခရက်ဆင့်စီတီပေါ်တွင် အမျိုးသမီးပေါင်းများစွာ ပါလာခဲ့၏။ ဘာဖြစ်လို့ သည်မိန်းမကိုမှ ရွေးပြီး ...။

ခုလည်း ကြည့်လေ။ သူ့ကို မကြည့်ဘဲမြင်နေ၏။ သူ့အကြောင်း မစဉ်းစားဘဲ အာရုံတွင် ထင်နေ၏။ အသည်းပုံသဏ္ဌာန် မျက်နှာသွယ်သွယ်ကလေး၊ ထူးထူးခြားခြား လှပသည့်အလှမျိုး။

သည်မိန်းမက ဘာများ ပိုထူးခြားလို့ပါလိမ့်။

တစ်ချက်ဈေးပြီး ကြည့်မိပြန်၏။ ရုတ်တရက် ကောက်ချက်ချလိုက်မိသည်။ သေသေချာချာ သိလိုက်သလိုပဲ။ သစ္စာမဲ့သည့် မျက်နှာမျိုး၊ ခရစ်စီဒါရဲ့မျက်နှာမျိုး။ (ဂရိနတ်ဘုရားသမိုင်းတွင် ထရော်ဂျန်မင်းသားတစ်ပါးဖြစ်သူ ထရိုအီလပ်စ်၏ချစ်သူ ခရစ်စီဒါ။ နောက်တွင် ထရိုအီလပ်စ်အား သစ္စာဖောက်ကာဒိုင်အိုမိဒိစ်နှင့် လိုက်ပြေးသည်။ ။ ပြန်ဆိုသူ) ဒါမှမဟုတ် မော်ဂင်လီဖေးကိုအစွဲပြုပြီး မော်ဂင်လို့ မှည့်ထားသည်လား။ (မော်ဂင်လီဖေးမှာ အင်္ဂလန်ပြည့်ရှင်အာသာဘုရင်ကြီး၏ နှမတော်သူ မာယာရှင်မအဖြစ် အာသာဘုရင်ဒဏ္ဍာရီတွင်လာရှိသည်။ ။ ပြန်ဆိုသူ)

ဘရစ်တာနီဆိုတဲ့ လူကြီးဟာ ဘာလို့များ ဒီလိုမိန်းကလေးကို လက်ထပ်ယူခဲ့ပါလိမ့်။ သူ့စည်းစိမ်ချမ်းသာကလွဲလို့ ဒီလိုမိန်းကလေးမျိုးက ဘာမက်မှာလဲ၊ တော်တော်မိုက်တဲ့ လူကြီးပဲ။

အင်း... ဘာတွေဖြစ်လာမလဲ မသိဘူး၊ ဘယ်သူက မှုဆိုးလဲ၊ ဘယ်သူက သားကောင်လဲ၊ စောင့်ကြည့်ရဦးမှာပေါ့လေ။

အစ်ကိုလုပ်သူ တွမ်နှင့် ညီမလေး အဲနစ်တို့ ဆိပ်ကမ်းမှာ လာကြိုတန်ကောင်းပါရဲ့။ အစ်ကိုကြီး တွမ်မှာ အားကောင်းမောင်းသန် လူထွားကြီးတစ်ယောက်ဖြစ်၏။ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်လို့ ခေါ်ရလောက်အောင် ချောမော



ခဲ့ညားသူလည်းဖြစ်သည်။ တွမ်၏ နံဘေးတွင် ရှော့စ် အမြဲတမ်း သိမ်ငယ်ခဲ့ရ၏။

သည်အတွက်မူ ရှော့စ်တစ်ယောက် တွေးမကြောက်တော့။ တွမ်သည်အသွင်အပြင်အားဖြင့်သာ မိမိထက် သာလွန်ပြီး အသိပညာနှင့် သိက္ခာပိုင်းတွင်မိမိအနေဖြင့် ပူစရာမလိုတော့ပေ။ ဝတ်လာသည့် အဝတ်အစားကို တွေ့ရုံမျှဖြင့်သူတို့တစ်တွေ မိမိအခြေအနေကို သိကြလိမ့်မည်။ အဲနစ်ကလေးကတော့မိန်းမလှကလေးတစ်ယောက် ဖြစ်နေလောက်ပြီ။ ဒါပေမဲ့ ခေတ်မီစွာ ဆင်ယင်ထုံးဖွဲ့တတ်ရှာမည်တော့ မဟုတ်။

ပြေးရေပါမှ သွေးရင်းသားရင်းဆို၍ သည်သုံးယောက်ပဲရှိပြီး အစ်ကိုနှင့်ညီမအပေါ် သည်လိုမြင်မိသည့်အတွက် ရှော့စ် စိတ်မကောင်းဖြစ်သွား၏။

မိသားစုပိုင်ငွေတွေဖြင့် မိမိနိုင်ငံခြားတွင် ပညာသင်နိုင်ခဲ့ခြင်း မဟုတ်လား။ ဘွဲ့တွေယူနိုင်ခဲ့ခြင်း မဟုတ်လား။ အောက်စ်ဖို့လို ကမ္ဘာကျော်တက္ကသိုလ်တွင်တက်နိုင်ခဲ့ခြင်း မဟုတ်လား။ ပါရီမျိုးဆက်တွင် အထက်တန်းပညာကို မိမိပထမဆုံး သင်ယူနိုင်ခြင်းမှာ သူတို့ ကျေးဇူးတွေကြောင့် မဟုတ်လား။

မိမိ ပညာသင်စရိတ်အတွက် တွမ်တစ်ယောက် မိသားစုပိုင် သစ်စက်တွင်နဖူးကချွေး ခြေမကျအောင် လုပ်ခဲ့ရသည်။ တစ်ခုတော့ရှိသည်။ သည်သစ်စက်၏အစုရှယ်ယာ အများစုကို ပိုင်သည်မှာ ရှော့စ်သာဖြစ်၏။

အရက်ဆိုင်ပိုင်ရှင် အဖေဆုံးတော့ သူတို့ညီအစ်ကိုမောင်နှမ သုံးယောက်အတွက် များများစားစား မကျန်ခဲ့။ အမွေခွဲယူကြပြီးနောက် ရှော့စ်က ရှိသမျှပိုက်ဆံကို ပုံအောပြီး အဖေ့မိတ်ဆွေ အဘိုးကြီး ပီတာဒယ်လ်တန်၏ သစ်စက်တွင် အစုဝင်ခဲ့သည်။ လုပ်ငန်းအောင်မြင်လာခါမှ တွမ်က တွန့်ဆုတ်တွန့်ဆုတ်နှင့် ဖဲမရှုံးဘဲ ကျန်နေသည့် ငွေကလေးဖြင့် ဝင်လာခြင်းဖြစ်သည်။ တွမ်ကခပ်ပွေပွေနေတတ်သူ။

လုပ်ငန်းကား အောင်မြင်ပါ၏။ သည်အောင်မြင်မှုကို ပြန်ပြောင်းစဉ်းစားရသည်ကတော့ ကြည်နူးဆွတ်ပျံ့ဖွယ် မကောင်းလှပေ။

ပင်ကိုအားဖြင့် နူးညံ့သိမ်မွေ့ခြင်း၊ ဆက်ဆံရေး ပြေပြစ်ခြင်းစသည့်ရှော့စ်၏ အစွမ်းအစတို့ကြောင့် သစ်လုပ်ငန်းနှင့် တစ်ဆက်တည်း အဆောက်အအုံကန်ထရိုက်လုပ်ငန်းများပါ လုပ်ဖြစ်ခဲ့ကြသည်။ မြေပိုင်ရှင်ကြီးတွေ သူတို့၏စံအိမ်ကြီးများကို သူ့ထက်ငါ အပြိုင်အဆိုင် ဆောက်လုပ်နေကြချိန်တွင် ရှော့စ်နှင့်

အသိုးကြီး ဖီတာတို့၏ လုပ်ငန်းများစွာ တိုးတက်လာခဲ့သည်။ အိမ်ပုံစံများကိုကား နိုင်ငံခြား ဗိသုကာများထံမှတစ်ဆင့် ဝယ်ယူကြရ၏။

ဧရာမ အိမ်ကြီးရခိုင်များကို ရော့စ် ဆောက်ခဲ့ရသည်။ သို့သော် ဆောက်လုပ်ပြီးစီးသည်နှင့် ဒီအိမ်ကြီးများ၏ အိမ်ရိပ်ကို နင်းခွင့်မရတော့။

နက်ချက်တွင် လူတန်းစား ကွာဟမှုက ရှင်းသည်၊ ပြတ်သည်။ မိမိတို့၏ ဆိပ်ကမ်းရပ်ကွက်သားများ၊ လက်လုပ်လက်စား အောက်တန်းစားများနေသည့် ရပ်ကွက်တွင် မွေးဖွားကြီးပြင်းခဲ့ကြသူများ၊ မြေပိုင်ရှင်ကြီးများက ရှုခင်းသာမော့ ဆိုသည့် တောင်တန်းတစ်လျှောက်တွင် နေရာယူပြီး လူကုံထံရပ်ကွက်ကို နတ်ဘုံ နတ်နန်းတမျှ တည်ဆောက်နေကြသူများဖြစ်၏။

တစ်နေရာနှင့် တစ်နေရာ ဘာမျှဝေးလံလှသည်မဟုတ်။ သို့သော် ဆိပ်ကမ်းရပ်ကွက်မှ တောင်ပေါ်ရပ်ကွက်သို့ ပြောင်းရွှေ့နေထိုင်ဖို့ကိစ္စမှာ မကြံအပ် မစည်အပ်သည့် ကိစ္စတစ်ခုဖြစ်သည်။

သည်မဟာရံတံတိုင်းကို စတင်ဖြိုခွင်းဖို့ ကြံစည်သူမှာ ရော့စ်ပါရီပင်ဖြစ်၏။ ဘယ်လို အတားအဆီးတွေရှိနေပါစေ၊ ရော့စ်က ကျော်ဖြတ်မည်သာ ငွေစုမည်၊ လုံလောက်သည့်ငွေရသည်နှင့် တစ်ပြိုင်နက် အမြင့်ကိုတက်မည်။

အင်္ဂလန်ပြန် ဗိသုကာဘွဲ့ရ အင်ဂျင်နီယာတစ်ယောက်အနေဖြင့် ပုံစံထုတ်ခကို မြက်မြက်ကြီးယူတော့မည်။ ကိုယ်တိုင်လည်း လူတကာငေးကြည့်ရသည့် စံအိမ်ကြီးတစ်လုံး ဆောက်မည်။ ခေတ်စားနေသည့် ဂရိပုံစံကို အခမ်းနားဆုံး ပုံဖော်ပြီး ဆောက်မည်။

မြေတွေကို မိုးကုပ်စက်ဝိုင်းအဆုံးထိဝယ်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို သူတို့တစ်တွေနှင့် အပြိုင်လုပ်မည်။ တောင်ပေါ်ဒေသ လူကုံထံရပ်ကွက်တွင် မိမိလို ပညာတတ်တစ်ယောက် ဘာကြောင့် ဝင်မတိုးနိုင်ရမည်လဲ။ ဘာကြောင့် လူကုံထံတစ်ယောက် မဖြစ်နိုင်ရမည်လဲ။

ခေါင်းလောင်းသံတွေ ဆူသွားပြန်သည်။ ခရက်ဆင့်စိတီသည် တုံ့ခနဲ ရပ်သွားပြီး ဆိပ်ကမ်းသို့ ဖြည်းဖြည်းချင်း ကပ်သည်။

ဟော... တွေ့ပြီ၊ တွမ်နှင့်အဲနစ်။ အလို... ဂျယ်နီဒယ်လ်တန်ရောပါလား။ ဂျယ်နီက တွမ့်လက်ကိုတွဲလို့။

ရင်ထဲတွင် နင့်ခနဲဖြစ်သွားပြန်၏။ ဩော်... ဂျယ်နီ... ဂျယ်နီ၊ ခုတော့ တွမ့်ရဲ့ဂျယ်နီ ဖြစ်ပြီပေါ့လေ။ ဒါသည်ပင် ဘဝ၏ ဇာတ်လမ်းအစ ဆိုရလေမည်လား။



ပါရီဆိုသည့် လူငယ်ကလေး ရော့စ်ပါရီ။ တွမ်ပါရီ၏ ညီငယ်လေး။ အားလုံးက ရှိသည်ဟု မထင်သည့် ရော့စ်ပါရီကလေး။ ဂျယ်နီကို စိတ်ကူးပင် ဝမယဉ်လိုက်ရ။ အစ်ကိုလုပ်သူတွမ်၏ ဂျယ်နီ ဖြစ်သွားခဲ့၏။

ရော့စ် မေးရိုးတင်းပြီး ပြုံးလိုက်သည်။

အားလုံးကို စိန်ခေါ်အန်တုသည့်အပြုံး။

လန်ဒန်တွင်ရော ပါရီတွင်ပါ မိမိကို သဘောကျသည့် မိန်းကလေးတွေ အများကြီး တွေ့ခဲ့ရ၏။ ဤတွင် ရှက်ကြောက်အားငယ်တတ်သည့်အကျင့်တွေ ပျောက်ခြင်းမလှ ပျောက်ကုန်ခဲ့သည်။

ခုမှ ဇာတိချက်ကြွေ မစ္စစ္စပီကမ်းခြေကို ခြေပြန်ချခါနီးမှ ဘယ်လို ဘယ်လို ရှက်ရွံ့အားငယ်စိတ်တွေ ပြန်ဝင်လာသည်မသိ။

မော်ဂင်ဘာရစ်တာနီကို တစ်ချက်လှမ်းကြည့်လိုက်ပြီး အခန်းဆီသို့ ပြေးဆင်းသွားကာ သားရေသေတ္တာကို ဆွဲယူခဲ့သည်။ တွမ့်နံဘေးတွင် လူယုံတော်နီဂရိုးကြီး ဆိုင်မွန့်ကိုပါ တွေ့ရ၍ ဝမ်းသာသွားသည်။

သေတ္တာကို ဆိုင်မွန့်ဆီ လှမ်းပေးပြီး အစ်ကိုလုပ်သူ၏ သန်မာထွားကျိုင်းလှသော ရင်ခွင်ကျယ်ကြီးထဲသို့ ဝင်လိုက်ရ၏။

“ကြည့်စမ်း... မင်း သိပ်ထွားလာတယ် ရော့စ်”

တွမ်က အသံအောကြီးဖြင့်ပြောရင်း ညီတော်မောင်ကို ဖက်ယမ်းနှုတ်ဆက်သည်။ အဲနစ်က အားရပါးရနမ်းပြီး နှုတ်ဆက်သည်။ ဂျယ်နီကမူ နူးညံ့လှသည့် နှုတ်ခမ်းအစုံဖြင့် သူ့ပါးကို ဖွဖွနမ်းသည်။ အဲနစ်က အစ်ကိုလုပ်သူကိုကြည့်ပြီး

“အစ်ကိုလေးက သိပ်ချောတာပဲ၊ အဲဒီဝတ်စုံနဲ့လည်း သိပ်လိုက်တာပဲ”

“ဟုတ်လား... ကျေးဇူးပါပဲကွယ်၊ ညည်းလည်း သိပ်လှနေပါတယ် အဲနစ်ရယ်၊ ဂျယ်နီရောပဲ၊ တွမ်ကတော့ ဘာမှမပြောင်းလဲဘူး၊ ခန့်ပြီချောမြဲပဲ”

“ဟော့... ရော့စ်၊ မင်းပုံက တို့ရပ်ကွက်နဲ့ မတန်တော့ဘူးကွ၊ တောင်ပေါ်က မြေပိုင်ရှင်တစ်ယောက်နဲ့ တူနေပြီ၊ ငါ့အတွက်ကော အင်္ဂလိပ်ဝတ်စုံတွေ ပါခဲ့ရဲ့လားကွ၊ ငါလည်း မင်းလို ဝတ်ကြည့်ချင်တယ် ရော့စ်”

“ပါပါတယ် တွမ်”

သူတို့ညီအစ်ကို မောင်နှမတစ်သိုက် စကားပြောနေစဉ် မော်ဂင် သင်္ဘောပေါ်မှ ဆင်းလာသည်။ သူတို့တစ်သိုက်ကို ဂရုစိုက်ကြည့်နေမှန်း ရော့စ် သတိထားမိလိုက်၏။ ကြွက်သား အဖုအဖုတွေကို ထုထုပြီး ကစားချင်စရာကောင်းသည့် တွမ်၏ ခန္ဓာကိုယ်ကို လှမ်းကြည့်ပြီး အမျိုးသမီး၏ မျက်လုံးငွေ့ အရောင်တဖျပ်

ဖျပ်လက်နေသည်ကိုလည်း ရော့စ် လှစ်ခနဲ မြင်လိုက်သေး၏။ ရင်ထဲ
ကျိတ်ပြီး ဘုရားတလိုက်မိသည်။

သူ့ကိုကြည့်နေသည့် အမျိုးသမီးအား တွမ် မြင်သွားသည်။ ကိုယ်ကိ
မတ်မတ်ဆန့်ပြီး ပြန်ကြည့်သည်။

"ဘုရင်မ တစ်ပါးလိုပါပဲလားကွ ရော့စ်၊ ဘယ်သူလဲဟင်"

"မော်ဂင်ဘရစ်တာနီတဲ့၊ လန့်စ်ဘရစ်တာနီရဲ့ မိန်းမလေ"

ရင်တမမနှင့် နားထောင်နေသည့် ဂျယ်နီ့မျက်နှာကလေး ခုမှ ကြည်သွာ
သည်။ တော်ပါသေးရဲ့ အမျိုးသမီးက အပျိုမဟုတ်ဘူးတဲ့။

ဂျယ်နီ့ကိုကြည့်ပြီး ရော့စ် စိတ်မကောင်းဖြစ်သွားသည်။ ခုကတည်းက
ကွမ်ကို မထိန်းနိုင်လျှင် လက်ထပ်ပြီးမှထိန်းဖို့ ပို၍ခက်လာမည်မဟုတ်လား

"ကဲ… သွားကြစို့၊ ကျွန်တော် အိမ်ပြန်ရောက်ချင်လှပြီ"

ရော့စ်က ခပ်လောလောပြောလိုက်သည်။ မြင်းရထားဆီသို့ သူတို့သွာ
မည့်ဟန် ပြင်နေစဉ် မျက်မှောင်ကြုတ်ကာ တစ်စုံတစ်ခုကို မကျေမနပ် ရေရွ
နေသော လန့်စ်ဘရစ်တာနီကို ရော့စ် လှမ်းမြင်လိုက်၏။ သူ့ဆီသို့ လျှော
သွားပြီး–

"ကျွန်တော် ဘာများအကူအညီပေးနိုင်ပါသလဲ မစ္စတာဘရစ်တာနီ"

လန့်စ်က သူ့ကိုစိုက်ကြည့်သည်။ နဖူးရေတွေ့ပိုပြီး တွန့်သွား၏။

ပြီးမှ ရထားလုံးပေါ်သို့ ပစ္စည်းတွေတင်နေသည့် ဆိုင်မွန်ကို လှမ်းကြည
ရင်း ပြုံးလိုက်၏။

"ကျုပ်ကို တစ်ခုဆောင်ရွက်ပေးပါ၊ ကိုရင့်လူကို ကျုပ်အိမ်ဝင်ပြောခိုင်
ပေးပါ၊ အိမ်ကလူတွေ ကျုပ်စာမရကြဘူးထင်တယ်၊ ဒါထက် ကိုရင့်ရဲ့ နီဂရိုးက
စိတ်ချရရဲ့လား"

"လုံးဝ စိတ်ချပါ"

ရော့စ်က ခပ်တိုတို ပြန်ပြောလိုက်၏။ ဒီလူကြီး ဆက်ဆံပုံကြော
အောင့်သက်သက်ဖြစ်သွားသည်။ သို့သော် မတတ်နိုင်။ ကိုယ်ကစမိပြီမဟုတ်
လား။ ပြီးတော့ မော်ဂင်၏ မျက်လုံးများကလည်း မိမိ အကူအညီကို ဖိတ်ခေါ်
နေသယောင်။

"ကဲ… ဒါဖြင့် ခေါ်လိုက်စမ်းပါဦး"

ရော့စ်က ဆိုင်မွန်ကို အော်ခေါ်လိုက်၏။ ဆိုင်မွန် အပြေးရောက်လာပြ
ဦးထုပ်ချွတ် အရိုအသေပေးသည်။ တစ်ဆက်တည်း–



"ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် ဘာလုပ်ပေးရပါမလဲ"

"ဒီသခင်ကြီးရဲ့အိမ်ကို ခင်ဗျားသိလား"

"ဟုတ်ကဲ့ခင်ဗျာ၊ ရှခင်းသာကို ကျွန်တော် သိပါတယ်"

"ကောင်းပြီ၊ အဲဒီကို အမြန်ဆုံးပြေးသွား၊ မစ္စတာလန့်စ်နဲ့ဇနီး ဆိပ်ကမ်းမှာ
ရောက်နေပြီလို့ သွားသတင်းပို့၊ ချက်ချင်း မြင်းရထားလွှတ်ပေးဖို့ပြော၊ ကဲ
အမြန်ဆုံးပြေးစမ်း"

လန့်စ်ဘက်သို့ တစ်ဆက်တည်းလှည့်ပြီး

"လိုချင်တာ ဒါပဲမဟုတ်ပါလား ခင်ဗျာ"

မိမိအား မလေးမခန့် ဆက်ဆံသူတစ်ယောက်ကို 'ခင်ဗျာ' ဟု တရိုတသေ
ထည့်ပြောမိသည့်အတွက် ရော့စ်ကိုယ်ကိုယ်ကိုယ် ဒေါပွသွားမိ၏။

"ဒါပါပဲ၊ ကျေးဇူးတင်ပါတယ်"

ရော့စ်က နှုတ်ဆက်ပြီး လှည့်ထွက်သွားမည်အပြုတွင် မော်ဂင်၏ ဆည်း
လည်းသံလေး မြည်လာသည်။

"ခဏလေးနေပါဦး မစ္စတာပါရီ၊ ကျွန်မ ရှင့်ကို သိပ်စိတ်ဝင်စားနေတယ်၊
ရှင်က ဘာလဲဟင်၊ စိုက်ပျိုးရေးသမားပဲလား၊ ဒါမှမဟုတ် စန္ဒရားဆရာတစ်ယောက်
လားလို့ပါ"

"တစ်ခုမှ မဟုတ်ပါဘူး၊ ကျွန်တော်က ဗိသုကာတစ်ယောက်ပါ"

"ဟုတ်လား၊ အို… ဟန်ကျလိုက်တာ၊ ကျွန်မတို့ အိမ်သစ်ဆောက်ရင်
အားကိုးရတာပေါ့၊ မဟုတ်လား လန့်စ်ရယ်"

"အင်း… ကိုယ်ခုမှ သတိရတယ်၊ မောင်ရင်တို့က ဒယ်လ်တန်နဲ့
သစ်လုပ်ငန်း အစုစပ်လုပ်ကြတဲ့ ညီအစ်ကိုတွေ မဟုတ်လား၊ အိမ်လေး ဘာ
လေး လိုက်ဆောက်တယ်ပဲကြားတယ်၊ မောင်ရင်တို့ အထဲမှာ ဗိသုကာတစ်ယောက်
ရှိတယ်လို့တော့ တစ်ခါမှ မကြားဖူးဘူး"

ရော့စ်လေသံ မာသွားပြန်သည်။

"ဘယ်ကြားဖူးမလဲ၊ ဟိုတုန်းက ရှိမှမရှိခဲ့တာပဲ၊ ကျွန်တော် ခုမှ နိုင်ငံခြားက
ပြန်လာတာပါ၊ အောက်စ်ဖို့မှာ ဘွဲ့ယူပြီး ပြင်သစ်နဲ့ စပိန်မှာ လက်တွေ့ကွင်း
ဆင်းခဲ့တယ်၊ ဒီမှာ ကျွန်တော် လုပ်ငန်းချက်ချင်းစဖို့ အစီအစဉ်ရှိပါတယ်"

လန့်စ်၏ မျက်နှာပေါ်တွင် ချက်ချင်း အမူအရာပြောင်းသွားသည်။
လေသံလည်း ပြောင်းသွား၏။

"ကျုပ်နဲ့ လာတွေ့ပါဦး၊ ဖြစ်နိုင်ရင် မနက်ဖြန်လာခဲ့ပါ၊ အလုပ်အကြောင်း ပြောကြရအောင်လေ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်၊ ဝမ်းသာပါတယ် မစ္စတာဘရစ်တာနီ"

ရော့စ် လှည့်ထွက်လာခဲ့သည်။ မော်ဂင်က သူ့နောက်ကျောကို ငေးကြည့်လျက် ကျန်ရစ်၏။

"သူ့ကြည့်ရတာ ထူးခြားတယ်နော် လန့်စ်"

မော်ဂင်က ခပ်တိုးတိုးပြောသည်။

"အင်း ထူးခြားတယ် ဆိုရမှာပေါ့၊ တောင်အောက်က ထွန်းထွန်းပေါက်ပေါက် ဖြစ်လာတယ်လို့ တစ်ခါမှ မကြားဖူးဘူး၊ တက္ကသိုလ်ရောက်ဖူးတဲ့လူ တောင် ရှိရဲ့လား မသိဘူး"

"တောင်အောက်၊ ဟုတ်လား၊ ဘာလဲဟင် တောင်အောက်ဆိုတာ"

"ဟောဒီ ဆိပ်ကမ်းရပ်ကွက်ကို ပြောတာပေါ့၊ သူခိုး ဂျမ်းပိုးတွေချည်းပဲ၊ မိန်းမတွေ ကြည့်ဦးမလား၊ ခပ်ပျက်ပျက်တွေ"

မော်ဂင်က အဲနန်စ်နှင့် ဂျယ်နီကို လှမ်းကြည့်ပြီး–

"အဲဒီကောင်မလေးတွေကော အပျက်မလေးတွေပဲလား"

"မဟုတ်ပါဘူး၊ သူတို့လူသိုက်ကတော့ နာမည်ပျက်မရှိကြဘူး၊ ပါရီမျိုးကတော့ လူကောင်းတွေပါ၊ တောင်အောက်မှာတော့ သူတို့တစ်တွေဟာ လူတော်တွေပေါ့ကွာ၊ ဟိုမည်းကောင် အိမ်ကို ဖြောင့်ဖြောင့်တန်းတန်း ရောက်ပါ့မလား မသိဘူး"

*

မြင်းရထားဆီသို့ ရော့စ် ခပ်ဖြည်းဖြည်း လျှောက်လာခဲ့၏။ ရေကန်အသင့်ကြာအသင့်ပါလား။ ကံအားလျော်စွာ မရှာရဘဲ အလုပ်ရလိုက်ခြင်း။ စိတ်ကြိုက်ပုံထုတ်ပြီး ဘရစ်တာနီ အိမ်ကြီးကို ဆောက်ပြလိုက်မည်။ မစ္စစ္စပီမြစ်ဝှမ်းတစ်လျှောက်လုံးမှ မြေရှင်တွေ အပြေးအလွှား သူ့ဆီရောက်လာတော့မည်ဟု ရော့စ် ကျိန်းသေတွက်ထားလိုက်၏။

သည်လိုဆိုတော့ မိမိကိုယ်တိုင် မြေပိုင်ရှင်ဖြစ်ဖို့ ထင်သည်ထက် ပို၍နီးနေပါပေါ့လား။



သို့သော် သူ ကြာကြာစိတ်ကူးမယဉ်လိုက်ရပါ။ မြင်းရထားဆီသို့ရောက်ဖို့ဆယ်ကိုက်လောက်အလိုတွင် လမ်းတစ်ဖက်မှ အရက်ဆိုင်တံခါး ပွင့်လာပြီး ဆိပ်ကမ်းလူဆိုးတစ်သိုက် ထွက်လာသည်။ အားလုံး ခြောက်ယောက်။

တစ်ယောက်က ရော့စ်ကိုကြည့်ပြီး အော်ဟစ်နောက်ပြောင်သည်။

"ဟေး... ဟိုမှာကြည့်စမ်း၊ ဘယ်က ပြဇာတ်မင်းသားလဲကွ"

နောက်တစ်ယောက်က သေသေချာချာကြည့်ပြီး နားရွက်တံတွေးဆွတ်ပြန်၏။

"အလို... ရော့စ်ပါရီပါလား၊ ဟေး... မင်း ဘယ်က အဝတ်တွေ ငှားဝတ်လာတာလဲကွ"

သည်တွင်မရပ်သေး။ တစ်ယောက်တစ်ယောက် ဝိုင်းစကြသည်။

ရော့စ်က ပထမဆုံး သူ့ဆီဝင်လာသူ၏ မျက်နှာကို ဖြတ်ပြီး ကြိမ်လုံးနှင့် ရိုက်ချလိုက်သည်။ ထိုသူ လဲကျသွားသည်နှင့် ကျန်ငါးယောက်က တရကြမ်းဝင်ရောက် တိုက်ခိုက်ကြတော့၏။ ဝဲဘက်နံစောင်းတွင် ဘွတ်ဖိနပ်ဖြင့် ပြင်းပြင်းထန်ထန် အကန်ခံလိုက်ရသည်ကို ရော့စ် သိသိမှတ်မှတ် ခံစားလိုက်ရ၏။ အသက်ရှုရပ်သွားပြီဟု စိတ်က ထင်လိုက်၏။

ထိုစဉ်တွင် လူဆိုးတစ်သိုက် သူ့ထံမှ ရှဲသွားကြသည်။ လက်သီးအစုံကို အသင့်အနေအထားဖြင့် ပြေးဝင်လာသည့် တွမ်ပါရီကို ရော့စ် တွေ့လိုက်၏။ ဤတွင်မှ သူ ကုန်းထလိုက်သည်။ သို့သော် တိုက်ပွဲက နှစ်ယောက်နှင့်ခြောက်ယောက်။

ဟောဗျာ မော်ဂင်ဘရစ်တာနီက သူတို့ အသေအလဲ သတ်ဖြတ်နေကြသည်ကိုကြည့်ပြီး ရယ်မောနေပါကလား။

ရော့စ်ရင်ထဲတွင် ဒေါသအမျက်တွေ ခြောင်းခြောင်းထွက်လာ၏။ လက်ထဲက ကြိမ်လုံးဖြင့် အနီးဆုံးလူဆိုး၏ ဦးခေါင်းကို တအားလွှဲရိုက်ချလိုက်သည်။ သို့သော် ဒီတစ်ယောက်က မဖြုံရေးချ မဖြုံ။ အရိုက်ခံရသည့် ဦးခေါင်းကို သွက်သွက်ခါပြီး ဆက်လက်တိုက်ပွဲဝင်လေသည်။

သည်တစ်ကြိမ်တွင် ရော့စ်တစ်ယောက် ရွှံ့ဗွက်ထဲသို့ ကားခနဲ ခြေလွှတ်လက်လွှတ် ကျသွားတော့၏။ မေးရိုးတစ်ခုလုံး သွင်သွင်ကျိုးသွားပြီဟုလည်း သိလိုက်၏။

လူဆိုးတစ်သိုက် သူ့ကိုထားခဲ့ပြီး တွမ်ကို မဲပြန်သည်။ တွမ်က သူတို့အထဲမှ တစ်ယောက်ကို ခြေထောက်မှကိုင်ပြီး အရက်ဆိုင်၏ လက်ခံတိုင်ကို

တအားလွှဲရိုက်လိုက်သည်။

ဆွေးမြည့်နေသည့်တိုင်သည် တစ်ချက်တည်း ကျိုးကျသွားကာ အရက်
ဆိုင်ရှေ့ပိုင်း ရုတ်ခြည်း ပြိုကျလာတော့၏။ ဤတွင် တိုက်ပွဲမှာ ရုပ်ယှက်ခတ်
သွားတော့သည်။ သည်တော့မှ အမူးသမားတစ်သိုက်ကို တွမ် ကောင်းကောင်းကြိ
ဆုံးမနိုင်တော့၏။

ပြိုကျပျက်စီးသွားသော အရက်ဆိုင်တွင်းမှ အမူးသမားတစ်သိုက် သွေ
အလိမ်းလိမ်းနှင့် ထွက်လာကြ၏။ ပွဲကြည့်ပရိသတ်က ကြည့်ကောင်းကောင်းနှ
ကြည့်နေကြသည်။ ဖြစ်ရိုးဖြစ်စဉ် မြင်ကွင်းမို့ မည်သည့်ရဲကမျှ အရေးမယူ
ဆိပ်ကမ်းရပ်ကွက်တွင် သည်ကိစ္စမျိုးမှာ ဆန်းကြယ်သည့်ကိစ္စ မဟုတ်တော့

ရှုပ်ယှက်ခတ်နေသည့် လူအုပ်ကြားထဲမှ ရှော့စ်ကို တွမ်က ထမ်းပြီ
မြင်းရထားဆီသို့ ယူလာခဲ့သည်။ ရထားကို ကိုယ်တိုင်တအားကုန် မောင်းထွက်
ခဲ့၏။ နောက်ပိုင်းတွင် ဆိပ်ကမ်းလူဆိုးတို့၏ ရန်ပွဲသည် မီးခိုးမဆုံး မိုးမဆုံ
ဖြစ်ကျန်ခဲ့သည်။,

ဂျယ်နီ့ပေါင်ပေါ်တွင် ခေါင်းတင်ရင်း ရှော့စ်တစ်ယောက် တစ်ကိုယ်လုံ
အတွင်းကြေကြေကာ မြော့မြော့ကလေး ပါလာသည်။ မျက်နှာတစ်ခုလုံး ဖူးရော
နေသည်။ လုံ:ဝ ပါးစပ်မဟနိုင်တော့။ လန်ဒန်ချုပ်ဝတ်စုံ အသစ်စက်စက်မှ
ရွံ့နိုင်းချင်းနှင့်။

နောက်ပိုင်းတွင်ကား ဆိပ်ကမ်းလူဆိုးတစ်သိုက် ဓားမြှောင်တွေ၊ ဝီစက
ပုလင်းကွဲတွေနှင့် တိုက်ခိုက် သတ်ဖြတ်နေကြဆဲ။

သည်ရွှေ့သည်မျှ ဆူညံနေသည့် ရန်ပွဲထဲတွင် မော်ဂင်၏ ရယ်သံလွင်လွ
မင်းမူနေသည်ကို ရှော့စ် သတိထားမိခဲ့၏။

ဂျယ်နီ၏ နူးညံ့ဖြူဖွေးသော လက်ချောင်းကလေးများက သူ့မျက်နှာပေါ်
ဒဏ်ရာဒဏ်ချက်များကို တယုတယ ပွတ်သပ်ပေးနေသည်။

ရှော့စ်ပါရီ၊ အရွယ်ရောက်ပြီးဖြစ်သည့် ခေတ်ပညာတတ်၊ ဗိသုက
တစ်ယောက်၊ မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်ပြီး ကလေးတစ်ယောက်သဖွယ်
ငိုချပစ်လိုက်၏။

ဆန္ဒမှန်သမျှတို့ သဲထဲရေသွန်ဖြစ်ရသည့် ရှော့စ်ပါရီ၏ အိမ်ပြန်ခန်းမှ
အကျည်းတန် အရုပ်ဆိုးလှပါတကား။

■

## အခန်း (၂)

စန္ဒရားအိုကြီးရှေ့တွင် ရှော့စ် ထိုင်လိုက်သည်။ သွယ်လျလျ သူ့လက် ချောင်းများကို ကွေးချည်ဆန့်ချည်လုပ်၏။ လက်ထိပ်ကလေးများဖြင့် ခလုတ်တွေကို အသာတို့ထိ ကြည့်သည်။ ပြီးတော့မှ ခါးဆန့်ပြီး မျက်မှောင်ကြုတ်ကာ စန္ဒရားကြီးကို ငေးကြည့်နေပြန်သည်။

အစိမ်းရောင် ဝတ်ရုံရှည်ကြီးကို ဝတ်ထားသည်။ လည်ပင်းတစ်ဝိုက်တွင် အဖြူရောင် ပိုးမာဖလာကို ရစ်သိုင်းလျက်၊ မျက်နှာကမူ ရောင်ကိုင်းနေဆဲ။ မျက်ခုံးထူထူအောက်မှ မျက်လုံးအစုံမှာ ကြည်လင်ရွှင်ပျခြင်းမရှိဘဲ မှိုင်းဝေလျက် ရှိ၏။

စန္ဒရားပေါ်သို့ အားပြုရန် ရှေ့သို့ အနည်းငယ် ကိုင်းလိုက်သည်။ မျက်နှာတစ်ချက် မဲ့ရှုံ့သွား၏။ ရင်ညွှန့်ဆီမှ စူးခနဲ နာကျင်သွားသည်။ ဝတ်ရုံ အောက်တွင် ရင်ဘတ်အပြည့် ပတ်တီးအထပ်ထပ် စည်းထားရသည် မဟုတ်လား။

တွမ်က ဒေါက်တာဗင်ဘိုးကို ပြေးခေါ်သည်။ နံရိုးတစ်ချောင်း အနည်းငယ် အက်သွားသည်ဆို၏။ နာကျင်မှုကို ပေခံပြီး စန္ဒရားခလုတ်ကလေးများပေါ်သို့ လက်ချောင်းတွေ ဖြန့်ချလိုက်သည်။

နရီသွက် ပိုလန်ကကြိုးတေးတစ်ပုဒ် စမ်းတီးကြည့်သည်။ ခလုတ်ဝါဝါ ကလေးများပေါ်သို့ သူ့လက်ချောင်းတွေကို မိုးသီးမိုးပေါက် ရွာချသလို တရကြမ်း လှုပ်ခတ်လိုက်သည်။ သို့သော် တေးသွားမဆုံးမီ ရပ်ပစ်လိုက်၏။ ခဏတွေ ဝေဒနာကိုခံစားနေပြီးမှ ဂန္ထဝင်သီချင်းကြီးတစ်ပုဒ်ကို စိတ်ပါလက်ပါ ကောက်တီးသည်။ သင်္ကေတများကို ဝေ့ကြည့်လိုက်၊ သံစဉ်တွေ ယိုယွင်းနေသည့် စန္ဒရားကြီးကို ငုံ့ကြည့်လိုက်နှင့် တီးရင်းတီးရင်း လက်တွေ့လာသည်။ ဂီတ အလျဉ်သည် သူ့စိတ်အစဉ်ကို ပေါ့ပါးရွှင်မြူးစေ၏။

မြေရှင်သူဌေးကြီးများ၏ သားသမီးများကို စန္ဒရားသင်ပေးသည့် ဂီတပညာရှင်ကြီး ဟန်ဘော့နှင့် ရှော့စ် ငယ်ငယ်ကလေးကတည်းက ဆုံစည်းခွင့်ရခဲ့သည်။ သူငယ်၏ ဂီတအခြေခံပါရမီကို ဆရာကြီး အကဲခတ်မိလာ၏။ ငါ့ ဒိုင်းခေါင်းဆောင်တစ်ယောက်ဖြစ်မည်ဟု ကြိုတင်ဟောကိန်းထုတ်ခဲ့၏။ သို့သော် ရှော့စ်က ဂီတပညာဖြင့် အသက်မွေးဝမ်းကျောင်း မပြုလို။ ဝါသနာအရ သင်ယူပြီး စိတ်ပါမှသာ တီးလေသည်။ မိမိ ဖျော်ဖြေမှုအတွက်သာ တီးလေ့ရှိသည်။

ရင်ထဲတွင် ပြည့်ကျပ်နေသည့် တင်းမာမှုတွေ လျော့ပြေသွားကြ၏။

စန္ဒရားကြီးမှာ အဖေမဆုံးခင်ကတည်းက အရက်ဆိုင်ထဲတွင် အသုံးတော်ခံခဲ့ရသည့် စန္ဒရားအိုကြီးဖြစ်သည်။ အရက်တွေ စွန်းထင်းနေသဖြင့် အရောင်အဆင်း မပေါ်တော့။ ဓားမြှောင်ရာတွေ၊ ကျည်ဆန်ပေါက်တွေ ဗရပွနှင့်။ သို့သော် သည်စန္ဒရားအိုကြီးကို ရှော့စ် တွယ်တာသည်။ သံယောဇဉ်ကြီးသည်။ စန္ဒရားနဖူးစည်းတွင် ရေးထားသည့်ကိုက ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်။

'စန္ဒရားဆရာကို ကျည်မသင့်စေနဲ့၊ သင်တို့အတွက် အကောင်းဆုံး ဖျော်ဖြေပေးနေသည်' တဲ့လေ။

သို့သော် စန္ဒရားဆရာကို လူဆိုးတို့ ချမ်းသာမပေးခဲ့ကြပေ။ တမင်ပစ်သတ်ကြသည်တော့မဟုတ်။ ပစ်ကြခတ်ကြရင်း သူတို့ဆိုင်မှာ စန္ဒရားဆရာ သေပွဲဝင်ခဲ့ရပုံကို ရှော့စ် မှတ်မိနေသေး၏။

သဘော်သားတစ်သိုက် ရောက်လာ၍ စန္ဒရားသံကို တောင်းဆိုကြသည်။ ဤတွင် အဖေက ရှော့စ်ကို ပွဲထုတ်ရတော့၏။ ၈ နှစ်သားကလေး ရှော့စ်သည် သီချင်းများကို နားဖြင့်မှတ်တာ တီးတတ်နေပြီ။

ဤတွင် ဂျာမနီမှ ပြည်နှင်ဒဏ်သင့်ကာ အမေရိကန်သို့ ရောက်လာသော ဆရာဟန်ဘော့နှင့် တွေ့ရခြင်းဖြစ်သည်။ တောင်ပေါ်လူကုံထံ ရပ်ကွက်တွင် မြေပိုင်ရှင်ကြီးများ၏ သားသမီးများကို သင်ရသည်မှာ ကျွဲပါးစောင်းတီးနိုင်၍ စိတ်ပျက်ပျက်နှင့် ဆိပ်ကမ်းရပ်ကွက်သို့ အရက်သောက်ထွက်လာရင်း၊ ဂီတပါရမီ ဓာတ်ခံအပြည့်ရှိသည့် သူငယ်ကလေးကို ဆရာဟန်ဘော့ တွေ့သွားခြင်းဖြစ်သည်။

သီချင်းကြီး၊ သီချင်းခံတွေနှင့် ငယ်စဉ်က ယဉ်ပါးခဲ့သည့် ရှော့စ်။ ကမ္ဘာကျော် ဟိုက်ဒဲလ်ဘတ် ဂီတတက္ကသိုလ်မှ ဘွဲ့ရ ဂျာမန်စန္ဒရားပညာရှင်ကြီးထံ ဆည်းပူးခွင့်ရသဖြင့် အနုပညာတွင်သာမက လောကအမြင်ပါ ကျယ်ပြန့်နက်ရှိုင်းစွာ ရခဲ့ပြီ။ ကမ္ဘာတစ်ဝက်လောက် ခရီးဆန့်ခဲ့သည့် ရှော့စ်။



ဒီပညာသင်မယ့်အစား သေနတ်နဲ့ လက်သီးကို ဘယ်လိုအသုံးပြုမယ်ဆိုတာ သင်ခဲ့မိရင် သိပ်ကောင်းမှာပဲဟု ရှော့စ် ခါသီးနာကြည်းစွာ တွေးနေမိ၏။ သည်လိုနေရာတွင် လူလာဖြစ်မှတော့ ဒါသည်ပင် အဓိက သင်ယူအပ်သည့် ဘာသာရပ် မဟုတ်လား။

မိမိတို့ ဇာတ်နိမ့်ရပ်ကွက်တွင်သာမဟုတ်၊ တောင်ပေါ်ပိုင်းတွင်ရော ဘာများထူးလို့လဲ။ သူတို့က ပို၍ ယဉ်ကျေးစွာ လူကြီးလူကောင်းဆန်စွာ ရန်ဖြစ်ကြသည်။ စနစ်တကျ နှစ်ယောက်ချင်း ယှဉ်သတ်ကြသည်။

လက်ချောင်းကလေးများကတော့ တေးသွားကို လှလှပပ တီးခတ်နေဆဲ၊ ဘယ်အချိန်က ဂျယ်နီ ရောက်လာပြီး ရပ်နားထောင်နေသည်မသိ။ မော့ကြည့်ပြီး ရုတ်တရက် အတီးရပ်လိုက်သည်။

"အို ဆက်တီးစမ်းပါ ရှော့စ်ရယ်၊ နားထောင်ကောင်းလွန်းလို့ပါကွယ်"

ဆံနွယ်ကလေးများ နားရွက်တစ်ဖက်တစ်ချက်တွင် ခိုတွဲဝဲကျနေသည့် မျက်လုံးပြာနှင့် မျက်နှာလှလှကလေးကို ရှော့စ် ငေးနေမိ၏။ ဂျယ်နီ့ မျက်လုံးများက စူးရှတောက်ပသည်။ ထက်မြက်မည့်ပုံ ပေါ်လွင်နေ၏။

ရှော့စ် ဆက်တီးသည်။ 'အာရုံထင် အရိပ်များ' တေးသွားသည် ပို၍ငြိမ့်ညောင်းလာ၏။ ပို၍အသက်ဝင် လှုပ်ရှားလာ၏။

ဂျယ်နီ့ကို တစ်ချက် မော်ကြည့်ပြီး ပြုံးပြသည်။ ပြုံးလိုက်ရုံမျှနှင့်ပင် မျက်နှာတစ်ခုလုံး နာကျင်သွား၏။

"ရှော့စ် ဒီတေးသွားကို တစ်ခါမှ နားမထောင်ဖူးသေးဘူး၊ အသစ်လားဟင်၊ ဘယ်သူရေးတာလဲ"

"ရှိုပင်လို့ခေါ်တဲ့ တေးပြုဆရာကြီးတစ်ယောက် ရေးတာလေ၊ ဥရောပမှာ နာမည်ကြီးပေါ့၊ ပါရီမှာ သူ့သီချင်းတွေ ကိုယ် အများကြီး နားထောင်ခဲ့ရတယ်၊ နှမြောစရာပဲ၊ ဆရာကြီး မနှစ်က ဆုံးသွားရှာပြီ၊ သူ့တေးတွေ ဂန္ထဝင်အဖြစ် ကျန်ခဲ့မယ်ထင်ပါတယ်၊ ဂန္ထဝင်မြောက် မမြောက်ဆိုတာတော့ နှစ် ၁၀၀ လောက် စောင့်ကြည့်ရဦးမှာပေါ့လေ"

ဂျယ်နီ မျက်မှောင်ကလေးကြုတ်သည်။

"အဲဒါကတော့ ဘယ်တရားမလဲနော်"

ရှော့စ်၏ မျက်လုံးတွေ မှိုင်းဝေသွားပြန်သည်။

"ဒီကမ္ဘာကြီးမှာ တရားမျှတတာဆိုလို့ ဘာများရှိလို့လဲ ဂျယ်နီရယ်"

"ဟုတ်ပါရဲ့နော်၊ ဟိုနေ့ကအဖြစ်ဆိုရင် သိပ်စက်ဆုပ်ဖို့ကောင်းတာပဲ၊

ရှော့စ်လို ခေတ်ပညာတတ် တစ်ယောက်ဟာ ဒီအပိုင်းမှာနေဖို့ မကောင်းတော့ပါဘူးကွယ်၊ တောင်ပေါ်မှာပဲ နေသင့်တော့တယ်”

ရှော့စ် နှုတ်ခမ်းကို တင်းတင်းစေ့လိုက်သည်။ တစ်စုံတစ်ခုကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ထားပုံ။

“စိတ်ချဂျယ်နီ၊ တောင်ပေါ်မှာ အမြန်ဆုံး နေနိုင်အောင် ကိုယ်ကြိုးစားမယ်”

ဂျယ်နီ့ကို ရင်နင့်စွာ လှမ်းကြည့်ရင်း ဆက်ပြောသည်။

“ဒီမှာနေလို့ကော ကိုယ့်အတွက် ဘာအကြောင်းထူးတော့မှာလဲ ဂျယ်နီရယ်”

ဂျယ်နီ၏ မျက်နှာလှလှလေး ညှိုးကျသွားသည်။

“ဂျယ်နီ စိတ်မကောင်းပါဘူး ရှော့စ်ရယ်၊ ဖြစ်ချင်သလို မဖြစ်ဘဲ ဖြစ်သင့်သလိုဖြစ်ကြရတာပါ၊ အဲဒီလို ဖြစ်တာပဲ ကောင်းပါတယ်လို့ ဂျယ်နီ တစ်ခါတလေ တွေးမိတယ်၊ ဂျယ်နီနဲ့ ရှော့စ်က သိပ်ကွာသွားပြီလေ၊ ရှော့စ်က အထက်ကို တစ်ဆင့်ပြီးတစ်ဆင့် တက်တော့မှာမဟုတ်လား၊ ဂျယ်နီ့လို မိန်းကလေးနဲ့ ဘယ်လိုလုပ် ဘက်ညီနိုင်တော့မှာလဲ၊ ဂျယ်နီ့လို အညတရမကလေးဟာ တွမ်လို အဆင့်အတန်းမျိုးနဲ့ပဲ လိုက်ဖက်ပါတယ် ရှော့စ်ရယ်”

“တွမ်လို အဆင့်အတန်းမျိုး ဟုတ်လား”

ရှော့စ်အသံတွင် နာကြည်းဆွေးမြည့်မှုတွေ ထွက်လာသည်။

“ဒီမယ် ဂျယ်နီ တွမ်ကို တစ်ခါတလေ ကိုယ်မုန်းချင်သလိုတောင် ဖြစ်မိတယ်၊ ကိုယ်လိုချင်တဲ့ အရာမှန်သမျှ သူက ရသွားတာချည်းပဲ၊ အားမစိုက်ရဘဲ ရတာနော်၊ ဘာမှ မကြိုးစားဘဲရတာ”

“ရှော့စ်ကလည်းကွယ်၊ ဗိသုကာတွဲ့တွေ၊ ဂီတပညာတွေနဲ့ လူကြီးလူကောင်း တစ်ယောက်မှာ ရှိအပ်တဲ့ အရည်အချင်းတွေ ရှော့စ်မှာ ရှိနေပြီပဲ”

“မှန်တယ် ဂျယ်နီ၊ အဲဒါတွေကလည်း သူ မလိုချင်လို့ ကိုယ်ရတာ၊ မင်း ကိုယ့်ကို တလွဲတော့ မထင်နဲ့နော်၊ တွမ် မကောင်းကြောင်း ကိုယ်ပြောနေတာ မဟုတ်ဘူး၊ ဒီလောက်ကောင်းတဲ့ အစ်ကိုမျိုး ဘယ်မှာမှ ရှာမရနိုင်ဘူးဆိုတာကို ကိုယ်သိတယ်၊ ဆိုချင်တာက သူနဲ့ကိုယ်နဲ့ နှစ်ယောက်တည်းဆို တို့ညီအစ်ကိုမှာ ဘာပြဿနာမှ မရှိဘူး၊ တို့နှစ်ယောက် ပတ်ဝန်းကျင်ထဲကို အတူတူ တိုးဝင်တဲ့ အခါမှာသာ ပြဿနာပေါ်တာ၊ ကိုယ့်ကို ဘယ်သူကမှ ရှိတယ်မထင်တော့ဘူး၊ အဲဒီအတွက် လူတွေကို ကိုယ် အပြစ်မတင်ပါဘူး၊ တွမ်က ကာယဗလရော၊ ရုပ်ရည်ရော၊ သိပ်ထူးခြားနေတာကိုး”



“အဲဒါတွေက ဟိုတုန်းကပါ ရှော့စ်ရယ်၊ ဒီနေ့ သူတို့တစ်တွေ ရှော့စ်ကို ဘယ်မှာ မလေးမစား ဆက်ဆံရဲကြတော့မှာလဲ၊ ဒီမြို့မှာ လက်သီးပြင်းတဲ့ ကာယဗလတောင့်တဲ့လူတွေပြည့်လို့၊ ယဉ်ကျေးသိမ်မွေ့ပြီး ကြင်နာတတ်တဲ့လူ ကတော့ သိပ်ရှားတယ်၊ လူတွေဟာ မိုက်ခေဖ်ကို တစ်သက်လုံး လက်ရုံးအားကိုးနဲ့ ထိန်းမထားနိုင်ပါဘူး ရှော့စ်”

ရှော့စ် စန္ဒရားခုံမှ ထလိုက်သည်။ စိတ်လှုပ်ရှားမှုက သူ့အသံကို လွှမ်းမိုနေ၏။

“မင်း ပြောတာဟုတ်တယ် ဂျယ်နီ၊ တို့မြို့ကလေးဟာ တော်တော်ကလေးတော့ ပြောင်းလဲနေပြီ၊ တောင်အောက်ပိုင်းက အိမ်တချို့ဆိုရင် တောင်ပေါ်က မြေရှင်ကြီးတွေရဲ့ အိမ်တွေထက်တောင် ပိုလှနေသေးတယ်၊ နောက်ပိုင်း ဒါထက်ကောင်းအောင် ကိုယ် အိမ်တွေဆောက်ပြမယ် ဂျယ်နီ”

“ဗိသုကာအလုပ်ကို သိပ်ဝါသနာပါတာပဲလားဟင် ရှော့စ်”

“သိပ်ပါတာပေါ့၊ လာ ဂျယ်နီ၊ မင်းကို ကိုယ်ပြစရာတစ်ခုရှိတယ်”

စန္ဒရားခုံပေါ်မှ စက္ကူလိပ်ကြီးနှစ်လိပ်ယူပြီး ရှော့စ်က တစ်လိပ်ကို တယုတယ ဖြေပြသည်။ ဂျယ်နီ အသက်ရှူမှားနေ၏။ ခဲနှင့်ဆွဲထားသည့် အိမ်ကြီး တစ်ဆောင်၏ပုံ။ လှလိုက်တဲ့ အိမ်ကြီးကွယ်၊ ခမ်းနားလိုက်တာလဲ လွန်ပါရော၊ နေရာက မြစ်ကိုစီးမြင်နေရသည့် တောင်ကုန်းတစ်ခု။ ပုံစံအောက်ခြေတွင် ‘တောင်ထွတ်မြိုင်သာ’ဟု ရေးထားသည်။

“ဒါ မစ္စတာဘာရစ်တာနီ ဆောက်မယ့်အိမ်လေ၊ ဘာနဲ့မှမနီးတဲ့ တောင်ပေါ်မြို့စွန်ရဲ့ အမြင့်ဆုံးနေရာမှာ ဆောက်မှာ၊ ဒါကြောင့် ‘တောင်ထွတ်မြိုင်သာ’ လို့ နာမည်ပေးထားတယ်၊ မြစ်ကိုမိုးပြီး မြင်နေရတဲ့နေရာလေ”

“ဆောက်ပြီးရင် ဘယ်လိုနေမလဲ ကြည့်ချင်လိုက်တာ၊ ဒါပေမဲ့ ဒီလို အိမ်မျိုးကြီးမှာ ဂျယ်နီနေတော့ မနေချင်ဘူး ရှော့စ်”

“ကိုယ်လည်း မနေချင်ပါဘူး၊ ဒါကြောင့် ကိုယ်နေဖို့အတွက် ဒီပုံကို ဆွဲထားတာလေ”

နောက်ပုံတစ်လိပ်ကို ရှော့စ် ဖြန့်ချလိုက်ပြန်သည်။

ပုံမှာ ရိုးရိုးရှင်းရှင်း ခေါမခေတ်လက်ရာ အိမ်ပုံစံဖြစ်၏။ လိုင်းများ၏ ညီးဝါးညီညွတ်မှုကြောင့် မျက်စိပသာဒဖြစ်လှသည်။ စုလစ်မွမ်းချွန်တွေ မပါဘဲ ဆင်ဝင်အမြင့်ကြီးက ဧရာမတိုင်လုံးကြီးများတွင် အားပြုထား၏။

ဒေါင်လိုက်လိုင်းတွေ များများသုံးထားသဖြင့် အိမ်ပုံစံမှာ အမြင့်အမား
တွင် အဟန့်ကောင်းလှသည်။ တစ်ခုတည်းသော ဝရန်တာအပေါ်တည့်တည့်တွင်
လသာဆောင်ကို ခပ်သေးသေးပဲ ထုတ်ထားသည်။

အပေါ်ထပ်ကို အလင်းရောင် များများဝင်ဖို့ ဦးစားပေးထားသည်
ရောမ ပြတင်းပေါက်ကျယ်ကြီးတွေနှင့်၊ အိမ်ခေါင်မိုးက မြင့်မှမြင့်။ ပုံစံ၏
အောက်စွန်းထောင့်မှ အိမ်၏နာမည်ကို ဂျယ်နီနောက်ဆုံးမှမြင်သည်။

"ပုဏ္ဏမီရိပ်သာ ဟုတ်လား၊ လှလိုက်တဲ့နာမည်ပဲကွယ်၊ အိမ်ကို ဘာလို့
အဲဒီနာမည် ပေးတာလဲဟင် ရော့စ်"

"မာရီးလ်ယာတောမြေရဲ့ အစွန်မှာ တောင်ကုန်းတစ်နေရာရှိတယ် ဂျယ်နီ
လစထွက်တဲ့အချိန်ကို ကောင်းကောင်းမြင်ရတဲ့ နေရာလေ၊ မစ္စစ္စပီမြစ်ပြင်ထဲက
လမင်းကြီး ဘွားခနဲပေါ်လာတာကို သေသေချာချာ စောင့်ကြည့်နိုင်တဲ့နေရာပေါ့
အဲဒီနေရာမှာ အိမ်ဆောက်နိုင်အောင် ကြိုးစားမယ်၊ ငွေစုမယ် ဂျယ်နီ၊ မာရီးလ်
မျိုးဆက်တွေ တစ်ယောက်မှ မကျန်တော့ဘူး၊ သေကုန်ပြီ၊ မြေကို အစိုးရက ပြန်
သိမ်းထားတယ်တဲ့၊ ဖြစ်တဲ့နည်းနဲ့ ကိုယ်ဝယ်မယ်၊ ဟောဒီ လသာဆောင်က
လထွက်တဲ့ညတွေကို ကိုယ် ငေးကြည့်မယ်၊ အဲဒီအချိန်အခါမျိုးမှာ မစ္စစ္စပီဟာ
ငွေရောင်အတိ ရှိနေလိမ့်မယ်"

"ဝရန်တာ တစ်လျှောက်မှာတော့ နှင်းဆီဖြူတွေစိုက်မယ် ဂျယ်နီ၊ အဖြူ
ဆို အဖြူရောင်တွေချည်း ရွေးစိုက်မယ်၊ ဒါမှ လရောင်ရွှန်းမြတဲ့ ညတွေမှာ
ပုဏ္ဏမီရိပ်သာဟာ အဖြူရောင်လွှမ်းပြီး လှနေမယ်၊ ဝက်သစ်ချပင်တွေက တွဲကျ
တဲ့ ရေညှိပင်တွေလည်း အဖြူရောင်ကို ပြောင်းနေကြလိမ့်မယ်၊ ဘယ်လောက်
ငြိမ်းချမ်းအေးမြလိုက်မလဲနော် ဂျယ်နီ"

ရော့စ် ခဏတွေးပြီး ဂျယ်နီ့ကိုကြည့်သည်။ မျက်နှာမှာ ဖြူဖပ်ဖြူ
ဖြစ်နေ၏။

"တစ်ခုပဲရှိတယ် ဂျယ်နီ၊ ပုဏ္ဏမီရိပ်သာကို ကိုယ် စိတ်ကူးယဉ်ခဲ့တုန်းက
လသာဆောင်မှာ ကိုယ်တစ်ယောက်တည်း အထီးကျန်ဘဝနဲ့ ရပ်ပြီး ရှုခင်း
ငေးဖို့မဟုတ်ဘူး၊ ကိုယ့်နံဘေးမှာ မင်းပါပါတယ်"

"သြော်... ရော့စ်ရယ်၊ အဲဒါတွေ မပြောသင့်တော့ပါဘူးကွယ်၊ တွ
အတွက်ရော ဂျယ်နီအတွက်ပါ ရော့စ် ငဲ့ရတော့မယ်လေ"

"မင်းပြောတာ မှန်ပါတယ် ဂျယ်နီ၊- ကိုယ် တောင်းပန်ပါတယ်"

ရော့စ် အသံမှာ တိုးတိုးလေးသာ ထွက်လာတော့၏။



"ဒါပေမဲ့ ပုဏ္ဏမီရိပ်သာကိုတော့ ကိုယ် သွေးနဲ့ချွေးနဲ့ရင်းပြီး ဆောက်မယ်၊ ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသမျှ ကြိုးစားမယ်၊ ပုဏ္ဏမီရိပ်သာဟာ ပုံပြင်တစ်ခုလို တွင်ရစ်စေရမယ်၊ ဟောဒီ ပုဏ္ဏမီရိပ်သာဟာ အချစ်ကံနည်းသူ ရော့စ်ပါရီ ဆောက်သွားတာပေါ့၊ ချစ်သူနဲ့အတူနေဖို့ ဆောက်ပြီးမှ မပေါင်းကြရတော့ သေတဲ့အထိ ဘယ်မိန်းမကိုမှ အစားမထိုးဘဲ တစ်ယောက်တည်း နေသွားရှာတယ် ဆိုတဲ့ ဒဏ္ဍာရီမျိုးလေ"

"သြော်... ရော့စ်ရယ်၊ တော်ပါတော့ကွယ်၊ ရူးရူးမိုက်မိုက် အရွယ် တွေလည်း မဟုတ်ကြတော့ပါဘူး၊ ဒါထက် ဒီပုံကို ဘရစ်တာနီတို့က သဘောတူပြီ လားဟင်"

ဂျယ်နီ ဖွတ် စကားလမ်းကြောင်း ပြောင်းရတော့၏။

"ဟင့်အင်း၊ သူတို့ကို မပြရသေးပါဘူး"

"ဟင်... ခုထိ မပြရသေးဘူးလား၊ ချိန်းထားတဲ့နေ့က ရော့စ် မသွား ဘူးလား၊ ရှုခင်းသာကိုလေ"

"ဒီပုံကြီးနဲ့ သွားလို့ဘယ်ကောင်းပါ့မလဲ ဂျယ်နီရယ်၊ ကိုယ် မလာနိုင်တဲ့ အကြောင်း ဆိုင်မှူးနဲ့ အကြောင်းကြားခိုင်းလိုက်တယ်၊ လန့်စ်ဘရစ်တာနီက အဆင်ပြေတဲ့နေ့မှ လာပါလို့ စာပြန်ရေးလာတယ်၊ ဒီမှာ နောက်တစ်အိမ် ဆောက်ဖို့ သူ့မိန်းမက ပူဆာနေတာထင်တယ်၊ ရှုခင်းသာကို သဘောကျပုံ မပေါ်ဘူး"

"အဲဒီမိန်းမကို ဂျယ်နီ ကြည့်လို့မရဘူး ရော့စ်"

"မင်းကို သဘောကျပါလို့လည်း ဘယ်သူမှ မပြောပါဘူးလေ"

အေးစက်စက် သရော်တော်တော်အသံ တံခါးဝမှ ပေါ်လာသည်။ ဟင်... မော်ဂင်ဘရစ်တာနီပါလား။

"မိန်းကလေးတွေ ကိုယ့်ကို ကြိုက်မကြိုက် ကိုယ်ဘယ်တော့မှ စိတ်မဝင် စားဘူး၊ ဂရုလည်းမစိုက်တတ်ဘူး"

သူတို့နှစ်ယောက်စလုံး မော်ဂင်ကို ကြောင်ကြည့်နေကြသည်။ အနက်ရောင် မြင်းစီးဝတ်စုံ ဝတ်ထား၏။ ပါရီချုပ်မှန်း ရော့စ် ချက်ချင်းသိလိုက်သည်။ ကိုယ် အထက်ပိုင်း အမို့အမောက်တို့က တင်းတင်းရင်းရင်း ပေါ်လွင်နေပြီး ခါးအောက် ပိုင်းတွင် တင်ပါးအောက်ခံ ကြိမ်ခွေကြီးများပေါ်မှတစ်ဆင့် ဖားဖားလျားလျား ဝဲ၍နေသည့် ဂါဝန်ရှည်ကြီး၊ ဘယ်လ်ဂျီယံလုပ် ဇာတွန့်များဖြင့်ပြီးသည့် အင်္ကျီ

ကော်လာမှာ လည်ပင်းတစ်ဝိုက်တွင် ဇေ့ဝိုက်လျက်။ ဦးထုပ်နှင့် လက်အိတ် အရောင်ကလည်း လိုက်ဖက်လှ၏။

"ရှင် ဒီလိုပဲ သူများအိမ်ထဲကို တံခါးမခေါက်ဘဲ ဝင်လေ့ရှိတယ် ဟုတ်လား"

ဂျယ်နီက ဒေါသအမျက် ခြောင်းခြောင်းထွက်နေသည့်လေသံဖြင့် မေးလိုက် သည်။ မော်ဂင် ပြုံးသည်။ စွဲမက်စရာကောင်းသလောက် ကြောက်စရာကောင်း သည့် အပြုံးမျိုးမှန်း ရော့စ် ချက်ချင်းသိလိုက်၏။

"ဒါကို အိမ်လို့ခေါ်တယ် ဟုတ်လား၊ ခွင့်လွှတ်ပါကွယ် တို့များ မသိ..."

"ရှင်... ရှင် လူဝါးဝ..."

ဒေါသဖြစ်လွန်းသဖြင့် ဂျယ်နီ ဆက်မပြောနိုင်ဘဲ ဖြစ်နေ၏။ သည့်မိန်းမ နှင့် ထိုက်တန်သည့် စကားလုံး ရှာမရတော့။ ဖေဖေ ပီတာဒယ်လ်တန်က ဂျယ်နီ့ကို တင်းတင်းကျပ်ကျပ် အုပ်ချုပ်ပြီး ဗိုင်းကောင်းကျောက်ဖိ ပုံစံသွင်းထာ သဖြင့် ဂျယ်နီတစ်ယောက် ဖရုသဝါစာ စကားလုံးများနှင့် မယဉ်ပါးခဲ့ပေ။

မော်ဂင် ခပ်ပေါ့ပေါ့ ရယ်နေသည်။ သူ့ရယ်သံက လွင်လွင်ကလေး တစ်ပြိုင်တည်း ခြိမ်းခြောက်သံပါနေ၏။

"ဒီမယ် မိန်းကလေး၊ ဒီအရပ်သူဖြစ်နေပြီး မင်း မဆဲတတ်ဘူး ဟုတ်လား"

"ဟုတ်တယ်၊ ဒါပေမဲ့ မဆဲတတ်တဲ့အတွက် ကျွန်မကိုယ်ကျွန်မ ဒေါသ ဖြစ်နေတယ် သိလား"

"ဟုတ်လား၊ နောက်မှ ကိုယ်လာသင်ပေးဦးမယ်နော်၊ ဘာမှစိတ်ဝင်စာ စရာ မရှိတဲ့အခါမျိုးပေါ့၊ ဒါပေမဲ့ ခုတော့ ကိုယ့်မှာ သိပ်စိတ်ဝင်စားစရာ ရှိနေ တယ်၊ ရော့စ်နဲ့ ကိုယ်နဲ့ နှစ်ယောက်တည်း စကားပြောဖို့ရှိတယ်၊ ကဲ.. တစ်ဆိတ် မင်း ထွက်ပေးပါ"

"အို... ဘာလို့ ထွက်ပေးရမှာလဲ"

ဂျယ်နီက ဒ်က်ခနဲ ပြန်ပက်လိုက်၏။

"မင်းဟာ အတော်လာတဲ့ဟာမလေးပါလား"

ရော့စ်ကို မော်ဂင် လှမ်းကြည့်ပြီး ပြုံးပြလိုက်သည်။ ရော့စ်၏ မျက်နှာ တစ်ခုလုံး သွေးရောင်လွှမ်းသွား၏။

"ကဲ... ရော့စ်၊ ဒီသူငယ်မကို ခဏထွက်ခိုင်းပေးပါ၊ ဆွေးနွေးစရာ ရှိတယ်"



ရော့စ်တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ပြီးမှ အသံတိုးတိုးဖြင့်–

"ကျွန်တော် ဝမ်းနည်းပါတယ် မစ္စက်ဘရစ်တာနီ၊ ကျွန်တော် အဲဒီလို မလုပ်နိုင်ပါဘူး၊ ဂျယ်နီမှာလဲ ကိုယ်ပိုင်အခွင့်အရေး ရှိပါတယ်"

မော်ဂင် ပြုံးပြန်သည်။

"ဪ... ဒီလိုလား၊ ယောကျ်ားတစ်ယောက်ရဲ့ အခန်းထဲဝင်ပြီး နှုးဖို့ အခွင့်အရေးမျိုးလား၊ ဒါဆိုလည်း အနှောင့်အယှက်ပေးမိတာ တောင်းပန်ပါတယ် လေ၊ ကျွန်မကလည်း ဒီလိုဇာတ်လမ်းမျိုးကို သိပ်သဘောကျတာရှင့်၊ အထူးသဖြင့် ခုလို တီတီတိတ်ပုန်း ဇာတ်လမ်းမျိုးကလေးတွေကိုပေါ့"

ဂျယ်နီ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ရှင်... ဘယ်လိုမိန်းမစားမျိုးလဲဟင်၊ မိုက်ရိုင်းလှချည်လား"

"အေး... အဲဒီအတိုင်း လူတွေ ကိုယ့်ကို ပြောကြတယ်ကွဲ့။' ကဲပါ ရော့စ် ဒါလင်ရယ်၊ မော်ဂင် ပင်ပန်းလှပါပြီ၊ လာမယ်ဆိုပြီး ဘာလို့ ပေါ်မလာ တာလဲ"

ဘုရား... ဘုရား... ဒါလင်တဲ့။ ဂျယ်နီ ဆက်နားထောင်နိုင်စွမ်းမရှိ တော့။ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး အိမ်ထဲမှ ထွက်ပြေးခဲ့သည်။ မော်ဂင်က ခေါင်းကို နောက်လှန်ပြီး လှိုက်လှိုက်လှဲလှဲ အော်ရယ်ကျန်ရစ်၏။

"ဒီနည်းနဲ့မှ ကိစ္စပြတ်မယ်ဆိုတာ သိတယ်လေ၊ ရှင်နဲ့ကျွန်မ တကယ် ဖြစ်နေကြပြီလို့ သူ ထင်ချင်လည်း ထင်သွားမှာပေါ့၊ ဟုတ်လား ရော့စ်"

မော်ဂင်က စဉ်းလဲသည့် အနက်ရောင်မျက်လုံးများဖြင့် ရော့စ်ကို စိုက် ကြည့်နေ၏။ ပြီးမှ အသံနှိမ့်လိုက်ပြီး–

"ထင်သွားလည်း တစ်မျိုးကောင်းတာပေါ့ ရော့စ်ရယ်၊ ဟုတ်ဘူးလား"

"အိုဗျာ... ဒုက္ခပါပဲ"

ရော့စ် ဘာဆက်လုပ်ရမှန်းမသိဘဲ ညည်းတွားလိုက်သည်။

"သိပ်လန့်သွားသလား ရော့စ်"

မော်ဂင် သက်ပြင်းချပြီး မေးသည်။ သို့သော် သူ သက်ပြင်းချပုံက သက်ပြင်းတု။ သူ ရယ်သည့်ပုံအတိုင်းပင်။

"မော်ဂင် တောင်းပန်ပါတယ် ရော့စ်၊ လူတွေ လန့်တာကို ဒီက သိပ် သဘောကျတတ်လို့ပါ၊ ကဲ... ပြောပါဦး၊ ဘာလို့ ပေါ်မလာတာလဲ"

"ဘယ်လိုလုပ်ပြီး ကျွန်တော် လာနိုင်မလဲဗျာ၊ ကျွန်တော့်အခြေအနေကို ခုတွေ့ပြီ မဟုတ်လား၊ ဘာဖြစ်ခဲ့လဲဆိုတာလဲ ခင်ဗျားအမြင်ပဲ၊ ကျွန်တော်

ယုံပါပြီ၊ လူတွေ ဒုက္ခဖြစ်တာကိုကြည့်ပြီး ခင်ဗျား ပျော်တတ်တယ်ဆိုတာလေ"

"အဲဒါ အမှန်ပဲ ရှော့စ်၊ လူရိုင်းတွေ ချကြသတ်ကြတာက ပိုကြည့်ကောင်း တယ်၊ ရှင်က လူရိုင်းမဟုတ်ပါဘူးနော်၊ ရှင့် တိုက်ခိုက်ပုံကလည်း သိပ်အားပျော တာပဲ"

"ဦးနှောက်တွေ ထွက်တဲ့ပွဲမျိုးမှ ခင်ဗျား ပိုသဘောကျတာ မဟုတ်လား" မော်ဂင် သက်ပြင်းချသည်။

"ကျွန်မ ရင်ထဲမှာရှိတာကို ပြောတာပါ၊ တစ်ဖက်ကကြည့်ရင်တော့ စိတ်မကောင်းစရာပေါ့လေ၊ ဒါပေမဲ့ ကျွန်မဟာ ရန်ပွဲတွေကြည့်ရတာလောက် ဘာကိုမှ စိတ်မဝင်စားဘူး"

"ခင်ဗျားဟာ မုဆိုးတစ်ပိုင်း မိန်းမရိုင်းသက်သက်ပဲ"

"ဟုတ်ပါတယ်လို့ ကျွန်မ ဝန်ခံပြီးပြီလေ"

အမျိုးသမီး၏ မျက်လုံးအစုံတွင် ကြောက်မက်ဖွယ် အနက်ရောင်မျာ တောက်ပလျက်ရှိသည်။ ရှော့စ်ဆီသို့ လျှောက်လာသည်။ ပူးပူးကပ်ကပ် ရပ်သည် မွှေးထုံသင်းပျံ့သည့် ရနံ့သည် ရှော့စ်ကို လွှမ်းခြုံလိုက်၏။ ပြီးတော့ လေသံတို တိုးဖြင့် ပြောသည်။

"ဟုတ်တယ် ရှော့စ်၊ ဘယ်လောက်အထိ ရက်စက်ရိုင်းစိုင်းနိုင်မယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် စမ်းသပ်ရဦးမယ်"

"ဘုရား... ဘုရား...၊ ခင်ဗျားဟာ ကျုပ်ထင်တာထက် ပိုကြောက်ဖို့ ကောင်းနေပါလား"

"ဘာလို့ ကြောက်ဖို့ကောင်းရမှာလဲ၊ ပျော်ဖို့ကောင်းတယ်လို့ ပြောစမ်းပါ ရှော့စ်ရဲ့ အကြောအမျှင်ကလေးတွေထဲကို သွေးတွေ စီးဝင်လာအောင်..."

ရှော့စ် ဒေါသတကြီး ဖြတ်ပြောလိုက်သည်။

"ဘာလဲ၊ ကျုပ်ကိုယ်ထဲမှာ သွေးမရှိဘူးလို့ ခင်ဗျား ပြောချင်တာလား"

"ဟုတ်တယ်လေ၊ ရှော့စ်ရဲ့ သွေးကြောတွေထဲမှာ ရေခဲရည်တွေပဲ ရှိမှာ ပေါ့၊ ပြီးတော့ သီးကလေးတွေစို့တဲ့ သီးမနို့ရည်တွေ ရှိချင်ရှိနေမှာပေါ့"

ရှော့စ် ဒေါသမထိန်းနိုင်တော့။ အမျိုးသမီး၏ လက်မောင်းနှစ်ဖက်ကို တအားဆုပ်ကိုင်ပြီး ဆွဲဆောင့်လိုက်သည်။ သို့သော် မော်ဂင်၏ တုံ့ပြန်မှုကြော သူ ကြက်သေ သေသွားသည်။ အမျိုးသမီးက မျက်စိကို မှေးစင်းကာ ခေါင်းကို မော့ထားပေးသည်။ မျက်နှာချင်းထိလုမတတ်၊ နီတျာတျာ နှုတ်ခမ်းအစုံက



ခပ်ဟဟကလေးဖွင့်လျက်။ ရှော့စ် ခဏကြောင်နေသည်။ ပြီးမှ ဆောင့်တွန်းလွှတ် လိုက်သည်။

"ရှင်... သတ္တိနည်းလှချည်လား ရှော့စ်"

"ဘာ... သတ္တိနည်းတယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ ရှင့်ရင်ထဲက ကျွန်မကို တအားဖက်ပြီး ရှင့်ကိုယ်ခန္ဓာ ထဲမှာ သွေးပူပူတွေရှိတဲ့အကြောင်း ပြချင်တာမဟုတ်လား၊ အဲဒါ ရှင့်ကိုယ်ရှင် ကော သိရဲ့လား ရှော့စ်"

"အို... အဓိပ္ပာယ်မရှိ၊ ခင်ဗျား အနမ်းခံချင်ရင်လည်း ကျွန်တော့်အနေနဲ့ သိက္ခာကျခံပြီး လူကြီးလူကောင်း မဆန်စွာနဲ့..."

ရှော့စ်က အမျိုးသမီးကို တအားဆွဲဖက်ပြီး ခပ်ကြမ်းကြမ်း နမ်းလိုက် သည်။ ကြာမြင့်စွာနှင့် ရိုင်းပျစွာ နမ်းနေခြင်းမျိုး။ အတန်ကြာမှ လွှတ်ချင်းချွာလိုက် သည်။ မျက်တောင်ကော့ကြီးများကို အသာပင့်ပြီး ရှော့စ်ကို မော်ဂင် မော်ကြည့် သည်။ အမျိုးသမီး၏ အမူအရာ လုံးဝပြောင်းသွား၏။ သူ့ကို သူငယ်နှပ်စား ကလေးလို ဆက်ဆံနေရာမှ တလေးတစား ဖြစ်လာသည့်ပုံမျိုး။

"မိန်းကလေးတစ်ယောက်ကို အဲ့ဒီလို နမ်းနည်း ရှင် ဘယ်မှာသင်လာ တာလဲဟင်၊ ပြင်သစ်မှာလား"

ရှော့စ် ပြုံးသည်။

"မဟုတ်ဘူး စပိန်မှာ၊ စပိန်က ရာသီဥတု ပူနွေးသလို သူကလေးတွေလည်း ပူပူနွေးနွေးရှိတယ်၊ တစ်လဆိုပြီး အလည်သွားလိုက်တာ၊ တစ်နှစ်ကြာခဲ့တယ်၊ တစ်နေ့ ကျွန်တော် အဲ့ဒီကို ရောက်အောင်ပြန်သွားဦးမှာ"

"ကဲ... ရှင့် စပိန်ချီးမွမ်းခန်း နောက်မှဖွင့်ပါ၊ ဘာလို့ အချိန်ဖြုန်းနေလဲ၊ ကျွန်မ အချိန်သိပ်မရဘူး"

ရှော့စ် ပါးစပ်အဟောင်းသားနှင့် အမျိုးသမီးကို စိုက်ကြည့်နေသည်။

"ဘာလဲ၊ ကျုပ်က ခင်ဗျားနှုတ်ခမ်းကို မလွှတ်တမ်း နမ်းနေရမှာလား"

မော်ဂင်၏ မျက်ဝန်းနက်နက်များသည် မကျေမနပ် လှုပ်ရှားနေကြ၏။

"ဆိုပါတော့၊ ဒါတောင် ရှင့်အတွက် တစ်ဆင့်တက်ပြီး စိတ်ဝင်စားစရာ ဖြစ်လာပါ့မလားလို့ ကျွန်မ သံသယဖြစ်နေသေးတယ်"

ရှော့စ် သိုင်းဖက်လိုက်ပြန်သည်။ ပြီးမှ အလေးအနက် စဉ်းစားရင်း ငိုင်ကြည့်နေသည်။

မော်ဂင်က ညုတုတုလေသံဖြင့်–

"ကြည့်လေ… ပြောရင်းဆိုရင်း အချိန်ဖြုန်းနေပြန်ပြီ"

ဒေါသဖြစ်ဖြစ်နှင့် အနာတရဖြစ်စေလိုသည့်ဆန္ဒကို အရင်းပြု၍ ရော့စ် နမ်းပြန်သည်။ မမျှော်လင့်သည့် ဆန့်ကျင်ဘက် တုံ့ပြန်မှုကို တွေ့ရပြန်ပြီ။ မော်ဂင်က ခြေဖျားကလေးထောက်ကာ အကြမ်းဖက်မှုကို လှလှပပ ခံယူနေသည် ပါလား။ စပိန်ပြည်ကို ပြန်ရောက်နေသလို ရော့စ် ခံစားလိုက်ရ၏။

"ကောင်းတယ်ဟေ့… သိပ်ကြည့်လို့ကောင်းတယ်"

တွမ်ပါရီ၏အသံ။

"မင်း ဒါလောက် စွံလိမ့်မယ်လို့ ငါမထင်ဘူး ရော့စ်၊ ဂုဏ်ယူပါတယ် ကွာ"

မော်ဂင်က ချာခနဲလှည့်ပြီး တွမ်ပါရီနှင့် မျက်နှာချင်းဆိုင်လိုက်သည်။ လှုပ်ရှားဟန်က ကြည့်လို့ကောင်းလှ၏။ လှလှပပ ဝဲခနဲ လှည့်လိုက်ခြင်းမျိုး ကျက်သရေရှိလှသည်။ မော်ဂင်က ပြုံးပြီး ဟန်ပါပါဖြင့် တွမ့်ကို နှုတ်ဆက် စကားဆိုသည်။

"ဒါက နောက် မစ္စတာပါရီတစ်ယောက် ဟုတ်လား၊ ပိုတောင့်တဲ့ပါရီ ပေါ့၊ ဒီလောက်ဖြောင့်ပြီး ဒါလောက်တော်တဲ့ လူတစ်ယောက်ကို ဘယ်သူယုံ သတ်ရဲပါ့မလဲရှင်"

တွမ်က နဖူးပေါ်တွင် ဝဲကျနေသည့် လှိုင်းတွန့်ဆံပင်တွေကို သပ်တင်ပြီး-

"အမိက တော်တော်အပင့်ကောင်းပါကလား၊ အင်းလေ ဒါကြောင့် ရော့စ် ကျတာပေါ့"

"ကျွန်မ ရှင့်ညီဆီ အလုပ်ကိစ္စအတွက် သက်သက်လာတာရှင့်"

မော်ဂင်က ဣန္ဒြေမပျက် ပြောလိုက်သည်။

"အဲ့ဒါအမှန်အတိုင်းပါ တွမ်၊ ကျွန်တော်တို့…"

ရော့စ် ခေါင်းထဲတွင် ရှုပ်ထွေးနေ၏။ ဘာဆက်ပြောရမှန်းမသိ။

"ရှင်းပြနေစရာ မလိုပါဘူး ငါ့ညီရာ၊ အစ်ကိုလည်း ငယ်ရာက ကြီးလာ တာပဲ၊ တစ်ခုပဲ အမျိုးသမီးကို မေးချင်ပါတယ်၊ ခုလောလောဆယ် အမိရဲ့ယောကျ်ား ဘယ်မှာရှိနေပါသလဲ"

"လူဝီစီယားနားမှာ၊ ခြံမြေတွေ သွားကြည့်နေတယ်လေ၊ သူ ရှိနေရင်ကော ကျွန်မ ဒီကို လာရဲမယ်လို့ ရှင် ထင်နေသလား"

"မသိဘူးလေဗျာ"

တွမ်က ရိုးရိုးကြီး ပြန်ပြောသည်။



"ခင်ဗျားကြည့်ရတာ ဘာမှ ဂရုစိုက်မယ့်ပုံ မဟုတ်ပါဘူး၊ ကဲ… ကျွန်တော့်ညီဆီလာတဲ့ ခင်ဗျားရဲ့ကိစ္စ ပြီးပြီမဟုတ်လား၊ ပြီးရင် ပြန်လေဗျာ၊ ကျွန်တော် ပြောတာ ရိုင်းနေမလားပဲ။

"အမိရဲ့ယောကျ်ားက ဒီနယ်တစ်ရိုးမှာ နာမည်တစ်လုံးနဲ့နေတဲ့လူဗျ၊ ပြီးတော့ လူကြီးလူကောင်းတစ်ယောက်၊ အလွန်အမှတ်သည်းခြေကြီးပြီး ဆိုးစရာရှိရင် ရက်ရက်စက်စက် ဆိုးတဲ့လူ၊ ကျွန်တော့်ညီလေးက ဒါမျိုး အတွေ့အကြုံရှိတဲ့သူငယ်လေး မဟုတ်ပါဘူးဗျာ"

"ရှင်ကတော့ အတွေ့အကြုံရှိတယ်ပေါ့လေ ဟုတ်လား"

"ဆိုပါတော့၊ ဒါပေမဲ့ ကျွန်တော် သတ်တဲ့ဖြတ်တဲ့အလုပ်တွေကို တတ်နိုင်သမျှရှောင်တယ်၊ ကျွန်တော် ရှင်းရှင်းပြောပါရစေ မစ္စက်ဘာရစ်တာနီ၊ ကျွန်တော်တို့ဟာ လူဆင်းရဲတွေပါ၊ ဒါပေမဲ့ ကျွန်တော်တို့ တစ်နေ့မှာ မြေပိုင်ရှင်၊ ခြံပိုင်ရှင်ကြီးတွေဖြစ်အောင် ကြိုးစားကြမှာပါ၊ ရော့စ်ကို မကြာခင် ခြံစိုက်ခင်းပိုင်ရှင်ကြီးအဖြစ် ခင်ဗျားတို့ မြင်ကြရပါလိမ့်မယ်၊ ဒီတော့ မလိုလားအပ်တဲ့ ပြဿနာတွေ ကျွန်တော်တို့ အဖြစ်မခံနိုင်ပါဘူး မစ္စက်ဘာရစ်တာနီ၊ ဒါကြောင့် တစ်ဆိတ်ပြန်ပါလို့ ကျွန်တော် မေတ္တာရပ်ပါတယ်ဗျာ"

အလွန်တည်ငြိမ်သည့် အသံဖြင့် မော်ဂင် ပြန်ပြောသည်။

"ကောင်းပြီလေ၊ ရှင့်ညီဆီက ကျွန်မ ပြန်ပါ့မယ်၊ ဒါပေမဲ့ တစ်ခုတော့ ကျွန်မ တောင်းဆိုရလိမ့်မယ်"

တွမ်က အမျိုးသမီး ဘာဆိုလိုချင်သည်ကို မတွေးတတ်သလို အူကြောင်ကြောင် လှမ်းကြည့်နေသည်။

"ဘာများပါလိမ့်ခင်ဗျာ"

"မကြာခင် မှောင်တော့မယ်၊ ရှင် ကျွန်မကို ပြန်ပို့ရမယ်၊ ကျွန်မ တစ်ယောက်တည်း မြင်းစီးပြန်ဖို့ မသင့်တော့ဘူး"

တွမ်က ညီလုပ်သူကို ဘာဆက်လုပ်ရမလဲဟူသည့် အမူအရာဖြင့် လှမ်းကြည့်လိုက်သည်။

ရော့စ်လည်း ခဏကြောင်နေသည်။ ပြီးမှ

"မြင်းတစ်စီးနဲ့ အဖော်လိုက်သွားပါလား တွမ်"

"ကျေးဇူးပဲ ရော့စ်၊ ကဲ… စောစောက ဟိုမိန်းကလေးကို ပြနေတဲ့ပုံ ကြည့်ပါရစေဦး၊ ကျွန်မတို့အတွက် ဆောက်မယ့်ပုံစံလေ"

ရော့စ်က 'တောင်ထွတ်မြိုင်သာ'၏ ပုံစံလိပ်ကို ဖြန့်ပြလိုက်သည်။

"အို… လှလိုက်တာကွယ်၊ ဒါ ကျွန်မအတွက် ရှင် ဆောက်ပေးမှာနော်၊ ဟုတ်လား ရော့စ်"

ပုံစံကို သေသေချာချာကြည့်သည်။ ပြီးတော့ လိပ်ပြီး ဖျတ်ခနဲ ကောက်ယူလိုက်၏။ ခဏတွေပြီး ပြန်ချသည်။

"ယူသွားလို့ ဘယ်ဖြစ်မလဲနော်၊ မနက်ဖြန် ယူလာခဲ့နော် ရော့စ်၊ အိမ်ကလူကို ပြကြည့်တာပေါ့၊ သူ မနက်အစောကြီး ပြန်ရောက်လာမှာ၊ သွားမယ် နော် ရော့စ်"

တစ်ဖက်သို့လှည့်ပြီး တွမ်၏ လက်မောင်းကို လှမ်းတွဲလိုက်သည်။

"သွားမယ်လေ ဗလကြီးတွမ်ရယ်၊ ရှင်က တကယ့် ဧရာမကျောက်ဆစ်ရုပ် ကျနေတာပဲနော်၊ လမ်းမှာ ကျွန်မကို ခေါမရောမ ပုံပြင်တွေ ပြောပြပါလား၊ ကျွန်မနဲ့အတူ မြင်းစီးရတာ ရှင် ပျော်ပုံသစ်ရပါစေ့မယ်"

သူတို့နှစ်ယောက် ထွက်သွားသည်နှင့် ရော့စ် စန္ဒရားခုံတွင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်၏။ မည်မျှကြာအောင်ထိုင်ပြီး ငိုင်နေမိသည်မသိ။ ညီမလုပ်သူ အဲနစ်ကလေး ရောက်လာမှ သတိဝင်လာသည်။ အဲနစ်က သူ့လက်ဖြူဖြူသွယ်သွယ်ကလေးကို ရော့စ်၏ ပခုံးပေါ်တင်လိုက်သည်။ နူးညံ့အေးဆေးသည့် အသံကလေးဖြင့်

"အစ်ကိုလေး ဘယ်လိုဖြစ်တာလဲဟင်၊ အဲနစ်ကို ဂျယ်နီ ပြောသွားတယ်၊ မိန်းမတစ်ယောက် အစ်ကိုလေးဆီ ရောက်လာတယ်ဆို သူ… သူ…"

"သူ ဘာဖြစ်လဲ"

ရော့စ်က ခပ်ပြတ်ပြတ် ပြန်မေးသည်။

"သူ အစ်ကိုလေးကို စိတ်ထိခိုက်အောင် လုပ်သွားသလားလို့ပါ၊ ဂျယ်နီကပြောတယ်၊ အဲ့ဒီမိန်းမက သိပ်ရိုင်းစိုင်းတာပဲဆို"

ညီမငယ်ကို ရော့စ် ငေးကြည့်နေမိသည်။ ဆံပင်က ရွှေရောင်၊ မျက်လုံးတွေပြာလဲ့လဲ။ နုနုညက်ညက်ကလေးလှသည့် အဲနစ်။

"ဘာမှမဟုတ်ပါဘူး အဲနစ်ရယ်၊ သူ့ကြောင့် အစ်ကိုလေး ဘာမှမဖြစ်ပါဘူး၊ အလုပ်ကိစ္စနဲ့ လာတာမျိုးပါ၊ သူတို့အိမ်ကြီးတစ်လုံး ဆောက်လိမ့်မယ်၊ အစ်ကိုလေးက ဗိသုကာတာဝန် ယူရမယ်လေ"

"ဟုတ်လား၊ ဝမ်းသာလိုက်တာ အစ်ကိုလေးရယ်"

"ဝမ်းသာစရာပေါ့ကွာ၊ ကဲ အစ်ကိုလေး ဖင်ပန်းလှပြီကွာ၊ လှဲဦးမယ်"



"အဲနစ် အိပ်ရာပြင်ပေးမယ်နော်",

တွန့်နေသည့် အိပ်ရာခင်းတွေကို ဆွဲဆန့်ပြုပြင်သည်။ ခေါက်ခွေနေသည့် ခေါင်းအုံးများကို ပုံကျအောင် ပြန်လုပ်ပေးသည်။ ပြီးမှ အစ်ကိုလုပ်သူကို မွှေးမွှေးနမ်း နှုတ်ဆက်ကာ အခန်းထဲမှ ထွက်ခဲ့သည်။

အပေါ်ဝတ်ရုံကိုချွတ်ပြီး အိပ်ရာပေါ်တွင် လှဲချလိုက်သည်။ အတွေးစက်ဝိုင်းတွေ ချာချာလည်နေ၏။ အိပ်လို့ရတော့မည်မထင်။ သို့သော် အိပ်ပျော်သွား၏။ နိုးလာတော့ အမှောင်ထုက သိပ်သည်းနေဆဲ။ ရင်ထဲတွင် ဟာနေသည်။

အိပ်ရာနံဘေး စားပွဲမှ မီးခြစ်ကိုစမ်းပြီး မှန်အိမ်ထွန်းသည်။ မီးလင်းဖိုပေါ်မှ နာရီကြီးကို လှမ်းကြည့်သည်။ မနက် လေးနာရီထိုးပြီပဲ။ ဟို အဝေးဆီမှ လေးလေးတွဲ့တွဲ့ ခွေးအူသံတစ်ချက် ကြားလိုက်သည်။ နောက် ငြိမ်သွား၏။ ငှက်ကလေးတွေ နေ့ကြိုတေးကို ဟစ်ကြွေးစပြုပြီ။ ဒဏ်ရာအပြည့်နှင့် ခန္ဓာကိုယ်ကို မလှည့်ချင်လှည့်ချင်ဖြင့် တစ်ဖက်သို့စောင်းကာ အစ်ကိုလုပ်သူ၏ အိပ်ရာဆီသို့ ကြည့်လိုက်၏။

ဘုရား… ဘုရား တွမ်တစ်ယောက် တစ်ညလုံး ပြန်မလာပါလား။

■

## အခန်း (၃)

မြို့နယ်မြေစာရင်းရုံးထဲမှ ရှေ့စ် ထွက်လာခဲ့သည်။ ဝက်သစ်ချပင်များကို ဖြတ် သန်းထိုးဆင်းနေသည့် နေရောင်ခြည်ကို တစ်ချက်မော်ကြည့်လိုက်၏။ လမ်းမှာ လူသွားလူလာ ကင်းရှင်းတိတ်ဆိတ်နေသည်။ ကိုယ့်ရင်ခုန်သံကို ကိုယ်ပြန်ကြား နေရ၏။ မိမိ၏ ဒုတိယအသံကိုလည်း အတိုင်းသား ကြားနေရ၏။

မြေပိုင်ရှင်ဖြစ်ပြီ။ ဘယ်လောက် အံ့သြစရာကောင်းတဲ့ အဖြစ်မျိုးလဲ၊ စိုက်ပျိုးခြံပိုင်ရှင်တစ်ယောက် ဖြစ်လာပြီလေ။

သို့သော် စိတ်ထဲတွင် ပီပီပြင်ပြင်တော့ ဖြစ်မလာသေး၊ ဝိုးတဝါးမျှသာ လွယ်သည့်ကိစ္စတော့ကား မဟုတ်။ ဆုပ်ကိုင်ရမည့် အခွင့်အရေးက လူနှင့်မလိုက် အောင် ကြီးမားနေ၏။ ရုံးရှေ့ ခြံစည်းရိုးတွင် ငြိမ်ငြိမ်ကလေး ရပ်စောင့်နေသည့် မြင်းဆီသို့ လျှောက်သွားသည်။

နေရာသစ်ကို သွားရမှာပါလား။ ကိုယ်ပိုင်မြေဖြစ်လာတော့မည့် ခြံမြေ ရှိရာကို သွားရတော့မှာလေ။ ရောက်ရောက်ချင်း မြေကြီးတွေကို လက်ဝါးနှင့် ဆုပ်ပြီး ရင်ခွင်ထဲမှာ အပ်ထားလိုက်မည်။ သို့မှ ဒါ ငါ့မြေဆိုတာ ယုံကြည်ရမည့် အဖြစ်မျိုး။

လူတွေ အယူသီးမှုကြောင့် ဝါထွက်အလွန်ကောင်းသည့် ဧက ၂၅၀ ကို ဈေးပေါပေါနှင့် ရလိုက်ခြင်းဖြစ်၏။ မာရီးလ်ယာတောမြေ၏ ရာဇဝင်ကို ရှေ့စ် ကောင်းကောင်းသိ၏။ ငန်းဝါဖျား ရောဂါ ရကပ်ဘေးကြောင့် မာရီးလ်မိသားစု ပျက်စီးခဲ့ရသည်။ မစ္စက်မာရီတစ်ယောက်သာ သေကံရောက် သက်မပျောက်ဘဲ ကျန်ခဲ့သည်။ သို့သော်လည်း လူ့လောကတွင် တစ်ယောက်တည်း ငေါင်းစင်းစင်း ကျန်ခဲ့သော အမျိုးသမီးကြီးမှာ အထီးကျန်ဝေဒနာကို ရှည်ကြာစွာ မခံစားနိုင်ဘဲ သွင်သွင်ရူးသွားတော့၏။



တစ်နေ့တွင် ယာတောမြေအိမ်ကြီး မီးစွဲလောင်ပြီး မစ္စက်မာရီးလ်ပါ ီးထဲပါသွားရှာသည်။ အချို့က မီးကို မစ္စက်မာရီးလ်ကိုယ်တိုင် ရှို့သည်ဟု ယုံကြည်နေကြ၏။ မာရီးလ်မျိုးဆက်တစ်စုလုံး ပျက်သုဉ်းပုံမှာ ကြောက်ကွဲစရာ ကောင်းလှပေသည်။ သားဖြစ်သူရော်ဂျာမာရီးလ်က မက္ကဆီကို စစ်ပွဲတွင် ကျဆုံး သွားခဲ့သည်။ မြောက်ပိုင်းသား ယန်းကီးတစ်ယောက်နှင့် လိုက်ပြေးသွားသည့် သမီးဆိုဖီမှာ ကလေးသုံးယောက်နှင့် စွန့်ပစ်ခံရပြီး မိဘရပ်ထံသို့ ပြန်ရောက်လို့ ကြာမီ ကပ်ဘေးထဲပါသွားခဲ့သည်။

ဒါတွေက ပြီးခဲ့သည့် အတိတ်ဇာတ်လမ်းတွေပဲ၊ မိမိနှင့် ဘာပတ်သက်စရာ ိုလဲ။ လျှောပြေပြေ တောင်ကတုံးများပေါ်မှ အလွန်မြေသြဇာကောင်းသည့် ူမိမြေကြီးနဲ့ကော ဘာဆိုင်လို့လဲ။

သည်ယာတောမြေကို ဝယ်လိုကြောင်း သွားပြောတော့ သက်ဆိုင်ရာတို့က ိမိကို ကြည့်ကြပုံမှာ အရူးတစ်ယောက်ကို ဝိုင်းကြည့်နေသည့်အလား။ မာရီးလ် ိသားစု မတိုင်ခင်က သည်မြေပိုင်ရှင်များလည်း ဇာတ်သိမ်းမကောင်းကြကြောင်း ှင့် သက်ဆိုင်ရာတို့က သတိပေးစကား ပြောကြသေးသည်။

သူတို့အထင် မှန်ကောင်းမှန်နေမည်လား၊ မိမိ တကယ်ရူးနေပြီလား။ ို့သော် သူတို့ထင်သည့် အကြောင်းကြောင့်တော့မဟုတ်။

ရှိစုမဲ့စု ပိုက်ဆံတွေ ပုံအောပြီး ဝယ်လိုက်ခြင်းမဟုတ်လား။ နီဂရိုး ့လုပ်သမားများ ဝယ်ရန်ပင် မကျန်တော့။ စိတ်ကူးယဉ်အိမ်ကြီးကိုရော ်စ်ယောက်တည်း ဆောက်နိုင်ပါမည်လား။

ရူးတယ်လို့ ဆိုချင်ဆို ဖြစ်အောင်လုပ်မည်။ တစ်နှစ်တန်သည် နှစ်နှစ်တန် ည်တော့ အချိန်ယူရမည်ပေါ့။

မော်ဂင် အမှတ်မထင် ပြောသွားသည့် စကားလုံးများကို နားထဲတွင် ှနေ၏။ လက်ရှိနေအိမ်ကလေးကို “ဒါကို အိမ်လို့ ခေါ်သလားတဲ့”

ဟင်း... ကြည့်ကြသေးတာပေါ့။ ‘အိမ်’လို့ခေါ်တဲ့ အိမ်မျိုး ဆောက်ပြမည်။ ည်မိန်းမကိုယ်တိုင် ရင်သပ်ရှုမောရလောက်အောင် လက်စွမ်းပြလိုက်မည်။

နက်ချက်တွင် များများစားစား မရှိသေးသော ဂရိဗိသုကာ ပုံစံတွေကို ပ်ဆင့်ဖြည့်စွက်ပြီး ကွန့်မြူးပြလိုက်မည်။ စင်စစ် ခေတ်မီပုံစံတွေကို လူဝီစီး ားနား ကြံခင်းရှင်ကြီးများနှင့် မစ္စစ္စပီမြစ်ဝှမ်းဒေသ ဝါဂွမ်းသမားများသာ ဆောက်နိုင်ကြသေးသည်။ နက်ချက်လို မြို့ကလေးတွင် မရှိသေးသလောက်ပင်။ ည်သို့ရှိနိုင်ပါမည်နည်း။ သည်ဒေသတွင် လာရောက်ချရပ်နေထိုင်ကြသော

လူဖြူ သန်းဝက်လောက်တွင် ကပ္ပလီလုပ်သား တစ်ရာကျော် ဝယ်နိုင်သည
လူဖြူမြေပိုင်ရှင် မိသားစုမှာ နှစ်ထောင်အောက်တွင်သာ ရှိသေးသည် မဟုတ်လား

သာမန် စိုက်ပျိုးခြံရှင်များ၏ အိမ်များမှာ မိမိတို့နေသည့် အိမ်ပုံစံနှ
မထူးခြားလှ။ ယာတော သစ်လုံးအိမ်များထက် နည်းနည်းပဲသာသည်။

အမိုးနိမ့်နိမ့်နှင့် ဖြစ်ကတတ်ဆန်း ဆောက်ထားသည့် ပုံစံများ၊ ဆင်ဝ
အောက်တွင် မြင်းကုန်းနှီးတွေ၊ ချပ်ဝတ်တန်ဆာတွေ တိုးလို့တွဲလောင်းနှ
အိမ်ရှေ့တွင် ယာထွန်ပစ္စည်းတွေ ထိုးထိုးထောင်ထောင်နှင့်။

တစ်တုံးထွန်၊ နှစ်တုံးထွန် ယာသမားကလေးများသာမက ဧရာမ စိုက်ပျ
ခြံ မြေပိုင်ရှင်ကြီးအချို့ပင် အိမ်ကို အိမ်နှင့်တူအောင် ဆောက်လုပ်နေထိုင
ကောင်းမှန်း မသိကြ။

သူတို့ သားသမီးများကို မြို့ကြီးပြကြီးများသို့ပို့ပြီး တက္ကသိုလ်ပညာမျ
သင်ကြားစေသော်လည်း အများစုမှာ တက္ကသိုလ်တွင် ပေါ့ပေါ့နေ ပေါ့ပေါ့စ
ကာ သူတို့ ယာတောခြံမြေ တိုးတက်ဖွံ့ဖြိုးရေးထက်၊ ခွေးပြိုင်ပွဲ၊ မြင်းပြိုင
ဖဲဝိုင်းနှင့် မိန်းမများကိုသာ စိတ်ဝင်စားကြ၏။ ပြန်ရောက်လာတော့ ဘွဲ့လက်မှ
နှင့် လူကြီးလူကောင်း အမူအရာမှလွဲပြီး ဘာမျှပါမလာကြ။

ထို့ကြောင့် စိတ်ကူးအိပ်မက်ထဲမှ ပုဏ္ဏမီရိပ်သာကို အပီအပြင်ဆော
ပြီး အကြောင်းပြရတော့မည်။ မိမိ၏ ဘဝနနအသိတွင် စွဲလမ်းနေသည့် တော
အောက် ဓာတ်နိမ့်ရပ်ကွက်မှ ရခဲ့သော ဒဏ်ရာဒဏ်ချက်များသည် ထိုအခါတွ
ကျေပျောက်ကောင်းပါ၏။ ပုံစံပေါ်မှ အရုပ်ဆိုးနေသည့်ခဲကြောင်းများကို ခဲဖျ
ဖြင့်. ဖျက်သလို ဖျက်လို့ရနိုင်ကောင်းပါ၏။

တစ်နေ့တွင် အောင်မြင်သည့် ခြံမြေပိုင်ရှင်ကြီး ဖြစ်လာရမည်။ အော
တန်း နောက်တန်းကျခဲ့သည့်ဘဝကို ကျော်ခိုင်းပြီး လူတိုင်းကို ရဲရဲရင်ဆိုင်တေ
မည်။

သူ့အမူအရာသည် အိပ်မက်ဆန်စွာ နေးကွေးနေ၏။ လက်စွဲတော် မြ
ပျိုမလေး နန်စီ၏ ဖက်ကြိုးကို ချည်တိုင်မှ အသာဖြေသည်။ ခြေနင်းကွင်းထဲ
ခြေတစ်ဖက်စွပ်တော့မည့်ဆဲဆဲတွင် သူ့ဆီသို့ မြင်းတစ်စီးဖြင့် လာနေသ
နောင်တော်ကြီး တွမ်ကို လှမ်းမြင်လိုက်သဖြင့် ရပ်စောင့်နေလိုက်သည်။

ရှက်ရွံ့ရွံ့ အမူအရာဖြင့် တွမ်က

"မင်း ဒီမှာရှိမယ်လို့ ဂျယ်နီပြောတာနဲ့ ငါ လိုက်လာတာ ရှော့စ်၊ ဒီမ
ရှော့စ်၊ ငါ မင်းထင်သလို..."



ရှော့စ်က လက်ကာပြပြီး ခပ်တိုးတိုး ပြန်ပြောသည်။

"ဒီကိစ္စ ဘာမှရှင်းနေစရာ မလိုပါဘူး တွမ်၊ ညီအစ်ကိုချင်းပဲဟာ၊ ဒီလို
ိန်းမတစ်ယောက်အတွက် ကျွန်တော်တို့ ဘာမှ ပြဿနာဖြစ်စရာ မလိုပါဘူးဗျာ၊
မနေ့ကအဖြစ်က ကျွန်တော် ပျော့ညံ့လွန်းလို့ ရှုံးမိတာပါ၊ ဒါပေမဲ့ ခင်ဗျားက
ကျွန်တော့်ထက်ပိုပြီး အရှုံးထခဲ့သလားမသိဘူး၊ ထားပါလေ၊ ကျွန်တော် မသိ
ချင်ပါဘူး၊ ကျွန်တော်တို့ နားလည်ထားရမှာက ဒီစုန်းမနောက်ကို ကျွန်တော်တို့
ညီအစ်ကိုနှစ်ယောက်စလုံး မပါဖို့ပဲ၊ အဲဒီလိုမှမဟုတ်ဘဲ အပြုစားခံရရင်တော့
နာကိန်းပဲ၊ ကဲ... ဒီဟာမအကြောင်း မေ့လိုက်ကြရအောင်ပါဗျာ"

"အေး... အဲဒါကောင်းတယ်၊ ဒါပေမဲ့ ဒီဟာမဟာ တော်တော်တော့
ရယ်စရာကောင်းတယ်ကွ"

"ဘယ်လို ရယ်စရာကောင်းတာလဲ"

တွမ် အပေးသို့ ငေးနေသည်။ နှဖူးရေတွေ တွန့်လာသည်။

"ဘာမှ ခံစားမှုမရှိတဲ့ ဟာမပဲကွ၊ ရေခဲတုံးကျနေတာပဲ"

"ဗျာ..."

"တကယ်ဗျာ သက်သက်ဟန်လုပ်ပြီး ယောကျ်ားတစ်ယောက်ကို ကစား
နေတာ၊ တကယ်က သွေးအေးသတ္တဝါမကွ၊ မနေ့ကလေ..."

"တော်ပါတော့ တွမ်၊ ကျွန်တော် နားမထောင်ချင်ဘူး၊ လုံးဝလည်း
မပတ်သက်ချင်ဘူး"

"အေးပါကွာ"

ရှော့စ်က ပြုံးပြီး စကားလမ်းကြောင်း ပြောင်းလိုက်၏။

"ကိစ္စအားလုံး ပြီးသွားပြီ တွမ်၊ ကျွန်တော် မာရီးလ်ခြံမြေကို ဝယ်လိုက်
ပြီဗျ"

"ဟေ... မင်း တကယ်ပြောတာလား ရှော့စ်"

တွမ်က အော်ပြောပြီး မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းကာ ညီတော်မောင်ကို
တအားပွေးဖက်သည်။ ရှော့စ်က အလန့်တကြားအော်မှ လွတ်လိုက်ပြီး

"ဟာ... ဆောရီးကွာ၊ ငါ မင်းနံရိုးကို မေ့သွားတယ်၊ ဟေး... ရှော့စ်၊
နိုပ်လှချည်လားကွ၊ တို့ ဘယ်တော့စပြီးစိုက်ပျိုးကြမလဲ"

"ချက်ချင်းမဖြစ်သေးဘူး တွမ်၊ တစ်နှစ်နှစ်နှစ်တော့ စောင့်ရဦးမယ်၊
ကျွန်တော့်မှာ တစ်ပြားမှ မကျန်တော့ဘူး တွမ်၊ မြေရှိရုံနဲ့ မဖြစ်သေးဘူးလေ"

"ငါမသိဘဲ နေပါ့မလားကွာ၊ ကွစ်တ်မန် ယာတောမှာ ငါ ကြီးကြပ်ရေးမှ
လုပ်ခဲ့သေးတာပဲ၊ စိုက်ပျိုးစရိတ်ဆိုတာ ရေလိုသုံးရတာမျိုးပဲ၊ ဒါတောင် အဲ
တုန်းက ကပ္ပလီဈေးတွေ တအားထိုးကျနေတာ"

တွမ်က ညီလုပ်သူကို ခဏတွေကြည့်နေသည်။ သူ့မျက်လုံးထဲတွ
အရောင်တစ်မျိုး လက်လာ၏။ လေသံကို အတတ်နိုင်ဆုံးနှိမ့်ပြီး-

"ဒီမယ်... ငါ့ညီ၊ အစ်ကို မင်းနဲ့ အစုစပ်ပါမယ်လေ၊ ငါ့မှာ ဒေါ်လ
တစ်သောင်းကျော်ကျော်လောက် စုထားတာရှိတယ်ကွ၊ ဒါလောက်နဲ့ဆို ကပ္ပ
အလုပ်သမား နည်းနည်းပါးပါးတော့ ဝယ်နိုင်ပါတယ်၊ စိုက်ပျိုးစရိတ်လည
အတန်အသင့်တော့ သုံးနိုင်ပါလိမ့်မယ်၊ မင်း လုပ်ငန်းထဲ ဇွတ်ဝင်တယ်တေ
မထင်ပါနဲ့ကွာနော်၊ ဘာမဆို တို့ညီအစ်ကိုနှစ်ယောက် တိုင်တိုင်ပင်ပင် လုပ်
တာချည်း မဟုတ်လား"

"ခွဲဒီလိုမှ ပြောပါ့မလားလို့ဗျာ၊ ကျေးဇူးပဲ တွမ်"

"ဘာ... မင်းလက်ခံတယ်ပေါ့ ဟုတ်လား၊ ဝမ်းသာလိုက်တာကွာ၊ ပြေ
လို့သာ ပြောရတာ ငါ သိပ်မထင်ဘူး၊ မင်း ကြီးပွားချမ်းသာဖို့ အထက်တ
လှာကိုရောက်ဖို့ ငါနဲ့တွဲရင် အနှောင့်အယှက်ဖြစ်နေမလားလို့လေ၊ မင်း
လိုရာခရီးရောက်ဖို့ လက်တစ်ကမ်းပဲ လိုတော့တာမဟုတ်လား၊ ငါက ခပ်တုံးတ
ရယ်လေ၊ တော်တော်ကြာ ခန်းမဆောင်ထဲမှာ ဝက်ကြီးထည့်ထားသလိုလည
ဖြစ်နေပါဦးမယ်ကွာ"

"ကဲ... ထွန်ကြ စိုက်ကြမယ်"

ရှော့စ်က ရယ်ရယ်မောမောပြောရင်း အတည်စကားဆက်သည်။

"နှစ်နှစ်အတွင်းမှာ ကျူးဘား ဆေးပြင်းလိပ်ခဲပြီး ပြည်နယ်အုပ်ချ
ရေးမှူး ကွစ်တ်မန်နဲ့ခင်ဗျား တန်းတူရည်တူ ဆက်ဆံနိုင်ရမယ်ဗျာ"

တွမ်က ရယ်ပြီး-

"ကွစ်တ်မန် ထန်းပင်ပေါ် ရောက်သွားပြီကွ၊ သမ္မတကျမ်းကျိန် အခ
အနားနေ့က မင်း ရှိစေချင်တယ်ကွာ၊ အမြောက်သံတွေဆိုတာ တိုက်ပွဲဖြစ်
သလား အောက်မေ့ရတယ်၊ အမျိုးသမီးတွေက အားလုံး အဖြူရောင်ဝတ်လ
လမ်းတစ်လျှောက်မှာ ပန်းပွင့်ဖြူတွေ ပစ်ပေးပြီး ခေါင်းဆောင်ကြီး ကျန်းမာ
စေလို့ သံပြိုင်အော်ကြသဗျာ၊ နို့နှစ်ရောင် မြင်းဖြူကြီးစီးပြီး မက္ကဆီကို စစ်ပွဲတုန်း
ဝတ်တဲ့ ယူနီဖောင်းကိုဝတ်လို့၊ တကယ်ပဲကွာ၊ ကျူးဘားကိစ္စနဲ့ စပိန်ကိုချဖို့
လှုံ့ဆော်နေပြန်ပြီ၊ သေချင်းဆိုး စနေဂြိုဟ်ကြီး၊ သူ့ကို လိုပက်ဇ်ဆိုတဲ့ တော



အမေရိကန် လူရိုင်းတစ်ကောင်က မြှောက်ပေးနေတယ်၊ သူတို့ ဘာကြွေးကြော်
နေလဲ မင်းသိလား၊ 'ကျူးဘားကို လွတ်မြောက်စေရမယ်တဲ့"

"ကျူးဘားဟာ လွတ်မြောက်ရမှာပေါ့ တွမ်"

ရှော့စ် ဆက်ပြောသည်။

"ဒါပေမဲ့ မဟာမိတ်နိုင်ငံ တစ်နိုင်ငံနဲ့ စစ်ပြုရမယ့်ကိစ္စမှာတော့ သူတို့နဲ့
ကျွန်တော် အမြင်ချင်းမတူဘူး၊ တကယ်တော့ ကွစ်တ်မန်ဟာ ပါးနပ်ပါးဗျာ၊
သတင်းစာတွေထဲမှာ ဖတ်ရသလောက်တော့ ကာရိုလိုင်းနားတောင်ပိုင်းက တစ်ဖက်
န်းသမားတွေ သူ့ကို မြှောက်ပေးနေတယ်ဆိုတာ ထင်ရှားတယ်၊ ငါတို့
ကို့ဏာ အမေရိကန်သမ္မတနိုင်ငံရဲ့ သမ္မတဖြစ်ရမယ်လို့ သူ့ကို ပင့်ပေးနေကြ
တယ်၊ အမှန်က ကပ္ပလီတွေကို ကျွန်ဘဝက လွတ်မြောက်ခွင့်ပေးပြီးတော့
ခစား စာရင်းငှားလုပ်သားတွေအဖြစ် ပြောင်းလဲပေးတဲ့စနစ်ဟာ သိပ်ဘရား
တတဲ့စနစ်ပါ၊ တကယ်လည်းအလုပ်ဖြစ်တယ်၊ ယူတားပြည်နယ်နဲ့ နယူးမက္ကဆီကို
ည်နယ်ကို ခြွင်းချက်အဖြစ်နဲ့ ကျွန်စနစ် ဆက်လက်ကျင့်သုံးဖို့ ထားတာလည်း
ရားမျှတပါတယ်"

"ဒါပေမဲ့ သူတို့က ကာလီဖိုးနီးယားမှာပါ ဆက်သုံးစေချင်တယ်တဲ့ကွ"

တွမ်က ဖြတ်ပြီး သတိပေးလိုက်သည်။

"ထားပါလေ၊ ဒီကနေ ကာလီဖိုးနီးယားအထိ ဘယ်သူက ဒီကျွန်တွေကို
ယ်သွားနိုင်မှာတုံး၊ တကယ်ကျတော့ အပြောလွယ်သလောက် လုပ်ဖို့မလွယ်
ဘူး တွမ်၊ ဂျွန်ကွစ်တ်မန်ဟာ အာဏာရူးပါ၊ မက္ကဆီကိုကိုတိုက်လို့ အားမရ
သးဘူး ကျူးဘားကိုတိုက်ဖို့ သွေးဆာနေပြန်ပြီ၊ အဲဒါ ကျူးဘားပြည်သူတွေ
တ်မြောက်ဖို့ မဟုတ်ဘူး တွမ်၊ ပြည်နယ်တစ်ခုတိုးရဖို့နဲ့ လွှတ်တော်အမတ်
ရာတွေ တိုးလာဖို့ သူလုပ်တာ၊ အဲဒီပြည်နယ်ဟာလည်း ကျွန်စနစ် ဆက်လက်
င့်သုံးမယ့် ပြည်နယ်အဖြစ် သူ ဖန်တီးမှာ၊ အဲဒါ ကျွန်တော်တို့ ပြည်နယ်အုပ်
ပ်ရေးမှူးရဲ့ အဓိက ရည်ရွယ်ချက်ပဲ၊ သူဟာ တောင်ပိုင်းသား အရေခြုံနေတဲ့
န်းကီးနယ်ချဲ့ပါဗျာ"

"အေးလေ... သစ္စာဖောက်တွေဟာ အသံကောင်း ပိုဟစ်တတ်ကြတဲ့
ဘောပေါ့ကွာ၊ ဒါထက် ရှော့စ်၊ တို့အလုပ်အကြောင်း ဆက်ကြရအောင်၊ မင်း
လုပ်ငန်းအတွက် အဘိုးကြီး ဒယ်လ်တန်ကို စည်းရုံးဖို့ မစဉ်းစားမိဘူးလား၊
မမွေးခင်ကတည်းက စုထားတဲ့ပိုက်ဆံတွေ သူ့မှာ တစ်ပုံကြီးကွ၊ အဲဒါတွေ
းလုံး ဂျယ်နီတစ်ယောက်တည်း အမွေရမှာ၊ တစ်နေ့တော့ ငါပိုင်မှာပေါ့လေ၊

ဒါပေမဲ့ အဲဒီအတွက် ဂျယ်နီ့ကို ငါ လက်ထပ်မှာတော့ မဟုတ်ဘူး၊ မင်းရဲ့
ပုဏ္ဏမီရိပ်သာနဲ့ ခြံမြေစိုက်ပျိုးရေး လုပ်ငန်းအတွက် အဘိုးကြီးဆီ ကပ်ပေါ့ကွ

"ယာတောအိမ်တစ်အိမ် ဆောက်တာ သိပ်မကုန်ပါဘူးဗျာ၊ ပိုင်စားမြေထဲ
မှာ သစ်တွေ လိုသလောက် ခုတ်နိုင်တယ်၊ အုတ်ဖုတ်ဖို့ရွံ့တွေလည်း လိုသလောက်
ရနိုင်တယ်၊ အရေးကြီးတာက ကျွမ်းကျင်တဲ့ ကပ္ပလီအလုပ်သမားတွေ ဝယ်ဖို့ပဲ
လက်သမား လုပ်တတ်တဲ့လူတွေ၊ စက်မှုလက်မှု ကျွမ်းကျင်သူတွေ။

"အဲ့ဒီအတွက်တွေက ငွေလိုမှာ၊ ဒါပေမဲ့ အဘိုးကြီးကို ကျွန်တော်
မပြောချင်တော့ပါဘူးဗျာ၊ သူ ကျွန်တော်တို့ကို လုပ်ပေးခဲ့ရတာတွေ များနေပါပြီ

"ကဲ... ဒါဖြင့်လည်း မင်းသွားစရာရှိတာ ဆက်သွားတော့၊ မင်းရဲ့
မြေကို သွားကြည့်မယ် မဟုတ်လား"

"နောက်ကျနေပြီ တွမ်၊ နောက်မှပဲ သွားတော့မယ်၊ ရှုခင်းသာကိုလည်
သွားရဦးမယ်၊ အလုပ်ကိစ္စအတွက် ဘရစ်တာနီ လင်မယားနဲ့ ဆွေးနွေးရဦးမယ်လေ

"ဟုတ်ပြီလေ၊ လမ်းလည်း ကြုံနေသားပဲ၊ ဒါပေမဲ့ ငါ မဝင်ဘူးနော်
အပြင်ကပဲ စောင့်နေမယ်၊ ဒီစုန်းမနဲ့ငါ ထပ်မပတ်သက်ချင်ဘူး၊ သူ့ယောက်
လူရိုင်းကောင်ကြီးနဲ့လည်း ငါ မတွေ့ချင်ဘူး"

"ဒါပေမဲ့ ကျွန်တော် အိမ်ပြန်ပြီး အဝတ်လဲလိုက်ချင်သေးတယ် တွမ်

တွမ်က တအံ့တသြကြည့်ပြီး

"ဟ... မင်း ခုဝတ်ထားတဲ့ အဝတ်အစားနဲ့သွားတော့ ဘာဖြစ်လို့
ရှော့စ်"

"မဟုတ်သေးဘူး တွမ်၊ သူတို့လူတန်းစားထဲကို တိုးတော့မယ်ဆိုရ
စနစ်တကျရှိရမယ်၊ အဝတ်အစားဟာ အရေးကြီးတယ်၊ ကျွန်တော့်ကို အော
တန်းစားတစ်ယောက်အနေနဲ့ သူတို့ မဆက်ဆံနိုင်အောင် လုပ်ရမယ်"

"ဩော်... အဲလိုလား"

တွမ်က သဘောပေါက်သွားသလို ရယ်ပြီး–

"ဒါဆိုလည်း သွားလေ၊ ငါတော့ ဒီနေ့ ထွက်စနည်းနာလိုက်ဦးမ
မနက်ဖြန် ကျွန်အရောင်းအဝယ် ရှိမလားဆိုတာလေ၊ ဒါတို့ ဦးစားပေးလုပ်ရမ
အလုပ်ကွ"

"သိပ်ဟုတ်တာပေါ့ တွမ်၊ ကဲ... ဒါဖြင့် လစ်တော့လေ"

"ခုလောလောဆယ်တော့ လုပ်စရာကလေးတစ်ခု ရှိနေသေးတယ်၊ ဂျယ
အတွက် လက်ဆောင်တစ်ခု ဝယ်သွားမလို့ကွ၊ သူ ငါ့ကို နှာကစ်နေတ



ဟိုဟာမနဲ့ ငါ ပါသွားတယ်ဆိုတာ အဲနစ်ပြောလို့ သူ သိသွားပုံရတယ်၊ ခဏ
ပါကွာ၊ ချော့လိုက်ရင် ပြီးသွားမှာပါ"

"အဆင်ပြေပါစေဗျာ"

နောက် တစ်နာရီအကြာတွင် ရှော့စ် အဝတ်လဲပြီးနေပြီ။ အနက်ရောင်
ဦးထုပ်ရှည်ကို ခေါင်းပေါ်တွင် ထောင့်မှန်ကျအောင် သေသေချာချာ ဆောင်းသည်။
တံခါးခေါက်သံကြားသဖြင့် အိမ်ခန်းကို ဖြတ်လျှောက်သွားပြီး ဖွင့်ပေးလိုက်သည်။
အခန်းဝတွင် ရပ်နေသူက ဂျယ်နီ၊ မျက်နှာကလေးမှာ ဆွေးရိပ်သန်းကာ
နွမ်းနယ်နေရှာသည်။

"သိပ်ကြည့်လို့ကောင်းတာပဲကွယ်၊ ဘယ်တော့ဖြစ်ဖြစ် ရှော့စ်က အဝတ်
အစားကို ဂရုစိုက်တယ်နော်"

ရှော့စ် သူ့ကိုယ်သူ တစ်ချက်ငုံ့ကြည့်သည်။ ကိုယ့်ကိုယ်ကိုယ် စိတ်ချ
ယုံကြည်စွာဖြင့် ပေါင်လယ်လောက်ထိရှည်သည့် အညိုရောင် ကုတ်အင်္ကျီရှည်၏
အောက်တွင် ခါးတိုကိုယ်ကျပ်က အဖြူရောင်၊ မီးခိုးနုရောင် ဘောင်းဘီရှည်၏
နံဘေးတစ်ဖက် တစ်ချက်တွင် မီးခိုးရင့်ရောင် အစင်းများဖြင့် အစိမ်းပြောက်လည်
စည်းမှာ အင်္ကျီနှင့် လိုက်ဖက်လှ၏။ သားရေရှူးဖိနပ်က ပါရီချုပ်၊ ဖိတ်ဖိတ်
တောက်နေ၏။ သားရေတုလက်အိတ်က အဝါရောင် အကောင်းစား။

ရှော့စ်က ဦးထုပ်ကို ချွတ်ဖို့ လက်မြှောက်လိုက်သည်။

"အို... မချွတ်ပါနဲ့ ရှော့စ်၊ ဒီအတိုင်း သိပ်ပုံကျနေတယ်လေ"

ရှော့စ်ကို ဂျယ်နီ အကြာကြီး ငေးကြည့်နေ၏။ ပြီးမှ ခပ်တိုးတိုး
ပြောသည်။

"အဝတ်အစားဟာ ဒါလောက်အရေးကြီးသလားဟင် ရှော့စ်၊ ရှော့စ်က
သိပ်ဂရုစိုက်တတ်လွန်းလို့ပါ"

"သေသေချာချာ ကြီးတာပေါ့ ဂျယ်နီ၊ ဒီလို အဝတ်အစားမျိုး ဝတ်လိုက်မှ
ပါဟာ ဆိပ်ကမ်းရပ်ကွက်သား၊ တောင်အောက်သားပါလားဆိုတဲ့ သိမ်ငယ်စိတ်ကို
ဖောင်းထုတ်နိုင်တယ် သိလား"

"ဂျယ်နီ့အထင်ပြောရရင်တော့ လူတွေဟာ မွေးတုန်းကထက်စာရင်
ပြီး အရေးပါတဲ့ဘဝနဲ့ သေဆုံးကြရတာချည်းပါပဲ၊ ရှော့စ်လည်း တောင်အောက်ရပ်
ကွက်သားဘဝက လွတ်မြောက်တော့မှာ မဟုတ်လား၊ တွမ်ပြောလို့ ခုပဲ ဂျယ်နီ
သိပြီးပါပြီ၊ မာရီးလ်ယာတောကို ဝယ်လိုက်ပြီဆို၊ ဒါဆို ပုဏ္ဏမီရိပ်သာ ဆောက်ဖြစ်
တော့မှာပေါ့နော်၊ ရှော့စ်ရဲ့ ဘဝရှေ့ရေးဟာ ဖြူးဖြောင့်နေပါပြီ၊ အဲ့ဒီမှာပဲ

ခေါင်းချတော့မှာပေါ့ ဟုတ်လား၊ သားသမီး မြေး မြစ်တွေနဲ့လေ၊ ရှော့စ်
ဒီအဆင့်မှာတောင် ရပ်ချင်မှ ရပ်မှာပါ၊ ဂျက်ဆန်တို့ ဝါရှင်တန်တို့ဆိုတဲ့ မြို့ကြ
တွေကိုတောင် ရောက်ချင်ရောက်သွားမှာ”

“ကျေးဇူးတင်ပါတယ် ဂျယ်နီ”

“ဒါဆို ဟိုမိန်းမနဲ့ တွေ့ရဦးမှာပေါ့ ဟုတ်လား ရှော့စ်”

“ဟုတ်တယ် ဂျယ်နီ၊ ဒါပေမဲ့ အလုပ်ကိစ္စသက်သက်ပါ”

“ဂျယ်နီတော့ ရှော့စ်ကို သူနဲ့ ကင်းကင်းနေစေချင်တယ်၊ ဒီဟာမ
ဒီအဆင့်နဲ့ ရပ်နေမှာမဟုတ်ဘူး ရှော့စ်၊ ရှော့စ်က ငယ်လည်းငယ်တယ်၊ ချေ
လည်း ချောတယ်မဟုတ်လား၊ မငယ်မချောလည်း ဒီမိန်းမက ချမ်းသာပေးမ
မဟုတ်ပါဘူးလေ”

“ဂျယ်နီ...”

“ဂျယ်နီ အမှန်အတိုင်းပြောတာ ရှော့စ်၊ ရှော့စ်က ဘောင်းဘီဝတ်ထား
ယောက်ျားတစ်ယောက်၊ အဲဒီမိန်းမမျိုးဟာ ယောက်ျားဆိုပြီးရော၊ ဘယ်လိုယောက်
ဖြစ်ဖြစ် ခဏဖြစ်ဖြစ် အသုံးချမှာပဲ၊ အသစ်တွဲရရင်ပြီးရောလေ၊ ဘယ်သူ့ယောက်
ဖြစ်ဖြစ်၊ ဘယ်သူ့ချစ်သူဖြစ်ဖြစ် ရှောင်မှာမဟုတ်ဘူး၊ ကိုယ့်ယောက်ျားကို
စိတ်မဝင်စားတဲ့ မိန်းမတွေရဲ့ ထုံးစံလေ”

“ဒါလောက်လည်း ပစ်ပစ်ခါခါ မပြောပါနဲ့ ဂျယ်နီရယ်၊ မနေ့က သ
လိုက်ပို့ဖို့ တွမ်ကို ကိုယ် တိုက်တွန်းလိုက်တာပါ”

“သိပါတယ်၊ သူတို့ ဘာမှမဖြစ်ကြသေးပါဘူး၊ ခုထိပေါ့လေ၊ ဒါပေ
တစ်နေ့ဖြစ်လာမှာပဲ၊ တွမ်နဲ့ရော၊ ရှော့စ်နဲ့ရော၊ နောက်ထပ်လည်း တခြားယောက်
တွေနဲ့ ရှုပ်ဦးမှာပဲ၊ သူ့အတွက် ငါးမိနစ်ဆိုလည်း မနည်းဘူးလေ၊ ဒီမိန်းမဟ
ကိုယ့်မိတ်ဖက် ကိုယ်ပြန်စားပစ်တဲ့ ပင့်ကူမျိုးပဲ”

“ပင့်ကူဆိုရင်လည်း တော်တော်လှတဲ့ ပင့်ကူပေါ့ ဟုတ်လား”

“လှတာတော့ ရက်ရက်စက်စက် လှပါတယ်၊ ယောက်ျားတွေမပြော
မိန်းမချင်းကိုသိတယ်၊ အသားအရေကော ဆံပင်ကော၊ မျက်လုံးတွေကလည
နက်လိုက်တာမှ သူ့အသည်းလည်း နက်နေမှာပဲထင်တယ်”

“ဟော... ပြောရင်းဆိုရင်း ဂျယ်နီ ခါးသီးလာပြန်ပြီ”

“ဟုတ်တယ် ရှော့စ်၊ မတတ်နိုင်ဘူး၊ သူ့ကို မနာလိုစိတ်နဲ့ ဂျယ်
ရူးချင်နေပြီ၊ ဒီမိန်းမကို ကြောက်လည်း ကြောက်မိတယ်၊ ဂျယ်နီ တွမ်ကိုချ
တယ်၊ ရှော့စ်ကိုလည်း ချစ်တာပါပဲလေ၊ တစ်မျိုးစီပေါ့၊ တကယ်ပါ ရှော့



ရှော့စ်ကို အစ်ကိုတစ်ယောက်လို၊ မောင်တစ်ယောက်လိုလည်း ချစ်ပါတယ်၊
ဒီလိုမိန်းမစားမျိုးဟာ ယောက်ျားတွေကို ဖျက်ဆီးပစ်တတ်တယ် ရှော့စ်ရဲ့ သဘော
ပြောတာ မဟုတ်ဘူးနော်၊ တကယ်ဖျက်ဆီးပစ်လိုက်တာ။

“သူလိုဟာမျိုးနဲ့ ပတ်သက်ပြီးတဲ့ ယောက်ျားမျိုးဟာ ရှင်လျက်နဲ့ သေကျန်
ရစ်တာပဲ၊ အသက်ရှူနေပေမဲ့၊ လှုပ်ရှားသွားလာနေပေမဲ့ သူတို့မှာ ဝိညာဉ်မရှိ
တော့ဘူး”

“အလို... ဂျယ်နီ့တွေးလုံကလည်း ကြောက်စရာကောင်းလှချည်လား
ကွယ်”

“အမှန်တရားဟာ တစ်ခါတလေ ကြောက်စရာကောင်းတတ်တာပဲ ရှော့စ်၊
ကဲ... ဂျယ်နီ နောက်ထပ် ဝင်မစွက်တော့ပါဘူး၊ သွားစရာရှိ သွားတော့လေ၊
ဒီအခွင့်အရေးက ရှော့စ်အတွက် သိပ်အရေးကြီးတာမဟုတ်လား၊ သူ့ထောင်
ချောက်ထဲ မဝင်မိပါစေနဲ့လို့ပဲ ဂျယ်နီ ဆုတောင်းပါတယ်၊ ဩော်... ဒါထက်
လာရင်းကိစ္စတောင် မပြောရသေးဘူး၊ ဖေဖေက ရှော့စ်ကို တွေ့ချင်လို့တဲ့”

“ကျေးဇူးပဲ ဂျယ်နီ၊ ခုပဲ ပြေးသွားလိုက်မယ်လေ”

ရှော့စ် ပြောပြောဆိုဆို မြင်းစီးကြာပွတ်ကလေးကို ကောက်ယူသည်။
နှစ်ယောက်သား ကွက်လပ်ငယ်ကိုဖြတ်ပြီး ဂျယ်နီတို့အိမ်ဘက်သို့ ကူးလာခဲ့ကြ
သည်။

ပီတာဒယ်လ်တန်ကို မြင်ရတော့ ရှော့စ် စိတ်မကောင်းဖြစ်သွားသည်။
ဘုရား... ဘုရား၊ အဘိုးကြီး အခြေအနေ သိပ်မဟန်တော့ပါကလား။

သူ့မျက်နှာက သေခြင်းတရားကို အိပ်ရာထဲမှာလှဲရင်း စောင့်ဆိုင်းနေပုံ။
သို့သော် မီးခိုးရောင် မျက်လုံးအိုများတွင် ကြောက်ရွံ့ထိတ်လန့်ခြင်းကို မတွေ့ရ။

“ဦး ဘယ်လိုနေသေးလဲဟင်”

ရှော့စ်က မရေမရာ မေးလိုက်၏။

“မြင်တဲ့အတိုင်းပဲ ရှော့စ်၊ သိပ်မကြာတော့ပါဘူး၊ ဒါကြောင့် မင်းကို ဦး
တွေ့ချင်လို့ ခေါ်ခိုင်းလိုက်တာ”

ရှော့စ်က ရယ်ပြီး–

“မဟုတ်တာဘဲ ဦးရာ၊ ပင်ပန်းတဲ့ဒဏ်တွေ ခံရတာလောက်နေမှာပါ”

“ဘယ်ကလာ၊ ဦး အသက်ကြီးပါပြီကွာ၊ ဘဝကို သေသေချာချာ နေခဲ့
ပြီပဲ၊ နေခဲ့သမျှ အကြာကြီး နေခဲ့တာ၊ စွန့်စွန့်စားစား တိုင်းတစ်ပါးကိုထွက်ပြီး
ဘဝတိုက်ပွဲတွေ နွှဲခဲ့တာ၊ ဒါပေမဲ့ မင်းလောက် မပေါက်မြောက်ခဲ့ဘူး ရှော့စ်၊

မင်းက ဦး ဖြစ်စေချင်တာတွေ အကုန်ဖြစ်အောင် လုပ်နိုင်ခဲ့တယ်၊ ငယ်ငယ်က မင်းလောက် ဦး သတ္တိမရှိခဲ့ဘူး၊ ကြံရည်ဖန်ရည်လည်း မရှိခဲ့ဘူး၊ မင်းအတွက် ဦး ဂုဏ်ယူပါတယ်ကွာ”

ရှော့စ် ရင်ထဲတွင် နင့်ခနဲ ခံစားလိုက်ရသည်။

“ကျေးဇူးတင်ပါတယ် ခင်ဗျာ”

“ဦးကို ကျေးဇူးမတင်နဲ့ကွ၊ ဘုရားသခင်ကို တင်၊ မင်းမှာသတ္တိတွေ ခွန်အားတွေ ဖန်ဆင်းပေးတဲ့ ဖန်ဆင်းရှင်ကို ကျေးဇူးတင်ရမှာပေါ့၊ ဒါပေမဲ့ မင်းကိုခေါ်တာ အဲဒီလို ချီးမွမ်းခန်းတွေဖွင့်ဖို့ မဟုတ်ဘူး၊ ဦး မရှိတဲ့နောက်ပိုင်း ပစ္စည်းတွေအားလုံး ဂျယ်နီပဲရမှာ၊ ဦးအပေါ်မှာ အင်မတန် တာဝန်ကျေပြီး လိမ္မာတဲ့သမီး မဟုတ်လား၊ ဒါပေမဲ့ တွမ့်ဆီက မင်းရဲ့ ခြံလုပ်ငန်းစီမံကိန်းကို သိရတော့ စိတ်ကူးတစ်ခု ရလာတယ်၊ မင်းကို ငွေတချို့တစ်ဝက် ခွဲဝေပေးခဲ့မယ် ခုချက်ချင်း လွှဲပေးမှာ”

“ဒါပေမဲ့ ဦး…”

ရှော့စ် စကားမဆက်နိုင်မီ–

“မင်း ဘာမှဆင်ခြေမပေးနဲ့ ရှော့စ်၊ ရှိသမျှအားလုံး ဂျယ်နီကို လွှဲပေ ခဲ့ရင်လည်း အသုံးမကျတဲ့ မင်းအစ်ကိုလက်ထဲ ရောက်သွားမှာပဲ၊ တွမ်ဟာ လူ ကောင်းကလေးပါ၊ ဦးသိတာပေါ့၊ ဒါပေမဲ့ သူ့မှာ ဦးနှောက်မရှိဘူး၊ မကြာခင် ဖရိုဖရဲဖြစ်မှာပဲ၊ သူ့ကို မယူပါနဲ့လို့လည်း သမီးကို တားလို့ရမှာ မဟုတ်ဘူး မိန်းမတွေဟာ ဒီကိစ္စမျိုးမှာ တစ်ဇွတ်တိုးချည်းပဲလေ၊ ရုပ်ချောရင် သူတို့အတွက် ပြီးရော၊ ဟုတ်တယ် ရှော့စ်၊ ဒါကြောင့် မင်းကို ဒေါ်လာနှစ်သောင်းခွဲပေးဖို့ ဦး ချက်ချင်းစီစဉ်လိုက်တယ်၊ အဲ… နှောင်ကြိုးကလေး တဲတဲတော့ ပါတာပေါ့ ကွာ”

ရှော့စ် ငေးပြီး စောင့်နေရသည်။ လောလောဆယ် သူ့အနေဖြင့် ဘာမှ ပြောစရာမရှိ၊ ပြောလည်း မပြောတတ်တော့။

“အဲ့ဒီနှောင်ကြိုးက ရိုးရိုးကလေးပါ၊ မင်းကိုလည်း ဘာမှ မထိခိုက်ပါ ဘူး၊ စိုက်ပျိုးရေး ခြံလုပ်ငန်းကို ချက်ချင်း စစေချင်တယ်၊ ခုချက်ချင်း ပြောတာ နော်၊ ပြီးတော့ ဂျယ်နီနဲ့ တွမ်နေဖို့နေရာ မင်းက စီစဉ်ပေးရမယ်၊ တွမ့်ကို မင်းရဲ့ လုပ်ငန်းခွင်မှာသုံးပေါ့၊ သူ့မှာ အတွေ့အကြုံ ရှိပြီးသားပဲ၊ သူဟာ အဲဒီလိုအလုပ် မျိုးမှာ ကောင်းကောင်းကျွမ်းတယ် မဟုတ်လား၊ အဲဒီနည်းနဲ့ ဂျယ်နီဟာ နေစရာလည်းရမယ်၊ ဟို ငတုံးတွမ်လည်း တုံးလို့မရတော့ဘူး”



“အို… ပါပါကလည်း”

တွမ့်ကိုထိလာတော့ ဂျယ်နီ နာလာသည်။

“သမီး အသာလေးနေ၊ ပါပါ ဘာလုပ်နေတယ်ဆိုတာ ပါပါ့ဘာသာ သိတယ်၊ နားထောင်ဦး ရှော့စ်၊ ဦးကို သိပ်ရက်ရောတယ်လည်း မထင်နဲ့ဦး၊ ဂျယ်နီနဲ့ တွမ်က မင်းရတာထက် သုံးဆလောက်ရမှာ၊ ဒါပေမဲ့ သူတို့နှစ်ယောက် ထက် မင်းကို ဦး ပိုပြီး အားထားတယ်၊ မင်းက မကြာခင် ချမ်းသာလာမှာ၊ သူတို့နှစ်ယောက်က မကြာခင် မွဲကြမှာ၊ မင်းကို ပြန်မှီခိုကြရမှာ၊ နှောင်ကြိုးဆိုတာ အဲဒါပဲ ရှော့စ်၊ ကဲ… အဲဒီအခြေခံနဲ့ ဦးရဲ့ကမ်းလှမ်းချက်ကို လက်ခံနိုင်ပါ့မလား”

“ဟုတ်ကဲ့ပါ ဦး၊ ကျွန်တော့်အနေနဲ့ ငြင်းစရာအကြောင်း မရှိပါဘူး ခင်ဗျာ၊ ဦးကို ကျေးဇူးဆပ်တဲ့အနေနဲ့ ဦးဖြစ်စေချင်တာတွေ ဖြစ်အောင်လုပ်ပါ့ မယ်၊ တစ်ခုတော့ ကျွန်တော် ပြောပါရစေ ဦး၊ တွမ်က ကျွန်တော့်လုပ်ငန်း အတွက် သူစုထားတဲ့ ဒေါ်လာ တစ်သောင်း ထည့်မယ်ပြောထားပါတယ်”

“အဲ့ဒီပိုက်ဆံကလည်း ဂျယ်နီ အတင်းယူပြီး စုထားပေးလို့ အဖတ်တင် တာ မောင်ရဲ့၊ မင်း သူ့ဘက်က ကာကွယ်ပြောမနေပါနဲ့လေ၊ သူ့အကြောင်း ဦး ကောင်းကောင်း သိပြီးသားပဲ၊ သူနဲ့ သမီးနဲ့ မတန်ဘူးထင်ရင် ဂျယ်နီ့ကို အထုပ်အပိုးပြင်ခိုင်းပြီး စကော့တလန်မှာရှိတဲ့ သူ့ဦးကြီးဆီ ပို့ပစ်လိုက်မှာပေါ့၊ လူက လူကောင်းကလေးပါ၊ သူတို့ခေတ်အလိုက် သတ္တိလည်းကောင်းပါတယ်၊ စာနာစိတ်လည်း ရှိပါတယ်၊ ဒါပေမဲ့ ဦးနှောက်မရှိဘူး၊ ဒါက သူ့အပြစ်-မဟုတ် ဘူးလေ၊ မွေးကတည်းက ပါလာတဲ့ ဝမ်းတွင်းပါကိစ္စကိုး”

“ဩော်… ပါပါရယ်၊ တော်ပါတော့”

ဂျယ်နီ ဝင်ဟန့်ပြန်သည်။

“ဘဏ်ကိုပေးဖို့ စာကြမ်းရေးထားပြီးပြီ ရှော့စ်၊ ရှော့စ် ဒီမှာဖတ်ကြည့်၊ မနက်ဖြန်ကစပြီး ဒေါ်လာနှစ်သောင်း ငါးထောင်ကို မင်း ကြိုက်သလိုထုတ်နိုင်ပြီ၊ ဒါလောက်ဆို မင်း အလုပ်စဖို့ လုံလောက်ပါပြီ”

“လုံလောက်တာထက် အများကြီးပိုပါသေးတယ် ဦး၊ ဦးရဲ့ကျေးဇူးတွေ ကျွန်တော်တို့တော့ ဆပ်ကုန်မယ် မထင်တော့ဘူးခင်ဗျာ”

“ဦး လူကဲခတ် သိပ်မှန်သွားတယ်ကွ၊ လွှစက်အစုစပ်လုပ်ဖို့ မင်းဝင် လာကတည်းက မျက်စိကျခဲ့တာ၊ မင်း ရောက်လာပြီး ပထမတစ်နှစ်မှာကတည်းက ဦးရဲ့လုပ်ငန်း နှစ်ဆတက်လာတယ်၊ နောက်တစ်ခုက တူးမြောင်းလမ်းနဲ့ မင်း လမ်းထောင့်က ဦးပိုင်တဲ့ တိုက်အိုကြီး မှတ်မိလား၊ ရယ်စရာတော့ကောင်းသားကွ”

အဘိုးအိုသည် ရှော့စ်ကို ကြည့်ပြောနေရာမှ ချက်နှာလွှဲလိုက်ပြီး ပြတင်း
ပေါက်ဘက်ကို ငေးနေသည်။

"ပရိဘောဂတွေလည်း မနည်းဘူး၊ ဒါပေမဲ့ အဲဒီအပိုင်းမှာ သွားနေဖို့
ဘယ်တော့မှ မကြိုးစားခဲ့ဘူး၊ သတ္တိမရှိဘူး ဆိုပါတော့ကွာ"

"ဟုတ်ကဲ့ ဦး၊ အဲဒီအိမ်ကြီးကို ကျွန်တော် မှတ်မိပါတယ်"

"ဒီအိမ်ကြီးကို နည်းနည်းပါးပါး မင်းပညာနဲ့ မွမ်းမံပြီး ရုံးဖွင့်လိုက်ပေါ့ကွ
မင်းလက်ရာကို အစွမ်းပြလိုက်၊ နက်ချက်ကလူအားလုံး ချက်ချင်း သူတို့အိမ်တွေကို
စိတ်ကုန်လာလိမ့်မယ်"

"ဦးရဲ့ ကျေးဇူးစောင့်ရှောက်မှုတွေ ကျွန်တော့်အပေါ်မှာ သိပ်များနေပါပြီ
ခင်ဗျား၊ အဲဒါတော့ ကျွန်တော်..."

"အိမ်း... ဒါဆိုလည်း မင်း ဦးကို အိမ်လခပေးပေါ့ကွာ၊ ဒီအတိုင်း
လက်မခံနိုင်ဘူး ဆိုရင်လေ၊ ကဲ... မင်းသွားတော့၊ အချိန်ကုန်မခံနဲ့တော့"

*

ငွေလရောင်လမ်းမှ တောင်ပေါ်သို့ ရှော့စ် မြင်းစီးတက်ခဲ့သည်။ စိတ်ထဲ
တစ်မျိုးကြီးဖြစ်နေ၏။ အားလုံး ရေကန်အသင့် ကြာအသင့် ဖြစ်နေပါကလား၊
ခြံလုပ်ငန်းအတွက်၊ ပုဏ္ဏမီရိပ်သာ ဆောက်လုပ်ရေးအတွက်၊ ကပ္ပလီလုပ်သားများ
ဝယ်ယူရေးအတွက် ဘာမျှ ပူစရာမလိုတော့။

မိမိ ဝင်တော့မည့် လောကထဲသို့ ဂုဏ်သိက္ခာရှိရှိဖြင့် စတင်ဝင်ရောက်
နိုင်မှာပါကလား။ ရှန်းကန်လှုပ်ရှားခဲ့ရသည့် မားမနောက်ပိတ် ခွေးဘဝသည်
ဟိုမှာဘက်တွင် ကျန်ခဲ့လေပြီတကား။ သို့သော် ဝေးဝေးလံလံတော့ကား မဟုတ်
သေး။ မေ့လျော့ ဝေဝါးစွာကျန်ခဲ့သည့် အတိတ်ပန်းချီကားချပ်မျိုးမှ မဟုတ်သေးဘဲ၊

အလုပ်ကြမ်းသမားဘဝဖြင့် အိပ်စက်နားနေချိန်မရှိသလောက် ရှန်းကန်ခဲ့
သည့်ကာလများ၊ အငတ်ငတ်အပြတ်ပြတ်နှင့် ဆာလောင်မွတ်သိပ်ခြင်းကို အဖော်
ပြုခဲ့ရသည့် ကျောင်းသားဘဝ။ အဖေ့အထောက်အပံ့ကား တိုရေရှား ရေနိုင်လှ၏၊
အစ်ကိုဖြစ်သူက ပညာရေးကို အားပေးသော်လည်း မားမားမတ်မတ် ရပ်တည်
ပေးခြင်းမျိုးမဟုတ်။

ခုတော့ အားလုံးကို ကျော်ဖြတ်ခဲ့ပြီ။



အဖေဆုံးတော့ ညီအစ်ကိုနှစ်ယောက်အတွက် ဒေါ်လာငါးထောင်စီထားခဲ့
သည်။ သည်ငွေလေးဖြင့် အိမ်နီးနားချင်း သစ်စက်ပိုင်ရှင် မစ္စတာဒယ်လ်တန်၏
လုပ်ငန်းတွင် အစုဝင်ခဲ့ခြင်းဖြစ်၏။ ရပ်ကွက်ထဲတွင် လူရှိသေ ရှင်ရှိသေ နေကြ
သည့် မိသားစုအချင်းချင်း မဟုတ်လား။

ဆိပ်ကမ်းရပ်ကွက်နေ အများစုမှာ လူဆိုးသူခိုးတွေ၊ ပျံကျတွေ၊ အကျင့်
ပျက်တွေချည်းဖြစ်၏။

ခုတော့ စိတ်ကူးအိပ်မက်ထဲမှ ခံတပ်ကြီး၏ တံခါးဝကို တိုက်ခိုက်ဖျက်
ဆီးပြီး ဝင်မည့်ဆဲဆဲတွင် ခံတပ်တံခါးကြီးအလိုလို ပွင့်သွားသည်နှင့် ကြုံသည့်
အဖြစ်မျိုး၊ လွယ်လွယ်ကူကူနှင့်ရသည့် အရာတို့သည် လွယ်လွယ်နှင့် ဆုံးရှုံးတတ်
ကြကြောင်း၊ ဤသို့ဖြစ်ရခြင်းမှာ လွယ်လွယ်လုပ်၍ဖြစ်ကြောင်း၊ ဘဝအတွေ့အကြုံ
အရ အသက် နှစ်ဆယ့်ရှစ်နှစ်သာ ရှိသေးသည့် ရှော့စ်ပါရီတစ်ယောက် ကောင်း
ကောင်းကြီး သိထားပြီးဖြစ်သည်။ ဘဝအခြေခံကြောင့် အရှုယ်နှင့်မမျှအောင်
အသိတိုးခဲ့ပြီ။

မြင်းစီးသွားနေရင်း လမ်းတစ်လျှောက်မှ ကြွေးကြော်သံ ဆိုင်းဘုတ်ကြီး
များကို လိုက်ဖတ်နေမိ၏။

**'ကျူးဘားနိုင်ငံကို လွတ်မြောက်စေရမည်'**

**'နယ်ချဲ့သမား စပိန်တွေကို ကျူးဘားမြေမှ မောင်းထုတ်ကြ'**

တစ်နေရာမှ ဧရာမ ဆိုင်းဘုတ်ကြီးတွင်–

'ယနေ့ည လူထုအစည်းအဝေးကြီးသို့ အင်တိုက်အားတိုက်
တက်ရောက်ကြလော့။ ငါတို့ ခေါင်းဆောင်ကြီး ပြည်နယ်အုပ်ချုပ်
ရေးမှူး ဂျွန်ကွစ်တ်မန်က လက်ရှိနိုင်ငံရေး အခြေအနေကို မိန့်ခွန်း
ခြွေမည်။ ကျူးဘားပြည်သူများ၏ ခံစားချက်တွေကို ဗိုလ်ချုပ်လို
ပက်ဖ်နှင့် သူ့လက်ထောက် ဆီညော်အစ္စကွာဒိုတို့က ဖွင့်ချမည်'

'ကျူးကျော်သူများကို တိုက်ခိုက်ရန် အင်တိုက်အားတိုက်
ချီတက်ကြလော့'

'ငါတို့မိတ်ဆွေ တိုင်းရင်းသားများဘက်က ရပ်တည်ကြလော့'

ရှော့စ် မျက်မှောင်ကုတ်လိုက်သည်။ ကျူးဘားအရေးအခင်း အရှိန်တက်
လာပြီပဲ။ စပိန်တို့က ၁၈၅၀ ပြည့်နှစ် တစ်ဝိုက်တွင် ကျူးဘားကို အကျဉ်းစခန်း
တစ်ခုလို သဘောထားပြီး ရက်ရက်စက်စက် သွေးစုပ် အုပ်ချုပ်နေသည်ကတော့ရှင်း
နေ၏။

သို့သော် ဗိုလ်ချုပ်လိုပက်ဇ်က အမေရိကန်တောင်ပိုင်းကို စည်းရုံးနိုင်ပြီ ထားပါဦး ကျူးဘားတွေ ဘယ်လောက်ထိ လွတ်လပ်လာမလဲ၊ ဘယ်အတိုင် အတာအထိ လွတ်မြောက်နိုင်မလဲ။

မစ္စစ္စပီရဲ့ ပြည်နယ်အုပ်ချုပ်ရေးမှူးသစ် ကွစ်တ်မန်ဆိုသူက နယူးယော သား၊ ဆင်ကန်းတောတိုး၊ သွေးဆာနေတဲ့ နယ်ချဲ့သမား၊ အမေရိကန်ပြည်ထော စုရဲ့ ချဲ့ထွင်ရေးဝါဒကို နှစ်နှစ်ကာကာ ယုံကြည်သက်ဝင်သူ။ အို… ဒါထက် ရရင် တောင်ပိုင်းကို ချဲ့ထွင်ချင်သူ။

လိုပက်ဇ်ဆိုတဲ့လူက ဒါလောက်မှ အကွက်မမြင်ဘူးလား။ တုံးလှချ လား။ ကျွန်စနစ်ကို ထောက်ခံတဲ့လူတွေစုပြီး တက်ကြွနေကြတာ အရှင်းကြီး ကျူးဘား လွတ်လပ်သည့်တိုင်အောင် ပိုင်ရှင်ပြောင်းတဲ့ လွတ်လပ်ရေးပဲ ဖြစ်မှာပေ ကျူးဘားပြည်သူတွေကို အုပ်ချုပ်ခဲ့တဲ့ အာဏာရှင်တွေ ပြောင်းလဲသွားရုံ ဖြစ်မှာပေါ့။

ဒီ လိုပက်ဇ်ဆိုတဲ့လူကကော လွတ်လပ်ရေးကို တကယ် ယုံကြည်လို့လာ လူတွေသာ အာဏာအတွက် ရူးလာကြပြီဆိုရင်…။

မြင်းပေါ်တွင် ရော့စ် အမှတ်မထင် ခေါင်းယမ်းလိုက်သည်။ ရှခင်းသာ မြင်မှ အလုပ်ကိစ္စ ခေါင်းထဲပြန်ရောက်လာသည်။ ရှခင်းသာမှာ အလွန်ခိုင်ခံ့လှ သည့် အိမ်ကြီးတစ်ဆောင်ဖြစ်၏။ ခေတ်ဟောင်းပုံစံဖြင့် ဆောက်ထားသော်လည် သည်နယ်ထဲတွင် အလှဆုံးအိမ်ကြီးဖြစ်သည်။ အဆောင်ဆောင်အခန်းခန်းနှ စမုတ်ဆောင် အမိုးမြင့်ကြီးနှင့်။

နယူးယောက်တွင် ခဏဝင်နားစဉ်က မြောက်ပိုင်းသား ယန်းကီးတို့ အယူအဆကို သိခွင့်ရခဲ့၏။ သူတို့က တောင်ပိုင်းသားအားလုံးကို သူဌေး ချည်း အောက်မေ့၏။ သည်လိုအိမ်ကြီးတွေနှင့် လူတိုင်း ကျွန်ပိုင်ရှင်တွေ ထင်ကြ၏။ ထို့ကြောင့် ကျွန်စနစ် ဖျက်သိမ်းရေးကို သူတို့ အသံကုန်ဟစ် ကြခြင်းဖြစ်သည်။

စိတ်ချဉ်ပေါက်ပေါက်ဖြင့် ကိန်းဂဏန်းတွေ ရော့စ် ပြန်တွေးကြည့်လို ၏။ အမေရိကန်တောင်ပိုင်းတွင် လူဖြူအိမ်ထောင်ဦးရေ တစ်သန်းခွဲရှိသည့်အန မိသားစုသုံးသိန်း လေးသောင်း ခုနစ်ထောင်သာလျှင် ကျွန်ပိုင် လူဖြူများဖြစ် တောင်ပိုင်းသား ဆယ့်နှစ်ယောက်တွင် ကိုးယောက်မှာ ကျွန် မဝယ်နိုင်သ လက်လုပ်လက်စား လူဖြူများဖြစ်ကြ၏။



တစ်ဖန် ကျွန်ပိုင် နှစ်ဆယ်ယောက်တွင် ခုနစ်ပုံ ငါးပုံမှာ လူမည်း ဆယ် ယောက်သာ ဝယ်နိုင်ပြီး မိမိတို့ မိသားစုမျိုးဆိုလျှင် တစ်ယောက်သာ ဝယ်နိုင် သည်။

လူမည်းကျွန် ငါးဆယ်အထက်ပိုင်သည့် လူဖြူများမှာ ရှစ်ထောင်ခန့်ရှိပြီး ကျွန်တစ်ရာကျော် ဝယ်နိုင်သူက သောင်းရှစ်ထောင်ရှိသည်။ ထို့ကြောင့် တောင် ပိုင်းတွင် ကျွန်ပိုင်ရှင်များက လူနည်းစုသာ ဖြစ်ပါသည်။

လေ၏အဟုန်ဖြင့် လှေကားထစ်များကို ပြေးဆင်းလာသည့် ကပ္ပလီကလေး အား နန်စီ၏ ဇက်ကြိုးကို ကမ်းပေးလိုက်သည်။ အိမ်တံခါးမကြီး ပွင့်လာပြီး လူမည်းဘဏ္ဍာစိုးကြီးက အရိုအသေပေးကာ ခန်းမဆောင်ထဲသို့ဝင်ဖို့ ဖိတ်ခေါ် သည်။

နောက်တစ်မိနစ်မျှအကြာတွင် မိမိဆီသို့ လျှောက်လာသော မော်ဂင်ကို တွေ့ရတော့၏။ လက်တစ်ဖက်ကို ရှေ့သို့ ဆန့်တန်းလျက် ပျူငှာစွာဖြင့် တွေ့ဖူးသမျှ မိန်းမထဲမှာတော့ အလှဆုံးပဲဟုသည့် ကောက်ချက်ကို မချဘဲမနေ နိုင် ဖြစ်ရပြန်၏။

အပြုံးမှာ ချိုမြရွှင်ကြည်လှ၏။ ပါးကလေးနှစ်ဖက်မှာ သဘာဝ ပင်ကို ရောင်ဖြင့် ပန်းနုရောင်ပြေးလျက်၊ အစဉ် ဖြားယောင်းဖိတ်ခေါ်နေဟန်ရှိသည့် နှုတ်ခမ်းအစုံကို ခပ်ဟဟဖွင့်ကာ ပြုံးသည်။

တွမ်ပြောခဲ့သည့် စကားလုံးများ နားထဲတွင် ပဲ့တင်လာ၏။ ရေခဲတုံးလို အေးစက်တဲ့ မိန်းမတဲ့။

ဖြစ်နိုင်ပါ့မလား။ တွမ်တစ်ယောက် စိတ်မှမှန်သေးရဲ့လား။ မော်ဂင်က ရယ်ရယ်မောမောဖြင့်–

"ခုမှပဲ ပေါ်လာတော့တယ် ရော့စ်ရယ်၊ ဝမ်းသာလိုက်တာ၊ လာမှလာပါ့ မလားလို့ စိတ်ပူက်စဖောင် ပြုနေပြီ သိလား၊ ဒါထက် ပုံပါလာတယ်နော်၊ အင်း… ဟုတ်ပြီ၊ လာ… လန့်စ် စာကြည့်ခန်းမှာရှိတယ်၊ အိမ်ဆိုတာ ဒါမျိုးကို ခေါ်တယ်ဆိုတာ သူ နားလည်အောင် ပြရမယ်"

"သူ နားလည်မှာပါ"ဟု ပြောသံကို ကိုယ့်ဘာသာ ပြန်ကြားလိုက်၏။ ဘယ်လိုဘယ်လို နှုတ်ကထွက်သွားမှန်း မသိ။

မော်ဂင်က သူ့လက်ကိုဆွဲပြီး စာကြည့်ခန်းဆီသို့ မပြေးရုံတမည် ခေါ်သွား သည်။ အမျိုးသမီး ကြည့်ရသည်မှာ မြူးကြွနေ၏။ ခုလိုဆိုပြန်တော့လည်း ကောင်းဆိုးဝါး စုန်းမဟု ဘယ်လို ပြောနိုင်ပါမည်နည်း။

ပွင့်လင်းတာနဲ့ ခပ်ရိုင်းရိုင်း နေတတ်တာဟာ သူ့ဝသီထင်ပါရဲ့၊ အခ
ခပ်သိမ်းတော့ ဟိုနေ့ကလိုမျိုး မလုပ်ကောင်းပါဘူးဟု တွေးနေမိပြန်သည်။

မော်ဂင်က တံခါးကို ခပ်ပြင်းပြင်းခေါက်ပြီး အတွင်းမှ 'ဝင်ခဲ့ပါ'ဟူသည
အသံမဆုံးမီ တွန်းဖွင့်ဝင်သွားသည်။

စာရင်းအင်းတွေနှင့် အလုပ်ရှုပ်နေသည့် ဘရစ်တာနီက စားပွဲမှ ထရ
သည်။ သူ့အမူအရာက ရွှင်နေ၏။

"ဟေး… ပါရီ၊ ဝမ်းသာသကွာ၊ မောင်ရဲ့ပုံ ပါခဲ့ရဲ့လား၊ အဲ… ဟုတ်
ကြည့်ကြရအောင်"

ရော့စ်က ဘာမျှပြန်မပြောဘဲ ပုံကို သူ့ရှေ့စားပွဲပေါ်တွင် ဖြန့်တင်ပေ
လိုက်သည်။ မြေပိုင်ရှင်ကြီးက ပုံကို သေသေချာချာ ငုံ့ကြည့်နေ၏။ ဣန
ဆည်ပြီး စေ့စေ့စပ်စပ် ကြည့်နေသော်လည်း သူ့မျက်လုံးတွေက အရောင်ပြော
နေပြီ။ ခါးဆန့်လိုက်ပြီး–

"ကောင်းပြီ ရော့စ်ပါရီ၊ မောင်ရင် အလုပ်ရပြီ"

"ဝမ်းသာလိုက်တာ လန့်စ်ရယ်"

မော်ဂင်က လင်တော်မောင်၏ လည်ပင်းကို သိုင်းဖက်ပြီး နမ်းရင်းပြေ
လိုက်သည်။

"ဆိုစမ်းပါဦး၊ ဝမ်းသာရခြင်းအကြောင်း၊ အိမ်သစ်ဆောက်ရမှာမို့ ဝမ်းသ
တာလား၊ ဗိသုကာချောချောကလေးရလို့ ဝမ်းသာတာလား"

လန့်စ်ဘရစ်တာနီက အတည်လိုလို၊ နောက်သလိုလိုဖြင့် မေးသည
မော်ဂင်က ခပ်ရွှင်ရွှင်လေသံဖြင့်–

"နှစ်ခုစလုံးအတွက် ဝမ်းသာတာလေ၊ အိမ်ကြီးကလည်းလှ၊ ဗိသက
ကလည်းချော မဟုတ်လား"

မော်ဂင်က ခပ်ရွှင်ရွှင် ပြန်ပြော၏။ လန့်စ်ဘရစ်တာနီက ပုံကို သေသေ
ချာချာ ပြန်ကြည့်နေရာမှ

"ဩော်… မောင်ရင်က အိမ်နာမည်ပါ ပေးထားပါကလား၊ တောင်ထွ
မြိုင်သာတဲ့၊ ကောင်းတယ် ကောင်းတယ်"

"ဟုတ်ကဲ့ခင်ဗျာ၊ မာရီးလ် ယာတောမြေနယ်စပ်နဲ့ ခပ်လှမ်းလှမ်း
အမြင့်ဆုံး တောင်ထွက်တစ်ခုရှိပါတယ်၊ ရှုခင်းအသာဆုံးနေရာပါ၊ အဲဒီနေရာ
ဆောက်ဖို့ အကောင်းဆုံးလို့ ကျွန်တော် မြင်ပါတယ်၊ ဒါကြောင့် အဲဒီနာမည်
ရွေးတာပါ၊ မစ္စစ္စပီမြစ်ကို အလျားလိုက် အရှည်ဆုံး မြင်နိုင်တဲ့နေရာပဲ ခင်ဗ



"အင်း… မောင်ရင်က စည်းရုံးရေးပါ ကောင်းတာကိုး၊ မြင်းပါသလား"

"ဟုတ်ကဲ့ ပါပါတယ်၊ အဲဒီနေရာကို သွားကြည့်ချင်ရင် ကျွန်တော်
လိုက်ပြပေးပါ့မယ်"

"ကြည့်ချင်တာပေါ့၊ ကျုပ်က ဘယ်နေရာမှာ ဆောက်မယ်လို့ ဆုံးဖြတ်
ရသေးတာ မဟုတ်ဘူး၊ ကျုပ် စိတ်ကူးနဲ့ ခွင်ကျမကျ ကြည့်ရမယ်လေ"

"မော်ဂင်လည်း လိုက်မယ်နော်"

မော်ဂင်က ကလေးတစ်ယောက်လို ဝမ်းသာအားရ လက်ခုပ်တီးရင်း
ပြောလိုက်သည်။

"လိုက်ချင်လိုက်လေ၊ ဒါပေမဲ့ အဝတ်လဲတဲ့နေရာမှာတော့ မကြာစေနဲ့"

မော်ဂင် ထွက်သွားသည်နှင့် လန့်စ်က နံရံမှ တွဲလောင်းကျနေသည့်
ကြိုးတစ်ချောင်းကို ဆွဲလိုက်သည်။

"ကဲ… မောင်ရင် ဘာသောက်ချင်လဲ၊ ဝိုင်လား၊ ရှယ်ရီလား၊ ဘာဘွန်း
ဝီစကီ ရှိးရှိးပဲလား"

"ဘာဘွန်းပဲ ကျွန်တော် သောက်ပါ့မယ်"

ရော့စ် ပြန်ဖြေရင်း စဉ်းစားနေသည်။ ဒီအိမ်ရာစီမံကိန်းကို ပတ်ဝန်းကျင်က
သိသွားရင် ဘယ်လောက် ဂယက်ရိုက်မလဲဆိုတာ တွေးပြီး အဘိုးကြီးတော့
ရင်ခုန်နေရော့မယ်။

အခန်းထဲဝင်လာပြီး ခြေစုံရပ်လာသူ ကပ္ပလီ အစေတော်တစ်ယောက်ကို
လန့်စ်က ယမကာမှာနေသည်။ ပြီးမှ ရော့စ်ဘက်လှည့်ပြီး–

"အင်း… တောင်ထွတ်မြိုင်သာ ဟုတ်လား"

ယမကာလင်ပန်းနှင့် အစေတော် ပြန်ရောက်လာသည်နှင့် လန့်စ်က
ပန်ခွက်နှစ်ခွက် ဖြည့်ပြီး ရော့စ်ဆီသို့ တစ်ခွက်ကမ်းပေးရင်း သူ့ခွက်ကို မြှောက်
သည်။

"တောင်ထွတ်မြိုင်သာအတွက် ဆုတောင်းရင်း သောက်ကြစို့"

"တောင်ထွတ်မြိုင်သာနဲ့ အိမ်သားများရဲ့ ချမ်းမြေ့မှုအတွက်" ဟု ဆိုကာ
ရော့စ်ကလည်း သူ့အလားတူ ခွက်ကိုမြှောက်ပြီး တစ်ကျိုက်မော့လိုက်သည်။

"ကျေးဇူးတင်ပါတယ် ပါရီ"

လန့်စ်ဘရစ်တာနီက အရက်ခွက်ကို မော့လိုက်ပြီး ရော့စ်ကို စိတ်ဝင်တစား
ငေးကြည့်နေသည်။

"အင်း... မောင်ရင့်ကြည့်ရတာ တောင်အောက်မှာ အမြဲနေမယ့်ပုံ မဟုတ် ဘူးထင်တယ်"

"ဟုတ်ကဲ့ ကျွန်တော် အမြဲနေဖို့ မရည်ရွယ်ပါဘူး"

မြင်းကိုယ်စီဖြင့် ထွက်လာခဲ့ကြသည်။ စကားများများ မပြောဖြစ်ကြ၊ လမ်းတစ်လျှောက်လုံး မြင်းခွာသံများသာ ပဲ့တင်ကျန်ရစ်၏။ မော်ဂင်က သူ့ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေကြောင်း ရော့စ် သတိထားလိုက်မိသည်။

တဖြည်းဖြည်း အမျိုးသားနှစ်ယောက်၏ နောက်တွင် အနည်းငယ် ပြတ် ကျန်ရစ်သည်။ အကြည့်ချင်းဆုံတိုင်း ရော့စ်ရင်ထဲ နွေးခနဲ ဖြစ်သွားသည်ချည်း၊ တွမ်ပြောသည်နှင့် တခြားစီပါကလား။

နောက်ဆုံး သူတို့အားလုံး တောင်ထိပ်ကွက်လပ်သို့ ရောက်လာခဲ့ကြ၏ မြင်းပေါ်မှ မဆင်းသေးဘဲ မြစ်ပြင်ကိုစီးမိုး၍ မြင်ရသည့် ရှုခင်းကို ငေးနေကြ သည်။

ဟိုးအဝေးတွင် လူဝီစီးယားနားကမ်းခြေကို လှမ်းမြင်နေရသည်။ ဝင်တော မည့်ဆဲဆဲ နေခြည်တွင် အစိမ်းရောင်နှင့် ရွှေရောင် ရောထွေးယှက်သန်းလျက် တစ်ဖက်တွင် မြစ်ပြင်ကျယ်ကြီးသည် ငြိမ့်ငြိမ့်ကလေး စီးဆင်းနေ၏။

လေပြည်နုနုက တဖြူးဖြူး တိုက်ခတ်နေသည်။ သူတို့ ပတ်ဝန်းကျင် ရောမဝက်သစ်ချပင်ကြီးများတွင် တိုးလို့တွဲလောင်း ခိုတွဲနေကြသည်။ ရေညှိ ကလေးတွေက လေအဟုန့်တွင် ယိမ်းကာနွဲ့ကာဖြင့် နေရောင်ခြည်တွင် တလ လက်။

"တောင်ထွတ်မြိုင်သာ၊ ဟုတ်လား၊ သိပ်လိုက်တဲ့ နာမည်ပဲနော်"

မော်ဂင်က အားတက်သရော ပြောသည်။

"အင်း... ဟုတ်တယ်၊ ဟုတ်တယ်၊ ကဲ မောင်ရင် ဘယ်လောက် အလု စနိုင်မလဲ"

"စစေချင်တဲ့အချိန် ကျွန်တော် စနိုင်ပါတယ်၊ ဒါလောက် သစ်ပေါ မြေပေါ်မှာ တခြားသစ်နဲ့ ဝယ်ဆောက်ရမယ်ဆိုတာတော့ စိတ်မကောင်းစရာပဲခင် ဒါပေမဲ့ ဒီကသစ်တွေကို ခုနေသင်းရင် နောက် နှစ်နှစ်လောက်ကြာမှ ခုတ် သုံးနိုင်မယ်၊ နောက်ပြီး အုတ်ဖုတ်ဖို့ကိစ္စ..."

လန့်စ်က အောင်မြင်စွာ ပြုံးလိုက်ပြီး

"ကဲ... လာ၊ ကျုပ်နောက်လိုက်ခဲ့"



အဆင်းလမ်းကို နှစ်မိုင်ခန့် သူတို့ စီးလာခဲ့ကြသည်။ တစ်နေရာအရောက် တွင် လန့်စ်က လှည်းလမ်းကြောင်းကလေးအတိုင်း ချိုးကွေ့လိုက်၏။ ကွက်လပ် တစ်ခုကို လှမ်းမြင်ရသည်နှင့် လန့်စ်က ကွင်း၏အလယ်လောက်တွင် အုတ်ဖုတ် သည့်ဖိုကြီးကို ကြာပွတ်ဖြင့် ညွှန်ပြသည်။ ရောမဖိုကြီး။

"အိမ်ဆောက်ဖို့ ကျုပ် စိတ်ကူးတာ ခုမှမဟုတ်ဘူး၊ ကြာပြီ၊ ဟိုဘက်ပိုင်းက သစ်ပင်တွေကို ကြည့်လိုက်ပါဦး"

ရော့စ်ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

အမှတ်တမဲ့ကြည့်လျှင် အစိမ်းရောင်သစ်တော။ ရှေ့တိုးစီးသွားပြီး သေသေ ချာချာကြည့်မှ အချို့အပင်ကြီးတွေကို သင်းသတ်ထားပြီးသားဖြစ်ကြောင်း တွေ့ရ သည်။ ဖြောင့်တန်းနေသည့် ပထမတန်းစား ဝက်သစ်ချပင်ကြီးများကိုလည်း လှဲပြီးသား တွေ့ရ၏။ အချို့အပင်များကို အရင်းမှရစ်ကာ အသေသတ်ထားပြီး သား၊ ခုတ်လှဲရုံပင်။

သူတို့လင်မယားနှစ်ယောက် ရှိရာသို့ ပြန်စီးလာခဲ့ပြီး အသာဦးညွှတ်၍

"ဒီလို အရှည်ကြီးမြင်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်နဲ့ အလုပ်လုပ်ရမှာကို ကျွန်တော် ဝမ်းသာလို့မဆုံးပါဘူးခင်ဗျာ"ဟု ပြောပြီး ရော့စ် အုတ်ဖိုကြီးကို ခပ်ငိုင်ငိုင် ငေးကြည့်နေသည်။

မော်ဂင်က သူ့ကို စောင်းကြည့်နေရာမှ–

"ဘာဖြစ်လို့လဲဟင်၊ ဘာသဘောမကျလို့လဲ"

လန့်စ်ဘက်သို့ ခပ်ဖြည်းဖြည်းလှည့်ပြီး–

"ဘာမှမဟုတ်ပါဘူး၊ ကျွန်တော့်ခြံမှာလည်း အိမ်ဆောက်ဖို့ အစီအစဉ် ရှိပါတယ်၊ မစ္စတာဘာရစ်တာနီအနေနဲ့ ဒီဖိုကြီးအားတဲ့အခါ ကျွန်တော့်ကိုပါ အသုံးပြုခွင့်ပေးနိုင်မလားလို့ပါ၊ ကျွန်တော့်လူနဲ့ ကျွန်တော့်မြေကြီးနဲ့ လာဖုတ်မှာပါ၊ ဒါဆို ကျွန်တော့်အတွက် အုတ်ဖိုတစ်လုံးဆောက်ဖို့ အချိန်သက်သာသွားမယ်၊ အဲဒါ ဖြစ်နိုင်ရင်တော့ ကျေးဇူးတင်လို့မဆုံးပါဘူးခင်ဗျာ"

"ကိုရင် ဘာပြောတာလဲ ကျုပ် နားမလည်ဘူး၊ ဘယ်သူ့ခြံမှာ ဘာအိမ် ဆောက်မှာလဲ"

"ဒီမနက်ပဲ မာရီးလ်ခြံမြေကို ကျွန်တော် ဝယ်လိုက်ပါပြီ၊ ကျွန်တော်တို့ အိမ်နီးနားချင်းတွေ ဖြစ်ကြတော့မှာ မစ္စတာဘာရစ်တာနီ"

"အလို... မင်း တကယ်ပြောနေတာလား ရော့စ်၊ တကယ်အံ့သြစရာ ပါလား၊ ဒါဖြင့် မင်းခြံပိုင်ရှင် ဖြစ်တော့မှာပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျ၊ စိုက်ပျိုးရေးလုပ်ငန်း အငယ်စားကလေး ဆိုပါတော့"

"ကေ ၂၅ဝ ဆိုတာ သေးတယ်လို့ ဘယ်ခေါ်နိုင်မတုံး ကိုယ့်လူရ"

လန့်စ်ဘရစ်တာနီက မမျှော်လင့်ဘဲ လက်ကို ဆန့်ပေးရင်း–

"ဂုဏ်ယူပါတယ် ရော့စ်ပါရီ၊ မင်း အောင်မြင်မှာပါ၊ ကျုပ် အတ
ပြောရဲတယ်"

"ကျေးဇူးတင်ပါတယ်ခင်ဗျ"

မော်ဂင် ဝမ်းသာအားရ ဝင်ပြောသည်။

"ဟန်ကျလိုက်တာနော် လန့်စ်၊ ဒါလောက်ကောင်းတဲ့ အိမ်နီးနားချ
ဘယ်ရှာလို့ရမလဲ၊ ဟုတ်ဘူးလား"

"သိပ်ဟုတ်တာပေါ့ကွ၊ မင်း ခြေလှမ်းတွေ သိပ်မှန်တယ် ပါရီ၊ လူတေ
က တို့တောင်ပိုင်းသားတွေကို လူတစ်စု ကောင်းစားရေးဝါဒသမားတွေ၊ ကြီးနိ
ငယ်ညှဉ်းတွေလို့ ပြောနေကြချိန်မှာ အဲဒီလိုမဟုတ်ကြောင်း မင်းက သက်သေ
လိုက်တာပေါ့၊ တကယ်တော့ တို့တစ်တွေဟာ လူတန်းစား ခွဲတတ်တဲ့လူတေ
မဟုတ်ကြပါဘူး၊ ဒေးဗစ်ဟန့်ဆိုရင် ကုန်ရုံစာရေးကနေ အကြီးဆုံး မြေရှင်ကြီးဖြ
လာတာ မဟုတ်လား၊ ယန်းကီးကျောင်းဆရာ လူထွက် ရှေ့နေဂျွန်ကွစ်တ်မ
ကိုတောင် ပြည်နယ်အုပ်ချုပ်ရေးမှူးအဖြစ် လက်ခံကြသေးတာပဲ၊ မင်းလည်
တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာမှာပါ၊ မင်း ပညာအရည်အချင်းနဲ့ မင်းရဲ
ဇွဲသတ္တိအတွက် လူတွေက မင်းကို တလေးတစား ဆက်ဆံလာကြမှာပ
ရော့စ်"

"သိပ် သေချာတာပေါ့၊ ကျွန်မတို့ကလည်း ဝိုင်းပံ့ပိုးမယ်လေ၊ ဒီမယ
လန့်စ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး ကွစ်တ်မန်နဲ့ ဗိုလ်ချုပ်လိုပက်ဇ်တို့ ဒီည
အိမ်လာကြမှာ မဟုတ်လား၊ ရော့စ်ကိုပါ ဖိတ်လိုက်မယ်လေ"

"ဖြစ်… ဖြစ်… ဖြစ်မယ်မထင်ပါဘူး မစ္စက်ဘရစ်တာနီ"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲကွ၊ မင်းလည်း မာရီးလ်ခြံမြေပိုင်ရှင်တစ်ယော
ဖြစ်လာပြီပဲ၊ ဒီအသိုက်အဝန်းထဲကို ဝင်ဆံ့ရမှာပေါ့ကွ"

ရော့စ် ဘာမျှမပြောနိုင်ဘဲ သူတို့လင်မယားကို ငေးကြည့်နေပြီး အတ
ကြာမှ–

"ကျွန်တော်တော့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး ခင်ဗျာ"

"ဘာမှပြောမနေနဲ့လေ၊ သူ့သဘော သူဆောင်သွားလိမ့်မယ်၊ ကဲ…
အလုပ်အကြောင်း ပြန်ကောက်ရအောင်၊ အုတ်ဖုတ်ဖို့ကိစ္စလည်း မောင်ရ
ကြိုက်သလိုစီစဉ်၊ သစ်လည်း ကြိုက်သလောက် ခုတ်ယူ"



"ကျေးဇူးပါပဲခင်ဗျာ၊ တစ်သက်ဆပ်လို့ မကုန်တဲ့ ကျေးဇူး…"

"အို… ကျုပ်အတွက် ဒါတွေ အံသေးအဖွဲ့ပါ"

မော်ဂင်က နာရီကြည့်ပြီး စကားဝင်ဖြတ်သည်။

"လူထုစည်းဝေးပွဲသွားဖို့ နောက်ကျနေဦးမယ်လေ"

လန့်စ်ကလည်း သူ့လက်မှ နာရီကို ငုံ့ကြည့်ကာ–

"မီပါသေးတယ်ကွ၊ ရော့စ်… မင်းကော လာမယ်မဟုတ်လား"

"ဟုတ်ကဲ့ခင်ဗျ၊ လာမှာပါ"

ဘယ်လိုဘယ်လို နှုတ်ကထွက်သွားမှန်း မသိလိုက်။ ကိုယ့်အသံကိုယ် ပြန်ကြားလိုက်ခြင်းမျိုး။ လန့်စ်က ပါရီဟု ခေါ်ဝေါ်နေရာမှ ရုတ်ခြည်း ရော့စ် ဖြစ်သွားလေပြီ။ မကြာခင်ကာလအတွင်း ပုဏ္ဏမီရိပ်သာမှ ရော့စ်ပါရီ ဖြစ်လာတော့မည်။ ထိုမှတစ်ဆင့် ဘယ်အထိ တက်ဦးမည်ကို ဘယ်သူသိနိုင်မလဲ။ သည်အတွေးများဖြင့် ရင်ထဲတွင် နွေးသွား၏။ ခယောင်းလမ်း ဖြတ်သန်းကျော်လွှားပြီး တစ်ဖက်ကမ်းသို့ ခြေချစပြုခဲ့ပြီကော။

နောက်တစ်နာရီအကြာတွင် လူထုစည်းဝေးပွဲကြီး ကျင်းပရာ မြို့လယ်ကွက်လပ်ထဲသို့ ရော့စ် ရောက်နေခဲ့သည်။ ဝက်သစ်ချပင်အောက်တွင် လန့်စ်နှင့် မော်ဂင်တို့ နောက်မှရပ်လျက်။ ကျူးဘားကိစ္စမှာ မိမိထင်သည်ထက် ပို၍ အရှိန်အဟုန် ပြင်းနေသည်ကို တွေ့ရ၏။

ပြည်နယ်အုပ်ချုပ်ရေးမှူး ကွစ်တ်မန်က အာပေါင်အာရင်းသန်သန်နှင့် ကျူးဘား လွတ်မြောက်ရေးကို ဟောပြောလျက်ရှိ၏။ သို့သော် သူ့မိန့်ခွန်းထဲ၌ ရော့စ် မျှောပါမသွားခဲ့ပေ။ ကျွန်စနစ်မှာ ကျူးဘားနှင့် စပိန်ပိုင် အခြားကျွန်းငယ်များမှလွဲ၍ ကျန်ကျွန်းများတွင် ချုပ်ငြိမ်းခဲ့ပြီ။ စပိန်တွင် နေခဲ့ဖူး၍ စပိန်နိုင်ငံရေးကို ရော့စ်တစ်ယောက် ချေးခါးအူမ သိထားပြီးဖြစ်၏။

တဖြည်းဖြည်းနှင့် စပိန်နယ်ချဲ့စနစ် နေဝင်ချိန်ရောက်နေပြီကို ရော့စ် မြင်နေသည်။ ဒါကို ကွစ်တ်မန်နှင့် တောင်ပိုင်းသားများက ကျူးဘားလွတ်မြောက်ရေးဟု ကြွေးကြော်ပြီး ပွဲလန့်တုန်း ဖျာခင်းခြင်းမျှသာဖြစ်သည်။ ရော့စ်သည် လူလူချင်း ဖိနှိပ်ညှဉ်းဆဲသည်ကို မလိုလားသော်လည်း လက်ရှိအခြေအနေအရ ကျွန်စနစ်ကို ဆက်လက်ထားရှိသင့်သည်ဟု ယူဆ၏။

မော်ဂင် သူ့ဘက်လှည့်လာပြီး နားနားကပ်၍ တိုးတိုးပြောသည်။

"ငွေဝယ်ကျွန်စနစ်ကို မော်ဂင် သိပ်မုန်းတယ်၊ လူမည်းတိုင်းကို လွတ်လပ်ရေး ပေးပစ်ရမယ်"

ရော့စ် ဘာမျှပြန်မပြောဘဲ မိန်းမချောကို အသာငေးကြည့်နေ၏။ ဆန်းတော့ မဆန်း။ နယူးယောက်မြို့သူတစ်ယောက်အနေဖြင့် ကျွန်စနစ် ဖျက်သိမ်းရေးသည် အရိုးစွဲနေပေလိမ့်မည်။

အောက်လင်းဓာတ်မီးရောင် ရှုးရှူးရှရှအောက်မှ စင်မြင့်ဆီသို့ ရော့စ် ပြန်ငေးကြည့်သည်။ ကွစ်တ်မန်က ပရိသတ်နှင့် ဗိုလ်ချုပ်လိုပက်ဇ်ကို စကားလုံး အလှအပများဖြင့် မိတ်ဆက်ပေးနေသည်။ ဗိုလ်ချုပ်လိုပက်ဇ် ပရိသတ်ကို အလေးပြုသည်။ ဆံပင်တွေ ဖြူနေပြီ၊ အလွန် ဥပဓိရုပ်ကောင်းသည့် ဗင်နီဇွဲလား နိုင်ငံသားတစ်ယောက် ဖြစ်သည်။

လူသိနည်းလှသည့် သူ့အကြောင်းကိုလည်း ရော့စ် သိထားပြီးပြီ။ ရော့စ်၏ မျက်လုံးများသည် စစ်သားအိုကြီးအား မနှစ်မြို့စွာ စိုက်ကြည့်လျက်ရှိသည်။ လိုပက်ဇ်သည် အမိနိုင်ငံ လွတ်လပ်ရေးအတွက် သူ့ကျွန်မခံလို၍ စပိန်တို့ကို လက်နက်ကိုင်ဆွဲ တိုက်ပွဲဝင်ခဲ့သည်။ ဗင်နီဇွဲလား လွတ်လပ်ရေးလည်း ရရော ပြည်နှင်ဒဏ်သင့်ကာ တိုင်းပြည်မှ ထွက်ပြေးရသည်။ သူ ထွက်ပြေးသည့် နိုင်ငံက စပိန်။

စပိန်ပြည်တွင်းစစ်တွင် သူပုန်များကို နှိမ်နင်းပေးရာမှ ဗိုလ်ချုပ်ကြီးရာထူးကို ရခဲ့သည်။ ဘာလင်စီယာပြည်နယ် ဘုရင်ခံအဖြစ် သူကောင်းပြုခံရသေးသည်။ ၁၈၄၁ ခုနှစ်တွင် ကျူးဘားသို့ ရောက်လာပြီး ဘုန်းတန်ခိုးတောဇာ နေလပမာ ထွန်းတောက်ခဲ့သည်။

သည်လိုလူတစ်ယောက် ကျူးဘားလွတ်လပ်ရေးကို စိတ်ဝင်စားသည် ဆိုသည်မှာ အလွန်စဉ်းစားစရာကောင်းသည့် ကိစ္စဖြစ်၏။ သည်လို ခြံခုန်လေ့ရှိသည့် နိုင်ငံရေးသမားတစ်ယောက်က တိုင်းပြည်တစ်ပြည်၏ လွတ်လပ်ရေးကို မည်သို့ ရအောင်ယူပေးနိုင်ပါမည်လဲ။

အပြောကောင်းလိုက်ပုံမှာတော့ ရော့စ်သည်ပင် ငေး၍ နားထောင်နေရ၏။ ပရိသတ်ကို သူ ကောင်းကောင်းစည်းရုံးနိုင်၏။ ကျူးဘားနိုင်ငံ လွတ်လပ်လျှင် အမေရိကန်ပြည်ထောင်စုဝင် ပြည်နယ်တစ်ခု ဖြစ်လာရမည်ဟု ပရိသတ် နားဝင်အောင် စည်းရုံးလျက်ရှိသည်။ ဤသည်ကို ရော့စ် မြင်သော်လည်း ဘာကြောင့် သည်ခြိုထွင်သည်ကို သဘောမပေါက်နိုင်သေး။

လန့်စ်ဘရစ်တာနီက မျက်မှောင်ကြုတ် နားထောင်ရင်း အတွေးနက်နေဟန်။ ပရိသတ်မှာ နက်ချက်မြို့ မျက်နှာဖုံး သက်ကြီးရွယ်အိုများ ပါဝင်ပြီး အများစုမှာ သွေးကြွနေသည့် လူငယ်များဖြစ်သည်။ တရားသည် မတရားသည်မသိ၊ စွန့်စား



ရလျှင် ပြီးရော၊ ဂုဏ်ပြုခံရလျှင်ပြီးရော၊ ဘယ်လို တိုက်ပွဲမျိုးဖြစ်ဖြစ် ဆင်နွှဲမည့်ပုံ။

မကြာမီ အခြေအနေကို ရော့စ် ရိပ်စားမိလာသည်။ ဗိုလ်ချုပ်လိုပက်ဇ်က အစ္စကွာဒိုအား ပရိသတ်နှင့် မိတ်ဆက်ပေးပြီး စပိန်တို့၏ ဖိနှိပ်ချုပ်ချယ်မှုကို မျက်မြင်သက်သေအဖြစ် တင်ပြရန် မေတ္တာရပ်ခံသည်။ တစ်ပြိုင်တည်းတွင် အစ္စကွာဒိုမှာ အင်္ဂလိပ်စကား မပြောတတ်ကြောင်း၊ ၎င်းကပင် စကားပြန်အဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း လိုပက်ဇ်က ကြေညာသည်။ အားအင်ကုန်ခန်းနေပုံရပြီး ခြေထောက်တစ်ဖက် ဆာနေသည့် အဘိုးအိုတစ်ယောက် စကားပြောစင်မြင့်ပေါ် တက်လာသည်။ သူ့အသံမှာ လေးနက်အောင်မြင်လှ၏။

စပိန်တွင် တစ်နှစ်နေခဲ့ပြီး စပိန်စကားကို မှတ်နေအောင် ပြောတတ်သည့် ရော့စ်သည် ပထမတော့ လိုပက်ဇ်၏ ဘာသာပြန်ချက်ကို ဂရုမစိုက်မိ။ တဖြည်းဖြည်း နားထောင်ရင်း စကားပြန်လုပ်သူမှာ မိန့်ခွန်းပြောသူ၏ အနှစ်သာရကို ပုံပျက်ပန်းပျက်ဖြစ်အောင် လုပ်နေကြောင်း၊ ရံခါ လိုရာဆွဲ၍ပြောနေကြောင်း သတိထားမိတော့သည်။

အစ္စကွာဒို ပြောပြသည့် ဇာတ်လမ်းမှာ ရင်နင့်စရာ။ သူသည် ကျူးဘားတွင် ကဗျာဆရာများ အသင်းဝင်တစ်ဦး ဖြစ်ခဲ့ကြောင်း၊ ထိုအသင်းမှာ ၁၈၄၄ ခုနှစ်၏ တော်လှန်ရေးအင်အားစု ဖြစ်ကြောင်း၊ ခေါင်းဆောင် ကဗျာဆရာ ပလာဆီဒိုအား သေလုမြောပါး ကြိမ်ဒဏ်ပေးခဲ့သည်ကို မိမိမျက်စိနှင့် မြင်ခဲ့ရကြောင်း၊ နောက်ပိုင်းတွင် လူမည်း ဂီတပညာရှင် ပီမီယင်တာနှင့် သူ့ကို တစ်ပြိုင်တည်း ကွပ်မျက်သည်ကိုလည်း မျက်ဝါးထင်ထင် မြင်ခဲ့ရကြောင်း၊ ယင်းအတွက် ဆက်လက် တိုက်ပွဲဝင်ကြသည့် လူမည်းများကိုလည်း စပိန်တို့ ရက်ရက်စက်စက် သတ်ဖြတ်ကြပုံများအား အစ္စကွာဒို ပြောပြနေသည်။

ဒါကို လိုပက်ဇ် ဘာသာပြန်ပေးပုံမှာ ဆီညော်အစ္စကွာဒို အစောပိုင်းက တော်လှန်ရေး အင်အားစုများနှင့် ပတ်သက်ခဲ့ကြောင်းကို ဝိုးတဝါးမျှသာ ဖော်ပြသည်။ ဤတွင် ရော့စ် ရိပ်မိလိုက်ခြင်းဖြစ်၏။ ဗိုလ်ချုပ်လိုပက်ဇ် ဆိုသူသည် ကျွန်စနစ် ဖျက်သိမ်းရေး အခြေခံဖြင့် စတင်သည့် ကျူးဘားတော်လှန်ရေး အကြောင်း နက်ချက်မြို့သူ မြို့သားများအား သိစေလိုသည့်ဆန္ဒ ရှိဟန်မတူ။

အစ္စကွာဒိုက စပိန်တို့လက်တွင် သူ အမိခံရပုံ၊ သူတို့၏ ငရဲခန်း ထောင်နန်းများတွင် ရက်စက်ဆိုးယုတ်စွာ အနှိပ်စက်ခံရပုံများကြောင့် ယခုထိ လူစဉ်မမီတော့ကြောင်းများကို ဖွင့်ချသည်။ သည်အပိုင်းကိုတော့ ဗိုလ်ချုပ်လိုပက်ဇ်

အတိအကျ ဘာသာပြန်ပေးသည်။ ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြသည်။ ပရိသတ်ထဲမှ အမျိုးသမီး တော်တော်များများ ငိုကြွေးကြသည်။

ရော့စ် မော်ဂင်ဆီသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။ တစ်ခြမ်းပြိုးကာ သူ့မျက်နှာ ဝင်းပနေ၏။ ရော့စ် မျက်မှောင်ကြုတ်သွားသည်။ ဘုရား... ဘုရား... တကယ့်ကို အနိဋ္ဌာရုံမှာ ပျော်ပါးတတ်တဲ့ မိန်းမမျိုးပါလား။ သည်လိုပြုံးပုံမျိုးကို တစ်ခါမြင်ဖူးခဲ့သည်။ ဘယ်တုန်းကပါလိမ့်။ ချက်ချင်း ပြန်မှတ်မိလိုက်သည်။

နက်ချက်ပြန်ရောက်စနေ့ ဆိပ်ကမ်းတွင် မိမိတို့ညီအစ်ကိုနှင့် လူဆိုးတစ်သိုက် တိုက်ခိုက်ကြစဉ်က ပြုံးသည့်အပြုံးမျိုး။ စိတ်ထဲတွင် လေးလံနေမိ၏။ မိန့်ခွန်းပြောသူဘက်သို့ ပြန်လှည့်ပြီး အာရုံစိုက် နားထောင်သည်။

အစ္စကွာဒို၏ အသံသည် ခက်ထန်မာကျောနေ၏။

"အဲဒီအချိန်တွေကို ကျုပ် ပြန်စဉ်းစားတဲ့အခါ ပြောက်ကျားစစ်ခေါင်းဆောင်တစ်ယောက်ရဲ့ ဘဝပေါ့လေ၊ အဲဒီအခါမှ မစ်ဂဲလ်အီဒယ်လ်ဂို။ (မက္ကဆီကို တော်လှန်ရေးခေါင်းဆောင်၊ စပိန်အစိုးရကို ပုန်ကန်သူ။ ၁၈၁၀ ခုနှစ်တွင် 'ကျွန်ုပ်၏ အနိဋ္ဌာရုံပွဲတင်သံ' စာတမ်းကို ရေးသည်) မစ်ဂဲလ်အီဒယ်လ်ဂိုရဲ့ စကားလုံးတွေကို ကျုပ် နားထဲမှာ ကြားယောင်လာတယ်။ သူ့စာတမ်းထဲက မက္ကဆီကိုအစား ကျူးဘားလို့ အစားထိုးပြီး ကြားယောင်လာတာမျိုး၊ သူ့စကားလုံးတွေဟာ ကျွန်ုပ် စကားလုံးတွေ ဖြစ်လာတယ်"

"ကျုပ် ငိုကြွေးဖို့အတွက် ကျုပ် မျက်လုံးအိမ်ထဲကို ဘယ်သူ
ရေလာထည့်ပေးမလဲ။ ကျုပ်မှာ မျက်ရည်မရှိတော့ဘူး။ ငိုရလျှင်
မျက်ရည်အစား သွေးစိမ်းရှင်ရှင်သာ ထွက်တော့မည်။ ကျဆုံးလေ
ပြီးတဲ့ ကျူးဘားလူမည်း တော်လှန်ရေးရဲဘော်တွေအတွက် ငိုရလျှင်
နေ့ရောညပါ ငိုနေရလိမ့်မယ်"တဲ့။

"ဒါပေမဲ့ နောင်တလေသံပါတဲ့ သူ့စကားလုံးတွေတော့ ကျုပ် ချန်ခဲ့ရလိမ့်မယ်။ ဘာဖြစ်လို့လည်းဆိုတော့ ကျုပ် လုပ်ခဲ့တဲ့ အလုပ်တွေအတွက် ကျုပ် နောင်တမရလို့ပဲ။ အို အမေရိကန်နိုင်ငံနှင့် အမေရိကန်ပြည်သူအပေါင်းတို့..."

အဘိုးကြီး မောနေပြီ။ ခဏနားလိုက်ရသည်။ ရော့စ်က ခပ်တိုးတိုး ဆက်ရွတ်နေ၏။

"...မျှဝေခံစားကြပါ၊ ကျွန်ုပ်ကို နားလည်ကြပါ၊ ကျွန်ုပ်တို့၏ မြေယာတွေ ပျက်သုဉ်းနေပါပြီ၊ ကျွန်ုပ်တို့၏ သယံဇာတတွေလည်း တက်တက်ပြောင်ပါလေပြီ၊ ကျွန်ုပ်ကြောင့် မိဘမဲ့ကလေးတွေ မရေမတွက်နိုင်အောင် ပေါ်ထွန်းခဲ့ရပါသည်၊



ွးတွေ ချောင်းစီးခဲ့ရပါသည်၊ ဒါတွေကို တွေးမိလျှင် ကျွန်ုပ် မေ့မြောသွားတတ်ပါသည်။ ချောက်ကမ်းပါးထဲမှ ဝိညာဉ်ပေါင်းများစွာသည်..."

မော်ဂင်က တိုးတိုးကပ်ပြီး

"ကြည့်စမ်း၊ ရော့စ် စပိန်လို နားလည်တယ် ဟုတ်လား၊ နားထောင်လို့ ကာင်းလိုက်တာ၊ ဘာတွေလဲ၊ မော်ဂင့်ကို ဘာသာပြန်ပြပါလား"

"နောက်မှ၊ နောက်မှ သူဆက်ပြောတာ နားထောင်ရအောင်"

အစ္စကွာဒို စကားပြန်ဆက်သည်။

"ကျုပ်အနေနဲ့ ကျူးဘားကို တိုင်းတစ်ပါးသားတွေ လာရောက်စိုးမိုး ျန်ပြုနေတာ လုံးဝဆက်ပြီး သည်းညည်းမခံနိုင်တော့ပါဘူး၊ ခင်ဗျားတို့ရဲ့ တနာ၊ ဘုရားသခင်ရဲ့ စောင့်ရှောက်မှုတို့နဲ့ လူသားအားလုံး သူ့ကျွန်ဘဝက တ်မြောက်ကြပါစေ"

ကုလားထိုင်ဆီသို့ ဒယီးဒယိုင် လျှောက်သွားသည်။ အရောင်အဆင်းမဲ့ ပြုဖြစ်သော သူ့မျက်လုံးထဲတွင် မျက်ရည်တွေ ပြည့်လျှံလျက်။ လိုပက်ဇ်က ကားပိုင်းကို ဆက်ဘာသာပြန်ပေးသည်။

"ဆီညော် အစ္စကွာဒိုက ပြောပါတယ်၊ ကျူးဘားနိုင်ငံ စပိန်လက်အောက်က တ်မြောက်ဖို့ဟာ ခင်ဗျားတို့ရဲ့ ပံ့ပိုးမှုပေါ်မှာ တည်ပါတယ်တဲ့၊ လွတ်မြောက် တာနှင့်တစ်ပြိုင်နက် အမေရိကန်ပြည်ထောင်စုထဲကို..."

"ဟာ... တလွဲတွေ"

ရော့စ်တစ်ယောက်တည်း ညည်းတွားလိုက်သည်။

လက်ခုပ်သံတွေ၊ အော်ဟစ်အားပေးသံတွေ တဖြည်းဖြည်း လျော့ကျသွား ည်။ လူငယ်တွေ စစ်ထဲဝင်ဖို့ အလုအယက် စာရင်းပေးကြ၏။ မော်ဂင်က ာ့စ်ဘက်လှည့်ပြီး–

"သူပြန်ပြောတာတွေ ဟုတ်ရဲ့လား ရော့စ်၊ 'ကျွန်ုပ်'တို့ 'လူမည်း'တို့ဆိုတဲ့ ကားလုံးတွေက စပိန်နဲ့ အင်္ဂလိပ် အတူတူပဲ မဟုတ်လား၊ အစ္စကွာဒိုက အဲဒါ ခ ထပ်တလဲလဲ ပြောတယ်၊ သူ ဘာသာပြန်တဲ့အထဲမှာ တစ်လုံးမှ မပါဘူး"

"မော်ဂင် သတိထားလေ"

ပတ်ဝန်းကျင်ကလူတွေ စောင်းငဲ့ကြည့်ကြသဖြင့် လန့်စ်က သတိပေး က်သည်။ သို့သော် အမျိုးသမီးက လေသံမနှိမ့်ဘဲ ဆက်ပြောသည်။

"သူ ပြန်ပြောတာ မပြည့်စုံဘူးထင်တယ် လန့်စ်၊ ဒါမှမဟုတ် တမင်ပဲ င်လုပ်ပြီး ပြောနေသလားမသိဘူး၊ မဟုတ်ဘူးလား ရော့စ်"

"ဟုတ်တယ်၊ အစ္စကွာဒို ပြောတာတွေ၊ ကျွန်တော် ညကျမှ ပြန်
ပြမယ်"

"ညကျမှ ဟုတ်လား၊ အော်... ဟုတ်သားပဲ၊ မေ့နေလိုက်တာ လ
စောစောပြန်ရအောင်လေ၊ ဧည့်ခံပွဲအတွက် လုပ်စရာတွေက အများကြီး
ညကျတော့ အစ္စကွာဒိုနဲ့ ရော့စ် တွေ့ရမှာပါ၊ သူ့သမီးကလေးလည်းပါမ
အချောကလေး သိလား၊ မော်ဂင် သူနဲ့ သိပ်စကားပြောကြည့်ချင်တာပဲ၊ ဒါ
အင်္ဂလိပ်လို မပြောနိုင်ရှာဘူး၊ ဗိုလ်ချုပ် လိုပက်ဇ်ရော ကွစ်တ်မန်ရော တက်မ
ဆိုတော့ ဧည့်ခံပွဲကတော့ မဟာပဲ ရော့စ်၊ ကဲ... သွားမယ်၊ ညမှ တွေ့မယ်

ရော့စ် ဦးညွှတ်လိုက်သည်။

"ကျွန်တော် ဆက်ဆက်လာပါ့မယ် ခင်ဗျာ"

*

ကိုးနာရီခွဲတိတိတွင် ရှုခင်းသာသို့ ရောက်သည်။ ခံ့ညားထည်ဝါလှသ
ခန်းမဆောင်ကြီးထဲသို့ လှမ်းဝင်ခဲ့သည်။ လူမည်းဘဏ္ဍာစိုးက သူ့ကို 
တုံ့ဆိုင်းတုံ့ဆိုင်း ဖြစ်နေသေးသည်။ ရော့စ် ချက်ချင်း နားလည်လိုက်
လူမည်း ဘဏ္ဍာစိုးများသည် ဧည့်သည်အဆင့်အတန်းကို အလွန်ခွဲခြားတတ်သူ
ဖြစ်သည်။

ရှုခင်းသာမှ ဘဏ္ဍာစိုးကာတိုသည် နက်ချက် တစ်မြို့လုံးက လူ
လူကောင်းများကို သိထားသူဖြစ်၏။ ရော့စ်ကို ခပ်စိမ်းစိမ်း ဖြစ်နေ၍

"ဆရာနာမည်ပြောတာ ကျွန်တော် မကြားလိုက်လို့ပါ ခင်ဗျား တစ်ဆိ

"ဘယ်ကြားမလဲ၊ ကျုပ်မှ မပြောတာ"

ရော့စ်က ပြောပြောဆိုဆို ဦးထုပ်ကို ကမ်းပေးလိုက်သည်။ တစ်ပြိုင်တ
တွင် ပိုးဝတ်စုံ လည်ရှုံ့ကြိုးကို ဆွဲပြေပြီး ဟန်ပါပါ ပစ်ချေလိုက်သည်။

ဘဏ္ဍာစိုးကာတို မျက်တောင် ပုတ်ခတ်ပုတ်ခတ်နှင့် လူငယ်ကို ငေးကြ
နေသည်။ ရုပ်ကြယ်သီးတွေက ပုလဲအစစ်တွေမှန်း ချက်ချင်းသိလိုက်
ဝတ်စားလာပုံက မင်းညီ မင်းသားတစ်ပါးလား အောက်မေ့ရသည်။ အာ
အကောင်းစားတွေချည်း။ သူက သေးသေးသွယ်သွယ်နှင့် ခန့်ချောချောသ
နာမည်တော့ မသိရသေး။ မင်းစိုးရာဇာပိုင်းက ထင်ပါရဲ့။



"ဟုတ်ကဲ့ခင်ဗျာ၊ ဘယ်သူလို့ ကျွန်တော် သတင်းပို့ရမလဲ အမိန့်ရှိပါ
င်ဗျာ"

"ပါရီ၊ ရော့စ်ပါရီ"

ကာတိုက အသံအောကြီးဖြင့်–

"မစ္စတာ ရော့စ်ပါရီ ကြွရောက်လာပါပြီ ခင်ဗျာ"ဟု ပရိသတ်နှင့်
တ်ဆက်ပေးလိုက်သည်။

တီးတိုးစကားသံများဖြင့် ရှင်နေကြသည့် ပရိသတ် ငြိမ်ကြသွားသည်။
ါးဝဆီသို့ အားလုံး မျက်နှာမူလိုက်ကြသည်။ ပရိသတ်က ရော့စ်ကို လက်ခံ
ကြိုဆိုပုံမှာ ဘဏ္ဍာစိုးကြီး ကာတိုအတိုင်းပင်။ သို့သော် လက်သမားကလေး
ော့စ်ပါရီအဖြစ် သိထားကြသည့် ဧည့်သည်အချို့ကမူ အံ့သြထိတ်လန့်သည့်
က်လုံးများဖြင့် ကြည့်နေကြသည်။ ခဏမျှသာ ကြာပါ၏။ မော်ဂင် သူ့ဆီသို့
လျှောက်လာသည်။

ရော့စ် ရင်ခုန်မိပြန်ပြီ။ ပိုးဝတ်စုံဖြူကြီးကို ဆင်မြန်းထား၏။ အပေါ်ပိုင်း
ယ်နေဟန် အလှအပကို ပေါ်လွင်စေပြီး အောက်ပိုင်းသို့ ဝဲကျသွားသည့်
တ်စုံမျိုး။ ပိတုန်းရောင်ကေသာနှင့် သောက်ရှူးကြယ် မျက်လုံးအစုံမှာ မြင်သူ
ပွေလောက်ပါ၏။ အသက်ရှူမှားလောက်ပါ၏။ ဆံထုံးမြင့်မြင့်ပေါ်တွင် စိန်စီ
ဖူကို အခန့်အညားဆောင်းလျက်။ ဆံခွေများ၏အောက် စိန်စီနားကွင်းမှ
ဖြူရောင် မီးလျှံများ တဖျတ်ဖျတ် ကခုန်လျက်။ ဖြိုးဖြိုးရွှေရင်ပေါ်တွင် စိန်မြ
ယ်လည်တုံသည် မိန်းမလှ၏ ကျက်သရေကို ပို၍ တောက်ပနေစေ၏။
စ်ရောင် အသားနှင့်လည်း လိုက်ဖက်လှသည်။

"ရော့စ်"

မော်ဂင်၏အသံမှာ လှိုက်လှဲဝမ်းသာရှိလှသည်။

"ဝမ်းသာလိုက်တာ ရော့စ်ရယ်၊ လာမှ လာပါ့မလားလို့ စိတ်ပူလိုက်ရ
"

အိမ်ကြီးရှင် အလှသခင်၏ အမူအရာနှင့် ကြိုဆိုပုံကိုကြည့်ပြီး ရော့စ်ပါရီအား
င်သေး အမြင်သေး မျက်လုံးများဖြင့် ကြည့်နေကြသူတွေ မျက်နှာထားရ
သွားကြသည်။ သို့သော် လန့်စ်ဘရစ်တာနီက ပြည်နယ်အုပ်ချုပ်ရေးမှူး
တ်မန်ထံမှ ခွင့်တောင်းပြီး လက်ကိုဆန့်တန်းကာ ရော့စ်ရှိရာ လျှောက်လာ
ည်။

"သိပ်ဝမ်းသာတယ် ရှော့စ်၊ ညှိုသည်တော်တော်များများကို မောင်
သိမှာမဟုတ်ဘူး၊ လာ… ကိုယ် မိတ်ဆက်ပေးမယ်"

ရှော့စ်၏ တံတောင်ဆစ်ကွေးကို ခပ်တင်းတင်းဆုပ်လျက် အုပ်စုတစ်
တစ်စုဆီသို့ ကူးချည်သန်းချည်နှင့် မိတ်ဆက်ပေးနေသည်။ စင်စစ် ရှော့စ်အတွ
ကမ္ဘာသစ်တစ်ခု၏ တံခါးကို လန့်စ်ဘရစ်တာနီက ဆွဲဖွင့်ပေးလိုက်ခြင်းဖြစ်

"ကျုပ်တို့မြို့မှာ အငယ်ဆုံး မြေပိုင်ရှင်လေ၊ မာရီးလ်ယာတောကို
ဝယ်လိုက်တာပေါ့"

သည်မိတ်ဆက်စကားလုံးများသည် ရွှေပွဲလာဧည့်ပရိတ်သတ်များ၏ မျက်
အမူအရာတွေကို ရုတ်ခြည်းပြောင်းလဲသွားစေ၏။ ဒါကို ရှော့စ် သေသေချာ
အမှတ်အသား ပြုလိုက်မိသည်။

မိန်းမပျိုကလေးများနှင့် သူတို့၏ ချစ်စွာသော မေမေတို့က ပို၍သိ
၏။ သူတို့မျက်လုံးများက တည်ငြိမ်စွာဖြင့် တောက်ပသစ်လွင်နေသည့် လုလ
ပျိုတွင် တပ်မက်စွာ စူးစိုက်လျက်။

အမျိုးသားများကမူ ဣန္ဒြေဆောင်နိုင်ကြသည်။ မည်သို့ဖြစ်စေ ဆီးတ
ထားသည့် မဟာရံတံတိုင်းကြီး ပြိုကျသွားလေပြီ။ သည်ကိစ္စမျိုးများတွင် မိ
သားများသည်သာ အဓိကမဟုတ်ပါလား။

အမျိုးသမီးတစ်သိုက်၏ အပြုံးများနှင့် မိန်းမပျိုကလေးများ၏ မျက်လွ
မျက်ဝန်းများကို ဖြတ်သန်းကာ ပြည်နယ်အုပ်ချုပ်ရေးမှူးရှိရာ ဝိုင်းဆီသို့ လျှော
သွားသည်။

ဤတွင် သူ့ကို စတွေ့လိုက်ခြင်းဖြစ်၏။ ခြေလှမ်းများ အလိုလို
သွားသည်။ လန့်စ် ဆွဲခေါ်သွားရာသို့ ဆက်လျှောက်သွားရသော်လည်း ပရိသ
ကိုရော၊ ဆူညံစပြုနေပြီဖြစ်သည့် တီးတိုးစကားသံများကိုပါ သူ လုံးဝမေ့သွ
သည်။ သည်မိန်းကလေးမှလွဲ၍ ဘာမျှ မမြင်တော့သလို။ အသားအရေ
ရွှေရောင်အတိ၊ အညိုရင့်ရောင် ဆံပင်တွေကလည်း ရွှေအိုရောင်တောက်ပလျှ
မျက်လုံးများကမူ ပင်လယ်ပြင်ကဲ့သို့ စိမ်းလဲ့လဲ့။

လန့်စ်က ရှော့စ်နှင့် ကွစ်တ်မန်ကို မိတ်ဆက်ပေးသည်။

"ပြည်နယ်အုပ်ချုပ်ရေးမှူးကြီးခင်ဗျား၊ ကျွန်တော့် အိမ်နီးနားချင်း မစ္စ
ရှော့စ်ပါရီနဲ့ မိတ်ဆက်ပေးပါရစေ၊ ဒီသူငယ်ပါပဲ၊ မာရီးလ်ယာတောမြေ
ဝယ်ယူလိုက်ပါတယ်၊ ဒီနှစ်စပြီး စိုက်ပါလိမ့်မယ်"

ကွစ်တ်မန်က လေသံမြှင့်ပြီး–





"တွေ့ရတာ ဝမ်းသာတယ်ဗျာ၊ အင်း… နည်းတဲ့သတ္တိမဟုတ်ဘူး၊
တာရိုင်းမြေလိုဖြစ်နေတဲ့ ဒီနေရာကို ဘယ်သူမှ စိတ်မကူးရဲကြဘူး"

"ဟုတ်ကဲ့ခင်ဗျား၊ တွေ့ရတာ ဝမ်းသာပါတယ်"

"ကဲ… ဗိုလ်ချုပ်လိုပက်ဇ်နဲ့ တွေ့လိုက်ပါဦး၊ ဗိုလ်ချုပ် ဒါ မစ္စတာရှော့စ်
ါရီပါ"

ရှော့စ်က ဦးညွှတ်အရိုအသေပေးလိုက်ပြီး စပိန်စကားဖြင့် ဌာန်ကရိုဏ်း
ကျကျ နှုတ်ဆက်လိုက်သည်။

"ခုလို ဗိုလ်ချုပ်နဲ့ သိခွင့်ရတာ ဂုဏ်ယူလို့မဆုံးပါဘူးခင်ဗျာ"

ပြည်နယ်အုပ်ချုပ်ရေးမှူးကြီး အပါအဝင် အနီးအနားမှ လူတွေအားလုံး
င်သွားသည်။ ပထမဆုံး လှုပ်လှုပ်ရှားရှား ပြန်ဖြစ်လာသူက ကွစ်တ်မန်။

"ဟော့… လန့်စ်၊ ကိုရင်က ဘာဖြစ်လို့ သူ့ကို ခုမှ ပွဲထုတ်လာတာလဲ၊
ုလိုလူမျိုး ကျုပ်တို့မှာ သိပ်လိုတာဗျ၊ တန်ဖိုးမဖြတ်နိုင်ဘူး သိရဲ့လား"

ဗိုလ်ချုပ်လိုပက်ဇ်က ခံ့ခံ့ညားညားပြုံးရင်း လက်ဆန့်ပေးသည်။

"စပိန်စကားကို သသံ တသံ ကွဲအောင် မောင်ရင် ပြောနိုင်ပေတာပဲ၊
ဆီညော်အစ္စကွာဒိုရဲ့ မိန့်ခွန်းကို သူများတွေထက် မောင်ရင်က ပိုပြီးခံစားနိုင်
ယ်ထင်တယ်"

ရှော့စ်က အဘိုးအို၏ မျက်လုံးများထဲသို့ စိုက်ကြည့်ပြီး–

"ဟုတ်ကဲ့၊ ဆီညော် ဘာသာပြန်ချက်ထက် အပုံကြီးပိုပြီး ခံစားရပါတယ်"

ဗိုလ်ချုပ်လိုပက်ဇ်က လုံးဝဣန္ဒြေမပျက်ဘဲ

"ဘာဖြစ်လို့ ကျုပ် ဒီလို ဘာသာပြန်ပေးရတယ်ဆိုတဲ့အကြောင်း ဆီညော်
ရိ နားလည်နိုင်မယ် ထင်ပါတယ်၊ ဆီညော်အစ္စကွာဒိုက အသက်လည်းကြီးပြီ၊
းတော့ သိပ်လက်တွေ့မကျတော့ဘူးလေ၊ ဒါပေမဲ့ သူနဲ့တော့ မိတ်ဆက်ပေးပါ
ယ်"

ဗိုလ်ချုပ်က ရှော့စ်နှင့် အစ္စကွာဒိုကို မိတ်ဆက်ပေးရင်း တစ်ဆက်တည်း

"စပိန်စကားကို မွှတ်နေအောင် ပြောတတ်တဲ့ အမေရိကန် လူငယ်တစ်
ယောက်ပေါ့"ဟု ဖြည့်စွက်ပြောလိုက်သည်။ အဘိုးကြီးက ညင်ညင်သာသာပြုံးပြီး
က်ကမ်းပေးသည်။

ရှော့စ်က လက်ဆွဲနှုတ်ဆက်၏။

"ခုလို သူရသတ္တိနဲ့ပြည့်စုံတဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးတစ်ယောက်နဲ့ တွေ့ရတာ
ျန်တော် ဝမ်းသာဂုဏ်ယူလို့ မဆုံးပါဘူးခင်ဗျား"

"ကျေးဇူးတင်ပါတယ် သူငယ်ရယ်၊ ဒီလိုနေရာမှာ ကိုယ့်တိုင်းရင်းဘာသ စကားနှင့် ပြောရတာ ကျုပ်ဖြင့် ခံတွင်းတွေ့လိုက်တာ၊ ဒီဘာသာစကား ပင်ပန်းကြီးစွာ သင်ကြားလာခဲ့တဲ့အတွက် ဂုဏ်ယူပါတယ်ကွယ်"

"ကဲ သမီးနဲ့ မိတ်ဆက်ပေးပါရစေဦး၊ ဟောဒါ ဦးရဲ့ နောက်ဆုံးက ရတနာကလေးပဲကွဲ့၊ ဆီညော်ရီတာကွန်ချီတာ အစ္စကွာဒီတဲ့၊ သမီး ဒါမစ္စ ရော့စ်ပါရီ"

"ဟုတ်ကဲ့ တကယ် ရတနာတစ်ပါးပါပဲ၊ မျက်လုံးများက မြရောင်အလ အသားက ရွှေအတိ၊ နှုတ်ခမ်းတွေက ခိုသွေးရောင် ပတ္တမြား"

ရော့စ်က စပိန်ဘာသာဖြင့် အလှဘွဲ့ကဗျာကို ရွတ်ဆိုပြီး လှလှ ခါးညွတ်၍ မိန်းမငယ်၏လက်ကို နမ်းလိုက်သည်။

နံဘေးမှ မော်ဂင်က မျက်နှာညိုးညိုးမယောင်ယောင်နှင့် ...

"အဲဒါ ဘာပြောတာလဲဟင် ရော့စ်"

ဗိုလ်ချုပ်လိုပက်ဇ်က ရယ်ရယ်မောမော ဝင်ရှင်းပြသည်။

"ဟုတ်လား၊ ကဗျာဆန်လိုက်တာနော်၊ သွား... ရော့စ်က သူများကျ တစ်ခါမှ အဲဒီလို ပြောဖော်မရဘူး"

"ဟုတ်ကဲ့ ကျွန်တော် မစ္စတာလန့်စ်ဘရစ်တာနီကိုလည်း လေးစား သေးတယ် မော်ဂင်"

ဗိုလ်ချုပ်လိုပက်ဇ်က စကားဝိုင်းထဲဝင်ပြီး ချောမွေ့စေအောင် လုပ် သည်။

"ဆီညော်ပါရီက လော့ကဝတ်အရ စကားဆိုရတာပါ"

ကွန်ချီတာက ရော့စ်ကို ငေးကြည့်နေသည်။ ပါးပြင်ကလေးပေါ် ပန်းနုရောင် တဖြည်းဖြည်း ရင့်တက်လာသည်။

"ကျွန်မ ဒါလောက်မလှဘူးထင်ပါတယ်ရှင်၊ ဆီညော်က တင်စားလွ ပါတယ်"

"ဟင့်အင်း၊ တကယ့်ကိုလှတယ်၊ ကျွန်တော် တင်စားတာ လိုတော နေသေးတယ်၊ အေးအေးဆေးဆေး တွေ့ချင်သေးတယ်"

ကွန်ချီတာက တိုးတိုးကလေး စကားပြန်ရင်း "အဲဒါကို အင်္ဂလိ ဘယ်လိုပြောမလဲဟင်"ဟု မေးသည်။

"ဖြစ်နိုင်ကောင်းပါရဲ့လို့ ပြောရတယ်ကွဲ့"

ဗိုလ်ချုပ်လိုပက်ဇ်က ဝင်ပြီး ဘာသာပြန်ပေးသည်။



"ကဲ... လာ၊ တွေ့ရမယ့်လူတွေက အများကြီးကျန်သေးတယ်"

မော်ဂင်က ပြောပြောဆိုဆို ရော့စ်ကို ဆွဲခေါ်သည်။

လန့်စ်က

"မင်းကြည့်ရတာ မနာလိုဖြစ်နေသလိုပဲ မော်ဂင်"

"ဒါပေါ့ရှင်၊ ရော့စ်အတွက် ကျွန်မမှာ အစီအစဉ်တွေ အများကြီးရှိတယ်၊ ့အတွက် အတွဲလည်း ရှာပေးရဦးမယ်၊ ဒီလို ကျူးဘားသူနဲ့ အဖြစ်မခံနိုင်ပါဘူး"

ရော့စ်က ရယ်ပြီး–

"ကျွန်တော့်အတွဲကိုတော့ ကျွန်တော်ကိုယ်တိုင် ရှာခွင့်ပြုပါ ခင်ဗျာ၊ ယောင်ထားတဲ့ အသားရောင်နဲ့ ကျူးဘားသူကလေးကို ကျွန်တော် သဘောကျ ပါပြီ"

"သိပ်မှန်တာပေါ့ကွာ"

လန့်စ်က ဝင်ထောက်ခံသည်။

"ဟောဒီမှာရှိနေတဲ့ ကာလသား တစ်ဝက်လောက်ဟာ မောင်ရင်နဲ့ တစ် သဘောတည်းပဲ၊ စပိန်စကား မတတ်ကြလို့ သူတို့ ဒုက္ခရောက်နေကြတာ စ်၊ အချိန်ရရင် ကျုပ်တောင် မောင်ရင့်ဆီမှာ သင်ချင်ပါသေးရဲ့၊ ကျူးဘား တွေအားလုံး ဒီကလေးမလို လှမယ်ဆိုရင် ကျူးဘားကို ချက်ချင်းပြည်ထောင်စု သွင်းဖို့ ကျုပ် မဲထည့်မယ်"

"ရှင်တို့ ယောကျ်ားတွေဟာလေ..."

မော်ဂင်က မကျေမနပ် ရေရွတ်သည်။

ခဏငယ်အတွင်း ရွှေပွဲလာပရိသတ်များ၏ အာရုံသည် ရော့စ်ပါရီထံသို့ လာကြသည်။ လန့်စ်ဘရစ်တာနီက ပြည်နယ်အုပ်ချုပ်ရေးမှူးကတော်၊ အယ်လီ ကွစ်တ်မန်ကိုတွဲပြီး စားသောက်ခန်းမဆီသို့ ဦးဆောင်ခေါ်သွားသည်။ သူ့နောက်မှ စ်တ်မန်က မော်ဂင်ကိုတွဲလျက်၊ ဗိုလ်ချုပ်လိုပက်ဇ်ကိုမူ နက်ချက်မြို့သူ းမချောကလေးနှစ်ယောက် ခြံရံပြီး ခေါ်သွားသည်။

သူတို့နောက်မှ ရော့စ်၊ အစ္စကွာဒီနှင့် ကွန်ချီတာ။ ကွန်ချီတာက ရော့စ် က်မောင်းကို ဖွဖွကလေးကိုင်လျက်။ သူတို့နောက်ကမှ ကျန်ဧည့်သည်တွေ န်းစီလိုက်လာကြသည်။

ထမင်းစားခန်း စားပွဲရှည်ကြီးပေါ်မှ အခင်းအကျင်းနှင့် စားကောင်းသောက် ယ်များကို ငေးကြည့်မနေမိဖို့ ရော့စ် မနည်းသတိထားလိုက်ရသည်။ ဖယောင်းတိုင် ရောင်တွင် အမည်အားဖြင့် စုံလင်များပြားလှသော ဟင်းလျာပန်းကန်များက

သွားရည်ယိုချင့်စရာ။

အားလုံး နေရာယူလိုက်ပြီးသည့်နှင့် တစ်ပြိုင်နက် စောစောက ကျောက်ဆ
ရုပ်သဖွယ် ငြိမ်ရပ်နေကြသည့် စားပွဲထိုးများ၊ အစေတော်များ လှုပ်ရှားအသက်
လာကြသည်။ စားမြိန် ယမကာခွက်များကို သွက်သွက်လက်လက် ဖြည့်နေ
သည်။ ဖန်ခွက်ကို စားပွဲပေါ် ပြန်ချလိုက်သည်နှင့် လက်မည်းမည်းတွေ
နောက်ထပ် ဖြည့်ဖို့အသင့်။ ဆက်မသောက်ဖို့ ရော့စ် ဆုံးဖြတ်လိုက်သည
မထိန်းနိုင်လျှင် မူးဖို့သေချာနေပြီ။ ကပ္ပလီအိမ်စေတစ်သိုက် တာဝန်ကျေပုံကိုလည
ကြည့်ဦးလေ၊ ယမကာငွေလင်ပန်းများကို ပခုံးပေါ်တင်ပြီး ကုန်သည့်ခွက်
ချက်ချင်းဖြည့်ဖို့ စားပွဲရှည်ကြီး ပတ်ပတ်လည်တွင် ခြေချင်းလိမ်နေကြ၏၊

ဘီစကွတ်မုန့်များက အငွေ့တထောင်းထောင်း။ အငွေ့သေသွားသည်
တစ်ပြိုင်နက် အသစ်တစ်ပွဲ လဲချသည်။ ကြက်ကင်၊ ကြက်ကြော်နှင့် ကြက်ပေါ
ပွဲတွေက အလျှံပယ်။ ဝက်ကလေး ကောင်လုံးကင်ပွဲများမှာ ရောမ ကြွေပန်းက
ကြီးများနှင့် တန်းစီလျက်။ ကြက်ဆင်ရိုင်း၊ ယုန်၊ ရေဘဲ၊ ငုံးနှင့် ချိုးငှက်မ
ကလည်း အကောင်မပျက်။ စားပွဲအလယ်မှ အဓိက ဟင်းလျာပွဲမှာ အတွေ့အ
နည်းလှသေးသည့် ရော့စ်လို လူငယ်တစ်ယောက်အတွက် ထိတ်လန့်စရာဖြစ်နေ
အညိုရောင် ဖိတ်ဖိတ်တောက်နေသည့် ရောမတောဝက်ခေါင်းကြီး၊ ပါးစပ်ထဲတ
အချိုရည်စိမ်ပြီးသား သစ်တော်သီးကို ကိုက်လျက်။

စာပွဲအနှံ့ တစ်ချက်ဝေ့ကြည့်လိုက်သည်။ သီးနှံစုံ ဟင်းလျာပွဲများတ
ဆလတ်၊ ခရမ်းချဉ်၊ သခွားသီး၊ ပဲသီး၊ အာလူး၊ မုန်လာဥနီတို့ဖြင့် အရေ
အသွေးစုံလှသည်။ ကွန်ချီတာ သူ့ကို ငဲ့ကြည့်နေကြောင်း ရော့စ် သိလိုက်
အစိမ်းရောင် မျက်လုံးများက ဝိုင်းစက်ကာ အံ့သြခြင်း အမူအရာကိုဆောင်လျ

"မယုံနိုင်စရာပဲနော်၊ ဘာလို့ ဒါလောက်အများကြီး လုပ်ထားလဲမသိဘူ

တဖြည်းဖြည်းနှင့် နှစ်ယောက်သား စကားလက်ဆုံကျသွားသည
ကွန်ချီတာနှင့် ရင်းနှီးမှုရဖို့ သတိကြီးစွာထားပြီး ရော့စ် စည်းရုံးသည်။ အဝ
ရှေးဆန်သည့် စပိန်လူမှုရေး ဓလေ့များကို နားလည်ထားသောကြောင့်ဖြစ်

လူမည်း အိမ်စေတွေက အချိုပွဲတွေ လိုက်ချနေပြီ။

ကွန်ချီတာ တဖြည်းဖြည်းနှင့် ရင်းနှီးပွင့်လင်းစွာ စကားပြောလာသည
ပြုံးပြုံးရွှင်ရွှင်ကလေးပင် ဖြစ်လာ၏။

"ဗိုလ်ချုပ်လိုပက်ဇ်နဲ့ ပတ်သက်လို့ အစ်ကိုမြင်တာ နည်းနည်းလွဲ
တယ်လို့ ကွန်ချီတာ ထင်တယ်၊ သူ ကျူးဘားကို ရောက်လာကတည်း



လွတ်လပ်ရေးတိုက်ပွဲ အင်အားစုတွေဆီမှာ သစ္စာမခံဘူး၊ ဒါကြောင့် သူ့မိတ်ဆွေ ဒွန်ဂျီရိုနီမိုနေရာကို ဒွန်အိုဒေါ်လ်နယ် တက်လာတော့ သူ့ဩဇာအာဏာ မှေးမှိန်သွားတာပေါ့၊ စပိန်အတွက် သူ့လှုပ်ရှားမှုတွေကတော့ ပထမ တောင်အမေရိကမှာ သူပုန်ဘက်က တိုက်ပေးတယ်၊ အရေးနိမ့်တော့မှ စပိန်ကို ထွက်ပြေးပြီး"

"တော်တော် သတ္တိကောင်းတဲ့ ပုဂ္ဂိုလ်ပေါ့ ဟုတ်လား၊ ရှုံးရှုံးနိုင်နိုင် ကိုယ့်ယုံကြည်ချက်အတွက် အသက်စွန့်ရဲရှာပေါ့"

ကွန်ချီတာ နှမ်းနှမ်းကလေး ပြုံးသည်။

"စစ်ပွဲတစ်ပွဲကို အောင်နိုင်တယ်ဆိုတာ သတ္တိကောင်းတဲ့သူတွေကြောင့်ချည်း မဟုတ်ပါဘူး အစ်ကို၊ ခေါင်းကောင်းတဲ့ လူတွေကြောင့်လည်း ပါပါတယ်၊ လောလောဆယ် လက်နက်ချ အညံ့ခံလိုက်လို့ အသက်ချမ်းသာရာရသွားတဲ့ လူတစ်ယောက်ဟာ နောက်ဆုံးမှာ အောင်မြင်နိုင်ပါသေးတယ်၊ အရေးကြီးတာက အောင်မြင်မှုရဖို့ပဲ မဟုတ်လား၊ အဲဒီလိုအခါမှာ လူတစ်ယောက်ရဲ့ ဂုဏ်ကျက်သရေတို့၊ သူရသတ္တိတို့ဟာ အဓိကမကျတော့ဘူးလေ"

ရော့စ် ငြင်းစရာမရှိအောင် ဖြစ်သွားသည်။ သည့်လို လမ်းဆုံလမ်းခွသို့ မိမိရောက်လျှင် ဆက်မတွေးရဲအောင် ဖြစ်သွား၏။

"ကိုယ်တော့ တစ်သက်လုံး စစ်သားဖြစ်နိုင်မယ် မထင်ပါဘူးကွာ"

ရော့စ် ခပ်ညည်းညည်း ပြောလိုက်သည်။

ကွန်ချီတာ၏ မျက်လုံးစိမ်းများ တဖျပ်ဖျပ် လှုပ်ရှားလာသည်။ ပြုံးရယ်လာသည်။

"ဘယ်ပြောနိုင်မလဲ အစ်ကိုရဲ့၊ ကလောင်ကိုင်တဲ့ လက်ဖြူဖြူ နုနုကလေးတွေနဲ့ ခေတ်ပညာတတ် လူငယ်တွေ ရှုပ်ရှုပ်ချုံချုံ တိုက်ရင်းခိုက်ရင်း သူရဲကောင်းတွေလို ကျဆုံးသွားတာတွေ ကွန်ချီတာ အများကြီးတွေ့ဖူးတယ်၊ ကျူးဘားမှာဆိုရင် ဘုန်းတော်ကြီးတွေတောင် လက်နက်ကိုင် တိုက်ပွဲတွေမှာ ဝင်နွှဲကြတာပဲ၊ တော်လှန်ရေးဆိုတာ ခေတ်ပညာတတ်တွေ များများပါလေလေ အောင်မြင်လေပဲ၊ သူတို့ရဲ့ တွေးခေါ်မြော်မြင်မှုက တက္ကဗေဒကျတယ်လေ၊ တကယ့် ခေတ်ပညာတတ်ကို ပြောတာနော်၊ အဲဒီလို လူမျိုးတွေကမှ လမ်းမှန်ကို ရွေးတတ်ကြတာ၊ တစ်ခါတလေကျတော့ သူတို့တောင် ဘယ်လမ်းလိုက်ရမှန်း"

"ဥပမာ ပေးစမ်းပါဦးကွယ်"

ရော့စ်က ဖြတ်မေးလိုက်သည်။

"ဥပမာပေးရရင် တီရွှာန်လိုဘဝမျိုးနဲ့ အသက်ရှင်နေမလား၊ လူ

တစ်ယောက်လို သေမလားဆိုတဲ့ ပြဿနာမျိုးပေါ့။ ဂုဏ်သိက္ခာပိုင်းနဲ့ လူရဲ့မာနကို စွန့်လွှတ် ရမယ့် ပြဿနာမျိုးပေါ့။ အဲဒီလိုအခါမျိုးမှာ လူဟာ အသေခံဖို့ မခက်တော့ဘူး အစ်ကို၊ သေရမှာကြောက်တာက တစ်ပိုင်းနော်၊ လူဆိုတာက ဘဝကို ခင်တွယ်ကြတာချည်းပဲ၊ သေခြင်းတရားကို လူအနူတွေသာ မကြောက်ကြ တာပါအစ်ကို"

ရော့စ်ထံမှ မျက်နှာလွှဲပြီး ကွန်ချီတာ အဝေးသို့ငေးကြည့်နေသည်၊ နှလုံးသွေး ပျက်ချင်စရာကောင်းလှသည့် မြင်ကွင်းများ တရိပ်ရိပ်ပြန်ပေါ်လာသည်၊ ပြီးတော့ တိုးတိုးကလေး ပြောသည်။

"ကွန်ချီတာ ကိုယ်တိုင်လည်း ကြောက်တာပဲ၊ ဖေဖေလည်း ကြောက်ခဲ့ဖူး တာပဲ၊ ဒါပေမဲ့ ခုတင်ကပြောတဲ့ လမ်းဆုံလမ်းခွမျိုး ရောက်လာရင် အကြောက် တရားဟာ သာမညဖြစ်သွားရော အစ်ကို၊ ရွေးရမယ့်လမ်းကို အလိုလိုလျှောက် ပြီးသား ဖြစ်နေရောလေ။ သေရဲတာပေါ့၊ သေရတဲ့အဖြစ်က နေရတဲ့အဖြစ်ထက် ပိုသက်သာမှာကိုး။ အဲ... ဘယ်နည်းနဲ့သေမလဲဆိုတဲ့ လမ်းရွေးဖို့ပဲ ပြဿနာ တော့တယ်၊ အဲဒါ သိပ်အရေးကြီးတယ်အစ်ကို"

ရော့စ်တစ်ယောက် ပါးစပ်အဟောင်းသားနှင့် နားထောင်နေသည်။ ဆယ် ကျော်သက်အရွယ်က လွန်မြောက်စ ကလေးမကလေးတစ်ယောက်က သေခြင်း တရားအကြောင်းကို သွေးအေးအေးဖြင့် ပြောနေခြင်းပါကလား။

"ပစ်သတ်ခံရမယ့်ဆဲဆဲမှာ မျက်နှာဖုံးအစွပ်မခံဘဲ 'ကျူးဘားနိုင်ငံ လွတ် မြောက်စေရမယ်၊ နယ်ချဲ့သမားတွေ ကျဆုံးစေရမယ်' လို့ အော်ပြီး အသေခံတဲ့ လူတွေရှိတယ်၊ ကြောက်ကြောက်ရွံ့ရွံ့နဲ့ အသေခံသွားတဲ့ လူတွေလည်းရှိတာပေါ့ လေ။ သူတို့ရဲ့ငရဲခန်းထဲမှာ ပြန်လမ်းမရှိတဲ့ အညှဉ်းဆဲခံနေရတဲ့ ရဲဘော်တွေအတွက် ကျတော့ ကွန်ချီတာတို့က သူတို့ကို သူတို့ အဆုံးစီရင်နိုင်မယ့် သင်တုန်းဓားလို လက်နက်မျိုးတွေ ထောင်ထဲခိုးသွင်းပေးတယ်။ သူတို့တစ်တွေ စောစောဝင့်ကျွတ် အောင် လုပ်ပေးရတာလေ။ အဲဒီသွေးတွေနဲ့ ကျူးဘားကို ဆေးကြောပစ်ရမယ်"

ကွန်ချီတာ၏လက်ကို ရော့စ် ဖမ်းဆုပ်လိုက်သည်။ နံဘေးမှ ပတ်ဝန်းကျင် ကို သူ လုံးလုံးမေ့နေ၏။

"မင်းကလေးဟာ ကျူးဘားရဲ့ အာဇာနည်မယ်ဂျုန်းပဲ ကွန်ချီတာ"

"အို... မဟုတ်တာ"

ကွန်ချီတာက အထိတ်တလန့် ဖြစ်သွားသည့်အသံဖြင့်

"ကွန်ချီတာ ကျူးဘားကို ဘယ်တော့မှ ပြန်မသွားတော့ဘူး အစ်ကို"



"ဘာပြုလို့..."

"ပြောပြလို့ မရနိုင်လောက်တဲ့ ကိစ္စတွေရှိသေးတယ် အစ်ကို"

"ဘယ်လိုကိစ္စတွေလဲဟင်"

သူ့မျက်နှာကို ကွန်ချီတာ စူးစူးစိုက်စိုက် ကြည့်သည်။

"နောက်များမှ အစ်ကိုရယ်၊ ခုတော့ အချိန်မတိုင်..."

ကွန်ချီတာထံမှ ရော့စ် မျက်နှာလွှဲလိုက်သည်။ မော်ဂင် သူ့ကိုစောင့်ကြည့် နေ၏။ အကြာကြီး စောင့်ကြည့်နေမည် မုချ။ အနက်ရောင်မျက်ဝန်းများတွင် မီးလျှံတွေ ဖြာထွက်နေ၏။

တစ်စုံတစ်ခုပြောဖို့ သူ ဟန်ပြင်လိုက်စဉ် လန့်စ်ဘရစ်တာနီက ထပြီး ကော်ဖီနှင့် ဘရန်ဒီ သောက်ချိန်ရောက်ပြီဖြစ်ကြောင်း ကြေညာသည်။

"အမျိုးသားများ ဧည့်ခန်းမဆောင်ထဲကို ကြွကြပါ၊ အဲဒီမှာ ဆေးလိပ် သောက်ဖို့လည်း အချိန်ပေးပါမယ်၊ အမျိုးသမီးများကတော့ ဥပစာ ဧည့်ဆောင်မှာ မစ္စက်ဘရစ်တာနီနဲ့ ဝိုင်ချို သုံးဆောင်ကြပါ ခင်ဗျား"

အချိန် တိကျလွန်းသည့် မလေ့ထုံးစံကို စိတ်ထဲမှကျိန်ဆဲရင်း ရော့စ် တစ်ယောက် လူအုပ်ကြီးနှင့်ရောပါသွားသည်။ သူ့တွင် ကွန်ချီတာနှင့် ပြောစရာ တွေ အပုံကြီးရှိသေးသည်။ ဗိုလ်ချုပ်လိုပက်ဇ်နှင့်လည်း စကားပြောချင်သေးသည်။ အချိန်မရတော့။

ဧည့်ခန်းမဆောင်ကြီးထဲသို့ ရောက်လျှင်ရောက်ချင်း အမျိုးသားများက ဆေးလိပ်ကိုယ်စီညှိကာ မှိန်းနေကြသည်။ ငြိမ်သက်လျက် တစ်စုံတစ်ယောက် စကားအစကို စောင့်နေကြမှန်း သိသာလှ၏။

ဂျော့မက်ကာဖီက တိတ်ဆိတ်ခြင်းကို လှုပ်နှိုးလိုက်သည်။

ဗိုလ်ချုပ် လိုပက်ဇ်အကြောင်းများနှင့် ကျူးဘား အရေးအခင်းများကို ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောသည်။ ကျောင်းရန်ပုံငွေတွေကို ကစားပစ်သည့် ဘုန်းတော်ကြီး အကြောင်းလည်း ပါ၏။ ဟာသနှင့် နိဂုံးချုပ်တော့ အားလုံး ဝိုင်းရယ်ကြသည်။

နောက်တစ်ယောက်က တောင်အောက်ရပ်ကွက်မှ ရန်ပွဲများအကြောင်း စကားစသည်။ နားရွက်ဖြတ်သည့်အကြောင်း၊ မျက်လုံးဖောက်သည့်အကြောင်း များ။ ပြော၍မကုန်နိုင်သည့် ရန်သတ်ပွဲများဖြစ်၏။ မိမွေးတိုင်း ဖမွေးတိုင်း စားပွဲပေါ်တက်ကသည့် ပြင်သစ်ကချေသည်များအကြောင်းလည်း ပါသည်။ ရော့စ်မွေးဖွားကြီးပြင်းခဲ့သည့် ဒေသ၏ဒဏ္ဍာရီများ။

မျက်နှာတွေ ထူပူလာ၏။ ငါ့ကို စောင်းမြောင်းပြောခြင်းတော့ မဟုတ်

တန်ရာဟု စိတ်ကို ကြိုးစားပြီး တင်းထားရ၏။ လန့်စ်ဘာရစ်တာနီက ဒါကို
လှမ်းအကဲခတ်မိလိုက်သည်။ ဗိုလ်ချုပ်လိုပက်ဇ်က ရယ်ရယ်မောမောနှင့်

"ဒီလိုရပ်ကွက်မျိုး ဟာဗာနာမှာလည်း ရှိပါတယ်ဗျာ"

ဤတွင် လန့်စ်က ပါးနပ်စွာ စကားလမ်းကြောင်းပြောင်းပေးလိုက်သည်။

"ကဲ... ကျွန်တော်တို့ ခွဲရေး တွဲရေးကိစ္စလေး ဆွေးနွေးကြရအောင်
ပြည်နယ်အုပ်ချုပ်ရေးမှူးကြီး ခင်ဗျား၊ တကယ်လို့ ပြည်ထောင်စုထဲက ကျွန်တော်
တို့ တောင်ပိုင်းခွဲထွက်မယ်ဆိုရင် ကမ္ဘာ့အင်အားကြီးနိုင်ငံတွေက ဘယ်လိုမြင်နိုင်
ပါသလဲ"

ကွစ်တ်မန်က ဒိုးဒိုးဒေါက်ဒေါက် ဖြေသည်။

"ကောင်းလိုက်တဲ့ မေးခွန်းဗျာ။ ဆွေးနွေးချင်နေတာနဲ့အတော်ပဲ။ အင်္ဂလ
ကတော့ လက်ခမောင်းခတ်မှာပေါ့။ ကျုပ်တို့ ဝါဂွမ်းကို ဈေးပေါပေါနဲ့ဝယ်ယူခွင့်
ရတော့မှာကိုး။ ဒီမယ် လန့်စ်၊ ဒီနေ့ ဝါဂွမ်းဟာ နိုင်ငံရေးရဲ့ အဓိကအခြေခံပဲဗျ
မြောက်ပိုင်းနဲ့ မပတ်သက်တော့တာနဲ့ ကျွန်တော်တို့ပေးနေကျ ကုန်သွယ်ခွ
တွေလည်း လျော့ကျသွားမယ်"

လန့်စ်က သရသံများကို ရှည်ရှည်ဆွဲ၍

"ဟုတ်ကဲ့ခင်ဗျာ... ကောင်းပါပြီ၊ ဒါပေမဲ့ အမြင်ကလေးတွေ ကွဲ
ကြပါသေးတယ်၊ ဟောဒီက မစ္စတာပါရီဟာ နိုင်ငံခြားမှာ ၆ နှစ်တိတိ ပညာသ
ခဲ့ပြီး ပြန်ရောက်စပဲရှိပါသေးတယ်။ ကျွန်တော်သိရသလောက် အင်္ဂလန်မှာချည်
လေးနှစ်ကြာခဲ့ပါတယ်။ အောက်စ်ဖို့တက္ကသိုလ်မှာပါ။ ကျန်တဲ့နှစ်နှစ်ကတော့
ပြင်သစ်နဲ့ စပိန်မှာလို့ သိရပါတယ်။ ကဲ... ရော့စ်၊ အင်္ဂလန်အနေနဲ့ ဒီကိစ္စကို
ဘယ်လိုမြင်မလဲဆိုတာ ကိုရင့်အထင် ဆွေးနွေးပါဦး"

ဧည့်သည်အားလုံး၏ အကြည့်များ ရော့စ်ထံတွင် စုစည်းကြပြန်၏
အတိုင်းမသိ အံ့သြခြင်းများ သူတို့မျက်နှာပေါ်တွင် အထင်းသားပေါ်လွင်လျက်
တောင်အောက်မှ ဆိပ်ကမ်းရပ်ကွက်သားတစ်ယောက်က အောက်စ်ဖို့ဒ်ကို ရောက်
ခဲ့သည်ဆိုပါလား။ သည်သူငယ်နှင့်ပတ်သက်၍ အံ့သြစရာများသည် ဆုံးခန်းတိုင်
သည် မရှိပါလား။

သူတို့အမူအရာကို ရော့စ် အစအဆုံး နားလည်လိုက်၏။ အံ့သြခြင်း
လေးစားခြင်းသို့ ကူးပြောင်းနေသည်။ သည်လိုပဲဖြစ်ရမည်လေ။ မိမိသည်လည်း
သူတို့နည်းတူ မြေပိုင်ရှင်တစ်ယောက် ဖြစ်လာပြီမဟုတ်လား။

စင်စစ် သူတို့တစ်တွေလည်း ရွှေလင်ပန်းနှင့် အချင်းဆေးခဲ့ကြသူတွေ



မဟုတ်။ မြောက်ပိုင်းနှင့် ဥရောပနိုင်ငံများမှ စွန့်စွန့်စားစား ရောက်ရှိလာကြပြီး
အဝကို ကကြီးရေ ကမှ စခဲ့ကြသူတွေချည်း။

သူတို့တစ်တွေ၏ အဖေများသည် ပန်းပဲသမားများနှင့် တောင်ယာလယ်လုပ်
သစ်ခုတ်သမားများ ဖြစ်ကြသည်။ သူတို့၏အမေများသည် ရေကြည်ရာ မြက်နုရာ
ရှာဖို့ သင်္ဘောကုန်းပတ်ပေါ်မှာ ပါလာကြသည့် စာမတတ်၊ ပေမတတ်များ
ဖြစ်ကြသည်။ မြင်းခိုးမှုဖြင့် မစ်ဇိုရီနယ်ထဲတွင် ကြိုးပေးခံရသူများ၏ အနွယ်များ
လည်း ပါမည်မုချ။

ရော့စ် အောင်မြင် ပြုတ်သားသည့်အသံဖြင့် စကားစသည်။

"အင်္ဂလန်ကို ကျွန်တော်တို့ နှစ်ပိုင်းခွဲပြီး ကြည့်ရပါလိမ့်မယ်၊ စက်မှု
လက်မှု လုပ်ငန်းပိုင်ရှင် အထက်တန်းစားတွေကတော့ ကျွန်တော်တို့ကို ထောက်ခံ
ကြမှာပဲ။ ဒါပေမဲ့ အများပြည်သူတွေအနေနဲ့ကတော့ ငွေဝယ်ကျွန်စနစ် ဖျက်
သိမ်းရေးကို အပြင်းအထန် ထောက်ခံနေကြတယ်။ ကျွန်တော်တို့ဆီက ကျွန်စနစ်
ဖျက်သိမ်းရေး မြောက်ပိုင်း ခေါင်းဆောင်တွေကိုတောင် ဟိုမှာခေါ်ပြီး တရားဟော
ပွဲတွေ ကျင်းပပေးတယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော့်အမြင်တော့ အင်္ဂလန်ဟာ
ကျွန်တော်တို့ရဲ့ တောင်ပိုင်း မြောက်ပိုင်း ခွဲရေး တွဲရေးမှာ ကြားနေပဲနေလိမ့်မယ်
လို့ ထင်ပါတယ်။ လူကြီးမင်းများ သိပြီးဖြစ်တဲ့အတိုင်း အင်္ဂလန်ဟာ အလွန်
စည်းကျစ်လျစ်တဲ့ နိုင်ငံဖြစ်ပါတယ်။ ပါလီမန်နဲ့ အုပ်ချုပ်တဲ့ဘုရင်စနစ်မို့လို့
အာဏာဟာ ပြည်သူတွေရဲ့လက်ထဲမှာရှိတယ်။ ကျွန်တော့်အမြင်ကို ပြောပါဆိုလို့
ပြောရတာပါ။ ပြည်နယ်အုပ်ချုပ်ရေးမှူးကြီး အမြင်နဲ့ ထပ်တူမညီရင်တော့
ခွင့်လွှတ်ပါခင်ဗျာ"

လူတော်တော်များ ထောက်ခံသည့် အမူအရာဖြင့် ခေါင်းတညိတ်ညိတ်နှင့်
ဖြစ်နေကြသည်။ ခွဲရေးကိစ္စကို ဆန့်ကျင်သူမှာ မိမိတစ်ယောက်တည်း
မဟုတ်ဘဲ နက်ချက်တစ်မြို့လုံး နီးပါးရှိသည်ဟု ရော့စ် နားလည်ထားပြီးဖြစ်၏။

"ပြင်သစ်ကရော"

ကွစ်တ်မန်က ကောက်ကာငင်ကာ မေးလိုက်သည်။

"ပြင်သစ်ကတော့ သဘောကျမှာပေါ့၊ ကမ္ဘာ့အနောက်ခြမ်းမှာ နယ်ပယ်
ချဲ့ထွင်ရေးကို အာရုံစိုက်နေတာပဲ၊ အမေရိကန်ပြည်ထောင်စု နှစ်ခြမ်းကွဲသွားရင်
သူက ဝမ်းသာမှာပေါ့။ သူ့အတွက် ဝင်ပေါက်ရဖို့ ပိုလွယ်သွားမှာကိုး။ ကျွန်တော်
တို့ ပြည်နယ်အုပ်ချုပ်ရေးမှူးကြီး ပြောလေ့ရှိသလို တောင်ပိုင်းဟာ ကျွန်တော်တို့
နိုင်ငံရဲ့ အားထားရာ ငွေတွင်းကြီးဖြစ်ပါတယ်။ သဘာဝ တောတောင်ရေမြေနဲ့

ရာသီဥတုဟာ စိုက်ပျိုးရေးလုပ်ငန်းအတွက် အကောင်းဆုံးဖြစ်ပါတယ်။ ခွဲရေး တွဲရေး မပြေလည်လို့ ကျွန်တော်တို့ ပြည်တွင်းစစ်ဖြစ်ကြည့်ပါလား၊ ပြင်သစ်တွေ ချက်ချင်းရောက်လာကြမှာပါ"

"စပိန်ကကောဗျာ"

ဗိုလ်ချုပ်လိုပက်စ်က ဝင်မေးသည်။ ရှော့စ်ပြုံးလိုက်၏။

"စပိန်ကလား၊ ကျွန်တော်တို့ကို ဘယ်ချစ်ကြည့်ပါ့မလဲခင်ဗျာ၊ သူ့လက် အောက်ခံ တောင်အမေရိကန်နိုင်ငံတွေရဲ့ သူပုန်တွေကို ကျွန်တော်တို့က ခိုလှုံခွ ပေးထားတာကိုး။ သူ့ရဲ့အငြိုးအကြီးဆုံး ရန်သူဖြစ်တဲ့ ဗိုလ်ချုပ်ကိုယ်တို ကျွန်တော်တို့ဆီမှာ ခိုလှုံနေတာမဟုတ်လား။ အဓိပ္ပာယ်က ကမ္ဘာ့ဒီဘက်ခြမ် စပိန်ကိုလိုနီနိုင်ငံတွေရဲ့ လွတ်မြောက်ရေးကို အမေရိကန်က တစ်မျိုးတစ် အားပေးရာရောက်နေတာကိုး"

ဗိုလ်ချုပ်လိုပတ်ဇ်၏ မေးခွန်းကို ဖြေပြီးသည်နှင့် စိတ်လှုပ်ရှားနေကြသ တီးတိုးသံတွေ လှိုင်သွားသည်။ ဟိုထောင့် သည်ထောင့်မှ မေးခွန်းတွေ များ သလို ဆက်တိုက်ထွက်ပေါ်လာ၏။ ရှော့စ်က ဒိုးဒိုးဒေါက်ဒေါက် ပြန်ဖြေသည် နာရီတစ်မတ်ခန့်အကြာတွင် သူ ဝင်လာစက မြင်ခဲ့ရသည့် မျက်နှာထားတင်းတ တွေ လုံးဝမရှိတော့။

သည်အတွက် လန့်စ်ဘရစ်တာနီကို ကျေးဇူးတင်ရမည်။ သူ့နည်းသူ့ဟ ဖြင့် သံတမန်ပရိယာယ်ကို သုံးသွားခြင်းဖြစ်၏။

စကားဝိုင်းမှာ ခွဲရေးတွဲရေးနှင့် တစ်ဆက်တည်းဖြစ်သည့် ငွေဝယ်ကျွန်စန ဖျက်သိမ်းရေး၊ ဆက်လက်ထားရှိရေးကို ရောက်သွားပြီး အရှိန်တက်လာသည်

မက္ကဆီကို စစ်ပွဲသူရဲကောင်းကြီး ကွစ်တ်မန်ကထပြီး တောင်ပိုင်းသာ တစ်ယောက်ဟာ မြောက်ပိုင်းသား မောင်ခိုယန်းကီး ခြောက်ယောက်နှင့်ညီ ကြောင်း အာပေါင်အာရင်းသန်သန်ဖြင့် ပြောနေစဉ် လန့်စ်က လက်မှနာရီ ငုံ့ကြည့်လိုက်ပြီး 'အမျိုးသမီးများနှင့်ပြန်ဆုံဖို့ အချိန်ရောက်ပါပြီ ခင်ဗျား' ကြေညာသည်။ တစ်ဆက်တည်းတွင် ကွစ်တ်မန်ဘက်လှည့်ကာ–

"လာမယ့်ဇွန်လမှာ ကျွန်တော် နက်ရှ်ဗီးလ်ညီလာခံကို တက်ရမယ် ခင်ဗျားနဲ့ ကာရိုလိုင်းနား တောင်ပိုင်း အုပ်ချုပ်ရေးမှူးလည်းလာကြမှာ မဟု လား ဂျွန်၊ ညီလာခံရဲ့ ကြွေးကြော်သံက 'မြောက်ပိုင်းသားတို့ ကျူးကျော်မှ လက်တုံ့ပြန်စို့'တဲ့။ အဲဒါ ခင်ဗျားစကားလုံးတွေပါဗျာ၊ ကျွန်တော် သိပါတယ် ကျွန်တော်ကတော့ လက်တုံ့ပြန်ရေးဆိုတဲ့ ကိစ္စကို သိပ်မပြောလိုပါဘူး၊ ဒါပေ



ခွဲထွက်ရေးတော့ မထောက်ခံချင်ဘူး၊ ကဲ… လူကြီးမင်းများ အရှေ့အလှတွေဆီ သွားကြစို့လား"

ညှိခန်းမဆောင်ထဲမှ အထွက်တွင် ရှော့စ်ကို လူတော်တော်များများ လက်ဆွဲနှုတ်ဆက်ကြသည်။ ထမင်းစားဖိတ်ကြသည်။ တချို့ကလည်း ဟိုတယ်တွင် ဆုံပြီး ယမကာဝိုင်းမှာ စကားပြောကြဖို့ ဖိတ်သည်။ ဆက်ဆွေးနွေးချင်သေး တယ်ဟု ဆိုကြသည်။

ရှော့စ်က တတ်နိုင်သမျှ လက်ခံလိုက်သည်။ သူ့အတွက် ကမ္ဘာသစ် မဟုတ်လား။

ကွန်ချီတာ သူ့ဆီလျှောက်လာနေသည်ကို ရှော့စ် လှမ်းမြင်လိုက်ရသဖြင့် ပျော်သွားသည်။ အလွန် ချစ်စရာကောင်းသည့် ညိုစိမ့်စိမ့် မျက်နှာကလေးမှာ အညှိုးကြီး ညှိုးနေ၏။ ရှော့စ်က သူကလေး၏လက်မောင်းကို လှမ်းဆွဲပြီး

"ဘာဖြစ်လို့လဲဟင်၊ မင်း ခမည်းတော်ကြီးကော"

"အပေါ်ထပ်ကို အိပ်ရာဝင်ဖို့တက်သွားပြီ အစ်ကို၊ ဖေဖေ့ကျန်းမာရေး အခြေအနေအရ ပြန်ဖို့မသင့်တော့ဘူးလေ၊ ကွန်ချီတာ စိတ်ညစ်လိုက်တာ အစ်ကိုရယ်"

"ဆီညော်ရီတာ ဘရစ်တာနီပေါ့ အစ်ကိုရယ်၊ အစ်ကို့ကို တစ်ခုပြောရ ဦးမယ်၊ ကွန်ချီတာတို့သားအဖ နယူးယောက်မှာ နှစ်နှစ်နေခဲ့ဖူးတယ်၊ အင်္ဂလိပ် စကားကို ကွန်ချီတာ အထိုက်အလျောက်ပြောနိုင်ပါတယ်၊ သူများပြောတာတော့ အားလုံးနားလည်တယ်၊ ဒါကို ဘာလို့ လျှို့ဝှက်ထားသလဲဆိုရင် စိတ်ညစ်စရာ ကောင်းတဲ့ မေးခွန်းတွေကို ဖြေဖြေနေရလို့ပါ အစ်ကိုရယ်"

"မော်ဂင်က မင်းကို ဘာပြောလို့လဲဟင်"

"ကွန်ချီတာ အင်္ဂလိပ်စကားမပြောတတ်ဘူးဆိုတာကို အခွင့်ကောင်းယူပြီး ရယ်စရာလုပ်တယ် အစ်ကိုရယ်၊ အသားညိုတာကိုလည်း သရော်တယ်၊ မဟုရာ သွေးတဲ့၊ အဲဒါဟာ ဘာပြောတာလဲဟင်"

ရှော့စ် ဒေါပွသွားသည်။

"သူ ခုဘယ်မှာလဲ၊ မင်း ဒီမှာနေဦး၊ ကိုယ် သူနဲ့သွားတွေ့မယ်၊ မင်းကို နိဂရိုးသွေးပါတယ်လို့ ပြောတာ"

ကွန်ချီတာ တအံ့တဩ မေးသည်။

"ပါတော့ကော ဘာဖြစ်လဲဟင်၊ အဲဒါ စော်ကားတာလား အစ်ကို"

"အောက်တန်းကျတယ်လို့ ပြောချင်တာပေါ့"

"အို… မဟုတ်တာ၊ ပလာစီဒိုလည်း လူမည်းသွေးပါတာပဲ၊ ကမ္ဘာကျေ
ကဗျာဆရာကြီးလေ။ ဖေဖေ့မိတ်ဆွေတွေထဲမှာ လူမည်းတွေ အများကြီးပဲ
ကွန်ချီတာက စပိန်သွေးပါ။ ကျူးဘားနည်းနည်းစပ်တာပေါ့လေ။ ဒါပေ
သူငယ်ချင်းတွေ တော်တော်များများဟာ လူမည်းတွေချည်းပဲ။ ကွန်ချီတာတို့
ခဲ့တဲ့ တက္ကသိုလ်က ဆရာတွေထဲမှာလည်း လူမည်းတွေပါတာပဲ။ ဖေဖေက
သူ့ကျွန်လူမည်းတွေကို ဒါကြောင့် လွတ်လပ်ခွင့်ပေးပစ်ခဲ့တယ်၊ အစ်ကိုတ
အမေရိကန်တွေဟာ သိပ်မယဉ်ကျေးကြသေးဘူးနော်"

ရော့စ် သက်ပြင်းချသည်။

"မင်းပြောတာ မှန်သင့်သလောက်မှန်တယ် ကွန်ချီတာ"

သည်တော့မှ ကွန်ချီတာက ရယ်ပြီး–

"လာပါ အစ်ကိုရယ်၊ ကွန်ချီတာတို့ ကကြရအောင်ပါ၊ တီးဝိုင်းစ,တော
မယ်၊ အစ်ကိုက သိပ်ချောတာပဲနော်"

"မင်းအဖေ ဒါထက်စောစောအိပ်ရာဝင်ဖို့ကောင်းတာ၊ သူတက်သွား
မင်းရဲ့ပင်ကိုစရိုက်တွေ ပေါ်လာတာမဟုတ်လား"

နှစ်ယောက်သား ရယ်လိုက်ကြသည်။

ကွန်ချီတာနှင့် ကရသည်မှာ ကြမ်းပြင်နှင့် ခြေဖဝါးထိသည်မထင်
လေထဲတွင် ဝဲနေသလားအောက်မေ့ရသည်။ သူ့ကိုယ်ကလေးသည် အလေးချိ
မရှိတော့သလို ပေါ့ပါးစွာ လွင့်မျောနေ၏။

ကဗျာတစ်ပုဒ်လို လှပသည့် မိန်းကလေး။

မိန်းမကျက်သရေဖြင့် လှသည့် အလှမျိုး။

ညည့်ခံပွဲချိန် တစ်ဝက်မကျိုးမီ ရော့စ်၏ရင်ထဲတွင် သည်မိန်းကလေးမှလွဲ
ဘာမျှမရှိတော့။ ငယ်ငယ်ကလေးတည်းက ကျိတ်ချစ်ခဲ့ရသည့် ဂျယ်နီဒယ်လ်တ
တပ်မက်စိတ်ဖြင့် ရင်ခုန်ရသည့် မော်ဂင်၊ ဘာဆို ဘာမျှမရှိတော့။ ဘယ်သူ
မရှိကြတော့။

စင်စစ် သူ့အသည်းနှလုံးတွင် အတည်တကျ နေရာယူမည့်သူကို ခု
တွေ့ရခြင်းဖြစ်သည်။

"ပန်းခြံထဲ လျှောက်လည်ကြရအောင်နော်"

ရော့စ်က တိုးတိုးကပ်ပြောသည်။ ကွစ်တ်မန်နှင့် တွဲကနေသည့် မော်ဂ
တစ်ယောက် သူ့ကိုစောင့်ကြည့်နေမှန်း ရော့စ် သတိမထားလိုက်မိ။

"မမြန်လွန်းဘူးလား အစ်ကို"



အပြင်းအထန် ငြင်းဆန်သည့် လေသံမျိုးတော့မဟုတ်။

"ကျူးဘားမှာ ကျွန်မချစ်သူရှိတယ် အစ်ကို၊ မလွဲသာလို့ ခွဲလာခဲ့ရတာ"

"အို… မင်းချစ်သူကို ခဏမေ့ထားလိုက်၊ လာ… သွားစို့"

"ခဏကလေးနော် အစ်ကို၊ ဖေဖေ့ကို သွားကြည့်လိုက်ပါရစေဦး၊
မရင်းနှီးတဲ့အိမ်မှာ ဖေဖေ မအိပ်တတ်ဘူး၊ အစ်ကိုသွားနှင့်လေ၊ ကွန်ချီတာ
ခဏနေ ထွက်လာခဲ့မယ်၊ အတူတူသွားလို့လည်း မကောင်းပါဘူးနော်"

"သိပ်မကြာနဲ့ ရွှေရုပ်ကလေးရယ်"

ကွန်ချီတာ သူ့ကိုစိုက်ကြည့်နေသည်။

"ရွှေရုပ်ကလေး ဟုတ်လား၊ ဖေဖေကလည်း အဲဒီလိုခေါ်လေ့ရှိတယ်၊
ဖေဖေ အဲလိုခေါ်ရင် သိပ်သဘောကျတာ"

ရှုခင်းသာခြံကြီးထဲတွင် လရောင်သည် ရွှန်းရွှန်းမြမြ ဖြာကျနေ၏။
ဝက်သစ်ချပင်ကြီးများနှင့် ရေညှိပင်များက ငွေအဆင်းဆောင်လျက်။ တတိုင်းမွေး
ပွင့်တို့သည် လရောင်ကို ပြန်လည်ထုတ်လွှတ်လျက်ရှိ၏။ နှင်းဆီဖြူတွေကလည်း
ငွေရောင်တဖိတ်ဖိတ်။

အိတ်ထဲမှ ဟာဗာနာဆေးလိပ်တစ်လိပ် ထုတ်ယူပြီး မီးညှိသည်။ ထိုစဉ်
တိမ်မည်းညိုတစ်စုက လမျက်နှာပြင်ကို စည်းနှောင်လိုက်ကြသည်။ ငွေရောင်
တောက်ပနေသည့် အဖြူရောင်ညသည် ရုတ်ခြည်းပျောက်ကွယ်သွားသည်။

နောက်ပိုး ပိုးဝတ်ရုံလှုပ်ခါသံကို ကြားလိုက်မိသလိုလို။ သူကလေးက
နောက်မှရောက်လာပြီး ဆေးလိပ်ကို ဆတ်ခနဲဆွဲယူပြီး လွှင့်ပစ်လိုက်သည်။
ညအမှောင်တွင် သက်တံ့ကွေးပုံ အနီရောင်တန်းကလေး လျှပ်တစ်ပြက်
ထင်ဟပ်သွားသည်။

ရော့စ် ချာခနဲလှည့်လိုက်သည်။ ကလေးမက အငြင်းအဆန်မရှိ သူ့ရင်ခွင်
ထဲသို့ တိုးဝင်နေပြီ။ တင်းတင်းဖက်ထားလိုက်မိ၏။ ထိုစဉ် လမျက်နှာပြင်မှ
တိမ်ပုပ်တို့ လွင့်ပြယ်သွားကြ၏။ အလင်းရောင်သည် သူတို့နှစ်ယောက်ကို
မီးမောင်းထိုးပြလိုက်သည့်အလား။

ဟင်… ရော့စ် တဒင်္ဂမျှ အသက်ရှူရပ်သွား၏။ သူ့မျက်လုံးများသည်
မီးဝင်းဝင်းတောက်လာ၏။ တခစ်ခစ်ရယ်သံကိုလည်း ကြားလိုက်ရသည်။ အံ့ဩ
လွန်းသဖြင့် အဟောင်းသားဖြစ်နေသည့် ပါးစပ်ကို ပြန်မပိတ်နိုင်မီ၊ တွန်းဖယ်
ပစ်ဖို့ သတိမရမီ မော်ဂင်က ခြေဖျားထောက်ပြီး သူ့ကို မွတ်မွတ်သိပ်သိပ်
နမ်းနေပြီ၊ သူ့နှုတ်ခမ်းအစုံကို ငုံခဲ၍ မလွှတ်တမ်းနမ်းနေခြင်း၊ ပူနွေးသော

ကျွမ်းကျင်သော အနမ်းမှရှန်းထွက်ဖို့ ရှော့စ် တော်တော်နှင့် အားမထုတ်နိုင် ဖြစ်နေ၏။ အတန်ကြီးကြာမှ သတိဝင်လာပြီး အတင်းတွန်းပစ်လိုက်သည် ထိုတဒင်္ဂတွင် စူးစူးရှရှ နာကျင်သည့် ဝေဒနာကို နှုတ်ခမ်းအစုံက သိလိုက်၏

ယောင်ယမ်းပြီး လက်တစ်ဖက်က နှုတ်ခမ်းဆီသို့ အလိုလိုရောက်သွား၏ လက်ဝါးတွင် သွေးတွေရွှဲသွားသည်။ မော်ဂင်က သူ့အောက်နှုတ်ခမ်းကို ကိုက် ထည့်လိုက်ခြင်း ဖြစ်သည်။

အမျိုးသမီးက အားရပါးရ ရယ်သည်။

"ကဲ... ဘာတတ်နိုင်သေးလဲ၊ ရှင့်ကို ကျွန်မ အချစ်တံဆိပ် ခတ်နှိပ်လိုက်ပြ အဲဒါ... ရှင့်ကျူးဘားသူမကို ပြောပြလိုက်လေ"

ပြောပြောဆိုဆို ချာခနဲလှည့်ပြီး အိမ်ကြီးဆီသို့ ပြေးထွက်သွားသည် အသွေးအသားထဲမှ ဆူပွက်လာသည့် ဒေါသများဖြင့် ရှော့စ်တစ်ကိုယ်လုံ ဆတ်ဆတ်တုန်နေသည်။ ဘုရား... ဘုရား... ကွန်ချီတာက ပန်းရုံတစ်ခုနံဘေး ရပ်ကြည့်လို့ပါလား။ ခဏငယ်အတွင်း ယိမ်းယိုင်လဲကျတော့မည့် ဟန်ဖြ သူကလေးလည်း အိမ်မကြီးဆီသို့ ပြန်လှည့်သွားသည်။ သွယ်စင်းဖြောင့်တ သော ကိုယ်နေဟန်မှာ ကျက်သရေရှိလှ၏။ နွေးကွေးစွာ လျှောက်လှမ်းသွားပုံမှ ခံ့ညားလှသည်။

ရှော့စ်ပါရီ နောက်မှ လိုက်မသွားတော့။ သူကလေး လှည့်ထွက်မသွား ပါးပြင်ပေါ်မှ မျက်ရည်ကြောင်းများကို လရောင်တွင် အထင်သားမြင်တွေ့လိုက် သည် မဟုတ်လား။

■

## အခန်း (၄)

တွမ်ပါရီက ရယ်ပြီး "ဟော့... ရှော့စ်၊ ဘာလိုဖြစ်လာတာလဲ၊ မျက်နှာလည်း မကောင်းပါလား"

"အသာနေစမ်းပါဗျာ"

"သြော်... ညီလေးရှော့စ်၊ ကဲ... အဲ့ဒီအမျိုးသမီးအကြောင်း ပြောစမ်းပါဦး၊ မင်း တစ်ခုခုဖြစ်ခဲ့ပြီ မဟုတ်လား"

"ဟာ... တွမ်ကလည်းဗျာ၊ သွားစမ်းပါ"

"ဒီမှာ ရှော့စ်၊ နမ်းနေရင်း ကိုက်တယ်ဆိုတဲ့မိန်းမဟာ ကြောင်မျိုးကွ"

"ဒီမယ် တွမ်"

"နေဦး ရှော့စ်၊ ငါ သဘောပေါက်ပြီ၊ မင်းကို ရိုးလွန်းတယ်ဆိုပြီး ငါ စိတ်ပူခဲ့တယ်၊ မင်းအရည်အချင်းကို ငါသိပါပြီကွာ၊ ဒီမော်ဂင်ဆိုတဲ့ မိန်းမကို ရခဲ့တုံးလို့ ထင်ခဲ့တာလည်း ငါမှားမှန်း သိပါပြီ"

ရှော့စ်က အေးစက်စက်လေသံဖြင့်

"နေပါဦး၊ ခင်ဗျားက ဘာဖြစ်လို့ မော်ဂင်လို့ အတပ်ပြောနိုင်ရတာတုံး"

"မုန်လာဥ လုပ်မနေပါနဲ့ ရှော့စ်ရာ၊ မင်း ညာလည်း မညာတတ်ဘဲနဲ့၊ ကဲ... ဆိုစမ်းပါဦး၊ အတွေ့အကြုံ ရှင်းလင်းပွဲလေး ဘာလေး လုပ်ဦးမှပေါ့ကွ၊ ကိုက်ရုံပဲလား၊ မင်းကို ဒီပြင် ဘာလုပ်သေးလဲ"

"တော်ပါဆိုမှ တွမ်ကလည်းဗျာ၊ လာ... သွားစို့၊ နောက်ကျနေရင် ရွေးကျတွေ ရနေဦးမယ်၊ စောစောရောက်မှ လူရွေးနိုင်မှာဗျ"

"မပူပါနဲ့ကွာ၊ ခုနှစ်ပိုင်းမှာ ဝယ်သူသိပ်နည်းနေပါပြီ၊ မြေပိုင်ရှင်တိုင်းမှာ လူမည်းကျွန်တွေ တစ်လှေကြီးရပြီးသားပဲ၊ သြော်... မင်းကို ငါပြောရဦးမယ်၊ အဘိုးကြီးဒယ်လ်တန် သစ်တွေပို့လာတယ်၊ လှည်းရှစ်စီးတိုက် အပြည့်ပဲဗျား။

သစ်တွေက ကောင်းမှကောင်း။ အလုပ်သမားတွေ ဝယ်ပြီးတာနဲ့ တို့လုပ်ငန်
စနိုင်ပြီ။ တောင်ပေါ်မှာ အိမ်ကြီးမဆောက်ခင် တို့အတွက် အိမ်ကလေးတစ်လုံ
အလျင်ဆောက်မှာပေါ့ ဟုတ်လား"

"ဒါပေါ့၊ ဒါပေမဲ့ ကျွန်တော်ကတော့ အချိန်ပြည့်နေနိုင်မှာ မဟုတ်
ပါဘူး၊ မစ္စတာဘရစ်တာနီရဲ့အိမ်ကိုလည်း တာဝန်ယူထားတော့..."

တွမ်က ရယ်ပြီး

"မင်း တစ်ချိန်လုံးသွားနေဖို့ မလိုပါဘူးကွာ"

"လုပ်ပြန်ပြီ၊ ဒီအကြောင်း ရပ်တန်းကရပ်ဗျာ"

ရှော့စ် မျက်မှောင်ကြုတ်ပြီး ပြောလိုက်သည်။

"ငါက စိတ်ပူလို့ပါကွာ၊ မင်းက အပစ်အခတ်လည်း မကျွမ်းဘဲနဲ့၊
လူကြီးက သေနတ်ယှဉ်ပစ်တဲ့နေရာမှာ နာမည်ကြီးနော်"

"မော်ဂင်နဲ့ ကျွန်တော် ဘာမှမဖြစ်သမျှ ပူစရာမလိုပါဘူး၊ နောက်ပြ
လန့်စ်က ကျွန်တော့်အပေါ် သိပ်ကောင်းနေသားပဲ"

"ဘာပဲဖြစ်ဖြစ်လေ အရေးအကြောင်းဆိုတာ မပြောနိုင်ဘူး၊ မင်းကို
သေနတ်ပစ် သင်ပေးရဦးမယ်"

"အဲဒီကိစ္စ နောက်မှ ကြည့်လုပ်တာပေါ့၊ ကဲ... အလုပ်ကိစ္စ သွားရအောင်

နှစ်ယောက်သား မြင်းကိုယ်စီဖြင့် ထွက်ခဲ့ကြသည်။ တောင်ပေါ်မြို့စွန်
အိမ်ကြီးတစ်ဆောင်ကို လှမ်းကြည့်ပြီး တွမ်က–

"တို့ဆောက်မယ့်အိမ် အဲဒီလောက် ကြီးမလားဟင်"

"ဒါပေါ့၊ ဒါပေမဲ့ ပုံစံချင်းတော့ တူမှာမဟုတ်ဘူး"

ချောမောခံ့ညားသည့် တွမ့်မျက်နှာကြီးပေါ်တွင် စိုးရိမ်ပူပန်သည့် အရိ
အရောင်တွေ ယှက်သန်းသွားသည်။

"ဒီလိုအိမ်ကြီးမှာ ငါ နေတတ်ပါ့မလား မသိဘူး၊ ဂျယ်နီက ငါ့အမူအကျ
တွေကို လူတော် သူတော်တိုးနိုင်အောင် ပြင်ပေးပါရဲ့။ ဒါပေမဲ့ ငါ ဂရုမစို
ခဲ့ဘူးကွ၊ ခု ငါဂရုစိုက်ရတော့မှာပေါ့နော် ရှော့စ်။ တို့တွေဟာ ဧရာမမြေပိုင်ရှင်ကြ
တွေ ဖြစ်တော့မှာပေါ့၊ ဟုတ်လား ရှော့စ်"

"သိပ်အကြီးစားကြီးတော့ ဘယ်ဟုတ်မလဲ၊ လန့်စ် ဘရစ် တာနီ မြေ
ဘယ်လောက်ပိုင်တယ်ဆိုတာ ခင်ဗျားသိသလား၊ ဧက ထောင့်တစ်ရာကျော်တယ
ဒီမှာရှိတာက နည်းနည်းလေးရယ်။ လူဝီးစီးယားနားမှာ ဧရာမစိုက်ခင်းကြီးဒေ
ရှိသေးသတဲ့။ ကျွန်တော်တို့က ဧက ၂၅၀ တည်းရယ် တွမ်။ သူတို့နဲ့စာရင် ဘယ



ပြောပလောက်မလဲ"

"အို... တို့လည်း တဖြည်းဖြည်း တိုးပွားလာမှာပေါ့ကွ"

အင်း... နောင်တော်ကြီး တွမ်လည်း ငါ့လိုပဲပိုးထနေပြီဟု ရှော့စ် တွေး
လိုက်မိသည်။ ဘာပဲဖြစ်ဖြစ်လေ ရည်မှန်းချက်မြင့်မြင့်ထားတာဟာ လူတစ်ယောက်
အတွက် ရောဂါဆိုးတစ်ခု မဟုတ်ပါဘူး။ နန်စီ၏နံဘေးကို ဖနောင့်နှင့်ရိုက်ပြီး
ရှော့စ် ရှေ့မှအသားကျစီးသွားသည်။ မကြာခင် ကျွန်အရောင်းအဝယ်လုပ်သည့်
ကျွန်ဈေးသို့ သူတို့ရောက်လာကြသည်။

တန်းလျားအမည်ခံ အမိုးနိမ့်နိမ့် တင်းကုပ်များကို လှမ်းမြင်ရသည်။
အာဖရိကမှ ခိုးယူတင်သွင်းလာသည့် ကပ္ပလီကျွန်အထီးအမများကို သည်တင်းကုပ်
များထဲတွင် ထည့်ပြီး ကျွန်ကုန်သည်တို့က အဝတ်ဆင်သည်။ အစားကျွေးသည်။
စကားအနည်းအကျဉ်း သင်ပေးသည်။ သူတို့အထဲတွင် ဂျော်ဂျီယာ၊ မေရီလင်နှင့်
ဗာဂျီနီယားမှ လက်ပြောင်း ရောင်းချလိုက်သည့် လူမည်းတွေလည်းပါ၏။

တွမ်ပြောသည့်အတိုင်းပင် ကျွန်ဈေးတွင် ဝယ်သူများများစားစားမရှိလှ။
တင်းကုပ်ရှေ့မှ မြေထဲတွင် ကျွန်ကုန်သည်က လူမည်းများကို တစ်ယောက်ပြီး
တစ်ယောက် လမ်းလျှောက်ပြခိုင်းသည်။ ကြွက်သားထုတ်ပြခိုင်းသည်။ ပါးစပ်
ဖြဲပြီး သွားကောင်းမကောင်း ပြခိုင်းသည်။ သို့သော် အရောင်းအဝယ် သိပ်မဖြစ်လှ။

ဈေးပြိုင်စနစ်နှင့် ရောင်းခြင်းဖြစ်သော်လည်း ကျွန်ရောင်းပွဲမှာ စည်စည်
ကားကားမရှိ။ အသားလတ်လတ်နှင့် ကပ္ပလီကပြားမလေး အလှည့်ရောက်မှ
ဝယ်သူတွေ လှုပ်လှုပ်ရှားရှား ဖြစ်လာကြသည်။ ကလေးမ၏ဆံပင်က နီညိုရောင်။
အိမ်ကြီးရခိုင်များတွင် အထက်တန်းလွှာ အိမ်ရှင်မများ၏ အိမ်ဖော်အဖြစ်
ကောင်းကောင်းကြီး အသုံးဝင်နိုင်ကြောင်း လေလံသမားက ဖွဲ့ဖွဲ့နွဲ့နွဲ့ ညွှန်းနေ၏။

"တို့လည်း လိုမှာပဲ ရှော့စ်၊ အဲဒါလေး ဆွဲလိုက်ရင် မကောင်းဘူးလား"

"နေစမ်းပါဦး၊ ပိုက်ဆံကလေးက မဖြစ်စလောက်နဲ့၊ အလုပ်သမား
ကောင်းကောင်းရဖို့ အရင်ရှာရမယ်ဗျ၊ ခင်ဗျားအပျင်းပြေဖို့ ဦးစားမပေးနိုင်ဘူး၊
ပြီးတော့ ခင်ဗျားနဲ့ဂျယ်နီ မကြာခင် လက်ထပ်တော့မှာ။ အခိုပွားယ်မရှိ မလုပ်
ချင်ပါနဲ့ တွမ်"

"အေး... မင်းပြောတာဟုတ်တယ်၊ ဂျယ်နီက မြေပိုင်ရှင်ကတော်တွေလို
ဒီကိစ္စမျိုးကို မျက်နှာလွှဲနေမှာ မဟုတ်ဘူး၊ ကောင်မလေးကို ကြိမ်နဲ့ဆော်မှာ၊
ငါလည်း သက်သာမှာမဟုတ်ဘူးကွ၊ ဟဲ... ဟဲ... တို့ သက်ကြည့်ကြတာပေါ့၊
ဗလကောင်းကောင်းတွေ ထွက်လာဦးမှာပါ"

မွန်းလွဲပိုင်းလောက်တွင် သူတို့ညီအစ်ကိုနှစ်ယောက် ကပွလီငါးဆယ်နီးပါး ဝယ်ပြီးပြီ၊ ထိုအထဲမှ လူငယ်ငါးယောက်ကို ရှော့စ် သဘောကျနေ၏။ သစ်လုပ်ငန်း နှင့် လက်သမားပညာကို အထိုက်အလျောက် ကျွမ်းကျင်သူများဟု သိရ၏။ မိန်းကလေးတွေလည်း ပါသည်။

ကိစ္စပြီး၍ ပြန်ကြတော့မည့်ဆဲဆဲတွင် ဝယ်သူပရိသတ် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ ကျွန်ကုန်သည်က သူ့လက်ထောက်ကို တစ်စုံတစ်ရာ ကပ်ပြော လိုက်သည်။ လက်ထောက်လုပ်သူ တင်းကုပ်ဆီသို့ ပြေးသွား၏။ သည်ညီအစ်ကို ကြောင့် ယနေ့ အတော်ကလေး အလုပ်ဖြစ်လိုက်သဖြင့် ကျွန်ကုန်သည်က တွမ်နှင့် ရှော့စ်ကို သဘောကျနေသည်။

တင်းကုပ်ဆီသို့ ပြေးသွားသူသည် ဧရာမကပွလီကြီးတစ်ယောက်ကို ခေါ်ထုတ်လာသည်။ သည်လောက် ကြီးခိုင်သည့်လူမျိုး ရှော့စ် တစ်ခါမျှမမြင်ဖူးခဲ့ ခြောက်ပေနှစ်လက်မမြင့်သော တွမ်ထက် နှစ်လက်မခန့် ပိုမြင့်လိမ့်မည်ဟု ခန့်မှန်းလိုက်၏။ လက်မောင်းအိုးကြီးနှစ်ဖက်မှာ ကြွက်သားတွေ လှိုင်းထလျက် ဝက်သစ်ချပင်ကြီးတစ်ပင်လို တောင့်တင်းသည့်ကောင်ကြီး။ နွားတစ်ကောင်၏ လည်ပင်းချိုးလို မတ်မတ်ထားပြီး မျက်ထောင့်နီကြီးနှင့် လူဖြူတစ်သိုက်ကို ရန်လိုမုန်းတီးစွာ ကြည့်နေသည်။

တွမ်က ရှော့စ်နားနား ကပ်ပြောသည်။

"အဲဒီကောင်ကြီး ဆွဲရအောင်ကွာ၊ တော်တော်လှတဲ့ကောင်ကြီး"

လေလံဆရာက အော်ပြန်သည်။

"ဟောဒါက ဘရူတပ်စ်၊ အသက် ၃၂ နှစ်၊ အလေးချိန် ၂၄၅ ပေါင် တစ်ကိုယ်လုံး ကြွက်သားတွေချည်းပဲဗျာ။ ပန်းပဲကောင်းကောင်းလုပ်တတ်တယ် စိုက်ပျိုးရေးလည်း လုပ်ဖူးတယ်။ ကျွန်တော်တို့ရဲ့ လက်ရွေးစင်ကောင်းကြီးပဲ ကြမ်းခင်းဈေးက ဒေါ်လာနှစ်ထောင် ဖြစ်ပါတယ် လူကြီးမင်းများ ခင်ဗျား"

ရှေ့တန်းမှ ရှေ့နေကလေးတစ်ယောက်–

"ထောင့်နှစ်ရာပေးမယ်၊ တစ်ပြားမှမပိုဘူး။ ဒီကောင်ကြီးကြည့်ရတာ အန္တရာယ်ရှိမယ့်ပုံမျိုးကြီး"

ရှော့စ်က ရှေ့နေကလေးနှင့် သဘောတူလိုက်မိသည်။ ဘရူတပ်စ် ခေါ် လူ့ဘီလူးကြီးက တခြားလူမည်းတွေလို အထိတ်တလန့် သိမ်သိမ်ငယ်ငယ်မဟုတ် ဘဲ လောကကို ထီမထင်တဲ့ပုံဖြင့် တွေပြီး ရပ်နေ၏။

အင်း... ဒုက္ခပေးမယ့်ပုံစံပဲ။ တွမ်လည်း တွေသွား၏။ ရှော့စ်ကို



တိုးတိုးကပ်ကပ် ပြောပြန်သည်။

"ရှေ့နေကလေးပြောတာ ဟုတ်လောက်တယ်ကွ၊ ကြည့်ရတာ လူသတ်မယ့် ရုပ်မျိုး"

"နားထောင်ဦး တွမ်"

လေလံသမား စကားဆက်ပြန်သည်။

"လူကြီးမင်းများခင်ဗျား တိုးပေးကြပါဦး၊ ဒီကောင်ကြီးဟာ ပန်းပဲလုပ်ငန်း မှာ အဟုတ်ကျွမ်းတဲ့ ကောင်ကြီးပါ၊ ဗလကောင်းသလောက် အလုပ်ခွင့်မှာ..."

"ထောင့်သုံးရာ"

သူတို့ညီအစ်ကိုနံဘေးမှ လူတစ်ယောက်က တစ်ရာတိုးပေးလိုက်သည်။ ယခုထိ ဆင်သည့်အကွက် မဝင်သေးသဖြင့် ကျွန်လေလံသမား မျက်မှောင်ကုတ် သွားသည်။

ထိုစဉ် လမ်းပေါ်မှ မြင်းခွာသံများ ဆူဆူညံညံ ကြားလိုက်ရ၍ အားလုံး လှည့်ကြည့်လိုက်ကြသည်။ ရထားနှစ်စီး ထိုးဆိုက်လာသည်။ ကျွန်ကုန်သည်က နောက်ရောက်လာသည့် လူကြီးမင်းများကို မျှော်လင့်တကြီး ခေါ်နေသည်။ ရထားနှစ်စီးအနက် တစ်စီးမှာ မြေပိုင်ရှင် မစ္စတာမွန်းကလစ်၏ ရထားဖြစ်သည်။ နောက်တစ်စီးကိုတော့ ရှော့စ် မသိ။

ရထားမောင်းသမားများက ခုန်ဆင်းပြီး တံခါးဖွင့်ပေးကြရသည်။ အမျိုးသမီး များက ဆင်းမလာဘဲ ရထားလုံးထဲမှာပင် ထိုင်ကြည့်နေကြ၏။ ဟင်..., ရှော့စ် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ မျက်နှာလည်း ဖြူဖပ်ဖြူရော် ဖြစ်သွား၏။ မွန်းကလစ်ညီအစ်မနှစ်ယောက်၏ အလယ်တွင် ထိုင်နေသူ ကွန်ချီတာ။

မျက်နှာကို လေလံပွဲဆီသို့ ဖွတ်လှည့်လိုက်ရ၏။ ခါးသီး နာကြည်းစွာ တွေးမိလိုက်သည်။ ဆုံးပြီပဲ၊ နှိုဒါန်းမပျိုးရသေးခင် နိဂုံးချုပ်လိုက်ရသည့် ရေပွက်ပမာ ဇာတ်လမ်း၊ ကောက်ကျစ်စဉ်းလဲမှုတွင် သရုပ်ဆောင်ထားသည့် မိန်းမတစ်ယောက်ကြောင့် ပျက်ရသည့်ဇာတ်လမ်း။ ဒီမိန်းမမျိုးမှာ အချစ်ဆိုတာ မရှိနိုင်ပါဘူး။ သူ့ယောက်ျားကိုလည်း ချစ်မှာမဟုတ်ဘူး။ ဘယ်ယောက်ျားကိုမှ လည်း ချစ်မှာမဟုတ်ဘူး။ အခြား အခြားသော မိန်းမသားများရဲ့ ပျော်ရွှင်မှုကို မရှုရက်၊ မမြင်ရက်တဲ့...။ နောက်ဆိုက်လာသည့် ရထားနှစ်စီးမှ လူမည်းရထား မောင်းသမားနှစ်ယောက်က အရောင်းအဝယ် ဖြစ်သွားသည့်ကျွန်များကို ကြည့်ပြီး ရယ်မောနောက်ပြောင်နေကြသဖြင့် ရှော့စ် အတွေးစ ပြတ်သွားသည်။

တစ်ယောက်က

"ဟိုကောင်ကြီးကို ကြည့်စမ်း၊ လူကောင်ကြီးသလောက် အချိန်စီးမယ့်ပုံ မဟုတ်ပါဘူး၊ နှစ်ရာထက် ပိုမတန်ပါဘူးကွာ"

မွှန်းကလစ်၏လူက ပြန်ပြောသည်။

"ငါ့သခင် ငါ့ကို ဝယ်တုန်းကဈေးနဲ့ ဟောဒီမှာရှိတာတွေ အားလုံး ဝယ်နိုင်တယ်"

"မင်းသခင်က မင်းကို ဘယ်လောက်နဲ့ ဝယ်ခဲ့လို့လဲ၊ ခြောက်ရာနဲ့လား"

"ဘယ်ဂါလာ ခုနစ်ရာ ကိုယ့်လူရဲ့၊ ခုနစ်ရာ"

"အလို... ငါ တော်တော်အောက်တန်းကျတဲ့ ကပ္ပလီနဲ့ စကားပြောနေမိပါလား၊ ငါ့သခင်ဟင်နရီ ငါ့ကိုဝယ်တုန်းက ဘယ်လောက်မှတ်လဲ၊ တစ်ထောင် ကိုယ့်လူ၊ တစ်ထောင်"

သူတို့နှစ်ယောက်က အော်ကြီးဟစ်ကျယ် ပြိုင်ဆိုင်နေကြခြင်းဖြစ်၏။ ကြံကြံဖန်ဖန် ဂုဏ်ပြိုင်တတ်သည့် လူ့သဘာဝကို ရော့စ် ပြုံးမိသည်။ သို့သော် လူမည်းကြီးဘရုတပ်စ်က သူတို့နှစ်ယောက်ကို စားတော့ ဝါးတော့မတတ် ဒေါသအမျက်ခြောင်းခြောင်း ထွက်နေသည့် မျက်လုံးများဖြင့် လှမ်းကြည့်နေသည်။ သူ့အသံ တွေ တဆတ်ဆတ်တုန်လာသည်။

ဘယ်သူမျှ မတားလိုက်နိုင်မီ ကြောင်တစ်ကောင်၏ လျင်မြန်မှုမျိုးဖြင့် ခုံတန်းပေါ်မှ လူအုပ်ထဲသို့ ပြေးဆင်းလာသည်။ ပျော်ပျော်ရွှင်ရွှင် နောက်ပြောင်ရင်း စကားနိုင်လုနေသည့် ကပ္ပလီရထားမောင်းသမားနှစ်ယောက်ကို ဖမ်းဆွဲပြီး သူတို့ခြေထောက်တွေ မြေကြီးနှင့်လွတ်သွားသည်အထိ ဆွဲမြှောက်လိုက်သည်။

"ဇာတ်တူသားချင်း စားချင်တဲ့ ခွေးသားတွေ၊ ကိုယ့်ကိုယ်ကိုယ် ကျွန်ဖြစ်တာတောင် တန်ဖိုးပြိုင်နေကြတယ်၊ ဒီမယ် လူသားအချင်းချင်း ဘယ်တော့မှ ဝယ်လို့မရဘူး၊ လူတစ်ယောက်ရဲ့တန်ဖိုးကို ဘာနဲ့တိုင်းလို့မှမရဘူး၊ မင်းတို့လို အောက်တန်းစား မည်းတွေသာ ကျွန်ခံကြ၊ ငါလည်း အဝယ်ခံရမှာပဲ၊ ကျွန်ပဲ ဒါပေမဲ့ ငါ့အသည်းနှလုံးက ဘယ်တော့မှ သူ့ကျွန်မခံဘူး၊ အမြဲ လွတ်လပ်နေမယ်။ ငါ့နှလုံးသားကို ဘုရားသခင်ကလွဲပြီး ဘယ်သူမှ မပိုင်ဘူး။ တစ်နေ့မှာ ငါတို့ လွတ်မြောက်ရမယ်ကွ၊ အေး... မင်းတို့လို..."

ဘရုတပ်စ်သည် ပြောပြောဆိုဆို ဒေါသကို မထိန်းနိုင်တော့ဘဲ ရထားသမားများကို ခေါင်းချင်းဆိုင် ရိုက်ချလိုက်သည်။ အခွံခွာပြီးသား အုန်းသီးနှစ်လုံးကို ကိုင်ပေါက်လိုက်သံနှင့်အတူ မည်းသားနှစ်ယောက် ဖုန်ထဲတွင် ခွေခွေကလေး ကျသွားသည်။ မလှုပ်တော့။ တစ်ပြိုင်တည်းတွင် ကျွန်ထိန်းသမား၏ ကြိုးပေ



ကြာပွတ်ကြီး တရှိုးရှိုးမြည်ကာ ဘရုတပ်စ်၏ကိုယ်ပေါ်သို့ ...ကျရောက်လာတော့သည်။ ချက်တိုင်း ချက်တိုင်း သွေးတွေ ရဲခနဲ၊ ရဲခနဲ။

ဘရုတပ်စ်က မလှုပ်မယှက် ပေခံနေသည်။ ရထားထဲမှ ကွန်ချီတာက ...က်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်ကာ ခေါင်းကိုငုံ့ချလိုက်သည်။ မြင်ကွင်းကို ...ကြည့်နေရင်း ရော့စ်၏ရင်ထဲတွင် မုန်တိုင်းတိုက်နေပြီ။ သည်းမှုရဲတင်းပြီး ...ည်မျှ အဆင့်မြင့်သည့်လူမည်းမျိုး တစ်သက်တွင် ပထမဆုံးမြင်ဖူးခြင်း။

ဒေါ်လာ ထောင့်လေးရာပေးမည်ဟု လေလံဆွဲထားသူက

"ကျုပ် လေလံကို ရုပ်သိမ်းတယ်"

ရှေ့နေကလေးကလည်း

"ကျုပ်လည်း ရုပ်သိမ်းတယ်၊ ဒီကောင်ကြီးကို မဝယ်ရဲဘူး၊ ဒုက္ခပေးမှာ သေချာတယ်"

"ခွေးကောင်ကြီး ခုံတန်းပေါ် ပြန်တက်စမ်း၊ ခုချက်ချင်းတက်"

ကျွန်ထိန်းက အော်ရင်းရိုက်၊ ရိုက်ရင်း အော်နေသည်။

"ဟေး... တော်တော့"

ရော့စ် ကိုယ့်အသံကို ကိုယ် အံ့ဩစွာ ပြန်ကြားလိုက်၏။

"ကျုပ် သူ့ကိုဝယ်တယ်၊ ထောင့်လေးရာပေးမယ်"

အားလုံး ရော့စ်ကို လှည့်ကြည့်ကြသည်။ အပ်ကျသည်ကိုမျှ ကြားရ...လောက်အောင် ငြိမ်ကျသွား၏။ နောက်မှ လေလံသမား၏အသံ ပေါ်လာသည်။

"ရောင်းပါတယ်၊ ဒီကောင်ကြီးကိုလည်း ဆက်မထားချင်တော့ပါဘူး"

"ဟေ့... မင်းလက်ထဲက ကြာပွတ်ကို ချလိုက်စမ်း"

ရော့စ်က ကျွန်ထိန်းကို လှမ်းအမိန့်ပေးလိုက်သည်။

"ခုချိန်ကစပြီး မင်း သူ့ကို လက်ဖျားနဲ့မတို့နဲ့။ ကဲ... ဘရုတပ်စ် ဒီကို ...လာပါဦးကွာ"

ပထမ လူမည်းကောင်ကြီး ကြောင်နေသည်။ နောက်မှ လေးလံသည့် ...ခြေလှမ်းများဖြင့် ရော့စ်ဆီသို့ လျှောက်လာသည်။ ရော့စ်သည် လူပုတစ်ယောက် ...မဟုတ်ပေ။ ငါးပေဆယ်လက်မမြင့်သည်။ စီးထားသည့်ဖိနပ်က တစ်လက်မအမြင့်။ ...သော် ဘရုတပ်စ်ရှေ့တွင် ပိဘိ လူပုကလေးဖြစ်နေ၏။

နံဘေးတွင်ရပ်နေသည့် တွမ်၏ညာလက်က ကုတ်အင်္ကျီအောက်သို့ ...က်ချင်းရောက်သွားပြီး သေနတ်ဆွဲ ထုတ်လိုက်၏။

"မလိုပါဘူး တွမ်၊ သေနတ်ပြန်ထည့်လိုက်ပါ၊ ဘရုတပ်စ် ကျွန်တော့်ကို

ရနိမ့်မှုပါဘူး၊ ဟုတ်တယ်မဟုတ်လား ဘရုတပ်စ်"

ကပ္ပလီကြီးက သူ့ကို တအံ့တသြကြည့်နေသည်။ သူ့ခေါင်းထဲတွ
အလင်းတန်းတစ်ခု ဖြတ်သန်းသွား၏။ လောကကြီးထဲ သည်လိုလူဖြူလဲ ရှိ
သေးလား။

"မင်း အဲဒီလိုပဲ အရင်တုန်းကလည်း အနှိပ်စက်ခံခဲ့ရတာပဲလား"

ရောဇ်က လေအေးကလေးဖြင့် မေးလိုက်၏။

"ဟုတ်ကဲ့ခင်ဗျာ၊ ဂျော်ဂျီယာကလူတွေက သိပ်ရက်စက်ကြပါတယ်"

"ကောင်းပြီလေ၊ မင်းကို ဘယ်သူမှမရိုက်မနှက်စေရဘူး၊ မင်းကို
ပန်းပဲဆရာအဖြစ်အသုံးပြုမယ်၊ ပြီးတော့ အလုပ်သမားခေါင်းအဖြစ်လည်း မင်း
တာဝန်ပေးမယ်၊ ငါ မင်းကိုယုံတယ် ဘရုတပ်စ်။ မင်းဟာ ယုံကြည်အားထား
မယ့် လူမျိုးဆိုတာ ငါသိတယ်"

ကျွန်ထိန်းက သံခြေချင်းတွေ၊ လက်ထိတ်တွေ သယ်ပိုးပြီး အနားရော
လာသည်။ ဘရုတပ်စ်ကို ထူးခတ်ဖို့ဟန်ပြင်သည်။ ရောဇ်က အေးစက်စ
အသံဖြင့်–

"ဟေ့… ငါ့လူတွေကို တစ်ယောက်မှ ခြေချင်းမခတ်နဲ့၊ လက်ထိ
လည်း မလိုဘူး၊ ကဲ… တွမ် သွားကြစို့။ ဘရုတပ်စ်၊ မင်းကဦးဆော
သူတို့ကိုခေါ်သွား"

မမျှော်လင့်ဘဲ ဘရုတပ်စ်၏အပြုံးကို ရောဇ် တွေ့လိုက်ရသည်။ အလွ
ချိုသာသည့်အပြုံးမျိုး၊ မျက်နှာတစ်ခုလုံး နူးညံ့သည့်အသွင်ကို ရုတ်ခြည်းပြောင်း
သွား၏။

"ဟုတ်ကဲ့ခင်ဗျာ၊ ဆရာဟာ အလွန်ကြင်နာတတ်တဲ့ သခင်တစ်ဦးဖြစ်တ
ဆိုတာ ကျွန်တော်သိပါပြီ၊ ဆရာ့ဆီမှာ ကျွန်တော့် အသုံးဝင်စေရပါမယ်ဆ

"ငါလည်း အဲဒီလိုပဲ မျှော်လင့်ပါတယ်ကွာ၊ ကဲ… သွားစို့ တွမ်"

ထိုစဉ် သူတို့ဆီသို့ ပြေးလာနေသည့်ခြေသံနှင့် ပိုးဝတ်ရုံတရှမ်းရှမ်းအ
ကို ကြားလိုက်ကြရသည်။ ကွန်ချီတာက တအားပြေးချလာပြီး ရောဇ်၏ လ
မောင်းကို ဖမ်းဆုပ်လိုက်၏။

မျက်လုံးစိမ်းများထဲတွင် မျက်ရည်တွေ ပြည့်လျှံလျက်။

"မနေ့ညကအကြောင်း ကွန်ချီတာ တောင်းပန်ပါတယ် အစ်ကို၊ ထင်
အတိုင်း အစ်ကိုဟာ လေးစားစရာကောင်းတဲ့ လူတစ်ယောက်ဆိုတာ နားလ
ပါပြီ၊ အင်မတန်ပြည့်ဝတဲ့၊ အကြင်နာကြီးတဲ့ နှလုံးသားပိုင်ရှင်မှန်း သိပ



အစ်ကို၊ ဒါနဲ့… ဒါနဲ့များ အစ်ကိုရယ် ဘာဖြစ်လို့ သူ့ကိုနမ်းတာလဲဟင်"

"မသိဘူး၊ သူမှန်းမသိဘူး၊ မှောင်နေတော့ ပထမ မင်းပဲအောက်မေ့တာ"

ရောဇ် တုံးတိတိ ပြောလိုက်သည်။

ကွန်ချီတာ သူ့ကို အကြောင်သား ငေးကြည့်နေသည်။ အတန်ကြာမှ
ယ်ဖော်ပြုံးဖော် ရလာ၏။ သူ့လက်မောင်းကို တင်းတင်းဆုပ်ပြီး ခြေဖျားထောက်
၍ တိုးတိုးကလေး ပြောသည်။

"ကွန်ချီတာ နောက်ကျသွားလို့ပေါ့နော်၊ ဒီမှာ ဘယ်လောက်ဆွေးနေရ
လဲ သိလား"

"နောက် မဆွေးစေရတော့ပါဘူး ကွန်ချီတာလေးရယ်"

တွမ်က လေသံနှိမ့်ပြီး–

"ညီလေး… ရောဇ်၊ ငါက မော်ဂင်နဲ့ ထင်နေတာ၊ ငါ့အထင်မှားမိတာ
တောင်းပန်ပါတယ်ကွာ၊ သူကလေးက ဘယ်သူလဲဟင်၊ မင်းကို ငါ ဒါလောက်
မယ် မထင်ခဲ့ဘူး၊ သိလား"

ရောဇ်က အင်္ဂလိပ်စကားဖြင့် မိတ်ဆက်ပေးသည်။

"ကွန်ချီတာ၊ ဒါ ကိုယ့်အစ်ကို တွမ်ပါရီလေ၊ တွမ် သူက ဆီညော်ရီတာ
ကွန်ချီတာ အစ္စကွာဒိုတဲ့"

"တွေ့ရတာ သိပ်ဝမ်းသာပါတယ်ဗျာ၊ ဘုရားသခင်က ဘာပြုလို့ ကျုပ်နဲ့
မမိနဲ့ အရင်တွေ့ရအောင် ဖန်ဆင်းမပေးပါလိမ့်"

တွမ်က ဦးထုပ်ကိုမြှောက်ပြီး ခင်ရှင်ရှင်နဲ့ နှုတ်ဆက်သည်။

ကွန်ချီတာကရယ်ပြီး "ဟုတ်ကဲ့၊ ဝမ်းသာပါတယ်၊ အစ်ကိုရဲ့အစ်ကိုက
သိပ်ချောတာပဲနော်"ဟု ပြောပြောဆိုဆို တွမ့်ဘက်လှည့်ကာ "အစ်ကိုကြီးရဲ့
ညီတော်မောင်က သိပ်ချစ်ဖို့ကောင်းတာပဲ၊ ပြီးတော့ သိပ်သိမ်မွေ့တာပဲ၊ ကွန်ချီ
တာလေ သူ့ကို သိပ်… သိပ်မြတ်နိုးတယ်"

ကွန်ချီတာ အင်္ဂလိပ်စကားပြောသည်ကို ရောဇ် ပထမဆုံးကြားဖူးခြင်း၊
ါးစပ်အဟောင်းသားဖြစ်နေ၏။ သည်လောက် သွက်သွက်လက်လက် ပြောနိုင်
လိမ့်မည်မထင်ခဲ့။ ခုမှ စဉ်းစားမိသည်။ သည်လို ခေတ်ပညာတတ် မိန်းကလေး
တစ်ယောက်အဖို့ ဘာသာစကားတစ်ခုကို တတ်ဖို့ ခက်ခဲလိမ့်မည် မဟုတ်ဟု၍။

"မြတ်နိုးတယ်ဆိုတာ သိပ်မပြည့်စုံဘူးကွယ်၊ ချစ်တယ်လို့ မင်းပြောချင်
တာ မဟုတ်ဘူးလား ဟင်"

တွမ်က ဝင်ထောက်ပေးလိုက်သည်။

ကွန်ချီတာ ရော့စ်ကို မျက်လွှာပင့်ကြည့်ပြီး ပြုံးသည်။ ပြီးတော့ 
သည်။

"ဟုတ်ကဲ့… ဟုတ်ပါတယ်၊ ကွန်ချီတာ သူ့ကို သိပ်သိပ်ချစ်ပါတ 
အစ်ကိုကြီးရယ်၊ လက်ပွေ့အိတ်ထဲထည့်ပြီး တစ်ခါတည်း အိမ်ကို သယ် 
တော့မယ်နော်"

ရော့စ်က တွမ်ဘက်သို့လှည့်ပြီး–

"ကဲ… တွမ်၊ အဖွဲ့သားတွေကိုခေါ်ပြီး သွားနှင့်ဗျာ၊ ဒီနေ့ ဘာမှမခိုင်းပါ 
ဝက်နှစ်ကောင်လောက်ဝယ်ပြီး ကောင်လုံးကင်ပွဲ လုပ်ပေးလိုက်ပါ၊ မနက်ဖြ 
စပြီး သူတို့ ကျွဲလိုနွားလို အလုပ်လုပ်ကြပါလိမ့်မယ်"

"အေး… အေး… ကောင်းပြီ၊ သွားပါဦးမယ် ဆီညော်ရီတာ၊ မင်း 
မြတ်နိုးစရာကောင်းတဲ့ ချစ်သူတစ်ယောက်နဲ့အတူ အားကိုးစရာ ခဲအိုတစ်ယော 
လည်း ရပြီလို့ မှတ်ထားလိုက်နော်"

ကွန်ချီတာ တစ်ကိုယ်လုံး တောင့်တင်းသွားသည်ဟု ရော့စ် ထင်လိုက် 

"ဘာဖြစ်လို့လဲဟင် ကွန်ချီတာ"

"ဟင့်အင်း၊ ဘာမှမဖြစ်ပါဘူး အစ်ကို၊ ကွန်ချီတာကို ရထားဆီပြ 
ပေးနော်"

"ဒီည တွေ့ကြရအောင်လား ကွန်ချီတာရယ်"

"ခု ကွန်ချီတာတို့ ဆီညော်မွန်းကလစ်အိမ်မှာ တည်းနေတယ်၊ အ 
အိမ်ရှင်ရဲ့ခွင့်ပြုချက်ရအောင် လုပ်လေ၊ ပြီးမှ ဖေဖေ့ဆီ ကွန်ချီတာခွင့်တောင်းမ

"အဆင့်တွေကလည်း များလှချည်လားကွာ"

"စိတ်မပျက်ပါနဲ့ အစ်ကိုရယ်၊ ဖေဖေက အစ်ကို့ကို သဘောကျပြီးသ 
တွေ့ခွင့်ပေးမှာပါ"

"အင်း… ထင်ရတာပေါ့လေ"

နှစ်ယောက်သား ရထားဆီသို့ ရောက်လာကြသည်နှင့် ရော့စ်က 
ကလစ် မောင်နှမများကို ဦးညွှတ်နှုတ်ဆက်သည်။ ဟင်နရီမွန်းကလ 
တောင်းပန်စကား ဆိုသည်။

"မစ္စတာမွန်းကလစ်ရဲ့ ရထားသမား ခုလိုဖြစ်ရတဲ့အတွက် ကျွန်ုပ 
တောင်းပန်ပါတယ်ခင်ဗျား၊ ဆေးဖိုးဝါးခ ကုန်မယ်ဆိုရင် ကျွန်တော် ကျ 
ရစေ"

ဟင်နရီမွန်းကလစ်က–



"အို… ကိစ္စမရှိပါဘူး မစ္စတာပါရီ၊ ဒါလောက်တော့ ဒီကောင်တွေ 
နိုင်ရည်ရှိပါတယ်၊ နောက်တစ်ခုက ခုလိုဖြစ်တဲ့အချိန်မှာ ဟိုငမည်းကောင်ကြီး 
ခင်ဗျားလက်ထဲမှ မရောက်သေးတာပဲ၊ ဒီတော့ ဘာမှ ကျုပ်ဘက်ကပြောစရာ 
ရှိဘူး၊ ဟော… ဟိုမှာ စီပီယို ထလာနေပြီ"

ရော့စ် လှည့်ကြည့်လိုက်သည်။ ရထားသမားသည် ဝတ်ကောင်းစားလှ 
တွ တွန့်ကြေလျက် ဒယီးဒယိုင်နှင့် သူ့ရထားဆီသို့ လျှောက်လာနေသည်။ 
ည်းချိတ်နေသည့်မျက်နှာကြီးအား အလွန်အမင်း ရှုံ့တွပြီး ဝေဒနာကို ပုံကြီးချဲ့ 
စားနေပုံ။

မစ္စတာမွန်းကလစ်က

"အနည်းဆုံး တစ်ပတ်လောက်တော့ မူရာမာယာများပြီး ဒီကောင် 
ကပ်နေမှာ သေချာတယ်၊ ကောင်းတယ်၊ ဒီလိုခံပေးရမှ ကောင်းတယ်။ အိမ်စေ 
ကျွန်တွေအားလုံး ပျက်စီးခြင်းမက ပျက်စီးနေပြီဗျ"

ထိုစဉ် ကွန်ချီတာက မစ္စတာမွန်းကလစ်ကို ကြည့်ပြီး–

"ဒီမယ် ဆီညော်၊ မစ္စတာပါရီက ဒီည ကွန်ချီတာဆီ လာလည်ချင်လို့တဲ့၊ 
ဆီညော် ခွင့်ပြုနိုင်ပါ့မလားဟင်"

"အို… သိပ်ခွင့်ပြုတာပေါ့၊ ကိုယ်ကလည်း သူနဲ့စကားပြောချင်နေတာ။ 
ဒါပေမဲ့ ခုတင်က အဖြစ်အပျက်ကိုကြည့်ပြီး သူနဲ့ပတ်သက်ရမှာ စဉ်းစားစရာ 
ဖြစ်လာတယ်၊ ဘာပဲဖြစ်ဖြစ် အိမ်ကိုတော့ အချိန်မရွေး လာနိုင်ပါတယ် မစ္စတာ 
ပါရီ။ ဩော်… ဒါထက် မနေ့ညက ကွစ်တ်မန်ကို အဲ့ဒီလိုခွေးနှေးနိုင်တဲ့အတွက် 
င်ဗျားကို ကျေးဇူးတင်မိတယ်။ အဲလို သူ့ကို အကျိုးသင့် အကြောင်းသင့် 
ပြောင်းဖျမယ့်သူ ရှိသင့်ပြီဗျ"

"ဒါပေမဲ့ သူ့လိုတစ်ယူသန်သမားတစ်ယောက်ကို အကျိုးသင့် အကြောင်း 
သင့်ပြောလည်း သိပ်တော့ ထူးမယ်မထင်ပါဘူး ခင်ဗျာ"

ဟင်နရီမွန်းကလစ်က စိတ်ပျက်လက်ပျက် လေသံဖြင့်

"ဟုတ်တော့ဟုတ်တယ်ဗျ၊ တစ်ခုတော့ ရှိတယ်လေ…"

"အို… အစ်ကိုကလည်း …"

ညီအစ်မနှစ်ယောက်အနက် အကြီးမ အယ်လင်မွန်းကလစ်က စကား 
ဖြတ်လိုက်သည်။

"မစ္စတာပါရီက ဥရောပက ပြန်ရောက်စဆို။ ပြင်သစ်လည်း ရောက်ခဲ့တယ် 
ဆိုတော့ ပါရီဖက်ရှင်ပွဲတွေအကြောင်း မေးမလို့ဟာ၊ တကတည်း နိုင်ငံရေးတွေ

ချည်း ပြောနေကြတာပဲ”

အငယ်မ ဂျိန်းက စကားဖြတ်ပြန်သည်။

“အို… အယ်လင်ကလည်း၊ နောင်ကြုံမှ မေးတာပေါ့၊ ဒါထက် မစ္စတ
ပါရီ၊ ရိုင်းတယ်လို့ မထင်နဲ့နော်၊ ရှင့်နှုတ်ခမ်းက ဒဏ်ရာ ဘယ်လိုရတာလဲဟင်

ရော့စ် ကြောင်သွားသည်။ ကယောင်ကတမ်းနှင့် ပါးစပ်ကအနာ
ညာလက်ဖြင့် ဖုံးလိုက်မိသည်။ ပြီးမှ သတိဝင်လာပြီး ဂျိန်းမွန်းကလစ်
ခပ်အေးအေးလှမ်းကြည့်သည်။

“ရိုင်းတယ်လို့ မထင်ပါဘူး၊ ဒါပေမဲ့ အဲဒီအကြောင်း မပြောချင်
အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါနော်”

ဟင်နရီ ရယ်လိုက်ပြီး

“သဘောကျလိုက်တာဗျာ၊ ကျွန်တော့်ညီမ မစပ်စုကို ဒဏ်ပေးမယ့်
ခုမှပေါ်တယ်”

ဂျိန်းနှင့် အယ်လင်တို့ ညီအစ်မနှစ်ယောက်က ကွန်ချီတာကို မျက်
အပြုံးသားနှင့် စိုက်ကြည့်နေကြသည်။ ပြီးမှ ဂျိန်းက

“ကွန်ချီတာ၊ မင်း တော်တော်နောက်တာပဲ၊ အဲဒါ မင်းလုပ်တာလားဟင်

ကွန်ချီတာ လှလှကလေး မဲ့ပြုံးပြုံးလိုက်ပြီး

“အို… မဟုတ်တာကွယ်။ ဒါပေမဲ့ ဘယ်သူ့လက်ချက်လဲဆိုတာ ကို
သိတယ်။ တစ်ခု မေးပါရစေ ဆီညော်မွန်းကလစ်။ မစ္စစ္စပီမှာ အမျိုးသမီးချ
ယှဉ်သတ်ခွင့်ရှိပါသလား”

“ဟာ… ဘယ်ကလာ၊ ဘာစိတ်ကူးရလို့ ဒီမေးခွန်း မေးတာလဲ”

“နှစ်ယောက်ချင်း ယှဉ်သတ်ဖို့ အခွင့်အရေးမရရင်လည်း ဒီမိန်းမ
တစ်နည်းနည်းနဲ့ ရှင်းရလိမ့်မယ်”

ကွန်ချီတာအသံက တည်ငြိမ်လေးနက်နေ၏။

“ဓားနဲ့ ဆုံးမရမယ်၊ သူ့ရဲ့မကောင်းမှုတွေကို သူ့သွေးတွေနဲ့ ဆေးကြေ
ပစ်ရမယ်၊ ဒါမှမဟုတ် သူ့ကို ကြိုးနဲ့ချည်ပြီး ပထမ ညှဉ်းဆဲလိုက်ရမယ်
ပြီးမှ…”

“ကွန်ချီတာ”

မွန်းကလစ်ညီအစ်မထံမှ တအံ့တသြ သံပြိုင်ထွက်လာသည်။

သည်တော့မှ ကွန်ချီတာ ရယ်သည်။

“အလကား နောက်တာပါကွယ်၊ သူတို့ အဟုတ်မှတ်နေကြတယ်



ဟုတ်လား”

သို့သော် ကလေးမနှစ်ယောက်၏ မျက်နှာမှာ ဘာကိုယုံရမှန်းမသိဘဲ
ဝေဇဝါဖြစ်နေပုံ။ ဂျိန်းက အသက်ပြင်းပြင်းရှူရင်း–

“ဘယ်သူလဲဟင် ကွန်ချီတာ၊ တို့ သိပ်သိချင်တာပဲကွယ်”

ကွန်ချီတာက ပခုံးတွန့်ပြီး

“ဒါတော့ မစ္စတာပါရီ ပိုသိမှာပေါ့။ သူ့မှာ ချစ်သူတွေဝိုင်းဝိုင်းလည်နေတဲ့
ကာပဲ။ ဒီညလာရင်တော့ အစ်ကို အနေအထိုင် ဆင်ခြင်နော်၊ တော်တော်ကြာ
က်ချက်က အမျိုးသမီးတွေကို ကွန်ချီတာ တစ်ယောက်ပြီးတစ်ယောက် ပစ်သတ်
နေရပါဦးမယ်”

“ကိုယ် ကြိုးစားပါမယ်ကွယ်၊ အားလုံး မင်္ဂလာပါခင်ဗျာ”

ရော့စ်က ဦးညွှတ် နှုတ်ဆက်လိုက်သည်။ ပြီးတော့ မြင်းပေါ်သို့ လှပစွာ
သွားခနဲ ခုန်တက်လိုက်သည်။

“ပါရီဟာ တော်တော်ယဉ်ကျေးတဲ့လူပဲ”ဟု မွန်းကလစ်က မှတ်ချက်
ချသည်။

“ချောလည်း ချောတယ်နော် အစ်ကို”

အကြီးမ၏ထင်မြင်ချက်။ အငယ်က တစ်မျိုးမြင်သည်။

“ဒါပေမဲ့ ကလေကချေ တောင်အောက်ဆိပ်ကမ်းရပ်ကွက်က တက်
လာတာဆိုတာလဲ စဉ်းစားဦးလေ”

အယ်လင်က ကြက်ခေါင်းဆိတ်မခံ ပြန်ပက်သည်။

“အို… ဘာဆိုင်လဲဟ၊ ငါတော့ ဂရုမစိုက်ပေါင်၊ သူ့ဘာသူ ဘယ်က
လာလာပေါ့၊ ခု သူဟာ လူကြီးလူကောင်းတစ်ယောက်ဖြစ်နေပြီပဲ”

ဟင်နရီမွန်းကလစ်က ရယ်ပြီး

“ကဲ… ကွန်ချီတာ၊ ညည်းမှာ ရန်သူတစ်ယောက်တော့ တိုးပြီထင်တယ်”

*

ကျွန်လေလံပွဲမှအပြန် ပီတာဒယ်လ်တန်ပိုင်သည့် မြို့လယ်မှအိမ်ကြီး
ထိသို့ ရော့စ် တန်းစီးလာခဲ့သည်။ အိမ်ကြီး၏အခြေအနေမှာ အကောင်းကြီး
သေးသည်။ ဆေးမှန်မှန်မသုတ်၍ ဟောင်းနွမ်း မှေးမှိန်နေခြင်းဖြစ်သည်။
အောက်ထပ်ကို ရုံးဖွင့်မည်ဆိုလျှင် အပေါ်ထပ်တွင် အခန်းတွေ အများကြီး

လွတ်နေသေးသည်။

တစ်ခန်းဝင် တစ်ခန်းထွက် လျှောက်ကြည့်ရင်း ရော့စ်၏ခေါင်းထဲ
စီမံကိန်းတွေ တစ်ခုပြီးတစ်ခု ချနေသည်။ ပုဏ္ဏမီရိပ်သာကို ဆောက်လုပ်ပြ
လပေါင်းများစွာကြာမည်။ နှစ်ချီချင်လည်း ချီသွားမည်။

သည်တော့ စဉ်းစားရမည်။ အပေါင်းအသင်းမိတ်ဆွေသင်္ဂဟတွေ တစ်
တခြား များလာပြီ။ တောင်အောက်ကအိမ်ကြီးမှာ ဆက်နေဖို့လည်း မတင့်တ
တော့။ ဆုံးဖြတ်ချက် ချလိုက်သည်။

သည်အိမ်ကြီးကို အလှဆင်မည်။ လူပျိုဆောင်အဖြစ် ခေတ်မီဒီဇိုင်းထု
မည်။ ရော့စ် ရင်တွေခုန်လာသည်။ ဒါဆို ဧည့်ခံပွဲတွေ ဒီမှာတင်လုပ်နိုင်ပြီ
နံရံတွေကို သေသေချာချာကြည့်သည်။ ညစ်ပတ်ပေကျံပြီး အင်္ဂတေ
အက်နေပြီ။ သို့သော် အခန်းက အကောင်းပကတိ။ အောက်ထပ်သို့ သွက်သွ
ဆင်းခဲ့သည်။ မြင်းပေါ်ကို ပြေးတက်ပြီး အနီးဆုံးကုန်မျိုးစုံဆိုင် တစ်ဆိုင်
အသော့နှင်သည်။ ပလတ်စတာ၊ နံရံကပ်စက္ကူလိပ်များနှင့် ဆေးပုံးတွေ ဝယ်လို
သည်။ ဆိုင်မှ ကပ္ပလီတစ်ယောက်က ပစ္စည်းတွေကို ထမ်းပိုးပြီးလိုက်ပို့သ
ပစ္စည်းတွေကို ရော့စ် ရပ်ကြည့်နေသည်။ ပီတာဒယ်လ်တန်နှင့် တွဲ
ခဲ့ရသည့် ကာလများကို သွားသတိရလိုက်သည်။ အဘိုးကြီးထံမှ ပညာ
အများကြီးရခဲ့သည်။ ရော့စ်သည် ဆောက်လုပ်ရေးတွင်ရော၊ မွမ်းမံပြင်ဆင်မှုတွ
ကိုယ်တိုင်ကိုယ်ကြပ် ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်သူဖြစ်၏။

သို့သော် ခုတော့ ကိုယ်တိုင်လုပ်ဖို့ အခြေအနေမပေးတော့ပြီ။ ကွန်ချို
ကလေးနှင့် ပြေလည်သွားသည့်အတွက် အချိန်ရှိခိုက် လုံ့လစိုက်ရဦးမည်။

အောက်ထပ်သို့ တစ်လှမ်းချင်းဆင်းလာခဲ့သည်။ မျက်မှောင်ကြုတ်
အတွေးနက်စွာဖြင့် အိမ်ပြင်သို့ထွက်ခဲ့သည်။ လမ်းပေါ်ရောက်သည်နှင့် အ
တစ်ခုဝင်လာသည်။ မိမိနှင့် တွမ်အတွက် မလွဲမသွေ ကြီးကြပ်ရေးမှူးတစ်ယော
တော့ လိုမည်။ စိုက်ပျိုးရေးလုပ်ငန်းကြီးတစ်ခုလုံးကို လူမည်းလုပ်သားတွေ
ချည်း လွှတ်ထား၍မရနိုင်။ ငှားရမည့်အတူ ခုချက်ချင်းငှားပြီး အိမ်ကြီးအတွ
ပြင်ဆင်မွမ်းမံရေးကိစ္စကို တာဝန်ပေးလိုက်လျှင် ပြီးတာပဲ။ အဲ... လူကောင်း
လိုသည်။

သည်လိုတွေးမိသည်နှင့် တစ်ပြိုင်နက် ချက်ချင်း အကောင်အထည်
ကြိုးစားတော့သည်။ နက်ချက်မြို့စွန်ရပ်ကွက်တွင်နေသည့် မာတင်မိသား
သွားသတိရသည်။ ရော့စ်နှင့် ပီတာဒယ်လ်တန်တို့ စပ်တူလုပ်ခဲ့သည့် သစ်



တွင် သူတို့အမျိုးတွေ အများကြီးအလုပ် ဝင်လုပ်ကြသည်။ ရိုးရိုးသားသား
ကြိုးကြိုးစားစား ရှိကြသည့် လူတွေဖြစ်၏။ သားအကြီးဆုံး ဒေးဗစ်မာတင်ကို
ရလျှင် အသင့်တော်ဆုံးဖြစ်မည်။ ဒေးဗစ်သည် စိတ်ထားဖြူစင်ပြီး အလုပ်တာဝန်
ကျေပွန်သူဖြစ်သည်။ လက်သမားကောင်းကောင်းလုပ်တတ်ပြီး သစ်စက်ပိတ်ချိန်
များမှာ စိုက်ပျိုးရေးခြံကြီးများတွင် အချိန်ပိုင်း ကြီးကြပ်ရေးမှူး ဝင်လုပ်လေ့ရှိ၍
စိုက်ပျိုးရေးလုပ်ငန်းကိုလည်း ကျွမ်းကျင်ပြီး ဖြစ်သည်။

မြင်းပေါ်တက်ကာ သူတို့အိမ်သို့ အသော့နှင်ခဲ့သည်။ မာတင်မိသားစုက
ရော့စ်ကို ဝမ်းသာအားရကြိုဆိုသည်။ အကျိုးအကြောင်း ပြောပြတော့ ဒေးဗစ်က
အလုပ်ကို လိုလိုလားလား လက်ခံသည်။

"မစ္စတာပါရီ့အတွက်ဆိုရင် လုပ်ပေးရမှာပေါ့ဗျာ၊ ကျွန်တော် ဘယ်တော့
အလုပ်စဝင်ရမလဲ"

"ခုချက်ချင်းပဲ ဝင်ရမယ် ဒေးဗစ်၊ ကဲ... မောင်ရင့်ပစ္စည်းတွေယူခဲ့"

ဒေးဗစ်ကို အိမ်ကြီးဆီသို့ ခေါ်သွားသည်။ လုပ်ရမည့်အလုပ်တွေကို
ချက်ချင်းညွှန်ကြားသည်။ ပြီးမှ တွမ့်ထံ စာတစ်စောင်ရေး၍ ဒေးဗစ်ကိုလွှတ်
လိုက်သည်။ သည်လုပ်ငန်းတွင် ကျွမ်းကျင်မည့် ကပ္ပလီလုပ်သား ခြောက်ယောက်
ပေးလိုက်ဖို့ ရေးသားလိုက်ခြင်းဖြစ်သည်။

"သူတို့ကို ချက်ချင်းခေါ်လာခဲ့။ လိုတာ ကိုယ့်ကိုပြော။ သူတို့ကို ကြိုက်
သလိုခိုင်း။ ညဥ့်နက် သန်းခေါင်ထိလည်း ခိုင်း။ ဖြစ်နိုင်ရင် မိုးအလင်းခိုင်းကွာ။
မနက်ဖြန်ည အပြီးလုပ်ချင်တယ်။ ဘယ်လိုလဲ ဒေးဗစ်၊ ဖြစ်ပါ့မလား"

"ဖြစ်ပါတယ် ဆရာ၊ ခြောက်ယောက်ဆိုတဲ့ လုပ်အားဟာ နည်းတာမှ
မဟုတ်တာ၊ ဆရာပြောတဲ့အချိန်ထက် စောပြီးစေရပါမယ်"

"အေး... ဟုတ်ပြီ၊ ဒါဖြင့် မောင်ရင် ဆက်လုပ်တော့၊ ကိုယ်လည်းလုပ်စရာ
တွေ ရှိသေးတယ်"

ညနေပိုင်းတွင် အိမ်ကြီးအတွက် ပရိဘောဂတွေလိုက်ဝယ်သည်။ လိုသည့်
ပစ္စည်းတွေမှာ ဝယ်လို့ဆုံးနိုင်သည်မရှိပါလား။ ထမင်းစားခန်းအတွက် ဖြည့်ဆည်း
ရသည့် ပရိဘောဂနှင့် ပစ္စည်းပစ္စယတွေကချည်း မနည်း။ အိပ်ခန်း၊ ရေချိုးခန်း
နှင့် ဧည့်ခန်းတို့အတွက် လိုအပ်သည့်ပစ္စည်းများမှာ စာရင်းရေးလို့မဆုံးနိုင်တော့။
အိမ်နောက်ပိုင်းမှ အခန်းကျယ်ကြီးကို မီးဖိုဆောင်အဖြစ် ပြောင်းလဲပစ်လိုက်သည်။
ရေချိုးခန်းနှင့် ရေအိမ်ကို နောက်ဆုံးပေါ် ခေတ်မီပစ္စည်းများ တပ်ဆင်သည်။
မိမိအတွက် သီးသန့်ဧည့်ခန်းဆောင်ကို ဆိုဖာဆက်တီများအပြင် စုဒ္ဒသမမြောက်

လူဝီဘုရင်ခေတ် ကုလားထိုင်တွေနှင့် စားပွဲငယ်ကလေးများလည်း ဝယ်ထည့် မည်။ မီးအုပ်ဆောင်းတွေကို ပန်းချီဆရာထံအပ်ပြီး စိတ်ကြိုက်ပုံဆွဲခိုင်းမည် သို့သော်လည်း စိတ်ထဲက ပြည့်စုံသည်မထင်သေး။ ဘာများ လိုနေသေးပါလိ

ပရိဘောဂဆိုင်ကြီးအတွင်း အနှံ့အပြားလျှောက်ကြည့်ရင်း ဖိတ်ဖိ တောက်နေသည့် စန္ဒရားကြီးတစ်လုံး သွားတွေ့သည်။ ကြီးမားလွန်းသဖြ ဧည့်ခန်းနှင့်ပင် အချိုးကျကျထား၍ လှမည်မဟုတ်။ သို့သော် မဝယ်ဘဲမနေနိုင် တော့။ ပုဏ္ဏမီရိပ်သာ ဧည့်ခန်းမဆောင်နှင့်မှ ပန့်ရမည့် စန္ဒရားကြီး။

ပရိဘောဂတိုက်ထဲမှ ထွက်လာတော့ စိတ်ထဲတွင် ပေါ့ပါးရွှင်လန်းနေ တက်ကြွ လန်းဆန်းနေ၏။ နက်ချက်တစ်မြို့လုံးရှိ လူပျိုဆောင်များထဲတွ မိမိ၏ဂေဟာသည် အဆင့်အတန်းအမြင့်ဆုံး၊ အလှဆုံးဖြစ်တော့မည် မဟုတ်လား

ထိုညတွင် မစ္စတာမွန်းကလစ်၏ ပန်းအိဂေဟာ ပန်းခြံထဲ၌ ကွန်ချီတ နှင့် လမ်းလျှောက်ရင်း ရော့စ်တစ်ယောက် အပျော်ကြီးပျော်နေသည်။ ဘဝရှေ့ ကား ရွှေရောင်အတိပြီးသည့် မျှော်လင့်ချက်တို့ဖြင့် နှလုံးမွေ့လျော် ပျော်ဖွယ် အတိပါလား။ မနက်ဖြန်ဆိုလျှင် ပုဏ္ဏမီရိပ်သာနှင့် တောင်ထွတ်မြိုင်သာ ဆော လုပ်ရေး စီမံကိန်းကို တစ်ပြိုင်တည်းစတော့မည်။ ခြံလုပ်ငန်းကို တွမ်နှင့် ဒေး တို့နှစ်ယောက်က တာဝန်ယူကြမည်ဖြစ်၍ မိမိအနေဖြင့် ဗိသုကာအလုပ်တွ လုံးဝမြှုပ်နှံထားနိုင်မည်ဖြစ်သည်။ တစ်နှစ်၊ နှစ်နှစ်အတွင်း ပုဏ္ဏမီရိပ်သ အိမ်ဖြူကြီးကို လူတွေ ငေးမောနေကြလိမ့်မည်။ ထိုအခါ သူတို့သည် တော အောက်မှ တက်လာသည့်ဘဝကို မေ့သွားကြလိမ့်မည်။ သို့ဖြင့် မစ္စ အထက်တန်းလွှာ အသိုက်အဝန်းထဲတွင် ရင်ပေါင်တန်းကာ တိုးဝင်လှုပ်ရှားနို တော့မည်။ ပြီးတော့ ပုဏ္ဏမီရိပ်သာတွင် အိမ်ရှင်မဖြစ်လာမည့် တိုင်းတစ်ပါ ဆန်သည့် အလှသခင် ကွန်ချီတာလည်း ရှိသေးသည်လေ။ ဘဝတွင် ဘာ တော့မည်လဲ။

"အစ်ကို ငြိမ်လှချည်လား၊ ဘာတွေ တွေးနေတာတုံး"

ကွန်ချီတာက ခပ်နွဲ့နွဲ့ကလေး မေးသည်။

"မင်း ဟိုနေ့ကပြောတာ ကိုယ်မှတ်မိနေတယ် ကွန်ချီတာ၊ ကျူးဘား ဘယ်တော့မှ မပြန်တော့ဘူး၊ ဟုတ်လား။ ဘာတွေအစီအစဉ်ရှိလဲဟင်။ ခမည် တော်ကြီးက နယူးယောက်ကို ပြန်သွားဦးမှာတဲ့လား"

"ဟင့်အင်း၊ မသွားပါဘူး၊ နယူးယောက် ရာသီဥတုက ဖေဖေနဲ့မကို ဘူး အစ်ကို၊ သိပ်ပြင်းထန်တယ်။ နယူးအော်လီယန်းမှာပဲ ကျူးဘားမိတ်ဆွေ



စ်ယောက်နဲ့ ဥပဒေလုပ်ငန်းတစ်ခု တည်ထောင်မယ်ပြောတယ်။ သူ့နာမည်က ကိုဆေမန်းဒက်ဇ်တဲ့ အစ်ကို၊ သူက အင်္ဂလိပ်စာတော်ပြီး ဖေဖေက ဥပဒေမှာ ကျွမ်းကျင်တယ်လေ။ နယူးအော်လီယန်းမှာ စပိန်စကားပြောတဲ့လူများတော့ ဖေ့အတွက် ပိုသင့်တော်တာပေါ့၊ သူတို့နှစ်ယောက် စပိန်သတင်းစာတစ်စောင် ုတ်ဖို့စိတ်ကူးနေကြတယ်။ ကွန်ချီတာလဲ ဝင်ကူရမှာပေါ့လေ"

"အဲဒီ မန်းဒက်ဇ်က လူငယ်လား၊ လူကြီးလား"

ရော့စ်က မျက်နှာရှုစ်ခေါက်ချိုးနှင့် မေးလိုက်သည်။

"လူငယ်အစ်ကိုရဲ့၊ ချောလည်း ချောတယ်၊ ဘာလဲ အစ်ကိုက မနာလိုဖြစ်နေ လား"

"ဟုတ်တယ် မနာလိုဘူး၊ နယူးအော်လီယန်းကို လိုက်မသွားပါနဲ့တော့၊ မှာပဲ နေခဲ့ပေါ့၊ ကိုယ်နဲ့လေ"

"ရှင် အစ်ကိုနဲ့၊ ဟုတ်လား"

ကွန်ချီတာက အသက်ပြင်းပြင်းရှူရင်း မေးလိုက်သည်။

"ဟုတ်တယ်လေ၊ လင်နဲ့မယားဖြစ်လာရင် တကွဲစီနေလို့ ဘယ်ဖြစ်ပါ့ လဲ"

ကွန်ချီတာ တစ်ဖက်သို့လှည့်လိုက်သည်။ ပခုံးကလေးတွေ တလှုပ်လှုပ် စ်လာ၏။ ဟင် သူငိုနေပြီ။

"ကွန်ချီတာ အချစ်ရယ်၊ ဘာဖြစ်လို့လဲကွယ်"

"အစ်ကို့ကို ဘယ်လိုရှင်းပြရမလဲဟင်"

ကွန်ချီတာ တရှုပ်ရှုပ် ငိုနေသည်။ ရှိုက်ရင်း ရှိုက်ရင်း

"ခြော် အစ်ကိုရယ်၊ ကွန်ချီတာလေ စိတ်ထဲကသိသိနေတယ်၊ အစ်ကို စ်ချိန်မှာ ဒီစကားမျိုးပြောလာလိမ့်မယ်လို့လေ"

မိန်းကလေးကို ရော့စ် တအံ့တသြ ကြည့်နေသည်။ လေသံကို အတတ် င်ဆုံး သံမှန်ဖြစ်အောင်ထိန်းပြီး

"ဘာပြုလို့လဲဟင်၊ မင်း မင်းမှာ ချစ်သူရှိပြီးသားလား"

"ဟင့်အင်း ဟင့်အင်း၊ ဘယ်သူမှ မရှိဘူး။ တွေ့တဲ့ညက အလကား ပြောတာပါ၊ အစ်ကိုကလွဲပြီး ဘယ်သူဆို ဘယ်သူမှမရှိဘူး။ အစ်ကို့ကိုလေ ွန်ချီတာ သိပ် သိပ်ချစ်ပါတယ် အစ်ကိုရယ်၊ ဒါပေမဲ့ ကွန်ချီတာ အစ်ကို့ကို က်မထပ်နိုင်ဘူး"

"ဟင် ဘာပြုလို့လဲ ကွန်ချီတာရယ်"

ကွန်ချီတာ တိုးတိုးကလေး ဖြေသည်။

"အဲ အဲဒါ အစ်ကိုမေးဖို့တောင် မကောင်းပါဘူးကွယ်၊ ကွန်ချီတာ ဖြေ တာ ယုံပါအစ်ကိုရယ်၊ တကယ့်ကို မဖြစ်နိုင်လို့ပါ"

"နားလည်ပါပြီကွာ၊ နားလည်ပါပြီ"

"ဘာကို နားလည်တာလဲဟင် အစ်ကို"

"မင်း အစ်ကို့ကို မချစ်လို့ပါ"

"ရှင် ကွန်ချီတာက အစ်ကို့ကို မချစ်ဘူး၊ ဟုတ်လား၊ သူ့ကို အစ် ဖက်ထားတာမြင်ရတဲ့ညက တစ်ညလုံး ငိုခဲ့ရတယ်၊ အစ်ကို့ကို မြင်တဲ့အချိန် စပြီး ဘာကိုမှသတိမရဘဲ အစ်ကို့အကြောင်းပဲ စဉ်းစားနေမိတယ်၊ ဒီအချိန် အစ်ကို ဘယ်မှာရှိနေမလဲ၊ အစ်ကို ဘာလုပ်နေမလဲနဲ့ သြော် အစ်ကိုရယ်"

မျက်နှာကလေးငုံ့ပြီး သည်းသည်းထန်ထန် ငိုကြွေးပြန်သည်။

ရှော့စ်က သူ့ခန္ဓာ ကိုယ်ကလေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်ပြီး–

"ကဲ မငိုပါနဲ့တော့ ကလေးရယ်၊ အစ်ကိုဟာ မင်းငိုရလောက်အော တန်ဖိုးမရှိပါဘူး၊ တို့လက်ထပ်ဖို့ကိစ္စမှာ ဘာတွေ တားဆီးနေသလဲကွယ် နည်းလမ်းရှာပြီး မင်းကို အစ်ကို အရယူမယ်"

"ခုလည်း ကွန်ချီတာ့ကို အစ်ကိုပိုင်နေတာပဲ အစ်ကိုရယ်၊ ကွန်ချီတာ့ အသည်းနှလုံးထဲမှာ အစ်ကိုကလွဲပြီး ဘယ်သူမှမရှိပါဘူး အစ်ကို၊ ဒါပေ အစ်ကို့ဆီ ကွန်ချီတာ လာလို့မရဘူးကွယ်၊ အစ်ကို့ကို ညာလည်း မညာချင်ဘူ လှည့်စားတာမျိုးလည်း မဖြစ်ချင်လို့ပါ အစ်ကို"

"မင်း ဘာတွေပြောနေတာလဲ ကွန်ချီတာရယ်၊ မင်းဟာ နတ်သမီးကလေး ပါ၊ နတ်သမီးကလေးတွေဟာ ဘယ်တော့မှ လိမ်မပြောကြဘူးလေ၊ လှည့်လည် မလှည့်စားတတ်ကြဘူးလေ"

ကွန်ချီတာ အငိုတိတ်သွားသည်။

"ကဲ နောက်ထပ် မျက်ရည်မကျနဲ့တော့"

ပြောပြောဆိုဆို နှင်းဆီသွေး နှုတ်ခမ်းအစုံကိုငုံ့ပြီးနမ်းလိုက်သည်။ အံ့ဩ စရာ ပူနွေးတပ်မက်ဖွယ် အနမ်းဖြင့် ကွန်ချီတာ တုံ့ပြန်နေသည်။ တစ်ယောက်နှ တစ်ယောက် လွတ်ထွက်သွားမည်ကို စိုးရိမ်နေကြသကဲ့သို့။

တဝ တမောကြီး နမ်းပြီးမှ လူချင်း ခွာလိုက်သည်။

သူကလေး၏မျက်လုံးစိမ်းများတွင် မျက်ရည်ဥတွေ ရီလေးခိုလျက် ပြီးတော့ လေသံဖြင့် တိုးတိုးကလေး ပြောသည်။



"တော်ပြီနော် အစ်ကို၊ သွားတော့နော်၊ ကွန်ချီတာ တရားလက်လွတ် စ်သွားတယ်"

"အစ်ကို မင်းကို နောက် တွေ့ရဦးမှာလား ဟင်"

"အစ်ကို လာမတွေ့ရင် ကွန်ချီတာ ရင်ကွဲနာကျပြီး သေလိမ့်မယ် စ်ကို"

ရှော့စ် အံ့သြရပြန်သည်။

"ဒါတောင် မင်း ကိုယ့်ကို လက်မထပ်ချင်ဘူး ဟုတ်လား"

ကွန်ချီတာက ပြင်ပြောပေးသည်။

"လက်မထပ်နိုင်တာပါ အစ်ကို၊ ကဲ ခပ်မြန်မြန်ကလေး တစ်ခါလောက် မ်းပါဦး အစ်ကိုရယ်၊ ပြီး သွားတော့နော်၊ ကွန်ချီတာ အရည်ပျော်မကျခင် ွားပါအစ်ကို"

ပန်းအိုဂေဟာမှ နန်စီကိုစီးပြီး ဆင်းလာခဲ့သည်။ ခေါင်းထဲတွင် နားမလည် င်း၊ စိတ်ရှုပ်ထွေးခြင်းတို့ဖြင့် ရီဝေ နောက်ကျုလျက်။ သည်နယ်တစ်ရိုးတွင် မိလောက် စိတ်ညစ်နေသူ တစ်ယောက်တလေမျှ ရှိမည်မထင်။

*

နောက်တစ်နေ့ညတွင် တောင်ထွတ်မြိုင်သာ ဆောက်လုပ်ရေးစခန်းမှ န့်စီကိုစီး၍ ရှော့စ်တစ်ယောက်တည်း ပြန်လာခဲ့သည်။ အလုပ်တွေပိနေသဖြင့် ာကိုမျှ စဉ်းစားချိန်မရ။ သစ်ထုတ်လုပ်ရေးကိစ္စများ၊ ခွဲခြမ်းစိတ်ဖြာရေးကိစ္စ ားနှင့် လက်မလည်နိုင်အောင် ဖြစ်နေသည်။ တောင်ထွတ်မြိုင်သာ၏ ပုံကြမ်း ည် တစ်ပတ်အတွင်း ထိုးထိုးထောင်ထောင် ပေါ်လာတော့သည်။ သည်အရှိန် တိုင်း ဆက်သွားလျှင် မိုးဦးကျလောက်တွင် မုချပြီးစီးမည်ဖြစ်သည်။

လန့်စ်ဘရစ်တာနီက ပြင်သစ်၊ အင်္ဂလန်နှင့် အီတလီနိုင်ငံများမှ ကောင်း ၊ ညွှန့်ပေ့ဆိုသည့် နောက်ဆုံးပေါ် အိမ်ဆောက်ပစ္စည်းများ မှာယူ တင်သွင်းသည်။ ရောပ၏ ရှေးဟောင်းလက်ရာများကိုလည်း ကြားညပ်သုံးစွဲရန် မှာယူသည်။ ကပ်မီးပစ္စည်းတွေ၊ ဖန်မီးပဒေသာ ပန်းဆိုင်းကြီးတွေ၊ ကြေးညို အနားသတ် နှစ်ရောင် မီးအုပ်ဆောင်းတွေ၊ အဆောင်ဆောင် အခန်းခန်းတွင်ထားဖို့ ရွှေနား ပ်မှန်ကြီးတွေ၊ ငွေဖြင့်ပြီးသည့် မင်းတုံးတွေ၊ တံခါးလက်ကိုင်တွေ၊ ဘာရာဇီးလ် ည်ထွက် သစ်နီသားဖြင့်ပြုလုပ်ထားသည့် ပရိဘောဂပစ္စည်းတွေအပြင် ဘာရိုကိတ်

ခန်းဆီးတွေကိုပါ နိုင်ငံတကာမှ မှာယူတင်သွင်းသည်။

တစ်ပြိုင်တည်းတွင် ရော့စ်ကလည်း သူ၏ပုဏ္ဏမီရိပ်သာအတွက် နည်းနည်
နှင့် ကျဲကျဲဝိုင်းမည့်စနစ်ဖြင့် ဆောက်လုပ်ရေးပစ္စည်းများကို ဝယ်ယူစုဆော
သည်။ ငွေထည်ပစ္စည်းများကို ဘာလ်တီမိုးမှလည်းကောင်း၊ ပရိဘောဂများ
နယူးအော်လီယန်းမှလည်းကောင်း မှာယူသည်။ သို့သော် ဘရစ်တာနီ
ကွာသည်မှာ ရော့စ်မှာယူသည့် ပစ္စည်းအားလုံးမှာ သူ့ကိုယ်ပိုင်ပုံစံတွေ။ တန်
အားဖြင့် သက်သာပြီး လှပခမ်းနားသည့်နေရာတွင် နိုင်ငံခြားပရိဘောဂများထ
မလျော့ပေ။ ပုဏ္ဏမီရိပ်သာသည် အခန်း ၁၅ ခန်းမျှသာပါရှိ၍ ဧရာမတောင်ထွ
မြိုင်သာ အိမ်ကြီး၏တစ်ဝက်မျှပင် မရှိ။

ထို့ကြောင့် အစပိုင်းတွင် အကုန်အကျ သိပ်များမည်မဟုတ်။

လန့်စ်ဘရစ်တာနီ၏ ဆောက်လုပ်ရေးစီမံကိန်းက အရင်ပြီးဖွယ်ရှိသည်
သူ၏ကျွမ်းကျင်လုပ်သား ဦးရေက ပိုများသည်။ ဆောက်လုပ်ရေးပစ္စည်းတွေ
လိုလေသေးမရှိ။ အသင့်။ အလှည့်ဆင်းစနစ်နှင့်ပင် လုပ်ခိုင်း၍ရသည်။

အို ကိစ္စမရှိဘူးလေ။ လက်ရှိ လူပျိုဆောင်ကို ခေတ်အမီဆုံးလုပ်ထားပြီ
ပြီပဲ။ ဒေးဗစ်ကို ရလိုက်သည့်အတွက် အစစအဆင်ပြေနိုင်ကောင်းပါရဲ့ဟု
အောက်မေ့သည်။

တွမ်အတွက် စိတ်မကောင်းဖြစ်နေမိသည်။ ကပ္ပလီတစ်သိုက်နှင့် လေ
လောဆယ်နေဖို့ အိမ်မှာ ခုထိမပြီးသေး။ ဒါပေမဲ့ သူက တုံးပေကတ်သ
နေတတ်ပါတယ်လေ။

အိမ်ကို လှမ်းမြင်ရပြီ။ အလို မီးတွေထိန်လို့ပါလား။ ခန်းဆီးတွေလ
တပ်ပြီးနေပြီ။ နန်စီကို ချည်တိုင်တွင်ချည်ပြီး အိမ်ထဲဝင်လာခဲ့သည်။ အပေါ်ထ
ကို တန်းတက်လာခဲ့သည်။

"အံ့သြသွားသလား"

ဂျယ်နီနှင့် အဲနစ်နှစ်ယောက်စလုံး တစ်ပြိုင်တည်း ထလာကြသည်။

အခန်းတွေအားလုံး ဆေးသုတ်ပြီးနေပြီ။ ပစ္စည်းတွေအားလုံး နေရာချပြီ
နေပြီ။ ပရိဘောဂတွေက အရောင်တဖိတ်ဖိတ် တောက်လျက်။ ပန်းအိုးထဲတွ
ပန်းတွေရောက်ပြီကော။ အရောင်အသွေးအလိုက် နေရာချထားပုံကို ရော့
သဘောကျလိုက်မိ၏။

ဒေးဗစ်နှင့်အဖွဲ့ကလည်း နံရံအက်ကြောင်းတွေ ဖာပြီး ဆေးသုတ်ပြီးကြပြီ
သို့သော် သူတို့ချည်းဆိုလျှင် အခန်းပြင်ဆင်မှု သည်မျှစနစ်ကျမည်မဟုတ်။



"မင်းတို့နှစ်ယောက်ကို ကျေးဇူးတင်ပါတယ်ကွယ်"

ညီမလုပ်သူနှင့် ဂျယ်နီကိုကြည့်ပြီး ရော့စ် ပြောလိုက်သည်။

"သိပ်လှတာပဲ အစ်ကိုလေးရယ်၊ ဘာလို့ အဲနစ်အတွက် တစ်ခန်းပိုလုပ်
ထားပေးတာလဲဟင်"

"ညီမလေးအတွက် ပုဏ္ဏမီရိပ်သာအိမ်ပြီးမှ ရမှာပေါ့။ မကြာပါဘူးကွာ။
ရစ္စမတ်မတိုင်မီပြီးအောင် အစ်ကိုလေးလုပ်ပါ့မယ်။ တွမ်နဲ့ ဂျယ်နီအတွက်လည်း
ရာမအခန်းကြီးပါပါတယ်"

"ထားပါလေ"

ဂျယ်နီ့အသံတွင် တစ်စုံတစ်ရာကို မကျေနပ်သံပါနေ၏။ ရော့စ် ဖျတ်ခနဲ
လှည့်ကြည့်လိုက်သည်။ နှုတ်ခမ်းထောင့်ကလေးများက တစ်ခုခု ပြောတော့မလို။

"ဘာဖြစ်လို့လဲဟင် ဂျယ်နီ၊ ကိုယ့်ကို ဘာမကျေနပ်လို့လဲ"

ဂျယ်နီက အဲနစ်ဘက်သို့ မျက်နှာလွှဲပြီး ပြုံးလိုက်သည်။

"အဲနစ်ရေ၊ ရော့စ်ကြည့်ရတာ ပင်ပန်းလာတယ် ထင်ပါတယ်ကွယ်၊
ကော်ဖီဖျော်ပါလား"

"ဟုတ်တယ် ဂျယ်နီ၊ ကိုယ် သိပ်ဖားလာတယ်"

အဲနစ်ကလေး မီးဖိုဆောင်ဘက်သို့ ဝမ်းသာအားရ ပြေးထွက်သွားသည်။

"ကဲ ဆိုစမ်းဂျယ်နီ၊ ဘာဖြစ်လဲ"

"ဂျယ်နီ ပုဏ္ဏမီရိပ်သာကို မြင်းတစ်စီးနဲ့ ရောက်သွားတယ်။ နေရာကို
ကြည့်ရင်း တွမ်နဲ့လည်း တွေ့ချင်လို့လေ။ တကယ့်ကိုလှတဲ့ နေရာပဲ ရော့စ်ရယ်"

"အဲဒီတော့ တွမ့်ကိုမတွေ့ဘူး၊ ဘယ်သွားနေပါလိမ့်ဆိုပြီး ဟိုစဉ်းစား
ဒီစဉ်းစားနဲ့"

"အဲဒီလိုမဟုတ်ဘူး ရော့စ်၊ တွမ်ကို တွေ့ပါတယ်၊ ဟိုဟာမကိုလည်း
တွေ့ခဲ့တယ်လေ၊ စနေမလို့ခေါ်တဲ့ မြင်းနက်ကြီးပေါ်မှာ အခန့်သားထိုင်လို့"

"ဟုတ်လား၊ ကိုယ့်ကို တွေ့မလားလို့ လာတာဖြစ်မှာပေါ့ ဂျယ်နီရယ်"

"ဂျယ်နီ့အထင်တော့ ဘယ်သူတွေ့တွေ့ သူ့အတွက် အတူတူပဲနေမှာပါ၊
မယ် ရော့စ်"

ဂျယ်နီက အသံကိုနှိမ့်ပြီး ဆက်ပြောသည်။

"ဂျယ်နီ လာနေတာကို သူမြင်ပုံရတယ်၊ တွမ့်မြင်းနားကို အုတင်းပူးကပ်
သူတို့နှစ်ယောက် နမ်းနေကြတယ် ရော့စ်"

"ဩော် ဂျယ်နီရယ်၊ အဲဒါကို အလေးအနက်ထားမနေစမ်းပါနဲ့၊ မော်ဂင်

ကလည်း ယောကျ်ားတကာကို လိုက်မြူဆွယ်နေတာ၊ တွမ်ကလည်း ဝါသ
ခပ်ပါပါ မဟုတ်လား"

"နှစ်ယောက်စလုံးကို ကြာပွတ်နဲ့ ပြေးရိုက်ဖို့ ဂျယ်နီ စိတ်ကူးသေးတ

"ဪ ဂျယ်နီရယ်"

"ဒီ မကောင်းဆိုးဝါးမကို ဂျယ်နီ သိပ်မုန်းတယ် ရော့စ်၊ ရှေ့လျှေ
ဘယ်လောက် သောင်းကျန်းဦးမယ် မသိဘူး။ သူ့ယောကျ်ားကလည်း သည်းည
ခံမှာမဟုတ်ဘူး၊ ယှဉ်သတ်တာတွေ၊ ဘာတွေ ဖြစ်လာလိမ့်ဦးမယ်၊ မယုံကြည့်

"ကိုယ် ကြည့်ထိန်းပါ့မယ် ဂျယ်နီရယ်၊ သိပ်လည်း စိတ်ပူမနေပါ

"ရော့စ် ကိုယ်တိုင်လည်း သတိထားဦးနော်၊ ညီအစ်ကိုနှစ်ယောက်
ဒီစုန်းမရဲ့ အဖျက်ဆီးခံရမယ်"

"ကော်ဖီရပြီ"

မီးဖိုချောင်ဘက်မှ အဲနစ်အသံထွက်ပေါ်လာသည်။

*

မတ်လ၏ နောက်ဆုံးရက်များသည် လျင်မြန်စွာ ကုန်ဆုံးသွားကြသ
ဧပြီတစ်လလုံးလည်း အလားတူ။ တောင်ထွတ်မြိုင်သာသည် တစ်စတ
ပေါ်လွင်လာခဲ့လေပြီ။ တောင်ထွတ်မြိုင်သာ သတင်းသည် နက်ချက်တစ်မြို့လုံ
ပျံ့နှံ့ လွှမ်းမိုးနေသည်။ ဆောက်လုပ်ရေးစခန်းသို့ တစ်နေ့တစ်နေ့ လာကြည့်
တွေ မနည်းတော့။

အိမ်ကြီးပြီးလျှင် မြင်ရမည့်ပုံစံငယ်ကို ရော့စ်က သူ့ရုံးခန်းတွင်ပြသထ
သည်။ အလုပ်အပ်သူတွေ လိုမ့်ဝင်လာကြသည်။ တစ်ယောက်တည်း မနိုင်တေ
လက်ထောက် ပုံဆွဲဆရာသုံးဦး ငှားလိုက်ရသည်။ သို့ရာတွင် ပုဏ္ဏမီရိပ်သာ
တိုးတက်မှုမှာ နှေးကွေးနေဆဲ။

စိတ်ဓာတ်ကျစရာ ဘဝပြဿနာများကို တွေးတောချိန်မရှိအောင် အ
များနေသည့်ကာလ။ ကွန်ချီတာက လက်ထပ်ဖို့ ပြတ်ပြတ်သားသား ငြင်းသ
အစ်ကိုလုပ်သူကို ဖျောင်းဖျဖို့ မော်ဂင့်ကိစ္စကိုမေးတော့ ဘာမှဝင်မရှုပ်
အဟောက်ခံရသည်။

အခြေအနေမှန်ကို ရော့စ်သိနေ၏။ လန့်စ်ဘရစ်တာနီသည် ပို၍ကြီး
သော သူ၏ခြံမြေတွေရှိရာ လူဝီစီးယားနားသို့ မကြာခဏသွားနေရသဖြင့်



တစ်ယောက် ရှုခင်းသာသို့ လမ်းပေါက်နေသည်။ မိမိအနေဖြင့် သည်ကိစ္စကို
စိတ်ဝင်စားဖို့ လုံးဝအချိန်မရှိတော့။

ပုဏ္ဏမီရိပ်သာပြီးလို့ သူတို့လက်ထပ်လိုက်ရင်တော့ တွမ်တစ်ယောက်
ခြငြိမ်သွားမှာပါ။ ဂျယ်နီက လိမ္မာသည်လေ။ ထိုအချိန်ထိ စောင့်ရုံမှလွဲ၍
ာမျှမတတ်နိုင်တော့။ ဇွန်လထဲတွင် ကွန်ချီတာတို့သားအဖ နယူးအော်လီယန်း
ကို သွားကြတော့မည်တဲ့။ နယူးအော်လီယန်းမှာ နက်ချက်နှင့် သိပ်ဝေးကွာလှ
သည်တော့မဟုတ်။ သွားရေး လာရေး သိပ်မခက်လှ။ သို့သော် ဟိုဆေမန်းဒက်ဇ်
ဆိုသူ၏ ပြဿနာကရှိနေသည်။ နယူးအော်လီယန်းမှ နက်ချက်ကိုလိုက်လာပြီး
ကွန်ချီတာတို့သားအဖနှင့် တွေ့သည်ဟုလည်း ကြားရ၏။

သည်အကြောင်းတွေကို တွေးလိုက်လျှင် ရော့စ်တစ်ယောက် ဆောက်
တည်ရာမရ ဖြစ်လာတတ်သည်။ ထို့ကြောင့်လည်း ကိုယ့်ကိုယ်ကိုယ် အလုပ်ထဲတွင်
မြှုပ်နှံထားခြင်းဖြစ်၏။ အခြားအိမ်ကြီးငါးလုံး၏ အုတ်မြစ်လုပ်ငန်းများကို တစ်ပြိုင်
တည်း စတင်နေရ၏။ ပုဏ္ဏမီရိပ်သာသည် အိမ်နှင့်တော့ တစ်စတစ်စတူလာပြီ။
ခေတ်ကာလမှာ ဝါဂွမ်းစိုက်ပျိုးရေးသမားတွေ ဘယ်တုန်းကနှင့်မျှမတူအောင်
ဝင်ငွေကောင်းနေသည့်အချိန်။ တောင်ထွတ်မြိုင်သာမှ အုတ်ဖိုကြီးမှာ နေ့ရောညပါ
အားရသည်မရှိ။ ရော့စ်သည် တောင်အောက်ရှိ သူပိုင်သစ်စက်မှ ခွဲစက်ကလေး
တစ်လုံးကို တောင်ပေါ်တွင် ပြောင်းတည်ပြီး သစ်လုံးတွေကို နေ့ရောညပါ
ခွဲနေရ၏။

ခွဲစက်မှထွက်လာသည့်သစ်တွေကို လက်မည်းလုပ်သားများက အတိုင်း
အထွာအလိုက် ဖြတ်သူဖြတ်၊ ထွင်းသူထွင်း၊ ရွှေပေါ်ထိုးသူထိုးနှင့်။ ဤသို့ဖြင့်
အဆောက်အအုံများသည် တစ်စတစ်စ ပုံပေါ်လျက်ရှိသည်။

ပုဏ္ဏမီရိပ်သာကမူ ပုံဖော်ပုံ နှေးကွေးလှသည်။ သို့သော် အိမ်ပုံပေါ်စပြုပြီ
ဆိုသည်နှင့် လာရောက် ကြည့်ရှုသူတွေ များသည်ထက်များလာသည်။ မိမိအိပ်ချိန်
တွေ တဖြည်းဖြည်းနည်းလာတော့မည်ဟု ရော့စ်ပါရီ နားလည်လိုက်၏။

မေလနောက်ပိုင်းတွင် နက်ချက်မှာရော နယူးအော်လီယန်းမှာပါ နိုင်ငံရေး
ရာသီဥတုတွေ ပြောင်းလွဲလာသည်။ မေလအစောပိုင်းတွင် ဒုတိယဗိုလ်မှူးကြီး
ရာဘတ်ဗိုက် ဦးဆောင်သောတပ်ဖွဲ့သည် ဆူစန်လော့အမည်ရှိ ကျွန်ဖမ်းသင်္ဘော
ငယ်လေးသုံးစင်းကို ချောဆွဲ၍လည်းကောင်း၊ ဗိုလ်ချုပ်လိုပက်ဇ် ဦးဆောင်သည့်
ဂျော်ဂျီယာနာ အမည်ရှိ ခနိုးခနဲ့ သင်္ဘောငယ်ကလေးသည်လည်းကောင်း နယူး
အော်လီယန်းကမ်းခြေမှ ထွက်လာခဲ့ကြသည်။ သူတို့ ဦးတည်ခုတ်မောင်းသည့်

အရှေ့ပ်မှာ မိုကာရိဗ်နှင့် ကွန်တွိုင်ကျွန်းစုဖြစ်သည်။ သူတို့၏စုစုပေါင်းလက်နက် ကိုင်အင်အားမှာ ၆၀ဝ ကျော်မျှရှိသည်ဖြစ်၍ ကွန်တွိုင်ကျွန်းကို အခက်အခဲမရှိ သိမ်းပိုက်နိုင်ခဲ့ပြီး ထိုကျွန်းစုများပေါ်တွင် စစ်ရေးလေ့ကျင့်မှုများပင် ပြုလုပ်ချိန် ရခဲ့သေးသည်။

သို့သော် နောက်ပိုင်း ကျူးဘားမှ နက်ချက်သို့ ပုံတင်ရိုက်ခတ်လာသည့် သတင်းများက သာယာနှာပျော်ဖွယ် မရှိလှပေ။ ဗိုလ်ချုပ်လိုပက်ဇ်ကို ပုန်ကန် ခြားနားသည့် အင်အားစုများ ပေါ်ပေါက်လာသည်။ အဆိုပါ သူပုန် ၄၀ကို ကွန်တွိုင်ကျွန်းပေါ်တွင်ထားခဲ့ပြီး ဗိုလ်ချုပ်လိုပက်ဇ်က တာဒီနက်စ်ဆိပ်ကမ်း ရှိရာသို့ ချီလေတော့သည်။

သူ၏ လျှပ်တစ်ပြက်- သေနင်္ဂဗျူဟာမှာ ထိရောက်သင့်သလောက် ထိရောက်သော်လည်း စပိန်တို့အတွက် ကြိုတင်ပြင်ဆင်ချိန် လုံလောက်စွာရခဲ့သည်၊ ဗိုလ်ချုပ်လိုပက်ဇ်က မုန်တိုင်းစစ်ဆင်ရေးစနစ်ဖြင့် မီးရထားဘူတာရုံနှင့် စပိန် စစ်တပ်၏ နေအိမ်တန်းလျားအချို့ကို သိမ်းပိုက်နိုင်ခဲ့သည်။ သို့သော် ရောမ အားဖြည့် စပိန်တပ်မကြီးက နောက်ပိုင်းမှ အားသွန်ချီတက်လာနေသဖြင့် ဗိုလ်ချုပ်လိုပက်ဇ်သည် ရှိစုမဲ့စု လက်ကျန်စစ်သားများကို သင်္ဘောစုတ်များပေါ်သို့ မောင်းတင်ပြီး ကျူးဘားအရှေ့ပိုင်းဆီသို့ ချွေးပြေးဝက်ပြေး ပြေးရတော့သည်၊

လမ်းတွင် စပိန်တို့၏ မီဇာရှိခေါ် ရောမစစ်သင်္ဘောကြီးနှင့် တန်းတိုး နေသဖြင့် ဖလော်ရီဒါကမ်းခြေဆီသို့ ခရီးစဉ်ပြောင်းကာ လစ်ခဲ့ရပြန်သည်၊ ဤသို့ဖြင့် ကွန်တွိုင်ကျွန်းပေါ်တွင် ကျန်ခဲ့သည့် ပုန်ကန်တပ်သား ၄၀ မှာ ဟာဗာနာအကျဉ်းထောင်တွင် ကြိုးမိန့်ကိုစောင့်ဆိုင်းနေရသည့် အကျဉ်းသားများ ဖြစ်ကြရလေတော့၏။ စပိန်တွေက သူတို့ကို ကြိုးမိန့်ပေးမည့် တကဲကဲ။

စပိန်ပြည်ရေးရာဆိုင်ရာ အမေရိကန်သံအမတ်ကြီးမှာ သုံ့ပန်းတို့ အသက် ချမ်းသာရာရရှိရေးအတွက် နေ့မအိပ် ညမအိပ် ကြိုးပမ်းလျက်ရှိသည်။ အမေရိကန် တောင်ပိုင်းတစ်ခုလုံးကမူ စပိန်ကိုစစ်ပြုရန် အပြင်းအထန် တောင်းဆိုနေကြသည်၊

ကွန်တွိုင် အကျဉ်းသားများအကြောင်း ပြောတိုင်း ကွန်ချီတာတစ်ယောက် မျက်ရည်ကျရ၏ ။

“ဒီ စပိန် မကောင်းဆိုးဝါးတွေအကြောင်း အစ်ကို မသိဘူးနော်၊ သူတို့က တစ်ခုံတစ်ယောက်ကို နှိပ်စက်မနေရရင် စားဝင်အိပ်ပျော်တဲ့လူတွေ မဟုတ်ဘူး၊ ဒီလူ ၄၀၊ နယ်ချဲ့စပိန်တွေလက်ထဲက လွတ်ဖို့ဆိုတာ–”

ရှော့စ် သိသလောက် သုံ့ပန်း ၄၀ ထဲတွင် နက်ချက်မြို့သားတွေ အများ



အပြားပါဝင်ကြသည်။ ရှော့စ်သည် ဇွန်လထဲတွင် လန့်စ်ဘရစ်တာနီ တက်ရမည့် နက်ရှ်ဗီးလ်ညီလာခံကို စိတ်ဝင်စားနေ၏။ ကျွန်စနစ် ဆက်လက်ထားရှိရေး၊ ထားရှိပုံစနစ်ကို လန့်စ်နှင့် ရှော့စ်တို့ အမြင်ချင်းတူကြသည်။

အဖွဲ့အစည်း တော်တော်များများက မြောက်ပိုင်းနှင့် ခွဲရေးကို မဲပေးကြ လိမ့်မည်။ မြောက်ပိုင်းနှင့်ခွဲလျှင် ပြည်တွင်းစစ်ဖြစ်မည်မှာ မြေကြီးလက်ခတ် မလွဲနိုင်တော့။

နိုင်ငံခြားသား စပိန်တို့နှင့်တိုက်ရခြင်းက အဓိပ္ပာယ်ရှိကောင်း ရှိဦးမည်။ ကိုယ့်အမျိုးအချင်းချင်း၊ ဘာသာတူ၊ စကားတူချင်း ပြန်တိုက်ရမည်ဆိုသည်မှာ တော့ ကမ္ဘာက ကြားလို့မှမတော်သည့် ကိစ္စဖြစ်သည်။

နက်ချက်တစ်မြို့လုံးသည် သည်အတိုင်းပင်မြင်ကြ၏ ။

ရှော့စ်က သူ့လူပျိုဆောင်တွင် ညှော်ခံပွဲတွေ ရံဖန်ရံခါ လုပ်သည်။ စကား ဝိုင်းများတွင် နိုင်ငံရေးသာ လွှမ်းမိုးနေ၏။ အပြင်းအထန်ငြင်းကြ ခုံကြ၏။ သိပ်အရုပ်မဆိုးအောင် ရှော့စ်က ပရိသတ်ကိုထိန်းရသည်။ စကားလမ်းကြောင်း ပြောင်းသည့်အခါ ပြောင်းပေးရသည်။

သူ့ညှော်ခန်းဆောင်ကို ဝေ့ကြည့်ပြီး တစ်နေ့တွင် မော်ဂင်က–

“ရှော့စ်က တကယ်တတ်တာပဲနော်၊ ပြင်ဆင်ထားလိုက်တာ တကယ့်ကို စိတ်ကြည်နူးစရာပဲ”

“ဟုတ်တယ်၊ ဟုတ်တယ်၊ အတုယူစရာပဲ”

လန့်စ်က ထောက်ခံလိုက်သည်။

“မင်းကော သင်္ဘောမကျဘူးလားဟင်”

မော်ဂင်က ဆိုဖာပေါ်တွင် ပုံ့ပုံ့ကလေးထိုင်နေသော ကွန်ချီတာကို ကြည့်ပြီးမေးလိုက်သည်။ တစ်ဆက်တည်းတွင်

“မင်း အင်္ဂလိပ်လိုပြောတတ်တယ်ဆိုတာ တို့ သိပြီးပါပြီ ကွန်ချီတာ၊ ဂျိန်းမွန်ကလစ်က တို့ကို ပြောပြတယ်လေ”

“ဪ ဟုတ်လား၊ ကျွန်မ သင်္ဘောကျပါတယ်ရှင်”

ကွန်ချီတာက ရီးရီးကလေး ပြန်ပြောသည်။

မော်ဂင်က အခြားညှော်သည်များဘက်သို့ တစ်ချက်ဝေ့ကြည့်ပြီး

“ဒါဆိုရင် ဒီကို မကြာမကြာ ရောက်တဲ့သင်္ဘောပေါ့ ဟုတ်လား၊ ခုလို ညှော်ခံပွဲရှိတဲ့ ညမျိုးတင် မကဘူးပေါ့၊ ဟုတ်လား”

“မော်ဂင်”

လန့်စ်က မိန်းမလုပ်သူကို လှမ်းပိတ်မည်အပြုတွင် ကွန်ချီတာက ပြုံးပြ ကလေးနှင့် လက်ကာပြသည်။ ပြောပါစေဆိုသည့် အမူအရာ။

"ရောက်ချင်လည်း ရောက်မှာပေါ့ ဆီညော်ရာ၊ ဆီညော်သိတဲ့အတိုင် အိမ်ကလည်း ချစ်စရာကောင်း၊ အိမ်ရှင်ကလည်း ချစ်ရာကောင်းတော့ မကြ မကြာလည်း ရောက်ချင်ရောက်မှာပေါ့၊ သူက ပရိသတ်ထဲမှာ ချစ်စရာကောင်း သူ့တစ်ယောက်တည်း ရှိတဲ့အခါလည်း ပိုပြီးချစ်စရာကောင်းချင် ကောင်းနေမှာပေါ့

"ဒါပေါ့ သူ့ရဲ့ဧည့်ဝတ်တွေကို တခြားလူတွေ မျှပေးမနေရတဲ့ အချိန်မျိုး မှာ ပိုချစ်စရာ ကောင်းမှာပေါ့"

ကွန်ချီတာက မော်ဂင့်မျက်နှာကို တည့်တည့်ကြည့်သည်။ ပြီးမှ ဖြည်းဖြည် ပြုံးသည်။

"ကျွန်မ ဖြစ်နိုင်ခြေရှိတာတွေ ပြောတာပါနော်"

ဘရစ်တာနီက ခေါင်းကိုမော့ပြီး ရယ်သည်။

"ကဲ မှတ်ကရော၊ မင်းက တစ်ဖက်သားကို သိပ်အထင်သေးတာကို သူ ပြန်ပြောတာ ဘယ်လောက်ကောင်းလဲ၊ မင်းသိချင်တာလည်း တစ်ခုမှမသိရဘူး မင်း သင်ခန်းစာယူဖို့ကောင်းပြီ မော်ဂင်၊ စိတ်ကောင်းကောင်းထားပါကွာ"

မော်ဂင်က မျက်မှောင်ကြုတ်ပြီး

"အို ကျွန်မသိချင်တာရှိရင် သိအောင်လုပ်မှာပေါ့၊ ဒါလောက် စိတ်မ စားလို့ပါ"

"အင်း–မနက်ဖြန် နက်ရှ်ဗီးလ်ကို သွားရတော့မယ်"

လန့်စ်က စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"တစ်ခုပဲ ဆုတောင်းပါတယ်၊ သွေးဆာနေတဲ့ စစ်ရူးတွေ ကျုပ်စကား နားထောင်ကြပါစေလို့၊ ကျွန်စနစ်ကိစ္စက ညှိလို့ရနိုင်ပါတယ်ဗျ၊ အချင်းချင်း စစ်တိုက်တဲ့အထိ ဖြစ်စရာမလိုပါဘူး။ ကျုပ်တို့ဆီမှာ ချုပ်ကိုင်မှုနဲ့ ကျွန်တွေ လွတ်လပ်ခွင့်ပေးနေကြတဲ့ အစဉ်အလာ ရှိဖူးသားပဲ"

"အို ဘာပဲဖြစ်ဖြစ် ကျွန်စနစ်ဟာ လုံးဝမရှိသင့်ဘူး၊ လူတစ်ယောက် မြင်းတစ်ကောင် ဝယ်သလို ဝယ်လို့မရဘူး"

မော်ဂင်က ခါးခါးသီးသီး ဝင်ပြောသည်။ လန့်စ်က သရော်သ လေသံဖြင့်–

"ဒီမယ် မချော၊ မချောက ကျွန်စနစ်ဖျက်သိမ်းရေးဝါဒီပေါ့ ဟုတ် ဒါဖြင့် ခင်ဗျားတို့မိန်းမတွေကော ယောကျ်ားတစ်ယောက်ကို ကျွန်လိုပိုင်ဆို



ထားတဲ့စနစ်ကိုဖျက်ပစ်လေ။ အဲဒီစနစ်ကို မင်း မကြိုက်ပါဘူးလို့တော့ ကိုယ့်ကို မညာနဲ့။ မင်းဟာ ကျုပ်ကို မင်းခြေတော်ရင်းမှာ ဝပ်စင်းလေ၊ ကြိုက်လေပဲ မဟုတ်လား"

ရှေ့စ်က ရှယ်ရီဝိုင် ထပ်ထည့်ဖို့ဟန်ပြင်ရင်း–

"ကျွန်တော်တို့ အဲဒီကျွန်ကိစ္စ ခဏမေ့ထားလိုက်ကြရအောင်လား၊ နိုင်ငံရေးတွေ၊ ကျွန်စနစ်ကိစ္စတွေ ကျွန်တော် ထဲထဲဝင်ဝင် သိပ်မသိပါဘူး။ အဲဒီလို လေးနက်ကျယ်ပြန့်တဲ့ တခြားကိစ္စတွေနဲ့လည်း သိပ်အကျွမ်းတဝင် မရှိလှပါဘူး။ ကျွန်တော်နားလည်တာ စိတ်ဝင်စားတာကတော့ အိမ်တွေဆောက်ဖို့နဲ့ ပုံစံတွေ ထုတ်ဖို့ပါပဲ။ ကဲ လန့်စ်၊ တောင်ထွတ်မြိုင်သာကို လူကြီးမင်း ဘယ်လိုသဘော ရပါသလဲ"

"တောင်ထွတ်မြိုင်သာလား၊ လူတိုင်းပါးစပ်ဖျားမှာလေ၊ သိပ်လှတဲ့အိမ်ကြီး ဖြစ်လာတော့မှာ မဟုတ်လား။ တကယ့်ကို ပြောစမှတ်ပါပဲ ရှေ့စ်"

"စက်တင်ဘာလလောက်ဆို ပြောင်းနေလို့ရပါပြီ။ ကျွန်တော့်ကို ခဏ ကလေး ခွင့်ပြုကြပါဦး။ ညစာပြင်ဖို့ ဝေါလေ့စ်ကို မီးထိုးပေးရဦးမယ်"

လူဖြူသွေးပါသည့် ဝေါလေ့စ်ဆိုသည့် သူငယ်ကိုဝယ်ပြီး အစေတော်အဖြစ် ရှေ့စ် ခန့်ထားလိုက်သည်။ ချာတိတ်က လူတော်ကလေး။ သို့သော် အလုပ် လုပ်ရာတွင် နှေးကွေးသည်။

*

နောက်တစ်ပတ်အကြာတွင် တောင်ထွတ်မြိုင်သာသို့ မြင်းတစ်စီးဖြင့် ကွန်ချီတာ ပေါက်ချလာသည်။ သူတို့သားအဖ လေးဆယ့်ရှစ်နာရီအတွင်း နယူး အော်လီယန်းကို သွားကြတော့မည့်အကြောင်း မော်ဂင့်ရှေ့တွင်ပင် ရှေ့စ်ကို ပြောသည်။

"ရသလောက်အချိန်ကလေးမှာ အစ်ကို ကွန်ချီတာနဲ့လာနေပါကွယ်နော်၊ တစ်မိနစ်မှ အချိန်ဖြုန်းမနေပါနဲ့"

ကွန်ချီတာက စပိန်ဘာသာဖြင့် တိုးတိုးကလေး ပြောလိုက်၏။

"လာမှာပေါ့ ကွန်ချီတာရယ်၊ နယူးအော်လီယန်းကိုလည်း ခဏခဏ လာမယ်၊ အစ်ကို့ကို လက်မထပ်ဘဲ ခေါင်းမာနေတဲ့ မင်းရဲ့မိုက်မဲမှုကို မင်း မေ့လျော့သွားတဲ့အထိ ကိုယ် လာမယ်"

ရောှစ်က ကွန်ချီတာကိုငုံ့ပြီး နမ်းလိုက်သည်။ မော်ဂင် ရယ်နေ၏။

"သိပ် ကြည့်ကောင်းတာပဲ၊ ရောှစ်ဟာ တကယ့် ယောကျ်ားကောင်း တစ်ယောက် ဖြစ်လာပြီ၊ ဒါထက် သူ ဘာပြောတာလဲဟင်"

ကွန်ချီတာကပင် အေးဆေးတည်ငြိမ်သည့် လေသံဖြင့် ပြန်ပြောသည်။

"ကျွန်မ သွားတော့မယ့်အကြောင်း ပြောတာပါ ဆီညော်ရာ၊ ရှင့်စီမံကိန်း အတွက် တစ်ရန်ရှင်းသွားပြီပေါ့"

ပြောပြောဆိုဆို မြင်းပေါ်ကို လွှားခနဲခုန်တက်ပြီး ကွင်းထဲသို့ ဖုန်တထောင်း ထောင်းနှင့် ကဆုန်စိုင်းချသွားသည်။

*

အဝတ်လဲနေရင်း ရောှစ် သူ့ကိုယ်သူ မှန်ထဲတွင် ကြည့်လိုက်သည်။ မျက်နှာမှာ သုန်မှုန်နေ၏။ ကွန်ချီတာဆီသွားဖို့ ပြင်ဆင်နေခြင်းဖြစ်၏။ သည် သူငယ်မကို ဘယ်လိုပြောလို့မှ မရတော့ပါကလား။ ဘာကြောင့် ငြင်းပယ်ခဲ့ သည်ကိုလည်း မသိရ။

ကွန်ချီတာသည် တွေ့ဖူးသမျှ မိန်းကလေးများထဲတွင် မိန်းမအပီသဆုံး မိန်းကလေးဖြစ်သည်။ အလွန်ပြည့်စုံသည့် မိန်းကလေးလည်းဖြစ်သည်။ ဆန့်ကျင် ဘက်တွေ ပေါင်းစပ်ထားသဖြင့် ပို၍ချစ်စရာကောင်းနေခြင်းဖြစ်၏။ ကွန်ချီတာ သည် ပျော်ပျော်နေတတ်သူကလေး ဖြစ်သည်။ တစ်ပြိုင်တည်းတွင် သော ဝေဒနာတွေ ရင်နှင့်အမျှ ခံစားနေရ၏။ ကွန်ချီတာသည် နောက်ပြောင်ကျီစယ် တတ်သော၊ နူးညံ့သိမ်မွေ့သော မိန်းကလေးဖြစ်၏။ တစ်ပြိုင်တည်းတွင် အလွ လေးနက်နေပြန်၏။ တွေးခေါ်မြော်မြင်မှု အဆင့်မြင့်၏။ ပြီးတော့ သံမဏိ မာကျော၏။

လူတွေအပေါ် သူ့အကဲခတ်ပုံ၊ အကဲဖြတ်ပုံမှာ ကွက်တိမှန်သည်ချည် ဖြစ်ကြောင်း ရောှစ် အကြိမ်ကြိမ်တွေ့ခဲ့ရပြီ။

မော်ဂင့်အပေါ် ကွန်ချီတာမြင်ပုံမှာ ဂျယ်နီမြင်ပုံနှင့် တစ်ထပ်တည်း မော်ဂင်ဆိုသည့် မိန်းမကို အလုပ်သဘောအရ ဆက်ဆံနေရခြင်းမျှသာဟု ရော ကိုယ့်ကိုယ်ကိုယ် သတိပေးနေရ၏။

အနက်ရောင်လည်စည်းကို သေသေချာချာစည်းပြီး အသာဆွဲဆန့်လိုက် သည်။ ဦးထုပ်ကို ကောက်ဆောင်းပြီး အော်ထပ်သို့ဆင်းမည့်ဆဲဆဲတွင် ဝေါလေ့



အခန်းထဲဝင်လာသည်။

"ဆရာ့ကို မစ္စတာဘာရစ်တာနီရဲ့ အစေခံတစ်ယောက်က တွေ့ချင်လို့တဲ့ ဆရာ၊ အောက်ထပ်မှာ စောင့်နေပါတယ်"

"အပေါ်လွှတ်လိုက်ကွာ"

စိတ်ထဲမှာ ကျိတ်ပြီးကျိန်ဆဲလိုက်သည်။ မော်ဂင် ဘာပြဿနာရှာပြန်ပြီ လဲမသိ။

လူမည်းအစေခံတစ်ယောက် အခန်းထဲဝင်လာသည်။ ရှခင်းသာအိမ်စေ များဝတ်သည့် ဝတ်စုံဖြင့် ဦးထုပ်ကိုပိုက်ပြီး ရောှစ်ကို ရပ်ကြည့်နေ၏။

"ပြောလေကွာ၊ ဘာဖြစ်တာလဲ"

ရောှစ်က ခပ်ဆတ်ဆတ်မေးလိုက်သည်။

"မစ္စမော်ဂင်က ဆရာ့ကို အမြန်ဆုံးလာခဲ့ပါတဲ့၊ ပြဿနာပေါ်နေလို့ပါတဲ့၊ ဆရာ့အကူအညီ လိုနေလို့ပါတဲ့"

ရောှစ် ဒေါပွသွားသည်။

"သေတော့မှာပဲ၊ ပြောလိုက်ကွာ"

ပြောနေရင်း တစ်စုံတစ်ခုကို စဉ်းစားလိုက်မိသလို တွေသွားသည်။ တကယ်ပဲ တစ်ခုခုဖြစ်နေပြီလား၊ လူမှုရေးအရ ဆက်စပ်နေပြန်ပြီ။ ဝေါလေ့စ် ကက်လှည့်ပြီး–

"မင်း ပန်းအိဂေဟာကို အမြန်ဆုံးစီးသွား၊ မစ္စကွန်ချီတာကိုပြော၊ ငါ နည်းနည်းနောက်ကျမယ်လို့"

ပြောပြောဆိုဆို ဦးထုပ်ဆောင်းပြီး လှေကားမှဆင်းလာခဲ့သည်။ မြို့နှင့် တစ်မိုင်ခန့်သာဝေးသည့် ရှခင်းသာသို့ မိနစ်အနည်းငယ်အတွင်း ရောှစ် ရောက် သွားသည်။

မြင်းစောင်းတာဝန်ကျ ချာတိတ်တစ်ယောက်က နန်စီ၏ပါးချပ်ကို ဆီး ကိုင်ပြီး ကြိုသည်။ မြင်းကိုချည်ဖို့ မလိုကြောင်း၊ ခုချက်ချင်းပြန်မည့်အကြောင်း ရောှစ်က လှမ်းပြောလိုက်သည်။

ကောင်လေးက ပြုံးသည်။ သူ့အပြုံးက ကြည့်သေးတာပေါ့ဗျာဟု ပြောနေ သည့် အပြုံးမျိုး။

"မမလေးက ပြောပါတယ်၊ အစ်ကိုလေးလာရင် အပေါ်ထပ်ကို တန်းတက် ပါတဲ့၊ မျှော်နေတယ်ခင်ဗျ"

အိမ်ထဲရောက်တော့ ဘဏ္ဍာစိုးကို ဦးထုပ်လှမ်းပေးပြီး လှေကားကျယ်ကြီး

ပေါ်သို့ တက်ခဲ့သည်။ မျက်မှောင်ကြုတ်လျက်။ လန့်စ်က နက်ရှိုင်းလ်ညီလာခံ
ပြန်မရောက်သေး။ ဘာအဓိပ္ပာယ်လဲ။ လုံးဝ အဓိပ္ပာယ်မရှိဟု စိတ်ထဲထင်နေ၏
အပေါ်ထပ်ရောက်သည်နှင့် မိန်းကလေးတစ်ယောက် စူးစူးဝါးဝါးအော်
ကြားလိုက်ရ၏။ ကပ္ပလီမကလေး အခန်းထဲမှ ပြေးထွက်လာသည်။ လက်တွ
သွေးစက်လက် ဒဏ်ရာကို လက်တစ်ဖက်ဖြင့် ဆုပ်လျက်။

"ရော့စ် ရောက်လာပြီလား၊ လာ ဝင်ခဲ့လေ"

အခန်းထဲမှ ထွက်လာသည့် မော်ဂင်အသံ။ သူ့အသံက ခပ်ရှင်ရှင်

ရော့စ် လေးလံသည့်ခြေလှမ်းများဖြင့် လျှောက်သွားသည်။ အခန်းဝရော
တော့ တုံ့ခနဲရပ်လိုက်၏။ မော်ဂင်ကို မှန်တင်ခုံတွင် ထိုင်လျက်သားတွေ့ရ၏
အနက်ရောင် ပိုးဇာဝတ်ရုံကို ဝတ်ထားသည်။ ရှည်လျား နက်မှောင်သည့်ဆံ
တွေကို ဖြီးသင်လျက်။ မှန်မှတစ်ဆင့် ရော့စ်ကိုပြုံးပြသည်။

ဝတ်ထားသည့် ဇာဝတ်ရုံက ရှက်ဖို့ကြီးငယ် အသွယ်သွယ်၏အလှ
ပေါ်လွင်စေသည့် ဝတ်ရုံမျိုး။ အင်း အိပ်ရာဝင်မှာမို့ သည်ဝတ်ရုံကို ဝတ်ထားတ
လား၊ ငါ့ကိုမြူဆွယ်ဖို့ ဝတ်ထားတာလားဟု ရော့စ် ခါးသီးစွာတွေးလိုက်၏

"လာလေကွယ်၊ စောင့်လိုက်ရတာ ဒါလင်ရယ်"

ရော့စ် သူ့ဆီသို့ လျှောက်သွားသည်။ မှန်တင်ခုံပေါ်မှ သွေးတွေစွန်း
သည့် ကတ်ကြေးကို ငုံ့ကြည့်ပြီး–

"မင်း ဟိုကလေးမကို ကတ်ကြေးနဲ့ထိုးလိုက်တယ်၊ ဟုတ်လား"

မော်ဂင်က လေအေးကလေးဖြင့် ပြန်ပြောသည်။

"အင်း လာအနှောင့်အယှက်ပေးတယ်လေ၊ မော်ဂင်က အနှောင့်အယှ
ပေးတာ မကြိုက်ဘူး၊ မော်ဂင် စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တဲ့အထဲ
ရှင်လည်းပါတယ် ရော့စ်။ ဘာမဟုတ်တဲ့ ဒီကျူးဘားသူမနဲ့ မျက်စိအောက်
ပလူးပြနေတယ်"

"ဒီမယ် မော်ဂင်၊ အဲဒါ မင်းနဲ့ဘာဆိုင်လို့လဲ၊ ကဲ ဘာကိစ္စ ကျ
ခေါ်တာလဲ၊ ဘာပြဿနာလဲ"

"ပြဿနာ ဟုတ်လား၊ ဪ မော်ဂင့်ပြဿနာလား၊ ဟုတ်တ
မော်ဂင့်မှာ ပြဿနာအကြီးအကျယ်တက်နေတယ် ရော့စ်၊ တစ်ယောက်တ
ဖြစ်နေလို့ ရော့စ်ရဲ့၊ ပျင်းနေတယ်လေ၊ ရော့စ် အနားမှာရှိနေစေချင်တယ်လေ

"သေတော့မှာပဲ"

ရော့စ် ဒေါသတကြီး ရေရွတ်ရင်း လှမ်းထွက်သွားမည်ပြုသည်။ မော်



က ကြောင်မကလေးတစ်ကောင်လို လှပစွာ ခုန်ထလာပြီး သူ့လက်မောင်းကို
လှမ်းဆွဲသည်။

မောနေသည့် ပုံဖြင့်

"မသွားပါနဲ့ ရော့စ်ရယ်၊ တစ်ယောက်တည်းနေရတာ စိတ်တွေ ချောက်
ချားလွန်းလို့ပါ၊ မော်ဂင်လေ နားထဲမှာ ဟိုဟာတွေကြား၊ သည်ဟာတွေကြားနဲ့"
ဟု ပြောရင်း မျက်လုံးတွေက တစ်စုံတစ်ရာကို ကြောက်ရွံ့ ထိတ်လန့်နေပုံဖြင့်
ပြူးကျယ်နေသည်။

"သွားစမ်းပါ"

"တကယ်ပြောတာပါ ရော့စ်ရယ်၊ မော်ဂင်ပြောတာ ယုံပါ"

သူ့အသံက တကယ် အထိတ်တလန့် ဖြစ်နေသည့်အသံမျိုး။ ရော့စ်
သူ့ကိုငုံ့ကြည့်လိုက်သည်။ အမှန်ပင် သွေးပျက်လုခမန်း ကြောက်ရွံ့နေသည့်
မျက်လုံးများကို တွေ့ရ၏။ ရော့စ် ဦးနှောက်ချောက်သွားသည်။ ဒီမိန်းမ ရုပ်ရှင်
မင်းသမီး လုပ်ဖူးခဲ့လေသလား၊ ဒါမှမဟုတ် တကယ်ပင် ဆောက်တည်ရာမရ
ဖြစ်နေခြင်းလား။

"မင်းမှာ သောက်စရာ ဘာမှမရှိဘူးလား၊ မြန်မြန်အိပ်ပျော်သွားအောင်လေ၊
အိပ်ဆေးတို့ ဘာတို့ပေါ့"

"ဘရန်ဒီသောက်ရင် နည်းနည်းအိပ်လို့ရတယ်၊ ဒါပေမဲ့ တစ်ခုကတော့
ကူပေးမြပဲ ရော့စ်"

"ဘာတစ်ခုလဲ"

"ပြောပြပါ့မယ် ရော့စ်ရယ်၊ မော်ဂင်နဲ့ ဘရန်ဒီ အတူတူသောက်ပါဦးနော်"
သူက တိုးတိုးကလေး ပြောသည်။ တောင်းပန်တိုးလျှိုးသည့် လေသံဖြင့်–

"လုပ်လေ၊ ဒါပေမဲ့ ကိုယ် ခဏပဲ အချိန်ပေးနိုင်မယ် မော်ဂင်၊ သွား
ရာ–"

"ကွန်ချီတာ့ဆီကို မဟုတ်လား၊ မျက်လုံးက ပင်လယ်လို ပြာနှမ်းနေတဲ့
ကောင်မလေးလေ၊ အမြဲတမ်း ရော့စ်ကို ညှုနေတဲ့မျက်လုံးတွေ။ လမ်းလျှောက်ပုံ
ကြည့်ဦးမလား။ မြူဆွယ်ပြီးလျှောက်နေတာ။ အဖေက ကျောက်ခေတ်က အဖေ
မျိုးဆိုတော့ သမီးကို မထိန်းနိုင်ဘူးပေါ့"

"တော်လောက်ပြီ မော်ဂင်"

"မော်ဂင် သူ့ကို ကြည့်လို့မရဘူး ရော့စ်"

ညဥ့်ဝတ်ရုံ ဝဲခနဲနေအောင် တစ်ဖက်သို့လှည့်လိုက်ပြီး နံရံမှကြိုးတစ်ချောင်း

ကို ဆွဲလိုက်သည်။ စက္ကန့်ပိုင်းအတွင်း ကပ္ပလီအိမ်စေတစ်ယောက် အခန်း
ရောက်လာသည်။

"ဘရန်ဒီယူခဲ့၊ ပြီးတော့ ဘယ်သူမှ တက်ပြီးအနှောင့်အယှက်မပေးနိ
အောင် အောက်မှာစောင့်နေ"

နောက်တစ်ခဏအတွင်း လက်ချောင်းသွယ်သွယ်ကလေးများဖြင့် မော်ဂ
ဘရန်ဒီငှဲ့နေပုံကို ရှော့စ် စောင့်ကြည့်နေသည်။

အကြင်အမျိုးသမီး၏ ဆွဲငင်အားကို ရှော့စ် တအံ့တဩဖြစ်နေ၏
ကောက်ကျစ်စဉ်းလဲနေမှန်းသိလျက် ဘာကြောင့် မမုန်းနိုင်ပါလိမ့်။ သည်
အလှပိုင်ရှင်မျိုးကို ဘယ်သူ မုန်းနိုင်ပါမည်လဲ။ ပဋ္ဌလက်အတတ်ဖြင့် ညို့
ဖမ်းစားခံရသူပမာ ရုန်းမထွက်နိုင်အောင် ဖြစ်နေရ၏။

သို့သော် ဘရန်ဒီခွက်ကမ်းပေးတော့ သတိပြန်ဝင်လာသလို လှမ်းကြ
လိုက်သည်။ ယမကာကို မတရားအများကြီး ထည့်ထား၏။

မော်ဂင်က မခံချင်အောင် ပြောသည်။

"ဘာဖြစ်တာလဲ၊ မသောက်ရဲဘူးလား"

မှန်ပါသည်။ ရှော့စ်ပါရီတစ်ယောက် မော်ဂင့်ကို လန့်နေ၏။ ဒါ
သူ့ကိုယ်သူလည်း သိနေ၏။ သို့သော် သူရဲဘောကြောင်သူအဖြစ် ဘယ်တုန်းက
မခံယူခဲ့ဖူးသည့်အလျောက် ဖန်ခွက်ကိုလှမ်းယူပြီး တစ်ကျိုက်တည်းမော့ချလို
သည်။ မော်ဂင်ကလည်း အားကျမခံ တစ်ချက်တည်း ရှင်းလိုက်သည်။

"နောက်တစ်ခွက်ယူပါဦး" ဟု မော်ဂင်ကဆိုသည်။

"ဟင့်အင်း–တော်ပြီ"

"ဘာ တော်ပြီ ဟုတ်လား"

သွေးကြောပေါင်းစုံအတွင်းသို့ စီးဆင်း ပျံ့နှံ့သွားသည့် ဘရန်ဒီတန်
ကြောင့် စက္ကန့်ပိုင်းအတွင်း ရှော့စ် ရီဝေသွားသည်။ နောက်နှစ်ခွက်ဆင့် မျက်
တစ်ချက်မမှေးဘဲ ဆက်တိုက်မော့နေသည့် မော်ဂင်ကို သူ ကြောင်ကြည့်နေ၏

မော်ဂင် ဖြည်းဖြည်းချင်း ထသည်။

"လာလေ ရှော့စ်"

ရှော့စ် ဦးခေါင်းထဲတွင် ဆန္ဒနှင့် ဆင်ခြင်တုံတရားတို့ ပဋိပက္ခဖြစ်ကြ
ငါသည် ကျောက်စာတိုင်မဟုတ်၊ သွေးနှင့်ကိုယ် သားနှင့်ကိုယ်ပါတကား။

ဟင် ကွန်ချီတာကလေး စောင့်နေတယ်လေ။ လေးကန်စွာ ထရပ်လို
သည်။ သို့သော် သူ မတ်မတ်မရပ်နိုင်မီ မော်ဂင် သူ့အနားရောက်နေနှင့်ပြ



တင်းဖက်ပြီး မွတ်မွတ်သိပ်သိပ်နမ်းနေပြီ။ ရှော့စ်၏နှုတ်ခမ်းအစုံကို အပြင်း
ဆုံး အင်အားမျိုးဖြင့် ငုံခဲလျက်။

ရှော့စ် အတင်းတွန်းဖယ်ပြီး ရုန်းထွက်ဖို့ကြိုးစားသည်။ သို့သော် သူ့လက်
တွေ အင်အားမရှိကြတော့။ ဦးနှောက်က ခိုင်းစေသည့်အတိုင်း သူ့လက်တွေက
လိုက်နာကြတော့။ မလိုက်နာရုံမက ပုန်ကန်ခြားနားကြလေပြီ။

ခါးကျဉ်ကျဉ်ကို တင်းတင်းပြန်ဖက်နေ၏။ မော်ဂင်၏ လှိုင်းထနေသည့်
ည်းတွားသံသဲ့သဲ့ကို မကြားတစ်ချက် ကြားတစ်ချက်။ သွေးကြောများထဲမှ
ထစ်ချုန်းသံကို ကိုယ့်ဘာသာ ပြန်ကြားလိုက်၏။

သည်တော့မှ အတင်းတွန်းဖယ် ရုန်းထွက်လိုက်သည်။ မော်ဂင်က
ိုင်းဖက်ထားလျက်မှ မော့ကြည့်ပြီး ပြုံးသည်။ ပြီးတော့ သူ့ခေါင်းကို အတင်း
ွဲငုံ့စေပြီး နမ်းပြန်သည်။ သိုင်းဖက်ထားသည့် လက်တစ်ဖက်ကို ဖြုတ်လိုက်၏။
တစ်ပြိုင်တည်းလိုလို အချိန်အတွင်း ရှော့စ်၏နံဘေးသို့ မာကျောကျော အရာဝတ္ထု
တစ်ခုဖြင့် အထောက်ခံလိုက်ရသည်။ သူ့နှုတ်ခမ်းထဲမှ ရုန်းထွက်ပြီး နံဘေးသို့
ငုံ့ကြည့်လိုက်၏။

ဟင် မော်ဂင်က လက်တစ်ဖက်တွင် ပစ္စတိုသေနတ်ငယ်ကလေးကိုကိုင်ပြီး
မိနံဘေးကို ထောက်ထားခြင်းပါလား။ မောင်းကတင်ပြီးသား။ လက်ညိုးက
လုတ်တွင် အသင့်အနေအထားဖြင့် မသိမသာ တုန်နေသည်။

"ဘာအဓိပ္ပာယ်"

"ကဲ ရှင် သူ့ဆီမသွားရဘူး၊ နားလည်လား ရှော့စ်၊ ဒီမှာ မော်ဂင်နဲ့
တစ်ညလုံးနေရမယ်၊ မိုးလင်းတဲ့အထိ နေရမယ်၊ ဘယ်သူမှ မသိစေရဘူး"

ရှော့စ်က အမျိုးသမီးကို စိုက်ကြည့်နေသည်။ ဒေါသစိတ်တွေ ပေါက်ကွဲ
ထွက်လာပြီး သူ့လက်ထဲမှ သေနတ်ကို ဂရုမစိုက်တော့ဘဲ ဖျစ်ညှစ်ခနဲ ကောက်ဆွဲ
လိုက်ပြီး ခုတင်ကြီးပေါ်သို့ ပစ်တင်လိုက်သည်။ နံဘေးတွင် ဝင်ထိုင်ပြီး

"မင်းလိုချင်တာ ဒါပဲမဟုတ်လား"

ရှော့စ်က သံပြတ်နှင့်မေးသည်။ မော်ဂင်က သူ့ကို မော်ကြည့်နေ၏။
သေနတ်ကလေး၏ပြောင်းဝက သူ့အသည်းတည့်တည့်တွင် ချိန်လျက်။ ပြီးမှ
ုတ်ခြည်းရယ်ချလိုက်သည်။ အားရပါးရ အော်ရယ်ခြင်းမျိုး။

"မဟုတ်ဘူး ရှော့စ်။ ရှင့်ဆီကလည်း မလိုချင်ဘူး။ ဘယ်ယောကျ်ားဆီက
လည်း မလိုချင်ဘူး။ ဒီမယ် ရှော့စ်၊ ရှင် ဘာပြုလို့ ဒီမျိုးမတူဇာတ်ခြားတဲ့
အပေါစား ဟာမကလေးကို အထင်ကြီးနေရတာလဲ"

သူ့အမူအရာက ချက်ချင်းပြောင်းလဲသွားပြန်၏။

"လာပါဦး ရှောစ်ရယ်"

အားနေသည့် လက်တစ်ဖက်ဖြင့် ရှောစ်၏လည်ပင်းကို ဆွဲငုံ့ပြီး မွတ်မွတ် သိပ်သိပ် နမ်းပြန်သည်။ သို့သော် သေနတ်ပြောင်းဝကိုမူ အသားထဲ နစ်ဝင်သည် အထိ ထောက်ထားဆဲ။

"သေပါတော့ကွာ၊ ဒုက္ခပါပဲ"

ရှောစ် ဗလုံးဗထွေး ညည်းတွားလိုက်သည်။ သည်အဖြစ်ကို အမြန်ဆုံး အဆုံးသတ်ရမည်။ ကွန်ချီတာ ပြောဖူးသည့်စကားလုံးများ နားထဲတွင် ပဲ့တ ထပ်လာသည်။ ဆင်ခြင်တုံတရားရှိတဲ့လူတိုင်းဟာ လမ်းဆုံ လမ်းခွရောက်လျှ မတွေဝေကြဘူးတဲ့။ ဥပမာ အဓိပ္ပာယ်မဲ့စွာ နေမလား၊ ဂုဏ်သရေရှိစွာ သေမလား တစ်ခုတစ်ခုကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ရတော့မည်။ ဘယ်လိုမိန်းမမျိုး၏ အသ တော်ခံ ပစ္စည်းမှ အဖြစ်မခံနိုင်။

ဝုန်းခနဲ တစ်ဖက်သို့လှိမ့်ချလိုက်သည်။ သေချင်လည်း သေပါစေတော့ သို့သော် မော်ဂင်က သေနတ်မောင်းကိုမဖြုတ်။ သေနတ်ဖြင့် မပစ်ရုံမက သူ့ ချက်ချင်းမေ့သွားသလို အိပ်ရာပေါ်မှလျှောဆင်းပြီး အခန်းထဲတွင် လှည့်ပ ကနေလေ၏။

တံတောင်ဆစ်နှစ်ဖက်ပေါ်တွင် အားပြုပြီး ခေါင်းထောင်၍ ရှောစ် သူ့ ကြောင်ကြည့်နေသည်။ သူ ကနေသည့်ကကြိုး၏ ဂီတသံစဉ်ကို နားထဲတွ ကြားယောင်လာသလို ဖြစ်လာ၏။ မျက်စိထဲတွင် သင်္ကေတများကို မြင်လာ၏ သံစုံတီးဝိုင်းကြီး၏ တေးသွားကို နားနှင့် ဆက်ဆက်ကြားရသည် ထင်လာ၏

မော်ဂင်သည် အနက်ရောင် ညဥ့်ဝတ်ရုံကြီး ခါးတစ်ဝက်ထိ ဝဲပျံလာသ တိုင်အောင် လှည့်ပတ်ကနေ၏။ ဝတ်ရုံအောက်မှ အသားရောင်သည် မှုန်ရေး ညဆည်းဆာတွင် ဖြူဖွေးဖွေး လင်းလက်နေ၏။ ရှောစ်မျက်လုံးများ အမျိုးသ ထဲတွင် စူးစိုက်နေ၏။ ကြားယောင်နေသည့် ဂီတသင်္ကေတများကို အသိအာ ထဲတွင် အပြေးအလွှား လိုက်မှတ်နေသည်။

အိပ်ရာပေါ်မှခုန်ဆင်းလိုက်သည်။ မော်ဂင်ကို လုံးဝမေ့သွားပြီ။ သူ့လက် မှ သေနတ်ကိုလည်း ကြောက်ရွံ့ခြင်းမရှိတော့။ အိမ်ကို အပြေးပြန်ပြီး စန္ဒရား တွင်ထိုင်ဖို့သာ စိတ်စောနေသည်။ နားထဲတွင်စွဲနေသည့် သင်္ကေတကို အသိအာ မှ မလွင့်ပြယ်မီ ချရေးဖို့ကြိုးစားရမည်။ မော်ဂင်ဘရစ်တာနီဟုခေါ်သည့် ကြော မက်ဖွယ် မိန်းမရိုင်း၏ မီးလျှံအက တေးသွား။



တံခါးဝဆီသို့ ဖြတ်လျှောက်သွားသည်။ ဘယ်ကဘယ်လို မော်ဂင် သူ့ င်ခွင်ထဲသို့ လဲပြိုကျလာသည် မသိလိုက်။ မှုန်မှုန်ရေးရေး အလင်းရောင်တွင် ော်ဂင်သည် ရှိုက်ကြီးတငင် ငိုကြွေးရင်း ပါးချင်းအပ်ကာ သူ့နှုတ်ခမ်းတွေကို ဖွေနေပြန်သည်။ သည်တစ်ကြိမ်တွင်မူ ရှောစ်တစ်ကိုယ်လုံး တောင့်တင်းနေ တော့၏။ ညွတ်ပျောင်း၍ မလာတော့။

အမျိုးသမီးကို တွန်းဖယ်ပစ်လိုက်သည်။ ဤတွင် သေနတ်မောင်းကို ော်ဂင် ဆွဲညှစ်လိုက်ခြင်းဖြစ်၏။ ဝမ်းဗိုက်ဘယ်ဘက်ခြမ်းကို ကျည်ဆန်ဖြတ်သွား ကြောင်း ရှောစ် သတိထားလိုက်မိသည်။ တစ်ကိုယ်လုံး ယိမ်းထိုးနေသည်။ ဏ်ရာကို လက်နှင့်စမ်းကြည့်လိုက်၏။ ခါးအထက်မှ အသားတချို့ စုတ်ပြတ် ထွက်သွား၏။ အသက်အန္တရာယ်နှင့် မနီးကြောင်း ချက်ချင်းသိလိုက်သည်။

မီးခိုးတငွေ့ငွေ့ထွက်နေသည့် သေနတ်ငယ်ကိုကိုင်လျက် မော်ဂင် သူ့ကို ိုက်ကြည့်နေသည်။ ပြီးတော့ ရယ်သည်။ ထို့နောက် တစ်ဆက်တည်းငိုသည်။

ရှောစ် အခန်းထဲမှ ဒယီးဒယိုင် ထွက်ခဲ့သည်။ လှေကားမှဆင်းနေသည့် သူ့ခြေသံသည် စည်းနှင့်ဝါးဖြစ်နေ၏။ အသိအာရုံတွင် ဂီတသင်္ကေတများသာ လွှမ်းခြုံလျက်။ မြင်းထိန်းကောင်လေးက နန်စီကို အသင့်ပြင်ပေးသည်။ သူ့ကို အထိတ်တလန့်ကြည့်ပြီး မြင်းပေါ်ကူတင်ပေးသည်။ ကုန်းနှီးပေါ်တွင် မတ်မတ် ထိုင်နိုင်အောင် ရှောစ် ကြိုးစားသည်။ သို့သော် အမူးသမားတစ်ယောက်လို ခွေခွေခေါက်ခေါက် ဖြစ်နေသည်။ ကိစ္စမရှိ။ နန်စီက အိမ်အရောက် ခေါ်သွား လိမ့်မည်။

တေးသွားကို တီးတိုးညည်းကာ ကုန်းနှီးဘုတွင် သင်္ကေတများကို လက် တစ်ဖက်ဖြင့် ရေးမှတ်လိုက်လာသည်။ တေးသွားက နရီသွက်တေးသွားမျိုး။ မော်ဂင်လိုပင် စိတ်လှုပ်ရှားစရာကောင်းသည့်၊ ပေါက်ကွဲချင်စရာကောင်းသည့် တေးသွားမျိုး။

အိမ်ရောက်တော့ မြင်းပေါ်က ဆင်းသည်။ နာကျင်ပင်ပန်းစွာဖြင့် နန်စီ ကို မြင်းဇောင်းသို့ မပို့နိုင်တော့။ အိမ်ပေါ်ရောက်အောင် သုံးကြိမ်နား၍ တက်ခဲ့ ရသည်။ ဧည့်ခန်းထဲရောက်တော့ ဝေါလေ့စ်ကို အော်ခေါ်ဖို့ ကြိုးစားသည်။ ဏ်ရာကို ရေနွေးနှင့်ဆေးပြီး ပတ်တီးစည်းရမည် မဟုတ်လား။

ဟင် ကွန်ချီတာကလေးပါလား၊ ဆိုဖာပေါ်တွင် ခွေခွေကလေး အိပ်လို့။ ရှောစ် အကြာကြီးငေးစိုက်ကြည့်နေသည်။ ပြီးမှ စန္ဒရားဆီ လျှောက်သွားပြီး ထိုင်သည်။ ရှည်သွယ်သွယ်လက်ချောင်းများကို ကွေးချည် ဆန့်ချည်လုပ်သည်။

စိတ်ထဲမှ ဂီတသင်္ကေတများကို လက်ချောင်းများက ရှာဖွေနေခြင်းဖြစ်၏။

ခလုတ်များပေါ်သို့ တို့ကာ တို့ကာဖြင့် ဖြည်းဖြည်းကလေး အသံရှာသည် ခဏခဏရပ်ပြီး ,စာရွက်ပေါ်သို့ ပဲပင်ပေါက်သင်္ကေတများ ချရေးသည်။ စက္က လွတ်ပေါ်တွင် တစ်ခဏတွင်း ပြည့်သွားသည်။ သူ့အာရုံတွင် ဂီတမှလွဲ၍ ဘာ မထင်တော့။

စန္ဒရားခလုတ်များပေါ်သို့ မိုးသီးမိုးပေါက်တွေ ရွာချသလို စတီးတော့၏ မော်ဂင်ကကြိုးတေးဂီတသည် တစ်ခန်းလုံး ပျံ့နှံ့ဆူညံသွားတော့သည်။

တေးသွား၏အလယ်လောက်တွင် နူးညံ့သည့် ထိတွေ့မှုကို ပခုံးသားများ သိလိုက်၏။ သို့သော် သူ့လက်များက အတီးမှ ရပ်၍မရဖြစ်သည်။

ဘရန်ဒီအရှိန်က ခေါင်းထဲတွင် ရီဝေဆဲ။ မူးရီမူးဝေဖြင့် သူ့လက်ချော တွေ စန္ဒရားခလုတ်များပေါ်တွင် ပြေးလွှားနေဆဲ။

ကွန်ချီတာက အော်ပြီး ပခုံးကို ကိုင်လှုပ်တော့မှ သူ အတီးရပ်သည်

"အစ်ကို အဲဒါ သူ့အကြောင်းကို ဖွဲ့တီးနေတာမဟုတ်လား ဟင်"

ခွေးခြေပေါ်မှ တဖြည်းဖြည်း ကွန်ချီတာဘက်သို့ လှည့်သည်။ ကွန်ချီ က သင်္ကေတစာရွက်ကို တစ်စစီဖြစ်အောင် ဆွဲဆုတ်ပြီး ကြမ်းပြင်သို့ ဖြန့် လိုက်သည်။

"ဟုတ်တယ် ကွန်ချီတာ သိတယ်၊ ဒါ မကောင်းဆိုးဝါးမကို ဖွဲ့ထား တေးပဲ။ နားထောင်ရတာ သူ့ကိုကြည့်ရသလိုပဲ ကြောက်စရာကောင်းတယ် အမင်္ဂလာနိမိတ်ဆိုးတေးသွားပဲ။ အစ်ကို ဘယ်သူ့မှ တီးမပြရဘူး"

ရော့စ် ထရပ်လိုက်သည်။ တစ်ကိုယ်လုံး ယိမ်းထိုးနေ၏။ ဘရန် အရှိန်ကြောင့်မဟုတ်။ ဒဏ်ရာကြောင့် ဖြစ်သည်။ သွေးတော့တိတ်သွားပြ လက်နှစ်ဖက်ကို ရှေ့သို့ဆန့်တန်းပြီး ကွန်ချီတာဆီသို့ လှမ်းသွားသည်။ ပြီးတေ တလေးတစား ခါးကို ကိုင်း၍ဦးညွှတ်သည်။

သို့သော် သူ့ခန္ဓာကိုယ်မှာ ပြန်မတ်မလာတော့ဘဲ တဖြည်းဖြည်း ရှေ့သ ငိုက်ကျသွားတော့၏။ ကွန်ချီတာ ငယ်သံပါအောင် အော်လိုက်သည်ကို နောက်ဆုံ ကြားလိုက်ရ၏။

"အစ်ကို အစ်ကို ဂြော်ဲ အစ်ကိုရယ်၊ လုပ်ကြပါဦး၊ ဒီမိန်းမယုတ် အစ်ကို့ကိုသတ်လိုက်ပြီ"

ရော့စ် ကြမ်းပြင်ပေါ်တွင် ပက်လက်လန် အနေအထားဖြင့် လဲနေသည် နာကျင်မှုဝေဒနာကို အံကြိတ်ခံရင်း ကြိုးကြိုးစားစား ပြန်ပြောသည်။



"အစ်ကို ဘာမှ မဖြစ်ပါဘူး ကွန်ချီတာ၊ ဘရန်ဒီအရှိန်နဲ့"

သို့သော် ရှေ့စကားမဆက်နိုင်တော့။ ကွန်ချီတာက နံဘေးတွင် ဒူးထောက် ထိုင်လိုက်သည်။ ဟင် သွေးတွေပါလား၊ ဘုရား ဘုရား။

"အစ်ကို အစ်ကို အစ်ကို့သေနတ် ဘယ်မလဲ။ ပြောစမ်းပါ အစ်ကိုရဲ့ သေနတ် ဘယ်မလဲလို့။ ကွန်ချီတာ အစ်ကို့နောက်ကို–"

ကွန်ချီတာ အသားတွေ ဆတ်ဆတ်တုန်လာသည်။ ပြီးတော့ ရော့စ်၏ ကိုယ်ပေါ်သို့ ကန့်လန့်ဖြတ် လဲကျသွားတော့၏။ တစ်ပြိုင်တည်းတွင် အသိစိတ် ကို အမှောင်ထုက ဝါးမျိုသွားသည်။

■

## အခန်း (၅)

"ဪ ကွန်ချီတာရယ်၊ ဒဏ်ရာက နည်းနည်းကလေးပါ၊ ဒီလောက် အစိုး
ကြီးစရာ မလိုပါဘူးကွာ"

"ဟုတ်တယ်အစ်ကို၊ အန္တရာယ်မရှိဘူး။ ကွန်ချီတာက ဒဏ်ရာကို မမြ
ရင် ထိတ်လန့်သွားမိတယ်လေ။ ရင်တွေတုန်လိုက်တာ အစ်ကိုရယ်။ ကွန်ချီ
စိတ်ထဲမှာလေ အစ်ကို တစ်ခါတည်းသေသွားပြီ အောက်မေ့တာ။ ကွန်ချီ
သတိရလာတော့ အရူးမတစ်ယောက်လို ငယ်သံပါအောင် အော်ဟစ်နေမိတယ်
အစ်ကိုအခန်းထဲမှာ သေနတ်ကိုလိုက်ရှာနေတာ၊ ကိုယ့်ကိုယ်ကိုယ် ပစ်သတ်မလို
ကံကောင်းလို့ မတွေ့တာပေါ့။ ခေါ်လေ့စ်ရောက်လာမှ အစ်ကိုမသေမှန်း သိရ
အစ်ကိုရဲ့။ ကွန်ချီတာ စဉ်းစားဉာဏ် သိပ်နည်းတာပဲနော်"

ရှော့စ်က ကွန်ချီတာ၏ လက်ကလေးကို အသာလှမ်းဆွဲပြီး ညင်ညင်သာ
ကိုင်ထားသည်။ အကြင်နာ မျက်လုံးများဖြင့် ချစ်သူကလေးကို ငေးကြည့်နေရ

"အစ်ကို့အတွက် မင်း သေမလို့ ဟုတ်လား၊ ကံကြီးလို့ပေါ့နော်"

"ဟုတ်တယ်အစ်ကို၊ ကွန်ချီတာ သိပ်ရူးတာပဲနော်"

"ဟုတ်တယ်၊ မင်း တကယ်ရူးတာ၊ တကယ့်ကို အရူးထတာ၊ ကို
သေပြီထင်လို့ မင်းကိုယ်မင်း သတ်သေမယ်လုပ်တယ်။ ဒါပေမဲ့ ကိုယ် အသ
ရှင်နေတဲ့ကာလအတွက်ကျတော့ ကိုယ့်ရဲ့ပျော်ရွှင်မှုကို မင်းမပေးဘူး၊ ဘယ်လို
ကွန်ချီတာရယ်"

ကွန်ချီတာ ပြတင်းပေါက်ကိုဖြတ်ပြီး ပဂိုအဝေးဆီသို့ ကြည့်ရင်း ငိုင်
သည်။

"အစ်ကိုရယ် အဲဒီလိုမဟုတ်ပါဘူးကွယ်၊ အစ်ကို့အတွက် ပျော်ရွှင်မှု
မပေးတာမဟုတ်ပါဘူး၊ မပေးနိုင်တာပါ။ အဲဒီနှစ်ခု အဓိပ္ပာယ်သိပ်ကွာပါတ



စ်ကို"

ရှော့စ် သူ့လက်ကလေးကို တင်းတင်းဆုပ်လိုက်သည်။

"ဘာပြုလို့များလဲ အချစ်ရယ်"

"ပြောရမှာ အရှည်ကြီးရယ် အစ်ကို။ အဲဒီအကြောင်းက ကျူးဘားရဲ့
မိုင်းနဲ့ ဆက်စပ်နေတယ်လေ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ အစ်ကို့ကို
ပြောပြနိုင်ပါလိမ့်မယ်၊ အစ်ကို့အမုန်းကို ခံနိုင်ရည်ရှိတဲ့ အချိန်မျိုးရောက်တဲ့အခါ
ပါတော့"

ရှော့စ် ခေါင်းထောင်ထပြီး

"ဘာ အစ်ကိုမုန်းမယ့်နေ့ ဟုတ်လား၊ မင်းရူးနေသလား ကွန်ချီတာ"

"ဟုတ်မလား မသိပါဘူး အစ်ကိုရယ်"

ကွန်ချီတာကငုံ့ပြီး ရှော့စ်၏နှုတ်ခမ်းအစုံကို နမ်းလိုက်သည်။ နူးညံ့
နွေးလှသည့်အနမ်း။ ရင်ထဲတိုင် စိမ့်ဝင်သွားစေသည့် အနမ်းမျိုး။

"သူ အစ်ကို့ကို ဘာလို့ပစ်တာလဲဟင်"

"သိပ်မူးနေလို့ ထင်ပါတယ်ကွာ၊ သောက်ထားတာလည်း များတယ်လေ၊
လာရင် ထုံးစံအတိုင်း စိတ်ကို ထူးထူးဆန်းဆန်းတွေက လွှမ်းမိုးတတ်ကြ
ယ် မဟုတ်လား။ ဥပမာ သူကတာကိုကြည့်ပြီး အစ်ကိုဟာ စိတ်ညို့ခံရသူလို
စ်နေတယ်၊ ထွက်ပြေးရမယ့်အစား သူ့ကကြိုးကိုငေးပြီး တေးဖွဲ့နေမိတယ်"

"ဟုတ်တယ်၊ အစ်ကို့တီးလုံးက တကယ့်သူ့ရုပ်ပုံ ပေါ်နေတာပဲ၊ ရိုင်း
င်းတယ်၊ ကောက်ကျစ်တယ်၊ သူ့နှလုံးသားအတိုင်းပဲ။ ဒါပေမဲ့ လှပုံကတော့
က်ရက်စက်စက်ပဲနော်။ ကြောက်စရာ ကောင်းလောက်အောင်ကို လှတယ်။
ကလည်း သိပ်ကောင်းတာပဲ၊ ဟုတ်လား အစ်ကို"

"အင်း ကောင်းပါတယ် ထင်တယ်၊ မသိပါဘူးကွာ။ အစ်ကို အဲ့ဒီကိစ္စ
တွေ သိပ်မဝေဖန်တတ်ပါဘူး"

"အင်း ဆန်းတော့ ဆန်းတာယ်နော်၊ ကချေသည်တစ်ယောက်ဖြစ်တဲ့
န်ချီတာက အစ်ကို့ကို ကပြခွင့်မရခဲ့ဘူး။ ဒါကြောင့် ကွန်ချီတာတို့ နယူးယောက်
သွားကြမှာ"

"ပဟေဠိတစ်ပုဒ် ထပ်တိုးပြန်ပြီ။ မင်းက ကချေသည်တစ်ယောက်ဖြစ်လို့
ယူးယောက်ကို သွားရမှာ၊ ဟုတ်လား"

"ဟုတ်တယ်အစ်ကို၊ ကွန်ချီတာတို့မှာ ပိုက်ဆံ သိပ်မရှိတော့ဘူးလေ၊
ကြောင့် ကွန်ချီတာ စင်ပေါ်တက်မှ ဖြစ်တော့မယ်လေ။ ကွန်ချီတာရဲ့ စပိန်

## အခန်း (၅)

"ဩော် ကွန်ချီတာရယ်၊ ဒဏ်ရာက နည်းနည်းကလေးပါ၊ ဒီလောက် အစိုး
ကြီးစရာ မလိုပါဘူးကွာ"

"ဟုတ်တယ်အစ်ကို၊ အန္တရာယ်မရှိဘူး။ ကွန်ချီတာက ဒဏ်ရာကို မ
ရခင် ထိတ်လန့်သွားမိတယ်လေ။ ရင်တွေတုန်လိုက်တာ အစ်ကိုရယ်။ ကွန်ချီ
စိတ်ထဲမှာလေ အစ်ကို တစ်ခါတည်းသေသွားပြီ အောက်မေ့တာ။ ကွန်ချီ
သတိရလာတော့ အရူးမတစ်ယောက်လို ငယ်သံပါအောင် အော်ဟစ်နေမိတယ်
အစ်ကို့အခန်းထဲမှာ သေနတ်ကိုလိုက်ရှာနေတာ၊ ကိုယ့်ကိုယ်ကိုယ် ပစ်သတ်မလို
ကံကောင်းလို့ မတွေ့တာပေါ့။ ဝေါလေ့စ်ရောက်လာမှ အစ်ကိုမသေမှန်း သိရ
အစ်ကိုရဲ့။ ကွန်ချီတာ စဉ်းစားဉာဏ် သိပ်နည်းတာပဲနော်"

ရှော့စ်က ကွန်ချီတာ၏ လက်ကလေးကို အသာလှမ်းဆွဲပြီး ညင်ညင်သာသ
ကိုင်ထားသည်။ အကြင်နာ မျက်လုံးများဖြင့် ချစ်သူကလေးကို ငေးကြည့်နေရ

"အစ်ကို့အတွက် မင်း သေမလို့ ဟုတ်လား၊ ကံကြီးလို့ပေါ့နော်"

"ဟုတ်တယ်အစ်ကို၊ ကွန်ချီတာ သိပ်ရူးတာပဲနော်"

"ဟုတ်တယ်၊ မင်း တကယ်ရူးတာ၊ တကယ့်ကို အရူးထတာ၊ ကို
သေပြီထင်လို့ မင်းကိုယ်မင်း သတ်သေမယ်လုပ်တယ်။ ဒါပေမဲ့ ကိုယ် အသ
ရှင်နေတဲ့ကာလအတွက်ကျတော့ ကိုယ့်ရဲ့ပျော်ရွှင်မှုကို မင်းမပေးဘူး၊ ဘယ်လို
ကွန်ချီတာရယ်"

ကွန်ချီတာ ပြတင်းပေါက်ကိုဖြတ်ပြီး ဟိုအဝေးဆီသို့ ကြည့်ရင်း ငိုင်သ
သည်။

"အစ်ကိုရယ် အဲဒီလိုမဟုတ်ပါဘူးကွယ်၊ အစ်ကို့အတွက် ပျော်ရွှင်မှု
မပေးတာမဟုတ်ပါဘူး၊ မပေးနိုင်တာပါ။ အဲဒီနှစ်ခု အဓိပ္ပာယ်သိပ်ကွာပါတ



စ်ကို"

ရှော့စ် သူ့လက်ကလေးကို တင်းတင်းဆုပ်လိုက်သည်။

"ဘာပြုလို့များလဲ အချစ်ရယ်"

"ပြောရမှာ အရှည်ကြီးရယ် အစ်ကို။ အဲဒီအကြောင်းက ကျူးဘားရဲ့
မိုင်းနဲ့ ဆက်စပ်နေတယ်လေ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ အစ်ကို့ကို
ပြောပြနိုင်ပါလိမ့်မယ်၊ အစ်ကို့အမုန်းကို ခံနိုင်ရည်ရှိတဲ့ အချိန်မျိုးရောက်တဲ့အခါ
ပေါ့တော့"

ရှော့စ် ခေါင်းထောင်ထပြီး

"ဘာ အစ်ကိုမုန်းမယ့်နေ့ ဟုတ်လား၊ မင်းရူးနေသလား ကွန်ချီတာ"

"ဟုတ်မလား မသိပါဘူး အစ်ကိုရယ်"

ကွန်ချီတာကငုံ့ပြီး ရှော့စ်၏နှုတ်ခမ်းအစုံကို နမ်းလိုက်သည်။ နူးညံ့
နွေးလှသည့်အနမ်း။ ရင်ထဲတိုင် စိမ့်ဝင်သွားစေသည့် အနမ်းမျိုး။

"သူ အစ်ကို့ကို ဘာလို့ပစ်တာလဲဟင်"

"သိပ်မူးနေလို့ ထင်ပါတယ်ကွာ၊ သောက်ထားတာလည်း များတယ်လေ၊
လာရင် ထုံးစံအတိုင်း စိတ်ကို ထူးထူးဆန်းဆန်းတွေက လွှမ်းမိုးတတ်ကြ
ယ် မဟုတ်လား။ ဥပမာ သူကတာကိုကြည့်ပြီး အစ်ကိုဟာ စိတ်ညို့ခံရသူလို
စ်နေတယ်၊ ထွက်ပြေးရမယ့်အစား သူ့ကကြိုးကိုငေးပြီး တေးဖွဲ့နေမိတယ်"

"ဟုတ်တယ်၊ အစ်ကို့တီးလုံးက တကယ့်သူ့ရုပ်ပုံ ပေါ်နေတာပဲ၊ ရိုင်း
င်းတယ်၊ ကောက်ကျစ်တယ်၊ သူ့နှလုံးသားအတိုင်းပဲ။ ဒါပေမဲ့ လှပုံကတော့
က်ရက်စက်စက်ပဲနော်။ ကြောက်စရာ ကောင်းလောက်အောင်ကို လှတယ်။
ကလည်း သိပ်ကောင်းတာပဲ၊ ဟုတ်လား အစ်ကို"

"အင်း ကောင်းပါတယ် ထင်တယ်၊ မသိပါဘူးကွာ။ အစ်ကို အဲ့ဒီကိစ္စ
ူးတွေ သိပ်မဝေဖန်တတ်ပါဘူး"

"အင်း ဆန်းတော့ ဆန်းတယ်နော်၊ ကချေသည်တစ်ယောက်ဖြစ်တဲ့
န်ချီတာက အစ်ကို့ကို ကပြခွင့်မရခဲ့ဘူး။ ဒါကြောင့် ကွန်ချီတာတို့ နယူးယောက်
 သွားကြမှာ"

"ပဟေဠိတစ်ပုဒ် ထပ်တိုးပြန်ပြီ။ မင်းက ကချေသည်တစ်ယောက်ဖြစ်လို့
ယူးယောက်ကို သွားရမှာ၊ ဟုတ်လား"

"ဟုတ်တယ်အစ်ကို၊ ကွန်ချီတာတို့မှာ ပိုက်ဆံ သိပ်မရှိတော့ဘူးလေ၊
ကြောင့် ကွန်ချီတာ စင်ပေါ်တက်မှ ဖြစ်တော့မယ်လေ။ ကွန်ချီတာရဲ့ စပိန်

ဂျစ်ပစီအကကို တွေ့သွားတဲ့ ကဇာတ်ဒါရိုက်တာကြီး တစ်ယောက်က ကမ်းလှ
လာတယ် အစ်ကို။ အဖေကတော့ ပထမ အထိတ်တလန့် ဖြစ်သွားတယ
ဗိုလ်ချုပ် လိုပက်ဇ်ကလဲ ရှိနေသေးတော့။ ပြီးတော့ ဟိုဆေမန်းဒက်ဖ်ဆီကလည
စာလာတယ်လေ။ ဒီတော့မှ သွားဖို့ အဖေ သဘောတူတာ။ ကျန်တာတွေတော
အစ်ကို အစ်ကို သိပါတယ်လေ။ အစ်ကို့အတွက် ကွန်ချီတာ ကပြမယ်လေ

"ဟင့်အင်း နောက်မှကပါ ကွန်ချီတာရယ်၊ ခုတော့ မင်းလက်ကဓ
ကို ကိုင်ပြီး ဒီအတိုင်းပဲနေပါရစေ"

ပြောနေရင်း သူ့မျက်နှာ အမူအရာ ချက်ချင်းပြောင်းသွားပြီး

"ဟင် ဒီနေ့ မင်း နယူးအော်လီယန်းကို မင်းအဖေနဲ့အတူ သွားရမ
မဟုတ်လား"

"သိပါတယ်၊ ဒါပေမဲ့ ဒီမှာ အစ်ကိုနဲ့နေရတာ ပိုပျော်စရာကောင်းတ
ပေါ့၊ ဘယ်လိုပျော်ရွှင်မှုမျိုးနဲ့မှ မတူအောင် ပျော်စရာကောင်းတာပါ အစ်ကို

"ဒါပေမဲ့ မင်း ခမည်းတော်ကြီးက"

"ဒီမနက်စောစော အစ်ကိုမနိုးခင် ကွန်ချီတာ့စာ သူ့ဆီရောက်သွားပါ
အစ်ကို အပြင်းအထန် ဒဏ်ရာရလာလို့လို့ ရေးလိုက်တယ်။ ကွန်ချီတာကြေ
ဖြစ်ရတာလို့၊ အစ်ကို့ညီမလေးနဲ့အတူ နှစ်ယောက်ပြုစုနေရတယ်လို့။ အဖေ့ဆီ
စာပြန်လာတယ်။ နယူးအော်လီယန်းက သူစောင့်နေမယ်တဲ့။ တစ်ခုတော့ရှိတ
ပေါ့လေ။ ကွန်ချီတာ ကိုယ့်ကိုယ်ကိုယ် ဂုဏ်သိက္ခာ မကျအောင်တော့ နေရမှာပေ

"ကွန်ချီတာ– မင်း ပြောတာတွေ တစ်ခုမှလည်း မမှန်ပါလား"

"အဖေ့ ကိုပစ်ထားတာမဟုတ်ပါဘူး အစ်ကိုရယ်၊ မကြင်နာလို့ မဟု
ပါဘူး။ အကြင်နာတရားဟာ တစ်ခါတလေ အမှန်တရားထက် အားကော
တယ်ပါတယ် အစ်ကို"

ကွန်ချီတာကို ကြည့်ပြီး ရော့စ် ခေါင်းယမ်းသည်။

"မင်ကို ကိုယ် နားမလည်တော့ဘူး ကွန်ချီတာ"

ကွန်ချီတာ ထိတ်လန့် အားငယ်သည့် အမူအရာဖြင့် ပြန်ပြောသည

"နားလည်ဖို့ မကြိုးစားပါနဲ့တော့ အစ်ကိုရယ်၊ ချစ်ပဲ ချစ်ပါနော်၊ ဒါ
ကွန်ချီတာအတွက် လုံလောက်ပါပြီ"

"ဒါဖြင့် အစ်ကို့ညီမဖြစ်ဖြစ်၊ လန့်စ်ဖြစ်ဖြစ်ရောက်လာရင် မင်း ဘယ်
ပြောမလဲ၊ တခြားတစ်ယောက်ယောက် ရောက်လာရင်ရော၊ အတင်းအဖျင်းပ
ပွက်လောရိုက်သွားလိမ့်မယ် ကွန်ချီတာ"



"ဘယ်သူမှ မလာပါဘူး၊ ဝေါလေ့စ်ကို ကွန်ချီတာမှာထားပြီးပြီ၊ ဘယ်သူ
လာ ကွန်ချီတာနဲ့ အစ်ကို နယူးအော်လီယန်းကို သွားကြပြီလို့ ပြောဖို့ သူ
အောက်မှာ အချိန်ပြည့် စောင့်နေတယ်လေ၊ ကဲ အစ်ကိုဟာ ကွန်ချီတာရဲ့
ပန်းဖြစ်ပြီး အစ်ကို့ကို ညှဉ်းဆဲတော့မယ်၊ ခုချိန်ကစပြီး အစ်ကို ကွန်ချီတာ့ကို
ကြိမ်တစ်ထောင် နမ်းရမယ်၊ ပြီးတော့ "

ရော့စ်က ရယ်ပြီး

"မင်းဟာ တတ်လည်းတတ်နိုင်တဲ့ မိန်းကလေးပဲ ကွန်ချီတာ၊ ကဲ မင်းရဲ့
ဲစက်ညှဉ်းပန်းခန်း စတော့လေ"

ကွန်ချီတာက အလေးအနက် လေသံကို ပြောင်းပြီး

"အစ်ကို့ကို အလကားပြောတာ မဟုတ်ဘူးနော်၊ အစ်ကို့ကို ဘယ်လိုမှ
က်မထပ်နိုင်လို့ပါ အစ်ကိုရယ်၊ ဖြစ်နိုင်ရင် ကွန်ချီတာ ခုလောက်ဆို အစ်ကို့
ယား ဖြစ်နေပါပြီ။ နှိပ်စက်ခန်း မစပါနဲ့ဦး အစ်ကိုရယ်၊ အစ်ကို နေကောင်း
တင် အားမွေးပါဦး၊ ပြီးတော့ စောစောစီးစီးကြီးကွယ်"

ဝေါလေ့စ် ဝင်လာသည်။ လက်ထဲတွင် အငွေ့တထောင်းထောင်း ထနေ
ည့် အသားပြုတ်ပန်းကန်ကို ကိုင်လျက်။ ကွန်ချီတာက လှမ်းယူပြီး ရော့စ်ကို
ယုတယ တိုက်သည်။ ကလေးတစ်ယောက်ကို ကျွေးမွေးနေသည့်အလား။

"အောက်မှာ အမျိုးသမီးတစ်ယောက် လာသွားပါတယ် ဆရာ"

ရော့စ် မတ်မတ်ထိုင်လိုက်သည်။

"ဘယ်က အမျိုးသမီးလဲ၊ ဘယ်သူလဲ"

"ဆံပင်နက်နက်နဲ့ မစ္စက်ဘရစ်တာနီခင်ဗျ၊ ဆရာ မရှိဘူးလို့ ကျွန်တော်
ပါတယ်၊ နယူးအော်လီယန်းကို ထွက်သွားပြီလို့ ကျွန်တော်ပြောပါတယ်၊
ပေမဲ့ ပြောလို့မရဘူးခင်ဗျ။ မယုံဘူးတဲ့။ ဘယ်နည်းနဲ့မှ မသွားနိုင်ဘူးတဲ့။
ဏ်ရာကြီးနဲ့တဲ့။ ဆရာ ဒဏ်ရာရတာကို သူ သိနေတာ ကျွန်တော် အံ့ဩလို့
ဘူး ဆရာ"

"အဲဒီတော့–"

ရော့စ် ဖြတ်မေးလိုက်သည်။

"ဒါနဲ့ ကျွန်တော် ပြောလိုက်တယ်၊ မစ္စကွန်ချီတာ မြင်းရထားနဲ့ ခေါ
းတာပါလို့၊ ဆရာဝန်တစ်ယောက်လည်း ပါသွားတယ်လို့။ ဘယ်တော့
လာမလဲ မသိဘူးလို့လည်း ကျွန်တော် ပြောလိုက်ပါတယ်"

ကွန်ချီတာက ရယ်ပြီး–

"အေး ကောင်းတယ်၊ ကောင်းတယ်။ ဝေါလေ့စ်ဟာ တော်တော်ဖြီးတ
တာပဲ အစ်ကို"

ရော့စ်က ပြုံးပြီး

"မလိမ်တတ်တဲ့ ကပ္ပလီ ရှိလို့လား ကွန်ချီတာ"

တစ်ဆက်တည်း ဝေါလေ့စ်ဘက်လှည့်၍–

"ကဲ ဆက်ပြောလေ ဝေါလေ့စ်"

"ဒါပါပဲ ဆရာ၊ မြင်းနက်ကြီးပေါ် ပြန်ခုန်တက်ရင်း ဆဲဆိုပြီး မြင်း ကြာပွတ်နဲ့တအားရိုက်တယ်၊ မြင်းကြီးက အော်ပြီး ကဆုန်ပေါက်ထွက်သ တယ်"

"တော်သေးတာပေါ့ကွာ"

ရော့စ် ခုမှသက်ပြင်းချနိုင်သည်။ ကွန်ချီတာက မျက်မှောင်ကုတ်ပြီ

"ကွန်ချီတာနဲ့ မတွေ့လိုက်လို့ပေါ့၊ သူ့လက်ထဲက ကြာပွတ်ကိုဆွဲလု တစ်ကိုယ်လုံး ရစရာမရှိအောင် တရှမ်းရှမ်းနဲ့–"

"ကွန်ချီတာကလည်းကွာ"

"ဘာလဲ အစ်ကို့ကို သေနတ်နဲ့ပစ်တဲ့ ကောင်မကို ဒါထက်မက ဆုံ ရမှာ၊ မျက်လုံးနှစ်ဖက်ကို ဖောက်ထုတ်ပစ်ဖို့ ကောင်းတယ်"

ပါးစပ်အဟောင်းသားနှင့် ရပ်ကြည့်နေသည့် ဝေါလေ့စ်ကို လှမ်းကြည့် ရော့စ်က မျက်နှာထားနှင့် ပြောလိုက်သည်။

"ဒီမယ် ဝေါလေ့စ်၊ မစ္စကိဘာရစ်တာနဲ့ ဒီကိုလာတာ မင်း ဘယ်သ မပြောရဘူး၊ သူနဲ့ မင်းနဲ့ တစ်ပတ်အတွင်း လုံးဝမတွေ့ဘူးလို့ မင်းစိတ်ထဲ ထား၊ နားလည်လား၊ သွားတော့"

ဝေါလေ့စ် သူ့သခင်ကို စိုက်ကြည့်နေပြီး ပြုံးသည်။

"ဟုတ်ကဲ့ပါ ဆရာ၊ ခုချိန်ကစပြီး ကျွန်တော် နားလည်းမကြားတော့ပါ အလည်း အနေပါ့မယ်၊ ပြီးတော့ မျက်စိလည်း ကန်းနေပါ့မယ်"

ဝေါလေ့စ် ရယ်ကျဲကျဲနှင့် အခန်းထဲမှထွက်သွားသည်။

ကွန်ချီတာက ရော့စ်အား အသားပြုတ်ရည် ဆက်တိုက်သည်။

ထောင့်ဖြတ်အလင်းတန်းများ ပြတင်းပေါက်မှ ဖြာကျလာသည်။ ည စောင်းပြီကော။ တစ်နေ့လုံး အိပ်ပျော်နေကြောင်း ရော့စ် ခုမှ သတိပြုမိ

နံဘေးတစ်ခြမ်းလုံး နာကျင်နေသော်လည်း ဦးခေါင်းမှာ ကြည်လင်နေ အသားပြုတ်တစ်ခွက် ကုန်သွားတော့ လန်းလန်းဆန်းဆန်း ဖြစ်လာသ



ဖို့သော် ထထိုင်ဖို့ မကြိုးစားသေး။ ကွန်ချီတာကို မော်ကြည့်ပြုံးလိုက်သည်။

"ကျူးဘားအကြောင်း အစ်ကို့ကို ပြောပြပါလား"

ပန်းကန်လွတ်ကို စားပွဲပေါ် သွားတင်ပြီးပြန်လာသည်။ အိပ်ရာပေါ် ုင်တက်ပြီး ရော့စ်နှင့် ယှဉ်အိပ်သည်။ ချစ်သူလက်ရုံးကို မှီအုံးလျက်။ ရော့စ် ကြောင်သွားသည်။ ပြီးမှ ကွန်ချီတာ့တွင် အဝတ်အစား အပြည့်နှင့်ဖြစ်ကြောင်း တိရပြီး ရင်အခုန်ရပ်သွားသည်။ သူ့ကြည့်ရသည်မှာ ဘာမျှ မထူးခြားသလို။ က်စိကလေး အသာမှေးပြီး

"သိပ်လှတယ် အစ်ကို၊ ကြည့်လို့ မဝနိုင်အောင် လှတယ်။ ကျူးဘားကို ရောက်ရင် ပထမဆုံး ပင်လယ်ကမ်းခြေ ဖြူဖွေးဖွေးကို ကျွန်းပတ်ပတ်လည်မှာ တွေ့ရမယ်။ ပင်လယ်ပြင်က ဝန်းရံထားတော့ မြသားရောင်အလယ်မှာ နွားနို့ရောင် နားသတ်ထားတဲ့ ကျွန်းနိုင်ငံကြီးပေါ့ အစ်ကို။

"ဝါးခင်းတွေကို အဝေးက လှမ်းမြင်လိုက်ရုံနဲ့ ပူတာကိုမေ့ပြီး ရင်ထဲမှာ အေးမြသွားတာပဲ။ ဝါးပင်တွေက သေးပေမဲ့ မြင့်တယ်၊ နေပြောက်မထိုးဘူး။ ရက်ပွင့်ချိန်ဆိုရင် ပန်းနုဝါရောင် လွှမ်းနေတတ်တယ်။ ကျူးဘားသရက်က ကမ္ဘာပေါ်မှာ အချိုဆုံးလေ အစ်ကို။

"လီမွှော်ကလည်း ကောင်းမှ ကောင်း။ ဆေးရွက်နဲ့ ကိုကိုးကတော့ အစ်ကိုသိတဲ့အတိုင်း ကမ္ဘာကျော်လေ။ ကော်ဖီ၊ ငှက်ပျောနဲ့ သကြားသီးတွေ သီးချိန်ဆိုရင် အကိုင်းတွေ ကျိုးတော့မလား အောက်မေ့ရအောင် သီးတယ်။

"တစ်နိုင်ငံလုံးကို လွှမ်းခြုံထားတာကတော့ ကြံခင်းတွေပဲ အစ်ကို။ သကြားစက်ကြီးတွေက နေရာအနှံ့ မီးခိုးတလူလူနဲ့။ ဟာဗာနာနဲ့ ထရိန်ဒက်မန် တာဇာစ် ရှေးဟောင်းမြို့ကြီးတွေမှာ ရောမဗိသုကာလက်ရာ အဆောက်အအုံတွေ၊ ရေပန်းတွေ၊ ပန်းခြံတွေနဲ့ သိပ်ကျက်သရေရှိတာပဲ အစ်ကို။ ဒါပေမဲ့ ဆင်းရဲသား ရပ်ကွက်တွေမှာတော့ သက်ငယ်မိုး၊ ဝါးတဲတွေချည်းပဲ။ ကြက်တွေ၊ ဝက်တွေနဲ့ ရှုပ်နေပြီး ကလေးတွေကလည်း ကိုယ်တုံးလုံးနဲ့၊ တိရစ္ဆာန်တွေနဲ့ အရောရော အထွေးထွေး။

"မနက် မနက်မှာ ဝတ်ပြုခေါင်းလောင်းထိုးသံတွေဟာ ဘုရားရှိခိုးကျောင်း ကြီးတွေရဲ့ ခုလစ်မွှမ်းချွန်တွေပေါ်က ထွက်ပေါ်လာတတ်တယ်။ လမ်းပေါ်မှာ လူတွေ ဥဒဟိုသွားလာ လှုပ်ရှားနေကြတယ်။ ကဗျာဆရာတွေ၊ တောသူ တောင်သားတွေ၊ ဘုန်းတော်ကြီးတွေ၊ စစ်သားတွေ၊ လူဆိုး သူခိုးတွေ၊ မြူဆွယ် ကြားယောင်းနေတဲ့ မိန်းကလေးတွေ၊ ဂုဏ်သရေရှိ မိန်းမတွေ၊ အဲဒါ ကျူးဘားပဲ

အစ်ကို"

"မင်း ကျူးဘားကို သိပ်ချစ်တာပဲလား"

ရော့စ် ဖြတ်မေးလိုက်သည်။

"အစ်ကို့ကိုချစ်သလို ချစ်တယ်။ ပြင်းပြင်းထန်ထန် ချစ်တယ်။ သိမ်သိမ် မွေ့မွေ့လည်း ချစ်တယ်၊ အသည်းနှလုံးထဲကကို နှစ်နှစ်ကာကာချစ်တာမျိုး"

ရော့စ်၏ လည်တိုင်ရင်းတွင် မျက်နှာအပ်ပြီး ကွန်ချီတာ တရှုပ်ရှုပ်ငိုသည်

"မငိုပါနဲ့ ကွန်ချီတာရယ်၊ မငိုပါနဲ့ကွယ်"

ရော့စ် တောင်းတောင်းပန်ပန်ပြောသည်။ သို့သော် ကွန်ချီတာ တိုးတို ကလေး ရှိုက်ရင်း ဆက်ငိုသည်။ အကြာကြီးငိုသည်။ အတန်ကြာမှ သူ အသက် ရှူသံ မှန်လာပြီး ငြိမ်သက်သွား၏။ ရော့စ် ငုံ့ကြည့်သည်။ ဩော် သူကလေး အိပ်ပျော်သွားပြီကော။

နိုးသွားမည်စိုး၍ ရော့စ် အကြာကြီးငြိမ်နေသည်။ လုံးဝမလှုပ်။ တစ်ကိုယ် လုံး ထုံကျဉ်လာသည်အထိ အနေအထားမပျက်နေသည်။ အပြင်တွင် အလင် ရောင် နည်းသည်ထက်နည်းလာပြီ။ မှိတ်တုတ် မှိတ်တုတ် ကြယ်ကလေးတစ်လုံးကို ပြတင်းပေါက်မှ ဖြတ်မြင်နေရ၏။

နောက်ဆုံးမှ ကွန်ချီတာ တစ်ချက်လွန့်သည်။ ရော့စ် ငုံ့နမ်းလိုက်၏ သူကလေးက မျက်စိမဖွင့်ဘဲနှင့် အနမ်းကို တုံ့ပြန်နေ၏။ နူးညံ့စွာ၊ ပူးနွေးစွာဖြင့် မဆုံးနိုင်သော အနမ်းသံသရာတွင် တစ်ဦး၏ရင်ခုန်သံကို တစ်ဦး ကြားလာရသည် တိုင် မျောပါနေကြ၏။

"ဩော် အစ်ကိုရယ်"

ကွန်ချီတာ၏ သက်ပြင်းချသံက လှိုင်းထနေ၏။

"အသင့်ကို ကျွန်ုပ်၏ အနက်ရှိုင်းဆုံးသော မေတ္တာမျိုးဖြင့် ချစ်ပါသည် အသင်။ အသင်ကကော"

စပိန်ထုံးစံဖြစ်၏။ အလေးအနက် ထာဝစဉ်လက်တွဲ ချစ်ပွဲဝင်ကြတော့မည် ဆိုလျှင် ရှေးစကားများဖြင့် သုံးနှုန်းပြောဆိုသော ဓလေ့။

"အိုဘယ့်ချစ်သူ၊ ကျွန်ုပ်လည်း သင့်အတူ"

ရော့စ်က ဌာန်ကရိုဏ်းကျသည့် စပိန်စကားဖြင့် တုံ့ပြန်လိုက်သည်။ ရသမြောက် အချစ်ည။

*



"အစ်ကို ပျော်ရဲ့လားဟင်"

ကွန်ချီတာ့အသံက တိုးတိုးကလေး။

"သိပ်ပျော်တယ်၊ မင်းကလေးကော ဟင်"

ကွန်ချီတာ စပိန် ကဗျာတစ်ပုဒ် ရွတ်သည်။

"အချစ်သည်းသော
မေတ္တာတောမှာ
မမောသောအနမ်း၊
ရမ်းကားခြင်းများ
ဆပွားကြင်နာ"

"အို ကွန်ချီတာရယ်"

"မြန်မြန် နမ်းစမ်းပါဦး အစ်ကို၊ အလင်းရောင်လာ...တော့မယ်လေ။ ...းမလင်းခင် ကွန်ချီတာ ပြန်ရမယ် အစ်ကိုရယ်"

"ဘာပြုလို့လဲကွယ်၊ ဘာပြုလို့များလဲ အချစ်ရယ်"

"သူများကို အစ်ကို မမြင်အောင်လို့ပေါ့၊ သိပ်အရုပ်ဆိုးတဲ့ ကွန်ချီတာ့ကို ...အစ်ကို မမြင်စေချင်လို့ပေါ့၊ အစ်ကို့အကြည့်ကို မခံရဲဘူး အစ်ကိုရယ်"

"ဘာပြုလို့လဲ ကွန်ချီတာ၊ သေတော့မှာပဲ၊ မင်း ဘာဆိုလိုတာလဲ"

"ကွန်ချီတာ မလှလို့ပေါ့ အစ်ကိုရယ်၊ အစ်ကို မုန်းသွားမှာ၊ ရွံသွားမှာကို ...ကြောက်လို့ပေါ့ အစ်ကိုရယ်"

ရော့စ် နောက်ထပ် ဘာမျှ မမေးတော့ဘဲ စားပွဲပေါ်သို့ လက်ဆန့်ပြီး ...းခြစ်ရှာသည်။ တွေ့သည်။ မီးခြစ် ခြစ်ပြီး မှန်အိမ်ထွန်းလိုက်သည်။ မီးအိမ်ကို ...မြှောက်ကြည့်သည်။ ကွန်ချီတာက ခင်းဖုံလွှာကို ရင်ညွန့်အထိ ဆွဲအုပ်လိုက်သည်။

ရော့စ် မီးဇာကိုမြှင့်ပြီး ကွန်ချီတာ့ကို ငုံ့ကြည့်သည်။

"ဟင့်အင်း အစ်ကို မလုပ်နဲ့၊ မလုပ်ပါနဲ့ အစ်ကိုရယ်"

လက်တစ်ဖက်က မှန်အိမ်ကိုမြှောက်ပြီး တစ်ဖက်က ခင်ဖုံးလွှာကို ဆွဲ ...မည် တကဲကဲလုပ်နေသည့် ရော့စ်ကို ကွန်ချီတာ တောင်းပန်သည်။

သို့သော် ရော့စ် နားမထောင်တော့။ ဆွဲခွာချလိုက်သည်။

ရော့စ် မျက်လုံးတွေ ပြာဝေသွားသည်။ စိတ်တိုင်းကျ သွန်းထုထားသည့် ...န်းပုရုပ်လို ပြေပြစ် တင့်တယ်သည့် ရှုမငြီးစရာ နုညက်ညက် ခန္ဓာကိုယ်ပေါ် ...တွင် မကြည့်ရက်၊ မမြင်ရက်စရာ အမာရွတ်ကြီးတွေ။

ရွှေအဆင်းအတိပြီးသည့် ရင်သားမို့မို့များပေါ်မှစ၍ ခါးကျဉ်ကျဉ်ဆီအထိ

ကြောက်မက်ဖွယ် ဝန်းရံပတ်နေသည့် ဒဏ်ရာများ၊ ကြာပွတ်ရာများမဟုတ်
ရက်ရက်စက်စက် ဓားဖြင့်မွှန်းထားသည့် ကြက်သီးမွေးညင်း ထလောက်သည
ဒဏ်ရာများ။

ရော့စ်ရင်ထဲ နင့်သွားသည်။ ဆို့နင့်နင့် အသံဖြင့်–

"ကျူးဘားရဲ့သမိုင်း တစ်ပိုင်းတစ်စဆိုတာ ဒါလားဟင် ကွန်ချီတာ"

ကွန်ချီတာ ရှိုက်ရင်း ဖြေသည်။

"ဟုတ်ပါတယ် အစ်ကို"

"ဒါဆို အားလုံးပြီးပြီသာ ထားလိုက်တော့ ကွန်ချီတာ၊ ဒီဒဏ်ရာတွေဟ
ရှက်စရာ ဒဏ်ရာတွေ မဟုတ်ဘူး။ တိုင်းပြည်အတွက် ဂုဏ်ယူစရာ ဒဏ်ရာတွေ"

ရော့စ် ငုံ့ပြီး အမာရွတ်တွေကို နမ်းသည်။

"အို အစ်ကိုရယ်၊ မလုပ်ပါနဲ့ အို အစ်ကို နားမလည်ပါဘူး အစ်ကိုရယ်"

"ဒါဖြင့် အစ်ကို့ကို အားလုံးပြောပြ"

ကွန်ချီတာ ရှိုက်ကြီးတငင် ငိုသည်။ စကားပြောလို့ မရတော့။ ရော့
ထွေးထွေးပွေ့ပွေ့ ချော့သည်။ ဆံပင်တွေကို ပွတ်သပ်ပေးရင်း နှုတ်ခမ်းတွေက
နမ်းသည်။ အကြိမ်ကြိမ်နမ်းတော့မှ ကွန်ချီတာ အငိုတိတ်သည်။

သို့သော် ရှိုက်နေဆဲ။

ရှိုက်လျက်မှ–

"ကောင်းပါပြီ အစ်ကိုရယ်၊ အစ်ကိုသိထားတော့ ပိုကောင်းတာပေါ့လေ
အစ်ကို့ကို ဖွင့်ပြောလိုက်ရရင်. နည်းနည်းတော့ ရင်ပေါ့သွားမယ်ထင်ပါရဲ့
ကြာပြီ အစ်ကို၊ ခြောက်နှစ်တောင်ကြာခဲ့ပြီ။ အဲဒီတုန်းက ကွန်ချီတာ ဆယ့်သုံးနှ
သမီးပဲရှိသေးတယ်။

"သူ့နာမည်က ဒီရိဂေးဘရဲလ်တဲ့ အစ်ကို။ လူဖြူသွေးနည်းနည်းပါတဲ့
လူမည်းပဲ။ နောက်ပိုင်းမှာ ပလာစီဒို ဖြစ်လာမယ့်သူပေါ့။ သူ့ဘဝက သနားစရ
အစ်ကို။ အဖေ မပေါ်ဘဲမွေးတဲ့သား ဖြစ်နေပြန်သေးတယ်လေ။ သူ့ဘဝမှာ
ချစ်သူတစ်ယောက်ပဲ ရှိခဲ့ဖူးတယ်။ အဲဒီချစ်သူက ကာလဝမ်းရောဂါထဲ ပါသွာ
တယ်တဲ့။ သူ့အလုပ်က ဘီးကုန်သည်လေ။ ကိုးကုန်းကိုးကျင်းအနံ့ ဘီးလည
ရောင်းရတယ်။ ကျွန်းအနှံ့ အဲ့ဒီလိုလျှောက်သွားရင်း ကျွန်စနစ်ကို သူ မခံမရ
နိုင်လောက်အောင် ဖြစ်လာတယ်။ အဲဒီကစပြီး ကျွန်စနစ် ဆန့်ကျင်ရေးကဗျ
တွေ သူ စရေးတယ်။ အံ့သြစရာကောင်းလောက်အောင် ထက်မြက်တဲ့ကဗျ
တွေပဲ အစ်ကို။ သူ့ကဗျာတစ်ပုဒ်ထဲမှာ သစ္စာဆိုထားတယ်။



"ငါသည် ဖြစ်လေရာဘဝ စပိန်တို့၏ ထာဝရရန်သူ
ဖြစ်ရပါ၏။ ငါ၏လက်အစုံသည် စပိန်သွေးတို့ဖြင့် ချင်းချင်းနီ
ပေကျံနေရပါလို၏။ ငါသည် နယ်ချဲ့စပိန်တို့၏ သေနတ်ပြောင်းဝ
တွင် လွတ်လပ်ရေး တိုက်ပွဲဝင်ရင်း အသက်စွန့်ရသည့်ကိုယ်
ဖြစ်လိုပါ၏"

"သူဟာ သူ့ကြွေးကြော်သံအတိုင်း တိုင်းပြည်အတွက် အသက်စွန့်သွား
တယ် အစ်ကို၊ သူ့ကို ကွန်ချီတာ အကြိမ်ကြိမ် တွေ့ဖူးခဲ့တယ်။ အဖေ့ရဲဘော်
ကိုး။ အဖေက သီလား အစ်ကို၊ ရေ့နေမလုပ်ခင်က ခြံသမားအစ်ကိုရဲ့။
ကွန်ချီတာတို့မှာ လူမည်းကျွန်တွေ အများကြီး။

"အဖေဟာ ကျွန်တွေကိုပိုင်ရတာ လုံးဝ စိတ်မချမ်းသာခဲ့ဘူး။ ပလာစီဒိုရဲ့
ကားကို အဖေ လုံးဝနားထောင်တယ်။ အစ္စကွာဒိုဟာ လူမည်းတို့ရဲ့ မိတ်ဆွေလို့
ကျူးဘားမှာ နာမည်ကြီးတာ ဒါကြောင့်ပေါ့ အစ်ကို။ သူတို့တစ်တွေ ကွန်ချီတာတို့
ယာတောအိမ်ကြီးမှာ မကြာခဏ အစည်းအဝေးလုပ်ကြတယ်။

"ကွန်ချီတာတို့ ယာတောအိမ်ကြီးက မာတင်ဇာ့စ်မှာ ရှိတော့ ပလာစီဒို
အိမ်နဲ့ နီးတာပေါ့။ ဒါကြောင့် သူ့ကို ကွန်ချီတာ မကြာမကြာ မြင်ဖူးတယ်လေ။
အဖေဟာ သူ့လူမည်းကျွန်တွေကို အမြဲတမ်း ကြင်ကြင်နာနာ အုပ်ချုပ်တယ်။
ါပေမဲ့ တဖြည်းဖြည်းနဲ့ အခြေအနေတွေက ပိုတောင်းဆိုလာတယ်၊ ကြင်နာ
ုံနဲ့ မပြီးတော့ဘူး။

"တစ်ယောက်နဲ့တစ်ယောက် ကြင်ကြင်နာနာ ဆက်ဆံတာ ကောင်းပါ
တယ်။ ဒါပေမဲ့ အမှန်တရားနောက်ကို လိုက်တယ်ဆိုရင် ကြင်နာရုံလောက်နဲ့
မရဘူး အစ်ကို။ အဖေဟာ ကျွန်တွေကို လွတ်လပ်ခွင့် ပေးချင်တာကြာပြီ။
ါပေမဲ့ သူ အဲဒီလို မလုပ်ရဲဘူး။

"လုပ်ရဲတဲ့သူတွေ ကျူးဘားမှာ အသတ်ခံရတာ မနည်းတော့ဘူးအစ်ကို၊
အဖေဟာ အဲဒီတုန်းက ငယ်လည်း ငယ်သေးတာကိုး၊ ဘဝကို ခင်တွယ်တာပေါ့လေ။
အဖေ့အပေါင်းအသင်းတွေကို စပိန်တွေက စောင့်ကြည့်လာကြတယ်။ တစ်နေ့တော့
ားလုံးကိုဖမ်းပြီး ဇောက်ထိုးဆွဲရိုက်သတဲ့ အစ်ကိုရယ်။ သူတို့မျက်နှာက
သွေးတွေ ကြမ်းပြင်ပေါ်ကို ရွှဲရွှဲစိုတဲ့ထိ ရိုက်တယ်တဲ့"

"ဘုရားသခင်"

"ကွန်ချီတာ ကြားဖူးတဲ့ပုံပြင်တွေ အများကြီးကျန်သေးတယ် အစ်ကို။

တချို့ကို သေကောင်ပေါင်းလဲ ညှဥ်းဆဲပြီး ဘယ်လိုအညှဥ်းဆဲခံခဲ့ရတယ်ဆိုတာ မပြောနိုင်အောင် ပါးစပ်ကို ပိတ်လွှတ်လိုက်ကြတယ်တဲ့။ သူတို့တစ်တွေကျတော့ သေတဲ့ထိ စပိန်တွေရဲ့ ရက်စက်ယုတ်မာမှုကို မပြောရဲဘဲ နှုတ်ပိတ်သွားကြသတဲ့ အစ်ကို။

"စပိန်တစ်ယောက်ကို ကြာပွတ်၊ ဖိနပ် စတဲ့ သူတို့အကြိုက် လက်နက် တစ်ခုခုသာ ပေးလိုက်ပါ။ တရားခံကို မပေါ် ပေါ်အောင် စစ်နိုင်တဲ့အတတ် ပညာက သူတို့မှာရှိပြီးသား။ ကဗျာဆရာကြီး ပလာစီဒိုလည်း ဖော်လိုက်ရတယ် ဂီတပညာရှင် ပီမင်တာလည်း ဖော်လိုက်ရတယ်။ ကွန်ချီတာ ငယ်ငယ်က သူ စန္ဒရားနဲ့ အကသင်ခဲ့တာပေါ့။ အဲဒီအချိန်ကတော့ မာတင်ဇာ့စ်ဟာ သိပ်ပျော် စရာကောင်းတဲ့မြို့ပေါ့ အစ်ကိုရယ်"

"အဲ့သလို ပျော်စရာကောင်းတဲ့နေ့တစ်နေ့မှာ သူတို့တစ်တွေ သူတို့ကို ဖမ်းခေါ်သွားကြတာလေ။ ကွပ်မျက်ပွဲကိုကြည့်ဖို့ လူနှစ်သောင်း လာကြရတယ် ကွန်ချီတာလည်း ပါတာပေါ့။ အားလုံးကို ကွန်ချီတာ စောင့်ကြည့်နေတယ် လုံးဝ မျက်နှာမလွှဲမိဘူး။

"အားလုံး သူရဲကောင်းဆန်ဆန် အသေခံကြတယ်။ ဘယ်သူမှ မျက်နှာဖုံး စွပ်မခံဘူး၊ နယ်ချဲ့သမားရဲ့ သေနတ်ပြောင်းကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကြတယ်။ နိုင်ငံ တော် သီချင်းကို သံပြိုင်ဆိုပြီး အသေခံကြတယ်။ မွေးဖွား သန့်စင်လာမယ့် အနာဂတ်ဟာ သူတို့အသံကို အမြဲကြားယောင်နေကြရမယ်"

"နေပါဦး ကွန်ချီတာရယ်၊ အဲ့ဒါနဲ့ အမာရွတ်တွေနဲ့"

"ရောက်မှာပေါ့အစ်ကိုရယ်၊ ရောက်မှာပေါ့။ သူ့အပေါင်းအသင်းတွေ ကျဆုံးတော့ အဖေဟာ ကလေးတစ်ယောက်လို ငိုတယ်။ အဲ့ဒီမှာပဲ သူ့ကျွန်တွေ ကို လွတ်လပ်ခွင့်ပေးဖို့ ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့ အဲဒီတုန်းက ဘုရင်ခံ ဗိုလ်ချုပ် အိုဒေါ်လ်နယ်ရဲ့ လက်ထက်လေ။ သူက ကျူးဘားမှာ စံချိန်တင်ထား တာ။ သူ သေဒဏ်ပေးခဲ့တာ လူမည်း တစ်သောင်းသုံးထောင် လေးဆယ့်ခြောက် ယောက်။ ကျူးဘားတွေနဲ့ ကပြားတွေ မပါသေးဘူး။

"ဒီတော့ ဖေဖေ ရုတ်တရက် ကျွန်တွေကို လွတ်လပ်ခွင့်မပေးရဲသေးဘူး အခြေအနေကို ကြည့်နေရတာပေါ့။ လူမည်းတော်လှန်ရေးတစ်ရပ် ဖြစ်ပေါ်ချိန်ကို စောင့်နေတာလေ။ အဲဒီမှာ 'ဟိုဆေအန်တိုနီယိုဆာကို' ဆိုတဲ့ လူတစ်ယောက် ပေါ်လာတယ်။ ငွေဝယ်ကျွန်သမိုင်းဆိုတဲ့ စာအုပ်ကို ရေးခဲ့တဲ့လူလေ။ အဖေဟာ အဲဒီစာအုပ်ကို အလွတ်ရလုနီးပါး ဖတ်တယ်။



"အရိုက်အနှက်ခံရလို့၊ ပစ်သတ်ခံရလို့၊ ကြိုးပေးခံရလို့ သေတဲ့လူဦးရေက တစ်နေ့တခြားများလာတယ်။ နောက်ဆုံး အဖေ သည်းမခံနိုင်တော့တဲ့အဆင့်ကို ရောက်လာတယ် အစ်ကို။ အဲ့ဒီလိုနဲ့ ပလာစီဒို အသတ်ခံရပြီး သုံးနှစ်အကြာမှာ အဖေဟာ သူ့ကျွန်တွေကို လွတ်လပ်ခွင့်ပေးလိုက်တယ်။ ဒါကို တရားဝင်အောင် လုပ်လို့ ဘယ်နည်းနဲ့မှမရဘူး။ အဲဒီမှာ အိုင်ယာလန်သား နာမည်ယူထားတဲ့ စပိန်ဘုရင်က အဖေ့ကို သစ္စာဖောက်လို့ ကြေညာတယ်လေ"

ရှော့စ်ကို ကွန်ချီတာ မော့ကြည့်သည်။ မျက်လုံးစိမ်းများတွင် မျက်ရည် တွေ အပြည့်ဖြင့်–

"ကျန်တာတွေ ဆက်ပြောရမလား အစ်ကို"

"ပြောပါ ကွန်ချီတာရယ်၊ အစ်ကို အားလုံးကြားပါရစေ"

"အစ်ကို ပြောဆိုလို့ ပြောပါ့မယ် အစ်ကိုရယ်၊ ဒါပေမဲ့ ကွန်ချီတာကို နမ်းပါဦးကွယ်၊ နောက်ဆုံး အစ်ကို သူများကို နမ်းချင်တော့မှာ မဟုတ်ဘူး၊ ကွန်ချီတာအကြောင်း စဥ်းစားမိတာနဲ့ အစ်ကို အရှက်ရနေတော့မှာ"

"အစ်ကို အသက်ရှင်နေသရွေ့ မင်းကို မြတ်နိုးနေမယ်၊ လေးစားနေမယ်၊ ကိုးကွယ်နေ–"

"ရှူး ရှူး အစ်ကို၊ အဲဒီစကားလုံးတွေဟာ ကွန်ချီတာနဲ့ မတန်ပါဘူး အစ်ကိုရယ်"

ရှော့စ်က သူ့ကိုယ်ကလေးကိုဆွဲယူပြီး တယုတယ နမ်းလိုက်သည်။ ရွှေအိုရောင် ခန္ဓာကိုယ်ပေါ်တွင် အဖြူရောင် အမာရွတ်ကြီးများသည် မီးရောင်တွင် အတိုင်းသား။

"ဆက်ပြောမယ်နော်၊ ကွန်ချီတာတို့ကို စစ်သားတစ်သိုက် မြင်းရထားနဲ့ ခေါ်သွားကြတယ်။ ခရီးမိုင် သိပ်မပေါက်သေးဘူး၊ ခေါင်းဆောင်လုပ်တဲ့ ဗိုလ်ကြီး ဒွန်ဂျွန်ကိုစတာ ဆိုတဲ့လူက ကွန်ချီတာတို့ကို ရထားပေါ်က အတင်းဆင်းခိုင်းပြီး လမ်းဘေးမှာ ပုန်းခိုင်းတယ်။ တစ်စုံတစ်ယောက်က ချုံခိုတိုက်ခိုက်တော့မယ့် အတိုင်းပဲ၊ ပြီးတော့ ဘာမှလဲမဟုတ်ဘူး။

"အဲဒီလူက လူထူးလူဆန်းပဲ အစ်ကို။ လူတွေကို သေတဲ့အထိ နှိပ်စက် တယ်၊ ဒါပေမဲ့ သူက တယောသံနဲ့မှ အိပ်ပျော်တယ်တဲ့။ သူအိပ်ခါနီးမှာ တစ်ယောက်ယောက်က တယောထိုးပေးရတယ်တဲ့။

"သုံ့ပန်းထဲမှာ ပန်းချီဆရာများပါလာရင် ဘယ်လောက်ညံ့တဲ့ ပန်းချီ ဆရာဖြစ်ဖြစ် သူ အကူအညီပေးတယ်။ ဂီတသမားဆိုရင်လည်း ဒီအတိုင်းပဲ။

ဒါပေမဲ့ အချိန်တန်ရင်တော့ သတ်ပစ်လိုက်တာပဲ။ သူက သူ့ကိုယ်သူ အနုပညာကို မြတ်နိုးသူလို့ အမြဲတမ်းကြွေးကြော်တယ်။ တကယ်တော့ သူမြတ်နိုးတဲ့ အနုပညာက မရဏမင်းရဲ့ အနုပညာပါအစ်ကို။

"သူ့တပ်သားတွေကလည်း သူ့အတိုင်းပဲ။ အဖေ့ကို သေလုမြောပါး ဖြစ်အောင် ရိုက်ကြနှက်ကြတယ်။ သူတို့အထဲမှာ မိုက်ရဲဗိုလ်နာမည်ခံ ခုနစ် ယောက်ရှိတယ်။ လူတွေနဲ့ လုံးဝမတူတော့ဘူး။ တောရဲတိရစ္ဆာန်အတိုင်းပဲ။ အမြဲ မူးရူးနေသေးတယ်။ သူတို့ခုနစ်ယောက် ကွန်ချီတာ့ကို ဝါးတောထဲ ခေါ်သွားကြ တယ်။ အစ်ကို အစ်ကိုရယ် ကွန်ချီတာ ရှေ့ဆက်မပြောပါရစေနဲ့ရှင်ရယ်၊ ဘယ်လို လုပ်ပြီး ပြန်လည်သန့်ရှင်းနိုင်ပါတော့မလဲ အစ်ကို။ ဒီလိုညစ်နွမ်းမှုမျိုးကို ဘာနဲ့ တိုက်ချွတ် ဆေးကြောပစ်လို့ရမှာလဲ အစ်ကို။ ကွန်ချီတာရဲ့ ခန္ဓာကိုယ်သာမကဘူး ဝိညာဉ်ပါ ညစ်နွမ်းခဲ့ရတာ"

"ကွန်ချီတာ ရောစ်ကို မော့ကြည့်သည်။ ပါးပြင်ပေါ်သို့ မျက်ရည်တွေ တလိမ့်လိမ့်စီးကျလာပြန်သည်။

"အစ်ကို ပြောဆိုလို့ ပြောရတာပါ အစ်ကို၊ အစ်ကို့ရင်ခွင်ထဲမှာ တစ်သ လုံးနေပြီး ပျော်ရမယ့်အစား ကွန်ချီတာ အသည်းတွေ တစ်စချင်း ကြေနေသလို ခံစားရပါတယ် အစ်ကို"

တသိမ့်သိမ့် ရှိုက်ရင်း လှုပ်ရှားနေသည့် ကလေးမ၏ ပခုံးနှစ်ဖက်ကို ကိုင်ပြီး ရောစ် တအားဖက်ထားလိုက်သည်။ ပြီးတော့ သူ့ကလေး၏မျက်နှာ မျက်လုံး၊ နှုတ်ခမ်းနှင့် လည်တိုင်တို့ကို တရှိုက်မက်မက် နမ်းသည်။

"အဲဒီအတွက် ဘာမှ ရှက်စရာ ကြောက်စရာ မလိုပါဘူး အချစ်ရယ်" ရောစ် တိုးတိုးကလေး ဆက်ပြောသည်။

"မိုက်မှားမှုကို ကျူးလွန်တာ မင်းမှမဟုတ်ဘဲ။ ဘာလို့ ဝိညာဉ်မသန့်ရှင်း ရမှာလဲ။ ပြီးတော့ အဲဒါတွေ အတိတ်မှာကျန်ခဲ့ပြီ။ အားလုံးပြီးခဲ့ပြီ ကွန်ချီတာ မင်း ခု အစ်ကို့နံဘေးမှာ သတို့သမီးဝတ်ရုံ ဆင်မြန်းပြီး ရပ်လို့ရပြီလေ ဘုန်းတော်ကြီးရဲ့ရှေ့မှာ လက်ထပ် ပဋိညာဉ်ဆိုလို့ရပြီလေ။ ဘယ်သူတွေ ဘာ ပြောနိုင်မလဲ။ မင်းကို အစ်ကိုချစ်တယ်။ ပြီးပြီပေါ့။ ဒါထက် ခိုင်လုံတာ ဘာရှိသေးလဲ။ ဘာလိုသေးလဲ"

ကွန်ချီတာ သူ့ကို တအံ့တသြ ပြန်ကြည့်သည်။

"အစ်ကို ကွန်ချီတာ့ကို ခုထိ လက်ထပ်ချင်သေးတယ် ဟုတ်လား"

"အစ်ကို့ကို ဘာနဲ့မှ တားလို့မရဘူး ကွန်ချီတာ"



ချစ်သူ့ရင်ခွင်တွင် ငြိမ်ငြိမ်ကလေးနေရင်း ကွန်ချီတာ လက်ကလေး စ်ဖက် လှုပ်ရှားလာသည်။ ချစ်သူမျက်နှာကို ညင်ညင်သာသာ ပွတ်ရင်း မျက်လုံး လေး မှေးကာ အသိအာရုံတွင် ပုံဖော်ကြည့်နေသည်။

"ဒါဆိုလည်း အစ်ကို့ကို မတားတော့ပါဘူးလေ။ ဒါပေမဲ့ လောလောဆယ် တာ့ မဖြစ်နိုင်သေးဘူး အစ်ကို။ အဖေ့ကို ပြုစုရဦးမယ်။ ကွန်ချီတာ အနားမှာ ရှိရင် အဖေ ကြာကြာခံမှာ မဟုတ်ဘူး"

"အတူတူ ခေါ်ထားမယ်လေ၊ ပုဏ္ဏမီရိပ်သာဟာ ရောမအိမ်ကြီး ဖြစ်လာ ဲ ကွန်ချီတာရဲ့"

"ဒါက ပြဿနာတစ်ခုပဲ ရှိသေးတယ်။ ဘာသာမတူတဲ့ ကိစ္စရှိသေးတယ် စ်ကို။ အစ်ကိုက ဘာရင်ဂျီဘာသာဝင် မဟုတ်ဘူး။ အဲဒါက မလွဲမသွေ င်ဆိုင်ရမယ့်ပြဿနာ။ ပြောတော့ မပြောကောင်းဘူး။ အစ်ကို ဘာသာပြောင်း ိုက်ပါလားဟင်"

"အဲဒီကိစ္စကြောင့် အနှောင့်အယှက် မဖြစ်စေရပါဘူး ကွန်ချီတာရယ်"

"အဲ နောက်တစ်ခုကမှ အကြီးဆုံးပြဿနာ အစ်ကိုရေ၊ ကျွန်ပိုင်ရှင် စ်ယောက်ကို ကွန်ချီတာလက်မထပ်နိုင်ဘူးအစ်ကို။ လူမည်းကျွန်တွေမပါဘဲနဲ့ ည်း အစ်ကိုရဲ့ပုဏ္ဏမီရိပ်သာ အကောင်အထည် ပေါ်လာမှာမဟုတ်ဘူး။ အဖေ က်စွန့်ဆံဖျားဆန့်ကျင်ခဲ့တဲ့ စနစ်ကို ကွန်ချီကာ မျက်ကွယ်ပြုလို့ ဘယ်ဖြစ်ပါ့မလဲ စ်ကို၊ ပြီးတော့–"

"ပြီးတော့ မင်းကိုယ်တိုင် သွေးမြေကျခဲ့ရတယ်"

"သွေးမြေကျရုံ ဘယ်ကမလဲ အစ်ကို၊ ဘဝရော၊ ဂုဏ်သိက္ခာပါ ျက်စီးရတာ။ အဲဒါတွေ ခြိုးခြံစားရင် လောလောဆယ်တော့ မဖြစ်နိုင်သေး ါဘူး အစ်ကိုရယ်။ နောက်များမှ အခြေအနေတွေ တစ်မျိုးတစ်ဖုံ ပြောင်းလဲ ာရင်–"

"ဒါဖြင့် အစ်ကိုတို့ ခုလောလောဆယ် ဘာလုပ်ကြမလဲ"

"ဒီလိုပဲ ဆက်နေသွားရမှာပေါ့။ အရက်တကွဲအကျိုးနည်းဘဝနဲ့လေ၊ ွန်ချီတာ့အနေနဲ့ ဒီဘဝကို ဘယ်လို မေ့မေ့ပျောက်ပျောက် နေလို့ရမလဲ စ်ကိုရယ်။ အစ်ကိုနဲ့ မတွေ့ရင်လည်း အကောင်းသား။ ခုတော့ အစ်ကို့ကို စွဲစွဲ မ်းလမ်း ချစ်မိပြီကွယ်။ အစ်ကိုထားခဲ့ရင် ကွန်ချီတာသေမှာ"

ရောစ့်မျက်မှောင်ကုတ်ပြီး ကလေးမကို သေသေချာချာ ကြည့်သည်။ ူမည်းကျွန်တွေကို လွှတ်ပေးဖို့ စိတ်ကူးလိုက်သည်။ သို့သော် မိမိ

တစ်ယောက်တည်းသဘောဖြင့် လုပ်လို့ ဖြစ်ပါ့မလား။ တွမ်နှင့်လည်းဆို သည်လေ။ ပြီးတော့ ပီတာဒယ်လ်တန် လုပ်ပေးသည့်ငွေတွေနှင့် ဝယ်ထားသ ကျွန်တွေ။ ပြီးတော့ ဥပဒေကန့်သတ်ချက်တွေက ရှိသေးသည်။ အမှန်တ အတိုင်း လိုက်နာဆောင်ရွက်ဖို့ ဘာကြောင့်များ ခက်ခဲနေရပါလိမ့်။

"သိပ်လည်း စိတ်ပျက်မနေပါနဲ့ အစ်ကိုရယ်။ ပုဏ္ဏမီရိပ်သာအတွ အစ်ကို ဘယ်လောက် ကြိုးစားခဲ့ရတယ်ဆိုတာ ကွန်ချီတာသိပါတယ်။ သွေးနဲ့ နဲ့ ရင်းထားခဲ့ရတဲ့ အဲ့ဒီစီမံကိန်းကြီး ကွန်ချီတာကြောင့်တော့ မပျက်ပါစေနဲ့နော်

"ခက်တယ် ကွန်ချီတာ၊ ဘယ်လမ်းကို လိုက်မလဲဆိုတာ ရွေးဖို့တော အစ်ကို့မှာ အခွင့်အရေး ရှိရဲ့လားမသိဘူး။ ကျွန်တွေကိုရော၊ စိုက်ပျိုးမွေ လုပ်ငန်းတစ်ခုလုံးကိုရော အစ်ကို တစ်ယောက်တည်း ပိုင်တာမဟုတ်ဘူး ကွန်ချီတ ဒါပေမဲ့ ဖြစ်နိုင်တဲ့လမ်း အစ်ကိုရှာပါဦးမယ်လေ"

ရှောစ်က ကွန်ချီတာကိုယ်ပေါ်မှ အမာရွတ်တွေကို အသာဖွဖွ ပွတ်ကြ နေသည်။

"အဲ့ဒီ အမာရွတ်တွေ အကြောင်း ကွန်ချီတာ အစ်ကို့ကို မပြောရသေ ဘူးနော်"

"ဟုတ်တယ် ကွန်ချီတာ၊ မပြောသေးဘူး"

"သူတို့တစ်တွေ ကွန်ချီတာကို တိရစ္ဆာန်တွေလိုကျင့်ကြံပြီးမှ ဇွေးပြ လန့်လာကြတယ် ထင်ပါရဲ့၊ ကွန်ချီတာလို အမျိုးကောင်းသမီးတစ်ယောက်က ကပ္ပလီကျွန်မတစ်ယောက်လို သူတို့လုပ်ခဲ့မိကြတဲ့အတွက်လေ။ ဒီတော့ ကွန်ချီတ ကို အပြတ်ရှင်းဖို့ သူတို့စီစဉ်ကြတယ်။ ခြောက်ယောက်က မြင်းကိုယ်စီနဲ့ ထွ သွားပြီး တစ်ယောက်ကို တာဝန်ပေးခဲ့တယ်။ အဲဒီတစ်ယောက်က သူရဲဘော ခပ်ကြောင်ကြောင်ရယ်။ ဒါပေမဲ့ ရက်စက်တဲ့နေရာမှာတော့ နှစ်ယောက်မရှိဘူ ရက်စက်တတ်တဲ့ အကျင့်ဟာ ရောဂါလို စွဲကပ်နေတာအစ်ကို။ အစ်ကို မော်ဂင်လိုပေါ့"

"ဘယ်က အစ်ကိုရဲ့မော်ဂင်ရမှာလဲကွာ"

ရှောစ်က အလေးအနက် ဖြတ်ပြောသည်။

"လုံ့စွပ်နဲ့ တစ်ချက်တည်း ထိုးသတ်လိုက်ရင် ပြီးတာပဲဟာ။ အဲဒီအတို လုပ်ပါစေလို့ ကွန်ချီတာ ဆုတောင်းနေလိုက်တယ်။ သူ့ကိုလည်း ငိုပြီးတောင်းပ တယ်။ တစ်ခါတည်း သတ်ပါလို့။ ဒါပေမဲ့ သူက တစ်ချက်တည်းနဲ့ အပြ



ရှင်းဘဲ အစ်ကိုမြင်တဲ့အတိုင်း တစ်ကိုယ်လုံး လှံ့စွပ်နဲ့လိုက်ပြီး မွှန်းတယ်။

"ကွန်ချီတာ့ တစ်ကိုယ်လုံး သွေးအိုင်ထဲမှာပေါ့။ နာလိုက်တာအစ်ကိုရယ်။ ယ်သူ မသေချင်ဘဲရှိပါ့မလဲ။ ဒါပေမဲ့ ကွန်ချီတာ သေကံမရောက်ခဲ့ဘူး။ ဖေ လွတ်လပ်ခွင့်ပေးခဲ့တဲ့ အဖေ့တပည့်ဟောင်း ကပ္ပလီတွေ ရောက်လာပြီး ကိုသတ်ကြတယ်။ ရက်ရက်စက်စက် သတ်ကြတာ အစ်ကို။

"အဖေ့ကိုပါ သူတို့တစ်တွေ မရရအောင် တိုက်ယူကြတယ်။ ရွာကလေး စ်ရွာမှာ ဖုက်ပြီး ကွန်ချီတာ့ကို ဆေးကုပေးကြတယ်။ အဖေ့ကိုလည်း မနည်း ယူရတာပါပဲ"

"ကွန်ချီတာတို့ သားအဖနှစ်ယောက်စလုံး ကျန်းမာလာမှ ငါးဖမ်းလှေ လေးနဲ့ ဖလော်ရီဒါကိုဖြတ်ပြီး သူတို့ ဒီကိုပို့ပေးကြတာ။ တောင်ပိုင်းသား းလုံးလိုလိုက စပိန်ကိုမုန်းပြီး ကျူးဘားကို လွတ်လပ်ရေးပေးချင်ကြတာ ဟုတ်လား။ နယူးယောက်မှာရှိတဲ့ အဖေ့မိတ်ဆွေက နေရေး ထိုင်ရေးအတွက် ငွေပို့ပေးတယ်လေ။ အဲဒါဟာ ကျူးဘားရဲ့သမိုင်းထဲက တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ ွန်ချီတာရဲ့ သမိုင်းပါ အစ်ကို"

ကွန်ချီတာ မျက်ရည်များကြားထဲမှ ပြုံးပြီး ရှောစ်ကို ကြည့်သည်။

"ကဲ ကွန်ချီတာ သွားဖို့အချိန်တန်ပြီ အစ်ကို။ အဖေ ဟိုမှာ စောင့်နေ တယ်"

"အို မသွားရသေးဘူး၊ စောပါသေးတယ်ကွာ"

ကွန်ချီတာ ပြတင်းပေါက်၏အပြင်သို့ လှမ်းကြည့်လိုက်သည်။ အလင်း ရောင် ပျို့နေပြီ။

"မသွားရသေးဘူးလား ဟုတ်လား အစ်ကို"

ချစ်သူ၏နှုတ်ခမ်းများကို ကွန်ချီတာ အလောတကြီးရှာဖွေနေသည်။

■

## အခန်း (၆)

စန္ဒရားခုံတွင် ထိုင်ရင်း အမြောက်သံတွေကို အတိုင်းသားကြားနေရ၏။ ရုံ
ရုံခါ ပေါက်ကွဲသံများနှင့်အတူ တစ်အိမ်လုံး သိမ့်သိမ့်တုန်သွားတတ်သည
ရော့စ် နားနှစ်ဖက်ကို ပိတ်လိုက်၏။ လက်တစ်ဖက်ဖြင့် ရွှေရောင်ဆံပင်တွေ
ထိုးဖွလိုက်သည်။ သေတော့မှာပဲ။ ဘာပြုလို့များ ဒါလောက် လုပ်နေကြပါလိ
ထပြီး ပြတင်းပေါက်တွင် သွားရပ်သည်။ လမ်းပေါ်တွင် မီးတုတ်
တဝင်းဝင်းနှင့် မြို့လယ်ပန်းခြံဆီသို့ ဦးတည်ချီတက်နေကြသည့် လူတစ်စု
မြင်နေရ၏။ ငတုံးတွေ၊ အသုံးမကျတဲ့ ငတုံးတွေ။ ကွစ်တ်မန်လိုလူ ဘာ
ဦးတည်နေတယ် ဆိုတာလောက်ကိုမှ သူတို့မသိကြဘူးလား။

မစ္စစ္စပီ သူရဲကောင်းကြီး ဂျွန်ကွစ်တ်မန်ကို ဂုဏ်ပြုကျင်းပသည့် မီးပုံ
တဲ့လေ။ ရော့စ် လုံးဝသွားဖို့စိတ်မကူး။ ဂျွန်ကွစ်တ်မန်လို လူတစ်ယောက်၏လုပ်
အားလုံးကို အော့နှလုံးနာနေပြီ။ တစ်ခုတော့ ရော့စ် ဝမ်းသာနေမိသည
ပြည်နယ်အုပ်ချုပ်ရေးမှူး ရာထူးမှ သူ နုတ်ထွက်သွားသည့်ကိစ္စ။ သည်အတွ
မီးပုံပွဲဖြင့် ဂုဏ်ပြုသည်ဆိုလျှင် တော်သေးသည်။ ခုတော့ သည်လိုမဟုတ်။

လွန်ခဲ့သည့်တစ်ပတ်က ပြည်ထောင်စုအစိုးရ တရားရေးဌာနမှ နယ
အော်လီယန်းတွင် ရုံးဖွင့်ပြီး ဗိုလ်ချုပ်လိုပက်ဇ်၊ ကွစ်တ်မန်နှင့် အပေါင်း
ဟင်ဒါဆင် ဆိုသူတို့အား ၁၈၁၈ခုနှစ်၊ ကြားနေရေးဝါဒ ဖောက်ဖျက်မှုဥပ
ဖြင့် တရားစွဲဆိုသည်။ ဗိုလ်ချုပ်လိုပက်ဇ် နိုင်ငံရေး မတည်ငြိမ်မှုများကို အစိ
ရှေ့နေက ဖွင့်ချသည်။

ကွစ်တ်မန်က ပြည်ထောင်စုအစိုးရကို ရစရာမရှိအောင် စွပ်စွဲပုတ်ခတ်
ကိုယ်တိုင်ချေပသည်။ အသံ အောကြီးဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ကို တိုက်ရို
မလွှမ်းမိုးနိုင်ကြောင်း မစ္စစ္စပီပြည်နယ်အစိုးရအဖွဲ့သည် လွတ်လပ်သော တော



ပိုင်း ပြည်နယ်အစိုးရတစ်ခု ဖြစ်ကြောင်း၊ မိမိအား တရုတ်ပြည်အစိုးရအဖွဲ့က
လာပြီး အရေးမယူနိုင်သလို၊ ဝါရှင်တန်အစိုးရအနေဖြင့် အရေးမယူနိုင်ကြောင်း၊
မိမိပြည်နယ် အစိုးရအဖွဲ့က အမေရိကန်သမ္မတကို ဖမ်းဆီးခွင့်မရှိသလို ပြည်မ
အစိုးရအနေဖြင့်လည်း မိမိအား ဖမ်းဆီးခွင့်မရှိကြောင်း၊ အမေရိကန် ပြည်
ထောင်စုတွင် တစ်ဦးချင်း လွတ်လပ်ခွင့်များ ပျက်ပြယ်လျက်ရှိကြောင်း၊ ပြည်မ
အစိုးရက တောင်ပိုင်းသားများအား သူတို့ပိုင် ကျေးကျွန်တွေကို သူတို့ကြိုက်ရာ
သို့ ခေါ်ဆောင် ပြောင်းရွှေ့ခွင့်ကို ပိတ်ပင်လျက်ရှိကြောင်း၊ မိမိသည် တောင်ပိုင်း
သားတို့၏ လွတ်လပ်ခွင့်ကို အသက်ပေးတိုက်သွားမည်ဖြစ်ကြောင်းနှင့် ယခု
စွဲချက်ပါ အဓိပ္ပာယ်မရှိ ဥပဒေကိုလည်း ဆက်လက်ဆန့်ကျင်သွားမည့် အကြောင်း
များဖြင့် အာပေါင်အာရင်းသန်သန် လျှောက်လဲချက်ပေးသွားသည်။

မိုက်ရူးရဲလူငယ်လူရွယ်တွေက ကွစ်တ်မန်ကို ထောက်ခံကြမည်ဟု ရော့စ်
တွက်ထားပြီးသား။ ပြည်မအစိုးရကို ဆန့်ကျင်ဖို့ဆိုလျှင် သူတို့တစ်တွေ ဩဘာ
ပေးစမြဲ။ မစ္စစ္စပီပြည်နယ်အနေဖြင့် ကိုယ်ပိုင်လွတ်လပ်ခွင့်ရရေးအတွက် ဘယ်
တောင်ပိုင်းပြည်နယ်နှင့်မှ မညှိဘဲ တစ်ကိုယ်တော်တိုက်ပွဲဝင်ဖို့ သူတို့ သွေးဆူ
လျက်ရှိကြ၏။

သည်မျှမိုက်မဲသည့် ခြေလှမ်းကို လှမ်းနေကြသူများအား ရော့စ် နားမလည်
နိုင်စွာ ငေးကြည့်နေသည်။ ရှင်းရှင်းကလေးကို သူတို့ ဘာကြောင့် မမြင်နိုင်ကြ
ပါလိမ့်။ ၁၈၅၀ ပြည့်နှစ်၊ အမေရိကန်တောင်ပိုင်းတွင် ခဲယမ်းမီးကျောက်စက်ရုံ
ဆို၍ တစ်ရုံမျှမရှိသေး။ လက်နက်ထုတ်လုပ်သည့်စက်ရုံလည်း တစ်ရုံမျှမရှိသေး။

ဘဏ္ဍာရေး အခြေအနေကြည့်ပြီး မြောက်ပိုင်း၏ဆယ်ပုံ တစ်ပုံမျှ မချမ်းသာ။
လူဦးရေကကော လေးပုံတစ်ပုံသာရှိ၏။ မြောက်ပိုင်းနှင့်စစ်ဖြစ်လျှင် တစ်ပတ်
အတွင်း စိစိညက်ညက် ကြေသွားမည်။

ဒါကို ပြည်နယ်အုပ်ချုပ်ရေးမှူး ကွစ်တ်မန်က မနေ့ကမှ လက်ခံသည်။
ပြည်နယ်အုပ်ချုပ်ရေးမှူး ရာထူးမှ ထွက်ပေးသည်။ စွဲချက်ကို အရပ်သားတစ်ယောက်
အနေဖြင့် ချေပဖို့ သဘောတူသည်။ မစ္စစ္စပီကို နိုင်ငံခြားသား (မြောက်ပိုင်းသား)
တို့၏ ကျူးကျော်မှုမှ လွတ်ကင်းရန် သူ ထွက်ပေးပါသည်ဟု ကြေညာသည်။

နက်ချက်မြို့မှ နားမျက်စိရှိသူများကတော့ မစ္စစ္စပီပြည်နယ်အနေဖြင့်
ပြည်ထောင်စုကို အန်မတုနိုင်ကြောင်း သဘောပေါက်ထားကြသည်။

အမြောက်သံတွေက ရော့စ်၏နားစည်တွေကို ဖောက်ထွင်းပစ်လုမတတ်
ဆူညံနေသည်။ ဒေါသဖြစ်သည်ထက် ဖြစ်လာသည်။ ဂျွန်ကွစ်တ်မန်ကို ဂုဏ်ပြု

သည့်အနေဖြင့် ဆယ့်ငါးချက်၊ တောင်ပိုင်းပြည်နယ်များအတွက် ဆယ့်ငါးချက်
နောက်ထပ် လူသားအားလုံးအတွက် ဆယ့်ငါးချက်တဲ့။ ဘယ်လိုမှ သည်းမ
နိုင်လောက်အောင် ဖြစ်လာ၏။

သည်အသံဗလံများဖြင့် ဆူဆူညံညံဖြစ်မလာခင် ရော့စ်၏အာရုံသ
အတွေးသစ်တစ်ခုဖြင့် ကြည်လင်နေခဲ့သည်။ မော်ဂင်၏အကကို ကြည့်ရပြီးကတည
က သူ့ရင်ထဲမှ ဂီတပါရမီဓာတ်ခံသည် လှုးလွန့်နိုးကြားနေ၏။ ကွန်ချီတာ
ဖွဲ့ဆိုသည့် တေးတစ်ပုဒ်လည်း ရေးစပ်ချင်နေ၏။

စပိန်တွင် လေ့လာခဲ့ရသည့် ဂျစ်ပစီနရီသွက် တေးများကို ပြန်ဖော်ကြ
၏။ ကွန်ချီတာနှင့် အလွန်လိုက်ဖက်မည့် သံစဉ်များသည် တေးသွားများတွ
ကွန်ချီတာလိုပင် မီးလျှံလို တက်ကြွ လှုပ်ရှားနေကြ၏။ ချစ်စိတ်မွန်သ
ကာရန်များဖြင့် မြူးကြွနေ၏။ တစ်ပြိုင်တည်းတွင် လှပခြင်း၊ ရိုးသားခြင်းမျ
လည်း ကြည်လင်နေ၏။

သို့သော် ဆူဆူညံညံအသံများကြောင့် ဘာမျှ ဖန်ဆင်း၍မရတော့။

တေးသစ်တစ်ပုဒ် မရေးနိုင်သော်လည်း အလွတ်ရနေသည့် မော်ဂင်
တေးသွားက ခေါင်းထဲ အလိုလိုဝင်လာသည်။ သည်မိန်းမသည် ချစ်သူထက်
မိမိအပေါ် လွှမ်းမိုးနေပြီလား။ ဒါကတော့ မဖြစ်နိုင်ပါ။ သို့သော် တစ်စုံတစ်
ဖြင့် မိမိအား ညို့ထားသည်တော့ အမှန်။ တော်ပါသေးသည်။ လန့်စ်ဘရစ်တာ
ပြန်ရောက်နေပြီ။

တီးတိုးသတင်းတွေ သည်တော့မှ ရပ်ကြတော့မည်။ သည်တီးတိုးသတင
များကို ရော့စ် စိတ်ကုန်လှပြီ။

မော်ဂင်ကို ဟင်နရီမွန်းကလစ်နှင့် ညကြီးမင်းကြီးမှာ တွေ့ကြသတဲ့
ဘယ်သွားပြီး ဘာလုပ်သည်ကိုမူ ဘယ်သူမျှ မပြောနိုင်ကြ။ နက်ချက်မြို့ထဲမှ
တွမ်ပါရီလက်ကို နွဲ့နွဲ့ကလေး တွဲသွားနေတာလည်း မြင်ကြသတဲ့။ တစ်အိမ်နှ
တစ်အိမ် လှမ်းမြင်နိုင်သည်ဖြစ်၍ ဂျယ်နီတစ်ယောက် တွမ်၏ခြေလှမ်းတွေ
ကြည့်ပြီး မျက်ရည်နှင့်မျက်ခွက်။ ညစဉ် တွမ်၏မြင်းခွာသံကို နားစွင့်နေရ၏
မိုးစင်စင်လင်းသည်အထိ တွမ် ပြန်ချင်မှပြန်လာသည်။

နောက်ထပ် ပါးစပ်သတင်းတွေ အများကြီးရှိသေးသည်။ မော်ဂင်၏
ချစ်သူများစာရင်းက ရှည်လျားလွန်းလှပါတကား။ အခန်းထဲ အောင်းနေရသ
အဖြစ်ကို ငြီးငွေ့လာသည်။ ဒီည ဘယ်လိုမှအလုပ်မဖြစ်နိုင်တော့။ စန္ဒရားတွ
ထိုင်ပြီး အသံရှာ၍လည်း ရမည်မဟုတ်တော့။ ဗွစ်တနီမိသားစု အပ်ထားသည



စံကိုလည်း ဆွဲချင်စိတ်မရှိတော့။

ဦးထုပ်ကို ကောက်ဆောင်းလိုက်သည်။ ခြံလုပ်ငန်းစလျှင် လုပ်ခရှင်းစနစ်
ဖြင့် အလုပ်လုပ်ရန် စိတ်ထက်သန်နေ၏။ ဗိသုကာလုပ်ငန်းကိုတော့ နားနား
နေပဲ လုပ်တော့မည်။

အပြင်ရောက်တော့ ဘယ်သွားရပါမည်လဲဟု စိတ်ကူးသည်။ မီးပုံပွဲကိုတော့
သွားဖို့ သေချာသည်။ သောင်းကျန်းနေကြမည် မုချ။ လွန်ခဲ့သည့်အပတ်
ကတည်းက သတင်းတွေကြားနေရသည်။ စပိန်ကိုရော၊ ပြည်မအစိုးရကိုပါ
တစ်ပြိုင်တည်း တိုက်မည်တကဲကဲ လုပ်နေကြသည့် မိုက်ရူးရဲများအကြောင်း။

ရော့စ် ဘယ်သူ့ကိုမျှ မတိုက်လိုပါ။ သူလိုချင်သည်မှာ ငြိမ်းချမ်းရေး။

နန်စီကိုစီးပြီး ပုဏ္ဏမီရိပ်သာဆီသို့ လာခဲ့သည်။ ဘယ်လိုမှ ဆုံးခန်းမရောက်
နိုင်သည့် ပုဏ္ဏမီရိပ်သာ၊ လှပခံ့ညားလွန်းသည့် ပုဏ္ဏမီရိပ်သာ။ ဟိုရောက်မှ
ဦးစားစရာတွေ ဆက်စဉ်းစားတော့မည်။ ကွန်ချီတာကိစ္စ၊ ဂျယ်နီနှင့် တွမ်တို့
ကိစ္စ၊ ပြီးတော့ မော်ဂင်ဆိုသော ညို့မ။ မော်ဂင်နှင့် ဘာမှ မဆိုင်ဘူးလို့ပြောမဖြစ်
တော့။ ညီအစ်ကိုနှစ်ယောက်စလုံးနှင့် ပတ်သက်နေပြီ။ အလွန်အန္တရာယ်များသော
ပတ်သက်ခြင်းမျိုး။ တွမ်အတွက် စိတ်မအေးစရာ၊ မိမိအတွက်ကကော။ ဒီအမျိုး
သမီးနှင့် ကင်းပါသည်ဟု လိပ်ပြာသန့်လျှင် ဘာပြုလို့ ဒီတေးသွားကို အလွတ်
တီးနိုင်နေရသလဲ။ တစ်ကိုယ်လုံး ပူနွေးလာသည် ထင်ရ၏။ မြို့ပြင်ဘက်သို့
ဖြည်းဖြည်းစီးထွက်လာခဲ့သည်။ တဖြည်းဖြည်း ဆူဆူညံညံ အသံတွေနှင့် ဝေးလာ
ခဲ့သည်။ ဝက်သစ်ချတောကို ဖြတ်သန်းသည်။ အစိမ်းရောင် ဥမင်လိုဏ်ခေါင်းနှင့်
တူနေ၏။ အကိုင်းအခက်တွေ ပိန်းပိန်းပိတ်ကာ ကောင်းကင်ကိုမမြင်ရ။ အတွေး
နက်စွာဖြင့် နန်စီကျောပေါ်မှ လိုက်လာခဲ့သည်။ မျက်မှောင်ကြုတ်ကာ ရှေ့သို့
ကိုင်းလျက်။

နှစ်မိုင်ခန့် ခရီးပေါက်ခဲ့ပြီ။ လမ်းဘေးချုံကွယ်တွင် လှုပ်ရှားမှုတစ်ခုကို
မြင်လိုက်၏။ လမ်းနံဘေးတွင် ယှဉ်ရပ်ထားသည့် မြင်းနှစ်ကောင်၏ပုံသဏ္ဍာန်က
ဝပ်ရေးရေး။ ပခုံးတွန့်ပြီး ဆက်စီးသွားမည်ပြုပြီးမှ မြင်းတစ်ကောင်၏အရောင်ကို
မျက်လုံးအားစိုက်ကြည့်လိုက်သည်။

အညိုရောင်၊ တွမ်၏ အုန်းခွံရောင်မြင်းကြီး။ နောက်တစ်ကောင်က
အနက်။ လရောင်ရေးရေးတွင် ဖိတ်ဖိတ်တောက်လျက်။ သေချာပါသည်။
မော်ဂင်၏ စနေမ။ ကျောထဲစိမ့်သွားသည်။ လမ်းနံဘေးချုံနွယ်တွေက တော်တော်
ထူသည်။

သွေးခုန်နှုန်း မြန်လာသည်။ ဒေါသစိတ်ကို မထိန်းနိုင်တော့။ တစ်ကိုယ်
လုံး တုန်တုန်ယင်ယင် ဖြစ်လာ၏။ နာကြည်းခံပြင်းစွာ ရယ်လိုက်မိ၏။

ပြီးမှ သတိရသည်။ အပေါစား ကပွလီမတစ်ယောက်လို ချုံထဲတွင်
တွမ်နှင့် ကမြင်းနေခြင်းက မင်းနဲ့ဘာဆိုင်သလဲ။ ဘာကိစ္စ မင်းက ဒေါသဖြစ်
တာလဲ။ မင်း သူ့ကို စွဲလမ်းနေလို့ပေါ့။ မင်းက သူ့ယောကျ်ားလား၊ လန့်စ်
ဘရစ်တာနီလား။

ဒုတိယအသံက မေးခွန်းတွေ ဆက်တိုက်မေးနေ၏။

လန့်စ်ကို မြင်ယောင်လာတော့ ရော့စ်တစ်ကိုယ်လုံး တောင့်တင်းသွားသည်။
လန့်စ် ပြန်ရောက်နေပြီပဲ။ တစ်ဦးချင်းယှဉ်ပစ်ရာတွင် အလွန်လက်မြန်သည့်
လန့်စ်။ သည်မျှ မကြီးကျယ်သည့် ကိစ္စကလေးများတွင်ပင် ယှဉ်သတ်လေ့ရှိသည့်
လန့်စ်။ သည်လိုပွဲမျိုးတွင် လူသုံးယောက်ကို ဇီဝိန်ခြွေခဲ့ပြီးဖြစ်သည့် လန့်စ်။

သည်အတိုင်းဆိုလျှင် တွမ်အတွက် မျှော်လင့်စရာမရှိပြီ။ သည်နယ်တစ်ခု
တွင် နာမည်ကြီး သေနတ်သမားကြီးကို တွမ် မည်သို့ယှဉ်နိုင်ပါမည်လဲ။ ဓားကို
ရွေးပါပြီတဲ့။ ဓားအကြောင်း တွမ် ဘာမျှမသိ။ လန့်စ်က ဓားရေးတွင်လည်း
အဟုတ်ကျွမ်းသူတဲ့။

မြင်းပေါ်တွင် အတောင့်သားရပ်ရင်း ရော့စ် ဦးခေါင်းတစ်ခုလုံး ဆူ
နေသည်။ ခုအချိန် လန့်စ်တစ်ယောက် ဘယ်မှာရှိနေပါလိမ့်။ မတွေ့ တွေ့အော
ရှာပြီး တော်တော်နှင့် အိမ်မပြန်နိုင်အောင် အချိန်ဆွဲထားရမည်။ မော်ဂင့်နောက်မှ
သူ အိမ်ပြန်ရောက်ဖို့ အရေးကြီးသည်။

သည်လို ဆုံးဖြတ်ထားပြီးကာမှ ရှုခင်းသာဆီသို့ ဦးတည်ရမလား
တောင်ထွတ်မြို့သာဘက် သွားရမလား စဉ်းစားမရ ဖြစ်ပြန်သည်။ ဒါမှမဟုတ်
မီးပုံပွဲမှာပဲ ပြန်ရှာရမလား။

ထိုစဉ် သစ်ပင်တစ်ပင်အောက်မှ မော်ဂင် ထွက်လာသည်။ တွမ့်၏
လက်မောင်းကိုမှီတွဲလျက်။ အဝတ်အစားတွေ မသေမသပ်နှင့် ရယ်ချင်ပက်
ဖြစ်နေသည့် မျက်နှာဖြင့်။ သူတို့နှစ်ယောက် မြင်းနှစ်ကောင်ဆီသို့ လျှောက်သွား
ကြသည်။

ရော့စ် တွေနေသည်။ လစ်ထွက်သွားရမလား၊ ငြိမ်ငြိမ်ကလေး စောင့်ကြည့်
နေရမလား၊ မဆုံးဖြတ်နိုင်အောင် ဖြစ်နေ၏။ ဤတွင် မြင်းနှစ်ကောင် လှုပ်လှု
ရွရွ ဖြစ်လာသည်ကို ကြည့်ပြီး နန်စီက ဟီလိုက်သည်။

ကုန်းနီးပေါ် ထိုင်မိခါစ တွမ်က သေနတ်ကိုဆွဲယူဖို့ ဘယ်ဘက်ချိုင်း



အောက်သို့ ညာလက် လျှိုသွင်းလိုက်သည်။ သို့သော် လက်ထဲတွင် သေနတ်ပါ
မလာ။ မျက်နှာမှာ ရုတ်ခြည်းမည်းမှောင်သွားသည်။ မော်ဂင်က ရော့စ်ကို စိုက်
ကြည့်နေပြီး တခစ်ခစ် ရယ်လျက်–

“အင်း ရော့စ်၊ ရော့စ်၊ သိပ်အလုပ်များတယ်၊ အလုပ်များတယ်နဲ့ သူ့
အလုပ်က ချောင်းမြောင်း ထောက်လှမ်းတဲ့အလုပ်လည်း ပါတာကိုး”

တွမ်က သူ့မြင်းကြီးကို ရော့စ်ဆီသို့ ဦးတည်လိုက်၏။ ဒေါသတကြီး
လေသံဖြင့်–

“မင်း အောက်တန်းကျလှချည်လား ရော့စ်၊ မင်းကို ငါ–”

“မင်းကို ငါ– ဘာဖြစ်လဲ တွမ်”

“မင်းကို ငါ ကုပ်ချိုးသတ်မယ်”

ရော့စ်က အစ်ကိုလုပ်သူကိုကြည့်ပြီး ပြုံးလိုက်သည်။ ရော့စ် ထူးထူး
ခြားခြား တည်ငြိမ်နေ၏။ လုံးဝ ကြောက်စိတ်မရှိ။ သည်လိုအခြေအနေမျိုးတွင်
ကြောက်စိတ်ကင်းနေခြင်းမှာ ကြည်နူးစရာတစ်မျိုးပါလား။

“ခင်ဗျား ကျွန်တော့်ကို အဲဒီလိုလုပ်ရင် ညီအစ်ကိုချင်းမကလို့ ဘာဖြစ်ဖြစ်
ခင်ဗျားကို ကျွန်တော်သတ်မယ် တွမ်၊ ခင်ဗျား ဒီအကျင့်မျိုးတွေ မဖျောက်ရင်
ဘယ်လိုလုပ်ပြီး ကျွန်တော်နဲ့ အလုပ်ဆက်လုပ်မလဲ။ ဆက်လုပ်လို့မရတဲ့အတူတူ
ဦးနှောက်မရှိတဲ့ ခင်ဗျားရဲ့ခေါင်းထဲကို ကျည်ဆန်တစ်တောင့် ပစ်သွင်းရုံပဲ
ရှိတော့တယ်”

တွမ် သူ့နားသူမယုံဘဲ ပါးစပ်အဟောင်းသားနှင့် ညီလုပ်သူကို စိုက်ကြည့်
နေသည်။

“အောင်မာ လူဝါးဝလို့၊ မင်းကို ငါက သောက်ဂရုစိုက်ရမှာလား”

“ခင်ဗျားကို ကျွန်တော်သတ်လိုက်ရင် လန့်စ်အတွက် သူလုပ်ရမယ့်
အလုပ်တစ်ခု သက်သာသွားတာပေါ့၊ အဲဒါထားပါဦး၊ ခင်ဗျားရဲ့ အိမ်ထောင်သည်
မိန်းမရှင်ကို မေးပါဦး၊ ခု သူ့ယောကျ်ား ဘယ်မှာလဲလို့”

“မေးစရာမလိုဘူးကွ၊ ငါ သိတယ်၊ နက်ရှ်ဗီးလ်မှာ။ မင်း အသုံးအနှုန်း
အတွက် ငါ အပြစ်ပေးရလိမ့်မယ် ရော့စ်။ မင်း ရိုင်းလှချည်လား ဟင်”

ရော့စ် ခပ်အေးအေး ပြန်ပြောသည်။

“အသုံးအနှုန်း ဟုတ်လား၊ ဩော် မိန်းမရှင်လို့ ခေါ်လိုက်လို့လား။
တောင်းပန်ပါတယ်ဗျာ။ ဒါပေမဲ့ သိပ်မကွာပါဘူး။ ကြေးယူ မယူဘဲ ကွာ
တာပါ”

"မင်း မင်း လူဝါးဝ"

တွမ်က မာန်ဖီပြီး ရှေ့တိုးလာသည်။ ဤတွင် မော်ဂင် ဖမ်းတားလိုက်၏

"မလုပ်နဲ့ တွမ်၊ ဘာမှမလုပ်နဲ့။ ဒါမျိုး ကြားရခဲ့တယ်။ ဆက်ပြောလေ ရော့စ်၊ မော်ဂင့်ဂုဏ်ပုဒ်တွေကို"

"မရှိပါဘူး၊ ဒါပါပဲ။ ကျုပ်လည်း စိတ်မဝင်စားဘူး။ သိချင်တာ တစ်ခုပဲ ရှိတယ်။ ခင်ဗျားယောက်ျား ပြန်ရောက်နေတာ တစ်ပတ်ရှိပြီ။ ဘာဖြစ်လို့ ကျုပ် အစ်ကို နလပိန်းတုံးကို လိမ်ထားရတာလဲ။ နှစ်ယောက်ချင်း ယှဉ်သတ်တဲ့ပွဲကို ခင်ဗျား သိပ်ကြည့်ချင်နေလို့လား"

"ဟုတ်တယ် ရော့စ်၊ အဲဒီပွဲမျိုးကို မော်ဂင် သိပ်ဝါသနာပါတယ်"

မော်ဂင့်လေသံက အေးစက်စက်။ တွမ် အမျိုးသမီးကို ငေးကြည့်နေသည်။ ရော့စ်က–

"သူ ဘယ်မလဲ။ အခု သူ ဘယ်မှာရှိနေလဲ။ ပြောလေ မော်ဂင်"

"မြို့လယ်မီးပုံပွဲမှာ။ သူ တော်တော်နဲ့ အိမ်ပြန်မရောက်နိုင်ပါဘူး"

"ကျုပ် ထွက်လာတော့ ပြီးလုနေပြီ ခင်ဗျ။ ကဲ– တွမ် ခင်ဗျား သူ့ကို ပြန်ပို့လိုက်။ ကျွန်တော် လန့်စ်ကို တတ်နိုင်သမျှ အချိန်ဆွဲထားမယ်။ စီစဉ်တဲ့ အတိုင်း ဖြစ်ပါစေလို့ပဲ ခင်ဗျား ဆုတောင်း"

တွမ်က အလောတကြီး လေသံဖြင့်–

"ဒီမယ် ရော့စ်၊ ငါ ထင်တာက–"

"ခင်ဗျား ဘာမှထင်မနေနဲ့။ အမြန်ဆုံး လစ်တော့။ ခွေးပြေး ဝက်ပြေး ပြေးတော့"

နန်စီကို မြို့ဘက်သို့ဦးတည်ပြီး ရော့စ် ကဆုန်စိုင်းချသွားသည်။ တွမ်က မလိုတမာ မျက်လုံးများဖြင့် မော်ဂင်ကို ကြည့်သည်။

"မင်း ကိုယ့်ကိုညာပြောတယ်ပေါ့ ဟုတ်လား"

မော်ဂင် ရယ်သည်။

"အဲဒါ ဘာဖြစ်လဲ၊ ရှင့်ကို ကျွန်မ အမြဲတမ်းညာခဲ့တာပဲ။ ရော့စ်ပြောတာ အမှန်ပဲ။ ရှင်ဟာ တကယ့်နလပိန်းတုံး။ လာ သွားစို့၊ မြန်မြန်လုပ်"

လူတစ်စု မြင်းကိုယ်စီဖြင့် တောင်ပေါ်လမ်းသို့ တက်လာနေသည်ကို ရော့စ် လှမ်းမြင်လိုက်သည်။ နန်စီကို ကဆုန်စိုင်းစီးသွား၏။ ကံအားလျော်စွာ အခြားမြင်းစီးသမားများနှင့် လန့်စ်ဘရစ်တာနီ ရှုခင်းသာလမ်းခွဲတွင် လူစုခွဲလိုက် သည်။ လန့်စ်နှင့် ရော့စ် မျက်နှာချင်းဆိုင်တွေ့သည်။ ရော့စ်က အမှတ်မထင်



ဆုံသည့်ပုံစံမျိုးဖြင့်–

"ဟဲလို လန့်စ်၊ နေကောင်းတယ်နော်၊ တွေ့ချင်နေတာနဲ့ အတော်ပဲ"

လန့်စ်က သူ့ကို အကဲခတ်ပြီး

"ကိုရင်က ရေးကြီးသုတ်ပျာနဲ့ပါလား။ မြင်းကြည့်ရတာ တော်တော် ပင်ပန်းလာပုံရတယ်။ ကဲ–ဆို ဘာတွေ အရေးကြီးလာတာလဲ"

အသံကို တတ်နိုင်သမျှ ထိန်းပြီး

"အရေးကြီးတယ်လို့တော့ မဟုတ်ပါဘူးဗျာ၊ တောင်ထွတ်မြိုင်သာရဲ့ အသေးစိတ်ပုံစံတချို့ကို ပြင်ချင်လို့ပါ။ အဲဒီကိစ္စ တိုင်ပင်ချင်တယ်လေ"

"ဟုတ်ရဲ့လား ရော့စ်ရယ်၊ အဲဒီကိစ္စအတွက် မင်းရဲ့မြင်းမကလေး လျှာထွက်အောင်စီးလာဖို့ လိုသလားကွာ"

ရော့စ်က ပြုံးပြီး

"မှန်ပါတယ်ခင်ဗျာ၊ ကိစ္စက သိပ်အရင်မလိုပါဘူး၊ ဒါပေမဲ့ လသာသာ မှာ မြင်းစီးချင်စိတ်ပေါက်လာလို့ နန်စီကို အသော့နှင်လာတာပါ၊ ကဲ ကျွန်တော် ပြောတဲ့ကိစ္စလေး ဆွေးနွေးရအောင်၊ ကျွန်တော့်အိမ်ဘက်သွား စကားပြောကြ ရအောင်လား"

"ဘာဖြစ်လို့လဲ ရော့စ်၊ ရှုခင်းသာနဲ့ နီးနေပြီပဲ၊ အိမ်မှာဆွေးနွေးရအောင် လေ"

ရော့စ်က အလောတကြီးအသံဖြင့်–

"မဖြစ်ဘူးခင်ဗျာ၊ ပုံတွေက ကျွန်တော့်အိမ်ခန်းမှာ"

လန့်စ် ပင်ပန်းနွမ်းနယ်သည့်လေသံနှင့် ညည်းညည်းတွားတွား ပြောလိုက် သည်။

"ဒီည ဆွေးနွေးမှ ဖြစ်မှာလားကွ၊ မနက်ဖြန်ဆိုရင်ကော"

"မဖြစ်နိုင်ဘူး ခင်ဗျာ၊ မနက်အစောကြီး စရမယ့်အလုပ် ဖြစ်နေလို့ပါ။ အိမ်မှာ အေးအေးဆေးဆေးနားရင်း ဆွေးနွေးတာပေါ့ဗျာ၊ ကျွန်တော့်ကောင် ဝေါလေ့စ်ရဲ့ အရက်ချိုဟာ ဒီတစ်ပိုက်မှာ နာမည်ကြီးဗျ"

"ကောင်းပြီလေ" လန့်စ် လိုက်လျောသည်။ ရော့စ်စိတ်ထဲ 'တော်သေးရဲ့' ဟု တွေးမိပြီး အလုံးကြီးကျသွား၏။ သူ့ဒုက္ခမှာ စလုံးရေ စကာစ ရှိသေးသည်။

တောင်ထွတ်မြိုင်သာ ပုံစံပြောင်းရေးနှင့် ပတ်သက်၍ လုံးဝကြိုတင်စဉ်းစား ထားခြင်းမရှိပါ။ ပါးစပ်ထဲတွေ့ရာ ကောက်ပြောလိုက်ခြင်းသာဖြစ်၏။ ပုံစံတွေ လည်း အိမ်မှာမရှိ။

လန့်စ်လို လူကြီးတစ်ယောက်ကို ကွက်ကျော်ရိုက်ဖို့ ဆိုသည့်ကိစ္စမှာ လွယ်သည့်ကိစ္စမဟုတ်။ တွမ်နှင့် မော်ဂင်ကိုသာ စိတ်ထဲမှကြိုတင်ပြီး ကျိန်ဆဲ နေမိ၏။ ကိုယ့်ဒုက္ခနှင့်ကိုယ် စိတ်ရှုပ်နေရသည့်အထဲ သူတို့က မြွေပွေရ ကင်းမှောင့်။

လန့်စ်နှင့်အတူ အိမ်ထဲဝင်မိသည်နှင့် ဝေါလေ့စ်ကို လှမ်းအော်ခေါ်ပြီး အရက်ချိုယူခဲ့ဖို့ အမိန့်ပေးလိုက်သည်။

"ဟုတ်ကဲ့ခင်ဗျာ၊ ခုချက်ချင်း ရပါစေ့မယ်"

ဝေါလေ့စ်က သူ့အရက်ချိုအတွက် အလွန်ဂုဏ်ယူတတ်သူ။

"ကဲ မိတ်ဆွေကြီး၊ ကွစ်တ်မန်အကြောင်း ကျွန်တော့်ကို ပြောပါဦး လန့်စ်၊ ခင်ဗျားအမြင်ပေါ့"

"ကိုယ်တော့ သူ့ကို ခုထိ လူတော်တစ်ယောက်လို့ပဲ မြင်နေသေးတယ် ဒါပေမဲ့ သူက ဆန္ဒစောလွန်းနေတယ်၊ ကိုရင်တို့ထင်သလို ဇော်ကြီးတော့ မဟုတ်ဘူးနော်၊ သူ့ဘာသာသူ သိပ်မြန်နေမှန်းသိတော့ ချက်ချင်း ဘရိတ်အုပ် လိုက်တယ်လေ။ စစ်ကို ဘယ်သူမှ မလိုလားပါဘူး၊ မစ္စစ္စပီဟာ ပြည်ထောင်စု အစိုးရကို ဘယ်လိုလုပ်ပြီး–"

"စစ်မျက်နှာနှစ်ခု ဖွင့်ရမှာနော်၊ မီးကုန်ယမ်းကုန် တိုက်ရမယ့်စစ်မျက်နှာ မျိုးတွေ၊ လူတစ်ယောက်တည်းကနေ ဘယ်လိုလုပ် ဦးဆောင်နိုင်မှာလဲ"

"ကိုရင်ပြောတာ ကျုပ်နားမလည်ပါဘူး၊ ဘာစစ်မျက်နှာလဲ"

"ပြည်ထောင်စုအစိုးရရဲ့ မြောက်ပိုင်းတပ်တွေကိုလည်း တိုက်ရမယ် တစ်ပြိုင်တည်းမှာ စပိန်ကိုလည်း တိုက်ရမယ်၊ ကျူးဘားကို သူ အသေအလဲ ဝင်ချင်နေတယ်လေ"

လန့်စ်က အလေးအနက် စဉ်းစားပြီးမှ–

"အင်း ကိုရင်ပြောတာ ဟုတ်တယ်၊ တော်တော်တော့ ရယ်စရာကောင်း တာပဲ၊ တစ်နည်းလှည့်တွေးရင်တော့ ဒါတွေအားလုံး ဂျက်ဖာဆင်ဒေးဗစ်ရဲ့ အပြစ်ပဲ၊ ဗိုလ်ချုပ်လိုပက်ဇ် အမေရိကန်ကို ရောက်လာတော့ သူ့ဆီ အရင်ဆုံး သွားတွေ့တာဆိုပဲ၊ လိုပက်ဇ်က ထက်မြက်တဲ့ အမေရိကန်တစ်ယောက်ကို ရှာနေတာလေ၊ ဂျက်ဖာဆင်က ကွစ်တ်မန်ကို မျက်စပစ်ပြလိုက်တာပဲ၊ ပြည်နယ် အုပ်ချုပ်ရေးမှူး တစ်ယောက်အနေနဲ့ လိုပက်ဇ်ကို သူ အပြည့်အဝ မကူနိုင်ခဲ့ဘူး ဒါပေမဲ့ ဗိုနဲ့အိုဟာရာတို့ရဲ့ကိစ္စမှာ သူ နောက်ပိုင်းကပါတာ သေချာတယ်"

ဝေါလေ့စ်က ရေခဲချွေးတွေ စို့နေသည့် အရက်ချိုဖန်ခွက်နှစ်ခွက် ယူလာ



ည်။ ပင်စိမ်းရွက်များ ပေါလောပေါ်လျက်။

လန့်စ်က သူ့အတွက်ခွက်ကို လှမ်းယူပြီး သေသေချာချာ ကြည့်သည်။ တော့ ဖြည်းဖြည်းချင်း မြည်းသည်။

"ဟား တယ်ကောင်းပါလားဟေ့၊ ဟေး ဝေါလေ့စ်၊ ငါ့လူတွေကိုလည်း င်ပေးစမ်းပါဦးကွ၊ မင်းဆီ ပညာတော်သင် လွှတ်ရတော့မှာပဲ"

ဝေါလေ့စ် မျက်နှာနှစ်ခြမ်း ကွဲသွားမတတ် ပြုံးလိုက်သည်။

"ဟုတ်ကဲ့ပါခင်ဗျာ၊ အချိန်မရွေး ကျွန်တော် ကူညီပါ့မယ်"

"ဗိုရော၊ အိုဟာရာပါ ဆိုးဆိုးရွားရွား ဒဏ်ရာရလာကြတယ်ဆိုပဲ၊ တော်လူကောင်းတွေလည်း တော်တော်များများ ကျကျန်ရစ်တယ်တဲ့။ တော်တော် ီးတဲ့အဖြစ်ပဲ ရော့စ်၊ အဓိပ္ပာမရှိ သွားတိုက်ပြီး"

"အဓိပ္ပာယ်မရှိတော့ မဟုတ်ဘူး ခင်ဗျာ"

အင်း ခုလောက်ဆို မော်ဂင် အိမ်ပြန်ရောက်လောက်ပြီ၊ တွမ်လည်း မ်းတစ်ဝက်လောက် ရောက်နေကောင်းပါရဲ့။

"အဲဒါတော့ ကိုယ် ငြင်းရလိမ့်မယ် ရော့စ်။ စပိန်ကို တို့ ဘာလို့စစ်ပြု လဲ။ သူ့ကြားနေရေးဝါဒကို မောက်ကျော်စော်ကားရာ ရောက်တာပေါ့၊ ပိုင်တဲ့မြေပေါ်မှာ တို့က သွားပစ်ကြခတ်ကြတာ"

"ကွန်တိုင် အကျဉ်းသားတွေ အကြောင်းလည်း ထည့်ပြောပါဦးဗျာ"

ရော့စ် ခပ်သွက်သွက် စကားဆက်သည်။

"ဘာရင်ဂျာသာ သူတို့ကို လွှတ်အောင်မလုပ်နိုင်ရင် နှစ်နိုင်ငံစစ်ဖြစ်မှာ ချာတယ်။ တစ်ခုစဉ်းစားပါ လန့်စ်။ အဲဒီလူတွေ ကျူးဘားမြေပေါ်ကို စ်ယောက်မှ ခြေမချမိကြဘူး။ သူတို့ခေါင်းဆောင်တွေကို မကျေနပ်ကြလို့ မ်းမှာတင် ပုန်ကန်ခြားနားကြတာ။ စပိန်စစ်သင်္ဘော တစ်စင်းက သူတို့ကို ွန်တိုင်ကျွန်းမှာ ကြက်ကလေး ငှက်ကလေးတွေကို ဖမ်းသလိုဖမ်းသွားကြ တာဗျ"

"ကွန်တိုင်ကျွန်းကလည်း စပိန်ပိုင်ပဲ ကိုရင်ရ။ ဒါလည်း ထည့်ပြောဦးမှ ပါ။ အဲဒါကို ကျူးကျော် ရန်စရာရောက်နေပြီ"

"ဒါပေမဲ့ အဲဒီမှာ သူတို့ ရမ်းရမ်းကားကား ဘာမှမလုပ်ဘူးလေ။ ုးတော့ မခုခံဘဲ လက်နက်ချလိုက်ကြတာပဲ။ အဲဒီလိုလူတွေကို ကြိုးပေးသတ် ယ်ဆိုတာကတော့ လွန်တာပေါ့ဗျာ"

"အင်း ဒါတော့ ဒါပေါ့လေ၊ ကဲ ကိုရင့်လူကို ခေါ်ပါဦးကွ၊ နောက်

တစ်ခွက်လောက် လုပ်ခိုင်းပါဦး"

ရှော့စ်က နံရံတွင် တွဲလောင်းကျနေသည့်ကြိုးကို လှမ်းဆွဲလိုက်သ
ဝေါလေ့စ် ချက်ချင်းရောက်လာ၏။

"နောက် နှစ်ခွက်ဟေ့၊ နက်ရှိဗီးလ် ညီလာခံအကြောင်း ပြောပါ
လန့်စ်"

"ဘာမှ ပြောစရာများများစားစား မရှိပါဘူး ရှော့စ်၊ ရက်စ်ဆိုတဲ့ငနဲ
အလွတ်ကျက်ထားတဲ့ မိန့်ခွန်းနဲ့ ခွဲရေးအရေးဟောတယ်လေ၊ သူ ဒီချုံထွင်မ
ဆိုတာ အားလုံးသိပြီးသားပဲ။ ခွဲထွက်ဖို့ ဘယ်သူမှ မလိုလားဘူး။ စစ်တိုက်ဖို့လ
ဘယ်သူမှ မထောက်ခံဘူး။ ဒီအတိုင်း နေမြဲ နေသွားဖို့ပဲ အားလုံးက လိုလားတ
အဲ့ဒီအတိုင်းပဲ ဆုံးဖြတ်ကြတယ်။ တောင်ပိုင်းဟာ ပြည်ထောင်စုရဲ့ ပြည်
တစ်ခုအဖြစ် ဟေး ဒါ့ထက် ဘယ်မလဲ ပုံတွေ"

ရှော့စ်က ဣန္ဒြေမပျက်

"ဩော် ဟုတ်သားပဲ"ဟု ပြောပြောဆိုဆို ကြိုးကိုလှမ်းဆွဲလိုက်ပြန်သ
ဝေါလေ့စ် အခန်းဝတွင် ခေါင်းပြူလာသည်။

"ဟေး ဝေါလေ့စ်၊ အရက်ချိုစပ်ပြီးရင် ငါ့လက်ဆွဲအိတ်ပါယူခဲ့"

ဝေါလေ့စ်သည် သာမန်အားဖြင့် နှေးကွေးလေးကန်သူဖြစ်၏။ သည်
တွင်မူ ထူးထူးခြားခြား သွက်လက်နေသည်။ ယမကာဗန်းကို ပခုံးပေါ်ထမ်းက
လက်တစ်ဖက်မှ ခရီးဆောင်အိတ်ကို ပိုက်ပြီး ချက်ချင်းပြန်ရောက်လာသည်

ရှော့စ်က အိတ်ကိုလှမ်းယူပြီး ဖြည်းဖြည်းချင်းဖွင့်သည်။ စာရွက်ထပ်
ဖွသည်။

"သေတော့မှာပဲ၊ ဒီကောင် လုပ်ပြန်ပြီ"

ရှော့စ်က ဝေါလေ့စ်ကို မော်ကြည့်ပြီး

"ခွေးကောင်၊ မင်းကို ငါ ဘယ်နှခါပြောရမလဲ၊ မင်း မေ့ပြန်ပြီ
ဟုတ်လား"

ဝေါလေ့စ်က အလွန်အမင်း အံ့သြသည့် အမူအရာဖြင့်–

"မဟုတ် မဟုတ်ရပါဘူး ဆရာ၊ ကျွန်တော် ဘယ်တုန်းကမှ ဆရာ့ပစ္စည်
ကို လက်ဖျားနဲ့ မတို့ပါဘူး ဆရာ"

လန့်စ်က ရှော့စ်ကို စိုက်ကြည့်နေသည်။ သူ့အမူအရာက အေးဆေး
တည်ငြိမ်၏။

"အစကတည်းက မရှိဘူး မဟုတ်လား ရှော့စ်"



ရှော့စ် ထိုလူကြီးကို အကြောင်းသား ပြန်ကြည့်နေသည်။

"ရှိပါတယ် လန့်စ်။ မဟုတ်ရင် ခင်ဗျားကို ကျွန်တော် ဘာလို့ခေါ်လာ
ဲ"

"မော်ဂင့်အတွက် မဟုတ်လား ရှော့စ်"

ရှော့စ်၏ လည်ချောင်းထဲတွင် တင်းကျပ်ကျပ်၊ ဆို့နစ်နစ်ကြီး ဖြစ်သွား၏။
တ်တရက် အသက်ရှူဖို့ပင် မေ့သွားသည်။ သည်အကျပ်အတည်းမှ ထွက်ပေါက်
စ်ခုခုတော့ ရှိရမည်။ သို့သော် ခေါင်းထဲတွင် လတ်တလော အကြံ မထုတ်နိုင်
ာင် ဖြစ်နေ၏။

"ဗျာ မော်ဂင် ဟုတ်လား၊ မော်ဂင်နဲ့ ဘာဆိုင်လို့တုံးဗျ"

"အဲဒါတော့ ကိုယ် မသိဘူး၊ မင်း ပြောလေ"

"ဟာဗျာ ကျွန်တော် ကျိန်ဆို–"

"မကျိန်နဲ့ ရှော့စ်၊ ဒီအသက် ဒီအရွယ်ရောက်မှတော့ ဒီလောက်တို
းထွင်းမြင်တတ်ရတော့မှာပေါ့။ ကျုပ်အိမ်ပြန်နောက်ကျအောင် ကိုရင် တမင်
ချိန်ဆွဲနေတာ ကြီးမားတဲ့အကြောင်းတစ်ခု ရှိရမှာပေါ့။ အချစ်တော် မြင်းမကလေး
ူးဒီးဒီးကျပြီး အမြုပ်တစီစီထွက်အောင် ကိုရင် ကဆုန်စိုင်းစီးလာတယ်။
သာသာ မြင်းထွက်စီးတဲ့ပုံစံ လုံးဝမဟုတ်ဘူး။ ကိုရင် အဲဒီနေရာမှာ ညှံ့သွား
ယ်။ ဒီရောက်တော့ ပုံတွေမပြနိုင်ပြန်ဘူး။ ဘာပဲဖြစ်ဖြစ်လေ ကိုရင်ဟာ တော်
ာင့် မှန်ကန်တဲ့ လူကောင်းကလေးတစ်ယောက်ဆိုတာ ကျုပ် ယုံပါတယ်"

အရက်ချိုကို တစ်ကျိုက်မော့ပြန်သည်။

"တယ်ကောင်းပါလားဟေ့"

ရှော့စ်က

"ခင်ဗျား မှားနေပြီ လန့်စ်၊ ကျွန်တော် ဘာမှ–"

"ကျုပ် မမှားပါဘူး၊ ကိုရင် အမှန်ကို ဖုံးထားတာပါ၊ ကဲပါ အဲဒီကိစ္စ
ာမှမပူနဲ့၊ မော်ဂင့်အကြောင်း ကျုပ် မပြောတော့ပါဘူး"

ခဏတွေပြီး ရှော့စ်ကို စိုက်ကြည့်သည်။

"ကျုပ်ကို တစ်ခုအကူအညီပေးပါ ရှော့စ်၊ အဲဒီတစ်ဖက်ကလူကို သတိ
ျပ်ကျပ်ထားတော့လို့ ပြောပေးပါ။ ဘယ်သူဘယ်ဝါဆိုတာ ကျုပ် မမေးပါဘူး။
ိုရင်ကလည်း ပြောမှာမဟုတ်ဘူး။ ကျုပ်ကလည်း မသိချင်ဘူး။ အင်း အသက်
ော ကျမှ သတ်ဟယ်၊ ဖြတ်ဟယ်လုပ်နေရဦးမလား မသိပါဘူးကွာ"

"သူ့ကို ခင်ဗျား ဘာဖြစ်လို့ လက်ထပ်ခဲ့တာလဲ လန့်စ်"

"သူ့အဖေနဲ့ကျုပ်က သူငယ်ချင်းတွေလေ။ ဟားဘာတ်မှာ အတူတူတ
ကြတာ၊ သူက ကိုယ့်ထက် အများကြီး ကြီးတယ်။ အိမ်ထောင်သည်ဘ
ကျောင်းတက်တာပေါ့၊ လူက လူထူးလူဆန်း။ သူ့မှာ အပေါင်းအသင်းဆို
ကျုပ်တစ်ယောက်ပဲရှိတယ်။ သူ့နာမည်က မော်ဂင်ပေ့ချ်။ ကိုယ့်အထင်
သူဟာ သားယောကျ်ားလေး သိပ်လိုချင်တယ်။ ဒါပေမဲ့ မရခဲ့ဘူး။ သ
မိန်းကလေးကိုပဲ မော်ဂင်ဆိုတဲ့ ယောကျ်ားနာမည်ပေးခဲ့တယ်။

"ယောကျ်ားလေးဖြစ်ရမယ့်အစား မိန်းကလေးဖြစ်နေတဲ့ မော်ဂ
ခွင့်မလွှတ်သလိုပဲ။ သူတို့ အိမ်ထောင်းရေးအကြောင်းတော့ ကျုပ်သိပ်မသိ
မော်ဂင်ကလည်း ဘယ်တော့မှမပြောဘူး။ ဒါပေမဲ့ သာမန်မဟုတ်တဲ့ ငယ်ဘ
အရိပ်ဟာသူ့ကို လွှမ်းမိုးနေတယ်။ လူတကာရဲ့ အချစ်ကို ခံယူချင်တ
သူ့ကိုချစ်တဲ့လူတွေ၊ ကြင်နာတဲ့လူတွေများလေ သူသဘောကျလေပဲ။ ဒါပေ

ညိုမှိုင်းနေသည့် မျက်နှာဖြင့် ရှော့စ်ကို တစ်ချက်ကြည့်ပြီး သူဆက်
သည်။

"ကျုပ်ကိုတော့ ကာယကံမြောက် သစ္စာမမဲ့ဘူးလို့ ထင်တာပဲ။
ဖောက်ပြန်လိမ့်မယ်လို့လည်း မထင်ဘူး။

"ဘာဖြစ်လို့လဲ လန့်စ်"

ရှော့စ်က လရောင်အောက်မှ အရိပ်နှစ်ခုကို ပြန်လည်မြင်ယော
မေးလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ အခြေခံအားဖြင့် မော်ဂင်က အခြေအနေ
ကြောင့်ပဲ။ နောက်တစ်ခုက သူဟာယောကျ်ားတိုင်းကို မုန်းပေမဲ့ ကျုပ်ကို
နည်းနည်းပဲ မုန်းတယ်။ သူ့အဖေက အပျော်မလေးတစ်ယောက်ရဲ့ ရင်ခွင်ထဲ
ဆုံးသွားတယ်။ သူသေတော့ မောင်ဂင်တို့ သားအမိအတွက် တစ်ပြ
မကျန်ခဲ့ဘူး။ မော်ဂင့်အမေက နောက် လေးပတ်အကြာမှာ သစ္စာမ
သူ့ယောကျ်ားနောက်ကို လိုက်သွားတယ်။ ရင်ကွဲနာကျသေတယ်ဆိုတာ ဒါမျိ
ထင်ပါရဲ့။

"မော်ဂင်ပေ့ချ်ဟာ သူငယ်ချင်းတစ်ယောက်အနေနဲ့ သိပ်ချစ်
ကောင်းတယ်။ နယူးယောက် မင်းစိုးရာဇာ အသိုက်အဝန်းထဲကပဲ။ ငွေ
ရေလိုသုံးနိုင်တဲ့ သူတွေပေါ့။ အဲဒီငွေတွေကြောင့်ပဲ မော်ဂင်ပျက်စီးရ
နောက်ပိုင်းမှာ သူစိတ်မမှန်တော့ဘူးလို့ ကျုပ်ထင်တယ်။ သိပ် ရက်စက်တ



ပဲ။ ကိုယ့်ဇနီးမော်ဂင်ဟာ ဖအေတူသမီး ဖြစ်နေတယ်။ ဒါကြောင့် သူ့ကိုအလိုလိုက်
နေရတာလေ"

"နေပါဦး၊ မျိုးရိုးလိုက်တယ်လို့ ပြောချင်တာလား လန့်စ်"

"မပြောတတ်ဘူး ရှော့စ်။ ကျုပ်တတ်နိုင်သမျှ အလျှော့ပေးပြီး
ညင်ညင်သာသာဆက်ဆံနေရတယ်၊ ကျုပ်သိသလောက် အမေ့အပေါ်ကို
က်ရက်စက်စက် လုပ်သွားတဲ့ သူ့အဖေကို မော်ဂင် လုံးဝ ခွင့်မလွှတ်ဘူး။ သူ့
အဖေကလည်း တော်တော်ဆိုးသွမ်းခဲ့ပုံရတယ်။ သူ့ရဲ့ချစ်စရာကောင်းတဲ့အမူအကျင့်
အားလုံး ရက်စက်တဲ့ဘက်ကို ကူးသွားတယ်တဲ့။ ဒါပေမဲ့ အမြဲတမ်းမဟုတ်ဘူး။
ကောင်းလိုက် ဆိုးလိုက်ပဲတဲ့"

"ကျွန်တော် တစ်ခုဆွေးနွေးမယ်လန့်စ်။ ခင်ဗျားအယူအဆမှားနေရင်ကော၊
ကယ်လို့မော်ဂင်က တခြားတစ်ယောက်ကို တမ်းတမ်းစွဲဖြစ်နေရင်ကော"

လန့်စ်၏ မျက်လုံးများမှာ ကြောက်မက်ဖွယ် ကောင်းလာသည်။ ရှော့စ်ကို
က်ကြည့်နေ၏။

"အဲဒီတခြားတစ်ယောက်ကို ရှင်းပစ်ရုံရှိတာပေါ့။ ပြီးသူ့ကိုလည်း
ရှင်မထားဘူး၊ ဘာပြုလို့လဲဆိုတော့ မော်ဂင်ကို ဘယ်သူမှ မလွှမ်းမိုးနိုင်ဘူး၊
ကမဆို သူဦးဆောင်မှ ဖြစ်မှာလေ"

"အဲဒီလိုမဟုတ်ဘဲ သူ့အဖေရောဂါမျိုး ဖြစ်နေတယ်ဆိုရင်ကောဗျာ"

"အဲဒါကို ကျုပ်ဘယ်လိုလုပ် သိနိုင်မလဲ၊ ကျုပ်သိတာက မော်ဂင်ဟာ
ကျုပ်မယား၊ သူ့ကို ကျုပ်ပိုင်တယ်၊ ဘယ်တော့မှမစွန့်ဘူး။ မစ္စစ္စပီပြည်နယ်က
ယောကျ်ားတွေ အားလုံးကိုသတ်သတ်ရ ကျုပ်မမှုဘူး။ ကဲ–သွားမယ် ရှော့စ်၊
ဂ်လာညခင်းပါ"

ရှော့စ် ပြန်နှုတ်ဆက်လိုက်သည်။

"မနက်ဖြန် ကျွန်တော် လာတွေ့ပါဦးမယ်"

*

လန့်စ်ဘာရစ်တာနီ ပြန်သွားတော့ စိတ်တွေ ချောက်ချားကျန်ရစ်၏။
တ်ညစ်ညစ်ဖြင့် ဘာဘွန်ဝီစကီ တစ်ဝက်နီးပါးကုန်အောင် သောက်ပစ်လိုက်၏။
ယ်အချိန် အိပ်ပျော်သွားမှန်းမသိ။

နောက်တစ်နေ့တွင် တောင်ထွတ်မြိုင်သာစခန်းသို့ ထွက်ခဲ့သည်။
နားကျယ်မြက်ဦးထုပ်ကြီးကို ခပ်လန်လန် ဆောင်းလျက်။ မျက်ခုံးကို ရှုံ့လျက်။

နေက ရက်ဆက်ပူပြီ။ အလုပ်လုပ်နေကြသည့် လူမည်းတွေ ချွေးတလုံးလုံးဖြင့် နေရောင်တွင် တလက်လက်တောက်ပနေကြ၏။ သို့သော် သူတို့ကြည့်ရသည်မှာ လုံးဝမမှုသလို ဖြည်းဖြည်းနှင့် မှန်မှန်လုပ်နေကြသည်။

တောင်ထွတ်မြိုင်သာမှာ ပြီးလုနေပြီ။ မှန်ပြတင်းများ တပ်ဖို့နှင့်ကြမ်းခင်းကို ပါလစ်တင်ဖို့သာ ကျန်တော့သည်။ အပြင်ဘက်ကိုတော့ ဆေးသုတ်မည် အဖြူရောင်။ ဒါက နောက်မှလုပ်လို့ဖြစ်သည်။ ပတ်ဝန်းကျင် အရံ အဆောက် အအုံငယ်များလည်း ပြီးလုပြီ။

ဟိုအဝေးတွင် ဖြူဖွေးသပ်ရပ်သည့် အလုပ်သမားတန်းလျားများ ကပ္ပလီတွေ ဟန်ကျပန်ကျဖြစ်နေပြီ။ ယာဉ်တော်အိမ်ကြီးတစ်လုံးအတွက် အရံအဆောက်အအုံတွေမှာ များပြားလှ၏။ မြင်းဇောင်း၊ ကြက်ခြံ၊ အသားကင်ရုံ လက်သမားရုံ၊ လယ်ယာသုံးပစ္စည်း သိုလှောင်ရုံ၊ အအေးခန်း၊ နွားခြံ၊ ဝက်ခြံ အပြင် အိမ်ကြီးရှင်မမတို့အတွက် လေညင်းခံနိုင်ရန် ပန်းခြံထဲတွင် လေသာဆောင် တစ်ခုလည်း ပါသေးသည်။

ပန်းပဲဖိုနှင့် မီးဖိုဆောင်ကို အိမ်ကြီးနှင့် တတ်နိုင်သမျှ ခွာဆောက်ထားသည်မှာ မီးဘေး ထင်းဘေး အတွက်ဖြစ်၏။ တောင်ပိုင်းတွင် မီးသတ်ပစ္စည်းပြည့်ပြည့်စုံစုံမရှိ၍ မီးကို ပေါ့ပေါ့ဆဆလုပ်တတ်သည့် ထမင်းချက်ကြောင့် မီးလောင်လျှင်လည်း နောက်မီးဖိုတစ်ဆောင်ဆောက်ဖို့ ဘာမျှ မခက်သည့်အတွက် အိမ်ကြီးနှင့် ခွာ ဆောက်ထားခြင်းဖြစ်သည်။

မီးဖိုဆောင်ထဲတွင် ဧရာမ မီးဖိုကြီးတစ်လုံးနှင့် ပျားအုံပုံသဏ္ဌာန် ပေါင်းဖိုကြီးတစ်ခုလည်း ပါသည်။ အညာအတာမရှိ ပူပြင်းနေသည့်နေကို ကျိန် ဆဲရင်း ကုပ်ပိုးမှချွေးတွေကို သုတ်လိုက်သည်။

အမေရိကန်တောင်ပိုင်းနွေမှာ ပူပြင်းလွန်း၍ အစားအစာများကို ကြာရှည်သိုလှောင်၍မရ။ ဒါကြောင့်များ တောင်ပိုင်းသားတွေကို အစားကျူး ကြသလားဟု ရောစ် တွေးနေသည်။

အဆောက်အအုံကြီးငယ် အားလုံးကို လှည့်လည် စစ်ဆေးပြီး မော်ဂင်အတွက် ဥယျာဉ်စိုက်နေကြသည့် အလုပ်သမား တစ်သိုက်ဆီသို့ နန်စီက ဦးတည်လျှောက်ခိုင်းသည်။ မော်ဂင်သည် ပန်းခြံကိုခုအချိန်ထိ လုံးဝစိတ်မဝင်စား တောင်ထွတ်မြိုင်သာလို အိမ်ကြီးမျိုးတွင် ပန်းခြံမှာ အထူးလိုအပ်ကြောင်း ရောစ်က အတင်းတိုက်တွန်းခြင်းဖြစ်သည်။

တောင်ထွတ်မြိုင်သာ အိမ်ကြီးနှင့် ပတ်သက်ပြီး ဂုဏ်ယူမဆုံးရှိနေသည်



လန့်စ်က ဗိသုကာ၏ အဆိုကို အပြတ် ထောက်ခံသည်။ သစ်ပင်စိုက်ဖို့ မဖြစ်နိုင်လောက်အောင် ပူပြင်းသည့် ရာသီဥတုထဲတွင် စမ်းချောင်းကလေးမှရေကို မြောင်းသွယ်ယူပြီး နေ့ချင်း ညချင်း စိမ်းစိမ်းစိုစို ဖြစ်လာအောင် လုပ်နေခြင်း ဖြစ်၏။

အလုပ်စိုက်မြက်ခင်းပြင်မှာ မြကမ္ဗလာရုံလွှာလို တပြန့်တပြောကြီး။ မျက်စိပသာဒ အေးမြလှ၏။ ရောစ်၏ အစီအမံအတိုင်း ပုံပေါ်လာလျှင် ပန်းဥယျာဉ်၏ ပတ်ပတ်လည်တွင် ဗိုလ်ကတော် မျက်ခုံးတို့ဖြင့် အနားသတ်ထား မည်ဖြစ်၏။ စပယ်ဖြူရုံကြီးတွေ၊ နှင်းဆီတွေ၊ မြတ်လေးနှင့် လီလီပန်းမျိုးစုံကို အရောင်အသွေး အကွက်ကျကျ နေရာချထားသည်။ ပင်လုံးမြိုင်နေသည့် ကျွဲကောပန်းတို့ကလည်း ပန်းခြံ၏ အလှကျက်သရေကို တိုးဆင့်စေမည်ဖြစ်၏။ ပန်းခြံအဝင်ဝတွင် စက္ကူပန်းအုံများကို မုခ်ဝအဖြစ် ပုံဖော်ထားမည်။ အတွင်းသို့ လှမ်းဝင်လိုက်လျှင် ရှားစောင်းပန်းနှင့် နှင်းပန်းခင်းကို ဖြတ်သန်းရမည်။ ခွာဖြူ၊ ခွာဝါ၊ ခွာညိုတွေလည်း ဝါမည်။

တောင်ထွတ်မြိုင်သာသည် သည်နယ်တစ်ရိုးတွင် ဟိုးလေးတကျော် ဖြစ်အောင် လုပသည့် အိမ်ကြီးတစ်ဆောင် ဖြစ်လာတော့မည်မုချ။ သို့သော် သည်အိမ်ကြီးတွင် နေကြသူတွေ ပျော်ပျော်ရွှင်ရွှင် ရှိလိမ့်မည်ဟုတော့ ရောစ် မယုံကြည်ခဲ့ပေ။

ပုဏ္ဏမိရိပ်သာ ဆောက်လုပ်ရေး စခန်းဆီသို့ လှည့်ထွက်လာသည့်အခါတွင် မပြီးသေးသော တောင်ထွတ်မြိုင်သာ၏ လှေကားထစ်များမှ ဆင်းလာသော မော်ဂင်ကို လှမ်းတွေ့လိုက်ရသည်။ အဖြူရောင်ဝတ်စုံကို ဆင်မြန်းလျက်။ အနားကွပ် ထီးကလေးအောက်မှ သူ့မျက်နှာတွင် ချွေးကလေးများစို့နေသည်။ ခုတော့လည်း သူ့မျက်နှာမှာ ကလေးငယ်တစ်ယောက်လို အပြစ်ကင်းစင်လျက်။

လန့်စ် ပြောပြသည့် သူ့အကြောင်းနှင့် အဆက်အစပ် မရှိသလို ပါပဲလား။ အကဲခတ်ရကျပ်ပါဘိ။ သူ့ကို ကြည့်ရသည်မှာ တစ်စုံတစ်ခု အမြဲတမ်း လိုနေသလို ထင်ရ၏။ အချစ်နှင့် အမုန်း ရောထွေးနေသယောင်။ ပြီးတော့ အိပ်မက်နှင့်လက်တွေ့ ပေါင်းစပ်ထားသည့် ဣန္ဒြာရုံနှင့် အနိဋ္ဌာရုံ ပေါင်းစပ်ထားသည့် သဏ္ဌာန်။

သူရှိရာသို့ မော်ဂင်လျှောက်လာနေသည်။ မြူးလို့၊ ကြည်လို့၊ မနေ့ညက အဖြစ်အပျက်သည် တကယ် မဖြစ်ခဲ့သည့်အလား။ ရောစ် အထိတ်တလန့် ဖြစ်သွားသည်။ အကြင်မိန်းမကား ပြုမှားကျူးလွန်မိခဲ့သမျှ အပြစ်များအတွက်

စိုးစဉ်းမျှ တုန်လှုပ်ခြင်းမရှိသည့် မိန်းမပျိုပါတကား။ လူသတ်ဖို့ပင် ဝန်လေးမည်
ပုံမပေါ်။ စင်စစ် မော်ဂင်သည် အလှနတ်သမီးလည်း မဟုတ်၊ အချစ်နတ်သမီး
လည်း မဟုတ်။ မိစ္ဆာနတ်ဆိုးမတစ်ပါးသာလျှင် ဖြစ်ချေသည်တကား။ လူသားတို့
လိုက်နာအပ်သည့် နီတိများအပေါ်ကို နင်းခြေလျှောက်သွားနေသည့် နတ်မိစ္ဆာမျိုး

မော်ဂင်သည် ယောကျာ်းတကာနှင့် ဖောက်ပြား ကျူးလွန်ခဲ့သည့်နေရ
ဒေသများသို့ လင်လုပ်သူ လန့်စ်နှင့်အတူ သွားလာလည်ပတ်ဖို့လည်း ဝန်လေး
မည်မထင်။

သူ့ကိုကြည့်ရင်း ကြည့်ရင်း သွေးခုန်မြင်လာရမည့်အစား၊ ပူနွေးလာမည့်
အစား ရှော့စ်တစ်ကိုယ်လုံး အေးစက်သွားသည်။ ကြည်လင်ရှင်ပျသော သည်အ
အရာ၏ နောက်ကွယ်တွင် ထိတ်လန့်တုန်လှုပ်ဖွယ် နိမိတ်ဆိုးကြီးတစ်ခုက
ကပ်လျက်ရှိကြောင်း စိတ်ထဲက သိနေ၏။

ဟင်းမလက်ပြဇာတ်မှ စကားလုံးများကို ရေရွတ်ရင်း ကိုယ့်ကိုယ်ကိုယ်
သတိပေးနေရ၏။ 'ချိုသာကြည်လွင် အပြုံးရှင်ကို အို… အသင် မယုံကြည်လင့်
သည်အပြုံး၏နောက်ကွယ်တွင် မဖွယ်ရာသော ကောက်ကျစ် စဉ်းလဲမှုများ…

မော်ဂင်က သူ့ရင်ထဲကို ထိုးဖောက် မြင်လိုက်သည့်အလား

"ရှင်… ကျွန်မကို တူးတူးခါးခါး မုန်းနေပြီပေါ့ ဟုတ်လား ရှော့စ်"

ရှော့စ် ခပ်ပြတ်ပြတ် ပြန်ပြောသည်။

"မုန်းတာ မဟုတ်ပါဘူး၊ နားမလည်တာပါ"

"မုန်းပါတယ်လေ၊ ရှင် ကျွန်မကို လုံးဝ တန်ဖိုးမထားပါဘူး၊ ရှင် မုန်းပါ
တယ် ရှော့စ်"

"ဒီမယ် မော်ဂင်…"

"ရှော့စ်က သိပ်ချစ်ဖို့ကောင်းတာပဲ၊ ပြည့်ဝတယ်၊ စိတ်လှုပ်ရှားလွယ်တယ်
ပြီးတော့ ရုပ်လည်း ချောတယ်၊ ရှင့်ကို တစ်ခါ တစ်ခါ ကျွန်မ သိပ်ချစ်တာပဲ"

"ဟာ… သေတော့မှာပဲ၊ ဒီမယ် မော်ဂင်"

"တကယ်ပြောတာ ရှော့စ်၊ ကျားသတ္တဝါတွေကို သားရဲတိရစ္ဆာန်တွေလို
ကျွန်မ မြင်တယ်၊ ဘယ်ယောကျာ်းကိုမှ ချစ်နိုင်လိမ့်မယ် မထင်ခဲ့ဘူး"

"လန့်စ်ဟာ သားရဲတိရစ္ဆာန်တစ်ကောင်လား၊ မော်ဂင်"

"ဘာထူးလဲ၊ ဒီပုတ်ထဲကဒီပဲ ပဲ၊ တစ်ခုတော့ရှိတယ်၊ သူက သူများတက
တွေထက် ပိုထက်မြက်တယ်၊ အသိဉာဏ် ထက်မြက်တဲ့ တောတိရစ္ဆာန်ပဲ
သူဟာ ပြဿနာအရပ်ရပ်ကို သေနတ်နဲ့ဖြေရှင်းရင် ပြီးမယ်ထင်နေတဲ့လူ၊ ဒီလို



ဘယ်ရမလဲ၊ အဲဒီနည်းနဲ့ ဖြေရှင်းလို့မရတာတွေ အများကြီး"

ရှော့စ် သူ့ကို တအံ့တသြ ငေးကြည့်နေသည်။

"ဖောက်ပြန်ချင်တိုင်း ဖော်ပြန်နေတဲ့ မိန်းမတစ်ယောက်အတွက် အဲဒီနည်း
နဲ့ မရှင်းလို့ ဘယ်နည်းနဲ့ရှင်းမလဲ"

"ဘယ်ဟုတ်မလဲ ရှော့စ်၊ သူ အဲ့ဒီလိုလုပ်လေ မော်ဂင့်ရင်ထဲက အစိုင်
အခဲတွေ ပိုကြီးလာလေလေ နေမှာပေါ့"

"ဘာအစိုင်အခဲတွေလဲ"

"အမှောင်ကိုကြောက်တာတို့၊ အသံတွေကြားနေတာတို့၊ တူးတူးခါးခါး
မုန်းတတ်တာတို့၊ သူများကို အနာတရဖြစ်အောင် လုပ်ချင်တာတို့… အဲဒါမျိုး
တွေပေါ့၊ တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုယ်တောင် ပြန်လုပ်ချင်တယ်၊ အဲလိုအခါမျိုး
မှာ ယောကျာ်းတစ်ယောက်ဟာ မော်ဂင်ရဲ့ စိတ်တံခါးပေါက်ပဲ၊ ယောကျာ်း
တစ်ယောက်ရဲ့စိတ်ကို လွှတ်ပေးလိုက်ရင် ရင်ထဲမှာ ရှင်းသွားရော၊ ပေါ့သွားရော။
လန့်စ်တစ်ယောက် သနားဖို့ ကောင်းပါတယ်၊ ဘာဖြစ်လို့ မော်ဂင် သူ့ကိုမသတ်
မိသေးလဲ မသိဘူး"

"တွမ်လည်း သနားစရာကောင်းတာပါပဲ၊ ဟင်နရီကော၊ နောက်ထပ်
ဘယ်လောက်များသေးလဲ မော်ဂင်"

ရှော့စ် စိတ်ချဉ်ပေါက်ပေါက်ဖြင့် မေးလိုက်သည်။

"အဲဒီလိုမဟုတ်ဘူး ရှော့စ်၊ လန့်စ်ဟာ တကယ်သနားစရာကောင်းတာ၊
ကျန်တာတွေက အလကားပါ၊ စိတ်အဆာပြေ သူတို့ကိုနှိပ်စက်တာပါ၊ လူ
တစ်ယောက်ကို လူစင်စစ်ကနေပြီး အရူးတစ်ယောက်ဖြစ်အောင် လုပ်ရတာ
သိပ်လွယ်တယ် ရှော့စ်၊ မိန်းမတစ်ယောက်ရဲ့ အသားနဲ့ထိလိုက်တယ်ဆိုရင်ပဲ
သူတို့တစ်တွေ လူစိတ်ပျောက်ကြတော့တာပဲ"

အိမ်ကြီးဆီသို့ သူ လှည့်ကြည့်သည်။ ပြီးတော့ ခပ်ဖြည်းဖြည်း စကား
ဆက်သည်။

"သိပ်လှတာပဲနော် ရှော့စ်၊ ဒီအိမ်ကြီးမှာ မော်ဂင် ပျော်မှာပါ"

"ဟုတ်ပါ့မလား မော်ဂင်၊ ကိုယ်တော့ သိပ်မထင်ဘူး"

ရှော့စ် မျက်နှာမသာမယာနှင့် ပြန်ပြောသည်။

"အို… ဘာလို့မဟုတ်ရမှာလဲ၊ ခုကိုပျော်နေပြီ၊ ဒီလိုအဆောင်အယောင်
ခမ်းအနားမျိုးနဲ့ မပျော် ဘယ်သူရှိမလဲ ရှော့စ်၊ မော်ဂင် စိတ်ညစ်တာက အတူ
နေရမယ့် လူတွေကိုပဲ၊ ဥပမာ… လန့်စ်"

ရောစ်က မော်ဂင်ဆီသို့ ငုံ့ပြီး အလေးအနက် လေသံဖြင့်

"အဲဒါ သူသိတယ်"

"သိမှာပေါ့၊ မော်ဂင် တစ်ယောက်ယောက်နဲ့ အပြင်မှာတွေ့လာပြီဆိုရင် သူ သိကိုသိရမယ်၊ အဲဒီလိုနေ့မျိုးမှာ သူ မသက်သာဘူးလေ။ သူ့ကျောပြင်ထဲ မော်ဂင့်လက်သည်းတွေ နစ်ဝင်တာချည်းပဲ၊ သူ့လည်ပင်းကိုလည်း သွေးစိမ်းရှင်ရှင် ထွက်အောင် ကိုက်သေးတယ်လေ။ ဒါတောင် သူ ၅၀ ကျော်ပဲရှိသေးတယ်၊ သူ ဒီထက်အိုလာရင် မော်ဂင် ဘာလုပ်ရမလဲမသိဘူး"

"နောက်လင်ယူပေါ့"

"အို... မဟုတ်တာ"

ကြက်သီးကလေး ဖြန်းဖြန်းထသွားဟန်ဖြင့် သူ့ အမူအရာတွင် အမုန်း တရားတွေ လွှမ်းလာပြန်သည်။

"မဖြစ်နိုင်ဘူး ရောစ်၊ လန့်စ်လို ခွန်အားရှင်မျိုးကလွဲပြီး မော်ဂင့်ဒဏ်ကို ဘယ်သူမှ ခံနိုင်မှာမဟုတ်ဘူး။ မော်ဂင်က ယောကျ်ားတွေရဲ့ လျှို့ဝှက်ချက်တွေ လိမ်ညာဖုံးကွယ်မှုတွေကို မပေါ်ပေါ်အောင် ဖော်ထုတ်ပြီး သူတို့ရဲ့ဂုဏ်သိက္ခာမဲ့ မာနပါးပြင်တွေကို ချုပ်ချင်တာ။ နောက်ဆုံး ငါကား ဘဝမှာ ဘာတန်ဖိုးမှ မရှိတဲ့ငါပါလားဆိုတဲ့ နောင်တမျိုးကို ရင်မှာပိုက်ပြီး အသည်းနှလုံးက သွေးစိမ်း ရှင်ရှင်ထွက်တဲ့ရောဂါနဲ့ သေစေချင်တာ"

"မင်းဟာ တကယ်ရူးနေတာ၊ တကယ့်ကို ရူးနေတာ"

မော်ဂင် ပြုံးသည်။

"အမှန်အတိုင်းပြောတာ ရူးသတဲ့လား၊ မော်ဂင်က မရူးဘဲ တခြားလူတွေ ရူးနေတယ်ဆိုရင်ကော"

ပြောပြောဆိုဆို လူသူမဲ့အိမ်ကြီးဆီသို့ လှည့်ထွက်သွားသည်။ မော်ဂင်၏ ခြေသံသည် တောင်ထွတ်မြိုင်သာ ပတ်ဝန်းကျင်မှ လူမည်းလုပ်သားတို့၏ တဲ အကြားတွင် ရောနှော ပျောက်ကွယ်သွားလေတော့၏။

# အခန်း (၇)

၁၈၅၀ ပြည့်နှစ်၊ နွေနှင့်မိုးရာသီများတွင် နိုင်ငံရေးရာသီဥတု ငြိမ်သက်လျက်ရှိသည်။ အခြေအနေကို စောင့်ဆိုင်းနေရသည့်ကာလ။ ဝါရှင်တန်မြို့တော်တွင် ၁၂ ယောက် မြောက် အမေရိကန်သမ္မတ ဇာချရီတေလာသည် ကျောက်တိုင်အုတ်မြစ်ချပွဲကို နေပူကျဲကျဲတွင် ကိုယ်တိုင်ကိုယ်ကြပ် ပါဝင်လုပ်အားပေးလျက်ရှိသည်။ ဇူလိုင်လ ရက်၊ လွတ်လပ်ရေးနေ့ဖြစ်၏။ ပန်းရံအလုပ်သမားများသည် ဂျော့ဝါရှင်တန် အထိမ်းအမှတ် ကျောက်တိုင်ကို ဧရာမအုတ်မြစ်ကြီးပေါ်တွင် အားစိုက်ခွန်စိုက် တည်ဆောက်လျက်ရှိကြ၏။ ကျောက်တိုင်ထိပ်ဖျားသည် အပ်ဖျားကလေးတမျှ ချွန်မြသည်ထိ မြင့်တက်သွားမည်ဖြစ်၏။

နောက်ငါးရက်အကြာတွင် သမ္မတဇာချရီတေလာသည် အပူရှပ်၍ ရုတ်ခြည်း ကွယ်လွန်သွားတော့သည်။ အိမ်ဖြူတော်တွင် မီလဒ်ဖီးလ်မိုး ဝင်ထိုင်သည်။

မစ္စစ္စပီတွင် ဂျွန်ကွစ်တ်မန်၏နေရာသို့ အထက်လွှတ်တော်အမတ် ရားသူကြီး ဂျွန်အိုက်ဗက်ဂူအင် အစားဝင်လာသည်။ ကျူးဘားကို စပိန် က်အောက်မှ လွတ်မြောက်ရေးတိုက်ပွဲအတွက် ကြားနေရေးဝါဒ ဖောက်ဖျက် ဖြင့် တရားစွဲဆိုခံထားရသော ကွစ်တ်မန် ဟင်ဒါဆင်နှင့် လိုပက်ဇ်တို့အား ယူးအော်လီယန်း တရားရုံးမှ အပြစ်မရှိကြောင်းဖြင့် အမှုကို ပလပ်လိုက်သည်။

ဟင်နရီကလေး၏ ၁၈၅၀ ပြည့်နှစ်၊ ဇေ့စပ်ဆွေးနွေးမှုသည် ဥပဒေဖြစ်လာ သည်။ ကာလီဖိုးနီးယားသည် လွတ်လပ်သော ပြည်နယ်အဖြစ် ပြည်ထောင်စုထဲ သို့ ဝင်လာသည်။ နယူးမက္ကဆီကိုနှင့် ယူဘားပြည်နယ်တို့က ကျွန်စနစ်ကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရကြသည်။

ကျွန်စနစ်ဆန့်ကျင်ရေးသမား သမ္မတ ဖီးလ်မိုးသည် ကျွန်ပြေးများ

ရော့စ်က မော်ဂင်ဆီသို့ ငုံ့ပြီး အလေးအနက် လေသံဖြင့်

"အဲဒါ သူသိတယ်"

"သိမှာပေါ့၊ မော်ဂင် တစ်ယောက်ယောက်နဲ့ အပြင်မှာတွေ့လာပြီဆိုရင် သူ သိကိုသိရမယ်၊ အဲဒီလိုနေ့မျိုးမှာ သူ မသက်သာဘူးလေ။ သူ့ကျောပြင်ထဲ မော်ဂင့်လက်သည်းတွေ နစ်ဝင်တာချည်းပဲ၊ သူ့လည်ပင်းကိုလည်း သွေးစိမ်ရှင်ရှင် ထွက်အောင် ကိုက်သေးတယ်လေ။ ဒါတောင် သူ ၅၀ ကျော်ပဲရှိသေးတယ်၊ သူ ဒီထက်အိုလာရင် မော်ဂင် ဘာလုပ်ရမလဲမသိဘူး"

"နောက်လင်ယူပေါ့"

"အို... မဟုတ်တာ"

ကြက်သီးကလေး ဖြန်းဖြန်းထသွားဟန်ဖြင့် သူ့ အမူအရာတွင် အမုန်းတရားတွေ လွှမ်းလာပြန်သည်။

"မဖြစ်နိုင်ဘူး ရော့စ်၊ လန့်စ်လို ခွန်အားရှင်မျိုးကလွဲပြီး မော်ဂင့်ဒဏ်ကို ဘယ်သူမှ ခံနိုင်မှာမဟုတ်ဘူး။ မော်ဂင်က ယောကျ်ားတွေရဲ့ လျှို့ဝှက်ချက်တွေ၊ လိမ်ညာဖုံးကွယ်မှုတွေကို မပေါ်ပေါ်အောင် ဖော်ထုတ်ပြီး သူတို့ရဲ့ဂုဏ်သိက္ခာနဲ့ မာနပါးပြင်တွေကို ချပစ်ချင်တာ။ နောက်ဆုံး ငါကား ဘဝမှာ ဘာတန်ဖိုးမှ မရှိတဲ့ငါပါလားဆိုတဲ့ နောင်တမျိုးကို ရင်မှာပိုက်ပြီး အသည်းနှလုံးက သွေးစိမ်းရှင်ရှင်ထွက်တဲ့ရောဂါနဲ့ သေစေချင်တာ"

"မင်းဟာ တကယ်ရူးနေတာ၊ တကယ့်ကို ရူးနေတာ"

မော်ဂင် ပြုံးသည်။

"အမှန်အတိုင်းပြောတာ ရူးသတဲ့လား၊ မော်ဂင်က မရူးဘဲ တခြားလူတွေ ရူးနေတယ်ဆိုရင်ကော"

ပြောပြောဆိုဆို လူသူမဲ့အိမ်ကြီးဆီသို့ လှည့်ထွက်သွားသည်။ မော်ဂင်၏ ခြေသံသည် တောင်ထွက်မြိုင်သာ ပတ်ဝန်းကျင်မှ လူမည်းလုပ်သားတို့၏ တူသံ အကြားတွင် ရောနှော ပျောက်ကွယ်သွားလေတော့၏။

## အခန်း (၇)

၁၈၅၀ ပြည့်နှစ်၊ မွေနှင့်မိုးရာသီများတွင် နိုင်ငံရေးရာသီဥတု ငြိမ်သက်လျက်ရှိသည်။ အခြေအနေကို စောင့်ဆိုင်းနေရသည့်ကာလ။ ဝါရှင်တန်မြို့တော်တွင် ၁၂ ယောက်မြောက် အမေရိကန်သမ္မတ ဇာချရီတေလာသည် ကျောက်တိုင်အုတ်မြစ်ချပွဲကို နေပူကျဲကျဲတွင် ကိုယ်တိုင်ကိုယ်ကြပ် ပါဝင်လုပ်အားပေးလျက်ရှိသည်။ ဇူလိုင်လ ၄ ရက်၊ လွတ်လပ်ရေးနေ့ဖြစ်၏။ ပန်းရံအလုပ်သမားများသည် ဂျော့ဝါရှင်တန် အထိမ်းအမှတ် ကျောက်တိုင်ကို ဧရာမအုတ်မြစ်ကြီးပေါ်တွင် အားစိုက်ခွန်စိုက် တည်ဆောက်လျက်ရှိကြ၏။ ကျောက်တိုင်ထိပ်ဖျားသည် အပ်ဖျားကလေးတမျှ ချွန်မြသည်ထိ မြင့်တက်သွားမည်ဖြစ်၏။

နောက်ငါးရက်အကြာတွင် သမ္မတဇာချရီတေလာသည် အပူရှပ်၍ ရုတ်ခြည်း ကွယ်လွန်သွားတော့သည်။ အိမ်ဖြူတော်တွင် မီလဒ်ဖီးလ်မိုး ဝင်ထိုင်သည်။

မစ္စစ္စပီတွင် ဂျွန်ကွစ်တ်မန်၏နေရာသို့ အထက်လွှတ်တော်အမတ် တရားသူကြီး ဂျွန်အိုက်ဇက်ဂူအင် အစားဝင်လာသည်။ ကျူးဘားကို စပိန်လက်အောက်မှ လွတ်မြောက်ရေးတိုက်ပွဲအတွက် ကြားနေရေးဝါဒ ဖောက်ဖျက်မှုဖြင့် တရားစွဲဆိုခံထားရသော ကွစ်တ်မန် ဟင်ဒါဆင်နှင့် လိုပက်ဇ်တို့အား နယူးအော်လီယန်း တရားရုံးမှ အပြစ်မရှိကြောင်းဖြင့် အမှုကို ပလပ်လိုက်သည်။

ဟင်နရီကလေး၏ ၁၈၅၀ ပြည့်နှစ်၊ စေ့စပ်ဆွေးနွေးမှုသည် ဥပဒေဖြစ်လာသည်။ ကာလီဖိုးနီးယားသည် လွတ်လပ်သော ပြည်နယ်အဖြစ် ပြည်ထောင်စုထဲသို့ ဝင်လာသည်။ နယူးမက္ကဆီကိုနှင့် ယူတားပြည်နယ်တို့က ကျွန်စနစ်ကို ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရကြသည်။

ကျွန်စနစ်ဆန့်ကျင်ရေးသမား သမ္မတ ဖီးလ်မိုးသည် ကျွန်ပြေးများ

နိုပ်ကွပ်ရေးဥပဒေကို ပြင်းပြင်းထန်ထန် ဆန့်ကျင်သည်။ တောင်ပိုင်းမှ ပြေးလာ
သည့် လူမည်းကျွန်နှစ်သောင်းတို့အား အေးဆေးစွာ ခိုလှုံခွင့်ပေးသည်။ ကိုလံဗီယာ
ပြည်နယ်တွင် ကျွန်အရောင်းအဝယ်ကိစ္စကို လုံးဝပိတ်ပစ်လိုက်သည်။

သို့သော် ရှိပြီးသားကျွန်များကိုတော့ ဆက်လက်ပိုင်ဆိုင်ခွင့် ပေးထားသည်။

နယူးယောက်တွင် ဗိုလ်ချုပ်လိုပက်ဖ်သည် တိတ်တဆိတ် ရန်ပုံငွေ
ကောက်ခံလျက်ရှိသည်။ ကျူးဘားကို ဒုတိယအကြိမ် ဝင်ရောက်တိုက်ဖို့ စစ်သား
များစုဆောင်းနေ၏။ ထိုအချိန်တွင် မစ္စစ္စပီပြည်နယ် နက်ချက်မြို့အနီးမှ
တောင်ထွတ်မြိုင်သာစံအိမ်ကြီးကို ရှော့စ်ပါရီအမည်ရှိ လူငယ်ဗိသုကာတစ်ဦးက
အပြီးသတ်လိုက်ခြင်းဖြစ်သည်။

အိမ်ကြီးပြီးသွားတော့ ရှော့စ်ရင်ထဲတွင် ဟာသွားသည်။ ပရိဘောဂများ
ဖြည့်တင်းထားရှိရေးနှင့် ပတ်သက်၍ ရှော့စ်က အကြံပေးရုံမျှသာရှိတော့သည်။
သည်အပိုင်းမှာ အိမ်ပိုင်ရှင်၏ဆန္ဒဖြစ်သည်။ ရှော့စ်၏စိတ်ကူးစိတ်သန်းများကို
လန့်စ် လက်ခံသည်ချည်း၊ မော်ဂင်နှင့်အငြင်းပွားရသည်ချည်း။ နောက်ဆုံး
တောင်ထွတ်မြိုင်သာ အိမ်ရှင်မကသာ အနိုင်ယူသွားတတ်သည်။ မည်သို့ဆိုစေ
အိမ်တွင်းမှုအဆင်အယင် အမွှမ်းအမံလုပ်ငန်းမှာ မိန်းမသားတို့၏ မွေးရာပါ
အတတ်ပညာဖြစ်၍ ဗိသုကာ ရှော့စ်၏စိတ်ကြိုက်နှင့် ထူးထူးခြားခြား ဝေးကွာ
ခြင်းမရှိလှပေ။

"အမိသဘော၊ အမိသဘော၊ ကျုပ်မှာ တခြားလုပ်စရာတွေရှိသေးတယ်"
ဟု အလျှော့ပေးရသည်ချည်း။

အခြားလုပ်စရာတွေကလည်း အမှန်ပင်များပြားလာသည်။ ပုဏ္ဏမိရိပ်သာ
အပြင် အခြားအိမ်ကြီးငါးလုံးကိုပါ တာဝန်ယူ ဆောက်လုပ်နေရသည်။ ကွန်ချီတာ
ကိစ္စကလည်း တစ်မျောင့်။ တောင်ထွတ်မြိုင်သာအပြီးတွင် ရှော့စ်ပါရီ၏ နာမည်သည်
ပြည်နယ်တစ်ခုလုံးတွင် ပျံ့နှံ့သွားတော့သည်။ မိမိအနေဖြင့် ပုံကြမ်းဖော်ပေး
နှင့် အဆောက်အအုံတစ်ခု ပြီးလာမည့်ပုံစံငယ်များ ထုတ်ပေးခြင်းလောက်သာ
လုပ်နိုင်တော့သည်။

လက်ထောက်အင်ဂျင်နီယာတွေနှင့် ပုံဆွဲဆရာတွေ အများအပြားငှားရသည်
ငွေကို သုံ့ယူသလိုရတော့၏။ ယင်းသို့ ဗိသုကာလုပ်ငန်းကို ကြီးကြပ်ရုံ
တာဝန်ယူပြီး တစ်ဖက်မှ စိုက်ပျိုးရေးလုပ်ငန်းကို တွန်းအားပေးသည်။ သို့ဖြ
တစ်နေ့နှင့် မိုးရာသီတစ်ဝက်သို့ ကုန်လွန်ခဲ့ပြီ။ ခြံလုပ်ငန်းအတွက် တွ
တောင်းဆိုသမျှ စရိတ်စကများကို ရှော့စ် လုံလုံလောက်လောက်ပေးနိုင်ခဲ့သည်



သို့ဖြင့် ဝါကောက်ချိန်တွင် ပုဏ္ဏမိရိပ်သာသည် လုံးဝပေါ်လာတော့သည်။
မ်ပါရီသည် အကျင့်စာရိတ္တအားဖြင့် ပြောစရာတွေရှိသော်လည်း လုပ်ငန်းနှင့်
တ်သက်၍မူ အပြစ်အနာအဆာမရှိအောင် ထောင့်စေ့စေ့လုပ်နိုင်သူဖြစ်၏။
အာက်တိုဘာလလယ်လောက်တွင် ပါရီညီအစ်ကိုသည် လူချမ်းသာများစာရင်း
ို့ ရုတ်ခြည်းဝင်သွားလေသည်။

ဝါဂွမ်းဘေထုပ်တွေမှာ သယ်၍မကုန်နိုင်လောက်အောင်ပင်။ နယူးအော်လီ
န်းတွင် ဝါကုန်သည်ကြီးများက သူတို့ခြံထွက် ဝါဂွမ်းများကိုစစ်ဆေးပြီး
ထမတန်းစားအဆင့်တွင် သတ်မှတ်ပေးထားသည်။

ထိုအခါ ရှော့စ်သည် အရာရာတွင် အမှားအယွင်းမရှိရအောင် ပိုသတိ
ားလာရသည်။ သည်လိုဘဝမျိုးကို အပျက်အစီး အဆုံးအရှုံးခံ၍မဖြစ်ပေ။
ာက်ညိုးညှုန်ရာ ရေဖြစ်ပြီး ထိသမျှအရာတွေ ရွှေဖြစ်သည်ဆိုသည့် ဘဝမျိုး
ဟုတ်လား။

မိမိတာဝန်များကို လက်ထောက်အင်ဂျင်နီယာများ ပခုံးပေါ်သို့ တတ်နိုင်
မျှ လွှဲပြောင်းပေးပြီး ပုဏ္ဏမိရိပ်သာ အဆုံးသတ်ဖို့ကို ပို၍အာရုံစိုက်တော့၏။
စ်လိပ်ကိုကိုင်ပြီး ပန်းဘဲဖိုဆီသို့ လျှောက်ခဲ့သည်။ ဘရုတပ်စ်နံဘေးတွင်ရပ်၏။
ရိုက်နေသည့် ကပ္ပလီကြီးကို ငေးကြည့်နေသည်။ လသာဆောင်ငယ်အတွက်
ိအပ်သည့် သံချောင်းများကို ထုနေခြင်းဖြစ်၏။ ဘရုတပ်စ်သည် အလွန်
ယင်ရလွယ်သည့် လူမည်းကြီး။ အရိပ်ပြလျှင် အကောင်ထင်သည်။ သူ့လက်
ားက သံအကြောင်းကို ကောင်းကောင်းသိကြသည့်နယ်။

ခုံတန်းတစ်ခုပေါ်တွင်ထိုင်ပြီး တူထုလိုက်တိုင်း ဖြာထွက်သွားသည့်
ီးပွားများကို ငေးကြည့်နေမိ၏။ ရဲရဲနီနေသည့်သံပူကို ထုရိုက်ပြီး လိုချင်သည့်
ံရသည့်အခါ ရေတွင်နှစ်လျှင် ရှဲခနဲမြည်သွားသည့်အသံကိုလည်း နားဝင်ပီယံ
လှသည်ဟု ရှော့စ် ထင်နေ၏။

ထူးဆန်းသည်မှာ သူ့အလုပ်ကို သူ စိတ်ပါဝင်စားစွာလုပ်နေပြီး သူ့ဘဝ
ကျေနပ်နေဟန်ရှိသော်လည်း ဘရုတပ်စ်သည် ဘယ်သောအခါမှ ပြုံးပြုံးရွှင်ရွှင်
ှိ။

ပုဏ္ဏမိရိပ်သာမှ လူမည်းလုပ်သားတို့သည် အခြား အခြားသော စိုက်ပျိုး
မှ ကျေးကျွန်လူမည်းများထက် လူနေမှုအဆင့်မြင့်ကြသည်။ အရိပ်အာဝါသ
ကောင်းလှသော မအူပင်တန်းတွင် လုပ်သားတန်းလျားများက သေသေသပ်သပ်
ရှိရှိ။ ဘုရားရှိခိုးကျောင်းတစ်ခုနှင့် ဆေးရုံတစ်ရုံလည်း ဆောက်ပေးထားသည်။

ကြီးကြပ်ရေးမှူး ဒေးဗစ်မာတင်မှာ စိတ်ထားဖြူစင်သည့် လူကောင်းတစ်ယော
ဖြစ်၍ ကျာပွတ်ကို ဟန်ပြသာကိုင်ဆောင်ထားသူဖြစ်၏။

လိုအပ်လျှင် ကျာပွတ်သုံးရလျှင်လည်း နာကျင်အောင် ရိုက်သူမဟုတ်

သစ်ပင်ရိပ်ကောင်းကောင်းတွင် လစ်လျှင်လစ်သလို ခိုးအိပ်တတ်သ
ငမည်းကောင်လေးအချို့ကိုကား တင်ပါးကို ခပ်ဆတ်ဆတ်လေးဆော်ပြီး အလု
ခွင်သို့ဝင်စေရသည်။ အချုပ်ဆိုရလျှင် ပုဏ္ဏမီရိပ်သာမှ လူမည်းများသည် ဝဝလင်လ
စားရပြီး တေးတကြော်ကြော်နှင့် ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြသူများဖြစ်သည်

"သူ့လူတွေကို သူ ဘယ်လိုများ စည်းရုံးထားလဲမသိဘူး၊ အလုပ်
သေအောင်လုပ်ကြတယ်။ ဘာပြဿနာမှမပေါ်ဘူး" ဟူ၍ တီးတိုးဝေဖန်မှုမျ
ပတ်ဝန်းကျင်တွင် ပျံ့နှံ့လျက်ရှိ၏။

မန်းဘဲဖို၏မီးရောင်တွင် ဘရုတပ်စ်၏ မျက်နှာမည်းမည်းကြီးမှ
ဝမ်းနည်းကြေကွဲနေပုံ ဆောင်လျက်ရှိ၏။

"ဘရုတပ်စ်၊ မင်း ငါ့ဆီမှာလုပ်ရတာ ပျော်ရဲ့လား၊ မင်း ကြည့်ရတ
မပျော်သလိုပဲ"

ရောမတူကြီးကို မြေပြင်တွင်ထောက်ပြီး လက်ကိုင်ကို အားပြုရပ်လို
သည်။ မျက်ဖြူသားများက မီးရောင်ကြောင့် ရဲရဲနီလျက်။

"ပျော်ပါတယ် ဆရာ၊ ဆရာတို့ ညီအစ်ကိုဟာ ကျွန်တော်တွေ့ဖူးသ
လူဖြူတွေထဲမှာ သဘော အကောင်းဆုံးပါပဲ"

"ဒါဆို မင်း ဘာဖြစ်လို့ မှိုင်မှိုင်နေရတာတုံး"

"ကျွန်တော့်မှာ မိန်းမရှိတယ်ဆရာ၊ သားလေးတစ်ယောက်လည်း ရှိတယ
သူတို့နဲ့ တကွဲစီနေရတော့–"

"ဟုတ်လား၊ မင်းမှာ မိန်းမရှိတာ ငါ မသိပါလား"

"ဟုတ်ကဲ့ ဆရာ၊ ကျော်ဂျီယာမှာ ကျွန်တော် သူ့ကို မိသားဖသားမ
လက်ထပ်ခဲ့တာပါ၊ ကျွန်တော့်ကိုပိုင်တဲ့ သခင်ကြီးသေတော့ သူ့သား မစ္စတ
လင်တန်ရဲ့လက်ထဲကို ကျွန်တော်တို့မိသားစု ရောက်ပါတယ်။ အဲဒီလူ
သိပ်ဆိုးတယ် ဆရာ၊ ကျွန်တော့်သားကလေးကို ရက်ရက်စက်စက် ရိုက်တ
သူ့ကို လက်တုံ့ပြန်မိပါတယ်။ အဲဒါနဲ့ ကျွန်တော့်ကို သူ ရောင်းပစ်လိုက်တာပ

"ဩော် ဒီလိုလား၊ ကပ္ပလီမအနိပ်ကလေးတွေ အများကြီးပဲကွ၊ မင်း
ပုံမျိုးနဲ့ ခေါင်းခေါက်ရွေးနိုင်သားပဲ"

ဘရုတပ်စ် သူ့ကိုစိုက်ကြည့်သည်။ ဖြည်းညင်းစွာ ခေါင်းခါသည်။



"ဆရာ အိမ်ထောင်မကျဖူးသေးလို့ပါ။ ဆရာ့မှာ သိပ်ချစ်စရာကောင်းတဲ့
ားလေးနဲ့ မိန်းမ မရှိသေးလို့ပါ၊ ဘာနဲ့မှ အစားထိုးလို့မရပါဘူး ဆရာ"

"အေး မင်းပြောတာ ဟုတ်ပါတယ် ဘရုတပ်စ်"

ရှော့စ် လူမည်းကြီးကို ငေးကြည့်နေသည်။ လူဖြူအားလုံးက လူမည်း
ား၏ အသိဉာဏ်အဆင့်ကို ဘယ်တော့မှ အထင်မကြီးကြ။ မိမိလည်း သာမန်
ားဖြင့် သည်အတိုင်းမြင်မိခြင်းဖြစ်သည်။

"အဲဒီ လင်တန်က ဘယ်မှာနေလဲ ဘရုတပ်စ်"

ရှော့စ် ခပ်အေးအေး မေးလိုက်သည်။

"ဆာဗားနားမှာပါ ဆရာ၊ ဆရာ ကျွန်တော့်ကို–"

"ဟုတ်တယ် ဘရုတပ်စ်၊ မင်းကလေးနဲ့ မိန်းမကို ငါ ဝယ်ဖို့ကြိုးစားမယ်၊
စ်မဖြစ်သော့ မပြောနိုင်သေးဘူးပေါ့ကွာ"

"ကျေးဇူးပါပဲ ဆရာရယ်၊ ကျေးဇူးပါပဲ။ ဆရာ့ကို ဘုရားသခင် စောင့်
ရှောက်ပါစေဗျာ"

ဘရုတပ်စ်၏ မျက်လုံးအိမ်ထဲတွင် မျက်ရည်တွေပြည့်လာသည်။

ထိုညတွင် ရှော့စ် စာရေးစားပွဲတွင်ထိုင်သည်။ ဘရုတပ်စ်၏ မိန်းမ
ချယ်နှင့် သားကလေးကိုဝယ်ဖို့ကိစ္စ စာရေးသည်။ ပြန်စာ စောင့်ရဦးမှာပါလား။
ာင့်ဆိုင်ခြင်းနှင့်ပဲ အချိန်ကုန်နေတဲ့ ဘဝပါလား။

*

ဦးထုပ်ဆောင်းပြီး လှေကားမှ ဆင်းလာခဲ့သည်။ မပြောမပြီး မတီးမမြည်
ွမ်နှင့်ဆွေးနွေးရတော့မည်။ အခြေအနေမှန်ကို သူ သိအောင်ပြောပြရတော့မည်။
ကိုယ်တိုင်က သည်မိန်းမရဲ့ မာယာထောင်ချောက်ထဲကို ဝင်ချင်ချင်ဖြစ်နေ
ျက်နဲ့ တွမ့်ကို ဘယ်လိုလုပ်ပြီး အလွတ်ရုန်းဖို့ ဖျောင်းဖျမည်လဲဟုလည်း
ိယ့်ကိုယ်ကိုယ် ဒေါသဖြစ်စွာဖြင့် တစ်ဖက်မှလှည့်တွေးမိပြန်သည်။

မြင်းပေါ်ကို ခုန်တက်သည်။ အတန်ကြာရပ်ပြီး ချိုင်းအောက်မှသေနတ်
သားကျအောင်လုပ်သည်။ ရှော့စ် သည်နှစ်မှ သေနတ်စဆောင်ခြင်းဖြစ်သည်။
ည်မိုးသည်လေ သည်လူတွေနှင့် သည်လိုခေတ်ကြီးတွင် သေနတ်မဆောင်၍
ဖြစ်တော့။

လူတစ်ယောက်ကို ပစ်သတ်ဖို့ တွေးကြည့်ဖူးသည်။ ဘယ်လိုမှစဉ်းစား

လို့မရ။ သို့သော် သေနတ်ကို ကိုင်ထားရပြီ။ ဘဝက တိမ်းတိမ်းပွေ့ပွေ့ ဖြစ်
နေပြီကိုး။ တရားခံ မော်ဂင်။

မော်ဂင်အကြောင်း စဉ်းစားမိတိုင်း အစ်ကိုလုပ်သူ တွမ်တစ်ယော
လန့်စ်၏လက်ချက်ဖြင့် ဇာတ်သိမ်းမလှဖြစ်ရတော့မည်ဟု တွေးမိသည်ချည်
သည်အဖြစ်အထိတော့ ရော့စ် လက်ပိုက်ကြည့်မနေနိုင်ပါ။ ဖြစ်သည့်နည်းမှ
တားမြစ်ရမည်။ သေနတ်ကို ထုတ်ရထုတ်ရပေါ့။

သူတို့နှစ်ယောက် ယှဉ်ပစ်ကြလျှင်တော့ တွမ်အတွက် လုံးဝအနိုင်ရစ
မရှိပေ။ သည်လိုတွေးမိတိုင်း ရော့စ်ရင်ထဲ ဆို့ကျပ်ကျပ်ကြီးဖြစ်လာသည်
ကံအားလျော်စွာ တွမ်နိုင်ပြီဆိုပါစို့။ သည်လိုလည်း ရော့စ်အနေဖြင့် အဖြစ်
နိုင်ပြန်။ လန့်စ်ဘရစ်တာနီသည် မိမိ၏ မိတ်ဆွေကောင်းတစ်ယောက် မဟု
လား။

သူသည် ရိုးသားသူ၊ ရဲရင့်သူ၊ စိတ်ကောင်းနှလုံးကောင်းရှိသူ၊ မိန်း
တစ်ယောက်အတွက် သည်လိုလူတစ်ယောက် အသက်ဆုံးသင့်ပါသလား။

ဤသို့ဖြင့် နိဝင်ဘာတစ်နံနက်ခင်းတွင် သည်ကိစ္စကိုဆုံးဖြတ်ချက် ချ
ခဲ့ခြင်းဖြစ်သည်။ ဖြစ်လာမည့်အဖြစ်ဆိုးတွေကို ဖြစ်သည့်နည်းနှင့် ကာကွယ်
တော့မည်ဟူ၍။

ဈေ့စပ်ဆွေးနွေးခြင်းဖြင့် မအောင်မြင်လျှင် အကြမ်းနည်းသုံးသင့် သုံ
တားဆီးရမည်။

ကွင်းပြင်ကျယ်ကြီးများကို ဖြတ်သန်းပြီး မြင်းတစ်စီးဖြင့်လာခဲ့ရာ ပုဏ္ဏ
ရိပ်သာနားသို့ ရောက်လာခဲ့ပြီ။ လူမည်းတို့၏ သံပြိုင်တေးများ ထွက်ပေါ်လာသ
ဘက်သို့ နန်စီကို ဦးတည်ပေးလိုက်သည်။ သည်ဘက်ပိုင်းတွင် တွမ် ရှိနေမည်မှ

တောတန်းကလေးကို ဖြတ်စီးသွားသည်။ မြင်ကွင်းကြောင့် ရော့စ်ရင်
တွင် နွေးခနဲဖြစ်သွားသည်။ မိုးကုပ်စက်ဝိုင်းနှင့် ထိစပ်နေသလား အောက်မေ့
အောင် ပြန့်ပြော ကျယ်ဝန်းလှသည့် အစိမ်းရောင်ဝါခင်းလွင်ပြင်။ ငွေနားကျ
တိမ်တိုက်များကို နောက်ခံပြုလျက် အိတ်ကြီးတွေကိုယ်စီလွယ်ပြီး အတန်းလို
အတန်းလိုက် ဝါကောက်နေကြသည့် လူမည်းများ၊ တေးတကြော်ကြော်
ပျော်ပျော်ပါးပါး။

သူတို့နံဘေးတွင် မြင်းကိုယ်စီဖြင့် ရပ်ကြည့်နေသည့် တွမ်နှင့် ဒေး
မာတင်။ နန်စီကို သူတို့ဆီအရောက် အသော့နှင်သွားသည်။

ဒေးဗစ်က စနှုတ်ဆက်သည်။



"ထူးထူးဆန်းဆန်းပါလား မစ္စတာပါရီ"

"တွမ်နဲ့ ဆွေးနွေးစရာကိစ္စကလေးရှိလို့ လာခဲ့တာ"

တွမ်က ညီဖြစ်သူကို ဘုကြည့် လှမ်းကြည့်သည်။ အင်း... မလွယ်ပါ
လား။ တော်တော့်ကို မလွယ်သည့်အလုပ်ပါလား။ ရော့စ်ရင်ထဲ လေးသွားသည်။

"ပြောစရာရှိ ပြောလေကွာ ရော့စ်"

"ကျွန်တော်နဲ့ ခဏလိုက်ခဲ့ပါ တွမ်၊ အေးအေးဆေးဆေး ပြောစရာရှိလို့"

"ကောင်းပြီလေ၊ ဒေးဗစ် ဒီတစ်ငန်းပြီးရင် တောင်ဘက်က ပြန်စမယ်၊
ါ သိပ်မကြာဘူး"

တောတန်းကလေးကို ရောက်သည်အထိ တစ်ယောက်မှ စကားမဆိုကြ။
တွမ်က သူ့မြင်းကို ဇက်သတ်ပြီး...

"ကဲ... တော်လောက်ရော့ပေါ့၊ ဘာလဲ ရော့စ် ပြောလေ"

"ဘာလဲဆိုတာ ခင်ဗျားသိပါတယ် တွမ်၊ ဒီတော့ နိဒါန်းပျိုးမနေတော့
ပါဘူး၊ ခင်ဗျား ဂျယ်နီကို ဘယ်တော့လက်ထပ်မှာလဲ"

တွမ့်မျက်နှာကြီး နီရဲသွားသည်။

"အချိန်တန်တော့ ဖြစ်လာမှာပေါ့ကွ၊ အချိန်မှမတန်သေးဘဲ"

"ပုဏ္ဏမီရိပ်သာဟာ ခရစ္စမတ်မှာပြီးမယ် တွမ်၊ မင်္ဂလာအခမ်းအနားနဲ့
အိမ်တက်ရရင် မင်္ဂလာရှိတာပေါ့ဗျာ"

ရော့စ်က ခပ်အေးအေးပြောသည်။ သို့သော် တွမ်၏တုံ့ပြန်မှုက မအေးဆေး။

"ဒီမယ်ရော့စ်၊ မင်းနဲ့ ငါနဲ့ ကိုယ့်ကိစ္စ ကိုယ်စိတ်ဝင်စားကြရအောင်လား"

"ကိုယ့်ကိစ္စကိုယ်ဆို ကိစ္စမရှိပါဘူး၊ သူများကိစ္စထဲမှာ ခင်ဗျားဝင်နေလို့
ကျွန်တော် စိတ်ပူတာတွမ်။ အဲဒါကတစ်ပိုင်း။ တစ်ဖက်မှာ ဂျယ်နီ ခင်ဗျားအတွက်
စိတ်ဆင်းရဲနေတာကိုလည်း ကျွန်တော် မကြည့်ရက်ဘူး၊ အဲဒီတော့ ခင်ဗျား ဟို
ကိစ္စကို ရပ်တန်းကရပ်ပါ။ ဂျယ်နီနဲ့ အမြန်ဆုံးလက်ထပ်ပါ"

"ဘယ်ကိစ္စကို ရပ်ရမှာလဲကွ"

"ဘယ်ကိစ္စရှိရမှာလဲ၊ ခင်ဗျားနဲ့ မော်ဂင့်ကိစ္စပေါ့။ ခင်ဗျား ရပ်တန်းက
မရပ်ရင် ကျော်မကောင်း ကြားမကောင်းတွေဖြစ်လာမယ်နော်။ လန့်စ်ကို ခင်ဗျား
မနိုင်နိုင်ဘူးဆိုတာ မသိဘူးလား"

"ငါနဲ့မော်ဂင်ကိစ္စကို မင်း သိပ်စိတ်ဝင်စားတယ်ပေါ့ ဟုတ်လား။ မင်း
ငါ့နေရာကို ဝင်ချင်နေတာမဟုတ်လား"

"သေတော့မှာပဲ၊ ခင်ဗျား ဘာမှ မစဉ်းစားတတ်ဘူးလား တွမ်"

“ဘာစဉ်းစားစရာလိုလဲကွ၊ မင်းတို့နှစ်ယောက် နမ်းနေတာ ငါကိုယ်တို
မြင်တာပဲ၊ ဒေါက်တာ ဘန်ဗိုးဆေးကုပေးရတဲ့ သေနတ်ဒဏ်ရာကရော ဘယ်သ
လက်ချက်လဲ။ လန့်စ်ဘရစ်တာနီနဲ့ သေနတ်ပစ်ကျင့်ရင်း ဖြစ်တာပါလို့တေ
ငါ့ကို မပြောနဲ့နော်”

“အဲဒါ ခင်ဗျားနဲ့ ဘာမှမဆိုင်ဘူး တွမ်”

“နောက်တစ်ခုရှိသေးတယ်။ မင်း နှုတ်ခမ်းမှာရခဲ့တဲ့ ဒဏ်ရာက ကျူးဘ
မလေး ကိုက်တာမဟုတ်ဘူး၊ မော်ဂင်ကိုက်တာ။ အဲဒါ သူ့အကျင့်လေ။
ဘယ်လိုသိလဲဆိုတာ မင်း မမေးဘဲသိမှာပါ”

ရော့စ် စိတ်ပျက် လက်ပျက် လေသံဖြင့်–

“ကဲ… ထားပါတော့ဗျာ၊ ခင်ဗျားနားလည်အောင် ကျွန်တော် ဘယ်လိုမှ
ပြောရပါ့မလဲ တွမ်။ ဒီမယ် တွမ်… မြဲမြဲမှတ်ထားစမ်းပါ။ ဘယ်အစ်ကို
ခင်ဗျားလောက် ကောင်းတဲ့အစ်ကို မရှိနိုင်ပါဘူး။ ကျွန်တော့်ကို ငယ်ငယ်
ကတည်းက ခုချိန်ထိ အကာအကွယ်ပေးခဲ့တယ်။ ကျွန်တော့်အသက်ကို အကြိ
ကြိမ် ကယ်ခဲ့တယ်။ အဆင်းရဲခံပြီး ကျွန်တော့်ကို ကျောင်းထားပေးတယ်
ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက် အဲဒီသံယောဇဉ်မျိုးနဲ့ ဆက်သွားကြရအော
လား။

“ဒီနတ်ဆိုးမ နက်ချက်ကို ရောက်လာကတည်းက ကျွန်တော်တို့ညီအစ်
ရန်ချည်းပဲဖြစ်နေရတယ်။ အဲဒါ မဖြစ်သင့်ပါဘူး တွမ်။ ဒီမိန်းမရဲ့ကျောကွ
ထဲက ခင်ဗျား ရုန်းထွက်စေချင်တယ်။ ကျွန်တော့်စကား နားမထောင်ဘဲ ဖွ
တိုးရင်တော့ ခင်ဗျားရဲ့အုတ်ဂူပေါ်မှာ ကျွန်တော် ပန်းခွေတောင် လာချ
မဟုတ်ဘူး”

“အေး… မင်းပြောလို့ ငါကလည်းပြောရဦးမယ်။ ငါက လန့်စ်ဘရစ်တာ
မြန်မြန်သိသွားပါစေလို့ ဆုတောင်းနေတာ။ နှစ်ယောက်သား စာရင်းရှင်းဖြစ်
ရှင်းကြစတမ်းဆိုရင်လည်း အဲဒီကအပြန်မှာ ပုဏ္ဏမီရိပ်သာကို မင်္ဂလာပွဲနဲ့ဖွင့်မယ်
ဒါပေမဲ့ ဂျယ်နီနဲ့တော့ မဟုတ်ဘူးဆိုတာ မင်း စိတ်ချ”

ရော့စ် အစ်ကိုလုပ်သူအား မကျေမချမ်း လှမ်းကြည့်လိုက်သည်။

“ခင်ဗျား ရူးနေသလား တွမ်”

“အေး… ငါရူးချင် ရူးမယ်၊ သေနတ်နဲ့ပတ်သက်လို့တော့ ဘယ်တော့
အမှားအယွင်းမရှိစေရဘူး။ မင်း မြဲမြဲမှတ်ထား ရော့စ်။ မော်ဂင်ကို ငါ မ
ရအောင်ယူမယ်။ ငါ့ဘဝမှာ ဒီလို သွေးဆူအောင်လုပ်နိုင်တဲ့မိန်းမမျိုး တစ်ခါ



တွေ့ဖူးဘူး။ ငါ သူ့ကိုစွဲနေပြီ ရော့စ်။ သူ့အကြောင်းကို တွေးနေရရင် စားဖို့
သောက်ဖို့လည်း ငါ သတိမရဘူး။ အိပ်ပြန်တော့လည်း အိပ်မက်ထဲမှာသူပဲ။
အကျင့်မကောင်းမှန်း ငါသိပါတယ်။ ငါကကော ဘာထူးလို့လဲ”

တွမ် စကားဖြတ်ပြီး ဝက်သစ်ချပင်တွေပေါ်မှ တွဲလောင်းကျနေသည့်
ညှိပင်များဆီသို့ ငေးနေရင်း…

“သူ့ကို ငါရတဲ့နေ့ကျရင် သူ့နှုတ်ခမ်းတွေကို သွေးထွက်အောင် ကိုက်
မယ်၊ ငါ့ကို ရှိုးဦးတင်တောင်းပန်ရတဲ့အထိ”

“ခင်ဗျား ခုထိ သူ့ကိုမရသေးဘူး ဆိုပါတော့”

ရော့စ်၏အမေးကြောင့် တွမ် မျက်မှောင်ကြုတ်သွားသည်။

“အေး… မရသေးဘူး၊ မင်းလည်း သူ့အကြောင်း သိတယ်မဟုတ်လား”

“အင်း… သိသလိုလိုပဲ”

ပြောပြောဆိုဆို ရော့စ် နန်စီကို တစ်ဖက်သို့ဆွဲလှည့်လိုက်သည်။

“ဒါက ဘယ်လဲ”

တွမ်က လှမ်းမေးသည်။

“အဲဒီမိန်းမဆီ သွားမလို့။ ခင်ဗျားကိုတော့ ဘယ်လိုမှ ပြောလို့ရတော့မှာ
မဟုတ်ဘူး။ ခင်ဗျားက အဖမ်းစားခံနေရပြီလေ။ အဲဒီတော့ သူ့ကိုပဲ ဆွေးနွေး
ရတော့မှာပေါ့”

“အဖမ်းစားခံနေရတယ် ဟုတ်လား။ အေး… မင်းပြောတာ ဟုတ်လောက်
တယ်ကွ”

တွမ်က နောက်မှ လှမ်းအော် ပြောလိုက်သည်။

တောင်ထွတ်မြိုင်သား၏ ဘဏ္ဍာစိုးကြီးကို ဦးထုပ်၊ လက်အိတ်နှင့် နှင်တံ
ကို လှမ်းပေးရင်း

“ဘယ်လိုလဲ ကာတို့ ဒီအိမ်ကြီးကို သဘောကျရဲ့လား”

ဘဏ္ဍာစိုးကြီးက သွားများပေါ်အောင် ပြုံးပြီး

“သိပ် ခမ်းနားပါတယ် ခင်ဗျာ၊ ဆရာ့လက်ရာ တကယ့်ပြောင်မြောက်
ပါပေတယ်။ အာနီယားကို ခုမှ ကျွန်တော်အနိုင်ယူရတော့မယ်။ သူက ပန်းအိ
ရိပ်သာရဲ့ ဘဏ္ဍာစိုးလေ”

ရော့စ် ရယ်ပြီး

“မလုပ်ပါနဲ့ဗျာ၊ မနိုင်မနင်းဖြစ်နေရတဲ့အထိ အလုပ်အပ်တဲ့လူတွေ တိုးလာ
ဦးမယ်”

နောက်ရှုတ်ရှုတ် ပြောလိုက်သော်လည်း အမှန်တရားကလေး မဆိုစလော ပါနေသည်။ ခြလုပ်ငန်းဖြင့် ကြီးပွားနေကြသည့် လူဖြူများအား သူတို့၏အိမ် ဝန်ထမ်းများက အတိုင်းအတာတစ်ခုထိ ထိုးဖောက်နိုင်ကြောင်း ရော့စ် သိထား ဖြစ်သည်။ ဒါကို လူဖြူတို့ သတိမထားမိကြ။ သိလည်း မသိကြ။

ခြသူဌေးအိမ်ကြီးရှင်များကို ဘဏ္ဍာစိုးနှင့် ဝါရင့် အမျိုးသမီးအိမ်စေ များက အကြံဉာဏ်များ ပေးလေ့ရှိကြသည်။ ထို့ကြောင့် ကာတိုမှတစ်ဆ သူ့မိတ်ဆွေ အာနီယားကို ညွှန်းလျှင် မွန်းကလစ်မိသားစုအနေဖြင့် အိမ်သ တစ်လုံး နောက်ထပ်ဆောက်ဖို့ စိတ်ကူးမပေါက်ဟု မပြောနိုင်။

"ခင်ဗျားသခင်ကြီး အိမ်မှာရှိလား"

"မရှိဘူး ခင်ဗျ၊ ဟိုဘက်ကမ်းကို ကူးသွားပါတယ်၊ မမကလေးတော ရှိပါတယ်"

ကာတို လှေကားရင်းသို့ လျှောက်သွားသည်။

"ဘက်ဆီ ခဏဆင်းခဲ့စမ်း"

ပေါ့ပါးသည့် ခြေလှမ်းများဖြင့် အိမ်စေကပြားမလေး ဆင်းလာသည် မျက်မှောင် မသိမသာကုတ်လျက်။ မြင်ဖူးသလိုလိုရှိသည်ဟု ထင်လိုက်၏ ကလေးမ၏ညာလက်ကို ရော့စ် လှမ်းကြည့်လိုက်သည်။ ကြေးနီရောင် အသ ပေါ်တွင် အမာရွတ်ဖြူဖြူကြီးကို ထင်းခနဲ တွေ့လိုက်ရသည်။ ဟုတ်ပြီ။ သူ့ စိတ်အနှောင့်အယှက်ပေး၍ မော်ဂင် ကတ်ကြေးနှင့် ဆုံးမလိုက်သည်ဆိုသော ကောင်မလေး။

"ဟုတ်ကဲ့ရှင့်"

"မင်း သခင်မကို ပြောလိုက်၊ ငါ ခဏစကားပြောချင်တယ်လို့"

"ဟုတ်ကဲ့ရှင့်၊ ဘယ်သူက တွေ့ချင်တယ်လို့ ကျွန်မ ပြောရမလဲရှင့်"

"မစ္စတာပါရီလို့ ပြော"

ခုမှ ရော့စ် သတိရသည်။ မော်ဂင်၏ အပေါ်ထပ် အိမ်စေမလေးသ သူ့အမည်ကို မသိသေး။ တစ်ခါသာဆုံဖူးပြီး ဆုံသည့်နေ့ကလည်း သူ့ခမ ဒဏ်ရာကြီးနှင့် ပြေးထွက်လာခြင်းဖြစ်၍ မှတ်မိနိုင်စရာအကြောင်းမရှိ။

"မစ္စတာပါရီ… ဟုတ်လား"

ဘက်ဆီက နားမလည်သလို ကြောင်ကြည့်ပြီး ပြန်မေးသည်။ ဤတွ ကာတို ဝင်လာပြီး

"မစ္စတာပါရီ နှစ်ယောက်ရှိတယ်ဟဲ့ ကောင်မလေးရဲ့၊ ဒါက မစ္စတ



ခွမ်ရဲ့ညီ မှတ်ထား"

"သြော်… ဟုတ်ကဲ့ရှင့်၊ ဟုတ်ကဲ့ရှင့်"

ဘက်ဆီ ပြန်တက်ပြေးသွားသည်။ အင်း… လက်စသတ်တော့ ကိုယ် တော်ချောက ဒီအိမ်သစ်ကိုတောင် လမ်းပေါက်နေပြီကိုး။ အိမ်စေလူမည်းများ၏ တွင်းအတွေ့ဆုံး အာဟာရမှာ မုန့်ပဲသရေစာများမဟုတ်ဘဲ အိမ်ကြီးရှင်တို့၏ ကောင်းသတင်း ဖြစ်သည်ကို တွမ်တစ်ယောက် မသိလေရော့သလား။ ရော့စ် ချက်ချင်းတွေးမိလိုက်သည်။ ဒီသတင်းတွေ အိမ်ပေါက်စေ့မပျံ့သေးခြင်းမှာ သူတို့ တစ်တွေ မော်ဂင်ကို သေမလောက်ကြောက်ကြ၍သာ ဖြစ်မည်ဟူ၍။

ဘက်ဆီ ပြေးဆင်းလာသည်။

"မမလေးက အပေါ်ကို ကြွပါတဲ့ ရှင့်"

"မကြွနိုင်ဘူး၊ နင့်မမလေးကို ပြောလိုက်၊ အပန်းမကြီးရင် အောက်ကို လာခဲ့ပါလို့၊ ငါ အောက်မှာပဲ စကားပြောချင်တယ်"

ကောင်မလေး ပြန်ဆင်းမလာတော့။ ဆင်းလာသူက မော်ဂင်ဘာရစ်တာနီ၊ တခစ်ခစ်ရယ်ပြီး

"ဘာဖြစ်လို့လဲ ရော့စ်၊ မော်ဂင်ကို သိပ်ကြောက်နေလို့လား"

အပြာနုရောင် ပိုးဝတ်စုံကို ဝတ်ဆင်ထားသည်။ ဆံပင်တွေကို ခပ်လျော့လျော့ ဖြီးချထားသဖြင့် ပခုံးတစ်ဝိုက် ဝဲကျနေ၏။ ယခုလိုတော့လည်း ပြစ်မျိုးမှုံ့မထင် နတ်ရုပ်သွင်မျက်နှာ။ သို့သော် မျက်လုံးများကမူ မျက်နှာကလေးနှင့် လိုက်ဖက်ညီခြင်းမရှိလှ။ သရော်တော်တော် ပြောင်ချော်ချော်။

"မှန်ပါတယ် ခင်ဗျာ၊ အမိကို ကျွန်တော်မျိုး အကြောက်ကြီး ကြောက်ပါတယ်"

မော်ဂင် သူ့ဆီသို့ လျှောက်လာသည်။ လက်ကမ်းပေးပြီး

"လာ… ဧည့်ခန်းငယ်ကလေးထဲ သွားကြရအောင်။ ကာတို ဘရန်ဒီ ယူခဲ့"

ရော့စ်က ကာတိုဘက်လှည့်ပြီး

"ကျုပ်အတွက် ဘရန်ဒီမလိုဘူး၊ ကာတို ဘာဘွန်းနည်းနည်းနဲ့ ရေပဲ ပေးပါ"

မော်ဂင် ရော့စ်ကို စိုက်ကြည့်သည်။ မကြည်မလင်ဖြင့်—

"ကြောက်တယ် ဟုတ်လား၊ ရော့စ်ကလည်းကွယ် အဲဒီလို မလုပ်ပါနဲ့၊ သူများကဖြင့် သူ့ကိုချစ်လိုက်ရတာ၊ ရှင်ဟာ ဟောဒီညစ်ပတ်တဲ့ကမ္ဘာမြေကြီး

ပေါ်မှာ ကျွန်မသဘောအကျဆုံး လူသားရှင့်။ တကတဲ သူ့ကို ကိုက်စားမှ
ကျနေတာပဲ"

တဖြည်းဖြည်း ဝေးသွားသည့် ကာတို၏ကျောပြင်ကို ရော့စ် တစ်ချ
လှမ်းကြည့်သည်။ ပြီးတော့ နှုတ်ခမ်းမှ လခြမ်းကွေးသဏ္ဍာန် အမာရွတ်
လက်ညှိုးနှင့်စမ်းလိုက်သည်။

"ဩော်... ဒါလား၊ အဲဒါမှ ပြည့်စုံတော့မပေါ့ ရော့စ်ရဲ့၊ အမာရွ
ကလေးက ဘယ်လောက်လှသလဲ ကြည့်စမ်း"

"ဒီဘက်ဘေးမှာ ကျည်ဆန်ရာ ရှိသေးတယ်လေ"

သည်တော့မှ မော်ဂင် အရယ်ရပ်သည်။

"မော်ဂင် တောင်းပန်ပါတယ် ရော့စ်ရယ်၊ အဲဒီတုန်းက ရော့စ်
ခြောက်ရုံသက်သက် ရည်ရွယ်တာပါ။ ဒါပေမဲ့ ရော့စ်က မော်ဂင့်ကို ပြန်ခြော
တယ်လေ။ သိပ်ချစ်ဖို့ကောင်းတဲ့ ဆွဲဆောင်မှုတွေနဲ့ ပြန်ခြောက်တာ။ အဲဒီတုန်း
ဒဏ်ရာ တော်တော်ပြင်းလားဟင်"

"ကဲပါ... အဲဒါတွေ ထားပါတော့၊ အတိတ်မှာ လွင့်ပစ်ခဲ့ကြပါစို့"

သီးသန့်ညှိခန်းလေးထဲသို့ ရောက်လာကြသည်။ ညှိခန်းမဆောင်ကြ
ကို မလိုအပ်ဘဲအသုံးမပြုဖို့ စိတ်ကူးရသဖြင့် ဒီအခန်းကလေးကို ထည့်ဆွဲလိုက
ခြင်း ဖြစ်သည်။

"ခဏကြည့်မယ်နော် ရော့စ်။ အမာရွတ်တွေကို မော်ဂင် သိပ်သဘော
ကျတာ။ သေနတ်ဒဏ်ရာကို တစ်ခါမှ မတွေ့ဖူးဘူး"

ပြောပြောဆိုဆို လက်က ခါးပတ်ကို ဖြုတ်နေပြီ။ ရော့စ်က နောက်တွ
ပြီး–

"အို... မဟုတ်တာဘဲ မော်ဂင်"

"အံမယ်လေး ရှက်တတ်လိုက်တာ၊ မိန်းကလေး ကျနေတာပဲ၊ ယောက်ျ
ကို မမြင်ဖူးတဲ့ အပျိုကလေးမဟုတ်ဘူး၊ ကျွန်မက အိမ်ထောင်သည်"

"ဒီမယ် မော်ဂင်၊ တစ်ဆိတ် ကျုပ် ခင်ဗျားဆီကို ကိုယ်ဟန်လာပြတ
မဟုတ်ဘူး၊ အဲ့ဒီထက် အရေးကြီးတဲ့ကိစ္စနဲ့ လာတာ"

"တွမ်အကြောင်း ပြောပြမလို့လား၊ သိပ်စိတ်ကုန်စရာ ကောင်းတာပဲ

ရော့စ် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ တစ်စုံတစ်ခု ပြောမ
အပြုတွင် ကာကို တံခါးခေါက်လာသည်။ မော်ဂင်က ဝင်ခဲ့ဖို့လှမ်းပြောသည်
ဘဏ္ဍာစိုးကြီးသည် ယမကာဗန်းကိုကိုင်ပြီး မျက်လွှာချထားသည်။ သူ



ခင်မ၏ အပြုအမူကြောင့် မျက်နှာပျက်နေသည်ဟု ရော့စ် ထင်လိုက်၏။

မော်ဂင်က ဖန်ခွက်ထဲသို့ အရက်အံများကြီးငှဲ့သည်။ ရော့စ်က ဝိစကီ
သီးနည်းကို ရေများများရောလိုက်သည်။

"မလွန်ဘူးလား မော်ဂင်"

"မလွန်ပါဘူး၊ အရက်မူးတော့ ပျော်တာပေါ့၊ ပျော်စရာကလည်း ဒီနည်းပဲ
တော့တယ်လေ"

"မင်းဘဝမှာ ဘာများ လိုလေသေးရှိလို့လဲ မော်ဂင်"

"သိပါတယ်၊ ဒါပေမဲ့ မပြည့်စုံသလိုပဲ။ ဘဝဆိုတာ တေးသံတွေ
ငွင်နေရမယ်၊ ဝဲပျံကခုန်နေရမယ်၊ ဟောဒီ ဘရန်ဒီထဲက အမြှုပ်ကလေးတွေ
လိုပေါ့။ ကဲ... ရှင်နဲ့ကျွန်မအတွက် ပြီးတော့ ရှင်ရဲ့နောင်တော် တုံးကြီးအတွက်"

ဘရန်ဒီကို တစ်ချက်တည်းမော့သည်။ ဖန်ခွက်ကို စားပွဲပေါ်ပြန်ချရင်း–

"ဘာလဲ၊ မော်ဂင့်ကြောင့် သူ အသည်းကွဲပြီလား"

"ဟုတ်တယ် မော်ဂင်၊ အဲဒီအတိုင်းပဲ"

ရော့စ် တုံးတိတိပြန်ပြောသည်။

"အဲဒီလိုမဖြစ်ရအောင် မော်ဂင် အတတ်နိုင်ဆုံး ကြိုးစားပါတယ် ရော့စ်။
့ကို မော်ဂင် သဘောကျတာက ရိုးသားမှုရယ်၊ ကာယဗလ တောင့်တင်းတာ
ယ်၊ ဒါပေမဲ့ သူက သူ့ကိုယ်သူ အထင်ကြီးလွန်းတယ်။ သူက သူ သဘော
ကျတဲ့ မိန်းမဆို ဘယ်နေရာခေါ်ခေါ် လိုက်ရမယ်လို့ အစွဲအလမ်းကြီးတယ်။
ပြုသမျှ နုရမယ်ပေါ့။ ကျွန်မက အဲဒီအစားထဲကမှ မဟုတ်တာ"

"ဒါဖြင့် မင်း ဘာဖြစ်လို့ သူ့ကို လက်ခံနေရလဲ"

"အပျင်းပြေသဘောပါ၊ ဒီမယ် ရော့စ်၊ နားထောင်။ မိန်းမတွေအကြောင်း
င့်ကို သင်ပေးရဦးမယ်။ မိန်းမတစ်ယောက်ဟာ ဘာမဆို ခံနိုင်ရည်ရှိတယ်။ အဲ
ထီးကျန်ဝေဒနာကိုတော့ မခံနိုင်ဘူး။ အဲ့ဒါကို ယောကျာ်းတွေက ဘယ်တော့မှ
သဘောမပေါက်ကြဘူး။ မိန်းမတွေဟာ သူတို့ဖန်ဆင်းသလို ဘယ်တော့မှမဖြစ်
းဆိုတာ သူတို့ နားမလည်ကြဘူး။ ဒီရောက်မှ မော်ဂင် ပိုသဘောပေါက်တာ။
မာ ရှင်တို့ တောင်ပိုင်းသားတွေ။ အဖြူ အမည်း ရောနေတဲ့ ကပြားလေးတွေ
ယ်ကလာသလဲ။ နီဂရိုးမတွေနဲ့ ပျော်ပါးဖို့ အချိန်ယူနေလို့ပေါ့။ အဲဒီတော့
တောင်ပိုင်းမိန်းမသားတွေရဲ့ ဘဝဟာ... "

"အဲလို... မင်းဟာက ဝါးလုံးရှည်နဲ့..."

"ဆရာမပြောတာ နားထောင်လေ ကလေးရဲ့၊ ကောင်းပြီ၊ အဲဒီလိုဆိုရင်

မိန်းမတွေကျတော့ သူတို့လို သွေးသားသောင်းကျန်းမှုမျိုး မရှိရဘူးဆိုတဲ့ ကန့်သတ် ချက်ဟာ တရားသလား။ အဲဒီကန့်သတ်ချက်နဲ့ ချုပ်ကိုင်ထားလို့ရတဲ့ မိန်းမကော ရှိသလား"

"ဒီမယ် မော်ဂင်"

"ခဏလေး ရော့စ်၊ တစ်ဆိတ်နားလည်အောင် နားထောင်ပါ၊ ရှင့်အတွက် အကျိုးရှိပါစေ့မယ်၊ မိန်းမတွေအပေါ် အထင်အမြင်သေးတဲ့ စိတ်ဓာတ်ဟာ ရှင်တို့ တောင်ပိုင်းသားတွေမှာ ပိုများတယ်။ မိန်းမ အမျိုးမျိုးရှိတယ် ရော့စ် ကြောက်တတ်တဲ့မိန်းမ၊ သွေးအေးတဲ့မိန်းမ၊ ကောင်းချင်ရဲ့သားနဲ့ အခြေအနေ မပေးလို့ မကောင်းရတဲ့မိန်းမ။ အဲဒီလို အမျိုးမျိုးရှိတဲ့အထဲက သွေးအေးသတ္တဝါ မတွေ အတွက်တောင် ယောကျ်ားတွေမှာ တာဝန်ရှိတယ်။ ယောကျ်ားတွေ အသုံးမကျလို့၊ သူတို့တုံးလွန်းလို့..."

"မင်း ပြောတာတွေ လုံးဝအဓိပ္ပာယ်မရှိဘူး မော်ဂင်"

"ရှင့်ရဲ့ ကွန်ချီတာကျတော့ ရွှေစင်ရုပ်ကလေးပေါ့ ဟုတ်လား။ သူကတော့ သွေးအေးသတ္တဝါလေး မဟုတ်ပါဘူးနော်။ မော်ဂင် လောင်းရဲပါတယ်။ နောက် လောင်းရဲတာတစ်ခုရှိသေးတယ်။ အဲဒါ ရှင့်ရဲ့မင်္ဂလာဦးညမှာမှ သိမယ့်ကိစ္စလေး မင်္ဂလာဆောင်ဖြစ်ခဲ့ရင် ပြောတာနော်။ အဲဒါက ဘာလဲဆိုတော့ အကြိမ်ကြိမ် ဖြစ်ဖူးပြီးသားကိစ္စကို အသစ်အဆန်းအနေနဲ့ တရားဝင်အောင်..."

"တော်တော့ မော်ဂင်"

မော်ဂင်က ရယ်ပြီး

"သင်ခန်းစာတစ်ခုပဲ ကျန်ပါတော့တယ် ရော့စ်၊ ဒါလေးပြီးရင် ပြီးပါပြီ အဲဒီ ကျန်တာလေးက အရေးကြီးဆုံးဖြစ်နေလို့ပါ။ သေသေချာချာ နားထော ရော့စ်။ မိန်းမတွေဟာ ဘယ်တော့မှ ယောကျ်ားတွေ တွေးသလို မတွေးဘူး သူတို့မှာ ဝမ်းတွင်းပါ ခါးသီးတဲ့ ပင်ကိုယ်တဏှာဗေဒရှိတယ်။

"လင်ယောကျ်ားကို ဖောက်ပြားလို့ ကျောတစ်ရာ ရင်တစ်ရာ ဒဏ်ခတ်ပြီ မြှင်ရပ်ကို အနှင်ခံရတဲ့ သနားစရာမိန်းမမျိုးကို ကြည့်ပြီး မိန်းမတစ်ယောက်ဟာ ဘယ်မိန်းမ မဆို ပြောတာနော်၊ ပီတိသောမနဿ ဖြစ်တာချည်းပဲ။ အဲ နောက် တစ်ညကျတော့ အဲဒီ သူကိုယ်တိုင်ဖောက်ပြားရော။ အဲ့ဒီအခါမျိုးမှာလည် မနေ့က ရခဲ့ဖူးတဲ့ ပီတိသုခမျိုး အပြည့်အဝ သူ့မှာရတယ်ရှင့်ရဲ့။ ဘာဖြစ်လို့လဲ ဆိုတော့ သူ့ယောကျ်ားရဲ့ မကောင်းမှုတွေကို လက်စားချေဖြစ်တာကိုး"

"မော်ဂင် မင်း တကယ်ရူးနေတာပဲ"



"မဟုတ်ပါဘူးရှင် အကောင်းပကတိပါ။ အမှန်အတိုင်းပြောလို့ အရူးလို့ ထင်ခံရတာပါ။ ရှင်တို့ ယောကျ်ားတွေ သတိမမူတတ်ကြတဲ့ အကြောင်းတွေ ပြောတာပါ။ ဥပမာ ရှင့်အစ်ကိုလို လူမျိုးတွေပေါ့။ ဒီမယ် ရော့စ်၊ မင်္ဂလာဆောင် တစ်ခုကိုကြည့်။ အဲတို့သားဟာ ညကျရင် သတို့သမီးနဲ့ နှစ်ယောက်တည်း ကျန်တဲ့အခါ ဘယ်လိုနေမလဲဆိုပြီး စိတ်လှုပ်ရှားနေတယ်။

"အဲ... တို့သမီးကျတော့ သူ့ဝတ်ရုံလှရဲ့လား၊ ပန်းတွေက အဆင်ပြေရဲ့ လား၊ မစွဲသေးတဲ့ သူငယ်ချင်းတွေ မနာလိုဖြစ်နေကြသလား။ အများအားဖြင့် ပြောတာနော်။ အဲဒီအထဲမှာ မော်ဂင် မပါဘူး။ ခန္ဓာကိုယ်ချင်း ပေါင်းစပ်မှုကို သတို့သမီးဟာ အထိတ်တလန့် ဖြစ်ချင်မှဖြစ်မယ်။ မင်္ဂလာဦးညမှာ သတို့သမီး ပျော် မပျော်ကတော့ သတို့သားအပေါ်မှာ တည်တာပေါ့လေ။ အပျော်ကြီး ပျော်တယ်ပဲ ထားပါ၊ မိန်းမသားတွေမှာ လိုနေသေးတာပဲ။ တစ်စုံတစ်ခုကို တမ်းတနေတုန်းပဲ"

"ဘာတွေ တမ်းတနေတုန်းလဲ"

"အဲဒါ ပြောဖို့စကားလုံးမရှိဘူး။ စိတ်ကူးယဉ်အချစ်လို့ ခေါ်မလားပဲ။ ချင်းရယ်၊ လရောင်ရယ်၊ ဂီတရယ်၊ ခွန်းချိုချစ်စကားကလေးတွေရယ်၊ အသေး အဖွဲ့ကလေးတွေကို ဂရုစိုက်တတ်မှုရယ်၊ အဲဒါတွေဟာ သူတို့အတွက် ငြီးငွေ့ ရာ ဖြစ်နေပေမဲ့ သိပ်လိုအပ်တယ်။ အဲဒါတွေမပါဘဲ ချစ်ပွဲမဝင်သင့်ဘူး။ မိန်းမသားများအတွက် အဲဒါတွေဟာ အဓိကပဲ။ ဒါမှ တူနှစ်ကိုယ် ပျော်ရမှာကိုး။

"အများအားဖြင့် အဲဒီလိုဖြစ်မလာကြဘူး။ ဒါပေမဲ့ မိန်းမသားတွေက ယောကျ်ားလုပ်တဲ့လူကို နှစ်သက်လို့ဖြစ်စေ၊ ကျေးဇူးရှိလို့ဖြစ်စေ ပြုသမျှ နုကြ တယ်"

ရော့စ် ဘာမှမပြောနိုင်ဘဲ မော်ဂင့်ကို ငေးကြည့်နေသည်။ မော်ဂင် သရော်ပြုံးပြီး ဆက်ပြောသည်။

"အဲဒါကြောင့် ရှင်တို့ယောကျ်ားတွေ စိတ်ကူးယဉ် အိပ်မက် မက်နေတဲ့ သူတို့အပေါ် မိန်းမတွေက သစ္စာရှိရေးတို့၊ သူတို့ရဲ့ မနာလိုစိတ်ကို အကာအကွယ် ပေးရေးတို့ ဆိုတာတွေဟာ မိန်းမတွေမှာ မရှိကြတော့ဘူးရှင့်၊ သူတို့က သိလာ ပြီလေ။ သူ့ခန္ဓာကိုယ်ကို သူတို့ဘာသာ သူတို့ကြိုက်သလို အသုံးပြုတာဟာ ဘာမှ အရေးကြီးတဲ့ကိစ္စ မဟုတ်ဘူးဆိုတာ။ ဖြစ်လာမယ့်ပြဿနာတွေကို ဖြတ် ကျော်နိုင်ဖို့တော့ နားလည်ရမယ်ပေါ့။ တောင်ပိုင်းမှာ အလွတ်လပ်ဆုံးက အသားမည်းမတွေနဲ့ လူဖြူယောကျ်ားတွေပဲ ရော့စ်"

မော်ဂင်က ဘရန်ဒီ ထပ်ငှဲ့ရင်း–

"ကဲ… ပြီးပါပြီ ရော့စ်၊ ပြောပါဦး ရှင့်နောင်တော်ကြီးအကြောင်း"

"သူ မင်းကို စွဲစွဲလမ်းလမ်းဖြစ်နေပြီ မော်ဂင်"

"သိသားပဲ၊ ရယ်စရာကြီးနော်"

"ရယ်စရာမဟုတ်ဘူး မော်ဂင်၊ သနားစရာ။ ဂျက်နီဒယ်လ်တန်ကို မငြ

သိတယ် မဟုတ်လား"

"မော်ဂင့်ကို မြင်မြင်ချင်း အမြတ်ကာတ်နေတဲ့ မျက်လုံးပြာပြာကောင်မလေ

မဟုတ်လား"

"မမုန်းဘဲနေမလား မော်ဂင်။ သူနဲ့ တွမ် စေ့စပ်ထားတာ နှစ်နဲ့ချီ ကြ

နေပြီ"

"အဲ့ဒီတော့…"

"တွမ်ကို ဆက်မျှားမထားပါနဲ့တော့၊ ကိုယ် တောင်းပန်ပါတယ် မော်ဂ

သူ့ကို လွှတ်ပြေပေးလိုက်ပါတော့၊ ဂျယ်နီ့အဖေကြီးလည်း မမာဘူး၊ သူတ

အမြန်ဆုံး လက်ထပ်မှဖြစ်တော့မယ် မော်ဂင်"

မော်ဂင်၏ မျက်ဝန်းနက်များက ရော့စ်တွင် စူးစူးစိုက်နေပြီး

"အဲဒါ ကျွန်မနဲ့ ဘာဆိုင်လဲရှင့်"

"ဩော်… မဆိုင်ဘူးလား၊ မင်း စိတ်ဖောက်ပြန်မှုအတွက် ဘဝနှစ်ခုလုံ

ပျက်စီးရမှာလား မော်ဂင်"

ရော့စ် ဒေါသတကြီး မေးလိုက်သည်။

"ပျက် ပျက်ပေါ့၊ ပျက် ဘာဖြစ်လဲ"

"မကောင်းဆိုးဝါးမ"

မော်ဂင်က ပခုံးတွန့်ပြီး

"သိပ် စိတ်မပျက်ပါနဲ့ ရော့စ်။ ကျွန်မ တွမ့်ကို သဘောကျတဲ့အပိုင်းတွေ

ရှိတယ်လို့ ပြောပြီးသားလေ။ ငြီးငွေ့သွားတဲ့တစ်နေ့ မောင်းထုတ်လိုက်မှာပါ

စိတ်ချ ဒါပေမဲ့ ခုတော့ အဲ့ဒီအထိ စိတ်မကုန်သေးဘူး။ ကျွန်မကို အဲဒီလောက်

ထိမှ ရှင် နားမလည်တာ အံ့သြတယ်။ ဂျယ်နီဆိုတဲ့ ဟာမလေးတစ်ယောက်ရဲ့

ပျော်ရွှင်မှုအတွက် တကူးတက လာခဲ့တာဟုတ်လား၊ ဩော်… ရော့စ်ရယ်

အသေးအဖွဲကိစ္စလေးကိုများ။ အဲ့ဒီမိန်းကလေးဘဝ ဘာဖြစ်ဖြစ် ကျွန်မ လုံး၀

ဂရုမစိုက်ဘူး၊ အရေးကြီးတာက ကျွန်မ ပျော်ဖို့ပဲ၊ လောလောဆယ်တော့

တွမ်ကြီးကို ကန်မထုတ်နိုင်သေးဘူး၊ အဲဒါမှ မကျေနပ်ရင်လည်း ရှင် ဂျယ်နီကို



ပြောလိုက်၊ ကြိုးဆွဲချသေလိုက်လို့၊ ကဲ… ဝီစကီတစ်ခွက်လောက် ထပ်ထည့်ခဲ့

ပါဦး ဒါလင်ရယ်"

"အို… တော်စမ်း"

ရော့စ် စူးစူးရဲရဲကြည့်ပြီး ရှေ့သို့ကိုင်းလိုက်သည်။

"လန့်စ်ကို နည်းနည်းမှ ထည့်မစဉ်းစားဘူးလား၊ သူသိရင် တွမ်ကို

သတ်မယ်ဆိုတာ မင်း မသိဘူးလား"

"သတ် ဘာဖြစ်လဲ"

မော်ဂင်က အရက်ထပ်ငှဲ့ပြီး ဂရုမစိုက်သည့်လေသံဖြင့် ပြန်ပြောသည်။

"ဩော်… ဒါလည်း မင်းအတွက် ပျော်စရာတစ်မျိုးပေါ့ ဟုတ်လား။

မင်းအတွက်နဲ့ လူတစ်ယောက် သွေးစိမ်းရှင်ရှင် ပန်းထွက်ပြီးသေရမယ့် မြင်ကွင်း

ကိုလည်း ကြည့်နူးစရာအနေနဲ့ မင်း ကြည့်မယ်ပေါ့"

မော်ဂင်က ရယ်သံစွက်၍

"အဲ့ဒီလို လှလှပပလေးတွေ ပြောတတ်လို့ ရော့စ်ကို ချစ်တာ၊ အမှန်အတိုင်း

ပြောရရင် ရှင်ပြောတာ မှန်တယ် ရော့စ်၊ သေသေချာချာ ကြည့်ချင်တာ"

ရော့စ် မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။

"မိန်းမတွေအကြောင်း မင်း သရုပ်ခွဲပြပြီးပြီ၊ မင်းက ဘယ်အစားထဲ

ကလဲ"

"စည်းအပြင်ကပေါ့၊ ဥပဒေအဝန်းအဝိုင်းရဲ့ ဘောင်အပြင်က မော်ဂင်ပေါ့၊

ကျာပွတ်ကိုင်တဲ့လက်ကို ဆုပ်ကိုင်ထားတဲ့ မိန်းမမျိုးပေါ့"

"မင်းလို မိန်းမ၊ ကောင်းစားရင် တစ်မွှန်းတည့်ပေါ့ကွာ"

ရော့စ် စက်ဆုပ်စွာ ပြောလိုက်သည်။

"ဟုတ်ပါ့မလား ရော့စ်။ ယောကျ်ားတွေက မပြောင်းလဲသမျှ ရှင်ပြောတာ

မမှန်နိုင်သေးဘူး ထင်တယ်၊ မိန်းမတွေရဲ့ အားနည်းချက်တစ်ခုပဲရှိတယ်။ အဲဒါ

ဘာလဲ သိလား။ သကောင့်သားတွေကို သူတို့က ကိုးကွယ်တတ်ကြတဲ့အကျင့်ပဲ။

အဲဒါမျိုး မိမော်ဂင်တို့ ဘယ်တော့မှမလုပ်ဘူး။ ဒါကြောင့်လည်း ဘယ်တော့မှ

မရှုံးဘူးလို့ ပြောရဲတာပေါ့"

မော်ဂင်က ရော့စ်ကို ပြုံးပြုံးကလေး စိုက်ကြည့်နေသည်။ ငြိမ်းအေးစွာဖြင့်–

"မော်ဂင် ပြောတာကို အမြဲတမ်းသတိရနေပါ ရော့စ်။ မိန်းမတွေကို

ကစားနည်းတစ်မျိုးကို ကစားဖို့ ယောကျ်ားတွေက အတင်းဆွဲခေါ်ကြတယ်။

ကစားဝိုင်းရဲ့ အထွတ်အထိပ်ရောက်ခါနီးတော့မှ ယောကျ်ားတွေလိုချင်တဲ့ အရာ

ဟာလည်း ငါတို့လိုချင်တာနဲ့အတူတူ ပါပဲလားလို့ မိန်းမတွေထင်ကြတယ်
အဲဒီမိန်းမမျိုးထဲမှာ မော်ဂင် မပါဘူး ရှော့စ်။

"မော်ဂင့်မှာ လှပတဲ့ ခန္ဓာကိုယ်ရှိတယ်၊ ဒီလို ကိုယ်ကာယမျိုးပိုင်ရှ
မိန်းမတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ ဒီခန္ဓာကိုယ်ကို လက်နက်အဖြ
အသုံးပြုဖို့ ဘယ်သူမှမသိကြဘူး။ မော်ဂင် ယောကျ်ားတွေနဲ့ဆက်ဆံတယ်
သူတို့ကို နမ်းတယ်၊ သူတို့အနမ်း ခံတယ်။ သူတို့ကိုယ်က ရာဂခိုးတွေ တ
ငွေ့ ထွက်လာတဲ့အထိ သူတို့နဲ့ပလူးတယ်။ သူတို့တစ်တွေ လူစိတ်ပျောက်လ
တဲ့အထိ သူတို့ကို ကစားတယ်။ ဒါပဲ။ ဒါထက် ဘာမှမပိုဘူး။ ရှင့်ကို ကျွန်
မြင်စေချင်တယ် ရှော့စ်။ ယောကျ်ားတွေရဲ့မာနတွေ၊ သိက္ခာတွေ ဘာဖြစ်ကုန်တယ်
ဆိုတာလေ။ သူတို့တစ်တွေ မိန်းမတစ်ယောက်ရဲ့ ခြေအစုံကို ဖက်ပြီး..."

"မင်းကို တစ်ယောက်ယောက်က အဓမ္မလုပ်မယ် ဆိုရင်ကော"

"ပစ်သတ်လိုက်ရုံပေါ့၊ တောင်ပိုင်းမှာ သူ့ဂုဏ်သိက္ခာကို ကာကွယ်ရ
လက်နက်နဲ့ဆုံးမတဲ့ မိန်းမသားတစ်ယောက်ကို အပြစ်မပေးနိုင်ဘူးလေ။ သိ
ရယ်စရာကောင်းတာပဲ၊ မော်ဂင်ကို ဘယ်သူမှ အဲလိုမကြံစည်ကြဘူး။ ဘာလုပ်ရ
ဘာဖြစ်မယ်ဆိုတာ သူတို့သိတယ်ထင်ပါရဲ့"

ရှော့စ် မတ်တတ်ရပ်သည်။

"ကိုယ် အလကားအချိန်ဖြုန်းသလို ဖြစ်နေတာပေါ့။ ဒါပေမဲ့ မင်း
တစ်ခုတော့ ပြောခဲ့မယ်၊ တွမ် အသတ်ခံရအောင်လုပ်ရင် မင်းကို ကိုယ်သတ်မယ်
မင်းလို မကောင်းဆိုးဝါးမကို သတ်ရတာဟာ လောကဝတ်တစ်မျိုးကို ဆောင်ရွ
ရတာနဲ့ အတူတူပဲ။ တိုင်းပြည်အတွက်ရော အသိုက်အဝန်းအတွက်ပါ ကုသိုလ်
ပြုရာရောက်တယ်။ ပြီးမှ ကြိုးစင်တက်မယ်၊ နားလည်တယ်နော်"

"ဟင့်အင်း"

မော်ဂင်က ထရပ်ရင်း ရိုးရိုးကလေး ဆက်ပြောသည်။

"ဘာလို့လဲ သိလား၊ ရှော့စ် မော်ဂင့်ကို မသတ်ရက်ဘူးဆိုတာ စိတ်ထဲက
သိလို့ပေါ့၊ ဟုတ်တယ် မဟုတ်လားဟင်"

"ဘာပြုလို့ မသတ်ရက်ရမှာလဲ"

"ဘာလို့လဲဆိုတော့ ရှင့်အသည်းနှလုံးဟာ နူးနူးညံ့ညံ့ကလေးမို့ပေ
ရှော့စ်ရယ်၊ သိပ်သိတာပေါ့။ ရှင် မလုပ်ရက်ပါဘူး ရှော့စ်။ ကျွန်မကို ရှ
မသတ်ရက်တဲ့ တခြားအကြောင်းတစ်ခု ရှိပါသေးတယ် ဒါလင်ရယ်"

"မင်း ကိုယ့်ကိုဆွပေးမနေနဲ့ မော်ဂင်၊ ဘာအကြောင်းလဲ"



မော်ဂင် တိုးတိုးကလေး ပြောသည်။

"ရှင်ဟာ ယောကျ်ားတစ်ယောက် ဖြစ်နေလို့ပေါ့"

ပြောပြောဆိုဆို မော်ဂင် အနားတိုးကပ်လာသည်။ ချိုချိုကလေးပြုံးလျက်၊
ရှော့စ်၏ ပခုံးနှစ်ဖက်ကို လှမ်းဆုပ်သည်။ ရှော့စ်က ကပျာကယာ နောက်ဆုတ်ပြီး
သူ့လက်နှစ်ဖက်ကို ဖမ်းညှစ်လိုက်၏။

"သင်တန်းပို့ချရုံနဲ့ ကျေနပ်ပါတော့ မမ။ လက်တွေ့ မပြပါနဲ့တော့"

မော်ဂင်က ခေါင်းကိုနောက်လှန်ပြီး ခွက်ထိုးခွက်လန်ရယ်သည်။ ပြီးတော့
တစ်ဖက်ကို လှည့်လိုက်၏။ သည်စုန်းမ၏ အပြုစားမခံရတော့ဟု စိတ်ချလက်ချ
ဖြင့် ရှော့စ် အခန်းထဲမှထွက်ရန်ပြင်လိုက်၏။

ဤတွင် မော်ဂင်၏မျက်နှာကို ဝါးတားတား မြင်လိုက်သည်။ အမျိုးသမီး
က ဖနောင့်ကိုအားပြုပြီး နောက်သို့ ချာခနဲလှည့်ကာ သူနှင့်အနီးကပ် မျက်နှာ
ချင်းဆိုင်သို့ ပြန်ရောက်လာခြင်းဖြစ်၏။ ရှော့စ်၏နှုတ်ခမ်းတွေ လျှပ်တစ်ပြက်
အတွင်း အမိခံလိုက်ရသည်။

လည်ကုပ်သားတစ်ဝိုက် သွေးစို့လာသည်အထိ လက်သီးဒဏ်ကို ခံလိုက်
ရသည်။ မော်ဂင်၏ ခန္ဓာကိုယ်သည် တဖြည်းဖြည်း ကြွတက်လာသည်။ အဝတ်
အစား အပြည့်အစုံနှင့်ပင် သူ့ဆီမှ အပူငွေ့ကို ရှော့စ် သိသိသာသာ ခံစားမိလိုက်
၏။ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်လိုက်သည်မှာ ဆတ်ဆတ်တုန်လာသည်အထိ၊
ကြောက်ရွံ့စိတ်ကလေးသည် မသိမသာ စွက်နေသည်။

သို့သော် ကြောက်မက်ဖွယ် အမုန်းခွန်အားများကို ဘာနှင့်မျှ မတားဆီး
နိုင်တော့။ အတင်းဆောင့်တွန်းလိုက်ပြီး ပါးစပ်တည့်တည့်ကို တအားဖြတ်ရိုက်
ချလိုက်သည်။ အခန်းထောင့်သို့ မော်ဂင် ခွေခနဲ လဲကျသွားသည်။

ချက်ချင်း တံတောင်ဆစ်နှစ်ဖက် အားပြုခေါင်းထောင်ပြီး ရှော့စ်ကို မော်
ကြည့်နေသည်။ မျက်နှာတွင် လက်ချောင်းရာတွေ အထင်းသားကျန်ရစ်၏။
ပါးစပ်ထောင့်စွန်းတစ်ဖက်မှ သွေးတွေ စီးကျလာသည်။ နှုတ်ခမ်းတစ်ဖက်
ကွဲသွားပြီ။

ဆံပင်တွေ ဖိုးရိုးဖားလျား လွှမ်းနေသည့် မျက်နှာလှလှကလေးကို ရှော့စ်
ကြောင်ကြည့်နေသည်။ မျက်လုံးချင်း ဆုံမိကြသည်။ မော်ဂင်က ရှော့စ်၏
မျက်လုံးများထဲသို့ အဓိပ္ပာယ်ရှာဖွေလျက်။ ဝတ်ရုံလွှာလဲ့ပြာပြာအောက်မှ လှပ
တင့်တယ်သည့် ကိုယ်နေဟန်မှာ အတိုင်းသားပေါ်လွင်နေ၏။ ဖြူဖွေးဖွေး
ပေါင်တန်တစ်ဖက်မှာ အညိုရောင် ကော်ဇောပေါ်တွင် အလှပြနေဘိသို့။

မျက်လုံးအရောင်က အချစ်နှင့်အမုန်းတို့ ခိုးငွေ့လွှတ်ပြိုင် ဂုဏ်ချင်းဆို
နေကြသည့်အလား။ သားစပ်အံ့ဆဲဆဲ ကျားမတစ်ကောင် မိတ်ဖက်ကြင်ဖော်
စောင့်မျှော်နေသည်နှင့် တူလှ၏။

ရော့စ် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ ပြီးတော့ သ
မျက်လုံးအစုံကို သူပြန်ထုသည်။

"ရော့စ် ... သြော် ... ရော့စ်"

တုန်ယင်လှိုက်လှဲသောအသံဖြင့် မော်ဂင် ခေါ်သည်။

သည်တစ်ခါ ရော့စ်ကို အနိုင်ယူသွားသည်က အကြောက်တရား။ ဒေါ
မဟုတ်တော့။ အခန်းထဲမှ တချိုးတည်းပြေးထွက်ခဲ့၏။ မော်ဂင် အော်ရယ်သံ
နားထဲမှကြားလိုက်သည်။ အပြင်ခန်းမထဲတွင် တံ့ခနဲရပ်လိုက်မိသေး၏။

သို့သော် သူ့ရယ်သံကြားထဲမှ ဂျယ်နီ့စကားလုံးများကို ကြားယော
လာသည်။ 'သည်မိန်းမမျိုးဟာ ယောကျ်ားတွေကို အရှင်လတ်လတ်နဲ့ သေ
အောင် လုပ်တတ်တာ' တဲ့။

ဆက်ပြေးလာခဲ့၏။ နောက်မှ မော်ဂင့်ရယ်သံက ပြေးလိုက်လာနေသ
အလား။

မြင်းပေါ်ကို တအား လွှားတက်ပြီး ကဆုန်စိုင်းပြေးခဲ့သည်။ သည်ဘဝ
လွတ်အောင် ပြေးနိုင်ပါတော့မည်လား ဟူသည့် သံသယဖြင့်။

■

## အခန်း (၇)

မင်းစားခန်းစားပွဲတွင် တစ်ယောက်တည်း ထိုင်ငိုင်နေသည်။ လက်ထဲတွင်
ဘွန်းဝီစကီ ဖန်ခွက်ကို ကိုင်လျက်။ လုံးဝမသောက်ရသေး။ နံရံတစ်ဖက်မှ
ရောင်တဖိတ်ဖိတ်လက်နေသည့် ရွှေနားကွပ်မှန်ထဲတွင် မိမိ၏ပုံရိပ်ကို ပြန်ကြည့်
မိ၏။ ညိုတ်လန့်တုန်လှုပ်နေသည့် တတိယအရွယ် လူတစ်ယောက်၏ပုံကို
န်ထဲတွင်တွေ့ရသည်။

ဝီစကီကို တစ်ကျိုက်မော့လိုက်၏။ ရှုံ့မဲ့ပြီး ဖန်ခွက်ကိုပြန်ချလိုက်သည်။
ရက်မူးလို့လည်း အလကားနေမှာပါလေ၊ ဘာနဲ့မှ ကုစားလို့ရမှာ မဟုတ်တော့ဘူး
င်ပါရဲ့။ ပြတင်းပေါက်တွင် သွားရပ်သည်။ အပြင်တွင် မိုးတွေစွေနေ၏။
မ်းထဲတွင် လူသွားလူလာ ကင်းရှင်းလျက်ရှိသည်။ မြည်းအိုနှစ်ကောင် ဆွဲလာ
ည့် လှည်းတစ်စီးသာ တအိအိ ရွေ့လျားနေသည်။

လှည်းသမား လူမည်းကြီးမှာ သူ့မြည်းများလိုပင် ငိုက်မျဉ်းလျက်။

အင်း ... ကွန်ချီတာသာ အနားမှာရှိရင် ဘယ်လောက်ကောင်းလိုက်မလဲ၊
ရော့စ် တမ်းတမ်းတတ တွေးမိလိုက်၏။

သည်လိုနေ့မျိုးကား တစ်ကိုယ်တည်းနေဖို့ သင့်သည့်နေ့မျိုးမဟုတ်။
းလင်းဖိုထဲတွင် မီးလျှံတွေ ကျစပြုနေပြီ။ သို့သော် ထင်းထပ်ဖြည့်ဖို့ စိတ်မကူး
တော့။

ကွန်ချီတာသာရှိနေရင် နှစ်ယောက်သား မီးဖိုရှေ့မှာ ထိုင်ဖြစ်ကြမည်မုချ။
ာမည့်နှစ်အတွက် လုပ်စရာတွေကို ထိုင်ပြောနေဖြစ်မည်ထင်ရဲ့။ မီးလင်းဖိုရဲ့
လင်းရောင်မှိန်မှိန်မှာ နှစ်ယောက်သားလေ။

ခုတော့ တစ်ယောက်တည်း။ မီးဖိုထဲမှာ မီးလျှံတွေထနေလျှင် မိမိအား
ှာက်ပြောင်နေသည်ဟု ထင်မိမည်မုချ။ မီးလျှံထဲတွင် မြင်ရမည့်မြင်ကွင်းကိုလည်း

ကြည့်ရဲမည်မထင်။

လက်နှစ်ဖက်ပွတ်ပြီး စန္ဒရားဆီသို့ လှမ်းကြည့်လိုက်သည်။ ချက်ချ
မျက်နှာလွှဲလိုက်ရပြန်၏။ ကြိုးစားကြည့်ပြီးပြီ။ စပ်ဆိုမိမှားခဲ့သည့် သူ့အကြော
တေးသွားကိုသာ အာရုံရောက်နေသဖြင့် စန္ဒရားခလုတ်များကို မတို့ရဲမထိရဲ

မိစ္ဆာမ။ ဘာကြောင့်များ ဒီမိန်းကလေး ဒီလိုဖြစ်နေပါလိမ့်။

အဖေ့ထံမှ ရလိုက်သည့် ဗီဇတွေဟု လန့်စ်က ယူဆသည်။ ရက်စက်
များမှတစ်ဆင့် မစ္ဆေရစိတ်များ ပွားများလာခြင်းဖြစ်မည်။

မော်ဂင်သည် လှသည်၊ ရက်စက်သည်။ ရက်စက်ခြင်းကကော ထူးဆ
လို့လား။ ကလေးတွေလည်း ရက်စက်တတ်ကြတာပဲ။ သဘာဝ ကိုယ်တိုင်
ရက်စက်တာပဲမဟုတ်လား။ ၁၈၄၀ပြည့်နှစ်က ကျတဲ့ လေဆင်နှာမောင်း
ကြည့်လေ။ နက်ချက်မြို့တစ်ဝက်လောက် ရစရာမရှိအောင် ပျက်စီးသွားတာ
လူတွေအများကြီးသေကြတာပဲ။

ဒါဆို ကြင်နာခြင်းဟာ အားနည်းခြင်းတစ်မျိုးလား။ နူးညံ့ခြင်းဟ
ပျော့ညံ့ခြင်းလား။ ဥပမာ မော်ဂင်ကဲ့သို့ ကြောက်စရာကောင်းသည့် မိန်း
တစ်ယောက်ကို ရင်ဆိုင်ရမှာ ကြောက်နေသည့် မိမိလိုလူမျိုးပေါ့။

စားပွဲဆီသို့ ထသွားပြီး ဆေးလိပ်တစ်လိပ်ညှိသည်။ မီးခိုးများနှင့်အ
ရီဝေဝေအတွေးတွေ လွင့်တက်သွားကြသည်။ ခေါင်းထဲတွင် ကြည်လင်စပြုလာ
မရက်တမ်း ကိုယ့်ဘာသာ ကိုယ်ဝန်ခံရလျှင် မော်ဂင်ကိုစွဲလမ်းနေမိပြီ။ သို့သေ
သည်လိုမဖြစ်သင့်။ လူ့ကျင့်ဝတ်ကို စောင့်ထိန်းသူတစ်ယောက်အနေဖြင့် လုံး
မဖြစ်သင့်။ ထို့ထက် အလေးအနက်ထားရမည့်ကိစ္စမှာ မော်ဂင်ကို ဘယ်တုန်းက
မချစ်ခဲ့ခြင်းဖြစ်၏။ စင်စစ် မော်ဂင်ကို မုန်းနေခြင်းသာဖြစ်သည်။

သည်မိန်းမသည် မြွေဆိုးတစ်ကောင်ကဲ့သို့ ကြောက်စရာကောင်းမှန်းလည
သိသည်။ သည်ကြားထဲမှ တမ်းတနေမိခြင်းဖြစ်၏။ ဖြစ်နိုင်လျှင် မော်ဂင်
ရန်သူလိုသဘောထားရမည်။ နှစ်နှစ်ကာကာ ချစ်ရသူက ကွန်ချီတာ။ စိတ်
ငြိမ်းချမ်းမှုနှင့် ပီတိသုခအဝဝကို ကွန်ချီတာကလွဲ၍ မည်သူ့ဆီကမှ မရနိုင်
သည်လိုယုံကြည်နေလျက်က သည်မကောင်းဆိုးဝါးကို တမ်းတနေမိခြင်း။ သ
ပြဿနာများ၏ အတွင်းပိုင်း၌ ငုပ်လျှိုးနေသည့် မြုပ်ကွက်တစ်ခု ရှိနေပါသေးလာ
အလွန်သေးငယ်သည့် ကိစ္စလည်းဖြစ်၏။ တမင် မသိကျိုးကျွန်ပြုထားခဲ့ခြ
ဖြစ်သည်။ ငါ ရူးနေပြီလား၊ ကြောင်နေပြီလား ဟူ၍လည်း ကိုယ့်ကိုယ်ကို
အကြိမ်ကြိမ် မေးနေမိ၏။ စင်စစ် ရော့စ်ပါရီ မရူးပါ။ မကြောင်ပါ။ ဦးနှော



စ်နေရာတွင် ထိပ်မြုပ်နေသည့် သည်ကိစ္စကလေးကို မြင်သာအောင်ဖော်ထုတ်ဖို့
ကြောက်ရွံ့နေခြင်းမျှသာ ဖြစ်၏။ ယင်း၏အကျိုးသက်ရောက်မှုများကို ရင်မဆိုင်
သဖြင့် မသိကျိုးကျွန်ပြုနေခြင်းပင်။

ဝီစကီဖန်ခွက်ကို လှမ်းယူလိုက်သည်။ ပါးစပ်မှ ဆေးလိပ်ကိုဖြုတ်ပြီး
စ်ကျိုက်တည်းမော့ချလိုက်သည်။ နေသာထိုင်သာရှိသွား၏။ ဝီစကီများ တယ်
သုံးဝင်ပါကလား။ နောက်တစ်ခွက် ထပ်ငှဲ့သည်။ သို့သော် ခွက်ကိုမြှောက်ပြီး
သောက်မိ ဝေါလေ့စ် အခန်းထဲဝင်လာသည်။ လက်ထဲတွင် ဦးထုပ်၊ လက်အိတ်
် နှင်တံကိုကိုင်လျက်။ ရော့စ် သူ့ကို ကြောင်ကြည့်နေ၏။

"တောင်ထွတ်မြိုင်သာက ဒီစာကို လူလွှတ်ပြီး ပို့လာပါတယ် ဆရာ"

ဝေါလေ့စ် စာအိတ်ကို လှမ်းပေးသည်။ တော်တော်နှင့် မဖတ်သေးဘဲ
အိတ်ကိုကိုင်ပြီး ရော့စ် ငိုင်နေသည်။ ပြီးမှ ဖွင့်ဖတ်သည်။ စာရေးစက္ကူမှာ
ရောင်လှလှ လွင်လွင်ကလေး။ ရေမွှေးနံ့ကို သင်းခနဲ ရလိုက်သည်။ မော်ဂင့်
ယ်မှ ပျံ့လွင့်နေကျရနံ့။

ဒါလင်

သိပ်... နမော်နမဲ့ နိုင်တာပဲ။ မေ့ကျန်ခဲ့တဲ့ပစ္စည်းတွေ
ပို့လိုက်ပါတယ်။ ကာတို တွေ့သွားလို့ အိမ်ကလူလက်ထဲ အပ်
လိုက်ရင် မခက်ပါလား။ ရယ်မိတဲ့အတွက် တောင်းပန်ပါတယ်။
ရော့စ်ကို ရယ်တာမဟုတ်ပါဘူးနော်။ သူများကိုယ် သူများ ရယ်
တာပါ။ မော်ဂင့်ဆီကို လာခဲ့ပါဦး ဒါလင်ရယ်၊ သူ သိပါတယ်
နော်၊ သိတယ်မဟုတ်လား ဟင်။

စာအောက်ပိုင်းတွင် လက်မှတ်ထိုးမထား။ ကုလားထိုင်ပေါ်တွင် ခွေခွေ
ခါက်ခေါက်ဖြင့် နောက်သို့ပစ်မှီလိုက်သည်။ မျက်နှာတစ်ခုလုံး ညိုမှိုင်းနေ၏။

"ကျွန်တော် ဘာပြန်ပြောလိုက်ရမလဲ ဆရာ"

ဝေါလေ့စ်က ရပ်စောင့်နေရာက မေးသည်။

"ဘာမှပြောဖို့ မလိုဘူး"

မော်ဂင့်ဆီ လာခဲ့ပါဦး ဒါလင်ရယ်တဲ့၊ သူသိပါတယ်နော်တဲ့၊ သိတယ်
ဟုတ်လားတဲ့။ ဦးနှောက်ထဲတွင် နက်ရှိုင်းစွာ မြုပ်နေသည့်အတွေးကလေး
ပွတက်လာပြီး ထူးထွေဆန်းပြားလှသည့် ကိစ္စတော့မဟုတ်။ သို့သော် ကြောက်

မက်ဖွယ်တော့ ကောင်းသည်။

မိမိအနေဖြင့် မော်ဂင်ဘရစ်ဘာနီကို လိုချင်နေခြင်း။ စားသုံးလိုလျှ အချိန်ရွေး ရနိုင်သည်ဟူသည့်အဖြစ်။ သူ့အပါးတွင် ခစားနေကြသည့် ယောကျ် သားတွေ မရနိုင်သည့် အခွင့်အရေးမျိုးကို ရော့စ်ပါရီ ရနိုင်နေပြီ။

သည်လိုတွေးမိတော့ ကိုယ့်လိပ်ပြာ ကိုယ်ရှက်လာသည်။ လူရိုသေ ရှင်ရိုသေနေခဲ့သည့် သိက္ခာရှိရှိ အညွန့်တလူလူဘဝကို စောင်းငဲ့၍ကြည့်မိပြန်၏ ငါဟာ တစ်မိုးအောက်မှာ တစ်ယောက်သာရှိမည့် သူတော်စင်မျိုး ဖြစ်ချင်သူလာ ဒါမှမဟုတ် သူလိုကိုယ်လို သာမန်လူထဲက လူတစ်ယောက်လား။ စသည့် စသည့် မေးခွန်းပေါင်းများစွာကို ဒုတိယအသံက မေးလျက်ရှိပြီ။ မှန်ဆိ လှမ်းမကြည့်ရဲတော့။

စန္ဒရားခုံတွင် သွားထိုင်သည်။ မော်ဂင့်ကို ရည်စူးရေးဖွဲ့ထားသ တေးသွားကို တီးမိသည်။ သည်တစ်ကြိမ် စိတ်ပါလက်ပါတီးမိသည်။ စန္ဒ ခလုတ်များပေါ်သို့ မိုးသီးမိုးပေါက်များ ရွာချနေသည့်အလား။ တီးရင်း တီး ဒေါသဖြစ်လာသည်။ သည်တေးသွားသည် မိမိ၏ ဆင်ခြင်တုံတရားများ တစ်စစီခြွေချနေသည်ဟု ခံစားရ၏။ တုံ့ခနဲရပ်ပစ်လိုက်သည်။ တစ်ခန်း ဟိန်းနေသည့် စန္ဒရားသံ ရုတ်ခြည်းတိတ်သွားသည်။

မော်ဂင်သည် အားလုံးကိုအနိုင်ယူဖို့ အသက်ရှင်နေသည့် မိန်းမဖြစ် ယောကျ်ားများ၏ မျက်တောင်မွေးပေါ် စကြိုလျှောက်လိုသူဖြစ်သည်။ သို့သေ ရော့စ်ပါရီကိုမူ မော်ဂင် လုံးဝဥဿုံ မလွှမ်းမိုးနိုင်ရုံမက နှုတ်ခမ်းကွဲသည်အ အရိုက်ခံခဲ့ရသေးသည်။

ရော့စ်ပါရီသည် စင်စစ် အလွန်နူးညံ့သိမ်မွေ့သည့်လူငယ်ဖြစ်၏။ ပိန်ပိ ရှည်ရှည် သေးသေးသွယ်သွယ်နှင့် အသားရောင်က ဖျော့တော့တော့။ ပန်းချီဆ တစ်ယောက်၏ ပုံသဏ္ဌာန်မျိုး။ ဂီတပညာရှင် တစ်ဦးနှင့်လည်းတူ၏။ ကဗျာဆ တစ်ယောက်လို အတွေးနက်သူလည်းဖြစ်၏။

လန့်စ်ဘရစ်တာနီသည်လည်း ဇနီးသည်အပေါ်တွင် အလွန်ညင်သ သိမ်မွေ့စွာ ဆက်ဆံသည်ပင်။ သို့သော် စိတ်ဓာတ်ပျော့ညံ့သူအဖြစ် အထင် ရအောင်တော့ လန့်စ်က အမြဲသတိရှိနေသူဖြစ်သည်။ တွမ်ပါရီ၊ ဟင်နရီမွန်းက နှင့် အခြား အခြားသော ကျားသတ္တဝါများကမူ မော်ဂင့်ကို ကြောက်ရွံ့ကြသ ဘာကို ကြောက်ကြမှန်းတော့ သူတို့ကိုယ်တိုင် မသိ။ မော်ဂင်နှင့်ဆိုလျှင် သူ တစ်တွေ စေလိုရာစေ၊ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး။



စင်စစ် မော်ဂင်လိုမိန်းမမျိုးက သူ ရက်စက်လျှင် သူ့ထက်ပိုရက်စက်ပြမှ န်ကာကျသည့်မိန်းမမျိုး။ မော်ဂင်သည် မရှိတာကိုလိုချင်ပြီး မရတာကို တင့်တတတ်သည့် မိန်းမလည်းဖြစ်၏။

စန္ဒရားခုံမှထရပ်သည်။ ဝေါလေ့စ်ကို အော်ခေါ်သည်။ ဝေါလေ့စ် ချက်ချင်း ပြေးရောက်လာသည်။

"နန်စီကို ကုန်းနှီးဆင်လိုက်၊ ငါ အပြင်သွားစရာရှိတယ်"

အဝတ်အစားလဲသည်။ ခါတိုင်းထက် ပိုပြီး ဂရုတစိုက် ဝတ်စားဆင်ယင် ည်။ အဖြူရောင်ခါးပြတ်ကုတ်အင်္ကျီပေါ်တွင် အပြာရောင် သက္ကလတ်ကုတ် ကျီ ထပ်ဝတ်သည်။ မျက်နှာသွတ်သွယ်နှင့် အလွန်လိုက်ဖက်သည့် အင်္ကျီ။

မျက်နှာတွင် ပန်းနုရောင်အသွေးတစ်မျိုး လွှမ်းလျက်ရှိ၏။ မျက်လုံးများက ရောင်တဖျပ်ဖျပ်။ မျက်နှာကို ဖြတ်ရိုက်ချလိုက်တော့ အခန်းထောင့်တွင် ကျသွားသော မော်ဂင့်ပုံကို မြင်ယောင်လာသည်။ တော်တော်နာသွားပုံရ၏။ တ်ခမ်းထောင့်မှ သွေးစိမ်းရှင်ရှင် စီးကျလျက်။ ဖြူဖွေးသောပါးပြင်တွင်–

"မြင်းအဆင်သင့်ဖြစ်ပါပြီ ခင်ဗျာ"

ဝေါလေ့စ် အခန်းဝတွင် ခေါင်းပြူပြီး သတင်းပို့လာသည်။

"နေဦး ဝေါလေ့စ်၊ မင်းအတွက် မြင်းတစ်ကောင်ပါ ပြင်လိုက်။ မင်း နဲ့လိုက်ခဲ့ရမယ်"

"ကျွန်တော် လိုက်ခဲ့ရမယ်... ဟုတ်လား"

"အေး... ငါ နယူးအော်လီယန်းကို သွားမလို့၊ သင်္ဘောဆိပ်ကနေ မင်း စီကို ပြန်ယူလာရမယ်"

"ဟုတ်ကဲ့ခင်ဗျ၊ ကျွန်တော် ခုချက်ချင်း အသင့်ဖြစ်ပါမယ် ဆရာ"

ကိုယ့်ဆုံးဖြတ်ချက်အတွက် ကိုယ့်ဘာသာ ကျေနပ်နေမိ၏။ သင်္ဘော က်ပိုင်းမှ ဆူပူလှုပ်ရှား ကျန်ရစ်သည့် ရေပြင်ကိုကျော်ပြီး နက်ချက်ကို လှမ်း ည့်လိုက်သည်။ အင်း... ဘာတွေဖြစ်ကုန်ခဲ့ပါလိမ့်။ ရှေ့မှာ ဘာတွေနဲ့ရင်ဆိုင် ပါလိမ့်။

*

သင်္ဘောပေါ်မှ ဆင်းသည်။ အမြန်မောင်း မြည်းလှည်းရထားတစ်စီး း‌ခေါ်သည်။ စိန့်လူးဝစ်ဟိုတယ်သို့ တန်းမောင်းသည်။ ကြေးညှိသားအုပ်ထား

သည့် လိပ်ခုံးကြီးအောက်တွင် ထိုးရပ်လိုက်၏။

ကွန်ချီတာကို တွေ့ရနိုးဖြင့် စိုးတထိတ်ထိတ် ဖြစ်နေသည်။ သော
ဝေဒနာတွေ ဘယ်ဆီရောက်ကုန်သည်မသိ။ စိတ်တဲ ပျော်လာသည်။ ကြီးကျ
ခမ်းနားလှသည့် စိန်လူးဝစ်တွင် တည်းခိုနေချင်သည်မှာကြာပြီ။

ဗိသုကာတစ်ယောက်၏ မျက်လုံးဖြင့် အဆောက်အအုံကြီးကို ကြည့်သည
လူဝီစီးယားနား ပြင်သစ်နွယ်များပုံစံဖြစ်၍ လက်ရာမှာ ပြင်သစ်ဆန်သည်
လိပ်ခုံးကြီးကမူ အလယ်ခေတ် ဥရောပ ဝတ်ကျောင်းတော်များနှင့်ဆင်သည်
အလေးချိန် တန်တစ်ရာရှိသည်ဟု မှတ်သားဖူး၏။

အချင်းပေ ခြောက်ဆယ်ရှိသည်။ စက်ဝိုင်းပုံ ဧည့်ခန်းကြီးထဲကို ဖြတ်လျှော
သွားသည်။ အခင်းကို အနားမညီ ကျောက်သားတြိဂံပုံများအပြင် အရော
အသွေး စုံလင်စွာ ဖော်ပြထားသည်။ လူမည်း ဟိုတယ်ဝန်ထမ်းတစ်ယော
ပြေးလာပြီး လက်ထဲမှအိတ်ကို လှမ်းယူသည်။ နံရံပန်းချီကားကြီးများကို ငေးရ
ဧည့်ကြိုစာရေးစားပွဲသို့ လိုက်သွားသည်။

စာရေးလုပ်သူက တလေးတစား ကျိုးနွံစွာကြိုသည်။ ဝတ်လာသ
အဝတ်အစားများ၏ ကျေးဇူးပေပဲဟု စိတ်ထဲ ထင်လိုက်၏။ အကောင်းဆ
အခန်းတစ်ခန်းယူလိုက်သည်။ မြစ်ပြင်ကိုစီးမိုး၍ မြင်နေရ၏။ စိန်လူးဝစ် ဝ
ကျောင်းတော်နှင့် မင်းလမ်းကိုလည်း လှမ်းမြင်နေရသည်။

နယူးအော်လီယန်းကို ရောဇ် သဘောကျသည်။ အမေရိကန်ပြည်တွင်
ပြင်သစ်အငွေ့အသက် ရနိုင်သည့်မြို့။ နှလုံးမွေ့ပျော်ဖွယ်ကောင်းသည်။ ယဉ်ကျေ
မှုအားဖြင့် ရေးကျသည့်မြို့။ ငြိမ်းချမ်းအေးမြသည်။

ညနေခင်းဝတ်စုံ လဲပြီးပြီးချင်း အောက်ထပ်သို့ ဆင်းလာခဲ့သည်
တံခါးမှူးက မြင်းရထားတစ်စင်း ချက်ချင်းပြေးခေါ်ပေးသည်။ အိစက်ညက်ညော
သည့်ခုံပေါ်တွင် ငြိမ့်ခနဲထိုင်ချလိုက်ပြီး ရထားသမားကို ဒေါ်ဖင်လမ်းလိပ်စာ
ပြောလိုက်သည်။ ကွန်ချီတာတို့သားအဖ တည်းခိုနေသည့် အိမ်လိပ်စာ။

ဘယ်လိုများ လက်ခံတွေ့ဆုံမှာပါလိမ့်။ စာတွေထဲမှာတော့ ချစ်
အကြောင်းတွေကို ဖတ်လို့မဝနိုင်အောင် လွှမ်းလွှမ်းဆွတ်ဆွတ်ရေး၏။ တမ်းတ
တတ ဖွဲ့၏။ သူ့ကလေး၏စာများသည် ပြင်းထန်သည့် အချစ်ရနံ့များ သင်း
နေ၏။

သူတို့တိုက်ခန်းကို လှမ်းမြင်ရပြီ။ အေးချမ်း ဆိတ်ငြိမ်ပုံရသည့် တိုက်ခ
ကြီး။ အောက်ထပ်က စတိုးဆိုင်ကြီးတစ်ခု ဖြစ်၏။ မုန်တရုတ်ကပ်များလို ဖြ



း၊ပြီး မီးရောင်တွေ ဖြာထွက်နေသည်။ အဝါရောင် လင်းထိန်နေသည့် တိုက်
ကြီး။

ရထားခပေးပြီး ခပ်သွက်သွက် လျှောက်သွားသည်။ လှေကားကို တစ်
ကျော်တက်သွားပြီး တံခါးခေါက်လိုက်၏။ ရတ်တရက် ဘာသံမျှ မကြားရ
ဖြင့် ရင်ခုန်လာသည်။ အတန်ကြာမှ ကပ္ပလီ အိမ်ဖော်ကလေးတစ်ဦး တံခါး
းဖွင့်ပေးသည်။

"ဘယ်သူနဲ့တွေ့ချင်လို့ပါလဲ မွန်စီယာ"

"မစ္စကွန်ချီတာနဲ့ တွေ့ချင်လို့ပါ၊ သူရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့ရှင့် ရှိပါတယ်၊ ဧည့်သည်လည်း ရှိနေပါတယ်၊ ဘယ်သူက
တွေ့ချင်တယ်လို့ ကျွန်မ ပြောပေးရမလဲရှင့်"

"ပါရီလို့ ပြောပါ၊ ရောဇ်ပါရီ"

"ဟုတ်ကဲ့ပါရှင့်၊ ခဏကလေးစောင့်ပါရှင်"

ကောင်မလေး ချက်ချင်းပြန်ဝင်သွားသည်။ အင်း ဧည့်သည်ရှိတယ်
ပါလား။ စိတ်ထဲလေးသွားသည်။ ဟိုငနဲများ ဖြစ်နေမလား။ ဘာတဲ့ သူ့နာမည်
းဒက်ဇ်။ အင်း ဟုတ်ပြီ။ ဟိုဆေးမန်းဒက်ဇ်။ ကွန်ချီတာ ပြောဖူးသည်ကို
တ်မိနေ၏။ လူက လူချောတဲ့။ အို သူ့ကံကိုယ့်ကံပေါ့။

အတွေးစ မဆုံးလိုက်ပါ ဝုန်းခနဲ တံခါးပွင့်လာသည်။

ကွန်ချီတာ တအားပြေးဆင်းလာပြီး ရောဇ်၏ရင်ခွင်ထဲသို့ အတင်းတိုးဝင်
က်သည်။ တော်တော်နှင့် စကားမပြောနိုင်ကြ။ တစ်ယောက်နှင့်တစ်ယောက်
ယွတ်စတမ်း ဖက်ထားကြသည်။

အတန်ကြာမှ လူချင်းခွာပြီး ရောဇ် ကွန်ချီတာကို ကြည့်သည်။ သူကလေး
မျက်ဝန်းထဲတွင် မျက်ရည်တွေပြည့်လျှံနေ၏။ ရောဇ် ခေါင်းယမ်းပြီး

"အို မငိုပါနဲ့ အချစ်ကလေးရယ်၊ ဘာမှ ငိုစရာအကြောင်း မရှိဘူးလေ
ယ်"

"ပျော်လွန်းလို့ပါ အစ်ကို၊ ဪ အစ်ကိုရယ်၊ အစ်ကို့ကို လွမ်းလွန်းလို့
န်ချီတာ သေတော့မယ် သိလား၊ အစ်ကိုသာ အကြာကြီးမလာဘဲနေရင်
န်ချီတာ တကယ်သေမလားမသိဘူး အစ်ကို"

ကွန်ချီတာက ချစ်သူလည်ပင်းကို ခိုတွဲပြီးနမ်းသည်။ အားရပါးရနမ်းသည်။
ရာဇ် မနေတတ် မထိုင်တတ်ဖြစ်လာပြီး အင်း ဘဝဟာ အဆင်ပြေတယ်ကို
ရှိပါလားဟု တွေးလိုက်မိသည်။ အချိန်အခါမဟုတ်ဘဲ သို့မဟုတ် အခြေအနေ

မပေးဘဲ အခွင့်သင့်နေခြင်းမျိုး။

ကွန်ချီတာ လူချင်းခွာပြီး ရှော့စ်၏ လက်မောင်းကိုတွဲသည်။ ချစ်ရည်
သည့် မျက်ဝန်းများဖြင့် ချစ်သူကိုကြည့်ပြီး တခစ်ခစ်ရယ်သည်။

“လာ ဖေဖေ အပေါ်မှာရှိတယ်၊ ဟိုဆေးလည်း ရှိနေတယ်၊ အစ်ကိုနဲ့ဆုံ
တာ ကောင်းပါတယ်”

“ဟိုဆေးက အမြဲတမ်းလာသလား”

မလိုတမာလေသံဖြင့် ရှော့စ် မေးသည်။

“ဟုတ်တယ် အစ်ကို၊ သူ့ကို လက်ထပ်စေချင်တာက အဖေ့ဆန္ဒ
ကွန်ချီတာ စိတ်မဝင်စားပါဘူး၊ လူက လူတော်ပါ။ ရုပ်ချော သဘောကော
ထဲကပါ။ ဒါပေမဲ့”

“ဒါပေမဲ့ ဘာဖြစ်လဲဟင် ကွန်ချီတာ”

“သူက အစ်ကိုမဟုတ်ဘူးလေ အစ်ကို”

“အင်း တော်ပါသေးရဲ့ဗျာ”

ခုမှပင် ရှော့စ် သက်ပြင်း ချနိုင်တော့သည်။ မှောင်မှောင်မည်းမည်း
လှေကားထစ်များကို နင်းတက်ခဲ့ကြသည်။ တစ်နေရာတွင် ကွန်ချီတာက ရ
သူ့လည်ပင်းကို ခိုတွဲပြန်သည်။ ရှော့စ်ရင်ထဲတွင် ပူလောင်လှပြီ။ တောင်းပ
တော့၏။ တိုးတိုးကလေး ကပ်ပြောလိုက်သည်။

“တော်ပါတော့ ကွန်ချီတာ၊ အစ်ကို သူတို့နဲ့ တွေ့ရဦးမယ်လေ၊ အစ်
မျက်နှာကြီး နီနေတော့မှာပေါ့ကွယ်”

“ကွန်ချီတာက ဒီလိုအမှောင်ကို သိပ်သဘောကျတာ အစ်ကို၊ ဟိုတစ်
တုန်းကလည်း မှောင်မှောင်မည်းမည်းထဲမှာပဲနော်၊ အစ်ကို မှတ်မိသေးရဲ့လ
ဟင်”

“ဘယ်မေ့နိုင်ပါ့မလဲ အချစ်ရယ်၊ အသက်ရှူဖို့ကို အစ်ကို မေ့ချင်မေ့မ
အဲဒီနေ့ကိုတော့ ဘယ်မေ့မလဲ”

ကွန်ချီတာက ရယ်ပြီး

“လာ သူတို့နဲ့ခဏတွေ့ပြီး ပြန်လစ်ထွက်ကြရအောင်”

အခန်းဝတွင် သူတို့နှစ်ယောက် ခဏရပ်လိုက်ကြသည်။ အခန်းဝ
စကားပြောသံတွေ ကြားနေရ၏။

“လုံးဝ အဓိပ္ပာယ်မရှိဘူးခင်ဗျ”

ရှော့စ် မကြားဖူးသည့် အသံတစ်သံ။



“လူတွေကတော့ ဘယ်တော့မှ အုံကြွလာမှာမဟုတ်ဘူး၊ သူတို့တစ်တွေ
အနှိပ်စက်ခံရလွန်းလို့ အားအင်ကုန်ခန်းနေကြပြီခင်ဗျ၊ နှလုံးသွေးပျက်နေ
ပါပြီ ဦး၊ တော်လှန်ရေးဟာ သေတွင်းပဲလို့ သူတို့စွဲနေကြပြီ ခင်ဗျ”

“ကိုယ့်ဘဝအတွက် မဟုတ်တော့ဘူးလေ ဟိုဆေး၊ သားစဉ်မြေးဆက်
တွက် သေကြရမှာပါ။ ဘာပြုလို့ အသက်မစွန့်ရဲရမှာလဲ”

အဘိုးကြီးအစ္စကွာဒို၏ အသံ။

“အသေခံပြီး ဘာမှအရာမရောက်တာထက် အသက်ရှင်ပြီး အောင်မြင်ဖို့
ည်းလမ်းရှာရတာ ပိုအဓိပ္ပာယ်ရှိမယ် ထင်တယ်ဦး။ ကျွန်တော်တို့ ဘယ်လိုမှ
င်နိုင်ပါဘူး။ လက်နက်လည်း မရှိဘူး။ ရိက္ခာလည်း မရှိဘူး။ ပြီးတော့–”

“တို့မှာ ဆန္ဒရှိတယ်လေ၊ ဒါနဲ့ပဲ လုံလောက်နေပြီ ဟိုဆေး။ ပြီးတော့
တို့ရဲ့ လေးစားအပ်တဲ့ ရဲဘော်ကြီး ဂျိုကင်းဒီအော်ဂွာရို ရှိတယ်လေ၊ သူ
ခေါင်းဆောင်ရင် ကျူးဘားတစ်ကျွန်းလုံး မီးဟုန်းဟုန်းတောက်ရမယ်ကွ”

“ဒါပေမဲ့ ခင်ဗျ”

ကွန်ချီတာ တံခါးတွန်းဖွင့်ဝင်လိုက်သည်။ ဆီညော်အစ္စကွာဒိုက ကြိမ်လုံး
ားပြုပြီး ကုလားထိုင်ပေါ်မှ ငဲ့ကြည့်ရင်း

“ဆီညော်ပါရီ လာလာ၊ ကိုရင့်အတွက် ကျုပ်ဖြင့် စိတ်ပူလိုက်ရတာ”

“မင်္ဂလာပါခင်ဗျာ၊ ဦး စိတ်ပူရလောက်အောင် ကျွန်တော် ပြုမူမိရင်
တောင်းပန်ပါတယ် ဦး၊ ပြုမူမိရင်လည်း ကျွန်တော့်ဆန္ဒမပါဘဲ ကျူးလွန်မိတာပဲ
ိမှာပါခင်ဗျာ”

ယဉ်ကျေးဖွယ်ရာသည့် စပိန်စကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောလိုက်
သည့် လူရွယ်ကို ဟိုဆေး စိုက်ကြည့်နေ၏။ စိတ်ထဲက ကျိတ်ပြီး အမှတ်ပေး
လိုက်သည်။ အများအားဖြင့် အမေရိကန်တို့သည် ဘာသာမျိုးခြား စာ စကားကို
င်ကြားသင့်သည်ဟု နားလည်သူများမဟုတ်ကြကြောင်း သိထား၍ဖြစ်၏။

“ကဲ စိတ်ပူရတဲ့ကိစ္စ အသာထားပြီး မိတ်ဆက်ပေးပါရစေဦး၊ သူက
နဲ့ သတင်းစာလုပ်ငန်း တွဲလုပ်နေတဲ့ သူငယ်ပဲ၊ ဟိုဆေးမန်းဒက်ဇ်တဲ့၊
တ်ကောင်းဆွေကောင်း တစ်ယောက်ဆိုလည်း ဟုတ်တာပေါ့လေ”

“တွေ့ရတာ ဝမ်းသာပါတယ် ဆီညော်”

“ဟုတ်ကဲ့၊ ကျွန်တော်ကလည်း ဝမ်းသာပါတယ်”

ဟိုဆေး ခပ်သွက်သွက် တုံ့ပြန်သည်။

“ကိုင်း ထိုင်လေ မစ္စတာပါရီ၊ သမီးလေး ကုလားထိုင်ဆွဲပေးလေ”

ကွန်ချီတာ ကုလားထိုင်တစ်လုံး တွန်းယူလာပေးသည်။ ရှော့စ် ထို
လိုက်၏။ ကွန်ချီတာက ဘာမျှဝင်မပြောဘဲ ရှော့စ်နံဘေးတွင် လက်ကိုနောက်
ပိုက်ပြီး ရပ်နေသည်။

ရှော့စ် စကားစသည်။

"ကျွန်တော့်အတွက် စိတ်ပူတဲ့အကြောင်းကလေး ဆက်ပါဦး ခင်ဗျ

"ဩော် သမီးက ကိုရင့်ကို စိတ်ဝင်စားနေတဲ့ကိစ္စပါ၊ ကိုရင့်အ
ဘယ်လောက်ပဲမြင့်မြတ်တဲ့ ရည်ရွယ်ချက်တွေ ရှိနေသည်ဖြစ်စေ တစ်ယောက်
တစ်ယောက် ဘဝနောက်ခံကားချပ်ချင်း မတူတာတွေ၊ စရိုက်ချင်း ခြားနား
တွေဟာ ဘယ်လိုမှ ကျော်လွှားလို့မရတဲ့"

"ကျွန်တော်တော့ အဲဒီလိုမထင်ပါဘူး ဦး၊ ကျွန်တော်ဟာ ပညာရှာ
စပိန်မှာ အကြာကြီးနေခဲ့ဖူးပါတယ်၊ ဦးတို့ရဲ့ယဉ်ကျေးမှုနဲ့ ခလေ့ထုံးစံ
ကျွန်တော်လေးစားပါတယ်၊ သဘောလည်း ပေါက်ပါတယ်။ ကျွန်တော့် ရည်
ချက်က ရိုးရိုးကလေးပါ ဦး၊ ဦးရဲ့ခွင့်ပြုချက်နဲ့ ကွန်ချီတာရဲ့ သဘောတူညီမှ
ရယူပြီး မိသား ဖသားပီပီ လက်ထပ်ထိမ်းမြားဖို့ပါပဲ"

ဟိုဆေးမန်းဒက်ဇ် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ အဘိုးကြီး၏ မျက်
များထဲတွင် အံ့သြခြင်းကိုမတွေ့ရ။ ကြေကွဲသည့်အရိပ်အရောင်ကိုသာ မြင်ရသ
ပြီးမှ မျက်နှာညှိုညှိုနှင့် အခံ့အညား စကားဆိုသည်။

"ကျုပ်ဟာ သမီးကို လွတ်လွတ်လပ်လပ် ကြီးပြင်းစေခဲ့တာပဲ မစ္စတ
ပါရီ၊ ဘာပြုလို့လဲ သိလား။ ကျွန်စနစ်ကို မယုံကြည်လို့ပဲ။ ရင်သွေးကိုတော
ကျုပ် ပိုင်တယ်လို့ မယူဆဘူး။ အဲဒီလောက် ငွေဝယ်ကျွန်စနစ်ကို ကျ
ဆန့်ကျင်တယ်။ ဒါပေမဲ့ ကျုပ် အပြတ်မငြင်းပါဘူး၊ ကိုရင်တို့နှစ်ယော
စလုံးကို အချိန်နည်းနည်းစောင့်ဖို့ပဲ ပြောချင်ပါတယ်၊ ဒီကြားထဲ တစ်ယော
ယောက် စိတ်ပြောင်းပြီး–"

"စိတ်ပြောင်းဖို့တော့ လုံးဝ မဖြစ်နိုင်ပါဘူး ဦး"

အဘိုးကြီး သက်ပြင်းချသည်။

"အင်း ဒီမယ်သူငယ်၊ တစ်နှစ်ဆိုတာ ဘယ်လောက်မှကြာတဲ့အချိ
မဟုတ်ပါဘူးကွဲ့၊ အဲဒီနောက်မှ–"

"ကောင်းပါပြီခင်ဗျာ၊ ဦးရဲ့ဆုံးဖြတ်ချက်အတိုင်း ဖြစ်စေရပါမယ်"

"ဖေဖေ"

ကွန်ချီတာ ခုမှ စကားဝိုင်းထဲဝင်သည်။



"ရှော့စ် သမီးကို တွေ့ချင်လွန်းလို့ အဝေးကြီးက လာခဲ့ရတာ ဖေဖေရဲ့၊
မီးတို့ ရုပ်ရှင်သွားကြည့်ပါစေနော်"

"အလို ကွန်ချီတာ၊ ဘယ်လိုဖြစ်သွားတာလဲဟင်"

ဟိုဆေက တအံ့တသြ ဝင်ပြောသည်။

"မင်းတို့နှစ်ယောက်လဲ ရုပ်ရှင်သွားတဲ့အခါ သွားတာပဲ ဟိုဆေ၊ ဆီညော်
ရီဟာ လူတော်တစ်ယောက်ကွ၊ အကြောင်းအရာ တော်တော်များများကို
ဆွေးနွေးနိုင်တယ်။ ဆီညော်ဘရစ်တာနီအိမ်မှာ ဆုံတဲ့နေ့ကို ကျုပ် မှတ်မိနေသေး
ယ် ရှော့စ်။ ကဲ သွားကြလေ၊ သိပ်တော့ နောက်မကျနဲ့ပေါ့"

"ကျေးဇူးပါပဲ ဖေဖေ"

ကွန်ချီတာက အဖေလုပ်သူကိုနမ်းပြီး ဟိုဆေးကို မကျေနပ်သည့်အမူအရာ
င့် လှမ်းကြည့်သည်။ အခန်းထဲမှပြေးထွက်ရင်း တံခါးဝရောက်မှ ပြန်လှည့်ပြီး–

"အစ်ကို ခဏကလေးနော်၊ ကွန်ချီတာ မကြာဘူး"ဟု ပြောကာ ပြေး
ထွက်သွားသည်။

ဟိုဆေက ရှော့စ်ကို စိုက်ကြည့်ပြီး

"ဆီညော်က ဘာအလုပ်များ လုပ်ကိုင်ပါသလဲ"

"ကျွန်တော် ဗိသုကာတစ်ယောက်ပါ ဆီညော်၊ စိုက်ပျိုးရေးလဲ လုပ်ပါ
တယ်"

"ဒါဆို ကပ္ပလီကျွန်တွေ အများကြီး ဝယ်ထားရမှာပေါ့၊ ဟုတ်လား"

"ဒါပေါ့"

"ဘာပြုလို့ မဖြစ်နိုင်ရမှာလဲဗျ။ ရိုးရိုးကလေးပဲ လွယ်လွယ်ကလေးပဲ၊
င်ဗျား လက်မှတ်တစ်ချက် ကောက်ထိုးရုံနဲ့ ဖြစ်နိုင်တဲ့ကိစ္စပဲ"

"မဟုတ်ဘူး မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး ဆီညော်။ မစ္စစပီပြည်နယ်မှာ
အဲဒီကိစ္စကို တရားဥပဒေနဲ့ တားတားတယ်။ တရားရုံးအဆင့်ကို ကျွန်တော်
တက်သန်းရမယ်၊ လွယ်လွယ်နဲ့ မပြီးနိုင်ဘူး။ အချိန်လဲကုန်၊ ငွေလဲကုန်မယ့်
ကိစ္စမျိုးဗျ။ နောက်တစ်နည်းလုပ်နိုင်တာရှိတယ်။ ကျွန်တော် သူတို့ကို စိတ်ချတဲ့
မိတ်ဆွေတစ်ယောက်ဆီရောင်းပြီး ပြည်နယ်ကူးခွင့်ရအောင်လုပ်။ တခြားပြည်နယ်
ရောက်မှ နားလည်မှုယူပြီး သူတို့ လွတ်ငြိမ်းခွင့်ရအောင် လုပ်လို့ရတယ်။
ဒါပေမယ့် အဲဒီလိုစိတ်ချရတဲ့ မိတ်ဆွေမျိုး ဘယ်မှာရမလဲ။ ဒါလောက်များတဲ့
ငွေတွေကို ဘယ်သူက အာမခံမလဲ။ ခင်ဗျားပြောသလောက် လွယ်ရင် ကျွန်တော်

ဒီကိစ္စလုပ်ပြီးတာ ကြာလှပြီ မစ္စတာမန်းဒက်ဖ်"

ဤတွင် အဘိုးကြီး ဝင်ဆွေးနွေးသည်။

"ဟုတ်ပါတယ်၊ ဒါလောက် မလွယ်ဘူး။ ကျူပ်လဲပဲ ကျူပ်ကျွန်ဖေ
လွှတ်ပေးခဲ့ဖူးတာပါပဲ။ အထူးသဖြင့်ကတော့ တရားဥပဒေပိုင်းကို ဖြတ်ကျေ
ပြီးတာတောင်မှ လုပ်ဖော်ကိုင်ဖက်၊ အိမ်နီးနားချင်းတွေနဲ့ ရင်ဆိုင်ရဦးမယ်"

"ဟုတ်ကဲ့ခင်ဗျ၊ ဒါပေမယ့် အဲဒီအတွက် ကျွန်တော် သိပ်မစိုးရိမ်ပါဘူ
တခြား အခက်အခဲတွေလဲ ရှိသေးတယ်လေ၊ ကျွန်တော့်လူတွေကို ဝယ်တုန်းက
ကျွန်တော်တစ်ဦးတည်း မဟုတ်ဘူးခင်ဗျ၊ ကျွန်တော့်အစ်ကိုရယ်၊ မစ္စတ
ဒယ်လ်တန်ဆိုတဲ့ ကျွန်တော်တို့ရဲ့မိတ်ဆွေဟောင်းကြီးရယ်၊ သုံးဦး စပ်ဝယ်ထ
ကြာတာ။ သည်တော့ ကျွန်တော်တစ်ညီးတည်းပိုင်က ဘယ်သူတွေ၊ အစုစပ်ပိုင်က
ဘယ်သူတွေဆိုတာ ကျွန်တော်ကိုယ်တိုင် မသိတော့ဘူး။

"နောက်တစ်ခုက တောင်ပိုင်းမှာ လူကြီးမင်းတို့ လွှတ်လပ်တဲ့လူမည်
တွေ တွေ့ဖူးမှာပါ။ အခြေအနေ မကောင်းကြပါဘူး။ ကျွန်တော့်လူတွေက
ကျွန်တော် သံယောဇဉ်ရှိတယ်။ သူတို့အတွက် ကျွန်တော် ရင်လေးတယ်
ဒါကြောင့် အကာအကွယ်ပေးချင်တယ်"

"ဘယ်လို အကာအကွယ်ပေးမှာလဲ၊ ဆိုစမ်းပါဦးဗျ"

ဟိုဆေမန်းဒက်ဖ်၏ အသံမှာ သိသိသာသာ ပျော့ပျောင်းလာပြီ။

"သူတို့ကို လွှတ်လပ်ခွင့်မပေးခင် ပညာ သင်ပေးရမယ်၊ အဲဒါလ
ကျွန်တော်တို့ပြည်နယ်မှာ တရားဥပဒေနဲ့ ပိတ်ပင်ထားတယ်၊ ဒါပေမယ့် ကျွန်တော်
မှာ နည်းလမ်းတွေရှိပါတယ်၊ နဂ္ဂကန်းတစ်လုံးမှမသိ မတတ်တဲ့ သူတို့ကို ရုတ်
တရက် လွှတ်ပေးလိုက်ဖို့ကတော့ သူတို့ကို ဒယ်အိုးထဲကဆယ်ပြီး မီးဖိုထဲချသလို
ဖြစ်–"

"တွေ့လား ကျွန်မအစ်ကိုက သိပ်ပြည့်ဝတာ၊ သိပ်ကြင်နာတတ်တာ
လာ သွားစို့ အစ်ကို၊ နောက်ကျနေလိမ့်မယ်"

ကွန်ချီတာက အဝတ်အစားလဲလာပြီး အခန်းထဲဝင်လာရင်း ပြောသည်
ဖအေကြီးကို ပါးနမ်း နှုတ်ဆက်သည်။ ဟိုဆေဆီသို့လည်း လက်ကမ်းပေးသည်

"ကွန်ချီတာ"

အောင့်သက်သက် ဖြစ်နေသည့်အသံဖြင့် ဟိုအေ ခေါ်သည်။ အင်း–
သနားစရာသတ္တဝါပါပဲဟု ရှော့စ် ထင်လိုက်သည်။

"ကွန်ချီတာ စိတ်မကောင်းပါဘူး ဟိုဆေ၊ ရှော့စ်က ကွန်ချီတာရဲ



သည်းနှလုံး ဟိုဆေးရဲ့"

ခပ်မှောင်မှောင် လှေကားမှ လက်ချင်းတွဲကာ အပြေးအလွှား ဆင်းလာခဲ့
ကြသည်။ မြင်းရထားငယ်တစ်စီး ချက်ချင်းရသည်။

"ဘယ်ကိုပို့ရမှာပါလဲ ခင်ဗျာ"

ရှော့စ်က ကွန်ချီတာ့ကို လှမ်းကြည့်လိုက်သည်။

"ဘယ်ရုံမှာ ကြည့်မှာလဲဟင် ကွန်ချီတာ"

ကွန်ချီတာ ရှော့စ်ကို စိုက်ကြည့်သည်။ ပြီးတော့ ရယ်သည်။ ပြီးတော့မှ
ပိန်စကားဖြင့်

"အစ်ကိုက သိပ် အဝတာပဲ၊ ရုပ်ရှင်ကြည့်မယ်လို့ အဖေ့ကို လိမ့်ခဲ့တာ"

ရှော့စ် မျက်မှောင်ကုတ်သွားသည်။

"ဒါဖြင့် ဘယ်သွားကြမလဲ။ တစ်ညလုံး ရထား လျှောက်စီးနေလို့
ဖြစ်မလား ကွန်ချီတာရဲ့"

သူ့ရင်ခွင်ထဲကို ကွန်ချီတာ ခေါင်းခွေ့ဝင်သည်။ တိုးတိုးကလေးပြော
သည်။

"အဲဒါ သူများပြောရမယ့်စကား အစ်ကိုရဲ့၊ အစ်ကိုကလည်းကွယ် မိန်း
ကလေးကချည်း စနေရတော့တာပဲ၊ ရှက်တောင်လာပြီ"

"အို ကွန်ချီတာ"

"အစ်ကိုတည်းတဲ့ဟိုတယ်ကို သွားကြတာပေါ့၊ ဒါမှမဟုတ် လူတွေမရှိတဲ့
တစ်နေရာကိုပေါ့၊ အလင်းရောင်မရှိတဲ့ နေရာလေ။ ဩော် အစ်ကိုရယ်"

"အစ်ကိုက စိန်လူးဝစ်ဟိုတယ်မှာ အခန်းယူထားတယ် ကွန်ချီတာရဲ့။
ဒီလို လူသိများတဲ့နေရာကိုသွားလို့ ဘယ်ဖြစ်ပါ့မလဲကွယ်၊ ကိုယ့်ချစ်သူကို
အထင်သေး မခံနိုင်ဘူးလေ"

ကွန်ချီတာ လူချင်းခွာလိုက်သည်။ ရှော့စ်ကို မော့ကြည့်ပြီး

"ဒါဖြင့် တစ်နေရာရာကို ခေါ်သွား"

ဒုက္ခပါပဲ။ ရှော့စ် စိတ်ရှုပ်သွားသည်။

"အစ်ကို နယူးအော်လီယန်းကို သိပ်မကျွမ်းသေးဘူး ကွန်ချီတာရဲ့၊
လူတွေမရှိတဲ့နေရာ၊ မှောင်တဲ့နေရာ အစ်ကို ဘယ်သိပါမလဲကွယ်၊ မင်း–"

ကွန်ချီတာ၏ မျက်လုံးစိမ်များသည် အမှောင်ထဲတွင် တဖျပ်ဖျပ်တောက်
နေသည်။

"မသိဘူး မသိဘူး၊ အစ်ကိုနဲ့ နှစ်ယောက်တည်း လွတ်လွတ်လပ်လပ်

နေချင်တာပဲသိတယ်၊ ဒီလိုလုပ်။ သူ့ကို ဂျက်ဆင်ပန်းခြံကိုမောင်းခိုင်း၊ ဟိုရောက်
မှ စဉ်းစားမယ်”

မြင်းကြီးက အသက်ကြီးလှပြီ။ လှည်းကို ဖြည်းဖြည်းမှန်မှန် ဆွဲသွားနေ၏
အိမ်များ၏ တရုတ်ကပ်များမှ မီးရောင်မှိန်မှိန် ဖြာထွက်နေကြသည်။

ရှော့စ်က ကွန်ချီတာ့ကိုယ်ကလေးကို ဆွဲပွေ့လိုက်သည်။ နူးနူးညံ့ညံ့နမ်
သည်။ ကွန်ချီတာက သူ့ပါးနှစ်ဖက်ကို လက်ဝါးနှင့်ကပ်ပြီး

“ချစ်တယ် အစ်ကိုရယ်၊ အို သခင်၊ ကျွန်ုပ်၏ရှိသမျှအသည်းနှလုံး
သခင့်ကို မြတ်နိုးကိုးကွယ်ပါ့မယ်၊ အစ်ကို့ကို ဘယ်လောက် အောက်မေ့တယ
ထင်လဲ၊ ကွန်ချီတာလေ အစ်ကို့ကို အောက်မေ့လွန်းလို့ တစ်ခါတလေ သေမျာ
သေသွားမလားလို့တောင် အောက်မေ့မိတယ် အစ်ကိုရယ်၊ ဘယ်လိုနေလ
ဘယ်လိုထိုင်ရမှန်းလဲ မသိတော့ဘူးကွယ်၊ အတူတူနေကြမယ်၊ အစ်ကို့အတွက်
ကလေးတွေ မွေးပေးမယ်ဆိုတဲ့ အတွေးမျိုးတွေဝင်လာရင်တော့ ပျော်သလိုလိုပဲ
အစ်ကို ကလေးလိုချင်ရဲ့လားဟင်။ တစ်ခါမှ မပြောဖူးလို့”

ရှော့စ် ပြုံးသည်။

“လိုချင်တာပေါ့ ကွန်ချီတာရဲ့၊ အနည်းဆုံး တစ်ဒါဇင်လေ။ အားလုံ
မင်းနဲ့တူရမယ်နော်”

“ကွန်ချီတာလည်း အဲဒီလောက် မွေးဖို့စိတ်ကူးထားတာ အစ်ကိုရဲ့၊ အ
ပေမဲ့ ဖအေတူလေးတွေ လိုချင်တယ်၊ ဆံပင်က ရွှေရောင်၊ မျက်လုံးက အပြာ
အသားရောင်လည်း အစ်ကို့လောက် ဖြူစေချင်တယ်။ ပြီးတော့ အစ်ကို့လို
လူတော်လူကောင်းကလေးတွေ ဖြစ်စေချင်တယ်။ ဩော် အစ်ကိုရယ်၊ အခုပဲ
ကွန်ချီတာ စချင်ပြီ”

“အလို လောမယ့် လောတော့လည်း မင်းကို ကိုယ် ကြောက်တောင်လာပြီ
ကွန်ချီတာ”

“မကြောက်နဲ့ အစ်ကို၊ တစ်ခါတုန်းက နီဂရိုးသူနာပြုဆရာမတစ်ယောက်
နဲ့ ကွန်ချီတာ ခင်ခဲ့ဖူးတယ်၊ သူက သိပ်တော်တာ အစ်ကိုရဲ့၊ ကွန်ချီတာ့ကို သူ
အမျိုးမျိုးသင်ပေးတယ်၊ တကယ်တော့ ဘာမှ အန္တရာယ်မရှိဘူး အစ်ကိုရဲ့”

“ကွန်ချီတာ မင်း ဘာတွေလျှောက်ပြောနေတာလဲ”

“တစ်ခါတစ်ခါ ကွန်ချီတာ စဉ်းစားမိတယ်၊ အစ်ကိုနဲ့ ကိုယ်ဝန်ရသွား
ရင် သိပ်ကောင်းမှာပဲလို့။ အဲဒါဆို ဖေဖေ ဘာမှမတတ်နိုင်တော့ဘူး မဟုတ်လား”

“ကွန်ချီတာ”



ရှော့စ် အလန့်တကြား ခေါ်လိုက်သည်။

“ဆောရီး အစ်ကို၊ ကွန်ချီတာ စိတ်လိုက်မာန်ပါ ဖြစ်သွားတယ်နော်”

“ဟုတ်တယ်၊ အစ်ကိုတို့ သတိထားရမယ်ကွဲ့”

“ဂျက်ဆင်ပန်းခြံကို ရောက်ပြီ ခင်ဗျ”

ဒရိုင်ဘာ့အသံကြားတော့ ရှော့စ် ကွန်ချီတာ့ကို လှမ်းကြည့်သည်။

“အဲ အစ်ကို၊ ပိုက်ဆံပေးလိုက်၊ ဒီမှာပဲဆင်းမယ်၊ အနည်းဆုံး အမှောင်
ထဲမှာ အစ်ကိုနဲ့အတူတူ လမ်းလျှောက်ရင်လည်း မနည်းဘူး”

နှစ်ယောက်သား ရထားပေါ်မှ ဆင်းလိုက်ကြသည်။ ပန်းခြံထဲတွင်
ဦးတည်ချက်မရှိ လမ်းလျှောက်ကြသည်။ နယူးအော်လီယန်းတွင် နိုဝင်ဘာညချမ်း
သည် မိုးနှောင်းနှင့် ဆောင်းငွေ့ ရောယှက်ကာ စိမ့်နေသည်။ မကြာမီ မိုးဖွဲတွေ
ကျလာသည်။

“ဟာ သေတော့မှာပဲ”

ရှော့စ်က ညည်းညည်းညူညူ ပြောလိုက်သည်။

“ပျော်စရာကြီးနော် အစ်ကို”

မိုးသည်းလာတော့ ကွန်ချီတာ ပိုပျော်လာပုံရသည်။

“ဒီလိုအခွင့်အရေးမျိုး ရတောင့်ရခဲပဲ အစ်ကိုရယ်၊ မှောင်နဲ့မည်းမည်း
ထဲမှာ မိုးရေတွေ ရွှဲလို့လေ၊ အစ်ကို ကွန်ချီတာ့ကို နွေးအောင် လုပ်ရတော့မယ်
လေ”

“ဘာမှ ဆောင်းစရာ မယူခဲ့မိဘူး၊ ကိုယ်ကိုယ်တိုင်ကလည်း ညံ့ပါတယ်
ကွာ”

“အို ဘယ်ကလာ ညံ့ရမှာလဲ အစ်ကိုရဲ့၊ ဒီလို အခွင့်အရေးမျိုးဆိုတာ
တမင်ဖန်တီးယူလို့ ရတာမျိုးမဟုတ်ဘူး၊ လာ ဟိုမြို့တော်ခန်းမဘေးနားမှာ
အရိပ်ခိုရအောင်၊ သွေးတွေပူလာတဲ့အထိ အစ်ကို ကွန်ချီတာကို နမ်းရမယ်နော်”

လူဝီစီးယားပြည်နယ် စပိန်လက်အောက်တွင် ရှိခဲ့စဉ်က တည်ဆောက်ခဲ့
သည့် အဆောက်အအုံကြီးနံဘေးတွင် သူတို့နှစ်ယောက် မှောင်ရိပ်ခိုလိုက်ကြသည်။
တစ်ဦးကိုတစ်ဦး တင်းတင်းဖက်ကာ မွတ်မွတ်သိပ်သိပ် နမ်းဖြစ်ကြသည်။
ရှော့စ်၏ရင်ခွင်ထဲသို့ ကွန်ချီတာ လဲပြိုကျတော့မလို ဖြစ်လာသည်။ ပြီးတော့
ရှိုက်ကြီးတငင် ငိုနေတော့၏။ ရှော့စ် တိုးတိုးကလေး ချော့သည်။

“မငိုပါနဲ့ အချစ်ရယ် နော်၊ နော်”

ကွန်ချီတာ ရှိုက်ရင်း ပြန်ပြောသည်။

"မငိုဘဲ မနေနိုင်ဘူး အစ်ကို၊ အစ်ကိုရောက်လာရင် ပျော်ရလိမ့်မယ် အောက်မေ့တာ။ အခု စိတ်ညစ်နေရပြီ။ အစ်ကို ရောက်လာပေမဲ့ အတူမနေရဘူး။ ချစ်လျက်သားနှင့် မချစ်ရဘူး"

စကားကို ရုတ်ခြည်းရပ်ပြီး ချစ်သူကိုမော့ကြည့်သည်။ ပြီးတော့ တိုးတိုးကလေး ပြောသည်။

"ရထားတစ်စင်းလှမ်းခေါ် အစ်ကိုရာ၊ ပြီးတော့ ရထားသမားကိုပဲ မေးကြည့်ပေါ့၊ ဘယ်သွားရင် ရမလဲလို့"

"အို မဟုတ်တာ၊ မဖြစ်ဘူး ကွန်ချီတာ၊ မဖြစ်ဘူး"

ရှော့စ် အကြောက်အကန် ငြင်းသည်။

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ ဘယ်လိုပြောရမလဲ ကွန်ချီတာရယ်၊ အစ်ကို မင်းကို ရှင်းမပြတတ်ဘူး၊ ခိုးကြောင်ခိုးဝှက် သွားရမယ့်နေရာမျိုးတွေကို မင်းနဲ့ ကိုယ်နဲ့ မသွားသင့်ဘူးလေ၊ အစ်ကိုတို့ရဲ့ မေတ္တာဇာတ်လမ်းကို ပေါ့သွားအောင် လုပ်သလိုဖြစ်တော့မပေါ့။ အစ်ကိုက မင်းကို ဧရာမဘုရားရှိခိုးကျောင်းကြီးထဲမှာ မိဘသားဖသားပီပီ လက်ထပ်မှာ။ ဒီလိုပြောလို့ မင်း အစ်ကို့ကို စိတ်ဆိုးသွားသလား ဟင်"

"မဆိုးပါဘူး၊ အစ်ကိုပြောတာ မှန်ပါတယ် အစ်ကိုရယ်၊ ကဲ–အိမ်ပြန်ပို့တော့။ အစ်ကိုလည်း နက်ချက်ကို မြန်မြန်ပြန်တော့။ အစ်ကို ဒီမှာရှိနေရင် သူများနေတတ်မှာမဟုတ်ဘူး"

ချစ်သူကို အကြင်နာမျက်လုံးများနှင့် မော့ကြည့်ပြီး

"နက်ချက်ကို ကွန်ချီတာ လာခဲ့မယ်နော်၊ ရက်တော့ မသေချာဘူး၊ ဒါပေမဲ့ လာဖြစ်အောင်လာမှာ။ အဲဒီတော့မှ ပျော်ကြရအောင်၊ နော် အစ်ကို၊ နတ်သမီးလေးတွေ မနာလိုဖြစ်အောင်ကို ပျော်ပစ်လိုက်မယ်။ ကဲ–လာ သွားစို့ အစ်ကို"

*

နောက်တစ်နေ့ညတွင် ကူးတို့သင်္ဘော နက်ချက်ဆိပ်ကမ်းသို့ ဖြည်းဖြည်းချင်း ကပ်လာသည်။ ရှော့စ်ပါရီ၏ ရင်ထဲတွင် ဗလောင်ဆူနေ၏။ ပျော်စရာကောင်းတဲ့ အခွင့်အရေးတွေကို ငါ့ဘာသာငါ ဖျက်ဆီးပစ်ခဲ့တာပါကလား။



ဆိပ်ကမ်းပေါ်သို့ တက်လာခဲ့သည်။ မီးရောင်တွေ မှိန်ပျပျလင်းနေသည့် နက်ချက်မြို့၏ တောင်အောက်ပိုင်းကို ငေးကြည့်နေမိ၏။ ပြီးတော့ ဟိုအဝေးမှ တောင်ပေါ်ရပ်ကွက်ကို လှမ်းကြည့်လိုက်မိပြန်၏။ ငယ်ဘဝများကို ဖြတ်သန်းပြီး ပစ္စုပ္ပန်ကို မြင်လိုက်ရသည့်နှယ်။ လိုချင်တောင့်တခဲ့သည့် ဘဝကို ရခဲ့ပြီးဖြစ်သည်။ တောင်ပေါ်ကို ရောက်ခဲ့ပြီမဟုတ်လား။ သို့သော် ဘာထူးလို့လဲ၊ ဘာအဓိပ္ပာယ်ရှိလို့လဲ။

ပုဏ္ဏမီရိပ်သာ ပြီးစီးလုပြီ။ ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်မြေနှင့် ကျေးကျွန်အခြွေအရံတွေ အများအပြား ပိုင်ဆိုင်သည့် ရှော့စ်ပါရီ။ ခုတော့ သူတို့ချွေးတွေ၊ သွေးတွေဖြင့် အရင်းပြုပြီး ချမ်းသာရသည့်ဘဝကို စက်ဆုပ်နေမိသည်။

ပုဏ္ဏမီရိပ်သာဆီသို့ ရော်ရမ်းမှန်းဆကြည့်လိုက်သည်။ ဟိုမှာဘက်က မီးရောင်ကတော့ တောင်ထွတ်မြိုင်သာထင်ရဲ့။ တောင်ထွတ်မြိုင်သာ၏ သခင်မ မော်ဂင်ကို သတိရလိုက်တော့ ကြောက်ရွံ့စိတ်ဖြင့် ရင်တထိတ်ထိတ် ခုန်လာသည်။ ကွန်ချီထာသာ အနားမှာရှိလျှင် ဘယ်တော့မှ ကြောက်ရွံ့အားငယ်မိမည် မဟုတ်။ အချစ်သည် ခွန်အား၊ အချစ်သည် ငြိမ်းချမ်းခြင်းမဟုတ်လား။ သို့သော် သူကလေးနှင့်ဝေးခဲ့ပြီ။ စိတ်အားငယ်ခြင်း၊ ဆုံးရှုံးခြင်းတို့ကို တစ်ပြိုင်တည်း ခံစားလိုက်ရ၏။ ညင်းတွဲ့သေးငယ်လှသည့် မိမိ၏အသံကို မိမိပြန်ကြားနေရ၏။ အထိတ်တလန့် ကြောက်ရွံ့အားငယ်ခြင်းဖြင့် တစာစာ အော်ဟစ်နေသည့် ဒုတိယအသံ။

ဘုရား ဘုရား ဆောက်တည်ရာမရ အလန့်တကြား စဉ်းစားမိပြန်၏။ မိတ်ကောင်း ဆွေကောင်းတစ်ယောက်ဖြစ်တဲ့ လန့်စ်အပေါ်မှာသာ မဟုတ်ဘဲ အသက်တစ်မျှ ချစ်ရသည့် ကွန်ချီတာကိုပါ သစ္စာမဲ့ရာကျနေပြီလား။ အဆိုးဆုံးမှာ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး သစ္စာမဲ့သည်ဟု မြင်လာသည့်အဖြစ်။ မော်ဂင်ဆိုသည့် မိန်းမတစ်ယောက်ကြောင့် ရှိစုမဲ့စု သိက္ခာမှန်သမျှ ဆုံးရှုံးရတော့မှာလား။ သည်မိန်းမကြောင့် အသူရာနက်သည့် ချောက်ထဲသို့ အတားအဆီးမရှိ အကျခံရမည်လား။ သည်အတွေးကြောင့် ရှော့စ် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။

လွတ်လမ်းရှိပါဦးမည်လား။ လွတ်ရာလွတ်ကြောင်း အမျိုးမျိုးရှာပြီးပြီလေ။ ဆိပ်ခံပေါ်မှ ဆင်းလာခဲ့သည်။ ဆိပ်ကမ်းပေါ်တွင် ရပ်နေသည့် အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်ရ၏။ ရင်ထဲတွင် တဒိုင်းဒိုင်းခုန်သွားသည်။ ဘုရားသခင် မဟုတ်ပါစေနဲ့၊ ဟုတ်လျှင်လည်း သည်တစ်ကြိမ် ပြေးစရာမြေရှိမည် မဟုတ်တော့။

ဟင် ဂျယ်နီပါလား၊ ထိတ်လန့် တုန်လှုပ်နေရာမှ ရင်ထဲတွင် ပျော်သွား
သည်။

"ကြည့်စမ်း ဂျယ်နီ၊ မင်း ဒီအချိန်ကြီး ဘာလာလုပ်နေတာတုံး"

ဂျယ်နီ့မျက်နှာကို သဲသဲကွဲကွဲ မြင်ရတော့ ပျော်နေသည့်စိတ်ကလေးမျာ
ရုတ်ခြည်းပျောက်ကွယ်သွားတော့၏။ ငိုနေသည့်မျက်နှာမဟုတ်။ ငိုထားသည်
ပုံမျိုးလည်း မဟုတ်။ အလွန်အမင်း စိတ်ဓာတ်ကျနေသည့် မျက်နှာမျိုး။

"ဘာဖြစ်လို့လဲဟင် ဂျယ်နီ"

"ဒီနေ့မနက် ၁၀ နာရီမှာ ဖေဖေဆုံးသွားပြီ ရှော့စ်၊ တွမ့်ကို ရှာတယ်
ဘယ်မှာမှ မတွေ့ဘူး။ သူ သူ ဟိုကိုရောက်နေတယ် ထင်တာပဲ၊ ကိစ္စမရှိဘူ
လေ။ ခု ရှော့စ် ရောက်လာပြီပဲ။ ရှော့စ်ကိုပဲ ဂျယ်နီ အားကိုးတော့မှာပဲ။ နယူ
အော်လီယန်း သွားတယ်ဆိုတာ ဝေါလေ့စ်ပြောလို့သိတာ၊ သင်္ဘောတစ်စင်းပြီ
တစ်စင်း ဂျယ်နီ စောင့်နေတာ။ တော်ပါသေးရဲ့ကွယ် ရှော့စ် ရောက်လာလို့"

"ကိုယ် စိတ်မကောင်းပါဘူး ဂျယ်နီ"

ရှော့စ် တိုးတိုးကလေး ပြောလိုက်သည်။

"သိပါတယ် ရှော့စ်ရယ်၊ ဖေဖေကလည်း ရှော့စ်ကို သိပ်ခင်ပါတယ်
ဂျယ်နီကို လုံးဝ သဘောမကျဘူး သိလား။ တွမ်ကို ရွေးလို့လေ။ ဂျယ်နီကလည်
မိုက်ပါတယ်လေ။ ဒါပေမဲ့–"

*"တော်ပါတော့ ဂျယ်နီရယ်၊ အဲဒီအကြောင်းတွေ မပြောပါစို့နဲ့"*

"ဂျယ်နီမှာ အားကိုးစရာ မရှိတော့ဘူး ရှော့စ်။ ပုဏ္ဏမီရိပ်သာနဲ့လည်
ဝေးပါပြီ၊ တွမ်တစ်ယောက် ဒီမိန်းမရဲ့ညွှတ်ကွင်းက မရုန်းနိုင်တော့ဘူး ရှော့စ်"

"အို ဘာပဲဖြစ်ဖြစ် လာနေပေါ့ ဂျယ်နီရယ်"

"ဘယ်ဖြစ်မလဲ ရှော့စ်ရယ်၊ ဘယ်တင့်တယ်ပါ့မလဲ။ ဘယ်လိုမှ မဖြစ်နိုင်
တော့ဘူးလေ။ ဂျယ်နီနဲ့ ရှော့စ်လည်း ဘယ်လိုမှ မနီးစပ်နိုင်တော့ဘူး။ ပထမအချက်
က ရှော့စ် ဂျယ်နီကို မချစ်တော့လို့ပဲ။ ဒုတိယကတော့ ကွန်ချီတာကြောင့်ပေါ့
ကလေးမကလေးက တော်ရှာပါတယ်နော်။ ချစ်စရာလည်း သိပ်ကောင်းတာပဲ
နောက်တစ်ခုရှိသေးတယ် ရှော့စ်။ ဂျယ်နီ တွမ့်ကိုပဲ ချစ်နေသေးတယ်၊ သူ
ဘယ်လောက်ဆိုးဆိုး"

"သူကလည်း မင်းကိုချစ်ပါတယ် ဂျယ်နီရယ်၊ အဲဒါတော့ မင်း ယုံပါ
ကိုယ် သေသေချာချာ သိတယ်။ မော်ဂင်က သူ့ကို ဖမ်းစားထားလို့ သူ မှိုင်းမိ
နေတာပါ။ ခုလောက်ဆို သူ အမြင်မှန်ရလောက်ပြီ၊ ဒါဆို–"

ဂျယ်နီ ခေါင်းခါသည်။

"မရဲတော့ပါဘူး ရှော့စ်၊ ဒီတစ်သက် မရတော့ဘူး။ လာပါ ရှော့စ်ရယ်၊
ကြပါစို့၊ ဂျယ်နီတစ်ယောက်တည်း ဘာဆက်လုပ်ရမှန်းကို မသိဘူး"

အသုဘအတွက် အစီအစဉ်တွေအားလုံး ထောင့်စေ့သည်။ ပီတာဒယ်လ်
၏ ခန္ဓာကိုယ်ကို တောင်ခြေရပ်ကွက် သချိုင်းငယ်ကလေးတွင် ဂူသွင်း
ှိုဟ်ကြသည်။

အသုဘ အခမ်းအနားတစ်ချိန်လုံး တွမ်တစ်ယောက် နှုတ်ဆိတ် ငြိမ်သက်
၏၊ မျက်နှာကြီးနီပြီး နောင်တရနေသည့်ပုံမျိုး။ တိုးတိုးတိတ်တိတ် ကျိတ်ငို
သာ ဂျယ်နီကိုငေးကြည့်နေသည်။ သို့သော် ကိစ္စပြီးသည်နှင့် မြင်းပေါ်တက်ပြီး
ွက်သွားသည်။

သည့်နောက်ပိုင်းရက်များကား ရှော့စ်အတွက် ယားလို့မှ ကုတ်ချိန်မရှိ
ည့် ရက်များတည်း။ အလုပ်ထဲတွင် မအိပ်မနေ မြှုပ်နှံထားလိုက်သည်။
ဘာတစ်ရက်နေ့ဆိုလျှင် မိမိ လျာထားချက်အောင်ပြီဟု ယုံကြည်လိုက်၏။
ည် ခရစ္စမတ်အမီ ပုဏ္ဏမီရိပ်သာ လုံးဝပြီးစီးတော့မည်။

သို့သော် ဘာမျှ အနှစ်သာရမရှိသည့် အောင်မြင်မှုမျိုး။ အစ်ကိုလုပ်သူ
၊ ညီမလေး အဲနစ်ရယ်နှင့် သည်အိမ်ကြီးမှာ အတူတူနေရမည်။ မိမိအတွက်
ရှင်မဖြစ်လာမည့် ချစ်သူက အိမ်တက်မင်္ဂလာတွင် မပါဝင်နိုင်သည့်အဖြစ်။
*ကမ္ဘမလောင်းကြီးက တစ်နှစ်စောင့်ပါတဲ့။ တစ်နှစ်ကြာပြီးတော့ကော* ပြဿနာ
ပြီးမှာတဲ့လား။ သမီးကို ကျွန်ပိုင်ရှင်တစ်ယောက်ရဲ့ ဇနီး အဖြစ်မခံနိုင်သည့်
၏သမီးကိုမှ ချစ်မိသည့်ဝန်ကား လေးလံလှပါတကား။

မော်ဂင်ကို ထည့်မစဉ်းစား၍လည်း မဖြစ်။ ဤအရာကား တားဆီး၍
ါချေ။ မလွဲမသွေ တွေ့နေ ဆုံနေရ၏။ ကြားနေ မြင်နေရ၏။ မော်ဂင်၏
ဝန်းနက်များသည် မိမိ၏ တည်ငြိမ်မှု (ယခုတော့ ဟန်ဆောင်တည်ငြိမ်မှု
နေပြီ) ကို လောင်ကျွမ်းလုနီးပါး ဒုက္ခပေးလျက်ရှိ၏။

မမြင်ရသည့် သည်တွန်းအားကို ခွန်အားရှိသမျှ ဆန့်ကျင် တွန်းကန်သည်။
ယောက်ချင်း ဘယ်တော့မှမတွေ့။ တတ်နိုင်သမျှ ရှောင်ဖယ်ဖယ်နေသည်။
်တော့မှ သတိမလစ်။ သူ့ယောကျ်ားမပါဘဲ အိမ်ပေါ်သို့ တက်ခွင့်မပေးဖို့
လေ့စ်အား အပြင်းအထန် ညွှန်ကြားထားပြီးဖြစ်၏။ သို့သော် စိတ်၏
ချမ်းခြင်းကိုမူ တစ်ရံတစ်ဆစ်မျှ မရရှိခဲ့။

သည့်လို ကြိုးစားရလေလေ၊ သွေးသားတွေက စကားပြောလာလေလေ။

သူ့အကြောင်း ဖွဲ့ဆိုသည့် တေးသွားကို အာရုံရောက်နေတတ်၍ စန္ဒရားလ
မတီးဖြစ်တော့။

အိပ်မပျော်သောညတွေ အသချေ ဖြစ်လာ၏။ သည်လိုညများမှာ မ
မှောင် မည်းမည်း လမ်းများတွင် မြင်းစီးထွက်၏။ အရက်ကို ဧည့်ခံပွဲများတွင်
လိုက်လျောညီထွေ သောက်စာတတ်ခဲ့သူသည် ယခု အမူးသောက်တတ်နေ
တဖြည်း ပိန်ကျလာ၏။ ပို၍ ဖြူဖျော့လာ၏။ မျက်လုံးပြာများသည် မျက်
ပိန်ပိန်နှင့် မလိုက်တော့။ မျက်လုံးတွေက ဖိုကြီးနေသလို ထင်ရ၏။

တစ်နေ့တွင် တောင်ထွတ်မြို့သာရှေ့တွင် ထိုင်ကာ လန့်စ်ဘရစ်တ
မြင်းစီးပြီး ဝင်းတံခါးကို ခုန်ကျော်သည့် မြင်ကွင်းအားကြည့်နေမိသည်။ သူ့မြ
ကြီးက မကြာမီကမှ ထပ်ဝယ်သည့် အမဲလိုက်မြင်းကြီး။ အုန်းခွံရောင် တမိ
ဖိတ် တောက်လို့။

ဝင်းတံခါးကို မြူးမြူးကြွားကြွား ခုန်ပျံကျော်သွားလိုက်သည်မှာ အတော
ပါသည့် နတ်မြင်းပျံအလား။ မြင်းပေါ်မှလူနှင့် အုန်းခွံကြီးမှာ တစ်သားတည
ဖြစ်နေ၏။ လန့်စ်သည် အဟုတ်ကျွမ်းသည့် မြင်းစီးသမားတစ်ယောက်ပါ
လုံးဝ အားမစိုက်ရဘဲ ကျော်သွားခြင်းမျိုး။

ရှော့စ်ဆီသို့ လန့်စ် ဆက်စီးလာသည်။ နေလောင်ထားသည့် သူ့မျက်
ညိုညိုကြီးမှာ ကြည်လင်ရွှင်ပျနေ၏။

နားသယ်စတွင် ဆံပင်ဖြူစပြုနေပြီဖြစ်သော်လည်း လူငယ်တစ်ယောက်
အသွင်ကို ဆောင်နေဆဲ။

"ဘယ်လိုလဲ ရှော့စ်၊ ကိုယ့်တောင်ကြီးကို အဲ့ဩကျရဲ့လား"

လန့်စ်က ပြုံးပြုံးမေးလိုက်သည်။

"တကယ်လှပါတယ်ဗျာ၊ နာမည် ဘယ်လိုပေးထားလဲ လန့်စ်"

"မင်းသားကြီး တဲ့လေ။ သူနဲ့လိုက်တဲ့ မြင်းမတစ်ကောင်လည်း ရှာရဦးမယ
ကိုရင် အေးအေးဆေးဆေး မဟုတ်လား။ ညစာ စားပြီးမှ ပြန်ထေ"

ရှော့စ် ငြင်းဆန်ဖို့ ဟန်ပြင်လိုက်သည်။

"ဖြည်းဖြည်းမှ ပြန်ပါကွာ၊ ကိုရင် ဒီဘက်မရောက်တာလည်း ကြာပြီ
တောင်ထွတ်မြို့သာဟာ မောင်ရင့်ရဲ့ ဒုတိယအိမ်ပဲကွ"

"ကောင်းပါပြီဗျာ ကောင်းပါပြီ။ ဒါထက် ဝင်းတံခါးက ဘယ်လောက်
မြင့်လဲ လန့်စ်"

"တစ်ခါမှ တိုင်းမကြည့်ဖူးဘူး ရှော့စ်၊ ၁၂ တန်းရှိတယ်၊ နောက်တစ်တ



မလို့ စိတ်ကူးထားတယ်၊ မင်းသားကြီးခုန်တာ မောင်ရင် တွေ့လိုက်တယ်
တ်လား။ အပေါ်ဆုံးတန်းနဲ့ ဘယ်လောက်ကွာသလဲကွ"

"လွတ်ရုံကလေးပဲဗျ၊ နောက်တစ်တန်း တင်လိုက်ရင်တော့ ရှေ့လက်နဲ့"

"နောက်တန်းမြှင့်ရင် ဘာဖြစ်မလဲဟင်"

လန့်စ်က မော်ဂင်ဆီသို့ မျက်ခုံးလှမ်းကြည့်ပြီး မျက်မှောင်ကြုတ်လိုက်
ည်။

"ငါက မင်း အိမ်ထဲမှာ အောက်မေ့နေတာ"

"ဟုတ်တယ်လေ၊ ခုမှထွက်လာတာ။ ပြောစမ်းပါဦး ရှော့စ်။ နောက်
စ်တန်း တင်ရင် ဘာဖြစ်မလဲ"

လန့်စ် နဖူးရေတွန့်ပြီး–

"တန်းနဲ့မလွတ်ရင် မင်းသားကြီး ခွေးကျ ကျမှာပေါ့ကွ၊ ပြီးတော့ ငါလည်း
က်ကျိုးသေမှာပေါ့"

"လန့်စ်က လွတ်အောင် မခုန်နိုင်ဘူးလား"

မော်ဂင် ခပ်တိုးတိုး မေးသည်။

"ဘယ်လွတ်မလဲ၊ ခုတောင် လွတ်ရုံကလေး ရှိတယ်တဲ့"

"အို ဒါနဲ့များ နောက်တစ်တန်း တင်ဦးမယ်လို့ကွယ်"

မော်ဂင်၏လေသံမှာ ချိုသာအေးမြနေသည်။

"လာကြလေ၊ ညစာ ပြင်ပြီးလောက်ရောပေါ့"

ည ဂဝိုင်းတွင် မော်ဂင်တစ်ယောက် ငြိမ်သက်နေသည်။ တစ်စုံတစ်ခုကို
လေးအနက်တွေးနေပုံ။ သည်အမူအရာမျိုးကို ရှော့စ်မကြိုက်လှ။ တာဝန်ကျေ
မိရှင်မတစ်ယောက်အသွင် ဆောင်နေ၏။ လင်သားအပေါ် ထူးထူးခြားခြား
ရုတစိုက် ရှိနေ၏။ အကောင်းစားဝိုင်နှင့် စားကောင်း သောက်ဖွယ်များကြောင့်
ကျနပ် ရွှင်ပျနေသည့် လန့်စ်သည် ဇနီးလုပ်သူ၏ အယုအယတွင် ကြည်နူး
နပုံရ၏။

ရှော့စ်ကမူ ကုလားထိုင်ပေါ်တွင် အတောင့်သားထိုင်ရင်း သေသေချာချာ
ကဲခတ်နေ၏။ သည်ည မော်ဂင်သည် သူ မမြင်ဖူးသည့် မော်ဂင်ဖြစ်နေ၏။
ယားအလိမ္မာကလေး လုပ်နေ၏။ သည်အမျိုးသမီးကို ဘယ်လို နားလည်ရပါ
ည်လဲ။ ရှေ့ခါ ရိုးသားပွင့်လင်းပြီး ရှေ့ခါတွင် အတိုင်းအဆမရှိ ကောက်ကျစ်စဉ်းလဲ
သည့် မိန်းမ။

"ရှော့စ် ကြည့်ရတာ ပုစ္ဆာတစ်ပုဒ် တွက်မရတဲ့ ကျောင်းသားကလေး

ကျနေတာပဲ၊ ဘာတွေ တွေးနေဗ္ဗာလဲ”

မော်ဂင်က ဗိုက်ထဲတွင် ပုရွက်ဆိတ်ကလေး ရှိသည့်အလား ကောက်…
ငင်ကာ မေးသည်။

“အမိအကြောင်း တွေးနေတာပါ၊ ဘာမှ နားမလည်လို့”

“မကြိုးစားဘဲနေတာ ကောင်းလိမ့်မယ် ရှောစ်၊ မောင်ရင် ရူးသွား…
မယ်”

“ခင်ဗျားနေရာမှာ ကျွန်တော်နေရရင် တကယ်ရူးမယ်ထင်တယ် လန်…

“ကိုယ့်ကို မရူးသေးဘူးလို့ ဘယ်သူပြောနိုင်လဲ ရှောစ်”

ဤတွင်မှ မော်ဂင် ဖြတ်ဝင်သည်။ သူ့အသံမှာ တည်တည်ငြိမ်ငြိမ်…

“ဒီလိုရှိတယ် ရှောစ်ရဲ့၊ လန့်စ်က မော်ဂင်ကို ယုံတယ်၊ ရှောစ်က…
မယုံဘဲကိုး၊ အဲဒါ ကွာတယ်လေ၊ ဟုတ်တယ် မဟုတ်လား”

“ဟုတ်တယ် မော်ဂင်၊ ကျုပ် အမိကို မယုံဘူး”

မော်ဂင်က လန့်စ်အက်သို့ လှည့်ကြည့်ပြီး ပြုံးသည်။

“ရှောစ်က မော်ဂင့်ကို မုဆိုးတစ်ပိုင်း မိန်းမရိုင်း စာရင်းသွင်းထားတာ…
လူတကာပြောတဲ့ အတင်းအဖျင်းတွေကို သူ နားယောင်နေတယ် ထင်ပါရဲ့…

ရှောစ်ဘက်လှည့်ပြီး

“ဒါဖြင့်လည်း ရှင်ကြားတာတွေ လန့်စ်ကို ပြောပြလိုက်ပါလား ရှော…
ဒါမှ ရင်ထဲပေါ့သွားမှာပေါ့”

လန့်စ်က ဖန်းလုဗ်သူကို စူးစူးရဲရဲ လှမ်းကြည့်ရင်း

“တော်ပါတော့ မော်ဂင်ရယ်၊ ရှောစ်တစ်ယောက် မင်း မကောင်းကြော…
ဘယ်တော့မှ မပြောဖူးပါဘူး၊ မင်းဘက်က ကာကွယ်ပြီး ဖုံးဖိတာတွေပဲ ရှိ…
ရှိမှာ”

မော်ဂင် ရယ်သည်။

“ကျေးဇူးတင်ဖို့ ကောင်းလိုက်တာနော်”

လေးလံ နေးကွေးသည့် လေသံဖြင့် လန့်စ် စကားဆက်သည်။

“ဒီမယ် မော်ဂင်၊ မင်းအကြောင်းတွေ အသေးစိတ်သတင်းပေးချင်လ…
လာတဲ့လူ နှစ်ဒါဇင်လောက် ရှိတယ်ခင်ဗျာ၊ ကျုပ်အိမ်က ထွက်သွားတိုင်…
အမိနေပုံ ထိုင်ပုံတွေလေ။ ဒါပေမဲ့ သူတို့စကားမစခင် ကျုပ်က ပိတ်ပိတ်ပစ်လို့…
အသက်ငါးဆယ်ဆိုတဲ့အရွယ်ဟာ အေးအေးချမ်းချမ်း နေသင့်တဲ့ အရွယ်က…
သတ်တဲ့ ဖြတ်တဲ့၊ ပစ်တဲ့ ခတ်တဲ့ အလုပ်တွေ ငါမလုပ်ချင်တော့ဘူး”



“ဪ ရှင်က မေတ္တာ ကရုဏာတွေအကြောင်း ဆက်ပြောမလို့လား”

မော်ဂင်က သရော်တော်တော် လေသံဖြင့် ပြောသည်။

လန့်စ်က ဂရုမစိုက်သလို ဆက်ပြော၏။

“တစ်ဖက်ကကြည့်ရင် မင်းကို ငါယုံပါတယ် မော်ဂင်၊ ဒါပေမဲ့ မင်းက
…သောင်းကျန်းတယ်၊ သိပ်ပစ်စလက်ခတ်နိုင်တယ်။ ဘာပဲဖြစ်ဖြစ် မင်းဟာ
…ကျားအပေါ် ဖောက်ပြန်တဲ့မိန်းမတော့ မဟုတ်သေးဘူးလို့ ငါ ယုံတယ်၊
…လိုပဲ ငါယုံကြည်နေပါစေ မော်ဂင်၊ အဲဒီလိုမဟုတ်ရင် အင်း ဒုက္ခတွေဖြစ်ကုန်
…ယ်”

ရှောစ်ဘက် လှည့်ပြီး

“ကိုယ် တောင်းပန်ပါတယ် ရှောစ်၊ ဒီကိစ္စဟာ ပြောလို့ကောင်းတဲ့ ကိစ္စ
…ဟုတ်ဘူး၊ ဘယ်လို ဘယ်လို စကားစပ်မိသွားတယ် မသိဘူး”

“ကိစ္စမရှိပါဘူး လန့်စ်ရာ”

ပြောပြောဆိုဆို ရှောစ် ယမကာခွက်ကိုလှမ်းယူသည်။ သို့သော် သောက်…
…နိ မရမီ ကာတို အလိတ်တလန့် အမူအရာဖြင့် အခန်းထဲဝင်လာသည်။

“ဘာဖြစ်လာတာလဲ ကာတို”

လန့်စ်က လှမ်းဟောက်လိုက်သည်။

“မစ္စတာရှောစ် အိမ်က ဆိုင်မွန် ရောက်လာပါတယ် ခင်ဗျ။ ချက်ချင်း
…ိုက်ခဲ့ပါတဲ့၊ မစ္စဂျယ်နီ အို ဒုက္ခဖြစ် နေလို့တဲ့ခင်ဗျ”

ရှောစ် အလောတကြီး ဝင်မေးသည်။

“ဘာ ဘာဒုက္ခဖြစ်တာလဲ ကာတို”

“ဘာရယ်လို့တော့ ကျွန်တော် အတိအကျမသိဘူးခင်ဗျ”

ရှောစ် မတ်တတ်ထရပ်သည်။

“ကျွန်တော့်ကို ခွင့်ပြုကြပါဦး ခင်ဗျာ” ဟု ယဉ်ကျေးစွာ ခွင့်တောင်းသည်။

“ကိုယ် လိုက်ခဲ့မယ် ရှောစ်၊ မောင်ရင် အကူအညီလိုချင် လိုမှာ”

“ဟုတ်တယ် လန့်စ်”

ဧည့်သည်ဆောင်တွင် ဆိုင်မွန့်ကို သူတို့တွေ့ရ၏။ ကြောက်လွန်းသဖြင့်
…တ်ဆတ်တုန်နေသည်။

“ဘာဖြစ်လို့ မင်း ဒါလောက် ကြောက်နေတာလဲ ဆိုင်မွန်။ မစ္စဂျယ်နီ
…ဖြစ်လို့လဲ”

“ခု ခုတော့ ဘာမှမဖြစ်သေးပါဘူး ဆရာ။ အဘိုးကြီးဆုံးပြီးကတည်းက

ဆိပ်ကမ်းလူမိုက်တွေ မမလေးကို မျက်စိကျနေတာ ခင်ဗျ။ ဆရာ့ကို ကျွန်တေ ပြောမလို့ပါပဲ။ မပြောရဘူးလို့ ပိတ်ထားတာနဲ့ ကျွန်တော် မပြောရဲတာ ဆရာ တွမ်ကိုပြောတာ လုံးလုံးဂရုမစိုက်ဘူး ခင်ဗျာ”

“ဟေ့ တိုတိုပြောစမ်းကွာ”

ရော့စ် စိတ်မရှည်သလို ဝင်ဟောက်လိုက်သည်။

“သူတို့ သူတို့တွေ မူးလာကြတယ် ခင်ဗျာ။ အားလုံး ခြောက်ယော တစ်ညနေလုံး အိမ်နားမှာလာပြီး ရစ်သီရစ်သီ လုပ်နေကြတယ်။ မမလေးကလ တစ်ယောက်တည်းမဟုတ်လား။ မှောင်တာနဲ့ ဒုက္ခပေးမယ်ထင်ပြီး ကျွန်တေ ပြေးလာပြောတာပါ ခင်ဗျာ။ ခုလောက်ဆို–”

ရော့စ်က စကားဖြတ်ပြီး ‘ကျေးဇူးပဲ ဆိုင်မွန်၊ ကာတို ကျုပ်ပစ္စည်း မြန်မြန်ပေးစမ်း၊ ဆိုင်မွန်ကို အရက်နည်းနည်းတိုက်လိုက်ပါ”

“ငါ့ဟာတွေလည်း ယူခဲ့ဟေ့”

လန့်စ်ကလည်း ကာတိုကို လှမ်းအမိန့်ပေးလိုက်သည်။

“ရပါတယ် လန့်စ်၊ ကျွန်တော့်ဘာသာ ကြည့်ရှင်းလိုက်ပါ့မယ်”

“သူတို့အားလုံး ခြောက်ယောက်ဆို မလိုအပ်ဘဲနဲ့ မိုက်ရူးရဲမလုပ်စမ်းပါ ရော့စ်၊ ဒါထက် မောင်ရင့်မှာ သေနတ်ပါလား”

“ဟုတ်ကဲ့ ပါပါတယ်”

“ဟုတ်ပြီ၊ လာ ရော့စ်၊ စာကြည့်ခန်းထဲ ခဏသွားရအောင်”

ရော့စ် သူ့နောက်မှ လိုက်သွားသည်။ နံရံတွင် မြုပ်ထားသည့် သစ်သ ဗီရိုလျှောတံခါးကို တွန်းဖွင့်သည်။ သေနတ်မျိုးစုံ ထောင်ထားသည်ကို တွေ့ရ၏ အမြောက်အသေးစားကလေးနှင့် တူသည့် ကိုလ်အမျိုးအစား ခြောက်လုံးပြ ကြီးကိုယူပြီး ခါးတွင်ထိုးသည်။ ဗီရိုထဲမှ အခွေကြီးတစ်ခွေကိုပါ ထုတ်ယူသည် ကြိုးခွေကြီးတစ်ခုလိုလို။ သေသေချာချာကြည့်တော့မှ နွားကျောင်းသားတေ ကိုင်သည့် ရောမကျာပွတ်ရှည်ကြီး။ ၁၄ ပေခန့် ရှိသည်။

ကိစ္စတိုင်းတွင် သေနတ်နဲ့ ကျာပွတ်နဲ့ရှင်းချင်တယ်ဟု လန့်စ်အကြော မော်ဂင် ပြောဖူးသည်ကို အမှတ်ရလိုက်၏။ သည်တစ်ခါတော့ လန့်စ် မှန်လိ မည်ဟု ရော့စ် ယုံကြည်လိုက်၏။ သည်ကျာပွတ်မျိုးသည် ကျွမ်းကျင်သူတစ်ယော ၏ လက်ထဲတွင်ဆိုလျှင် ကြောက်စရာအကောင်းဆုံး လက်နက်ဖြစ်သည် မြင်ရရုံနှင့် နှလုံးသွေးပျက်ချင်စရာ။ သေနတ်နှင့် ရင်ဆိုင်ရသည်ကမှ တော် မည်ဟု ရော့စ် စဉ်းစားလိုက်မိ၏။



“ကဲ ကိုယ် အသင့်ဖြစ်ပြီ ရော့စ်”

*

နှန်စီသည် အလွန်မြန်သည့် မြင်းမပျိုကလေး ဖြစ်သည်။ သို့သော် န့်စ်၏မြင်းသားကြီးနှင့်စာလျှင် နေရာမှမရွေ့သလို ဖြစ်နေ၏။ လန့်စ်က ့စ်ကို ခဏခဏရပ်ခေါ်ရသည်။ ခရီးကမနီးလှ။ ရော့စ်အတွက် ခါတိုင်းထက် း‌နေ၏။

နောက်ဆုံး တောင်အောင်ရပ်ကွက်သို့ သူတို့ရောက်လာကြသည်။ မြင်း ယ်စီ တရကြမ်းနှင်လျက် ခြံဝအရောက်တွင် ဂျယ်နီ့အော်သံ ကြားလိုက်ရသည်။

ရော့စ် လွှားခနဲခုန်ဆင်းလိုက်သည်။ အပေါ်ပိုင်း ပတ္တာတွေပြုတ်ပြီး စောင်းလဲကျနေသည့် ဝင်းတံခါးကို ကျော်နင်း အပြေးဝင်သည်။ လန့်စ်က က်မှ ထက်ကြပ်မကွာ လိုက်လာ၏။ လူဆိုးတစ်သိုက် သူတို့ဝင်လာသည်ကို သိကြ။ သူတို့အလုပ်နှင့် သူတို့ ရှုပ်နေကြသည်လေ။

ဂျယ်နီကို အိပ်ရာပေါ်တင်ပြီး လေးယောက်က ခြေတွေ လက်တွေ င်းချုပ်ပေးသည်။ နှစ်ယောက်က အဝတ်တွေ ဆွဲချွတ်နေ၏။ လက်မတင်လေး လား။ ကံကြီးပေလို့ပေါ့ဟု ရော့စ် အသံမထွက်ဘဲ ပြောလိုက်သည်။

အသက်ကို တစ်ချက်ဝအောင်ရှူပြီး ဗလ အကောင်းဆုံးကောင်ကြီး၏ က်တည့်တည့်ကို ရော့စ် ပစ်ထည့်လိုက်သည်။ လူဆိုးငနဲကြီးသည် ဘာမျှ းမလည်လိုက်သလို ကြောင်ကြည့်နေသည်။ ပြီးမှ အွန့်ခနဲ ညည်းတွားရင်း က်ကိုလက်နှစ်ဖက်နှင့်ဖိသည်။ သူ့လက်ကြားထဲမှ သွေးတွေ စီးကျလာသည်။

လန့်စ်၏ ကျာပွတ်ကြီးသည် ရှမ်းရှမ်းသံမစဲ အလုပ်များလျက်ရှိသည်။ ဆိုးငါးယောက်စလုံး အလန့်တကြား အော်ဟစ်ကာ အပေါက်ဝဆီသို့ အလု ယက် အသက်လုကာ ပြေးထွက်ကြသည်။ လန့်စ်က လမ်းဖွင့်ပေးပြီးမှ ာက်ကလိုက်ပြီး အားရပါးရ ရိုက်သည်။

ရော့စ်က သူတို့နောက်သို့ မလိုက်တော့ဘဲ စောင်တစ်ထည်ဆွဲယူပြီး လာကျင်းနေသည့် ဂျယ်နီ့ကိုယ်ပေါ်သို့ လွှမ်းပေးလိုက်သည်။

ရော့စ်၏ရင်ခွင်ထဲသို့ ဖိုသီဖတ်သီနှင့် ဝင်ပြီး ဂျယ်နီ တရှုပ်ရှုပ်ငိုသည်။

“ရော့စ် ရော့စ် ရောက်လာတယ်နော်၊ အရေးဟယ် အကြောင်းဟယ်ဆို ရော့စ်ပါပဲလေ၊ သူ သူ တွမ် ဘယ်တော့မှ”

ရော့စ် ဘာမျှပြန်မပြော။ ဗိုက်ကို လက်နှင့်ဖိလျက်သား လဲကျသေဆုံး

နေသည့် အလောင်းကောင်ကြီးကို စိုက်ကြည့်နေ၏။

ငါ လူတစ်ယောက်ကိုသတ်မိပြီ။ ဘယ်တုန်းကမှ သေနတ်သမားဖြစ် စိတ်မကူးခဲ့သည့်ငါ။ သူများအသက်ကို ပုရွက်ဆိတ်တောင်သတ်ဖို့ စိတ်မကူ သည့်ငါ။

ရော့စ် စိတ်တွေ ဆောက်တည်ရာမရ ဖြစ်လာသည်။

"လာ ဂျယ်နီ၊ တို့ ဒီအခန်းထဲက ထွက်ကြရအောင်"

အခန်းထဲမှ သူတို့အထွက်တွင် လန့်စ်နှင့်ဆုံသည်။ သူ့ပခုံးတွင် ရော ကျာပွတ်အခွေကြီးကို စွပ်လျက်။ ကျေနပ်နှစ်သိမ့်သည့် အမူအရာဖြင့် ပြုံးနေသ သူ့မျက်နှာ ညိုညိုကြီးကို ရော့စ် လှမ်းမြင်ရသည်။

"ကိုယ်တော့ ခွေးသူတောင်းစားတွေကို အရေခွံခွာပြီးပြီ၊ မင်း ဘာမှမဖြ ဘူးနော် မစ္စဂျယ်နီ"

"ဟုတ်ကဲ့ရှင်၊ နှစ်ယောက်လုံးကို ကျေးဇူးတင်ပါတယ်ရှင်"

"မလိုပါဘူးကွာ၊ တို့နှစ်ယောက်အတွက် ပျော်စရာအဖြစ်အပျက်ပ ဒီမယ် မစ္စဂျယ်နီ၊ မင်းကို ကျုပ်ပြောမယ်၊ အဝတ်အစား မြန်မြန်ဝတ်ပြီး ကျုပ် လိုက်ခဲ့၊ တောင်ထွတ်မြိုင်သာမှာ လာနေ၊ စိတ်ပြေလက်ပျောက်ပေါ့၊ ကျုပ်မိန်း က မင်းကို သဘောကျမှာ–"

လန့်စ် စကားစ ပြတ်သွားသည်။ ဂျယ်နီက အထိတ်တလန့် သူ့ လှမ်းကြည့်လိုက်၍ ဖြစ်၏။

"ဘာဖြစ်လို့လဲကွယ်၊ ဟင်"

လန့်စ်က ကြင်နာစွာ မေးလာသည်။

"ဘာမှ ဘာမှမဟုတ်ပါဘူး၊ မစ္စတာဘာရစ်တာနီ"

ဂျယ်နီ တိုးတိုးကလေး ပြန်ပြောသည်။

လန့်စ်က ဂျယ်နီကိုတစ်လှည့် ရော့စ်ကိုတစ်လှည့် ကြည့်သည်။ ရော့စ်က လေသံအေးအေးဖြင့် ဝင်ပြောသည်။

"ဂျယ်နီလည်း မော်ဂင်ကို သဘောမကျတဲ့အထဲမှာ တစ်ယောက်အပ အဝင်ပဲ လန့်စ်"

"ဟုတ်လား၊ ဒါဆို တွမ်ကြီးလည်း အင်း နားလည်ပါပြီ၊ ဒါကြော မောင်ရင့်အစ်ကိုဘက်က အမြဲတမ်း ကာကွယ်နေတာကိုး"

"အဲဒီအကြောင်း ခုလောလောဆယ် မဆွေးနွေးတာ ကောင်းပါတယ် လန့်စ်၊ ကဲ ဂျယ်နီ အဝတ်သွားဝတ်တော့"



"ဖြစ်မလား ရော့စ်ရယ်၊ သူ အထဲမှာ"

ဂျယ်နီက တိုးတိုးကလေး ပြောနေသည်ကို လန့်စ်က စကားဖြတ်ပြီး–

"ဘာ ဘယ်သူ အထဲမှာလဲ"

ရော့စ်က ဝင်ရှင်းပြသည်။

"ကျွန်တော်ပစ်လိုက်တဲ့ ကောင်ကြီးလေ လန့်စ်၊ ဂျယ်နီ အခန်းထဲမှာ သနေပြီ"

လန့်စ် မျက်နှာရှုံ့ပြီး–

"ကောင်းတာပေါ့၊ ကဲ မစ္စဂျယ်နီ မင်း ဒီမှာပဲနေ၊ ကျုပ်နဲ့ ရော့စ် သူ့ကို ဆွဲထုတ်သွားမယ်"

သူတို့နှစ်ယောက် အိမ်ထဲ ပြန်ဝင်သွားကြသည်။

လန့်စ်က အလောင်းကောင်ကြီးကို လက်တစ်ဖက်မှ ဆွဲမသည်။ သူ့ အမူအရာမှာ လုပ်ရိုးလုပ်စဉ် အလုပ်တစ်ခုကို လုပ်နေသလို။

"ဟိုဘက်လက်ကို ဆွဲမလေကွာ ရော့စ်"

ရော့စ်၏ တစ်သက်နှင့်တစ်ကိုယ် အလောင်းကို ဘယ်တုန်းကမှ မကိုင် ဘူးခဲ့။ သူ ကြောင်ကြည့်နေ၏။ လန့်စ်က သူ့ကိုစိုက်ကြည့်နေပြီး

"လုပ်လေကွာ၊ မောင်ရင် သူ့ကိုပစ်သတ်ပြီး ခုမှ ဘာကြောက်နေတာလဲ၊ ဒီလိုကောင်မျိုးဟာ သတ်ကို သတ်ရမယ့်ကောင်မျိုးကွ၊ ကဲ–ကဲ–လုပ်၊ ဟိုကလေးမ အအေးမိ သေနေဦးမယ်"

သည့်တော့မှ ရော့စ် လှုပ်ရှားလာသည်။ အလောင်းကောင်ကြီး၏ လက် တစ်ဖက်ကို ဆွဲပြီး လန့်စ်ကို အကူအညီပေးသည်။

"တို့ ရဲကိုတော့ အကြောင်းကြားမှ ထင်တယ် ရော့စ်"

လန့်စ်က မူမူပင်ပင် ပြောသည်။ အိမ်အောက်ရောက်သည်နှင့် ရော့စ်က အုတ်နံရံကိုမှီပြီး

"ဗျာ ရဲကို အကြောင်းကြားရမယ် ဟုတ်လား၊ မြို့နယ်ရဲမှူးက ကျွန်တော် တို့ ရပ်ကွက်ကို ဘယ်တုန်းကမှ ဂရုမစိုက်ခဲ့ဖူးပါဘူးဗျာ။ ခင်ဗျား တောင်အောက် ပိုင်းအကြောင်း ဘာမှမသိဘူး လန့်စ်"

"ပြဿနာဖြစ်လာမလားလို့ပါ ရော့စ်၊ ဖြစ်မလာနိုင်ဘူးလား"

"ကတ်သီးကတ်သတ်ဗျာ၊ သူ့သူငယ်ချင်း ငမူးတွေကလည်း သူ့ကို မေ့သွားကြမှာပဲ၊ ဒီအပိုင်းမှာ တရားဥပဒေဆိုတာ လုံးလုံးမရှိဘူး လန့်စ်"

လန့်စ်က ရော့စ်ကို အကြင်နာမျက်လုံးများဖြင့် စိုက်ကြည့်နေ၏။

"အင်း ဒါကြောင့် မောင်ရင် ဒီမှာ မနေချင်တာကိုး"

"တကယ့်အနိဋ္ဌာရုံရုပ်ကွက်ပဲ လန့်စ်"

"မောင်ရင် ပထမဆုံးလုပ်ရမယ့်အလုပ်က ဂျယ်နီဆိုတဲ့ ကလေးမ
အမြန်ဆုံး ဒီက ခေါ်ထွက်သွားဖို့ပဲ။ ပြီးတော့ ဒီတောင်အောက်ပိုင်းကို မောင်ရ
သံယောဇဉ် ဖြတ်လိုက်တော့။ ဟုတ်ပြီလား"

"ဟုတ်တယ် လန့်စ်"

"ကဲ… ဒီကိစ္စ ဘယ်လိုရှင်းမလဲ"

လန့်စ်က အလောင်းကောင်ကြီးကို ငုံ့ကြည့်ပြီး မေးလိုက်သည်။

"လွယ်ပါတယ်၊ မြစ်ထဲ ကန်ချလိုက်ရုံပါပဲ"

"ဟုတ်လား၊ ဒါဖြင့် လုပ်လေ"

သူတို့နှစ်ယောက် အလောင်းကြီးကို မြစ်ဆိပ်သို့ သယ်သွားကြသည်
ပြီးတော့ ရေထဲပစ်ချလိုက်၏။ ရေအောက်သို့ တဖြည်းဖြည်းမြုပ်ကာ ရေ
ကြောင်းအတိုင်း မျောပါသွားသည့် အလောင်းကောင်ကို ရော့စ် စိုက်ကြည့်နေ၏

လန့်စ်က သူ့ကိုကြည့်ပြီး တွေးတွေးဆဆ ပြောသည်။

"အင်း… မောင်ရင်က တော်တော်ဆန်းတဲ့ ကောင်ပဲ။ မိန်းကလေးတစ်ယော
လို စိတ်ထား သိမ်မွေ့ပေမဲ့ လိုအပ်တဲ့အခါမှာ ကျားတစ်ကောင်လို ရဲရင့်
ပေတယ်၊ မောင်ရင့်ကို ကျုပ် သိပ်ကြိုက်သွားပြီ၊ တကယ်ပြောတာ ရောစ်"

"ကျေးဇူးတင်ပါတယ် လန့်စ်"

အိမ်ပြန်ရောက်တော့ ဒီဖင်ဘာဆောင်း၏ အအေးဒဏ်နှင့် ထိတ်လန့်
တုန်လှုပ်ခြင်းတို့ ရောထွေးပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည့် ဂျယ်နီ
တွေ့ကြရ၏။

"ကဲ… ဂျယ်နီ၊ အခန်းထဲဝင်လို့ရပါပြီ၊ အားလုံးရှင်းသွားပြီလေ"

တုံ့ဆိုင်းဆိုင်း ခြေလှမ်းများဖြင့် ဂျယ်နီ လှမ်းသည်။ လန့်စ်က ရော
ဘက် လှည့်ပြီး

"မောင်ရင့်မရီးလောင်းအတွက် ဘယ်လိုစီစဉ်မလဲ ရောစ်။ ကိုယ် နားလ
သလောက် ပုဏ္ဏမီရိပ်သာမှာလည်း သူ လာနေလို့မတင့်တယ်ဘူး။ ကိုယ့်အိမ်ခေါ်
လို့လည်း မဖြစ်ဘူး။ ဒီမှာဆက်နေလို့လည်း မရတော့ဘူး။ ပြဿနာပဲ ရောစ်"

"မတတ်နိုင်ဘူး လန့်စ်၊ ကျွန်တော့်နေရာကို ပေးလိုက်ရတော့မှာ
ကျွန်တော့်ညီမလေး အဲနစ်နဲ့ ဂျယ်နီ အတူနေဖို့ စီစဉ်လိုက်ပါမယ်၊ ကျွန်တော
ကတော့ ဖြစ်သလိုပေါ့၊ တွမ်နဲ့အတူ ယာယီစခန်းမှာ ခဏသွားနေမယ်လေ"



"ဘယ်အဆင့်မြေပုံမလဲကွာ"

"ဒါတော့ ဒါပေါ့ဗျာ၊ ဒါပေမဲ့ ခရစ္စမတ်အမီ ကျွန်တော် ပုဏ္ဏမီရိပ်သာ
ပြောင်းနိုင်မှာပါ၊ သုံးမှတ်ပဲ လိုတော့တာပဲ လန့်စ်၊ ဒါလောက်နဲ့ သိပ်မထူး
တော့ပါဘူး"

"ဒီမယ် ရောစ်၊ မောင်ရင်နဲ့ တွမ်က ဘယ်လိုလဲကွ"

"ကျွန်တော် တောင်းပန်ပါတယ် လန့်စ်ရယ်၊ နောက်မှ…"

ထိုစဉ် မြင်းတစ်စီး အပြေးဝင်လာသံကြားသဖြင့် သူတို့ စကားပြတ်
ကြသည်။ မြင်းပေါ်မှ လွှားခနဲခုန်ဆင်းလိုက်ပြီး အိမ်ထဲသို့ ဒရောသောပါး
ပြေးဝင်လာသူက တွမ်။ သူ့မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေ၏။

"ဟော… ရောစ်၊ ဂျယ်နီကော… သူ… သူ ဘာမှမဖြစ်ဘူးနော်"

"အခန်းထဲမှာ၊ ဘာမှမဖြစ်ပါဘူး"

"ကျေးဇူးပါပဲကွာ"

ပြောပြောဆိုဆို တွမ် အိမ်မကြီးထဲ ပြေးဝင်သွားသည်။ တွမ်တစ်ယောက်
တော်တော်နှင့် ပြန်ထွက်မလာ။ လန့်စ်က ရောစ်ကို စိုက်ကြည့်နေသည်။
သဘောကျနေသည့် အပြုံးမျိုးဖြင့်။

"မောင်ရင် ရှေ့လျှောက် သေနတ်ကို အမြဲတမ်းအသင့်ဆောင်တော့နော်၊
ဂျယ်နီကိုလည်း ပိုပြီး ဂရုစိုက်ရလိမ့်မယ်"

"ရပါတယ် လန့်စ်၊ ဟော သူတို့လာပြီ"

တွမ်နှင့်ဂျယ်နီ အိမ်ထဲမှထွက်လာကြသည်။ တွမ်က ဂျယ်နီ့ခါးကို
ဖက်လျက်။ ဂျယ်နီ့မျက်နှာကလေး ခုမှ ကြည်လင်လာသည်။ မျက်တောင်ကော့
များတွင် မျက်ရည်စတွေ စိုစွတ်နေသေး၏။

တွမ် စကားစသည်။

"ဂျယ်နီ့ဆီက ကျွန်တော် အားလုံးကြားပြီးပါပြီ။ လူကြီးမင်းတို့ နှစ်ယောက်
ကို ကျွန်တော် အလိုက် အသည်းလှိုက် ကျေးဇူးတင်ပါတယ်၊ မင်း လင်းတ
တစ်ကောင်ကို ရှင်းလိုက်တယ်၊ ဟုတ်လား ရောစ်၊ ငါ ဂုဏ်ယူပါတယ်ကွာ"

"ခင်ဗျားသာ ဂျယ်နီကို ဂရုတစိုက်နဲ့ အနားမှာရှိရင်…"

"ငါသိပါတယ် ရောစ်၊ မင်းပြောတာ မှန်ပါတယ်၊ ငါဟာ သိပ်တုံးတဲ့
တုံးပဲ ရောစ်"

ဂျယ်နီကို အကြင်နာမျက်လုံးများဖြင့် ကြည့်ရင်း သူ ပြန်ပြောသည်။
ရောစ်ကို ဖျတ်ခနဲ မော်ကြည့်ပြီး–

"ကဲ ရှောစ်၊ မင်းဆန္ဒအတိုင်း ဖြစ်ပါပြီကွာ၊ ပုဏ္ဏမီရိပ်သာမှာ တို့ မင်္ဂလာ
ဆောင်မယ်၊ ခရစ္စမတ်အမီပေါ့"

ရှောစ်က အစ်ကိုလုပ်သူကို ငေးကြည့်နေပြီးမှ

"သိပ်ကောင်းတာပေါ့ တွမ်"

"လောလောဆယ်တော့ ဂျယ်နီ မင်းအိမ်ပို့ထားမှ၊ တခြားနေရာလည်
ဘယ်မှအဆင်ပြေမှာ မဟုတ်ဘူး"

"ကျွန်တော်လဲ အဲဒီအတိုင်း စိတ်ကူးထားပါတယ်"

တွမ်က ဂျယ်နီကို ဇွေ့ခနဲ မြင်းပေါ်မြှောက်တင်ပြီး သူကိုယ်တိုင် ရှေ့
ထိုင်သည်။

"လူကြီးမင်းတို့ နှစ်ယောက်ကို ကျေးဇူးတင်ကြောင်း ထပ်ပြောပါရစေ
ကဲ...ခွင့်ပြုကြပါဦး"

■

## အခန်း (၉)

းက တစိမ့်စိမ့်ရွာနေ၏။ ဝက်သစ်ချပင်အိုများပေါ်တွင် စိုစွတ်နေသည့် ရေညှိပင်
ားသည် မလှုပ်မယှက်ငြိမ်သက်လျက်။ ရှောစ်ပါရီသည် မိုးကာအင်္ကျီကိုခြုံကာ
က်သစ်ချပင်ကြီးတစ်ပင်တွင်မှီရင်း သူ့အိမ်ကြီးကို ငေးကြည့်နေ၏။ ဦးထုပ်
ဆောင်းမထားသဖြင့် သူ့ဆံပင်တွေ ရွှဲရွဲစိုပြီး နဖူးပေါ်တွင် ကပ်နေသည်။

ပုဏ္ဏမီရိပ်သာသည် သူ့မြင်ကွင်းအကြည့်ရှေ့တွင် မားမားမတ်မတ် အထင်
ရှား ရပ်တည်နေပြီး ချဉ်းကပ်လမ်းမှ ကွေ့ပတ်တက်လာလျှင် အိမ်ကြီးကို
တ်တရက် ဘွားခနဲ မမြင်နိုင်သေး။ ဝက်သစ်ချတောကို ဖြတ်သန်းပြီး ပင်အို
ားပေါ်က တွဲရရွဲကျနေသည့် ရေညှိပင်များကြားမှ တဖြည်းဖြည်းချင်းသာ
ပေါ်လာမည်ဖြစ်၏။

ပုံထုတ်စဉ်ကတည်းက မျဉ်းကြောင်းများကို အမြင့်အတွက် အဟန့်ကောင်း
ဆောင် ဆွဲခဲ့သည်။ ဆင်ဝင်နှစ်ဆောင်မထုတ်ဘဲ တစ်ဆောင်တည်းထားခြင်းနှင့်
ရိဗိသုကာဟန်အတိုင်း ရောမဆင်ဝင်တိုင်လုံးကြီးများကို အမိုးအထိ ထောင်ထား
ခြင်းက ပုဏ္ဏမီရိပ်သာ၏ ရှိရင်းစွဲအမြင်ထက် အပိုကြီး ပိုမြင့်နေသည် ထင်ရ၏။
ပြီးတော့ ဒုတိယထပ်မှလေသာဆောင်ကို တမင်မြှင့်ထားပြီး ဝရန်တာ လက်ရမ်း
ပန်းများကို ထောင်လိုက်မျဉ်းမတ် ခပ်များများ သုံးထားခြင်းကလည်း အမြင့်
တွက် ပို၍အဟန့်ကောင်းစေ၏။ သည်နေရာတွင်တော့ မြောက်အမေရိကတိုက်
ိုင်ငံများတွင် ထွန်းကားသည့် စပိန်ဗိသုကာလက်ရာနှင့် ဆင်သွားသည်။

မိမိလက်နှစ်ဖက်ဖြင့် ဖန်ဆင်းခဲ့သည့် မိမိပိုင်အိမ်ကြီးမှာ လုံးဝပြီးစီးခဲ့
လပြီ။ သည်ရည်ရွယ်ချက်ဖြင့် တောင်ပေါ်သို့ ရောက်အောင် တက်ခဲ့ခြင်း
ဖြစ်သည်။ ငယ်ငယ်ကတည်းက မက်ခဲ့သည့်အိပ်မက်။ သို့သော် အိပ်မက်ထဲမှ

ချစ်သူကို ယခု အစ်ကိုလုပ်သူက သိမ်းပိုက်ပေတော့မည်။

သည်အိပ်မက်ကို စွန့်လွှတ်ခဲ့သည်မှာကြာ့ပါပြီ။ သို့သော် မိမိ၏ ဒုတိ
အိပ်မက်သည်လည်း အိပ်မက်ဆန်လှစွာ ဝိုးတဝါး နိုင်လွန်းလှပါတကား။

မိုးက မပြေနိုင်အောင် ရွာနေဆဲ။

မိုးရေစက်တို့ မိုးကာအင်္ကျီပေါ်သို့ တဖြောက်ဖြောက်ကျဆင်းနေကြ၏
ချစ်သူ၏ တီးတိုးစကားသံများလား။

တွမ်နှင့် ဂျယ်နီတို့ လက်ထပ်ခြင်းကြောင့် မိမိအတွက် အခက်အခဲ
ပိုလာနိုင်သည်။ ပုဏ္ဏမီရိပ်သာသည် မကြာမီ မိသားစုအသိုက်အဝန်းနှင့် နေသ
အိမ်ကြီးတစ်ဆောင် ဖြစ်လာတော့မည်။ နာရီပိုင်းမျှသာ လိုတော့၏။ သည်အိ
ကြီးတွင်နေပြီး ကျွန်တွေကို လွတ်လပ်ခွင့်မပေးနိုင်လျှင် ကွန်ချီတာနှင့် နီးစ
နိုင်ပါတော့မည်လား။ မော်ဂင်ဘရစ်တာနီ၏ ပျော်တော်ဆက်စာရင်းမှ တွ
တစ်ယောက် အဖယ်ရှားခံရလျှင် မိမိအတွက် အန္တရာယ်ပိုကြီးလာလေမည
လား။

သက်ပြင်းကြီးတစ်ချက် ဟူးခနဲချလိုက်သည်။ ရာသီဥတုနှင့်အတူ ရင်ထ
တွင် မိုးသက်လေဆင်နေ၏။ မိုးရေထဲတွင် အဆောင်းမပါဘဲ တွေရပ်နေသည
သူ့ခေါင်းပေါ်သို့ မိုးသက်တွေ တဖြည်းဖြည်း နိမ့်ကျပြိုဆင်းနေကြ၏။ တိမ်ညိ
မည်းတို့သည် သူ့ဦးနှောက်ထဲမှ အရှုပ်အထွေးများကို ထိုးဖောက်မြင်နိုင်အော
အနီးကပ် တိုးဝှေ့ကြည့်ရှုနေကြသည့်အလား။

နောက်ဘက်မှ တစ်စုံတစ်ခု လှုပ်ရှားသလိုလို ကြားလိုက်သဖြင့် ဖျတ်ခနဲ
လှည့်ကြည့်လိုက်သည်။ သူ့ဆီသို့လာနေသူက_လူမည်း ဗလကြီး ဘရုတပ်စ်

"ဆရာ... အအေးမိပြီး ဒုက္ခရောက်လိမ့်မယ်"

သူလည်း တစ်ကိုယ်လုံး စက်စက်နစ်လျက်

"မင်းကျတော့ကော၊ မင်းလည်း ရွှဲနစ်နေတာပဲ"

"ကျွန်တော်က ဆရာ့ထက် လူကောင်ကြီးတော့ ပိုပြီးခံနိုင်ရည် ရှိတာယ်လေ"

ဘရုတပ်စ်ကို ရယ်ပြီး ပြန်ပြောသည်။

"ခရစ္စမတ်လက်ဆောင်အတွက် မင်းလာတာလား ဘရုတပ်စ်၊ စောလှ
ချည်လားကွ"

"မဟုတ်ပါဘူး ဆရာ၊ မစ္စတာဟာယ်ရီဆီက ဘာသတင်းများ ထူးသေး
သလဲလို့ ကျွန်တော် လာကြည့်တာပါ"

"မစ္စတာ ဟာယ်ရီ ဟုတ်လား"



ရော့စ် ခပ်ကြောင်ကြောင်ဖြစ်သွားပြီး ပြန်မေးသည်။ ပြီးမှ–

"သြော်–မစ္စတာ ဟာယ်ရီလင်တန်ကို ပြောတာလား၊ ငါ သတင်းရပြီးပြီ
ရုတပ်စ်"

ဘရုတပ်စ် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ လူထွားကြီးသည်
ဆရာ့သခင်လုပ်သူအား အသက်မရှူတမ်း စောင့်ကြည့်နေသည်။ သြော်
ခမျာ သနားပါတယ်၊ ကွန်ချီတာအတွက် ငါ့ရင်ထဲမှာ ပူလောင်နေသလို
လည်း သူ့ရေချယ်ဆိုတဲ့ ကောင်မလေးအတွက် ပရိဒေဝမီး တောက်လောင်နေ
မှာပဲဟု တွေးတော စာနာမိလိုက်သည်။

"ဘာတဲ့လဲ ဆရာ"

"သူက ရောင်းချင်ပါတယ်တဲ့၊ ဒါပေမဲ့ သူတို့သားအမိကို ဒီလာ့ပို့
ပေးမယ့်လူ သူ့မှာမရှိဘူးတဲ့ကွ၊ သူတို့ကိုခေါ်ဖို့ ငါ ကြည့်စီစဉ်မယ်"

ရော့စ် ရုတ်ခြည်း စကားစဖြတ်လိုက်သည်။ သူ့မျက်လုံးပြာတွေ တဖျပ်
ပ် တောက်ပလာကြသည်။ တွမ့်တို့ မင်္ဂလာကိစ္စပြီးလျှင် ပုဏ္ဏမီရိပ်သာတွင်
လုပ်စရာဘာမျှမရှိတော့သဖြင့် အချိန်တွေပိုနေလိမ့်မည်။ အဆောက်အအုံ အချော
တ် ရေးပြီးသလောက်ရှိနေပြီ။ စိုက်ပျိုးရေးလုပ်ငန်းကလည်း စိုက်ပျိုးချိန်ကျမှ
န်ပြီး အလုပ်များမည့်ကိစ္စ။

အချိန်ပိုတွေကို ရင်မဆိုင်ရဲအောင် တွေးကြောက်လာသည်။ စဉ်းစား
တွားတောမည့် ဖြစ်ကြောင်းကုန်စင်တွေက အနိဋ္ဌာရုံတွေချည်း။ စိတ်ပြေလက်ပျောက်
ရီးထွက်လိုက်လျှင် အကောင်းဆုံးဖြစ်မည်။

"နောက်လလောက်မှာ ငါကိုယ်တိုင် သွားခေါ်ပေးမယ် စိတ်ကူးတယ်
ရုတပ်စ်"

"ကျွန်တော် သိပ်ဝမ်းသာတာပဲ ဆရာရယ်၊ ဒါပေမဲ့ ကျွန်တော့်အတွက်
ရာ သိပ်ဒုက္ခများနေမလား"

"မင်းကိစ္စအတွက် သက်သက်သွားမှာ မဟုတ်ပါဘူးကွာ၊ ငါလည်း ခရီး
ွက်ချင်နေလို့ပါ"

"ခရီးထွက်တာ ဆရာ့အတွက် အကောင်းဆုံးပါဆရာ၊ ဆရာ လူပန်း
တ်ပန်းဖြစ်နေပြီ မဟုတ်လား"

ဘရုတပ်စ်က တွေးတွေးဆဆ ပြောနေ၏။ ဆက်၍–

"ဒါထက်ဆရာ၊ အဲဒီရောက်ရင် မစ္စကေသီကို ကျွန်တော်က သတိရနေ
ကြောင်း တစ်ဆိတ်ပြောပေးပါနော်"

"မစ္စကေသီဆိုတာ ဘယ်သူလဲကွ၊ မစ္စတာလင်တန့် မိန်းမလား"

"မဟုတ်ဘူးဆရာ၊ သူ့ညီမပါ၊ ကျွန်တော်တို့အပေါ် သိပ်ကောင်းခဲ့တ အမျိုးသမီးခင်ဗျ"

"အေး... စိတ်ချ၊ ငါပြောလိုက်ပါ့မယ်"

မြင်းရထားတစ်စီး မောင်းဝင်လာသံ ကြားသဖြင့် သူတို့နှစ်ယောက်စလုံ လမ်းဆီသို့ လှည့်ကြည့်လိုက်ကြသည်။ ရထားက အငှားယာဉ်။ ရော့စ် မြင်းရထာ ဆီသို့ လျှောက်သွားသည်။ ရထားပြတင်းပေါက်မှ အမျိုးသမီးတစ်ဦး ခေါင်းပြ ကြည့်သည်။ အိမ်ကြီးကို လှမ်းကြည့်နေခြင်းဖြစ်၏။

အလို... ကွန်ချီတာရယ်ပါလား။ ရထားထဲတွင် သူ့ခမည်းတော်ကြီးပါ ပါလာ၏။ မင်္ဂလာဆောင်အတွက် သူတို့လာကြခြင်း ဖြစ်သည်။

ရထားတံခါးကိုဖွင့်ပြီး ရော့စ်က အစ္စကွာဒိုအား လက်ကမ်းပေးလိုက် သည်။

"ခုလိုကြွလာတာ ဝမ်းသာပါတယ် ဦး"

တစ်ဆက်တည်းတွင် ရော့စ်၏ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ကွန်ချီတာ နံဘေးတွင် ထိုင်နေသည့် ဟိုဆေးမန်းဒက်ဇ်ကို လှမ်းမြင်လိုက်၍ ဖြစ်၏။

"ကျွန်တော် အဖော်အဖြစ်နဲ့ လိုက်ခဲ့တာပါ မစ္စတာပါရီ၊ အနှောင့်အယှက် မဖြစ်ပါဘူးနော်"

"ဟာ... မဟုတ်တာဗျာ၊ ကျွန်တော် ကြိုဆိုပါတယ်။ တစ်ခုပဲရှိတယ် မစ္စစ္စပီ မင်္ဂလာဆောင်သတင်းတဒ်ပုဒ်ဟာ ခင်ဗျားတို့သတင်းစာအတွက် စိတ်ဝင် စားစရာသတင်း ဖြစ်နိုင်ပါ့မလားလို့"

"မင်္ဂလာဆောင်သတင်းထက် စိတ်ဝင်စားစရာတွေ ရှိပါတယ် မစ္စတာ ပါရီ၊ ဥပမာ စိုက်ပျိုးရေးခြံလုပ်ငန်းကြီးတွေ၊ ကျွန်တွေကို ထားပုံထားနည်းတွေ"

ရော့စ်က စကားဖြတ်ပြီး

"ဩော်... ဟုတ်လား ကွန်ချီတာရယ်၊ အစ်ကို့ကို နှုတ်တောင်မဆက် တော့ဘူးလားကွယ်"

ကွန်ချီတာကရယ်ပြီး

"ပုဏ္ဏမီရိပ်သာကိုကြည့်ပြီး ကွန်ချီတာ အသက်ရှူဖို့တောင် မေ့သွားတယ် အစ်ကိုရဲ့၊ ကျက်သရေရှိလိုက်တာနော်၊ ဒီမှာနေရမယ့် အစ်ကို့မရီးကိုတောင် မနာလိုဖြစ်ချင်လာပြီ"

"မနာလို မဖြစ်သင့်ဘူးလေ၊ အမိကမှ ဒီအခွင့်အရေးကို မယူသေးတာပဲ၊



သာ..."

"ဖြည်းဖြည်းပေါ့ အစ်ကိုရယ်"

ကွန်ချီတာက ရော့စ်၏လက်ကို လှမ်းဆုပ်ပြီး ပြောလိုက်သည်။

မိုးထဲတွင် ရော့စ်က ရထားနံဘေးမှ လျှောက်လိုက်သွားသည်။ အစေခံ ကြ ဆီးမြင်သဖြင့် ထီးတွေကိုင်ပြီး ပြေးထွက်လာကြသည်။

ဧည့်သည်တွေကို ခန်းမဆောင်ထဲသို့ ရော့စ် ဦးဆောင်ခေါ်သွားသည်။ ခန်းဆောင် မီးလင်းဖိုကြီးတွင် ထင်းတုံးတွေ မီးရှိန်ကောင်းကောင်းဖြင့် တက်လောင်နေ၏။ ရော့စ်က မိုးကာအင်္ကျီကို ဆိုင်မွန်ဆီသို့ ပစ်ပေးလိုက် ည်။ ဆိုင်မွန်မှာ ပုဏ္ဏမီရိပ်သာ၏ ဘဏ္ဍာစိုးဖြစ်နေပြီ။ မီးဖိုနံဘေးတွင် ကာပုလင်းများနှင့် ဖန်ခွက်တွေ အသင့်။

မစ္စတာ အစ္စကွာဒိုက ဖန်ခွက်ကို နှုတ်ခမ်းတွင်တေ့ရင်း

"အိမ်ကြီးကဖြင့် ခမ်းနားကြီးကျယ်ပါပေတယ်ဗျာ၊ တစ်ခုပဲရှိတယ်၊ ဒီအိမ်ကြီးမျိုးဟာ အစဉ် မင်္ဂလာရှိနေဖို့အတွက် လူလူချင်း နှောင်ဖွဲ့ထားမှုတွေ င်းရှင်းသင့်တယ်"

"ဦးပြောတဲ့ လူလူချင်း အနှောင်အဖွဲ့မျိုးမရှိရင် ဒီအိမ်မျိုးကို ဘယ်လို ပြီး ဆောက်နိုင်ပါ့မလဲ ခင်ဗျာ"

ရော့စ်က သိမ်သိမ်မွေ့မွေ့ ပြန်ဆွေးနွေးသည်။ ဤတွင် ဟိုဆေးမန်း ဒ်ဇ်က ဝင်ပြီး

"ကျွန်တော်တို့ တောင်အမေရိကတိုက် နိုင်ငံတွေမှာလည်း ဒီလိုအိမ်ကြီးတွေ တယ် မစ္စတာပါရီ၊ အဲဒီမှာ ကျွန်စနစ် မရှိပါဘူး"

"ကျုပ်တို့ဆီမှာရှိတဲ့ ကျွန်စနစ်မျိုးသာ မရှိတာပါ။ ဒီမှာထက် အားပျော့ ကျွန်စနစ်တော့ ရှိပါတယ်ဗျာ။ ဒီမယ် မစ္စတာဟိုဆေး၊ နယူးယောက်တို့၊ ဆာချူးဆက်တို့မှာရှိတဲ့ အိမ်ကြီးတွေကို ကလေးသူငယ်နဲ့ မိန်းမတွေရဲ့ အားတွေ၊ လူဖြူလုပ်သားတွေရဲ့ သွေးချွေးတွေနဲ့ ဆောက်ခဲ့တာပါဗျ။ ါနဲ့မဆိုင်ပါဘူးလို့ ခင်ဗျား ပြောချင်ပြောလေ"

ဤတွင် ကွန်ချီတာက မနေနိုင်တော့ဘဲ ကြားဝင်ပြောတော့သည်။

"ကဲ... နိုင်ငံရေး ခဏထားကြပါဦး၊ အိမ်ကြီးကို လိုက်ကြည့်ချင်လှပြီ ကို၊ ကွန်ချီတာကို လိုက်ပြနော်"

"သိပ်ပြချင်တာပေါ့ ကွန်ချီတာရယ်"

ရော့စ်က ကွန်ချီတာ့ကို လက်မောင်းထိုးပေးသည်။ ကွန်ချီတာ လှမ်းတွဲ

သည်။ ဟိုဆေးက အဘိုးကြီးကိုတွဲပြီး သူတို့နောက်မှ ထလိုက်သွားရတော့
တိတ်ဆိတ်နေသည့် ပုဏ္ဏမီရိပ်သာ စံအိမ်ကြီးထဲတွင် ကွန်ချီတာ၏ ဝမ်းသ
အံ့ဩသံများဖြင့် အသက်ဝင်လျက်ရှိ၏။ ကွန်ချီတာတစ်ယောက် အိမ်ကြီး
ပြင်ဆင်မွမ်းမံမှုတွင် ရင်သပ်ရှုမော ဖြစ်နေလေသည်။

အဘိုးကြီး အစ္စကွာဒိုက မှတ်ချက်ချသည်။

"ဒီမှာလည်း ကျုပ်တို့ တောင်အမေရိကတိုက် နိုင်ငံတွေလိုပဲ၊ အပူရှိန်
စီထိုင်းဆ ပြဿနာရှိတာပဲ။ ဖြေရှင်းပုံချင်း အတူတူပါပဲ။ ကြမ်းပြင်နဲ့ မျက်
ကြက် တတ်နိုင်သမျှ ခွာထားမယ်၊ ကြမ်းပြင်ဆီက အပူရှိန်တွေ အပေါ်ပျံတ
ပြီး အိမ်ပြင်ထွက်သွားနိုင်အောင်ပေါ့။ လေဝင်ပေါက်တွေ ထားပုံချင်းလည်
အတူတူလိုပါပဲ။ နေရောင်ခြည်ကို စုပ်မယူဘဲ ရောင်ပြန်ဟပ် ထွက်သွားအော
အဖြူ ရောင်နဲ့ အပူရောင်တွေ သုံးရာမှာလည်း တူတာပဲ"

ဤတွင် ဟိုဆေးက ဝင်ထောက်ပြန်သည်။

"ဒါပေမဲ့ ကျွန်တော်တို့ဆီက အခင်းကို သစ်သားမသုံးဘဲ ကျောက်ပြ
အသုံးများတယ်၊ ပြတင်းပေါက်တွေကို မှန်တရုတ်ကပ် ပိုသုံးတယ်။ ကျွန်တေ
တော့ ကျွန်တော်တို့ဗိသုကာစနစ်ကို ပိုကြိုက်တယ်"

ရှော့စ်က သည်တော့မှ ရှင်းပြသည်။

"ကျွန်တော်တို့ဆောင်းက လူကြီးမင်းတို့ နိုင်ငံတွေထက် ပိုအေးတယ်လေ
မိုးရေချိန်ကလည်း ဒီက ပိုများတယ်။ ဒီတော့ ဘယ်မှာ စပိန်ဗိသုကာပညာ
ကျွန်တော်တို့ဆီမှာ များများစားစား ထိုးဖောက်နိုင်ပါ့မလဲ"

"အို... ကွန်ချီတာတော့ လှတာ၊ ကျက်သရေရှိတာပဲသိတယ်၊ ဒီအတိုင်း
သဘောကျတယ်၊ ဘာမှထပ်ပြင်စရာမလိုအောင်ကို ပြည့်စုံတယ်"

"ကျေးဇူးတင်ပါတယ် ကွန်ချီတာ၊ ဒီအထပ်ကိုတော့ ကျွန်တော် မဝ
တော့ဘူး၊ ကျွန်တော့်မရီးလောင်းနဲ့ သူ့အပေါင်းအဖော်တွေ မင်္ဂလာဆောင်ကိစ္စ
ရှုပ်ပွေနေကြလို့ပါ၊ ဒါပေမဲ့ ကွန်ချီတာ သွားချင်မလား မပြောတတ်ဘူး"

"အို ကွန်ချီတာ သိပ်စိတ်ဝင်စားတာပဲ အစ်ကိုရယ်၊ ဝိုင်းပြီးတော့
ကူလုပ်ချင်လိုက်တာ"

"ဒါဖြင့် သွားလေ၊ သိပ်တော့ မကြာနဲ့နော်"

ရှော့စ်က သွားခွင့်ပြုလိုက်သည်။

"မကြာစေရပါဘူး အစ်ကို"

ပြောပြောဆိုဆို ကွန်ချီတာ တံခါးမကြီး တံစ်ချပ်ကို တွန်းဖွင့်ဝင်သွာ



ည်။

"ဒါထက် ကိုရင့်နောင်တော် တစ်ယောက်ကော၊ သူလည်း အလုပ်ရှုပ်နေမှာ
ါနော်"

မစ္စတာ အစ္စကွာဒိုက ရှော့စ်ကို လှမ်းမေးလိုက်၏။

"ဒီက တစ်မိုင်လောက်ဝေးတဲ့နေရာမှာ ကျွန်တော်တို့အိမ်ကလေးတစ်လုံး
သးတယ်ခင်ဗျ။ အဲဒီမှာ တွမ် သူ့အပေါင်းအသင်းတွေနဲ့ 'လူပျိုဝိုင်း' လုပ်နေ
ယ်လေ၊ ကျွန်တော်တို့ပါ သွားဝိုင်းလိုက်ကြရင် မကောင်းဘူးလား"

"ကျုပ်တော့ မီးဖိုနံဘေးမှာ နွေးနွေးထွေးထွေး နားတော့မယ်၊ မောင်တို့
ငယ်တွေ သွားကြပါ"

"ဦး ခွင့်ပြုမယ်ဆိုရင် ကျွန်တော် လိုက်သွားချင်ပါတယ်"ဟု ဟိုဆေးက
ပ်ပြီး ခွင့်ပန်သည်။ အဘိုးကြီး ခေါင်းညိတ်သည်။

ရှော့စ်က အမိုးဖွင့် မြင်းလှည်းငယ်ကလေးတစ်ခု ပြင်ရန် အစေခံတွေကို
မိန့်ပေးလိုက်သည်။ ပြီးတော့ သူတို့နှစ်ယောက် တွမ်တို့ရှိရာ အိမ်ငယ်လေးဆီ
မောင်းဆင်းလာခဲ့ကြသည်။ အိမ်ထဲမှလူစုကိုကြည့်ပြီး ရှော့စ် အံ့ဩသွားသည်။
င်နရီမွှန်းကလစ်၊ ဂျော့နှင့် ဟင်နရီမက်ကာစီတို့ ညီအစ်ကိုအပြင် ချားလ်ဒယ်
်နှင့် ဒေါက်တာဘင်ဘိုးပါ ပါသည်။ လူကြီးဆို၍ ဒေါက်တာဘင်ဘိုး တစ်
ာက်သာ ပါ၏။ စိတ်လွတ်ကိုယ်လွတ် တပျော်တပါး သောက်စားနေကြသည်။
တို့လူငယ်တစ်သိုက်မှာ နက်ချက်မြို့၏ နာမည်ကျော် မျက်နှာကြီးလူပေလူတေ
း ဖြစ်သည်။ သည်လူသိုက်နှင့် တွမ် အဖွဲ့ကျနေသည်မှာ မဆန်းလှပေ။
က်သူဌေး ချားလ်ဒယ်ရင်ဆိုလျှင် သေနတ်ဒဏ်ရာ ဒါဇင်ဝက်လောက်
ားသူဖြစ်သည်။ ကျာပွတ်နှင့် ဓားဒဏ်ရာတွေလည်း တစ်ကိုယ်လုံးအပြည့်။
ခြားသူများကလည်း သူနည်းနှင်နှင်။ တွမ်သည် သူတို့လို ပညာတတ်တစ်ယောက်
ဟုတ်သော်လည်း ဥပဓိရုပ်ကောင်းခြင်း၊ ယောကျ်ားပီသ အားကောင်းမောင်းသန်
ခြင်း၊ သူတို့နှင့် တန်းတူ ရှုပ်နိုင်ပွေနိုင်ခြင်းနှင့် ရှော့စ်ပါရီ၏အစ်ကို ဖြစ်ခြင်း
ကြောင့် ပုလင်းတူဘူးဆို့ ဖြစ်နေကြခြင်းဖြစ်သည်။

ပွဲမှာ ကြမ်းသထက်ကြမ်းလာ၏။ ပြောနေသည့် ရယ်စရာတွေ တဖြည်း
ည်း ချက်အောက် ရောက်လာ၏။ ဘာဘွန်းဝီစကီမှာ ပေါာတစ်ပုလင်း၊
ာတစ်ပုလင်း ပြိုက်ခနဲ ပြိုက်ခနဲ။ အချိန်တွေ ဘယ်လိုဘယ်လို ကုန်သွားလိုက်
းမသိ။ လူမည်းအစေတော်တစ်ယောက် ရောက်လာပြီး ပုဏ္ဏမီရိပ်သာတွင်
ည့်သည်တွေစုနေပြီ ဖြစ်ကြောင်း သတင်းပို့လာသည်။

သည်မင်္ဂလာအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ဖို့ နက်ချက် အထက်တ
လွှာတို့ နှစ်ကြိမ် ပြန်စဉ်းစားကြရသည်။ ပါရီညီအစ်ကိုသည် နောက်မှပေါ်သ
ရွှေကြာပင်များဖြစ်သဖြင့် သူတို့နှင့် ဘယ်အတိုင်းအတာထိ လမ်းဖွင့်ဆက်ဆံ
သည်ကို ပထမစဉ်းစားကြရ၏။ သို့သော် အမျိုးသမီးထု၏ စပ်စုလိုစိတ်
အနိုင်ယူသွားလေတော့သည်။ ပုဏ္ဏမီရိပ်သာ၏ အလှသည် မြို့လုံးအနှံ့ ပျံ့
နေပြီဖြစ်၍ အထက်တန်းလွှာ မစပ်စုတို့ မလာဘဲ မနေနိုင်အောင်ဖြစ်နေကြသ

သမီးပျိုရှိသည့် မိခင်များသည် ရှော့စ်ပါရီ ဆိုသော စိုက်ပျိုးရေးခြံ
ပိုင်ရှင် ဗိသုကာလူငယ်ကို အကဲခတ်လိုကြသည်။ ဘာရစ်တာနီလင်မယား ကျင်းပပေးသ
ည့်ခံပွဲတွင် ဗိုလ်ချုပ်လိုပက်ဖ်နှင့် ရှော့စ်ပါရီ၏ ဆွေးနွေးပွဲ သတင်းမှာလ
အိမ်ပေါက်စေ့ ရောက်နေပြီဖြစ်၍ ရှော့စ်အကြောင်းကို သမီးရှင်တွေ ငြင်း
ခုံကြ ဆွေးနွေးကြဖြစ်နေသည်မှာ ကြာပြီ။ နောက်ဆုံး ကောက်ချက်တစ်ခု
ညီညာဖျဖျ သူတို့ဆွဲဖြစ်ကြ၏။ လူတစ်ယောက် ဘယ်ကလာသည်ကို ကြည့်
မလို။ ဘယ်ကိုသွားနေသည်ကိုသာ ကြည့်ရမည်ဟူ၍။

သူတို့တစ်သိုက် ပုဏ္ဏမီရိပ်သာကို ရောက်လာကြသောအခါ နက်ချက်
လူကုံထံရပ်ကွက်မှ ရှိသမျှ မြင်းရထားများ၊ ပုဏ္ဏမီရိပ်သာရှေ့တွင် ပြည့်က
နေသည်ကို တွေ့ကြရ၏။ ပုဏ္ဏမီရိပိသာကို ဟီမဝန္တာချီးမွမ်းခန်းဖွင့်နေကြသ
မိန်းမသံများလည်း ကြားနေရ၏။

"လှလိုက်တဲ့ အိမ်ကြီးဟယ်"

"ဒီလို ပရိဘောဂမျိုးတွေ ကိုယ်တော့ တစ်ခါမှ မမြင်ဖူးဘူးကွယ်"

"ပန်းတွေကကော ဖလော်ရီဒါတို့၊ ကျူးဘားတို့ကမှာတာ ထင်တယ်
တော်တော် ပိုက်ဆံတတ်နိုင်တယ်ထင်တယ်"

"အိမ်စေတွေရဲ့ အဝတ်အစားကိုရော သတိထားမိရဲ့လား၊ အား
ပိုးမှတွေ ဖဲတွေကြီးပဲတော့်"

"နောက် ဘာထူးခြားသေးလဲ သိလား၊ မော်ဂင်ဘာရစ်တာနီလာတ
မတွေ့ဘူးလေ။ ဘာဖြစ်လို့လဲ မသိဘူးနော်။ ရှော့စ်ကို ဒီအသိုက်အဝန်း
ရောက်အောင် သူပဲပို့ခဲ့တာ မဟုတ်လား"

ရှော့စ် အသံမထွက်ဘဲ ပြန်ပြောမိသည်။ ရင်ထဲတွင် မရှင်းလင်းစွာဖြ
မော်ဂင် မလာတာ တစ်နည်းအားဖြင့်ကောင်းတာပေါ့။ တစ်ဖက်က တွေးရင်လ
မကောင်းဘူး။ လန့်စ်၏ သဘောထား ဘယ်လိုနေမလဲဟု တွေးပူနေမိသည
သို့သော် ဘာမျှမတတ်နိုင်။ သူတို့လင်မယားကို ဖိတ်လျှင် ဂျယ်နီတစ်ယော



ဝပုံပျက်တော့မည်။ ဒါကြောင့် နောက်မှပဲရှင်းပြမည်ဟု မဖိတ်ဘဲ ထားလိုက်၏။
န့်စ်က နားလည်လွယ်တဲ့လူပါလေ။

ပရိသတ်ကို ဝေ့ကြည့်လိုက်သည်။ အစေတော်များသည် ပရိသတ်ကို
နှင့်ကိတ်မုန့်များ စကျွေးနေပြီ။ ဤတွင် အခန်းထဲမှ ကွန်ချီတာ ဘွားခနဲ
က်ပေါ်လာ၏။ ရှော့စ်ကို လက်လာတွဲသည်။ သူကလေး၏ မျက်နှာကို
မြင်ချင်း ရှော့စ် သိလိုက်၏။

"ဟင်... ဘာဖြစ်လို့လဲ ကွန်ချီတာ၊ မင်း ငိုထားတယ် ဟုတ်လား၊
အချိန်ဟာ မျက်ရည်ကျရမယ့်အချိန် မဟုတ်ဘူးလေကွယ်"

"ဟုတ်ပါတယ် အစ်ကိုရယ်၊ မငိုဘဲ မနေနိုင်လို့ မျက်ရည်ကျမိတာပါ။
ယ်နီက သတို့သမီးဝတ်စုံနဲ့ သိပ်လှတာပဲအစ်ကို။ တကယ့်ကို ပျော်စရာကောင်း
အဖြစ်ပဲနော်။ ကွန်ချီတာတွေးနေတာ၊ ဒီမင်္ဂလာဆောင်ဟာ အစ်ကိုနဲ့ ကွန်ချီ
တို့ရဲ့ ပွဲဖြစ်ရမှာ။ ဘာဖြစ်လို့ အဲဒီလိုမဖြစ်ရသလဲဆိုတာ တွေးပြီး မျက်ရည်
မိတာပါ အစ်ကို"

"အဲဒီပြဿနာတွေ တဖြည်းဖြည်း ရှင်းသွားမှာပါကွာ"

"ဟုတ်ပါတယ်နော် အစ်ကို"

ကွန်ချီတာ တိုးတိုးလေးပြောသည်။ ထိုစဉ် ဂီတသံငြိမ့်ငြိမ့်ကလေး
င်ပေါ်ထွက်လာသည်။ အောက်ထပ်၏ ကျက်သရေဆောင် လှေကားကြီးမှ
ယ်နီ ဆင်းလာသည်။ မိုးတိမ်တဲမှ အပ္ပနန်းနွဲ့စွာ လွင့်ဝဲကျလာနေသလား
ာက်မေ့ရ၏။ ဒေါက်တာဘင်ဘိုးက ဂျယ်နီလက်ကို တွဲလာ၏။ ဂျယ်နီ့ကို
၏မိတ်ဆွေရင်း တစ်ယောက်အဖြစ်ဖြင့် သည်တာဝန်ကို ယူပေးခြင်းဖြစ်သည်။

သတို့သားအား သတို့သမီးဆီသို့ ပို့ပေးကိစ္စကို တွမ်၏အပေါင်းအသင်း
းက တာဝန်ယူကြသည်။ နက်ချက်လူကုံထံများ ကိုးကွယ်ဝတ်ပြုသည့်
ာင်ပေါ် ဝတ်ကျောင်းတော်မှ ဘုန်းတော်ကြီးမက်ဝီလျံက စင်မြင့်ပေါ်တွင်
ရာယူလိုက်တော့ ပရိသတ်အားလုံး ပါးစပ်အဟောင်းသားနှင့် ငြိမ်ကျသွားသည်။

သည်ကိစ္စကို ရှော့စ် လုံးဝမသိလိုက်။ ဂျယ်နီ၏မြှုပ်ကွက်ဖြစ်သည်။
ခြင်းခရစ်ယာန်ဘာသာမှ ဘာရင်ဂျီဘာသာသို့ တွမ့်ကို အတင်းဇွတ်ဝင်ခိုင်းသည်။
ကုံထံအသိုက်အဝန်းကို တိုးဝင်လိုလျှင် သူ့စကားကို နားထောင်ရမည်ဟု
မ်ကို အကျပ်ကိုင်သည်။ ဤတွင် တွမ် လက်ခံလိုက်ရခြင်းဖြစ်ကြောင်း
ာက်မှသိရ၏။ အင်္ဂလန်တွင် အနေကြာခဲ့သည့် ရှော့စ်ကမူ အင်ဂလီကန်
ဘာဝင်ဖြစ်ခဲ့သည်။

သည်မင်္ဂလာဆောင်ကို မက်ခ်ဝီလျံလို ဘုန်းကြီးကိုယ်တိုင် ကမကထပြု[illegible] ခြင်းသည် သူတို့ညီအစ်ကို နှစ်ယောက်ကို နက်ချက်မြို့၏ အထက်တန်းလွှ[illegible] ရပ်ကွက်တွင် တရားဝင် အသိအမှတ်ပြုလိုက်ခြင်းပင်ဖြစ်သည်။ လီလီပန်း[illegible] တစ်ပွေ့ကြီးပိုက်ထားသည့် ဂျယ်နီသည် လှချင်တိုင်းလှနေ၏။ သတို့သမီး မ[illegible] လောင်းကို ကြည့်ပြီး ရော့စ်ရင်ထဲ ဆွေးချင်သလိုလို ဖြစ်လိုက်မိသေးသည်[illegible] သို့သော် ကွန်ချီတာကို ငုံ့ကြည့်ပြီး မျက်လုံးစိမ်းများနှင့် ရင်ဆိုင်ရသောအ[illegible] မှုန်မွှားရေးအတိတ်ဝေဒနာသည် ရုတ်ခြည်း ပျောက်ကွယ်သွားတော့သည်။

ဘုန်းတော်ကြီး ရွတ်ဆိုပေးသည့် အိမ်ထောင်မှု ပဋိညာဉ်များကို သတို့သ[illegible] သတို့သားတို့ လိုက်ဆိုကြသည်။ ရိုးရာအစဉ်အလာ အခမ်းအနားပြီးသည့်[illegible] ဂျယ်နီက ဧရာမ မင်္ဂလာကိတ်မုန့်ကြီးကို ပိုင်းဖြတ်လိုက်သည်။

တွမ်နှင့် ဂျယ်နီတို့၏ ညစာစားပွဲသည် နက်ချက်တွင် လပေါင်းများ[illegible] တသသ ပြောဆိုနေရသည့် ဧည့်ခံပွဲကြီးတစ်ခုအဖြစ် ထင်ကျန်ရစ်သည်။ ရော့စ်[illegible] နယူးအော်လီယန်းတွင် နာမည်ကျော် အင်တွိုင်နီဟိုတယ်မှ ထမင်းချက်များ[illegible] ခေါ်ယူပြီး မီးဖိုချောင်ကို အပ်ခဲ့ခြင်းဖြစ်သည်။ စားကောင်းသောက်ဖွယ်တွ[illegible] အလွန်အကျူး ယစ်မူးကြသော နက်ချက်မြို့သားများ မစားဖူးတာတွေ စားကြ[illegible] တော့၏။ မမြင်ဖူးတာတွေ မြင်ဖူးကြရတော့၏။

ဒေါင်းကို အကောင်မပျက်ပေါင်းပြီး အရေပြန်ခြုံထားသည့်အခါ' ထမ[illegible] စားပွဲပေါ်တွင် ကနေသည့် ဥဒေါင်းငှက်များ လှပဝေဆာနေ၏။ ကြက်ရင်ပုံသာ[illegible] တွေ၊ ငုံးကြော်တွေက တောင်ကမှ အသေးစားလေးများ စီတန်းထားသည့်နယ်[illegible]

အချိုပွဲများမှာလည်း နက်ချက်သူ နက်ချက်သားများအဖို့ လျှာပေါ်ဝဲတွေ[illegible] ဖြစ်နေ၏။ ကော်ဖီကိုပင်လျှင် ရိုးရိုးမပေးဘဲ ကဗျာဆန်ဆန် ဆက်ကမ်းသည်[illegible] ကော်ဖီတိုက်ချိန်တွင် အစေခံများက ရှိသမျှဖယောင်းတိုင်မီးတွေကို တစ်ပြိုင်တည်[illegible] ငြိမ်းလိုက်ကြသည်။ အရက်ပျံမီးခွက်မှ အရောင်ကြောင့် ဧည့်သည်များ၏ မျက်နှ[illegible] များသည် အပြာရောင်သန်းနေကြသည်။ သတ္တုကရားလေးများကိုယ်စီကိုင်ကာ[illegible] ဧည့်ခန်းဆောင်ထဲသို့ အစေခံတွေ အလျှိုလျှိုဝင်လာကြ၏။ အရက်ပျံမီးခွက်မ[illegible] ပြာလဲ့လဲ့မီးလျှံများပေါ်တွင် သတ္တုကရားကို တင်လိုက်သည့်အခါ ကော်ဖီနှင့်[illegible] ရောထားသည့် ကော့ညက်နံ့၊ လေးညှင်းနံ့နှင့် လိမ္မော်နံ့သည် ထမင်းစားဆောင်[illegible] တစ်ခုလုံး မွှေးပျံ့ကြိုင်သင်းသွားသည်။ ပြီးမှ ကော်ဖီခွက်များတွင် ဖြည့်ကာ[illegible] ဧည့်သည်များကို သွက်သွက်လက်လက် ဝေငှကြသည်။

"ငါတော့ ဒီလိုပွဲမျိုး တစ်ခါမှ မကြုံဖူးဘူးကွ"



ဒေါက်တာက ခပ်တိုးတိုးမှတ်ချက်ချသည်။ ချိုမြမြ ရုတတ မွေးပျံ့လှ[illegible]တာ ယမကာကို ဧည့်သည်များ အရသာခံနေစဉ် ဖယောင်းတိုင်မီးတွေ [illegible]စ်ချိန်တည်း ပြန်လင်းလာသည်။ ထို့နောက်တွင်တော့ စကားသံတွေ တဖြည်း[illegible]ည်း သံစဉ်မြင့်လာသည်။ စကားဝိုင်းများသည် ပို၍လွတ်လွတ်လပ်လပ် ပျော်[illegible]ရွှင်ရွှင် ဖြစ်လာသည်။ ရော့စ်နံဘေးတွင် ထိုင်နေသည့် ကွန်ချီတာသည် [illegible]သူ၏လက်ကို စားပွဲအောက်တွင် မလွတ်တမ်း ကိုင်ထားသည်။

ထိုစဉ် လူမည်းတို့၏သံစုံတီးဝိုင်းမှ နရီသွက်အက တေးတစ်ပုဒ် မြူးမြူး[illegible]ကြွကြွ ထွက်ပေါ်လာသည်။ အမျိုးသမီး အမျိုးသားတို့ ကပွဲခန်းမဆောင်ထဲတွင် [illegible]ယံ ဒွိယံ ဝဲပျံကာ လှလှပပ ကကြတော့၏။ မြင်ကွင်းကိုကြည့်ပြီး ရော့စ်ပါရီ[illegible]စ်ယောက် ကြည်နူးမဆုံးဖြစ်၏။ ကိုယ်တိုင်လည်း ပေါ့ပေါ့ပါးပါး ကနေမိ၏။ [illegible]ရင်းမြက်လှသည့် အာဟာရများနှင့် မြူးမြူးကြွကြွ ကနေရသည့်အဖြစ်ထက် [illegible]၍ ကြည်နူးဆွတ်ပျံ့ဖွယ် ဘာများရှိပါဦးမည်နည်း။

လေထဲတွင် ဝဲကာပျံကာ နွဲ့နွဲ့ပျောင်းပျောင်းကလေး လွင့်မျောနေသည့် [illegible]န်ချီတာကလေး ရုတ်ခြည်း တောင့်တင်းသွား၏။ ခန်းမဆောင်ကြီး၏ တံခါးမ[illegible]သို့ အထိတ်တလန့် စိုက်ကြည့်နေသည်။ သူကြည့်ရာကို ရော့စ် လိုက်ကြည့် [illegible]ည်။ ခြေလှမ်းတွေ စည်းလွတ် ဝါးလွတ် ဖြစ်သွားသည်။ ပြီးတော့ ကျောက်ဆစ် [illegible]လို အတောင့်သား ရပ်နေမိလိုက်၏။ တံခါးဝတွင် ဘွားခနဲပေါ်လာသူက [illegible]ဂင်ဘာရစ်တာနီ။ ဝတ်လာသည့် ဝတ်စုံက သူ့ကိုယ်ကာယအလှကို တစ်စ[illegible]ကျန် ဖော်ထုတ်နေသည့် ပုံစံမျိုး။ စင်စစ် ဝတ်ရုံနှင့်မတူ။ မီးလျှံတစ်ခုနှင့် [illegible]နေ၏။ သည်မြို့ငယ်ကလေး၏ သည်လို အသိုက်အဝန်းမျိုးတွင် အဘယ် [illegible]မျိုးကောင်းသမီးမှ ဆင်ယင်ထုံးဖွဲ့ရဲမည့် ဝတ်စုံမျိုးမဟုတ်။

ဝတ်ရုံ၏ ကြက်သွေးရောင်မှာ နှုတ်ခမ်းမှ ကြက်သွေးရောင်နှင့် တစ်ပြေး[illegible]ည်း။

နီတျာတျာ ထိုနှုတ်ခမ်းအစုံတွင် အပြုံးငယ်ကလေးတစ်ခု ရေးရေးထင်[illegible]ားသည်။ အားလုံးကို ထီမထင်သည့်အပြုံးမျိုး။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုပြင်းပြ[illegible]ည့် အပြုံးမျိုး။

သတို့သမီးဆီသို့ တည့်တည့်မတ်မတ် လျှောက်လာသည်။ ရွှင်ပျ ချိုအေး[illegible]ည့် လေသံဖြင့်–

"လှလိုက်တာကွယ် ကိုယ် နည်းနည်းနောက်ကျသွားတယ် နော်"

တစ်ဆက်တည်းတွင် ရုတ်ခြည်း ဖြူရော်သွားသည့် ဂျယ်နီ၏ပါးပြင်ကို

နမ်းပြီး တွမ်ဘက်သို့လှည့်၍

"ဂုဏ်ယူပါတယ် တွမ်ရယ်၊ မင်္ဂလာအခမ်းအနားတွေကို မော်ဂင်

သဘောကျတာ၊ ယောကျ်ားဆိုတဲ့ သတ္တဝါတွေရဲ့ အားနည်းချက်တွေကို ဖော်

တဲ့နေရာမျိုးမှာ မင်္ဂလာဆောင်လည်းပါတယ်လေ"

ဂျယ်နီ့ဘက်သို့ ခပ်ပြုံးပြုံးလေး ပြန်လှည့်ပြီး မော်ဂင်က ယဉ်ယဉ်ကျေး

ခွင့်တောင်းသည်။

"သတို့သားကို ကိုယ်နမ်းမယ်နော်"

ဂျယ်နီတစ်ယောက် စကားပြန်ပေးဖို့ဝေးစွ၊ အသက်ရှူဖို့ပင် မေ့နေ

မော်ဂင်သည် တွမ်၏လည်ပင်းကို သိုင်းဖက်ကာ ခြေဖျားကလေးထောက်လ

နမ်းသည်။ ဧည့်သည်တစ်ယောက်က သတို့သားကို နှုတ်ဆက်သည့် အနမ်း

မဟုတ်။ လူပုံအလယ်တွင် ချစ်သူတစ်ယောက်ကို နမ်းနေဟန်ဖြင့် ခပ်ကြမ်းကြ

ခပ်ရမ်းရမ်း ပိုင်စိုးပိုင်နင်း နမ်းနေခြင်းမျိုး။ အတန်ကြာမှ သတိဝင်လာပြီး

ရုန်းထွက်လိုက်သည်။

"သတ်မယ် ဒီကောင်မကိုသတ်မယ်၊ ကွန်ချီတာ သစ္စာဆိုမယ် အစ်

သူ့ကိုသတ်မယ်"

ကွန်ချီတာ ပေါက်ကွဲလေပြီ။ ရှော့စ်က လေအေးအေးဖြင့် ဖြေသိမ့်သ

"လာပါကွာ၊ သူ့စရိတ်နဲ့သူ သွားပါလိမ့်မယ်၊ မကြာခင် သူ့အပြစ်

ခံရမှာပါ၊ လာ တို့ ဆက်ကကြရအောင်။ ဒီဟာမကို မေ့ထားလိုက်ရအော

"ဒီမိန်းမကို ကွန်ချီတာ တူးတူးခါးခါး မုန်းတယ်အစ်ကို။ ဒီမိန်းမ

မကောင်းဆိုးဝါး စစ်စစ်ပဲ။ ဒီလိုမိန်းမမျိုးမှာ မေတ္တာတရား မရှိနိုင်ဘူး။ လော

ကို ဖျက်ဆီးဖို့ လူဖြစ်လာတဲ့မိန်းမပဲ။ တစ်နေ့မှာ ဒီလိုမိန်းမမျိုးကို အပြစ်

မယ့်လူ ပေါ်လာလိမ့်မယ်"

"အဲဒီအခါကျလည်း သတ္တိရှိရှိ သူရင်ဆိုင်မှာပဲထင်တယ် ကွန်ချီ

သူက ရက်စက် ကြမ်းကြုတ်သလောက် မာနကြီးတဲ့မိန်းမကွ"

ရှော့စ်က နဖူးရေတွန့်ကာ ပြန်ပြောလိုက်သည်။ သူတို့စုံတွဲသည် ခန်

ဆောင် အလယ်ဆီသို့ ဆက်သွားကြသည်။ မော်ဂင့်ကို မျက်ခြည်ပြတ်သွ

သည်။ နောက်တစ်ကြိမ်ပြန်ဆုံတော့ မော်ဂင်လည်း ကနေပြီ။ သူနှင့် ပေါ

ပါးပါး တွဲကနေသည့်လူငယ်က ဟိုဆေးမန်းဒက်ဇ်။ သူတို့အတွဲနှင့် ဝေးရာ

ရှော့စ်တို့စုံတွဲ ဝဲပျံသွားကြသည်။ နောက်တစ်ခါ ပြန်ဆုံတော့ ဟိုဆေး တစ်ယော

တည်း။ ဧရာမတိုင်ကြီးနံဘေးတွင် အငူသားရပ်နေသည်။ ခန့်ချော ချောသ



ကျက်နှာပေါ်တွင် မကျေနပ်မှု အရိပ်အယောင်တွေ ယှက်သန်းနေသည်။

းတွင် မော်ဂင်၏အရိပ်အယောင်ကိုမျှ မတွေ့ရတော့။

"အင်း တွမ်တစ်ယောက် သနားစရာပဲ"

ရှော့စ် ခပ်ညည်းညည်း ပြောလိုက်သည်။

"ဟုတ်တယ်နော် အစ်ကို၊ သူ့နေရာမှာ အစ်ကိုမဟုတ်လို့ တော်သေးတာ

အစ်ကို့ကိုရော သူ အဲဒီလိုပြုံးပြီး အဲဒီလို နမ်းဖူးသလား။ ကွန်ချီတာကတော့

ဒီလို သည်းခံနေမှာ မဟုတ်ဘူး။ အဲဒီဟာမရဲ့ မျက်လုံးနှစ်လုံးကို ကော်ထုတ်

အစိမ်းဝါးစားပစ်မိမယ်"

ရှော့စ် ရယ်ပြီး စကားဖြတ်လိုက်သည်။

"စိတ်ကလည်း ပြင်းလှချည်လား ကွန်ချီတာရယ်၊ မင်းလို မိန်းကလေးကို

တဲ့ လူတစ်ယောက်က မော်ဂင်လို မိန်းမဆီကို သွားပါတော့မလား"

ကွန်ချီတာက မကျေနပ်သေးဟန်ဖြင့် မျက်မှောင်ကုတ်ပြီး

"မပြောနိုင်ဘူးလေ၊ ရှင်တို့ယောကျ်ားတွေက ချောချောလှလှဆိုရင်

မ်းမရ ဖြစ်တတ်ကြလွန်းလို့။ ဆူးကျာပွတ်နဲ့ အားရပါးရ ရိုက်ပစ်ဖို့ကောင်းတဲ့

"

ဤသို့ဖြင့် နောက်ဆုံးတွင် မင်္ဂလာအခမ်းအနား ပြီးဆုံးသွားသည်။

သည်အားလုံး ပုဏ္ဏမီရိပ်သာမှ နှုတ်ဆက်ထွက်ခွာသွားကြပြီ။ နာရီပိုင်းအတွင်း

းအော်လီယန်းသို့ ထွက်သည့် သင်္ဘောပေါ်တွင် မင်္ဂလာခရီးထွက်ဖို့ တွမ်နှင့်

နီတို့ ပါသွားကြလေသည်။

"ဘုရားသခင်က သူတို့နှစ်ယောက်ကို ပျော်ရွှင်မှုတွေ ပေးသနားလိုက်ပြီ"

ကွန်ချီတာက အလေးအနက်ပြောရင်း ရှော့စ်၏လက်မောင်းနှင့် မျက်နှာ

ကာ ရှိုက်ကြီးတငင် ငိုပါလေတော့၏။

"ဘာဖြစ်လို့လဲ ကလေးရယ်"

ရှော့စ် တိုးတိုးလေး မေးသည်။

"သူတို့အကြောင်းနဲ့ ကိုယ့်အကြောင်း ယှဉ်တွေးမိလို့ပါ။ သည်ညဆိုလို့

သူတို့နှစ်ယောက် တစ်ယောက်ရင်ခွင်ထဲ တစ်ယောက်တိုးပြီး ဘယ်လောက်

က်လပ်လိုက်မလဲ။ ဘယ်လောက် ငြိမ်းချမ်းလိုက်မလဲ။ အစ်ကိုနဲ့ ကွန်ချီတာ

တော့ တစ်အိမ်တည်းမှာ တစ်ယောက်တကွဲ အိပ်ကြရမယ်။ အစ်ကိုက

ကိုအိပ်ခန်းကြီးထဲမှာ။ သူများကျတော့ ဖေဖေ့နံဘေးမှာစောင့်ရင်း အစ်ကို့

ကြောင်းကို တွေးနေမယ်နော်။ အိပ်ပျော်မှာလည်း မဟုတ်ပါဘူးလေ။ ဖြော်—

အစ်ကိုရယ်၊ နီးပြန်တော့လည်း မနီးနိုင်တဲ့ ဘဝနော်”

“အစ်ကိုလည်း အိပ်ပျော်မှာ မဟုတ်ပါဘူးကွာ”

ရော့စ် ညည်းညည်းတွားတွား ပြန်ပြောသည်။

“ဖေဖေ အိပ်ပျော်နေတုန်း ခိုးထွက်လာရမလားဟင်။ ဒါလဲ မဖြစ်သေ ဘူးလေ။ နိုးလာလို့သိသွားရင် ပိုဆိုးကုန်လိမ့်မယ်”

“ဟုတ်တယ် ကွန်ချီတာ၊ အစ်ကိုလည်း ဘယ်ကောင်းပါ့မလဲကွယ်

“ဟုတ်တယ်နော် အစ်ကို၊ အခြေအနေမပေးခင် သည်းခံပြီး စောင့် ရမယ်နော်၊ စောင့်ရတာလည်း ပင်ပန်းလှပါပြီ အစ်ကိုရယ်။ အနားမှာ အစ်ကို လည်းမရှိ၊ အဖေ့ရဲ့ ကျူးဘားလွတ်မြောက်ရေး ကိစ္စတွေကလည်းရှုပ်နဲ့။ ကွန်ချီ သိပ်စိတ်ညစ်တာပဲ”

တစိမ့်စိမ့် ရွာနေသည့် မိုးရေမိုးပေါက်တွေကို ကွန်ချီတာငေးကြည့်နေသ ပြီးမှ စကားဆက်သည်။

“ကြည့်လေ၊ ရာသီဥတုကအစ အစ်ကိုနဲ့ ကွန်ချီတာကို မျက်နှာ မပေးဘူး။ ဒီလိုအချိန်မှာ လလေးသာသာဆိုရင် ပန်းခြံထဲမှာ လမ်းလျှောက် သိပ်ကောင်းမှာပဲနော်”

“လသာရက်တွေနဲ့ ကြုံရဦးမှာပါ ကွန်ချီတာရယ်”

“ဟုတ်တော့ ဟုတ်ပါတယ်။ သူများတွေက အိမ်ရာထောင်ကြ၊ သားမွေး နဲ့။ အစ်ကိုနဲ့ ကွန်ချီတာ့မှာသာ အမှောင်ထဲ မှာရပ်ပြီး ရွာနေတဲ့မိုးကိုကြည့်ရ

ကွန်ချီတာ ရုတ်ခြည်းစကားဖြတ်ကာ ချာခနဲ လှည့်ပြီး သူတို့သား အတွက် ပြင်ထားသည့် အပေါ်ထပ် အိပ်ခန်းဆီသို့ ပြေးတက်သွားတော့သ

အမှောင်ထုထဲတွင် မျက်လုံးအကြောင်သားနှင့် ရော့စ် တစ်ယော စက်လဲပျော်ပါနိုင်ဖြစ်နေ၏။ ကွန်ချီတာ ပြောသွားသည့် စကားများမှာ မှန် ပါကလားဟူ၍ ခါးခါးသီးသီး တွေးမိလိုက်သည်။ နှစ်ကြိမ်တိုင်တိုင် ထ ခန်းမဆောင်ထဲတွင် လမ်းလျှောက်နေမိ၏။ ကွန်ချီတာတို့ သားအဖအခန် မီးရောင်ဖြာထွက်နေသည်ကိုတွေ့ရသဖြင့် အသာနားစွင့်ကြည့်လိုက်သည်။ သ လုပ်သူအား ကြိမ်းမောင်းနေသည့် အဘိုးကြီး၏အသံကို သဲ့သဲ့ ကြားနေရသ

အင်း အငိုလွယ်ပြီး အရှိုက်ခက်သည့် ဇာတ်လမ်းပါလား။ လင်းအား မှ အိပ်ပျော်သွားသည်။ အိပ်ရာမှနိုးတော့ မိုးစင်စင်လင်းပြီ။ မှန်ပြတင်း မိုးသီးမိုးပေါက်တွေ ပက်ဖျန်းနေဆဲ။

နံနက်စာဝိုင်းတွင် ပြန်ဆုံကြသည်။ ကွန်ချီတာ၏ မျက်နှာက တစ်စုံတ



ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ထားသည့် မျက်နှာမျိုး။ အဘိုးကြီးက ရော့စ်ကို ည့်ပြီး

“ဟိုဆေး တစ်ညလုံး ပြန်မလာဘူး ဟုတ်စ”

“ဟုတ်တယ်ထင်တယ် ဦး၊ အသိအကျွမ်းတွေဆီ အလည်သွားရင်း ်ဖြစ်တာ ထင်ပါရဲ့၊ သူ့မှာ လေ့လာစရာတွေ ရှိတယ်လို့လည်း ကျွန်တော့်ကို ပါတယ်”

“ဟာ ဒီလိုလုပ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ နောက်ပိုင်းမှာ လုပ်စရာတွေက ားကြီးရယ်”

ဤတွင် ကွန်ချီတာ ဝင်ပြောသည်။

“စောင့်ပေါ့ ဖေဖေ၊ ဒီပြင်ကိစ္စတွေမှာလည်း စောင့်နေကြရတာပဲ”

ရော့စ်ဘက်သို့ လှည့်ကြည့်ပြီး ယဲ့ယဲ့ကလေးပြုံးရင်း

“ခြံထဲကို လိုက်ပြမယ်ဆို၊ ဘယ်တော့ ပို့မှာလဲ အစ်ကိုရဲ့၊ နေရာအနှံ့ က်ကြည့်ချင်တယ်၊ ကွန်ချီတာ မြင်းကောင်းကောင်းစီးတတ်ပါတယ်နော်”

ဖအေကြီးက ဗျာပျာသလဲ ကန့်ကွက်သည်။

“အို မိုးတွေ လေတွေထဲမှာ”

“ထွေးထွေးနွေးနွေးဝတ်ပြီး မိုးကာအင်္ကျီနဲ့ သွားမှာပဲ ဖေဖေရယ်၊ ဒါမှ းသွားမှာ၊ ခေါင်းတွေ အုံ့ခဲနေတယ်၊ ဘာမှမပူပါနဲ့ ဖေဖေရဲ့၊ သမီး ဒီအခွင့် ရဖို့ ဘယ်လောက်စောင့်ခဲ့ရသလဲ၊ ကွန်ချီတာတို့ အပြင်ထွက်နေတုန်း အနားမှာ တစ်ယောက်ယောက် ထားပေးပါနော် အစ်ကို”

“စိတ်ချပါ ကွန်ချီတာ၊ ထားပေးမှာပေါ့၊ မိုးနည်းနည်းပါးပါးမိတာ မဖြစ်နိုင်ပါဘူးဦးရဲ့၊ ကျွန်တော်တို့ဆီက မိုးများတယ်၊ မိုးနဲ့သူနဲ့ ရင်းနှီး င် မိတ်ဆက်ထားပေးရမယ်”

“ဒါပေမဲ့ကွယ်”

သမီးလုပ်သူက ဖအေ့ကို လုပြောသည်။

“ဩော် ဖေဖေရယ်၊ သမီးပြောပြီးပြီပဲ”

“ကဲ ကဲ သွားသွား၊ အအေးမိပြီး ဖျားမှ မညည်းနဲ့နော်”

“စိတ်ချပါ ဖေဖေရဲ့”

သူတို့နှစ်ယောက် ပုဏ္ဏမီရိပ်သာမှ မြင်းကိုယ်စီဖြင့် ထွက်ခဲ့ကြသည်။ မိုးကသည်းလည်းမသည်း၊ စဲလည်း မစဲ၊ မှန်မှန်ကလေး ရွာနေသည်။ ယောက်စလုံး စကားမပြောဖြစ်ဘဲ နှုတ်ဆိတ်နေကြသည်။ ဦးထုပ်ကြီးဆောင်း

ထားသည့် ရှော့စ်၏မျက်နှာမှာ နဖူးရေတွန့်ပြီး တစ်စုံတစ်ခုကို အလေးအ
စဉ်းစားလာဟန်။ ကွန်ချီတာ၏ မျက်လုံးစိမ်းများကမူ မေးခွန်းပေါင်း မျ
မေးလျက်။

အလုပ်သမား အိမ်ရာများကို ခပ်သွက်သွက် ဖြတ်စီးလာကြသ
ကွင်းတစ်ဖက်စွန်းမှ အိမ်ကလေးကို လှမ်းမြင်းတော့ ကွန်ချီတာက ရော
လက်မောင်းကို လှမ်းဆွဲပြီး

"အဲဒီအိမ်ကလေးက ဘာလုပ်တာလဲဟင် အစ်ကို"

"အဲ့ဒါ အစ်ကိုတို့အိမ်လေ၊ အိမ်ကြီးဆောက်မပြီးခင် တွမ်နေတဲ့
ကလေးပေါ့"

"ခု ဘယ်သူမှ မနေဘူးလားဟင်"

"ဘယ်သူမှ မနေဘူး ကွန်ချီတာ"

ရှော့စ်၏လေသံက လည်ချောင်းထဲမှ တင်းတင်းကျပ်ကျပ် ထွက်
သည့် အသံမျိုး။

"သိပ်လွတ်လပ်မှာပဲနော် အစ်ကို၊ ဖြတ်သွား ဖြတ်လာတဲ့ လူတွေရှိသ
ဟင်"

"မရှိဘူး ကွန်ချီတာ"

"သော့ခတ်ထားရမှာပေါ့နော်"

"အင်း ခတ်ထားရတာပေါ့"

"အစ်ကို့မှာ သော့ပါလားဟင်"

"ပါပါတယ် ကွန်ချီတာ"

*

မီးလင်းဖိုထဲမှ မီးလျှံများသည် မှော်အတတ်ဖြင့် စီရင်ထားသည့် အရာမျာ
တူလှ၏။ ရှေးအကျဆုံးသော မှော်ပညာမျိုး၊ ပုံသဏ္ဌာန်မျိုးကို မီးလျှံထဲ
မြင်နိုင်၏။ အတိတ်၏တံဆွေသဏ္ဌာန်များ မရောက်သေးသည့် အနာဂတ်
မပီဝိုးဝါးပုံရိပ်များ။

သေသေချာချာ စိုက်ကြည့်လေ ပုံရိပ်သဏ္ဌာန်မျိုးစုံလေလေ။ ပျော်
ကောင်းလှသည့် ရွှေရောင် အနာဂတ်ကာလများနှင့် ချမ်းမြေ့ ပျော်ရွှင်ခြင်းမှ
ဘာဆို ဘာမျှမရှိသည့် အချစ်ရွာကလေးကို တဖြည်းဖြည်းမြင်လာသည်။

မီးလျှံများမှ မျက်နှာလွှဲလိုက်သည်။ မီးရောင်နှင့် ရောထွေးကာ ရွှေ



တိ တောက်ပနေသည့် ချစ်သူ။ မိမိရင်ခွင်ထဲတွင် နွမ်းနွမ်းကလေး အိပ်ပျော်
နေရှာခြင်းပါလား။

ဘယ်လောက်လှနေလိုက်ပါသလဲ။ ဘယ်လောက် ဖြူစင်ပြီး ဘယ်လောက်
ချက်သရေ ရှိလိုက်ပါသလဲ။ နှစ်ယောက်ကြားတွင် ရံတားထားသည်တို့ တဒင်္
တွင်း ပိန်းကြာဖက်တွင် ရေမတင်သကဲ့သို့ ရှိကြကုန်၏။ ထိုအခါ သူကလေး၏
ကိုယ်ပေါ်မှ ကြောက်မက်ဖွယ် အမာရွတ်ကြီးများသည်ပင် လှပနေ၏။ ချစ်စရာ
ကောင်းနေ၏။

သည်လူယုတ်မာတွေကို သူတို့ သတ်လိုက်ကြသည့်အတွက် ဝမ်းသာနေ
သည်။ မဟုတ်လျှင် မိမိအနေဖြင့် မည်သို့မှ မဆုံးမဘဲ နေနိုင်မည်မဟုတ်။
ကျန်လူလွှန်မသားများလည်း ခုလောက်ဆိုလျှင် ရှိချင်မှရှိကြတော့မည်။

ရှိနေသေးလျှင်လည်း တစ်နေ့တွင် ဆုံးမရမည်သာ။

သည်လောက် လှပနုငယ်သည့် ခန္ဓာကိုယ်ကလေးကို ရက်ရက်စက်စက်
ချက်ဆီးခဲ့ကြသည့် လူလွန်မသားများ။

စဉ်းစားရင်း တစ်ချက်သမ်းလိုက်သည်။ ပင်ပန်းလှပြီ။ သို့သော် ဆွတ်ပျံ့
စ်လိုဖွယ်ကောင်းသည့် ပင်ပန်းခြင်းမျိုး။ သည်လိုစိတ်၏ ငြိမ်းချမ်းမှုမျိုးကို
ဘယ်အခါများမှ ရနိုင်ပါမည်လဲ။

အတွေးသံသရာတွင် ချာချာလည်ရင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရှာ
သည့် ချစ်သူကလေး၏ နှုတ်ခမ်းကို ရွရွကလေး နမ်းလိုက်သည်။ ကွန်ချီတာ
လှုလှုကလေး လှုပ်ရှားလာ၏။ မျက်လုံးစိမ်းများ တဖြည်းဖြည်းဖွင့်လာသည်။
ဖျပ်ဖျပ် တောက်ပလျက်။ အလွန့်အလွန် လေးနက်သည့် မျက်လုံးများ။

"ကြည့်စမ်း... ကွန်ချီတာ အိပ်ပျော်သွားတယ် အစ်ကိုရယ်၊ ဒုက္ခပါပဲ၊
အချိန်က တိုရေရှားရေ နိုင်ရတဲ့အထဲမှာ ကွန်ချီတာက သိပ်ဆိုးတာပဲနော်
အစ်ကို"

"အိပ်ပျော်သွားတာ ကောင်းတာပေါ့ အချစ်ရဲ့၊ အားရှိသွားအောင်
ပ်ကို အိပ်ရတယ်လေ။ အစ်ကိုလည်း စဉ်းစားချိန်ရတာပေါ့"

"အစ်ကို ဘာတွေစဉ်းစားနေလဲဟင်"

"ဒီလိုအချိန်မျိုး၊ ဒီလိုအခွင့်အရေးမျိုး အစ်ကိုတို့ အမြဲတမ်းရသင့်ပြီ။
အစ်ကိုတို့ လက်ထပ်ကြမယ်၊ ဘယ်လို အတားအဆီးတွေရှိရှိ မင်း ကျော်ဖြတ်
မယ် ကွန်ချီတာ"

ကွန်ချီတာ ထထိုင်သည်။ ချစ်သူကို ကြေကြေကွဲကွဲ ကြည့်သည်။

ရှောစ်က တံတောင်နှစ်ဖက်ကို အားပြုပြီး ခေါင်းထောင်၍ ကွန်ချီတာ၏ ကိုယ်
နေဟန်ကို ငေးကြည့်နေသည်။ အမြင်အာရုံတွင် တစ်သက်လုံးစွဲနေအော
အလွတ်ကျက်မှတ်နေသည့်အလား။ မီးလင်းဖိုထဲမှ မီးလျှံ၏အရောင်ဖြင့် ကွန်ချီ
တာမှာ ရွှေဖြင့်ပြီးသည့် ရုပ်တုတစ်ခုနှင့် တူနေ၏။ တိုးတိုးကလေး ပြန်ပြေ
ရှာသည်။

"အစ်ကို့မှာ အဲဒီလိုပြောဖို့ အခွင့်အရေး အပြည့်ရှိပါတယ် အစ်ကိုရယ်
ဒါပေမဲ့ တကယ်တမ်းကျတော့ မလွယ်ပါဘူး။ အစ်ကို့ဘက်က လုပ်စရာတွေ

"မင်းအဖေက တစ်နှစ်စောင့်ခိုင်းတယ်၊ အဲဒီတစ်နှစ်အတွင်းမှာ အမျိုးမျိ
ဖြစ်သွားနိုင်တယ်၊ တို့ တိတ်တိတ်ကလေး လက်ထပ်လိုက်ပြီး တစ်နှစ် စော
နေမယ်လေ၊ အဲဒါဆို သူ ဘာမှမတတ်နိုင်တော့ဘူးပေါ့"

"ကွန်ချီတာလည်း အဲဒီလိုစဉ်းစားမိပါတယ်၊ ဒါပေမဲ့ ပုဏ္ဏမီရိပ်သာရယ်
ကျွန်တွေကိစ္စရယ် ရှိသေးတယ်လေ"

"အစ်ကိုတို့ မြောက်ပိုင်းကို လစ်ကြမယ်လေ၊ အစ်ကို့အတွက် အလု
မရှားပါဘူး ကွန်ချီတာရယ်"

ကွန်ချီတာ မီးလျှံများကို စိုက်ကြည့်နေသည်။

"ကွန်ချီတာက ဆီညော်ရာပါရီ ဖြစ်မှာပေါ့နော်၊ အို... အစ်ကိုရယ်
ကွန်ချီတာ ရင်ခုန်လိုက်တာ၊ အစ်ကို့ကို ကွန်ချီတာ ပိုင်ရမှာပေါ့နော်"

"ဒါပေါ့၊ ကဲ... ဒါဖြင့် ဘယ်တော့လဲ"

"နောက်တစ်ခါ ကွန်ချီတာ လာရင်ပေါ့အစ်ကို၊ ဖေဖေ့ကို အကြောင်
အမျိုးမျိုးပြပြီး လာခဲ့မယ်လေ၊ ငွေဦးမပေါက်ခင်ပေါ့၊ ဩော်... ဒါထက်
အစ်ကို"

"ဘာလဲ ကွန်ချီတာ"

"အဲဒီအချိန်မှာ မိုးတွေရွာနေစေချင်တယ် အစ်ကိုရယ်၊ ကွန်ချီတာလေ
မိုးကို သိပ်ချစ်သွားပြီ၊ သိလား"

မှန်ပြတင်းကို ပက်ဖျန်းနေသည့် မိုးပေါက်တွေကို ရှောစ် ငေးကြည့်နေ
သည်။

"ဘယ်လောက်သာယာတဲ့ အသံလဲ အစ်ကို၊ မိုးရဲ့အသံကို ကြားနေရရ
မီးက ပိုနွေးလာသလို အောက်မေ့ရတယ်၊ မိုးမရွာလည်း ဒီနေရာကလေးကတော့
နွေးနေမှာပါလေ။ ကဲ ကွန်ချီတာကို နမ်းပါဦး အစ်ကိုရယ်၊ အစ်ကို့ရင်ခွင်ထဲမှာ
ထွေးထားပါဦး"



"အချစ်ရဲ့အလိုကျ ဖြစ်ရပါစေမယ်ကွယ်"

ရှောစ် တိုးတိုးကလေး ပြန်ပြောလိုက်သည်။

"ကွန်ချီတာက သိပ်ဆိုးတာပဲနော် အစ်ကို၊ အစ်ကို့ကို အချိန်တွေဆွဲပြီး
တ်ဆင်းရဲအောင် လုပ်ခဲ့တယ်။ အချစ်ဟာ ဒါလောက် ကြည်နူးစရာ ကောင်း
မိမယ်လို့ ကွန်ချီတာ မထင်ခဲ့မိဘူး"

"မင်း ခု သိပြီပေါ့နော်"

"ဟုတ်တယ် အစ်ကို၊ အမြဲတမ်း ဒီအတိုင်းပဲ နေသွားမယ်နော်၊ အသက်
ရွယ် ကြီးလာပြီး သေတဲ့အထိနော် အစ်ကို၊ ပြီးတော့ အစ်ကို့နဲ့ ကွန်ချီတာကို
တစ်ခုထဲမှာ သင်္ဂြိုဟ်ဖို့လည်း မသေခင် စီစဉ်မယ် သိလား။ တစ်သက်လုံး
ကဘူး။ သေပြီးနောက်ပိုင်းမှာလည်း တစ်ယောက်ကိုတစ်ယောက် ဖက်ပြီး
ချစ်မပျက်နေမယ်။ လောကတစ်ခုမှာ ရှင်ပြန်ထမြောက်လာလို့ ကမ္ဘာသစ်
ပါလာတဲ့ နေ့မှာတောင် အစ်ကို့ရင်ခွင်ထဲက မထွက်ချင် ထွက်ချင်နဲ့ ဖြည်းဖြည်း
င်းပဲ ထလာမိမယ် ထင်တယ်နော်။

"ဒါပေမဲ့ ဘုရားသခင်က ကြင်နာတော်မူမှာပါ အစ်ကို။ ကွန်ချီတာကို
စ်ကို့ရင်ခွင်ထဲအရောက် ပြန်ပို့ပေးတော်မူမှာပါနော်။ အစ်ကို ကိုယ်တိုင်က
ည်း ဖြူစင်တဲ့ သူတော်ကောင်းပဲမို့၊ အို... ကွန်ချီတာ သိပ်စကားများနေမိပါ
ပါလား အစ်ကိုရယ်၊ နမ်းလေကွယ်"

ရှောစ် ကိုယ်တိုင်လည်း သိလိုက်၏။ စကားတွေ ဖောင်ဖွဲ့နေဖို့ အချိန်
ဟုတ်ကြောင်း။

*

မိုးရေစက်တို့၏ တီးတိုးစကားသံများကို နားထောင်ရင်း ၁၈၅၀ ပြည့်နှစ်
းသည် တရွေ့ရွေ့ ကုန်လွန်လျက်ရှိကြ၏။ လေတွေ ထန်နေဆဲမှာပင် နှစ်ကူး
ားသည်။ ဇန်နဝါရီလကုန်ရက်ပိုင်းတွင် တွမ်ပါရီစုံတွဲ ပုဏ္ဏမီရိပ်သာသို့
န်ရောက်လာကြသည်။

တွမ်က ခေါင်းဖိုကြီးတစ်ကောင်လို ကြွားကြွား ကြွားကြွားနှင့်။ ဂျယ်နီ့
က်နှာကလေးမှာ ကြည်နူးမှုကို ဖုံးကွယ်မထားနိုင်ဘဲ ပန်းနုရောင်ပြေးလျက်။

ရှောစ်သည် ပင်ကိုအားဖြင့် မနာလိုဝန်တို ဖြစ်တတ်သူမျိုးမဟုတ်ပေ။
သော် သူတို့နှစ်ယောက်ကို မိမိ၏အထီးကျန်ဘဝနှင့် ယှဉ်ကြည့်ပြီး မရှုဆိတ်

သလို ဖြစ်နေ၏။

သို့သော် ခရီးထွက်ဖို့ ဆုံးဖြတ်ထားသည့်ကိစ္စကို ကိုယ့်ဘာသာ ကိုယ် ဆင်ခြေအမျိုးမျိုးပေးပြီး အချိန်ဆွဲနေ၏။ ပုဏ္ဏမီရိပ်သာကြီး ပြီးသွားတော ငြိမ့်ငြိမ့်ကလေး နားနားနေနေ နေရသည့်ဘဝကို ကြည်နူးနေ၏။

ဘာမှ များများစားစား မလိုတော့။ ရသမျှနှင့် တင်းတိမ်ရောင့်ရဲနိုင်သည့် အဆင့်သို့ ရောက်နေပြီ။ ခြံလုပ်ငန်းက ထင်သည်ထက် ပိုအောင်မြင်နေသဖြ ဗိသုကာလုပ်ငန်းဘက်ကို သိပ်အပင်ပန်းခံပြီး မလုပ်တော့။ စိတ်ကြိုက်မတွေ့သည့် လုပ်ငန်းများကို လက်ခံဆောင်ရွက်ခြင်း မပြုတော့။

ဖေဖော်ဝါရီလထဲ ရောက်မှ ခရီးထွက်ဖို့ ဆုံးဖြတ်ဖြစ်သည်။ ထွက်မည် နေ့တွင်မှ မော်ဂင် ရောက်လာသဖြင့် အချိန်တွေ ကမောက်ကမ ဖြစ်ရပြန်၏ ရှော့စ်၏ အခန်းထဲထိ မော်ဂင် ဝင်လာပုံက ရှင်းသည်။ ဝေါလေ့စ်ကို အသာ တွန်းဖယ်ပြီး အပေါ်ထပ်သို့ ခပ်တည်တည် တက်သွားခြင်းဖြစ်၏။

အခန်းထဲသို့ မော်ဂင် ဝင်လာတော့ ရှော့စ်တစ်ယောက် ခရီးဆော သေတ္တာတွေဖွင့်ပြီး အဝတ်အစားတွေ ထည့်နေစဉ်ဖြစ်သည်။

မော်ဂင်က ရယ်ပြီး

"တွေ့မှ တွေ့ပါ့မလားလို့ကွယ်"

"ဘာကိစ္စ"

ရှော့စ်က တုံးတိတိ ပြန်မေးသည်။

"ပျင်းလို့ပေါ့။ ရှော့စ် သိသားပဲ။ မော်ဂင် တစ်ယောက်တည်း မနေတတ် ပါဘူး။ ခဏဝင်ခဲ့မယ်နော်။ စိတ်မဆိုးဘူးမို့လား"

"စိတ်ဆိုးတယ်"

"ဘာပြုလို့လဲ ရှော့စ်ရယ်"

"ဘာပြုရမလဲ၊ ဒီအပြုအမူမျိုးကို လန့်စ်လည်း မကြိုက်ဘူး။ ကိုယ်လည် မကြိုက်ဘူး။ အလကား သားပုပ်လေလွင့်တွေ အပြောခံရဦးမယ်၊ တကယ် အပြစ်ကျူးလွန်မိလို့ အပြောခံရတာ အကြောင်းမဟုတ်ဘူး"

"လန့်စ်က အတင်းအဖျင်းတွေကို ဘယ်တော့မှ မယုံတတ်ဘူး၊ ပြီးတော သူလည်း ဒီမှာမရှိဘူး"

"ဒါဖြင့် သူ ဘယ်မှာလဲ"

ရှော့စ် ကောက်ကာငင်ကာ မေးလိုက်သည်။

"စင်စင်နာတီကို သွားတယ်၊ သူ့ဦးလေးတစ်ယောက် ဆုံးလို့လေ



အမွေတွေ အများကြီးထပ်ရဦးမယ်တဲ့။ လောကကြီးက ရယ်စရာကောင်းတယ် နော်။ စည်းစိမ်ဥစ္စာဟာ လိုအပ်တဲ့သူတွေဆီကို ဘယ်တော့မှ မရောက်တတ်ဘူး"

"ထားပါတော့၊ သူ ဟိုမှာ ဘယ်လောက်ကြာမှာတဲ့လဲ"

"တစ်ပတ်တော့ ကြာမှာပေါ့၊ အမွေဆိုင် မြေကိစ္စတွေ ရှင်းရလင်းရ ဦးမယ်လေ"

"မင်းကို သူ ဘာလို့ ခေါ်မသွားတာလဲ"

"အို... မလိုက်ချင်ပါဘူး၊ စင်စင်နာတီလောက် ပျင်းစရာကောင်းတာ ဘယ်မှာရှိလို့လဲ"

"နက်ချက်ထက်ပဲ ပိုပျင်းစရာ ကောင်းဦးမလား"

"နက်ချက်နဲ့ ဘာမှမဆိုင်ဘူး၊ နက်ချက်က ဘယ်မှာပျင်းစရာကောင်း လို့လဲ၊ ပြီးတော့ မော်ဂင်က မပျင်းအောင်လဲ နေတတ်တယ်လေ"

ရှော့စ်က သရော်ပြုံး ပြုံးပြီး

"သိပါတယ်ဗျာ၊ သိပါတယ်၊ ကဲ... ရောက်လာမှတော့ မထူးဘူး၊ ထိုင် လေ... ဒါပေမယ့် မကြာရဘူးနော်၊ ကိုယ်လည်း ပြီးတော့မယ်၊ ပြီးပြီးချင်း ထွက်မယ်"

ဆိုဖာပေါ်တွင် မော်ဂင် နွဲ့နွဲ့ကလေးထိုင်သည်။ ရှော့စ်ကို ကြည့်ပြီး ပြုံးသည်။ လူရုပ်ဆင်ထားသည့် ဘီလူးမအဖြစ်သာ ရှော့စ် မြင်နေ၏။

"ဒါလင်ရယ်၊ ခဏလေးဖြစ်ဖြစ် နေပါရစေနော်၊ မော်ဂင် မဆိုးပါဘူး၊ ကတိပေးပါတယ်ကွယ်"

မော်ဂင် တောင်းတောင်းပန်ပန် ပြောသည်။

"ကတိ ဟုတ်လား... ကတိဆိုတဲ့စကားလုံးဟာ မင်းနဲ့ ဘာမှမဆိုင်ပါဘူး မော်ဂင်"

"ထားပါလေ၊ အဲဒါက အရေးမကြီးပါဘူး၊ အရေးကြီးတာ မော်ဂင် ပြောမယ်၊ ရှော့စ်ဆိုတဲ့လူဟာ နည်းနည်းကလေးမှ သတ္တိမရှိဘူး၊ ရှော့စ် မော်ဂင် ကို အသေကြောက်နေတယ် မဟုတ်လား"

ရှော့စ် ပွင့်ပွင့်လင်းလင်း ဝန်ခံလိုက်သည်။

"အဲဒါတော့ ဟုတ်တယ် မော်ဂင်၊ ကိုယ့်ကိုယ်ကိုလည်း ပြန်ကြောက်နေ တယ်၊ မင်းဟာ လူသလောက် ယုတ်မာတဲ့ မိန်းမပဲ မော်ဂင်"

"ရှော့စ်က အဲဒါကလေးတွေ ချစ်စရာကောင်းတာ၊ ကိုယ့်ကိုယ်ကိုယ် လောက် ချစ်စရာကောင်းမှန်းကော သိရဲ့လား၊ ယောကျာ်းအတော်များများ

ဟာ မော်ဂင့်ကို မြတ်မြတ်နိုးနိုး ဆက်ဆံကြတယ်၊ အဲဒီအထဲမှာ လန့်စ်လည်း ပါတယ်။ ဒါပေမဲ့ ရော့စ် မပါဘူး။ ရော့စ်က မော်ဂင်ကို လုံးဝမလေးစားဘူး။ အဲဒီအကြောင်းကိုလည်း ပွင့်ပွင့်လင်းလင်း ပြောတယ်”

“ဘာကို ဖုံးကွယ်ထားရမှာလဲ၊ မင်းက ဘာလေးစားစရာ ရှိလို့လဲ၊ ဒါကို မင်းလည်း သိတယ်၊ ကိုယ်လည်း သိတယ်။ ဒီတော့ မင်းမှာ တကယ်မရှိတဲ့ အရည်အချင်းတွေကို ကိုးကွယ်နေကြတဲ့ သကောင့်သားတွေထဲ ကိုယ်မပါတာ ဆန်းသလား”

“မော်ဂင်မှာ ဘာအရည်အချင်းမှ မရှိတော့ဘူးလား ရော့စ်ရယ်”

“ရှိတယ်၊ ယုတ်မာတဲ့အရည်အချင်း၊ ရိုင်းစိုင်းတဲ့ အရည်အချင်း၊ ထင်ရာစိုင်းပြီး သွေးအေးအေးနဲ့ ရက်စက်တဲ့ အရည်အချင်းတွေလေ။ ဒါပေမဲ့ တကယ်က မင်းဟာ သွေးအေးသတ္တဝါမ မဟုတ်ပါဘူး။ မင်းကိုယ်မင်း သွေးအေးဟန်ဆောင်နေတာ မဟုတ်လား။ အဲဒါက သူများတွေမသိတဲ့ ကိုယ်တစ်ယောက်တည်း သိထားတဲ့ မင်းရဲ့အကြောင်းလေ”

“ရော့စ် ပြောတာတွေ ဟုတ်ပါတယ်၊ မော်ဂင်လိုချင်တာမရရင် တစ်ကမ္ဘာလုံးကို မီးရှို့ပစ်မယ် သိလား။ ဒါပေမဲ့ ဘယ်တော့မှ လိုချင်တာမရ မရှိဘူး။ အဲဒီလိုဖြစ်လာအောင်ကလည်း ရင်းရတယ်လေ။ ရက်စက်တယ်၊ ရိုင်းစိုင်းတယ်၊ ထင်ရာစိုင်းတယ်လို့ အပြောခံရတဲ့ဘဝမျိုး ရောက်တဲ့အထိပေါ့လေ။ ဒါတင်ပဲလား ရော့စ်ရယ်၊ မော်ဂင်မှာ တခြား ဘာမှမရှိဘူးတဲ့လားကွယ်”

“လူတွေကို မချွေရစိတ်နဲ့ပဲ ကြည့်မြင်တတ်တယ်၊ ကိုယ်လိုချင်တာက လွဲပြီး မင်း ဘာကိုမှ ထောက်ထားရမှန်း မသိဘူး”

“ဒါကတော့ မဆန်းပါဘူး ရော့စ်ရယ်၊ လူတော်တော်များများဟာ ဒီအတိုင်းပါပဲ၊ တစ်ခုပဲကွာတာပါ။ မော်ဂင်က ကိုယ်လိုချင်တာရအောင် သတ္တိရှိရှိလုပ်တယ်၊ ပြတ်ပြတ်သားသား လုပ်တယ်။ ဘာမှ ဂရုမစိုက်ဘူး။ ဘဝဟာ တိုတိုကလေးရယ် ရော့စ်။ အဓိပ္ပာယ်ရှိရှိ နေသွားချင်တယ်”

“ဒါပေမဲ့ မင်းကြည့်ရတာ ခုချိန်ထိ လန့်စ်ကွယ်ရာမှာ ကာယကံမြောက် အပြစ်မကျူးလွန်သေးသလိုပဲ၊ အဲဒါဟုတ်သလား မော်ဂင်”

“ဟုတ်တယ် ရော့စ်၊ ဒါပေမဲ့ လောကနီတိကို ရှေ့တန်းတင်နေလို့တော့ မဟုတ်ဘူးနော်၊ ခဏတစ်ဖြုတ် အချိန်ဖြုန်းရလောက်အောင် စိတ်ဝင်စားစရာ ကောင်းတဲ့ ယောကျ်ားတစ်ယောက်မှ မတွေ့သေးလို့၊ ခုချိန်ထိပေါ့လေ”

“ခုချိန်ထိ ဟုတ်လား၊ ဘာအဓိပ္ပာယ်လဲ မော်ဂင်”



“အဓိပ္ပာယ်လား၊ အဓိပ္ပာယ်က ရော့စ်လိုလူမျိုးဆိုရင် စိတ်ဝင်စားမယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ရော့စ်က မကြိုးစားလို့သာပေါ့၊ ရော့စ်က မော်ဂင်ကို ရှောင်ဖယ်ဖယ်လုပ်လေ မော်ဂင် မနေတတ် မထိုင်တတ်ဖြစ်လေပဲ၊ အဲဒါကို မော်ဂင် ဝန်ခံပါတယ်။ တစ်ညနေလောက် ဒါမှမဟုတ် တစ်ညလောက် အတူတူ နေလိုက်ရရင် ရော့စ် မော်ဂင့်အပေါ်မှာ ပြေလည်သွားမှာပါ။ မော်ဂင် ကြိုးစားကြည့်ပါရစေ ရော့စ်ရယ်နော်။ ပိုများဆိုးသွားမလားဘဲ။ လူသလောက် ယုတ်မာတဲ့ မိန်းမတဲ့ ဟုတ်လား။ ဒါလောက်ထိ အထင်အမြင် သေးနေရင်တော့လည်း အေးပေါ့လေ… အပျိုစင်ကလေး တစ်ယောက်လောက်တော့လည်း ဘယ်စိတ်ဝင်စားစရာ ကောင်းပါတော့မလဲ။ နယ်သစ်ပယ်သစ်ကို သွားရတာ ရောက်ဖူးပြီးသား ခရီးထက် စိတ်ဝင်စားစရာ ကောင်းမှာပေါ့”

“အဲဒီလိုခရီးမျိုးကို ကိုယ် ဘယ်တော့မှ မသွားဘူး မော်ဂင်”

“ဘယ်လိုခရီးမျိုးလဲ ဒါလင်ရယ်”

“မင်းပြောတဲ့ မသွားဖူးသေးတဲ့ နယ်သစ်ပယ်သစ် ခရီးမျိုးကို ပြောတာပေါ့၊ တဲ့ပါကွာ တော်ကြပါစို့ရဲ့”

“ဘာဖြစ်လို့လဲကွယ်၊ မော်ဂင်နဲ့ စကားပြောရတာ ငြီးငွေ့လို့လားဟင်”

“ငြီးငွေ့တာမဟုတ်ဘူး၊ စိတ်ကုန်တာ”

“သေလိုက်ပါလား၊ အဲဒီမျက်လုံးနှစ်လုံးကို ကုတ်ဖဲ့ပြီး ထုတ်ပစ်လိုက်ချင်စိတ်တွေ ခဏခဏပေါ်ဖူးတယ် သိလား”

“ပြီးတော့ အစိမ်းဝါးစားပစ်မယ်ပေါ့၊ နေပါဦး… အဲဒါ ဘယ်သူပြောဖူးတာပါလိမ့်”

“မော်ဂင် မပြောဖူးပါဘူး”

မော်ဂင်က ရော့စ်ကို စိုက်ကြည့်နေပြီး

“ပြော… ဘယ်သူပြောတဲ့စကားလဲ”

ရော့စ်က တည်ငြိမ်လေးနက်သည့်အသံဖြင့် ပြန်ပြောသည်။

“အဲဒါ မင်းအလုပ်မဟုတ်ဘူး မော်ဂင်၊ ကဲ ထ သွားကြစို့”

မော်ဂင်က မလှုပ်။ မီးလင်းဖိုထဲကို စိုက်ကြည့်နေသည်။ သူ့အမူအရာက အေးအေးဆေးဆေး။

“မီးတောက်မီးလျှံတွေကို မော်ဂင် သိပ်သဘောကျတာပဲ၊ ရော့စ်ကော ဟင်”

“မင်းက မီးကိုသဘောကျမှာပေါ့၊ မီးနဲ့ကစားချင်နေတာကိုး”

"ရှော့စ်ကလဲကွယ်၊ ဒီနေ့ ဘာဖြစ်နေတာလဲဟင်၊ လိမ္မာသားနဲ့၊ မော်ဂင့်ကို စန္ဒရားတီးမပြတော့ဘူးလား၊ လက်သံလေး နားမထောင်ရတာ ကြာပြီကွယ်"

"အို… အချိန်မရှိပါဘူး၊ သင်္ဘောထွက်ချိန်ကပ်နေပြီ"

"သင်္ဘော… ဟုတ်လား၊ ဘယ်သွားမလို့လဲဟင်"

မော်ဂင် အလန့်တကြား မေးသည်။

"နယူးအော်လီယန်းကို သွားမလို့၊ နောက်ထပ် မင်း မမေးခင် ထပ်ပြောမယ်၊ ဟုတ်တယ်၊ ကွန်ချီတာဆီသွားမလို့။ နောက် ဘာသိချင်သေးလဲ"

မော်ဂင် ဖြည်းဖြည်းထသည်။

"ဟင့်အင်း… ဘာမှမသိချင်တော့ပါဘူး။ ဒါပေမဲ့ ရှော့စ် တစ်ခုတော့ သိထားဖို့လိုတယ်၊ ဘယ်တော့မှ အဲဒီကို မသွားရတော့ဘူး။ ရှော့စ်နဲ့ သူ့ရဲ့ ဇာတ်လမ်းက ဆုံးသွားပြီလေ၊ ပြည့်ဖုံးကာ ချလိုက်ပြီ"

"ဒါဆို မင်းကို ကိုယ် ရယ်စရာတစ်ခုပြောမယ်၊ ကိုယ် ခု အဲဒီသွားတော့မလို့၊ ခုချက်ချင်းသွားမှာ မော်ဂင်"

ပြောပြောဆိုဆို တစ်ဖက်သို့ လှည့်ထွက်သွားမည်အပြုတွင် သူ့လှုပ်ရှားမှုကို လှစ်ခနဲမြင်လိုက်ခြင်းဖြစ်၏။ လက်နှစ်ဖက်ကို ရှေ့သို့ဆန့်တန်းကာ လက်ချောင်းများက သားကောင်ကို ထိုးသုတ်မည့် စွန်ရဲတစ်ကောင်၏ သဏ္ဌာန်မျိုးဖြင့် ရှော့စ်နောက်ဘက်မှ ခုန်အုပ်လိုက်သည်။

မနည်းရှောင်လိုက်ရသည်။ လွတ်ရုံကလေး။ မျက်လုံးကျန်းဖို့ လက်မတင်ကလေး အလိုတွင် သူ့လက်နှစ်ဖက်ကို ဖမ်းချုပ်လိုက်သည်။ အခန်းထဲသို့ တွန်းယူသွားသည်။ ခဏ တွေစဉ်းစားပြီးမှ အနီးတွင် ပွင့်လျက်ရှိသော ဗီရိုထဲသို့ တွန်းသွင်းလိုက်၏။ တံခါးကို တအားဆောင့်ပိတ်ပြီးမှ စိတ်ထဲကျေနပ်သွားသည်။

"ကဲ… ဘာတတ်နိုင်သေးလဲ၊ ခဏတစ်ဖြုတ်တော့ မင်းကို ထိန်းထားနိုင်တဲ့နည်းပဲ၊ ကိုယ်သွားမှ ဝေါလေ့စ်ကို ဖွင့်ပေးခိုင်းလိုက်မယ်"

အထုပ်အပိုးတွေကို ကောက်ယူလိုက်သည်။ ငယ်သံပါအောင် အော်သံတစ်ချက်သာထွက်လာ၏။ တိရစ္ဆာန်တစ်ကောင်၏ အထိတ်တလန့် အော်သံမျိုး။ နောက်ထပ် ဘာသံမှ မကြားတော့။

ပစ္စည်းတွေပြန်ချပြီး အသာနားစွင့်ကြည့်သည်။ ကြက်သီးမွေးညင်း ထချင်စရာကောင်းသည့် အော်သံသည် ရပ်စဲမသွားဘဲ နားထဲတွင် ပဲ့တင်ထပ်ကျန်ရစ်၏။

နောက်ထပ် ဘာလို့မအော်တော့ပါလိမ့်။ ဗီရိုတံခါးကို ဘာလို့ တဒုံးဒုံး



ဘဲ ငြိမ်နေပါလိမ့်။ တစ်ခုခုဖြစ်ပြီထင်တယ်။ ဖွင့်ပေးလိုက်လျှင် ဇာတ်လမ်း ဆုံးတော့မည်မဟုတ်။ သင်္ဘောလွတ်တော့မည်။ ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲက်မိသည်။

ဗီရိုတံခါးကို အသာဆွဲဖွင့်လိုက်သည်။ အလန့်တကြား နောက်တစ်လှမ်းက်လိုက်မိ၏။ မော်ဂင်သည် ဗီရိုနံရံကိုမှီပြီး အတောင့်သားရပ်လျက် ငြိမ်သက်၏။ သူ့မျက်နှာတွင် သွေးဆို၍ တစ်စက်တစ်ပေါက်မျှ မကျန်တော့သလိုက်သွားပြီ။ နှုတ်ခမ်းများလည်း အလားတူ။ မျက်လုံးတွေက အကြောင်သား။ မျှမြင်ဟန်မတူ။ ကြောက်မက်ဖွယ် အန္တရာယ်ကြီးတစ်ခုကို အထိတ်တလန့် ကြည့်နေသည့်အလား။

"မော်ဂင်… မော်ဂင်"

ရှော့စ်က တိုးတိုးကလေး ခေါ်ကြည့်သည်။ မထူးတော့။ သူ့အသားကို ကိုင်ကြည့်လိုက်သည်။ ရေခဲတုံးတမျှ အေးစက်လျက်။ ပြီးတော့ အရုပ်ပြတ် ရှေ့သို့ပုံလျက်သားကျလာသည်။

ရှော့စ် ကြောက်အားလန့်အားဖြင့် ဖမ်းပွေ့လိုက်ရ၏။

အိပ်ရာပေါ်သို့ အပြေးပွေ့သွားပြီး ချသည်။ မီးဖိုခန်းမှ ရေပြေးယူပြီးနှာပေါ်သို့ လောင်းချသည်။ အတန်ကြာမှ သတိရလာသည်။ ရှိုက်ကြီးတငင်တော့၏။ ကလေးတစ်ယောက်နှင့်မခြား ရှိုက်၍ရှိုက်၍ ငိုသည်။

အမျိုးသမီးကို ရှော့စ် အထိတ်တလန့် စိုက်ကြည့်နေ၏။ အသက်ရှူဖို့ပင်နေသည်။

"ကိုယ် တောင်းပန်ပါတယ် မော်ဂင်၊ ဒီလိုဖြစ်မယ် မထင်မိလို့ပါကွာ"

မော်ဂင်က ကြက်သီးထသလို တစ်ကိုယ်လုံး တွန့်လိုက်ပြီး

"မော်ဂင် ပြောဖူးသားပဲ၊ အမှောင်ကို ကြောက်ပါတယ်လို့၊ နောက်ို မလုပ်ပါနဲ့ ရှော့စ်ရယ်၊ အမှောင်ထဲမှာ အဲလို ကျပ်ကျပ်တည်းတည်းရင် မော်ဂင် အသက်ရှူရပ်သွားရော၊ အမှောင်ထဲမှာ မြင်လာရော။ သူတို့တွေဟာ တဖြည်းဖြည်းနဲ့ အနားရောက်လာကြတယ်။ တဖြည်းဖြည်းထက် နီးလာပြီး မော်ဂင့်မျက်နှာထဲထိ ရောက်လာကြတယ်။ ပြီးတော့ဂင့်အသက်ကို နုတ်ယူသွားကြရော"

"သူတို့တစ်တွေဆိုတာ ဘယ်သူတွေလဲ၊ ဘာတွေလဲ မော်ဂင်"

"မသိဘူး ရှော့စ်၊ မော်ဂင် သတိပြန်ရလာရင် သူတို့ကို ချက်ချင်းမေ့ရော၊ ဘယ်လိုမှ မှတ်လို့မရဘူး။ စဖြစ်တာကတော့ ကြာပြီ ရှော့စ်၊ ဖေဖေ

မော်ဂင့်ကို အကြီးအကျယ်ဒေါပွပြီး အို...မော်ဂင် သွားမယ်၊ ရှင်ဟာ အလက
လူပဲ ရှော့စ်'

"ကောင်းပါပြီ မော်ဂင်ရယ်"

*

သဘော်ကုန်းပတ်ပေါ်တွင် ရပ်ရင်း အဖွေးသားကျန်ခဲ့သည့် ရေဂယ
များကို ငေးကြည့် လိုက်ပါလာခဲ့၏။ မော်ဂင့်ကို နားလည်ဖို့ ကြိုးစားကြည့်သ
သူ ကြောက်နေသည့် အရာများနှင့် ဤသို့ဖြစ်ရခြင်း အကြောင်း ဇာစ်မြစ်
ဖော်ထုတ်နိုင်လျှင် သည်အမျိုးသမီးကို နားလည်နိုင်မည်ထင်သည်။ ဘယ့်အတွ
ရပ်ရည်နှင့်မလိုက်အောင် ရက်စက်ကြမ်းကြုတ်ပြီး ကောက်ကျစ်စဉ်းလဲရ
အကြောင်းကို ကောက်ချက်ချနိုင်မည် ထင်သည်။

သည်အတိုင်းမှန်လျှင်တော့ မော်ဂင်ဘရစ်တာနီကို တစ်မျိုးစဉ်းစာ
တော့မည်။

လှစ်ခနဲ မြင်လိုက်ရသည့် သူ့ဘဝ တစ်စိတ်တစ်ပိုင်းကို ပြန်တွေးကြ
မိပြန်တော့ မုန်းတီး စက်ဆုပ်ဖွယ် မတွေ့ရဘဲ သနားစရာအတိ ဖြစ်နေ၏
သို့သော် နားလည်နိုင်အောင် ဘာမျှ ဆက်မတွေးတတ်။ နိုက်မတ
တတ်။ သည်လိုရောဂါမျိုးကို အမည်ပေးနိုင်သည့် စကားလုံးများ၊ သိပ္ပံပညာရှ
မှုများ ရှိဦးမည်မထင်။

ဒီကိစ္စ ဆက်ဆွေးနွေးလို့ ဘာမှ အကျိုးမရှိပါဘူးလေ။

အလေးအနက်စဉ်းစားပြီး မော်ဂင်ကို ခေါင်းထဲမှ အတင်းမောင်းထု
ပစ်သည်။ သူ့အကြောင်း အလွန်အကျွံ စဉ်းစားနေခြင်းမှာ သူ့ကမ္ဘာထဲ
ချင်းနင်းဝင်ရောက်ခြင်းနှင့် အတူတူပင် မဟုတ်ပါလား။ သူ့ကမ္ဘာထဲကို ဝင်ရော
မိလျှင် ရုန်းထွက်ဖို့ မလွယ်တော့။ ဟုတ်တယ်။ ကွန်ချီတာအကြောင်းကို
စဉ်းစားတော့မယ်။ နယူးအော်လီယန်းတွင် သူကလေး ဘယ်လိုများနေရှာပါလိမ့်

အစီအစဉ်အရ ခရီးဆက်ရန် ရှိသည်မို့ နယူးအော်လီယန်းတွင် ကြာကြ
နေနိုင်လိမ့်မည်မဟုတ်။ ကမ်းရိုးတန်းသွား မီးသဘော်ကြီးနှင့် ဂျော်ဂျီယာသ
ခရီးဆက်ရဦးမည်။ ဂျော်ဂျီယာတွင် ရေချယ်တို့သားအမိကို ဝယ်ရန် လင်တ
မိသားစုနှင့် အဆက်အသွယ်လုပ်ရမည်။

နောက်ဆုံးအကြိမ် နယူးအော်လီယန်းသို့ ရောက်ခဲ့စဉ်က အဆင်မပြေ



းကို သတိရလိုက်မိ၏။ ဒီတစ်ခါတော့ သေသေချာချာ အစီအစဉ်ဆွဲမည်။
ကောင်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်ထားမည်။ လမ်းတစ်လျှောက် ဒီကိစ္စ
ပင် အပြန်ပြန်အလှန်လှန် စဉ်းစားလာသည်။ ဆိပ်ကမ်းကို သင်္ဘောကပ်ပြီး
ပေါ်သို့တက်လိုက်မှ ဆုံးဖြတ်ချက်ချဖြစ်သည်။

ရထားတစ်စီးကို လှမ်းတားလိုက်သည်။ အကောင်းဆုံး တည်းခိုခန်း
စ်ခုသို့ သွားရန် ရထားသမားကို ပြောသည်။ မြို့စွန်တစ်နေရာမှ ရောမ
ကြီးတစ်ဆောင်သို့ ရထားသမားက ပို့ပေးသည်။ တည်းခိုခန်းပိုင်ရှင်မှာ
မောခဲ့ညားသည့် ကပြားမကြီးတစ်ဦးဖြစ်သည်။ အထက်တန်းလွှာ အမျိုးသမီး
းမှန်း သိသာလှသည်။

အိမ်ကြီးမှာ အစက်အပြောက်တစ်ခုမျှ မရှိလောက်အောင် ရှင်းသန့်
င်လက်နေ၏။ အပ်ကျသံကိုမျှ ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်
၏။ အပြင်ဘက်တန်းမှာ အခန်းတစ်ခန်း ငှားလိုကြောင်း ပြောတော့
မျိုးသမီးကြီးက ပြုံးပြီး

"မောင်လေးဆီကို အမျိုးသမီးဧည့်သည် လာဖို့ရှိလို့လား၊ အဲဒီလိုဆိုရင်
တော့ တည်းခိုခန်းရဲ့ စည်းမျဉ်းနဲ့ လုံးလုံးဆန့်ကျင်နေတယ်ကွဲ့၊ ဒါပေမဲ့"

အမျိုးသမီးကြီး၏ အပြုံးသည် ပို၍ကျယ်ပြန့်လာသည်။ ဖြူဖွေးစီတန်း
သည့် သွားကလေးများပင် ပေါ်လာသည်။

"ဒါပေမဲ့ အစ်မကြီး ကိုယ်ချင်းစာတတ်ပါတယ်ကွယ်၊ ၁၀ နာရီဆို
စ်မကြီး ကောင်းကောင်းအိပ်ပျော်ပြီလေ"

အမျိုးသမီးကြီးကို ကြည့်ပြီး ရှော့စ် ပြုံးသည်။

"ကျေးဇူးပါပဲ အစ်မကြီးရာ"

ပြောပြောဆိုဆို ဆယ်ဒေါ်လာတန် ငွေစက္ကူတစ်ရွက်ကို အမျိုးသမီးကြီး
က်သို့ ထိုးထည့်ပေးလိုက်သည်။ ငွေစက္ကူကို လက်မခံဘဲ အမျိုးသမီးကြီးက
တင်းပြန်ပေးသည်။ အံ့ဩလွန်းသဖြင့် ရှော့စ် ပါးစပ်အဟောင်းသားနှင့်
ကြောင်ငေးငေး ဖြစ်သွားသည်။

"မလိုပါဘူး မောင်လေးရယ်၊ စေတနာရှိရင် စိန့်လူးဝစ် ဝတ်ကျောင်း
က်ကိုသာ လှူခဲ့ပါ၊ ဟိုမှာလေ အလှူခံပုံး၊ အစ်မကြီး မင်းအတွက် မနက်စာ
ဉ်ပေးရမလားဟင်"

"ကျေးဇူးပါပဲဗျာ"

အင်း... ခုချိန်ထိတော့ အားလုံး ချောချောမောမောပါပဲလား။

တစ်နေ့လုံး ပျင်းရိငြီးငွေ့ဖွယ် အချိန်ဖြုန်းနေရ၏။ ပန်းခြံထဲတွင် လ
လျှောက်လိုက်၊ ဈေးတန်းတကာ လမ်းသလားလိုက်နှင့် ကွန်ချီတာအတွ
ရှေးဟောင်းရွှေဆွဲကြိုးလေးတစ်ကုံးကို ဝယ်လိုက်သည်။ ဆွဲကြိုးအစား လက်
ကလေးများ ဝယ်ခွင့်ရလျှင် ဘယ်လောက်ကောင်းလိုက်မလဲဟု တွေးလိုက်မိသ
ပတ်ဝန်းကျင်မှာ ပုံမှန်အသက်ဝင် လှုပ်ရှားနေ၏။ မြင်ကွင်းတွေ၊ အသံ
ရနံ့တွေ...။

သုံးထပ်တိုက်ပေါ်မှ ကြိုးတန်းလန်းဖြင့် ကျလာသည့် ဆွဲခြင်းထဲ
အောက်ဆုံးထပ် ကုန်မျိုးစုံဆိုင်မှ ပစ္စည်းတွေထည့်ပေးနေသည်။ လမ်းပေါ်
လမ်းလျှောက် ဈေးသည်များက သူတို့၏လက်ပွေ့ကုန်များကို အော်ဟစ်ကြေ
လျက်။ လူမည်းလေးနှစ်ကောင်က အဆိုအကဖြင့် ပိုက်ဆံတောင်းနေ
အားလုံး သူတို့ဘဝ သူတို့ ပျော်ရွှင်နေကြပုံ။

မိမိတစ်ယောက်သာလျှင် တဒင်္ဂမျှ ရရှိမည့် တစ်ခုတည်းသော ပျော်ရွ
အတွက် စိတ်မော လူမော ဖြစ်နေရ၏။

ခြေကုန်လက်ပန်းကျပြီး တည်းခိုခန်းသို့ ပြန်လာခဲ့သည်။ ကုန်ခဲလှသ
အချိန်ကို မကျေမနပ်ဖြစ်ရင်း အိပ်ရာပေါ်သို့ ကန့်လန့်ဖြတ်လှဲချလိုက်သ
ဟိုအဝေးတွင် ဝင်လုလုနေဝန်းကြီးကို မလိုတမာ ငေးကြည့်နေ၏။ ကောင်း
တစ်ခွင်တွင် အလင်းရောင် တဖြည်းဖြည်း လွင့်ပြယ်နေ၏။ ကြယ်ကလေးတစ်
ကို မြင်ရမှ အဝတ်ထလဲသည်။ စနစ်တကျ လှလှပပ ဝတ်သည်။ လှေကာ
ကတိုက်ကရိုက် ပြေးဆင်းခဲ့ပြီး ရထားတစ်စင်းကို အော်ခေါ်လိုက်၏။

ကွန်ချီတာတို့အိမ်သို့ သွားရာတစ်လမ်းလုံး ဟိုဆေးနဲ့များ တိုးနေဦးမ
လားဟု တွေးပူနေ၏။ အစီအစဉ်တွေ အဆင်ချောပါ့မလားဟူ၍လည်း စိုး
နေမိသည်။

သို့သော် ကွန်ချီတာတို့အိမ်ရောက်တော့မှ အထင်နှင့်အမြင် ပါစင်အေ
လွဲနေ၏။ အိမ်တွင် ကွန်ချီတာကို တစ်ယောက်တည်းတွေ့ရသည်။ သူ့ဖ
နှင့် ဟိုဆေးတို့နှစ်ယောက် ကျူးဘားလွတ်မြောက်ရေး အရေးပေါ်ဆွေးနွေးပွဲ
ထွက်သွားကြသည်တဲ့။ ကွန်ချီတာကလေးမှာ ခြေမကိုင်မိ၊ လက်မကိုင်မိ
ဆွေ့ဆွေ့ခုန် ဝမ်းသာနေသည်။

"ပျော်လိုက်တာ အစ်ကိုရယ်... ခုလိုအချိန်မှာ အစ်ကိုရောက်လာတ
နော်၊ ဒါထက် ပျော်စရာကောင်းတာ ဘာရှိဦးမလဲ၊ သူတို့ သန်းခေါင်ကျေ
ပြန်လာမှာ အစ်ကို၊ ကွန်ချီတာတို့ အချိန်တွေအများကြီးရတယ်"



ရော့စ်က ခေါင်းယမ်းပြီး

"မင်း အစ်ကိုနဲ့လိုက်ခဲ့ရမယ် ကွန်ချီတာ၊ ဒါမှ တို့ စိတ်ချလက်ချ
ရမှာ၊ စာတိုလေးတစ်စောင် ရေးခဲ့ပေါ့၊ ကပွဲကြည့်မယ် ကပွဲပြီးတော့
လယ်စားစားမယ်၊ ဘာညာ၊ ဘာညာပေါ့"

"အစ်ကို့ သဘောပဲလေ"

အထက်တန်းကျကျ ဟိုတယ်တစ်ခုတွင် ထမင်းစားကြသည်။ ရော့စ်၏
က်လုံးများသည် ဂနာမငြိမ်တော့။ တိုင်ကပ်နာရီကြီးဆီသို့သာ မကြာမကြာ
ရောက်နေသည်။ ဆယ်နာရီထိုးဖို့ စောင့်ရသည်မှာ ကမ္ဘာချီ၍ ကြာသည်ထင်၏။

ဆယ်နာရီ ဒေါင်ခနဲထိုးသည်နှင့် ရထားလုံးတစ်စီးပေါ်သို့ အပြေးအလွှား
တက်ကာ တရကြမ်း မောင်းခိုင်းတော့သည်။ အခန်းတံခါးကို သူ့ကတိုက်ကရိုက်
င့်စဉ် ကွန်ချီတာ သူ့ကို တအံ့တသြ စိုက်ကြည့်နေသည်။ အိပ်ခန်းထဲ ရောက်
သွားတော့ ရပ်ပြီး အခန်းပတ်ပတ်လည်ကို ကြည့်သည်။

"သိပ်ကောင်းတာပဲနော် အစ်ကို ဒီနေရာမျိုးကို အစ်ကို ရှာတတ်သားပဲ"

ကွဲအွာနေသည့် ချစ်သူတို့၏ဘဝ မိုးမမြင်လေမမြင် ပျော်ကြသည်။
ပြီးတော့ ကွန်ချီတာက ခေါင်းအုံးပေါ်တွင် လက်ထောက်ပြီး ရော့စ်ကို စိုက်ကြည့်
နေသည်။ ရော့စ်က ချစ်သူကလေးကို တယုတယနမ်းမည်အပြုတွင် ကွန်ချီတာက
လက်တစ်ဖက်ဖြင့် သူ့ပါးကို တအားလွှဲရိုက်လိုက်သည်။

အတိုင်းအဆမရှိ အံ့သြခြင်းဖြင့် ကွန်ချီတာကို ရော့စ်က စိုက်ကြည့်နေ
သည်။ ဒေါသအမျက်ခြောင်းခြောင်း ထွက်နေသည်ကိုတွေ့ရသည်။ ပါးရိုက်လိုက်
သည်ကို မကျေနပ်သေးသည့် လေသံမျိုးဖြင့်

"သွား... အစ်ကို့ကို မုန်းတယ်၊ အစ်ကို ဟိုဟာမဆီက လာခဲ့တာမဟုတ်
လား၊ အဲဒီက သွေးသားသောင်းကျန်းလာတာ မဟုတ်လား၊ သိပ်ရှုံ့ဖို့ကောင်းတယ်၊
သူ့ကိုနမ်းလာခဲ့တဲ့ နှုတ်ခမ်းတွေနဲ့ ကွန်ချီတာ့ကို အို... အစ်ကိုရယ်"

ခေါင်းအုံးပေါ်သို့ မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးလေတော့သည်။

"ကွန်ချီတာ... ဩော်... အချစ်ရယ်"

ရော့စ် သည်မျှသာပဲပြောတတ်သည်။ မည်သို့ နှစ်သိမ့်ရမှန်း မသိတော့။
ကွန်ချီတာက ဒေါသမုန်တိုင်း ထန်နေဆဲ။

"တော်စမ်းပါ၊ ကွန်ချီတာနဲ့ အစ်ကို ဘာမှ မဆိုင်တော့ဘူး။ ကြည့်စမ်း
ဦး အစ်ကို၊ အစ်ကို ဘယ်တုန်းကမှ ကွန်ချီတာ့ကို ဒီလိုမျိုး မဆက်ဆံခဲ့ပါဘူး။
ဒါမျိုးဟာ အချစ်မဟုတ်ဘူး အစ်ကို။ အချစ်ဆိုတာ ဒါမျိုးမဟုတ်ဘူး။ ဒီလို

အချစ်မျိုးက အဲဒီမိန်းမစားမျိုးဆီမှာသာ ရနိုင်တဲ့အချစ်မျိုး။ အစ်ကို ဘာဖြစ်
သူနဲ့ မနေသလဲ။ အဲဒီမိန်းမကလည်း အစ်ကို့ကို အငမ်းမရဖြစ်နေတာမို့လား
"မင်းက တကယ် အဲဒီအတိုင်း ဖြစ်စေချင်တာလား ကွန်ချီတာ"
ရော့စ်၏ မျက်လုံးများသည် နာကြည်း ဆွေးမြည့်ခြင်းတို့ဖြင့် ရီဝေလျ
ရှိသည်။ ကွန်ချီတာသည် ကိုယ်ကို ချာခနဲလှည့်ကာ ရော့စ်နှင့် မျက်နှာချ
ဆိုင်လိုက်သည်။ မြစိမ်းရောင် မျက်လုံးများထဲတွင် မျက်ရည်တွေ စို့ရွဲလျက်
"ဟင့်အင်း... ဟင့်အင်း... အစ်ကို မဟုတ်ဘူး။ အဲဒီလို မဟုတ်ဘူ
ကွန်ချီတာပြောမိတာတွေ ခွင့်လွှတ်ပါ အစ်ကိုရယ်၊ သူနဲ့ ဘာပဲဖြစ်ခဲ့ဖြ
အစ်ကို့ကို ဆုံးရတာနဲ့စာရင် ကွန်ချီတာဆီ လာဖော်ရတာကိုပဲ ကျေးဇူးတင်ရ
မှာပေါ့။ အစ်ကိုကလည်း နောက် ဒီလိုမဖြစ်တော့ဘူးမို့လားဟင်။ မဖြစ်တော့
ဘူးလို့ ပြောစမ်းပါ အစ်ကိုရယ်၊ လိမ်တာဖြစ်ချင် ဖြစ်ပါစေ၊ အဲဒီအတိုင်း ပြေ
စမ်းပါ"
"အစ်ကို လိမ်မပြောပါဘူး ကွန်ချီတာ၊ အစ်ကိုနဲ့သူနဲ့ ဘာမှမဖြစ်ခဲ့ပါဘူး
"ဖြစ်မှဖြစ်ရပလေ အစ်ကိုရယ်၊ ကွန်ချီတာ သိပ်ဆိုးတာပဲနော်၊ တကယ
ငှက်ဆိုးမလေးပဲ"
"အစ်ကိုကတော့ ငှက်ဆိုးမလေးမထင်ဘူး။ အစ်ကို့ကို ကယ်တင်
လွှတ်လိုက်တဲ့ ကောင်းကင်ဘုံသူလေးလို့ပဲ ထင်တယ်"
ချစ်သူကို ရင်ခွင်ထဲ ဆွဲပွေ့ပြီး ရော့စ် အားရပါးရ ပြောလိုက်သည်
နောက်ပိုင်းတွင်တော့ မြတ်နိုး ကြင်နာခြင်းတို့ဖြင့် အပြန်အလှန် ယုယကြသည်
သူတို့အချစ်မှာ သံစဉ်နိမ့် တေးသွားကလေးတစ်ပုဒ်လို သိမ်မွေ့ညင်သာပြီ
တဖြည်းဖြည်းမှ သံစုံမြူးကြွကာ အရောင်အသွေး စုံလာသည့် အချစ်မျိုးဖြစ်လာ
သည်။ တေးသွားဆုံးတော့ တစ်ဦးကိုတစ်ဦး မခွဲနိုင်၊ မခွာရက်ကြတော့ပေ။
အချိန်လင့်နေတော့မည်စိုး၍ ရော့စ်က တိုးတိုးကလေး သတိပေးလိုက်
သည်။ မပြန်ချင်တော့ပါဘူးဟုဆိုပြီး ကွန်ချီတာက ချစ်သူရင်ခွင်တွင် မျက်နှ
အပ်ကာ ငိုပြန်သည်။
"ဩော်... ကွန်ချီတာရယ်၊ ခမည်းတော်ကြီး ရှိသေးတယ်လေကွယ်"
ရော့စ်က ဖျောင်းဖျောင်းဖျဖျ ပြောသည်။
"ဒီကိစ္စ အဖေနဲ့မဆိုင်တော့ဘူးထင်တယ် အစ်ကို၊ အစ်ကိုနဲ့ ကွန်ချီတာ
တို့ရဲ့ကိစ္စ ဖြစ်သွားပြီ။ ရက်စရာ ကြောက်စရာကိစ္စ တစ်ခုအနေနဲ့ ဖုံးကွယ
လျှို့ဝှက်ထားဖို့လည်း မလိုတော့ဘူး ထင်တယ်။ အစ်ကိုနဲ့ခွဲရရင် ကွန်ချီတာ



ဘာဝ်တစ်ပိုင်းတစ်စ သေသွားသလိုဖြစ်မှာ။ ဒါကို အဖေ ဘာပြောနိုင်မလဲ။
ဒီသေနည်းမျိုးကို ကွန်ချီတာ ကြောက်တယ်။ တစ်ပိုင်းတစ်စ သေရကနေပြီး
နေရတဲ့ရက်တွေကြာတော့ တဖြည်းဖြည်းနဲ့..."
"ဒီမှာ ကွန်ချီတာ၊ အစ်ကိုပြောတာ နားထောင်ပါဦး"
"ဟင့်အင်း... နားမထောင်ချင်ဘူး၊ အစ်ကိုက အိမ်ပြန်နိုင်းမှာမို့လား။
တ်ဆက်စကားတွေ ကွန်ချီတာ မပြောနိုင်တော့ဘူး၊ အစ်ကိုပြောတာကိုလည်း
းထောင်နိုင်တဲ့အင်အား ကွန်ချီတာမှာ မရှိတော့ဘူး။ ချစ်တယ် ချစ်တယ်ဆိုတဲ့
ကားကလွဲပြီး ဘာမှမပြောချင်ဘူး။ နှုတ်ဆက်ခွဲခွာရတဲ့ စကားလုံးတွေ ကွန်ချီ
ာတို့အတွက် ကုန်ဆုံးချိန်တန်ပါပြီ အစ်ကိုရယ်"
"မင်းပြောတာ ဟုတ်ပါတယ် ကွန်ချီတာ၊ မင်းကတိအတိုင်း အစ်ကို့ဆီ
ာမယ်ဆိုရင် မင်းဖြစ်စေချင်တာတွေ အားလုံး ဖြစ်ပြီပေါ့။ ဘယ်တော့လာမှာ
ဟင်၊ အစ်ကို့ကို အတိအကျပြောကွာ"
ကွန်ချီတာ တိုးတိုးကလေး ပြန်ပြောသည်။
"သိပ်မကြာတော့ပါဘူး အစ်ကိုရယ်"
ကွန်ချီတာ၏ လက်ချောင်း သွယ်သွယ်လေးများသည် ရော့စ်မျက်နှာပေါ
ွင် ရွေ့လျားနေသည်။ လည်ပင်းမှတစ်ဆင့် ပခုံးသားပေါ် ရောက်တော့
င်းတင်းဆုပ်၍-
"နောက်ကို နှုတ်ဆက်စကား မပြောကြေးနော် အစ်ကို"

*

မနက်မိုးလင်းတော့ သူထွက်ရမည့် ခရီးစဉ်အကြောင်းကို ရော့စ်က
ပြောပြသည်။ ကွန်ချီတာ လုံးဝတားမြစ်ခြင်းမပြုပေ။
"ကောင်းတာပေါ့ အစ်ကိုရဲ့၊ သိပ် ဂုဏ်ယူစရာကောင်းတာပဲ၊ ကွန်ချီတာ
ယ်ချင်းစာတတ်တယ်လေ။ သွားပါ အစ်ကို၊ ဘုရင်ခံရဲ့ ရင်ခွင်ထဲကို
မိန်းမနဲ့ ကလေး မြန်မြန်ရောက်အောင် အစ်ကိုလုပ်ပေးပါ၊ ဒီလို မွန်မြတ်တဲ့
မျိုးအတွက် ကွန်ချီတာ စောင့်နိုင်ပါတယ်အစ်ကို။ အစ်ကို အိမ်ပြန်ရောက်
ာက်ချင်း ကွန်ချီတာ ပြေးချလာခဲ့မယ်နော်။ ဒီတစ်ခါ ဘယ်သူတားလို့မှ
ဘူး၊ ဘာနဲ့မှ တားလို့မရဘူး"
မီးသဘော်ကြီးသည် မိုင်တစ်ရာတစ်ဆယ် ရှည်လျားသော တူးမြောင်း

တစ်လျှောက်တွင် အရှိန်ပြင်းစွာဖြင့် ခုတ်မောင်းလာခဲ့သည်။ ကွန်ချီတာအတွ
ပူပင်စိတ်ဖြင့် ရှော့စ် တစ်ယောက် ဆောက်တည်ရာမရ ဖြစ်နေ၏။ နောက်တစ်
မနက် မိုးစင်စင်လင်းမှ ပြန်သွားသည့်အတွက် ဘယ်လိုများ ဒဏ်ခတ်ခံရရှာမလဲ
ယောကျ်ားလေးတစ်ယောက်နှင့် ညအိပ်ညနေ သွားနေခြင်းကို တောင်အမေရိ
တိုက်သား မစ္စတာအစ္စကွာဒို လွယ်လွယ်နှင့် ခွင့်လွှတ်မည်မထင်။ သည်လိုကိ
မျိုးတွင် သူတို့ လက်တင်အမေရိကနိုင်ငံသားများသည် အလွန်စည်းကမ်းကြ
ကြသည်။ ဒါတွေကို ဖြတ်ကျော်ဖြေရှင်းနိုင်ဖို့ တစ်နည်းသာရှိတော့သည်
အမြန်ဆုံး လက်ထပ်ကြဖို့ဖြစ်၏။

ကွန်ချီတာနှင့် လက်ထပ်မည်ဆိုလျှင် မိမိ၏ ဘဝတစ်ခုလုံး ပြောင်းပြ
လှန်ပစ်ရမည်ဖြစ်သည်။ မိမိ မြတ်နိုးခဲ့သမျှ၊ မိမိကြိုးစားခဲ့သမျှ အရာတွေ
ကွန်ချီတာ တန်ဖိုးထားချင်မှ ထားပေလိမ့်မည်။ ဘဝအခြေခံက ခြားနားလွန်းသ
မဟုတ်လား။ အို... ဘာပဲဖြစ်ဖြစ် ကွန်ချီတာကိုတော့ အရယူမည်။ ဖြစ်သ
နည်းနှင့် လက်ထပ်မည်။

ရက်ပေါင်းများစွာ သင်္ဘောပေါ်တွင် ပျင်းရိငြီးငွေ့စွာ လိုက်ပါလာပြ
နောက်ဆုံး ဆဗာနာသို့ရောက်ခဲ့သည်။ သင်္ဘောဆိုက်တော့ မှောင်စပြုနေပြ
ဟိုတယ်သို့ တန်းမောင်းခိုင်းပြီး အစောကြီး အိပ်ရာဝင်လိုက်၏။

နောက်တစ်နေ့မနက်တွင် စောစောနိုးသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်လို
ရသဖြင့် အိပ်ရေးဝပြီး ကျေကျေနပ်နပ် နိုးလာခြင်းဖြစ်၏။ နံနက်စာကို အ
ကြိတ်ပြီး ဟယ်ရီလင်တန် ရှာပုံတော်ဖွင့်ရန် ဟိုတယ်မှထွက်ခဲ့သည်။

ညသန်းခေါင်မှ ဟိုတယ်သို့ပြန်ရောက်သည်။ စိတ်ဓာတ်အကျကြီးကျပြ
ပြန်လာခြင်း။ သည်နာမည်ကို ကြားဖူးသူ တစ်ယောက်တလေမျှ မရှိ။ နောက
တစ်နေ့ မြို့ထဲထွက်ပြန်၏။ နေသာစောင်းသွားသည်။ အကြောင်းကမထူ
တတိယနေ့ ညနေပိုင်းတွင် ရှော့စ် စိတ်ဓာတ်ကျစပြုလာပြီး အိပ်ရာပြင်ဖို့ တ
နေပြီ။ ထိုစဉ် လူကြီးတစ်ယောက် ရောက်လာခြင်းဖြစ်၏။ အသက်ခြောက်ဆ
ခန့်ရှိ လူကြီးတစ်ယောက်က တွေ့လိုကြောင်း ဟိုတယ်အမှုထမ်းတစ်ယော
လာသတင်းပို့သဖြင့် အပြေးအလွှား ဧည့်ခန်းထဲသို့ ဆင်းခဲ့သည်။

ဆံပင်တွေ တစ်ခေါင်းလုံး ဖွေးနေပြီး မုတ်ဆိတ်မွေးအဖျားရှုးန
လူရည်သန့်သန့် ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို တွေ့ရ၏။ ထိုလူကြီးက သူ့
လက်ဆန့်ပေးပြီး–

"ကျုပ် ဟယ်ရီလင်တန်ပါ၊ မောင်ရင် ကျုပ်ကို လမ်းတကာလည်ပြ



စုံစမ်းနေတယ်ကြားလို့"

"တော်သေးတာပေါ့ဗျာ၊ ကျွန်တော် လူကြီးမင်းကို ရှာရတာ လျှာထွက်
လုနေပါပြီ၊ ကိုးကုန်းကိုးကျင်းလည်း နှံ့နေပါပြီ။ ကဲ... ရောင်းမယ်ဆိုတဲ့
အမျိုးသမီးသားအမိကိစ္စ ကျွန်တော်တို့ ဆွေးနွေးကြရအောင်၊ ကျွန်တော် ဘယ်
လောက်ပေးရမလဲ"

"ဘယ်လို... ဘယ်လို၊ ဘယ်အမျိုးသမီးသားအမိလဲ မောင်ရင်ရဲ့၊
မောင်ရင်က မစ္စတာပါရီနော်၊ ဘာတွေပြောနေတာလဲကွယ်"

အဘိုးကြီး ဘာမျှနားမလည်သလို ပြောသည်။

"ရေချယ်လေဗျာ၊ ရေချယ်နဲ့ သူ့သားကလေးလေ၊ ချာတိတ်နာမည်တော့
ကျွန်တော်မသိဘူး၊ ဘရုတပ်စ်ရဲ့ မိန်းမနဲ့ သားလေးလေ၊ ဟိုကောင်ကြီးချော
သူ့မိန်းမနဲ့ ရင်သွေးကလေးကို သိပ်တွေ့ချင်နေပြီ၊ လူမှုရေးအရ ကျွန်တော်
ကနာပြီး သူတို့သားအမိကိုဝယ်ဖို့ စီစဉ်ရတာပါ၊ ကျွန်တော် အဲဒီအကြောင်းတွေ
ကထဲမှာ ထည့်ရေးထားပါတယ်"

"ကျုပ်တစ်သက် မောင်ရင့်ဆီက စာတစ်စောင်မှ မရဖူးပေါင်ဗျာ"

"ဟာ... ဒုက္ခပါပဲ"

ရှော့စ် စိတ်ပျက်လက်ပျက် ညည်းတွားရင်း အဘိုးကြီးကို အားနာသွား
သည်။

"ကျွန်တော် တောင်းပန်ပါတယ် ဦးရယ်၊ တစ်စုံတစ်ခုတော့ မှားနေပြီ
ခင်ဗျ။ ဒီမြို့မှာ နောက် ဟယ်ရီလင်တန် တစ်ယောက်များ ရှိဦးမလားမသိဘူး"

"ရှိတာပေါ့ကွယ်၊ ဦးနဲ့ တူဝရီးပဲလေ။ ဦးနဲ့ နာမည်တူပေါ့။ လူကောင်း
ကလေးပါ။ ခြံပိုင်ရှင်တစ်ယောက်ပဲ၊ 'ထင်းရှူးမြိုင်'ပိုင်ရှင်ပေါ့၊ ကျုပ် ခုပဲ
အဲဒီက ပြန်လာတာလေ။ ကျုပ်ညံ့တာပဲ။ သူ့ကို လုံးဝမေ့နေခဲ့တယ်။ မောင်ရင်က
ကျုပ်ကိုမေးစရာ ဘာအကြောင်းမှမှ မရှိတာ။ ကျုပ်လည်း ဧည့်သည်ပဲလေ။
ကျုပ်က ဖလော်ရီဒါကပါ မစ္စတာပါရီ"

"အဲ့ဒီ ထင်းရှူးမြိုင်ကို ဦး ကျွန်တော့်ကို ညွှန်ပေးပါလား ခင်ဗျာ"

ရှော့စ် အားတက်သရော ပြောသည်။

"ညွှန်တာထက် ကောင်းအောင် စီစဉ်ပေးမှာပေါ့ မောင်ရဲ့၊ မနက်စောစော
ကျုပ်ကိုယ်တိုင် လိုက်ပို့မယ်၊ စောစောတော့ ထရမယ်နော်၊ ကျုပ်က ခရီးဆက်ရ
ဦးမယ်လေ"

"ကျေးဇူးပါပဲခင်ဗျာ၊ ကဲ... ကျွန်တော် ဦးကို ဘာဘွန်းဝီစကီကလေးနဲ့

ပြုစုပါရစေ"

"အို… ကောင်းတာပေါ့ မောင်ရာ"

ဝီစကီလေး တမြမြနှင့် စကားပြောလို့ ကောင်းလာကြသည်။ အဘိုးကြီ
ကို ရှော့စ် စိတ်ဝင်စားစပြုလာသည်။ မစ္စတာလင်တန်မှာ သွင်းကုန်လိုင်စင်
ကုန်သည်ကြီးတစ်ဦးဖြစ်သည်။ အမေရိကသို့ သူသွင်းသည့် အဓိကသွင်းကု
မှာ ကျူးဘားနိုင်ငံထွက် ဆေးပြင်းလိပ်နှင့် ဆေးရွက်ကြီးများ ဖြစ်သည်။ သ
သည် နိုင်ငံရေးရှုပ်ထွေးနေသည့် ကျူးဘားနိုင်ငံသို့ အကြိမ်ကြိမ် ရောက်ဖူးသူဖြစ်၏
စပိန်တို့၏ ဖိနှိပ်မှုအောက်တွင် အလူးအလဲခံနေကြရသည့် ကျူးဘားနိုင်ငံသားတို့၏
ဘဝကို အဘိုးကြီးက ပြောပြနေသည်။ ကွန်ချီတာထံမှ ကြားဖူးသည့်ပုံပြင်များန
တစ်ထပ်တည်း။

မစ္စတာလင်တန်က စကားဆက်သည်။

"အမေရိကန်တစ်ယောက်အနေနဲ့ ကျုပ် အံ့သြတယ် မစ္စတာပါရီ၊ စပိ
တွေဟာ လူမည်းတွေကို တူးတူးခါးခါး မုန်းတာပဲ။ ကျုပ်တို့က နီဂရိုးတွေက
ကျွန်ပြုထားပေမဲ့ သူတို့ကို မမုန်းဘူး။ အများစုအနေနဲ့ ပြောရရင် အမေရိက
တွေဟာ နီဂရိုးတွေကို သဘောကျကြတယ်။ ဆင်းရဲသား လူဖြူအနည်းစုကတော
ထားပါတော့။

"ဒါပေမဲ့ စပိန်ကောင်တွေ သူတို့ကိုမုန်းတာက စနေဂြိုဟ်ကို မုန်းသလ
မုန်းတာ။ အဲဒီတော့ ဌာနေလူမည်းတွေကို ဘယ်လိုဖိနှိပ်သလဲဆိုတာ စဉ်းစ
သာကြည့်တော့ မောင်ရေ။ ပုန်ကန်ထကြွမှုတွေ ခဏခဏဖြစ်တယ်။ တစ်ဖက်
ကလည်း ရက်ရက်စက်စက် ချေမှုန်းတယ်။ သူပုန်တွေကိုမိရင် ဘယ်လိုအပြစ်ပေ
တယ် အောက်မေ့သလဲ။ ကိုပေးရှည်တဲ့ ဆူးကျာပွတ်ကြီးတွေနဲ့ ရိုက်တယ်
ချက်တိုင်း ချက်တိုင်း အသားတွေကို အလွှာလိုက် အလွှာလိုက် ခွာယူသလိုပဲ

"အဲ… ကျူးဘားလူမျိုး အသားဖြူ အမျိုးသမီးတွေကျတော့ စပိန်တွေက
သိပ်မျက်နှာသာပေးတယ်။ ကျူးဘားမလေးတွေကို သိပ်သဘောကျတယ်။ ဒါပေ
လူမည်းသွေးပါတဲ့ မဖြူမညို ကပြားမလေးတွေဆိုရင်တော့မှ သူတို့ စက်ဆု
ရွံရှာကြတယ်။ ကျုပ် အဲဒီမှာရှိနေတုန်းမှာပဲ အဖြစ်တစ်ခုနဲ့ကြုံခဲ့ရတယ်။ ကပြ
မတွေကို မလုံ့တလုံ့ဝတ်ခိုင်းပြီး မြို့ထဲလျှောက်ခိုင်းတယ်လေ။ အဲဒါ သူတို့
ဟာသတဲ့ဗျာ"

"ဒါကြောင့် ကျူးဘားလွတ်မြောက်ရေးကို လုံးပန်းနေကြတာပေါ့ခင်ဗျာ
ကဲ… ကျူးဘား လွတ်မြောက်ရေးအတွက် ကျွန်တော်တို့ သောက်လိုက်ကြ



အောင်"

နောက်တစ်နေ့မနက်တွင် ရှော့စ် ခပ်စောစောအိပ်ရာ ထသည်။ သို့သော်
အဘိုးကြီးက သူ့ထက်စော၍ အသင့်ဖြစ်နေသည်ကို တွေ့ရသည်။

မစ္စတာ ဟယ်ရီလင်တန်က ရယ်ရယ်မောမောဖြင့်–

"ကျုပ်ကတော့ ခပ်လောလောပဲဗျို့၊ ကုန်သည်ဆိုတော့ ပြေးလွှားနေရ
တာပဲ၊ ဟိုမှာတော့ ကြာကြာမနေနိုင်ဘူးနော်။ ကျုပ်တို့တူဝရီး နှစ်ယောက်နဲ့
ခြားတစ်ယောက်ယောက် စကားပြောပြီဆိုရင် မျက်စိကို လည်နေတာပဲဗျ။
ကျုပ်ကိုမေးရင် သူကဖြေတယ်။ သူ့ကိုမေးရင် ကျုပ်က ဖြေတယ်။ ကျုပ်တို့
စ်ယောက် တစ်ယောက်ယောက်က နာမည်ပြောင်းဖို့ စဉ်းစားသေးတယ်။
ကျုပ်ကလည်း မပြောင်းနိုင်ဘူး။ တူတော်မောင်ကလည်း ကျုပ်ကို ချစ်ခင်လေးစား
တော့ မပြောင်းချင်ဘူးတဲ့။ အဲဒါနဲ့ ဟယ်ရီလင်တန် နှစ်ယောက်ဖြစ်နေပြီး
တ်လမ်းရှုပ်တော့တာပဲ မောင်ရေ"

ရှော့စ်က ရယ်ပြီး

"ကျွန်တော် နည်းလမ်းတစ်ခု စဉ်းစားပါဦးမယ်ခင်ဗျာ"

ဟုပြောရင်း ဦးလေးဟယ်ရီလင်တန်ကို သဘောကျနေမိသည်။ အလွန်
ကားပြောကောင်းသည့် အဘိုးကြီး။

ဆိပ်ကမ်းရောက်တော့ မစ္စတာလင်တန်က မော်တော်ဘုတ်တစ်စင်း
ားဖို့စီစဉ်သည်။

"ရွက်လှေနဲ့သွားရင် တော်တော်နဲ့ ရောက်မှာမဟုတ်ဘူး"

"ကျွန်တော်တို့ ဘယ်ဘက်ကို သွားကြမှာလဲ"

ရှော့စ်က သွားရမည့်အရပ်ကို အခုမှ မေးဖြစ်သည်။

"မြကွန်းသာကိုလေ။ ဒီဘက်က ကျွန်းတွေထဲမှာ အလှဆုံးကျွန်းပေါ့။
န်ခဲ့တဲ့ နှစ်ပေါင်းသုံးရာလောက်က 'ဒီဆိုတို'ဆိုတဲ့ လူတစ်ယောက် ရွှေရှာ
ားရင်းတွေ့ပြီး အပိုင်ရခဲ့တဲ့ကျွန်းလေ။ ရွှေမတွေ့တာနဲ့ ကျွန်းကို ဒီအတိုင်း
ားသွားသတဲ့။ တော်တော်တုံးတဲ့ငနဲပဲ။

"ဦးလည်း အဲဒီကျွန်းကို ထားခဲ့တာပဲ မဟုတ်လား"

ရှော့စ်က ဝင်ထောက်လိုက်သည်။

"ကျုပ်လည်း ခပ်တုံးတုံးပဲလေ။ ဒါပေမဲ့ တစ်နေ့ ကျုပ်လည်း အဲဒီကို
န်သွားမှာပါ။ ထင်းရှူးမြိုင်ကို ပုံစံပြန်ကျအောင် လုပ်နိုင်တဲ့တစ်နေ့ပေါ့။ ငွေ
တ်တော်များများကုန်မယ် မောင်ရဲ့။ သွားလေသူ ကျုပ်အစ်ကိုလက်ထက်မှာ

ထင်းရှူးမြိုင်ဆိုးတာလေ။ သား ဟယ်ရီလက်ထက်ကျတော့လည်း သူ့အဖေအတိုင်း ပဲ၊ သူတို့အထဲမှာ ကေသီတစ်ယောက်ပဲ လုပ်ငန်းကို တကယ်နားလည်တဲ့လူ ပါတယ်”

“ဟုတ်ကဲ့ ကျွန်တော်လည်း အဲဒီအတိုင်း ကြားထားပါတယ်။ ဘာရတပ် ကတောင် မစ္စကေသီအတွက် ဆုမွန်ကောင်း တောင်းလိုက်တဲ့အကြောင်း ပါးလာ သေးတယ် ခင်ဗျာ”

“ဟုတ်လား၊ မဆန်းပါဘူးလေ။ ကေသီဟာ ကပ္ပလီတွေကို ကိုင်တွယ်တဲ့ နေရာမှာ သိပ်လိမ္မာတာ”

မော်တော်ဘုတ်ကလေးသည် တူးမြောင်းထဲတွင် တရိပ်ရိပ် ပြေးလျက် ရှိသည်။ နံဘေးမှ ရေယက်ဘီးကလေးများက ရေတွေကို ဖွေးခနဲ ဖွေးခနဲ ယက် ထုတ်လျက်။ မကြာခင် မြစ်မကြီးကိုမြင်ရပြီ။ နံနက်ဆည်းဆာတွင် ရွှေရောင် တဖျပ်ဖျပ် တောက်လျက်။

ချောက်ကမ်းပါးကြီးတွေ တဖြည်းဖြည်း မြင့်သည်ထက် မြင့်လာသည်။ ခရစ္စတိုဖာ ကိုလံဘတ်တစ်ယောက် စပိန်ကမ်းခြေမှ ခွာသည့်နှစ်ပိုင်းလောက်က ပေါက်ရောက်ခဲ့ဟန်တူသည့် ဝက်သစ်ချပင်ကြီးများသည် ကမ်းနဖူးပေါ်တွင် မားမားမတ်မတ်ရပ်လျက်။

အိမ်တွေကို လှမ်းမြင်ရသည်။ သို့သော် သဲသဲကွဲကွဲ မဟုတ်။ ပန်းအိပ တွေ၊ တကိုင်းမွှေးပင်တွေနှင့် ဝါးပင်တွေ ကွယ်နေသောကြောင့်ဖြစ်သည်။

ကျွန်းငယ်ကလေးတစ်ကျွန်းကို အဖြတ်တွင် ရောမ ရောဘဲအုပ်ကြီး ထပျံသွားသည်။ ကောင်းကင်တစ်ခုလုံး မည်းမှောင်သွား၏။ ခရုစုပ်ငှက်ကြီး တွေကတော့ ခပ်တည်တည်ပင်။ သူတို့ မော်တော်ဘုတ်ကလေးကို ငေးကြည့် နေ၏။

မြစ်လက်တက်တစ်ခုထဲသို့ ချိုးဝင်ပြီး မကြာမီ မြကျွန်းသာကို မြင်ရ တော့သည်။ နေရောင်ခြည်တွင် ငြိမ်းချမ်းအေးမြစွာ ငြိမ်ငြိမ်ကလေး ရပ်တည် နေသည့် ကျွန်းကလေး။ သာယာလှပါပေသည်။ မစ္စတာလင်တန် ပိုပြောခဲ့ခြင်း မဟုတ်ပါ။ တကယ်ချစ်စရာကျွန်းကလေး။

ကူးတို့ဆိပ်ရောက်တော့ ကပ္ပလီမော်တော်ဆရာက အဘိုးကြီးကို တွဲဆင်း ပေးသည်။ မော်တော်ဆရာကို မစ္စတာဟယ်ရီလင်တန်က မှာသည်။

“မင်း ငါ့ကိုစောင့်နေ၊ တစ်နာရီအတွင်း ငါပြန်လာခဲ့မယ်”

ဟယ်ရီလင်တန်က ရှော့စ်၏လက်မောင်းကိုတွဲပြီး ဝက်သစ်ချပင်ကြီးတွေ



ကာက်သို့ ဝင်ခဲ့သည်။ ခပ်လှမ်းလှမ်းတွင် မြင်းလှည်းတစ်စီး ရပ်ထားသည်ကို ့ရ၏။ မြင်းက မြင်းပုကလေး။ လှည်းကပ်အိမ်ကို ပေါ့ပေါ့ပါးပါး ကြိမ်ဖြင့် လုပ်ထား၏။ မြင်းပုကလေးမှာ မြင်းကြီးတွေလိုပင် ပြေးအားကောင်းလှသည်။

လမ်းမှာ ဖြူးနေ၏။ နေပြောက်မထိုး။ ပင်မြင့်ပင်ခေါက်တို့၏ အကိုင်း ကိုင်းတို့သည် ခက်လက်ယှက်ဖြာ နေကြ၏။ ဆောင်းရာသီမဟုတ်ပါဘဲ မ်းဘေးဝဲယာတွင် တောပန်းတွေ ဖူးပွင့်ဝေဆာနေ၏။

ငြိမ်းချမ်းသာယာလှသည့် ပတ်ဝန်းကျင်အလှကို ငေးရင်း သူတို့နှစ်ယောက် ကားမပြောဘဲ လိုက်လာကြသည်။ တိတ်ဆိတ်လွန်းသည့် ဝန်းကျင်ကို စကားသံ ဖြင့် အနှောင့်အယှက် မပေးလိုကြသည့်အလား။

ဟော… သူတို့ရှေ့တွင် အိမ်ကြီးတစ်အိမ် ဘွားခနဲပေါ်လာပြီ။ လှလိုက်တဲ့ ကောင်းအိမ်ကြီး။ ဂရိ ဗိသုကာလက်ရာမဟုတ်။ အနောက်အိန္ဒိယကျွန်းစု တွင် ခေတ်စားသည့် ပြင်သစ်ပုံစံ။ အမိုးနိမ့်နိမ့်နှင့် ကျယ်ကျယ်ဝန်းဝန်း ည့် အိမ်ကြီးမျိုး။

အများအားဖြင့် စိုက်ပရပ်စ်ထင်းရှူးသားကို သုံးထားသည်။ တစ်ခါမျှ း သုတ်ထားဟန်မတူဘဲ ရာသီဥတုဒဏ်ကြောင့် သစ်သားတွေ မီးခိုးရောင် ါက်နေသဖြင့် သစ်လွင်နေ၏။ လှပနေ၏။ ဆင်ဝင်အမိုးမှာ အရှည်ကြီးဖြစ်သည်။ တ်တိုင်အတွက် ထင်းရှူးတိုင်မျိုးကို ဆင်ဝင်တိုင်အဖြစ် သုံးထားသည်။

အိမ်အမိုးက ကျောက်ပြားမိုး။ အမိုးပေါ်တွင် အစိမ်းရောင် ရေညှိမှော် ွ ထုတက်နေပုံမှာ မျက်စိပသာဒ ဖြစ်လှသည်။ လူတို့၏အတတ်ပညာဖြင့် ည်သို့မှ လုပ်ယူ၍မရကောင်းသည့် လက်ရာမျိုး။

အနားရောက်မှ အိမ်ကြီးမှာ ပြုပြင်ထိန်းသိမ်းမှု အင်အားနည်းပါးလှ ကြောင်း ရှော့စ် တွေ့ရတော့သည်။ ပြတင်းပေါက်တော်တော်များများတွင် နေသည့်မှန်တွေကို အစားမထိုးရသေး။ တရုတ်ကပ်အချို့မှာ ကျိုးပဲ့ပြီး းလိုးတွဲလောင်း။ အိမ်ပတ်ဝန်းကျင်ကမူ ကျက်သရေရှိလှသည်။ ကျေးငှက် ာရကာ မျိုးစုံတို့၏ သံပြိုင်တေးကို အတိုင်းသားကြားနေရသည်။

လူတစ်ယောက်ကို ညို့ယူဖမ်းစားနိုင်တဲ့ နေရာမျိုးပါလားဟု ရှော့စ် ားလိုက်မိ၏။

အိမ်ကြီးဆီသို့ သူတို့နှစ်ယောက် လျှောက်သွားကြသည်။ အရပ်မြင့်မြင့် ှယ်တစ်ယောက် အိမ်ထဲမှ ထွက်လာသည်။ သူ့အဝတ်အစားများမှာလည်း ့အိမ်ကြီးလိုပင် ဟာဖို့ထေးဖို့လိုနေပြီ။ သို့သော် သူလမ်းလျှောက်ပုံမှာ အိမ်ရှေ့

ဥပရာဇာတစ်ပါးလို တင့်တယ်လှသည်။ သူ့အသားအရေမှာ နေလောင်ထားသဖြ
သစ်သားရောင် တောက်နေ၏။ ဆံပင်ရောင်ကလည်း ပကတိအနက်။ မော်ဂင်
ဆံပင်ရောင်လိုပဲဟု မဆီမဆိုင် တွေးမိလိုက်သေး၏။

ပါးစောင်တွင် ခဲထားသည့် ဆေးတံကိုချွတ်ပြီး လူရွယ်က သူတို့နှစ်ယော
ကို ပြည့်ပြည့်ဝဝ ပြုံးပြသည်။

"ဘယ်လိုလဲ အန်ကယ်ဟယ်ရီ၊ ဒီတစ်ခါပြန်လာတာ မြန်လှချည်လာ
ကဲ... ဒီကမိတ်ဆွေနဲ့ ကျွန်တော့်ကို မိတ်ဆက်ပေးပါဦး"

ဦးလေးလုပ်သူ ဟယ်ရီလင်တန်က တူဖြစ်သူ ဟယ်ရီလင်တန်အာ
ရှော့စ်နှင့် မိတ်ဆက်ပေးသည်။

"မစ္စတာပါရီတဲ့ကွ၊ မင်းရောင်းမယ်ဆိုတဲ့ ကပ္ပလီသားအမိအတွက်
ရောက်လာတာလေ"

"တွေ့ရတာ ဝမ်းသာတယ် မစ္စတာပါရီ၊ ကျွန်တော်ဖြင့် အဲဒီကိ
မေ့တောင်နေပြီ၊ ကဲ... အိမ်ထဲဝင်ကြပါဦး၊ အေးအေးဆေးဆေးပေါ့"

သူ့အသံက ကြည်လင်အောင်မြင်သည်။ လက်ဆွဲနှုတ်ဆက်ကြပြီး အိမ်ထဲ
ဝင်ကြသည်။ ကြိမ်ကုလားထိုင်ကြီးများက ထိုင်လို့ငြိမ့်လှ၏။

"ဘယ်လိုလဲ မစ္စတာပါရီ၊ ကျွန်တော့်ကမ္ဘာကလေးကို သဘောကျရဲ့လား"

"ငြိမ်းချမ်းအေးမြပါ့ဗျာ"

"ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေး အနားယူသွားပါခင်ဗျာ"

"အို... ဒုက္ခမရှာပါနဲ့ မစ္စတာလင်တန်"

"ဒုက္ခမဟုတ်ဘူးခင်ဗျ၊ ကျွန်တော်တို့က ဧည့်သည်လာရင် သိပ်ပျော်ကြ
တယ်၊ ဒီမှာ သိပ်ပျင်းစရာကောင်းတာဗျ။ ကျွန်တော်တို့ မောင်နှမနှစ်ယောက်ပဲ
ရှိတယ်လေ"

"ကဲ... အာလာပ သလ္လာပတွေ တော်လောက်ပြီဟေ့၊ ငါက ပြန်ရမယ့်
လူကွ၊ မင်းက ဧည့်သည်ကို ဘာမှမတိုက်မကျွေးတော့ဘူးလား၊ မင်းရဲ့ ပြောင်း
အရက် ထုတ်လေကွာ"

အဘိုးကြီးက ဝင်ထောက်သည်။

"ကျွန်တော် တောင်းပန်ပါတယ် အန်ကယ်ဟယ်ရီ၊ လူတွေနဲ့ အနေဝေးလာ
တော့ ကျွန်တော်လည်း လောကဝတ်တွေမေ့ကုန်ပြီ။ ဟေး ဆာရီ၊ ဧည့်သည်ရောက်
တယ်ဟေ့၊ အိုးတစ်လုံးဖွင့်စမ်း၊ ပြီးတော့ မီးဖိုပေါ်ကို ဒယ်အိုးမြန်မြန်တင်"

မိနစ်အနည်းငယ်အတွင်း ကပ္ပလီအိမ်စေမကြီးတစ်ယောက် အညိုရောင်



မြကရားနှင့် ဖန်ခွက်တွေပိုက်ပြီး ထွက်လာသည်။ ပြောင်းဖူးမှ ထုတ်လုပ်သည့်
ရက်ကို ရှော့စ် ပထမဆုံး သောက်ဖူးခြင်း၊ ဘာဘွန်းဝီစကီ မထုတ်လုပ်ခင်
ရိုင်းအဆင့်ဖြစ်သည်။ မျက်ရည်တွေလည်ပြီး ပူထူသွားသည်။ အတက်မြန်သည်။
ို့သော် မူးပုံကမကြမ်း။ ယဉ်ယဉ်ငြိမ့်ငြိမ့် ကလေး။

အန်ကယ်ဟယ်ရီက မတ်တတ်ထပြီး လက်မှနာရီကို မြှောက်ကြည့်လိုက်
သည်။

"ကဲ... ဗိုက်ဖြည့်ကြရအောင်၊ နေ့ခင်းထွက်မယ့် သင်္ဘောအမီ ပြန်ရမှာကွ၊
ယ်ရီ မစ္စတာပါရီကို ဂရုစိုက်နော်"

"စိတ်ချပါ အန်ကယ်ဟယ်ရီ၊ လိုလေသေး မရှိစေရပါဘူး"

သူတို့သုံးယောက် နံနက်စာ ဝိုင်းဖွဲ့စားကြသည်။

ကိတ်မုန့်နွေးတွေမှာ စားပွဲပေါ်တွင် အမိုးအမောက်ပုံလျက်။ ထောပတ်
ဲတွင် နှစ်၊ သကြားရည်တွင်စိမ်ကာ မြိန်ရေရှက်ရေစားကြသည်။ ကော်ဖီမှာ
ငွေ့တထောင်းထောင်းထလျက်။ ဆာရီ ပန်းကန်ခွက်ယောက်တွေ သိမ်းသွား
တော့ ဟယ်ရီလင်တန်က စားပွဲပေါ်ကို ခြေပစ်တင်ပြီး ကုလားထိုင်နောက်ကျော
ို မှီလိုက်သည်။ ပြုံးနေသည့်နှုတ်ခမ်းတွင် ဆေးတံကိုခဲရင်း–

"ကောင်းကောင်းစားပြီး ခုလိုနေရတာ တယ်ဇိမ်ရှိတာပဲဗျ"

ရှော့စ် သူ့ကိုကြည့်ပြီး မပြုံးဘဲ မနေနိုင်အောင် ဖြစ်သွား၏။

"ခင်ဗျားလောက် ကိုယ့်ဘဝကို ကျေနပ်တဲ့လူ ကျွန်တော်ဖြင့် တစ်ခါမှ
တွေ့ဖူးဘူး ဟယ်ရီ"

"ပျင်းတဲ့နေရာလည်း နှစ်ယောက်မရှိဘူးဗျ၊ အလုပ်တွေကို ဒိုင်ခံလုပ်နေတာ
 ကျွန်တော့်ညီမ ကေသီ"

"ဒါထက် ခင်ဗျားညီမက ဘယ်မှာလဲ၊ ကျွန်တော် သိပ်တွေ့ချင်နေပြီဗျ"

"တွေ့ရင် ခင်ဗျား စိတ်ပျက်သွားမှာ၊ အလုပ်ကလွဲပြီး ဘာမှ သူ စိတ်
ဝင်စားဘူး၊ ရုပ်ကဆိုးသေး"

ရှော့စ်ကရယ်ပြီး

"ကျွန်တော် သူ့အကြောင်း ကြားဖူးပါတယ်ဗျာ၊ ခင်ဗျားပြောသလောက်
ဆိုးပါဘူး"

"ဘရုတပ်စ်ဆီက ခင်ဗျားကြားမှာပေါ့၊ ကျွန်တော်က တစ်ခါတလေမှ
ိုးတာပါဗျာ။ ဘရုတပ်စ်ဆိုတဲ့ကောင်က မာနကကြီးတယ်၊ ကျွန်တော့်ကို သူ့
်းမက ပြန်ပြောလို့ ဆုံးမတာ ဒီကောင်ကြီးက ကျွန်တော့်ကို ထိုးတယ်လေ။

ဒီတော့ ကျွန်တော်လည်း မလွဲသာဘဲ ကြိမ်ဒဏ်ပေးပြီး ရောင်းပစ်လိုက်ရတာ
ဒီကောင်ကြီး ခင်ဗျားဆီမှာ ဒုက္ခမပေးဘူးလား”

“ကျွန်တော်နဲ့တော့ လုံးဝပြဿနာမဖြစ်ဘူးဗျ၊ ကျွန်တော့်အတွက်
အားကိုးရဆုံး အလုပ်သမားကောင်း ဖြစ်နေတယ်။ ရေချယ်နဲ့ သူ့သားကလေး
ဝယ်ပေးမယ်ဆိုကတည်းက ဘရုတပ်စ်တစ်ယောက် သိုးငယ်ကလေးတစ်ကေ
လို ဖြစ်လာတယ်”

“ကောင်းပါလေ့ဗျာ”

“ဒါထက် ခင်ဗျား ဘယ်လောက်လိုချင်လဲ ဟယ်ရီ”

“အဲ… ကြည့်သာပေးပါဗျာ၊ ဒေါ်လာငါးရာလောက်ဆို”

“တစ်ယောက်ကိုလား”

“မဟုတ်ပါဘူး၊ သူတို့သားအမိ နှစ်ယောက်စလုံးအတွက်ပါ။ ခင်ဗျား
ကျွန်တော် ခင်သွားပြီ၊ ခင်မင်တဲ့မိတ်ဆွေတွေအပေါ်မှာ ကျွန်တော် ဘယ်တော
အခွင့်အရေး မယူဘူး ရှော့စ်”

ရှော့စ် သူ့ကို ငေးကြည့်နေသည်။ အနည်းဆုံး တစ်ထောင်လော
ပေးရလိမ့်မည်ဟု မျှော်လင့်ထားခဲ့၏။

“အင်း… ကျွန်တော်လည်း ခင်ဗျားကို သဘောကျသွားပြီ၊ ကျွန်တော်
ခင်ဗျားတောင်းသလောက်ပေးဖို့ ဆုံးဖြတ်ပြီးသားဗျ။ ခင်ဗျား ငွေရေးကြေး
လည်း သိပ်မတွက်ဘူးထင်တယ်”

“ဟင့်အင်း၊ ဘာလုပ်ဖို့လဲဗျာ၊ အရာတိုင်း ငွေနဲ့ဝယ်လို့မရပါဘူး”

အင်း… ဘဝကို တင်းတိမ်ရောင့်ရဲသူများသာ ထားနိုင်ဖို့ သဘောထ
ပါကလားဟု ရှော့စ် တွေးမိလိုက်၏။

“သူတို့သားအမိနဲ့ ကျွန်တော် တွေ့ချင်ပြီ ဟယ်ရီ”

“ဟုတ်ကဲ့ ရပါတယ်၊ ပြီးတာနဲ့ ကျွန်တော်တို့ အရှေ့ဘက်ကုန်း
ဆက်သွားကြတာပေါ့၊ ကေသီနဲ့ တွေ့ရအောင်လေ”

ခြေထောက်တွေကို စားပွဲပေါ်မှ ဖြုတ်ချလိုက်ပြီး မတ်တတ်ထရပ်သည်
တစ်ချက်သမ်းလိုက်ပြီး

“ကဲ… သွားစို့၊ မြင်းတွေကို ကျွန်တော်တို့ကိုယ်တိုင် ပြင်ရမှာ၊ ငမည်
ကောင်တွေအားလုံး ကွင်းထဲရောက်နေကြပြီဗျ”

သူ့နောက်မှ ရှော့စ် လိုက်သွားသည်။ မြင်းဇောင်းထဲတွင် မြင်းနှစ်ကော
ကို ကုန်းနှီးဆင်သည်။ အမွေးဖွားဖွားနှင့် မြင်းပုကလေးတွေ။ သူ့ထက် အ



ညှည်သည့် ဟယ်ရီက စီးနေကျမို့ ရှေ့မှ အသားကျစီးသွားသော်လည်း ရှော့စ်၏
စိတ်ထဲ မြင်းက သိမ်ပုနေသည်ထင်ပြီး အထိုင်မကျဖြစ်နေသည်။

မကြာခင် အလုပ်သမားတန်းလျားများဆီသို့ သူတို့နှစ်ယောက် ရောက်
လာကြ၏။ တန်းလျားတွေမှာ စုတ်ပြတ်ယိုင်နဲ့နေပြီ။ ရာသီဥတုမျှတသည့်ဒေသမို့
သူတို့တစ်တွေ အသက်နှင့်ကိုယ် အိုးစားမကွဲကြခြင်းဖြစ်မည်ဟု ရှော့စ် တွေးလိုက်
မိ၏။

“ရေချယ်”

ဟယ်ရီက အော်ခေါ်လိုက်သည်။

အခန်းတစ်ခန်းထဲမှ လှုပ်လှုပ်ရှားရှား အသံထွက်လာပြီး အမျိုးသမီး
တစ်ယောက် ထွက်လာသည်။ သူ့နောက်မှ ကလေးတစ်ယောက် ကပ်ပါလာ၏။
အမျိုးသမီး၏အသားမှာ နက်ပြောင်နေပြီး ကပ္ပလီချော ချောသည့် ရုပ်ရေပိုင်ရှင်
ဖြစ်သည်။

ရေချယ်မှာ အရပ်အမောင်းလည်းကောင်းသည်။ လမ်းလျှောက်လာပုံမှာ
ဘုရင်မတစ်ပါးနှယ်။ အမျိုးသမီး၏ကိုယ်ထဲမှ အာရဗီသွေးသည် သူ့အမူအရာတွင်
ထင်ဟပ်နေသည်။ ချာတိတ်ကလေးက ပီဘိဘရုတပ်စ်အငယ်စားကလေး။

ဟယ်ရီက စကားစသည်။

“ရေချယ်၊ ဟောဒါက မစ္စတာပါရိ၊ မင်းရဲ့သခင်အသစ်ပဲ၊ မင်းတို့သားအမိ
ကို ငါရောင်းလိုက်ပြီ။ သူ့ဆီမှာဒုက္ခပေးတဲ့သတင်း ငါမကြားချင်ဘူး၊ နားလည်
လား”

ရေချယ်က ရှော့စ်ကို စူးစူးဝါးဝါး ကြည့်နေ၏။ နှုတ်ခမ်းကို တင်းတင်း
စေ့လျက်။ ရှော့စ်က လေအေးကလေးဖြင့်–

“ငါ့ဆီမှာ ဘရုတပ်စ်လည်း ရှိတယ်ကွဲ့၊ မင်းတို့ချင်း ပြန်ပေါင်းရအောင်
ငါ စီစဉ်ပေးတာ ရေချယ်”

တင်းမာခြင်းနှင့် မာနလွှမ်းနေသည့် ရေချယ်၏မျက်နှာသည် ရုတ်ခြည်း
ပျော့ပျောင်းသွားသည်။ ပြီးတော့ မျက်ရည်တွေ ပါးပြင်ပေါ်သို့ တသွင်သွင်
စီးကျလာ၏။

“ဘုရားသခင် စောင့်ရှောက်ပါစေ မစ္စတာပါရိ၊ ဘုရားသခင်နဲ့တကွ
သံမှာဒေဝ နတ်ကောင်းနတ်မြတ်များ စောင်မပါစေ”

“ကျေးဇူးတင်တယ် ရေချယ်၊ ချာတိတ်နာမည်က ဘယ်သူတဲ့လဲ”

“နမာတဲ့ ရှင့်၊ အာဖရိက စကားလုံးပါ၊ ခြသေ့်လို့ အဓိပ္ပာယ်ရှပါတယ်”

ရှော့စ်က နမာ၏ အရင်းထိကောက်ကွေး တွန့်လိမ်နေသည့် ဆံပင်အဖု
ကလေးများကို ပွတ်သပ်ရင်း

"မင်းက လိမ္မာတယ်မဟုတ်လား နမာ" ဟုပြောပြီး အိတ်ထဲတွ
အသင့်ဆောင်လာသည့် ချိုချဉ်တွေ နှိုက်ပေးလိုက်သည်။ နမာက ချိုချဉ်တွေက
လှမ်းယူရင်း သခင်အသစ်ကို ကြောက်ရွံ့ထိတ်လန့်သည့် မျက်လုံးများဖြင့် စိုက
ကြည့်နေသည်။

"ကျေးဇူးတင်ပါတယ်လို့ ပြောလေ နမာ"

ရေချယ်က လှမ်းပြောသည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

"ကျွန်မကလည်း ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မတို့ ဘယ်တော့သွား
မလဲဟင်"

"တစ်ရက် နှစ်ရက်အတွင်းပေါ့ကွာ၊ ကဲ... တို့သွားမယ်"

လမ်းတွင် ဟယ်ရီလင်တုန်က ရှော့စ်ကို ဝေဖန်တော့၏။

"ခင်ဗျား လုပ်ပုံကလဲဗျာ လူဖြူအချင်းချင်း ဆက်ဆံတာကျနေတာပဲ
ကပ္ပလီတွေတော့ ဘဝင်မြင့်ကုန်တော့မှာပဲ"

ရှော့စ် သံပြတ်ဖြင့် ပြန်ပြောသည်။

"သူတို့လည်း လူတွေပဲဗျ၊ ကျွန်တော် ဒီလိုပဲ ဆက်ဆံတယ်"

"ကျွန်တော်တော့ လူဝါးဝတဲ့ ကပ္ပလီတွေကို မယုံချင်ဘူး၊ အင်း...
ကျွန်တော် မှားချင်မှားမှာပေါ့လေ၊ ခင်ဗျားဆီမှာတော့ ဒီကောင်တွေ မခိုမက
လုပ်ကြတယ် ဟုတ်လား"

"ဟုတ်တယ် ဟယ်ရီ၊ ယင်ကောင်များများဖမ်းချင်ရင် ပျားရည်နဲ့ဖမ်း
တယ်ဗျ၊ ရှာလကာရည်နဲ့ ဖမ်းလို့မရဘူး"

"အင်း... ခင်ဗျားပြောတာ မှန်ပါတယ် ရှော့စ်"

တဖြည်းဖြည်းနှင့် သူတို့နှစ်ယောက် စိုက်ကွင်းထဲရောက်လာကြသည်
ဟိုအဝေးတွင် လူမည်းတစ်သိုက် အလုပ်လုပ်နေကြသည်။ လူဖြူအလုပ်ကြပ်
တစ်ယောက်က မြင်းတစ်စီးဖြင့် သူတို့ကို အလုပ်ခိုင်းနေသည်။

ဟယ်ရီက လှမ်းအော်ခေါ်လိုက်သည်။

"ကေသီ"

ရှော့စ် အူကြောင်ကြောင်ဖြစ်သွားပြီး ပတ်ဝန်းကျင်ကို ကျီးကန်းတောင်း
မှောက် ကြည့်လိုက်သည်။ အနီးအနားတွင် အမျိုးသမီး တစ်ယောက်တလေမျှ



တွေ့ရ။ ကြီးကြပ်ရေးမှူးက သူတို့ဘက်ကို လှည့်ကြည့်သည်။ ရှော့စ် ပါးစပ်
...ဟောင်းသား ဖြစ်သွား၏။

ကြီးကြပ်ရေးမှူး ဝတ်ထားသည့် ရုပ်အင်္ကျီကို သတိထားလိုက်မိ၍
...သည်။

ရင်ဘတ်တည့်တည့်တွင် မို့မောက်နေပြီး မျက်တောင်ကော့ကြီးများ
...အောက်မှ မျက်လုံးတွေက ပကတိမီးခိုးရောင်။

"ကေသီ... ဒါ ငါ့ညီသည် ရှော့စ်ပါရီ၊ နင့်ကို သူက ယောကျ်ားလေး
...အောက်မေ့နေတယ်ဟ"

"ဘယ်ကလာ"

ကေသီက ဦးထုပ်ကို ဆွဲချွတ်ပြလိုက်သည်။ ရွှေရောင်ဆံပင်တွေ ခါးဆီ
...ထိ ဝဲကျလာ၏။ သေသေချာချာ ကြည့်တော့မှ အချိုးအဆက်ကျသည့် သူ့
...ခန္ဓာကိုယ်ကို သတိထားမိသည်။ မျက်နှာနှင့် လည်ပင်းတစ်လျှောက်တွင်တော့
...ယင်ချေးကလေးတွေ ဖုံးလွှမ်းလျက်။ အသားက ရွှေအိုရောင်၊ ပါးရိုးမြင့်မြင့်၊
...မျက်နှာသွယ်သွယ်။ နှုတ်ခမ်းထူထူ၊ ပါးစပ်ကျယ်ကျယ်။ ပါးကလေးနှစ်ဖက်မှ
...နေ၏။

ဟယ်ရီပြောသည်မှာ မှန်နေသည်။ ကေသီသည် မိန်းမချောကလေး
...တစ်ယောက် မဟုတ်ပေ။ ဘာပဲဖြစ်ဖြစ် ခင်မင်နှစ်လိုဖွယ်တော့ ကောင်း၏။

"ဝမ်းသာပါတယ် ရှော့စ်ပါရီ"

ကေသီက လက်ဆန့်ပေးရင်း နှုတ်ဆက်စကားဆိုသည်။ လက်တွင်လည်း
...ချောက်တွေ အပြောက် အပြောက်နှင့်။ သူ့အစ်ကိုဘက် လှည့်ပြီး

"ဟယ်ရီ၊ သူ ဘယ်လိုလုပ်ပြီး ရောက်လာတာလဲဟင်၊ ချောတယ်နော်"

ဟယ်ရီက ခေါင်းကိုနောက်လှန်ပြီး ရယ်သည်။ ရယ်လျက်က

"ကေသီက ကျွန်တော့်လိုပဲဗျ၊ သိပ်ရှက်တတ်တာ"

"အို... သွားစမ်းပါ၊ ကျွန်မတို့ဆီမှာ အကြာကြီးနေမှာလား ဟင်"

"တစ်ရက်နှစ်ရက်ပေါ့ဗျာ"

"ရောက်တုန်း ဖြည်းဖြည်းပေါ့ရှင်၊ ကျွန်မတို့က ဧည့်သည်သိပ်ငတ်တာ"

နှာခေါင်းက ချွန်လွန်းသည်ဟု ရှော့စ် ထင်သည်။ ကေသီလင်တုန်သည်
...မည်းတန်မကလေး တစ်ယောက်ပါကလား။ သို့သော် ရွှင်သည်။ ပွင့်လင်းသည်။
...ပေါက်လက်သည်။ ခြုံကြည့်လျှင် ချစ်စဖွယ်ကောင်းသည်။ သည်ထက်လှသည့်
...မျက်နှာတွေ အများအပြားကို မေ့သွားနိုင်ပြီး မှဲ့ယင်ချေးသဲ့သဲ့နှင့် သည်မျက်နှာ

ကလေးကို မေ့ဖို့လွယ်ဟန်မတူ။

သူ့မျက်နှာတွင် ထက်မြက်စူးရှသည့်အသွင် အထင်းသားပေါ်လွင်နေ၏။ မီးခိုးရောင်မျက်လုံးများက သူ့မျက်နှာတွင် အထူးခြားဆုံး။

"ကဲပါဟာ တို့နဲ့အတူ အိမ်ပြန်လိုက်ခဲ့ပါ၊ စကားပြောရတာပေါ့"

"ကောင်းပြီလေ၊ သူတို့တစ်တွေ ကေသီမရှိဘဲ အပေါက်အလမ်းတည့်ပါ့မလား မသိဘူး"

ဘောင်းဘီကျပ်ကျပ်ဝတ်ထားသဖြင့် ကိုယ်နေဟန်မှာ အတိုင်းသားပေါ်လွင်နေ၏။

"မိန်းကလေးဆန်ဆန် မင်း တစ်ခါမှမဝတ်ဘူးလား မစ္စကေသီ"

ရှော့စ်က စပ်စုလိုက်သည်။

"တစ်ခါတလေ ဝတ်ပါတယ်"

သူ့လေသံကတစ်မျိုး။ ခပ်လေးလေးနှင့် နားထောင်ကောင်းသည်။ ပြော ပြောဆိုဆို ကေသီက အင်္ကျီအိတ်ထဲကို လက်နှိုက်သည်။ ကျူးဘားဆေးလိပ် အငယ်စားကလေး တစ်လိပ်ပါလာ၏။

"ဟယ်ရီ မီးခြစ်ပါလား"

အစ်ကိုလုပ်သူကို လှမ်းမေးသည်။

"ပါတယ် ပါတယ်"ဟု ဆိုကာ အစ်ကိုလုပ်သူက ထုတ်ပြီးခြစ်ပေးသည်။ ကေသီက ဆေးလိပ်ကိုမီးညှိပြီး အားရပါးရ ရှိုက်ကာ နှာခေါင်းထဲမှ မီးခိုးများပင် ထုတ်လိုက်သေးသည်။ မောင်နှမနှစ်ယောက်ကို ရှော့စ် ပါးစပ်အဟောင်းသားနှင့် တအံ့တသြ ငေးကြည့်နေ၏။ ဟယ်ရီက ဒါကို အကဲခတ်မိပြီး

"မြို့ပေါ်မှာ အမျိုးသမီးတွေ ဆေးလိပ်ပြင်းပြင်း မသောက်ကြဘူး မဟုတ်လား၊ တဖြည်းဖြည်းတော့ ခင်ဗျား ကျွန်တော်တို့မောင်နှမနဲ့ နေသားကျသွားမှာပါဗျာ၊ ကျွန်တော်တို့ကို လူယဉ်ကျေးစာရင်းထဲတော့ ထည့်မထားနဲ့နော်"

"ရပါတယ်ဗျာ"

ရှော့စ် ခပ်ညည်းညည်း ပြန်ပြောလိုက်သည်။

ဤတွင် ကေသီက ပါးစပ်ထဲမှ ဆေးလိပ်ကို ဆတ်ခနဲဆွဲယူပြီး လွှင့်ပစ်လိုက်သည်။

"ကျွန်မ တောင်းပန်ပါတယ် မစ္စတာပါရီ၊ ကျွန်မတို့ မောင်နှမကို စိတ်ပျက်နေပြီလားဟင်၊ ကျွန်မတို့လည်း တောထဲမှာ အရိုင်းအစိုင်းဖြစ်နေပြီလား



ပြောတတ်ဘူး"

"လုပ်ပါ ဆက်လုပ်ပါ၊ ကျွန်တော့်မျက်စိထဲမှာ ကေသီ ဆေးလိပ် သောက်တာကို သိပ်ကြည့်ကောင်းနေတာ"

"ဒါဆို ကျွန်မ တစ်နေ့ နှစ်ဒါဇင်သောက်တော့မယ်၊ ကြည့်ကောင်း ယ်ဆို ကျွန်မ ဘာမဆိုလုပ်ရဲတယ်ရှင့်"

"ကြည့်လို့ကတော့ ဒီအတိုင်းလည်း ကောင်းနေတာပါပဲ၊ ကေသီ့ပုံစံက ယ်ကိုသွားသွား၊ ဘယ်အသိုက်အဝန်းကို ဝင်ဝင် ပေါ်လွင်နေမယ့်ပုံစံပဲ"

ကေသီက အောင်မြင်သည့် အမူအရာဖြင့်

"တွေ့လား ဟယ်ရီ၊ မစ္စတာပါရီက ကေသီကို ကြည့်လို့ကောင်းတယ် တဲ့"

အစ်ကိုလုပ်သူက ရယ်ပြီး

"မစ္စတာပါရီက ချည့်သည်ကိုးဟ၊ ဒီလိုပဲ ပြောရမှာပေါ့"

ယာတောအိမ်ကြီးဆီသို့ သူတို့ ပြန်ရောက်လာကြသည်နှင့် ကေသီ ျက်ချင်းပျောက်သွား၏။ အမျိုးသားနှစ်ယောက် အပြင်ဧည့်ခန်းဆောင်တွင် ကျန်ခဲ့၏။ ကြိမ်ကုလားထိုင်တွင် အသီးသီးထိုင်ကာ ဆေးလိပ်ကိုယ်စီဖြင့် မ်ရှိရှိ နားနေကြသည်။

"အန်ကယ်ဟယ်ရီယူလာတဲ့ ဆေးလိပ်တွေလေ၊ ကေသီ့အတွက်တော့ သေးသေးလေးတွေ ပါလာတယ်၊ ကျူးဘားဆေးလိပ်များ တယ် အရသာရှိတာ ကိုးဗျ၊ ကျွန်တော်တော့ ကမ္ဘာ့ပေါ်မှာ အကောင်းဆုံးလို့ ထင်တာပဲ"

"ကျွန်တော်လည်း အဲဒီအတိုင်း ထင်ပါတယ်"

ရှော့စ်က ထောက်ခံပြောဆိုသည်။ နောက်ထပ် စကားမဆက်ကြတော့ဘဲ ဆေးလိပ်ကို အရသာခံသောက်နေကြသည်။

အတန်ကြာတော့မှ ကေသီ ရောက်လာသည်။ ကြိမ်ဆော့ကုလားထိုင် ပေါ်တွင် ရှေ့နောက်ယိမ်းထိုးနေရာမှ ဟယ်ရီ ရုတ်ခြည်းရပ်သွားသည်။ နှမလုပ်သူ ကို ငေးကြည့်နေသည်။

ကေသီ ဗိုင်းကောင်းကျောက်ဖီ မိန်းကလေးတစ်ယောက်လို ဝတ်စား ဆင်ယင်ပြီး ထွက်လာသောကြောင့် ဖြစ်၏။ ရွှေရောင်ဆံပင်တွေကို လှလှပပ ပေါင်မုန့်ဗိုင်းသဏ္ဌာန် နှောင်ဖွဲ့ထုံးထားသည်။ အနီရောင်သစ်ခွပန်းကလေး တစ်ခက်ကို ရွရွကလေးပန်လျက်။

ခုလိုတော့လည်း ကေသီ လှနေ၏။ အရုပ်ဆိုးမကလေး လှနေခြင်းအတွက်

အလှတရားနှင့် ပတ်ဝန်းကျင်အနေအထား ပေါင်းစပ်မှုကို ရှော့စ် အလေးအန
တွေးနေမိ၏။ သို့သော် မည်သို့မှကောက်ချမဆွဲနိုင်ဘဲ အတွေးကို ရပ်ပစ်လို
ရသည်။

"ဟာ... အရမ်းလှနေပါလား"

ဟယ်ရီက ညီမလုပ်သူကို တအံ့တသြ လှမ်းပြောလိုက်သည်။

"မစ္စတာပါရီရှေ့မှာ ယဉ်ယဉ်ကျေးကျေးပြောပါ ဟယ်ရီ"

ရှော့စ်က မတ်တတ်ရပ်ပြီး ကြိမ်ကုလားထိုင်တစ်လုံး ကေသီရှေ့
တိုးပေးလိုက်သည်။

"ဟယ်ရီ ပြောတတ်သလို ပြောပါစေ ကေသီ၊ ကိုယ်လည်း အဲဒီအတို
ပြောမလို့ဆဲဆဲပါ"

"တကယ်ပြောတာလားဟင်၊ ကျွန်မ တကယ်လှနေလို့လား"

"လှရုံတင်မကဘဲ ချစ်စရာလည်း ကောင်းနေတယ်"

"ကျေးဇူးတင်ပါတယ် မစ္စတာပါရီ"

"ရှော့စ်လို့ပဲ ခေါ်ပါ ကေသီ၊ မစ္စတာပါရီလို့ ခေါ်ရင် ကိုယ့်ကိုယ်ကို
အသက်တစ်ထောင်လောက် အိုသွားသလိုပဲ"

"ရှော့စ် အသက်ဘယ်လောက်ရှိပြီလဲဟင်"

"နှစ်ဆယ့်ကိုး"

"အရွယ်ကောင်းပဲနော်၊ ကျွန်မက ၂၁ နှစ်၊ ဟယ်ရီက ၃၁ နှစ်"

ကေသီ့စကားမဆုံးမီ ဟယ်ရီက ဖြတ်၍

"ဟဲ့ ကေသီ၊ အမျိုးသမီးတွေဟာ သူတို့အသက်ကို မပြောကြဘူးဟ

"ကေသီက အမျိုးသမီးစာရင်းဝင်တဲ့ အမျိုးသမီးမှ မဟုတ်တာ"

ဒီတော့မှ ဟယ်ရီ ရယ်သည်။

"ခုမှပေါ်တော့တယ်၊ ကိုယ့်အကြောင်းလည်း ကိုယ်သိသားပဲ၊ ညည်းဟ
နည်းနည်းလေးမှ မိန်းမနဲ့မတူဘူး"

"ကျွန်တော်တော့ အဲဒီလိုမထင်ဘူး"

ရှော့စ်က ဟယ်ရီကို ဆန့်ကျင်ပြီးပြောသည်။ ကေသီက ဝမ်းနည်းသွာ
ဟန်ဖြင့်−

"ဟယ်ရီ ပြောတာ အမှန်ပဲ ရှော့စ်၊ ကေသီ စိတ်တိုလာရင် ယောကျ်ာ
လေးတွေထက် ပိုကြမ်းချင်သေးတယ်"

"ကိုယ် ရှိနေတုန်းတော့ မကြမ်းပါနဲ့ ကေသီရယ်"



ဟယ်ရီ ဝင်ပြောပြန်သည်။

"ကြမ်းရင်လည်း လွယ်ပါတယ်ဗျာ၊ ကြိုးနဲ့တုပ်ပြီး ကျာပွတ်စာ ကျွေး
က်တာပေါ့"

ရှော့စ်က ရယ်ပြီး

"ကျွန်တော်ဆိုရင် အဲဒီလို မလုပ်ဘူး၊ မိန်းမတိုင်းဟာ အချော့ကြိုက်တာပဲ၊
ခိုင်းရင် ရိုက်ပြီးခိုင်းတာထက် ခရီးရောက်တယ်ဗျ"

"အဲဒီလိုမိန်းမထဲမှာ ကေသီ မပါဘူး၊ စမ်းကြည့်ပါလား၊ ရှင်တို့ယောကျ်ား
ွဟာ မုန်းစရာကို ကောင်းတယ်"

ကေသီ ဒေါပွလေပြီ။ ရှော့စ်က လေအေးအေးဖြင့်

"ကေသီပြောတာ ဖြစ်နိုင်တယ်၊ ဘေးလူက မပြောနဲ့၊ ကိုယ့်ကိုယ်ကိုယ်
ာင် တစ်ခါတလေ မုန်းတယ်"

ကေသီက သူ့ကို စိုက်ကြည့်နေသည်။

"ရှင်ဟာ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး သွေးမြောက်နေတဲ့ လူမျိုးတော့
ုတ်ပါဘူးနော်"

"ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစရာ ဘာမှမရှိပါဘူးဗျာ၊ ကျွန်တော်က
ညတရပါ"

"ဟုတ်လား၊ မပြည့်ဝတဲ့ ယောကျ်ား တော်တော်များများ ဘဝင်မြင့်တတ်
ပါ။ ရှော့စ်က ချောလည်းချောတယ်၊ အဝတ်အစားလည်း သေသေသပ်သပ်
်တတ်တယ်၊ အမူအရာလည်း ယဉ်ကျေးတော့ ကေသီကိုယ် ကေသီ
ပ်ရှက်မိတယ်။ ဒီလိုလူမနီး သူမနီးနေရာမှာ ကေသီအတွက် ဘာလိုနေတယ်
တာ သိလာတယ်"

"ကိုယ်တော့ ဒီနေရာလေးကို သိပ်သဘောကျတာပဲ"

ကေသီက ရှော့စ်ကို တအံ့တသြ ကြည့်ပြီး

"တကယ် အဲဒီလိုပဲ ထင်သလားဟင်"

"ဟုတ်တယ် ကေသီ၊ ကျွန်းပေါ် ခြေမချခင် အဝေးက လှမ်းမြင်ရကတည်း
သဘောကျနေတာ၊ ရောက်တဲ့လူတိုင်း ပြန်ဖို့ကို မေ့နေတဲ့ကျွန်းကလေးလို့
ယ် ထင်တယ်။ ကြည့်ပါဦး၊ ဘယ်လောက် ငြိမ်းချမ်းသလဲ။ ဘယ်လောက်
တ်ဆိတ်သလဲ။ မင်းတို့မောင်နှမကို မနာလိုတောင် ဖြစ်မိပါတယ်၊ ပြင်ပ
ာကကြီးတစ်ခုလုံး ဆူညံနေတာ"

ကေသီက ရှော့စ်ကို စူးစူးရဲရဲကြည့်ပြီး

"ဒါဖြင့်လည်း မပြန်နဲ့တော့လေ"

ရှော့စ် သူ့ကို ဖျတ်ခနဲလှမ်းကြည့်သည်။ ပြီးတော့ ဟယ်ရီဘက်
တစ်လှည့်။ သို့သော် အရက်နည်းနည်းခံပြီး နံနက်စာကို အဝအပြဲစားထားသ
ဟယ်ရီသည် ကြိမ်ပက်လက်ကုလားထိုင်တွင် အိပ်ပျော်နေပြီ။ ရှော့စ်က ညင်သ
စွာ ပြန်ပြောသည်။

"မပြန်ဘဲတော့ ဘယ်ဖြစ်မလဲ ကလေးမရဲ့၊ ဒီထက်သုံးဆလောက်ကျ
တဲ့ စိုက်ပျိုးရေးလုပ်ငန်းကြီး ကိုယ့်မှာရှိသေးတယ်လေ၊ ပြီးတော့ တခြားသံယော
လေးတွေလည်း ရှိသေးတယ် ဆိုပါတော့"

"ဘာ သံယောဇဉ်လဲ၊ မိန်းကလေး သံယောဇဉ်လား"

ကေသီက တူးတူးခါးခါး မေးလိုက်သည်။ ရှော့စ် အရိုးခံအတို
ပြန်ဖြေသည်။

"ဟုတ်တယ် ကေသီ"

"ကျေးဇူးတင်ပါတယ် ရှော့စ်"

ကေသီ့အသံက ခြောက်ကပ်ကပ်။

"ဘာအတွက် ကျေးဇူးတင်တာလဲဟင်"

"ရှော့စ်ရဲ့ ရိုးသားမှုအတွက်ပါ၊ တခြားတစ်ယောက်ဆို အမှန်အတိုင်
ပြောချင်မှ ပြောမှာပေါ့"

"ကိုယ် ဘယ်တော့မှ လိမ်မပြောတတ်ဘူး ကေသီ၊ မုသာဝါဒကို တတ
နိုင်သမျှ ရှောင်ပါတယ်"

"ယုံပါတယ် ရှော့စ်၊ နောက်မှတွေ့မယ်နော်"

ကေသီက ရုတ်ခြည်း နှုတ်ဆက်ကာ ထွက်သွားသည်။

ထိုနေ့ညတွင် ဟယ်ရီသည် ဝတ်ကောင်းစားလှများ ဝတ်ကာ ကျွန်းပေါ
တွင် အကြီးဆုံး ခြံလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဝါဆိုယာတောအိမ်ကြီးဆီသို့
မြင်းတစ်စီးဖြင့်ထွက်သွားသည်။ သူက ရှော့စ်ကို ဖိတ်သေးသည်။ ပင်ပန်းလှပြ
ဖြစ်ကြောင်း တောင်းတောင်းပန်ပန်ပြောပြီး ရှော့စ် နေခဲ့ရသည်။ လူစိမ်း တစ်
ယောက်ကို နှမဖြစ်သူနှင့် လူမနီး သူမနီးသည့် အိမ်ကြီးတွင် စိတ်ချလက်ချထားခဲ့
သည့် ဟယ်ရီလင်တန်ကို ရှော့စ် နားမလည်နိုင်ဘဲဖြစ်လျက်ရှိသည်။ တော်တော်
တုံးတဲ့နေပဲ။ သူ့ညီမကို တကယ်ပဲ အပျိုမလေးတစ်ယောက်လို မမြင်နိုင်လေ
ရော့သလား။ ကေသီ့တွင် မိန်းမပီသသည့် အရည်အချင်း လုံးဝမရှိဟု သူထင်
နေပုံရသည်။



မည်သို့ဖြစ်စေ မိမိနှင့်ဆိုလျှင် ကေသီ့အတွက် လုံးဝအန္တရာယ်မရှိနိုင်ပါ။
သော် ဟယ်ရီလင်တန် နှမအပေါ် မြင်သည့်အမြင်မျိုးကြောင့်မဟုတ်။ ကေသီ့
တွက် အန္တရာယ်မရှိရသည့် အကြောင်းရင်းမှာ ကွန်ချီတာဆိုသော မိမိ
စိတ်တန်းရှိရသည့် မိန်းကလေးကြောင့် ဖြစ်ပါသည်။ ဝရန်တာသို့ ထွက်ခဲ့သည်။
သစ်ချကိုင်းများအကြားမှ ကောင်းကင်သို့ မော့ကြည့်လိုက်သည်။ ကောင်းကင်
ကြယ်ကလေးတွေ ရတနာမှုန်များ ဖြန့်ကြဲထားသည့်အလား။ ဟိုအဝေးမှ
တ်အိုးသံသဲ့သဲ့ကို ကြားနေရသည်။ နွေးထွေးသောည။ တိတ်ဆိတ်သောည။
းပူသောည။

မဖြစ်ပါဘူး။ ကြာကြာနေလို့ မသင့်ပါဘူး။ မြန်မြန်ပြန်မှပါ။

ရောက်တတ်ရာရာတွေးရင်း မှဲ့ခြောက်သဲ့သဲ့နှင့် မျက်နှာလေးကို မြင်ယောင်
ပြန်သည်။ ထိုစဉ် အနားသို့ သူရောက်နေကြောင်း ဖြည်းဖြည်းချင်းသိလာ
ည်။ ဘယ်အချိန်ကတည်းက ဝရန်တာတွင် လာရပ်နေသည်ကို သတိမမူမိလိုက်။
အဝေးမှ ပြာလဲ့လဲ့ မြစ်ပြင်ဆီသို့ ငေးကြည့်နေသည်။ သက်ပြင်းချလိုက်သည်
လည်း အတိုင်းသားကြားလိုက်ရသည်။

"နက်ဖြန် ပြန်တော့မယ်ပေါ့နော်"

မေးခွန်းလိုလို ထင်မြင်ချက်ပေးသလိုလို။

"ဟုတ်တယ်ကေသီ၊ နက်ဖြန်ဆိုပြန်မယ်"

အနိမ့်အမြင့်မရှိသော အသံဖြင့် ကေသီ တိုးတိုးလေး ပြောသည်။

"ကောင်းပါတယ် ရှော့စ်၊ မြန်မြန်ပြန်တာပဲ ကောင်းပါတယ်"

ပြောပြောဆိုဆို အိမ်ထဲသို့ လှည့်ဝင်သွားသည်။

ဝရန်တာတွင် ရှော့စ်တစ်ယောက်တည်း ကျန်ခဲ့သည်။ ညရှုခင်းကိုငေးလျက်
ကုလားထိုင်တွင် အကြာကြီးထိုင်နေသည်။ လေအေးက တဖြူးဖြူး တိုက်ခတ်
က်။ မခံနိုင်လောက်အောင် အေးလာမှ လေးကန်စွာထပြီး သူ့အတွက်ပေး
းသည့် အိပ်ခန်းထဲသို့ဝင်ခဲ့သည်။ အိပ်ရာပေါ်သို့ ပစ်လှဲလိုက်သည်။ အိပ်၍
း တော်တော်နှင့်မပျော်။

နောက်တစ်နေ့ မနက်စောစော နိုးသည်။ ကေသီ့အသံကို ပထမဦးဆုံး
းရ၏။ မိန်းကလေးနှင့်မတန်သည့် စကားလုံးများဖြင့် တိုင်းထွာကြိမ်းမောင်း
သည်။ အသာခေါင်းထောင်ပြီး ပြတင်းပေါက်မှ ကြည့်လိုက်သည်။ မနေ့က
အတိုင်း ယောကျ်ားလေးတစ်ယောက်လို ဝတ်ကာ မြင်းပေါ်တွင် ရောက်နေ
ည်။ ပါးစပ်တွင် ဆေးလိပ်ခဲလျက်။

“မြန်မြန်လုပ်ကြစမ်း ငပျင်းတွေ၊ ကျာပွတ်စာ ကျွေးလိုက်ရမလာ
မနေ့ညက အမူအရာမျိုး လုံးဝမတွေ့ရတော့။ ဘယ်တော့မှလ
တွေ့ရတော့မည်မထင်။ အမှားတစ်ခုကိုများ ကျူးလွန်မိလေပြီလားဟု စိတ်ထဲ
ဇဝေဇဝါ ဖြစ်သွားသည်။

ထို့နောက် အိပ်ရာမှထပြီး အဝတ်လဲကာ အထုပ်အပိုး ပြင်ဆင်လေသ

■

## အခန်း (၁၀)

ချက်မြို့လယ် ဟိုတယ်တစ်ခု၏ အရက်ခန်းထဲတွင် ဘာဘွန်းဝီစကီပုလင်း
ကိုင်ပြီး ရှော့စ်ပါရီ ရပ်နေသည်။ အိတ်ထဲတွင် ပိုက်ဆံ ဘယ်လောက်ကျန်
းမှန်း မသိတော့။ ဘာမှလည်း မသိချင်တော့။ မူးအောင်သောက်ပြီး အားလုံး
မေ့နေချင်သည်။ လောကကြီးတစ်ခုလုံး ဘာတစ်ခုမှ အပေါက်အလမ်းမတည့်
လား။ စိတ်ဓာတ်ကျစရာတွေချည်း။ ပထမဆုံး စိတ်ဓာတ်ကျစရာအဖြစ်များ။
န်ခရီးတွင် နယူးအော်လီယန်းသို့ ဝင်ခဲ့သည်။ ကွန်ချီတာ့ကိုမတွေ့ရဘဲ
ဝတွင် လက်နက်ကိုင်အစောင့်ကိုသာ တွေ့ခဲ့၏။ ဘယ်အကြောင်းကြောင့်
မှ ဝင်ခွင့်မပြုနိုင်ကြောင်း သိရ၏။ မိမိအတွက် သီးသန့်ချထားသည့်
စောင့်မှန်း နောက်မှသိရသည်။ နောက်ဆုံးတွေ့စဉ်က ကွန်ချီတာ ခေါင်းမာ
ည့်အတွက်သာလျှင် ဖြစ်ရမည်။ အိမ်ကို ညတွင်းချင်းမပြန်ဘဲ မိုးစင်စင်လင်းမှ
သွားသည့်အတွက် ခံရသည့်ဒဏ်။ ထိုနေ့မှစ၍ ကွန်ချီတာနှင့် အဆက်အသွယ်
ပြတ်သွားတော့၏။ စာမလာ သတင်းမကြားရတော့။

ဒုတိယ စိတ်ဆင်းရဲစရာအကြောင်းက ပုဏ္ဏမီရိပ်သာအိမ်တွင်းရေး။
၏ ဘဝပန်းတိုင်ဖြစ်သည့် ပုဏ္ဏမီရိပ်သာ၊ သွေးနှင့် ချွေးနှင့် ရင်းနှီးခဲ့ရသည့်
မီရိပ်သာ၊ သက်ရှိပစ္စည်းတစ်ခုလို သံယောဇဉ်တွယ်ခဲ့ရသည့် ပုဏ္ဏမီရိပ်သာ။

စိတ်ဓာတ်ကျကျနှင့် နယူးအော်လီယန်းမှ ခေါင်းငိုက်စိုက်ချပြီး အိမ်ပြန်
ခဲ့သည်။ အိမ်ရောက်တော့ မရီးလုပ်သူကို မျက်ရည်စက်လက်နှင့် တွေ့ရ၏။
က်ထပ်ပြီးသုံးလအကြာတွင် တွမ်တစ်ယောက် မော်ဂင်ဘရစ်တာနီနှင့် ဖြောင်
နေပြီတဲ့လေ။

မဟုတ်ပါစေနဲ့ဟု စိတ်ထဲက ဆုတောင်းပြီး လော့လာသည်။ ရှော့စ်
တောင်းမပြည့်ပါချေ။ လန့်စ်က အမွေကိစ္စနှင့် စင်စင်နာတီတွင် သောင်တင်

နေ၏။ ဤတွင် တွမ်နှင့်မော်ဂင်ကို နေရာတကာတွင် တတွဲတွဲတွေ့ကြရ
သည်။

နိုးကြောင်ခိုးဝှက် တွေ့ခြင်းမျိုး မဟုတ်တော့။

မစ္စတာပါရီတစ်ယောက် တောင်ထွတ်မြို့သာမှာ အမြဲညလာအိပ်သ
နေ့တိုင်း နေထန်းတစ်ဖျားလောက် မြင့်မှ ပြန်လေ့ရှိသတဲ့ ဟူသည့် သတင်းသ
အိမ်စေကပ္ပလီများမှ တစ်ဆင့် တစ်မြို့လုံး အပုပ်နံ့ လှိုင်နေပြီ။

သည်ကောလာဟလတွေမှာ အမှန်တွေဖြစ်ကြောင်း စိတ်ထဲက သိနေ
မတတ်သာသည့်အဆုံး တွမ်ကို ပွင့်ပွင့်လင်းလင်း မေးရတော့၏။ စေတနာ
နင်းခြေဖျက်ဆီးခံရတော့ ဒေါသဖြင့် ဆတ်ဆတ်တုန်ရသည်။ ညီအစ်ကိုချင်းသ
မဟုတ်ပါက ပစ်ကြခတ်ကြ၊ သတ်ကြပုတ်ကြ ဖြစ်မည်မှုချ။

သို့သော် ခေါင်းနှင်းဆင်းလာခဲ့ကြသည့် ညီအစ်ကိုချင်းမို့ ကိုယ်
လက်ရောက် မဖြစ်ကြဘဲ စကားလုံးတွေနှင့် ပစ်ပေါက်တိုက်ခိုက်ကြသည
တစ်ယောက်နှင့်တစ်ယောက် ဘယ်သောအခါမှခွင့်လွှတ်လို့ ရနိုင်တော့မ
မဟုတ်သည့် စကားလုံးများ။ အမာရွတ်ထင်စေမည့် စကားလုံးများ။

ဤသို့ဖြင့် တစ်သက်လုံး ချစ်ချစ်ခင်ခင် နေခဲ့ကြသည့် ညီအစ်ကိုနှစ်ယော
မှာ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ချင်လောက်အောင် နာ
ကြည်းကြည်း ဖြစ်ကုန်ကြရတော့သည်။ တစ်အိမ်ထဲတွင် ဘယ်လိုမှ အတူနေ
မကောင်းတော့။ တစ်ယောက်ယောက်က ရှောင်ပေးရတော့မည်။

ဤတွင် ရှော့စ်အတွက် ရွေးစရာလမ်းတစ်လမ်းသာ ရှိတော့သည
မိမိက လူပျိုဘဝကနေခဲ့သည့် ရုံးခန်းအပေါ်ထပ်မှ တိုက်ခန်းသို့ပြန်ပြောင်းခဲ့တေ
သည်။ လူပျိုဆောင်သို့ ပြန်ရောက်လာပြီး တကတည်းက ဘဝမှာ အမိပွာယ်မဲ့
ရပ်တည် ငြိမ်သက်နေ၏။

သည်အတောအတွင်း ပြေပြေစရာအကြောင်းကလေးများတော့ တို
ရှားရှေ ပေါ်လာသေးသည်။ ဘရုတပ်စ်တို့မိသားစု ပြန်လည်တွေ့ဆုံပွဲမှာ ရင်န
စရာကောင်းလှ၏။ ပီတိဖြစ်စရာလည်း ကောင်းလှ၏။ သူတို့တစ်တွေ
ရှေ့တွင်ပင် ရှော့စ် မျက်ရည်မဆည်နိုင်ဘဲ ငိုရှိုက်မိသည်။

နောက်တစ်ခုမှာ ကေသီလင်တန်၏ စာကလေးတစ်စောင်။ စာလုံးပေါ
တွေ အမှားမှား အယွင်းယွင်းဖြင့် လက်ရေးက ပီဘိကလေးလက်ရေး။ စာထဲတွ
မိမိကို သတိရနေကြောင်း၊ တစ်နေ့နေ့မှာ ပြန်လည်တွေ့ဆုံဖို့ မျှော်လင့်နေ
ကြောင်း၊ ဟယ်ရီတစ်ယောက် ကျန်းကျန်းမာမာရှိပြီး သူ့မြင်းမကြီးသားပေါ



နေကြောင်း၊ မြကျွန်းသာတွင် နေရသည့်ဘဝသည် ဘာမှ အပြောင်းအလဲ
အတက်အကျမရှိကြောင်းများအပြင် ဆေးလိပ်ဖြတ်ဖို့ ကြိုးစားနေကြောင်းနှင့်
မိန်းမပီပီ နေထိုင်ပြုမူ ပြောဆိုတတ်အောင် လေ့ကျင့်နေကြောင်းလည်း ပါ၏။
ဆေးလိပ်ကို ငယ်ငယ်ကတည်းက သောက်ခဲ့ခြင်းဖြစ်၍ တော်တော်ကြိုးစားပြီး
ဖြတ်ရမည်ဖြစ်ကြောင်း၊ ဗိုင်းကောင်းကျောက်ဖိ မိန်းကလေးဖြစ်ဖို့လည်း သင်ကြား
ပေးမည့်သူ မရှိသဖြင့် အခက်အခဲတွေ့နေရကြောင်း စသည် စသည်။ ချစ်သော
ကေသီဟု လက်မှတ်ထိုးထားသည်။

အမှောင်ထဲတွင် အိမ်ကိုလျှောက်ပြန်လာသည်။ ရင်ထဲတွင် အနည်းငယ်
ပေါ့ပါးလာသည်။ ဝီစကီကြောင့် တစ်ကိုယ်လုံး နွေးနေ၏။ ကွန်ချီတာဆီသို့
တရေးဖို့ ဆုံးဖြတ်လိုက်သည်။ သူ့လက်ထဲကို ရောက်ပါ့မလား။ ဘာပဲဖြစ်ဖြစ်
ရေးဖြစ်အောင်တော့ ရေးရမည်။

အပေါ်ထပ်ကို တက်လာတော့ ညှို့ခန်းမီးလင်းနေသဖြင့် အံ့ဩသွား
သည်။ ဝေါလေ့စ်များ ထွန်းထားသလားမသိ။ အခန်းတံခါးကို တွန်းဖွင့်ပြီး
ဝင်လိုက်သည်။ အခန်းလယ်တွင် မားမားကြီးရပ်နေသည့် လန့်စ်ဘရစ်တာနီ။
အပေါက်ဝဘက်ကို ကျောပေးလျက်။

"ဗျို့ လန့်စ် … ဒီအချိန်ကြီး လာလည်တာ အံ့ဩစရာပဲ"

လန့်စ် တစ်ဖက်သို့ လှည့်လာသည်။

"ဟုတ်လား ရှော့စ်"

သူ့အသံက ရေခဲတုံးလို အေးစက်စက်။ ရှော့စ်က နံရံမှ ကြိုးကိုဆွဲပြီး
ဝေါလေ့စ်ကို ခေါ်လိုက်သည်။

"နေပေ့စေ ရှော့စ်၊ ဘာမှ လုပ်မနေနဲ့၊ ကိုယ် ဒီကိုလာခဲ့တာ စိတ်မချမ်း
သာစရာကောင်းတဲ့ ကိစ္စကလေးနဲ့မို့ သိပ်ကြာကြာ မနေနိုင်ဘူး"

ရှော့စ်က သူ့ကိုစိုက်ကြည့်ပြီး

"ကဲ… ဒါဖြင့်ဆို"

လန့်စ်က လေးတွဲ့တွဲ့ လေသံဖြင့်…

"ကိုယ် မောင်ရင့်ကို မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ ဝမ်းသာ
အားရ အသိအမှတ်ပြုခဲ့တယ် ရှော့စ်"

"ဘာလဲ ခု ခင်ဗျား စိတ်ပြောင်းသွားပြီလား"

ရှော့စ်က မေးလိုက်သည်။

"ဟုတ်တယ် ရှော့စ်"

"ကိုယ်မရှိတုန်းမှာ မောင်ရင်နဲ့ ကိုယ့်မိန်းမနဲ့ တတွဲတွဲနေကြတယ်ဆို၊ အဲဒါ ဘယ်လောက် အန္တရာယ်ကြီးတယ် မှတ်သလဲ ရှော့စ်"

"ဟုတ်တာပေါ့"

ရှော့စ် တည်ငြိမ်စွာ စကားဆက်သည်။

"အဲဒီသတင်း မှန်ရင်တော့ ခင်ဗျားပြောတာ ဟုတ်တာပေါ့၊ ဒါပေမယ့် အဲဒါ မမှန်ဘူး လန့်စ်။ ခင်ဗျား ကျွန်တော့်ကို ဒါထက်ပိုပြီး နားလည်ဖို့ကောင်းပါတယ်"

"ကိုယ်တော့ နားလည်တယ်ထင်တာပဲ၊ ဒါပေမယ့် ကိုယ်က မော်ဂင် အကြောင်းကိုလည်း ကောင်းကောင်းနားလည်တယ်၊ ကိုယ့်မိန်းမဟာ ထင်ရာကို ဇွတ်လုပ်တတ်တဲ့ မိန်းမမျိုးလေ။ ဒီမှာ ရှော့စ် အဓိကအကျဆုံး တစ်ချက်ကိုလည်း ပြောမယ်။ ကိုယ် အဘိုးကြီးဖြစ်လာပြီဆိုတာ အခုမှသဘောပေါက်တယ်။ ဟိုတုန်းကဆိုရင် သတ်ရဖြတ်ရတဲ့အလုပ်ကို လုံးဝမမှုခဲ့ဘူး။ ဒါပေမဲ့ ကိုယ် အဲဒါတွေ မလုပ်ချင်တော့ဘူး။ အထူးသဖြင့် ကိုယ်ခင်မင်တဲ့ လူတွေကိုပေါ့လေ"

"ခင်ဗျား ကျွန်တော့်ကို စိန်ခေါ်တာလား လန့်စ်၊ အဲဒီလိုဆိုရင် ကျွန်တော် လုံးဝလက်မခံနိုင်ဘူး"

လန့်စ်က သူ့ကို စိုက်ကြည့်ပြီး

"လက်မခံနိုင်ဘူး ဟုတ်လား"

ထိုစဉ် အခန်းထဲကို ဝေါလေ့စ် ဝင်လာသဖြင့် စကားပြတ်သွားသည်။

"ဝီစကီယူခဲ့ကွာ ဝေါလေ့စ်၊ ရေခဲနဲ့ သံပရာရည်ပါ ယူခဲ့"

ရှော့စ်၏ အမိန့်ကိုနာခံပြီး ဝေါလေ့စ် ပြန်ထွက်သွားသည်။ လန့်စ် စောစောက စကားကို ပြန်ကောက်ပြီး

"ဘယ်လို စိန်ခေါ်ရင် လက်မခံနိုင်ဘူး ဟုတ်လား"

"ဟုတ်တယ် လန့်စ်၊ ကျွန်တော် လက်မခံနိုင်ဘူး။ ကျွန်တော် အဲဒီ အလုပ်ကို လုံးဝလက်မခံဘူး၊ တစ်ယောက်နဲ့ တစ်ယောက် ယှဉ်သတ်တဲ့အလုပ်ကို လူရိုင်းတွေရဲ့အလုပ်လို့ ကျွန်တော်ထင်တယ်၊ ကျွန်တော် ယုံကြည်တယ်၊ လက်ဖြောင့်တဲ့လူက သူ့လောက်မကျွမ်းသူကို ပစ်သတ်တာဟာ ဘာမှ အဓိပ္ပာယ် မရှိပါဘူး။ သွေးအေးတဲ့လူက လက်မတုန်ဘူး။ အမြဲတမ်းနိုင်တယ်။ အဲဒီနည်းနဲ့ ဖြေရှင်းတာဟာ လူတစ်ယောက် အပြစ်ရှိသလား မရှိဘူးလားဆိုတာနဲ့ ဘာမှ မဆိုင်ဘူး လန့်စ်။

"မိန်းမ နောက်မီးလင်းလို့ မခံမရပ်နိုင်ဖြစ်ပြီး သေနတ်ချင်းယှဉ်ပစ်ကြ



တဲ့ ယောကျ်ားတွေ၊ သူတို့မိန်းမကို အချောင်နိုက်နေတဲ့ လူတွေရဲ့လက်ချက်နဲ့ သေခဲ့ရတဲ့ သာဓကတွေ မနည်းတော့ပါဘူး"

"မောင်ရင် ပြောတာတွေကိုလည်း မငြင်းပါဘူး၊ ဒါပေမဲ့"

"ဒါပေမဲ့မနေနဲ့ လန့်စ်၊ ခင်ဗျားလိုလူရဲ့ စိန်ခေါ်မှုကို ပိုပြီးတော့ လက်မခံသေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားဟာ ကျွန်တော့်အခင်အမင်ဆုံး မိတ်ဆွေတစ်ယောက် ဖြစ်နေလို့ပဲ။ သေရမယ့်အလုပ်ကို ပျော်စရာကောင်းတယ်လို့ ကျွန်တော် မထင်ဘူး လန့်စ်၊ သေချင်စရာကောင်းလောက်တဲ့ ပြဿနာတွေ ကျွန်တော့်မှာ ရှိနေပေမဲ့ ကံကြမ္မာ အလှည့်အပြောင်းကို ကျွန်တော် မျှော်လင့်နေတုန်းပဲ။

"နောက်တစ်ခုက မတော်တဆ ကျွန်တော့်လက်ချက်နဲ့ ခင်ဗျား သေသွားပြီဆိုပါတော့၊ ကျွန်တော်ကိုယ်တိုင် သေရတာထက်တောင် ပိုပြီးစိတ်ဆင်းရဲရဦးမယ်၊ တစ်သက်လုံးလည်း ကိုယ့်ကိုယ်ကိုယ် ခွင့်လွှတ်နိုင်တော့မှာ မဟုတ်ဘူး၊ ဒီလောက်ရိုင်းစိုင်းတဲ့ အောက်တန်းကျတဲ့ ဓလေ့ကို ဘာဖြစ်လို့ မဆန့်ကျင်နိုင်ရမလဲဆိုပြီးတော့လေ။ ကျွန်တော်ဟာ ယဉ်ကျေးတဲ့ လူတစ်ယောက်ပါ လန့်စ်၊ ဘယ်တော့မှ သေနတ်ချင်း ယှဉ်မပစ်ဘူး၊ ဓားချင်း ယှဉ်မခုတ်ဘူး၊ အထူးသဖြင့် ကျွန်တော့်အပေါ် အတိုင်းအဆမရှိ ကောင်းတဲ့ ကျေးဇူးကြီးမားခဲ့တဲ့ ခင်ဗျားလို လူမျိုးနဲ့ ပိုပြီးမယှဉ်သေးတယ်။

"ရန်ပွဲကို အဲဒီလိုရှောင်လို့ ကျွန်တော့်ကို အောက်တန်းကျတဲ့ ပါးစပ်လေသေနတ်တွေ ဘယ်လိုဝိုင်းပစ်ပစ် ကျွန်တော် ဂရုမစိုက်ဘူး။ ဒီမယ် လန့်စ်၊ အဲ့ဒီလေသတင်းတွေကို တစ်ခုမှ မယုံစမ်းပါနဲ့၊ နောက်တစ်ခု ကျွန်တော် နားမလည်တာရှိသေးတယ်၊ ဘာရည်ရွယ်ချက်နဲ့ ခင်ဗျားနဲ့ကျွန်တော့်ကို ထိပ်တိုက်တွေ့အောင် သူတို့လုပ်ပေးကြတာလဲ။ အကွက်ဆင်ပေးကြတာလဲ"

ဝေါလေ့စ် ယမကာဗန်းနှင့် ပြန်ရောက်လာသည်။ စားပွဲပေါ်ချပြီး လန့်စ်ကို ဦးညွှတ်အရိုအသေပြုကာ ပြန်ထွက်သွားသည်။ လန့်စ်က ဝီစကီငှဲ့ရင်း ပင်ပန်းနွမ်းနယ်နေသည့် လေသံဖြင့်–

"မောင်ရင်ပြောတာတွေဟာ စဉ်းစားစရာကောင်းပါတယ်၊ ကဲ... ဆက်ပါဦး၊ ကိုယ်လည်း စဉ်းစားဖြစ်တာတော့ စိတ်မချမ်းသာစရာတွေ မဖြစ်ရင် ပိုကောင်းတာပေါ့လေ"

"ကောင်းပြီ လန့်စ်၊ ကျွန်တော် ဆက်ပြောမယ်၊ ကျွန်တော့်ကိုယ် ကျွန်တော် အယူခံဝင်မယ်ဆိုရင် အလိုလို သိက္ခာကျနေပြီ လန့်စ်၊ ဒါပေမဲ့

မတတ်နိုင်တော့ဘူး။ ကျွန်တော် ရှင်းရတော့မယ်။ ခင်ဗျား နက်ချက်ကထွက်သွား ပြီး တစ်ရက် နှစ်ရက်အတွင်း ကျွန်တော်လည်း ခရီးထွက်သွားတာပဲ၊ ခင်ဗျား ကျွန်တော့်အရင်စောပြီး ဒီကို ပြန်ရောက်တယ်။ ကျွန်တော် ဘယ်လောက် ဝေးဝေး ရောက်နေလဲသိလား။ နယူးအော်လီယန်းကတစ်ဆင့် ဂျော်ဂျီယာပြည်နယ် က မြကျွန်းသာဆိုတဲ့ ကျွန်းကလေးကို ရောက်နေတာဗျ။ အဲဒီမှာ ထင်းရှူးမြိုင် ယာတောဆိုတာရှိတယ်။ ခင်ဗျား အတည်ပြုချင်ရင် ထင်းရှူးမြိုင် ယာတောပိုင်ရှင် ဟယ်ရီလင်တန်ဆီကို စာလှမ်းရေးလေ။ နေဦး နေဦး… ဟယ်ရီရဲ့နမ ကော လင်တန်ဆီက စာတစ်စောင် ကျွန်တော့်ဆီ ရောက်နေတယ်၊ အဲဒီစာက ကျွန်တော်ရောက်နေတဲ့အကြောင်း သက်သေခံလိမ့်မယ်"

စားပွဲဆီသို့ထသွားသည်။ စာအိတ်ယူပြီး လန့်စ်ကို လှမ်းပေးသည်။ လန့်စ်က စာအိတ်ကိုကြည့်ပြီး ဖွင့်မဖတ်ဘဲ ပြန်ပေးလိုက်သည်။

"ဖတ်ဖို့မလိုပါဘူး ရှော့စ်၊ ကိုယ် သဘောပေါက်ပါပြီ။ အလေးအနက် တောင်းပန်ပါတယ် ရှော့စ်"

"မေ့လိုက်ပါတော့ဗျာ"

လန့်စ်က မျက်မှောက်ကြုတ် စဉ်းစားရင်း မေးခွန်းတစ်ခု မေးသည်။ ရှော့စ်အကြောက်ဆုံး မေးခွန်း။

"ဒါဖြင့် မောင်ရင့်အစ်ကို တွမ်ဆိုရင်ကော။ ခုမှ ကိုယ် စဉ်းစားမိတယ်၊ သူတို့က ပါရီလို့သာ ပြောတာ၊ ဘယ်ပါရီမှန်း ခွဲပြောတာမဟုတ်ဘူး"

ရှော့စ်က ခပ်ပေါ့ပေါ့လေသံဖြင့်

"ခင်ဗျားမသိဘူးလား၊ တွမ် ခရီးထွက်နေတာဗျ၊ မင်္ဂလာခရီးလေ၊ ဘယ်လောက်ကြာပြီး ဘယ့်အချိန်ပြန်ရောက်ကြသလဲတော့ ကျွန်တော်လည်း မသိလိုက်ဘူး။ မိန်းမရပြီးစ လူတစ်ယောက်အနေနဲ့ ဒီလိုလုပ်မယ်တော့ ကျွန်တော် မထင်ပါဘူးဗျာ"

လန့်စ် သက်ပြင်းချသည်။

"ထားပါတော့ကွာ၊ မောင်ရင်ပြောတာ ဖြစ်နိုင်တယ်။ ကိုယ်လည်းကွာ လူပန်း၊ စိတ်ပန်းဖြစ်နေတုန်း ဒီသတင်းတွေကြားရတော့ ဘာမှ သေသေချာချာ မစဉ်းစားနိုင်တော့ဘူး"

ရှော့စ်က လန့်စ်ဘရစ်တာနီကို စိုက်ပြီး

"နေပါဦး လန့်စ်၊ ခင်ဗျား ဘာလို့ မော်ဂင်ကို မထိန်းတာလဲ"

လန့်စ်ကငိုင်ပြီး ရှော့စ်ကို ပြန်ကြည့်သည်။



"ကိုယ် မထိန်းဘူးလို့ မောင်ရင် ထင်လား၊ မရဘူး ရှော့စ်၊ ဆုံးမစကား ပြောရင် ပြောတဲ့လူ အရှုံးဖြစ်ရတာချည်းပဲ။ ဘယ်လောက်ဆိုးတယ် အောက်မေ့ လဲ။ တစ်ခါတလေ ကိုယ့်ကိုယ်ကိုယ် စိတ်မချရတော့ဘူး။ အဲဒီလောက် ဒေါသ ဖြစ်ရတယ်။ သတ်မိတော့မယ်ဆိုပြီး သိပ်မပြောတော့ဘူး။

"သူ့ဒေါသဖြစ်ရင်လည်း မလွယ်ဘူးရှော့စ်၊ ရူးသလိုလို ကြောင်သလိုလို သတော့မလိုလိုဖြစ်တာ။ ကိုယ်လည်း ဘယ်လိုလုပ်ရမှန်းကို မသိတော့ပါဘူး ကွာ"

လန့်စ်၏အသံ တိမ်ဝင်သွားသည်။

လူကြီးကိုကြည့်ပြီး ရှော့စ်ရင်ထဲတွင် နင့်နင့်နဲနဲ ခံစားလိုက်ရသည်။ ငါးဆယ့်တစ်နှစ်မျှသာ ရှိသေးသော လန့်စ်သည် ထိုတဒင်္ဂအတွင်း အသက် ၆၀ ကျော်အဘိုးကြီး တစ်ယောက်လို အိုစာသွားသည်။ ချောမောခံ့ညားသည့် မျက်နှာကြီးမှာ အရေအကြောင်းများထင်ကာ ရွာတော့မည့်မိုးကဲ့သို့ အုံ့ဆိုင်း မှုိက်ရှိသည်။ တစ်နှစ်အတွင်း ဆံပင်ရောင်တွေ သိသိသာသာကြီး ပိုဖြူသွား သည်။ သည်မိန်းမ လန့်စ်ကို ဖြည်းဖြည်း ညှဉ်းသတ်နေတာပါကလား။

"ကွာပစ်လိုက်ပါလားဗျ"

ရှော့စ် စိတ်လိုက်မာန်ပါ ပြောချလိုက်မိ၏။ လန့်စ် ခေါင်းထောင်လာသည်။

"ကိုယ် သူ့ကို ချစ်တယ် ရှော့စ်"

လန့်စ်က အရိုးခံအတိုင်း ပြောလာသည်။

"ဩော်… ကျွန်တော် တောင်းပန်ပါတယ် လန့်စ်၊ ဒီတစ်ခါ ကျွန်တော် ထွက်လွဲသွားတယ်။ ခင်ဗျား စိတ်ဆင်းရဲနေတာ ကျွန်တော် မကြည့်ရက်လို့ပါ လန့်စ်"

သူက အပြင်ဘက်သို့ငေးသည်။ လုံးဝ မသောက်ရသေးသည့် ဝီစကီခွက် ကို လက်ထဲတွင် ကိုင်လျက်။

"ဘဝဟာလည်း ငြီးငွေ့စရာ ကောင်းလာတယ် ရှော့စ်"

လန့်စ်က ခပ်တိုးတိုး ပြောသည်။

"ဧည့်ခံပွဲတွေလုပ်ရင် ဘယ်သူမှမလာကြတော့ဘူး၊ မော်ဂင့်ကို မစ္စက် ဘရစ်တာနီလို့ မခေါ်ကြတော့ဘူး သိလား။ တောင်ထွက်မြိုင်သာက မိန်းမလို့ပဲ ခေါ်ကြတော့တယ်။ မောင်ရင်ပေးခဲ့တဲ့ တောင်ထွက်မြိုင်သာဟာ ခုတော့ သုသာန် မြေပြင်လို ခြောက်သွေ့နေပြီ ရှော့စ်"

ရှော့စ် မတ်တတ်ထရပ်သည်။ လန့်စ်၏ပခုံးပေါ် လက်တင်ပြီး

"တင်းထားစမ်းပါဗျာ၊ တစ်မျိုးတစ်ဖုံ ဖြစ်လာဦးမှာပါ။ အချိန်တော့ ယူရမှာပေါ့ မဟုတ်ဘူးလား"

လန့်စ် မတ်တတ်ထရပ်သည်။ ဖန်ခွက်ထဲမှ ဝီစကီကို မော့သည်။

"အကြောင်းထူးမယ် မထင်ပါဘူး၊ ကျုပ်တော့ လက်လျှော့လိုက်ပါပြီ"

ပြောပြောဆိုဆို ဦးထုပ်နှင့် နှင်တံကို ကောက်ယူသည်။

"လာပြီး အနှောင့်အယှက်ပေးမိတာ ခွင့်လွှတ်နော် ရှော့စ်၊ ကဲ... သွားမယ်"

"ကောင်းပြီ လန့်စ်၊ နောက်မှ တွေ့ကြတာပေါ့"

လှေကားမှဆင်းသွားသော လန့်စ်ဘရစ်တာနီ၏ ကျောပြင်ကြီးကို ရှော့စ် တစ်ယောက် ငေးကြည့်နေ၏။

အိပ်မပျော်သည့်ညတွေ များသည်ထက် များလာသည်။ ညကတော့ အတော်ညဉ့်နက်မှ အိပ်ပျော်သွားသည်။ ဘယ်အချိန်ထထ အကြောင်းမဟုတ်တော့ဘူးလေ။ သို့သော် ၁၈၅၀ ပြည့်နှစ်၊ ဇူလိုင် ၂ ရက်နေ့ အိပ်ရာထကား တစ်သက်မမေ့နိုင်သည့် အမှတ်ထင်ထင် နံနက်ခင်းတည်း။

ချက်ချင်း သိလိုက်သလိုလိုရှိ၏။ မျက်လုံးဖွင့်ကြည့်လိုက်သည်။ မော်ဂင့် မျက်နှာကို နီးကပ်စွာမြင်၏။ ဝုန်းခနဲထထိုင်ပြီး မျက်လုံးကို ပွတ်ကြည့်သည်။ သူမှ သူအစစ်။

"သေတော့မှာပဲ၊ မင်း ဒီမှာ ဘာလာလုပ်နေတာလဲ ဟင်"

မော်ဂင် ရယ်သည်။ သူ့ရယ်သံကြောင့် ကျောထဲ စိမ့်သွား၏။ ပူအိုက်လှသည့် ဇူလိုင်လထဲတွင် တစ်ကိုယ်လုံး အေးစက်သွားသလို ခံစားလိုက်ရ၏။ သူ့ရယ်သံကလေးက ချိုလွင်လှသည်။ ခုလိုကျပြန်တော့လည်း ကျောင်းသူကလေး တစ်ယောက်အတိုင်းပါလား။ ပြစ်မျိုးမဲ့မထင်သည့် မျက်နှာ ကြည်ကြည်ကလေးဖြင့်...။

"အလည်လာတာပေါ့တော်၊ တကတဲ ဘယ်အချိန်ရှိနေပြီလဲ။ ၁၁ နာရီ ထိုးပြီ ရှင့်။ ကဲ... ထတော့။ အပျင်းကိုထူတယ်"

"မထပါဘူး"

ရှော့စ်က ဘုတောသည်။

"မထရင် အတင်းဝင်အိပ်လိုက်မှာနော်၊ ဒီက ပင်ပန်းလာတာ"

"အို... သွား... သွား၊ ကိုယ် ထမယ်၊ ကဲ... မယ်မင်းကြီးမ တစ်ဆိတ် ဧည့်ခန်းထဲမှာ သွားစောင့်ပါ"



"ဟင့်အင်း... သွားဘူး။ အဲဒီညဝတ်အင်္ကျီနဲ့ ရှော့စ်က သိပ်ကြည့်ကောင်းတာပဲ၊ ပေါင်တံတွေကလည်း လှတယ်။ စောစောကတည်းက သတိပြုမိပါတယ်။ ဒါပေမဲ့ ခုမှပဲ လွှတ်လွှတ်လပ်လပ် ကြည့်ရတော့တယ်။ ကဲ... ထမှာဖြင့် ထလေ"

"နေပါဦး၊ မင်းကို ဘယ်သူ ဝင်ခွင့်ပေးလိုက်တာလဲ"

"ဝေါလေ့စ်ပေါ့၊ သူ့ခမျာ သနားပါတယ်၊ ကျာပွတ်နဲ့ ရိုက်မယ်လုပ်တော့ သူ ဘာမှ မတတ်နိုင်တော့ဘူးလေ"

"ဒါဆို ကိုယ်ကလည်း မင်းကို ကျာပွတ်နဲ့ ပြန်နှင်ရလိမ့်မယ်"

မော်ဂင်က ခေါင်းကိုမော့ပြီး အော်ရယ်ပြန်သည်။ ပြီးမှ

"ဝေါလေ့စ်လည်း သနားပါတယ်၊ သူ့ခမျာ မီးလျှံနှစ်ခုကြားမှာ ပိတ်ခံနေရတာလေ"

"ကဲ... ဟိုဘက်အခန်းကို သွားပါတော့"

"မသွားပါဘူးဆိုနေ၊ ဘာလို့ ဒါလောက် အရှက်အကြောက်ကြီးနေရတာလဲလို့၊ ဒါလောက် ယောကျ်ားပီသနေလျက်နဲ့ ဘာလို့ မိန်းကလေးတစ်ယောက်လို ပျော့ညံ့နေရတာလဲ"

"ကဲပါ... မင်းကို ကျုပ် တောင်းပန်ပါတယ်၊ သွားပါတော့လို့ဆိုနေ"

"မသွားပါဘူးလို့ဆိုနေ"

အမျိုးသမီးကို ရှော့စ် စိုက်ကြည့်လိုက်၏။ လှချင်တိုင်းလှနေသည်။ စိတ်ထဲမှာ ကျိတ်ပြီးကျိန်ဆဲလိုက်သည်။ ကောင်မ နင့်ကြောင့် ငါ့အစ္စတွေနဲ့ ကျည်ဆန်ထိပ်ဖူးနဲ့တော့ နီးနေပြီ။ စိတ်ထိန်းနိုင်လွန်းလို့ အသက်နဲ့ကိုယ် အိုးစားမကွဲသေးတာ။ ခပ်တိုးတိုးမေးလိုက်သည်။

"လန့်စ် ဘယ်မှာလဲ"

"ထုံးစံအတိုင်းပေါ့၊ ဟိုအဝေးကြီးမှာလေ။ လူဝီစီးယားနားကို ထွက်သွားတယ်။ ပြောပြီးပြီကော ဒါလင်ရယ်၊ သူ မော်ဂင့်ကို ယုံပါတယ်လို့"

"မယုံပါဘူး"

ရှော့စ်က သံပြတ်နှင့် ပြောသည်။

"တစ်လောက သူ ဒီရောက်လာပြီး ကိုယ်နဲ့ သေနတ်ယှဉ်ပစ်ဖို့ စိန်ခေါ်တယ် နားလည်လား။ အတင်းစကားတွေ သူကြားသွားတယ်လေ။ တွမ်နဲ့ ကိုယ်နဲ့မှားပြီး လာစိန်ခေါ်နေတာ"

မော်ဂင်က ကလေးတစ်ယောက်လို ဝမ်းသာအားရဖြစ်သွားပြီး လက်ခုပ်

တီးသည်။ ဝမ်းသာအားရ ရယ်သည်။

"ဘယ်လောက်ကြည့်လို့ ကောင်းလိုက်မလဲ၊ ကြည့်ချင်လိုက်တာ၊ မုန်ယို
နေတဲ့ ယောကျာ်းနှစ်ယောက် မိန်းမတစ်ယောက်အတွက် သေနတ်ချင်း ယှဉ်ပစ်တဲ့
မြင်ကွင်းကိုလေ"

"မင်းဟာ သိပ်ယုတ်မာတဲ့မိန်းမပဲ၊ ရှုံစရာကောင်းလောက်အောင်ကို
ယုတ်မာတယ်"

မော်ဂင်က မတုံတတ်ထရပ်ပြီး တိုးတိုးကလေးမေးသည်။

"တကယ်ပဲလား ဒါလင်ရယ်"

သူ့မျက်လုံးထဲတွင် မြင်နေကျ အရောင်တစ်မျိုးကို မြင်ရပြန်ပြီ။ သေတော့
မှာပဲ။ ဒီမိန်းမရဲ့ စက်ကွင်းက လွတ်နိုင်ပါတော့မလား။ သူက ညှို့မျက်လုံးများ
နှင့် စိုက်ကြည့်ပြီး ခုတင်ပေါင်ပေါ်သို့ ထိုင်မည်ပြုစဉ် ဝေါလေ့စ် အခန်းထဲသို့
ခေါင်းပြူကြည့်သည်။

"ဆရာ... ဆရာ"

သူ့အမူအရာမှာ ပြူးပြူးပျာပျာ

"မစ္စကွန်ချီတာ အောက်ထပ်မှာ ရောက်နေတယ် ဆရာ"

ရှော့စ်၏မျက်နှာပေါ်တွင် သွေးရောင် လုံးဝမရှိတော့သလို ဖြူရော်သွား၏။
သက်သက်အကွက်ချပြီး မော်ဂင် ချောက်တွန်းခြင်းဖြစ်မည်။ ကွန်ချီတာသည်
မျိုးရိုးဗီဇနှင့် ရိုးရာဓလေ့အရ သည်လိုအဖြစ်မျိုးကို လုံးဝခွင့်လွှတ်မည်မဟုတ်
ဖြေရှင်း၍လည်း ဘယ်လိုမှ ရမည်မဟုတ်။

မော်ဂင်လို မိန်းမနှင့် အိပ်ခန်းထဲတွင် လက်ပူးလက်ကြပ်မိပြီးမှ ဘာမှ
မဖြစ်ကြပါဘူးဟု အဖြစ်မှန်ကို ရှင်းပြလျှင်လည်း အပိုသာဖြစ်တော့မည်။

မော်ဂင်က ရယ်ပြီး

"အပေါ်ကိုလွှတ်လိုက် ဝေါလေ့စ်၊ တို့ လက်ခံပြီးတွေ့မှာပါ၊ မဟုတ်
ဘူးလား ဒါလင်ရယ်"

ရှော့စ် ဒေါသအမျက်ခြောင်းခြောင်းထွက်လေပြီ။

"သွား... မင်း ခုထွက်သွား၊ မင်းဟာ မကောင်းဆိုးဝါးမ"

"စိတ်မဆိုးပါနဲ့ ဒါလင်ရယ်၊ ဒါလင် အံ့ဩစရာလုပ်ပြပါ့မယ်၊ သဘော
ထားကြီးပြပါ့မယ်၊ နောက်ဘေးတံခါးကနေ ဆင်းသွားပါမယ်ကွယ်၊ မော်ဂ
ရောက်နေမှန်း သူ ဘယ်လိုမှ မသိနိုင်ပါဘူး၊ ကဲ... မော်ဂင် ချစ်စရာမကော
ဘူးလား"



"ကဲ... ဒါဖြင့်လည်း မြန်မြန်သွားကွာ"

ရှော့စ် စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

မော်ဂင်က ပြောသည့်အတိုင်း အခန်းထဲမှထွက်သွားသည်။ လက်မတင်
ကလေး။ ကွန်ချီတာ အခန်းထဲဝင်လာချိန်တွင် မော်ဂင်က နံဘေးပေါက်မှထွက်
ပြီး တံခါးကို အသာပြန်ပိတ်သွားသည်။

"အစ်ကို... အစ်ကို"

ကွန်ချီတာ ရှေ့ဆက်စကားမပြောနိုင်ဘဲ ဆို့နစ်နေသလို အသံတိမ်ဝင်
သွား၏။ မျက်ရည်တွေ သွန်ကျလာသည်။ တော်တော်နှင့် စကားမဆက်ဘဲ
တသိမ့်သိမ့် ငိုနေ၏။ ဘယ်လောက်ငိုထားသည်မသိ။ မျက်လုံးတွေ မို့မောက်
နေပြီး အစ်နေသည်။ ပထမ ကြောင်ကြည့်နေမိ၏။ နောက်မှ ကွန်ချီတာကို
ဆွဲပွေ့လိုက်သည်။

"ကွန်ချီတာ... ဩော် ကွန်ချီတာရယ်၊ ဘာဖြစ်လို့လဲဟင်၊ မင်းအဖေ
တစ်ခုခုများ"

ကွန်ချီတာ ငိုရင်း ရှိုက်ရင်း

"ဟုတ်တယ် အစ်ကို၊ ဖေဖေလေ ဖေဖေ၊ ဩော် ဖေဖေရယ် ရက်စက်
လိုက်တာ"

"ဘာ... ရက်စက်တယ်ဟုတ်လား၊ မင်းကို ရိုက်လို့လား ဟင် ကွန်ချီတာ"

"မဟုတ်ပါဘူး အစ်ကိုရယ်၊ ဖေဖေဟာ သိပ်ပြီး သိမ်မွေ့တဲ့ လူတစ်ယောက်
ပါ၊ ဘယ်တော့မှ မရိုက်ပါဘူး၊ ဒါပေမဲ့ ရိုက်တာထက် ဆိုးတယ်အစ်ကို၊ သူ
သူ ကွန်ချီတာကို တစ်ယောက်တည်းထားခဲ့ပြီ အစ်ကို"

"ဘာ... ထားခဲ့တယ်၊ ဘယ်လိုလဲ ကွန်ချီတာရယ်၊ ဘာလို့ ထားခဲ့ရတာ
လဲ၊ ဘာကြောင့်လဲကွယ်"

"လွန်ခဲ့တဲ့ တစ်ပတ်လောက်က စာတစ်စောင်ရောက်လာတယ် အစ်ကို၊
ကျူးဘားက လာတာ။ ဂျိုကင်းအော်ဂါရှ်ဆီက ဖြစ်မှာပါ။ ဖေဖေရဲ့ ရဲဘော်
တစ်ယောက်လေ။ အော်ဂါရှ်က တော်လှန်ရေးလုပ်ဖို့ ကျူးဘားမှာ လူစုနေတာ
အစ်ကိုရဲ့"

"ဒါဖြင့် တော်လှန်ရေးဖြစ်တော့မှာပေါ့၊ ဟုတ်လား"

ရှော့စ် တအံ့တဩ မေးလိုက်သည်။

"ဟုတ်တယ် အစ်ကို၊ ဆိုးဆိုးရွားရွားကို ပုန်ကန်ကြလိမ့်မယ်၊ ကျူးဘား
မှာ သွေးချောင်းစီးတိုက်ပွဲကြီးတွေ ဖြစ်လိမ့်မယ်။ စာထဲမှာ ဘာတွေပါလဲ

ကွန်ချီတာလည်းမသိဘူး၊ ထိပ်တန်းလျှို့ဝှက်ကိစ္စမဟုတ်လား။ ဖေဖေနဲ့ ဟိုဆေးနဲ့ စကားများကြလို့ ကွန်ချီတာ နားစွန်နားဖျား ကြားရတာ၊ သူတို့နှစ်ယောက် အကြီးအကျယ် ငြင်းကြခဲ့ကြတယ် အစ်ကို၊ ဟိုဆေးက ဖေဖေ့ကို တစ်ဖက်စွန်း သမားဆိုပြီး ဝေဖန်တယ်၊ ဖေဖေကတော့ ငါသွားမယ်၊ ငါသွားမှဖြစ်မယ်ဆိုတာ ချည်း ထပ်တလဲလဲ ပြောနေတယ်"

"ခြေထောက်တစ်ဖက်လည်း မကောင်း၊ အသက်ကလည်းကြီးပြီ၊ ကျူးဘား တော်လှန်ရေးလုပ်ဖို့ ပြန်သွားတယ်... ဟုတ်လား"

ကွန်ချီတာ တိုးတိုးကလေး ပြောသည်။

"ဟုတ်တယ် အစ်ကို၊ ဖေဖေဟာ အသက်ကြီးပေမဲ့ စိတ်ဓာတ်က ရဲရဲတောက်လေ။ ဒါပေမဲ့ သူ့အခြေအနေနဲ့ ဒုက္ခဖြစ်မှာပါပဲ၊ တကယ်လို့..."

"တကယ်လို့ ဘာဖြစ်လဲဟင်"

"တစ်ယောက်ယောက်က မကယ်ရင်ပေါ့လေ"

"အစ်ကို သွားကယ်ရမယ်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ် အစ်ကို"

"ဒါပေမဲ့ ကွန်ချီတာ၊ ကိုယ်သချိုင်း ကိုယ်တူးရမယ့်ကိစ္စမျိုး ဖြစ်မနေ ဘူးလား။ မင်းအဖေရော၊ ကိုယ်ရော နှစ်ယောက်စလုံးသေရင် မင်းအတွက် ဘာအကျိုးရှိမှာလဲ။ မင်းတစ်ယောက်တည်း ကျန်နေတော့မှာပေါ့ ကွန်ချီတာ"

ကွန်ချီတာ မျက်လုံးစိမ်းများနှင့် သူ့ကို စိုက်ကြည့်နေသည်။

"အစ်ကို သတ္တိမရှိဘူးလားဟင်"

ကွန်ချီတာ တိုးတိုးကလေး မေးသည်။

"ဟုတ်တယ် ကွန်ချီတာ"

ရော့စ် ရိုးရိုးသားသား ပြန်ဖြေသည်။ ဆက်ပြောသည်။

"သေရတယ်ဆိုတာ စိတ်ချမ်းသာစရာကောင်းတဲ့ ကိစ္စမျိုးတော့ မဟုတ် ဘူး ကွန်ချီတာ။ ပိုပြီး စိတ်မချမ်းသာစရာကောင်းတာက မင်းကို စွန့်ရမှာပဲ"

"အဖေ့အသက်ကို မကယ်ရင်လည်း ကွန်ချီတာကို အစ်ကိုစွန့်ရမှာပဲ"

ကွန်ချီတာ လေသံအေးအေးဖြင့် ပြောသည်။ ရော့စ်က ကွန်ချီတာကို စိုက်ကြည့်နေပြီး

"သြော်... အဲဒီလိုလား၊ ဒါဆိုလည်း အစ်ကို့မှာ ရွေးစရာလမ်း မရှိတော့ ဘူးပေါ့၊ ဟုတ်လား ကွန်ချီတာ"

ကွန်ချီတာ ပင့်သက်ရှူသည်။



"အစ်ကို သွားမယ်ပေါ့နော်၊ သြော်... အစ်ကိုရယ်၊ သိတယ်၊ အစ်ကို သွားမယ်ဆိုတာ ကွန်ချီတာ သိနေတယ်၊ မသေနိုင်ပါဘူး အစ်ကိုရယ်၊ ဂျိုကင်း ကို ပြည်သူတွေထောက်ခံနေကြပြီတဲ့၊ အရမ်းစိတ်ဓာတ် တက်ကြွနေကြတာတဲ့ လေ။ သူတို့ရဲ့ ရက်စက်ယုတ်မာမှုတွေအတွက် စပိန်တွေ ဒဏ်ခတ်ခံကြရတော့ မယ်၊ ဟုတ်တယ် မဟုတ်လား အစ်ကို"

"အင်း..."

ရော့စ် အင်းလိုက်သည်။ သို့သော် သူ့စိတ်က တခြားရောက်နေ၏။ ကျူးဘားတွင် အလောင်းချင်းထပ်အောင် သေကြေကြဦးမည်။ အကျိုးအမြတ် အနေဖြင့် ဘာမှ များများစားစားရှိမည်မဟုတ်။

မင်းကို အစ်ကို နောက်ဆုံးကြည့်ခြင်းမျိုးနဲ့ ကြည့်နေတယ် ကွန်ချီတာ။ မင်းကို အစ်ကို ရင်နှင့်အမျှ ချစ်ပါတယ်ကွန်ချီတာ။ ရက်စက်မှုအပေါင်း သရဖူ ဆောင်းတဲ့ ကျူးဘားအကြောင်း မင်းပြောလေ့ရှိတယ်။ မင်း ကိုယ့်ကို ကျူးဘား စစ်မြေပြင်သွားခိုင်းတာကတော့ သည့်ထက် ရက်စက်တာ ဘာရှိဦးမလဲ ကွန်ချီတာ၊ မင်းကို အစ်ကို မငြင်းနိုင်မှန်းသိလို့ မင်း ကိုယ့်ကို...။

"ရော့စ်..."

မီးဖိုဆောင်ဘက်မှ မော်ဂင် လှမ်းခေါ်သံ။

"မျက်နှာသုတ်ပဝါ ဘယ်မလဲ ဒါလင်ရဲ့"

ရင်ခွင်ထဲမှ ကွန်ချီတာ့ခန္ဓာကိုယ်ကလေး တောင့်တင်းသွားသည်။ တိုးတိုး ကလေး ပြောသည်။

"ကြည့်စမ်း၊ ဝင်လာကတည်းက ရေမွှေးနံ့ ရပါတယ်လို့ အောက်မေ့ လိုက်သား၊ သူ... သူ ရောက်နေ၊ အစ်ကို..."

နံဘေးတံခါးမှ မော်ဂင်ဝင်လာသည်။ ရော့စ်၏ အစိမ်းရောင် ညဝတ်ကို ဝတ်လျက်။ ခါးစည်းကြိုးကို မသေမသပ်ချည်ထားသည်။ ခြေလှမ်းတိုင်း လှမ်းတိုင်း ပေါင်တံများမှာ ဝတ်ရုံကြားမှ ဖွေးခနဲ ဖွေးခနဲ။ ပိတုန်းရောင်ကေသာတွင် ရေတွေ တစက်စက်နှင့်။

ကွန်ချီတာ ဘာမျှမပြောနိုင်တော့။ ဆွံ့အပြီး မော်ဂင့်ကို ငေးကြည့်နေ သည်။

"အလို... တယ်ဟုတ်နေကြပါလား၊ မိနစ်ပိုင်းကလေး အလစ်ပေးလိုက် တာနဲ့ ဒါလင်ရယ် ကဲလှချည်လားဟင်"

ကွန်ချီတာ ရော့စ်ရင်ခွင်ထဲမှ ရုန်းထွက်လိုက်သည်။ မျက်လုံးများတွင်

မိုးစိမ်းမီးလျှံတွေ ဖြာထွက်နေပြီး နှုတ်မှတိုးတိုးကလေး ထွက်လာသည်။

"မိန်းမယုတ်"

နောက်သို့ အသာဆုတ်သွားသည်။ တဖြည်းဖြည်းနှင့် ရှောစ်၏ စာရေ
စားပွဲသို့ရောက်သွားသည်။ လက်ကို နောက်ပြန်ထားပြီး စားပွဲပေါ်မှ စာအိတ်
ဖွင့်သည့် ဓားမြှောင်ငယ်ကို ဆုပ်ကိုင်လိုက်သည်။ ပြီးတော့ ကွန်ချီတာ တိုးတို
ကလေး ထပ်ပြောသည်။

"ရှင့်ကိုယ်ရှင်သိရဲ့လား၊ ရှင်နဲ့ထိုက်တန်တဲ့ဆုက ဟောဒါပဲ"

ကွန်ချီတာသည် ကျားသစ်မတစ်ကောင်၏ လျင်မြန်မှုမျိုးဖြင့် ရှေ့သို
ခုန်ထွက်သွားသည်။

ရှောစ်က ဖြတ်ခနဲ ကွန်ချီတာ၏လက်ကို ဖမ်းဆွဲပြီး ဓားကိုလုယူလိုက်
သည်။ ဓားမြှောင်ကလေး ကြမ်းပြင်ပေါ်သို့ကျသွား၏။ ကွန်ချီတာက ဆတ်ခ
သူ့ကိုပြန်ကြည့်သည်။ မျက်ဝန်းထဲတွင် မျက်ရည်တွေပြည့်လျှက်။

နှုတ်ခမ်းအစုံမှ တိုးညင်းသည့် စကားလုံးများ ထွက်လာသည်။

"ဩော်... အစ်ကို သူ့ဘက်က ကာကွယ်တယ်ပေါ့နော်၊ ဒီလိုပဲဖြစ်ရမှ
ပေါ့လေ၊ အတူတူအိပ်နေကြပြီပဲ။ အစ်ကို သစ္စာမဲ့ရက်တယ်နော်။ ကွန်ချီတ
သွားတော့မယ်၊ အခုလာတဲ့ကိစ္စကို မေ့ပစ်လိုက်ပါ။ ကွန်ချီတာ့အဖေက သိပ်မာ
ကြီးတာ အစ်ကို၊ သစ္စာမဲ့တဲ့ လူတစ်ယောက်ရဲ့ ကယ်တင်ခြင်းကို သူ လက်ခံမှ
မဟုတ်ဘူး"

ရှောစ်၏လက်ထဲမှ သူ့လက်ကိုဆောင့်ဆွဲပြီး တံခါးဝဆီသို့ ကွန်ချီတ
ပြေးထွက်သွားသည်။ တံခါးဝရောက်မှ သမင်လည်ပြန်လှည့်ပြီး ခပ်တိုးတိုးပြေ
သည်။

"အသင့်ကို ကျွန်ုပ်၏အသည်းနှလုံးထဲမှ ချစ်ခဲ့တာပါ"

ထို့နောက် ရှောစ် ဘာမျှမမြင်ရတော့။ လှေကားထစ်များပေါ်တွင် ပြေးဆ
သွားသည့် ခြေသံကိုသာ နောက်ဆုံးကြားလိုက်ရသည်။ မော်ဂင့်ဘက်သို့ လှ
လိုက်၏။ သူ့မျက်နှာ ဘီလူးသရဲစီးနေသူ တစ်ယောက်ကဲ့သို့ ကြောက်မက်ဖွယ
ကောင်းနေ၏။

"ခုထွက်သွား"

မော်ဂင်က လေအေးကလေးဖြင့်

"အခ်ိပ္ပာယ်မရှိ ဒေါသကြီးမနေစမ်းပါနဲ့ ရှောစ်ရယ်၊ မော်ဂင် မဝင်
မဖြစ်တော့ဘူး၊ စပိန်လိုရော အင်္ဂလိပ်လိုရောပြောနေကြပေမဲ့ ပြဿနာ ဘာဆိုတ



မော်ဂင် သေသေချာချာသိတယ်။ ရှင့်ကို သူက ခု ဗိုလ်ချုပ်လိုပက်ဇ်တို့ထွက်မယ့်
ကျူးဘားလွတ်မြောက်ရေး စစ်ပွဲထဲကို အတင်းတွန်းပို့နေတာ မဟုတ်လား"

"ပြောနေတယ် ထွက်သွားလို့"

သူ့အသံက အနိမ့်အမြင့်မရှိ။ တည်တည်ငြိမ်ငြိမ်။ သို့သော် စိတ်ကို
မနည်းထိန်းထားရသည့်ပုံမျိုး။ ယောကျ်ားတို့သဘောကို နားကျေနေသည့် မော်ဂင်
က ဒီထက်ပို၍ ရှေ့မတိုးသင့်ကြောင်း နားလည်လိုက်သည်။ သူ့အမူအရာက
လူသတ်တော့မယောင်။ ခပ်ညှုညှုလေသံဖြင့် မော်ဂင် ပြောလိုက်သည်။

"ဒီအတိုင်းသွားရမှာလားလို့"

"ရတယ်၊ အဝတ်လဲပြီးမှသွား"

ရှောစ်၏လေသံက ကြောက်မက်ဖွယ် အေးစက်နေဆဲ။

မော်ဂင် ထွက်သွားလျှင်သွားချင် သေတ္တာထဲသို့ အဝတ်အစားတွေ
ကမန်းကတန်းထည့်သည်။ သင်္ဘောဆိပ်ကို အပြေးအလွှားဆင်းရင် မီနိုင်ကောင်း
ရဲ့ဟု တွေးလိုက်မိသည်။ သင်္ဘောထွက်ဖို့ မိနစ်နှစ်ဆယ် လိုသေးသည်။

နောက်ငါးမိနစ်အတွင်း သင်္ဘောဆိပ်သို့ ရောက်သွားသည်။ ဆိပ်ခံတံတား
ပေါ်သို့ အပြေးဆင်းသွားသည်။ သင်္ဘောပေါ်တွင် လက်ရန်းကိုကိုင်ကာ ဆိပ်ကမ်း
ဘက်သို့ မျှော်ကြည့်နေသော ကွန်ချီတာကိုမြင်ရ၏။ ရှောစ် ဝမ်းသာသွားသည်။
ကွန်ချီတာက နံဘေးရှိ သင်္ဘောအရာရှိတစ်ဦးဘက်သို့ လှည့်ပြီး-

"ဟောဟိုလူ ကျွန်မကို အနှောင့်အယှက်ပေးဖို့ လိုက်လာတာပါရှင်၊
ကျွန်မကို အကူအညီပေးပါ"

"အို... စိတ်ချပါ၊ ကျွန်တော်တို့ ခရီးသည်တွေကို မှဲ့တစ်ပေါက် မစွန်း
စေရပါဘူး"

သင်္ဘောအရာရှိက ခရာမှုတ်ပြီး လိုအပ်သည်များကို ညွှန်ကြားလိုက်သည်။
မိနစ်ပိုင်းအတွင်း ရှောစ်တစ်ယောက် သင်္ဘောသားလေးဦး၏ လက်ထဲတွင်
ယက်ကန်ယက်ကန်နှင့် ကမ်းပေါ်သို့ပြန်ရောလ်သွားတော့၏။ ကိုယ်စွမ်းရှိသမျှ
တိုက်ခိုက် ရုန်းကန်ပါသေး၏။ အားချင်းကမမျှ။

လမ်းပေါ်မှထပြီး ဖုန်တွေကိုခါလိုက်သည်။ ထိုအချိန်တွင် သင်္ဘောကြီးက
သူ့ကို စိုးစဉ်းမျှရှိလေသည်မထင်ဘဲ ဆိပ်ကမ်းမှ တရွေ့ရွေ့ခွာသွားတော့သည်။
စောင့်နေသည့် နန်စီရှိရာသို့ ခေါင်းငိုက်စိုက်ချကာ လျှောက်ပြန်လာသည်။

*

၁၈၅၁ ခုနှစ်၊ ဇူလိုင်လ လကုန်ရက်ပိုင်းတွင်လည်း ကွန်ချီတာထံမှ စာမလာ။ လိုက်သွားရန် ဆုံးဖြတ်လိုက်၏။ ဇူလိုင်လ ၂၃ ရက်နေ့တွင် နယူး အော်လီယန်းသို့ သင်္ဘောဆိုက်သည်။ ထိုနေ့မှာ နယူးအော်လီယန်း မြို့လယ် ပန်းခြံတွင် ဗိုလ်ချုပ်လိုပက်ဇ်၏ ကျူးဘားလွတ်မြောက်ရေး တိုက်ပွဲခေါ်သံကို တစ်ခဲနက်ထောက်ခံ အားပေးသည့်နေ့ ဖြစ်သည်။ ရော့စ် တည်းခိုမည့်ဟိုတယ် သို့ သွားရာလမ်းမှာ လုံးဝပိတ်သွားလေသည်။

ကြက်ပျံမကျ စည်ကားသည့် လူထုစည်းဝေးပွဲကြီး ဖြစ်သည်။ ရော့စ် ငှားစီးလာသည့် ရထားကို လမ်းပြပုလိပ်က လမ်းထဲသို့ ဝင်ခွင့်မပြုသဖြင့် ဆင်းလိုက်ရတော့၏။ ဘာမှမတတ်နိုင်၍ စိတ်ထဲမှ ကျိန်ဆဲပြီး လိုပက်ဇ်၏တရား ကို နာလိုက်ရသည်။ သည်တစ်ကြိမ်တွင် သူ အောင်ပွဲခံတော့မည့်အကြောင်း လူထုကြီးကို လက်သီးလက်မောင်းတန်းကာ ကြွေးကြော်ပြနေသည်။ နယူးအော် လီယန်း ပရိသတ်သည် သူပြောသမျှကိုယုံနေကြ၏။ ရော့စ် အံ့ဩလို့ မဆုံးတော့။

"တော်တော်စကားများတဲ့လူတွေပါလား၊ ပြီးကို မပြီးနိုင်ဘူး"

နောက်ထပ် နှစ်နာရီ ကြာသွားသည်။ ဟောလို့ ပြောလို့ ကောင်းတုန်း။ ထောင်ပေါင်းများစွာသော လူအုပ်ကြီး၏ ဟိုမှာဘက်ခြမ်းတွင် ကွန်ချီတာလည်း အများနည်းတူ တရားပွဲကို လာနားထောင်နေသည်။ သို့သော် တရားပွဲပြီးသည် အထိ မစောင့်တော့ဘဲ အိမ်ပြန်ခဲ့သည်။ ကျူးဘားတော်လှန်ရေးအကြောင်းကို ကွန်ချီတာ နားထောင်နိုင်စွမ်း မရှိပါ။ ဖခင်ကြီးအတွက် စိုးရိမ်စိတ်တွေ ပို၍ ပို၍သာ တိုးလာသဖြင့် အစည်းအဝေးမပြီးခင် တစ်နာရီစော၍ ပြန်ခဲ့ခြင်းဖြစ်သည်။ ကွန်ချီတာ နားထောင်နေသည့်ဘက်မှာ မြို့တွင်းသို့ ဝင်သည့်လမ်းမဖြစ်၍ အိမ်ပြန်ဖို့ အခက်အခဲမရှိလှပေ။ အိမ်ပြန်ရောက်သော် ဟိုဆေးနှင့် လူငယ် တစ်ယောက် အခန်းဝတွင်ရပ်စောင့်နေသည်ကို တွေ့ရ၏။ ကျူးဘားလူငယ်မှာ အလွန်အမင်း ပင်ပန်းနွမ်းနယ်လာပုံ ရသည်။

"လာ... အထဲကို ခေါ်ခဲ့လေ၊ သူ့ကို တစ်ခုခုကျွေးရအောင်လား ဟိုဆေး၊ ဝိုင်လည်းတိုက်လိုက်မယ်လေ၊ ဆီညော်က ကျူးဘားက လာခဲ့တာလား ဟင်၊ မေးစရာမလိုပါဘူးလေ၊ မြင်ရုံနဲ့ သိပါတယ်"

အမျိုးသားနှစ်ယောက် ကွန်ချီတာနောက်မှ လိုက်လာကြသည်။ စားသောက် ဖွယ်ရာများ အမြန်ဆုံးပြင်ဆင်ရန် အစေခံတွေကို ကွန်ချီတာ သွက်သွက် လက် လက် အမိန့်ပေးလျက်ရှိသည်။ ဧည့်သည်လူငယ်ဘက်သို့ လှည့်ပြီး

"နာမည် ဘယ်လိုခေါ်ပါသလဲ ဆီညော်"



"မစ်ဂွယ်အယ်ဘာရက်ဇ်ပါ၊ ကျွန်တော် အရေးတကြီးကိစ္စနဲ့ လာခဲ့တာပါ"

ကွန်ချီတာ သူ့ကိုစိုက်ကြည့်လိုက်သည်။ ရှေ့သို့ကိုင်းလိုက်ပြီး စားပွဲ ပေါ်သို့ လက်ထောက်လိုက်သည်။ ကိုယ့်ကိုယ်ကိုယ် မနည်း ထိန်းဆယ်လိုက်ရ သည်။

"ဖေဖေ တစ်ခုခုများ..."

ကွန်ချီတာ ဆုံးအောင် မပြောနိုင်တော့ပေ။ မစ်ဂွယ်က

"အစ္စကွာဒိုရဲ့တပ်ကို သူတို့ဝိုင်းထားကြပြီ။ လွတ်ဖို့လမ်း သိပ်မရှိဘူး"

"ဟုတ်လား"

ဟိုဆေး ထိုးပေးသည့် ကုလားထိုင်တစ်လုံးတွင် ကွန်ချီတာ ထိုင်ချလိုက် သည်။

"ဗိုလ်ချုပ် ဒီလာကွန်ချာရဲ့ သူလျှိုတွေ လုပ်ကြံလွှင့်တဲ့ သတင်းကို လိုပက်ဇ်က အဟုတ်မှတ်ပြီး ကျူးဘားကို သွားတိုက်တယ်"

ဟိုဆေးက မခံမရပ်နိုင်သည့် လေသံဖြင့် ပြောနေသည်။

"ကျွန်မ အဖေ့အကြောင်း ပြောပါဦး"

ကွန်ချီတာက ဖြတ်မေးလိုက်သည်။

"ကျွန်တော် များများစားစား ပြောစရာမရှိပါဘူး ဆီညော်ရီတာ။ ဂျိုကင်းရဲ့ နောက်ကို မျိုးချစ်လူငယ်တချို့ပဲ လိုက်ကြတယ်။ တိုက်ပွဲတိုင်းမှာ အကျအဆုံး များပြီး မရှုမလှ ရှုံးနေပါတယ်။ ကျွန်တော့်ကို ဗိုလ်ချုပ်လိုပက်ဇ်ဆီကို ဆက်သား အမြန်လွှတ်လို့ ကျွန်တော်ထွက်လာချိန်မှာ ကျွန်တော်တို့တပ်တွေ ညာတပ်စ်မှာ စပိန်တွေနဲ့ တိုက်ကျန်ခဲ့ပါတယ်။ သူတို့ဘက်က အမြောက်ကြီးတွေနဲ့။ ကျွန်တော် မလာခင်ကလေးမှာ ခေါင်းဆောင်ကြီး အစ္စကွာဒိုကို တွေ့ခဲ့ပါသေးတယ်။ ကြီးတပ်ကုလားထိုင်ပေါ်ထိုင်ပြီး စပိန်တွေကို သူကိုယ်တိုင် လက်နက်ကိုင်ပြီး တိုက်နေပါတယ်။ သူ့ကို လက်ဖြောင့်တပ်သားကြီးလို့ ကျွန်တော်တို့ နာမည် ပေးထားပါတယ်။ ကျွန်တော် ဒါလောက်ပဲ ပြောနိုင်ပါတယ် ဆီညော်ရီတာ"

"ဩော်..."

ကွန်ချီတာ ပါးစပ်အဟောင်းသား ဖြစ်နေပြီးမှ သတိရပြီး

"ကဲ... စားလိုက်ပါဦး ဆီညော်မစ်ဂွယ်၊ ရှင် အားရှိဖို့ လိုတယ်လေ"

"သူတို့က မစ်ဂွယ်ကို သူလျှိုဆိုပြီး ဗိုလ်ချုပ်လိုပက်ဇ် အနားကို ကပ်ခွင့် ပေးဘူး။ အမှန်တရားကိုသိတဲ့လူက နယူးအော်လီယန်းမှာ လောလောဆယ် မစ်ဂွယ်တစ်ယောက်တည်း ရှိတယ်"

"ဟိုဆေး"

"ဘာလဲ ကွန်ချီတာ"

"ဟာဗာနာကိုထွက်မယ့် သင်္ဘော ဘယ်အချိန်ရှိလဲ"

"အို... အခိပ္ပာယ်မရှိတာပဲ ကွန်ချီတာ"

"ကွန်ချီတာ မေးခွန်းမေးနေတယ် ဟိုဆေး"

"နောက်နှစ်နာရီမှာ ထွက်ဖို့ရှိတယ်၊ ဒါပေမဲ့ မင်း မသွားရဘူး ကွန်
တာ၊ အမျိုးသမီးတစ်ယောက်အနေနဲ့ ဘယ်လိုမှ..."

"သိပါတယ်၊ ကွန်ချီတာအတွက် လက်မှတ်တစ်စောင် အမြန်ဆုံးစီစဉ်
ဟိုဆေး"

"ဟာ... ဒုက္ခပါပဲ၊ မဖြစ်နိုင်ပါဘူး ကွန်ချီတာရယ်"

"ဒါဆို ကိုယ့်ဘာသာ ကိုယ်စီစဉ်မယ်"

"ဒါဆို မင်းမသွားနဲ့၊ ငါသွားမယ်၊ မင်းကို ငါသွားခွင့်မပေးနိုင်ဘူး"

"ရှင့်မှာ ကွန်ချီတာကို တားပိုင်ခွင့်ရော၊ ခွင့်ပြုပိုင်ခွင့်ရော မရှိ
ဟိုဆေး၊ ရှင်သွားစရာလည်း မလိုဘူး၊ အစကတည်းက တော်လှန်ရေးကို မ
ကြည်လို့ ရှင်ကျန်ခဲ့တာပဲ၊ နောက်တစ်ခုက ကွန်ချီတာအတွက် နေလည်း မ
တော့ဘူး၊ ချစ်သူက သစ္စာဖောက်သွားပြီလေ။ အဖေ့ကို ကယ်တင်ခွင့်ရချင်လ
ရပေါ့။ မရရင်လည်း အဖေ့အတွက် လက်စားချေမယ်"

"အို... မဖြစ်နိုင်ဘူး ကွန်ချီတာ၊ ဒါ အရူးထတာပဲ၊ လုံးဝ ငါ လက်
နိုင်ဘူး၊ မင်းကို ကြိုးနဲ့တုပ်တန် တုပ်ရလိမ့်မယ်"

ဟိုဆေး ဒေါသတကြီး အော်ပြောသည်။ ကွန်ချီတာက မတ်တတ်
ရပ်ပြီး

"ကွန်ချီတာကို ဘာနဲ့မှတားလို့ မရဘူးမှတ်ပါ ဟိုဆေး၊ ကဲ... သွ
မယ်၊ ဘယ်တော့မှ ဒီအိမ်ကိုပြန်မလာတော့ဘူး။ ကွန်ချီတာ့နောက်ကို လိုက်
လာကြနဲ့"

ဟိုဆေးက ဘယ်လက်ကို စားပွဲပေါ်ထောက်ပြီး ညာလက်ဖြင့် စားပွဲတစ်
မှ ကွန်ချီတာ၏ လက်မောင်းကို ဖမ်းဆွဲလိုက်သည်။ ကွန်ချီတာ၏ လက်တစ်
က အသားတုံးကြီးတွင် စိုက်နေသည့် နှစ်ခွခက်ရင်းကြီးကို ဆတ်ခနဲဆွဲယူ
စားပွဲပေါ်တွင် ထောက်ထားသည့် ဟိုဆေး၏လက်ဖဝါးကို တအားစိုက်
လိုက်သည်။

ချွန်မြနေသည့် ခက်ရင်းသွားနှစ်ခုသည် လက်ဖဝါးကို ထုတ်ချင်းဖောက်



ားပွဲသို့ စိုက်ဝင်သွားသည်။ ဟိုဆေး အလန့်တကြားနှင့် ဆုပ်ထားသောလက်ကို
လွှတ်ပေးလိုက်၏။ စားပွဲပေါ်မှ ခက်ရင်းတန်းလန်းနှင့် သွေးတွေစို့တက်လာ
သည့်လက်ကို ငုံ့ကြည့်ပြီး ကြောင်နေသည်။ တအံ့တသြ ဘုရားတနေသည်။

မစ်ဂွယ်က မျက်လုံးအပြူးသားနှင့်။

"စိတ်မကောင်းပါဘူး ဟိုဆေး၊ ကဲ... သွားမယ်"

ပြောပြောဆိုဆို ကွန်ချီတာ အိမ်ပေါ်မှ ပြေးဆင်းသွားတော့သည်။

ထိုနေ့ညနေပိုင်းတွင် အိမ်သို့ ရော့စ် ရောက်သွားခြင်းဖြစ်သည်။ ကွန်ချီ
တာ၏ ကိုယ်ပိုင်အိမ်ဖော်မကလေး တရှုပ်ရှုပ်နှင့် ငိုနေသည်ကိုတွေ့ရ၏။
ကောင်မလေးကရှိုက်ရင်း

"မမလေး မရှိတော့ဘူး အစ်ကိုလေးရဲ့၊ ကျူးဘားကို ထွက်သွားပြီ။ သူ
ဟိုရောက်ရင် အသတ်ခံရမှာရှင့်၊ ကျွန်မ သိတယ်၊ မမလေးကို သူတို့သတ်ကြမှာ"

ကျူးဘားလွတ်မြောက်ရေး စစ်ပွဲအတွက် စစ်သားစုဆောင်းရေးဌာနသို့
တအားပြေးချသွားသည်။

■

## အခန်း (၁၁)

ရောစ်ပါရီ ကျူးဘားသို့ရောက်ပြီ။ လက်စ်ဖရီးဇက်စ်မြို့ကလေးနှင့် ၁၂ မိုင်ကွ
ဝါးရုံတောထဲတွင် လှဲအိပ်နေသည်။ ဝတ်ထားသည့် အဝတ်အစားတွေမှာ စုတ
ပြတ်နေပြီ။ ကျူးဘားတောနက်ထဲမှ ပိုးကောင် မွှားကောင်မျိုးစုံက သူ့တစ်ကိုယ
လုံးကို နေရာလပ်မကျန်အောင် ဝိုင်းနှိပ်စက်ကြသည်။ ရှည်နေပြီဖြစ်သော
မုတ်ဆိတ်မွေးထဲတွင်ပင် သူတို့တစ်တွေ တပျော်တပါး ခိုအောင်းနေကြ၏
သို့သော် ယားသည့်နေရာကို ကုတ်ဖို့ သူ့တွင် အားအင်မကျန်တော့သယောင်ပ

ဗိုလ်ချုပ်လိုပက်ဇ်နှင့် လူတစ်ယောက် စကားပြောနေသည်ကို လှမ်းမြ
နေရ၏။ ထိုလူသည် မျက်နှာသုန်သုန်မှုန်မှုန်နှင့် ခေါင်းညိတ်ကာ ဗိုလ်ချုပ်အန
မှ ထွက်သွားသည်။ မကြာခင် သူ ပြန်ရောက်လာသည်။ ဗိုလ်ချုပ်၏မြင်း
ဆွဲလျက်။ မြင်းကို မီးပုံဆီသို့ဆွဲသွားပြီး ကုန်းနှီးကိုဆွဲဖြုတ်သည်။ ပြီးတေ
ပါးချပ်ကို ကိုင်ကာ မြင်း၏ဦးခေါင်းကို သေနတ်မောင်းတေ့ပြီး ဖြုတ်လို
သည်။

ပိုးလိုးပက်လက်လန်နေကြသည့် လူပေါင်း ၁၄၀ ကျော်တို့သည် ဒယ
ဒယိုင်ဖြင့် လဲကျသေဆုံးသွားသော မြင်းကြီးဆီသို့တိုးဝှေ့သွားကြသည်။ (ဩဂု
၁၁ ရက်နေ့တွင် ကျူးဘားကမ်းခြေသို့ ခြေချစဉ်က သူတို့အင်အားမှာ ၄၅
ကျော်ဖြစ်သည်) သူတို့အားလုံးမှာ လူတွေနှင့်မတူတော့ဘဲ စာချောက်ရုပ်တွေ
တူနေ၏။

ခွေးသေကို လင်းတဆွဲ သကဲ့သို့ မြင်းကိုဝိုင်းပြီး ဓားကိုယ်စီဖြင့် ဖြတ်
တောက်ကြသည်။ အသားတုံးများကို မီးကင်သည်။ ကျက်သည်အထိ မစောင့်
ကြဘဲ မစိမ်းမကျက်ကို အငမ်းမရ ဝါးကြသည်။

ရောစ်က မထဘဲ လှဲမြဲလှဲနေသည်။ စားချင်စိတ်လည်းမရှိ။ ဘယ



လုပ်ပြီး စားနိုင်ပါမည်နည်း။ ဗိုလ်ချုပ်လိုပက်ဇ်၏ မြင်းကြီးမှာ အလွန်လိမ္မာသည့်
ကောင်ကြီးဖြစ်သည်။ မိမိကိုယ်တိုင် သည်မြင်းကြီးကို အကြိမ်ကြိမ်စီးခဲ့သည်။
န်စီအသားကို စားရက်မည်မဟုတ်သလို သူ့အသားကိုလည်း စားလို့ မျိုကျ
နိုင်မည်မဟုတ်ပေ။

ဗိုလ်ချုပ်လိုပက်ဇ်ကို လှမ်းကြည့်လိုက်သည်။ ကျိတ်ငိုနေသည်ကို တွေ့ရ၏။
ငိုကြွေးရမည့်အဖြစ်များသည် ဆုံးနိုင်သည်ပင်မရှိတော့။ သူတို့ မော်ရီလိုဆိပ်ကမ်း
မြို့ကလေးသို့ ရောက်တော့ မြို့ထဲတွင် လူတစ်ယောက်မျှမရှိ။ ကျီးနှင့်ဖုတ်ဖုတ်။
လက်စ်ဖရီးဇက်စ်တွင် တိုက်ပွဲတစ်ပွဲဖြစ်သည်။ သူတို့ အောင်ပွဲခံသည်။ သို့သော်
ဗိုလ်မှူးကြီး ဒိုမင်၊ ဗိုလ်မှူးကြီးဂေး၊ ဗိုလ်ကြီးအိုဗာတို့နှင့် တပ်သား ၅၀ အသက်
ပေးခဲ့ရ၏။ ၁၀၀ ကျော် ဒဏ်ရာရခဲ့သည်။ ဆုံးရှုံးခဲ့သည့်အင်အားကို ထပ်ဖြည့်
ရာ လမ်းမရှိခဲ့၍ ရရှိခဲ့သည့် အောင်မြင်မှုသည် အလဟဿ ဖြစ်လေတော့သည်။
ဗိုလ်မှူးကြီး ခရစ်တန်ဒန်၏ တပ်မနှင့် သူတို့ကွဲသွားပြီးကတည်းက တစ်တပ်နှင့်
တစ်တပ် အဆက်အသွယ် လုံးဝပြတ်သွားတော့၏။ အသက်နှင့်ကိုယ် အိုးစား
မကွဲဘဲ ပြန်လည်တွေ့ဆုံဖို့လမ်းမှာ အလွန်နည်းသွားပြီ။

ဗိုလ်ကြီး ကယ်လီက ခရစ်တန်ဒန်၏တပ်မှ ပဲ့ထွက်လာသည့် တပ်သား
ငါးဆယ်နှင့် ပီနာကိုတက်သည်။ စပိန်တို့က ခံစစ်မှ တိုက်စစ်သို့ပြောင်းပြီး
ရကြမ်းတုံ့ပြန်သဖြင့် ခွေးပြေးဝက်ပြေး ပြေးခဲ့ရပြီး ကျူးဘားတောနက်ထဲတွင်
ဗိုလ်ချုပ်လိုပက်ဇ်၏တပ်နှင့် ပြန်ပေါင်းသည်။

လက်စ်ဖရီးဇက်စ်ကို နောက်တစ်ကြိမ် သူတို့ ဝင်တိုက်ကြပြန်သည်။
နောက်ထပ် လူ ၇၀ ကျဆုံးပြီးဆုတ်ခဲ့ရပြန်၏။ နောက်ဆုံး လူ ၁၅၀ နှင့် သေနတ်
ဖွဲ့လက်သာ ကျန်တော့သည်။

ထိုနှစ်ပတ်ကာလအတွင်း ရောစ်၏ဘဝသည် အပြောင်းလဲကြီး ပြောင်းလဲ
လေပြီ။ ရောစ်ပါရီ၏ဘဝဟောင်းသည် ကျဆုံးလေပြီးသော ရဲဘော်များနှင့်အတူ
သလွန်သွားပြီဖြစ်၏။ သူ့နေရာတွင် သူ့နာမည်နှင့် လူတစ်ယောက် အစားဝင်
လာခြင်းဖြစ်သည်။

ဘဝသည် လက်စ်ဖရီးဇာက်စ်တွင် စခဲ့သည်ဟု ရောစ် ထင်သည်။
ချောင်းထဲတွင် ရေးချိုးနေစဉ် တိုက်ပွဲဖြစ်သည်။ တိုက်ပွဲထဲသို့ အပြေးအလွှား
င်ရသည်။ အဝတ်ဝတ်ချိန်ပင် မရလိုက်။ စပိန်စစ်တပ်ကြီးကို အန်တုတိုက်ခိုက်
ည့် ရောစ်ပါရီ၏ တစ်ခုတည်းသောလက်နက်မှာ ခြောက်လုံးပြူး။

အိမ်နှစ်လုံးကြား ဖုန်တောထဲတွင် အားလျားမှောက်လျက်။ ကြောက်ဖို့

လန့်ဖို့ အချိန်မရတော့။ ထိုမှစ၍ ကိုယ့်လာသတ်မည့်လူတွေကို စောင့်ပြီး သတ်
ရမည့်အလုပ်မှာ လွယ်လွယ်ကလေးပါကလားဟု မြင်လာသည်။ လက်ရဲဇက်ရဲ
လည်း ဖြစ်လာသည်။

ဘဝသစ်ကို ဖွားမြင်စေသည့် ဒုတိယအဖြစ်မှာ တစ်နေ့တွင် မီးပုံပွဲနှင့်
ကောင်လုံးကင်ပွဲ ကျင်းပပေးသည်။ တောထဲတွင် တပျော်တပါး စားသောက်
ကြသည်။ လူနာတွေနှင့် ဒဏ်ရာရထားသည့် ရဲဘော်များထားရှိရာ အခြေစိုက်
စခန်းသို့ ပြန်လာခဲ့ကြ၏။ စခန်းကို စပိန်စစ်တပ် ဝင်မွှေသွားပြီ။

မြင်ကွင်းမှာ မရှုရက်၊ မမြင်ရက်စရာ။ ရက်ရက်စက်စက် သတ်နည်း
မျိုးစုံဖြင့် သတ်သွားကြသည်။ အချို့ကို ကားစင်တင်သတ်၏။ အချို့ကို ရင်ခွဲ
ထား၏။ အူတွေ အခွေလိုက်ထွက်လျက်။ အချို့ကို နံရိုးအဖွေးသားပေါ်သည်
အထိ ဆူးကျာပွတ်ဖြင့် ရိုက်သတ်ထား၏။ အချို့ မသေမရှင်နှင့် ယင်တလောင်း
လောင်း။ လင်းတတွေက အသေအရှင် မခွဲခြားတော့။ အတင်းဝင် အတင်းဆွဲ။

စားလာသမျှ အစားအစာတွေအားလုံး ရှော့စ်၏ခန္ဓာကိုယ်ထဲမှ အန်ထွက်
ကုန်ကြသည်။ အန်ဖတ်များနှင့်အတူ ရင်ထဲမှ အကြင်နာနှင့် ကရုဏာတရားများ
ပါသွားကြလေပြီ။ ယင်းတို့၏နေရာတွင် အစားဝင်လာသည်က အမုန်းတရား။
တူးတူးခါးခါး အမုန်းခွန်အား။ သူ့နှလုံးသားသည် သံတွေခဲလို မာကျောသွား
ခဲ့လေပြီ။

မနေ့ကမှ လက်စ်ဖရီးဇက်စ်တွင် မိမိကိုယ်မိမိ သတိထားခဲ့မိခြင်းဖြစ်၏။
တစ်နည်းအားဖြင့် အသစ်မွေးဖွားလာသည့် ရှော့စ်ပါရီကို တွေ့မြင်ရခြင်း။

သရက်ပင်ကို အကာအကွယ်ယူပြီး သူနှင့် မက်ကာဖီညီအစ်ကိုနှစ်ယောက်
စပိန်ကောင်တွေကို ပစ်နေကြသည်။ နောက်ဆုံး ကျည်ဆန်ကုန်သွားတော့၏။
စပိန်စစ်သားတစ်ယောက် ရှော့စ်၏ဝမ်းဗိုက်တည့်တည့်ကို လှံစွပ်ဖြင့်ချိန်ကာ
ပြေးဝင်လာသည်။ ရှော့စ်က အပျော် နွားရိုင်းသတ်သမား တစ်ယောက်ကဲ့သို့
တစ်ဖက်သို့ တိမ်းရှောင်လိုက်ပြီး ခြောက်လုံးပြူးနှင့် သူ့လက်မောင်းကို ဖြတ်ရိုက်
ချလိုက်သည်။

စပိန်စစ်သား လက်မောင်းသွင်သွင်ကျိုးလေ၏။ ဦးခေါင်းကို နောက်
တစ်ချက် ထပ်ရိုက်ချလိုက်သည်။ သူတို့နံဘေးသို့ စပိန်စစ်သား မှောက်လျက်
သား လဲကျလာသည်။ သူတို့သုံးယောက်သား စပိန်စစ်သား၏ ဦးခေါင်းကို
စိစိညက်ညက်ကြေသည့်ထိ ဝိုင်းထုကြသည်။ ဟင်နရီမက်ကာဖီက ငုံ့ပြီး တံတွေး
နှင့် ထွေးလိုက်သေးသည်။ လွန်ခဲ့သည့်တစ်လကမှ သူတို့သည် လူယဉ်ကျေးများ။



ကွန်ချီတာ၏သတင်းကိုကား တစ်စွန်းတစ်စမျှ မကြားရ။ စပိန်များသည်
သူ့ကို ရှာခွင့်မပေးတော့။ သည်နာမည်ကို ပြောပြီးမေးမိလျှင်လည်း လူတွေက
ပါးစပ်အဟောင်းသားနှင့် သူ့ကို ငေးကြည့်နေတတ်ကြသည်။

*

ဗိုလ်ချုပ်လိုပက်ဇ်က မတ်တတ်ထရပ်ပြီး စကားပြောသည်။
"ရဲဘော်တို့၊ ကျုပ်တို့ အသက်ရှင်နေတုန်းမှာ ရဲဘော်တို့ကို တောင်းပန်
ပါတယ်။ ကျုပ်ကို ခွင့်လွှတ်ကြပါ"

ရှော့စ် သူ့ကိုစိုက်ကြည့်နေသည်။ စိတ်ထဲတွင် သဘောမကျ။ ဘာလို့
ဒီဘဝရောက်မှ ကိုယ့်ကိုယ်ကိုယ် သိက္ခာအကျခံတော့မလဲ။ ဗိုလ်ချုပ်လိုပက်ဇ်
စကားဆက်သည်။

"ကျုပ် စိတ်ကူးယဉ်ခဲ့တယ်၊ မိုးမမြင်လေမမြင် စိတ်ကူးယဉ်ခဲ့တယ်။
အဲဒါကြောင့် မှားခဲ့တာပဲ။ ကျုပ်တို့ကို ကူညီနေတဲ့ ကျုပ်ရဲ့ကပ္ပလီရဲဘော်
ပီဒရိုဆီက တခြား ရတဲ့သတင်းကြောင့် ကျုပ်မှားမှန်းသိခဲ့တာပါ။ ကျုပ်ရဲ့
ကပ္ပလီရဲဘော် ပီဒရိုဆီက တခြားရတဲ့သတင်းကြောင့် ကျုပ် မှားမှန်းသိခဲ့တာပါ။
ဒီလာကွန်ချာမှာ လေ့ကျင့်ပြီးသားသူလျှိုတွေ အများကြီးရှိတယ်တဲ့။ နယူးအော်
လီယန်းမှာ ၅၀၊ နယူးယောက်မှာ ၁၅ယောက် ကြိုလွှတ်ထားတယ်။

"ကျူးဘားမှာ တော်လှန်ရေးဖြစ်တော့မယ်၊ သူပုန်တွေ အရေးသာနေ
ပြီဆိုတဲ့ သတင်းတွေ ကျုပ်တို့ဆီရောက်လာတာ ဒီလာကွန်ချာရဲ့ သူလျှိုတွေ
လွှင့်ခဲ့တာ၊ သူက ကျုပ်တို့ကို 'ကွစ်တ်မန်'တို့ အသင့်မဖြစ်ခင် အမေရိကန်က
အရင်ထွက်စေချင်တာလေ။ ဒီသတင်းတွေကို မိုက်မိုက်မဲမဲ ကျုပ်ယုံခဲ့တယ်။ သူ
အောင်မြင်တာပေါ့လေ"

"ကျုပ်တို့ ကျူးဘားရောက်တော့ ကျူးဘားမျိုးချစ် တော်လှန်ရေး
အင်အားစုက ကြိုနေလိမ့်မယ်လို့ ထင်ခဲ့တယ်။ ဒါပေမဲ့ သူတို့တစ်တွေ ချေမှုန်း
ခံထားရပြီးပြီ။ ခေါင်းဆောင်တွေအားလုံး အသတ်ခံလိုက်ကြရတယ်။ အမိမခံ
လိုက်ရသူတွေလည်း တပ်ပျက်ပြီး တကွဲတပြားစီဖြစ်ကုန်ကြတယ်။ ကျုပ်တို့လာ
ခဲ့တဲ့ ရည်ရွယ်ချက်ဟာ အောင်မြင်ဖို့ မမျှော်မှန်းနိုင်လောက်အောင် ဖြစ်လာ
တယ်။ ကျူးဘားပြည်သူတွေကတောင် ကျုပ်တို့ကို မထောက်ခံတော့ဘူး။
နယ်ချဲ့ယန်းကီးတွေ၊ ပင်လယ်ဓားပြတွေလို့ မြင်နေကြပြီ"

ဗိုလ်ချုပ်က ကြီးမားသည့် သူ့ခေါင်းကြီးကို ငုံ့ချလိုက်သည်။ ပခုံးကျယ်ကြီးနှစ်ဖက်မှာ လှုပ်ခါနေသည်။ ခပ်တိုးတိုးစကားဆက်သည်။

“ကျဆုံးခဲ့တဲ့ ရဲဘော်တွေအတွက်ရော၊ နောက် ကျဆုံးကြဦးမယ့် ရဲဘော်တွေအတွက်ပါ ကျုပ်ခေါင်းပေါ်မှာ လုံးဝတာဝန်ရှိပါတယ်၊ ဘုရားသခင် ကျွန်တော်မျိုးကို ဒီအပြစ်မှ ခွင့်လွှတ်တော်မူပါ”

အတန်ကြာမှ သူ့ကိုယ်သူ စိတ်ထိန်းနိုင်လာပြီး ရဲဘော်တွေဘက်သို့ မျက်နှာလွှဲလိုက်သည်။

“ကဲ တို့အားလုံး စံခရစ်တိုဘယ်လ်လွင်ပြင်ကို အရောက်သွားဖို့ ကြိုးစားကြရမယ်၊ အဲဒီကမှ တစ်ဆင့်”

လူအုပ်ထဲမှ ‘မသွားဘူး’ ‘မသွားနိုင်တော့ဘူး’ စသည့်အသံများ တစ်ပြိုင်တည်း ထွက်လာသည်။

“ကျွန်တော်တို့ ဆက်မလျှောက်နိုင်တော့ဘူး၊ တောထဲကနေ အပြင်ရောက်ရင်လည်း ကြွက်တွေကို သတ်သလို သူတို့လိုက်သတ်ကြမှာ၊ ဒီမှာ ခိုနေရတာမှ တော်ဦးမယ်”

ဗိုလ်ချုပ်လိုပက်ဇ် သူတို့ကို စိုက်ကြည့်သည်။

“ရဲဘော်တို့– ရဲဘော်တို့မှာ အဲဒီလိုပြောဖို့ အခွင့်အရေးရှိပါတယ်၊ ရဲဘော်တို့ဟာ တကယ့်သူရဲကောင်းတွေပါ၊ အဲဒီလိုပြောလို့ ရဲဘော်တို့ကို အပြစ်မတင်ရက်ပါဘူး။ ဒါဆိုရင်လည်း ဒီမှာပဲနားနေကြပါ။ ကျုပ် မြို့ထဲကိုသွားမယ်။ ရဲဘော်တို့ကို လွတ်ငြိမ်းခွင့်ပေးရမယ်ဆိုတဲ့ တောင်းဆိုချက်နဲ့ ကျုပ်ကိုယ်ကျုပ် အဖမ်းခံမယ်၊ ရဲဘော်အားလုံးကို ဘုရားသခင် စောင့်ရှောက်ပါစေ”

ဗိုလ်ချုပ်ကြီးက နီဂုံးချုပ်ပြီး လှည့်ထွက်သွားမည်အပြုတွင် ရော့စ်နှင့် ဟင်နရီမက်ကာဖီက နောက်မှလိုက်ဆွဲသည်။ ရော့စ်က တားမြစ်စကားဆိုသည်။

“ကျွန်တော်တို့အတွက်နဲ့တော့ ဒီလိုမလုပ်ပါနဲ့ ဗိုလ်ချုပ်”

ရဲဘော်များဘက်သို့ ရော့စ် လှည့်လိုက်သည်။ တစ်စုံတစ်ရာ ရှင်းပြဖို့လိုပြီ။ သို့သော် ရုတ်ခြည်းအမူအရာပြောင်းသွားသည့် သူတို့မျက်နှာတွေ မြင်လိုက်ရတော့ ပြောဖို့မလိုတော့ကြောင်း နားလည်လိုက်၏။ သူတို့ အပြုအမူအတွက် သူတို့ ရှောင်တရနေပုံ။ တချို့က ရှိုက်ကြီးတငင် ငိုနေကြသည်။ ‘ကန်တူကိန်’ ဆိုသူက

“ဗိုလ်ချုပ်အမိန့်ကို ကျွန်တော်တို့လိုက်နာပါ့မယ်၊ ဒီတောထဲမှာ ဘာလို့ တော်ပြတ်ပြီး အသေခံမလဲ”



ရဲဘော်အားလုံး ဝိုင်းထေစက်ခံကြသည်။ ထို့နောက် တောင်ပေါ်တောနက်ထဲမှ စပိန်စစ်သား ငါးရာခန့် ဝိုင်းထားသည့် လွင်ပြင်ဆီသို့ သူတို့တစ်တွေ ဆင်းလာခဲ့ကြသည်။ သူတို့အားလုံး လူတွေနဲ့မတူတော့။ မကောင်းဆိုးဝါးတွေ၊ အရူးတွေလို ဖြစ်နေကြ၏။ သောက်ရေမှအစ ရိက္ခာပါပြတ်နေသည့် လူပေါင်း တစ်ရာ့လေးဆယ်။ လုံ့စွပ်မပါသည့် သေနတ်ခြောက်ဆယ့်ကိုးလက်သာ ကျန်တော့သည်။ ကျန်ဆန်က ကုန်လုနေပြီ။

သည်အင်အားဖြင့် စပိန်စစ်တပ်ကြီးကို ဖောက်ထွက်ရမည်။ ထွက်ပေါက်ရဖို့ အပြင်းအထန်ကြိုးစားသည့် သူတို့တပ်ကို တောထဲမှထွက်ထွက်ချင်း စပိန်တို့က ရက်ရက်စက်စက်ဆီးတိုက်သည်။ နောက်တော့ တစ်နေရာတွင် လမ်းဖွင့်ထားစေပြီး ကျားပါးစပ်သဏ္ဌာန် ဝဲယာပိတ်၍ စောင့်နေကြသည်။ သူတို့တစ်တွေ ဒုတိယအကြိမ်ထွက်လာမှ မြင်းတပ်နှင့် တရကြမ်းဝင်သည်။ မောင်းပြန်ကာဘိုင်တွေ၊ ပစ္စတိုတွေ၊ ဓားတွေနှင့် လျှပ်တစ်ပြက် မုန်တိုင်းစစ်ဆင်ရေး စနစ်ကိုသုံးပြီး ချည့်ချည့်နဲ့နဲ့ စစ်တပ်လေးကို မှုန့်မှုန့်ညက်ညက် ချေမှုန်းလိုက်တော့သည်။

အားလုံးနီးပါး ပြုတ်ပြုတ်ပြုန်းတော့သည်။ စစ်ပွဲမှာ တစ်ဖက်သတ်။ စစ်မြေပြင် အသေးစားလေးမှာ အလောင်းချင်းထပ်ကာ ရုတ်ခြည်း မြင်မကောင်း ရှုမကောင်းဖြစ်သွားသည်။ သေကံမရောက် သက်မပျောက်သူတို့မှာ တောင်ပေါ်သို့ ပြန်တက်ပြေးကြရတော့သည်။ သူတို့အားလုံးခြောက်ယောက်။

ဗိုလ်ချုပ်လိုပက်ဇ်၊ ဂျော့၊ ဟင်နရီမက်ကာဖီ၊ ဗိုလ်ကလေးဗင်ဘက်တန်လူးဝစ်စ်၊ ဟာနန်ဒက်စ်နှင့် ရော့စ်ပါရီတို့ ဖြစ်ကြ၏။

စပိန်မြင်းတပ်သားတွေက သေနတ်ဒဏ်ရာ ရနေသူတွေကို ဓားဖြင့် အပြတ်ရှင်းနေ၍ သူတို့လွတ်မြောက်ခွင့် ရခဲ့ခြင်းဖြစ်သည်။ အထူဆုံးတောနက်ထဲထိ သူတို့ပြေးလာခဲ့ပြီး အလုံခြုံဆုံး တစ်နေရာတွင် ပုန်းနေလိုက်ကြသည်။ တစ်ယောက်ကို တစ်ယောက် ဘာမျှမပြောကြတော့။ စကားပြောနိုင်အားလည်း မရှိကြတော့။ မြေကြီးပေါ်တွင် ပက်လက်လှန်ပြီး ကောင်းကင်ကို မော့ကြည့်နေကြသည်။ သစ်ရွက်တွေကြားထဲမှ ကောင်းကင်ပြာကြီးကို မြင်နေရသည်။ ကြည့်လို့ကောင်းလှ၏။ သူတို့အားလုံး အခြားသောနေရာများမှ မိုးကောင်းကင်များကို သတိရနေကြသည်။

လေးနာရီမျှ သူတို့အနားယူကြပြီး ခရီးစထွက်ကြသည်။ နာရီပေါင်းများစွာ မှောင်နှင့်မည်းမည်းထဲတွင် လျှောက်သည်။ မိုးစင်စင်လင်းတော့ သူတို့ မျှော်လင့်သလို ပင်လယ်ကမ်းခြေဆီသို့မရောက်ဘဲ ရှုမျှော်မဆုံးသည့် တောင်ကတုံးများကို

တွေ့ရသည်။

သူတို့ ခြောက်ယောက် မြင်ကွင်းကို စိတ်ပျက်လက်ပျက် ငေးကြည့်နေကြ
သည်။ ထိုစဉ် အရပ်ဝတ်ဖြင့် လူတစ်ယောက်သူတို့ဆီသို့ မြင်းတစ်စီးဖြ
လာနေသည်ကို တွေ့ရ၏။ ထိုလူက ဦးထုပ်ချွတ်ပြီး လှမ်းနှုတ်ဆက်သည်
အနားရောက်လာတော့ သူ့ကိုယ်သူမိတ်ဆက်သည်။

"ကျွန်တော့်နာမည် ကာလိုစ်ပါ၊ ကျွန်တော် ပြုစုပါရစေ။ ကျွန်တော်တို့
ခုလိုကူညီတဲ့အတွက် ကျူးဘားလူမျိုးတစ်ယောက်အနေနဲ့ ဗိုလ်ကြီးတို့ကို ကျေးဇူ
ပြုပါရစေ၊ စပိန်ကောင်တွေမတွေ့အောင် ကျွန်တော်လုံးဝ တာဝန်ယူပါတယ်
ကျွန်တော့်ကိုယုံပါ"

ဗိုလ်ချုပ်လိုပက်ဇ်က စကားစဆိုသည်။

"ကျုပ်တို့ ခံရပေါင်းများပြီဆီညော်၊ နှုတ်ချိုတဲ့လူတွေကို ကျုပ်တို့
မယုံချင်တော့ဘူး"

"ကျွန်တော့်ကို ယုံပါဗိုလ်ကြီး၊ တစ်ပတ်အတွင်း မော်တော်တစ်စင်း
ကျွန်တော် တိတ်တိတ်စီစဉ်ပေးပါ့မယ်"

ဗိုလ်ချုပ်လိုပက်ဇ်က ကျုပ်ရဲဘော်တွေကို လှမ်းကြည့်သည်။ အားလုံးပခုံး
တွန့်ပြကြသည်။ ခုဘဝရောက်မှတော့ ဘာထူးတော့လဲဟူသည့် အဓိပ္ပာယ်။

သူတို့အားလုံး ဆီညော်ကာလိုစ်၏နောက်သို့ လိုက်သွားကြ၏။
သူ၏ယာတောအိမ်ကြီးသို့ ရောက်ကြသည်။ စားစရာ သောက်စရာတွေ အသင့်
ပြင်ထားသည့် စားပွဲကြီးကို တွေ့ရသည်။ ဝိုင်ပုလင်းတွေထောင်လျက်။

သူတို့အငမ်းမရစားကြသည်။ ရှော့စ်ပါရီ တစ်ယောက်သာ စားစရာ
သောက်စရာများကို တစ်ချက်မျှမတို့ဘဲ စားပွဲပေါ်သို့ခေါင်းချကာ အိပ်ပျော်သွား
တော့သည်။

အစေခံတွေက သူ့ကိုကြည့်ပြီး–

"ဆီညော်၊ အဲဒီတစ်ယောက် လုံးလုံး ဝိုင်မသောက်ဘူး"ဟု သူတို့ဆရာ
ကာလိုစ်ကို ခပ်တိုးတိုးသတင်းပို့သည်။

ကာလိုစ်က–

"ဗိုလ်ချုပ်ခင်ဗျာ၊ ဒီသူငယ်ကိုနှိုးပြီး ကျွေးမှ ဖြစ်မယ်။ သူအားပြတ်
သွားလိမ့်မယ်ခင်ဗျ"

ဗိုလ်ချုပ်လိုပက်ဇ်က ခပ်ညည်းညည်းပြန်ပြောသည်။

"အိပ်ပါစေဗျာ၊ အိပ်ဖို့လည်း အရေးကြီးတာပဲ"



ဗိုလ်ကလေး ဟာနန်ဒက်စ်က ကာလိုစ် ဘက်လှည့်ပြီး

"သူ့ကို သိပ်လိုက်ပါလားဗျာ"

ကာလိုစ်က ခပ်ပြုံးပြုံးမျက်နှာပေးဖြင့် သူ့လူတွေကို လှမ်းခေါ်သည်။

"ဟေးရာမွန်တို၊ ရာဖေးတို့လာကြစမ်း၊ ဒီသူငယ်ကို အိပ်ရာထဲ ပို့လိုက်ကြ"

လူမည်းနှစ်ယောက် ရှော့စ်ကို သယ်သွားပြီး အခန်းကျယ်ကြီးတစ်ခန်းထဲမှ
အဝတ်ပုခက်ထဲ ညင်သာစွာ သိပ်ထားခဲ့ကြသည်။ ရှော့စ် လုံးဝမနိုး။

နောက်တစ်နာရီအကြာတွင် သူတို့တွေ အခန်းထဲဝင်လာကြသည်။ ရှော့စ်
နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲ။ ဂျော့မက်ကာဖီက တစ်ချက်သမ်းပြီး

"သနားပါတယ်၊ ရှော့စ်တစ်ယောက် အစားတောင်မစားနိုင်တော့ဘူး"

ညီလုပ်သူ ဟင်နရီက အိပ်ချင်မူးတူးလေသံဖြင့်–

"ငါလည်း အိပ်ချင်တာပဲကွ"ဟု ဆို၏။ သူတို့အတွက် တန်းစီပြီးဆင်
ထားသည့် အဝတ်ပုခက်များထဲသို့ အလျှိုအလျှို ဝင်လိုက်ကြသည်။

*

ရှော့စ်၏နားထဲတွင် အသံတွေကြားနေရသည်။ ဟိုအဝေးကြီးမှလာသည့်
အသံတွေ။ တိုးတိုး တိုးတိုးနှင့်။

"အရက်မသောက်ဘဲ အစောကြီးအိပ်သွားတဲ့ ဟိုဘက်ဆုံးကောင် သတိ
ထား"

ရှော့စ် ချက်ချင်းနိုးလာသည်။ မျက်စိကို ဆက်ပိတ်ထားပြီးလက်က
ခြောက်လုံးပြူးဆီသို့ ရောက်သွားသည်။ ခါးတွင်ခြောက်လုံးပြူးမရှိတော့။ ဆောင်းဘီ
အိတ်ထဲကို စမ်းကြည့်သည်။ အိတ်ဆောင်ဓားမြှောင်တော့ ကျန်သေးသည်။
အသွားရှစ်လက်မရှိသည့် ဓားမြှောင်ကြီး။ သူ့ကိုပဲ အားကိုးရတော့မည်။
ကာလိုစ်၏လူတွေ့ မမြင်လို့ဘဲလား၊ သည်ဓားမြှောင်၏ တန်ဖိုးကို မသိ၍ဘဲလား။
ထားပါတော့၊ ဘယ်လိုလုပ်ပြီး ဒီကထွက်သွားရမလဲဆိုသည်က ပြဿနာ။

မျက်စိကို အသာကလေး ဖွင့်ကြည့်လိုက်သည်။ ကျန်ငါးယောက်ကို
နီဂရိုးနှစ်ယောက်က စောင်ပုခက်ကြီးတွေထဲတွင် လိပ်ပြီး ကြိုးနှင့် ချည်နေသည်။

သူတို့ ဘာလို့မနိုးကြပါလိမ့်။ ခေါင်းထဲတွင် လျှပ်စီးတစ်ချက်
လက်သွားသည်။ ဟုတ်ပြီ၊ ဝိုင်ထဲတွင် တစ်စုံတစ်ခုပါပြီ။

ရှော့စ်အလှည့် ရောက်တော့သည်။ သူ့ကို အိပ်ရာထဲပို့သည့် နီဂရိုးနှစ်ယောက်
ကြိုးတွေနှင့်လာနေပြီ။ ညာလက်ဖြင့် ဓားမြှောင်ကို ဖွင့်လိုက်သည်။ အနား

ရောက်လာသည်နှင့် တစ်ယောက်၏လည်မျိုဆီသို့ ဓားမြှောင်ဖြင့် တွက်ပြ
ပုခက်ထဲမှ လိုမ့်ချလိုက်သည်။ နီဂရိုးကောင် လည်ပင်း ထက်ခြမ်းကွဲပြီး လ
ကျသွားသည်။

ကြမ်းပြင်ပေါ်သို့ ရော့စ် ဒူးထောက်လျက်သား ကျသည်။ ကြောင်ကြည်
နေသည့် နောက်တစ်ယောက်၏ ဝမ်းဗိုက်ဆီသို့ ဓားသွားအဆုံး ထိုးသွင်းလိုက်သည်
ငမည်းကောင် တစ်ချက်တည်း ခွေကျသွားသည်။ ချက်ချင်း အိမ်ထဲမှ ပြေးထွက်ခဲ့၏
အိမ်အပြင်ရောက်တော့ ရုတ်တရက်ရပ်လိုက်သည်။

ကျူးဘားရောက်ကတည်းက သူကိုယ်သူ မယုံနိုင်အောင် အတွေးအခေါ်တွေ
လျင်မြန်နေသည်။ တောင်ပေါ်ကို ပြန်တက်ပြေးရန်မှတစ်ပါး အခြားမရှိ
သူတို့ကလည်းသည်အတိုင်း တွေးကြလိမ့်မည်။ ထို့ကြောင့် ဒီလမ်းကို ရွေးလို့မဖြစ်
ဒါဖြင့် ဘာလုပ်မလဲ လက်နက်က ဒီဓားမြှောင်တစ်လက်တည်း။

နောက်ပြန်ဆုတ်ပြီး အိမ်နံရံကို ကျောကပ် နေလိုက်သည်။ ပြီးတော
တရွေ့ရွေ့ အိမ်နောက်ဘေးဘက်သို့ ဆုတ်သွားသည်။ မြင်းဇောင်းထဲ ဝင်လိုက်၏
မြင်းချေးနံ့နှင့် မြက်ခြောက်နံ့ ရောပျံ့နေသည်။ အနံ့အသက်က ဆိုးသည
အထဲအလင်းရောင်ကမရှိ။ မျက်စိ ကျင့်သားရသွားတော့ ဝမ်းသာစရာမြင်ကွင်းက
တွေ့ရသည်။ နံရံတွင် စီထောင်ထားသည့် ဓားကောက်ကြီးတွေ။ လက်ဖြ
စမ်းကြည့်သည်။ အသွားမှာမြနေ၏။ မှတ်ဆိတ်ရိတ်၍ပင် ရလောက်သည်
တစ်ချောင်းယူပြီး အတွင်းဘက်သို့ ဆက်လျှောက်သွားသည်။ ကောက်ရိုးပုံထဲက
တိုးဝင်လိုက်၏။

နံရံတစ်နေရာမှ အလင်းရောင် တိုးဝင်နေသည်။ အက်နေသည့် နံ
အက်ကြောင်းမှ အပြင်သို့ ချောင်းကြည့်လိုက်သည်။ စစ်သားတွေရောက်နေပြ
ငါးယောက်စလုံးကို ဝက်တွေထမ်းသလို တုတ်နှင့်လျှိုပြီး ထမ်းသွားကြပြ
သူတို့အင်အား ၁၀၀ လောက်ရှိမည်။ ဘာမျှမတတ်နိုင်။ မကြာခင် သူတို့အားလုံ
ထွက်သွားကြသည်။

တစ်ပြိုင်တည်းတွင် ခေါင်းဆောင်လုပ်သူ ဗိုလ်ကြီးတစ်ယောက်နှင့် အိမ်ရှ
ကာလိုစ် မြင်းဇောင်းဆီသို့ လျှောက်လာကြသည်။ မြင်းဇောင်းထဲအထိ ဝင်လာ
ကြပြီ။

"သူပါပဲ ဗိုလ်ကြီးခရစ္စတိုတယ်။ ကျွန်တော် မွေးဖူးသမျှ မြင်းထဲမှာ
အပြေးမြန်ဆုံးပဲခင်ဗျ။ နောက်တနင်္ဂနွေဆိုရင် တွေ့ရပါလိမ့်မယ်"

ကာလိုစ်က သူ့မြင်းကို ညွှန်းနေခြင်းဖြစ်မည်။ စပိန်ဗိုလ်ကြီးက



"မျိုးကောင်းမျိုးသန့်ပဲ။ ဒါထက် လွတ်သွားတဲ့ အမေရိကန်ကောင်"

"မပူပါနဲ့ ဗိုလ်ကြီးရာ၊ ဝေးဝေးမပြေးနိုင်ပါဘူး မိမှာပါ။ သူ့မှာ
ဓားမြှောင်ပဲရှိတာ။ နောက်သုံးရက်ဆို အစာငတ်ပြီးသေမှာပဲ၊ စိတ်ချ။ ကျွန်တော်
ကျွေးတဲ့ အစားအစာတွေကို သူ လုံးဝမစားလိုက်ရဘူးလေ"

"မစားတာက အရေးမကြီးဘူး။ ဝိုင်မသောက်တာက ပြဿနာ။ ခင်ဗျား
ကို 'ကိုစတာ' ဒေါ်ပွတော့မယ်"

"ခင်ဗျားကျေနပ်ရင် ပြီးတာပဲ ဗိုလ်ကြီးခရစ္စတိုတယ်၊ ကိုစတာကို ကျွန်
တော် ဂရုမစိုက်ပါဘူး။ အလကားဝက်ပုပ်ကြီး၊ အသုံးမကျတဲ့ဂီတရူး။ အနုပညာ
သမားလိုလိုနဲ့ ဘာမှလည်းအသုံးကျတာမဟုတ်ဘူး။ သူတတ်တာ လူသတ်ဖို့ပဲ။
ကျွန်တော် သူ့ကို အထင်မကြီးပါဘူး ဗိုလ်ကြီး။ ပင်လယ်ဓားပြ တော်လှန်ရေး
သမားတွေကိုလည်း စိတ်မဝင်စားဘူး။ ကျွန်တော် စိတ်ဝင်စားတာက တနင်္ဂနွေ
နေ့ မြင်းပွဲပဲ။ ကဲ... မပြန်ခင် ကျွန်တော့်ဝိုင်အကောင်းစားကလေး သုံးသွားပါဦး
ဗိုလ်ကြီး"

"ကျေးဇူးပဲဗျာ"

သူတို့နှစ်ယောက် မြင်းဇောင်းထဲမှ ပြန်ထွက်သွားကြသည်။

ကောက်ရိုးပုံထဲတွင် ရော့စ် ညမှောင်သည်အထိ ဆက်ပုန်းနေသည်။
ဆာလွန်းလို့ ဗိုက်ထဲက တဂျုံးဂျုံး အော်နေပြီ။ ဖျားချင်သလိုလိုဖြစ်လာပြီ။
အားအင်ချည့်နဲ့လာပြီ။ သို့သော် စိတ်ဓာတ်တော့ မကျ။ အနည်းဆုံး ကာလိုစ်
နှင့်တော့ စာရင်းရှင်းရမည်။

မြင်းဇောင်းထဲမှ အသာထွက်ခဲ့သည်။ ဓားကောက်ကို တင်းတင်းဆုပ်
လျက် အိမ်မကြီး၏နံရံကို ကျောကပ်ပြီး တဖြည်းဖြည်း ရွေ့တိုးသွားသည်။
ပြတင်းပေါက်မှ ချောင်းကြည့်လိုက်သည်။ ကာလိုစ်တစ်ယောက်တည်း ညစာ
စားနေသည်။ သူ့အနားတွင် ကပ္ပလီအဘိုးအို စားပွဲထိုးတစ်ယောက်သာရှိသည်။

အိမ်ရှေ့သို့ ကွေ့ပတ်သွားသည်။ တံခါးမကြီးကို တွန်းကြည့်သည်။
ပွင့်သွား၏။

ကာလိုစ်တစ်ယောက် စိတ်ချလက်ချ စားသောက်နေပုံရ၏။ မည်သည့်
အန္တရာယ်ကိုမျှ မျှော်လင့်ထားဟန် မတူပေ။

သူ့ကိုမြင်တော့ စားပွဲထိုးအဘိုးအို လက်ထဲမှပန်းကန် ကျကွဲသွားသည်။
ကာလိုစ် အလန့်တကြား လှည့်ကြည့်သည်။ ပါးစပ်အဟောင်းသား ဖြစ်သွားပြီး
တဆတ်ဆတ်တုန်လာသည်။ ခါးမှသေနတ်ကို ဆွဲယူလိုက်သည်။ သို့သော်

ရှေ့စက ကြောင်တစ်ကောင်လို ရုတ်ခြည်း အနားရောက်သွားပြီး သေနတ်ကို ထားသည့် သူ့လက်မောင်းကို ဓားကောက်ဖြင့် ခုတ်ချလိုက်သည်။

ပစ္စတို ကြမ်းပြင်ပေါ်သို့ကျသွားသည်။ သူ့ညာလက်မောင်းမှာ ပခုံးတွ တွဲလောင်းကြီးဖြစ်သွားသည်။ တရဟောကျလာသည့် သွေးတွေနှင့် လက်မော တွဲလောင်းကြီးကို ကာလို့စ် ငုံ့ကြည့်နေရင်း သူ့မျက်နှာတစ်ခုလုံး ပြာနှမ်းသွာ သည်။ တုန်တုန်ယင်ယင်ဖြင့် တောင်းပန်သည်။

"ဆီညော်... ကျွန်တော့်ကို ချမ်းသာပေးပါ"

လည်ပင်းတည့်တည့်ကိုချိန်ပြီး နောက်တစ်ချက် ခုတ်ချလိုက်သည် ကာလို့စ် ကြမ်းပြင်ပေါ်သို့ ခွေခနဲကျသွားသည်။ ပစ္စတိုကို ကောက်ယူပြီး စားပွဲ တွင် အကျအနထိုင်သည်။

"ဟေ့... အဘိုးကြီး၊ လာစမ်း"

ကပ္ပလီအဘိုးအို ကြောက်ကြောက်လန့်လန့်နှင့် ဝင်လာသည်။

"ဒါတွေ သိမ်းသွားစမ်း၊ နောက်ထပ် အသစ်ပြင်။ ဝိုင်လည်းယူခဲ့"

တုန်တုန်ချည့်ချည့်နှင့် အဘိုးအို လိုက်နာသည်။

စားသောက်နေရင်း အောက်သို့ငုံ့ကြည့်ပြီး

"ဒီဟာကြီးကို ဆွဲထုတ်သွားစမ်း၊ ပြီးတော့ ချက်ချင်းကြမ်းတိုက် ကျက်သရေမရှိဘူး၊ ကျုပ် အေးအေးဆေးဆေး စားချင်တယ်"

နောက်နာရီဝက်အကြာတွင် တဝစားသောက်ပြီးသွားသည်။ အဝတ်အစ လဲသည်။ အကောင်းဆုံး အဝတ်အစားများနှင့် တောစီးဖိနပ်ကိုဝတ်ပြီး မဟူရ မြင်းနက်ကြီးကို စီးထွက်ခဲ့သည်။ တနင်္ဂနွေနေ့တွင် ပြိုင်ပွဲဝင်မည့် မြင်းကြီး ခါးတွင် ပစ္စတိုနှင့် ကျောတွင် ကာဘိုင်နှင့်၊ ဓားကောက်ကြီးပါ ယူလာခဲ့သည် ဒါတွေနဲ့ အသက်ဆက်နိုင်ကောင်းပါရဲ့ဟု တွေးပြီး အားတင်းလိုက်၏။

■

## အခန်း (၁၂)

ဗွန်ဓာလက်ဇ်အိမ်ကြီးမှာ အလွန်ပျော်စရာကောင်းသည့် မိသားစုအိမ်ကြီးဖြစ်သည်။ ဟာဗာနာမြို့စွန်ရပ်ကွက်တွင် တည်ရှိပြီး ဆိတ်ငြိမ်အေးချမ်းလှသည်။ ပိုးဇာပင်တွေဖြင့် စိမ်းညို့နေ၏။ ပန်းခြံထဲမှ ရေပန်းဖြာကျနေသံသည် ရယ်မောသံကဲ့သို့ သာယာလှပေသည်။ ကွန်ချီတာသည် လသာဆောင်တွင် ထိုင်ပြီး ပန်းခြံထဲသို့ ငေးကြည့်နေသည်။ ရေပန်းဖြာသံသည် ခါတိုင်းကဲ့သို့ မင်္ဂလာမရှိတော့။ လက်ထဲတွင် စာကို ကိုင်ပြီး ငိုင်နေ၏။

အချစ်တော် သူငယ်ချင်း မာရီယာဗွန်ဓာလက်ဇ်က

"စာထဲမှာ ဘာတွေပါလို့လဲ ကွန်ချီတာရယ်"

ကွန်ချီတာ တိုးတိုးကလေး ပြန်ဖြေသည်။

"ကိုယ့်အဖြစ်က ဆိုးပါတယ် မာရီယာရယ်၊ နှစ်ခါပြန်သေရသလိုပါပဲ"

"ဘာ... နှစ်ခါပြန်သေရသလိုပဲ ဟုတ်လား၊ မင်းအဖေ ကျဆုံးသွားတဲ့ အဖြစ်ကလွဲပြီး ဘာများ စိတ်ဓာတ်ကျစရာရှိသေးလို့လဲကွယ်"

စိတ်ထိန်းထားသည့် လေသံဖြင့် ကွန်ချီတာ တည်ငြိမ်စွာဆက်ပြောသည်။

"ကိုယ် နယူးအော်လီယန်းက ထွက်လာပြီးနောက်တစ်နေ့မှာ ဟိုဆေးရေးလိုက်တဲ့စာလေ။ ကိုယ့်ချစ်သူ၊ ကိုယ်သိပ်ချစ်တဲ့ ကိုယ့်အချစ်ဆုံးဟာ ကိုယ့်သံယောဇဉ်နဲ့ ကျူးဘားလွတ်မြောက်ရေးတပ်ထဲ ပါသွားပြီတဲ့။ အို... မာရီယာရယ်၊ ခုလောက်ဆို သူ... သူ... "

"သူက အမေရိကန်လား ဟင်"

"ဟုတ်တယ် မာရီယာ၊ ကိုယ် သူ့ကို မတွေ့ တွေ့အောင်ရှာရမယ်၊ ကျူးဘားတစ်ကျွန်းလုံး မွှေနှောက်ရှာမယ်"

"ကွန်ချီတာ၊ မင်း ရူးနေသလားဟင်၊ ကျူးဘားကို မင်းပြန်လာတာကိုက

လွန်လှပြီ။ မင်းက တော်လှန်ရေးခေါင်းဆောင်ရဲ့သမီး၊ သူက အမေရိကန်
စပိန်တွေ ဒါလောက် သဲကြီးမဲကြီးဖြစ်နေချိန်မှာ မင်း သူ့ကိုလိုက်ရှာမယ်
ဟုတ်လား။ မင်း အရူးလားဟင်"

"ဟုတ်တယ် မာရီယာ၊ ကိုယ် ရူးပြီ"

"မင်းအဖေ့ရာဇဝင်ကို ကျူးဘားတစ်ကျွန်းလုံး သိနေကြတာ ကွန်ချီတာ
သူဟာ တကယ့်တော်လှန်ရေးသူရဲကောင်း။ သူ့သမီးကို စပိန်တွေချမ်းသာပေး
မတဲ့လား၊ ပြီးတော့ သူ့သမီးက သမီးချော။ အို... ကွန်ချီတာရယ်၊ သူတို့အကြောင်း
လည်း မင်းသိရဲ့သားနဲ့ကွယ်"

ကွန်ချီတာ ပြုံးသည်။

"ရူးနေတဲ့နောက်မှတော့ ဘာမှ ဂရုစိုက်စရာ မရှိတော့ဘူးလေ"

မာရီယာတို့အဖေ အင်းရစ်ဂွန်ဇာလက်ဇ် သူတို့ဆီသို့ လျှောက်လာသည်
လေးနက်အောင်မြင်သည့် အသံဖြင့်

"တူမကြီး သွားမယ်ဆိုရင် ဦးတို့မတားပါဘူး၊ အဲဒါအားလုံးအတွက်
အကောင်းဆုံးလမ်းပဲကွဲ့၊ ကြာရင် ဦးတို့ပါ အန္တရာယ်ဖြစ်လာနိုင်တယ်လေ"

ဥပမိရုပ်ကောင်းသလောက် သဘောကောင်းသည့် မာရီယာတို့အဖေကို
ကွန်ချီတာ ငေးကြည့်နေသည်။ မပြောမဖြစ်၍ ပြောရသည့်စကားအတွက်
အလွန့်အလွန် စိတ်မကောင်းဖြစ်နေပုံရသည်။

"တူမရဲ့အဖေ လုပ်ဆောင်ချက်တွေ မှန်တယ်၊ မှားတယ် ဦးမဝေဖန်
တတ်ပါဘူး၊ သူ့ယုံကြည်ချက်ကိုလည်း ဦး လိုက်မမီပါဘူး။ အဲဒီယုံကြည်ချက်
အတွက် သူ့အသက်ပေးသွားပြီလေ။ တော်လောက်ပြီပေါ့။ ကျန်ခဲ့တဲ့ သမီး
အတွက်ရော၊ သမီးရဲ့အသိုက်အဝန်းဖြစ်တဲ့ ဦးတို့တစ်တွေကော ဆက်ပြီး ဒုက္ခ
မရောက်စေသင့်ဘူး။ ဦးရဲ့အိမ်ကိုလည်း စပိန်လူရိုင်းစစ်သားတွေ ယူနီဖောင်း
တကားကားနဲ့လာပြီး ဒုက္ခပေးတဲ့အဖြစ်မျိုးနဲ့ မကြုံစေချင်ဘူး"

"တူမ ကျူးဘားကို ပြန်လာတာကတော့ တူမရဲ့ကိစ္စလေ၊ ခုတော့
ဦးတို့လည်း ကိုယ့်အန္တရာယ်ကိုပဲ ကြည့်ရမယ့်အချိန် ရောက်လာလို့ပါ။ တကယ်
က မင်းရဲ့အဖေဟာ ဦးရဲ့အချစ်ဆုံးသူငယ်ချင်းပါ။ ဒါပေမဲ့..."

ကွန်ချီတာ ထိုင်ရာမှ ထသည်။ ခြုံထည်ကလေးကို ကောက်ယူပြီး

"ကျွန်မ နားလည်ပါပြီရှင်"

"အို... ပါပါ"

မာရီယာက ဖအေလုပ်သူကို တောင်းတောင်းပန်ပန် ပြောမည့်ဟန်ပြင်



သည်။ သို့သော် အဘိုးကြီးက စကားဖြတ်ပြီး

"သမီး အသာနေဦး၊ ပါပါလည်း ဘယ်စိတ်ကောင်းပါ့မလဲ။ ဒီလို စိစဉ်
ရတဲ့အတွက် ဦး လိပ်ပြာမသန့်ပါဘူး ကွန်ချီတာ၊ ဒါပေမဲ့ တခြားလမ်းမရှိတော့
လို့ပါကွယ်၊ ဦးဟာ သမီးနဲ့ ဇနီးကို သိပ်ချစ်တဲ့လူပါ။ သူတို့အန္တရာယ်... တူမ
နားလည်မှာပါနော်"

"ဟုတ်ကဲ့ ဦး၊ နားလည်ပါတယ်"

"အကောင်းဆုံးကတော့ ကျူးဘားက အမြန်ထွက်သွားဖို့ပဲကွဲ့"

"အဲ့ဒါတော့ မဖြစ်နိုင်ပါဘူးရှင်"

"အေး... ဦးနားစွန်နားဖျားကြားလိုက်ပါတယ်၊ မိန်းကလေးက အမေရိကန်
လူငယ်တစ်ယောက်နဲ့ ချစ်နေကြတယ်၊ ဟုတ်စ"

"ဟုတ်ပါတယ် ဦး"

"ဒါဆို နောက်ထပ် စိတ်မကောင်းစရာတစ်ခု ဦး ထပ်ပြောရလိမ့်ဦးမယ်
ကွယ်၊ အမေရိကန်တွေအားလုံး လက်ရဖမ်းမိလို့ ဒီနေ့ လူပုံအလယ်မှာ သေနတ်
နဲ့ ပစ်သတ်ကြမယ်တဲ့"

ကွန်ချီတာ အတောင့်သား ရပ်နေသည်။ လုံးဝမလှုပ်။ မာရီယာက
စိုးရိမ်တကြီး ထပြေးသွားပြီး ကွန်ချီတာ့ကို ခါးမှသိုင်းဖက်သည်။ သို့သော်
ကွန်ချီတာ မလှုပ်။

"ကွန်ချီတာ၊ သူငယ်ချင်း... သတိထားပါကွာ"

မာရီယာက အထိတ်တလန့် အော်ပြောသည်။

"ဦးပြောတာ မင်း နားလည်ပါတယ်နော် ကွန်ချီတာ"

အတန်ကြာမှ ကွန်ချီတာ လှုပ်ရှားသည်။

"ဟုတ်ကဲ့၊ နားလည်ပါတယ်"

"ဒါဆို မင်း အမြန်ဆုံး ရှောင်သွားသင့်ပြီပေါ့ကလေးရယ်"

"ဘယ်အချိန်မှာ ကွပ်မျက်ကြမှာပါလဲ ဦး"

"နေ့လယ် ၁၂ နာရီမှာ။ မင်း မသွားရဘူးနော်၊ အမင်္ဂလာမြင်ကွင်းပါ
ကွာ၊ ပြီးတော့ မင်းအတွက်လည်း အန္တရာယ်များလှပါတယ် တူမရယ်၊ သူတို့
မှတ်မိသွားမှဖြင့်..."

"မထူးတော့ပါဘူး ဦးရယ်၊ ကွန်ချီတာ့အတွက် ဘာမှမထူးတော့ပါဘူး"

"မင်းဟာ ငယ်ငယ်ကလေး ရှိပါသေးတယ်၊ နောက်ထပ် အချစ်ထပ်တွေ့
နိုင်ပါသေးတယ်ကွယ်"

မာရီတို့ အဖေက စာနာစိတ်ဖြင့် ပြောနေသည်။

"ဟင့်အင်း... ဘယ်တော့မှ မတွေ့နိုင်တော့ဘူး၊ ဒီနေ့ ကွန်ချီတာ သေချာအောင် လုပ်ရမယ်"

မာရီယာ ထိတ်လန့် အံ့သြနေသည့် အမူအရာဖြင့်–

"သူ့အတွက်နဲ့ မင်းပါ အသက်ခံနေရပါဦးမယ် ကွန်ချီတာရယ်၊ အို... မင်း မသွားရဘူး"

"သူ မရှိဘဲ လောကကြီးမှာ မနေချင်တော့ဘူး မာရီယာ၊ ဘာထူးတော့မှာလဲ"

"ဒါလောက်တောင်ပဲလားကွယ်၊ သူက သိပ်ပြီး... သူ့အကြောင်းပြောပြပါလား ကွန်ချီတာ"

"သူ့အကြောင်း ဟုတ်လား... သိပ်ချစ်ဖို့ ကောင်းတယ်၊ ဆံပင်က စကားဝါပန်းပွင့်ပေါ်ကို နေရောင်ထိုးနေသလိုပဲ၊ ရွှေရောင်အတိ။ မျက်လုံးအရောင်က ကမ်းလွန်ပင်လယ်ပြင်အရောင်။ ပိန်ပိန်သွယ်သွယ်၊ မျက်နှာက သိပ်လေးနက်တယ်၊ သူ့အသံက ဂီတသံပဲ၊ အလွန်မတန် သိမ်မွေ့တယ်၊ ကြင်နာတတ်တယ်၊ တစ်ဖက်သား စိတ်မရှုပ်ချင်လောက်အောင် သဘောကောင်းတယ်။

"တကယ့် သူတော်ကောင်းပါ မာရီယာရယ်၊ သူ့အတွက် သူများထိခိုက်နစ်နာမှာ စိုးမှုစိုး။ ကိုယ့်မိုက်မဲမှုအတွက် ကိုယ့်ကိုရှာဖို့ ကျူးဘားကို လိုက်လာတာ မာရီယာရဲ့။ သူသေသွားရင် ကိုယ်သတ်သလိုဖြစ်မှာ။ ဒါကိုသိနေလျက်နဲ့ ကိုယ် သူ့ကို မျက်ကွယ်ပြုသွားရက်ပါ့မလား မာရီယာရယ်"

"မင်း သူ့ကို ဒါလောက်ချစ်လျက်နဲ့ သူ ပစ်သတ်ခံရတာကို သွားကြည့်မယ်၊ ဟုတ်လား ကွန်ချီတာ"

မာရီယာတို့ အဖေက ဝင်ပြောသည်။

"ဟုတ်ပါတယ်ဦး၊ သူ လွတ်မြောက်ရေးအတွက် ကွန်ချီတာ ကြိုးစားရဦးမယ်လေ"

မာရီယာ ငိုလေပြီ။

"အို... သူငယ်ချင်းရယ်၊ မင်းဒုက္ခဖြစ်တော့မှာပေါ့၊ မင်းပါ အသက်ခံရလိမ့်မယ်"

"ဘာထူးတော့လဲ မာရီယာ"

မာရီယာက သူ့အဖေဘက် လှည့်ပြီး

"ဖေဖေ... သူ့ကို မသွားပါစေနဲ့၊ တားပေးပါ ဖေဖေ၊ သမီး သူ့ကို



ဖက်ထားပြီး တစ်နေရာရာ ပို့ပေးပါ့မယ်"

သို့သော် ကွန်ချီတာက အိမ်ကြီးပေါ်မှ ဆင်းပြေးသွားလေပြီ။

*

ဟာဗာနာမြို့လယ် ဂလာဇာပန်းခြံထဲတွင် လူတွေ ကြိတ်ကြိတ်တိုးနေသည်။ နေက ပူပြင်းလှ၏။ ဘယ်သူ့ကြည့်လိုက် ကြည့်လိုက် ချွေးတွေရွှဲလျက်။ ကောင်းကင်တွင် တိမ်ဟူ၍ တစ်မျှင်တစ်စပင်မရှိ။

မိုးတွေစွေရွာသည့်နေ့များကို ကွန်ချီတာ ပို၍သတိရနေ၏။ ဘဝတွင် အပျော်ဆုံးနေ့များ မဟုတ်လား။ သည်လို ပူပူလောင် နေရောင်အောက်တွင် သေရမည့်အဖြစ်ကို တွေးကြည့်နေမိ၏။ စစ်ခရာသံတွေနှင့် ဗင်သံတွေ ထွက်ပေါ်လာသဖြင့် အတွေးစ ပြတ်သွားသည်။

– အကျဉ်းသားငါးဆယ့်နှစ်ယောက်ကို စစ်သားများက တန်းစီခေါ်ထုတ်လာသည်။ သံ့ပန်းတွေမှာ လူတွေနှင့်မတူတော့။ စုတ်ပြတ်ပေကျံနေသည်။ တစ်ယောက်ချင်း၏ မျက်နှာကို ကွန်ချီတာ သေသေချာချာ စောင့်ကြည့်နေသည်။ စေ့စေ့စပ်စပ် ကြည့်သည်။ ရော့စ်ပါရီနှင့် တူသူဟူ၍ တစ်ယောက်မျှမပါ။

စပိန်စစ်ဗိုလ်တစ်ယောက်က အကျဉ်းသားများအပေါ် စွဲချက်ကို ဖတ်ပြသည်။ ကွန်ချီတာ လုံးဝနားမထောင်တော့။ စစ်ခရာသံတွေနှင့် ဗင်သံတွေ ထွက်ပေါ်လာပြန်သည်။ ဗင်ခရာတပ်ဖွဲ့ဝင်များ၏ ယူနီဖောင်းများသည် နေရောင်တွင် တဖိတ်ဖိတ်တောက်လျက်။ စပိန်တို့သည် သည်လိုအခမ်းအနားမျိုးကို ကောင်းကောင်းကြီး ကျင်းပတတ်ကြသူများ ဖြစ်သည်။

ဟာဗာနာမြို့လုံးအနှံ့ ညမိုးချုပ်သည်အထိ ကွန်ချီတာ လျှောက်သွားနေသည်။ ည၉နက်လာမှ သချိုင်းကုန်းသို့သွားပြီး အုတ်ဂူတစ်ခုပေါ်တွင် အိပ်လိုက်သည်။ နောက်တစ်နေ့တွင် မြို့ထဲပြန်လာပြီး ဆိုင်ကြီးတစ်ဆိုင်တွင် ယောကျ်ားဝတ် မြင်းစီးဝတ်စုံတစ်စုံ ဝယ်လိုက်သည်။ ခြောက်လုံးပြူးတစ်လက်နှင့် ကျည်ဆန် အလုံအလောက်လည်းဝယ်သည်။ နောက်ထပ် ဓားမြှောင်တစ်လက် ထပ်ဝယ်သေးသည်။

ဝယ်ခြမ်းပြီးနောက် ငါးနာရီလုံးလုံး လမ်းလျှောက်လာသည်။ နောက်ဆုံးမှ ဖေဖေ့မိတ်ဆွေတွေရှိရာ မြို့စွန်ရွာကလေးသို့ ရောက်လာခဲ့သည်။ စောနေသေးသဖြင့် ကြိမ်တောထဲတွင် အသာခိုနေလိုက်သည်။ ညမှောင်မှ မြင်းစီးအဝတ်

အစားများလဲပြီး မြင်းဖောင်းတစ်ခုထဲသို့ ဝင်သည်။ မြင်းတစ်စီးကို ကုန်းနှီးတန်ဆာပလာ အပြည့်ဆင်ပြီး ခိုးယူလာခဲ့သည်။ ဝယ်လို့လည်း သူတို့ရောင်းမည်မဟုတ်။ တောင်းယူလျှင် ပေးမည်မဟုတ်။ ဖွတ်ဟားကြမည်သာ။

မြင်းတစ်စီးဖြင့် တောင်ပေါ်သို့စီးတက်လာခဲ့သည်။ တောသည် နက်သည်ထက် နက်လာ၏။ တစ်နေရာတွင် ဆက်သွားလို့မရတော့သဖြင့် နားလိုက်ရသည်။ မိုးလင်းသည်အထိ စောင့်ရတော့မည်။ အလင်းရောင် ပျို့သည်နှင့် ခရီးဆက်နိုင်သည်။ ဝေးလံသီခေါင်လှသည့် တောင်ပေါ်ဒေသမှ တောကြီးမျက်မည်းထဲတွင် လူမည်းကပ္ပလီတို့နေသည့် ရွာကလေးတစ်ရွာသို့ ရောက်လာသည်။

သက်ငယ်အိမ်ကလေးတွေထဲမှ ရွာသားတွေ အလျှိုလျှိုထွက်လာကြပြီး သူ့ကို ဝိုင်းကြည့်နေကြသည်။ အတန်ကြာ စိုက်ကြည့်နေကြပြီးမှ အပြေးအလွှားရောက်လာကြကာ ကွန်ချီတာ၏လက်ကို နမ်းသူနမ်း ငိုသူငိုနှင့်။ ဪ ဖေဖေ့ကျေးဇူးကိုသိကြသည့် ဖေဖေ့လူတွေ။ သူတို့အတွက် ဖေဖေ အသက်စွန့်သွားကြောင်း သူတို့သိကြမည်လော။

မြင်းပေါ်မှဆင်းပြီး သူတို့နှင့်အတူ အိမ်တစ်အိမ်ဆီသို့ လိုက်သွားသည်။ ရေနှင့်စားစရာများအပြင် ဝိုင်ပါယူလာပေးကြသည်။ ကွန်ချီတာ စားသောက်နေသည်ကို ကြမ်းပြင်ပေါ် စုထိုင်ပြီး ဝိုင်းကြည့်နေကြသည်။ စားသောက်ပြီးတော့ သူတို့နှင့်အတူ ရောထိုင်ပြီး ကွန်ချီတာ သက်ပြင်းချလိုက်သည်။

“ကျူးဘားကို လွတ်မြောက်ဖို့ လာတိုက်ပေးတဲ့ အမေရိကန်တစ်ယောက် လွတ်သွားတယ်။ သူ့သတင်း ဘာများကြားကြသလဲ”

ကွန်ချီတာ လိုရင်းကိုမေးလိုက်သည်။ အရပ်မြင့်မြင့် ပီဒရိုအမည်ရှိ ကပ္ပလီတစ်ယောက် မတ်တတ်ထရပ်သည်။

“လက်စ်ပိုဇက်စ်အနားရောက်အောင် သူတို့ကို ကျွန်တော်ပဲ လမ်းပြပေးလိုက်ပါတယ် မမလေး၊ သူတို့အားလုံး အဖမ်းခံရပြီး မနေ့က ဟာဗာနာမှာ”

“ကွန်ချီတာသိတယ် ပီဒရို၊ မနေ့က ဟာဗာနာမှာ ကွန်ချီတာရှိတယ်၊ သူတို့တစ်တွေ သူရဲကောင်းဆန်ဆန် အသတ်ခံသွားကြတယ် ပီဒရို၊ ဒါပေမဲ့ အဲဒီအထဲမှာ သူ မပါဘူး။ ရွှေရောင်ဆံပင်နဲ့ ပိန်ပိန်ပါးပါး အရပ်မြင့်မြင့် လူငယ်တစ်ယောက်ကို ပီဒရို သတိ မထားမိဘူးလား၊ အပြာ ဆွေးနေတဲ့မျက်နှာနဲ့လေ၊ သိပ်ပြုံးခဲ့တယ်”

“သိတယ် မမလေး၊ သိတယ်။ ကျွန်တော်နဲ့တောင် စကားပြောသေးတယ်။ သူတို့အထဲမှာ သူတစ်ယောက်ပဲ စပိန်လိုတတ်တယ်လေ၊ သူက ကျွန်တော့်ကို ပထမ မယုံဘူး။ စပိန်တွေရိုက်ထားတဲ့ နောက်ကျောက ဒဏ်ရာတွေကို ပြတော့မှ ယုံသွားတယ်”



ကွန်ချီတာ့မျက်နှာ ဝင်းထိန်သွားသည်။ မျက်လုံးစိမ်းတွေ အရောင်တဖျပ်ဖျပ် တောက်လာ၏။

“ပြောပါဦး ပီဒရို၊ သူ ဘာဖြစ်လဲဟင်”

“အသတ်ခံရသလား၊ အမိခံရသလား မပြောတတ်ဘူး မမလေး၊ မနက်ဖြန်လောက်ဆို မမလေး သိရမှာပါ၊ ကျွန်တော် နောက်ဆုံးကြားရသလောက် သူတို့အားလုံးကို ဆီညော်ကားလို့စ် ဆိုတဲ့လူက အရက်ထဲမှာ ဆေးခတ်ပြီး ဖမ်းပေးတယ်တဲ့။ အဲဒီလူဟာ တကယ့်မကောင်းဆိုးဝါးပဲ။ မနက်ဖြန် သူတို့ကို ဟာဗာနာပို့မယ်ကြားတယ်၊ မမလေးအတွက် ကျွန်တော် အသက်စွန့် စုံစမ်းပေးပါ့မယ်။ ဟာဗာနာကို ကျွန်တော် လိုက်သွားပါ့မယ်”

“နေဦး ပီဒရို၊ မလိုသေးဘူး၊ ကွန်ချီတာကိုယ်တိုင် ပြန်သွားမယ်”

“အို... မမလေးကို မှတ်မိသွားရင် ဘယ့်နှယ်လုပ်မလဲ၊ သူတို့က လူစိတ်ရှိတဲ့လူတွေ မဟုတ်ဘူး မမလေးရဲ့”

အမျိုးသမီးတစ်ယောက်က စိုးရိမ်တကြီး ဝင်ပြောသည်။

“ရုပ်ဖျက်သွားမှာပေါ့၊ ဆံပင်တွေကိုမမြင်အောင် ခေါင်းပေါင်းသွားမယ်၊ နှင့်အဝတ်အစားတွေကို ငါဝတ်မယ်၊ ငါ့အသားအရောင် ပြောင်းသွားအောင် နင်တို့ ဆေးလိမ်းပေးကြပေါ့”

“မမလေး မျက်လုံးတွေကျတော့ ဘယ်လိုလုပ်ပြီး အရောင်ပြောင်းမလဲ၊ ကျွန်မတို့လူမျိုးထဲမှာ မျက်လုံးစိမ်း တစ်ယောက်မှမရှိဘူး”

“တချို့ ပြာတဲ့လူတွေရှိပါတယ်ဟယ်၊ ကိစ္စမရှိပါဘူး၊ သတိနဲ့နေရမှာပေါ့”

ပီဒရိုက

“မမလေးရဲ့ နောက်အစီအစဉ်က ဘယ်လိုများရှိပါသလဲ”

“သူ အသက်ရှင်နေသေးတယ်ဆိုရင် သူ့ကို တို့ကယ်မယ်၊ သူက ကွန်ချီတာနဲ့ လက်ထပ်မယ့်လူ ပီဒရိုရဲ့၊ သူက ကွန်ချီတာ့ချစ်သူလေ၊ သူ အသတ်ခံရရင် သူ့အတွက် လက်စားချေမယ်။ သူ့အတွက်ရော ကွန်ချီတာ့အဖေအတွက်ပါ စပိန်တွေကို လက်စားချေမယ်”

ကပ္ပလီအမျိုးသားက ကွန်ချီတာကို ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေသည်။

“ဘယ်လိုလုပ်ပြီး လက်စားချေမှာလဲ မမလေး၊ သူတို့မှာက လူတွေ

အများကြီး၊ သေနတ်တွေ အများကြီး"

"သူတို့ကို စစ်မတိုက်ဘူး ပီဒရို၊ ပြောက်ကျားစနစ်နဲ့ သူတို့ကို ဒုက္ခပေး မယ်၊ သူတို့အိပ်နေတုန်း ဝင်စီးမယ်၊ သူတို့တန်းလျားတွေကို မီးရှို့မယ်၊ သူတို့ ဆီက လက်နက်တွေရအောင် ယူမယ်၊ တစ်ယောက်ပြီးတစ်ယောက် သတ်မယ် ကိုစတာလို၊ ပါချာလို လူတွေကိုရွေးပြီး အရင်ရှင်းပစ်မယ်"

"ကောင်းတယ်၊ ကောင်းတယ်"

ပီဒရိုက ဝမ်းသာအားရ ထောက်ခံသည်။ အခြားလူငယ် လူကြီးတွေ ခေါင်းတညိတ်ညိတ်နှင့် ဖြစ်နေကြသည်။ လူမည်းတွေကို ရက်ရက်စက်စက် သတ်နေသည့် စပိန်စစ်ဗိုလ်တွေ၏ နာမည်ကို ကွန်ချီတာ ဖော်ပြောလိုက်သဖြင့် သူတို့ တညီတညွတ် ထောက်ခံကြခြင်းဖြစ်၏။

"လွယ်တော့မလွယ်ဘူး၊ သေကြကြေကြမှာပဲ။ ဒါကြောင့် တိုက်ရဲခိုက်ရဲ တဲ့လူတွေ၊ သူတို့ကလေးတွေရဲ့ အနာဂတ်အတွက်သာ ရည်ရွယ်ပြီး သူတို့ကိုယ် တိုင်အတွက် ဘာမှ မျှော်လင့်ချက်မထားတဲ့လူတွေကိုသာ ရွေးခေါ်ပါ"

"နောက်တစ်ခု ကျွန်တော် ပြောပါရစေ မမလေး"

ပီဒရိုက ဆက်ဆွေးနွေးသည်။

*

လမ်းတစ်လျှောက်လုံး မြို့သူမြို့သားတွေက သုံ့ပန်းတွေကို တံတွေးနှင့် ထွေးကြသည်၊ ခြေဖြင့်ကန်ကြ ကျောက်ကြသည်။

အစောင့်စစ်သားများက လုံးဝ တားဆီးခြင်းမပြု။ ဆက်မလျှောက်ချင် သဖြင့် လဲကျသွားသူများကို စစ်သားများက ဒယဉ်တိုက်ပြီး ဆွဲခေါ်ကြသည်။ ရဲတိုက်ကြီးသို့ မရောက်မီ ကိုက် ၁၀၀ လောက်အလိုတွင် ကပ္ပလီကပြားမကလေး တစ်ယောက် လူအုပ်ထဲမှ ပြေးထွက်လာပြီး ဂျော့မက်ကာဖီ၏ ပါးကို ဖြန်းခနဲ ရိုက်ချလိုက်သည်။

ဂျော့တစ်ယောက် ဒယီးဒယိုင် လျှောက်နေရာမှ နောက်သို့လန်ထွက်သွား သည်။ သူ့ကိုတွဲထားသည့် အစောင့်စစ်သားက လွှတ်ပေးလိုက်သည်။ ကောင်မ လေးက ပါးကို ဘယ်ပြန်ညာပြန်ဆက်ရိုက်သည်။ ပရိသတ်က သဘောကျပြီး တဟားဟား အော်ရယ်ကြသည်။

ကပ္ပလီမကလေးက ရိုက်လို့အားမရသေးဘဲ ဂျော့၏ လည်ပင်းကို ခြေဖျား



ထောက်ပြီးညှစ်သည်။ ကလေးမ၏ မျက်နှာမှာ ဒေါသကြောင့် ရှုံ့မဲ့နေ၏။ သုံ့ပန်း၏ မျက်နှာနားကိုကပ်ပြီး စပိန်ဘာသာဖြင့် အော်ဟစ်ဆဲဆိုနေသေးသည်။ လည်ပင်းကို ညှစ်နေသည့် လက်ချောင်းများက အားမပါဘဲ ဟန်ပြညှစ်နေမှန်း ဂျော့ သိလိုက်သည်။ အော်ဟစ်ကျိန်ဆဲနေသည့် ကလေးမ၏နှုတ်မှ အင်္ဂလိပ် စကားလုံးများ တိုးတိုးကလေး ထွက်လာသည်။

"သူဘယ်မှာလဲဟင် ဂျော့၊ ရော့စ်လေ ရော့စ် ဘယ်မှာလဲ"

တစ်ဆက်တည်း အော်ဆဲဆိုပြန်သည်။

"အယုတ်တမာ အမေရိကန်ကောင်တွေ၊ ပင်လယ်ဓားပြတွေ"

ခုမှ ဂျော့တစ်ယောက် မျက်လုံးစိမ်းများကို မှတ်မိသွားသည်။

ခေါင်းပေါင်းအောက်မှ သစ်ချသီးရောင် ဆံပင်များကို တစ်စွန်းတစ်စ မြင်သည်။ သည်တော့မှ ညည်းတွားရင်း 'ဆက်ရိုက်လေ ကွန်ချီတာ'ဟု ပြော သည်။ ကွန်ချီတာ ဆက်ရိုက်သည်။ ညည်းတွားသံများနှင့်ရောပြီး ဂျော့ တိုးတိုး ပြောသည်။

"လွတ်သွားတယ်၊ တောထဲမှာ၊ ဆက်ရိုက်လေ"

ကွန်ချီတာ နောက်တစ်ချက် မျက်နှာကို ထပ်ရိုက်သည်။ ဂျော့၏ပါးစပ် မှ သွေးတွေစီးကျလာသည်။ သည်တော့မှ ကွန်ချီတာက အားရသွားသလို ရပ်လိုက်သည်။ အစောင့်က ဂျော့၏ လက်မောင်းကို ပြန်ဆွဲရင်း ကွန်ချီတာကို ကြည့်ပြီး

"ကျေနပ်ပြီလား၊ ကျန်တာ တို့ ကြည့်ရှင်းလိုက်ပါမယ်ကွာ၊ မင်း တို့ကို ဆုချရမယ်နော်၊ ဒီကိစ္စပြီးရင် ကိုယ်အားပါတယ်၊ မင်း ဘယ်မှာနေလဲဟင်"

ကွန်ချီတာ ဘာမှ နားမထောင်တော့။ လူအုပ်ကြီးထဲသို့ တိုးဝင်ပျောက် ကွယ်မသွားမီ ဂျော့နှင့် မျက်လုံးချင်း တစ်ချက်ဆုံသည်။ ကွန်ချီတာမျက်ဝန်း ထဲတွင် မျက်ရည်တွေပြည့်လျှက်။

*

ရော့စ်ပါရီကို သူတို့ တောလမ်းအတိုင်း ခေါ်လာကြသည်။ အားပြတ်နေပြီ မို့ ရော့စ် မကြာခဏ လဲကျသွားတတ်သည်။ လဲကျသွားတိုင်း လှံစွပ်ဖြင့် အထောက်ခံရသည်။ လမ်းလျှောက်ရင်း ရော့စ် အိပ်ပျော်သည့်အခါ ပျော်သွား သည်။ သူ့မြင်းကို သူတို့သတ်ပစ်လိုက်ကြသည်မှာ တစ်ပတ်ရှိပြီ။ တစ်ပတ်

အတွင်း ငါးမိနစ်မျှနားချိန်မရခဲ့။

နောက်မှ လိုက်လာသူတွေကို လွတ်အောင် တောထဲတွင် လှည့်ပတ်ပြေးနေခဲ့သည်။ ရိက္ခာပြတ်သွားသည်မှာ သုံးရက်ရှိပြီ။ နောက်ဆုံး ကာဘိုင်သေနတ်ကပါ အသုံးမကျတော့သည့် ပစ္စည်းတစ်ခုအဖြစ် လွှင့်ပစ်ခဲ့သည်။

သူ့ကို လုံးဝအားမစိုက်ရဘဲ သူတို့ မိသွားခြင်းဖြစ်၏။ အာဟာရပြတ်ပြီး တောထဲတွင် သတိလစ်ကာ လဲနေတုန်း အသာကလေး ဖမ်းလိုက်ကြခြင်းဖြစ်သည်။

ဒီကောင်တွေဟာ သေနေတဲ့လူကိုတောင် နှိုးနိုင်မလား မသိဘူးဟု ရှော့စ် နာနာကြည်းကြည်း တွေးလိုက်မိသည်။

တောလမ်းခရီးသည် ဆုံးပါတော့မည်လား အောက်မေ့ရလောက်အောင် ရှည်လျားလှပါကလား။ တစ်နေရာတွင် မြေကြီးပေါ်သို့ မျက်နှာမှောက်ပြီး အရုပ်ကြိုးပြတ် လဲကျသွားတော့၏။ အားရပါးရ ရိုက်နှက်ပြီး သူ့ကို ထခိုင်းနေကြသည်။ ထိုစဉ် သေနတ်သံကြားလိုက်ရသည်။ သူတို့တစ်တွေ အနားမှ ပျောက်ကွယ်သွားကြသည် ထင်လိုက်၏။

ဘေးဘီသို့ ခေါင်းငဲ့ကြည့်သည်။ အနားတွင် အတုံးအရုံးလဲကျနေသည့် စပိန်စစ်သားများ။

သူ့ဦးခေါင်းကို တစ်စုံတစ်ယောက်က ညင်ညင်သာသာကိုင်ပြီး ပွေ့နေကြောင်း ရှော့စ် သိလိုက်၏။ တစ်ဖက်စောင်းပြီး မျက်လုံးဖွင့်ကြည့်လိုက်သည်။ သူ့မျက်နှာပေါ်သို့ အညိုရောင်ဆံပင်တွေ ဝဲကျလာသည်။ အပူပိုင်းဇုန်သမုဒ္ဒရာရေမြေကဲ့သို့ စိမ်းနေသည့် မျက်လုံးအစုံကို မြင်လိုက်ရသည်။

"အစ်ကို... ဩော် အစ်ကိုရယ်... ကွန်ချီတာ ဘာမှမပြောတတ်တော့ဘူးကွယ်"

သူ့ဦးခေါင်းကို ရင်ခွင်တွင်ပိုက်ပြီး နှုတ်ခမ်းအစုံကို ကွန်ချီတာ နမ်းသည်။ ပတ်ပတ်လည်မှ လူမည်းတို့၏မျက်နှာများမှာ ပြုံးလျက်။ ရှော့စ် အားယူပြီး အသံထွက်သည်။

"ကွန်ချီတာ... ကွန်ချီတာကလေးရယ်"

သည်မျှသာပြောနိုင်ပြီး ရှော့စ် လုံးဝသတိလစ်သွားတော့၏။ အားကောင်းမောင်းသန်သည့် လက်ကြီးများဖြင့် သူ့ကိုသယ်ယူသွားကြ၏။ ကွန်ချီတာ၏မျက်နှာမှာ ပြုံးလို့၊ တစ်ပြိုင်တည်းတွင် မျက်ရည်တွေ တသွင်သွင်ကျလျက်။

"ကွန်ချီတာ မိုက်မဲမှုကြောင့် အစ်ကို ခုလိုဖြစ်ရတာ၊ အခု အစ်ကို့ကို ပြန်ရပြီ၊ အစ်ကို့ကို ကွန်ချီတာ ကာကွယ်မယ်"



ကွန့်ချီတာက ရှော့စ်၏လက်ကိုကိုင်ရင်း နံဘေးမှ တတွတ်တွတ် ပြောလိုက်လာသည်။

"ဒီတစ်ခါ အစ်ကိုနဲ့ မခွဲတော့ပါဘူး အစ်ကိုရယ်နော်၊ ဘယ်တော့မှ မခွဲတော့ပါဘူး"

လူမည်းတစ်သိုက် ရှော့စ်ကို အတန်ဝေးသည့်နေရာသို့ သယ်သွားပြီး မြင်းပေါ်တင်သည်။ မြင်းတစ်ကောင်ပေါ်သို့ ကန့်လန့်ဖြတ် တင်လိုက်သည်ကိုတော့ ရှော့စ် သိလိုက်သလိုလိုရှိ၏။ သို့သော် ချက်ချင်းမှောင်အတိကျသွားပြန်၏။

သတိရလာတော့ တဲငယ်တစ်လုံးထဲ ရောက်နေပြီ။ ကွန်ချီတာက သူ့မျက်နှာကို ရေဖတ်တိုက်ပေးနေ၏။ တံပြင်ဘက် မီးဖိုဆီမှ ဟင်းနံ့ကျွေးနံ့တွေကို သတိထားလိုက်မိ၏။

ကွန်ချီတာက ဝမ်းသာအားရ ရှော့စ်ကို ငုံ့ပြီးနမ်းသည်။

"အစ်ကို သတိရပြီနော်၊ ပိန်သွားလိုက်တာ အစ်ကိုရယ်၊ အားလုံးကွန်ချီတာ့အပြစ်ပါ အစ်ကို။ အစ်ကို အစာငတ် ရေငတ် ဖြစ်နေရတာလည်းကွန်ချီတာ့အပြစ်ပဲ။ အစ်ကို့ကို ကျူးဘားတောထဲမှာ အသက်ရှင် ကျန်နေနိုင်ဖို့သင်မပေးမိတာလည်း ကွန်ချီတာ့အပြစ်ပဲ။ လူတစ်ယောက်ဟာ ဒီတောထဲမှာ အုန်းသီးတစ်မျိုးတည်းနဲ့ အသက်ရှင်နိုင်တယ် အစ်ကို"

"ငှက်ပျောသီးတွေ အစ်ကိုစားပါတယ်၊ ကြာတော့ မစားချင်တော့ဘူး"

ကွန်ချီတာက ခပ်လောလောနမ်းပြီး တံခါးဝသို့ ပြေးထွက်သွားသည်။ ခဏကြာတော့ အစ်ဇဘယ်လာနှင့်အတူ ပြန်ဝင်လာသည်။ အသားပြုတ်ကြော်တွေနှင့် သစ်သီးမျိုးစုံ ယူလာသည်။ အရည်သောက်အုန်းသီးကို ထိပ်ဖွင့်လျက်သား ယူလာ၏။

ပြုတ်ကြော်ကို ဝေ်ဝေ်နှင့် အားရပါးရ လွေးသည်။ ဒီလိုအရသာမျိုး တစ်ခါမျှ မစားဖူးခဲ့။ ခံတွင်းတွေ့လှ၏။ တက်တက်ပြောင်အောင်စားပြီးမှ ကွန်ချီတာကို မေးသည်။

"ဘာသားလဲဟင်"

"ကြွက်သားလေ အစ်ကို၊ မကောင်းဘူးလားဟင်"

ရှော့စ် တစ်ချက်ပျို့တက်လာသည်။ ပြီးမှ ရယ်ပြီး

"ကောင်းပါတယ်၊ သိပ်ကောင်းတာပဲ"

ပြောပြောဆိုဆို အသီးအနှံတွေကို ဆက်စားသည်။ စားနေရင်း အိပ်ပျော်

သွားတော့၏။ စားပွဲကြမ်းပေါ်တွင် မျက်နှာမှောက်လျက်။ အမျိုးသားနှစ်ယောက်ကို ကွန်ချီတာ ခေါ်လိုက်သည်။ ရော့စ်ကို အသာမပြီး ကောက်ရိုးထူထူခင်းထားသည့် ကြမ်းပြင်ပေါ်သို့ ရွှေ့စေ၏။ သူတို့နှစ်ယောက် ပြုံးပြီးပြန်ထွက်သွားကြ၏။

သူတို့ထွက်သွားသည်နှင့် ကွန်ချီတာ ဖိနပ်နှင့် အပေါ်အင်္ကျီကိုချွတ်ပြီး ရော့စ်၏နံဘေးတွင် လှဲလိုက်သည်။ မုတ်ဆိတ်မွေးတွေ ထူထပ်စွာပေါက်နေသည့် သူ့ဦးခေါင်းအောက်သို့ လက်မောင်းလျှိုသွင်းလိုက်သည်။ အလွန်ညင်သာစွာဖြင့် တစ်ညလုံး သည်အနေအထားအတိုင်း ပွေ့ထားပြီး ချစ်သူကို အိပ်စေသည်။

မနက်စောစောထပြီး စမ်းချောင်းထဲတွင် ရေဆင်းချိုးသည်။ တဲထဲပြန်ရောက်တော့ ရော့စ် နိုးနေပြီ။ သည်တစ်ခါ တကယ်နိုးခြင်း။

နံဘေးတွင် ဒူးထောက်ထိုင်ချပြီး ဖွဖွကလေး ငုံ့နမ်းလိုက်သည်။ သူ့မျက်နှာကို လက်နှစ်ဖက်နှင့်ကိုင်ထားပြီး စိုက်ကြည့်လျက်။

"အစ်ကို"

ရော့စ် ပြုံးပြပြီး

"အစ်ကိုတို့ သွားမှဖြစ်မယ် ကွန်ချီတာ၊ အစ်ကို့မှာ ပိုက်ဆံရှိပါသေးတယ် တံငါလှေတစ်စင်းငှားပြီး ခိုးထုတ်ခိုင်းရမှာပဲ၊ ဖလော်ရီဒါကိုလေ"

"သွားလို့မဖြစ်သေးဘူး အစ်ကို၊ သူတို့မသတ်သေးတဲ့ အမေရိကန်တွေ ရှိသေးတယ်လေ၊ သူတို့ကို ကယ်ရဦးမှာပေါ့။ မနေ့က ဗိုလ်မှူးကြီး ခရစ္စကဒ်နဲ့ ရဲဘော် ၄၅ ယောက်ကို ပစ်သတ်လိုက်ပြန်ပြီ။ ဒါပေမဲ့ နောက်ထပ် သူတို့ မသတ်ရဲတော့ဘူးထင်တယ် အစ်ကို၊ အမေရိကန် ကောင်စစ်ဝန်က ဒီလာကွန်ချာကို ရာဇသံပေးလိုက်ပြီတဲ့၊ နောက်ထပ်သတ်ရင် စပိန်ကို စစ်ကြေညာ မယ်ဆိုပြီးတော့လေ။ ဒီတော့ သူတို့ကို ထောင်ထဲမှာပဲ ဆက်ထည့်ထားလိမ့်မယ်၊ အဲဒါက ပိုဆိုးမှာ။ ပစ်သတ်လိုက်တာကမှ တော်ဦးမယ်"

"ဟုတ်လား"

"အစ်ကို့သူငယ်ချင်း ဂျော့နဲ့ ဟင်နရီမက်ကာဖီတို့လည်း ထောင်ထဲမှာ အစ်ကို့ကိုကယ်ဖို့ ဂျော့ဆီက သဲလွန်စခဲ့တာလေ။ နောက်တစ်ခု အစ်ကို့ကို ပြောစရာရှိသေးတယ်။ ခုထိ သူတို့အသက်ရှင်နေသေးတယ်တဲ့။ ကိုစတာ့တပ်ထဲမှာ"

"အမာရွတ်တွေနဲ့ ပတ်သက်တဲ့ ကိုစတာလား"

ရော့စ်က ဖြတ်မေးလိုက်သည်။



"ဟုတ်တယ် အစ်ကို"

"ဒါဆို ပြန်လို့မဖြစ်သေးဘူးပေါ့"

"ဟုတ်တယ် အစ်ကို၊ ကိစ္စအားလုံးပြီးမှ အမေရိကကို ပြန်ကြတာပေါ့၊ အသက်မသေရင်ပေါ့လေ"

"အင်း မသေရင်ပေါ့၊ ဒါထက် ကွန်ချီတာ"

"ပြောလေ အစ်ကို"

"ညက မင်း ဒီမှာနော်၊ ဟုတ်လား"

"ဟုတ်တယ်လေ၊ ဟောဒီအိပ်ရာထဲမှာပဲ၊ ဒါပေမဲ့ အစ်ကို အိပ်ရေးဝဖို့ သိပ်လိုနေလို့ ကွန်ချီတာ မနှောင့်ယှက်ဘူးလေ"

ကွန်ချီတာက ပြုံးပြုံးကလေး ပြောသည်။

"အလကား အိပ်ပစ်လိုက်မိတယ်ကွာ၊ အစ်ကို စိတ်မကောင်းပါဘူး"

"အို အစ်ကိုကလည်း၊ ညတွေ အများကြီးရှိပါတယ်ကွယ်၊ ကဲ ထတော့"

ရော့စ်က ကွန်ချီတာ့ကို လှမ်းကြည့်သည်။ သူ့မျက်လုံးပြာများတွင် အရောင်တစ်မျိုး လက်နေသည်။

"ကွန်ချီတာရယ် လာပါဦးကွယ်"

ကွန်ချီတာက ရယ်ပြီး

"ဟင့်အင်း"

"ဘာပြုလို့"

"အစ်ကိုနဲ့ ကွန်ချီတာ ဟာဗားနာကို သွားရမယ်"

"ဟာဗားနာကို ဟုတ်လား"

"ဟုတ်တယ်အစ်ကို၊ အန္တရာယ်တော့ များတာပေါ့။ ဒါပေမဲ့ ဒါလောက်မဟုတ်ပါဘူး၊ အစ်ကိုမုတ်ဆိတ်ကြီးကို ရိတ်ပစ်လိုက်၊ အမျိုးသမီးတွေက အစ်ကို့အသားရောင်ကို သူတို့နဲ့တူအောင် ဆေးဆိုးပေးလိမ့်မယ်၊ ဆံပင်ကိုလည်း အရောင်ပြောင်းပေးလိမ့်မယ်၊ ပြီးတာနဲ့ သွားကြမယ်"

"နေပါဦး ကွန်ချီတာ၊ ဘာအတွက်သွားကြမှာလဲ"

"သတင်းရဖို့လေ၊ ဒီနေ့ ဗိုလ်ချုပ်လိုပက်ဇ်ကို ရုံးထုတ်မယ်တဲ့၊ ကျန်တဲ့ အမေရိကန်တွေကို သူတို့သတ် မသတ် သိဖို့လိုတယ်လေ၊ သူတို့သတ်မယ်ဆိုရင် ဖလော်ရီဒါကို အမြန်ဆုံးပြန်ပြီး စပိန်ကိုစစ်တိုက်ဖို့ လှုံ့ဆော်ရမယ်။ အဲဒီနည်းနဲ့ ကျူးဘားဟာ စပိန်လက်အောက်က လွတ်မြောက်စေရမယ်"

ရော့စ် ပြုံးလိုက်သည်။ အံ့သြစရာ ကောင်းလောက်အောင် အားတွေ

အင်တွေ တိုးလာသည်ထင်ရ၏။ မယုံနိုင်စရာပင်။

"ကောင်းပါပြီဗျာ၊ ကဲ မင်း ကိုယ့်ကို ဆေးဆိုးဖို့လုပ်ငန်း စတော့"

"နေဦး၊ အမျိုးသမီးတွေကို ခေါ်လိုက်မယ်"

"ဟာ မဟုတ်တာ၊ တစ်ကိုယ်လုံး လုပ်ရမှာ မဟုတ်လား။ မျက်နှာနဲ့ ခြေတွေ လက်တွေလောက်ဆို အကြောင်းမဟုတ်ဘူး"

"ဒါဖြင့် ကွန်ချီတာကိုယ်တိုင် လုပ်ပေးမယ်၊ တစ်ကိုယ်လုံးဆိုးရမှာ။ အဝတ်က အစုတ်အပြဲတွေ ဝတ်သွားရမှာလေ။ စပိန်ကောင်တွေ လုံးဝ မရိပ်မိအောင် စုတ်စုတ်စပ်စပ် ရုပ်ဖျက်ရမှာ အစ်ကိုရဲ့"

"ဒါပေမဲ့ ကွန်ချီတာ"

"အို လာပါ၊ ချောင်းထဲကို အတူတူ ရေဆင်းချိုးမယ်၊ ပြီးတော့ တစ်ယောက်ကိုတစ်ယောက် ဆေးလိမ်းပေးကြမယ်။ ဘယ်လောက်ပျော်စရာ ကောင်းလဲ"ဗ

အင်း ပျော်စရာ ကောင်းလောက်ပါရဲ့ဟု ရော့စ်စိတ်ထဲ တွေးလိုက်မိသည်။ ရေချိုးပြီး တဲထဲသို့ သူတို့ပြန်လာခဲ့ကြသည်။ အစ်ဇာဘယ်လာက အိုးတစ်အိုး ယူလာပေးသည်။ အိုးထဲတွင် အရည်ညိုညိုပျစ်ပျစ်တွေ။ အဝတ်တွေချွတ်လိုက်ကြပြီး တစ်ယောက်ကိုတစ်ယောက် ပျစ်ချွဲချွဲအရည်တွေကို သုတ်လိမ်းပေးကြသည်။

ကလေးတွေလို ပျော်နေကြ၏။ တစ်ယောက်ကိုတစ်ယောက် စကြ၊ ကျီစယ်ကြ၊ ရယ်ကြနှင့်။ နံနက်ခင်း နေရောင်ခြည်သည် ဝါးထရံပေါက်များမှ တဲထဲသို့ ဖြာဝင်နေသည်။

အရာတိုင်းသည် အပြစ်ကင်းစင်နေ၏။ ရိုးသား သန့်ရှင်းနေ၏။ ဖြူစင်မွန်မြတ်နေ၏။ သည်လိုဖြစ်တောင့်ဖြစ်ခဲ တဒင်္ဂမျိုး။ ရတောင့်ရခဲ အခွင့်အရေးမျိုးကို ရော့စ် မဖျက်ဆီးရက်တော့။

သို့ဖြင့် သူ ဝတ်သွားရမည့်အဝတ်အစား စုတ်စုတ်ပြတ်ပြတ်တွေကို ကောက်ဝတ်မည်ပြုသည်။

"ဟင့်အင်း နေဦးလေ"

ရော့စ်က သူ့ဘက်သို့ပြန်လှည့်ပြီး

"ဒါဖြင့်"ဟု ဆိုကာ လှမ်းဖက်သည်။

"အို ဒါလည်းမဖြစ်ဘူး အစ်ကို ဆေးတွေမခြောက်သေးဘူးလေ၊ ပျက်ကုန်မယ်။ အဝတ် ဝတ်ရင်လည်းပေကုန်မှာပေါ့။ စိတ်ထိန်းပါ အစ်ကိုရယ်၊ ညကျရင်



လေ ဖိုးလမင်းကြီး ဟောဒီလောက်ကြီးသာမှာ သိလား။ အစ်ကို တစ်ညလုံး မအိပ်ရဘူးနော်"

"အစ်ကို ဘယ်တော့မှ အိပ်ချင်တော့မှာ မဟုတ်ဘူး ကွန်ချီတာ"

*

မိုရိုရဲတိုက်ကြီးနှင့် မျက်နှာချင်းဆိုင် ကွက်လပ်ထဲသို့ စပိန်စစ်သားတစ်သိုက် ဗိုလ်ချုပ်လိုပက်ဇ်ကို ဆွဲထုတ်လာသည်။ ရော့စ်နှင့် ကွန်ချီတာတို့ မျက်တောင်မခတ် ကြည့်နေကြသည်။ ကြည့်ချင် မြင်ချင်စရာ ကောင်းသည့် ရှုခင်းမျိုးတော့ မဟုတ်။ ဗိုလ်ချုပ်လိုပက်ဇ်သည် သူ့ရဲကောင်းဆန်ဆန် အသေခံသွားသည်။

ထိုညတွင် လရောင်သည် ထူးထူးခြားခြား ရွှန်းမြနေသည်။ တစ်လောကလုံး လှနေ၏။ ဝါးရုံရွက်တို့ပင် ငွေရောင်အဆင်း ဆောင်နေကြသည်။ သူတို့ တဲကလေးသည်လည်း လရောင်တွင် ကျက်သရေရှိနေ၏။

ပီဒရို၏ဂီတသံသည် ညဥ့်လွှာရုံထဲတွင် သာယာနာပျော်ဖွယ် လွင့်ပျံ့နေသည်။

ရော့စ်၏ရင်ခွင်တွင် မှေးစင်းပြီး ကွန်ချီတာ နားထောင်နေ၏။ လည်တိုင်နားတွင် မျက်နှာကိုအပ်လျက်။ သို့သော် ရော့စ် တုတ်တုတ်မျှမလှုပ်။ ရင်ခုန်သံမြန်လာခြင်းမရှိ။ ငှက်ပျောတုံးလို အေးစက်ငြိမ်သက်နေ၏။ ကွန်ချီတာက တိုးတိုးလေး မေးလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ အစ်ကိုရယ်"

"မသိဘူး ကွန်ချီတာ၊ ဒီနေ့မြင်ရတဲ့ အနိဋ္ဌာရုံမြင်ကွင်းကြောင့်လား မသိဘူး၊ ဒုက္ခပါပဲ ကွန်ချီတာရယ်"

"ဖြစ်ရလေ အစ်ကိုရယ်၊ ဘယ်လောက်နှမြောစရာကောင်းတဲ့ညလဲ။ ပြီးတော့ အစ်ကိုနဲ့ ကွန်ချီတာ အကြာကြီး ကွဲနေကြတာလေ၊ ဒါပေမဲ့ စိတ်မပျက်နဲ့အစ်ကို။ လာ အပြင်သွားပြီး ပီဒရိုကို သီချင်းဆိုခိုင်းရအောင်"

ကောက်ရိုးဖျာပေါ်မှ သူတို့နှစ်ယောက် ထလိုက်ကြသည်။ တဲအပြင်သို့ ထွက်ပြီး တစ်ယောက်တည်း ဂီတာ တီးနေသည့် ပီဒရိုထံသို့ လျှောက်သွားကြသည်။ သူတို့စုံတွဲကို ပီဒရို ပြုံးပြီးကြိုဆိုသည်။ လရောင်တွင် သူ့သွားတွေ အဖွေးသားလက်သွားသည်။

"တီးလေ ပီဒရို၊ ကွန်ချီတာတို့အတွက် ပျော်စရာလေး တစ်ပုဒ်လောက် တီးစမ်းပါ"

ကွန်ချီတာက တောင်းဆိုလိုက်သည်။ ပီဒရို၏ ပိန်ရှည်ရှည်လက်ချောင်းများသည် ဂီတာကြိုးများပေါ်တွင် မထိတထိစတင်လှုပ်ရှားသည်။ တဖြည်းဖြည်းချင်း အရှိန်မြင့်တက်လာ၏။ ရော့စ် မျက်မှောင်ကုတ်ပြီး နားထောင်နေသည်။ ပီဒရိုသည် ဂီတာကို ပိုင်ပိုင်နိုင်နိုင် တီးနိုင်သူတစ်ယောက်ပါလား။ ရော့စ်နှင့် ကွန်ချီတာ သူ့နံဘေးမှ သစ်လုံးပေါ်တွင် ယှဉ်ထိုင်လိုက်ကြသည်။ ကွန်ချီတာက ရော့စ်၏ကိုယ်ပေါ်သို့ မှီနွဲ့လျက်။ တေးသွားမှာ နားထောင်လို့ ကောင်းလှသည့် ကျူးဘားရိုးရာဂီတသံဖြင့် မြူးကြွနေသည့် တေးသွားမျိုး။ ရော့စ်၏ရင်ထဲတွင် လှိုင်းထလျက်ရှိသည်။ တစ်စုံတစ်ခုက သူ့ကိုလှုပ်နှိုးနေဘိသို့ရှိ၏။ နောက်တစ်ပိုဒ် ပြန်အကျော့ကို စောင့်နေသည်။ သို့သော် ပီဒရိုက တစ်ကျော့မပြန်တော့။

ရော့စ်၏အာရုံတွင် ဂီတသင်္ကေတလေးများ စတင်လှုပ်ရှားလာသည်။ တဖြည်းဖြည်းနှင့် မြူးကြွလှုပ်ရှားလာသည်။ ရင်ထဲတွင် ပြင်းပြင်းထန်ထန် လှုပ်ရှားနေသည်။ လိုချင်သည့်သင်္ကေတများကို ရှာဖွေရင်း သံစဉ်ကိုလိုက်ညည်းနေ၏။ ဟုတ်ပြီ။

ကွန်ချီတာအတွက် စပ်ချင်နေသည့် သီချင်း။ ခေါင်းထဲ လျှပ်စီးအဆက်ဆက် လက်သလို အသံတွေ ဆက်တိုက်ရလာသည်။

"ကွန်ချီတာ ကိုယ့်အတွက် ရေးစရာတစ်ခုခုရှာပေးစမ်းပါ"

"အို အစ်ကိုကလည်း ဘယ်မှာရေးစရာရှိမှာလဲ၊ အလောသုံးဆယ် ဘာတွေ စိတ်ကူးရလို့ ဘာတွေရေးမှာလဲ"

ရော့စ်က ဘာမျှပြန်မပြောဘဲ လမ်းဘေး မီးဖိုအဟောင်းတစ်ခုထဲမှ မီးသွေးတစ်ခဲ ကောက်ယူသည်။ ပြီးတော့ သစ်ပင်တစ်ပင်အရင်းမှ အခေါက်ပျော့ပျော့ကို ဓားဖြင့်ခွာသည်။ သစ်ခေါက်ပေါ်တွင် မီးသွေးခဲဖြင့် မျဉ်းငါးကြောင်း ဆွဲသည်။ ထို့နောက် သံစဉ်ကို ညည်းကာညည်းကာဖြင့် ပဲပင်ပေါက်သင်္ကေတများကို ချရေးတော့သည်။ စိတ်တိုင်းမကျသည့်အခါ အင်္ကျီစဖြင့် ပွတ်ဖျက်ပြီး ပြန်ရေးသည်။ ကွန်ချီတာက သူ့ပခုံးကိုမှီပြီး တအံ့တဩ စောင်းကြည့်နေသည်။ ရေးပြီးသွားတော့ သေသေချာချာ တစ်ခေါက်ပြန်ကြည့်သည်။ စိတ်ကျေနပ်မှ ပီဒရိုဆီသို့ ကမ်းပေးရင်း

"ကဲ တီးစမ်း ပီဒရို"

ပီဒရိုက လရောင်ရေးရေးတွင် ကမ္ဘာသုံးသင်္ကေတများကို အကြောင်သား



ကြည့်နေသည်။ ပြီးမှ ဝမ်းနည်းသံဖြင့်

"ကျွန်တော် မဖတ်နိုင်ပါဘူး ဆရာ"

ကွန်ချီတာက သစ်ခေါက်ကို လှမ်းယူပြီး လရောင်တွင် ထောင်ကြည့်နေသည်။ ပြီးတော့ ဝမ်းသာအားရ ပြောသည်။

"ကွန်ချီတာ ဖတ်နိုင်တယ်၊ အို သိပ်လှတဲ့ တေးသွားပဲ"

ရော့စ်က အရောင်လက်နေသည့် မျက်လုံးများဖြင့်

"အဲဒါ မင်းပဲ ကွန်ချီတာ၊ မင်းအတွက် ရေးတာပဲ၊ ကွန်ချီတာလို့ပဲ ဒီတေးကို နာမည်ပေးရမယ်"

ကွန်ချီတာ ဝမ်းသာအားရ အော်ပြောသည်။

"ပီဒရို ပီဒရို သေသေချာချာ နားထောင်စမ်း"

ဂီတသင်္ကေတတွေကို ကွန်ချီတာ အသံထွက်ဆိုပြသည်။ သူ့အသံမှာ အလွန်ကြည်လင်သည့် ပလွေကဲ့သို့ သာယာလှသည်။ ကြေးငှက်သာရကာတို့၏အသံမှာ ငြိမ့်ညောင်းသည်။ စမ်းရေစီးသံကဲ့သို့လည်း အေးမြသည်။ ကွန်ချီတာသည် တစ်ပုဒ်လုံး အထစ်အငေါ့မရှိ ဆိုသွားသည်။ နောက်ဆုံးပိုဒ်တွင် စီထွက်လာပြီး ရုတ်ခြည်း ရပ်သွားသည်။

"ကဲ ပီဒရို၊ ရပြီမဟုတ်လား၊ တီးတော့"

"မလွယ်ဘူးထင်တယ် မမလေး"

ပီဒရို စိတ်ပျက်သံနှင့် ပြောသည်။

"အို ဘာလို့ မလွယ်ရမှာလဲ၊ တီးစမ်းပါ၊ ကဲ ကွန်ချီတာ အသံပြပေးမယ်၊ သေသေချာချာ မှတ်စမ်း"

ကွန်ချီတာက လာ လာ လာနှင့် အသံပြပေးသည်။ ပီဒရိုက နားဖြင့် ဖြည်းဖြည်းချင်းမှတ်ရင်း လိုက်တီးသည်။ သနားစရာကောင်းလောက်အောင် ပင်ပန်းကြီးစွာ ကြိုးစားနေရပုံ၊ သူ့မျက်နှာ မည်းမည်းကြီးတွင် ချွေးများပင် ပြန်လာသည်။

တဖြည်းဖြည်းပီသလာသည်။ အကြိမ်ကြိမ် လေ့ကျင့်သည့်အခါ ပီဒရို ကောင်းကောင်းတီးနိုင်လာသည်။ ဂီတ သံစဉ်တွင် အပူရှိန်ကို ခံစားရသည်။ ကွင်လယ်ပြင်မှ လေလှိုင်းတို့ကိုလည်း မြင်ရ၏။ ပိုးဇာပင်တွေ လေတိုးသံကိုလည်း ကြားရ၏။ တောပန်းပေါင်းစုံတို့၏ မွှေးရနံ့ကို ခံစားရသည်။ ပူလောင်ပြင်းပြသည့် ကျူးဘားနေရောင်ခြည်ကို အဓိကပေါ်လွင် စေသည့် တေးသွား။

ကွန်ချီတာ ကလေးတစ်ယောက်လို မြူးကြွနေရာမှ သစ်တုံးပေါ်က

ခုန်ဆင်းလိုက်ပြီး လုလုပပ က,တော့၏။ သူ့စကတ်မှာ လေထဲတွင် ဝဲနေသည်။ လုပသည့် သလုံးသားများသည် လရောင်တွင် ဖွေးခနဲ ဖွေးခနဲ ။ မြေပြင်ပေါ်တွင် သူ ကနေပုံမှာ သူ့ကိုယ်တွင် အလေးချိန်မရှိတော့သည့်နှယ်။ ခြေချောင်းကလေးများ ထောက်ကာ ထောက်ကာနှင့် ဆံပင်နှင့် လက်တွေက လေထဲတွင် မီးလျှံတွေလို လှုပ်ရှားလျက်။ တစ်ခါတုန်းက သူ ကချေသည်တစ်ယောက်ဖြစ်ကြောင်း ပြောဖူးသည်ကို အမှတ်ရမိ၏။ ခုမှ မျက်မြင်ကိုယ်တွေ့ ကြုံရတော့သည်။

မော်ဂင် ကသလိုမဟုတ်။ လုံးဝမတူ။ မော်ဂင် ကပုံက မြူဆွယ်ဖြားယောင်းမှုမှတစ်ပါး အခြားဘာမျှမပါ။

ကွန်ချီတာသည် အကထဲတွင် နစ်မျောနေဟန်ရှိ၏။ ကောင်းကင်သို့ ပျံတက်တော့မည့် ငှက်မကလေးတစ်ကောင်နှင့်လည်း တူနေ၏။ လွင့်ဝဲနေသည့် ချည်ကြမ်းစကတ်ပင်လျှင် ပို၍လှနေသလို ထင်ရ၏။ အာရဗီပုံပြင်ထဲက ကချေသည်နှင့်လည်း တူသလိုလို။ သူ့ကိုယ်နေဟန် လှုပ်ရှားမှုတိုင်းတွင် ရော့စ် ရင်ခုန်လာ၏။ သူ့မျက်နှာအမူအရာမှာ တစ်စုံတစ်ရာ ပြင်းပြစွာခံစားနေရသလို မျက်ခုံးကလေးများ ညွှတ်လျက်။

ဂီတာသံနှင့်အကမှာ ခွဲခြားမရအောင် ရောထွေးသွားသည်။

ပီဒရိုက သွားတွေ အဖွေးသားပေါ်အောင်ပြုံးပြီး စိတ်ပါလက်ပါ၊ ကျော့ကာ ကျော့ကာ တီးနေသည်။ ရော့စ်က သစ်တုံးပေါ်တွင်ထိုင်ကာ ကွန်ချီတာ ကနေသည်ကို မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။ သည်အလှတရားတွေသည် သူ့ကိုယ်တွင်းသို့ ဖောက်ထွင်းဝင်ရောက်နေဘိသို့ ရှိ၏။

နောက်ဆုံးတွင် ဘဲလေး စင်မြင့်ပေါ်က ဟန်အတိုင်း ပရိသတ်ဘက်ကို လှည့်ကာ လုလုပပ ဦးညွှတ်ပြီး ရော့စ်၏ရင်ခွင်ထဲသို့ ပြေးဝင်လိုက်သည်။

ရော့စ် ဆီးပွေ့သည်။ ပျော်လွန်းသဖြင့် ကွန်ချီတာသည် ချစ်သူ့ရင်ခွင်တွင် ပါးအပ်ကာ တရှိုက်မက်မက် ငိုကြွေးလေသည်။

“မင်္ဂလာညပါ ပီဒရို၊ ကျေးဇူးအများကြီး တင်ပါတယ်ကွာ”

ရော့စ်က ပီဒရိုကို နှုတ်ဆက်သည်။

“ဆရာနဲ့ မမလေးတို့ကို ဘုရားသခင်က သားယောကျ်ားလေး ပေးသနားပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်ဗျာ”

တဲတံခါးကို ပခုံးနှင့်တွန်းဝင်လိုက်သည်။ လက်တစ်ဖက်က ကွန်ချီတာ့ခါးကိုပွေ့လျက်။ တဲထဲတွင်မှောင်နေသည်။ ကွန်ချီတာ မွတ်မွတ်သိပ်သိပ်နမ်းရင်း ရင်တလှပ်လှပ်ခုန်ပြီး ပျော်နေသည်။ ချစ်သူ့ရင်ခုန်သံနှင့် အပူငွေ့ကို ခံစားလိုက်



မိပြီ မဟုတ်လား။

“ကွဲနေတဲ့ရက်တွေအတွက်ရော၊ မနက်ဖြန်အတွက်ရော၊ တစ်သက်လုံးအတွက်ပါနမ်း အစ်ကိုရယ်၊ နော် အစ်ကို”

ပီဒရိုက ဂီတာကိုထမ်းပြီး တဲကလေးနံဘေးမှ ဖြတ်လျှောက်သွားသည်။ ကွက်လပ်တစ်နေရာအရောက်တွင် မြေကြီးပေါ်တွင် ပယ်ပယ်နယ်နယ်ထိုင်ပြီး ကွန်ချီတာတေးသွားကို စိတ်ပါလက်ပါ ထိုင်တီးနေပြန်သည်။ တီးရင်းတီးရင်း လက်တွေ့လာသည်။ လမိုင်းကပ်လာသည်။ ပင်ကိုသံထဲကို အဆာတွေထည့်ပြီး တီးနိုင်လာသည်။ ပီဒရို တစ်ညလုံး မအိပ်မနေတီးသည်။

တစ်ညလုံး သူတို့နှစ်ယောက် ပီဒရိုဂီတာသံကို ကြားနေရသည်။ နှစ်ယောက်စလုံး ရင်ထဲမှ သူ့ကို ကျေးဇူးတင်နေကြ၏။

*

အခက်အခဲပေါင်းများစွာနှင့် သူတို့စ,ရသည်။ တဖြည်းဖြည်း အခြေအနေကောင်းလာသည်။ မျိုးချစ်အင်အားစုက သမီးအစ္စကွာဒိုနှင့် အမေရိကန်လူငယ်တို့ ခေါင်းဆောင်သည့် တော်လှန်ရေးသည် အောင်မြင်နိုင်မည်ဟု မျှော်လင့်ခဲ့ကြ၏။ သူတို့စည်းရုံးထားသည့် လူမည်းတပ်ဖွဲ့မှာ ရက်ရက်စက်စက် သတ္တိကောင်းသူတွေဖြစ်၏။

သို့သော် အခြေအနေမှာ မကြာခင် ယိုင်နဲ့လာသည်။ စပိန်တို့က အသားထဲမှလောက်ထွက်သည့် လူမည်းအလိုတော်ရိများကိုမွေးပြီး သူတို့အထဲသို့ ထည့်ထားသည်။ ဤတွင် တိုက်ပွဲတိုင်း ရှုံးတော့၏။

စပိန်ဗိုလ်ချုပ် ကိုစတာက သူ့ညာလက်ရုံး မစ်ဂွယ်ဒီလာ မန်ချာကိုခေါ်ပြီး သူပုန်တို့ကို တောနင်း ချေမှုန်းခိုင်းသည်။ ဒီလာမန်ချာမှာ ရက်စက်သည့်နေရာတွင် ကမ်းကုန်သည်။ အကြောက်တရား၊ အကြင်နာတရား မရှိသူဖြစ်၏။ ဆင်ခြင်တုံတရားလည်း ရှိသူမဟုတ်။ ထိုအချိန်မှစ၍ သူတို့တစ်တွေ ဆက်တိုက်ပြေးနေရသည်။ နားချိန်ဟူ၍ လုံးဝမရှိတော့။ တောကြီးမျက်မည်းထဲတွင် နေ့ညမဟူ တစ်ဆိတ်ကလေးမှ မနားရဘဲ ပြေးရက်တွေ ရှည်ကြာလေတော့ တစ်ယောက်ပြီးတစ်ယောက် ဖုန်းဖုန်းလဲကြတော့သည်။

လဲကျသူကို သယ်ယူဖို့ သူတို့တွင် အင်အားမရှိကြတော့။ သည်အတိုင်းထားခဲ့ကြရသည်။ သည်နေရာကို နောက်တစ်ပတ်ပြန်ရောက်လာလျှင် ရင်ခွဲကာ

ကားစင်တင်ပြီး လင်းတစာကျွေးထားသည်ကို တွေ့ကြရမြဲ။

သူတို့တစ်သိုက် ဆူးချုံထဲတွင် လဲနေကြသည်။ ရော့စ်၊ ကွန်ချီတာ၊ ပီဒရိုနှင့် လူမည်းသုံးယောက်။ နောက်ဆုံးကျန်သည့် ခြောက်ယောက်။ တောင်အောက် ရွာကလေးတွင် ဘုရင်ကျိဘုရားရှိခိုးကျောင်းကလေးကို တောင်ပေါ်မှ စီးမြင်ရသည်။ ကွန်ချီတာက ရော့စ်၏လက်မောင်းကို လှမ်းဆုပ်ပြီး

"ဟိုမှာကြည့်စမ်း အစ်ကို"

"ဘာလဲ ကွန်ချီတာ"

"ကွန်ချီတာနဲ့ အစ်ကိုတို့ အပျော်ကြီး ပျော်ခဲ့ကြပါတယ်နော်၊ ဒါပေမဲ့ အပြစ်ဖြစ်နေတယ် အစ်ကိုရယ်၊ လက်မထပ်ရသေးဘူး မဟုတ်လား။ ကွန်ချီတာ နောင်တ မရပါဘူး။ ဒါပေမဲ့ နှ အစ်ကိုနဲ့ ကွန်ချီတာ သေကြရတော့မယ်၊ အစ်ကို့ဇနီးမယားအဖြစ်နဲ့ သေပါရစေလား အစ်ကို။ ဒါဆို သေပျော်ပြီလေ။ အစ်ကိုရဲ့ ကာမပိုင်အဖြစ်နဲ့ သေချင်တယ်"

"အစ်ကို ဒီလိုဖြစ်စေချင်တာ ကြာပြီပဲ ကွန်ချီတာရယ်"

"ဒါဆို အဲဒီရွာကလေးကို သွားကြရအောင်၊ အဲဒီက ဘုန်းတော်ကြီး အန်တိုနီယိုဖာရာက ဖေဖေ့မိတ်ဆွေဟောင်းကြီးလေ"

"ဖြစ်ပါ့မလား ကွန်ချီတာရယ်၊ ဘုန်းကြီးက လက်ခံပါ့မလား။ အစ်ကိုက ဘာသာမတူဘူးလေ"

"ဘုန်းတော်ကြီး နားလည်မှာပါ အစ်ကိုရယ်၊ ရှင်းပြတာပေါ့၊ အချိန်မရှိတော့ဘူး အစ်ကို၊ ဘာသာပြောင်းတာရော၊ လက်ထပ်ပွဲရော တစ်ပြိုင်တည်း လုပ်ရမှာ"

သူတို့အားလုံး ရွာကလေးဆီသို့ တန်းစီပြီး ဆင်းလာခဲ့ကြသည်။ ဘုန်းတော်ကြီးက သူတို့ကို ကြိုဆိုသည်။ သို့သော် မျက်မှောင်ကုတ်လျက်။ ကွန်ချီတာက ဇိုရင်းကိုပြောပြသည်။

"အစဉ်အလာတော့ မရှိဘူးကွဲ့၊ ဘုန်းကြီးတို့ဘာသာကို သက်ဝင်ယုံကြည်လို့ အပြီးအပိုင်ဝင်လာတယ်ဆိုပါတော့၊ ဘယ်လို အထောက်အထားများ ရှိနိုင်မလဲ"

"သေအံ့ဆဲဆဲ လူတစ်ယောက်ဟာ လိမ်မပြောတော့ပါဘူး ဆရာတော်"

ရော့စ်က ခပ်ပြတ်ပြတ်လေသံဖြင့် ဝင်ပြောသည်။

"ဟုတ်ပါပြီလေ၊ ဒါပေမဲ့ ဒီလိုဘာသာပြောင်းပြီး လက်ထပ်တယ်ဆိုတာမျိုးကို ဘုန်းကြီးရဲ့ အထက်ဂိုဏ်းအုပ်များ သိသွားရင်"



ကွန်ချီတာ စိတ်မရှည်တော့။

"ဘုရားသခင်ရဲ့ အလိုတော်အတိုင်း ဘုန်းကြီးလိုက်နာမလား၊ အထက်ဂိုဏ်းအုပ်များရဲ့ ဩဇာကိုခံမလား။ တပည့်တော်တို့ အပြစ်တွေကျူးလွန်ထားကြတယ်။ ဘုန်းကြီး ငြင်းလိုက်ရင် တပည့်တော်တို့ မသန့်စင်တဲ့ ဒုရိုက်မှုတွေကို မဆေးကျောရစေဲ သေရတော့မယ်၊ တပည့်တော်တို့ရဲ့ ဝိညာဉ်အတွက် ဘုန်းကြီး မစဉ်းစားတော့ဘူးလား၊ ဘုရားရှိခိုးကျောင်းတွေရဲ့ စည်းမျဉ်းဥပဒေတွေက ပိုအရေးကြီးသလား၊ တပည့်တော်တို့ သေရမယ့်အချိန်က နာရီပိုင်းပဲ ကျန်ပါတော့တယ် ဘုရား"

ခင်ကြီးအိုသည် မိန်းကလေးကို စိုက်ကြည့်နေ၏။

"အင်း အောင်ဝင်တာ မဝင်တာ အကြောင်းမဟုတ်တော့ဘူးပေါ့၊ ကောင်းပြီလေ။ ကဲ လာ လူလေးတို့ လုပ်စရာတွေအများကြီးပဲ"

နောက် နာရီဝက်အကြာတွင် ဘုန်းတော်ကြီး၏ ရေဖျန်း သာသနာပြုခြင်းအမှု ပြီးစီးသွားသည်။ ဆုတောင်းခြင်း၊ ပဋိညာဉ်ပြုခြင်းများကို တစ်ဆက်တည်း လုပ်ရသည်။

ကွန်ချီတာက ဝန်ချဝတ်ပြုပြီး အခန်းထဲမှ ထွက်လာသည်။ သူ့မျက်နှာကလေးမှာ နှင်းဆီသွေးရောင် လွှမ်းနေ၏။ ဘုန်းတော်ကြီးရှေ့မှောက်တွင် နှစ်ယောက်သား ဒူးထောက် ထိုင်ချလိုက်သည်။

လက်ထပ်ပွဲအခမ်းအနားစပြီ။ လက်စွပ်လဲရမည့်အဆင့်သို့ အရောက်တွင် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ဘယ်မှာမှ လက်စွပ်မရှိ။

ပီဒရိုက ရှေ့တိုးလာပြီး အိတ်ထဲမှလက်စွပ်တွေ တစ်ဆုပ်ကြီးနှိုက်ပြီး ကြိုက်တာရွေးလေဟု ပြောသည်။ ဘုန်းတော်ကြီးက ပီဒရိုအား နားလည်စွာ ကြည့်နေ၏။ ဘယ်ကရသလဲဟု မေးရန်မလိုပေ။

သတို့သားက သတို့သမီးကိုနမ်းပြီး အခမ်းအနား ရုပ်သိမ်းလိုက်သည်။ ဘုရားရှိခိုးကျောင်းထဲမှ အပြင်သို့ထွက်ခဲ့ကြ၏။ နေပူကျဲကျဲတွင် သူတို့ဆီသို့ ဦးတည်၍ တရကြမ်းစီးလာသည့် မြင်းတပ်သားတစ်စုကို လှမ်းမြင်ရသည်။ ရှေ့ဆုံးမှဦးဆောင်လာသူက မစ်ဂွယ်ဒီလာမန်ချာ။

တောတန်းကလေးဆီသို့ သူတို့ တန်းပြေးသွားကြသည်။ ရော့စ်၊ ကွန်ချီတာနှင့် ပီဒရိုတို့ ရောက်သွားကြပြီး လူမည်းအမျိုးသားသုံးယောက် ကျည်သင့်ကျဆုံးကြသည်။ သူတို့ဘဝ ဝင်္ဂကျွတ်သွားကြပြီဟု ရော့စ် တွေးမိ

လိုက်၏။ ဘာမှ မခံစားလိုက်ကြရ။ အံကြိတ်ပြီး ဘုရားသခင်ထံ ဆုတောင်းလိုက်သည်။

မကောင်းဆိုးဝါး စပိန်စစ်သားတို့၏ ယုတ်မာ ရိုင်းစိုင်းမှုမှ လွတ်မြောက်ရန် ကွန်ချီတာကို တပည့်တော်ကိုယ်တိုင် သတ်နိုင်သည့်ခွန်အားမျိုး ပေးသနားတော်မူပါ အရှင်။

ပြီးမှ ကိုယ့်ကိုယ်ကို အဆုံးစီရင်မည်ဟု ဆုံးဖြတ်လိုက်၏။

သူတို့လက်တွင်းသို့ ကျရောက်ရခြင်းထက်တော့ ခံသာမည်ထင်သည်။ ပီဒရိုအတွက်တော့ မတွေးဝံ့စရာ။

တစ်ညလုံး အဆက်မပြတ် တောထဲကိုဆက်တိုးသည်။ မြင်းခွာသံတွေကို မလှမ်းမကမ်းမှ ကြားနေရ၏။ ခွေးတွေနှင့်မလိုက်သေး၍ လွတ်လမ်းကို မျှော်လင့်နေမိကြသေးသည်။

မနက်လင်းအားကြီးတွင် ကွင်းစပ်တစ်ခုသို့ သူတို့ရောက်လာကြ၏။ လေထဲတွင် မီးခိုးနံ့ ပျံ့လွင့်လာသည်။ ပြားနေအောင် ဝပ်ချလိုက်ကြသည်။ ချက်ပြုတ်စားသောက်နေကြသည့် စပိန်စစ်သားတစ်သိုက်ကို လှမ်းမြင်ရ၏။ ဝဝတုတ်တုတ် လူတစ်ယောက်က မီးဖိုပေါ်မှ အိုးထဲကို ကုန်းနှိုက်ပြီး ပလုတ်ပလောင်း စားနေသည်။ သူ့နံဘေးတွင် စစ်သားငါးယောက်။

ကွန်ချီတာက ရော့စ်၏လက်မောင်းကို တအားဆွဲညှစ်လိုက်ပြီး

“သူပဲ သူပဲ ဂျွန်ကိုစတာဆိုတာ၊ သူတို့အထဲမှာ အရက်စက်ဆုံးလေ။ ဘယ်မှ ပြေးပေါက်မရှိတော့ဘူး အစ်ကို၊ နောက်ကလည်း လိုက်လာကြတယ်။ လမ်းဆုံးပြီ အစ်ကို၊ ကွန်ချီတာကို ခပ်မြန်မြန်နမ်းစမ်းပါ၊ သူတို့လက်ထဲ ကွန်ချီတာ အသက်ရှင်လျက် မပါစေရဘူးနော် အစ်ကို”

ရော့စ်က လည်ချောင်းထဲမှလာသည့် အသံဖြင့် အင်း လိုက်လိုက်သည်။ တစ်ဆက်တည်း

“ပီဒရို၊ ကွန်ချီတာအနားမှာနေ၊ ငါ ချက်ချင်းပြန်လာခဲ့မယ်”

“ဟင့်အင်း ဟင့်အင်း၊ အစ်ကို မသွားရဘူး”

ကွန်ချီတာက လေသံဖြင့်တောင်းပန်သည်။ သို့သော် ရော့စ်က မိကျောင်းတွား သွား၍ ချုံထဲမှထွက်သွားလေပြီ။ သူတို့အနားရောက်သည်နှင့် အတင်းထ၍ ပြေးဝင်သွားပြီး ဓားကောက်နှင့် စစ်သားတစ်ယောက်ကို ခုတ်ချလိုက်သည်။ စက္ကန့်ပိုင်းအတွင်း နောက်နှစ်ယောက်ကိုလည်း ဆက်တိုက်ခုတ်ချလိုက်သည်။

ကြောင်ကြည့်နေရာမှ ကျန်လူတွေ အပြေးအလွှား ထလာကြသည်။



တစ်ယောက်ကို လည်ပင်းတည့်တည့်တွင် ခုတ်လိုက်၏။ နောက်တစ်ယောက်ကိုလည်း သေနတ်မဆွဲနိုင်မီ ပိုင်းချလိုက်နိုင်သည်။ လူဝကြီး ကိုစတာကို နောက်မှရှင်းမည်ဟု ဖော့တွက်မိခြင်းသည် ရော့စ်၏ အမှားဖြစ်၏။ လူဝကြီးက သူ့ခန္ဓာကိုယ်နှင့် မလိုက်အောင် လျင်မြန်စွာခုန်ထပြီး ရော့စ်၏ဦးခေါင်းကို ပစ္စတိုနှင့် ရိုက်ချလိုက်၏။

ချက်ကောင်းမမိသဖြင့် လဲကျသွားသော်လည်း ရော့စ် သတိလစ်မသွား။ မြေကြီးပေါ်တွင် လဲကျနေရာမှ သူ့ဆီသို့လျှောက်လာနေသော ခန္ဓာကိုယ်နှင့် မလိုက်အောင် သေးကွေးလှသည့် ခြေထောက်ကလေးများကို ရော့စ် အသာစောင့်ကြည့်နေသည်။

အနားရောက်သည်နှင့် တစ်ခါတည်း ဆွဲလှဲချလိုက်သည်။ လူဝကြီး ဗလုံးဗထွေးဖြစ်နေစဉ် စောစောကနေရာသို့ ရော့စ် ပြန်ပြေးသွားသည်။ ဘုရား ဘုရား ကွန်ချီတာနှင့် ပီဒရို မရှိတော့ပါလား။

မြင်းခွာရာတွေ ရှုပ်ပွကျန်ခဲ့၏။ သူတို့မိသွားကြပြီ။

ရှုပ်ယှက်ခတ်နေသည့် ခြေရာတွေကိုငုံ့ကြည့်နေရာမှ ရော့စ် ဒူးခွေကျသွားတော့၏။ ပြီးတော့ အားရပါးရ ငိုချလိုက်သည်။

အတန်ကြာမှ မတ်မတ်ထပြီး တောထဲမှ ထွက်ခဲ့သည်။ အနီးဆုံးမြို့ကလေးဖြစ်သည့် မန်တန်ဇာသို့ ဦးတည်ပြီး လျှောက်လာခဲ့၏။ ဓနီးဖြစ်သူနှင့် ပီဒရိုကို ခေါ်သွားမည့်နေရာဟု သူယုံကြည်နေ၏။

ပင်မြင့်ပင်စောက်တွေအောက်တွင် ဒယီးဒယိုင် လျှောက်လာခဲ့သည်။ ဤသို့ဖြင့် မြို့နှင့် မလှမ်းမကမ်းသို့ ရောက်လာခဲ့၏။ ဤတွင် မြင်းတပ်သားတစ်သိုက် နားနေသည်နှင့် သွားတိုးခြင်းဖြစ်၏။ ခေါင်းဆောင် ဒီလာမန်ချာက ကွန်ချီတာ့ကို လှမ်းဖက်နေသည်။ ကွန်ချီတာက ထောင်ချောက်မိနေသည့် ကျားသစ်မတစ်ကောင်လို ဒေါသတကြီး ရုန်းကန်တိုက်ခိုက်၏။ ဒါကို သဘောကျပြီး သူ ရယ်နေသည်။

ရော့စ်က ပစ္စတိုကိုထုတ်ပြီး ပစ်ရင်း တစ်လှမ်းချင်းလျှောက်သွားသည်။ မြင်းတပ်သားတစ်ယောက် ကားခနဲကျသွား၏။

ရှုပ်ယှက်ခတ်သွားသော အခြေအနေကို အခွင့်ကောင်းယူပြီး ပီဒရိုက လမ်းဘေးချုံထဲသို့ တစ်ကြိုးတည်းလစ်တော့၏။ နောက်မှ ပြေးလိုက်သွားသော နှစ်ယောက်ကိုလည်း ဆက်တိုက်ပစ်ချလိုက်သည်။

သည်ထက်ပို၍ ဘာမျှလုပ်ခွင့်မရတော့။

"အရှင်ရအောင်ဖမ်း"ဟု ဒီလာမန်ချာက အော်ပြီး အမိန့်ပေးသံနှင့်အတူ အနားသို့ မြင်းတပ်သားတွေ ပတ်ပတ်လည် ရောက်လာကြသည်။ သေနတ်ဖြင့် မြင်းပေါ်မှ ဝိုင်းရိုက်ကြသည်။

ဝိုင်းဝန်းရိုက်နှက်နေသည့်ဒဏ်ကိုခံရင်း ကွန်ချီတာ အော်သံကို ကြားနေရသည်။

"မသတ်ကြပါနဲ့၊ ကျွန်မယောကျ်ားပါရှင်၊ သူ့အသက်ကို ချမ်းသာပေးကြပါ"

နောက်ပိုင်းတော့ ရှေ့စ် ဘာမှမကြားတော့။ ခေါင်းထဲတွင် ကြယ်တွေ၊ လတွေ လင်းလက်သွားပြီး နာကျင်ခြင်းဝေဒနာနှင့်အတူ မှောင်အတိ ကျသွားတော့၏။

ဒီလာမန်ချာက ကွန်ချီတာကိုကြည့်ပြီး ပြုံးသည်။

"ဒီလို ပိန်ပိန်သွယ်သွယ် လူဖလံကလေးမှ မင်း ရွေးပြီးကြိုက်ရတယ်လို့ကွာ"

"သူက ကျွန်မရဲ့ တရားဝင်ယောကျ်ားရှင့်"

မစ်ဂွယ်ဒီလာမန်ချာ ရယ်သည်။

"အဲဒီတော့ကော ဘာဖြစ်လဲ၊ ငါကြားဖူးတယ်ကွ၊ မုဆိုးမလေးတွေဟာ အပျိုထက်ပိုပြီး အရသာရှိသတဲ့။ ဟော့ ရဲဘော်တွေ တော်လောက်ပြီ၊ ဆီညော် အမေရိကန်က သူ့ရဲကောင်းဆန်ဆန် လူပုံအလယ်မှာ သေချင်မှာပေါ့ကွာ"

ကွန်ချီတာက တံတွေးနှင့် လှမ်းထွေးလိုက်ရင်း

"ခွေးတွေ၊ ခွေးမျိုးတွေ၊ သူ့ကိုသတ်လိုက်လို့ ကျွန်မဆီက ရှင်တို့ တစ်စုံတစ်ခု ရမယ်များထင်နေသလား"

"ကဲပါကွာ၊ အမိန့်ကျုပ်နဲ့ အပေးအယူလုပ်ကြရအောင်ပါ"

"အို သတ်ချင်သတ်ကြ၊ ကျွန်မယောကျ်ားက သူ့အသက်ရှင်ရေးအတွက် ရှင်တို့နဲ့ အပေးအယူလုပ်တာကို လက်ခံမယ့်လူစားမျိုး မဟုတ်ဘူး"

"မင်းသဘောပါပဲ ကလေးမရယ်၊ ကျုပ်က ကယ်တင်ချင်ရင်တောင်မှ လွယ်လွယ်ဖြစ်နိုင်မယ့် ကိစ္စမဟုတ်ဘူး၊ ဂျွန်ကိုစတာကိုယ်တိုင် သူ့ကို စိတ်ဝင်စားနေတာဗျ၊ တစ်ခုတော့ရှိတာပေါ့လေ၊ ကျုပ် စပိန်ကို ပြန်ရတော့မှာဆိုတော့ ဗိုလ်မှူးကြီးမကျေနပ်လည်း ဂရုမစိုက်တော့ဘူးလေ၊ တကယ်လို့များ မယားချောချောကလေးနဲ့ စပိန်ကိုပြန်ရရင်"

"ဘာပြောတယ်၊ ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်မယ်၊ ရှင်လို ဝက်ပုပ်



တစ်ကောင်နဲ့တော့"

ကွန်ချီတာ ဒေါသဖြစ်လွန်းလို့ စကားဆက်ပြောလို့ မရတော့။

"ဒါဆိုရင်တော့ မင်းယောကျ်ား အသတ်ခံရမှာပဲ၊ မင်းကို ငါနဲ့ထည့်လိုက်ဖို့ ဗိုလ်မှူးကြီးကို ငါပြောမယ်လေ၊ ရမှာပါ။ ဘာလို့ သတ်သေချင်ရတာလဲကွယ်၊ မမိုက်စမ်းပါနဲ့"

ကွန်ချီတာက မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် ကြည့်ရင်း

"ကျွန်မယောကျ်ားမရှိတဲ့နောက် ကျွန်မ ဆက်ပြီးအသက်ရှင်နေမယ်လို့ထင်သလား"

ဒီလာမန်ချာက သတိလစ်ပြီး လဲနေသည့် ရှေ့စ်ကို ငုံ့ကြည့်ကာ သရော်တော်တော် လေသံဖြင့်

"အင်း အံ့စရာပဲ၊ ဒီလိုသေးသေးကွေးကွေး ဖြူဖပ်ဖြူရော်ကလေးကိုများ စွဲစွဲလမ်းလမ်း ချစ်နေရတယ်လို့"

"ရှင့်ထက် အဆတစ်ထောင်ပိုပြီး ယောကျ်ားပီသတယ် နားလည်လား"

ဒီလာမန်ချာ ပြုံးသည်။

"အေးလေ ကြည့်ကြသေးတာပေါ့၊ ကိုစတာက ဘယ်လောက် ယောကျ်ားပီသ မပီသ မှတ်ကျောက်တင်ပါလိမ့်မယ်၊ သူက ဒါမျိုး သိပ်ကျွမ်းတာ"

ကွန်ချီတာ သူ့ကို အထိတ်တလန့် ကြည့်လိုက်သည်။ နီမြန်းနေသည့် မျက်နှာတစ်ခုလုံး သွေးဆုတ်သွားသည်။

"ဟင့်အင်း ဟင့်အင်း မလုပ်ကြပါနဲ့"

ကွန်ချီတာ တိုးတိုးကလေး ပြောသည်။ ဒီလာမန်ချာက စကားဆက်သည်။

"အသေဆိုးနဲ့ သေမှာပဲ၊ ဒီလိုလူစဉ်မမီတဲ့လူမျိုးဆို ခဏပဲခံမယ်၊ ကိုစတာမှာ နည်းမျိုးစုံရှိတယ် မိန်းကလေး ၁၁ မိနစ်လောက် ချီးမြှင့်လိုက်ရင် ဘယ်လောက် ခေါင်းမာတဲ့ကောင်ဖြစ်ဖြစ် ချမ်းသာပေးပါလို့ သူ့ကို ရှိခိုးတောင်းပန်ရတာချည်းပဲ။ အဲ ၁၂ မိနစ်လောက်ကြာသွားရင်တော့ မြန်မြန်သတ်ပါတော့လို့ တောင်းပန်ကြရတယ်"

ပြောပြောဆိုဆို ပခုံးကျယ်ကြီးနှစ်ဖက်ကို တွန့်ပြီး

"ဒါပေမဲ့ အဲဒါတွေအားလုံး မင်းအပေါ်မှာ တည်နေတယ် ကလေးမ"

"ကျွန်မအပေါ် တည်တယ်၊ ဘာအဓိပ္ပာယ်လဲ"

"လူဆိုတာ သတိလစ်တတ်ကြတာပဲ၊ ဒီသူငယ်ဟာ ကိုစတာဆီ မရောက်

ဘဲ လွတ်ချင် လွတ်သွားနိုင်တာပေါ့”

“ရှင်တို့ သေလုမြော့ပါး ရိုက်နှက်ထားပြီး ဘယ်လိုလုပ်ပြီး လွတ်နိုင်မှာလဲ၊ အဓိပ္ပာယ်မရှိ”

“ဖြစ်နိုင်ခြေတွေ အများကြီးရှိတာပေါ့ကွာ၊ သူ သတိပြန်ရလာမှာပါ။ ဟိုဘက်ကလိုက်လာတဲ့ စစ်သားတွေလည်း သူတို့မှာ တခြားရှာစရာတွေရှိသေးတယ်။ တကယ်လို့ ဟောဒီက မိန်းမလှကလေးက သူ့ကို မြတ်နိုးနေတဲ့လူနဲ့ ဒီထက် ပိုပြီး နူးနူးညံ့ညံ့ ဆက်ဆံမယ်ဆိုရင်ပေါ့ကွယ်”

“ဪ ဒီလိုလား”

“ဟုတ်တယ်၊ ဂျွန်ကိုစတာက ကျုပ်ကိုတော့ ဒေါပွမှာပဲ၊ ဒါပေမဲ့ ဂရုစိုက်စရာမလိုတော့ဘူးလေ၊ စပိန်ကိုပြန်ဖို့ ကျုပ်က အမိန့်စာရထားပြီပဲ။ အင်း သူ့လိုပိန်ပုံမျိုးနဲ့ ဟိုက ဆူးကျာပွတ်တွေနဲ့ဆိုရင် တစ်ချက် နှစ်ချက်တည်းနဲ့ အရိုးပြိုင်းပြိုင်း ပေါ်ကုန်မှာပဲ”

“အို တော်ပါတော့ရှင်”

“ဒါဆို မင်း ကျုပ်ရဲ့အစီအစဉ် အဓိပ္ပာယ်ရှိမှန်း သဘောပေါက်လာပြီပေါ့၊ ဟုတ်လား”

“ဘာ သဘောမပေါက်စရာရှိလဲ၊ ရှင်တို့ လုပ်နေကျအတိုင်း လုပ်မှာမဟုတ်လား၊ ကျွန်မယောကျ်ားကိုသတ်၊ ကျွန်မကို ဝိုင်းချုပ်၊ ရှင်တို့ အကျင့်တွေ သိတာပေါ့”

မစ်ဂွယ်ဒီလာမန်ချာက ကွန်ချီတာကို စိုက်ကြည့်နေပြီးမှ

“အဲဒီလို မဟုတ်ရပါဘူးကွယ်”

သူ့အသံက နူးညံ့နေ၏။

“မင်းယောကျ်ားရဲ့အသက်ကို ကျုပ်က ကယ်ပေးလို့ ကျေးဇူးကလေး မဆိုစလောက် တုံ့ပြန်မယ်ဆိုရင် တဖြည်းဖြည်း မင်း ကျုပ်ကို ကြည်ဖြူလာနိုင်စရာအကြောင်းရှိမယ် ထင်တယ်လေ။ ကျုပ် အမှန်အတိုင်းပြောပါရစေ၊ မင်းလို လှတဲ့၊ မင်းလို သတ္တိကောင်းတဲ့ မိန်းကလေးမျိုး တစ်ခါမှ မတွေ့ဖူးခဲ့လို့လား မသိဘူး၊ ကျုပ် သိပ်ပြီး စိတ်တွေလှုပ်ရှားနေမိတယ်”

“ကျုပ်ရဲ့အိပ်ရာထဲမှာ တစ်ချိန်လုံးငိုနေတဲ့ မိန်းကလေးမျိုး ကျုပ် ဘယ်လိုလုပ်ပြီး ပေါင်းသင်းပါ့မလဲ။ ကျုပ်ဟာ ကာမဘီးလူးတစ်ကောင် မဟုတ်ပါဘူး ကွန်ချီတာ။ ယောကျ်ားဈေးဖျက်တဲ့ ယောကျ်ားမျိုး မဟုတ်ပါဘူး”

“လေးစားစရာ ကောင်းပါတယ်၊ ကဲ ဗိုလ်ကြီးစကား တည် မတည်



တာနဲ့ သက်သေပြမလဲ။ ကတိဆိုတာမျိုးတော့ လက်မခံဘူး”

ဗိုလ်ကြီး ဒီလာမန်ချာက တစ်ဖက်သို့ ချာခနဲ လှည့်ပြီး

“ဟိုဆေး၊ ယောနီ၊ အင်းရစ်၊ ဟောဒီ အမေရိကန်ကို သေသေချာချာ ယုယုယယ သယ်သွားကြ။ တောထဲမှာ ပြန်ထားခဲ့။ သူ့လက်နက်တွေအားလုံး သူ့နံဘေးမှာ ချထားခဲ့ကြ”

စစ်သားများက နားမလည်သလို သူ့ကို ဝိုင်းကြည့်နေကြ၏။

“ဟေ့ ဒါ ငါ့အမိန့်”

ကွန်ချီတာ လူကြီးကို ငေးကြည့်နေသည်။ သူ့မျက်လုံးစိမ်းများထဲတွင် မျက်ရည်တွေ ပြည့်လျှံနေ၏။

“ကောင်းပြီ ဗိုလ်ကြီး၊ ကျွန်မကို ကြိုက်သလို စီစဉ်ပါ”

*

ရှော့စ် သတိရလာတော့ တောထဲတွင် မှောင်နေပြီ။ ခြင်တွေက ဆုပ်ပက်သလို တဝီဝီနှင့်။ အားယူပြီး ထထိုင်သည်။ ခြင်မောင်းဖို့ပင် အားအင်မကျန်တော့။ တစ်ကိုယ်လုံး ဒဏ်ရာတွေနဲ့ပါလား။ လှုပ်လိုက်တိုင်း မခံမရပ်နိုင်အောင် နာနေ၏။

ခေါင်းတစ်ခုလုံး အုံ့ခဲနေ၏။ ကြိုးစားပြီး စဉ်းစားသည်။

သို့သော် အားလုံး ဝိုးတိုးဝါးတား။ တကယ့်အဖြစ်အပျက်တွေလား။ အိပ်မက်တွေလား။ တောထဲမှ တိုးထွက်လာကြသည့် စစ်သားတွေနှင့် သွားတိုးသည်။

သည်မျှသာ ပြန်ပေါ်၏။ အဲဒီနောက်တော့ကော နောက်ထပ် အပြင်းအထန် ကြိုးစားပြီး စဉ်းစားသည်။ ဝိုးတဝါးပုံရိပ်များ တဖြည်းဖြည်း ကြည်လင်လာသည်။ စပိန်စစ်ဗိုလ်တစ်ယောက် ကွန်ချီတာ့ကို ဖက်ထားသည်။ ကွန်ချီတာက ရုန်းကန်နေသည်။

သည်တွင် သူတို့ကိုစပစ်သည်။ ဟုတ်ပြီ။ တဖြည်းဖြည်းပေါ်လာပြီ။ စပိန်မြင်းစီးတပ်သားတွေက အများကြီး။

ဒါဖြင့် ခုထိ အသက်မသေဘဲ အရှင်လတ်လတ်ကျန်နေခြင်းက ဘာအဓိပ္ပာယ်လဲ။ သူတို့လား မသတ်ဘဲနေမှာ။ ဒါပေမဲ့ သေပြီးသားလူတစ်ယောက်မှာ နာကျင်ခြင်းဝေဒနာ မရှိနိုင်ပါဘူး။ ခုတော့ အရိုးခိုက်အောင် နာနေသည်။

နေဦး။ ဟုတ်ပြီ။ နောက်တစ်ခုပေါ်လာပြန်၏။ ဗီဒရို လွတ်သွားသည့် မြင်ကွင်းကို ပြန်မြင်လာသည်။ မိမိက သူတို့ကိုပစ်သည်။ သူတို့က ဝိုင်းလာပြီး ရိုက်ကြ နှက်ကြသည်။

သေပြီထင်ပြီး ထားခဲ့ကြခြင်းဖြစ်မည်။ ဒါလည်း မဟုတ်သေးပါဘူး။ ဘာပြုလို့ သေနတ်ကိုယူမသွားဘဲ ထားခဲ့ကြတာလဲ။ နောက်ပြီးတော့ အချင်း ဖြစ်ပွားတာက ဒီနေရာမဟုတ်ပါဘူး။

ခေါင်းတွေ ကိုက်ခဲနေသော်လည်း အသိအာရုံ တဖြည်းဖြည်း ကြည်လင် လာသည်။ စိတ်ထဲကမူ ယခုလို ကြည်လင်မလာစေချင်။

မကြာခင် အားလုံးကို မှတ်မိလာတော့မည်။ မတွေးရဲသည်တို့ ပါလာတော့ မည်။ ဤသို့ တွေးနေရင်းပင် ကွန်ချီတာကို အမှတ်ရလာသည်။

ချစ်သူကို မကယ်နိုင်ခဲ့ပါကလား။ ခုလောက်ဆို သူကလေးကို စပိန် မြင်းတပ်သားတွေ ...။ မျက်နှာကို မှောက်ချလိုက်သည်။ အန်ချင်သလိုလိုဖြစ်လာ ၏။ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာသည်။

ဖြစ်ရလေ ကွန်ချီတာရယ်။

ဘာဖြစ်လို့ မိမိကို သတ်မသွားကြတာလဲ။ ဒီအဖြစ်ကို မမေ့နိုင်ဘဲ မည်သို့အသက်ရှင်နေနိုင်ပါမည်လဲ။ ညာဘက်လက်ကို ရွှေ့လိုက်တော့ ခြောက်လုံး ပြူးကို သွားကိုင်မိသည်။ ဘာမှစဉ်းစားမနေတော့ဘဲ ပြောင်းဝကိုငုံ့ပြီး သေနတ် ခလုတ်ကိုဆွဲညှစ်လိုက်သည်။ ဒိုင်းခနဲ အသံမြည်မလာဘဲ မောင်းရိုက်သံ ချောက် ခနဲ ကြားလိုက်ရ၏။

သည်တော့မှ စပိန်ကောင်တွေကို ကျည်ဆန်ကုန်သည်အထိ မနေ့က ပစ်ခဲ့ကြောင်း ပြန်ပေါ်လာသည်။ ခါးကြားထဲမှ ကျည်တောင့်တွေ ထုတ်ပြီး သေနတ်ထဲထည့်သည်။ မောင်းဆွဲတင်သည်။ ဤတွင် သူတို့တစ်တွေ အနား ရောက်လာကြခြင်းဖြစ်၏။ စပိန်တပ်စိတ်တစ်စိတ်။ ဂျွန်ကိုစတာကိုယ်တိုင် ခေါင်း ဆောင်လျက်။

"ဟောဒီမှာဗျား၊ ဗိုလ်ကြီး ဒီလာမန်ချာ ထားခဲ့တဲ့နေရာမှာပါပဲ။ ဒါကြောင့် သူ ပြောသွားတာ၊ ဒီမှာပဲ ရှိရမယ်တဲ့"

သူတို့ အပြေးရောက်လာကြသည်။ ရော့စ် ခပ်ဖြည်းဖြည်း ထရပ်သည်။ အသာငြိမ်ပြီး စောင့်နေ၏။ ခြောက်လုံးပြူးကို မြေကြီးပေါ် ခါလွှတ်ချလိုက်သည်။

စပိန်စစ်တပ်တွင် အမိခံရခြင်းသည် ဦးနှောက်ထဲသို့ ကျည်ဆန်ပစ်သွင်း လိုက်ခြင်းနှင့် အတူတူပင်။



"အင်း အမေရိကန်ရဲဘော်က အေးအေးဆေးဆေး တို့ကို ကြိုဆိုဖော် ရသားပဲ၊ ကောင်းတယ် ကောင်းတယ်၊ အဲဒီအတွက် သူ့ကို ကောင်းကောင်း ပြုစုရမယ်ဟေ့"

ဗိုလ်မှူးကြီးဂျွန်ကိုစတာက သူ့ရဲဘော်တွေကို လှမ်းပြောသည်။ ရော့စ် ဘာမျှပြန်မပြောတော့။ ပြောနိုင်အားလည်း မရှိတော့ပေ။ သူတို့နေသည့် စစ်တန်း လျားများဆီသို့ ဦးတည်သွားကြသည်။

စခန်းထဲမှ သီးသန့်အုတ်တိုက်ကလေးဆီသို့ သူ့ကို ခေါ်သွားပြီး အခန်း တစ်ခန်းထဲ ထည့်ပိတ်ထားလိုက်ကြသည်။ မကြာခင် ဗိုလ်မှူးကြီးနှင့် နောက် တော်ပါးတွေ ရောက်လာကြပြီး သူတို့၏ညှဉ်းခံပြုစုခြင်း လုပ်ငန်း စတော့၏။

ပထမဆုံး သူ့ကို ကြမ်းပြင်ပေါ်သို့ တွန်းလှဲပြီး မှောက်ခိုင်းသည်။ ရောမလူထွားကြီးတစ်ယောက်က ခွေထားသည့် ကျာပွတ်ကြီးကို ဖြေသည်။ သူတို့ရှေ့မှာ ငါ မအော်ဘူးဟု အံကြိတ်ပြီး စိတ်တင်းလိုက်၏။

သို့သော် ရော့စ်တစ်ယောက် မအော်ဘဲ မနေနိုင်ပါ။ ကျောပေါ်သို့ ကျာပွတ်ကြီးကျလာတိုင်း ခေါင်းကို နောက်သို့လှန်ပြီး ညည်းမိသည်။

စိတ်ကိုထိန်းသည့်အနေဖြင့် အချက်ကို ရေတွက်နေ၏။ သူတို့ထင်သလို ခြေသလုံးဖက်ပြီး တောင်းပန်မိသည်အထိ မဖြစ်အောင် အာရုံစုစည်းထားခြင်း ဖြစ်သည်။

အချက်နှစ်ဆယ်သို့ အရောက်တွင် တစ်လောကလုံး မှောင်ကျသွား တော့၏။ သတိပြန်ရလာတော့ စားပွဲပေါ်တွင် ပက်လက်အနေအထားဖြင့် ရောက်နေသည်။ မျက်နှာကို, သူတို့ ရေလောင်းနေကြ၏။

"ကဲ ဟုတ်ပြီ၊ တော်လှန်ရေး ရဲဘော်ကလေး သတိပြန်ရလာပြီ"

တကယ်ပင် ကြင်ကြင်နာနာ ပြောလေဟန်ဖြင့် ရော့စ်၏ပါးကို ကိုစတာက အသာအယာပုတ်သည်။

"ခွေးသားကြီး၊ ညစ်ပတ်စုတ်ပွဲတဲ့လက်နဲ့ ကျုပ်အသားကို မထိနဲ့"

ကိုစတာ သက်ပြင်းချပြီး

"အင်း တယ်လည်းရိုင်းပါကလားကွယ်ရို့၊ ကျုပ်လက်တွေက သန့်ရှင်းပါ တယ်ကွဲ့၊ ကျုပ်က အသားကိုနူးညံ့အောင် အာရေဗျကလာတဲ့ နံ့သာဆီနဲ့ အမြဲလိမ်းတာ"

ရော့စ်က တအားအော်ပြောသည်။

"ခွေးသားကြီး၊ မိန်းမလျာကြီး"

"မောင်ရင်က စပိန်စကားပြောနိုင်သားပဲ၊ ဒါပေမဲ့ မောင်ရင့်စကားလုံး ရွေးတာ မှားနေတယ်၊ မောင်ရင်က ကျုပ်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တာကိုး။ စိတ်မကောင်းပါဘူးကွာ။ ကျုပ်က စိတ်အနှောင့်အယှက် အဖြစ် ခံတဲ့ လူမျိုးမဟုတ်ဘူး၊ ကဲ ရေမွှန်၊ လုံ့စွပ်ယူခဲ့စမ်း၊ သူ့အဝတ်တွေ ချွတ်လိုက် ကြစမ်း"

စုတ်ပြတ်နေသည့် အဝတ်တွေကို သူတို့ ဆွဲဖြဲကြသည်။ ဤတွင် သစ်ခေါက်ပျော့ပျော့ကလေးတစ်ခု ထွက်ကျလာသည်။ စစ်သားတစ်ယောက်က ကုန်းကောက်ပြီး ကိုစတာကို ကမ်းပေးလိုက်သည်။

စပိန်ဗိုလ်မှူးကြီးက နှုတ်ခမ်းကို တင်းတင်းစေ့ပြီး သစ်ခေါက်ကလေးကို ဖြန့်ကြည့်နေ၏။

သူ့နှုတ်ခမ်းများမှ သံစဉ်တစ်ခုကို ညည်းနေသည်။ သည်သံစဉ်ကို ကြားဖူးသလိုလို။ ဟင် ကွန်ချီတာ တေးသွားပါလား။ ရော့စ် မနည်းအားယူပြီး မော့ကြည့်လိုက်သည်။

လက်စသတ်တော့ သစ်ခေါက်ပေါ်တွင် ရေးထားသည့် သင်္ကေတကို သူ ဖတ်နေခြင်းပါကလား။ ရော့စ် မယုံနိုင်လောက်အောင် အံ့ဩသွား၏။ သားရဲ တိရစ္ဆာန်လို ယုတ်မာရိုင်းစိုင်းသူ တစ်ယောက်က ဂီတနှင့် ယဉ်ပါးသည်တဲ့။ လုံးဝ ယုံနိုင်စရာမရှိသည့်အဖြစ်။

ဂွျန်ကိုစတာက ရော့စ်ကို စိုက်ကြည့်နေသည်။

"ဒါ မောင်ရေးတာလား"

"ခင်ဗျားအလုပ်မဟုတ်ဘူး"

"ဒီမယ် ရဲဘော်၊ ကျုပ်က ယဉ်ယဉ်ကျေးကျေး မေးနေတာပါ၊ ကောင်း ကောင်းမွန်မွန် ပြန်ဖြေပါ။ အလကား နောက်ထပ် အသားနာနေမယ်"

"ကျုပ်ရေးတယ်၊ ဘာဖြစ်လဲ၊ ခင်ဗျားနဲ့"

"သူ့ကို အဝတ် ဝတ်ပေးလိုက်ကြစမ်း။ ရေမွှန် ကူပြီးဝတ်ပေးလိုက်"

ရဲဘော်တစ်သိုက် သူတို့တပ်မှူးကြီးကို ကြောင်ကြည့်နေကြသည်။

"ငါပြောတဲ့အတိုင်း လုပ်စမ်း၊ အနုပညာရှင်တွေကို ငါ ဘယ်တော့မှ မသတ်ဘူး၊ ဂွျန်ကိုစတာ မသတ်ဘူး၊ ငါကိုယ်တိုင် အနုပညာသမားပဲ"

"ဘာ ခင်ဗျားက အနုပညာသမား၊ ဟုတ်လား"

ရော့စ်က မလိုတမာလေသံဖြင့် လှမ်းပြောသည်။ သို့သော် ဂွျန်ကိုစတာ နားမထောင်ဘဲ–



"သူ့ကို ငါ့အခန်းထဲပို့လိုက်၊ ပြီးတော့ ငါ့ဆရာဝန်ကိုခေါ်ခဲ့။ သူ့ဒဏ်ရာ တွေ ကုပေးမယ်၊ သူ့ဒဏ်ရာတွေ ပျောက်တဲ့အခါ တို့ကို သူ့ ဂီတနဲ့ ဖျော်ဖြေ လိမ့်မယ်။ တို့ကျင်းပမယ့်ပွဲတွေမှာ ဂီတလိုတယ်ကွ၊ မဟုတ်ဘူးလား"

ရဲဘော်တွေ သူတို့ဗိုလ်မှူးကြီးကို ပြုံးပြီးကြည့်နေကြသည်။ အဝတ်စုတ် များကို ရော့စ်ကိုယ်ပေါ်သို့ ပြန်ဝတ်ပေးကြသည်။ ထို့နောက် ပြင်ဆင်ထားသည့် အခန်းတစ်ခန်းထဲသို့ ခပ်ကြမ်းကြမ်း ပွေ့ယူသွားကြပြီး ခုတင်တစ်လုံးနံဘေး ကြမ်းပြင်ပေါ်တွင် ချထားခဲ့သည်။

မကြာမီ ဂွျန်ကိုစတာ ရောက်လာ၏။ သူ့နောက်က ကပ္ပလီအမျိုးသမီး တစ်ဦး ပါလာသည်။ အမျိုးသမီးက ရေဖတ်တိုက်ပေးရင်း ဒဏ်ရာတွေကို ဆေးကြောပေးသည်။ မိနစ်အနည်းငယ်အတွင်း ဆရာဝန် ရောက်လာသည်။

တစ်ကိုယ်လုံးအနှံ့အပြား ဆေးလိမ်းပေးသည်။ ဆေးနံ့မှာ နံ့စော်ခြင်း မရှိဘဲ မွှေးပျံ့ပျံ့ရှိ၏။ ရဲဘော်ကလေးတစ်ယောက်ကိုခေါ်ပြီး ကိုစတာက မှတ်ဆိတ်ပါ ရိတ်စေသည်။ ပြီးမှ ပြင်ဆင်ထားသည့် အိပ်ရာပေါ်သို့ တင်ပေး ကြသည်။

ဂွျန်ကိုစတာက ဧရာမ သူ့ခန္ဓာကိုယ်ကြီးနှင့် ကုလားထိုင်တစ်လုံးပေါ် တွင် ပစ်ထိုင်လိုက်ပြီး သစ်ခေါက်ပေါ်မှ ဂီတသင်္ကေတများကို ကြည့်နေသည်။ စားပွဲပေါ်မှ သင်္ကေတရေးဖို့ လိုင်းထားပြီးသား စာရွက်တွေကို ဆွဲယူလိုက်၏။

ပြီးတော့ ဂရုတစိုက်ကူးရေးသည်။ ရော့စ်ဘက်သို့ လှည့်ကြည့်ပြီး မျက်မှောင်ကုတ်သည်။

"ကျုပ် လုံးစေ့ပတ်စေ့တော့ နားမလည်ဘူး၊ ဒါပေမဲ့ သိပ်ကောင်းတဲ့ တေးသွားမှန်းတော့ သိတယ်၊ သံစဉ်တွေက သိပ်လှပ်ရှားတာပဲ ဆီညော်–အဲ"

"ပါရီ၊ ရော့စ်ပါရီ"

"ကိုရင် ဘယ်လိုလုပ်ပြီး ဒီသံစဉ်ကိုရတာလဲ ဆီညော်ပါရီ၊ အသံတွေက တကယ့်ကျူးဘားရိုးရာ အသံတွေပဲ"

"ကျွန်တော့် မိန်းမကို ကြည့်ပြီး ရေးတာပါ၊ ကျွန်တော့် မိန်းမက ကျူးဘားသူ"

"အင်း စိတ်မကောင်းစရာပဲ၊ သေသွားရှာတဲ့ အမျိုးသမီးကိုး"

"မြင်းတပ်သားတွေ မိသွားကြတယ်"

"ဟုတ်တယ်၊ မြင်းတပ်သားတွေက လူရမ်းကားတွေ၊ စိတ်မကောင်း စရာပဲ"

ရော့စ်က လူကြီးကို နားမလည်နိုင်သလို ငေးကြည့်နေ၏။ ကိုစတာက မတ်တတ်ရပ်လိုက်ပြီး

"ကဲ ဆီညော်ပါရီ၊ နားလိုက်ပါဦး၊ ကျုပ်သွားမယ်။ မကြာခင် နေကောင်းသွားမှာပါ၊ အဲဒီတော့ ကျုပ်တို့ကို တီးပြမယ် မဟုတ်လား"

"ဟုတ်ကဲ့ တီးပြပါ့မယ်"

ရော့စ် အားနည်းနွမ်းနယ်စွာ ပြောလိုက်သည်။

"ဒီနေ့ စိတ်မချမ်းသာစရာတွေ ဖြစ်သွားရတဲ့အတွက် ကျုပ် စိတ်မကောင်းပါဘူး၊ မောင်ရင့်ကို ဂီတပညာရှင်မှန်း ကျုပ်လုံးလုံးမသိလို့ပါ၊ ဒါမျိုး နောက်မဖြစ်စေရပါဘူး။ ဒါပေမဲ့ မောင်ရင် အလုပ်ကြမ်းနဲ့ ထောင်ဒဏ်တော့ အနည်းဆုံးကျခံရမယ်ထင်တယ်၊ ဒါပေမဲ့ ကျုပ်ဆီမှာ ခေါ်ထားပါ့မယ်၊ အလုပ်ကြမ်းအစား အတီးအမှုတ်ပေါ့၊ ဒါဆို မဆိုးဘူး မဟုတ်လား"

"အင်း မဆိုးလှပါဘူး"

"ကဲ ကဲ အိပ်တော့၊ အိပ်ရေးဝမှ မြန်မြန်ကျန်းမာလာမှာ"

အိပ်မပျော်ခင် ဘဝ၏ အနိမ့်အမြင့်သဘောကို ရော့စ် ဆင်ခြင်နေမိ၏။ ကျွန်တွေ အများကြီးပိုင်ခဲ့သည့် ရော့စ်ပါရီသည် ယခု သူကိုယ်တိုင် ကျွန်ဖြစ်ရတော့မှာပါလား။ သို့သော် သူ ဘာမှမမှုတော့။ မှုစရာလည်း အကြောင်းမရှိတော့ဘူးလေ။

ရှစ်ရက်တိတိ ကြာသွားသည်။ ကောင်းကောင်း ကျန်းမာလာပြီ။ ကိုစတာက လိုလေသေးမရှိ ဂရုစိုက်၏။ နေ့ခင်းပိုင်းတွင် ကပ္ပလီအမျိုးသမီး ရောက်လာပြီး နေ့လယ်စာကျွေးသည်။ အစားအစာများမှာ ပထမတန်းစားတွေချည်း။ ပထမတွင် တစ်လုတ်နှစ်လုတ်ထက် ပိုမစားနိုင်။

တဖြည်းဖြည်းချင်း ကျန်းမာလာသည့် အလျောက် ခုတော့ ကောင်းကောင်းအိပ်၊ ကောင်းကောင်းစားနိုင်နေပြီ။ ရုပ်ပိုင်းကအား ပြည့်လာသည်နှင့်အမျှ စိတ်ပိုင်းဆိုင်ရာ ခွန်အားများလည်း ပုံမှန်ပြန်ရောက်လာသည်။

ကျောမှဒဏ်ရာများလည်း ကျက်ပြီ။ ပတ်တီးစည်းစရာမလိုတော့။ စောစောပိုင်းကမူ ပတ်တီးလဲတိုင်း အသည်းခိုက်အောင် ခံစားရသည်။

အဖမ်းခံရပြီး အဋ္ဌမမြောက်နေ့တွင် ရော့စ်တစ်ယောက် ကိုယ့်ကိုယ်ကိုယ် မယုံနိုင်လောက်အောင် ကျန်းမာရွှင်လန်းလျက်ရှိသည်။ ရဲဘော်ကလေးတစ်ယောက် ရောက်လာပြီး သူတို့အတွက် ဖျော်ဖြေပါရန် ဗိုလ်မှူးကြီးက ဖိတ်ကြားကြောင်း သတင်းပို့လာသည်။ ဆရာဝန်ကလည်း သူ ကောင်းစွာ ကျန်းမာပြီဖြစ်ကြောင်း



အတည်ပြုပြီးပြီ။

"ခင်ဗျား လက်သံကို ဗိုလ်မှူးကြီးက သိပ်ကြားချင်နေတာဗျ"

ရဲဘော်ကလေးနောက်သို့ ရော့စ်လိုက်သွားသည်။ တောသစ်များဖြင့် ဆောက်ထားသည့် ခန်းမဆောင်တစ်ခုထဲသို့ သူ့ကိုခေါ်သွားသည်။

အခန်းထောင့် တစ်နေရာတွင် စန္ဒရား အစုတ်ကြီး တစ်လုံးတွေ့ရသည်။ ဝဲယာကို မကြည့်ဘဲ စန္ဒရားဆီသို့ တန်းလျှောက်သွားသည်။ ထိုင်ခုံတွင် ထိုင်ပြီး လက်ချောင်းကလေးတွေကို ကွေးချည်ဆန့်ချည်လုပ်သည်။

မြူးမြူးကြွကြွ ဂျစ်ပစီသီချင်းတစ်ပုဒ် ကောက်တီးလိုက်သည်။ သီချင်းမဆုံးခင် ရဲဘော်တွေ ရိုးတိုးရွတဖြစ်လာပြီး မတ်တတ် ထသူထ၊ လက်ခုပ်တီးသူတီး ဖြစ်လာသည်။

ရော့စ်က ပရိတ်သတ်ကို လှမ်းကြည့်လိုက်၏။ ကိုစတာကို ဖြူဖြူချောချော ချာတိတ်ကလေးနှစ်ယောက် တစ်ဖက်စီခြံရံပြီး တွေ့ရ၏။ နှစ်ယောက်စလုံး အသက်(၁၃)နှစ် အရွယ်ကလေးတွေ။ ချာတိတ်နှစ်ယောက်ကို တယုတယ ခေါင်းပွတ်ပြီး အသားချိုမုန့်တွေနှင့် ကျွေးနေသည်။

စန္ဒရားဆီသို့ အာရုံကိုပြန်တည့်ပြီး တီးသည်။ ကိုစတာက သူ့ကိုစိုက်ကြည့်နေ၏။ ပြီးတော့ လှမ်းအော်ပြောသည်။

"စန္ဒရားဆရာ၊ ဆရာ့ရဲ့ကိုယ်ပိုင်သီချင်းကို တီးပါတော့၊ ကျုပ် သိပ်နားထောင်ချင်နေပြီ"

ရော့စ် ကျောက်ဆစ်ရုပ်လို ထိုင်နေသည်။ လက်ချောင်းများကို ဘယ်လိုမှ စေခိုင်း၍မရ။ ချစ်သူအတွက် သည်းမျှ အမွန်အမြတ် ဖန်ဆင်းခဲ့သည့် တေးသံစဉ်ကို ဒီလိုအောက်တန်းစား လူဆိုးလူသွမ်း လူသရမ်းများကို ဖျော်ဖြေရမည်တဲ့။ ချစ်သူအတွက် ရည်စူးဖွဲ့ဆိုထားသည့် သည်တေးဖြင့် လူသတ်သမားတွေကို ဖြေဖျော်နိုင်ပါမည်လား။

ငြင်းလိုက်ပြန်လျှင် သေလုမြောပါး သူတို့ ကျောပွတ်စာကျွေးကြဦးမည်။ တစ်ခါတည်း သတ်ပစ်လိုက်တာက အကြောင်းမဟုတ်ပါ။ အရိုက်အနှက်ခံပြီး အောက်တန်းကျကျတော့ မသေချင်။ သိက္ခာရှိရှိနှင့် ရှည်လျားလှသည့် ဘဝခရီးကို ဖြတ်သန်းခဲ့ပြီးမှ သိက္ခာရှိရှိမသေရဘဲ အောက်တန်းကျကျသေရမည့် အဖြစ်ကတော့ ရာဇဝင်ရိုင်းလှချေသည်။ သို့သော် ငြင်းလိုက်လျှင်မူ ဒီအတိုင်းဖြစ်မည်မုချ။

တစ်စုံတစ်ခုကို အလျင် အမြန် ဆုံးဖြတ် ရတော့မည်။ သူတို့အားလုံးက စောင့်နေကြသည်။ စန္ဒရား ခလုတ်များပေါ်သို့ လက်ချောင်းများကို စတင်ပြေးလွှားစေလိုက်၏။

"မော်ဂင်"

မော်ဂင်သည် လေထဲတွင် မီးလျှံလို လူးလွန့်လှုပ်ရှားရာမှ ဝံပုံလာသည်။ ပါးစပ်ထဲကို အသားတုံး ထည့်တော့မည့်ဆဲဆဲ ကိုစတာ၏လက်သည် လေထဲတွင် တုံ့သွားသည်။ စစ်သားများ၏ တီးတိုးစကားသံများ၊ မီးကို ရေနှင့်ငြိမ်းသလို ငြိမ်ကျသွားသည်။

မြင်နိုင်စွမ်းမရှိသည့် သံစဉ်များသည် သူတို့ ကို ညှို့ယူဖမ်းစားလေပြီ၊ တိုင်ပင်ထားကြသည့်အလား ရဲဘော်တစ်သိုက် ရှေ့တိုးလာကြပြီး၊ စန္ဒရားအနီးတွင် စုပြုံရပ်ကြသည်။ သီချင်းဆုံးတော့ လက်ခုပ်တီး ဩဘာပေးကြသည်။ "ဝမ်းစမိုး-ဝမ်းစမိုး" အော်ကြသည်။

ဗိုလ်မှူးကြီး ကိုစတာက တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားလာဟန်ဖြင့် စန္ဒရားဆီသို့ လျှောက်သွားသည်။

"ဒါ မောင်ရင်ရေးတဲ့သီချင်း မဟုတ်ပါဘူး"

"ကျွန်တော် ရေးတာပါပဲ၊ ဒါက နောက်တစ်ပုဒ်ပါ၊ ဒီလိုညမျိုးနဲ့ ပိုပြီးဆီလျော်ပါတယ် ဗိုလ်မှူးကြီး"

"စန္ဒရားဆရာ ပြောတာမှန်ပါတယ် ဗိုလ်မှူးကြီး၊ နောက်တစ်ခေါက် ပြန်တီးခိုင်းပါဦး"

သူ့လူတွေက ဝိုင်းပြောသဖြင့် "ကောင်းပြီလေ" ဟု ဆိုကာ ကိုစတာ ချာတိတ် ကလေးနှစ်ယောက်ဆီသို့ ပြန်လှည့်သွားသည်။ မော်ဂင်တေးသွား နောက်တစ်ပိုဒ်ဆုံးလို့ ဩဘာသံများအပြီးတွင် ကိုစတာ ထလာပြန်သည်။

"ကဲ-ကိုယ့်လူ ဒါထက်ကောင်းတဲ့ တစ်ပုဒ်ကို တီးစမ်းပါ"

ရှော့စ် မျက်နှာပျက်သွားသည်။ လွယ်လွယ်ဖြင့်တော့ အရှုံးမပေးနိုင်ပေ။ သည်းအူပြတ်မျှ ခံစားရမည့်သီချင်း၊ ခေါင်းကိုခပ်ဖြည်းဖြည်း ယမ်းလိုက်သည်။

"ကျွန်တော် မတီးနိုင်ပါဘူး"

ဗိုလ်မှူးကြီးကိုစတာက မိန်းမလက်လို နူးညံ့သည့် သူ၏လက်တစ်ဖက်ကို ရှော့စ်၏ ပခုံးပေါ်သို့ တင်လိုက်သည်။

"မောင်ရင် ဘာကြောင့် မတီးချင်သလဲဆိုတာ ကျုပ်နားလည်ပါတယ်၊ ဒီလိုအသိုက်အဝန်းမျိုးမှာ မောင့်ရင့်ဇနီးအတွက် ဖွဲ့ဆိုထားတဲ့တေးကို မတီးချင်



လို့မို့လား၊ ချာတိတ်တွေကို မေ့ထားလိုက်ပါ။ ကျုပ်တစ်ယောက်တည်းအတွက် တီးပေးပါလား"

ရှော့စ် မျက်မှောင်ကုတ်လိုက်သည်။

ဒီလူကြီးဟာ လူတစ်မျိုးကြီးပါလား၊ သူ့တွင် ရက်စက်ကြမ်းကြုတ်ခြင်းနှင့် ကြင်နာခြင်းတို့ ရောထွေးနေသည်။ ဒီလိုစိတ်ဓာတ်ရှိသည့် လူဘီလူးကြီး၏ အလိုကို လိုက်မိသည့်အတွက် ချစ်သူ ကွန်ချီတာ ခွင့်လွှတ်နိုင်မည်ထင်ပါ၏။

ဖြည်းဖြည်းချင်း စတီးသည်။ ကွန်ချီတာ သည် သူ့အာရုံထဲတွင် စတင် လှုပ်ရှားကာ ဖြည်းဖြည်းချင်း ငြိမ့်ငြိမ့်ကလေး စတင်ကနေလေသည်။ သို့သော် ဆုံးအောင်မတီးနိုင် တေးသီချင်းအလယ်လောက်တွင် မှုန်ရှုံးနေသည့် စစ်သားများ၏ မျက်နှာကို မြင်နေရသည်။ သူတို့တစ်တွေ ကွန်ချီတာကို ယုတ်မာခဲ့ကြသည့် အဖြစ်ကို တစ်ဆက်တည်း မြင်ယောင်လာသည်။ တုံ့ခနဲရစ်ပစ်လိုက်သည်။ စန္ဒရားပေါ်မှ ဝုန်းခနဲ ထရပ်လိုက်သည်။

"တော်ပြီ၊ ကျုပ်ဆက်မတီးတော့ဘူး"

ရုတ်ခြည်း ရေမွန်ဆိုသည့် ကျားပွတ်သမားကြီးက သူ့အပေါ်မိုးရပ်ပြီး။

"ကိုယ့်လူ ပြီးခဲ့တဲ့အပတ်ထဲက ခံရတာကို သတိမရတော့ဘူးလား"

"ငါ သတိရတယ်၊ ဒါပေမဲ့ မင်းတို့နားလည်ထားဖို့က လူတိုင်း လူတိုင်းမှာ သူ့တန်ဖိုးနဲ့သူရှိတယ်၊ ငွေနဲ့ဖလှယ်လို့မရနိုင်တဲ့ တန်ဖိုးမျိုးရှိတယ်။ အနိုင်ကျင့်နှိပ်စက်ပြီး ညှစ်ယူလို့မရနိုင်တဲ့ တန်ဖိုးမျိုးရှိတယ်။ အဲဒါ မင်းနားလည်လား ရေမွန်။ တော်ပြီ၊ ငါဆက်မတီးတော့ဘူး"

စပိန်စစ်သားကြီးက နောက်ကို တစ်လှမ်းဆုတ်ပြီး ရှော့စ်၏ မျက်နှာတည့်တည့်ကို လက်သီးဖြင့် တအားစွတ်ထိုးလိုက်သည်။ ကြမ်းပြင်ပေါ်သို့ ရှော့စ်ပက်လန်ကျသွားသည်။ လက်သီးဒဏ်ကြောင့် နှာခေါင်းရိုး သွင်သွင် ကျိုးသွားလေသည်။ အပေါ်နှုတ်ခမ်းလည်း ကြေမွသွား၏။ ပါးစပ်ထဲမှ သွေးတွေ ပွက်ပွက်အန်ကျလာသည်။ ချက်ချင်း ဗိုလ်မှူးကြီးကိုစတာ အနားကို ရောက်လာသည်။

"ဟော့ကောင်ရေမွန် ခွေးသား၊ မင်းကို ငါ ကွာတားချမယ်၊ မင်းကျားပွတ်နဲ့မင်းကို ဆုံးမရမယ်။ လူးဝစ်စ်နဲ့ အင်းနရစ် စန္ဒရား ဆရာကို ငါ့အခန်းထဲ ပွေ့ခေါ်ခဲ့၊ တော်ပြီ ပွဲဖျက်လိုက်တော့"

*

ကွပ်ပျစ်ပေါ်သို့လှဲရင်း မျက်နှာမှ ဝေဒနာကို ပြင်းစွာခံစားနေရသည် သည်းမခံနိုင်လောက်အောင်ပင် နာကျင်နေ၏။ ပြန်လည်စုစည်းမိထားသည် အားအင်တွေကုန်ပြန်ပြီ။ လည်ချောင်းထဲထိ ရောင်ရမ်းနေပြီဖြစ်၏။ အသက်ရှ လို့လည်း မဝတော့။ လည်ပင်းကို လက်တစ်ဖက်ဖြင့် အသာဆုပ်ထားလိုက်၏

အမှောင်ထုကြီးက မိမိတစ်ကိုယ်လုံးကို ဝါးမျိုတော့မည်ဟု စိတ်ထဲခံစား နေရ၏။ မျက်နှာကြက်အမိုးသည် ယိမ်းထိုးလှုပ်ရှား နေ၏။ မိနစ်ပေါင်းများစွာ ချစ်ချစ်တောက် ပူလာလိုက်၊ အရိုးခိုက်အောင် ချမ်းလိုက်ဖြင့် သေအံ့မူးမူး အချိန်ဟု နားလည်လိုက်သည်။ စိတ်ထဲပေါ့သွား၏။

ဤတွင် ပြတင်းပေါက်ကို ခပ်တိုးတိုး လာခေါက်သံ ကြားလိုက်ရခြင်း ဖြစ်သည်။ သတိမရတစ်ချက် ရတစ်ချက်မို့ စောင်းငဲ့၍မကြည့်မိ။ နောက်ထပ်ခေါက် ပြန်သည်။ အနိုင်နိုင်ကြိုးစားသည်။ ပီဒရို၏ မျက်နှာကြီး ဘွားခနဲပေါ်လာ၏ သွားတွေအဖွေးသား ပေါ်အောင်ပြုံးလျက်။ သူက လေသံဖြင့်–

"လစ်ကြစို့ ဆရာ၊ မြန်မြန်လုပ်ပါ"

"မဖြစ်နိုင်ဘူး ပီဒရို၊ ငါလမ်းမလျှောက်နိုင်တော့ဘူး"

ပီဒရိုက ပြတင်းပေါက်မှ ခုန်ဝင်လိုက်ပြီး ရှော့စ်ကို ကလေးတစ်ယောက်ကို ပွေ့သလို ပွေ့ယူလိုက်သည်။ ပြီးတော့ ပြတင်းပေါက်မှအပြင်ဘက်သို့ အသာချ လိုက်သည်။ တစ်ကိုယ်လုံး အကောင်းတစ်ခုမျှ မကျန်တော့အောင် ကြေမွနေပြီဟု ရှော့စ် အောက်မေ့လိုက်သည်။ ပီဒရိုက ပြတင်းပေါက်မှထွက်ပြီး ပြန်ပိတ်လိုက်၏။

ရှော့စ်ကို ကောက်ပွေ့ကာ အမှောင်ရိပ်ခိုပြီး ထွက်လာခဲ့သည်။ အစောင့်တဲ၏ ပြင်ဘက်တွင် မြင်းနှစ်ကောင်စောင့်နေသည်ကို မြင်ရ၏။

"စပိန် မြင်းတပ်ကပေးတဲ့ လက်ဆောင်လေ"ဟု ပီဒရိုက ပြုံးပြုံးကြီး ပြောသည်။ ရှော့စ်က အစောင့်တဲထဲကို လှမ်းကြည့်လိုက်သည်။ တာဝန်ကျ စစ်သားသည် တဲထဲတွင်ရှိနေ၏။ သို့သော် အားလျားမှောက် အသက်ပျောက်လျက်။ ရှော့စ် စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

"ဘာထူးမှာလဲ ပီဒရိုရာ၊ သူတို့ နောက်ကလိုက်လာဦးမှာပဲ၊ ဒီတစ်ခါတို့ကို အပြီးအပြတ်ရှင်းမှာ"

"အမေရိကန် နယ်နိမိတ်ထဲထိတော့ လိုက်မလာရဲပါဘူး"

"ဘယ်လိုကွ၊ ဘာပြောတယ်"

ရှော့စ် ပြန်မေးလိုက်သည်။



"ဟုတ်တယ် ဆရာ၊ ကျွန်တော့် ဦးလေးတစ်ယောက် လှေတစ်စင်းနဲ့ စောင့်နေတယ်၊ ဒီကနေ တစ်နာရီလောက်သွားရင် ပင်လယ်ကမ်းခြေကို ရောက်ပါ လိမ့်မယ်။ ကျွန်တော့်ကိုပါ တစ်ခါတည်းခေါ်သွားပါဆရာ၊ ကျူးဘားမှာနေလို့ မဖြစ်တော့ဘူး"

"ကောင်းပြီ ပီဒရို ဘာမှမပူနဲ့၊ ကဲ–ငါ့ကို မြင်းပေါ်တင်ပေး"

မတ်တန်ဇက်စ်၏ အရှေ့ဘက်မှဖြတ်ပြီး ပင်လယ်ကမ်းခြေဆီသို့ သူတို့ င်းလာခဲ့ကြသည်။ ကမ်းခြေရောက်တော့ ပီဒရို၏ဦးလေးကို အသင့်တွေ့ရ၏။ မကြာခင် သူတို့ရွက်လှေကလေး ပင်လယ်ထဲတွင် တရိပ်ရိပ်ပြေးနေပြီ။

လှေထဲတွင် လှဲရင်း နောက်တွင် တဖြည်းဖြည်း ဝေးကျန်ခဲ့သည့် ကျူးဘားကျွန်းကြီးကို မျက်မှောင်ကုတ်ပြီး ငေးကြည့်နေသည်။ တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားသည်အထိ။

ရင်ထဲတွင် ဘာမျှမကျန်တော့အောင် ဟာသွားသည်။ ဘဝတစ်ခုလုံး ကျူးဘား တောနက်ထဲတွင် မြှုပ်နှံသင်္ဂြိုဟ်ခဲ့ပြီမဟုတ်လား။ နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် သတိမရ တစ်ချက်၊ ရတစ်ချက် ဖြစ်နေသော ရှော့စ်ကို ပခုံးပေါ် ထမ်းပြီး၊ ကီးဝက်စ်ကမ်းခြေတွင် ပီဒရို ဆင်းသွားသည်။ တစ်လမ်းလုံး အဖျား တက်ပြီး၊ ကယောင်ကတမ်းတွေ ပြောလာခဲ့သော်လည်း အမိမြေကို ပြန်လည် ခြေချမိသည့် အချိန်တွင် ရှော့စ်၏ စိတ်တွေ ကြည်ကြည်လင်လင် ပြန်ဖြစ်လာသည်။

ဖူးရောင်ကွဲပြဲနေသည့် နှုတ်ခမ်းကို အနိုင်နိုင် လှုပ်ပြီး ပီဒရိုကို လေသံဖြင့် ပြောသည်။

"ဟယ်ရီလင်တန် ဆိုတဲ့ လူတစ်ယောက်ကိုရှာ၊ ပြီးတော့ ငါ့နာမည်ကို ပြော၊ အဲဒါဆို အားလုံးကိစ္စပြီးပြီ"

နောက် တစ်နာရီအကြာတွင် ဟယ်ရီလင်တန်၏ ဧည့်ခန်းဆောင်မှ အိစက် ညက်ညောသည့် ငှက်မွေး မွေ့ရာကြီးပေါ်တွင် ရှော့စ် အခန့်သားလဲလျောင်းလျက် ရှိသည်။ သတိလစ်နေသည့် မျက်နှာကို ခံ့ခံ့ညားညားလူကြီး တစ်ယောက်က ငုံ့ကြည့်နေသည်။

"ယုတ်မာလိုက်တဲ့ ခွေးတိရစ္ဆာန်တွေ"

ဟယ်ရီလင်တန်က ဒေါသတကြီး ရေရွတ်လိုက်သည်။ နောက်မှ အသံကို တိုးတိုးဖြင့် –

"ကျွန်တော် သူ့ကို ပြောပါတယ်ဗျာ၊ ဒီစပိန်ကောင်တွေရဲ့ အကြောင်း

ကိုလေ”

ပို၍ ပျော့ပျောင်းသော အသံဖြင့် ဆက်ပြောသည်။

“ကျွန်တော် ကေသီ့ကို အခေါ်လွတ်လိုက်မယ်၊ ဘာဆက်လုပ်ရမယ် ဆိုတာ သူမှသိမှာ”

■

## အခန်း (၁၃)

“ခုမှပိုကြည့်လို့ ကောင်းလာတယ်၊ ယောကျ်ားဆိုတာ ဒီလိုမှပေါ့၊ မိန်းမချောချောတာမျိုး ကေသီသဘောမကျဘူး။ ယောကျ်ားဆိုတာ လှဖို့မလိုဘူးလေ၊ ခံ့ညားရမယ်၊ အကျည်းတန်ရမယ်။ ရှောင့်စ်က ဟိုတုန်းက သိပ်ချောတာ ကေသီတော့ ခုရုပ်ကို ပိုကြိုက်တယ်”

ကေသီလင်တန်က သူ့အမြင်ကို ထုံးစံအတိုင်း ပွင့်ပွင့်လင်းလင်း ပြောနေသည်။ ရှောင့်စ်က ကျိုးသွားသည့် နှာခေါင်းရိုးကို လက်တစ်ဖက်ဖြင့် အသာစမ်းကြည့်လိုက်၏။ ကေသီပြောတာ မှန်လိမ့်မည်ဟု တွေးမိလိုက်သည်။ ကိုယ့်ကိုယ်ကိုယ် လက်ဝှေ့သမားနှင့် တူနေပြီဟု ထင်လိုက်၏။

“စိတ်မပျက်ပါနဲ့ ရှောင့်စ်ရယ်၊ ခုမှ ပိုပြီး ရှောင့်စ်ပါရီနဲ့ တူလာတာ၊ တကယ်ပြောတာ”

ရှောင့်စ်က မျက်နှာကြည်ကြည်ကလေးကို ကြည့်ပြုံးနေလိုက်၏။ ထူးခြားသည့် သည်မျက်နှာလေးကိုကြည့်ရင်း ရှောင့်စ်သဘောကျစ ပြုနေပြီ။ ကေသီသည် ကိုယ်ပိုင်ဟန်ရှိပြီး အလွန်ရှားသည့် မိန်းကလေးမျိုး ဖြစ်၏။

“မင်းပြောတာကိုပဲ ယုံရမှာပေါ့ ကေသီ၊ နှာခေါင်းကျိုးနေတဲ့ လူတစ်ယောက်က မကျိုးတဲ့လူတစ်ယောက်ထက် ပိုပြီး ယောကျ်ားပီသတယ် ဟုတ်လား”

“ဒီက တကယ်ပြောတာပါနော်၊ ရှောင့်စ်ရဲ့မျက်နှာနဲ့ ရှောင့်စ်ခုမှ တကယ်လိုက်တာ၊ မျက်နှာကြမ်းလာပြီး ပိုပြတ်သားလာတယ်၊ ပိုတည်ငြိမ်လာတယ်။ ဒါကို ကေသီ သဘောကျတာ၊ ဟိုတုန်းကထက် ပိုသဘောကျတာကို ပြောတာနော်”

“ကျေးဇူးပါပဲ ကေသီရယ်”

ရှောင့်စ်က အဝေးဆီသို့ ငေးနေသည်။ မိုးကုပ်စက်ဝိုင်းဆီတွင် ပင်လယ်ရေပြာပြာသည် နေရောင်တွင် ခရမ်းရောင် တဖျပ်ဖျပ်တောက်နေ၏။

မြကျွန်းသာသည် နာမည်နှင့်လိုက်အောင် သာယာသည့် ကျွန်းကလေး ပါပေ။ မြကျွန်းသာသို့ ရောက်ပြီးသူတိုင်း မပြန်ချင်ကြဟု အဆိုရှိသည်။ မိမိကိုယ်တိုင်ကော ပြန်နိုင်ပါတော့မည်လား။

ကေသီကလေး၏ ပြုစုယုယမှုတွေကို စားမြုံ့ပြန်နေမိ၏။ ဒုတိယအကြိမ် ပြန်ဆုံကြတော့ ရင်သပ်ရှုမောဖြစ်ရ၏။ ဟိုတုန်းက ကေသီကို မတွေ့ရတော့ အပြောင်းအလဲကြီး ပြောင်းလွဲနေသည့် ကေသီ။

ကေသီ့တွင် ထူးခြားသည့် အရည်အချင်းတစ်ခုရှိသည်။ သူနှင့်ရင်းနှီး သွားလျှင် သူ့ရုပ်ရည်ကို မေ့သွားကြ၏။ ဒါက ပထမအဆင့်။ တဖြည်းဖြည်းနှင့် သူ့ကို သေသေချာချာ ပြန်ကြည့်ဖြစ်လျှင် မှဲ့ယင်ချေးသဲ့သဲ့နှင့် နှာခေါင်း ချွန်ချွန်မျက်နှာကလေးသည် မိန်းမချောကလေးများထက် စိတ်ဝင်စရာ ကောင်း လာ၏။

ကိုယ်နေဟန်ကမူ အပြစ်ဟူသရွေ့ မြူငွေ့မျှမရှိ။

"ဘာတွေတွေးပြီး သူများကို စိုက်ကြည့်နေတာလဲ"

ကေသီက မေးတော့ ရောစ် ပြုံးသည်။

"မင်းက သိပ်တော်တာပဲ ကေသီ၊ အဲဒီ အကြောင်းတွေးနေတာ"

"တော်မယ့်အစား လှရင်သိပ်ကောင်းမှာနော်"

"ဘာပြုလို့လဲ ကေသီ။ မိန်းမလှကလေး တစ်ဒါဇင်လောက်နဲ့ မင်းကို အခန်း တစ်ခန်းထဲရောထား၊ အခန်းထဲက ထွက်သွားတဲ့ ယောကျ်ားတိုင်း တခြားကောင်မလေးတွေကို ချက်ချင်းမေ့သွားပြီး မင်းကို သတိရနေကြလိမ့်မယ်"

"ရယ်စရာအဖြစ်နဲ့ သတိရနေမှာ မဟုတ်လား။ တော်ပါပြီ ရောစ်ရယ်၊ ကေသီ စိတ်ချမ်းသာအောင် ပြောမနေပါနဲ့"

"ကိုယ် တကယ်ပြောနေတာပါ ကေသီ။ ကမ္ဘာကျော် အမျိုးသမီးတွေကို ကြည့်ပါ၊ လှတာထက် လေးနက်တာ၊ စိတ်ဝင်စားစရာ ကောင်းတာက ပိုပါ တယ်။ မင်းဟာ အဲဒီ ဘက်ကကြည့်ရင် မာနတံခွန်တောင် ထူနိုင်သေးတယ် ကေသီ"

"ဘာအတွက် မာနတံခွန်လဲဟင်"

"မင်းကိုယ်တိုင် အတွက်ပေါ့၊ သူမတူတဲ့ မင်းရဲ့ထူးခြားချက် အတွက်ပေါ့။ မင်းနဲ့ သိကျွမ်းဖူးတဲ့ လူတိုင်းဟာ မင်းကို ဘယ်လိုမှ မမေ့နိုင်ကြဘူးလို့ ကိုယ် ယုံတယ် ကေသီ"

"ရောစ် တစ်ယောက်ပဲ ကေသီကို အမှတ်ပေးမယ့်လူရှိတယ်။ အင်း-



ရောစ်နဲ့ သာဆိုရင်"

ကေသီက တိုးတိုးကလေးပြောရင်း တုံ့သွားသည်။

"ကိုယ်နဲ့သာဆိုရင် ဘာဖြစ်လဲ ဆက်ပြောလေ ကေသီ"

ရောစ် ဖြတ်မေးလိုက်သည်။ ကေသီက လေးနက်သည့်အမူအရာဖြင့်

"မသိဘူးရောစ်၊ အန်ကယ်ဟယ်ရီ ရောစ်ကို ခေါ်လာပြီး ဒီမှာထားခဲ့ ကတည်းက ကေသီအတွက် စွန့်စားခန်းတစ်ခုလိုပဲ။ အစ်ကိုလုပ်တဲ့လူကလွဲပြီး ဘယ်ယောကျ်ားလေးနဲ့မှ မဆက်ဆံခဲ့ဖူးဘူးလေ၊ ဒီတော့ အထီးကျန်ဘဝဆိုတာကို ဟိုတုန်းက နားမလည်ခဲ့ဘူး"

"ကိုယ် စိတ်မကောင်းပါဘူး ကေသီ"

ရောစ်က ဝမ်းနည်းစကားဆိုသည်။

"စိတ်မကောင်းမဖြစ်ပါနဲ့လေ၊ ရောစ် အပြစ်မှမဟုတ်တာ။ ရောစ်ရဲ့ဇနီး ဆုံးတာလည်း မကြာသေးဘူးနော်"

ရောစ်မျက်နှာသည် ရုတ်ခြည်းညှိုးကျသွားသည်။ ကေသီမရွံ့မရဲ အမူအရာ ဖြင့်-

"သူ့အကြောင်း ပြောပြပါလား ရောစ်၊ ကေသီ နားထောင်ချင်တယ်"

"မပြောပါရစေနဲ့ ကေသီရယ်"

"ရင်ထဲ ပေါ့သွားအောင် ပြောချလိုက်ပါလား ရောစ်၊ တစ်နေ့ တစ်နေ့ ဒီမှာလာထိုင်ပြီး တစ်ယောက်တည်း ကျိတ်မှိတ်ခံစားနေတာ ကေသီ မကြည့် ရက်ဘူး။ ရောစ်ရဲ့ စိတ်ဝေဒနာတွေကို ကုစားပေးချင်တယ်"

"မကြိုးစားချင်ပါနဲ့ ကေသီရယ်၊ ကိုယ်က ရှင်လျက်နဲ့ သေနေသူပါ။ ဒီလိုလူမျိုးကို ခင်တွယ်မိရင်-"

"အဲဒါနဲ့ပတ်သက်ပြီး ကေသီဆုံးဖြတ်ပါရစေ။ လာ ကမ်းစပ်အထိ လျှောက်ကြရအောင်"

"လျှောက်လေ"

ကေသီက သူ့လက်ကို ရောစ်ဆီသို့ ကမ်းပေးလိုက်သည်။ နှစ်ယောက်သား အေးမြမြ ဝက်သစ်ချရိပ်မှ မြွေလိမ်မြွေကောက် လမ်းကလေးအတိုင်း ဆင်းခဲ့ ကြ၏။ လေညင်းက ပြေပြေကလေး ရှေ့မှဆီးတိုက်နေ၏။ ကေသီက မျက်နှာ ကလေး မော့ထားပြီး လျှောက်နေသည်။

နေဝန်းကြီးက ပြည်မဆီမှ ကျောက်ဆောင်များထဲသို့ ငုပ်လျှိုးတိုးဝင်နေပြီ။ ကေသီ့ခေါင်း ပေါ်မှ သစ်ကြားသီးရောင် ဆံပင်တွေက တလက်လက်တောက်ပ

နေသည်။ ဆည်းဆာရောင်တွင် အရုပ်ဆိုးမကလေးသည် လှချင် တိုင်းလှနေ၏
မှဲ့ယင်ချေးကလေးများပင် ရွှေရောင်လက်နေသည်ဟု ရော့စ် ထင်လိုက်သည်
ပါးစပ်ကျယ်ကျယ်မှ နှုတ်ခမ်းအစုံသည် ပူနွေးသည့် အရောင်သို့ ပြောင်းနေ
သလိုလို။ မထင်ဘဲနှင့် ရော့စ် စိတ်တွေလှုပ်ရှားနေ၏။

"ဟယ်ရီ ဘယ်တော့ ပြန်လာမှာလဲ"

ရော့စ်က မေးလိုက်သည်။

"မသိဘူးလေ၊ သူပြန်လာလည်း ဘာအကြောင်းထူးလဲ၊ ပိုက်ဆံရလာ
မှာလည်း မဟုတ်ပါဘူး"

"သူ့မှာ ငွေလိုနေရင် ကိုယ်–"

"မလုပ်ပါနဲ့ ရော့စ်၊ ဟယ်ရီ့ကို ငွေချေးတာဟာ ကောက်ရိုးပုံထဲ
သန်းတစ်ကောင် ပစ်ချလိုက်တာနဲ့ အတူတူပဲ၊ တစ်နေ့နေ့မှာ ဒီမြေတွေအားလုံး
ဆုံးဖို့ သေချာနေပါပြီ"

"ထင်းရှူးမြိုင် ဆုံးမယ်ဆိုရင် မင်း ဘယ့်နှယ်လုပ်မလဲ ကေသီ"

"အန်ကယ် ဟယ်ရီနဲ့ သွားနေရုံပေါ့၊ အန်ကယ်ဟယ်ရီက ကေသီ
လာနေရင် ဝမ်းသာနေမှာပါ၊ သူ့လုပ်ငန်းကိုလည်း ကေသီ ကူနိုင်တာပေါ့"

"ဟုတ်တယ်"

ရော့စ်က အလေးအနက် စဉ်းစားပြီး ဆက်ပြောသည်။

"မြို့မှာနေတော့ ရှယ်တူတန်းတူ လူငယ်တွေနဲ့ တွေ့နိုင်တာပေါ့လေ၊
ပြီးတော့–"

ကေသီက တုံ့ခနဲ့ရပ်လိုက်ပြီး သူနှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"အို... ဘယ်သူနဲ့မှ မတွေ့ချင်ပါဘူး"

"ဘာပြုလို့လဲ ကေသီ"

"ဘာပြုလို့ရမှာလဲ၊ တွေ့တဲ့လူတိုင်းကို ရော့စ်နဲ့ပဲ နှိုင်းယှဉ်ကြည့်နေမိ
မှာပေါ့၊ ဒီတော့ ဘယ်သူနဲ့မှ ရင်းနှီးစရာအကြောင်း မရှိတော့ဘူးပေါ့"

"ကေသီရယ်၊ တော်ပါတော့ကွယ်"

"ကောင်းပါပြီလေ၊ ဆက်မပြောတော့ပါဘူး"

ကေသီနှင့် သည်တစ်ခေါက် ပြန်လည်ဆုံစည်းရခြင်းသည် ရော့စ်အတွက်
တိမ်းမူးဆွတ်ပျံ့ဖွယ်အတိ ဖြစ်ခဲ့သည်။ ရောက်လာသည့်နေ့ကို ပြန်သတိရနေ၏။
မနီးတစ်ဝက် နီးတစ်ဝက်နှင့် လွင့်မြောနေသော်လည်း ထိုနေ့ကို မှတ်မိနေ၏။

ကေသီ အခန်းထဲဝင်လာသည်။ ဦးထုပ်သိုင်းကြိုးကို မေးစေ့တွင် ချည်



ား၏။ အဝတ်အစားက ကပိုကရိုနှင့်၊ မသိမသာ ပိန်သွားသည် ထင်ရ၏။
ကြာကြီးရပ်ပြီး မိမိကို တွေကြည့်နေသည်။

နှုတ်ခမ်းတွေက ကြောက်စရာ ဖူးရောင်အက်ကွဲပြီး မျက်နှာတစ်ခုလုံး
ရောင်ကိုင်း ညိုမည်းနေချိန်။ လူမည်းအိမ်စေတစ်ယောက်က တစ်ဖက်သို့
ောင်းစေပြီး ကျောပြင်ကို ကေသီမြင်အောင် ပြလိုက်သည်။

ရိုက်ကြီးတငင် ငိုသံကို ကြားနေရ၏။ ပြီးတော့ လှမ်းလျှောက်လိုက်၊
ုတ်မှကျိန်ဆဲလိုက်နှင့်။ ပြီးတော့ ဆေးပြင်းလိပ်သေးသေးကလေး ထုတ်ညှိကာ
သာက်ပြန်သည်။ အခန်းထဲတွင် မီးခိုးငွေ့တွေ လွင့်ဝဲနေ၏။

နောက်မှ တတွတ်တွတ် ရေရွတ် ကျိန်ဆဲနေရာမှ ရပ်ပြီး ဆေးလိပ်တိုကို
လွှင့်ပစ်လိုက်သည်။ ဒဏ်ရာတွေကို ဆေးကြောသန့်စင်ကာ ပတ်တီးစည်းပေးသည်။

ဤသို့ဖြင့် တဖြည်းဖြည်း ကျန်းမာလာခြင်းဖြစ်၏။ ကေသီက ဂရုတံစိုက်
အနီးကပ်ပြုစုသည်။ ကျွမ်းကျွမ်းကျင်ကျင်လည်း ရှိလှ၏။ အကြင်နာများ
ရောပြွမ်းသည့် ကျွမ်းကျင်မှုမျိုး။

သို့သော် သည်ဘဝတစ်ကွေ့သည် ရော့စ်အတွက် အဓိကကျသည့်
ကဏ္ဍတော့မဟုတ်။ ကေသီလင်တန် သူ့ကိုပြုစုနေခြင်းသည် ကျန်းမာလာစေ
ရန်နှင့် ကျန်းမာချင်စိတ် ရှိလာရန်သာဖြစ်၏။

သည့်ထက် အဓိကကျသည့်အရာတွေ ရှိသေးသည် မဟုတ်လား။ ကွန်ချိတာ
သေဆုံးရသည့်အဖြစ်။ ချစ်စွာသော ပုဏ္ဏမိရိပ်သာမှ ကိုယ့်စရိတ်နှင့်ကိုယ်
အိမ်ပြေးဖြစ်နေရသည့် ဘဝ။ ပြီးတော့ မော်ဂင်။

သည်အရာတွေထဲတွင် မော်ဂင့်ကိစ္စမှာ ချောက်ချားစရာ အကောင်းဆုံး
ဖြစ်၏။ စင်စစ် မော်ဂင်ဆီမှ သူ ထွက်ပြေးနေခြင်းဖြစ်သည်။ ဆက်ပြီး ပြေးနိုင်
ခွမ်း ရှိပါဦးမည်လား။

တည်တည်ငြိမ်ငြိမ်နှင့် အခြေချမည့်အရွယ်သို့ ရောက်ပြီ။ ဝရမ်းပြေး
ဘဝမှ လွတ်သင့်ပြီ။ ဘာကြောင့်များ သည်လိုပြေးနေရပါလိမ့်။ ကိုယ့်ဘာသာ
ကိုယ် အဖြေထုတ်ကြည့်သည်။ မတွန်းလှန်နိုင်သည့် အင်အားတစ်ခုနှင့် ရင်ဆိုင်
ရမည်ကိုကြောက်ပြီး ပြေးနေခြင်းဟု အဖြေထွက်၏။

ဤမမြင်နိုင်သည့် အင်အားတစ်မျိုးမှာ ဖော်ပြနိုင်စွမ်း မရှိအောင် ကြောက်
မက်ဖွယ်လည်း ကောင်း၏။ သို့သော် ထိုစဉ်က ဘာမှန်းမသိခဲ့။ ယခုတော့
ရေးရေးမြင်လာသလို ရှိ၏။

သူသည် လူ့ဘဝ၏ ခရီးကြမ်းကို အစွန်အဖျားအထိ လျှောက်ခဲ့ပြီးပြီ။

သေမင်းနှင့် နပန်းလုံးခဲ့ပြီးပြီ။ အတိုင်းအဆမရှိ။ ယုတ်မာရိုင်းစိုင်းသည့် အဖြစ်ဆိုးပေါင်းများစွာနှင့် ရင်ဆိုင်ခဲ့ပြီးပြီ။ သို့ဖြစ်လျှင် ဘာကို ကြောက်စရာလိုတော့သနည်း။ မော်ဂင်ဆိုသည့် အမျိုးသမီးကို ဘာထည့်တွက်စရာ လိုတော့သနည်း။

"ငြိမ်လှချည်လား ရှော့စ်၊ ဘာတွေ စဉ်းစားနေတာလဲ"

ကေသီက တိုးတိုးကလေးမေးသည်။ ရှော့စ် သူ့ကို ပြန်ကြည့်သည်။

"အမျိုးသမီးတစ်ယောက်အကြောင်းကို စဉ်းစားနေတာပါ၊ သူ့နာမည်က မော်ဂင်တဲ့"

"သေသွားတဲ့တစ်ယောက် မဟုတ်ဘူးနော်"

"မဟုတ်ဘူး၊ မော်ဂင်က သက်ရှိထင်ရှားလေ။ တစ်ခါတလေ ကိုယ်တွေးမိတယ်"

"သူ့ကို ရှော့စ် ချစ်နေလို့လားဟင်"

"ဟင့်အင်း၊ သူ့ကိုမုန်းတာ၊ ဒါပေမဲ့ တစ်ခါတစ်ခါ သူ့အကြောင်းကို မစဉ်းစားဘဲ မနေနိုင်ဘူး"

"ဘာဖြစ်လို့လဲဟင်"

ကေသီ နားမလည်သလို မေးလိုက်သည်။

"ဘာဖြစ်လို့လဲဆိုတော့ မော်ဂင်က သိပ်လှတယ်၊ သူ့အလှက မြင်ရသူတွေကို ဒုက္ခပေးတဲ့ အမင်္ဂလာအလှမျိုး။ မကောင်းဆိုးဝါးရဲ့ လက်နက်ပုန်းတစ်ခုနဲ့ တူတဲ့အလှမျိုး။ မင်းက ရုပ်ရည်အလှကို မက်မောတဲ့အကြောင်းပြောရင် သူ့ကို သွားသွားသတိရတယ် ကေသီ။ သစ်နက်မတစ်ကောင်လည်း လှတာပဲ၊ တချို့မြွေတွေလဲ လှတာပဲ။ ကျားကလည်း တောထဲမှာ အင်မတန်ကျက်သရေရှိတဲ့ သတ္တဝါတစ်မျိုးပဲ။ ဒါပေမဲ့ သူတို့အားလုံး သူများအသက်သတ်တဲ့ အန္တရာယ်ကောင်တွေချည်းပဲ"

"မော်ဂင်ဆိုတဲ့ အမျိုးသမီးက အဲဒီလိုလား၊ လူတွေကို သူသတ်တယ်ဟုတ်လား"

"ခုထိတော့ မသတ်သေးဘူး၊ ဒါပေမဲ့ သူလိုချင်တာရမယ်ဆိုရင် သတ်ဖို့ဝန်လေးမှာ မဟုတ်ဘူး၊ အဲ့ဒီလိုသတ်ရရုံနဲ့တောင် ကျေနပ်မယ့် မိန်းမစားမဟုတ်ဘူး ကိုယ်ထင်တယ်။ သူ့အတွက်နဲ့ အချင်းချင်းသတ်ကြ သေကြ။ ဒါမှမဟုတ် ကိုယ့်ကိုယ်ကိုယ် သတ်သေကြတဲ့ မြင်ကွင်းမျိုးကိုကြည့်ပြီး ကြည်နူးနေမယ့်မိန်းမစား"

"တော်တော်စိတ်ဝင်စားစရာကောင်းတဲ့ အမျိုးသမီးနော်"



"ဟုတ်တယ်ကေသီ"

"သူက ကိုယ့်အခင်ဆုံးမိတ်ဆွေရဲ့ မိန်းမလေ။ အဲဒီ ကိုယ့်မိတ်ဆွေဟာ ထွေးနိုင် မမျိုနိုင်နဲ့ ရူးမလောက် စိတ်ညစ်နေရှာတယ်။ မော်ဂင်ရဲ့ချစ်သူတစ်ယောက် ယှဉ်သတ်လို့ သူရှုံးမှပဲ ဒီဝဋ်က ကျွတ်ရှာမှာ"

"အဲဒီမိန်းမရဲ့ ချစ်သူတွေထဲမှာ ရှော့စ် ပါလားဟင်"

"အို ဘယ်ကလာ"

ကေသီက သူ့လက်ကို တင်းတင်းဆုပ်လိုက်သည်။ သဲထဲတွင် တစ်ပိုင်းမြုပ်နေသည့် သစ်တုံးပေါ်တွင် နှစ်ယောက်သား ထိုင်လိုက်ကြသည်။ ပင်လယ်ပြင်လှိုင်းလုံးကြီးများသည် ကမ်းစပ်ဆီသို့ ညင်သာစွာ တလိမ့်လိမ့် ပြေးလာနေကြသည်။ ကမ်းစပ်ကိုရောက်ခါနီးမှ ဆူဆူညံညံအော်ပြီး သဲသောင်ပြင်ကို ကျိစယ်ကာ ပြန်လည်တပ်ဆုတ်သွားကြသည်။

ကေသီက မှုမမှန်သည့် ခြောက်ကပ်ကပ်အသံဖြင့်

"ပင်လယ်ရေပြင်ဟာ နေရာအနှံ့ ရောက်တာပဲနော် ရှော့စ်၊ ဟိုအဝေးကြီးက ကမ်းခြေတွေဆီကိုလည်း ရောက်တာပဲ၊ ကျောက်ခဲလေးတစ်လုံး ပစ်ချလိုက်လို့ ထလာတဲ့ ဂယက်ကလေးတွေဟာ ဟိုမှာဘက် တရုတ်ပြည်ရဲ့ ကမ်းခြေတွေဆီအထိ သွားပြီး ရိုက်ခတ်တယ်၊ ဘဝဟာလည်း တစ်ခါတလေ အဲဒီလိုပဲထင်တယ်"

"ဘယ်လိုများလဲ ကေသီရယ်"

"လူ့ဘဝမှာ ဥပဒေနဲ့ ထိန်းချုပ်မထားတဲ့အရာတွေ အများကြီးပဲ၊ လူတွေရဲ့ ပြုလုပ်လှုပ်ရှားမှုမှန်သမျှဟာ ဂယက်ကလေးတွေ ထသွားတာချည်းပဲ။ အကောင်းဖြစ်ချင်ဖြစ်မယ်၊ အဆိုးဖြစ်ချင်ဖြစ်မယ်၊ အဲဒီဂယက်ကလေးတွေဟာ ကမ္ဘာထဲမှာ ရှိသမျှလူတွေဆီကို ရိုက်ခတ်တယ်"

"ဟုတ်ပါတယ် ကေသီ"

"ဥပမာ ဘရုတပ်စ်ဟာ သူ့မိန်းမနဲ့ကလေးကို ပြန်လိုချင်တာ တစ်ခုတည်းပဲ ရှိတယ်။ အဲဒီအတွက် ဂယက်ကလေးတစ်ခု ထသွားတယ်။ အဲဒီဂယက်ရဲ့အတူ ရှော့စ်ဟာ ဝေးလံသီခေါင်လှတဲ့ ဒီထင်းရှူးမြိုင်ကို ရောက်လာတယ်။ ကေသီနဲ့တွေ့တယ်။ နောက်တစ်ခုက ရှော့စ်ရဲ့ဇနီးဟာ ကေသီ့ကို လုံးဝမသိဘူး။ ဒါပေမဲ့ သူက ရှော့စ်ကို ကျူးဘားတော်လှန်ရေးထဲ ထည့်ပေးတယ်။ ကျူးဘားမှာ တပျက်ပြီး ကေသီ့ဆီမှာ ရှော့စ် လာသောင်တင်တယ်။ အံ့သြစရာမကောင်းဘူးလား ရှော့စ်၊ အဲဒီဂယက်လေးတွေဟာ ထပ်တလဲလဲ ဖြစ်နေတယ်လို့ ကေသီဆိုလိုတာပါ။

ခု မော်ဂင်ဆိုတဲ့ နာမည်ကို ကြားရပြန်ပြီ။ အဲဒီဂယက်က ကေသီ့ဘဝကို ဘယ်
လိုမျိုး လှိုင်းပုတ်ဦးမလဲ မသိဘူး။ ဒါဆိုရင်တော့ တတိယအကြိမ်ပဲ။ နောက်တ
ခါ ရော့စ် ရောက်လာရင်တော့ ပြန်မလွှတ်တော့ဘူး”

“တကယ်ပြောတာလား ကေသီ”

“အဲဒီလိုဖြစ်ပါစေလို့ ကေသီ ဆုတောင်းနေတာ”

ရော့စ် အကြာကြီးငေးကြည့်နေမိသည်။ ဒီလောက် ရိုးသားပြီး အပြ
ကင်းတဲ့ မျက်လုံးမျိုး ဒီကမ္ဘာထဲတွင် ရှိမည်မထင်။ မျက်နှာပေါ်မှ ရယ်စ
ကောင်းသည့် မှဲ့ယင်ချေးကလေးများသည် မြင်ပါများတော့ ပျောက်ကွယ်လျ
ရှိသည်။ တကယ်လို့များ လောင်ကျွမ်းသွားပြီးဖြစ်သည့် အသည်းနှလုံးတွ
အချစ်စို့ အချစ်ညှောင့်ကလေးတွေ ပြန်လည်ရှင်သန်လာမည်ဆိုပါက ကေ
အတွက်ပဲ ဖြစ်သင့်သည်ဟု အတွေးနက်နေမိ၏။

ကေသီက သူ့ကိုမော့ကြည့်နေသည်။ အတောင့်သားထိုင်ပြီး နှုတ်ဆိ
သွားသည်။ အကြာကြီး ငေးကြည့်နေပြီးမှ ရှေ့သို့ တဖြည်းဖြည်းတိုးလာသည်
မျက်နှာကလေးကို မသိမသာမော့ပြီး မျက်လုံးကလေးများ မှေးစင်းလျက်
ဆေးမခြယ်ဘဲ နီရဲနေသည့် နှုတ်ခမ်းအစုံကို ရော့စ် ငုံ့ကြည့်နေသည်။ နှစ်ဦး
နှုတ်ခမ်းများမှာ ထိလုထိခင်။ ရော့စ် တိုးတိုးကလေး ပြောလိုက်သည်။

“မဖြစ်ဘူး ကေသီ၊ ကိုယ့်ကို ခွင့်လွှတ်ပါကွာ”

မီးခိုးရောင် မျက်လုံးအစုံ ဖြည်းဖြည်းချင်း ပွင့်လာသည်။ မျက်တော
ကော့များအောက်မှ မှေးစင်းလျက် သူ့ကိုငေးကြည့်နေ၏။

သူ့မျက်လုံးများတွင် အဓိပ္ပာယ်ရှာဖွေနေကြောင်း ရော့စ် သိလိုက်၏
မီးခိုးရောင်မျက်လုံးများတွင် ဝေဒနာတိမ်သလ္လာတွေ လွှမ်းသွားသည်။ သော
ရိပ်များ ရုတ်ခြည်းတက်လာသလို ရုတ်ခြည်းပင် ပြန်လည်ပျောက်ကွယ်သွ
ကြ၏။ အနိမ့်အမြင့်မရှိသော အသံဖြင့်

“ရော့စ်ပြောတာ ဟုတ်ပါတယ်လေ၊ ကေသီ မှားသွားတယ် ရော့စ်ရယ်
ကိုယ့်ကိုယ်ကိုယ် ရက်လို့ဆုံးမှာ မဟုတ်တော့ဘူး။ သူ သေတာလည်း ခြောက်လ
တောင် မပြည့်သေးဘူးနော်၊ ရော့စ်”

ကေသီက ပြုံးပြုံးကလေးကြည့်ပြီး မေးသည်။

“အဲဒါကြောင့် ကေသီ့ကို မနမ်းတာမဟုတ်လား ဟင်”

“ဟုတ်တယ် ကေသီ၊ အဲဒါကြောင့်ပါ”

“ကေသီ့ကို ရော့စ် သဘောမကျတော့ မရှိပါဘူးနော်၊ ခင်တယ်လို့တော



င်မိတယ်”

“သိပ်ကို ခင်ပါတယ် ကေသီရယ်”

“ဝမ်းသာလိုက်တာ ရော့စ်ရယ်”

ကေသီက သက်ပြင်းချပြီး

“ကဲ ဒါဆို ပြန်ကြစို့”

ရော့စ်က ကေသီ့လက်ကိုတွဲပြီး ချစ်စရာအိမ်အိုကြီးဆီသို့ ပြန်ခဲ့ကြသည်။
ိမ်ပြန်ရောက်တော့ စရန်တာတွင်ထိုင်ပြီး မှောင်စပြုနေသည့် ဆည်းဆာကို
ငေးကြည့်နေသည့် ဟယ်ရီလင်တန်ကို တွေ့ရ၏။ မျက်နှာမှာ သုန်မှုန်လျက်။

“ပိုက်ဆံမရခဲ့ဘူး မဟုတ်လား ဟယ်ရီ”

ကေသီက မေးလိုက်၏။

“မရခဲ့ဘူး”

ဟယ်ရီက တိုတိုတုတ်တုတ် ပြန်ဖြေ၏။

“ဒီမှာဟယ်ရီ၊ ကိုယ့်မှာ”

“ရော့စ်ဆီက လုံးဝလက်မခံနိုင်ပါဘူး”

ဟယ်ရီက နမလုပ်သူကို နားမလည်သလို လှမ်းကြည့်သည်။

“ဘာပြုလို့လဲညီမရဲ့၊ ရော့စ်က ချေးနိုင်မယ်ဆိုရင် တို့ခြံအခြေအနေနဲ့
စ်နှစ်အတွင်း ပြန်ဆပ်နိုင်ပါတယ်”

“အို မဖြစ်ဘူး၊ ရော့စ်ဆီက မယူရဘူး”

“ပြန်ဆပ်နိုင်တာ မဆပ်နိုင်တာက တစ်ပိုင်းထားပါလေ၊ ကိုယ် ကူညီ
ရစေ၊ ဟယ်ရီနဲ့ ကေသီတို့ မောင်နှမ ကိုယ့်အပေါ်မှာ စောင့်ရှောက်ခဲ့တဲ့
တွက် မဟုတ်ပါဘူး၊ အဲဒါက ငွေနဲ့ဆပ်လို့ရနိုင်တဲ့ ကိစ္စမျိုးမှ မဟုတ်ဘဲ”

“အဲဒီအတွက် ဘာနဲ့မှဆပ်ဖို့ မလိုပါဘူး ရော့စ်၊ လုပ်ငန်းအတွက်
ချေးပါနဲ့၊ ချေးလည်း ဘယ်နည်းနဲ့မှ ပြန်ရမှာမဟုတ်ဘူး။ ဟယ်ရီဟာ
လုပ်ငန်းကို လုံးဝမကျွမ်းဘူး။ မြေတွေလည်း ရိုင်းကုန်ပြီ။ သေသေချာချာ
ပ်မယ်ဆိုရင် ငွေတွေခင်ပြီး ပြန်လုပ်ရလိမ့်မယ်။ နောက်တစ်ခုက ရော့စ်
ကူအညီပေးလို့ တစ်နှစ် နှစ်နှစ် ဒီမှာဆက်လုပ်ဖြစ်ရင် ရော့စ်ရဲ့ အကူအညီ
အကျိုးဖြစ်မလား၊ အပြစ်ဖြစ်မလားဆိုတာ တွက်ကြည့်လေ”

“ကေသီတို့မောင်နှမ ဒီမှာ တစ်သက်လုံးနေလာခဲ့ကြပြီ၊ မအောင်မြင်
ဘူး၊ တစ်နေရာရာမှာ ဟယ်ရီ တခြားလုပ်ငန်းတစ်ခု မစမ်းသင့်ဘူးလား၊
ကသီလည်း ပိုပျော်မယ်လေ”

"ဟုတ်တယ် ရှော့စ်၊ မစ္စစ္စပီကို ကိုယ်လိုက်ခဲ့ပြီး လှေလာရ
ကောင်းမလားပဲ"

"လုပ်ပါ လုပ်ပါဟယ်ရီ၊ ကိုယ်တတ်နိုင်သမျှ ကူညီပါ့မယ်"

"ဘဏ်က ဘယ်တော့ သိမ်းမှာတဲ့လဲ"

ကေသီက မေးလိုက်သည်။

"မနက်ဖြန်လေ၊ တို့ ဒီညအထုပ်အပိုးပြင်ရမှာ စိတ်မကောင်းပါဘ
ရှော့စ်"

"ကိစ္စမရှိပါဘူး ဟယ်ရီ၊ ကိုယ်လည်း အိမ်ပြန်ဖို့အချိန်တန်ပြီလေ"

"ကေသီတော့ ရှော့စ်ကို အိမ်မပြန်စေချင်ဘူး၊ ဘယ်တော့မှ မပြန်စေ
ချင်ဘူး"

"အင်း တကယ်တော့ ကိုယ့်မှာ ပြန်စရာအိမ် မရှိပါဘူးလေ"

"ဘာ... အိမ်မရှိဘူး ဟုတ်လား၊ ကေသီထင်တာက"

"ကိုယ့်မှာ သိပ်လှတဲ့အဆောက်အအုံတစ်ခု ရှိပါတယ်၊ ဒါပေမဲ့ အဲဒါက
အိမ်နဲ့ကွာတယ်လေ၊ အိမ်ဆိုတာ စိတ်ချမ်းသာ လက်ချမ်းသာနဲ့ တွယ်တွယ်တာတာ
ရှိရမယ်လေ။ မင်္ဂလာညပါ ကေသီ၊ မင်္ဂလာညပါ ဟယ်ရီ"

ရုတ်တရက် နှုတ်ဆက်ပြီး ရှော့စ် ထသွားသည်။ ဟယ်ရီက ပြန်နှုတ်
ဆက်သည်။ ကေသီက ဘာမျှပြန်မပြော။

*

နက်ချက်သည် မပြောင်းမလဲ ချောက်ကမ်းပါးကြီးများပေါ်တွင် တည်
ငြိမ်စွာ ရပ်လျက်ရှိသည်။ သူ့ကို ကွေ့ကာ ဝိုက်ကာနှင့် ရွှေရောင်လူဝီစီးယားနား
ကမ်းခြေဆီသို့ စီးဆင်းသွားသည့် မစ္စစ္စပီကို ငုံ့ကြည့်နေသည့်အလား။ ဘာဆ
ဘာမျှ မပြောင်းလဲပါလား။

သို့သော် အနားရောက်တော့မှ ယခင်နှင့်မတူသည့် ခြားနားမှုကို တွေ့ရ၏
ပို၍တိတ်ဆိတ်နေသည်။ ပို၍ တည်ငြိမ်နေသည်။ တတိုင်းမွှေးနှင့် ဝက်သစ်ချ
ပင်တို့ကို ဖြတ်သန်း တိုးဝှေ့လာသော လေသံသည် သက်ပြင်းချသံနှင့် တူလေ
သည်ဟု ရှော့စ် ခံစားရ၏။

နေပြောက်မထိုးအောင် အပင်ချင်းယှက်၍ အခက်ချင်းဆိုင်ကာ အုပ်ဆ
စိမ်းလန်းနေသည့် ဝက်သစ်ချပင်များအောက်မှ လမ်းများသည် အစိမ်းရော



ဥမင်လိုဏ်ခေါင်းများနှင့် တူနေသည်။

အစိမ်းရောင်သစ်ပင်တွေအောက်မှ အိမ်ကြီးများမှာ တိတ်ဆိတ်ငြိမ်သက်
လျက်။ ဆိပ်ကမ်းထဲမှထွက်ခဲ့ပြီး ငွေရောင်လမ်းအတိုင်း လျှောက်လာခဲ့သည်။
မြို့လယ်ပန်းခြံကိုကျော်ခဲ့ပြီး ရုံးခန်းနှင့် တိုက်ခန်းရှိရာမင်းလမ်းသို့ ချိုးကွေ့လိုက်
သည်။

ရှော့စ် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ တူရူမှ လျှောက်လာနေသူ
က မော်ဂင်။ ဟာ ဒုက္ခပါပဲဟု ကျိတ်ပြီး ညည်းလိုက်သည်။ သည်လောက်
မြန်မြန်ကြီး မတွေ့ချင်သေး။ သို့သော် နောက်ထပ်မပြေးချင်တော့၍ အသာ
ရပ်စောင့်လိုက်သည်။

မော်ဂင်က သူ့ကို ရုတ်တရက်မမှတ်မိ။ နောက်မှ တုံ့ခနဲရပ်ပြီး

"ကြည့်စမ်း... ရှော့စ်ပါလား၊ ရှော့စ် ဟုတ်ပါတယ်နော်၊ အို... ရှော့စ်
ရဲ့ မျက်နှာ"

ရှော့စ်က ပြုံးလိုက်ပြီး

"ကိုယ် ရှော့စ်ပါရီပါ၊ လုံးဝ ကြည့်ပျော်ရှုပျော် မရှိတော့ဘူး မဟုတ်
လား"

"အို... အဲလိုမဟုတ်ဘူး ရှော့စ်၊ ခုမှ ပိုကြည့်ကောင်းလာတာ၊ စစ်နိုင်လို့
ပြန်လာတဲ့ ရောမစစ်သည်တစ်ယောက်လိုပဲ။ ခုမှ ရက်စက်မယ့်ရုပ်မျိုး ပေါ်လာ
တာ။ ဒါပေမဲ့ မျက်လုံးတွေကတော့ မပြောင်းလဲဘူး။ ကဗျာဆရာရဲ့ မျက်နှာပဲ။
ဘာပြောပြော ဒီမျက်နှာမျိုးဟာ စိတ်လှုပ်ရှားစရာအကောင်းဆုံး မျက်နှာမျိုးပဲ။
သေတွင်းထဲက ထွက်ခဲ့ရတာပေါ့ ဟုတ်လား ရှော့စ်"

"ဟုတ်တယ်၊ သေမင်းရဲ့ ခံတွင်းဝမကဘူး၊ ဝမ်းထဲအထိ ရောက်ခဲ့တယ်"

"တွမ် ပြောပါတယ်၊ ကျူးဘားကနေ ရှော့စ် လွတ်သွားတဲ့အကြောင်း
လေ။ မက်ကာဖီညီအစ်ကိုလည်း ပြန်ရောက်နေပြီ။ အမေရိကန်တွေကို နောက်ထပ်
သတ်ရင် စစ်ဖြစ်တော့မယ်ဆိုတာ သိတော့ စပိန်တွေ အလျှော့ပေးလိုက်တာ
ဖြစ်မှာပေါ့။ တချို့ကိုတော့ ထောင်ချထားတုန်းပဲတဲ့။ အဲဒီအတွက် အစိုးရက
အပြင်းအထန် ကြိုးစားနေတယ်။ ကြည့်စမ်း... မော်ဂင်ချည်း တစ်ယောက်တည်း
ပြောနေတယ်၊ အသက်ကြီးလာလို့ ထင်ပါရဲ့"

"မင်းဟာ ဘယ်တော့မှ အသက်ကြီးလာမှာ မဟုတ်ပါဘူး မော်ဂင်"

"ခုလို ပြောဖော်ရတာ ကျေးဇူးတင်ပါတယ် ရှော့စ်ရယ်၊ ကျူးဘားက
ပြန်လာမှ ခုလို မော်ဂင်ကို အကောင်းမြင်တတ်လာတဲ့အတွက် ကျူးဘားကို

ကျေးဇူးတင်ရမှာပေါ့နော်”

မော်ဂင်၏မျက်နှာသွယ်သွယ်ကလေးကို ရှော့စ် ငေးကြည့်နေ၏။ ဘာမှ မပြောင်းလဲပါ။

“ကျူးဘားကြောင့် မဟုတ်ပါဘူး မော်ဂင်၊ မင်းကိုယ်တိုင်ကြောင့်ပါ”

မော်ဂင်က ရှေ့တိုးလာပြီး လူချင်းထိလုမတတ် ပူးကပ်ပြီးရပ်သည်။ ခေါင်းကလေးတစ်ဖက်ကို ငဲ့ပြီး ရှော့စ်ကို ကြည့်သည်။

“ဘယ်လိုပါလိမ့်၊ မော်ဂင့်ကို ရှော့စ် သဘောကျလာအောင် မော်ဂင် ဘာလုပ်နိုင်လို့လဲ”

ရှော့စ်က ခပ်လေးလေး ပြန်ပြောသည်။

“လုပ်နိုင်တဲ့နည်းတွေ ရှိတာပေါ့၊ ကြင်နာတရားကလေး နည်းနည်းထား၊ လူတွေကို တလေးတစား ဆက်ဆံ။ ဒါဆို မင်းကို ကိုယ် ပိုပြီးသဘောကျမှာပေါ့”

“ရှော့စ်ကို မော်ဂင် အမြဲတမ်း ကြင်နာခဲ့တာပဲကွယ်”

“ဟင့်အင်း… မကြင်နာပါဘူး၊ ကြင်နာတယ်ဆိုတာတောင် မင်း နားမလည်ပါဘူး၊ မင်း လိုဘပြည့်တဲ့တဒင်္ဂမှာ မင်းဘာသာ မင်း ကျေနပ်နေတာကို မင်းက ကြင်နာတယ်ထင်နေတာ၊ နည်းနည်းကလေးဖြစ်ဖြစ် စာနာစိတ် မွေးပါလား မော်ဂင်၊ မေတ္တာတရားမှာ ရောင်ပြန်ရှိတယ်ဆိုတာ မင်း တစ်ခါမှ မစဉ်းစားမိဘူးလား”

မော်ဂင် ခေါင်းကိုမော့ပြီး ရယ်လေ၏။

“အဓိပ္ပာယ်မရှိတာတွေ၊ မေတ္တာတရားဆိုတာ ဘယ်သူ့မှာမှ မရှိဘူး၊ ရှော့စ်မှာလည်းမရှိဘူး။ အဲဒါ ကိုယ့်ကိုယ်ကိုယ်ရော သိရဲ့လား ပညာရှိကြီးရဲ့၊ လူတွေ တစ်ယောက်နဲ့ တစ်ယောက် စေတနာထားကြတယ်ဆိုတာ စေတနာရှိလို့ မဟုတ်ဘူး၊ ကြောက်လို့။ အဲဒီမှာ လူတွေနဲ့ မော်ဂင် ခြားနားသွားတာပဲ၊ မော်ဂင်က မကြောက်တတ်ဘူးလေ”

“မဖြစ်နိုင်တာပဲ မော်ဂင်ရယ်”

“အဲဒါပဲ၊ ပေါ်လာပြီ။ မော်ဂင်က လက်တွေ့ကျတယ်၊ ဒါကို လူတွေ လက်မခံနိုင်ကြဘူး။ ဒါကြောင့် မဖြစ်နိုင်ဘူးလို့ ပြောတာမဟုတ်လား။ လူတွေက လက်တွေ့ကျတဲ့ အမှန်တရားကို လက်မခံနိုင်ကြဘူး။ အမှန်တရားဆိုတာတော့ ခါးသီးတာပေါ့လေ။ ဒါနဲ့ပဲ မော်ဂင် တစ်ယောက်တည်း သင်းကွဲမျောက်ဖြစ်ပြီ အထီးကျန်ဘဝနဲ့ သေရမှာပါ။

“သတ္တိမရှိတဲ့ ခွေးအမတွေဟာ အုပ်စုဖွဲ့ပြီး ဝံပုလွေတစ်ကောင်ကို



ဝိုင်းကိုက်သတ်ကြတယ်။ အဲဒီလိုပဲ လူတွေကလည်း အင်အားစုပြီး ကျားတစ်ကောင်ကို သတ်ကြတယ်၊ တစ်နေ့ မော်ဂင်လည်း အဲဒီနည်းနဲ့ သေရမှာပါပဲ”

“ကိုယ်တော့ အဲဒီလိုမထင်ဘူး”

ရှော့စ်၏အသံက အေးစက်စက်။

မော်ဂင်က သူ့ကိုကြည့်ပြုံးပြီး

“ကဲ မော်ဂင်ကို အိမ်ခေါ်သွားမယ် မဟုတ်လား၊ ကျူးဘားအကြောင်းတွေ ပြောပြနော်”

“ဟင့်အင်း၊ မဖြစ်ဘူး၊ ပြန်ရောက်လို့မှ ဖင်မနွေးသေးဘူး လန့်စ်နဲ့ သေနတ်ယှဉ်ပစ်ရအောင် မင်း လုပ်နေပြီ မော်ဂင်”

“ပစ်ဖို့ဖြစ်လာရင်လည်း ပစ်ပေါ့၊ အဲဒီနှစ်ယောက် တစ်ယောက်သေရင် မော်ဂင်အတွက် တစ်ရန်ရှင်းတာပဲ၊ ကမ္ဘာပေါ်မှာ အဲဒီနှစ်ယောက်ပဲ မော်ဂင့်ကို ဒုက္ခပေးနေတာ”

ရှော့စ်က သူ့ကိုကြည့်ပြီး ပြုံးလိုက်သည်။

“တို့နှစ်ယောက်အထဲက တစ်ယောက်သေရင်ပြီးရော၊ ဘယ်သူသေသေပေါ့ ဟုတ်လား”

“အဲဒီလိုတော့ မဟုတ်ဘူး ရှော့စ်၊ ရှော့စ်ထွက်မသွားခင်ကဆိုရင်တော့ ဟုတ်ချင်ဟုတ်မယ်၊ ခုနောက်ပိုင်း တစ်မျိုးဖြစ်သွားပြီ၊ သူ့ကို မော်ဂင် စိတ်ကုန်နေပြီ၊ သူ့ကို ရှော့စ် သတ်နိုင်ရင် မော်ဂင် ကျေးဇူးတောင်တင်ဦးမယ်”

“ဒါဆိုရင်တော့ မင်း ကိုယ့်ကို ဘယ်တော့မှ ကျေးဇူးတင်ခွင့်ရမှာ မဟုတ်ဘူး၊ နှစ်ယောက်ချင်း ယှဉ်သတ်တဲ့အလုပ်မျိုး ကိုယ် ဘယ်တော့မှမလုပ်ဘူးမှတ်။ ကိုယ် လူတွေအများကြီးသတ်ခဲ့ပြီးပြီနော် မော်ဂင်၊ နောက်တစ်ချက်က လန့်စ်ဟာ ကိုယ့်ရဲ့မိတ်ဆွေကောင်း တစ်ယောက်”

“အလကား ဘာမှအသုံးမကျတဲ့ အဘိုးကြီး”

မော်ဂင်က လွှတ်ခနဲပြောလိုက်ပြီးမှ ပြုံးသည်။

“လူတွေအများကြီးသတ်ခဲ့တယ် ဟုတ်လား၊ ဘယ်လောက် စိတ်ဝင်စားစရာ ကောင်းလိုက်မလဲ၊ ပြောပြနော်”

“ဒီမယ် မော်ဂင်၊ လမ်းမကြီးမှာရပ်ပြီး အကြာကြီး စကားပြောနေလို့ မဖြစ်ဘူး၊ ကိုယ် သိပ်လည်းပင်ပန်းလာတယ်၊ ပြီးတော့ သားပုပ်လေလွင့် သတင်းတွေက ထွက်လာဦးမယ်၊ တစ်နေ့ ကိုယ် တောင်ထွက်မြိုင်သာကို လာခဲ့ပါ့မယ်၊ အဲဒီတော့မှ တို့သုံးယောက် အေးအေးဆေးဆေး စကားပြောကြတာပေါ့၊

လန့်စ်ရောလေ”

“အို မရဘူး၊ လိုက်ခဲ့မှာပဲ၊ ခုညပြောရမယ်။ အပေါ်ထပ်ထိ လိုက်ခဲ့မယ်”

“မော်ဂင်ရယ် ဇွတ်မလုပ်နဲ့ကွာ”

“မော်ဂင့်ကို ချော့မနေနဲ့၊ ချော့လို့ပျော့တဲ့ မိန်းမစားမျိုး မဟုတ်ဘူး၊ လာ...”

ပြောပြောဆိုဆို ရှော့စ်၏လက်မောင်းကို ဆွဲသည်။ ရှော့စ်က စိတ်ပျက်လက်ပျက်နှင့်...

“ကောင်းပြီ၊ ဒါပေမဲ့ ဖောက်လာမယ်တော့ မကြဲနဲ့နော်”

“တော်တော် ယောကျ်ားဈေးဖျက်တဲ့ ရှော့စ်ပဲ”

မော်ဂင်က ရယ်ပြီးဆက်ပြောသည်။

“ကဲပါ... တကတဲ သူ့ကို ကိုက်မစားပါဘူး။ အတင်းမဟားတရားလုပ်လို့ရော ရမှာတဲ့လား။ ရှော့စ်က ပိန်ပေမဲ့ ခွန်အားကြီးတာပဲဟာ။ သြော် ရှော့စ်... ရှော့စ်... ဟောဒီမျက်နှာကြောင့် မော်ဂင် ဘယ်လောက် ရင်ခုန်နေတယ်ဆိုတာ ရှော့စ် မသိဘူးနော်”

“အင်း အဲဒီလိုပြောတာ ကြားဖူးတယ်”

“ဟုတ်လား၊ ဘယ်သူပြောတာလဲ၊ ရှော့စ်ရဲ့ ကျူးဘားသူမကလေးလား၊ ဒါထက် သူ့အကြောင်း ရှော့စ် ဘာလို့ ထည့်မပြောတာလဲ၊ သူကောဟင်”

“သူ သေပြီ မော်ဂင်”

ရှော့စ် တုံးတိတိ ပြောလိုက်သည်။

“ဟင်... မော်ဂင် စိတ်မကောင်းလိုက်တာ ရှော့စ်ရယ်၊ တကယ်ပြောတာပါနော်”

ရှော့စ် သူ့ကို တအံ့တဩ စိုက်ကြည့်နေသည်။

“ကမ္ဘာပေါ်မှာ အထူးဆန်းဆုံးပဲ၊ မမျှော်လင့်ဆုံးဘဲ”

“တစ်ခါတစ်ခါ မော်ဂင့်ကိုယ် မော်ဂင် နားမလည်ဘူး။ တကယ် စိတ်မကောင်းဖြစ်မိတာပါ ရှော့စ်”

“ဘာဖြစ်လို့”

“သူ့အတွက် စိတ်မကောင်းဖြစ်တာ မဟုတ်ပါဘူး၊ မိန်းမတစ်ယောက် သေတာကို မော်ဂင် ဘယ်တော့မှ ဂရုမစိုက်တတ်ဘူး။ ဒါပေမဲ့ သူက ရှော့စ်ရဲ့ ချစ်သူ မဟုတ်လား။ ရှော့စ်ရဲ့သွေးကို ဆူစေသူမဟုတ်လား၊ ရှော့စ်ကလည်း...”

“မရိုင်းနဲ့ မော်ဂင်”



“ပြန်စဉ်းစားလေ၊ ကိုယ့်ဘာသာကိုယ် သိလာလိမ့်မယ်”

အခန်းကိုရောက်တော့ မော်ဂင်က ထီးကလေးနှင့် လက်ပွေ့အိတ်ကိုချပြီး ဆိုဖာတွေ၊ မီးအုပ်ဆောင်းတွေ ဖုံးထားသည့် အဝတ်တွေကို လိုက်ပြီး ခေါက်သိမ်းနေရင်း

“တစ်ခါတစ်ခါတော့ မိန်းမ ဆန်ပါတယ်နော်၊ ဒါတွေကို ခုလိုဖုံးထားတာ လုံးဝမကြည့်ချင်ဘူး။ ကြောက်စရာကြီးတွေ ဖြစ်နေတယ်”

ကြောက်စရာကြီးတွေတဲ့။ ရှော့စ်အတွက် စဉ်းစားစရာ ရသွားသည်။ ဟုတ်သည်။ အခန်းမှာ စိတ်ချောက်ချားစရာအတိ ဖြစ်နေ၏။ ဘယ်ကိုကြည့်လိုက် ကြည့်လိုက် သတိရစရာ၊ တမ်းတစရာတွေချည်း။ ဟိုနေရာ သည်နေရာမှ တီးတိုးစကားသံများ ကြားနေရသလိုလို။

ချစ်သူနှင့် မေတ္တာပန္နက်စိုက်ထူခဲ့သည့် အခန်း။ အိပ်ခန်းဆီသို့ မကြည့်ရဲသလို ဖြစ်နေ၏။ ချစ်သူ့ခြေသံကိုပင် ကြားယောင်လာသလိုလို။

- သည်အခန်းတွင် ဆက်လက်နေနိုင်စွမ်း ရှိပါမည်လား။ စိတ္တဇတွေကို ရင်ဆိုင်နိုင်ပါမည်လား။ သည်အတိတ်ကို မည်သည့်အရာနှင့်မှ ဖုံးလွှမ်း၍ရနိုင်မည် မထင်ပါ။ သည်ဆုံးရှုံးမှုကို မည်သည့်အရာနှင့်မှ အစားထိုးလို့ ရနိုင်မည် မထင်ပါ။

“သူ ဘယ်လိုသေရတယ်ဆိုတာ ပြောပြပါလား ရှော့စ်”

ရှော့စ် တဖြည်းဖြည်း ခေါင်းထောင်လာသည်။ မလှမပ သူ့မျက်နှာသည် ပို၍အိုမင်းရင့်ရော်သွား၏။

“စပိန်စစ်သားတွေ သူ့ကို မိသွားကြတယ်”

ရှော့စ်၏အသံမှာ ခြောက်ကပ်ကပ်။

“ပြီးတော့ သေတဲ့အထိ နှိပ်စက်ကြတယ်၊ မသေခင် တစ်နာရီလောက်စောပြီး တို့ လက်ထပ်လိုက်ကြတယ်လေ”

“ဟုတ်လား၊ ရှော့စ် သူ့ကို မကယ်လိုက်နိုင်ဘူးလားဟင်”

“ကိုယ် ကြိုးစားပါသေးတယ်၊ ဒါပေမဲ့ ကိုယ်အမိခံလိုက်ရတယ်”

မော်ဂင်က အသက်မရှူနိုင်ဘဲ စိတ်ဝင်တစား စောင့်ကြည့်နေရာမှ–

“ပြီးတော့ ရှော့စ်ကိုလည်း ညှဉ်းဆဲကြသေးတာပေါ့၊ ဟုတ်လား”

“ဟုတ်တယ်”

မော်ဂင်က သူ့ဆီလျှောက်လာသည်။ သူ့မျက်နှာမှ အမာရွတ်တွေကို ရှုရှုကလေး စမ်းကြည့်သည်။

"ဘယ်လို ညှဉ်းဆဲတာလဲ ရှောစ်၊ မော်ဂင့်ကို အသေးစိတ် ပြောပြပါလား"

ရှောစ် သူ့ကိုစိုက်ကြည့်လိုက်သည်။ နာကြည်းခံပြင်းသည့် အသံဖြင့်-

"အို... မပြောချင်ပါဘူး"

"ပြောပါ ရှောစ်ရယ်၊ မော်ဂင် သိချင်လွန်းလို့ပါ"

"စုံလို့ပါပဲ၊ မျက်နှာကို လက်သီးနဲ့ဝိုင်းထိုးကြတယ်၊ သေနတ်ဒင်နဲ့ ဆောင့်ကြတယ်၊ တစ်ကိုယ်လုံးကို ကျာပွတ်နဲ့ ရိုက်တယ်"

မော်ဂင်က ရှောစ်၏နားနှစ်ဖက်ကို သူ့လက်နှစ်ဖက်ဖြင့် အုပ်ကိုင်လိုက်ပြီး နှုတ်ခမ်းကို ဖြည်းဖြည်းချင်းနမ်းသည်။ မော်ဂင်နမ်းသလို ဘယ်မိန်းမမှ နမ်းတတ်မည်မထင်။

"ဩော်... ဒါလင်ရယ်၊ အလှအပကို ဖျက်ဆီးခံလိုက်ရတော့ နူးညံ့သိမ်မွေ့မှုတွေနေရာမှာ ခက်ထန် ရက်စက်မှုတွေ အစားဝင်လာတာပေါ့၊ ဘယ်လို ရက်စက်ရမယ်ဆိုတာ သူတို့ သင်ပေးလိုက်တယ်ပေါ့၊ ဟုတ်လား"

"ဟုတ်တယ် မော်ဂင်"

မော်ဂင်က လူချင်းခွာပြီး သူ့ကိုကြည့်ပြန်သည်။

"ရှောစ်ကို မော်ဂင် လက်ထပ်မယ်၊ ခုမှ မော်ဂင်နဲ့ ရှောစ်ဘက်ညီမှာ"

ရှောစ် မျက်မှောင်ကုတ်လိုက်၏။

"မင်းမှာ လက်ထပ်ပြီးသား ယောကျ်ားတစ်ယောက် ရှိနေတယ်ဆိုတာ ကိုယ် သတိပေးဖို့လိုသေးလား မော်ဂင်"

"ပြောပြီးပြီကော၊ သူ့ကို စိတ်ကုန်နေပါပြီလို့။ သူကလည်း မော်ဂင့်ကို စိတ်ကုန်နေတာပါ။ ဒါကြောင့် သူ့ကိုသတ်ဖို့ မော်ဂင် တိုက်တွန်းနေတာပေါ့"

"ဘာပြုလို့ မင်း သူ့ကို သေစေချင်နေရတာလဲ"

"သူနဲ့ ဆက်မပေါင်းချင်လို့ပေါ့၊ အသက်ကြီးလာတော့ သိပ်ရန်လိုလာတယ်၊ အရင်ကလို သည်းခံနိုင်မှုလည်း မရှိတော့ဘူး။ သူနဲ့မကွာဘဲ ချစ်သူရှာမလား စိတ်ကူးတယ်၊ ဒါပေမဲ့ အဲဒါက မသင့်တော်ဘူး"

"မော်ဂင့်ဝါဒပေါ့၊ မင်းရဲ့ ကိုယ်ပိုင်နီတိပေါ့၊ ဟုတ်လား။ ပြောပါဦး ချစ်သူထားတာ ဘာလို့ မသင့်တော်တဲ့အကြောင်း"

"ဘာပြုလို့လဲဆိုတော့ ချစ်သူဖြစ်မယ့်လူတွေဟာ သိပ်ပိုင်ဆိုင်ချင်ကြတယ်၊ တောင်းဆိုမှုတွေ သိပ်များတယ်။ မော်ဂင့်ကို ပိုင်ပိုင်နိုင်နိုင် မရလေ သူတို့က ကဲလေ။ ဒါနဲ့ပဲ ယောကျ်ားလုပ်တဲ့သူက သံသယဖြစ်ရော။ အဲဒါမျိုး မော်ဂင်



လုံးဝသည်းမခံနိုင်ဘူး"

"ယောကျ်ားလုပ်တဲ့လူကလည်း မင်းကို ဘယ်သည်းခံနိုင်မလဲ"

"မော်ဂင့်ယောကျ်ားအနေနဲ့ ဘာမှ အဲဒီလိုဖြစ်စရာ အကြောင်းမရှိဘူး"

"ထပ်မေးပါရစေ မော်ဂင်၊ ဘာကြောင့် အဲဒီလိုဖြစ်စရာ အကြောင်းမရှိရမှာလဲ"

"ဘာပြုလို့လဲဆိုတော့ မော်ဂင်က ကိုယ်နဲ့ ပုံစံတူတဲ့လူကို ရွေးပြီး လက်ထပ်ခဲ့တာပဲ၊ တစ်ချိန်တုန်းက လန့်စ်ဟာ အဲဒီအတိုင်း ပုံစံဝင်တယ်။ ခုမှ သူ ပြောင်းလဲလာတာ။ ခု မော်ဂင်နဲ့ ပုံစံတူလာတာက ဟောဒီက ဒါလင်လေ။ ပွန်ပေမြို့ရဲ့ အပျက်အစီးကြားထဲက တူးဖော်တွေ့ရှိတဲ့ ရောမစစ်သည်တစ်ယောက်ရဲ့ မျက်နှာမျိုးနဲ့လေ"

"ဒါလင်နဲ့ဆိုရင်လေ မော်ဂင် လုံးဝသစ္စာရှိပါမယ်ကွယ်၊ မော်ဂင့်ကို ဘယ်လိုဆက်ဆံရမယ်ဆိုတာတော့ ဒါလင် နားလည်ရမယ်ပေါ့၊ နားလည်တယ် မဟုတ်လားဟင်"

ရှောစ် ခပ်တိုးတိုးပြန်ဖြေသည်။

"သိတယ် မော်ဂင်၊ အစောကြီးကတည်းက ကိုယ်သိခဲ့တယ်၊ ဆပ်ဗာပ်သမားတစ်ယောက်ဟာ ကျားမတစ်ကောင်ကို ဘယ်လိုထိန်းရမယ်ဆိုတာ သိသလိုပေါ့၊ မင်းထက်ပိုပြီး ရက်စက်နိုင်ရမယ်၊ မင်းထက်ပိုပြီး ယုတ်မာနိုင်ရမယ်၊ ဒါပေမဲ့ ကိုယ် အဲဒီဘဝမျိုး အရောက်မခံနိုင်ဘူး"

"ဒါလင်ရယ် ရမယ့်ဆုလာဘ်ကိုလည်း ထည့်စဉ်းစားဦးလေကွယ်"

"မင်း ယောကျ်ားကိုသတ်ဖို့ ကိုယ် လုံးဝမစဉ်းစားတဲ့နောက် ဘာမှ ဆက်စဉ်းစားဖို့ မလိုတော့ဘူးလေ"

မော်ဂင်က ရယ်ပြီး

"အဲဒီအတွက် သိပ် စိတ်ထဲမထားပါနဲ့လေ၊ ရှောစ်လက်ဖျားနဲ့ မတို့ရဘဲ လန့်စ် သူ့စရိတ်နဲ့သူ သွားပါလိမ့်မယ်"

ပြောပြောဆိုဆို ခြေဖျားထောက်ပြီးနမ်းသည်။

"အို... အဓိပ္ပာယ်မရှိ"

"ကဲ ပြောပါဦး၊ ခုတင်ကပြောတဲ့အထဲမှာ ရှောစ် လူတွေ အများကြီး သတ်ခဲ့တယ်ဆို၊ ဘယ်လိုသတ်လဲ မာင်"

"ဘာလို့ မင်း ဒါကိုသိချင်နေရတာလဲ"

"ရှောစ် အကြောင်းကို သိချင်လို့ပေါ့၊ ပြောစမ်းပါ၊ ဘယ်လိုသတ်သလဲ

လို့"

"အများအားဖြင့် သေနတ်နဲ့ပဲပေါ့၊ တိုက်ပွဲထဲမှာကိုး၊ တချို့လည်း ဓားကောက်နဲ့ပေါ့"

"အဲဒီလိုသတ်ရတဲ့အခါ စိတ်ထဲဘယ်လိုနေလဲဟင်၊ ပျော်နေမှာပဲနော်"

ရှော့စ် မျက်မှောင်ကုတ်သွားသည်။ ဗိုလ်ကြီး ဒီလာမန်ချာနှင့် ကိုစတာ့ ဧစ်သားငါးယောက်ကို သွားသတိရလိုက်သည်။ တိုးတိုးပြန်ပြောလိုက်၏။

"တစ်ခါတလေသာပါ"

မော်ဂင်က ကလေးတစ်ယောက်လို လက်ခုပ် လက်ဝါးတီးပြီး အားရပါးရ အော်ပြောသည်။

"ဟုတ်ပြီ ဟုတ်ပြီ။ မော်ဂင်လိုချင်တဲ့ အရည်အချင်းမျိုး ရှော့စ်မှာ အပြည့်ရှိပြီ။ တစ်ခုပဲ ထပ်မေးတော့မယ်နော်၊ ဘာပြုလို့ သူတို့ကိုသတ်ရတာ ပျော်သလဲဟင်"

"ဒီလာမန်ချာဆိုတဲ့ကောင်က ကိုယ့်ရဲဘော်တွေကို အရက်ထဲဆေးခတ်ပြီး စပိန်စစ်သားတွေလက်ထဲ ဖမ်းပို့တယ်လေ၊ နောက်ကောင်တွေကတော့ ကွန်ချီတာ့ကို ဖမ်းတဲ့ကောင်တွေ။ သူတို့ကိုသတ်ရတုန်းကတော့ စိတ်ထဲသိပ်ပျော်ပြီး ကျေနပ်နေတယ်။ မင်းကိုသတ်ရရင်လည်း ကိုယ်ပျော်မှာပဲ ထင်တယ်"

မော်ဂင်က သူ့ဘာသာသူ လည်ပင်းကို လက်နှင့်ကိုင်ပြီး

"ကြိုက်ပြီ... ရှော့စ်ကို မော်ဂင် မရရအောင်ယူတော့မယ်၊ ခုမှသတိရဲ့ မှာ မဟုတ်လား၊ အရင်တုန်းက ဒီလိုမှ မဟုတ်တာ။ ရှော့စ် တစ်ခုစဥ်းစားမိသား။ အသက်အန္တရာယ်နဲ့ နီးလေလေ စိတ်လှုပ်ရှားစရာကောင်းလေလေပဲ။ ဒါမိုကလိစ် ဓားလိုလေ"

[ဂရိ သမိုင်းပုံပြင်လာစကား။ ဘုရင်မင်းမြတ်တွင် အန္တရာယ်ရှိ မရှိ၊ ဒါမိုကလိစ်ကို ဆံခြည်တစ်မျှင်တည်းဖြင့် တွဲလောင်းဆွဲထားသော ဓားအောက်တွင် ထိုင်စေခြင်း]

ရှော့စ် နွမ်းနွမ်းနယ်နယ် ပြုံးလိုက်၏။ ကွန်ချီတာ မသေမီကလေးတွင် ပျော်ပုံ သစ်ခဲ့ပုံများကို မြင်ယောင်လာသည်။

"မင်းပြောတာ မှန်ပါတယ် မော်ဂင်"

"သူ့ကို သတိရတယ်၊ ဟုတ်လား ရှော့စ်"

"ဟုတ်တယ် မော်ဂင်၊ ဘာလို့မေးနေလဲ၊ မင်းအတွက် ဘာအကြောင်း ထူးမှာလဲ"



"ထူးတာပေါ့၊ အသက်ရှင်ရက်ရှိတဲ့ မိန်းမတွေကိုတောင် တစ်ယောက်မှ မမှုခဲ့တဲ့ မော်ဂင်ပဲ၊ အတိတ်တစ္ဆေကိုတော့ ဘယ်အရှုံးပေးမလဲ၊ ရှင် သူ့ကို မေ့ပစ်ရမယ် ရှော့စ်"

"ကဲ... တော်လောက်ပြီ မော်ဂင်၊ မင်း မြဲမြဲမှတ်ထားဖို့ ကိုယ်ပြောမယ်၊ ကိုယ့်ကို ဘာလုပ်ရမယ်၊ ဘာဖြစ်ရမယ်ဆိုတာ မင်း ဘာမှပြောစရာမလိုဘူး။ ကိုယ့်ဘဝထဲကို မင်းဝင်မလာနဲ့၊ ကိုယ် ကြိုက်သလိုနေမယ်၊ ကြိုက်တာလုပ်မယ်"

"ဟုတ်တာပေါ့၊ ဒါမှပေါ့။ မော်ဂင် ဖြစ်စေချင်တာတွေ ရှော့စ် လိုက်လုပ်နေရင် ခုလိုဘယ်ချစ်နေပါ့မလဲ၊ မှန်းနေမှာပေါ့။ ဒါပေမဲ့ မိန်းမဟာ မိန်းမပဲ ရှော့စ်။ မော်ဂင်ကတော့ ဆက်ကြိုးစားနေမှာပဲ"

စားပွဲဆီသို့ လျှောက်သွားပြီး ထီးနှင့် လက်ပွေ့အိတ်ကို ကောက်ယူသည်။

"သွားတော့မယ်နော်၊ ကဲ... ဒီတစ်ခါ မော်ဂင် ဘယ်လောက်အေးချမ်းသလဲ။ အိမ်မပြန်ဘဲနေလို့ရတဲ့ အခြေအနေမျိုးဆိုရင် ဘယ်လောက် ပျော်စရာကောင်းမလဲနော်"

ရှော့စ်က သရော်သံဖြင့်

"အဲဒီအချိန်ကို ကျွန်တော်မျိုးက မျှော်လင့်နေပါတယ်လို့ ပြောစေချင်တာလား၊ ဒီမယ် မော်ဂင်၊ မင်း ကိုယ့်ကို ဘယ်လောက်ချစ်တဲ့အကြောင်းတော့"

"အလို မော်ဂင်ပြောတဲ့အထဲမှာ ချစ်တဲ့အကြောင်း မပါပါဘူးနော်။ ခုကိစ္စနဲ့ အချစ်နဲ့ ဘာဆိုင်လို့လဲ"

"ဟုတ်လား... ကိုယ်မသိဘူး၊ ပြောစမ်းပါဦး"

"အချစ်ဆိုတာ မနူးမနပ်အရွယ်တွေ စိတ်ကူးယဥ်တာပါ၊ သူတို့ဆီက တစ်ဆင့် ခပ်တုံးတုံးလူတွေဆီ ကူးစက်သွားတာလေ၊ မော်ဂင်တော့ ဘယ်သူ့ကိုမှ မချစ်ဘူး၊ ရှင် အပါအဝင် ပြောတာနော် ရှော့စ်"

"ဒါနဲ့ မင်း ခုတင်ကပြောတော့ လန့်စ်ကို သူ့နည်းသူ့ဟန်နဲ့ ဖယ်ခိုင်းပြီး မင်း ကိုယ့်ကိုလက်ထပ်မယ်ဆို၊ အချစ်ဆိုတာ မင်းမယုံရင် တို့ ဆက်ဆံရေးက ဘာကို အခြေခံမလဲ"

"ဒါကို အခြေခံမှာပေါ့"

မော်ဂင်က ပြောပြောဆိုဆို သူ့နှုတ်ခမ်းကို ရှော့စ်၏နှုတ်ခမ်းများထဲသို့ အတင်းထည့်ပေးလိုက်သည်။ ပြီးတော့ တိုးတိုးကလေး နှုတ်ဆက်သည်။

"ဘိုင့်ဘိုင် ဒါလင်၊ ဒါလင်က ဒီထက်မှောင်လေ ဒီထက်အသုံးဝင်လေ နေမှာပဲ"

တစ်ဝက်ပွင့်နေသည့် တံခါးမှ အသာကလေး ထွက်သွားသည်။

*

နောက်တစ်နေ့ နေ့လယ်တွင် ပုဏ္ဏာမီရိပ်သာသို့ မြင်းတစ်စီးငှားစီးပြီး ထွက်ခဲ့သည်။ အချစ်တော် နန်းစီက ခြံထဲရောက်နေ၏။ အမြန်ဆုံး ပြန်ခေါ်ရမည်။ ငှားစီးလာသည့် မြင်းကြီးမှာ စီးလို့ အထာမကျလှ။

ပုဏ္ဏာမီရိပ်သာကိုရောက်တော့ အိမ်စေတွေ သူ့ကို လူစိမ်းတစ်ယောက် ကြည့်သလို ကြည့်နေကြ၏။ ဘဏ္ဍာစိုးဆိုင်မွန်က ပထမဆုံး မှတ်မိသွားသည်။ တုန်တုန်ယင်ယင်ဖြင့်

"အလို... ဘုရားမတာပဲ၊ အစ်ကိုလေး ပြန်ရောက်လာပြီ"

သူက စိုက်ကြည့်နေပြီး

"ဘုရား... ဘုရား၊ အစ်ကိုလေးမျက်နှာ ဘာဖြစ်သွားတာလဲဟင်"

ရှော့စ်က ပြုံးပြီး

"မြင်းကန်ခံရလို့ပါကွာ၊ အိမ်သားတွေကော"

"ရှိပါတယ်ခင်ဗျ အားလုံးရှိကြပါတယ်၊ နယူးအော်လီယန်းက ဧည့်သည် ဆရာလေးလည်း ရောက်နေပါတယ်၊ ဘယ်သူတဲ့၊ သူ့နာမည် အို... ဒီနာမည်ကို ကျွန်တော် ခေါ်ကိုမခေါ်တတ်ဘူး၊ တစ်မျိုးပဲ"

ဝေါလေ့စ်က သွားတွေအဖွေးသား ပေါ်အောင်ပြုံးပြီး ဆိုင်မွန်နောက်မှ ရပ်ရင်း

"ဘဲယားလေ၊ အိုဘဲယားတဲ့၊ နာမည်က ရယ်စရာမကောင်းဘူးလား ဆရာ"

"ဘာကိစ္စနဲ့ ရောက်နေတဲ့ ဧည့်သည်လဲ ဆိုင်မွန်"

"ကျွန်တော် အတိအကျတော့ မသိဘူးခင်ဗျ၊ မစ္စအဲနစ်ဆီကို လာလည် တာပါ"

ရှော့စ် မျက်မှောင်ကုတ်ပြီး တစ်ချက်စဉ်းစားလိုက်သည်။ အဲနစ်ကလေး တောင် အတွဲရနေပြီကိုး။ နေပါဦး ပြီးခဲ့တဲ့လက သူမွေးနေ့ပဲ။ ၁၈၅၂ ခု။ ကြည့်စမ်း အဲနစ် ၁၈ နှစ်တောင် ပြည့်နေပြီပဲ။

"ကဲ... ငါရောက်နေကြောင်း သွားပြောကြကွာ"

"ဟုတ်ကဲ့ ခင်ဗျ"



ဆိုင်မွန် အိမ်ထဲသို့ အပြေးဝင်သွားသည်။ ချက်ချင်း ပြန်ရောက်လာသည်။ သူ့နောက်မှ တစ်ပြုံကြီးပါလာသည်။ တွမ်နှင့် ဂျယ်နီက ရှေ့ဆုံးမှ။ သူတို့လက်ထဲ တွင် ကလေးတစ်ယောက်စီချီလျက်။

ရှော့စ် ပါးစပ်အဟောင်းသား ဖြစ်သွား၏။ လက်စသတ်တော့ အမြွာ မွေးတာကိုး။ သူတို့နောက်မှာ အဲနစ်။ ရုက်ရှဲ့ရှဲ့မျက်နှာကလေးဖြင့် အရပ်မြင့်မြင့် လူရွယ်တစ်ယောက်ကို လက်တွဲလျက်။

အသားညိုညိုနှင့် လူချောကလေး။ တောင်အမေရိကသွေး ပါပုံရ၏။ ကပ္ပလီတွေ အသံထွက်ရခက်နေသည့် နာမည်ကို ရိပ်မိလိုက်၏။ အောဘတ် ဖြစ်ရမည်။ ပြင်သစ်ဆန်ဆန် အိုဘဲယားဟု အသံထွက်ခြင်းဖြစ်၏။

ဂျယ်နီက ရှေ့ဆုံးသို့တိုးလာသည်။ ရှော့စ်၏မျက်နှာကို သေသေချာချာ မြင်နိုင်သည့် အကွာအဝေးသို့ အရောက်တွင် တုံ့ခနဲရပ်သွားသည်။ အကြာကြီး စိုက်ကြည့်နေပြီး တရှုပ်ရှုပ်ငိုတော့၏။

အဲနစ်၏ မျက်နှာကလေး ဖြူဖပ်ဖြူရော် ဖြစ်သွားသည်ကို ရှော့စ် တွေးလိုက်ရ၏။ နံဘေးမှလူရွယ်၏လက်ကို သူ တင်းတင်းဆုပ်ထားသည်။ တွမ်ပင်လျှင် ကြက်သေသေကာ မျက်ခုံးကြီးပင့်ပြီး ငိုင်နေ၏။ ပြီးမှ လှုပ်လှုပ် ရှားရှားဖြစ်လာပြီ

"မင်းမျက်နှာ ဘယ်လိုဖြစ်သွားတာလဲ ညီလေးရာ၊ ရထားဖြတ်နင်းသွား သလား အောက်မေ့ရတယ်"

ရှော့စ်က တည်ငြိမ်စွာ ဆက်ပြောသည်။

"မငိုပါနဲ့ ဂျယ်နီရယ်၊ မြင်နေကျသွားရင် ရိုးသွားမှာပေါ့"

"ဖြစ်မှဖြစ်ရလေ ရှော့စ်ရယ်၊ ဒီလောက်ချောတဲ့ လှတဲ့ မျက်နှာကလေး။ ခုတော့ ကြည့်စမ်းပါဦး ဟို..."

"လူဆိုးဂိုဏ်းခေါင်းဆောင်နဲ့ တူနေတယ် မဟုတ်လား"

အောဘတ်က ကြားဝင်ပြီး

"သိပ်ကို ဂန္ထဝင်ဆန်တဲ့ မျက်နှာမျိုးပဲ။ တွေ့ရတာ အများကြီးဝမ်းသာ ပါတယ်ခင်ဗျာ၊ ကျွန်တော်က ဒင်တန်အောဘတ်ပါ။ အဲနစ်ဆီက အစ်ကို့ အကြောင်းတွေ ကျွန်တော် အများကြီး ကြားထားပြီးပါပြီ"

ဒင်တန်အောဘတ် ကမ်းပေးလာသည့်လက်ကို ရှော့စ် လှမ်းဆုပ်လိုက် သည်။

"တစ်ခုမှ အကောင်းမပါဘူး မဟုတ်လား"

"မဟုတ်ပါဘူး ခင်ဗျာ၊ အစ်ကိုတစ်ယောက်ကို ဒါလောက်မြတ်နိုးတဲ့နှမမျိုး ကျွန်တော်ဖြင့် မတွေ့ဖူးပါဘူး"

မဆိုးဘူးဟု ရှော့စ်စိတ်ထဲက အမှတ်ပေးလိုက်သည်။

သူ့ကိုယ်သူ ယုံကြည်မှု အပြည့်ရှိသည့်ပုံမျိုး။

"ကဲ... ကလေးတွေကို ပေးစမ်းပါဦး ဂျယ်နီရယ်၊ ကလေးအကြောင်းကိုယ် ဘာမှမသိဘူး၊ ဂျော်ဂျီယာမှာတုန်းက တွမ်ဆီက စာတစ်စောင် နှစ်စောင် ရတယ်ထင်တယ်။ အဲဒီတုန်းက ကလေးတွေအကြောင်း လုံးဝမပါပါဘူး"

"ပြီးခဲ့တဲ့ စက်တင်ဘာလကမှ မွေးတာလေ"

တစ်ဆက်တည်း ဂျယ်နီက ဆက်ရှင်းပြသည်။

"ယောကျ်ားလေးကို ဖေဖေ့နာမည်အတိုင်း ပီတာလို့ ပေးထားတယ်၊ မိန်းကလေးက အဲနစ်လေ၊ သေသေချာချာကြည့်စမ်း၊ အဲနစ်နဲ့ မတူဘူးလား"

တစ်ယောက်က ညိုပြီး တစ်ယောက်ကဖြူဖြူ။ ဒါကလွဲပြီး ကလေးတွေကို ရှော့စ် ဘာမှမကြည့်တတ်။ ဘယ်တစ်ယောက်က ယောကျ်ားလေး ဘယ်တစ်ယောက်က မိန်းကလေးဆိုသည်ကိုပင် သူ မခွဲတတ်။ နှစ်ယောက်စလုံးကို ယူချီထားလိုက်သည်။

ကလေးနှစ်ယောက်ကို ချီထားရင်း ဒါတွေဟာ ငါ့ပစ္စည်းကလေးတွေ ဖြစ်ရမှာဟု တွေးတောဆင်ခြင်လိုက်မိ၏။ တစ်ဖက်က အောင်မြင်ပါသည်ဆိုနိုင်သော်လည်း ပျော်ရွှင်မှုကင်းမဲ့လှသည့် ခြောက်သွေ့လွန်းသော ဘဝပါတကား။ ကလေးနှစ်ယောက်ကို သူ့အမေလက်ထဲ ပြန်ပေးလိုက်သည်။

"ချစ်စရာကလေးတွေနော်၊ ပီတာက ဘယ်တစ်ယောက်လဲ"

"အို... ရှော့စ်ကလည်း"

ဂျယ်နီ တအံ့တသြ ပြောလိုက်သည်။ ဤတွင်မှ တွမ်က ရှင်းပြသည်။

"ဆံပင်နက်နက်နဲ့ ကောင်လေ၊ ဖအေတူကလေး၊ မင်း ဘယ်လိုထင်လဲ ရှော့စ်"

"အင်း... ဖအေ ဘယ်သူဘယ်ဝါဆိုတာ သေချာနေတာပဲ၊ တူရတော့မှာပေါ့"

"ဟာ... အစ်ကိုလေးကလည်း ဘယ်လိုပြောလိုက်တာလဲ၊ တစ်မျိုးကြီးပဲ"

အဲနစ်က မကျေမနပ် ဝင်ပြောသည်။

ဂျယ်နီက စိတ်ရှုပ်သွားသည့် အမူအရာဖြင့်

"ရှော့စ် ဘာစားခဲ့ပြီးပြီလဲ၊ ကြည့်ပါဦး ပိန်လိုက်တာ။ ဂျယ်နီတို့ ခုပဲ



စားသောက်ပြီးကြတယ်၊ စားမလားဟင်"

"စားမယ် ဂျယ်နီ၊ သိပ်ဆာနေပြီ။ ချာတိတ်တွေအတွက် ဂုဏ်ယူပါတယ် တွမ်၊ နှစ်ယောက်စလုံး အချောလေးတွေချည်းပဲ"

တွမ်က ပြုံးပြီး

"သိပ်မချီးမွမ်းနဲ့ဦးနော်၊ နောက်ကောင်တွေအတွက် ချန်ထားဦး။ အနည်းဆုံး ခြောက်ယောက် ခုနစ်ယောက် မွေးဦးမှာကွ"

"အလကားပြောတာ ရှော့စ်၊ ဒီနှစ်ဟာ နောက်ဆုံးဖြစ်မှာပဲ"

ဂျယ်နီ့လေသံ မသိမသာ မာနေသည်ကို ရှော့စ် သတိထားမိလိုက်၏။ ဒေါသကို ချုပ်တည်းထားရပုံ။ တွမ် ဗွေဖောက်နေပြန်ပြီလားမသိ။ အို ငါ့အလုပ်မဟုတ်ပါဘူးဟု အတွေးစကိုဖြတ်ပြီး ထမင်းစားပွဲတွင် ထိုင်လိုက်သည်။ အဲနစ်က သူ့နောက်မှရပ်ပြီး ဆံပင်တွေကို ပွတ်သပ်ပေးနေရင်း-

"ကျူးဘားအကြောင်းကို ပြောပြနော် အစ်ကိုလေး"

ရှော့စ်၏ မျက်ခုံးတွေ ပင့်တက်သွားသည်။ သက်ပြင်းချလိုက်ပြီး

"ကောင်းပြီလေ၊ ပြောပြပါ့မယ်၊ အင်း... တဖြည်းဖြည်းနဲ့ ခံနိုင်ရည်ရှိလာအောင် ကြိုးစားရမှာပဲ"

စားသောက်ပြီးတော့ ဖြစ်ကြောင်းကုန်စင်ကို ရှော့စ် ပြောပြသည်။ ဇာတ်လမ်း ဆုံးသွားသည်။ အားလုံးတိတ်ဆိတ် ငြိမ်သက်နေကြ၏။ ကြေကွဲခြင်းများ လွှမ်းမိုးနေသည့် တိတ်ဆိတ်ခြင်းမျိုး။ အဲနစ်နှင့် ဂျယ်နီတို့ မျက်ရည်ကျနေကြသည်။ အဲနစ်က ကျိတ်ငိုရှိုက်နေ၏။

"အစ်ကိုလေး စိတ်မကောင်းပါဘူး၊ ညည်း ပြောဆိုလို့ ပြောရတာလေ"

နားထောင်နေသူ အမျိုးသားနှစ်ယောက် တုတ်တုတ်မျှမလှုပ်ကြ။ ရှော့စ် မတ်တတ်ထပြီး နှုတ်ဆိတ်စွာပင် အခန်းထဲမှ ထွက်လာခဲ့၏။

ပုဏ္ဏမီရိပ်သာ၏ လသာဆောင်တွင် မည်မျှကြာအောင် ရပ်နေမိသည်မသိ။ တွမ် ရောက်လာပြီး သူ့ပခုံးကို သိုင်းဖက်လာမှ ရှော့စ် သတိဝင်လာသည်။

"ငါ... စိတ်မကောင်းပါဘူး ရှော့စ်၊ လုံးဝကို စိတ်မကောင်းဘူး"

တွမ်က နှင့်နှင့်နဲနဲ ပြောသည်။

"စိတ်မကောင်း ဖြစ်မနေနဲ့တော့ တွမ်။ ပြီးခဲ့တာတွေ ပြီးခဲ့ပြီပဲ"

■

## အခန်း (၁၄)

ရောင်းဘာဆင်သည် ပါရီတွင် နာမည်ကျော် ဒါရိုက်တာကြီးတစ်ယောက် ဖြစ်သည်။ လမ်းဘေးပျော်ပွဲစားရုံတစ်ရုံမှ ထိုင်နေကျ စားပွဲတွင် ထိုင်နေသည်။ သစ်ကြားပင်ကြီးအောက်မှ သူ အကြိုက်ဆုံးစားပွဲ၊ နှစ်ပေါင်းများစွာ နေ့စဉ် ဝတ်မပျက် လာထိုင်နေကျစားပွဲ။ ကြာတော့ သည်ပျော်ပွဲစားရုံမှာ သူ၏ ဒုတိယ ရုံးခန်းလို ဖြစ်နေပြီ။

အလုပ်ကိစ္စနှင့် သူ့ကို တွေ့ချင်သူတွေ၊ ချီးကျူးဖို့၊ မိတ်ဆက်ဖို့လာကြသူတွေ ရုံးခန်းမှာမတွေ့လျှင် သည်နေရာကိုလိုက်လာကြ၏။ ထို့ကြောင့် သူ့စားပွဲတွင် အမြဲ လူစည်ကားနေတတ်သည်။

လက်ထဲမှ ကော့ညက်ခွက်ကို တော်တော်နှင့် မသောက်ဖြစ်ဘဲ စကားပြောနေတတ်၏။ အရက်ခွက်ကို မော့ပြီဆိုလျှင် ဆွေးနွေးပွဲ ပြီးပြီဟူသည့်သဘော။ သည်အလေ့အထကို သူ့အား လေးစားကြည်ညိုသူတွေအားလုံး သိနေကြပြီ။

သို့သော် ၁၉၅၃ ခုနှစ်၊ နွေဦးရာသီတစ်နေ့တွင်တော့ သူ့စားပွဲတွင် လူတစ်ယောက်သာ ရှိနေသည်။ ထိုသူမှာ ပေါလ်ဒရေးဖပ်စ်ဆိုသူဖြစ်ပြီး ဘာမျှ အလေးအနက်မရှိဘဲ အားအားရှိတိုင်း လာထိုင်လေကန်တတ်သူဖြစ်သည်။ နာမည်ကျော် ကဇာတ်ဒါရိုက်တာကြီး စိတ်ညစ်လျက်ရှိသည်။ ဒါကို အလိုက်မသိ။ ဒရေးဖပ်စ်က ဆက်၍ လေပေါ်မြိုပေါ်နေ၏။

"ဒီမယ် ရောင်း၊ ခင်ဗျားရဲ့ စမ်းသပ်တီထွင်မှုတွေကို ပြောစမ်းပါဦး၊ ဟိုအမျိုးသမီးအကြောင်းလည်း ပြောစမ်းပါဦးဗျ"

"ဘာမှပြောစရာမရှိပါဘူးကွာ၊ သူ့ကို ငါလည်းမတွေ့ဖူးသေးပါဘူး။ အင်ဒရေးက အရမ်းအထင်ကြီးနေတာပါ။ မင်းလည်း အင်ဒရေးအကြောင်း သိသားပဲ။ လူတိုင်းကို သူက အထင်ကြီးနေတာ"



ပေါလ်ဒရေးဖပ်စ်က မကျေနပ်သည့်လေသံဖြင့်–

"ဒါဖြင့် ခင်ဗျား လုံးဝ စိတ်မဝင်စားဘူးပေါ့လေ"

"ဒီလိုလည်းမဟုတ်ပါဘူး၊ ဒီနေ့ နေ့လယ်တွေ့ဖို့ ချိန်းထားတယ်။ ဒီမိန်းကလေးက စိတ်ဝင်စားစရာတော့ ကောင်းတယ်ကွ၊ ဘာကို စိတ်ဝင်စားစရာကောင်းတယ်ဆိုတာတော့ ငါကိုယ်တိုင် မပြောတတ်ဘူး။ အင်း... စပိန်ကချေသည်ဆိုတော့ လူတွေစိတ်ဝင်စားကြမှာတော့ အမှန်ပဲ။ သူကိုယ်တိုင် တကယ်တော်မယ်ဆိုရင်တော့ တိုးနိုင်ပါလိမ့်မယ်"

"ဒါဆိုရင် မနက်ဖြန် အခြေအနေသိရပြီပေါ့"

ဒါရိုက်တာကြီး 'ရောင်းဘာဆင်'က ပခုံးတွန့်လိုက်ပြီး ကော့ညက်ခွက်ကို မော့လိုက်သည်။

"အင်း... ထူးခြားရင်ပေါ့လေ"

ပြောပြောဆိုဆို နာမည်ကျော် ကဇာတ် ဒါရိုက်တာကြီးသည် စားပွဲမှထပြီး သူ၏ မိုကွကွခန္ဓာကိုယ်ကြီးကို သယ်ဆောင်ကာ ပျော်ပွဲစားရုံထဲမှ ထွက်သွားလေတော့သည်။

နောက်ဆယ့်ငါးမိနစ်အကြာတွင် ကပွဲခန်းမဆောင်တစ်ခုထဲတွင် စပိန်ကချေသည်ကလေးတစ်ဦး ကနေသည်ကို ရှေ့ဆုံးတန်းမှ သူထိုင်ကြည့်နေ၏။ အလွန်လှသည့် မိန်းကလေးပါပေ။ နီညိုရောင်ဆံပင်မှာ လေထဲတွင် ဝဲပျံနေ၏။ မျက်လုံးများက ပကတိအစိမ်းရောင်။ ကိုယ်လုံး ကိုယ်ထည်က ပိန်လွန်းသည်ဟု ဒါရိုက်တာကြီးထင်လိုက်၏။ ရိုးရိုးပိန်လှီခြင်းမျိုးမဟုတ်။ သွေးရောင်မရှိသလို ဖြူဖျော့ဖျော့နှင့်။

မည်သို့ဖြစ်စေ စပိန်မီးလျှံအက တစ်ပုဒ်မဆုံးခင်ပင် ဒီမိန်းကလေးသည် လျှမ်းလျှမ်းတောက်ဖြစ်မည့် မိန်းကလေးဟု ရောင်းဘာဆင် နားလည်လိုက်သည်။

အကပါရမီခံ သည်မျှရင့်သန်သည်ကို မိန်းကလေးသိမှ သိပါလေစ။ သိပုံမပေါ်။ ဒါဆိုရင်တော့ သူ့အတွက် အခကြေးငွေသတ်မှတ်ဖို့ ခက်ချေဦးတော့မည်။

မိန်းကလေးက ကကြိုးအပြီးတွင် အဖြေကို ရပ်စောင့်နေသည်။

"နောက်တစ်မျိုးလောက် ကပြပါဦးကွယ်"

ဒါရိုက်တာကြီးက ခိုင်းလိုက်သည်။ ထိုမိန်းကလေးက မြူးကြွကြွ 'ဂျစ်ပစီ'အကကို ဝဲနေအောင် ကပြပြန်သည်။ ကဇာတ်ဒါရိုက်တာကြီး အသက်ရှူဖို့ပင် မေ့နေ၏။

ရာစုနှစ်တစ်ခုတွင် တစ်ယောက်သာပေါ်ဖူးသည့် ကချေသည်မျိုးဟု ယုံမှတ်လိုက်သည်။ ပါရီ၊ လန်ဒန်နှင့် နယူးယောက်မြို့ကြီးများမှ ကဇာတ်လောကကို ထိုးဖောက်နိုင်မည့် မိန်းကလေးဖြစ်ရမည်ဟု ရောင်းဘာဆင် ကျိတ်၍ ကြုံးဝါးလိုက်သည်။

မတ်တတ် ထရပ်လိုက်သည်။ သူ့မျက်နှာတွင် အပြုံးပန်းဆင်လျက်။

"ကဲ... တော်လောက်ပါပြီ ကလေးရယ်၊ ကောင်းပါတယ်။ နက်ဖြန် မင်း ငါ့ရုံးခန်းကိုလာခဲ့လေ၊ အဲဒီတော့မှ အလုပ်အကြောင်း ပြောကြတာပေါ့။ မင်းကို ကျုပ် ဘယ်လိုအာမခံချက်မျိုးမှ မပေးနိုင်ဘူး။ ကချေသည်တစ်ယောက် အနေနဲ့ မဆိုးလှဘူးလို့တော့ ကျုပ်မြင်တယ်။ ချွတ်ယွင်းချက်ကလေးငွေ မဆိုသလောက်ပဲ ရှိပါတယ်။ ဒါကလည်း အလုပ်ခွင်မှာ မုဆိုးစိုင်သင်သွားလိမ့်မယ်"

မိန်းကလေးက ကျောက်ဆစ်ရုပ်လို မလှုပ်မယှက် ရပ်လျက်ရှိသည်။ မျက်နှာက အလိုမကျသည့်ပုံကို ဆောင်နေသည်။

"ဒီမယ် မွန်စီယာ၊ ကျွန်မတို့ ဒီည ဆွေးနွေးလို့မဖြစ်ဘူးလားဟင်၊ ကျွန်မမှာ အခက်အခဲ..."

မိန်းကလေးက ပြင်သစ်စကားကို စပိန်သံဝဲဝဲဖြင့် ပြောသည်။ ရောင်းဘာဆင်က လက်ကာပြပြီး

"မဖြစ်ဘူး မိန်းကလေး၊ မနက်ဖြန်မှတွေ့မယ်၊ ကဲ... ကျုပ်သွားတော့မယ်"

ဒါရိုက်တာကြီးက မတ်တတ်ထပြီး ပြန်မည်ပြုသည်။ ဤတွင် စင်ပေါ်၌ ဒယီးဒယိုင်ဖြစ်သွားသော မိန်းကလေးကို သူကြောင်ကြည့်နေ၏။ ဓာတ်ခုံဆီသို့ သူပြေးသွားသည်။ သို့သော် နောက်ကျသွားပြီဖြစ်သည်။ ကချေသည် မိန်းကလေးသည် စင်မြင့်ပေါ်တွင် အရုပ်ကြိုးပြတ် ပုံလဲကျသွားတော့သည်။ အနားသို့ ရောက်သွားသည်နှင့် ထိုမိန်းကလေး မူရာမာယာပိုနေခြင်းမဟုတ်ကြောင်း၊ ဒါရိုက်တာကြီး ချက်ချင်းသိလိုက်၏။ အသံအောကြီးဖြင့် ကြုံးအော်လိုက်သည်။

"အင်ဒရေး၊ ရေယူခဲ့... ဘရန်ဒီပါယူခဲ့၊ မြန်မြန်လုပ်"

ဒါရိုက်တာကြီး၏ လက်ထောက်ဖြစ်သူ အင်ဒရေးသည် အတောင်တပ်ထားသည့်အလား အနားသို့ ချက်ချင်းရောက်လာသည်။

မိန်းကလေးကို အဝတ်လဲခန်းတစ်ခုထဲသို့ ပွေ့ယူသွားသည်။ ဆိုင်းသမားတစ်ယောက်က မိန်းကလေး၏ အပေါစားလက်ပွေ့အိတ်ကို ကိုင်ပြီး နောက်မှ လိုက်သွားသည်။

ဒါရိုက်တာကြီးက မိန်းကလေး၏ပါးစပ်ထဲသို့ ဘရန်ဒီ လောင်းထည့်နေသည်ကို ဆိုင်းဆရာ အသာစောင့်ကြည့်နေသည်။ မျက်တောင်ကလေး တဖြည်းဖြည်းခတ်လာပြီး မျက်လုံးစိမ်းများပွင့်လာသည်။ ဒါရိုက်တာကြီးက ယုယကြင်နာသော လေသံဖြင့် မေးသည်။

"မင်းဗိုက်ထဲမှာ အစာမရှိဘူးထင်တယ်၊ ဟုတ်လား"

မိန်းကလေးက လေသံဖြင့် တိုးတိုးလေး ပြန်ဖြေသည်။

"ကျွန်မ ဘာမှမစားရတာ လေးရက်ရှိပြီ"

ဤတွင် ဒါရိုက်တာကြီးက အလောတကြီး အော်ဟစ် အမိန့်ပေးတော့၏။

"အင်ဒရေး၊ ရထားတစ်စင်း အမြန်ဆုံးခေါ်စမ်း၊ ဟောဒီမိန်းကလေးကို ပါရီက အကောင်းဆုံး အစားအစာတွေကျွေးမယ်။ ကျုပ်ကိုခွင့်လွှတ်ပါ မိန်းကလေးရယ်။ အဖြစ်မှန်ကို ကျုပ် မရိပ်မိခဲ့တဲ့အတွက် ပြောတာပါ"

"ကိစ္စမရှိပါဘူး ရှင်"

ပြောပြောဆိုဆို အခန်းဝတွင်ရပ်နေသည့် ဆိုင်းဆရာကို မြင်သည်။

"ကျွန်မ လက်ပွေ့အိတ်ကလေး တစ်ဆိတ်ရှင်"

ဆိုင်းဆရာက အခန်းထဲကို အလောတကြီး ပြေးဝင်လာသည်။ ဒါရိုက်တာကြီး ရောင်းဘာဆင်၏ လက်ကိုင်တုတ်ကို ဝင်တိုက်မိပြီး လဲကျသွားသည်။ လက်ထဲမှ လက်ပွေ့အိတ် လွတ်ကျသွားသည်။ လက်ပွေ့အိတ်ထဲတွင် ရှိသမျှ ပစ္စည်းတွေ ထွက်ကျလာ၏။ ဆိုင်းဆရာရော ဒါရိုက်တာကြီးပါ လက်ပွေ့အိတ်ထဲမှ ထွက်ကျလာသည့် ပစ္စည်းတွေကို ဝိုင်းကောက်ပေးကြသည်။ အတိုအစတွေထဲမှ သတင်းစာဖြတ်ပိုင်းကလေးကို ဒါရိုက်တာကြီးက မီးရောင်တွင် ဖတ်ကြည့်သည်။

သတင်းစာက စပိန်နှင့် ပြင်သစ်နယ်စပ် မြို့ကလေးတစ်မြို့မှ ထုတ်သည့် သတင်းစာ။

'လွတ်မြောက်သွားသည့် လူသတ်သမားကို ရဲအဖွဲ့က အပူတပြင်းရှာဖွေနေခြင်း' ဟူသည့် ခေါင်းစဉ်ဖြင့် စပိန်စစ်တပ်မှ ဗိုလ်ကြီး မစ်ဂွယ်ဒီလာမန်ချာသည် မိန်းကလေးတစ်ယောက်နှင့် ပြင်သစ်ပြည်တွင် ကာလအတန်ကြာနေထိုင်ပြီး စပိန်သို့အပြန်တွင် အသတ်ခံရခြင်းဖြစ်ကြောင်း၊ ရဲက အဆိုပါမိန်းမချောကလေးကို အပူတပြင်း ရှာဖွေနေကြောင်း စသည်၊ စသည်။

သတင်းစာအပိုင်းကလေးကို ခေါက်ပြီး ဒါရိုက်တာကြီးက မိန်းကလေးအား ပြန်ပေးလိုက်သည်။ မိန်းကလေး ဘာမှမပြောဘဲ လှမ်းယူသည်။ ဤတွင်

အင်ဒရေး ပြန်ရောက်လာပြီး အငှားရထားရောက်လာပြီဖြစ်ကြောင်း သတင်းပို့သည်။

"လာ… လာ၊ မိန်းကလေးလာ၊ တို့သွားကြစို့"

ရောင်းဘာဆင်သည် သူ့နည်းသူ့ဟန်ဖြင့် ပရိယာယ်ကြွယ်သူဖြစ်၏။ ကချေသည်မကလေးနှင့်အတူ ညစာစားလို့ မပြီးမချင်း တစ်ခွန်းမျှမမေးသေး။

အချိုပွဲစားပြီးမှ ရှေ့သို့ကိုင်းလိုက်ပြီး မျက်နှာကို အချိုဆုံးထားကာ–

"မင်း ဘာပြုလို့ အဲဒီလိုလုပ်တာလဲ မိန်းကလေး၊ ကျုပ်ကို ပြောပြပါလား"

ဖြတ်သွားသည့် ရဲသားတစ်ယောက်ကို လှမ်းကြည့်ပြီး ကချေသည်မကလေး အထိတ်တလန့်ဖြစ်သွားသည်။ ဒါရိုက်တာကြီးက သူ၏ပုတိုတို လက်ချောင်းများဖြင့် မိန်းကလေး၏လက်ကို လှမ်းဆုပ်လိုက်သည်။

"မင်းကို ကျုပ် သတင်းပေးဖို့ မေးနေတာ မဟုတ်ဘူးကွဲ့၊ မင်း ထောင်ထဲရောက်သွားရင် ကျုပ်အတွက် ဘာမှအကျိုးမရှိဘူး၊ ထောင်အပြင်မှာ မင်းရှိနေမှ ကျုပ်အတွက်အကျိုးရှိမှာ။ ဒီတော့ မင်းကို ကျုပ် အကာအကွယ် ပေးမယ်။ ဒါပေမဲ့ အဖြစ်မှန်အသေးစိတ် မသိဘဲနဲ့ ဘယ်လိုမှ မကာကွယ်နိုင်ဘူး၊ ကိုယ့်သွေးရင်းသားရင်းလို သဘောထားပြီး ဘဘကို ပြောပြပါလား"

မိန်းကလေးက လူဝကြီးကိုကြည့်ပြီး စဉ်းစားနေသည်။

ရောင်းဘာဆင်သည် သူ့ကိုယ်သူ အလွန်မာကျောသည်ဟု ထင်နေ၏။ သို့သော် သူကြင်နာတတ်ပုံမှာ ပါရီတွင် ပြောစမှတ်ပြုရလောက်အောင်ပင်။

"ကျွန်မအပေါ်မှာ သစ္စာဖောက်သွားလို့ပါ"

အသံတိုးတိုးကလေး ထွက်လာသည်။

"အဲဒီတော့…"

ရောင်းဘာဆင်က ရယ်ရင်းထောက်ပေးသည်။ မိန်းကလေးက တုံ့ဆိုင်းတုံ့ဆိုင်း လုပ်နေသည်နှင့်

"ဒီလောက်လှတဲ့ မိန်းကလေးကို ထားခဲ့ပြီး နောက်တစ်ယောက်ရှာတယ်ဆိုတော့ အဲဒီနောက်တစ်ယောက်ကိုတောင် ကျုပ်တွေ့ချင်နေပြီ၊ မင်းထက် ဘယ်လောက်များ ပိုလှနိုင်မှာမို့လဲကွယ်"

"နောက်တစ်ယောက်ရှာတာ မဟုတ်ပါဘူးရှင်"

ရောင်းဘာဆင် နားရှုပ်သွား၏။

"တစ်မျိုးပါလား၊ မင်းရဲ့ချစ်သူက နောက်ဟင်ယောက်လည်း မရှိဘူး ပြောတယ်၊ သစ္စာဖောက်တယ်လည်း ပြောတယ်"



"သူက ကျွန်မချစ်သူ မဟုတ်ပါဘူး၊ ကျွန်မ သူ့ကို တောက်လျှောက်မုန်းခဲ့တာ"

"ဟင်…ဘယ်လိုလဲ၊ သူက နောက်တစ်ယောက် မရှာဘဲ မင်းအပေါ် ဘယ်လို သစ္စာဖောက်တာလဲ"

"သူ ကျွန်မယောကျ်ားကို သတ်ပစ်တယ်လေ၊ ဒါမှမဟုတ်လည်း အသတ်ခံရအောင် လုပ်တယ်၊ ကျွန်မယောကျ်ားကို မသတ်ဘူးလို့ ကတိပေးပြီးမှ သစ္စာဖောက်တာ၊ ကျွန်မတို့လင်မယားက ကျူးဘားတော်လှန်ရေးသမားတွေပါ"

"ကျွန်မတို့အဖမ်းခံရပြီး ဗိုလ်ကြီးဒီလာမန်ချာနဲ့ အပေးအယူလုပ်ပါတယ်၊ ဒီကိစ္စကို ကျွန်မယောကျ်ား လုံးဝမသိပါဘူး၊ သိရင်လည်း ခွင့်ပြုမှာမဟုတ်ပါဘူး"

"ဗိုလ်ကြီးက မင်းကို စွဲစွဲလမ်းလမ်းဖြစ်နေတယ်ပေါ့"

"ဟုတ်ပါတယ်၊ သူနဲ့ စပိန်ကိုလိုက်ခဲ့ပါ့မယ်လို့ ကျွန်မက ကတိပေးရပါတယ်၊ သူက ကျွန်မယောကျ်ားကို လွှတ်ပေးမယ်ပေါ့။ သူ လွှတ်ပေးပါတယ်။ ဒါပေမဲ့ ဒဏ်ရာရပြီး သတိမေ့နေတဲ့ ကျွန်မယောကျ်ားရှိတဲ့နေရာကို သူပဲ သတင်းပေးခဲ့ပါတယ်"

"နေဦးကွဲ့၊ တစ်ခုပဲမရှင်းတာ ကျန်တော့တယ်။ မင်းယောကျ်ားရှိတဲ့ နေရာကို သူပဲသတင်းပေးတယ်ဆိုတာ မင်း ဘယ်လိုလုပ်ပြီးသိလဲ။ သူကိုယ်တိုင်တော့ ပြန်ပြောမှာမဟုတ်ဘူးလို့ ထင်တယ်လေ"

"သူ့ကိုယ်တိုင် ပြန်ပြောတာပါရှင့်၊ စပိန်ရောက်တော့ သူ့အထက်လူကြီးတွေက ကျူးဘားသူ အရိုင်းအစိုင်းကို ခေါ်လာခဲ့ရမလားဆိုပြီး ငြိုငြင်ကြတယ်"

"ဒါနဲ့ ဗိုလ်ကြီးဒီလာမန်ချာက မင်းကို ပြင်သစ်ပြည် ခေါ်လာတယ်ပေါ့၊ ဟုတ်စ"

"ဟုတ်ကဲ့၊ ခေါ်လာပြီး ဒီရောက်တော့ ကျွန်မကို သူက လက်ထပ်ဖို့ ပြောပါတယ်။ လက်ထပ်ပြီး ဒီမှာ ထားမယ်ပေါ့။ ကျွန်မက မဖြစ်နိုင်ကြောင်း၊ ကျွန်မမှာ ကာမပိုင်ရှိပြီးသားဖြစ်ကြောင်း ပြောတော့ သူ အဖြစ်မှန်ကိုဖွင့်ပြောတော့တာပဲ၊ သည်တော့မှ ကျွန်မ မုဆိုးမဖြစ်မှန်း သိရတော့တယ်လေ၊ အဲဒီလို ဖွင့်ပြောတာ သူ့ရဲ့မဟာအမှားပဲ"

"အဲဒီတော့…"

"သူ့ဗိုက်ထဲကို ဓားသွားအဆုံး ထိုးသွင်းပြီးထားခဲ့တာပါပဲ၊ ကျန်တာတော့ ဒါရိုက်တာကြီးသိတဲ့အတိုင်းပါပဲ"

"အင်း… မင်းဟာ တော်တော်ကလေး ရက်စက်တဲ့ မိန်းကလေးပဲ"

"ဟုတ်ကဲ့၊ ဟာဗာနီးရားဟာ လိုအပ်ရင် ရက်စက်တတ်ကြပါတယ်"

"ဟာဗာနီးရား၊ ဟုတ်လား။ အဲဒါ မင်းနာမည်လား"

"မဟုတ်ပါဘူးရှင်၊ ကျွန်မနာမည် ကွန်ချီတာပါ၊ ဟာဗာနီးရားဆိုတာ ဟာဗာနာသူကို ပြောတာပါ"

"ဟာဗာနီးရား၊ ဟာဗာနီးရား... အင်း... ဟာဗာနာမယ်၊ ဟုတ်ပြီ ဟာဗာနာမယ်၊ ကျေးဇူးပဲ မိန်းကလေး"

"ဘာအတွက် ကျေးဇူးတင်တာပါလဲ ရှင်"

"တကယ်ကောင်းတဲ့ နာမည်ရွေးဖို့ မင်း အစဖော်ပေးလို့လေ။ အဲဒီနာမည်ဟာ ကမ္ဘာကို ပျံ့နှံ့စေရမယ်ကွယ်"

"ပြင်သစ်မှာတင် မဟုတ်ဘူးပေါ့နော်"

"မဟုတ်ဘူး၊ ရှောင်းဘာဆင်တင်သမျှ မင်းသမီးတွေဟာ ဥရောပတစ်ခွင်သာမကဘူး ကမ္ဘာသစ်မှာလည်း ကျော်ကြားကြတယ်"

"အမေရိကန်ကိုလည်း သွားမှာလားဟင်"

"သွားမှာပေါ့၊ နယူးယောက်၊ ချီကာဂို၊ ဆန်ဖရန်စစ္စကို၊ နယူးအော်လီယန်း"

ကွန်ချီတာ ရင်တွေခုန်လာသည်။

"နယူးအော်လီယန်းကိုလည်း ရောက်မယ်၊ ဟုတ်လား။ သိပ်ပျော်စရာကောင်းမှာပဲ"

"ကဲ... သမီး လာ၊ ဘဘနောက် လိုက်ခဲ့တော"

*

၁၈၅၃ ခု၊ နွေဦးပိုင်းတွင် ရော့စ်ပါရီတစ်ယောက် စိတ်သွားတိုင်း ကိုယ်ပါပြီး လုပ်ငန်းဆောင်တာများ အောင်မြင်လျက်ရှိသည်။ ဂျက်ဆင်နှင့် နယူးအော်လီယန်းတို့တွင် မြင်မြင်သမျှ အဆောက်အအုံသစ်များမှာ သူ့လက်ရာတွေချည်း။

နယူးယောက် ဗိသုကာလုပ်ငန်းကြီးများနှင့် အဆက်အသွယ်ယူထားသည်။ အချိန်တန်လျှင် နက်ချက်မှထွက်ပြီး မြို့ကြီးပြကြီးများတွင် ဝင်တိုးရန် အသင့်အားယူထားသည်။ ကေသီလင်တန်နှင့် တရင်းတနှီး စာရေးကြသည်။ သည်မိန်းကလေးကို စိတ်ဓာတ်ကျနေသည့် တဒင်္ဂတွင် စိတ်ကစားခြင်းဖြစ်ကြောင်း တဖြည်းဖြည်းသိလာသည်။ မော်ဂင်နှင့် ဆက်ဆံရေးကို ရှေ့မတိုးဖြစ်အောင်



တင်းတင်းကျပ်ကျပ် ဘားထားသည်။

သွားလေသူချစ်ဇနီးကို ကတိပေးခဲ့သည့်အတိုင်း ကျေးကျွန်တွေကို လွတ်လပ်ခွင့်ပေးဖို့အတွက် သူတို့ကို ပညာသင်ပေးသည်။

အဘက်ဘက်က တိုးတက်အဆင်ပြေနေသော်လည်း ကပ္ပလီကျွန်များကိစ္စတွင် အစိုးရလုပ်နေပုံကိုတော့ မကျေမနပ်ဖြစ်နေ၏။

တစ်နေ့မနက်တွင် တောင်ထွတ်မြိုင်သာသို့ နန်စီကိုစီးပြီးထွက်ခဲ့၏။ ကျွန်ကိစ္စကို ခုရက်ပိုင်းအတွင်း ပြောသံဆိုသံကြားနေသည်မှာ နားကြားပြင်းကတ်စရာ ကောင်းလှသည်။

ချွေးတစ်စက်မထွက်ဘဲ ကျွန်များ လွတ်မြောက်ရေးကို အာပေါင်အာရင်းသန်သန် ပြောသူတွေများနေ၏။ ပြည်တွင်းစစ်ကြီးဖြစ်တော့မည့် အကြောင်းများကြားရတော့ စစ်အကြောင်း ကိုယ်တိုင်ခံစားနားလည်ခဲ့ရသူ တစ်ယောက်အနေဖြင့် ဖျားချင်သလိုလို ဖြစ်လာမိသည်။

နန်စီ၏ကျောပေါ်မှ ခေါင်းငိုက်စိုက်ချပြီး လိုက်လာခဲ့သည်။ စစ်ပွဲရှုံး၍ နေပြည်တော်သို့ပြန်လာနေသည့် ရောမစစ်သူကြီးတစ်ယောက်၏ အသွင်ဖြင့်။ အထုပ်တစ်ထုပ်ကို တုတ်ဖြင့်လျှိုထမ်းပြီး ရှေ့မှလျှောက်သွားနေသည့် ကပ္ပလီတစ်ယောက်ကို ရော့စ် သတိမထားမိ။ အနားရောက်မှမြင်သည်။

ကျွန်ပြေးတစ်ယောက်တော့ မဖြစ်နိုင်။ ကျွန်ပြေးဆိုလျှင် ခုလို လူမြင်သူမြင် သွားရဲမည်မဟုတ်။ ပတ္တရောင်တွေနှင့်တိုးလျှင် အဖမ်းခံရမည်မုချ။ ရော့စ်က လူမည်းကိုစိုက်ကြည့်လိုက်သည်။ သူက အထုပ်ကိုချပြီး ရော့စ်ဆီသို့ ပြေးချလာသည်။ မျက်နှာမည်းမည်းကြီးတွင် သွားတွေ အဖွေးသားပေါ်အောင် ပြုံးလျက်။

"ဟေး... ပီဒရို၊ ကြည့်စမ်း... ဘယ်လို... ဘယ်လို"

ရော့စ် အားရဝမ်းသာ အော်လိုက်သည်။ ပီဒရိုက ဝမ်းသာအားရ ရယ်ပြီး

"ကဲ... တွေ့ပြီ၊ ဆရာ့ကိုတွေ့ဖို့ ကျွန်တော် စွန့်စွန့်စားစား လာခဲ့ရတယ်ဆရာ၊ ပြီးတော့ ခရီးအဝေးကြီးကို နှင်ခဲ့ရတယ်"

စပိန်စကားကို ကျူးဘားသံဖြင့်ပြောတော့ လျှာလိပ်သံတွေများပြီး စက်သေနတ်ပစ်သလို ဖြစ်နေ၏။ မနည်း နားစထောင်ယူရသည်။ ဤသို့ဖြင့် ပီဒရိုအဖြစ်ကို သိရတော့၏။

မြကျွန်းသာလင်တန် ယာတောတွင် ပီဒရို ဆက်လုပ်ချင်စိတ်မရှိတော့။ မြကျွန်းသာမှာ ကျူးဘားနှင့် ဘာမျှမခြားသလိုဖြစ်နေ၏။ သည်ထက်ကျယ်ပြန့်

သည့် ကမ္ဘာကြီးထဲကို ထွက်ကြည့်ချင်သည်။

ဟယ်ရီလင်တန်ဆီမှ ထောက်ခံစာ တစ်စောင်ယူပြီး မစ္စစ္စပီသို့ ထွက်ခဲ့၏။ အကြိမ်ကြိမ် အဖမ်းခံရသည်။ ကျွန်ပြေးတစ်ယောက်ထင်ပြီး ဖမ်းကြခြင်းဖြစ်၏။

ရဲဌာနရောက်လျှင် ဟယ်ရီလင်တန်၏စာကို ထုတ်ပြန်ရ၏။ ဤသို့ဖြင့် အကြိမ်ကြိမ် လွတ်ခဲ့သည်။

သူချစ်သော ဆရာရော့စ်နှင့် အတူနေလိုသည်။ ဆရာ့ကိုယ်ရေးကိုယ်တာ အစေတော်အလုပ် လုပ်လိုသည်။ အခကြေးငွေအနေဖြင့် ဆရာကြိုက်သလိုပေးပါ။ မပေးလျှင်လည်းနေပါ။ ငွေဝယ်ကျွန်ဘဝဖြင့် မဟုတ်လျှင် ကျေနပ်ပါပြီ။

ရော့စ်က ပြုံးပြီး

“ဘာမှမပူနဲ့ ပီဒရို”ဆိုကာ စာရွက်ကလေးတစ်ရွက် ဆွဲထုတ်ပြီး ခဲတံဖြင့် တစ်ကြောင်းနှစ်ကြောင်း ရေးပေးလိုက်သည်။

“ရော့... ပုဏ္ဏမီရိပ်သာကို သွား၊ မစ္စဂျယ်နီကို ပေးဒီစာပေး”

ပီဒရို ဘယ်သူ ဘယ်ဝါဖြစ်ကြောင်း၊ နေဖို့ စားဖို့ စီစဉ်ပေးဖို့အကြောင်း ရေးလိုက်ခြင်းဖြစ်သည်။ ပုဏ္ဏမီရိပ်သာကို ဘယ်လိုသွားရမည့်အကြောင်း လမ်းညွှန်ပြီး ခရီးဆက်ခဲ့သည်။

လမ်းတွင် အဲနစ်ကို အောဘတ်နှင့်တွဲလျက်သား တွေ့ရသည်။ မြင်းကိုယ်စီနှင့်။ နှမလုပ်သူ၏မျက်နှာ ပန်းနုရောင်ပြေးနေသည်ကို ရော့စ် သတိပြုမိလိုက်၏။

အချစ်ဆိုသော ထိုအရာ၏ ထူးဆန်းအံ့သြဖွယ် ကောင်းပုံကို ရော့စ် တွေးနေမိ၏။ ချစ်ရေးချစ်ရာ၌ ကံကောင်းသူများသည် ပုံပြင်ထဲက နတ်သမီးလေးတို့၏ တိုင်းပြည်သို့ ရောက်ရသလို ဆွတ်ပျံ့ဖွယ်ကောင်းပြီး ချစ်ကံခေသူတို့အဖို့ ငရဲတမျှပါတကား။ သူတို့အတွက် ကြည်နူးဖွယ်အတိတ်များပင် ကြောက်မက်ဖွယ် ဖြစ်နေသည်တကား။

အနားရောက်တော့ အဲနစ် ခေါင်းငုံ့ထားသည်။ ခေါင်းထောင်လိုက်တော့ သူ့မျက်နှာကလေးမှာ တစ်စုံတစ်ခုကို ဝေခွဲမရသည့်အသွင်ကို ဆောင်နေ၏။

“အစ်ကိုလေး... အဲနစ်လေ အဲနစ်တို့...”

“ကျွန်တော်တို့ လက်ထပ်ကြတော့မလို့ ခင်ဗျာ၊ မစ္စတာပါရီတို့ ညီအစ်ကိုရဲ့ ခွင့်ပြုချက်ယူဖို့ပဲ လိုပါတော့တယ်”

သူတို့နှစ်ယောက်ကို ရော့စ် အကြာကြီး ငေးကြည့်နေသည်။ ဒင်တန်



အောဘတ်၏ နောက်ကြောင်းကို စုံစမ်းပြီးပြီ။ အလွန်ချမ်းသာသည့် ကြံစိုက်ခင်း ပိုင်ရှင်ကြီးတစ်ဦး၏သား ဖြစ်ပြီး အစဉ်အလာရှိသော မျိုးရိုးမှ ဆင်းသက်သည့် လူဝီစီးယားနား ပြည်နယ်သားတစ်ဦးဖြစ်ကြောင်း၊ ပြင်သစ်နှင့် တောင်အမေရိကသွေးပါပြီး ရိုးရိုးသားသား ကြိုးကြိုးစားစား ရှိသည့်လူငယ်တစ်ဦးဖြစ်ကြောင်း သိထားပြီးပြီ။

“ခွင့်ပြုချက်ရပြီးသားလို့ သဘောထားလိုက်ပါ ဒင်တန်။ မင်းတို့ ပျော်ရွှင်ကြပါစေလို့ ကိုယ် ဆုတောင်းပါတယ်ကွာ”

ရော့စ် လေးတွဲ့စွာပြောလိုက်သည်။ လက်ကမ်းပေးလိုက်၏။ အောဘတ်က ဝမ်းသာအားရ ခပ်တင်းတင်းဆုပ်လိုက်၏။ အဲနစ်က မျက်ရည်တွေလည်ပြီး အစ်ကိုလုပ်သူအား မြင်းချင်းကပ်ကာ နမ်းလိုက်သည်။ ပြီးတော့ စိုးရိမ်တကြီး မေးသေးသည်။

“အစ်ကိုကြီးကို အဲနစ် မပြောရဲဘူး အစ်ကိုလေး၊ ကြောက်တယ်”

ရော့စ် ပြုံးလိုက်သည်။

“ဘာမှ မစိုးရိမ်နဲ့ အဲနစ်၊ သူ့ အစ်ကိုလေးကိုပြောပြီးပြီ၊ သူ သိပ်သဘောကျနေတာ”

ဒင်တန်အောဘတ်က ဝမ်းသာအားရဖြင့်

“ဝမ်းသာလိုက်တာဗျာ၊ ခုမှပဲ အလုံးကြီးကျသွားတော့တယ်။ နောက်တစ်ခု ကျွန်တော် တောင်းပန်ပါရစေဦးခင်ဗျာ၊ အဲနစ်နဲ့ နယူးအော်လီယန်းကို လာလည်ကြဖို့ပါပဲ၊ ကျွန်တော့်မိဘတွေနဲ့လည်း တွေ့စေချင်လို့ပါ”

“ရပါတယ် လာမှာပေါ့၊ ဒါထက် ဘယ်တော့ လက်ထပ်ဖို့ စီစဉ်ထားကြသလဲ”

“လိုပါသေးတယ် ခင်ဗျာ၊ နောက်နှစ်မှပါ။ ကျွန်တော့်အဖေက ရှေးရိုးဆန်တယ်ခင်ဗျ။ ကျွန်တော့်ကို လက်မထပ်ခင် ကမ္ဘာလှည့်ခရီးတစ်ခေါက်ထွက်ရမယ်တဲ့။ ကျွန်တော်လည်း လန်ဒန်တို့၊ ပါရီတို့ကို ရောက်ဖူးချင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က မင်္ဂလာခရီးထွက်မှ တစ်ခါတည်း သွားချင်တာ”

“အို... မောင်ကလည်း မင်္ဂလာခရီးထွက်တော့ နောက်တစ်ခေါက် ထပ်ရောက်တာပေါ့၊ အဲဒီတော့မှ မောင် လူပျိုဘဝနဲ့ ပွေခဲ့တဲ့နေရာတွေကို အဲနစ် လိုက်ပြပေါ့”

“အို... ဘယ်ကလာပွေရမှာလဲ”

“ဒီမယ်၊ အဲနစ်မှာ အစ်ကိုနှစ်ယောက်ရှိပါတယ်နော်၊ ယောကျ်ားတွေ

အကြောင်း အဲနစ် မသိဘူးမှတ်နေလား”

“ဒါပေမဲ့ အဲနစ်ရဲ့အစ်ကိုတွေလောက် မောင် မျက်နှာမပွင့်နိုင်ပါဘူး အဲနစ်ရယ်၊ မဟုတ်လား ရောဇ်။ ကျွန်တော် ရောဇ်လို့ပဲ ခေါ်ပါရစေနော်”

“ဟာ... ခေါ်ရမှာပေါ့၊ သမီးယောက်ဖတော်ရတော့မယ်ဟာပဲ၊ ကဲ... နယူးအော်လီယန်းကို လာဖို့ နောက်မှဆွေးနွေးကြတာပေါ့”

“ကောင်းပါပြီ ခင်ဗျာ”

*

တောင်ထွတ်မြိုင်သာကို ရောက်တော့ လန့်စ်ဘရစ်တာနီ တစ်ယောက် မင်းသားကြီးကိုစီးပြီး ဂိတ်ဝတံခါးပေါ် ခုန်ကျော်နေသည်ကို တွေ့ရ၏။ အုန်းခွံရောင် မြင်းကြီးသည် လေထဲတွင်ဝဲပျံကာ လှလှပပ ခုန်ကျော်လိုက်သည်။ အရှိန်နှင့် ဆက်ပြေးသွားပြီး နောက်တစ်ကျော့ ခုန်ဖို့ ပြန်လှည့်လာသည်။

သည်တစ်ကြိမ်တွင် မင်းသားကြီး၏ ဘယ်ဘက်ခွာသည် အပေါ်ဆုံးတန်းနှင့် တိုက်မိတော့သည်။ တန်းကျိုးထွက်သွား၏။ မင်းသားကြီး ဟန်ချက်ပျက်သွားသည်။

သို့သော် လန့်စ်က ကိုယ်ကို နောက်လှန်ပြီး ဇက်ကြိုးကို အသာထိန်းပေးလိုက်သဖြင့် မင်းသားကြီး၏ခွာလေးစုံ မြေပေါ်သို့ တစ်ပြိုင်တည်းကျလာပြီး လျှောတိုက်ကာ အရှိန်သတ်သွားသည်။ မင်းသားကြီး အထိတ်တလန့်တော့ ဖြစ်သွားပုံရသည်။ လန့်စ်က ပြုံးပြုံးကြီးလုပ်ပြီး ရောဇ်ဆီသို့ ဆက်စီးလာသည်။

“ဟေး... ရောဇ်၊ ငါ မအိုသေးဘူးကွ၊ တွေ့လား”

ရောဇ်က ဒေါသဖြစ်နေသည့် အသံဖြင့်

“အိုလား မအိုလားတော့ မသိဘူး၊ ခင်ဗျားလုပ်ပုံကတော့ မိုက်ရူးရဲပဲ၊ ခင်ဗျား ဘယ်သူနဲ့ ဘာအတွက် ပြိုင်နေတာလဲ”

“ဘယ်သူနဲ့မှပြိုင်တာမဟုတ်ဘူး ရောဇ်၊ ကိုယ့်ကိုယ်ကိုယ် သန်တုန်း မြန်တုန်း ရှိသေးတယ်ဆိုတာ ပြနေတာ”

ခင်ဗျား ဇရာကို မျက်လှည့်ပြမနေပါနဲ့၊ ခင်ဗျားခေါင်းပေါ်မှာ ဆံပင်နက်တစ်ပင်မှ မရှိတော့ပါဘူး၊ ခင်ဗျားမျက်နှာမှာ အကြောင်းတွေ ပိုထင်လာပြီ။ မော်ဂင်လိုမိန်းမကိုမှ ခင်ဗျား ရွေးပြီးယူတာကိုးဟု ရောဇ်စိတ်ထဲမှာ အချဉ်ပေါက်ပေါက်နှင့် တွေးလိုက်မိသည်။



“မော်ဂင်ရှိလား လန့်စ်”

“ရှိတယ် လာလေ၊ ဝီစကီသောက်ကြရအောင်”

“နေပစေ လန့်စ်၊ မော်ဂင်နဲ့ ကျွန်တော် မတွေ့ချင်ဘူး၊ ခင်ဗျားအမျိုးသမီးကို ကျွန်တော် သိပ်ကြည့်လို့မရချင်တော့ဘူး၊ စိတ်မရှိနဲ့နော် လန့်စ်။ လာဗျာ မြို့ထဲထွက်ပြီး စားရသောက်ရအောင်ပါ”

“ကောင်းသားပဲ၊ ဒါပေမဲ့ ခဏကိုယ်နဲ့လိုက်ခဲ့ပါဦး၊ ခြံထဲကကောင်တွေနဲ့ ခဏလေးတွေ့စရာရှိလို့၊ မောင်ရင်ရဲ့ကျွန်စနစ် ဖျက်သိမ်းရေးမှုနဲ့ ဆန့်ကျင်တဲ့ မြင်ကွင်းများ ဖြစ်နေမလား”

“ကျွန်တော့်မှုဟာ ကျွန်တော့်မျက်နှာအတိုင်း ဒဏ်ရာတွေပြည့်နှက်နေပါပြီဗျာ”

လန့်စ်က ပြုံးပြီး

“မောင်ရင့်မျက်နှာနဲ့ ပတ်သက်လို့တော့ ကိုယ်နဲ့မော်ဂင် အမြင်ချင်းသွားတူနေတယ်ဗျား၊ အရင်မျက်နှာက ချောပေမဲ့ အားမရှိဘူး၊ ခုမှ အားအပြည့် မာန်အပြည့် ဖြစ်လာတဲ့ မျက်နှာပုံပေါ်လာတာ။ မိန်းမတွေက ဒီမျက်နှာမျိုး ပိုသဘောကျတာပေါ့”

“အကြောင်းမသိခင် သဘောကျတာ ဖြစ်မှာပေါ့ဗျာ၊ ကဲ သွားစို့”

နောက်တစ်နာရီအကြာတွင် သူတို့နှစ်ယောက် နက်ချက်မြို့ထဲဆီသို့ မြင်းကိုယ်စီဖြင့် ထွက်ခဲ့ကြသည်။ နာမည်ကျော် ကော်နယ်လီစားသောက်ဆိုင်သို့ဝင်ကြသည်။ စားပွဲတိုင်းတွင် ဒေါနှင့် မောနှင့် ငြင်းခုံနေကြ၏။ အကြောင်းအရာမှာ တစ်ခုတည်း။ ပြည်နယ်ခွဲထွက်ရေး။ တစ်ယောက်တစ်ပေါက်နှင့် ဆူညံနေ၏။

“ဒီ စတိုဝိ[၁] ဆိုတဲ့မိန်းမကို တစ်ကိုယ်လုံး ကတ္တရာစေးသုတ်ပြီး ငှက်မွေးတွေနဲ့ ပက်ဖို့ကောင်းတယ်။ သူက ကျွန်တွေအကြောင်း ဘယ်လောက်နားလည်လို့ ဒီစာအုပ်မျိုး ရေးရတာလဲ။ စင်စင်နာတီရဲ့ အပြင်ကိုတောင် တစ်ခေါက်မှ မရောက်ဖူးဘဲနဲ့ ဒီစာအုပ်ကို ရေးသတဲ့ဗျား”

---

၁။ *Harriet Stowe (1811-1896)* ၊ အမေရိကန် စာရေးဆရာမ။ ၁၈၆၅ ခုနှစ်တွင် ရေးသည့် ကျွန်ဘဝသရုပ်ဖော် *Dred* ဝတ္ထုကြီးကို ရည်ညွှန်းပြောကြားခြင်းဖြစ်သည်။ *Uncle Tom's Cabin* ဝတ္ထုဖြင့် လူသိများသော စာရေးဆရာမဖြစ်သည်။

"ဟင်နရီကလေး၁ ဆိုတဲ့ အဘိုးကြီးသေတာ နာတယ်ကွာ။ လူတော်ကြီးကွ တို့ သူ့ကို တစ်သက်လုံး သတိရနေကြမှာပဲ။ သူသေတော့ ငါကိုယ်ငါ ပြော တယ်။ အင်း… စစ်တော့တိုက်ရတော့မှာ မဟုတ်ဘူးလို့"

လန့်စ်က တိုးတိုးပြောသည်။

"အင်း သူတို့ပြောတာတွေကို မောင်ရင် ဘယ်လိုခံစားနေရတယ်ဆိုတ သူတို့သိရင်"

"သူတို့လည်း မသိပါဘူး၊ ကျွန်တော်ကလည်း သိအောင်မပြောပါဘူး ကျွန်တော့်ကိစ္စ အသင့်ဖြစ်ပြီဆိုရင် ကျွန်တော့်ဘာသာ ကမ္ဘလီတွေကို လှေပေါ် တင်ပြီး လိုင်ဘေးရီးယားကိုပို့မယ်။ တချို့ကို နယူးယောက်ပို့မယ်"

"ဒါဆိုရင်တော့ မောင်ရင့်ကို ကိုယ်အောက်မေ့နေမှာပဲ ရော့စ်၊ အပေါ် အသင်းဆိုလို့ ကိုယ့်မှာ မောင်ရင်ပဲရှိတော့တာ။ ယုံကြည်ရတဲ့အပေါင်းအသင် မျိုး ပြောတာပါ။ မော်ဂင်ကို မင်း သဘောမကျတဲ့အတွက် ကိုယ် သိပ်ဝမ်းသာ နေတယ် ရော့စ်"

ရော့စ်က ဖန်ခွက်ကို စားပွဲပေါ်ပြန်ချပြီး

"စပ်မိလို့ မေးရဦးမယ်၊ မော်ဂင်ဟာ ဘာပြုလို့ အပိတ်အလှောင်ခံရမှာတ အမှောင်ထဲမှာနေရမှာတို့ကို ကြောက်တာလဲ လန့်စ်"

လန့်စ်က သူ့ကို စူးစူးဝါးဝါး ကြည့်လိုက်သည်။

"နေပါဦး၊ ဒါကို မောင်ရင်က ဘယ်လိုလုပ်သိတာလဲ"

"သူကိုယ်တိုင်ပြောတာပဲ၊ တစ်နေ့ ကျွန်တော်တို့ စကားပြောကြရင် အဲဒီအကြောင်း ရောက်သွားတယ်၊ ပြောတာနဲ့တောင် သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေတယ်"

လန့်စ်က သက်ပြင်းချပြီး

"ကိုယ်လည်း အတိအကျ မသိဘူး ရော့စ်။ သူ့အဖေကြောင့် အဲဒီလို ဖြစ်တယ်လို့ ထင်တာပဲ။ သူ ငယ်ငယ်ကလေးတုန်းက ဗီရိုထဲထည့်ပြီး ဒဏ်ပေး ခံရဖူးသလား မသိဘူး။ သူကိုယ်တိုင်တော့ ဘာမှသတိမရဘူး။ အဲဒီအကြောင်း ပြောလည်းမပြောဖူးဘူး"

---

၁။ *Henry Clay (1777-1852)* ၊ အမေရိကန် နိုင်ငံရေးသမား အထက်လွှတ်တော်အမတ်။ တောင်ပိုင်း မြောက်ပိုင်း ခွဲရေးတွဲရေး ည်။ တွင် အလွန်ဩဇာရှိသည့် စေ့စပ်ရေးသမား။



ရော့စ်ကို ဝေခွဲမရသလို ကြည့်ပြီး ဆက်ပြောသည်။

"ရော့စ်… မောင်ရင်ဟာ အရွယ်နဲ့မလိုက်အောင် ပြည့်ဝပါပေတယ်။ ါကြောင့် ကိုယ့်ကိုစာနာစိတ်နဲ့ နားလည်ပြီး ပေါင်းသင်းနိုင်တာပေါ့၊ ဟုတ်တယ်လား"

"ဆိုပါတော့…"

"ကျေးဇူးပါပဲကွာ"

လန့်စ်၏အသံက ခြောက်ကပ်ကပ်။ အရက်ကောင်တာဆီမှ မုန်ဆီ းကြည့်ရင်း ဆက်ပြောသည်။

"မော်ဂင်ဟာ လမ်းကျဉ်းကျဉ်းကလေးထဲမှာ လျှောက်နေတာကွ ရော့စ်၊ တကယ့်အရှိတရားနဲ့ တကယ်မရှိတဲ့အဖြစ် နှစ်ခုကြားထဲမှာလေ။ ဒါကို သိနေ တော့ သာမန်ယောကျ်ားတစ်ယောက်လို ကိုယ်မလုပ်နိုင်တော့ဘူး ရော့စ်။ တစ်ချိန်လုံး သူ့ကိုသနားနေရတယ်။ ဒါကြောင့် သူနဲ့ရှုပ်ချင်တဲ့ ခွေးသားတွေကို ကိုယ် ခွင့်မလွှတ်နိုင်တာပေါ့။ အဲဒီ သူတောင်းစားတွေ နားမလည်ကြဘူးလား သိဘူး။ မော်ဂင် သူတို့ကို စိတ်မဝင်စားဘူး ဆိုတာလေ"

"မော်ဂင် စိတ်ဝင်စားတာကဘာလဲ လန့်စ်"

"ဘယ်သိမလဲ၊ အာဏာလား၊ ပါဝါလား၊ လက်စားချေလိုခြင်းလား"

လန့်စ်က ပြောပြောဆိုဆို ဘားပတ်ဝန်းကျင်မှ မူးရူးဆူညံနေသူတွေကို အလိုမကျသည့် မျက်နှာဖြင့် ကြည့်လိုက်သည်။ ပြီးမှ စိတ်ဆိုးမာန်ဆိုးဖြင့်–

"ကဲ… လက်ကျန်ရှင်းလိုက်ကွာ၊ သွားကြပါစို့"

*

ထိုနှစ် မိုးဦးရာသီမှာ မိုးအရွာနည်းလှသည်။ ပန်းတွေလှိုင်လှိုင်ပွင့်ပြီးမှ မိုးဖြိုင်ဖြိုင်ရွာသည်။ မိုးတွေစွေနေသည့် နေ့တစ်နေ့တွင် ဆွေပြမျိုးပြခရီးမှ ရော့စ်နှင့် အဲနစ်တို့ မောင်နှမပြန်လာကြသည်။ နယူးအော်လီယန်းမှ အောဘတ် မိသားစုမှာ သတင်းရထားသည့်အတိုင်း အလွန်မွန်ရည်ကြပါပေသည်။

ရော့စ်က ပြင်သစ်စကားပြောတော့ ပို၍ တရင်းတနှီးဖြစ်သွားကြသည်။ အားလုံး ချောချောမွေ့မွေ့ စီစဉ်ပြီးပြီ။ ဒင်တန်အောဘတ်လည်း ဥရောပသို့ ရီးထွက်သွားပြီ။ သူပြန်ရောက်လာလျှင် မင်္ဂလာရက် သတ်မှတ်ရန်သာ လိုတော့

မစ္စစ္စပီတွင် မိုးက ရွာပြီဟေ့ဆိုပြန်တော့လည်း စဲသည်မရှိတော့။

မိုးတွေရွာပြီဆိုလျှင် ရှော့စ်တစ်ယောက် မေ့မေ့ပျောက်ပျောက် မနေနိုင်တော့ပေ။

ဩော်... ကွန်ချီတာ၊ ကွန်ချီတာ...။

မီးဖိုနားတွင် နှစ်ယောက်သား ပူးထိုင်ကြ၏။ မို ဖွဲဖွဲထဲတွင် လမ်းလျှောက်ကြ၏။ အန္တရာယ်ဟူ၍ ဘာမျှ မရှိ ပျော်ခဲ့ကြ၏။ ထို့ထက် ပျော်စရာကောင်းသည့် အနာဂတ်ကို မျှော်ပြီးစိတ်ကူးတွေ ယဉ်ခဲ့ကြ၏။

နှစ်နှစ်ကြာခဲ့ပြီးနောက် ယနေ့တွင်ကား အရာတိုင်းသည် လွင့်ပြယ်ခဲ့လေပြီ။ ဆုံးရှုံးခဲ့လေပြီ။ တမ်းတစရာများသာ အကောင်အထည်မဲ့စွာ ကျန်နေခဲ့လေ၏။

ကေသီလင်တန် ပို့လာသည့် သူ့ပုံတူကားကလေးကို ကြည့်နေမိသည်။ ပုံတူကားထဲတွင်လည်း ကေသီကလေးမှာ မလှရှာပါ။ တောသူကလေးတစ်ယောက် မှန်း သိသာလှသည်။ ရိုးသားခြင်းနှင့် ရှင်သန်ခြင်းပုံတော့ ပေါ်လွင်သည်။

ပုံကားချပ်ကလေးကို အသာချပြီး ပြတင်းပေါက်ဆီသို့ ထသွားသည်။ အပြင်တွင် မိုးကသဲကြီးမဲကြီး ရွာနေ၏။ လမ်းနံဘေးတွင် ရွှံ့ရေတွေ ဒလဟော စီးဆင်းနေသည်။

ပြတင်းပေါက်မှ လှည့်ထွက်ခဲ့ပြီး အရက်ဗီရိုထဲမှ ဝီစကီပုလင်းကို ထုတ်လိုက်သည်။ တစ်ယောက်တည်း ထိုင်သောက်နေမိ၏။ သို့သော် ဝေဒနာက တခြား၊ မူးတာက တခြား။

စိတ်ပျက်ပျက်နှင့် ဆက်မသောက်တော့ဘဲ ရပ်ထားလိုက်၏။ လှေကားမှ တစ်စုံတစ်ယောက် ဖွဖွကလေး တက်လာနေသံ ကြားရသည်။ တွမ်၏ခြေသံ မဟုတ်။ အဲနစ်၏ခြေသံလည်းမဟုတ်။ မော်ဂင်များလား။

ဟုတ်ပါ၏။ မော်ဂင်မှ မော်ဂင်အစစ်။ အခန်းထဲဝင်လာသည်။ ခေါင်းစွပ်နှင့် လက်အိတ်ကို ကမန်းကတန်းချွတ်ပြီး ကုလားထိုင်တစ်လုံးပေါ်သို့ ပစ်တင်လိုက်၏။ ပြီးတော့ သူ့ဆီလျှောက်လာပြီး နှုတ်ခမ်းကို ပိုင်စိုးပိုင်နင်း နမ်းလေတော့သည်။ အားရအောင်နမ်းပြီးမှ သီချင်းကလေး တအေးအေးနှင့် ဝီစကီပုလင်းကို ကောက်ယူကာ ဖန်ခွက်ပြည့်လုနီးပါးငှဲ့သည်။

ဖန်ခွက်ကို လက်တွင်ကိုင်လျက် အခန်းထဲတွင် လှည့်ပတ်သွားလာနေရင်း တစ်ကျိုက်ချင်းသောက်သည်။ တေးကလေး တညည်းညည်းနှင့်။

တစ်နေရာတွင် သူ့ တုံ့ခနဲ ရပ်လိုက်၏။ စားပွဲပေါ်မှပုံကို ကောက်ယူလိုက်သည်။

"ဒါက ဘယ်က စုန်းမကလေးလဲ"

ရှော့စ်က တစ်ချက် မော့ကြည့်ပြီး



"ကေသီလင်တန်တဲ့၊ ကိုယ့်သူငယ်ချင်းပါ"

"ဘာ... သူငယ်ချင်းဟုတ်လား၊ ရှော့စ်မှာ မော်ဂင်ကလွဲပြီး မိန်းကလေး သူငယ်ချင်း မရှိပါဘူး"

"ရှိလား မရှိလား ခုသိပြီမဟုတ်လား"

"ထားပါတော့၊ ဒီဟာမလေးကို သဘောမကျပါဘူး၊ လုံးဝ သဘော မကျဘူး"

"ဘာပြုလို့လဲ"

"အို... ဒါလောက်အရုပ်ဆိုးတာ၊ အရုပ်ဆိုးတော့ အန္တရာယ်ရှိတာပေါ့"

"မဆိုင်လိုက်တာ၊ ဆိုစမ်းပါဦး၊ ဘာလို့ အန္တရာယ်ရှိရမှာလဲ"

"ဒီကောင်မလေးဟာ တော်တော့်ကို စိတ်ဝင်စားစရာကောင်းတဲ့ ကောင်မလေး ဖြစ်ရမယ်။ မဟုတ်ရင် ဒီပုံရောက်လာစရာမရှိဘူး။ ရောက်လာရင်လည်း ဒီလို ဂရုတစိုက်ထားမှာ မဟုတ်ဘူး"

"မှန်တယ်၊ ကိုယ်တွေ့ဖူးသမျှထဲမှာ စိတ်ဝင်စားစရာ အကောင်းဆုံးပဲ။ ဒါပေမဲ့ သူ့ကို အရုပ်ဆိုးတယ်လို့ ပြောတာတော့ မမှန်ဘူး။ သူနဲ့သိကျွမ်းဖူးရင် သူ့ကို အရုပ်ဆိုးတယ်လို့ ဘယ်သူမှ မြင်နိုင်ကြမှာမဟုတ်ဘူး"

"ဒါပဲလား၊ သူ ရုပ်မဆိုးကြောင်း တခြား သက်သေပြစရာ မရှိတော့ဘူးလား"

"မင်း သူ့ကို မြင်ဖူးစေချင်တယ် မော်ဂင်၊ ရုပ်ဆင်းရူပကာယဆိုတာ လူတစ်ယောက်ရဲ့ အမြင်ပါကွာ။ သူ့မျက်လုံးက မီးခိုးရောင်၊ နှုတ်ခမ်းတွေရဲ့ သဘာဝရောင်ကိုက နီရဲနေတယ်"

"ကဲ... တော်ပါပြီ"

"နေဦး ရှိသေးတယ်၊ သူ့ဆံပင်တွေက သိပ်လှတယ်၊ သစ်ချသီးရောင်၊ တစ်ကိုယ်လုံး မှဲ့ယင်ချေးကလေးတွေနဲ့"

"တစ်ကိုယ်လုံး၊ ဟုတ်လား"

"ကိုယ်မြင့်ရတဲ့နေရာအားလုံးပဲ"

"ခုတင်ကတော့ တစ်ကိုယ်လုံးတဲ့၊ ကဲ... ဆက်ပြောပါဦး"

"ပိန်ပိန်ပါးပါးပဲ၊ ယောကျ်ားလေးလို အမြဲတမ်းဝတ်တယ်"

"ဘောင်းဘီကျပ်ကျပ် ဝတ်တယ် မဟုတ်လား"

"ဟုတ်တယ်၊ ဘောင်းဘီကျပ်ကျပ်ဝတ်တယ်၊ ဆေးပြင်းလိပ်သောက်တယ်၊ ကျာပွတ်ကောင်းကောင်း ရိုက်တတ်တယ်"

"အင်း... အာဂမိန်းကလေးပေါ့လေ၊ နောက်ထပ် ဘာတွေလုပ်တတ်သေးလဲ"

"အဲဒါတော့ မသိဘူး"

"ဟင်း... ဘာမသိဘူးလဲ၊ ဘာလို့ ဖုံးထားတာလဲ၊ သွားသေလိုက်ပါလား"

ဒေါသအမျက်ခြောင်းခြောင်းထွက်နေသည့် မျက်နှာဖြင့် မျက်နှာချင်းဆိုင်တွင်ရပ်ကာ ရန်စွယ်နှင့်ငေါငေါ ဖြစ်လာသည်။

"ဒါထက် ပိုမသိပါဘူး၊ သိလည်း မင်းကိုမပြောပါဘူး။ ကိုယ် သူ့ကိုနမ်းတောင်မနမ်းဖူးဘူး မော်ဂင်။ မင်းဟာမင်း ယုံချင်ယုံ၊ မယုံချင်နေ။ ဂရုမစိုက်ပါဘူး"

မော်ဂင်က သူ့ကို စိမ်းစိမ်းကြည့်ပြီး ပြုံးသည်။

"သူတို့ဖျက်ဆီးပစ်လိုက်တာ ရောဇ်ရဲ့ မျက်နှာတစ်ခုတည်း မကဘူးထင်တယ်၊ အရင်တုန်းက ဒီလိုမှမဟုတ်တာ။ စိတ်ဆိုးလွယ်တယ်။ နည်းနည်းကြောက်တတ်တယ်။ ခုတော့ အခန့်သားထိုင်ပြီး မင်းဟာမင်း ယုံချင်ယုံ မယုံချင်နေ၊ ဂရုမစိုက်ဘူးတဲ့၊ တကယ်လည်း ဂရုမစိုက်ဘူးပေါ့။ ဟုတ်လား ရောဇ်"

"ဘာလို့ စိုက်ရမှာလဲ"

မော်ဂင်က သူ့ကိုစိုက်ကြည့်နေ၏။ အလင်းရောင်မှိန်မှိန်တွင် သူ့မျက်ဝန်းကလေးများ လှုပ်ရှားနေသည်ကို အတိုင်းသားမြင်နေရသည်။ ဖန်ခွက်ထဲမှ လက်ကျန်ကို မော့ချလိုက်၏။ မျက်နှာချင်းဆိုင်တွင် အသာထိုင်ချသည်၊ စိတ်ကို အနိုင်နိုင်ထိန်းထားဟန်ဖြင့်။

ပြီးတော့ ဖန်ခွက်ကို ရှေ့တွန်းပေးရင်း

"ထည့်ပါဦး တစ်ခွက်"

ရောဇ်က နောက်တစ်ခွက် အပြည့်ထပ်ထည့်ပေးလိုက်သည်။ တည်ငြိမ်စွာဖြင့်။ မော်ဂင်က ဖန်ခွက်ကို ကောက်ယူပြီး မတ်တတ်ရပ်သည်။

"ရောဇ်လည်း ထည့်ဦးလေ"

ရောဇ်က သူ့ခွက်ထဲသို့ ပြည့်လျှံသွားအောင် ထည့်လိုက်သည်။ မော်ဂင်က တစ်ဝက်တိတိ မော့ချလိုက်၏။ အနည်းငယ် ယိုင်သွားသည်။

"ရောဇ်ကို မော်ဂင် ကြောက်လာပြီ။ အရင်တုန်းကဆိုရင် ဒီလို မလုပ်ရဲဘူး။ နောက်ထပ် တောင်းလည်း ထည့်ပေးမှာမဟုတ်ဘူး။ ရောဇ်ကိုယ်တိုင်လဲ ဒါလောက် မသောက်ဘူး။ ဟိုတုန်းက ရောဇ်နဲ့ မော်ဂင်ကြားမှာ အခြေအနေ



တွေ တစ်မျိုးဖြစ်လာတော့ ရောဇ် ထွက်ပြေးတယ်။ ခု ထွက်မပြေးတော့ဘူးပေါ့၊ ဟုတ်လား ရောဇ်"

"ဟင့်အင်း... ဘယ်သူ့ဆီကမှ မပြေးတော့ဘူး။ ပြေးရ ပုန်းရတဲ့အလုပ်ကို မုန်းလောက်အောင်လုပ်ခဲ့ရပြီ။ ရှေ့လျှောက် မပြေး မပုန်းဘဲ ရင်ဆိုင်မယ်။ နလည်း တစ်နေ့ရင်ဆိုင်ရမယ့် ပြဿနာကို မင်းဘက်က စပြောတော့ စောစောစီးစီးရှင်းသွားတာပေါ့"

မော်ဂင်က ရောဇ်ကို အကြာကြီးစိုက်ကြည့်နေသည်။ ပြီးမှ လက်ကျန်ကို မော့ချလိုက်၏။ ရောဇ်ကလည်း သူ့ခွက်ကို တစ်ချက်တည်း မော့လိုက်သည်။ ဖန်ခွက်ကို တင်းတင်းဆုပ်ကိုင်ထားသည်။ ပြီးမှ မီးလင်းဖိုထဲသို့ ပစ်ပေါက်ထည့်လိုက်၏။ ခွမ်ခနဲကွဲပြီး ကြွင်းကျန်နေသည့် ဝီစကီအစက်ကလေးများသည် အပြာရောင် မီးလျှံငယ်များအဖြစ် ပြောင်းလဲသွားကြသည်။ သို့သော် ခဏအတွင်း အပြာရောင်ကလေးများ မီးလင်းဖိုထဲတွင် ကွယ်ပျောက်သွားကြ၏။

မော်ဂင်က မီးဖိုဆီလျှောက်သွားပြီး ဖန်ခွက်ကို မီးလျှံထဲသို့ ပစ်ချလိုက်၏။ တဖျောက်ဖျောက်မြည်ကာ ဖန်ခွက်ကွဲသွားသည်။ ရောမမီးလျှံကြီးတစ်ခု တက်လာသည်။ ပကတိအပြာရောင်။ မီးဖိုအနီးတွင် ရပ်နေသည့် သူ့တစ်ကိုယ်လုံး အပြာရောင်လွှမ်းသွားသည်။ ရောဇ်ဘက်လှည့်ပြီး ကြောင်မတစ်ကောင်၏ မျက်လုံးမျိုးဖြင့် ကြည့်သည်။

ရောဇ်က ကုလားထိုင်မှ ထလာသည်။ မီးဖိုထဲမှ ထင်းတုံးတွေက တဖျစ်ဖျစ် မြည်ကာ မီးအားပိုကောင်းလာသည်။ မီးဖိုကြီးက တခစ်ခစ်နှင့် ကျိတ်ရယ်နေသည့်အလား။ သူ့လည်ပင်းကို မော်ဂင်က သိုင်းဖက်လိုက်သည်။ မျက်နှာကို အကြာကြီး မော်ကြည့်နေသည်။ ဝိုးတဝါးဖြစ်သွားသည်အထိ။ ပြီးမှ နှုတ်ခမ်းကလေး ဟာဟာဖွင့်ပြီး မျက်တောင်ကို မှေးစင်းကာ အလိုက်သင့် မော့်ပေးလိုက်သည်။

နောက်ဆုံးတွင် မော်ဂင်သည် ရောဇ်၏ရင်ခွင်ထဲမှ အတင်းရုန်းထွက်ပြီး အိပ်ခန်းဆီသို့ ပြေးထွက်သည်။ ရောဇ် နောက်မှလိုက်သွားသည်။ အဝတ်တွေကို ခပ်ကြမ်းကြမ်း ဆွဲချွတ်နေသည့် မိန်းမလှကို ငေးကြည့်နေမိ၏။ အချစ်နတ်သမီး၏ ကိုယ်ဒြနေဟန်ကို တစ်စတစ်စ မြင်တွေ့ရသည်။

ဤတွင် သူတို့နှစ်ယောက်ကြားသို့ ကွန်ချီတာ ဘွားခနဲရောက်လာသည်။ မျက်လုံးစိမ်းများဖြင့် ရောဇ်ကို စိုက်ကြည့်နေ၏။

ရောဇ်၏ ခန္ဓာကိုယ်သည် ကျောက်ဆစ်ရုပ်လို အတောင့်သားဖြစ်သွား၏။

လည်ချောင်းသံဖြင့် ပြောလိုက်သည်။

"မဖြစ်ဘူး မော်ဂင်၊ မဖြစ်ဘူး"

မော်ဂင် တိုးတိုးလေး ပြန်မေးသည်။

"အို... ဘာပြုလို့လဲဟင်"

ရှော့စ် ကတိုက်ကရိုက် ပြောလိုက်၏။

"ဒီမှာ... ဒီမှာမဖြစ်ဘူး မော်ဂင်"

မော်ဂင်က သူ စိုက်ကြည့်နေသည့် နေရာသို့ လိုက်ကြည့်လိုက်သည်။ ရှော့စ်၏မျက်လုံးများက အိပ်ရာပေါ်တွင် စိုက်လျက်။ မော်ဂင်၏မျက်နှာပေါ်တွင် ရမ္မက်ရိုန်တွေ ရုတ်ခြည်းပျောက်ကွယ်သွားသည်။ ဒေါသမီးလျှံတွေ အစားဝင်လာ၏။

"ဒီမှာမဖြစ်ဘူး၊ ဟုတ်လား။ သူနဲ့အိပ်ခဲ့တဲ့အိပ်ရာမို့ပေါ့ ဟုတ်လား။ သူ့သိက္ခာကို စောင့်ထိန်းတဲ့ သဘောပေါ့၊ ဟုတ်လား။ ဒီမယ် ရှော့စ်။ ဒါမျိုးတော့ မိမော်ဂင်က တစ်သက်လုံး ဂရုမစိုက်ဘူးမှတ်။ ပြောပြီးပြီကော သေသွားတဲ့ ဝိညာဉ်တစ်ခုရဲ့ ဒုတိယတော့ အဖြစ်မခံဘူး၊ နားလည်လား"

ပြောပြောဆိုဆို မမြင်နိုင်သော လျှင်မြန်မှုမျိုးဖြင့် ရှော့စ်၏ပါးကို တအားဆွဲကုတ်လိုက်သည်။ ပူခနဲဖြစ်သွားသည်။ အမာရွတ်ပေါင်းများစွာနှင့် မျက်နှာပေါ်တွင် အစင်းကြောင်းကြီးလေးခု ဖွေးခနဲထင်သွား၏။ မော်ဂင်၏ လက်သည်းထဲတွင် သွေးစတွေပါသွားသည်။

မျက်နှာဆီသို့ လက်ရောက်သွားပြီး ရှော့စ်စမ်းကြည့်သည်။ လက်တွင် ပေကျံလာသည့်သွေးတွေကို စိုက်ကြည့်နေသည်။

မော်ဂင်က အဝတ်တွေကို ကမန်းကတန်း ကောက်စွပ်နေပြီ။ အင်္ကျီရင်ဘတ်ကို ဘယ်လက်ဖြင့်ဆွဲယူပြီး ရှော့စ်၏ညာလက်သည် မော်ဂင်၏ပါးပြင်ပေါ်သို့ ဘယ်ပြန်ညာပြန် အရှိန်ပြင်းစွာ ကျလာတော့၏။ ပါးနှင့်လက်ဝါး ထိခတ်သံသည် လက်နက်ငယ်တစ်ခု ပစ်ခတ်သံလို တရစပ် ထွက်ပေါ်လာသည်။ မော်ဂင်၏ မျက်နှာလှလှကလေးသည် ဝဲယာ ချာလည်နေတော့၏။

မျက်ဝန်းထောင့်မှ မျက်ရည်တွေ စီးကျလျက် ပါးစပ်ထောင့်မှ သွေးများ စီးကျလျက်။ အားရအောင် ရိုက်ပြီးတော့မှ ရှော့စ်၏ ဒေါသရှိန် ပြယ်သွားသည်။ ရင်ဘတ်ကိုဆွဲထားသည့် ဘယ်လက်ကို လွှတ်ပေးလိုက်၏။ မော်ဂင် အိပ်ရာသို့ ခွေခနဲလဲကျသွားသည်။ ရှိုက်ကြီးတငင် ငိုသည်။ ကလေးတစ်ယောက်လို ငိုနေခြင်းဖြစ်၏။



"ကိုယ် စိတ်မကောင်းပါဘူး မော်ဂင်"

ရှော့စ်က စိတ်ပျက်လက်ပျက်လေသံဖြင့် ပြောသည်။ အိပ်ရာပေါ်တွင် တံတောင်ဆစ်ကိုအားပြု၍ ခေါင်းထောင်ပြီး ရှော့စ်ကို သူစိုက်ကြည့်နေသည်။ မျက်ရည်ဥကြီးတွေ တစ်ပေါက်ပြီးတစ်ပေါက် ပါးပြင်ပေါ်သို့ လိမ့်ဆင်းနေ၏။

မျက်နှာတစ်ခုလုံး နီရဲရောင်ကိုင်းနေသည်။ လက်ချောင်းရာတွေ အထင်းသားထင်လျက်။ ရောင်ကိုင်းနေသော နှုတ်ခမ်းများတွင် အပြုံးရိပ်ထင်လာသည်။ လက်နှစ်ဖက် ဆန့်တန်းပေးရင်း

"လူရိုင်း၊ လူဆိုး၊ တိရစ္ဆာန်။ ရှင် အဲ့ဒီလိုဖြစ်လာရအောင် ကျွန်မ စောင့်ရတာ ဘယ်လောက်ကြာပြီထင်လဲ ရှော့စ်"

အိပ်ရာပေါ်မှထသည်။ သွေးစတွေ စွန်းနေသည့် နှုတ်ခမ်းများဖြင့် ရှော့စ်ကို အတင်းဖက်နမ်းပြန်သည်။ မလွှတ်တမ်းအတင်းဖက်သည်။ ရှော့စ်က အတင်းရုန်းရင်း

"မဖြစ်ဘူး မော်ဂင်... မဖြစ်ဘူးလို့။ ဒီမှာမဖြစ်ဘူးလို့ ကိုယ် ပြောပြီးပြီလေ"

မော်ဂင်က သူ့ကိုလွှတ်ပေးပြီး ဧည့်ခန်းထဲသို့ ပြေးထွက်သွားသည်။ ဘုရားသခင်ကိုတရင်း လန့်စ်ဘရစ်တာနီ၏နာမည်ကို နှုတ်မှရွတ်ဆိုရင်း ခြေလှမ်းတွေက ဧည့်ခန်းဆီသို့ ဦးတည်နေ၏။ မော်ဂင်က ဆီးကြိုပြီးပွေ့ဖက်သည်။ သည်တော့မှ မတော်ဘူး၊ မသင့်ဘူးဟု အော်ဟစ်သတိပေးလာသည့် မိမိ၏ ဒုတိယအသံကို ကျယ်လောင်စွာကြားရသည်။ သို့သော် ဘုရားသခင်ကို တရင်းဖြင့်ပင်...

ရှော့စ်၏အခန်းမှ မော်ဂင်ပြန်တော့ သူ့မျက်နှာကလေးမှာ ဝင်းပကြည်လင်နေ၏။

*

နောက်တစ်နေ့ည အရုဏ်မပျိုးမီ မှောင်နှင့်မည်းမည်းထဲတွင် တောင်ထွတ်မြိုင်သာမှ ရှော့စ်ပြန်လာသည်။ နောက်တစ်ညတွင်လည်း ထိုနည်းနှင်နှင်။ နောက်ည... နောက်ညပေါင်း များစွာ။

မျက်နှာပေါ်သို့ မိုးပေါက်တွေ လာမှန်နေ၏။ ရေခဲအပ်ကလေးများနှင့် ထိုးဆွနေသည့်အလား။ ကိုယ်ကို ရှေ့သို့ကိုင်းပြီး နန်စီကို စီးပြန်လာခဲ့၏။

ဦးထုပ်ကို ရှေ့သို့ငိုက်ငိုက်ဆောင်းလျက်။

ရှေ့မှ မြင်းညိုကြီးနှင့်လူကို သူ လုံးဝမမြင်။ ရင်ဆိုင်တိုးခါနီးမှ အလန့်တကြား ခါးဆီသို့ လက်ရောက်သွားသည်။ သို့သော် ခါးထဲတွင် ဘာမျှမရှိ။ ပစ္စတိုပါမလာ။ ကောင်းတယ်။ ခံပေါ့ဟု ကိုယ့်ကိုယ်ကို စိတ်ချဉ်ပေါက်ပေါက်နှင့် တွေးလိုက်မိသည်။

မြင်းညိုရှင်က တစ်လှမ်းချင်း ရှေ့တိုးလာသည်။ သို့သော် လန့်စ်ဘရစ်တာနီမဟုတ်။ နောင်တော် တွမ်ပါရီ ဖြစ်နေ၏။

"ဒီအချိန်ကြီးမှာ ဘာလုပ်နေတာလဲ တွမ်"

ရှော့စ်က စမေးလိုက်သည်။

"မင်းလိုပေါ့ကွာ၊ သူနဲ့များတွေ့ရမလားလို့"

"ဒါဆိုရင်တော့ မကြိုးစားနဲ့တော့ တွမ်"

"ဟုတ်လား၊ ငါလည်းထင်ပါတယ်ကွာ၊ သူ ငါ့ကို ခါထုတ်နေပါပြီ။ အသစ်ကလေးတွေ တွေ့နေရောပေါ့လေ။ မင်းလည်း အပါအဝင်မဟုတ်လား။ အပါအဝင်မကပါဘူးလေ။ မင်းက ထိပ်ဆုံးက နေမှာပါ။ သတိတော့ထားနော်။ အမိခံနေရမယ်"

"လာပါဗျာ သွားကြပါစို့"

သူတို့နှစ်ယောက် ပုဏ္ဏမီရိပ်သာမြင်းဇောင်းသို့ ရောက်လာကြသည်။ ညမှာ ပိန်းပိန်းပိတ်မှောင်နေဆဲ။ တွမ်က မြင်းဇောင်းထဲတွင် မှန်အိမ်ထွန်းလိုက်သည်။ မြင်းဇောင်းတံခါးဖွင့်ရင်း မှန်အိမ်အလင်းရောင်ဖြင့် ညီလုပ်သူကို ကြည့်သည်။

"အင်း… မင်း သူ့ဆီကပြန်လာတာပေါ့ ဟုတ်လား။ မင်းကြည့်ရတာလည်း လူသေတစ်ယောက်လိုပါပဲလား ရှော့စ်"

"ဘာထူးလဲ တွမ်၊ ကျွန်တော်က သေနေတဲ့လူပဲ"

"မင်းတလည်းကွာ၊ အဓိပ္ပာယ်မရှိ မပြောစမ်းပါနဲ့၊ မိန်းမတစ်ယောက်နဲ့ ဖြစ်တာနဲ့ အသက်သေရတော့မှာလား"

"တွမ်ပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် အဲဒီလိုပြောတာ မဟုတ်ဘူး။ ကျွန်တော် မသေပါဘူး။ ဒါပေမဲ့ သေတာထက်ဆိုးတယ် တွမ်"

တွမ်က နားမလည်သလို စိုက်ကြည့်နေပြီး

"သေတာထက်ဆိုးတယ်၊ ဟုတ်လား။ ငါတော့ နားမလည်ဘူး ရှော့စ်။ ဘာတွေလဲကွာ"



"ဘဝရဲ့ဝင်္ကြေးတွေပေါ့ဗျာ။ လူတစ်ယောက်ဟာ သူ့ဘဝမှန် ပျောက်ကွယ်ပြီး အခြားဘဝနဲ့နေရတာမျိုး။ မိန်းမတစ်ယောက်ရဲ့ အဖျော်ဖြေခံပစ္စည်း ဖြစ်သွားရတာမျိုးပေါ့။ လူ့ဘဝထက် နိမ့်ကျတဲ့ဘဝ။ အောက်တန်းကျတဲ့ဘဝကို ရောက်သွားတာမျိုးပေါ့။ သေတာထက်ဆိုးတာပေါ့တွမ်"

တွမ်ပါရီက ညီလုပ်သူကိုကြည့်ပြီး ယူကျုံးမရ ဖြစ်သွားရသည်။

"မင်းပြောတာ ငါနားလည်ပြီ ရှော့စ်"

ရှော့စ် လှည့်ထွက်လာခဲ့၏။

တဖြည်းဖြည်း ပါး၍ပါး၍လာပြီဖြစ်သော အမှောင်ထုထဲမှ ရှော့စ်ပါရီ ပျောက်ကွယ်သွားတော့သည်။

## အခန်း (၁၅)

မော်ဂင်က တောင်ထွတ်မြှင်သာ အိမ်ခန်းထဲတွင် ဘရန်ဒီခွက်ကိုကိုင်ပြီး လှည့်ပတ် လျှောက်သွားနေရာမှ

"ကျူးဘားကရောက်လာတဲ့ မေည်းကောင်ကို မောင်းထုတ်ပစ်လိုက်ပါ ရော့စ်။ ကြားလား"

ရော့စ် ငိုင်နေသည်။

"ပြောတာကြားလားလို့၊ ပီဒရိုဆိုတဲ့ကောင်လေ"

"ကြားပါတယ် မော်ဂင်ရဲ့၊ မင်းဟာ ဘယ်လိုကြည့်ကြည့် လှနေတာပဲ မော်ဂင်"

"အဲဒီလိုပြောတာ ကြားဖူးပါတယ်"

"ဘယ်သူက ပြောတာလဲ"

"မော်ဂင့်ယောက်ျား ပြောတာပေါ့၊ ပြီးတော့ ရော့စ်ရဲ့အစ်ကို တွမ်လည်း ပြောတယ်"

ရော့စ်က စဉ်းစားပြီး

"နေပါဦး မော်ဂင်၊ မင်း ဘာလို့ဒီလိုဖြစ်လာရတာလဲ"

"ဘာများလဲ ဒါလင်ရယ်"

မော်ဂင်က ညုတုတု ပြန်မေးသည်။

"ခုလိုရက်စက်တဲ့အကျင့်ဟာ ဝမ်းတွင်းပါ မဟုတ်ပါဘူး"

မော်ဂင်က လမ်းလျှောက်နေရာမှ ခဏရပ်ပြီး ရော့စ်ကို စိုက်ကြည့်နေ သည်။

"ဘာပြုလို့ မဟုတ်ရမှာလဲ"

"မဟုတ်နိုင်ဘူး၊ လူဟာ မွေးစမှာ ဖြူစင်တာချည်းပဲ။ မင်းကို ဒီဘဝမျိုး



ရောက်အောင် တစ်စုံတစ်ခုက တွန်းပို့တာဖြစ်ရမယ်။ အဲဒါကို သိချင်တယ် မော်ဂင်၊ ပြောပြပါလားဟင်"

ဆိုဖာပေါ်တွင်ထိုင်နေသည့် ရော့စ်၏ခြေရင်းတွင် ပုံ့ပုံ့ကလေး ဝင်ထိုင် သည်။ ကြောင်မကလေး တစ်ကောင်နှယ် ကျက်သရေရှိလှ၏။ ရော့စ်၏ ပေါင်ပေါ်သို့ လက်နှစ်ဖက်တင်သည်။ လက်ပေါ်တွင် မေးတင်သည်။

ဘယ်လောက်ခက်လိုက်ပါသလဲ။ ခုလိုကျပြန်တော့လည်း မျက်နှာကလေး က ဖြူစင်ဝင်းပနေ၏။ ရော့စ် စိတ်ညစ်သွားသည်။

"မသိဘူး ရော့စ်၊ မော်ဂင် ဘာမှမသိပါဘူး။ အဲဒါက အရေးကြီးလို့လား ဟင်"

"သိပ်အရေးကြီးတာပေါ့"

"ဘာပြုလို့လဲ"

"ဘာပြုရမလဲ မင်းကိုမုန်းဖို့ ကြိုးစားတယ်၊ ဒါပေမဲ့ မရဘူး။ သိပ် ထူးဆန်းတာပဲ။ ကိုယ်သိသလောက် မင်းရဲ့လုပ်ရပ်တွေဟာ တစ်ခုမှ ကောင်း တာမရှိဘူး။ ဘယ်လောက် မုန်းနိုင်ဖို့ကောင်းသလဲ။ ကိုယ့်အပေါ်မှာ မင်းဆိုးခဲ့ တာတွေကိုလည်း..."

"ဒါလင်ကလည်းကွယ်၊ မော်ဂင် ဘာများဆိုးခဲ့လို့လဲ၊ ဒီမြို့မှာ မော်ဂင့်ကို လိုချင်လို့ သေကောင်းပေါင်းလဲ ကြိုးစားနေတဲ့လူတွေ တစ်လှေကြီးပါ။ ဒါလင်က ဘာမှမကြိုးစားရဘဲနဲ့ ရတာလေ။ ဒါနဲ့များ သူများကို အပြစ်ရှာနေသေးတယ်"

"မဟုတ်ဘူး မော်ဂင်၊ မင်းဘာမှမသိပါလား။ မင်းဘဝကို မင်း နားလည် အောင် ကိုယ်ဘယ်လိုလုပ်ရပါ့မလဲ"

"ဆက်ကြိုးစားလေ"

"မင်းကြောင့် ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး စက်ဆုပ်ရွံရှာလာမိတယ် မော်ဂင်။ မင်းကိုယ်မင်း မှန်ထဲကြည့်ပြီး စိတ်မပျက်မိဘူးလား"

"မပျက်ပေါင်၊ ဘာလို့စိတ်ပျက်ရမှာလဲ။ မှန်ထဲမှာလည်း မော်ဂင် ကြည့် ကောင်းနေတာပဲ၊ လှနေတာပဲ"

"လှပါတယ်၊ လှတာကလွဲပြီး မင်းမှာဘာရှိလဲ။ မင်းဟာ မျက်စိကန်းနေ တာပဲ မော်ဂင်။ ဒါကြောင့် မှန်ထဲကဖောက်ပြန်နေတဲ့ မိန်းမယုတ်ရဲ့မျက်နှာကို မင်း မမြင်တာပေါ့၊ ရမ္မက်ခိုးတွေဝေနေတဲ့ မျက်နှာမျိုးလေ။ ကိုယ်ကတော့ ဒါကိုမြင်တယ်။ ဒါကြောင့် ကိုယ့်ကိုယ်ကိုယ် အမြဲပြောနေမိတယ်။ လန့်စ်ဟာ ငါ့ရဲ့မိတ်ဆွေကောင်းတစ်ယောက်။ သူ့အပေါ်မှာ ငါသစ္စာဖောက်မိပြီ။ ဒါဟာ

သိပ်ယုတ်မာစဉ်းလဲတဲ့ အလုပ်တစ်ခုဖြစ်တယ်။ ဒါထက်ပိုပြီးယုတ်မာတာက မကောင်းမှန်း သိနေလျက်နဲ့ ဒီညရော၊ မနက်ဖြန်ညရော။ သူ့အိမ်မှာမရှိတဲ့ ညတိုင်း ဒီအမှုကို ဆက်လက်ကျူးလွန်နေရဦးမယ်ဆိုတဲ့ အပြစ်ပဲ။ အဲဒါဟာ အဆိုးထဲမှာ အဆိုးတကာ့ အဆိုးဆုံးပဲ။ ကြက်သီးမွေးညင်း ထလောက်တဲ့ ဆိုးရွားမှုမျိုး။ ဒီမယ် မော်ဂင်၊ ကျွန်ဘဝတော့ ကိုယ် အရောက်မခံနိုင်ဘူး။ ဘယ်သူ့ကျွန်မှ အဖြစ်မခံနိုင်ဘူး။ မင်းရဲ့တစ်ပါးကျွန်လည်း မလုပ်နိုင်ဘူး"

"ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒါလင်က မော်ဂင့်ကျွန်လို့ ဘယ်သူပြောလဲ၊ မဟုတ်တာ။ မော်ဂင့်ကျွန်ဆိုရင် ကျာပွတ်နဲ့ရိုက်မှာပေါ့။ ရော့စ်က မော်ဂင်ရဲ့ တစ်ဦးတည်းသော ချစ်သူပါကွယ်။ သိပ်ချွဲမက်စရာကောင်းတဲ့ ချစ်သူပါ။ ခွန်အားကြီးတယ်၊ ရက်စက်တတ်တယ်၊ ဒါတွေကြောင့် ဒီက သူ့ကို စွဲနေတာ။ နောင်လည်း ဆက်ပြီးရက်စက်ပါနော်။ ကြင်နာ ယုယတယ်ဆိုတာ အားနည်းခြင်းတစ်မျိုးပါ ဒါလင်ရယ်"

ရော့စ်က အနိမ့်အမြင့် မရှိသည့်အသံဖြင့်

"ခွန်အားလို့တော့ မပြောနိုင်ဘူးလား။ ကိုယ်တော့ ဒီဇာတ်လမ်းကို ဆက်မကချင်တော့ဘူး မော်ဂင်။ လန့်စ်လိုလူတစ်ယောက်ကို ချိုးတပ်မပေးသင့်ဘူး။ သူဟာ သိက္ခာနဲ့ သမာဓိနဲ့၊ လူရိုသေ ရှင်ရိုသေနေတဲ့ပုဂ္ဂိုလ်။ ဒီလိုလူမျိုးကို မထိခိုက်စေချင်ဘူး"

မော်ဂင်က ရယ်ပစ်လိုက်ပြီး

"အို... ဘာဖြစ်လဲ၊ ခု ဘယ်လောက် ပျော်စရာကောင်းလဲ"

"မဟုတ်ဘူး မော်ဂင်၊ ဒါဟာ ကိုယ့်အတွက် ပျော်ရွှင်မှုမဟုတ်ဘူး။ အားအင်ကုန်ခန်းပြီး ခေါင်းငိုက်စိုက်နဲ့ အိမ်ပြန်ရတဲ့ဘဝ။ တစ်ကိုယ်လုံး လက်သည်းရာတွေ၊ သွားရာတွေ ထင်ကျန်ပြီး နာကျင်နေရတဲ့ဘဝမျိုးကို ကိုယ် ဆက်သည်းမခံနိုင်တော့ဘူး။

"မင်းဟာ ကိုယ့်ကို လူ့ဘဝထက် အောက်တစ်ဆင့်ရောက်အောင် တွန်းပို့နေတာ မော်ဂင်၊ မဆုံးနိုင်တဲ့ မင်းရဲ့ရမ္မက်ဆန္ဒ သားကောင်အဖြစ် ကိုယ့်ကို တိရစ္ဆာန်တစ်ကောင်လို မင်းမွေးထားတာ။ မင်းမှာ ကောင်းမြတ်တဲ့ မိန်းမ ကျက်သရေဆိုလို့ တစ်ကွက်မှမရှိဘူး။ ဘယ်လိုမကောင်းဆိုးဝါးက မင်းကို စီးနေတာလဲ မော်ဂင်။ မင်း မသိဘူး။ မဖြေနိုင်ဘူး။ အေး... အဲဒါကြောင့်ပဲ မင်းကို ကိုယ်မမုန်းရက်တာ။ မင်းကို ကိုယ်သနားလာတယ်။

"မင်းဟာ တကယ်တော့ ဘာမှ အသိသညာမရှိတဲ့ မိန်းမတစ်ယောက်ပဲ



မော်ဂင်။ မင်းဟာ လူ့သားနဲ့မတူဘဲ နတ်မိစ္ဆာတစ်ပါးပါးက ကမ္ဘာမြေကြီးပေါ် ခဏလွှတ်လိုက်တဲ့ မကောင်းဆိုးဝါးနဲ့ တူနေတယ်။ တစ်ခါတုန်းက မင်း အဲဒီ အတိုင်း ပြောဖူးတယ် မှတ်တယ်"

"ဟုတ်တယ်၊ ပြောဖူးတယ်ထင်တယ်"

"မင်းရဲ့ဘဝမှန်ဟာ မမွေးသေးဘူး၊ မွေးတဲ့နေ့မှာ မင်း ခုက္ခဖြစ်မှာပဲ။ အမှောင်ထဲကနေ အလင်းဘက်ကို ထွက်လာပြီး အဆိပ်အတောက်တွေကို မင်း အန်ထုတ်နိုင်တဲ့နေ့မှာ မင်းကိုယ်မင်း ပြန်မှတ်မိလာလိမ့်မယ်။ အဲဒီအခါမှ ရင်ဆိုင်ရမယ့် အမှန်တရားကို မင်း ရင်မဆိုင်ရဲတာနဲ့ ပူပူလောင်လောင်နဲ့ရူးပြီး သေလိမ့်မယ်။ တကယ်ပြောတာ မော်ဂင်၊ မင်း သက်ဆိုးမရှည်နိုင်ပါဘူး"

"မော်ဂင်ကို မုန်းသွားပြီလားဟင်"

"ဟင့်အင်း၊ အဲဒီလို မဟုတ်ပါဘူး။ 'မင်း' ဆိုတာက ရှိမှ မရှိတာ။ ဘာ သွားမုန်းရမှာလဲ။ ကိုယ်သိချင်တာက ဝင်ကစွပ်လို မင်းရဲ့ကိုယ်ပိုင်ဘဝမဟုတ်တဲ့ ဘဝထဲမှာ ဝင်အောင်းနေတဲ့အဖြစ်ရဲ့ ဇာစ်မြစ်ပဲ။ ပြောပြပါလား မော်ဂင်။ ကိုယ် မမုန်းနိုင်တဲ့အကြောင်း ပြောပြီးပြီလေ"

မော်ဂင် တစ်ဖက်သို့လှည့်သွားသည်။ ခြေဆန့်လိုက်ပြီး ဦးခေါင်းကို ရော့စ်၏ပေါင်ပေါ်သို့ မှေးတင်သည်။

"မသိဘူး ရော့စ်ရယ်၊ ရော့စ်ပြောတာတွေက ဘာတွေလဲဟင်။ နားလည် သလို၊ နားမလည်သလိုလိုပဲ။ ဒါပေမဲ့ မော်ဂင်နဲ့ ဆိုင်နေတယ်ဆိုတာတော့ သေချာတယ်။ အဓိပ္ပာယ်သိပ်ရှိနေသလိုပဲ။ အဲဒါတွေအားလုံး နားလည်ရင် ရော့စ်ရဲ့ကမ္ဘာထဲကို ဝင်လာနိုင်မှာနော်။

"ပြီးတော့ ရော့စ်ပြောသလို သေရမှာပေါ့နော်။ ဘဝမှန်ထဲက ထွက်ပြေး နေတယ်တဲ့။ မော်ဂင်ဟာ မမွေးသေးဘူးတဲ့ ဟုတ်လား။ အဲဒီလိုတော့ မဟုတ် ပါဘူး ဒါလင်ရယ်။ မော်ဂင့်ဘဝဟာ မွေးဖွားပြီးသားပါ။ မွေးဖွားပြီးလို့ ဘဝထဲမှာတောင် နစ်နေပြီးပြီလေ။ ဒါကို ဘယ်သူမှ နားလည်မှာမဟုတ်ဘူး။ နစ်တာမှ လေ အမှောင်ထုဟာ လှိုင်းလုံးကြီးတွေ..."

ခေါင်းထောင်ပြီး ဟိုအဝေးကြီးကို ငေးကြည့်နေပြီးမှ ဆက်ပြောသည်။

"မော်ဂင် ၁၅ နှစ်သမီးမှာ မြင်းထိန်းကောင်ကလေး တစ်ယောက်က မော်ဂင့်ကို အဓမ္မကြံဖို့ ကြိုးစားတယ်။ မော်ဂင်ငယ်ငယ်တုန်းက သိပ်သန်တာ။ ကောင်လေးနဲ့ နပန်းလုံးတော့ နိုင်တာပေါ့။ တအား ရိုက်နှက်ပြီး အဖေ့ကို ပြန်တိုင်တယ်။ အဖေက ကျာပွတ်နဲ့ ဆော်တာပေါ့။ ရပ်ကြည့်နေရင်း မော်ဂင့်

ရင်ထဲမှာ ဘာနဲ့မှမတူအောင် ပျော်လာတယ်။ တစ်ကိုယ်လုံး ပူနွေးလာသလိုပဲ၊ ဒါနဲ့ အဖေက ချက်ချင်းထွက်သွားဖို့ အမိန့်ပေးတယ်။ ဒါပေမဲ့ သူ မလျှောက်နိုင်တော့ဘူးလေ။ ဒါနဲ့ အဖေက လမ်းလျှောက်နိုင်တဲ့အထိ နေဖို့ခွင့်ပြုလိုက်ရတယ်။ နောက်ပိုင်းကျတော့ အဲဒီ ပြင်သစ်မင်းသမီးနဲ့ ဗျာများနေတာနဲ့ အဖေလည်း ကောင်လေးကိစ္စကို မေ့သွားတယ်"

"ဒါပေမဲ့ မင်းက မမေ့ဘူး" ရော့စ်က ထောက်ပေးသည်။

"ဟုတ်တယ်၊ စိတ်ထဲမှာ သိချင်နေတယ်။ သူ့ကိုသာ အနိုင်မရဘဲ ရှုံးခဲ့ရင် ဘယ်လိုနေမှာပါလိမ့်ဆိုပြီး သိချင်လာတယ်။ ဒါနဲ့ တစ်နေ့တော့ မြင်းဇောင်းထဲ တိတ်တိတ်ကလေး ဆင်းသွားပြီး ကောင်လေးကို စည်းရုံးတယ်။ သနားစရာ သတ္တဝါကလေးက ကြောက်လွန်းလို့ ဆတ်ဆတ်တုန်နေတယ်။ ဘယ်လိုမှ ဖြားယောင်းလို့မရဘူး။ ဘယ်ရမလဲ။ မော်ဂင်က လိုတာရအောင် အနိုင်ကျင့်ယူတာပေါ့။ နောက်တစ်နေ့မှာ အဲဒီကောင်လေး အိမ်က ပျောက်သွားပါလေရော"

"နောက် ကောင်လေးတွေလည်း အများကြီးပေါ့၊ ဟုတ်လား"

"နည်းနည်းပါးပါးပါ။ ဒါပေမဲ့ မကြာခင် ယောက်ျားတွေရဲ့ အပေါ်စီးဝါဒ၊ တစ်ကိုယ်ကောင်းဝါဒကို နားလည်လာတယ်။ သူတို့က မိန်းကလေးတစ်ယောက်ကို သူတို့ပိုင်ပစ္စည်းလို သဘောထားပြီး အနိုင်ကျင့်ချင်တယ်။ နဂိုကမှ အဖေ့ဆီက နာခံရပေါင်းများလို့ စိတ်ညစ်နေရတော့ မော်ဂင် ဘယ်သူ့ကိုမှ မနာခံဘူး။

"မော်ဂင်ဟာ လွတ်လွတ်လပ်လပ်နဲ့ ထင်ရာလုပ်တဲ့ မော်ဂင်ဖြစ်လာတယ်။ အဲဒီကစပြီး မော်ဂင့်မှာ ချစ်သူမရှိခဲ့တာပဲ။ ဒီလိုနဲ့ ခုအတိုင်း ဖြစ်လာတာပဲဆိုပါတော့။ အင်း… ယောကျ်ားတွေ၊ ယောကျ်ားတွေ သူတို့ကိုယ်သူတို့ ခွန်အားရှင်တွေဆိုပြီး နောက်ဆုံး မိန်းမတစ်ယောက်နံဘေးမှာ လူသေကောင်လို ဖြစ်ဖြစ်သွားကြတာချည်းပဲ။ အဲဒါမျိုးကြည့်ပြီး မော်ဂင် သိပ်ဝမ်းသာတယ်။ ယောကျ်ားကြီးတွေဟာ ချာတိတ်ကလေးတွေနဲ့ ဘာထူးလဲ။ သူတို့ကိုယ် သူတို့ ခြသေ့်တွေထင်ပြီး အမှောင်ထဲမှာ နပန်းသတ်ရင်း အားကောင်းမောင်းသန်ကြောင်း ပြချင်ကြတယ်။ ဒါပေမဲ့ တကယ်က ဝံပုလွေတွေ၊ တောခွေးတွေ။

"ယောကျ်ားတွေရဲ့ မျက်နှာအားလုံးဟာ အဖေ့မျက်နှာနဲ့ တူတယ်ချည်း ထင်လာတယ်။ ဖျက်ဆီးပစ်ချင်တယ်။ ထုရိုက်ခွဲချေပစ်ချင်တယ်။ ဒါကြောင့် လက်မထပ်ဘဲ ရှောင်ကွင်းနေခဲ့တယ် ရော့စ်"



"ဒါဖြင့် ဘာလို့ လန့်စ်ကို လက်ထပ်သလဲ"

"လက်မထပ်လို့ မဖြစ်တော့ဘူးလေ။ မော်ဂင်တို့သားအမိမှာ ခြူးတစ်ပြားမှ မကျန်တော့ဘူး။ အဖေက သူ့မှာရှိသမျှရော၊ အမေ့ပစ္စည်း အားလုံးပါ ဖြုန်းပြီးမှ သေသွားတာလေ။ အဲဒါကိုလည်း မော်ဂင်တို့သားအမိ မသိကြဘူး။ သေတော့ အဖေက ဝတ္တုဆန်ဆန်လေ။ သူနဲ့ နောက်ဆုံးတွဲနေတဲ့ ပြဇာတ်မင်းသမီးရဲ့ရင်ခွင်မှာ သေတာ။ အမေက ရင်ကွဲနာကျတော့တာပေါ့။ အဲ့ဒီကတည်းက မော်ဂင် ဆုံးဖြတ်ခဲ့တယ်။ ကွဲစရာအသည်း ငါ့မှာမရှိစေရဘူးလို့။ ခုချိန်ထိတော့ မော်ဂင် တစ်ခါမှ မရှုံးခဲ့သေးဘူး ရော့စ်"

"မရှုံးခဲ့သေးဘူး ဟုတ်လား။ မင်းရဲ့အောင်မြင်မှုတွေအတွက် မင်းပြန်ပေးဆပ်ရမယ့်တန်ဖိုးကို သိရဲ့လား မော်ဂင်။ မင်းလိုရုပ်ရည်မျိုးနဲ့ တင့်တောင်းတင့်တယ် ကတော်တစ်ယောက် ဖြစ်နိုင်ပါလျက်နဲ့၊ ဖြစ်နေပါလျက်နဲ့ ခုလို အပေါစားဆန်ဆန် အောက်တန်းကျကျ ကလေကချေ မိန်းမရှင်ဇာတ်ကို ခင်းနေတာဟာ မင်းရဲ့မွေးရာပါ အခွင့်အရေးတွေကို နင်းခြေပစ်နေတာပဲ"

မော်ဂင် မတ်တတ်ထရပ်ပြီး အော်ရယ်သည်။

"သွားစမ်းပါ၊ အဓိပ္ပာယ်မရှိ"

"ထားပါလေ၊ ဒါပေမယ့် မင်း ကိုယ့်ကိုမပြောဘဲ ချန်ထားတာ တစ်ခု ရှိနေသေးတယ် မော်ဂင်"

"ဘာများပါလိမ့်"

"ဘာပြုလို့ ဗီရိုထဲထည့်ပိတ်ခံရမှာနဲ့ အမှောင်ကို မင်း ကြောက်တယ်ဆိုတာလေ"

သူ့မျက်နှာကလေး ချက်ချင်းညှိုးကျသွားသည်။

"အဲဒါတော့ မမှတ်မိဘူး ရော့စ်"

"မင်း လိမ်တာ။ ဘယ်အခါမှာ မင်း အမှန်ပြောတယ်၊ ဘယ်အခါမှာ လိမ်ပြောတယ်ဆိုတာ ကိုယ် ကောင်းကောင်းခွဲခြားနိုင်နေပြီ မော်ဂင်"

"ကဲ ကောင်းပါပြီလေ၊ ဘာလို့ ဒါလောက်သိချင်နေရတာလဲ။ မော်ဂင် ငယ်ငယ်လေးတုန်းက အဖေ ဒဏ်ပေးဖူးတယ်။ အပေါ်ထပ်ဗီရိုထဲမှာ ထည့်ပိတ်ထားတယ်။ ဘာပြုလို့ အပြစ်ပေးခံရတယ်ဆိုတာတော့ မေ့နေပြီ။ အဲဒီလို ပိတ်ထားခဲ့ပြီး သူ့အပျော်မယားလေး တစ်ယောက်နဲ့ ထွက်သွားရော။ မော်ဂင့်ကို မေ့သွားတယ်လေ။ ညအထိပြန်မလာဘူး။ အမေက မော်ဂင့်ကို အဖေနဲ့ပါသွားတယ်ထင်ပြီး မရှာဘူးတဲ့လေ။ အဲဒီလိုလည်း ခေါ်သွားတတ်တာကိုး"

"ဒါဖြင့် မင်း တစ်ချိန်လုံး ဗီရိုထဲမှာပေါ့"

"အင်းလေ မှောင်နဲ့မည်းမည်းပေါ့။ လေလည်း များများမရဘူး။ အပြင် ရောက်တော့ မော်ဂင် လေးနာရီလုံးလုံး စကားမပြောနိုင်ဘူးတဲ့၊ အမေက ပြန် ပြောပြတာ၊ အေးစက်ပြီး ကျောက်ရုပ်လေးလို တောင့်နေတယ်တဲ့၊ ဆန်းတာက အဲဒါကို မော်ဂင် လုံးလုံးမမှတ်မိဘူး"

"မင်း မမှတ်မိဘူး ဟုတ်လား၊ ဒါဖြင့်"

"အမေ ပြန်ပြောလို့ သိရတာပေါ့၊ တော်တော်ကလေးကြီးမှ တစ်ခါ အိပ်မက် မက်ဖူးတယ်၊ အိမ်ပျက်ကြီးတစ်ခုထဲမှာ ပိတ်မိနေတယ်တဲ့၊ မီးလောင်လို့ ပျက်စီးနေတဲ့ အိမ်ကြီးမျိုး။ ဘယ်လိုမှ ထွက်လို့မရဘူး၊ တအားအော်ရင်း လန့်နိုးလာတယ်၊ အဲဒီတော့မှ အမေက သမီးငယ်ငယ်ကဖြစ်ဖူးတာ သွားသတိ ရတယ် ထင်တယ်ဆိုပြီး ပြန်ပြောပြတာ"

"ဖြစ်နိုင်တာပေါ့၊ ကဲ... ကိုယ်သွားမှထင်တယ်၊ မိုးလင်းသွားလို့ လန့်စ် ပြန်အလာနဲ့တိုးနေမယ်"

"ဘယ်တော့မှ မတိုးစေရပါဘူးကွယ်၊ ကဲ... နှုတ်ဆက် အနမ်းကလေး ပေးခဲ့ပါဦး ဒါလင်ရယ်"

ရော့စ်က ခါးကိုင်းပြီး ရှုရှုကလေး နမ်းလိုက်သည်။

"ဒါကို နမ်းတယ်လို့ ခေါ်သလား ဒါလင်ရယ်၊ ဒါထက် နမ်းတတ်ရဲ့သားနဲ့"

မော်ဂင်က ထလာပြီး ရင်ချင်းအပ်ကာ တင်းတင်းဖက်သည်။ ပြီးတော့ ပူနွေးနွေး နှုတ်ခမ်းများနှင့် ကျွမ်းကျွမ်းကျင်ကျင် နမ်းသည်။ ချက်ချင်း သွေးဆူလာ သည့် မိမိအဖြစ်ကို ရော့စ် ကျိတ်ပြီး ကျိန်ဆဲလိုက်သည်။ ဒါကိုသိနေသော မော်ဂင်က ဖျတ်ခနဲ လူချင်းခွာပြီး ရယ်နေသည်။

"ကဲ...သွားတော့၊ ပီဒရိုကိစ္စ မမေ့နဲ့နော်၊ ငမည်းကောင်က ငမည်းမကို အမျိုးမျိုး မြှောက်ထိုးပင့်ကော် လုပ်နေတယ်"

ရော့စ် နားမလည်နိုင်အောင် ဖြစ်သွားသည်။ အင်္ဂလိပ်စကားကို ထမင်းစား ရေ သောက်မျှသာ ပြောတတ်သေးသော ပီဒရိုက မော်ဂင်၏ ဘက်စီကို ဘယ်ပုံ မြှောက်ထိုးပင့်ကော် လုပ်နိုင်ပါမည်နည်း။ ပီဒရို ပုဏ္ဏမီရိပ်သာသို့ ရောက်လာ သည်မှာ တစ်နှစ်ပင်မပြည့်သေး၊ အရေးကြီးသည့်ကိစ္စ မဟုတ်နိုင်သဖြင့်–

"အေးပါကွာ ကိုယ်ကြည့်ပြောပါ့မယ်" ဟုဆိုကာ တောင်ထွတ်မြိုင်သာမှ ထွက်လာခဲ့သည်။ ထုံးစံအတိုင်း နန်စီ၏ကျောပေါ်တွင် ခေါင်းငိုက်စိုက်ကျလျက်။

ဦးခေါင်းထဲတွင် အတွေးစက်ဝန်းများ ချာချာလည်လျက်။



ညဥ့်ဘဝတွင် မည်မျှကြာကြာ ဆက်လက် ကျင်လည်နေရဦးမှာပါလိမ့်။ ခုဆို တစ်နှစ်နီးပါးရှိလောက်ပြီ။ ဒင်တန် ဥရောပသို့သွားပြီး မကြာခင် စခဲ့သည့် ဇာတ်လမ်းလေး။ ●

အင်း...ဘာလိုလိုနဲ့ သူတောင် ပြန်ရောက်ခါနီးပါပြီလား။ ဂျယ်နီနှင့် အဲနစ်တို့ မင်္ဂလာဆောင်အတွက် အလုပ်ရှုပ်နေကြပြီ။ တစ်ချိန်က တွမ့်ကို ဝေဖန်ခဲ့သည်။ အသွေးအသားရဲ့ ကျေးကျွန်ပဲ ဟုပင် စွပ်စွဲပြောဆိုခဲ့၏။

တကယ့် အသွေးအသား၏ ကျေးကျွန်က ဘယ်သူလဲ။ လူမည်းတွေ ကမူ သူတို့ခန္ဓာကိုယ်နှင့် လုပ်အားကို ကျွန်ခံနေရပေမဲ့ စိတ်ပိုင်းဆိုင်ရာတွင် လွတ်လပ်သေးသည်။ မိမိမှာ သည်မိန်းမအတွက် တစ်ရံမလပ် စိတ်ရောကိုယ်ပါ လုံးပါးပါးနေ၏။

ပုဏ္ဏမီရိပ်သာသို့ ရော့စ် ပြန်ရောက်လာခဲ့၏။ တွမ်နှင့် စကားများပြီး ခွဲနေခဲ့ရာမှ အဲနစ်ကလေး၏ ကိစ္စကြောင့် ပြန်လာခဲ့ရသည်။ တွမ်နှင့် ရော့စ်က မင်္ဂလာဆောင်အတွက် အားလုံးဝယ်ခြမ်းပေးပြီးပြီ။ ဂျယ်နီနှင့် အဲနစ်မှာ အလုပ် ရှုပ်လို့ ကောင်းဆဲ။ ဝိုင်းကူမည်ဆိုတော့လည်း သူတို့သမီးယောက်မက ရော့စ်ကို လက်မခံကြ။ သတို့သမီးဝတ်စုံချုပ်နေကြသည့် သူတို့နှစ်ယောက်ကို–

"ဟေ့...ညီအစ်မနှစ်ယောက်၊ အခြေအနေဘယ်လိုရှိလဲဟေ့" ဟု ရော့စ် က လှမ်းမေးလိုက်သည်။

အဲနစ်က ညည်းညည်းညူညူဖြင့်–

"ဟာ... ပြီးနိုင်တယ်ကိုမရှိပါဘူး အစ်ကိုလေးရာ၊ အချိန်မီပါ့မလား သိဘူး"

"စစ်တပ်တစ်တပ်အတွက် ဝတ်စုံချုပ်ရင်တောင် မင်းတို့နှစ်ယောက် ပြီးလောက်ပြီ။ ငါ့ညီမက ဂုန်နီအိတ်စုတ် ဝတ်ထားလည်း လှနေတာပဲကွ"

"အို...အစ်ကိုလေးကလည်း ဘာဆိုင်လဲ။ ဒါက...ဟောတော့ ဂျယ်နီရယ် မှာ ကြည့်ပါဦး၊ မှားသွားပြန်ပြီထင်တယ်"

"ရပါတယ် အဲနစ်ရဲ့ မမှားပါဘူး၊ ဒီဘက်က ပြန်ညှပ်တာပေါ့"

တံခါးကို အသာပိတ်ပြီး ရော့စ်ပြန်ထွက်လာခဲ့သည်။ အိပ်ရာပေါ် န်လှဲပြီး အမိုးကို စိုက်ကြည့်နေ၏။ မီးသေနေသည့် ဆေးလိပ်ကို ပါးစပ်တွင် ပ်လျက်။

ရုံးတွင် လုပ်စရာတွေပုံနေသည်။ အလုပ်ထဲတွင် အာရုံ စုစည်း၍ရမည် ဟုတ်သဖြင့် မသွားဘဲနေလိုက်သည်။ တပည့်ကျော်တွေ ကြည့်လုပ်ကြလိမ့်မည်။

လွတ်လွတ်လပ်လပ် စဉ်းစားချင်သည်လေ။ တစ်စုံတစ်ခုကို ဆုံးဖြတ်ဖို့လိုလာပြ လူတချို့သည် ဘဝကို ပေါ့ပေါ့တန်တန် ဖြတ်သန်းသွားကြ၏။ ကောင်းကွက် ကလေးများရွေးပြီး ရှေ့တန်းတင်ကာ သိက္ခာပျက်စရာအဖြစ်များကို အသ ဘေးဖယ်ပြီး လျှောက်သွားခြင်းမျိုး။ ရှော့စ်ပါရီသည် သည်လိုလူစားမျိုးမဟုတ်ပေ

မိမိအနေဖြင့် နယူးယောက်၊ ဖီလာဒဲလ်ဖီးယားနှင့် ဘော့စတွန်လို မြို့ကြီးများတွင် အခြေစိုက်မည်ဆိုလျှင် အထိုက်အလျောက်တော့ ကြိုးစား လိမ့်မည်။ အဆက်အသွယ်တော့ ယူထားပြီးပြီ။ သို့သော် သည်တစ်ကြိ ထွက်ပြေးရဦးမည်ဆိုလျှင် မိမိ၏ သတ္တိနည်းမှုကို ဝန်ခံရာ ရောက်တော့မည် မော်ဂင်ကို အရှုံးပေးသလိုလည်း ဖြစ်နေမည်။

ရှုံးနေပြီပဲ၊ ရှုံးနေကြောင်း ဝန်ခံလိုက်ပေါ့၊ အရှုံးပေးလိုက်ပေါ့။ ဒါအမှ တရားပဲဟု တွေးမိ၏။

တစ်ဖန် အရှက်တကွဲအကျိုးနည်း ဖြစ်ရမည့်ဘဝတွင် မျက်နှာအောက် နေရမည့်အဖြစ်ထက် သူရဲဘောကြောင်တဲ့ဘဝနဲ့ ထွက်ပြေးရသည်က ပိုမကောင် ဘူးလား။ အားနည်းပျော့ညံ့ရာတော့ ရောက်မည်။ သို့သော် မော်ဂင်နှင့် ပြတ် က သည်လိုထွက်ပြေးရန်မှတစ်ပါး အခြားမရှိပြီဟုလည်း စဉ်းစားမိပြန်၏။

အိပ်ရာထဲကထပြီး ရေချိုးခန်းထဲသို့ ဝင်ခဲ့သည်။ မုတ်ဆိတ်ရိတ်၊ ကိုယ် လက် သန့်စင် ရေမိုးချိုးပြီးတော့ စိတ်လက်ကြည်လင်သလို ဖြစ်သွားသည်။

စဉ်းစားချိန်ယူပြီး စဉ်းစားသော်လည်း ဆုံးဖြတ်ချက်ကမကျ။ နက်ချက်တွေ ဆက်နေလျှင်တော့ မိမိဘဝကို မော်ဂင် ရစရာမရှိအောင် ဖျက်ဆီးပစ်တော့မည် မုချ။ ထွက်ပြေးပြန်လျှင်လည်း လန့်စ်ကို မလွှဲမသွေ သူ ဒုက္ခပေးတော့မည်

အဲနစ်ကလေးအတွက် စိတ်ပူစရာ မရှိတော့။ ဂျယ်နီဘဝသည်လည် အေးငြိမ်းစပြုပြီထင်၏။ သူ့မျက်လုံးများ အရောင်ပြန်လက်နေပြီ။ မိမိတစ်ယောက် သာလျှင် ကြိုးတန်းလျှောက်နေသည့်ဘဝဖြင့် မရေမရာ ဖြစ်နေခြင်း။ အတိတ် သာရှိပြီး အနာဂတ်မရှိသည့် ဘဝမျိုး။

မြောက်ပိုင်းကို ရောက်လျှင်တော့ ဘဝကို အုတ်မြစ်အသစ်ချ၍ ပြန်လည် တည်ဆောက်ရမည်။ အသက်က ခုမှ သုံးဆယ့်နှစ်နှစ်သာရှိသေး၏။ အချိန် မီသေးသည်။ ဘဝအတွေ့အကြုံတွေ ကျွံပခုံးထနေအောင်ရှိခဲ့ပြီ၊ ရင့်ကျက်နေပြီ ကြုံခဲ့ဖူးသည့် အမှားမျိုး တွေ ထပ်မမှားအောင်လည်း ဆင်ခြင်နိုင်လောက်ပြီ

ကံကောင်းလျှင် မိမိအား နားလည်မည့် ဘဝအဖော်ပင် တွေ့နိုင်သေးသည် သို့သော် မိမိဘက်က အချစ်တော့ပေးနိုင်လိမ့်မည်မဟုတ်။ ပေးစရာလည်



မကျန်တော့။ ကွန်ချီတာနှင့် မော်ဂင်တို့ နှစ်ယောက်ကြားတွင် သူ့ကိုယ်တွင်းမှ အချစ်ဟူသမျှအရာတို့ လောင်ကျွမ်း ကုန်ဆုံးသွားခဲ့ပေပြီ။

အေးမြသန့်စင်သည့် အချစ်သည် ကွန်ချီတာနှင့်အတူ ပါသွားခဲ့လေပြီ။ သွေးသားတောင့်တမှု ရမ္မက်တို့ကိုတော့ မော်ဂင်ထံတွင် အဆုံးခံခဲ့ရပြီဖြစ်၏။

ခေါင်းကိုက်သည်ဟု အကြောင်းပြပြီး အခန်းထဲတွင် တစ်ယောက်တည်း ညစာစားလိုက်သည်။ ပထမထပ်တွင် မိသားစုရှင်းသွားပြီဟု သေချာမှ အသာ ဆင်းခဲ့ပြီး စန္ဒရားတွင် ထိုင်သည်။

"ကွန်ချီတာ"ကို တီးသည်။ ပထမတစ်ပိုဒ်သာ တီးနိုင်ပြီး မျက်စိရှေ့တွင် ကွန်ချီတာကနေပုံ ပြက်ပြက်ထင်ထင် မြင်လာတော့ ဆက်ပြီးတီးမရတော့။

မျက်လုံးစိမ်းများကို အရိပ်ထဲတွင် မြင်နေရသလိုလို။ စွဲချက်တင်နေသည့် မျက်လုံးစိမ်းများ၊ မကျေမနပ် ဖြစ်နေသည့် မျက်လုံးစိမ်းများ။

အချစ်သစ်တွေ့လို့ နောက်အိမ်ထောင် ပြုလျှင်တော့သည် မျက်လုံးစိမ်းများ အနှောင့်အယှက်ပေးမည် မထင်ပါ။ ကွန်ချီတာ နားလည်မှာပါ။ သို့သော် မော်ဂင်နှင့် ခင်းနေသည့်အချစ်မဲ့၊ အနှစ်မဲ့ဇာတ်လမ်းကိုတော့ သည်မျက်လုံး စိမ်းများ ကန့်ကွက်နေကြမည်သာ။

ရပ်တန်းက ရပ်မှဖြစ်တော့မည်။

စန္ဒရားမှထပြီး အိမ်မှထွက်ခဲ့သည်။ မစ္စစ္စပီကိုစီး၍ မြင်နေရသည့် ကျောက်ဆောင်ကြီးဆီသို့ အရောက်လျှောက်လာခဲ့၏။ ဝက်သစ်ချပင်ကြီး တစ်ပင်ကိုမှီပြီး ဆေးလိပ်တစ်လိပ် ထုတ်ညှိသည်။ မြစ်ပြင်ကိုကျော်ပြီး လူဝီ စီးယားနား ကမ်းခြေဆီသို့ လှမ်းကြည့်လိုက်၏။

လန့်စ်တစ်ယောက် ခြံလုပ်ငန်းဖြင့် လူဝီစီးယားနားတွင် အချိန်ကုန်နေတတ် သည်။ အိမ်သို့ ပြန်ချင်မှပြန်သည်။ အိမ်ပြန်မအိပ်နိုင်သည့်ရက်များတွင် မော်ဂင် ကို အမြဲကြိုပြောသည်။ ဤသည်ပင်လျှင် သူ၏ မဟာအမှားကြီးဖြစ်၏။

"လန့်စ်ဟာ ငါ့မိတ်ဆွေကောင်းတစ်ယောက်၊ ငါ့အပေါ် သိပ်သစ္စာသိတဲ့ လူကြီး။ သူ့ကျေးဇူးတွေ ငါ့မှာ အများကြီး"

ရှော့စ် ကိုယ့်ကိုယ်ကိုယ် နာကျင်စွာ ပြောနေမိ၏။

ဘာနဲ့ ပြန်ပေးဆပ်မလဲ၊ ဘယ်လို အလျော်ပေးမလဲ။

ဤတွင်မှ ဆုံးဖြတ်ချက် ချမိတော့၏။ မော်ဂင် စိတ်ဆိုးရုံမကလို့ လဲသေသေ။ ဘယ်တော့မှ သွားမတွေ့တော့။

*

တဖြည်းဖြည်း မှောင်ရီသန်းလာသည်။ ဆည်းဆာရောင် ဖျော့ဖျော့တွင် ကြယ်ကလေးတစ်လုံး မှိတ်တုတ် မှိတ်တုတ်နှင့် မျက်စ ပစ်ပြနေသည်။ လေကလေးတဖြူးဖြူးနှင့် ဝက်သစ်ချပင်အိုပေါ်မှ ရေညှိမှော်တွေ ယိမ်းကနေကြ၏။ မြစ်ရေပြင်သည် ကတ္တီပါရောင်သို့ ပြောင်းသွားသည်။ မိုးစုပ်စုပ်ချုပ်ကာ ပိန်းပိန်းပိတ် မှောင်သွားသည်အထိ ရှော့စ် ဆက်ထိုင်နေသည်။

နောက်ဆုံးမှထကာ အိမ်ဆီသို့ လျှောက်ပြန်လာခဲ့သည်။ အိပ်ရာဝင်ဖို့လည်း စောနေသေးသဖြင့် အဝတ်တွေချွတ်ကာ ခုတင်ပေါ်တွင် လှဲနေလိုက်သည်။ မော်ဂင် အခေါ်လွှတ်သည့် ဆက်သား ရောက်မလာပါစေနှင့်ဟု ဆုတောင်းလိုက်မိသည်။

နောက်တစ်နာရီတွင် ပြန်နိုးလာသည်။ အိပ်ပျော်သွားခြင်းပါလား။ သူ့အကြောင်း မစဉ်းစားဘဲ အိပ်ပျော်ခြင်းသည် အောင်နိုင်ခြင်းပင်။ ဤသို့တွေးရင်း အားရကျေနပ်စွာ ပြန်အိပ်သည်။

သန်းခေါင်လောက်တွင် ပြန်နိုးလာ၏။ တကယ်နိုးလာသလိုလို၊ အိပ်ပျော်နေဆဲလိုလို။ မနိုးတစ်ဝက် နိုးတစ်ဝက်။ နားထဲတွင် အသံဗလံတွေ ကြားနေသလိုလို။ မိမိနာမည်ကို အော်ခေါ်နေသံလိုလို။

"ဟေး… ရှော့စ်၊ တွမ်… ထွက်ကြပါကွ"

ဝုန်းခနဲ ထလိုက်သည်။ ပြတင်းပေါက်တွင် မီးရောင်တွေ ဟပ်နေပါကလား။ ပြတင်းပေါက်ဆီသို့ ပြေးသွားသည်။ ဘာဖြစ်တာပါလိမ့်။ လူတွေအများကြီး မီးတုတ်တွေ ကိုယ်စီကိုင်လျက်။

သေသေချာချာကြည့်တော့မှ လူတစ်ရာ့ငါးဆယ်ခန့်ရှိသည်။ လက်နက်အပြည့်အစုံနှင့်။

ပြတင်းပေါက်မှ ခေါင်းပြူပြီးကြည့်လိုက်သည်။ မက်ကာဖီညီအစ်ကိုရော၊ ဟင်နရီမွန်းကလစ်ကိုပါ လူအုပ်ထဲတွင် တွေ့ရ၏။

မွန်းကလစ်က မြင်သွားပြီး လှမ်းအော်သည်။

"ဟေး… ရှော့စ်၊ လာဟေ့ တောင်ထွတ်မြိုင်သာမှာ ကပ္ပလီတွေ ပုန်ကန်နေပြီတဲ့"

ရှော့စ်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ၁၈၃၁ ခုနှစ်တုန်းက 'နက်သန်နာ' ခေါင်းဆောင်ပြီး ပုန်ကန်မှုတစ်ခု ဖြစ်ခဲ့ဖူးသည်။ လူဖြူ ၆၀ ကျော်ကျဆုံးပြီးမှ ပုန်ကန်မှုကို နှိမ်နင်းနိုင်ခဲ့၏။ သည်ကတည်းကစပြီး တောင်ပိုင်းတွင် အခြေအနေ မကောင်းခဲ့ခြင်းဖြစ်သည်။



တောင်ထွတ်မြိုင်သာကစပြီး ပုန်ကန်မှုဖြစ်သည့်အတွက် ရှော့စ် လုံးဝမအံ့ဩ။ မော်ဂင်လိုမိန်းမက အိမ်ကို စီမံအုပ်ချုပ်နေသည်မဟုတ်လား။ သည်ထက်စောစော မထကြသည်ကိုပင် အံ့ဩရဦးမည်။

"လာပြီဟေ့"

လှမ်းအော်ပြီး ကမန်းကတန်း အဝတ်လဲသည်။ အောက်ထပ်ရောက်တော့ တွမ်ကိုတွေ့ရသည်။ လက်ထဲတွင် ပစ္စတိုကိုကိုင်လျက်။ မြင်းကိုယ်စီဖြင့် အပြေးအလွှားထွက်ခဲ့ကြ၏။ တောင်ထွတ်မြိုင်သာဆီသို့ မြင်းတပ်ကြီးတစ်တပ် ချီတက်သွားသည့်နှယ်။

နံဘေးမှ ယှဉ်စီးလာသည့် ဂျော့မက်ကာဖီကို ရှော့စ်က လှမ်းမေးလိုက်သည်။

"ဘယ်လိုသတင်းရကြတာလဲဗျ"

"သစ္စာရှိတဲ့ လူမည်းတစ်ယောက်က လာပြေးပြောလို့ပေါ့"

ဒီလို မညီမညွတ်လို့လည်း ဒီကောင်တွေ ကျွန်ဖြစ်နေကြတာပဲဟု ရှော့စ်တွေးလိုက်မိ၏။ သစ္စာရှိတဲ့လူမည်းတဲ့။ သခင်က ဖိနပ်စုတ်ကလေးစွန့်ကြဲတာ၊ ဦးထုပ်ပြဲကလေးပေးတာကို အဟုတ်ထင်နေတဲ့ ကပ္ပလီတစ်ယောက်က ပြေးပြောခြင်းဖြစ်မည်။

သည်လိုကပ္ပလီမျိုးကို ရှော့စ် လုံးဝ သဘောမကျခဲ့။ မာနကြီးသည့် ဘရုတပ်စ်လို၊ ရဲရင့်သည့် ပီဒရိုလို ကပ္ပလီမျိုးကို လေးစားသည်။

ကျွန်ဖြစ်ရသည့်ဘဝကို နားလည်ထားသူမို့ ရှော့စ်တွင် စာနာစိတ်အပြည့်ရှိနေခြင်းဖြစ်၏။ သည်လိုအရေးကြုံလာလျှင် သူတို့ ဘာတွေလုပ်ကြမည်ကို ရှော့စ် သတိထားပြီးဖြစ်သည်။ ပုန်ကန်သူတွေကို ပစ်ခတ်ချေမှုန်းမည်။ ထွက်ပြေးသူတွေကို လိုက်ဖမ်းမည်။ လူပုံအလယ်မှာ သတ်မည်။ တစ်ချိန်က မိမိပါ ပါဝင်လုပ်ဆောင်ခဲ့ဖူးသည့် အစဉ်အလာ။ သည်ညတော့ လူအုပ်ကြီးထဲ ရောညှပ်ပါနေရင်း မိမိနှလုံးသားက ပြေးလွှားပုန်းအောင်းကြရမည့် လူမည်းများထံတွင် ရောက်နေတော့မည်ကောန်။

တောင်ထွတ်မြိုင်သာမရောက်မီ မီးလျှံကြီးတွေ တက်လာသည်ကို တွေ့ရ၏။ သူတို့ တရကြမ်းစီးသွားကြသည်။ မြင်းဖောင်းကို မီးစွဲနေ၏။ မီးကစွဲစမို့ သူတို့လူအားနှင့် အချိန်မီငြိမ်းနိုင်ခဲ့ကြသည်။

အိမ်မကြီးဆီသို့ သူတို့ပြေးသွားကြချိန်တွင် သေနတ်သံတွေ ထွက်ပေါ်လာသည်။ ပြတင်းပေါက်မှ သွေးအေးအေးနှင့် ပစ်နေသော လန့်စ်ကို သူတို့

မြင်နေရသည်။

ကပ္ပလီသုံးယောက် မြေကြီးပေါ်တွင် လဲကျနေသည်ကို တွေ့ရသည်။ အခြားအဖွဲ့သားတွေက သစ်ပင်တွေကွယ်ပြီး အိမ်ကြီးဆီသို့ ပစ်နေကြ၏။

ရှော့စ် စဉ်းစားလို့မရ ဖြစ်သွား၏။ ဒီကောင်တွေ ဘယ်က သေနတ်ရပါလိမ့်။

မြင်းစီးလူအုပ်ကြီးက အိမ်မကြီးဘက်မှ ဝိုင်းပစ်ကြသည်။ ကပ္ပလီတွေ တောထဲသို့ ထွက်ပြေးကြ၏။ မြင်းခွာသံတွေ တဖြောင်းဖြောင်းနှင့် လိုက်ကြသည်။ တွမ်၊ ရှော့စ်နှင့် ဟင်နရီ မွန်းကလစ်တို့သာ ရပ်ကျန်ခဲ့၏။ ရှော့စ်က စိတ်ထဲမှ သရော်တွေး တွေးလိုက်မိသေး၏။ အင်း... မော်ဂင်၏ ချစ်သူတွေချည်းပါလားဟု၍။

သူတို့သုံးယောက် အလုပ်သမားတန်းလျားများဆီသို့ စီးသွားကြသည်။ ထိတ်လန့် ကြောက်ရွံ့နေကြသော အလုပ်သမား ကပ္ပလီများကို အတင်းခေါ်ထုတ်ပြီး မီးကြွင်းမီးကျန်တွေကို ဆက်သတ်ခိုင်းသည်။

လန့်စ် အိမ်ထဲမှထွက်လာသည်။ ပြောင်းရှည်သေနတ်ကြီးကိုင်လျက်။ မော်ဂင်က နောက်မှလိုက်လာသည်။ သူ့လက်ထဲတွင်လည်း ကာဘိုင်နှင့်။

"ကျေးဇူးပါပဲကွာ၊ မိလိုက်သေးလား"

လန့်စ်က ခပ်အေးအေး မေးသည်။ မွန်းကလစ်က ဝင်ဖြေသည်။

"လိုက်ကြတုန်းပဲ၊ မိမှာပါ"

ရှော့စ်က မော်ဂင်ကို အကဲခတ်နေ၏။ မော်ဂင်တစ်ယောက် ချီးချဉ်ရသည့် ကလေးလို ပျော်နေပုံရသည်။ သူ ဘာကြောင့် ပျော်နေသည်ကို ရှော့စ်တစ်ယောက်သာ သိသည်။

ထိုစဉ် လူဖမ်းပွဲကြီး ပြီးသွားသဖြင့် ပြန်ရောက်လာကြသည်။ ကပ္ပလီတွေကို ကြိုးနှင့်တုပ်ခေါ်လာကြ၏။

"ခွေးသားငါးယောက်တော့ တောထဲမှာတင် ကြွသွားပြီ"

ချားလ်ဒယ်ဂရင်က မင်္ဂလာသတင်းပေးရင်း တစ်ဆက်တည်း မေးသည်။

"ကဲ... လန့်စ်၊ ထုံးစံအတိုင်း ကြိုးပဲမဟုတ်လား"

"အဲ... နေဦး ချားလ်"

မော်ဂင်က ကြားဖြတ်ပြီး

"ဟုတ်တယ်၊ ကြိုးပေးမယ်၊ ခွေးတိရစ္ဆာန်တွေ"

ကွက်လပ်တစ်နေရာတွင် မီးမွှေးသူမွှေး၊ မြင်းဖောင်းဆီသို့ ကြိုးယူဖို့



သွားသူသွားနှင့် ရှုပ်ယှက်ခတ်သွားသည်။

"ကျန်တဲ့ကောင်တွေက ဒီအထဲက မပါဘူးပေါ့၊ ဟုတ်လား လန့်စ်"

ဟင်နရီမက်ကာဖီက လှမ်းမေးလိုက်၏။

"ဟုတ်တယ် မပါဘူး"

မော်ဂင်က ဖြတ်ပြီး

"သူတို့ကိုလည်း ကြိမ်ဒဏ်လောက်ပေးရမယ်၊ ဒါမှ..."

"ဟုတ်တယ်၊ အဲဒါလုပ်သင့်တယ်"

ဒယ်ဂရင်က ထောက်ခံသည်။ လန့်စ်က ကျားဟိန်းသလို ဟိန်းပြီး

"မလိုဘူး၊ ပုန်ကန်တဲ့အထဲ မပါတဲ့ ငါ့လူတွေကို လုံးဝမထိနဲ့။ ဒီမယ် ချာလီ၊ သူတို့သာ ဟိုကောင်တွေနဲ့ပေါင်းရင် တို့ ခုလောက်ဆို မသာဖြစ်နေပြီ"

"ဒါလည်း ဟုတ်ပါတယ်လေ၊ ဒါပေမဲ့ ..."

ချားလ်ဒယ်ဂရင်က တစ်စုံတစ်ခုကို ထပ်အဆိုပြုမည့်ဟန် ပြင်သည်။ လန့်စ်က ကြားဖြတ်ပြီး...

"သူတို့အတွက် ကျုပ်တာဝန်ထားပါ၊ လုံးဝ ကျုပ်တာဝန်ယူတယ်"

ရှော့စ်က မော်ဂင်ထံမှ မျက်နှာလွှဲလိုက်၏။ ရွံရှာမုန်းတီးစိတ်တွေ ရင်ထဲမှာ လှိုင်းထလျက်ရှိ၏။ ဖမ်းမိလာသည့် လူမည်းတစ်သိုက်ဆီသို့ လှမ်းကြည့်လိုက်သည်။

အလို... ပီဒရိုပါလား။ ဘယ်လိုလုပ်ပြီး ဒီလူတွေနဲ့ပေါင်းမိပါလိမ့်။ နောက်မှ ဘက်စီကိုပါ လှမ်းမြင်သဖြင့် ရှင်းသွားသည်။

ရှော့စ် သူ့ဆီသို့ လျှောက်သွားသည်။ လက်ပြန်ကြိုးတုပ်လျက်သား မြေကြီးပေါ်တွင် လဲနေ၏။

"ဒုက္ခပါပဲကွာ၊ မင်း ဘာလို့ ဒီလိုလုပ်ရတာလဲ ပီဒရိုရယ်"

ပီဒရိုက သူ့ဆရာကို မော်ကြည့်ပြီး ပြုံးသည်။

"ဒီအိမ်က သိပ်နှိပ်စက်လွန်းလို့ ဆရာ၊ နောက်တစ်ခုကလည်း ကျွန်တော့် ချစ်သူကို ကျွန်ဘဝက လွတ်စေချင်လို့။ အဲဒီမိန်းမဟာ လူမဟုတ်ဘူး ဆရာ။ မကောင်းဆိုးဝါးမ"

"ငါ ကြိုးစားကြည့်ပါဦးမယ်ကွာ"

ရှော့စ်က အားပေးစကား ပြောလိုက်သည်။

"ဘက်စီအတွက် ကြိုးစားပေးပါ ဆရာ၊ ကျွန်တော့်အတွက် မရချင်နေပါစေ ဆရာ"

လနံ့စံဆီသို့ ရှော့စ် တန်းတန်းမတ်မတ် လျှောက်သွားသည်။

"အဲဒီ ကျူးဘားကပ္ပလီဟာ တစ်ချိန်တုန်းက ကျွန်တော့်အသက်ကို ကယ်ခဲ့တယ် လနံ့စ်။ အဲဒါ ဖြစ်နိုင်ရင်…

"အို… ဘယ်သူ့မှ လွှတ်မပေးနိုင်ဘူး"

မော်ဂင်က ကက်ကက်လန် ဝင်ပြောသည်။ လနံ့စ် လေးလေးတွဲ့တွဲ့ လေသံဖြင့်

"ကိုယ် စိတ်မကောင်းပါဘူး ရှော့စ်။ ကိုယ်တို့ လျှော့ပေးလို့မဖြစ်ဘူး။ ဒီကောင်တွေ နားလည်အောင် လုပ်ပေးရလိမ့်မယ်။ မောင်ရင်နဲ့ကိုယ်ရဲ့ ဆက်ဆံရေးကိုတောင် ထိခိုက်နိုင်တယ်ဆိုတာ ကိုယ်သိပါတယ်။ ဒါပေမဲ့… "

"ကဲ… ချည်ပြီးကြပြီလားဟေ့"

ဒယ်ဂရင်က တပ်လှန့်လိုက်သည်။ ကြိုးပေးသည်ကို ရှော့စ် စောင့်ကြည့်နေ၏။ ကပ္ပလီဆယ့်တစ်ယောက်တို့ ပုံစံအမျိုးမျိုးဖြင့် သေကြသည်။ ငိုသူငို တောင်းပန်သူ တောင်းပန်။ သွေးရူးသွေးတန်းဖြစ်သူဖြစ်နှင့်။

ဘက်စီနှင့် ပီဒရိုကမူ ကြွားကြွားဝင့်ဝင့်ရပ်ကာ သူတို့အလှည့်ကို စောင့်လျက်။

"အဲဒီနှစ်ယောက်က ခေါင်းဆောင်ပဲ။ သူတို့က ချစ်သူတွေလေ။ သနားပါတယ်။ အတူတူ သေကြပါစေ။ တစ်ပြိုင်တည်း ကြိုးပေးပါ"

မော်ဂင်က ဝင်ပြီးအမိန့်ပေးသည်။

အမျိုးသားပရိသတ်က ပြုံးလိုက်ကြသည်။ အာဂအမျိုးသမီးပေပဲဟု မော်ဂင်ကို ကျိတ်ပြီး အမှတ်ပေးကြသည်။ သည်မြင်ကွင်းကို မျက်နှာဖြူမိန်းမတွေ ဘယ်တော့မှ မကြည့်ကြ။ ကြည့်သူရှိလျှင်လည်း မူးသူမူး၊ မေ့သူမေ့နှင့်။

ပီဒရိုနှင့် ဘက်စီကို သစ်ပင်အောက်သို့ တွန်းထိုးခေါ်သွားကြသည်။ လည်ပင်းကို ကြိုးကွင်း တစ်ပြိုင်တည်း စွပ်သည်။ သူတို့သတ္တိကို လနံ့စ် အမှတ်မပေးဘဲ မနေနိုင်အောင်ဖြစ်ရ၏။ လနံ့စ်က ဂျော့ဘက်လှည့်ပြီး

"သူတို့ ဘာများပြောစရာရှိသေးလဲ မသိဘူး၊ ပြောပါစေ"

ဂျော့က ဘာပြောချင်သေးလဲဟု မေးသည်။ ပီဒရိုက ခပ်အေးအေးပြန်ပြောသည်။

"မရှိပါဘူး ဆီညော်"

ဘက်စီကမူ မျက်လုံးများ မီးဝင်းဝင်းတောက်လျက်က

"ရှိတယ်၊ ကျွန်မကတော့ ပြောစရာရှိတယ်။ ကျွန်မ ဘာကြောင့် ဒီလို



လုပ်ရတယ်ဆိုတာ ဟောဒီက လူကြီးမင်းများသိအောင် ပြောခဲ့ပါ့မယ်"

မော်ဂင်ကို လက်ညှိုးငေါက်ငေါက်ထိုးပြီး

"အဲဒီမိန်းမယုတ်ကြောင့် ကျွန်မ ဒီလိုလုပ်ရတာပါ။ သေရမယ့်ဆဲဆဲလူဟာ ဘယ်တော့မှ မမှန်တာမပြောပါဘူး။ သူ့နဲ့မတွေ့ဖူးခင် ဒါမျိုးလုပ်ဖို့ ကျွန်မ စိတ်တောင်မကူးခဲ့ဖူးပါဘူး။ သူ့ဆံပင်ဖြီးပေးတာ စိတ်တိုင်းမကျတာနဲ့ ကျွန်မ လက်ကို ကတ်ကြေးနဲ့ထိုးပါတယ်။ အလုပ်လုပ်တာ နှေးလို့တဲ့။ ကျွန်မကို လှေကားပေါ်က ကန်ချပါတယ်။

"လူကြီးမင်းများရှင့်၊ ဟောဟိုအပေါ်ဆုံးထပ်ရဲ့ အထပ်ခိုးပေါ်မှာ အခန်းတစ်ခန်းရှိပါတယ်။ သွားကြည့်ကြပါ။ ဒါကို သခင်ကြီးတောင်မသိပါဘူး။ အဲဒီအခန်းဟာ ကျွန်မတို့ကို ကျာပွတ်နဲ့ရိုက်တဲ့အခန်း၊ သံကြိုးခတ်တဲ့အခန်းပါ။ ကြမ်းပြင်ပေါ်မှာ သွေးကွက်တွေ ထပ်နေတာတွေ့ရပါလိမ့်မယ်။ အဲဒီလိုလုပ်တာ ကျွန်မတို့မှာ အပြစ်ရှိလို့မဟုတ်ပါဘူး။ ပိတ်လှောင်ပြီး ရိုက်နှက်ညှဉ်းဆဲရတာကို သူပျော်လို့ပါ။

"နောက်ပြီးတော့ မြင်းဇောင်းနံဘေးမှာ သွားတူးကြည့်ကြပါ။ လူးကပ်စ်ဆိုတဲ့ အဘိုးကြီးရဲ့အရိုးစု တွေ့ရပါလိမ့်မယ်။ သခင်ကြီးမရှိတဲ့ တစ်နေ့မှာ မစ္စတာပါရီ ပေါ်မလာလို့ သူ ဒေါပွပြီး အဘိုးကြီးကို သေတဲ့အထိ ရိုက်ပါတယ်။ သခင်ကြီးမရှိရင် မစ္စတာပါရီက လာနေကျပါ"

ရှော့စ် မော်ဂင်ကို စောင့်ကြည့်နေ၏။ ဆက်ပြီး စိတ်ထိန်းထားနိုင်ဟန်မတူတော့။ ကာဘိုင်ကို မောင်းတင်ပြီး ဘက်စီကိုပစ်ထည့်လိုက်သည်။ သို့သော် လနံ့စ်က ပြောင်းကိုဖမ်းဆုပ်ပြီး အောက်နှိမ့်လိုက်သည်။ ဘက်စီ့ခြေထောက်နားက မြေကြီးတွေ ဖွာခနဲဖြစ်သွားသည်။

"မြန်မြန်လုပ်ကြစမ်းပါ၊ မဟုတ်ကဟုတ်က လံကြုပ်ဇာတ်လမ်းခင်းတဲ့ ဒီအမည်းမကို မြန်မြန်သတ်ကြလေ"

မော်ဂင်က ဒေါသတကြီး အော်သည်။

"လူကြီးမင်းများ ဆက်လုပ်ကြပါ။ ကျွန်မ ပြောစရာရှိတာ ပြောပြီးပါပြီ"

လည်ပင်းမှကြိုးများ တောင့်ခနဲ တင်းသွားပြီး သူတို့နှစ်ယောက်၏ခန္ဓာကိုယ် လေထဲတွင် မြောက်တက်သွားသည်။ လရောင်ရေးရေးတွင် ခြေထောက်တွေ ယက်ကန် ယက်ကန်နှင့် မည်းမည်း အရာဝတ္ထုနှစ်ခုကို ရှော့စ် ငေးကြည့်နေ၏။ ခဏငယ်အတွင်း သူတို့ငြိမ်သက်သွားကြသည်။

မျက်လုံးပေါင်းများစွာသည် သူတို့ထံမှ လနံ့စ်ဘရစ်တာနီဆီသို့ ရှောက်

သွားကြသည်။ တစ်ချိန်လုံး လှုရှိသေ ရှင်ရှိသေ နေခဲ့သည့် လန့်စ်ဘရစ်တာနီ၊ သတ္တိနှင့် ခွန်အားရှင် ဘရစ်တာနီ။ သည်လိုလူတစ်ယောက် အရှက်တကွဲ အကျိုးနည်း ဖြစ်ရသည့်မြင်ကွင်းကို သူတို့ အသက်မရှူဘဲ ကြည့်နေကြခြင်း ဖြစ်၏။

အတန်ကြာမှ လန့်စ် ရင်ကော့လိုက်သည်။ ခေါင်းကို မတ်မတ်ထားပြီး အသင့်အနေအထားသို့ ပြင်ရပါသည်။

အချိန်ရောက်လာပြီ။ ဒါပဲ။ ဒီအချိန်ပဲဟု ရှော့စ် တူးတူးခါးခါး တွေးလိုက်၏။ မနက်ဖြန်တွင် မကြားဝံ့ မနာသာကိစ္စဖြင့် သေရတော့မည်။ ရှော့စ်ပါရီ၏ ရွှံ့ရှာစကက်ဆုပ်စရာသတင်းသည် နက်ချက်သမိုင်းတွင် တင်ကျန်ရစ်တော့မည်။

အလွန်ရင်းနှီးခင်မင်သည့် လူတစ်ယောက်နှင့် သေနတ်ချင်း ယှဉ်ပစ်ရတော့မည်။ သူက မိမိ၏ကျေးဇူးရှင်၊ မိမိအပေါ်တွင် အတိုင်းအဆမရှိ ကောင်းခဲ့သူ။ ထိုသူကိုမှရွေးပြီး ပြစ်မှားမိခြင်း။

တရားမျှတမှုကို ဘယ်လိုရှာမလဲ။ သူ့ကိုချော်ပစ်လိုက်ပြီး သူ့ကျည်ဆန်ကို စောင့်နေရင်ကော။ ဒါဆို သူလက်ခံပါ့မလား။ ထိုအခိုက်တွင် အဆုတ်ထဲ၌ လေလုံးဝမရှိတော့သလို ဖြစ်သွားသည်။

လန့်စ် မားမားမားမားနှင့် သူ့ဆီသို့လာနေပြီ။ ရှော့စ် မျက်စိတွေ ပြာဝေသွားသည်။ ဘုရား၊ ဘုရား… မှားကုန်ပြီဟု စိတ်ထဲက တင်းတင်းကျပ်ကျပ် ခံစားလိုက်ရ၏။ လန့်စ်က သူ့ကိုဖြတ်ကျော်ပြီး တွမ်ဆီသို့ ဆက်လျှောက်သွားနေပြီကော။ တွမ်၏မျက်နှာကိုဖြတ်ပြီး လက်ပြန်ရိုက်ချလိုက်သည်။

တွမ်က ကိုယ်ကိုပြန်မတ်ပြီး ရင်ကိုချီလိုက်သည်။ လေးနက်အောင်မြင်သော အသံဖြင့်…

"ယောဒီလူကြီးမင်းများနဲ့ ဘုရားသခင်ရဲ့ရှေ့မှာ ကျုပ် အပြစ်မရှိကြောင်း ကြေညာတယ်။ ဒါပေမဲ့ ခင်ဗျားကို ကျွန်တော်ရင်ဆိုင်မှာပါ မစ္စတာဘရစ်တာနီ၊ ကြိုက်တဲ့အချိန်၊ ကြိုက်တဲ့နေရာကို ချိန်းလိုက်ပါ"

"ပင်လယ်ကမ်းစပ်ကို ကျုပ်ရွေးတယ်၊ လက်နက်ကို မောင်ရင် ကြိုက်ရာ ရွေး"

"ပစ္စတို"

သူတို့နှစ်ယောက်ရှိရာသို့ ရှော့စ် ချက်ချင်းရောက်သွားသည်။

"ဒီမယ် လန့်စ်၊ ခင်ဗျား ပါရီချင်းမှားနေပြီ၊ အပြစ်ကျူးလွန်တဲ့ပါရီက



ကျွန်တော်ဗျ၊ ရှော့စ်ပါရီ"

လန့်စ်က ပင်ပန်းနွမ်းနယ်သည့် မျက်လုံးများဖြင့် ရှော့စ်ကို ကြည့်သည်။

"မောင်ရင်က ထုံးစံအတိုင်း သူရဲကောင်းဆန်ပြန်ပြီ။ အေးလေ အစ်ကို ထိတော့ ဝင်ကာချင်မှာပေါ့"

"ကျွန်တော် တကယ်ပြောနေတာ လန့်စ်။ သူ မဟုတ်ဘူး ကျွန်တော်။ တွမ်ပါရီမဟုတ်ဘူး၊ ရှော့စ်ပါရီဗျ"

"သွားစမ်းပါ ရှော့စ်ရယ်၊ မောင်ရင်နဲ့ မော်ဂင်ရဲ့ဆက်ဆံရေးကို ကိုယ် နားလည်ပါတယ်။ မောင်ရင်နဲ့လည်း ကိုယ် ဘယ်တော့မှ ယှဉ်မသတ်ပါဘူး။ ကိုယ်လိုချင်တဲ့လူကို ရထားပါပြီ"

"ဘက်စီက ပါရီလို့ပဲ ပြောတာဗျ၊ ဘယ်ပါရီလို့မှ မပြောတာ"

"ပြောဖို့ လိုသေးလား ရှော့စ်"

ရှော့စ် ဒေါပွလာပြီး

"မရဘူး၊ ခင်ဗျား ကျုပ်နဲ့ရင်ဆိုင်ရမယ်၊ ခင်ဗျား ကျွန်တော့်အစ်ကိုကို သတ်ရင် ခင်ဗျားကို ကျွန်တော်ပြန်စိန်ခေါ်မယ်၊ ကျုပ်အမှန်အတိုင်း ပြောနေတယ်ဆိုတာ ခင်ဗျားကြီး မမြင်ဘူးလား"

"မမြင်ဘူး ရှော့စ်၊ မောင်ရင် ကျုပ်ကိုစိန်ခေါ်ရင်လည်း ငြင်းမှာပဲ"

ဝိုင်းကြည့်နေသည့် လူများဘက်သို့ သူက အောင်နိုင်သူ တစ်ယောက်လို လှည့်လိုက်သည်။

"ခုလို လာရောက် ကူညီကြတဲ့အတွက် လူကြီးမင်းများကို ကျေးဇူးတင်ပါတယ်။ စိတ်မချမ်းသာစရာ အဖြစ်တွေနဲ့ကြုံရတဲ့အတွက်တော့ ကျုပ် တောင်းပန်ပါတယ်။ ဒီတစ်ပွဲပြီးရင် တောင်ထွတ်မြို့သာအတွက် ဘယ်သူမှ စိတ်အနှောင့်အယှက် မဖြစ်စေရပါဘူး။ ခုတော့ တောင်ထွတ်မြို့သာဟာ ဂုဏ်သရေညှိုးငယ်ခဲ့ပါပြီ။ အဲဒီအတွက် လူကြီးမင်းများကိုရော လူကြီးမင်းတို့ရဲ့ အိမ်သူများကိုပါ ကျုပ် တောင်းပန်ပါတယ်။ မင်္ဂလာညပါ"

တချို့တစ်ဝက်ပဲ သူ့ကို တုံ့ပြန်နှုတ်ဆက်ကြသည်။ မျက်နှာကို ဓားဖြင့် လှီးပစ်ချင်စရာ ကောင်းလောက်အောင် ရှက်ဖွယ်လိလိအဖြစ်ကို အားလုံး မျှဝေခံစားနေကြသည့်နှယ်။ နက်ချက်လူကုံထံ အသိုက်အဝန်းတွင် ကြီးစွာသောဂယက်ကြီးတစ်ခု ထပေတော့မည်။

ဟင်နရီမွန်းကလစ်က မျက်နှာပျက်ပျက်နှင့် ရှေ့တိုးလာပြီး

"မော်ဂင်ကို သက်သက်ညှာညှာလုပ်ပါ လန့်စ်"

လန့်စ်က မီးကျီးခဲလို နီရဲနေသည့် မျက်လုံးများဖြင့် သူ့ကိုစိုက်ကြည့်ပြီး–

“သက်သက်ညာညာ ဟုတ်လား။ ကျုပ်လက်တွေမှာ အားအင် လုံးဝ ကုန်ခန်းသွားရင်တော့ သူ မနက်ဖြန်အထိ အသက်ရှင်နေမှာပေါ့။ ကဲ… ကျုပ်ကို ခွင့်ပြုကြပါတော့”

မော်ဂင်က ရှော့စ်ကို လှမ်းကြည့်သည်။ မျက်လုံးများက ဆောက်တည်ရာမရ၊ လှုပ်ရှားလျက်။ မျက်နှာမှာ သွေးမရှိတော့။

“ရှော့စ် သူ့ကို မတားတော့ဘူးလား ဟင်၊ ပြောပါဦး ရှော့စ်ရယ်”

အမျိုးသမီးကို ရှော့စ် စားတော့ဝါးတော့မတတ် စိမ်းစိမ်းကြည့်သည်။

“သူ့လက်မောင်းလက်ဖျံတွေ၊ သူ့လက်ချောင်းတွေထဲကို ခွန်အားအပြည့် ထည့်ပေးပါလို့ ဘုရားသခင်ထံ ကိုယ် ဒီည ဆုပန်မယ် မော်ဂင်”

*

မြစ်ရေပြင်သည် သဲသောင်စပ်ကို ပွတ်တိုက်ကာ ငြိမ့်ငြိမ့်ညင်ညင်ကလေး စီးဆင်းနေသည်။ မြို့ဘက်ကိုပြန်ကြည့်လိုက်၏။ နက်ချက်သည် နံနက်ခင်းနေခြည်တွင် ရွှေရောင်တောက်နေ၏။ သို့သော် နေဝန်းက မြို့ကိုမကျော်သေး၍ သောင်စပ်တွင် နေရောင်မထင်သေးပေ။ နံနက်ခင်း၏ မြူနှင်းတို့ဖြင့် မှိုင်းပြာမှုန်ရီလျက်။

ဒေါက်တာဗင်ဘိုးက သဲပြင်ပေါ်တွင် ဒူးထောက်ပြီး သူ့ဆေးအိတ်ထဲမှ ကိရိယာများကို စစ်ဆေးနေသည်။ မလှမ်းမကမ်းမှ ချားလ်ဒယ်ဂရင်၏ နံဘေးတွင် လန့်စ်ဘရစ်တာနီသည် တည်ငြိမ်စွာရပ်လျက်ရှိသည်။ ချားလ်ဒယ်ဂရင်က သူ့လက်ထောက်အဖြစ် တာဝန်ယူရမည်ဖြစ်၏။

ဟိုအဝေး ကမ်းနဖူးတွင် ပရိသတ်မှာညွတ်နေ၏။ အချို့က မုန်ပြောင်းရှည်ကြီးများလွယ်လျက်။ လူသတ်ပွဲကို စိတ်ဝင်တစား လာကြည့်ကြခြင်းဖြစ်၏။

ဒိုင်လူကြီးလုပ်သူက ယှဉ်ပစ်ကြမည့်လူနှစ်ယောက်ကို လက်ယပ်ခေါ်လိုက်သည်။ စည်းကမ်းချက်တွေကို ပြောပြနေ၏။ ရှော့စ်၏နားတွင် မကြားတစ်ချက် ကြားတစ်ချက်။

“ခြေလှမ်းသုံးဆယ်အကွာမှာ ရပ်နေရမယ်။ တစ်၊ နှစ်၊ သုံး ရေမယ်။ သုံးရောက်မှပစ်ရမယ်။ သုံးမရောက်ခင် ပစ်တဲ့လူကို သက်ဆိုင်ရာလက်ထောက်က ပစ်ပိုင်ခွင့်ရှိတယ်။ ခုချိန်ထိ တစ်ဖက်ဖက်ကတောင်းပန်ရင်၊ ဒါမှမဟုတ် နှစ်ဦး



နှစ်ဖက် ကျေနပ်ရင် ပွဲကိုဖျက်သိမ်းနိုင်သေးတယ်။ တစ်ချက်စီပဲပစ်ခွင့်ရှိတယ်။ နှစ်ယောက်စလုံး ဒဏ်ရာမရရင်လည်း ပွဲပြီးတယ်လို့ ယူဆရမယ် … ကဲ … လက်ဆွဲနှုတ်ဆက်ကြပါ။ သင်တို့ဝိညာဉ်ကို ဘုရားသခင် စောင့်ရှောက်ပါစေ”

အိပ်မပျော်သဖြင့် ရှော့စ်၏မျက်လုံးတွေ နီရဲကျိန်းစပ်နေ၏။ တစ်ညလုံး တွမ်နှင့် အချေအတင် ငြင်းခုံနေကြသည်။ အလျှော့ပေးလိုက်ဖို့၊ တောင်းပန်လိုက်ဖို့ ရှော့စ်က အမျိုးမျိုး ဖျောင်းဖျသည်။

ဂျယ်နီနဲ့ ကလေးတွေရဲ့မျက်နှာကို ပြန်ကြည့်သင့်ကြောင်းဖြင့် ရှော့စ် အမျိုးမျိုးနားချသည်။ ကိုယ်ကိုယ်တိုင် မကျူးလွန်ရတဲ့အပြစ်အတွက် မခံသင့်ကြောင်း။

“အပြစ်ကတော့ မကျူးလွန်ဘူးဆိုလည်း ဟုတ်တယ်၊ ကျူးလွန်တယ် ပြောလို့လည်းရတယ်။ ဒါပေမဲ့ လူပုံအလယ်မှာ ငါ့ပါးကိုရိုက်တာတော့ ဘယ်ခံနိုင်မလဲ ရှော့စ်။ တစ်သက်လုံး သူ့ရဲဘောကြောင်တဲ့ လူကြောက်အဖြစ် ငါ အသက်ရှင်သွားရမှာလား”

အဓိပ္ပာယ်မရှိ ခေါင်းမာမှုကို ရှော့စ် စိတ်ပျက်လက်ပျက်နှင့် ကြည့်နေရသည်။ ဘာမျှမတတ်နိုင်တော့။ သူ မကျူးလွန်ရသည့် ပြစ်မှုအတွက် အသေခံမည်တဲ့။

တောင်ပိုင်းထုံးစံအရ မိမိအနေဖြင့် လန့်စ်ကို လက်စားချေရမည်။ သို့သော် စဉ်းစားစရာတွေရှိလာပြန်၏။ စင်စစ် လန့်စ်က အပြစ်ရှိသူမဟုတ်။ အပြစ်ရှိသူက မော်ဂင်။

တွမ် သေပြီဆိုပါစို့။ တကယ် တွမ့်ကို သေစေသူက ဘယ်သူလဲ။ သေနတ်မောင်းကို ဖြုတ်သူလား။ ဖြုတ်စေသူလား။ သို့မှမဟုတ် တွမ်သေရခြင်းသည် ညီလုပ်သူ ရှော့စ်ပါရီကြောင့်လား။

နှစ်ယောက်သား အသင့်အနေအထားဖြင့် မျက်နှာချင်းဆိုင် ရပ်နေကြပြီ။ တစ်ယောက်နှင့်တစ်ယောက် ခြေလှမ်းသုံးဆယ်အကွာ။

ဒိုင်လူကြီး၏အသံ ဟိန်းထွက်လာသည်။

“တစ်”

ရှော့စ်၏လက်သည် ခါးမှပစ္စတိုဆီသို့ ရောက်သွားသည်။ တင်းတင်းဆုပ်လိုက်၏။ လက်ထောက်တစ်ယောက်အနေဖြင့် တစ်ဖက်မှ စည်းကမ်းဖောက်မှသာ သူ ပစ်ခွင့်ရှိမည်။ ခုနေဖြတ်ပြီး လန့်စ်ကိုပစ်လိုက်လျှင် လူသတ်မှုဖြင့် ကြိုးပေးခံရမည်မုချ။ တွမ် အသက်ချမ်းသာရရင်ပြီးတာပဲ။ ပစ်ပါလား…

"နှစ်"

သို့သော် တစ်ဖက်ကလန့်စ်မှာ မိမိ၏မိတ်ဆွေစစ်၊ မိတ်ဆွေမှန်၊ ကျေးဇူးရှင်။ ပြီးတော့ မိမိကသာ သူ့အပေါ်ဆိုးသွမ်းခဲ့ပြီး လန့်စ်သည် မိမိအပေါ် စိုးစဉ်းမျှ မှားယွင်းခဲ့ဖူးသူမဟုတ်။ သည်တော့ ဘယ်လိုလုပ်ပြီး...

"သုံး"

သေနတ်သံနှစ်ချက်ကို တစ်ချက်တည်းကြားလိုက်ရ၏။ လန့်စ် တစ်ဖက်သို့ လွင့်ထွက်သွားသည်။ ဘယ်ဘက်ပခုံးတွင် သွေးတွေ ရဲခနဲ ထွက်လာသည်။

တွမ်က ငြိမ်ပြီး တွေတွေကြီးရပ်နေ၏။ အစ်ကိုလုပ်သူဆီသို့ ရှော့စ် ပြေးချသွားသည်။ သို့သော် သူအနားသို့မရောက်မီ တွမ်၏ဒူးတွေ ညွတ်ကျလာပြီး သဲထဲသို့ မှောက်လျက်လဲကျသွားတော့၏။

ရှော့စ်က တွမ်၏နံဘေးတွင် ပစ်ထိုင်ပြီး ဦးခေါင်းကို ပေါင်ပေါ်ပွေ့တင်သည်။ တစ်စုံတစ်ခုပြောဖို့ တွမ် ပါးစပ်ဟသည်။ သို့သော် ဘာသံမျှထွက်မလာဘဲ သွေးတွေ ပွက်ခနဲအန်ထွက်လာသည်။ အဆုတ်ကို ကျည်ဆန်ဖောက်ထွင်းသွားပြီ။

တဟွပ်ဟွပ် ချောင်းဆိုးသည်။ ချောင်းဆိုးတိုင်း သွေးတွေ ဒလဟော ထွက်ကျနေသည်။ ခန့်ချော ချောသည့် တွမ်၏မျက်နှာကြီးမှာ ချက်ချင်းပြာနှမ်းသွားတော့၏။ တော်တော်နှင့် အသက်မထွက်နိုင်ဘဲ ရှိနေသည်။ ကိုယ်ခံအား အလွန်တောင့်တင်းသည့် တွမ်။

တွမ်၏ဦးခေါင်းကို သဲထဲသို့ အသာပွေ့ချသည်။ ရှော့စ် မတ်တတ်ထရပ်လိုက်၏။ သူ့တစ်ကိုယ်လုံး အစ်ကိုလုပ်သူ၏ သွေးများဖြင့် ချင်းချင်းနီနေပြီ။

ငါ့ဝိညာဉ်ပါ သွေးစွန်းလေပြီ။ ဘာနဲ့ဖျက်လို့မှ ရမည်မဟုတ်တော့ဟု တွေးရင်း လန့်စ်ဘရစ်တာနီရှိရာသို့ တအားပြေးသွားသည်။

ချားလ်ဒယ်ဂရင်နှင့် ဒေါက်တာဗင်ဘိုးတို့ နှစ်ယောက်က သူ့ကိုဆီးဖမ်းပြီး ချုပ်ထားလိုက်သည်။ ရှော့စ်တစ်ယောက် ဘာမျှမမြင်နိုင်လောက်အောင် ဒေါသကြီးလျက်ရှိ၏။ ထိန်းမရသည့်အဆုံး ချားလ်က သေနတ်ဒင်နှင့် သူ့ခေါင်းကို ခပ်ဆတ်ဆတ်ကလေး ရိုက်လိုက်ရတော့သည်။

လန့်စ်က သတိလစ်နေသော ရှော့စ်ကို ငုံ့ကြည့်ပြီး

"အင်း... စိတ်မကောင်းစရာပဲ၊ သူဟာ ကျုပ်ရဲ့မိတ်ဆွေကောင်းတစ်ယောက်ဗျ၊ ခုတော့ သူ့ကို ကျုပ် ဆုံးရပြီထင်ပါရဲ့"ဟု ညည်းညည်းညူညူ



ပြောလိုက်သည်။

ရှော့စ်ကိုကျော်ပြီး တွမ်ဆီသို့ လန့်စ် လှမ်းကြည့်သည်။ တွမ်၏ခန္ဓာကိုယ်ကြီးမှာ သဲထဲတွင် ခြေပစ်လက်ပစ်။

"ကဲ... သွားစို့"

လန့်စ်က ပြန်ဖို့ပြောလိုက်သည်။

သတိပြန်ရလာတော့ ရှော့စ် ပုဏ္ဏမီရိပ်သာသို့ ပြန်ရောက်နေပြီ။ အိပ်ရာပေါ်တွင် တစ်စုံတစ်ယောက်က မျက်နှာကို ရေဖတ်တိုက်ပေးနေမှန်း သိလိုက်၏။ မျက်လုံးဖွင့်ကြည့်လိုက်သည်။ ညီမငယ် အဲနစ်။ အဲနစ်ကလေးက တရှုပ်ရှုပ်ငိုရင်း ရေဖတ်တိုက်ပေးနေခြင်းဖြစ်၏။

ခပ်တိုးတိုးမေးလိုက်သည်။

"ဂျယ်နီကော"

"အပေါ်ထပ်မှာ အစ်ကိုလေး"

"သူ ဘယ်လိုနေလဲ အဲနစ်"

"တင်းခံနေတယ်၊ မငိုဘူး။ အဖြစ်ဆိုးလှချည်လား အစ်ကိုလေးရယ်။ ဂျယ်နီ ဘယ်လိုလုပ်ပြီး ငိုနိုင်မှာလဲ"

ရှော့စ် ထထိုင်ဖို့ လှုပ်ရှားလိုက်သည်။ အခန်းတစ်ခုလုံး 'ယိမ်းထိုး လှုပ်ရှားသွား၏။ ခေါင်းကို တူအလက်ပေါင်းများစွာနှင့် ဝိုင်းထုနေသလို ခံစားရ၏။ ပေတေပြီး မတ်မတ်ထိုင်လိုက်သည်။ ထိုစဉ် ဂျယ်နီ ဝင်လာ၏။ ရှော့စ်၏ ရင်ဘတ်ကို တွန်းပြီး ပြန်အိပ်ခိုင်းသည်။

"တော်လောက်ပြီ ရှော့စ်၊ လူသတ်ပွဲတွေ ရပ်ကြပါတော့"

"ဘယ်လိုလုပ်ပြီး ရပ်လို့ဖြစ်..."

ရှော့စ် စကားမဆုံးမီ ဂျယ်နီ ဖြတ်ပြောသည်။ အသံက တိုးတိုးကလေး။

"ဒီကိစ္စအတွက် သေသင့်တဲ့လူက မော်ဂင်ပဲ ရှော့စ်။ ဒါပေမဲ့ ဘယ်သူမှ သတ်ဖို့မလိုဘူး။ ဘုရားသခင်က ဒဏ်ခတ်လိမ့်မယ်"

ဂျယ်နီက ပြတင်းဆီသို့ ငေးရင်း ဆက်ပြောသည်။

"ကြောက်စရာကောင်းတဲ့ ဘေးဆိုးနဲ့ ဒီမိန်းမ သေရမယ်။ တမြည့်မြည့်နဲ့ သေရမယ်။ ဒါပေမဲ့ လန့်စ်ကို ရှော့စ် မသတ်ရဘူး။ ဂျယ်နီကို ကတိပေးပါ"

"ကောင်းပါပြီ ဂျယ်နီရယ်"

"ကဲ... နားတော့၊ ဒေါက်တာဗင်ဘိုးက ပြောတယ်၊ အရိုးနည်းနည်း အက်သွားတယ်တဲ့"

"အို... ဒါက အသေးအဖွဲပါ ဂျယ်နီရယ်"

"ဟုတ်ပါတယ်၊ ရော့စ် သတ္တိကောင်းမှန်း သိပါတယ်ကွယ်၊ ဂျယ်နီလဲ သေရမှာ မကြောက်ပါဘူး။ ဒါပေမယ့် နေရဦးမယ်။ ကလေးတွေက ရှိသေးတယ်လေ။ သူတို့အတွက် ရော့စ်လည်း အသက်ရှင်နေဖို့ လိုတယ်လေ။ သူတို့ဟာ ရော့စ်ရဲ့ သွေးသားအရင်းခေါက်ခေါက်ကလေးတွေလေ။ သူတို့မှာ အနာဂတ်ရှိသင့်တယ် ရော့စ်"

"မင်းပြောတာ ဟုတ်ပါတယ် ဂျယ်နီ"

ရော့စ် တိုးတိုးကလေး ပြန်ပြောလိုက်သည်။ သူ့မျက်နှာကို မော်ကြည့်လိုက်၏။ မျက်လုံးများတွင် အရောင်အဆင်း လုံးဝမရှိတော့။ မျက်နှာက ဖယောင်းရုပ်မျက်နှာ။ ဖြည်းဖြည်းချင်းထပြီး အခန်းထဲမှ ထွက်သွားသည်။

"အဲနစ်... ဂျယ်နီနောက်ကို လိုက်သွား၊ သူ့ကို တစ်ယောက်တည်း မနေစေနဲ့။ အစ်ကိုလေးဘာမှမဖြစ်တော့ဘူး။ ကောင်းသွားပြီ"

အဲနစ် ထွက်သွားတော့ အိပ်ရာထဲ ပြန်လှဲပြီး စဉ်းစားသည်။ ခေါင်းက မခံနိုင်အောင် ကိုက်နေဆဲ။ ပေါ့ပါးသော အိပ်ပျော်ခြင်းမျိုးမဟုတ်ဘဲ လေးလံကိုက်ခဲစွာ အိပ်ပျော်သွားသည်။ နိုးလာတော့ သန်းခေါင်ကျော်ပြီ။

အိပ်ရာထဲတွင် ထထိုင်သည်။ မျက်နှာကြက်မှာ ငြိမ်သက်နေ၏။ ယိမ်းထိုးလှုပ်ရှားမနေတော့။ ထရပ်ကြည့်သည်။ ကောင်းကောင်းရပ်နိုင်သည်။ ကပျာကရာ အဝတ်လဲပြီး အောက်ထပ်သို့ဆင်းခဲ့သည်။ နန်စီကို ကုန်းနှီးဆင်သည်။ ပြီးတော့ တောင်ထွတ်မြိုင်သာဆီသို့ ဦးတည်ထွက်ခဲ့၏။

ဂျယ်နီပြောတာ မှန်သည်။ သေသင့်သူက မော်ဂင်။ သည်ထက်ပိုပြီး သည်မိန်းမ အသက်ရှင်မနေသင့်တော့။ လန့်စ်က သေသင့်သူမဟုတ်။ လန့်စ်သည် အခြေအနေ၏ သားကောင်သာဖြစ်သည်။ အခြေအနေကို ဖန်တီးသူက မော်ဂင်။ ယင်းအခြေအနေများကို မော်ဂင် ဖန်တီးနိုင်အောင် ပံ့ပိုးခဲ့သူက မိမိကိုယ်တိုင်။ မိမိတစ်ယောက်တည်း ကွက်၍ အပြစ်ကင်းလွတ်နေခြင်းငှာ မသင့်။ တစ်နည်းနည်းဖြင့် အပြစ်ကို ခံယူရမည်သာ။

ဒီညအဖို့ လန့်စ် အိမ်ပြန်လိမ့်မည်မဟုတ်။ စိတ်ပြေလက်ပျောက် မြို့ထဲ တစ်နေရာရာတွင် ဝီစကီ သောက်နေလိမ့်မည်။ အိမ်တွင် မိမိနှင့် မော်ဂင် နှစ်ယောက်တည်း။ ဒါဆို လုံလောက်ပြီ။

တောင်ထွတ်မြိုင်သာသို့ အဝင်တွင် ဂိတ်ဝတံခါးအပေါ်ဆုံးတန်း ကျိုးထွက်နေသည်ကို တွေ့ရ၏။ ပြန်မပြင်ရသေး။ ထူးဆန်းသည်ဟု စိတ်ထဲ ထင်လိုက်၏။



လန့်စ်သည် အိမ်ကို ဘယ်တော့မှ ပစ်စလက်ခတ်ထားတတ်သူ မဟုတ်။

နန်စီကိုချည်တိုင်တွင်ချည်ထားခဲ့ပြီး အိမ်မကြီးဆီသို့ တက်ခဲ့သည်။ ခါတိုင်းလို ကြိုဆိုသည့် အစေခံတစ်ယောက်တလေမျှ မတွေ့ရ။ အသံဗလံအားလုံး တိတ်ဆိတ်နေသည်။ အပေါ်ထပ်ရှိ မော်ဂင် အခန်းသို့ တန်းတန်းမတ်မတ်လာခဲ့သည်။ တံခါးဝအရောက်တွင် အခန်းထဲမှ မော်ဂင် ကျိတ်ငိုနေသံကို ကြားရ၏။ တံခါးကို အသာတွန်းဖွင့်လိုက်သည်။ တစ်ခါမျှ မမြင်ဖူးသည့် မော်ဂင်၏မျက်လုံးများနှင့် ရင်ဆိုင်ရ၏။ တိရစ္ဆာန်တစ်ကောင်၏ မျက်လုံးများ။ သည်းမဲ့စွာ ရူးရူးရဲရဲ ကြည့်နေသည့် မျက်လုံးများ။ လက်တစ်ဖက်ဖြင့် ဆံပင်တွေကို စုကိုင်ပြီး ပါးစပ်ထဲထည့် ဝါးနေသည်။ နေပုံက အိပ်ရာပေါ်တွင် အစန့်သား။

ရော့စ် အနားတိုးသွားသည်။ ကျောပြင်မှ အင်္ကျီမှာ တစ်စစီစုတ်ကာ ဖွာဆန်ကြဲနေသည်။ ကျောပေါ်တွင် ကျာပွတ်ရာတွေ ဖူးရောင်လျက်။ သို့သော် ဘာမျှမပြော။ ဆံပင်တွေကို ဆက်ဝါးမြဲ ဝါးနေ၏။ ငိုညည်းသံကလေး အနည်းငယ်ပြုလျက်။ ရော့စ် အသာနောက်ဆုတ်ခဲ့သည်။ တံခါးမှရပ်ပြီး ကြည့်ရင်း ဂျယ်နီပြောသည်ကို သွားသတိရ၏။

"ဘုရားသခင်က ဒဏ်ခတ်လိမ့်မည်" တဲ့။ အံ့သြစရာပဲ။ ဘုရားသခင်က ကိစ္စမြားမြောင် လူတို့ဘောင်မှ လူသားတို့၏ ပြဿနာကို ဒီမျှ မြန်မြန်ဆန်ဆန် ကြည့်ရှုနိုင်ပါမည်လား။

အောက်ထပ်သို့ ပြန်ဆင်းလာခဲ့၏။ စိတ်ထဲပိုပေါ့ပါးသွားသလို ခံစားရသည်။ မိမိအနေဖြင့် လုပ်စရာရှိသည်ကို လုပ်ရမည်ဆိုလျှင် ဒေါသဖြင့် လုပ်နိုင်မည်မဟုတ်။ မုန်းတီးခြင်း၊ လက်စားချေခြင်းဖြင့်လည်း လုပ်နိုင်မည်မဟုတ်။ စိတ်ဆင်းရဲခြင်းကြီးစွာဖြင့် လုပ်ရမည်ဖြစ်သည်။ ယခုတော့ ဘာမှလုပ်စရာ မလိုတော့။

*

နောက်သုံးရက်လုံးလုံး ဘာကိုမှ သတိမရဘဲ မေ့မေ့ပျောက်ပျောက် နေနိုင်အောင် ကြိုးစားသည်။ ပုဏ္ဏမီရိပ်သာသည် ချောက်ချားဖွယ် တိတ်ဆိတ်ငြိမ်သက်နေသည်။ အထီးကျန်နိုင်လွန်းလှသည်။ အသုဘကိစ္စကို အသံတိတ်ဆောင်ရွက်ကြသည်။ ပုဏ္ဏမီရိပ်သာ၏ သုသာန်မြေတွင် ပထမဦးဆုံး ဂူသွင်းသည့် တွမ်ပါရီ၏အသုဘသည် တိတ်ဆိတ်ငြိမ်သက်စွာ ပြီးဆုံးသွားသည်။

ဒေးဗစ်မာတင်နှင့် ရော့စ်က ဂျယ်နီကိုတွဲပြီး အိမ်မကြီးဆီသို့ ပြန်လာခဲ့ကြသည်။ တူရူမှ လူမည်းတစ်ယောက် မြင်းတစ်စီးဖြင့် ကဆုန်စိုင်းလာနေသည်ကို တွေ့ရ၏။ မြင်းပေါ်မှလူကို မသဲကွဲ။ သို့သော် စီးလာသည့်မြင်းကိုကား ရော့စ် ချက်ချင်းမှတ်မိလိုက်၏။

မော်ဂင်၏ စနေမ။

အနားသို့အရောက်တွင် မြင်းပေါ်မှ ကပ္ပလီက လွှားခနဲခုန်ဆင်းပြီး စုတ်ပြဲနေသည့် ဦးထုပ်ကိုချွတ်ကာ တုန်တုန်ယင်ယင်ဖြင့် ပြောသည်။

"ဆရာ့ကို မမလေး ခေါ်ခိုင်းလိုက်လို့ပါဗျ။ တောင်ထွတ်မြိုင်သာမှာ ပြဿနာ..."

အားလုံး ငြိမ်သွားကြသည်။ တစ်ချိန်လုံး မရပ်မနား ငိုနေသည့် ဂျယ်နီပင် အငိုတိတ်သွားသည်။

"ဘာပြဿနာလဲ၊ ဘာကိစ္စလဲ"

"သခင်ကြီး မစ္စတာလန့်စ်ရယ်ခင်ဗျ၊ ခြံတံခါးကို ခုန်ကျော်တာ မင်းသားကြီးက မခုန်နိုင်ဘဲ ကျွန်တော်တော့ သခင်ကြီး သေပြီထင်တာပဲ"

ဂျယ်နီက ရော့စ်၏လက်ကို ဖမ်းဆုပ်လိုက်သည်။

"သူ. . .သူပဲဖြစ်ရမယ်၊ သူသတ်တာ ရော့စ်၊ ဟုတ်တယ်၊ သူ့ယောကျ်ားကိုလည်း သတ်ပြန်ပြီ"

"မဟုတ်ပါဘူး ဂျယ်နီ၊ လန့်စ်က အဲဒီတံခါးကို ခုန်နေကျပါ။ တံခါးက အမြင့်ကြီးရယ်၊ ခြေချော်လက်ချော် ဖြစ်သွားတာထင်ပါရဲ့၊ ကောင်းပြီ မင်းသခင်ကို ပြောလိုက်၊ ငါလာခဲ့မယ်လို့"

နန့်စီကို အသော့ မနှင်ခိုင်းတော့။ ဖြည်းဖြည်းမှန်မှန် စီးသွားသည်။ အကြောင်းမထူးတော့ပြီ။ စောရောက်ရောက်၊ နောက်ကျရောက်ရောက်၊ လန့်စ်ဘရစ်တာနီကို ကယ်နိုင်ဖို့လမ်းမမြင်တော့ လန့်စ်တစ်ယောက် တမင်တကာများ ကိုယ့်ကိုယ် ကိုယ်လုပ်ကြံလေသလားဟု ရော့စ် တွေးကြည့်မိလိုက်သည်။ သို့သော် ဖြစ်နိုင်စရာအကြောင်းမရှိပေ။ လန့်စ်သည် ဘယ်အရာကိုမှ အရှုံး ပေးတတ်သူမဟုတ်။ ကျိုးပဲ့နေသည့် အပေါ်တန်းများကို မသိမသာ စောင်းငဲ့ကြည့်ပြီး၊ အိမ်ဝင်းထဲသို့ စီးဝင်ခဲ့သည်။

ခြံထဲတွင် လူမည်းတစ်သိုက် ခြေထောက်ကျိုးနေသည့် မင်းသားကြီးကို မြင်းဇောင်းဆီသို့ ဆွဲခေါ်နေကြသည်။ လှေကားထစ်များကို ခပ်သွက်သွက်နင်းပြီး ခန်းမဆောင်ထဲသို့ဝင်လိုက်သည်။ ထမင်းစားခန်းမ၏ တံခါးများကို ပွင့်လျက်သား



တွေ့ရ၏။ မော်ဂင်က ခန်းမအလယ်တွင်ရပ်ပြီး စားပွဲတစ်လုံးပေါ်မှ စောင်နှင့် ဖုံးထားသည့် အရာဝတ္ထုတစ်ခု၏ နံဘေးမှာရပ်နေသည်။ သေသေသပ်သပ် ဝတ်စားထားသည်။ ဆံပင်ကိုလည်း ဖြီးသင်ထား၏။ မျက်လုံးများကမူ အေးစက်မာကျောစွာ တည်ငြိမ်လျက်၊ ကြေကွဲခမ်းနည်းမှုကိုကား လုံးဝရှာမရ။ ရော့စ်က စားပွဲဆီသို့လျှောက်လာပြီး၊ လန့်စ်ဘရစ်တာနီ၏အလောင်းကို ဖွင့်ကြည့်သည်။

လန့်စ်သည် ငြိမ်းချမ်းစွာ အိပ်ပျော်နေဘိသို့ ရှိ၏။ မျက်နှာတွင် လုံးဝ ဒဏ်ရာမရသည်မှာ အံ့သြစရာပင်။ မော်ဂင့်ဘက်သို့ လှည့်ကြည့်လိုက်သည်။ သူ့အကြည့်တွင် စူးစမ်းခြင်းများ၊ စဉ်းစားခြင်းများ လွှမ်းနေသည်။ မော်ဂင့်မျက်လုံးများက လုံးဝ ငြိမ်သက်နေ၏။ မျက်နှာမှာ လေးနက်နေပြီး နှုတ်ခမ်းများကမူ ပြုံးရောင်သန်းလျက်။

"ကဲ... မော်ဂင် လွတ်လပ်သွားပြီလေ၊ မော်ဂင့်ကို လက်ထပ်မယ် မဟုတ်လားဟင်၊ တောင်ထွတ်မြိုင်သာမှာ နှစ်ယောက်အတူတူ နေမယ်လေ၊ ကမ္ဘာပေါ်မှာ အပျော်ဆုံးနှစ်ယောက် ဖြစ်တော့မှာပေါ့နော်"

ပြောပြောဆိုဆို ခြေဖျားထောက်ပြီး ရော့စ်၏ နှုတ်ခမ်းများကို နမ်းသည်။ ရော့စ်က လက်နှစ်ဖက်ဖြင့် ပခုံးဖမ်းဆုပ်ပြီး ဆောင့်တွန်းပစ်လိုက်သည်။ အလောင်းတင်ထားသည့် စားပွဲနှင့် ဒိုင်းခနဲဆောင့်မိသည်။ စားပွဲကိုကျောမှီပြီး လှောင်အိမ်ထဲတွင် အမိခံထားရသည့် တိရစ္ဆာန်တစ်ကောင်၏ မျက်လုံးများဖြင့် ရော့စ်ကို ကြည့်သည်။ သို့သော် တဒင်္ဂမျှသာ၊ ချက်ချင်းနူးညံ့ပျော့ပျောင်းသည့် အသွင်သို့ ပြောင်းသွားသည်။

"ရော့စ်၊ ဩော် . . .ရော့စ်ရယ်"

မော်ဂင် တိုးတိုးလေးရေရွတ်သည်။ ရော့စ်က သူ့ကိုစိုက်ကြည့်နေရင်း အသားတွေ တဆတ်ဆတ်တုန်လာသည်။ ဒီလိုစိတ်လှုပ်ရှားမှုမျိုးကို ကျူးဘားတုန်းက ခံစားခဲ့ဖူး၏။ အပေါင်းအသင်း ရောင်းရင်းရဲဘော်များကို စပိန်တွေက ရင်ခွဲပြီး ကားစင်တင်ထားစဉ်က ဖြစ်သည်။ စိတ်လိုက်မာန်ပါနှင့် ရင့်ရင့်သီးသီး အော်ဟစ်ဆဲဆိုဖို့ ပါးစပ်ဟလိုက်သည်။

သို့သော် နှုတ်မှ အသံတစ်စုံတစ်ရာ ထွက်မလာ။ သူ့ကိုကြည့်ပြီး ရော့စ် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ အလောင်းတင်ထားသည့်စားပွဲကို နောက်ပြန်အားပြုပြီး မတ်မတ်ရပ်သည်။ စိုစွတ်စွတ် နှုတ်ခမ်းများကို ခပ်ဟဟဖွင့်လျက်။ အသက်ရှူမြန်လာသည်။ ဖျားနာနေသည့်ကျားမတစ်ကောင်လို မျက်လုံးတွေက မှုမမှန်တော့။ မြင်ကွင်းက စက်ဆုပ်ရွံရှာဖွယ်၊ ကြောက်ရွံ့ထိတ်လန့်ဖွယ်အတိ။

ချာခနဲ လှည့်ထွက်လာခဲ့၏။ နန်စီရှိရာ ချည်တိုင်သို့တန်းသွားသည်။ လန့်စ်ဘရစ်တာနီကို သေစေသည့် မရဏတံခါးဝသို့ ထွက်လာခဲ့သည်။

ဘာကြောင့်မှန်းမသိ၊ ဘယ်လိုအရာက စေ့ဆော်လေမသိ။ တံခါးဝ ရောက်တော့ ရူးစမ်းချင်သလို လေ့လာချင်သလို ဖြစ်လာ၏။ ဝင်းတံခါး၏ အပေါ်ဆုံးတန်းသည် ဘယ်ဘက်နားတွင် ကျိုးပဲ့ထွက်သွားသည်။ မင်းသားကြီး၏ ခွာနှင့်တိုက်မိသည့်နေရာဖြစ်မည်။ ဟိုတစ်နေ့က တွေ့ခဲ့သည့် အကျိုးအပဲ့မျိုး မဟုတ်။ ပြင်ဆင်ပြီးမှ နောက်ထပ်တစ်ခါ တိုက်မိခြင်းဖြစ်မည်။ သို့သော် စိတ်ထဲကမကျေနပ်သေး၊ တစ်စုံတစ်ခု မှားယွင်းနေသည်ဟုပင် ထင်နေဆဲ။ သို့သော် ဓရေမရာ၊ ဘာရယ်ဟု ခွဲခွဲခြားခြားမသိ။

နန်စီကို ဆက်နှင်ခဲ့၏။ သို့သော် ကိုက်တစ်ရာခန့်အရောက်တွင် မသင်္ကာ ဖြစ်ခဲ့သည့် သံသယစိတ်သည် ပိုမိုအားကောင်းလာသည်။ နန်စီကို တုံ့ခနဲရပ်ခိုင်းပြီး ပြန်လှည့်သည်။ ဝင်းတံခါးဆီသို့ အပြေးပြန်စီးလာခဲ့၏။

ဝင်းတံခါးကို သေသေချာချာကြည့်သည်။ ဘုရားတမိလိုက်၏။ သေချာအောင် တန်းများကိုရေကြည့်သည်။ တစ်၊ နှစ်၊ သုံး၊ လေး... သူပဲဖြစ်ရမယ်၊ သူမို့ ဒီလိုစိတ်ကူးမျိုးရတာ ဖြစ်မယ်။ ငါး၊ ခြောက်၊ ခွန်၊ ရှစ် သိပ်ရက်စက်တဲ့ မိန်းမပါလား–

ကိုး၊ တစ်ဆယ်... ဟုတ်ပါပြီ၊ ၁၂ တန်းရှိသော ဝင်းတံခါးတွင် ၁၃ တန်းဖြစ်နေသည်။ ကျိုးပဲ့ထွက်သွားနေသည့် သစ်သားရောင်လုံးဝမတူ။ အပေါ်ဆုံးတန်းက အရောင်တူသစ်သားမှာ လတ်လတ်ဆတ်ဆတ်။

တစ်စုံတစ်ယောက်၏ အမိန့်မရှိဘဲ ကပ္ပလီလုပ်သားများ လုပ်ကြမည် မဟုတ်။ သည်အမိန့်ကို ပေးသူကလည်း လန့်စ်မဖြစ်နိုင်။ မူလ ၁၂ တန်းကို သူ အနိုင်နိုင်ကျော်နေရသည်ကို သူ မသိဘဲနေမည်လား။

ရှင်းနေပြီ၊ မော်ဂင်၏အကွက်။ အလွန်ပညာပါပြီး အလွန်ရက်စက်သည့် အကွက်။ နန့်စီကျောပေါ်တွင် ထိုင်လျက်က ဒေါသဖြစ်လွန်းသဖြင့် တုန်တုန်ယင်ယင် ဖြစ်လာသည်။

သို့သော် ဘာတတ်နိုင်မည်နည်း။ ရဲကို အကြောင်းကြားဖို့ကလည်း သူ့တွက်ပုံကိုရဲက လက်ခံမည်မထင်။ အစ်ကိုလုပ်သူကိုသတ်လို့ လက်စားချေခြင်းဟုသာ ယူဆကြမည်မုချ။ ရန်ပွဲနေ့က မိမိကိုယ်တိုင် လန့်စ်ကိုရန်ပြုဖို့ ပြေးသွားသည်ကို မြင်သည့်လူတွေက အများကြီး။ ခေါင်းတွေနောက်လာသည်။ ပုဏ္ဏမိ ရိပ်သာဆီသို့ အသော့နှင်ပြီး ပြန်ခဲ့သည်။ တစ်လောကလုံး အသက်မရှိတော့သလို



ချောက်ချားဖွယ်ကောင်းနေ၏။ သစ်ကိုင်းများက တစ္ဆေ၏လက်များလို ခြောက်လှန့်နေကြ၏။ လေအဟုန့်တွင် သူတို့လှုပ်ယမ်းနေပုံမှာ မိမိကိုအမိဖမ်းနေသည့်နှယ်။ လေတိုးသံထဲတွင် ဟော့... သူရဲဘောကြောင်တဲ့ကောင်၊ ဟော့... လူပျော့လူညံ့ဟု ကြားနေသယောင်ရယ်။

အိမ်ရောက်ရောက်ချင်း ဆိုင်မွန်နှင့် ဝေါလေ့စ်ကိုခေါ်ပြီး ခရီးထွက်ဖို့ ပစ္စည်းတွေပြင်ခိုင်းသည်။ မပြီးခင် အဲနစ် အခန်းထဲရောက်လာသည်။

"အစ်ကိုလေး ခရီးထွက်မလို့လား"

"အင်း..."

"ဘယ်လောက် ကြာမှာလဲဟင်"

"မသိဘူး အဲနစ်၊ တစ်မိနစ်ကြာမလား၊ တစ်သက်လုံးကြာမလားပဲ"

အဲနစ်၏ မျက်နှာကလေး ညှိုးကျသွားသည်။

"ဩော်...အစ်ကိုလေးရယ်၊ အစ်ကိုလေးမရှိရင် အဲနစ်တို့ ဘာဆက်လုပ်ရမှာလဲဟင်"

"ဒေးဗစ်က လုပ်ငန်းတွေ တာဝန်ယူလိမ့်မယ်၊ ညည်းလည်း နောက်လ လက်ထပ်တော့မှာပဲ၊ ဒင်တန်က လူတော်လေးပါကွာ"

"ဟင့်အင်း... နောက်လမဖြစ်ဘူး အစ်ကိုလေး၊ အစ်ကိုကြီးဆုံးတာကို ထည့်တွက်ရမယ်လေ။ နောက်နှစ်မှ လက်ထပ်တော့မယ်၊ ဒင်တန်ကတော့ ဆိုင်းချင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ အဲနစ် အဲဒီအတိုင်း ဆုံးဖြတ်ထားတယ်"

"ဟုတ်လား၊ သူနားလည်မှာပါကွာ"

"အစ်ကိုလေး၊ စာရေးမှာလားဟင်"

"ဟင့်အင်း... မရေးတော့ဘူး အဲနစ်"

ညီမလုပ်သူကို ရှော့စ် စိုက်ကြည့်သည်။

"နက်ချက်ကို လုံးဝမေ့ထားချင်တယ် အဲနစ်၊ တစ်သက်လုံးမဟုတ်တောင် အခိုက်အတန့်ပါ။ တခြား တစ်နေရာရာမှာသွားပြီး စိတ်အပန်းဖြေချင်တယ်။ ပတ်ဝန်းကျင်သစ်၊ မြင်ကွင်းသစ်တွေနဲ့ပေါ့။ ဒီမှာ ဘယ်လိုမှ ဆက်မနေနိုင်တော့ဘူး အဲနစ်"

"အားလုံးကိုမေ့နိုင်တဲ့ တစ်ချိန်ချိန် အစ်ကိုလေးပြန်လာခဲ့ပါမယ်။ မလာဖြစ်သေးတောင် စာတော့ အဲဒီအချိန်ကျရင် ရေးမှာပါ"

"အစ်ကိုလေး မကြာခင် စိတ်ပြေ လက်ပျောက် ဖြစ်သွားမှာပါ။ အဲဒီ မိန်းမနဲ့ဝေးနေရင် အစ်ကိုလေးအတွက် စိတ်ပူစရာ ဘာမှမရှိတော့ပါဘူး"

ဤသို့ဖြင့် ရှေ့စ်ပါရီ ဇာတိချက်ကြွေမှ ထွက်ခဲ့ရပြန်သည်။ တစ်နှစ်ပတ်လုံး ခြေဦးတည့်ရာ လျှောက်သွားနေခဲ့၏။ နယူးယောက်၊ ဖီလာဒဲဖီးယား၊ ဘော့စတွန် စသည့် မြို့ကြီးများအနှံ့။

နှစ်ကုန်သွားသည့်အခါတွင် ဝေဒနာဆိုးတို့ တစ်စိတ်တစ်ပိုင်း လျော့ပြေစပြုလာသည်။ သို့သော် ရင်ထဲ ပို၍ဟာလာ၏။ အထီးကျန်ဝေဒနာသည် ပို၍ နေရာယူလာ၏။ ကျိတ်မှိတ်ခံနေသေးသည်။ လပေါင်းများစွာ၊ နောက်ဆုံးတွင် ကမ်းရိုးတန်းသွား သင်္ဘောကြီးတစ်စင်းနှင့် လိုက်ခဲ့ပြီး ဆိပ်ကမ်းမြို့ တစ်မြို့တွင် ဆင်း၍ မြကျွန်းသာသို့ ထွက်ခဲ့သည်။

ကေသီတစ်ယောက် ဦးလေးလုပ်သူ၏အိမ်သို့ ရောက်နေသည်မှာကြာပြီ။ အိမ်ထဲသို့ဝင်လာသူကို ပထမ ကြောင်ကြည့်နေ၏။ ဘယ်သူဘယ်ဝါမှန်းသိတော့ အသက်ရှူဖို့ပင် သတိမရဘဲ တအားပြေးချသွားသည်။ ရှေ့စ်က လက်နှစ်ဖက် ဆန့်တန်းပြီး ကြိုနေ၏။

■

## အခန်း (၁၆)

သူတို့နှစ်ယောက် ပါရီတွင် လည်ပတ်ကြသည်။ တစ်နေ့တွင် ဒီလာကွန်းကော့သို့ ရထားလုံးတစ်စီးဖြင့် ထွက်ခဲ့ကြ၏။ လုဗ်ပြတိုက်ကို အဝေးမှလှမ်းမြင်နေရသည်။

"ဒီမှာ ဆင်းလိုက်ကြရအောင်လေ၊ ကေသီ ဒီလိုသစ်ပင်ရိပ်မှာ လမ်းလျှောက်ချင်တာ ရှေ့စ်"

"ဆင်းလေ၊ လျှောက်ကြတာပေါ့"

ရထားခပေးပြီး နှစ်ယောက်သား ဆင်းလိုက်ကြသည်။ အချိန်မှာ ၁၈၅၇ ခုနှစ်၊ မိုးနှောင်းကာလ။ တစ်လောကလုံးကို မီးခိုးရောင်ဖျော့ဖျော့ လွှမ်းထားသည်။ အဘိုးအိုတစ်ယောက် ခုံတန်းလျားပေါ်ထိုင်ပြီး ခိုကလေးတွေကို အစာကျွေးနေသည်။

"ကေသီ ကပွဲကြည့်ချင်လား၊ ဒီညအတွက် လက်မှတ်ဝယ်လိုက်မယ်" ရှေ့စ်က မေးလိုက်၏။

"မကြည့်ချင်ဘူး၊ အိမ်ပဲပြန်ချင်တယ်"

"ဘာ အိမ်ပြန်ချင်တယ်။ အမေရိကန်ကို ပြောတာလား၊ မြကျွန်းသာကိုလား"

"အမေရိကန်တော့ ဟုတ်တယ် ရှေ့စ်၊ မြကျွန်းသာကို မဟုတ်ဘူး၊ ပုဏ္ဏမီရိပ်သာကို။ ဒီလိုလျှောက်နေရတာ ငြီးငွေ့လာပြီ"

"မင်း ပါရီမှာ မပျော်ဘူး၊ ဟုတ်လား ကေသီ"

"မပျော်ပါဘူး၊ လူတကာက ပြင်သစ်စကားနဲ့ချည်း ကေသီ့ကို လာလာပြောနေကြတာ၊ ရှေ့စ်ကတောင် တစ်ခါတလေမေ့ပြီး ပြောသေးတယ်။ ဒါလောက်နေရရင် တော်ပြီပေါ့၊ ရှေ့စ်ရယ် အိမ်ရှင်မပီပီ နေချင်ပြီ။ အိမ်ကို ပြုပြင်ချင်တယ်၊

ရှော့စ်အတွက် ကလေးတစ်ယောက် မွေးပေးချင်တယ်။ လက်ထပ်ပြီးတာ နှစ်နှစ်ရှိတော့မယ်၊ ခုထိ ကလေးမရသေးဘူးနော်။ အဲဒါ ဘာပြုလို့လဲဟင် ရှော့စ်"

"ဘုရားသခင်မှသိမှာပဲ ကေသီ"

ကေသီ့ကို ရှော့စ် ငဲ့ကြည့်လိုက်သည်။ အနက်ရောင် သားမွေးနအင်္ကျီကို ဆင်မြန်းထား၏။ လက်ကောက်ဝတ်က ဖျံရေအနားကွပ်၊ ဦးထုပ်အနက်တွင် ငှက်တောင်တစ်ခုထောင်လျက်၊ မေးသိုင်း ပန်းစည်းကြိုးကလေးက အစိမ်းရောင်၊ အတွင်းခံအင်္ကျီ အစိမ်းရောင်နှင့် လိုက်ဖက်လှသည်။ ကေသီသည် ဝတ်ကောင်းစားလှများဖြင့် အလွန်ကြည့်ကောင်းသည့် မိန်းကလေးဖြစ်လာသည်။ ကုန်တိုက်ကြီးများသို့ သွားလျှင် အရောင်းစျေးသည်များက အထူးဧည့်ခံကြိုဆိုပြီး အမျိုးမျိုး ဆင်မြန်းကြည့်စေသည်။

သူ့ပုံစံကို အမေရိကန် အမျိုးသမီးရော၊ အင်္ဂလိပ်နှင့် ပြင်သစ်မတွေပါ သဘောကျကြသည်။ ပါရီသူ မိန်းကလေးများနှင့် ကေသီ ခြားနားသည်မှာ မလှပါဘဲ စွဲမက်ချင်စရာကောင်းနေခြင်းဖြစ်၏။ အချို့မိန်းကလေးတွေ ဝတ်ကောင်းစားလှများနှင့် ဆင်ယင်ထုံးဖွဲ့ထားလျှင် သူတို့ကိုယ်ပေါ်မှ အဝတ်အစားများသာ စိတ်ဝင်စားစရာဖြစ်နေပြီး သူတို့၏ပင်ကိုအလှ ပျောက်နေတတ်၏။ ကေသီကမူ ဘယ်လိုအဝတ်ကို ဝတ်ထားသည်ဖြစ်စေ သူ့ကိုယ်နေဟန်နှင့် အသက်ဝင်လှပ်ရှားလွန်းလှသည့် သူ့မျက်နှာကလေးကို ဖုံးလွှမ်းနိုင်စွမ်းမရှိပေ။

ကေသီက သူ့ကို ပြန်ကြည့်ပြီး ပြုံးလိုက်သည်။ လက်အိတ်စွပ်ထားသည့် လက်ကလေးဖြင့် လင်တော်မောင်၏လက်မောင်းကို ဖွဖွကလေးကိုင်သည်။

သူပြုံးလျှင် မှဲ့ခြောက်ကလေးများ သူ့မျက်နှာပေါ်တွင် လှုပ်ရှားသွားတတ်သည်။ ဒါကိုက ကေသီ၏ ထူးခြားချက်တစ်မျိုး ဖြစ်နေ၏။

"ကဲ... ဘယ်လိုလဲ၊ ပြန်ချင်ပြီလို့"

ရှော့စ် မျက်မှောင်ကုတ်သွား၏။

အင်း... ပုဏ္ဏမီရိပ်သာ၊ ပုဏ္ဏမီရိပ်သာ၊ မြစ်ကမ်းနဖူး ဝက်သစ်ချရိပ်မှ ကျောက်ဆောင်ကြီး။ ပန်းအိန့်သင်းပျံ့ပျံ့နှင့် အစိမ်းရောင် ဥမင်လိုဏ်ခေါင်းကြီးတွေနှင့်တူသည့် နက်ချက်လမ်းများ။ ရှုမျှော်မဆုံးနိုင်သည့် ပုဏ္ဏမီရိပ်သာ ယာတောမြေ။ နေရောင်ခြည်အောက်မှ လူမည်းတို့၏ တေးသံများ။

ပြီးတော့ အမြင့်ဆုံးတောင်ကုန်း တစ်နေရာမှ တောင်ထွတ်မြိုင်သာ။ ခုတော့ ပုံပြင်ဆန်သည့် အဖြူရောင် တဈေးအိမ်ကြီးနှင့်တူနေရှော့မည်။ သည်အိမ်



ကြီးတွင် မော်ဂင် ရှိနေသေးသည်။ အလွန်ကြောက်စရာကောင်းသည့်မိန်းမ။ လူတစ်ယောက်၏ ဝိညာဉ်ကို လက်ဝါးပေါ်တင်ပြီး...

ရင်ထဲတွင် နင့်ခနဲအောင့်သွားသည်။

ပုဏ္ဏမီရိပ်သာကို ဘယ်လောက် တွယ်တာခဲ့သည်လဲ၊ ပုဏ္ဏမီရိပ်သာ ဖြစ်အောင် ဘယ်လိုဖြတ်သန်းခဲ့ရသည်လဲ။ သို့သော် အလုပ်တစ်ခု ရှင်းစရာ ကျန်နေသေးသည်။ တွမ်မရှိတော့သည့်နောက် ကျွန်တွေ လွတ်လပ်ခွင့်ပေးရေးကိစ္စကို မိမိတစ်ယောက်တည်း ဆုံးဖြတ်နိုင်ပြီ။ ပြုမှားမိခဲ့လေသမျှမကောင်းမှုတို့အတွက် မိမိဝိညာဉ်ကို အစဉ်ဖိစီး နှိပ်စက်နေသည့် သောကဝေဒနာသည် ကျွန်များလွတ် လပ်ခွင့်ပေးရေးကိစ္စ ပြီးလျှင်တော့ လျော့ပါး သက်သာလာနိုင်စရာ ရှိသည်ဟု မျှော်လင့်ရသည်။

မော်ဂင်ကို လုံးဝမေ့ထားလိုက်တော့မည်။ သူ့လွှမ်းမိုးမှုအောက်က လုံးဝ ရုန်းထွက်တော့မည်။ လွန်ခဲ့သည့် ရှစ်နှစ်ကတည်းက မိမိအပေါ် လွှမ်းမိုးခဲ့သည့် မော်ဂင်။ နက်ချက်ကို ပြန်ရောက်စနေ့တွင် ဆိပ်ကမ်းလူဆိုးတွေနှင့် ထိုးကြိတ်ကြသည့် အချိန်ကစပြီး အလွှမ်းမိုးခံခဲ့ရခြင်း။

ပြုံးလိုက်မိသည်။

"ဟုတ်တယ်ကေသီ၊ တို့အိမ်ပြန်ချိန်တန်ပြီ"

ကေသီက လင်တော်မောင်ကို နမ်းသည်။ ပါရီတွင် နောက်ဆုံးညစာအဖြစ် အကောင်းဆုံး ပျော်ပွဲစားရုံမှာ စားကြသည်။ လမ်း၏တစ်ဖက်မှ ကပွဲရုံတွင် ချိတ်ထားသည့် ဆိုင်းဘုတ်ကြီးကို ရှော့စ် လှမ်းကြည့်လိုက်သည်။

"ဟာဗာနာမယ်"

ကမ္ဘာကျော် ဟာဗာနာသူ စပိန်ကချေသည် မကလေး။

စာတန်းကြီး၏အောက်တွင် ကချေသည်မ ဟာဗာနာမယ်၏ပုံကြီးကို ရှော့စ် ငေးကြည့်နေမိ၏။ စိတ်ထဲတွင် လှုပ်ရှားသွားသလိုလို။ ကေသီက သူ့ကြည့်ရာသို့ လိုက်ကြည့်ပြီး"

"ရှော့စ် ကြည့်ချင်လို့လားဟင်၊ ကြည့်ချင်လည်းကြည့်လေ"

"ဟင့်အင်း၊ မကြည့်တော့ပါဘူး ကေသီ"

ဘာပြုလို့မကြည့်ချင်တာလဲဟု ဆက်မမေးသည်ကိုပင် ရှော့စ် ကျေးဇူးတင်ရသေးသည်။ ကွန်ချီတာကို တမ်းတလွမ်းသစိတ်သည် ရှော့စ်၏ နှလုံးသားထဲတွင် ရှိနေဆဲဖြစ်ပေမဲ့ ဟုန်နေသလို ဖြစ်နေပြီ။ အချိန်၏ကုစားမှုဟု ဆိုရမည်လား မသိပေ။ ဒါကို အသစ်ပြန်မဖြစ် စေချင်တော့၊ ဝေဒနာဟောင်းကို ပုံစံသစ်ဖြင့်

မခံစားချင်တော့။

ကပွဲကိုကြည့်မိလျှင် စပိန်တေးသွားကို ကြားရမည်။ စပိန်တေးသွားများသည် ကျူးဘားသံစဉ်နှင့် အတူတူပင်။ တချို့ကကွက်လည်း ထိုနည်းလည်းကောင်း၊ ခေတ်အစားဆုံး မီးလျှံအကကို မလွဲမသွေ ကြည့်ရမည်မုချ။

ထိုအခါ ချစ်သူကနေပုံကိုရော၊ ပီဒရို၏ဂီတာကိုပါ မလွဲမသွေ ကြားယောင်လာတော့မည်။

စားသောက်ပြီး အကြာကြီး ဆက်ထိုင်နေကြသည်။ တစ်ယောက်လက်ကို တစ်ယောက် ကိုင်လျက်၊ တစ်ဦး၏မျက်လုံးထဲ တစ်ဦး စိုက်ကြည့်လျက်။

လမ်းတစ်ဖက်မှာ ကပွဲရုံတံခါးများပွင့်လာပြီး လူတွေလမ်းပေါ်သို့ အန်ထွက်လာကြသည်။

"ကဲ...သွားကြရအောင်၊ မနက်အစောကြီး ရထားစီးရမှာ"

ရှော့စ်က ပြောလိုက်သည်။

"ခဏလေးနေပါဦး ရှော့စ်ရယ်၊ ပါရီကို နှုတ်ဆက်တဲ့အနေနဲ့ ခဏလေး ဆက်ထိုင်ရအောင်ပါ။ ဒီနေရာလေးက ထိုင်လို့ သိပ်ကောင်းတာပဲနော်"

သူတို့ဆက်ထိုင်နေကြသည်။ ခဏကြာတော့ လမ်းပေါ်တွင် လူရှင်းစပြုလာသည်။ အတန်ကြာမှ ရှော့စ်က မတ်တတ်ထသည်။ ကေသီက မထချင်ထချင်နှင့် လိုက်ထသည်။

အပြင်ရောက်တော့ ရှော့စ်က ရထားတစ်စီး လှမ်းခေါ်သည်။ ရှေးဟောင်းပုံစံ ရထားလုံးကြီးတစ်စီး သူတို့ရှေ့သို့လာဆိုက်သည်။ ရှော့စ်က ကေသီ၏လက်မောင်းကိုတွဲပြီး ရထားပေါ်သို့ တက်လိုက်သည်။

ထိုစဉ်တွင် ကပွဲရုံထဲမှ ထွက်လာသည့် စပိန်ကချေသည် ဟာဗာနာမယ်သည် လမ်းတစ်ဖက်မှ ရထားပေါ်တက်သွားသည့်လူကို လှမ်းမြင်လိုက်သည်။ ခြေလှမ်းတွေ တုံ့သွားသည်။ မျက်နှာတစ်ခုလုံး ဖြူရော်သွားသည်။ နံဘေးမှ ဒါရိုက်တာကြီး ရောင်းဘာဆင်၏ လက်မောင်းကို အလန့်တကြား လှမ်းဆုပ်လိုက်၏။

"ဟဲ့...သမီး၊ ဘာဖြစ်တာလဲဟင်၊ မထိတ်သာ မလန့်သာကွယ်"

"ဘဘ...ဟိုလူ...ဟိုလူ...တူလိုက်တာ ဘရယ်၊ တကယ်"

"ဘယ်သူက ဘာနဲ့ တူတာလဲကွဲ့"

လမ်းတစ်ဖက်မှ ရှော့စ်ပါရီကို ရထားလုံးထဲတွင် ဘေးတိုက်မြင်နေရသည်။ မျက်နှာကို သေသေချာချာ မြင်လိုက်မှ–



"မဟုတ်ဘူး ဘဘ၊ မဟုတ်ဘူး၊ တူလိုက်တာ ဘဘရယ်၊ နှာခေါင်းကလွဲလို့ ချွတ်စွပ်ပဲ။ တစ်ထေရာတည်းပဲ ဘဘ"

"ဘယ်သူနဲ့တူတာလဲ သမီးရဲ့"

"ဩော်...တစ်ချိန်က ကျူးဘားမှာ သိခဲ့ဖူးတဲ့ လူတစ်ယောက်နဲ့တူတာပါ၊ သမီးအသည်းစွဲ ချစ်ခဲ့ဖူးတဲ့လူလေ"

"စိတ်မချမ်းသာစရာတွေ ပြန်ဖော်မနေပါနဲ့တော့ကွယ်၊ ကဲ...သွားစို့၊ မနက်ဖြန် မာဆေးကို ခရီးဆက်ကြရဦးမယ်လေ"

မောင်းထွက်သွားသည့် ရထားလုံးကို ကချေသည်မလေး ဟာဗာနာမယ် ငေးကြည့်နေသည်။

"သိပ်မကျေနပ်ချင်ဘူး ဘဘ။ သူတို့ နောက်က လိုက်သွားကြရအောင်လား၊ တစ်ခုခု ထူးခြားမလားလို့"

ဟာဗာနာမယ်စိတ်တွေ လှုပ်ရှားနေသည်။

"အို...အရူးထမနေစမ်းပါနဲ့ကွယ်၊ မဖြစ်နိုင်တာတွေကို၊ လာ သွားကြစို့"

*

ရှော့စ်နှင့် ကေသီတို့ ၁၈၅၈–ခုနှစ်၊ ဇန်နဝါရီလတွင် နယူးယောက်သို့ ပြန်ရောက်ကြသည်။ နှစ်လလုံးလုံး နယူးယောက်တွင် သောင်တင်နေသည်။ ရှော့စ်က ဗိသုကာလုပ်ငန်းရှင်ကြီးများနှင့် အလုပ်အတွက် စီစဉ်နေခြင်းကြောင့် ဖြစ်၏။

ကေသီ ဂျီတိုက်စပြုလာသည်။

"ဘာတွေ အချိန်ကုန်ခံနေတာလဲ ရှော့စ်၊ ကေသီ ပုဏ္ဏမီရိပ်သာကို ပြန်ချင်လှပြီဆို"

"အလုပ်ကိစ္စလေးတွေ မပြတ်သေးလို့ပါကွာ"

"ဘာ အလုပ်ကိစ္စဟုတ်လား။ ခြံလုပ်ငန်းက ဟိုမှာ ရှိတာမဟုတ်ဘူးလား၊ ဘာလို့..."

"အလုပ်ကိစ္စ မင်းခေါင်းထဲမထည့်ပါနဲ့ ကလေးရယ်"

ရှော့စ်က နှစ်သိမ့်သည်။

"အို...ဘာလို့မထည့်ရမှာလဲ၊ လင်မယားပဲ။ တစ်ယောက်ကိစ္စ တစ်ယောက်က စိတ်ဝင်စားရမှာပေါ့။ ခုမှ ရှင်လုပ်နေပုံက ဒီမှာ အခြေချတော့မယ့်ပုံမျိုး"

ကေသီ ကျွဲမြီးတိုစ ပြုလာပြီ။

"အေးလေ... ဒီမှာ အခြေချမယ်လေ"

လင်တော်မောင်ကို ကေသီ မျက်လုံးကြီးတွေ အပြူးသားနှင့် ကြည့်နေသည်။ ပါးစပ်ထောင့်ကလေးများ ဆတ်ဆတ်တုန်လျက်။

"ဒီယွန်းကီးတွေကြားထဲမှာ ရှင်နေမယ်... ဟုတ်လား။ ဒါလောက် ပြဿနာတွေ ကြီးမားနေတဲ့ကြားထဲမှာ ရှင်မို့ ဒီစိတ်ကူးရတယ် ရော့စ်ရယ်"

ကေသီ တအံ့တသြ ပြောနေ၏။

"ဒီမှာ အခြေမချလို့မဖြစ်ဘူး ကေသီ"

ရော့စ်၏မျက်နှာမှာ အိုမင်းသွားသည် ထင်ရ၏။ ဆက်ပြောသည်။

"ကျွန်တွေကို လွတ်လပ်ခွင့်ပေးပြီးတဲ့နောက် ကိုယ် နက်ချက်မှာ ဆက်နေလို့ ဖြစ်တော့မှာမဟုတ်ဘူး"

ကေသီ အသက်ရှူမြန်လာပြီ။

"ဘာ... ကျွန်တွေကို လွတ်လပ်ခွင့်ပေးမယ် ဟုတ်လား"

"ဟုတ်တယ် ကေသီ"

"ကေသီ ဘာမှနားမလည်တော့ဘူး ရော့စ်"

ရော့စ်က သူ့ဆီ လျှောက်လာပြီး လက်ကိုဆွဲယူသည်။ ဝမ်းနည်းနေသည့် မျက်လုံးများဖြင့် ကြည့်သည်။

"ကျူးဘားမှာတုန်းက ကိုယ့်အသက်ကို နှစ်ကြိမ်တိုင်တိုင်ကယ်ခဲ့တာ လူမည်းတွေပဲ ကေသီ။ အဲဒီမှာ ကိုယ် စပိန်တွေလက်ထဲ အမိခံရပြီး သေကောင်ပေါင်းလဲ အရိုက်အနှက်ခံရတယ်။ တို့တစ်တွေ လူမည်းတွေကို ရိုက်ကြသလိုပေါ့။ ကျူးဘားမှာတော့ ကိုယ်က တစ်လှည့် ကျွန်ဖြစ်ခဲ့ရတယ် ကေသီ။ အဲဒီမှာတင် တို့ဘဝရဲ့ ဟိုမှာဘက်မှာရှိတဲ့ ကျွန်တွေရဲ့ဘဝကို ကိုယ်နားလည်ခွင့်ရခဲ့တယ်။ အဲဒီမှာပဲ လူသားအချင်းချင်း တစ်ယောက်နဲ့တစ်ယောက် မြင်းတစ်ကောင်ကို ပိုင်သလို မပိုင်သင့်ဘူးဆိုတဲ့ အမြင်ကို ကိုယ်မြင်လာတာပဲ ကေသီ"

ကေသီက သူ့လက်ကို ဆောင့်ဆွဲယူလိုက်သည်။

"ရှင် အဲဒီလိုလုပ်ရင်တော့ ကေသီနဲ့ လမ်းခွဲရမယ် ရော့စ်။ တောင်ပိုင်းကို သစ္စာဖောက်တဲ့ လူတစ်ယောက်ကို လင် မလုပ်နိုင်ဘူး"

ရော့စ် ဆက်ရှင်းပြသည်။

"ဒီမယ် ကေသီ၊ ကိုယ်ဟာ အမေရိကန်တစ်ယောက်ပဲ။ ကိုယ့်ကို အမေ



ရိကန်ပြည်ထောင်စုကပဲ ပိုင်တယ်။ တောင်ပိုင်းကလည်း မပိုင်ဘူး။ မြောက်ပိုင်းကလည်း မပိုင်ဘူး။ ကျွန်စနစ်ကြောင့် တစ်မျိုးသားလုံး ကမ္ဘာမှာ မျက်နှာမလှ ဖြစ်နေရတယ်။ ငွေဝယ်ကျွန်စနစ်ဟာ ကမ္ဘာပေါ်မှာ အရိုင်းအစိုင်းဆုံးနဲ့ တရားအမဲ့ဆုံး စနစ်ပဲကေသီ"

ကေသီ သူ့ကို ကြောင်ကြည့်နေသည်။ ပြီးမှ အားရပါးရငိုချလိုက်၏။ ရှိုက်ရင်း ရှိုက်ရင်းနှင့်

"ကေသီ မှားပြီ။ ရှင့်ကို နားလည်ခဲ့တယ်လို့ ထင်ခဲ့တာ၊ လက်စသတ်တော့ ရှင်ဟာ မင်ဇာရီမှာ လူတွေသတ်ခဲ့တဲ့ ဂျွန်ဘရောင်းနဲ့ ဘာမှမထူးပါပဲလား ရော့စ်"

"တို့ တောင်ပိုင်းက လူကြီးလူကောင်းတွေလည်း သတ်ခဲ့ကြတာပါပဲ ကေသီ၊ ၅၅ ခုနှစ်တုန်းက တောင်ပိုင်းသား ၅၀၀၀ ကျော် ကင်းဆပ်စ်ကို တက်သိမ်းပြီး အနိုင်ကျင့်ခဲ့တယ်၊ ဂျွန်ဘရောင်း ကျွန်ပိုင်ရှင်ငါးယောက်ကို သတ်တာက ၅၆ ခုနှစ်ကျမှပါ။ အဲဒီမတိုင်မီလည်း တောင်ပိုင်းသား လူကြီးမင်းတစ်ယောက်က မက်ဆာချူးဆက် လွှတ်တော်အမတ်တစ်ယောက်ကို သေကောင်ပေါင်းလဲ ရိုက်ခဲ့သေးတယ်လေ"

"ရှင့်ကို ကျွန်မ မုန်းတယ်၊ အို... ရှင်ဟာ သစ္စာဖောက်"

ရော့စ်က ကေသီကို သိုင်းဖက်ပြီး ချော့သည်။

"ကေသီရယ်၊ ဒီကိစ္စ မင်းနဲ့ကိုယ်နဲ့ ရန်ဖြစ်ရမယ့်ကိစ္စ မဟုတ်ပါဘူးကွာ၊ တို့နဲ့ မဆိုင်ပါဘူး။ သူ့ဘာသာသူ ရှင်းသွားပါလိမ့်မယ်"

"အို... မရှင်းဘူး။ စစ်က ဖြစ်တော့မှာ။ ရှင် ဘယ်ဘက်က ရပ်တည်မလဲ ရော့စ်ပါရီ"

"မင်း အဲဒီမေးခွန်းမေးတဲ့အတွက် ကိုယ် စိတ်မကောင်းပါဘူး ကေသီ။ ကိုယ် အမှန်အတိုင်း ပြောမယ်။ လူလူချင်း ကျွန်ပြုတဲ့စနစ်ကို ဆန့်ကျင်တဲ့ဘက်က ကိုယ်နေမယ်။ လူတိုင်း သာတူညီမျှ တန်းတူအခွင့်အရေးရှိမယ့်ဘက်က ကိုယ်နေမယ်။ ပြဿနာတွေ အဲဒီလောက်မကြီးခင် ကိုယ့်ကိစ္စတွေကို ကိုယ့်နည်းကိုယ်ဟန်နဲ့ ရှင်းထားချင်တယ်။ အဆင်ပြေပါစေလို့ ဆုတောင်းရတာပဲ"

"တစ်သက်လုံး အဆင်မပြေဘူးမှတ်ပါ ရော့စ်"

နက်ချက်ကို သူတို့ ဇွန်လလယ်လောက်မှ ရောက်လာကြသည်။ မြကျွန်းသာရှိ ဟယ်ရီလင်တန်ထံတွင် အကြာကြီးဝင်နေခဲ့သေးသည်။ နယူးအော်လီယန်း

တွင် နစ်ပတ်။ ပုဏ္ဏမီရိပ်သာသို့ အလောတကြီးပြန်ရန် ရောဇ်တွင် အကြောင်း မရှိပါချေ။

*

ငွေရောင်လမ်းမထဲသို့ ကေသီနှင့်အတူ လျှောက်လာခဲ့သည်။ ပုဏ္ဏမီရိပ်သာသို့ သွားဖို့ ရထားတစ်စင်းမှ မတွေ့သေး။ ဤတွင် မြင်းလေးကောင်က ရထားကြီးကို အခံ့အညားမောင်းလာသည့် ဟင်နရီမွန်းကလစ်နှင့် ဆုံသည်။ ဟင်နရီက အဝေးကြီးမှ အော်ပြီးနှုတ်ဆက်သည်။

“ဟေး... ရောဇ်၊ ကြည့်စမ်း လှလို့ဝလို့ပါလား။ မောင်ရင် ဒီတစ်ခါ အကြာကြီးပျောက်သွားတယ်နော်”

ကေသီကို လှမ်းကြည့်ပြီး သူ့မျက်လုံးနက်များ အရောင်တဖျပ်ဖျပ် တောက်သွားသည်။ ကေသီက ပြုံးပြလိုက်၏။ အတော်ချောတဲ့လူပဲဟု သတိထားမိလိုက်၏။ ရောဇ် နှာရိုးမကျိုးခင်ကထက်ကို ချောသည်ဟု ထင်လိုက်၏။

“အမျိုးသမီးက ဘယ်သူလဲကွ ရောဇ်”

“ကျွန်တော့် မိန်းမလေ၊ ကေသီတဲ့။ ကေသီ ဒါ ကိုယ့်မိတ်ဆွေ ဟင်နရီ မွန်းကလစ်”

“တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ”

ဟင်နရီက ဝမ်းသာအားရနှုတ်ဆက်သည်။ သူ့အသံက လှိုက်လှိုက်လှဲလှဲ။ အင်း... မလှပေမဲ့ တစ်မျိုးစွဲမက်စရာ မိန်းကလေးပဲဟု ဟင်နရီ ကောက်ချက်ချ၏။ ဒီတစ်ယောက်ကတော့ လွယ်မည်မထင်။ ရောဇ်က အိမ်မြဲသည့် ပုဂ္ဂိုလ် မဟုတ်လား။ မျက်နှာပိုးသတ်ပြီး ရောဇ်ကို ပြုံးပြလိုက်သည်။

“ကိုယ် လိုက်ပို့မယ်လေ ရောဇ်”

“ကျေးဇူးပါပဲဗျာ၊ ပုဏ္ဏမီရိပ်သာဆိုတော့ နည်းနည်းတော့ လှမ်းတယ် နော်”

“ဝေးစမ်းပါစေကွာ၊ ပစ္စည်းတွေ ဘယ်မလဲ”

“သစ်စက်ထဲမှာ ထားခဲ့တယ် ဟင်နရီ”

“လှည့်ပြီး ပြန်တင်တာပေါ့၊ လာ... သွားစို့”

“ဒုက္ခမရှာပါနဲ့ဗျာ၊ ကျွန်တော်တို့ကိုသာပို့ပါ၊ နောက်မှ အိမ်ကကောင်တွေ လွှတ်ယူခိုင်းပါ့မယ်”



“ဟာ... မဟုတ်တာ၊ လာပါ အပန်းမကြီးပါဘူး။ တစ်ခါတည်း သယ်သွားကြတာပေါ့။ အိမ်ရောက်ရောက်ချင်း လိုမှာမဟုတ်လား”

သိပ်သဘောကောင်းတဲ့လူပဲဟု ကေသီ မှတ်ချက်ချလိုက်၏။

“မစ္စတာမွန်းကလစ်က ပုဏ္ဏမီရိပ်သာကို မကြာမကြာရောက်ပါသလား”

ဟင်နရီက ရယ်ပြီး

“ဟိုတုန်းကတော့ သိပ်မရောက်ဖြစ်ပါဘူး။ ခုတော့ ရောက်ဖြစ်တော့မှာပေါ့။ သိချင်တာကလေးတွေလည်း သိရအောင်လေ”

“ဘာများလဲရှင်”

“မင်းလိုလှတဲ့ မိန်းကလေးတစ်ယောက်က ရောဇ်လို မျက်နှာမှာ ဒဏ်ရာ အပြည့်နဲ့ နှာခေါင်းကျိုးတစ်ယောက်ကို ဘာများသဘောကျလို့လဲလို့ပါ”

“အဲဒီအကြောင်း သိပြီးတော့ ခင်ဗျား ဘာလုပ်မှာလဲ ဟင်နရီ”

ရောဇ်က ခပ်ပေါ့ပေါ့ ပြန်မေးလိုက်သည်။

“ဘာလုပ်ဖြစ်မလဲတော့ မသိဘူး၊ မောင်ရင့်ဆီကနေ သူ့ကို ခိုးယူဖြစ်ချင် ယူဖြစ်မှာပေါ့၊ ဘယ်လိုလဲ မိန်းကလေး။ မင်းနဲ့ ဒီနှာခေါင်းကျိုးနဲ့ မတန်ပါဘူး ကွာ။ ဘယ်လိုလဲ ကေသီ၊ ခိုးရာလိုက်မလား”

ကေသီက ရောဇ်ကို လှမ်းကြည့်လိုက်သည်။ ကြောက်စရာကောင်းသည့် အကြည့်ဟု ရောဇ် ထင်လိုက်၏။

“သူထင်ရာ သူလုပ်မယ်ဆိုရင်တော့ လိုက်ဖြစ်မယ် ထင်တယ်”

ဟင်နရီက ရယ်ပြီး

“ဒါဆို ကျုပ်က ခုပဲလုပ်ငန်းစချင်ပြီဗျာ”

အပြောင်အပြက် ပြောနေကြသည့် စကားလုံးများ၏ နောက်ကွယ်တွင် အမှန်တရားကလေးများ ကပ်ငြိလျက်ရှိနေသည်ကို ရောဇ် ခံစားသိဖြင့် သိလိုက်၏။ စိတ်ထဲက သဘောမတွေ့လှ။ လင်သားတစ်ယောက်အနေဖြင့် မနာလိုဝန်တိုဖြစ်ချစ်စရာ အပြောအဆိုများဖြစ်၏။ သို့သော် မိမိနှင့် ကေသီတို့၏ ဆက်ဆံရေးမှာ နောက်ပိုင်းတွင် လျော့လာခဲ့သည်။

အရင်းစစ်တော့ သူ့အနေဖြင့် အချစ်ကို အခြေမခံခဲ့မိခြင်းကြောင့်ဟု ရောဇ် သဘောပေါက်လာသည်။ သည်ကိစ္စမျိုးမှာ ဟန်ဆောင်၍ ရစကောင်းသည်မဟုတ်။ ကေသီကိုယ်တိုင်က အသိဉာဏ်ထက်မြက်သည့် မိန်းကလေးဖြစ်၍ ဒါကို တဖြည်းဖြည်း ရိပ်မိလာပြီး သူတို့အိမ်ထောင်ရေးမှာ အက်ကြောင်းကလေးများ ထင်လာတော့သည်။

သည်တစ်ချက်လည်း မှားပြန်ပြီဟု ရှော့စ် နားလည်စပြုလာ၏။ ငါ့ဘဝမှာ မှန်သည်ပဲမရှိပါလားဟုလည်း စိတ်ဓာတ်ကျစပြုလာ၏။ တရားခံ ဘယ်သူလဲဟု ရှာဖွေကြည့်မိသည်။ ခေါင်းထဲတွင် ချာချာလည်သွားသည်။

"ဘာတွေ ငြိမ်ပြီး ဒါလောက်စဉ်းစားနေတာလဲလို့"

ကေသီက လှမ်းမေးလိုက်မှ ရှော့စ် သတိပြန်ဝင်လာသည်။

"ဩော်... အင်း..."

ဟင်နရီမွန်းကလစ်က လက်တစ်ဖက်ဖြင့် ခေါင်းကိုပုတ်ပြီး လက်ဝါးကို ခါပြသည်။ ခပ်ကြောင်ကြောင်ဟူသည့် အဓိပ္ပာယ်။ ကေသီက သူ့ကိုကြည့်ပြုံးပြီး

"ဟုတ်တယ်၊ တစ်ခါတစ်ခါ ကျွန်မလည်း အဲဒီလိုတွေးမိတယ်"

ထိုအချိန်တွင် မြင်းရထားက ပုဏ္ဏမီရိပ်သာကုန်းမြင့်လမ်းပေါ်သို့ တက်နေပြီ။ ဂျယ်နီက ဆင်ဝင်အောက်မှ ရပ်စောင့်နေ၏။ အိမ်ကြီးကိုရော၊ တစ်မျှော်တစ်ခေါ် စိုက်ခင်းတွေကိုပါ လှမ်းကြည့်ပြီး ရှော့စ် ကျေနပ်သွားသည်။ အားလုံး စနစ်တကျ ထိန်းသိမ်းထားကြောင်း ထင်ရှားနေ၏။ ဒေးဗစ်မာတင်သည် အလွန်စေ့စပ်သေချာသူ ဖြစ်သည်။ အားကိုးလောက်သူလည်း ဖြစ်၏။

ဆင်ဝင်အောက်ရောက်တော့ လူမည်း အိမ်ဝန်ထမ်းတွေပါ ပြေးထွက်လာကြသည်။ ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ ရှော့စ်က ဂျယ်နီ့ပါးကိုနမ်းပြီး နှုတ်ဆက်သည်။ ပြီးမှ ကေသီဘက်လှည့်ကာ–

"ကေသီလေ၊ ဂျယ်နီ"

"ပုဏ္ဏမီရိပ်သာက ကြိုပါတယ် ကေသီ"ဟု တိုးတိုးကလေးပြောပြီး ကေသီကို ပွေ့ဖက်နှုတ်ဆက်သည်။ ကေသီက ရှောက်မဆိုက်

"ကေသီ အမြွာမောင်နှမကို တွေ့ချင်လှပြီ ဂျယ်နီ၊ သူတို့ ဘယ်မှာလဲဟင်"

"အပေါ်ထပ်မှာ ဆော့နေကြတယ်၊ ဝင်ကြလေ... ဟင်နရီကော ဝင်ပါဦး"

"မဝင်တော့ဘူး ဂျယ်နီ၊ သွားစရာကလေးရှိသေးလို့၊ ကဲ... သွားမယ်နော်၊ အားလုံးပဲ"

"ဟုတ်ကဲ့၊ တွေ့ရတာ ကျွန်မ သိပ်ဝမ်းသာပါတယ်ရှင်"

ကေသီက အရေးတယူ ပြောသည်။

"ကျွန်တော်က ပိုဝမ်းသာရမှာပါ၊ သွားမယ် ရှော့စ်၊ မောင်ရင်မရှိတဲ့ အချိန်ကို ရွေးပြီးကိုယ်လာလည်မှာနော်"

ပြောပြောဆိုဆို မြင်းနှစ်ကောင်ကို မောင်းပြီး ထွက်သွားသည်။ ဂျယ်နီက...



"ဟင်နရီကြီးက သိပ်ချစ်ဖို့ကောင်းတာကွဲ့ ကေ့သီ"

"ဟုတ်တယ်နော် ဂျယ်နီ"

"သူ့ကိုယ်သူ သတိမထားရင်တော့ ချစ်ဖို့ကောင်းတဲ့ အလောင်းတစ်လောင်းဖြစ်သွားမှာပဲ"

ကေသီကရယ်ပြီး ရှော့စ်၏လက်မောင်းကို လှမ်းဆုပ်သည်။

"အို... ရှော့စ်ကလည်းကွယ်"

အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ ပီတာနှင့် အဲနစ်ကလေးတို့နှစ်ယောက် ကြမ်းပြင်ပေါ်တွင် ထိုင်ကစားနေကြသည်။ ရှော့စ် ကြောင်သွားသည်။ ကြည့်စမ်း သူတို့လေးတွေ ဒါလောက်တောင် ကြီးကုန်ကြပြီကော။ ပြန်တွက်ကြည့်တော့မှ ဟုတ်တာပေါ့။ ခုနစ်နှစ်အရွယ်တောင် ရောက်ကုန်ကြပြီလေ။

ကေသီက ရွှေရောင်ဆံပင် အလိပ်လိပ်နှင့် အဲနစ်ကလေးကို ကောက်ပွေ့လိုက်သည်။ ပါးကလေးတွေမှာ ရဲတွတ်နေ၏။ ထိုင်ချလိုက်ပြီး ကလေးကို ပေါင်ပေါ်တင်သည်။ ပီတာကလေးက စစ်သားရုပ်တွေကိုဘေးဖယ်ပြီး ဘာမပြောညာမပြောနှင့် အဲနစ်နှင့်ယှဉ်ကာ ကေသီ့ပေါင်ပေါ် တက်ထိုင်သည်။ ကေသီ ဟန်မဆောင်နိုင်တော့။ ငိုချလိုက်၏။

"ရော်... ဘာဖြစ်လို့လဲ ကေသီရယ်"

ဂျယ်နီတအံ့တဩ မေးလိုက်သည်။

"ကေသီ့မှာ ခုထိ ကလေးမရဘူး ဂျယ်နီ၊ သိပ်လိုချင်တာပဲ။ ရမှရပါ့ဦးတော့မလား မသိဘူး"

ဂျယ်နီ ချော့ချော့မော့မော့ ပြန်ပြောသည်။

"အို... ကေသီကလည်းကွယ်၊ အချိန်တွေ အများကြီးကျန်ပါသေးတယ်။ အများကြီး မွေးနိုင်သေးတာပေါ့"

ရှော့စ်က စိတ်မကောင်းစွာဖြင့် တစ်ဖက်သို့လှည့်လိုက်သည်။ ဂျယ်နီ့ အိပ်ခန်းထဲမှ စားပွဲပေါ်တွင် ထောင်ထားသည့် ဓာတ်ပုံတစ်ပုံကို လှမ်းမြင်သည်။ နံဘေးတွင် ဆေးတံတစ်ချောင်းနှင့် ဆေးပြာခွက်။ ဂျယ်နီက အံ့ဩနေသည့် ရှော့စ်ကို လှမ်းကြည့်ပြီး ပြုံးသည်။

"ဒေးဗစ်နဲ့ ဂျယ်နီ လက်ထပ်လိုက်တာ တစ်လရှိပြီ ရှော့စ်၊ အဖေမရှိတော့ ကလေးတွေ တဖြည်းဖြည်း စည်းကမ်းပျက်လာတယ်။ ဦးလေးလုပ်တဲ့သူကလည်း အိမ်မကပ်ဘူး မဟုတ်လား။ ရှော့စ် ကန့်ကွက်မယ်မထင်လို့ ဂျယ်နီ စီစဉ်လိုက်တာ"

ရော့စ် လေးတွဲ့စွာဖြင့်

"ကန့်ကွက်စရာမရှိပါဘူး ဂျယ်နီ။ ဒေးဗစ်ဟာ လူတော်တစ်ယောက်ပါ၊ ဒါပေမဲ့ ကိုယ် တစ်ခုတော့မေးမယ်။ မင်း သူ့ကိုချစ်လို့လား ဂျယ်နီ"

"သူ့ကို ဂျယ်နီလေးစားတယ်။ ဘာပဲဖြစ်ဖြစ် ညည အိမ်ကိုမှန်မှန်ပြန်တဲ့ လူတစ်ယောက်ကို လက်ထပ်ရတာ စိတ်ချမ်းသာစရာ ကောင်းပါတယ် ရော့စ်"

"အင်း... ဟုတ်တယ်လေ၊ ဒါထက် အဲနစ်နဲ့ ဒင်တန်တို့ရော"

ဂျယ်နီ မျက်နှာပျက်သွားသည်။

"အဆင်မပြေဘူး ရော့စ်"

"ဘာ... အဆင်မပြေဘူး ဟုတ်လား၊ ဘာအဓိပ္ပာယ်လဲ ဂျယ်နီ"

"လက်မထပ်ဖြစ်တော့ဘူးလေ၊ ရော့စ် ထွက်သွားတော့ မော်ဂင် ခဏ ခဏ သတင်းလာမေးတယ်။ ရော့စ်ဆီက ဘာသတင်းမှမရဘူးပြောလည်း မရဘူး။ လာမြဲလာနေတာပဲ၊ သြော်... ကေသီ စိတ်မရှိနဲ့နော်၊ ရော့စ်နဲ့ မော်ဂင်က ဘာမှဖြစ်တာ မဟုတ်ပါဘူး"

"ကျေးဇူးတင်ပါတယ် ဂျယ်နီ"

ရော့စ်က ဖြတ်ပြောလိုက်၏။

"ကေသီကလည်း ကျေးဇူးတင်ပါတယ်၊ သူ မစွံမှန်းသိပါတယ်၊ ဒီမျက်နှာမျိုးကို ဘယ်မိန်းမက ကြိုက်မှာလဲ။ ကဲ ဆက်ပြောပါဦး ဂျယ်နီ၊ ဘယ်လိုဖြစ်ကြတာလဲ"

"ဟိုဟာမက အိမ်ကို ချောင်းပေါက်အောင်လာတယ်လေ။ ဒင်တန်ကလည်း လူချောလေး မဟုတ်လား၊ သူ ဘယ်အလွတ်ပေးမလဲ"

ရော့စ်၏မျက်နှာ ချက်ချင်း အုံ့မှိုင်းသွားသည်။

"ပါသွားရောလား"

"အဲဒီမှာ စဉ်းစားစရာပဲ ရော့စ်။ ဂျယ်နီတော့ မထင်ဘူး။ ဂျယ်နီဆီကို ဒင်တန် အကြိမ်ကြိမ်လာပြီး တောင်းပန်တယ်။ အဲနစ်ကို ရှင်းပြပေးဖို့ ပြောတယ်။ သူ့မှာ အပြစ်မရှိပါဘူးတဲ့။ ဂျယ်နီတော့ သူ့ကိုယုံတယ် ရော့စ်။ ဒါပေမဲ့ အဲနစ်က မရဘူး။ လက်စွပ်ပြန်ပေးပြီး စေ့စပ်ထားတာကို ဖျက်ပစ်လိုက်တယ်။ ဒင်တန်က စာအကြိမ်ကြိမ်ရေးပြီး တောင်းပန်တယ်။ လူကိုယ်တိုင်လည်း အခေါက်ခေါက်လာတယ်။ ဒီမိန်းမဟာ အဆိပ်မတဲ့။ အစ်ကိုတစ်ယောက်လုံးလည်း သူ့ကြောင့်သေရပြီတဲ့။ အဲဒီမိန်းမနဲ့ ပတ်သက်သမျှ လူတိုင်းကို သူ ရွံတယ်တဲ့"



"ဒုက္ခပါပဲ၊ သူ့မှာ ဘာစိတ်ကူးတွေများ ရှိနေလည်းမသိဘူး။ ဒီထက်ဆိုးဆိုးသွမ်းသွမ်းများ စဉ်းစားနေလား မသိဘူး ဂျယ်နီ"

ရော့စ် စိုးရိမ်တကြီး ပြောလိုက်သည်။ ဂျယ်နီက

"ဟုတ်တယ် ရော့စ်။ သူ သိပ်နာကြည်းနေတယ်၊ ရော့စ်ကိုလည်း ကျေနပ်ပုံမပေါ်ဘူး"

"သူ အခု ဘယ်မှာလဲ"

"အပေါ်ထပ် သူ့အခန်းထဲမှာ၊ အခန်းအပြင်ကို ဘယ်တော့မှမထွက်တော့ဘူးတဲ့။ အဲဒီအတိုင်းနေခဲ့တာ နှစ်နှစ်ရှိပြီး ရော့စ်"

"ကေသီ ခဏလေးနော်"

ရော့စ် အပေါ်ထပ်တက်ဖို့ ခြေလှမ်းပြင်လိုက်သည်။

"ကေသီပါ လိုက်မယ်၊ သူ့မှာ မိန်းကလေး စကားပြောဖော် လိုမှာပေါ့၊ သနားပါတယ်"

အဲနစ်၏မျက်နှာကိုကြည့်ပြီး ရော့စ် အထိတ်တလန့် ဖြစ်သွားသည်။ အဲနစ်သည် အလွန်လှပအသက်ဝင်သည့် မိန်းမချောကလေးဖြစ်၏။ အစဉ်မြူးကြွနေတတ်သည်သာ ဖြစ်၏။ ယခုမူ သက်မဲ့ ဖယောင်းရုပ်တစ်ခုလို ငူငူငိုင်ငိုင်ဖြစ်နေသည်။

"အဲနစ်... ညီမလေး"

ရော့စ် လှမ်းခေါ်လိုက်သည်။

"သြော်... အစ်ကိုလေး ပြန်လာပြီလား။ ဝမ်းသာပါတယ်"

လေသံက ဝတ်ကျေဝတ်ကုန်၊ ဝမ်းမသာမှန်း သိသာလှသည်။ ကေသီက ယောက်မလုပ်သူကို စာနာစွာကြည့်ရင်း

"သနားပါတယ်ကွယ်"

"ဒီ့မယ် အဲနစ်"

ရော့စ် စကား စမည်ပြုသည်။

"အစ်ကိုလေး ဘာပြောမယ်ဆိုတာ သိပါတယ်၊ ဒီလိုမနေသင့်ဘူး၊ ဒီလိုမလုပ်သင့်ဘူးလို့ ပြောမှာမဟုတ်လား။ ဟုတ်ပါတယ်"

"ဒါဆို ဘာဖြစ်လို့..."

"မသိဘူး အစ်ကိုလေး။ ဒီလိုပဲ နေချင်တယ်"

"ဘာဖြစ်လို့ ဒီလိုပဲနေချင်ရတာလဲကွယ်"

ကေသီ ဝင်ပြောသည်။ အဲနစ်က ကေသီ့ကို စိုက်ကြည့်ပြီး

"ရှင်က ဘယ်သူလဲဟင်"

"ညီမလေးရဲ့ ယောက်မလေ၊ ကိုယ့်နာမည်က ကေသီတဲ့"

"သြော်... ကေသီတဲ့လား၊ အဲဒီနာမည်မျိုး သဘောကျပါတယ်"

"ဟာ... ဒုက္ခပါပဲ"

ရှော့စ် ညည်းတွားလိုက်သည်။ အဲနစ်က အစ်ကိုလုပ်သူကို မော့ကြည့်ပြီး... "အစ်ကိုလေးက အဲနစ်ရူးနေတယ် ထင်လို့လား။ အင်း... နည်းနည်းများ ရူးနေသလား မသိဘူး"

"မဟုတ်သေးဘူး အဲနစ်၊ ဒီလိုနေလို့ ဘယ်ဖြစ်မလဲ"

"ဒီလိုပဲ နေရတော့မယ် အစ်ကိုလေး။ သူ မရောက်ဖူးတာ ဒီအခန်းထဲပဲရှိတယ်။ ကျန်တဲ့နေရာတွေ သူ အကုန်ရောက်ဖူးတယ်။ စိုက်ခင်းတွေထဲရော။ မြို့ထဲရော သူနဲ့အတူ မြင်းစီးကြတယ်လေ။ သူနဲ့အတူ ရောက်ဖူးတဲ့နေရာတွေကို ပြန်မြင်ရရင် သူ့ကို သတိရတာတော့လို့ပါ။ သစ်ပင်တွေကရော ပန်းပွင့်တွေကရော၊ မြစ်ရေပြင်ကပါ သူ့အကြောင်းကို ပြန်ပြောနေကြမှာ။ အဲဒါကြောင့် ဘယ်မှမထွက်တော့ဘူး။ ကဲ... အစ်ကိုလေး နားလည်ပြီလား"

"အို... နားမလည်ဘူး၊ နားမလည်ဘူး"

ကေသီက ရှော့စ်နားနားသို့ တိုးတိုးကလေး ကပ်ပြောသည်။

"ကေသီ့ကို အောက်ထပ်ပြန်ပို့တော့၊ ငိုမိလိမ့်မယ်။ သိပ်သနားတာပဲ"

"အစ်ကိုလေး ပြန်လာခဲ့မယ်နော်၊ ပြီးမှ အေးအေးဆေးဆေး စကားပြောမယ်"

"သဘောပဲလေ"

အပြင်ရောက်သည်နှင့် ကေသီက တရှုပ်ရှုပ်ငိုၡ၏။

"ရင်ထဲမကောင်းလွန်းလို့ပါ ရှော့စ်ရယ်၊ အဲနစ်ရဲ့အဖြစ်က ဆိုးလှချည်လားဟင်"

"အင်း မိန်းမတစ်ယောက်ရဲ့ ဆိုးယုတ်မှုကြောင့် ကိုယ့်ညီမငလေး ခံရတာကွ"

အောက်ထပ်တွင် ဂျယ်နီနှင့် အိမ်စေတစ်သိုက် ညစာပြင်နေကြသည်။ ညစာဝိုင်းတွင် သူတို့ထိုင်လိုက်ကြ၏။ ဒေးဗစ်မာတင် ပြန်ရောက်လာသည်။

ရှော့စ်ကိုမြင်တော့ ခန့်ချောချောသည့် သူ့မျက်နှာကြီး ရှက်စိတ်ဖြင့် နီရဲသွားသည်။ ဒါကို ဂျယ်နီက လှမ်းမြင်လိုက်သည်နှင့် ထပြီး အနမ်းနှင့်ကြိုဆိုသည်။ တိုးတိုးကပ်ပြောလိုက်၏။



"ဘာမှမပူနဲ့၊ ရှော့စ်ကို ပြောပြီးပြီ"

ရှော့စ်က မတ်တတ်ထပြီး လက်ကမ်းပေးလိုက်သည်။

"ဂုဏ်ယူပါတယ် ဒေးဗစ်"

ဒေးဗစ်က ကျောင်းသားလေးတစ်ယောက်လို ရှက်ပြုံး ပြုံးနေသည်။

"ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်ဖြင့် ရှော့စ် လက်ခံပါ့မလားဆိုပြီး အချိန်ရှိတိုင်း တွေးပူနေတာ။ ရည်ရွယ်ချက် မြင့်လွန်းတယ်များ ကျွန်တော့်ကို ထင်မလားပဲ"

"လူဆိုတာ ရည်ရွယ်ချက်မြင့်ရမှာပေါ့ ဒေးဗစ်၊ ရည်ရွယ်ချက်မမြင့်ရင် အနိမ့်ထဲမှာပဲ နေရမှာပေါ့"

ရှော့စ်က ကေသီနှင့် တစ်ဆက်တည်း မိတ်ဆက်ပေးသည်။

"ကေသီ၊ ဒေးဗစ်မာတင်လေ။ ဟိုတုန်းက ကိုယ့်လုပ်ဖော်ကိုင်ဖက်ပေါ့။ ခုတော့ ကိုယ်တို့မိသားစုစာရင်းဝင် ဖြစ်သွားပြီလေ။ ဒေးဗစ် ဒါ ကိုယ့်အမျိုးသမီး ကေသီ"

"တွေ့ရတာ ဂုဏ်ယူဝမ်းမြောက်ပါတယ် ခင်ဗျာ။ ကေသီရဲ့လင်တော်မောင် ရှော့စ်ပါရီဟာ လူတိုင်းလေးစားရတဲ့ လူကြီးလူကောင်းတစ်ယောက်ပါ"

ကေသီ လေသံမာမာဖြင့် ပြန်ပြောသည်။

"ရှေ့လျှောက် လေးစားကြတော့မှာ မဟုတ်ဘူး။ သူ့ရဲ့မိုက်ရူးရဲစီမံကိန်းတွေ ဆက်လုပ်ရင်ပေါ့လေ"

ဂျယ်နီတို့လင်မယား ဝင်ထိုင်သည်။ ရှော့စ်ကို မေးခွန်းထုတ်နေသည့် မျက်လုံးများဖြင့် ကြည့်ကြသည်။ ရှော့စ် ခပ်လေးလေး စကားစသည်။

"အင်း ဒီကိစ္စ ဖြည်းဖြည်းမှပြောမလို့ပါပဲ။ ဒါပေမဲ့ ကေသီ အစဖော်ပေးတော့ တစ်ခါတည်း ဆွေးနွေးလိုက်ကြရအောင်။ မင်းတို့ကို တွမ် လွှဲပေးခဲ့တဲ့ လူမည်းတွေကို ကိုယ့်ပြန်ရောင်းပါလား"

ဂျယ်နီက ဒေးဗစ်မျက်နှာကိုတစ်လှည့် ရှော့စ်ကိုတစ်လှည့် ကြည့်ပြီး

"ဂျယ်နီ့ကို သူ ဘာမှလွှဲမပေးခဲ့ဘူး ရှော့စ်။ အားလုံး ရှော့စ်နာမည်နဲ့ ထားခဲ့တာ။ ကလေးတွေနဲ့ ဂျယ်နီကို ရှော့စ်က ထောက်ပံ့ရမယ်လို့တော့ပါတယ်"

"သြော်... အဲလိုလား။ တစ်မျိုးတော့လည်း ရှင်းနေသားပဲ။ ဒါပေမဲ့ တစ်ဖက်ကကြည့်ရင်လည်း မရှင်းပြန်ဘူး"

ဤတွင် ဒေးဗစ် မေးခွန်းဝင်ထုတ်သည်။

"အားလုံးရောင်းဖို့ စိတ်ကူးလို့လား ရှောစ်။ စိတ်ကူးတယ်ဆိုရင်တော့ ကျွန်တော် တစ်ခုတင်ပြပါရစေ။ မနှစ်တုန်းက သစ်စက်က ခြံထက်ဝင်ငွေပိုကောင်းတယ်။ အရမ်းတက်တာပဲ။ ဒါကြောင့် ရောင်းမယ်ဆိုရင်တော့ သစ်စက်ကို ကျွန်တော်တို့ကိုပဲ ပြန်ရောင်းပါ။ တစ်သက် ကျေးဇူးမမေ့ပါဘူး ရှောစ်"

"အို အစီပွာယ်မရှိတာကွာ၊ မင်းနဲ့ ဂျယ်နီကို လွှဲပေးခဲ့မှာပေါ့၊ ပြီးတော့ ပုဏ္ဏမီရိပ်သာမှာပဲ ဆက်နေကြ။ ခြံမြေကိုတော့ အိမ်ပတ်ဝန်းကျင်ကိုချန်ပြီး ရောင်းလိုက်မယ်"

"ရှောစ်ရယ်၊ ဘာလို့ရောင်းမှာလဲကွယ်"

ဂျယ်နီက စိတ်မကောင်းသည့်လေသံဖြင့် ပြောသည်။ ဤတွင် ကေသီ မလိုတမာလေသံဖြင့် ဝင်ပြော၏။

"ကပ္ပလီတွေကို လွှတ်ပေးမလို့တဲ့လေ ဂျယ်နီ"

အားလုံးတိတ်သွားသည်။ ပထမဆုံး စကားပြန်စနိုင်သူက ဒေးဗစ်။

"ဒါက ရှောစ်ရဲ့ ကိုယ်ပိုင်လုပ်ခွင့်ပါ။ ဒါပေမဲ့ အချိန်အခါနဲ့ အခြေအနေကို ထည့်စဉ်းစားဖို့ ကောင်းတယ်လို့ ကျွန်တော်ထင်တယ် ရှောစ်"

ကေသီ ဒေါသဖြစ်နေသည့်လေသံဖြင့် ဝင်ပြောပြန်၏။

"ကိုယ်ပိုင်လုပ်ခွင့်လို့လည်း ပြောလို့မရဘူး၊ အများနဲ့ညှိရမယ်။ ခုချိန်မှာ ဒါမျိုးလုပ်ရင် ရန်သူအားပေးဖြစ်မှာပေါ့"

ဂျယ်နီက နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ကေသီကို ကြည့်သည်။

"တစ်ခုတော့ရှိတယ် ညီမရဲ့၊ ကျွန်စနစ်နဲ့ပတ်သက်လို့တော့ ခေါင်းဆောင်ကြီး တချို့နဲ့ ရှောစ် အမြင်ချင်းတူကြတယ်ကွယ့်။ သောမတ်ဂျက်ဖာဆင်က ပြောတယ်လေ။ လူလူချင်း ကျွန်ပြုတာဟာ ခွင့်မလွှတ်နိုင်တဲ့ ရာဇဝတ်မှုပဲဆိုပြီး သူ့ကျွန်တွေကို လွှတ်ပေးတယ်။ ဂျော့ဝါရှင်တန်ကလည်း သူ့မိန်းမဆိုလား၊ သမီးဆိုလား သေရင် သူ့ကျွန်တွေအားလုံး လွှတ်လပ်စေရမယ်တဲ့။ ဘယ်တစ်ယောက်လဲ ..."

"အဲဒါတွေ ကေသီ တစ်ခုမှမယုံဘူး"

"တကယ့်လက်တွေ့ကျကျ မစဉ်းစားတဲ့ လူတွေကတော့ မယုံကြည်ဘူးလေ"

ရှောစ်က လေအေးကလေးဖြင့် ဝင်ပြောသည်။ ကေသီက စားပွဲခင်းကို တအားဆုပ်ထားလိုက်၏။ မုန်းခနဲ မတ်တတ် ထရပ်လိုက်သည်။

"လူမည်းတွေဟာ လူဖြူတွေအတွက် အလုပ်အကျွေးပြုဖို့ ဘုရားသခင်က



ဖန်ဆင်းပေးထားတာ။ ဘုရားသခင်ကိုယ်တော်တိုင် အဲဒီလိုမဟုတ်ပါဘူးလို့ ကိုယ်ထင်ပြပြီး မပြောသမျှ ရှင်တို့ပြောတာတွေ တစ်ခုမှလက်မခံဘူး"

ပြောပြောဆိုဆို ကေသီ အခန်းထဲမှ ထွက်သွားသည်။

"တကယ့်ပြဿနာပါလား ရှောစ်"

ဂျယ်နီက စိတ်မချမ်းမသာဖြင့် ဝင်ပြောသည်။

"တကယ့်ပြဿနာပဲ ဂျယ်နီ"

ရှောစ် စိတ်ပျက်လက်ပျက် ပြန်ပြောလိုက်၏။

ပြဿနာ ဘယ်လောက်ကြီးသည်ကို ရှောစ် နောက်တစ်လအတွင်း ပို၍ သိလာ၏။ လူမည်းကျွန်တွေကို လွှတ်လပ်ခွင့်ပေးပြီး အာဖရိကသို့ပို့ဖို့ ရုံးတော်သို့ ဦးတိုက်လျှောက်လဲသောအခါ တစ်မြို့လုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားသည်။

အပေါင်းအသင်းများက မလုပ်သင့်ကြောင်း ဆွေးနွေးသည်။ သိသူတွေရော၊ မသိသူတွေပါ အိမ်တိုင်ရာရောက် လာပြီး ကန့်ကွက်ကြ၏။ ငြင်းကြခုံကြ၏။ အချို့က ခြိမ်းခြောက်ကြ၏။ လူလူချင်း ချိန်းသတ်ဖို့ စာနှစ်ဆယ့်တစ်စောင်ရသည်။ ရှောစ်က အားလုံးကို ငြင်းပယ်လိုက်၏။

အဆိုးဆုံးအဖြစ်က ကေသီ။ သူ့ကို လုံးဝစကားမပြောတော့ခြင်းပင်။

မျက်နှာချင်းလည်း မဆိုင်တော့။ ရှောစ် ပို၍စိတ်အနှောင့်အယှက်ဖြစ်ရသည့်ကိစ္စမှာ ဝယ်ပေးသည့် မြင်းစီးဝတ်စုံကို မဝတ်ဘဲ မိမိ၏အဝတ်အစားတွေကို ဟိုနေရာသီ၊ သည်နေရာရှုံ့၊ ဟိုနေရာကျဉ်း ဝတ်ဆင်ပြီး မြင်းတစ်စီးနှင့် ယောကျ်ားတစ်ယောက်လို ကိုးကုန်းကိုးကျင်း အန့်လျှောက်စီးနေခြင်းဖြစ်၏။ ကဆုန်စိုင်းနေသော မြင်းပေါ်တွင် ဆေးပြင်းလိပ်ခဲထားလိုက်သေးသည်။

အံ့ဩကုန်နိုင်ဖွယ်သတင်းမှာ ချက်ချင်း ပျံ့နှံ့သွားတော့၏။

ပြည်နယ်ဥပဒေအရ လူတစ်ယောက်သည် မိမိပိုင်ဖြစ်လင့်ကစား ကျွန်များကို လွှတ်လပ်ခွင့်မပေးနိုင်ဟုဆိုကာ အောက်ရုံးမှ ပယ်ချလိုက်သည်။

တစ်နေ့တွင် သူ့လူတွေကို အိမ်ရှေ့တွင်စုရုံးစေပြီး သတင်းဆိုးကို ရှောစ် ပြောပြလိုက်၏။

"ဆရာ ဘာဆက်လုပ်မလဲ။ ဆရာ့ကို လူတွေ ဝိုင်းပြီးသရော်တာခံမလား၊ ဒါမှမဟုတ် ဆက်ပြီးတိုက်ပွဲဝင်မလား"

ဘရုတပ်စ်က မေးလိုက်သည်။ ရှောစ် ခပ်တိုးတိုးပြန်ဖြေသည်။

"ငါ ဆက်ပြီးတိုက်မှာပါ ဘရုတပ်စ်၊ စိတ်ချ။ အမှန်တရားဘက်က

နေရသမျှ ငါ ဘယ်တော့မှ မလျှော့ဘူး"

ဂျက်ဆင်ရှိ အထက်ရုံးတော်သို့ ဆက်လက်လျှောက်ထားလိုက်သည်။ သည်အတွက် ရရှိသည့်အကျိုး သက်ရောက်မှုက ခါးသီးလှ၏။ မိမိကဲ့သို့ပင် နက်ချက်မှ အကြာကြီးပျောက်ကွယ်သွားသည့် မောင်ဂင်တစ်ယောက် တောင်ထွတ်မြို့သာသို့ ပြန်ရောက်လာ၏။

ဘုရင်မတစ်ပါးနှယ် အိမ်သို့ တင့်တင့်တယ်တယ်ပြန်လာခြင်း ဖြစ်သည်။ မောင်ဂင်၏ ပထမဆုံးဧည့်သည်မှာ ဟင်နရီမွန်းကုလစ်။

"ရော့စ်ပါရီအကြောင်း ကြားပြီးပြီလား မောင်ဂင်။ တော်တော်မိုက်တဲ့ ငနဲပဲ။ မည်းကောင်တွေကိုလွှတ်ပေးဖို့ ရုံးတော်ကို လျှောက်တယ်လေ။ ဝိုင်းပြီး အိမ်ကိုမီးတင်ရှို့မယ်လုပ်ကြလို့ ကိုယ်ရယ်၊ ဟင်နရီမက်ကာဖီရယ်၊ လယ်ဗင်မာရှယ်ရယ် မနည်းတောင်းပန်ရတယ်။ ဂျယ်နီနဲ့ ကလေးတွေမျက်နှာ ထောက်ကြပါဦးလို့ပြောမှ ဟိုကောင်တွေ ပြန်လှည့်သွားကြတာဗျား"

"ဟုတ်လား၊ ဘာမှမကြားသေးဘူး။ ဟင်နရီတို့ ကောင်းလို့ပေါ့နော်"

မောင်ဂင်က ခပ်ညုညုလေသံဖြင့် လေးလေးတွဲ့တွဲ့ ပြောသည်။

"ဒါပေါ့... ဒါတင်မကသေးဘူး မောင်ဂင်၊ အိမ်အပြန်မှာ ကောင်မလေးတစ်ယောက် ပါလာသေးတယ်။ ကိုယ်တွေ့ဖူးသမျှထဲမှာတော့ ရုပ်အဆိုးဆုံးပဲ။ တစ်ကိုယ်လုံးလည်း မှဲ့ခြောက်တွေနိုင်းချင်းနဲ့။ ခွေးဝဲစားမလေးကျနေတာပဲ"

"ပါးစပ်ကျယ်ကျယ်၊ ဆံပင်အညိုရောင်၊ ပိန်ပိန်ပါးပါး"

"အလို မင်းက ဘယ်လိုလုပ်ပြီး သိနေတာလဲ"

"နာမည်က ကေသီတဲ့၊ ကေသီလင်တန်။ လက်စသတ်တော့ သူ လက်ထပ်ယူလိုက်တာကိုး"

မောင်ဂင်၏ မျက်ဝန်းနက်များထဲတွင် ဒေါသမီးလျှံတွေ လူးလွန့်လှုပ်ရှားလာသည်။

"ဟုတ်ပါ့ဗျာ၊ သူမှ သူအစစ်"

ဟင်နရီက ပြုံးပြီး

"တစ်မျိုးတော့ တစ်မျိုးပဲ မောင်ဂင်၊ ကောင်မလေးက ဆွဲဆောင်မှုတော့ အပြည့်ပဲ။ ကိုယ်တောင် စိတ်တွေလှုပ်ရှားနေမိတယ် သိလား"

"စိတ်လှုပ်ရှားတယ် ဟုတ်လား"

မောင်ဂင်က သူ့ကိုစိမ်းစိမ်းကြည့်ပြီး...

"ဘယ်လိုစိတ်လှုပ်ရှားတာလဲ ဟင်နရီ"



"ကိုယ့်စိတ်ကလည်း မသန့်ရှင်းပါဘူးကွာ"

"ဪ... ဒါလောက်တောင်ပဲလား"

"ဟုတ်တယ် မောင်ဂင်၊ တကယ့် တစ်မျိုးမိန်းကလေး၊ မြင်းစီးတာလည်း ယောကျ်ားရှုံးတယ်။ အမြင့်ကြီးတွေ ခုန်နိုင်တယ်တဲ့။ ဆေးပြင်းလိပ်ခဲပြီး မတ်တတ်စီးတဲ့အခါလည်း စီးတယ်တဲ့။ သူ့ကိုမြင်ရင် ဟာ မပြောချင်ပါဘူး"

မောင်ဂင် ရယ်သည်။ တစ်ခန်းလုံး သူ့ရယ်သံ လွင်လွင်ကလေး ပျံ့နှံ့နေ၏။ ဟင်နရီက သူ့ကိုစိုက်ကြည့်ပြီး

"ဘာတွေ သဘောကျနေတာလဲ"

"ဘာမှမဟုတ်ပါဘူး၊ စိတ်ကူးတစ်ခု ရလို့ပါ။ လာပါဦး ဒါလင်ရယ်၊ မောင်ဂင်ကို နမ်းပါဦး"

ဟင်နရီက ပြုံးပြုံးကြီးလုပ်ပြီး

"နမ်းမှာပေါ့ ချိုသဲလေးရယ်"

ခဏနေတော့ မောင်ဂင်က ပုံမှန်လေသံဖြင့်

"အဲဒါ ကြိုတင်ပေးထားတဲ့ စရန်ပဲ"

"ဘာအတွက်လဲဟင် မောင်ဂင်"

"ရော့စ်ပါရီရဲ့မိန်းမကို ဟင်နရီရဲ့ ရင်ခွင်ထဲရောက်အောင် လုပ်ပေးမယ်လေ"

*

ကေသီ အိပ်ရာမှနိုးလာသည်။ နံဘေးမှ လွတ်နေသည့်အိပ်ရာကို လှမ်းကြည့်လိုက်၏။ ရော့စ်က အမှုကိစ္စဖြင့် ဂျက်ဆင်သို့ သွားနေရသည်။

"သေ... သေ၊ ပြန်မလာနဲ့။ အဲဒီမှာပဲသေလိုက်"

ကေသီ တစ်ယောက်တည်း အသံထွက်ပြောလိုက်မိ၏။ ပြတင်းပေါက်မှ အပြင်သို့ ပြန်ကြည့်လိုက်သည်။ နေတော်တော်မြင့်နေပြီပဲ။ ခါတိုင်းထက် နောက်ကျပြီးမှ နိုးခြင်းဖြစ်၏။ ခပ်သွက်သွက် အဝတ်လဲပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။ နောက်ကျနေသဖြင့် နံနက်စာဝိုင်းတွင် တစ်ယောက်တည်း စားပြီးတော့ ဆင်ဝင်အောက်သို့ ထွက်ခဲ့သည်။ ယောင်တောင်တောင်နှင့် ဘယ်သွားလို့ ဘာလုပ်ရမှန်းလည်း မသိ။ အို... မြင်းလျှောက်စီးတာပဲ ကောင်းပါတယ်။

အဝတ်လဲဖို့ အိမ်ထဲပြန်ဝင်မည်အပြုတွင် ပုဏ္ဏမီရိပ်သာဝင်းထဲသို့

မြင်းတစ်စီးဝင်လာကြောင်း မြင်လိုက်၍ အသာစောင့်နေလိုက်သည်။ အမျိုးသမီးတစ်ယောက်ပါလား။ တဖြည်းဖြည်းနီးလာတော့ မျက်နှာကို သဲသဲကွဲကွဲ မြင်ရသည်။ သည်လောက်လှသည့် မိန်းမမျိုး ကေသီတစ်သက်တွင် မမြင်ဖူးခဲ့။

"ကေသီ မဟုတ်လားဟင်၊ တွေ့ရတာ ဝမ်းသာတယ်ကွယ်"

အသံကလေးကလည်း ရုပ်နှင့် လိုက်ဖက်ပါပေသည်။ ချိုသာ ကြည်လင်လှ၏။

"ဟုတ်ပါတယ်၊ ရှင်က ဘယ်သူလဲ"

"မော်ဂင်ပါ"

"အို..."

မော်ဂင်က ရယ်သည်။ ရယ်သံက စမ်းရေစီးသံလို ချစ်စဖွယ်။

"ကိုယ့်နာမည်တော့ မင်းကြားဖူးပြီးသား ထင်ပါရဲ့။ ကိုယ့်အကြောင်းလည်း ကြားပြီးနေရောပေါ့။ တစ်ခုမှ အကောင်းမပါဘူး ဟုတ်လား"

"ဟုတ်တယ်၊ မကြားဝံ့ မနာသာတွေချည်းပဲ။ အဲဒါတွေဟာ မမှန်သတင်းတွေ မဟုတ်လားဟင်"

ကေသီက အရိုးခံအတိုင်း မေးလိုက်ခြင်းဖြစ်၏။ စနေမပေါ်မှ မော်ဂင်ဆင်းလိုက်သည်။

"ဘာလို့ မေးတာလဲဟင်"

"ရှင့်ကိုတွေ့ရတော့ သူတို့ပြောတာတွေ မယုံချင်သလို ဖြစ်လာတယ်"

မော်ဂင်က ကေသီ့ခါးကလေးကိုဖက်ပြီး ပါးကိုနမ်းလိုက်သည်။

"ခုလို ပြောဖော်ရတာ ကျေးဇူးတင်ပါတယ်ကွယ်"

ကေသီက ထပ်မေးသည်။

"သူတို့ပြောတာတွေ ဟုတ်သလားဟင်"

မော်ဂင် ပြုံးပြုံးကလေး ဖြေသည်။

"ဟုတ်သင့်သလောက်လည်း ဟုတ်မှာပေါ့ကွယ်။ သိတယ်မဟုတ်လား၊ လူတွေက တစ်ဆိတ် တစ်အိတ်လုပ်တတ်ကြတာလည်း ပါတယ်လေ"

"ဟုတ်မှာပါ၊ ကေသီတော့ မယုံဘူး"

"မင်းဟာ တကယ့်ကို ချစ်စရာကောင်းတဲ့ မိန်းကလေးပဲ၊ ကိုယ်တို့ ရင်းရင်းနှီးနှီး နေကြရအောင်ပါနော်"

ကေသီ ချက်ချင်းပြုံးလိုက်သည်။

"အို... ဘာလို့မနေရမှာလဲ၊ ကေသီက မော်ဂင်ကိုမြင်မြင်ချင်း ချစ်နေမိ



တာ၊ အိမ်ထဲဝင်လေ"

"ကိုယ် အချိန်မရဘူး ကေသီ၊ မင်းကို ဖိတ်ဖို့သက်သက် ထွက်လာတာ။ ရောစ်မရှိလို့ ပျင်းနေတယ်မဟုတ်လား။ ဒီည ကိုယ့်အိမ်မှာ ဖဲကစားကြရအောင်ရော့"

ကေသီ အလွယ်တကူ လက်ခံလိုက်သည်။

"ကောင်းသားပဲ"

"လာမယ်ပေါ့နော်"

"ဟုတ်ကဲ့၊ လာခဲ့ပါ့မယ်"

"ဂျယ်နီ့ကို မပြောနဲ့နော်၊ သူက ကိုယ့်ကို မကြည်ဘူးကွ။ မြင်းစီးထွက်မယ်ဆိုပြီး လစ်ခဲ့ပေါ့ကွာ"

မော်ဂင် နှုတ်ဆက်ပြီး ပြန်သွားသည်။

ထိုညတွင် တောင်ထွတ်မြိုင်သာသို့ ကေသီ လာဖြစ်ခဲ့သည်။ ဘဏ္ဍာစိုးကြီး ကာတိုက အလွန့်အလွန် ရိုကျိုးစွာ ဆီးကြိုသည်။

-"မမလေးက အပေါ်ထပ် သူ့အိပ်ခန်းထဲကို ကြွပါတဲ့ခင်ဗျ"

တောင်ထွတ်မြိုင်သာ အိမ်ကြီး၏ အပေါ်ထပ်သို့ ကေသီ တက်လာခဲ့သည်။ ဘယ်အခန်းမှန်းမသိသဖြင့် ဟိုကြည့် သည်ကြည့်နှင့်။ အခန်းတစ်ခန်းထဲမှ မော်ဂင်ထွက်လာပြီး

"ဟော... ကေသီလေးလာပြီ၊ ဝမ်းသာလိုက်တာကွယ်"ဟု ဆိုကာ အခန်းထဲသို့ တွဲခေါ်သွားသည်။

"စကားပြောရင်း နည်းနည်းသောက်ကြရအောင်နော်"

ဖန်ခွက်ကြီးတွေက ကမ္ဘာလုံးပုံစံ။ အလွန်ဆန်းမည့်ပုံမျိုး။ စိတ်က ခပ်ထွေထွေမို့ ဖြစ်ချင်ရာဖြစ်ဟု ကေသီ လျှော့ထားလိုက်သည်။ မော်ဂင်က ဖန်ခွက်ထဲသို့ ဘရန်ဒီ ပြည့်လုခမန်း လောင်းထည့်၏။ ဘရန်ဒီကို ကေသီ တစ်ခါမှ မသောက်ဖူးခဲ့။ တစ်ငုံကျတော့ အခန်းထဲမှ အရာအားလုံး ယိမ်းထိုးလှုပ်ရှားစပြုလာသည်။

"ထပ်ဖြည့်ဦးလေ"

မော်ဂင်က ညင်ညင်သာသာ တိုက်တွန်းသည်။

"ဟင့်အင်း... တော်ပြီ၊ သိပ်မူးတာပဲ"

ကိုယ့်အသံ ကိုယ် အဝေးမှလာသလို ပြန်ကြားရ၏။

"ခဏလေးနော်၊ မင်းအတွက် ကိုယ်တစ်ခုခု သွားလုပ်လိုက်ဦးမယ်"

ထွက်သွားပြီး တော်တော်နှင့်ပြန်ပေါ်မလာ။ အတန်ကြီးကြာမှ တံခါးပွင့်

လာသည်။ သို့သော် ဝင်လာသူက မော်ဂင်မဟုတ်။ ဟင်နရီမွန်းကလစ်။ ဟင်နရီက တိုးတိုးကလေး နှုတ်ဆက်သည်။

"ကေသီ... ဩော်... မောင့်ကေသီရယ်"

"ရှင် ဘာလိုချင်လို့လဲ"

"လိုချင်တာကတော့ မင်းကိုပေါ့ကွယ်"

ဟင်နရီက ငုံ့ပြီးနမ်းဖို့ ကြိုးစားသည်။ အရက်နံ့က တထောင်းထောင်း။ ကေသီ ရှောင်၏။ ဟင်နရီက ကေသီ့ကို တအားဆွဲပွေ့ပြီး အိပ်ရာပေါ်သို့ ခပ်ကြမ်းကြမ်း ပစ်တင်လိုက်သည်။ အတင်းကြမ်းတော့မှ အလှည့်စားခံလိုက်ရပြီဟု ကေသီ နားလည်လိုက်၏။

ရင်တွေ တဒိုင်းဒိုင်းခုန်နေသည်။ မူးတာတွေ ဘယ်ရောက်ကုန်မှန်းမသိ။ ခြေထောက်နှစ်ဖက်ကို ရင်သားများပေါ်သို့ ပိသည်အထိ ကွေးညွတ်ပြီး ရှိသမျှ ခွန်အားကိုသုံး၍ စုံကန်ထည့်လိုက်သည်။ ဟင်နရီမွန်းကလစ် ခုတင်နံဘေးသို့ လိမ့်ကျသွားသည်။ ကေသီ အိပ်ရာပေါ်မှ ဝုန်းခနဲထလိုက်ပြီး နံဘေးစားပွဲမှ ဇရာမမီးခွက်ကြီးကို ကောက်ကိုင်လိုက်သည်။ အောက်ခံရေနံဆီခွက်ကို ကြေးသားဖြင့် ပြုလုပ်ထားသည့် မီးခွက်ကြီး။ မီးထွန်းမထားခြင်းက ဟင်နရီအတွက် ကံကောင်းသည်ဟု ဆိုရမည်။ စုံကိုင်ပြီး သူ့ခေါင်းပေါ်သို့ တအားရိုက်ချလိုက်သည်။ မျက်နှာတစ်ခုလုံး ရေနံဆီတွေ သွေးတွေ ရောထွေးသွားသည်။

ရန်းရင်းဆန်ခတ်ဖြစ်သံကြားတော့ မော်ဂင် ပြန်ရောက်လာသည်။ ကေသီ့ကို မတွေ့ရတော့။ လှေကားမှ ပြေးဆင်းသွားသည့် ခြေသံကိုသာ ကြားလိုက်ရ၏။ ခုတင်နံဘေးတွင် သွေးအလိမ်းလိမ်းနှင့် သတိမေ့လဲနေသော ဟင်နရီမွန်းကလစ်ကို ကြည့်ပြီး မော်ဂင် ဟက်ဟက်ပက်ပက် ရယ်သည်။

"ကြိုက်သွားပြီ... မင်းကိုတော့ ငါ သိပ်ကြိုက်သွားပြီ ကေသီရေ့"

■

## အခန်း (၁၇)

"ပြီးပြီလားဟေ့ ဘရုတပ်စ်"

ရှော့စ် လှမ်းမေးလိုက်သည်။

"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော့်တို့ အသင့်ပါပဲ"

ရှော့စ်က နှမာကို တစ်ချက်လှမ်းကြည့်လိုက်သည်။ လူပျိုပေါက်ကလေးဖြစ်နေ၏။ ဖအေလိုပင် ထွားထွားကျိုင်းကျိုင်းကြီး။ ရေချယ်မှာ ဝဝလင်လင် စိုစိုပြည်ပြည်နှင့် အာဖရိကဘုရင်မတစ်ပါး၏ ကျက်သရေရှိခြင်းမျိုးဖြင့် တင့်တယ်နေသည်။ သူတို့မိသားစုမှာ နောက်ဆုံးအသုတ်ဖြစ်၏။ ကျန်လူမည်းအားလုံး လွတ်မြောက်သွားကြပြီဖြစ်သည်။ ရှော့စ်သည် လွတ်ပေးရပုံကို မကျေမနပ်ဖြစ်လျက်ရှိ၏။ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ လူခွဲပြီး တောင်ထွတ်မြိုင်သာ၏ အနောက်ဘက် တောနက်ကြီးထဲသို့ ပို့ထားရသည်။ မည်သို့ဖြစ်စေ သည်တစ်သုတ်ပြီးလျှင် အသက်ဝဝရှူနိုင်ပြီဖြစ်သည်။

အထက်ရုံးက ရှော့စ်၏ လျှောက်တင်ချက်ကို လိုက်လျောသည်။ စီရင်ချက်ချခဲ့သည်မှာ တစ်လရှိပြီ။ စီရင်ချက်ချသည့်နေ့က လူအုပ်ကြီးသည် ရှော့စ်ပါရီကို ချေမှုန်းပစ်တော့မည့်နှယ် ဝိုင်းဝန်းကြိမ်းမောင်းကြ၊ အော်ဟစ် ကန့်ကွက်ကြနှင့်။ အချို့က ရိုက်မောင်းပုတ်မောင်းလုပ်မည် တကဲကဲနှင့်။

ပြည်နယ်ဥပဒေက လူမည်းကျွန်များကို ပြည်နယ်၏ နယ်နိမိတ်အတွင်း၌ လွတ်လပ်ခွင့်မပေးနိုင်ပေ။ သို့သော် ရှော့စ်က သူ့လူတွေကို အာဖရိက တိုက်ရိုက်ပို့ပါမည်ဟု လျှောက်တင်သောအခါ တရားသူကြီးမှာ ပြည်နယ်ဥပဒေဖြင့် ကန့်ကွက်ရခက်နေသည်။

သို့သော် သည်အဆင့်တို့တိုင်အောင် ချောချောမွေ့မွေ့ ရောက်လာခြင်းတော့ မဟုတ်။ ၁၈၅၉ ခုနှစ်၊ မိုးဦးကျတွင် ပုဏ္ဏမီရိပ်သာသို့ ရှော့စ် ပြန်ရောက်

လာသည်။ သွားလေသူ ချစ်ဇနီးအားပေးခဲ့သည့်ကတိကို မဖြစ် ဖြစ်သည့်နည်းနှင့် အကောင်အထည်ဖော်မည်ဟူသော ဆုံးဖြတ်ချက်ဖြင့်။ ဤတွင် ပတ်ဝန်းကျင်မှ လုပ်ဖော်ကိုင်ဖက်များနှင့် အပေါင်းအသင်းအချို့၏ အကြမ်းဖက်မှုကို ခံရတော့သည်။

တစ်နေ့တွင် ကေသီကိုလက်တွဲပြီး ရထားပေါ်မှ ဆင်းလိုက်သည်။ ပုဏ္ဏမီရိပ်သာ၏ မျက်နှာစာကွက်လပ်တွင် လူတစ်ရာကျော်ခန့်စုဝေးပြီး သူ့ကို စောင့်နေကြ၏။ ရှော့စ်နှင့် ကေသီ ဆင်ဝင်ဆီသို့ လျှောက်လာကြတော့ သူတို့ လမ်းဖယ်ပေးကြသည်။ လူအုပ်ကြီးဘက်သို့လှည့်ပြီး ရှော့စ် မျက်နှာချင်းဆိုင်လိုက်သည်။

“ကဲ… လူကြီးမင်းများ၊ အကြောင်းရင်းကို အမိန့်ရှိကြပါဦး”

ဗလကောင်းကောင်း လူတစ်ယောက် ရှေ့တိုးလာသည်။ မြစ်ညာပိုင်းက ခြံပိုင်ရှင် အန်သနီနစ်ဗန်ဟု သိလိုက်၏။

“ဒီမယ် ပါရီ၊ ကပ္ပလီတွေကို မင်း လွှတ်ပေးမယ့်ကိစ္စအတွက် တို့လာတာ။ တို့တစ်တွေ တစ်ယောက်နဲ့တစ်ယောက် ရန်သူမဟုတ်ကြတဲ့အတွက် အိမ်နီးနားချင်းကောင်း ပီသစွာ မင်းကို အေးအေးဆေးဆေး တားမယ်။

“တောင်ပိုင်းရဲ့ ကံကြမ္မာဟာ တော်တော်လေး မရေမရာဖြစ်နေတယ်။ ရိုပ်ါဗလစ်ကန်တွေသာ နေရာတကာမှာ အာဏာရနေတယ်။ သူတို့သာ သမ္မတ အာဏာရသွားရင် စစ်ဖြစ်ဖို့က သေချာနေပြီ။ မောင်ရင်လုပ်ပုံဟာ ရန်သူအားပေးဖြစ်နေတယ်။ အဲဒီတော့ အေးအေးဆေးဆေး တားလို့မရရင်…”

သူက ခဏနားပြီး လူအုပ်ကြီးကို တစ်ချက် ဝေ့ကြည့်လိုက်သည်။

“တို့အားလုံး အသင့်ပြင်ထားပြီ။ မောင်ရင့်ခြံထဲက ထွက်လာသမျှ ငမည်းကောင်တွေကို ကြိုးပေးမယ်၊ ခုခံမယ်ဆိုရင် မောင်ရင့်ကိုပါ ရှင်းရလိမ့်မယ်။ အဲဒါကို တို့ လာသတိပေးတာပဲ”

ရှော့စ် တစ်ကိုယ်လုံး တောင့်သွားသည်ကို ကေသီ မြင်လိုက်၏။ လက်မောင်းကို အသာလှမ်းဆွဲလိုက်သည်။ သို့သော် ရှော့စ်ကအသာဖယ်ပြီး ရှေ့တစ်လှမ်းတိုးလိုက်၏။ မျက်လုံးပြာတွေ ရုတ်ခြည်း အေးစက်မာကျောသွားသည်။

“ကောင်းပြီ နစ်ဗန်။ မင်းပြောပြီးတော့ ငါပြောရမယ့်အလှည့်ပေါ့။ မင်းတို့ကိုကြည့်ပြီး တောင်ပိုင်းသားတို့ရဲ့ သတ္တိဆိုတာ ဒါလားလို့ ငါတွေးမိတယ်။ လူတစ်ယောက်ကို စကားတစ်ခွန်း နှစ်ခွန်းပြောဖို့အတွက် မင်းတို့



လူတစ်ရာကျော် စုပြီးလာကြတယ် ဟုတ်လား။ ငါ ခုမှပဲ သဘောပေါက်တယ်။ ဒါကြောင့် တောခွေးတွေ၊ ခွေးအတွေဟာ အုပ်နဲ့ချီပြီး ခရီးသွားကြတာကိုး”

လူအုပ်ကြီးကို ကေသီ လှမ်းအကဲခတ်လိုက်သည်။ ဒေါသကြောင့် သူတို့တစ်တွေ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။ သို့သော် ရှော့စ်က ဂရုမစိုက်ဘဲ စကားဆက်သည်။

“မင်း ပြောတယ်၊ ငါ့လူတွေကိုသတ်မယ်တဲ့။ ခုခံရင် ငါ့ကိုလည်း သတ်မယ်တဲ့၊ ဟုတ်လား။ ကောင်းပြီလေ။ ငါက ယုံကြည်ချက်အတွက် သေဖို့အသင့်ပြင်ထားတဲ့ လူပဲ။ ပြဿနာက အဲဒါမဟုတ်ဘူး။ ဘာလဲ သိလား နစ်ဗန်။ မင်းတို့ အဲဒီလို အကျပ်ကိုင်ရင် ငါ့လူတွေကို ငါ လက်နက်တပ်ဆင်ပေးလိုက်မယ်။ သူတို့ကို တစ်ချက်ပစ်ရင် သူတို့က တစ်ချက်ပြန်ပစ်လိမ့်မယ်။ အဲဒီလို အသက်ချင်းလဲနိုင်ရင် မင်းတို့ဆက်လုပ်ကြပေါ့။ ကဲ… တရားဥပဒေက ခွင့်ပြုထားတဲ့ ငါ့ရဲ့ကိုယ်ပိုင်အခွင့်အရေးကို ဘယ်ခွေးသူတောင်းစား ဟန့်တားမလဲ။ သတ္တိရှိရင် စမ်းကြည့်လေ”

ကေသီ့လက်ကိုဆွဲပြီး အိမ်မကြီးထဲသို့ ဝင်ခဲ့သည်။ ကေသီနှင့်ဂျယ်နီမှာ စိုးရိမ်လွန်းသဖြင့် ရင်တွေခုန်လျက်။ အခြေအနေကို စောင့်ကြည့်နေကြသည်။ သူတို့တစ်တွေ နာရီဝက်ခန့် တီးတိုးတိုင်ပင်ရင်းစောင့်နေကြသေးသည်။ နောက်မှ မြင်းကိုယ်စီနှင့် ထွက်သွားကြတော့၏။

အောက်တိုဘာ ၁ ရက်နေ့မှစပြီး သူ့လူတွေကို ရှော့စ် ရွှေ့သည်။ ဂျယ်နီ အကြိမ်ကြိမ် တောင်းပန်သဖြင့် လျှို့ဝှက်စွာစီစဉ်သည်။ ပေါင်းမြက်အမှိုက်တွေကို လှည်းပေါ်တွင် အမိုးအမောက်တင်ကာ ပုဏ္ဏမီရိပ်သာ ယာတောမှ လှည်းတန်းရှည်တို့ ထွက်ခွာခြင်းသည် ထူးဆန်းသည့်မြင်ကွင်းမဟုတ်။ ဤသို့ဖြင့် လူမည်းတချို့ ပါသွားကြသည်။ တချို့ ဝါဂွမ်းထုပ်ကြီးများထဲတွင် ထည့်ကာ သယ်ဆောင်သည်။

တောင်ထွတ်မြို့သာ၏ အနောက်ဘက် တောတန်းကိုရောက်မှ တောနက်ထဲမှတစ်ဆင့် သူတို့ကိုခိုးထုတ်မည့် မော်တော်ဆီသို့ အရောက်သွားကြရသည်။ အလှည့်ကို စောင့်နေကြသည့် လူမည်းများသည် ပျော်ရွှင်တက်ကြွနေကြ၏။ ယခု ဘရုတပ်စ်တို့မိသားစုမှာ နောက်ဆုံးအသုတ်ဖြစ်သည်။ ဘရုတပ်စ်နှင့် နမာသည် လှော်တက်ကိုယ်စီဖြင့် လှေကလေးကို တအားကျုံးလှော်နေကြ၏။ လေးမိုင်အဝေးတွင် စောင့်နေသည့်မော်တော်ဆီသို့ အရောက်သွားကြရမည်ဖြစ်သည်။ မော်တော်သမားကို ရှော့စ် ငွေပုံပေးပြီး ငှားထားခြင်းဖြစ်သည်။

ရှော့စ်နှင့် ဘရုတပ်စ်တို့မိသားစု မော်တော်အနီးသို့ ရောက်ပြီ။ မော်တော် ဆရာက စက်အသင့်နှိုးပြီးစောင့်နေ၏။ သူတို့ မော်တော်ပေါ်ရောက်ပြီး မကြာမီ မှောင်နှင့်မည်းမည်း မစွစွပြီ မြင်ရေပြင်ပေါ်တွင် မော်တော်ကလေးပြေးနေပြီ။ နယူးအော်လီယန်းမြစ်ဝတွင် မီးသင်္ဘောကြီးတစ်စင်းဖြင့် စောင့်နေသည့် သင်္ဘော မာလိန်မှူးကြီးကမူ သည်လုပ်ငန်းကို စေတနာ့ဝန်ထမ်း ဆောင်ရွက်ပေးခြင်းဖြစ်၏။

မြေထဲပင်လယ်ကိုဖြတ်ပြီး ကျွန်တွေကို အာဖရိကအနောက်မြောက်ပိုင်းသို့ ပို့ဆောင်ရသည့်အလုပ်ကို ကပ္ပတိန်ဗင်တာန် လုပ်ဆောင်ခဲ့သည်မှာ ခြောက်လ ကျော်ပြီ။ သူကပင် ရှော့စ်နှင့် တိတ်တဆိတ် ဆက်သွယ်ခြင်းဖြစ်သည်။

အော်ဂတ်စတာ အမည်ရှိ ပင်လယ်ကူးမီးသင်္ဘောကြီး၏ ကုန်းပတ်ပေါ်တွင် ရှော့စ်ပါရီ ရပ်လျက်ရှိသည်။ ခွဲခွာရမည့်သူ့လူတွေကို တစ်ယောက်ချင်း နှုတ်ဆက်သည်။ ကလေးတွေ ကခုန်မြူးထူးနေကြ၏။ လူကြီးတွေက မျက်ရည် တွေတွေကျလျက်။

ရှော့စ်က ဒူးထောက်ပြီး ဘေးမသီရန်မခစေရန် ဆုတောင်းခြင်းပြုသည်။ သူ့လက်ကို အလုအယက်ယူပြီး နမ်းရှုပ်နှုတ်ဆက်ကြသည်။ မျက်ရည်အလူးလူး ဖြင့်။ ရှော့စ် မရှက်နိုင်ဘဲ မျက်ရည်တွေတွေကျလျက်ရှိသည်။

သင်္ဘောကြီး၏ လှေကားပေါ်မှဆင်းပြီး မော်တော်ဘုတ်ကလေးပေါ်သို့ တက်သည်။ ရေချယ်၏သံစဉ်ဖြင့် ဆုတောင်းတေးတစ်ပုဒ်ကို ရှော့စ် ကြားနေ ရသည်။

*သူ့ကျွန်ဖြစ်ရခြင်းက*
*သေသည့်သော်မှ*
*ဩော်... ကောင်းလေစွ။*
*လွတ်မြောက်ခြင်းကို*
*ဖန်ဆင်းပေးသော အို... အရှင်*
*သင့်ကို ဘုရားသခင် စောင်မ,မည် အမှန်ပင်။*

ရှော့စ် တိုးတိုးကလေး ရွတ်ဆိုလိုက်သည်။

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

အော်ဂက်စတာနှင့် မော်တော်ဘုတ်ကလေးတို့ ဆန့်ကျင်ဘက်ခရီးကို ဦးတည်ကာ တဖြည်းဖြည်း ဝေးကွာခဲ့လေပြီ။



ပုဏ္ဏမီရိပ်သာကို ရှော့စ် နေ့လယ်ပိုင်းတွင် ပြန်ရောက်သည်။ ထိုနေ့ကား ၁၈၅၉ ခု၊ အောက်တိုဘာလ ၁၆ ရက်နေ့။ တကယ့်ပြဿဒါးနေ့မှာမှ ပြန်လာမိခြင်း။ ဒေးဗစ်၊ ဂျယ်နီနှင့် ကေသီတို့သုံးယောက် သူ့ကို မြင်းလေးကောင်က,ရထား ကြီးဖြင့် လှိုု့ဂှက်ဆိပ်ကမ်းတွင် လာကြိုနေကြသည်။ ရထားပေါ်ရောက်သည်နှင့် ကေသီက အလောတကြီး လေသံဖြင့်–

"မြန်မြန်ဝပ်ချလိုက် ရှော့စ်၊ မြန်မြန်ဝပ်"

ရှော့စ်က ကြောင်ကြည့်နေပြီး

"ဘာအဓိပ္ပာယ်လဲ ကေသီ၊ ဘာဖြစ်လို့ ဒီကြမ်းပြင်ပေါ်ကို ကိုယ်က ဝပ်ရမှာလဲ"

"ပြောတဲ့အတိုင်း လုပ်စမ်းပါ၊ ရှင့်ကို သူတို့သတ်မလို့ စောင့်နေကြတယ်"

"နေပါဦး၊ ဘယ်သူက သတ်မှာလဲ။ ဘာဖြစ်လို့ ကိုယ်က ပုန်းရမှာလဲ"

ဂျယ်နီက ဝင်ရှင်းပြသည်။

"ဘယ်သူတွေရှိရမှာလဲ၊ ဒီကလူတွေပေါ့။ ဒီနေ့ ဗာဂျီးနီးယားမှာ ဘွန် ဘရောင်း ပုန်ကန်ပြီတဲ့။ တစ်နိုင်ငံလုံး နီဂရိုးတော်လှန်ရေးဖြစ်အောင် လှုံ့ဆော် နေပြီတဲ့။ နစ်ဗန်တို့လူသိုက် အိမ်ကိုလာရှာတယ်။ ရှော့စ် လူမည်းတွေကို ထုတ် သွားတာသိတော့ သူတို့ ဒေါသူပုန်ထနေကြတယ်။ သူတို့ ရှော့စ်ကို သတ်မှာ သေချာတယ်"

"ဩော်... ဒီလိုလား၊ ကဲ... ဒေးဗစ်၊ သူတို့ကို အိမ်ပြန်ခေါ်သွား"

"ဒီမယ် ရှော့စ်"

ဒေးဗစ်က အယူခံဝင်ဖို့ စကားစသည်။ ရှော့စ်က မိုးချုန်းသည့်အသံမျိုး ဖြင့်–

"ငါပြောတဲ့အတိုင်းလုပ်စမ်း ဒေးဗစ်၊ ငါလိုကောင်က ဒါလောက် အောက်တန်းကျတဲ့အလုပ်ကို လုပ်မလားကွ။ ထိုင်ခုံအောက်မှ ပုန်းပြီးတော့ မလိုက်ဘူးဟေ့၊ အသေခံမယ်"

"သိတယ်၊ သိတယ်။ သူ ဒီလိုပြောမယ်ဆိုတာ သိတယ်"

ကေသီကငိုရင်း

"ပြောကြပါဦး ဂျယ်နီတို့ရယ်၊ သူ အသတ်ခံရလိမ့်မယ်"

ဒေးဗစ်ကဝင်ပြီး

"ဒီလိုဖြစ်လိမ့်မယ်ထင်လို့ တောင်ထွတ်မြိုင်သာက လူမည်းတစ်ကောင်ကို ခေါ်ပြီး နန်စီနဲ့ လိုက်ခဲ့ခိုင်းတယ်၊ ဟောဟိုမှာ လာနေပြီ။ သေနတ်ပါရဲ့လား

ရော့စ်"

"ပါတယ် ဒေးဗစ်"

"သူတို့ဟိုရှေ့နားမှာ စောင့်နေကြတယ်၊ အမြန်ဆုံး လစ်ပေတော့"

"ကျေးဇူးပဲ ဒေးဗစ်"

ကေသီက ရှိုက်ရင်း ရှိုက်ရင်း

"ရှင် ကျွန်မကို စိတ်ဆင်းရဲအောင်လုပ်လို့ကို မဆုံးနိုင်တော့ပါလား ရော့စ်"

ရော့စ် ပြုံးလိုက်သည်။

"စိတ်မကောင်းပါဘူး ကေသီ၊ အဲဒီဝင့်က မင်းကျွတ်တော့မှာပါ"

"အို... ကေသီ ဝင့်မကျွတ်ချင်ဘူး"

ကေသီက ငိုရင်း ရှိုက်ရင်း ဆက်တောင်းပန်သည်။ သို့သော် ရော့စ်က နန်စီပေါ်သို့ခုန်တက်ပြီး ထွက်သွားလေပြီ။ ဒေးဗစ်က ဖက်ကြီးကိုလှုပ်ပြီး ရထားစထွက်သည်။ လူအုပ်ကြီးနားရောက်တော့ ရော့စ်က အရှိန်သတ်လိုက်ပြီး တစ်လှမ်းချင်း စီးသွားသည်ကို သူတို့အားလုံး အဝေးမှ လှမ်းမြင်နေကြရသည်။

"ကြည့်စမ်း၊ အပြေးစီးသွားပါ ပြောလျက်နဲ့ သူ သိပ်ခေါင်းမာတယ်၊ ဒုက္ခတော့ ဖြစ်တော့မှာပဲ"

"သူလုပ်တာ မှန်မယ်ထင်တယ် ကေသီ၊ ဟန်ကိုယ့်ဖို့ဆိုတာ ရှိထယ် မဟုတ်လား"

ဒေးဗစ်က စိတ်သက်သာရာရအောင် ဝင်ပြောသည်။ အန်သနီနစ်ဗန်က သူ့ကိုစမြင်ပြီး

"ဟောဒီမှာ လာပါပြီဗျာ၊ လူမည်းကိုချစ်တဲ့ပါရီ"

ရော့စ်က သေနတ်ကို အသင့်အနေအထားကိုင်ပြီး စောင့်နေသည်။ သူတို့အားလုံး ရှေ့သို့တိုးလာကြ၏။ ရော့စ်က တည်ငြိမ်စွာဖြင့်

"ငါ ထွက်မပြေးပါဘူးကွာ၊ စိတ်ချပါ။ ငါ ဘယ်သူ့ကိုမှ မသတ်ချင်ပါဘူး။ ဒါပေမဲ့ လိုအပ်ရင်တော့ ငါ့သေနတ်ကို သုံးရလိမ့်မယ်"

သူတို့အားလုံး ဘာဆက်လုပ်ရမှန်းမသိဘဲ နစ်ဗန်ကို အကဲခတ်နေကြသည်။ နစ်ဗန်က ဂနာမငြိမ်တော့ဘဲ ရှူးရှူးရှားရှား ဖြစ်ကာ

"ဟေ့ကောင်တွေ ဘာလဲ၊ မင်းတို့ သူ့ကိုကြောက်လား။ တို့အကုန်လုံးကို သူ မသတ်နိုင်ပါဘူးကွ"

ရော့စ်က ပါးစပ်နှင့်မပြောဘဲ သေနတ်ဖြင့်ပြောလိုက်၏။ နစ်ဗန်၏



ခြေထောက်နှစ်ဖက်ကြားသို့ ပစ်ထည့်လိုက်သည်။ သူ့ဖိနပ်ပေါ်သို့ မြေကြီးတွေ ဖွားခနဲလွင့်တက်လာ၏။ နန်စီကိုရှေ့တိုးပြီး နစ်ဗန်အပေါ်မှ စီးမိုးကာ ခပ်ရှင့်ရှင့် လေသံဖြင့်

"ဟုတ်တာပေါ့၊ အကုန်လုံးတော့ ဘယ်သတ်နိုင်မလဲ၊ မင်းကိုတော့ ငါ သေသေချာချာ သတ်နိုင်တယ်နော်။ ကဲ မင်းလူတွေ ဖယ်ခိုင်းလိုက်ပါ"

အန်သနီနစ်ဗန်၏ နီရဲနေသည့် မျက်နှာကြီး ဖြူသွားပြီး

"ကောင်းပြီ၊ ဒီတစ်ခါ မင်းနိုင်တယ်ပဲထားပါတော့၊ မနက်ဖြန် မင်းနဲ့ ငါနဲ့ တွေ့မယ်"

"ဝမ်းသာအားရ လက်ခံတယ် နစ်ဗန်။ ကဲ တို့ဘယ်မှာတွေ့ကြမလဲ"

"ထုံးစံအတိုင်း ကမ်းခြေမှာပေါ့"

"ဟုတ်ပြီ၊ 'မင်းက နေရာရွေးတော့ လက်နက်ရွေးဖို့က ငါ့တာဝန်ပေါ့၊ ဟုတ်ရဲ့လား"

နစ်ဗန် ရုတ်တရက် ဘာမျှပြန်မပြောနိုင်ဘဲ ဆွံ့သွားသည်။ ခွေးသား၊ သေနတ်ကိုမရွေးဘဲ ဓားကိုရွေးမှဖြင့် ဒုက္ခ။

အန်သနီနစ်ဗန်သည် အလွန်နှေးကွေး လေးလံသူ ဖြစ်၏။

"ဘယ်လိုလဲဗျို့ အန်သနီ"

လူအုပ်ကြီးထဲမှ လူတစ်ယောက်က လှမ်းအော်သည်။

"ရွေးလေ၊ မင်းကြိုက်ရာ ရွေးပေါ့"

ရော့စ်က ပြုံးလိုက်ပြီး ခပ်တိုးတိုး ပြောသည်။

"ဓားမြှောင်။ တို့ ဘယ်ဘက်လက်နှစ်ဖက်ကို ချည်ထားမယ်၊ ဓားမြှောင် နှစ်လက်ကို သုံးလှမ်းအကွာမှာ ချထားမယ်။ ကဲ... လူကြီးများအားလုံးကို နှုတ်ဆက်ပါတယ်၊ မင်္ဂလာပါ"

အန်သနီနစ်ဗန် မတ်တတ်ရပ်လျက် ချွေးတွေပြန်လာသည်။ ဓားသွားချွန်ချွန် ကို မျက်စိထဲ မြင်လာသည်။ ရှန်းရင်းကန်ရင်း လက်ကောက်ဝတ်တွေ နာလာ မည်ကို တွေးကြည့်မိသည်။ သူက ပိန်ပိန်ပါးပါးလေး။ သူနှင့်တူပြီး ခုန်ပျံလှုပ်ရှား နိုင်မည်မထင်။ ဓားချက်တွေ တစ်ချပ်စွပ်ဝင်လာမည်ကို မြင်ယောင်လာပြီး...

သေနတ်ကို ခါးမှဆွဲထုတ်ကာ မြင်းစီးထွက်သွားသော ရော့စ်ကို နောက်မှ လှမ်းပစ်လိုက်သည်။ ကျည်ဆန်သည် ရော့စ်၏ခေါင်းပေါ် လက်မဝက်ခန့်အကွာ မှ ဖြတ်သွားသည်။ တစ်ပြိုင်တည်းတွင် ကိုယ်ကို တစ်ဖက်စောင်းပြီး ရော့စ် ပြန်ပစ်လိုက်သည်။ ကျည်ဆန်က နစ်ဗန်၏ညာလက်မောင်းကို တည့်တည့်မှန်

သည်။ အရိုးသွင်သွင်ကျိုးလေ၏။ သို့သော် အကြောက်လွန်နေသော နစ်ဇန်သည် မြေကြီးပေါ်သို့ ကားခနဲကျသွားသည်။ အားလုံးက သူ့ကိုသေပြီ ထင်လိုက်ကြသည်။

သူတို့ကြောင်နေသည့် စက္ကပန်းပိုင်းကို အမိအရ ရော့စ် အသုံးချသည်။ နန်စီ၏ကျော်ပေါ်တွင် ပြားပြားဝပ်ကာ တစ်ဟုန်ထိုး ပြေးထွက်သွားသည်။ မြင်းပေါ်တက်သူတက်၊ လှမ်းပစ်သူပစ်နှင့် ရှုပ်ယှက်ခတ်သွားသည်။ သေနတ်တဒိုင်းဒိုင်းပစ်ကာ နောက်မှလူအုပ်ကြီး လိုက်လာသည်။

မြို့ပြင်သို့ရောက်ခဲ့ပြီ။ ပုဏ္ဏာမီရိပ်သာနှင့် တောင်ထွတ်မြိုင်သာသွား လမ်းပေါ်တွင် နန်စီသည် ကဆုန်စိုင်းလျက်ရှိ၏။ ပုဏ္ဏာမီရိပ်သာနား ရောက်မှ ကိုယ့်ကိုယ်ကိုယ် မှားမှန်းသိသည်။ အိမ်ကိုဝင်လျှင် သူတို့ အိမ်ကိုပါဒုက္ခပေးတော့မည်။ ရုတ်ခြည်း လမ်းနံဘေးသို့ ဆင်းလိုက်ပြီး တောတန်းဆီသို့ ချိုးကွေ့လိုက်သည်။ ချုံနွယ်ပိတ်ပေါင်းများကြားတွင် ကွေ့ကာဝိုက်ကာ ဖြတ်သန်း၍ နောက်မှလိုက်လာသူတွေ မျက်ခြည်ပြတ်အောင် လုပ်သည်။

တစ်နေရာတွင် နန်စီကိုထိန်းပြီး တစ်ဖက်သို့ချိုးကွေ့လိုက်သည်။ တောထဲမှ ထွက်လာသည့် မြင်းတစ်စီးနှင့် ဝင်တိုးလုမတတ် ဖြစ်သွား၏။ မထင်ဘဲနှင့် လာတိုးနေသည့်မြင်းက စနေမ။ ကျောပေါ်တွင် သူ့သခင်မကို တင်လျက်။

တောင်ကြားပေါ်သို့ တက်လိုက်လာကြသော လူအုပ်ကြီးကို ချုံတွေကြားမှ မော်ဂင် လှမ်းကြည့်လိုက်သည်။ ချက်ဆို နားခွက်က မီးတောက်သည့် မော်ဂင်က ဘာမျှမပြောဘဲ အဆင်းလမ်းအတိုင်း စီးသွားသည်။

ရော့စ် ရင်တထိတ်ထိတ်နှင့် စောင့်ကြည့်နေသည်။ သူ့အသက်သည် မော်ဂင့်လက်ထဲတွင်ရှိနေပြီ။ လူအုပ်ကြီးကို ဆန့်ကျင်ဘက်အရပ်သို့ မော်ဂင် လက်ညှိုးထိုးပြသည်။ သူတို့တစ်တွေ မော်ဂင်ပြသည့်ဘက်သို့ အပြေးအလွှား လိုက်သွားကြသည်။

သူတို့အားလုံးပျောက်ကွယ်သွားမှ မော်ဂင် ပြန်ရောက်လာသည်။

"ဘာဖြစ်လာတာလဲ ရော့စ်၊ ရေးကြီးသုတ်ပျာနဲ့"

ရော့စ် အကျဉ်းချုပ် ရှင်းပြလိုက်သည်။ မော်ဂင်က ရယ်ပြီး

"ဘာမှမပူနဲ့ လာ"

"ဘယ်ကိုလဲ"

"တောင်ထွတ်မြိုင်သာမှာ ဝှက်ထားပေးမယ်လေ။ ခဏနေ သူတို့ ငြိမ်သွားမှာပါ"



"အဲဒီလိုမဟုတ်ဘူး မော်ဂင်၊ သူတို့ခေါင်းဆောင်ကို ကိုယ်ပစ်ခဲ့ပြီ။ သေမလား၊ ရှင်မလား မသိဘူး"

မော်ဂင်၏မျက်ဝန်းနက်များထဲတွင် အရောင်တလက်လက် ဖြာသွားသည်။

"ဒါဖြင့် နက်ချက်က အပြီးထွက်သွားရမှာပေါ့နော်"

"အစကတည်းက သွားဖို့စီစဉ်ပြီးသားပါ။ ဒါပေမဲ့ ခုလိုသွားနည်းမျိုးနဲ့တော့ မဟုတ်ဘူး။ ခုတော့ ဒီအတိုင်းပဲ သွားရတော့မှာပေါ့။ နောက်မှ ကေသီကို ခေါ်တော့မယ်"

မော်ဂင်က မျက်နှာထားချိုချိုလေးဖြင့်

"နယူးယောက်သွားတာက ဟုတ်ပါပြီ၊ ဘာနဲ့သွားမှာလဲ၊ မီးရထားနဲ့လား၊ သင်္ဘောနဲ့လား"

"သေပါတော့ကွာ၊ အဲဒါ လုံးဝမစဉ်းစားရသေးဘူး"

"ကဲပါ၊ အိမ်ကိုလိုက်ခဲ့ပါ၊ အားလုံးစီစဉ်ပေးပါ့မယ်၊ သင်္ဘောလက်မှတ်နှစ်စောင် ပြေးဝယ်မယ်လေ"

ရော့စ် သူ့ကိုစိုက်ကြည့်နေသည်။ ယုံလို့ဖြစ်ပါ့မလား။ အတော်အသိရခက်သည့် မိန်းမပါလား။ အကြိမ်ကြိမ် မိမိအသက်ကို ရန်ရှာခဲ့၏။ ခုတော့ သူပင် မိမိကိုကယ်တင်လိုက်ပြန်သည်။ ခုလွတ်မြောက်ရေးအတွက် မိမိနှင့်ကေသီအတွက်ပါ ဆက်လက်စီစဉ်ပေးဦးမည်တဲ့။

"အို လာလေ"

တောင်ထွတ်မြိုင်သာကို ဖြတ်လမ်းမှ သူတို့စီးလာကြသည်။ လန့်စ်ကို သေစေသည့် ဝင်းတံခါးပေါက်ကို ရော့စ် မကြည့်ဘဲမနေနိုင်။ ဒါကိုသိသော မော်ဂင်က

"ကဲပါ အဲဒီအကြောင်း တွေးမနေပါနဲ့တော့"ဟု တိုးတိုးကလေးပြောသည်။

မြင်းတွေကိုလာယူသည့် မြင်းထိန်းကို မော်ဂင် ညွှန်ကြားသည်။

"မစ္စတာပါရီရဲ့မြင်းကို မြင်းဇောင်းထဲမှာသိမ်းထားလိုက်၊ သူ သိပ်ပင်ပန်းနေပြီ။ အိမ်ကမြင်းတစ်ကောင်ကို ကုန်နှီးဆင်ပြီး အသင့်လုပ်ထားစမ်း"

"ဘာလဲမော်ဂင်၊ ကိုယ် နောက်ထပ်မြင်းစီးရဦးမှာလား"

"ပိုပိုလိုလိုစီစဉ်ထားတာပါ။ ဒီလိုလုပ်မယ်လေ၊ သင်္ဘောကပ္ပတိန်ကို ငွေပေးပြီး ဟောဒီကျောက်ဆောင်နားမှာ ရပ်ပေးဖို့ မော်ဂင် စီစဉ်လိုက်မယ်။ ဒီကနေ ကြိုးလှေကားနဲ့ဖြစ်ဖြစ် တက်ကြတာပေါ့"

"ဟုတ်တယ်လေ၊ အံမယ်... လက်မှတ်နှစ်စောင် ဝယ်မယ်ဆိုတာက

ရှင့်ရဲ့မှဲ့ခြောက်မကလေးအတွက် အောက်မေ့နေလား၊ မော်ဂင်လိုက်မှာရှင့် သိရဲ့လား။ ရှော့စ်ကို ကယ်ခဲ့တဲ့အတွက် ပြန်ပေးရမယ့် တန်ဖိုးလေ"

"ဟိုရောက်တော့ကော"

ရှော့စ်၏အသံက အေးစက်စက်။

"ဟိုရောက်တော့လား၊ မောင်ရဲ့မဟေသီပေါ့ မောင်ရဲ့။ မော်ဂင်က ကျွန်မကလေးတစ်ယောက်လို မောင့်ကို အလုပ်အကျွေးပြုရမှာပေါ့"

"မဖြစ်ဘူး မော်ဂင်၊ မဖြစ်နိုင်ဘူး"

မော်ဂင်က ပြုံးပြုံးကလေးနှင့်

"မော်ဂင် ဆင်းမယ်၊ ကူပါဦး ဒါလင်ရယ်"

မော်ဂင်က ရှော့စ် ကမ်းပေးသည့်လက်ကို အားပြုဆင်းရမည့်အစား မြင်းပေါ်မှ လျောခနဲဆင်းကာ ရှော့စ်၏ရင်ခွင်ထဲသို့ တန်းဝင်လိုက်သည်။

"နမ်းစမ်းပါဦး ဒါလင်ရယ်"

"ကိုယ့်အစ်ကိုကိုသတ်တဲ့မိန်းမ၊ ကိုယ့်လင် ကိုယ်ပြန်သတ်တဲ့မိန်းမကို နမ်းရဦးမှာပေါ့၊ ဟုတ်လား"

နမ်းနေရာမှ အသာရုန်းထွက်ပြီး မော်ဂင်က

"တွမ်သေတာ မော်ဂင့်ပယောဂ မပါပါဘူးနော်။ ကိုယ်မုန်းတဲ့သူတစ်ယောက်ဆီက ရုန်းထွက်ဖို့ ကြိုးစားတာကတော့ ချစ်တဲ့သူနှင့်အတူတူနေချင်လို့ပါ။ အဲဒီအတွက် မော်ဂင့်ကို အပြစ်တင်တယ်လား။ အားလုံးအတွက် တရားခံက ရှော့စ်ပဲ"

"အို... မဟုတ်ဘူး၊ လူတွေကို အရုပ်လို မင်းလုပ်နေတာ။ အားလုံး မင်းကြောင့် ဖြစ်ရတာချည်းပဲ၊ မင်း တရားခံ"

"ကဲပါ အထဲကျမှဆက်ငြင်းပါ။ ပုန်းဖို့ဝှက်ဖို့ လုပ်ရဦးမယ်လေ။ အိမ်ထဲဝင်ပါတော့။ လက်မှတ်လည်း ပြေးဝယ်ရဦးမယ်။ နယူးယောက်ကိုရောက်မှ ရှင့်ကေသီကို ခေါ်ချင်လည်းခေါ်ပါ။ အဲဒီအထိ ခေါ်ချင်စိတ် ရှိနေသေးရင်ပေါ့လေ။ မော်ဂင်တော့ ခေါ်ဖြစ်မယ်မထင်ပါဘူး။ ရှော့စ် သူ့ကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူးဆိုတာ မော်ဂင်သိပါတယ်"

"ဘာပဲဖြစ်ဖြစ် ခေါ်ရမှာပဲ မော်ဂင်"

"လာ ယောဟိုအပေါ်ဆုံးထပ်မှာ မျက်နှာကြက်နဲ့ကပ်နေတဲ့ အခန်းတစ်ခန်း ရှိတယ်။ အဲဒီမှာသွားပုန်းနေ၊ ဘယ်သူမှ မတွေ့နိုင်ဘူး။ ကေသီကို ခေါ်မယ်ပေါ့၊ ဟုတ်လား ရှော့စ်။ ရှင်ဟာလေ သိပ်သူတော်စင်ဆန်တာပဲ။ သူတော်ကောင်းလည်း



မဟုတ်ဘဲနဲ့။ ရှင်ခေါ်တော့ကော သူက လိုက်မယ်ထင်သလား"

"ဘာပြုလို့ မလိုက်ရမှာလဲ"

"ဟင်နရီမွန်းကလစ်ကြောင့်ပေါ့"

"ဘာ၊ အဓိပ္ပာယ်မရှိ"

အပေါ်ဆုံးထပ်လှေကားခုံကိုရောက်လို့ ပုန်းရမည့်အခန်းရှေ့အရောက်တွင် မော်ဂင်က သူ့အင်္ကျီရင်ဘတ်ကိုဆွဲပြီး

"မော်ဂင် ညာမပြောဘူး ရှော့စ်၊ ညာပြောရင်လည်း လူ့အနွတွေကိုပဲ ပြောချင်ပြောမယ်၊ အမှားအမှန် ဖောက်ထွင်းသိနိုင်တဲ့ ရှော့စ်ကို ဘာလို့ မော်ဂင် ညာပြောမလဲ။ သူတို့နှစ်ယောက် ဖြစ်နေကြပြီလို့ပြောရင်တော့ မှသားပါချင်ပါမယ်။ ဒါပေမဲ့ သူတို့ ဒီမှာတွေ့ကြတယ်ဆိုရင်တော့ ဒါဟာ မှန်သောသစ္စာစကားပဲ ရှော့စ်။ မော်ဂင် သိတာပေါ့။ မော်ဂင် စီစဉ်ပေးတာကိုး"

"ဘာ... မင်း စီစဉ်ပေးတယ်၊ ဟုတ်လား"

"ဟုတ်တယ်လေ။ သူတို့နှစ်ယောက် ထွက်ပြေးဖြစ်အောင် တမင်လုပ်တာလေ။ ဒါမှ ရှော့စ်နဲ့မော်ဂင် လွတ်လွတ်လပ်လပ်... တစ်ခါတုန်းက ပြောဖူးတယ်ထင်တယ်။ အချစ်ဆိုတာ မိုက်မဲခြင်းတွေ စုဝေးနေတာပဲလို့။ ပြောဖူးပါတယ်နော်။ ရှော့စ် ထွက်သွားတော့ ကိုယ့်ကိုယ်ကိုယ် သိလာတယ်။ မိုက်မဲခြင်းထက်ဆိုးရွားတဲ့အဖြစ်တွေ"

ရှော့စ် သူ့ကို လှမ်းကြည့်လိုက်သည်။ မျက်ဝန်းထဲတွင် မျက်ရည်တွေ ပြည့်လျှံလျက်။

"ခုတော့ သူတော်စင်တစ်ယောက်က အမိုက်မကို အဲဒီမျက်လုံးမျိုးတွေနဲ့ ကြည့်နေပြီပေါ့လေ"

"ကဲ... လက်မှတ်ကိစ္စ သွားပါတော့ မော်ဂင်ရယ်"

ခပ်မှောင်မှောင် အခန်းကျဉ်းကလေးထဲတွင် ထိုင်ရင်း စဉ်းစားချိန်ရလာသည်။ အတွေးတွေ ယောက်ယက်ခတ်နေသည်။ အာရုံကို ဘယ်လိုမှ စုစည်း၍မရ။ သစ္စာသွေဖည်မှုတွေ၊ ဒေါသတွေ၊ မနာလို ဝန်တိုမှုတွေ ရှုပ်ထွေးနေ၏။ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။ နောက်ဆုံး အတွင်းဘက်နံရံမှ တံခါးဝတွင် ရပ်လိုက်မိသည်။

အလင်းရောင်မှိန်မှိန်တွင် တံခါးချပ်ကို ကြည့်လိုက်သည်။ ထုသစ်များဖြင့် လုပ်ထားသည့် ရှေးမတံခါးရွက်ကြီး။ တံခါးက တစ်စုံတစ်ယောက် အခန်းထဲမှထွက်လျှင် အလိုအလျောက်ပြန်ပိတ်သွားအောင် စက်ဘီးထိပ်တွင် ဗိတ်တုံး

တစ်ခု ဆွဲထားသည့် တံခါးမျိုး။

သို့သော် စက်သီးတဲမှ ထွက်လာသည့်ကြိုးထိပ်တွင် ဝိတ်တုံးကိုမတွေ့ရ။ အခန်းထဲတွင် ရှာကြည့်သည်။ ထောင့်တစ်ထောင့်တွင် ဝိတ်တုံးကို သွားတွေ့၏။

ကြိုးထိပ်တွင်ချည်ပြီး ဝိတ်တုံးကို တွဲလောင်းချလိုက်သည်။ အတွင်းခန်း တစ်ခန်း တံခါး အလိုအလျောက် ပွင့်သွားသည်။ ပြီးတော့ အလိုအလျောက် ပြန်ပိတ်သွားသည်။ ဘာရယ်လို့မဟုတ်။ စိတ်လှုပ်ရှားနေခိုက် ထင်ရာမြင်ရာ လျှောက်လုပ်နေမိခြင်းမျိုး။

ဘာပြုလို့ မော်ဂင် တံခါးကို မပိတ်ခဲ့ပါလိမ့်။ ဟိုသတ္တဝါတွေကော ဘာလို့ ရောက်မလာကြသေးပါလိမ့်။

တံခါးကို ပိတ်လိုက် ဖွင့်လိုက် ဆက်လုပ်နေမိ၏။ တစ်ခါတွင် တော်တော်များများ ဟသွားသဖြင့် အလင်းတန်းများ ရုတ်ခြည်းဝင်လာ၏။ နံရံတစ်ဖက်မှ ပစ္စည်းတွေကို လှစ်ခနဲမြင်လိုက်သည်။

ပထမတော့ ဘာတွေမှန်းမသိ။ မီးခြစ်ခြစ်ပြီး သေသေချာချာ ကြည့်လိုက်သည်။ ကျောထဲ စိမ့်သွား၏။ ချက်ချင်း ကျူးအားကို ပြေးသတိရလိုက်၏။ သံခြေချင်းတွေ၊ ကျာပွတ်ရှည်ကြီးတွေ၊ လက်ထိတ်တွေ၊ ကြမ်းပြင်တွင်လည်း ထူးခတ်သည့်သံကြိုးတွေ၊ ဘက်စီမသေခင် ပြောသွားတာ အမှန်တွေပါလား။ ရက်စက်ကြမ်းကြုတ်မှု သရဖူဆောင်းသည့် သရုပ်သဏ္ဌာန်တွေကို မျက်စိထဲ မြင်လာသည်။

သည်အခန်းထဲတွင် ဆက်မနေချင်တော့။ အောက်ထပ်သို့ ဆင်းခဲ့သည်။ အပြင်ထွက်လျှင် အများဆုံး အသက်ဆုံးရဖို့သာရှိသည်။ မော်ဂင်နှင့်ဆိုလျှင် သေခြင်းထက်ဆိုးသည့် အဖြစ်နှင့်ရင်ဆိုင်ရမည်။

အိမ်ပြင်ထွက်လိုက်သည်။ မြင်းတစ်ကောင်ကို ကုန်းနှီးဆင်ပြီးသားနှင့် အသင့်တွေ့ရ၏။ မြောက်စူးစူးသို့ ဦးတည်ပြီး စီးထွက်ခဲ့သည်။ ဒီကောင်တွေ ဘာလို့ ပြန်ရောက်မလာကြပါလိမ့်။

မော်ဂင် ညွှန်လိုက်သည့်ဘက်သို့ သူတို့ အလောတကြီးလိုက်သွားကြသည်။ ရော့စ်ပါရီကို ရှာမတွေ့ဘဲ မြင်းတွေ ရွံ့ဗွက်ထဲနစ်နေသဖြင့် မနည်း ရုန်းထွက်ပြန်ခဲ့ရသည်။ နှစ်နာရီခန့် အလဟဿ အချိန်ကုန်သွား၏။

သူတို့အားလုံး ရွံ့တွေပေကျံပြီး တောင်ထွတ်မြိုင်သာကို ပြန်ရောက်လာကြ၏။ အိမ်ကို ဝိုင်းလိုက်ကြသည်။ မြင်းဇောင်းထဲတွင် နန်စီကို တစ်ယောက်က မြင်သွားပြီး



"မြင်း ဒီမှာဟေ့၊ ဒီကောင် ဒီမှာပဲရှိနေတာ၊ ဟိုဟာမ တို့ကို သက်သက် ပတ်တာကွ"ဟု လှမ်းအော်သည်။

အိမ်ကို သူတို့ဝိုင်းပစ်ကြသည်။ လူမည်းသုံးလေးယောက် ပြေးထွက်လာကြသည်။ သူတို့ကို ဘာမျှအန္တရာယ်မပေးဘဲ အိမ်ပေါ်သို့ တစ်ယောက်က အော်ခေါ်သည်။

"ဟေး... ပါရီ၊ ထွက်ခဲ့။ မင်းကို တို့ဝိုင်းမိထားပြီ"

အထဲမှ တုံ့ပြန်သံ မကြားရ။

"မီးရှို့ကွာ"

တစ်ယောက်က အကြံပြုသည်။

"ဖြစ်ပါ့မလားကွ၊ သူ့အိမ်မှ မဟုတ်တာ"

"အို... ဒီဟာမလည်း အလိုတူအလိုပါပဲ။ ကံကောင်းလို့ တို့ နှံနစ်မသေတယ်"

"ဟုတ်တယ်၊ ဟုတ်တယ်၊ မီးရှို့မယ်"

ခေါင်းဆောင်လုပ်သူက ရှေ့ထွက်ပြီး ထပ်အော်ခေါ်ပြန်သည်။

"ဟေး... ပါရီ၊ ချက်ချင်းထွက်၊ မထွက်ရင် မင်းကို အရှင်လတ်လတ် မီးသင်္ဂြိုဟ်ပစ်မယ်ဟေ့"

သို့သော် သူတို့ တကယ်မီးရှို့ကြသောအခါ ထင်သလောက်မလွယ်ကြောင်း တွေ့ကြရ၏။ အောက်ခြေက ထုထည်ကြီးမားလှသဖြင့် သူတို့လောင်စာအဖြစ် အသုံးပြုသည့် ကောက်ရိုးတွေ မြက်ခြောက်တွေသာ ကုန်သွားသည်။ အိမ်ကို တော်တော်နှင့်မစွဲ။ နောက်ဆုံးမှ ခန်းဆီးတွေကို စစွဲသည်။

မြောက်စူးစူးသို့ အသော့နှင်ခဲ့သော ရော့စ်သည် နောက်သို့ တစ်ချက် လှည့်ကြည့်လိုက်သည်။ တောင်ထွတ်မြိုင်သာဆီမှ မီးခိုးတွေ တွေ့ရသဖြင့် တစ်ကြိုးတည်းပြန်လှည့်ခဲ့၏။

အိမ်အောက်ထပ်မှ ဆူဆူညံညံသံတွေကို မော်ဂင် မတုံ့ပြန်ဘဲ အသာကလေး ငြိမ်နေလိုက်၏။ အပေါ်ထပ်သို့ တက်မည့်ဆဲဆဲ မီးခိုးတွေတက်လာသဖြင့် အောက်ထပ်သို့ ပြေးဆင်းခဲ့သည်။ နောက်ဖေးပေါက်မှ ထွက်ဖို့ပြေးထွက်သွားသည်။ ချောင်းတဟွပ်ဟွပ်ဆိုးလျက်။ တံခါးဝတွင် လူတစ်ယောက်က ကျာပွတ်ကိုင် စောင့်နေသဖြင့် အိမ်ထဲပြန်ပြေးဝင်ခဲ့ရ၏။ သည်တော့မှ ရော့စ်၏နာမည်ကို အော်ခေါ်ပြီး မီးခိုးလုံးကြီးတွေထဲ တိုးဝင်ကာ အပေါ်ထပ်သို့ ပြေးတက်ခဲ့၏။

ထားခဲ့သည့်အခန်းထဲတွင် ရော့စ် မရှိတော့။ အတွင်းဘက်အခန်းကို

သတိရပြီး တံခါးရွက်ကြီးကို အတင်းဖွင့်ဝင်လိုက်သည်။ မီးခိုးလုံးကြီးက သူ သွားရာသို့ လိုက်နေသည့်အလား။ အခန်းထဲသို့ လဲကျသွားသည်။ ကြမ်းပြင် ပေါ်တွင် အသက်အနိုင်နိုင်ရှူကာ တရှူပ်ရှူပ်ငိုနေသည်။ သူ့နောက်မှ တံခါးရွက် ကြီး ပိတ်သွားသည်။

*

မြို့မျက်နှာဖုံးများ ဖြစ်ကြသည့် မက်လာဖီညီအစ်ကိုများ၊ ချားလ်ဒယ် ဂရင်၊ လယ်ဗင်မာရှယ်၊ ဟင်နရီမွန်းကလစ်နှင့် လူနှစ်ဒါဇင်တို့သည် တောင်ထွတ် မြိုင်သာဆီသို့ မြင်းကိုယ်စီဖြင့် ကဆုန်စိုင်းလျက်ရှိသည်။ သူတို့အားလုံးသည် အက်သနီနစ်ဗန်နှင့် နောက်လိုက် နောက်ပါတို့၏ အကြမ်းဖက်ဝါဒကို ဆန့်ကျင် သူများဖြစ်ကြသည်။

တောင်ထွတ်မြိုင်သာသို့ သူတို့ရောက်ချိန်တွင် အိမ်မကြီးကို မီးစွဲစပြုနေပြီ။ မီးခိုးတွေ အူနေသည့် တောင်ထွတ်မြိုင်သာကို ပုဏ္ဏမီရိပ်သာမှ ကေသီ လှမ်းမြင် သဖြင့် မြင်းတစ်စီးနှင့် အပြေးလိုက်လာခဲ့သည်။

သူတို့လူသိုက်သည် မီးလောင်နေသည့်အိမ်ဝင်းထဲသို့ တရကြမ်းတပ်ဖြန့် ဝင်သွားကြသည်။ နောက်ထပ်ဝင်လာသူတွေ ဘယ်သူဘယ်ဝါဖြစ်ကြောင်း သိသည် နှင့် အကြမ်းဖက်သမားများ တစ်ကြိုးတည်းလစ်ကြတော့၏။ တစ်ချက်တလေမျှ ခုခံပစ်ခတ်ခြင်းမပြုဘဲ ထွက်ပြေးကြခြင်းဖြစ်သည်။

မြင်းပေါ်မှ အပြေးအလွှားဆင်းကြပြီး လက်ဆင့်ကမ်းစနစ်ဖြင့် ရေသယ် ကာ မီးသတ်ကြသည်။ ကေသီက ဟင်နရီမွန်းကလစ်၏ နောက်မှ နေရာယူလျက်။ မကြာမီ ရော့စ် ရောက်လာသည်။ သူလည်း အများနည်းတူ လူတန်းကြီးထဲတွင် နေရာယူလိုက်သည်။ နှစ်နာရီတိုင်တိုင် စိုင်းဝန်းငြိမ်းသတ်ရသည်။ အသေအလဲ အပင်ပန်းခံပြီး ငြိမ်းသတ်ကြသဖြင့် မီးကို သူတို့အနိုင်ရလိုက်ကြသည်။

မီးငြိမ်းသွားတော့ ရော့စ်ပါရီတစ်ယောက်တည်း လမ်းခွဲကာ မြစ်ကမ်း နဖူးဘက်သို့ ထွက်ခဲ့သည်။ မိမိသွေးနှင့် ချွေးနှင့်ရင်းကာ ဆောက်ခဲ့သည့် တောင်ထွတ်မြိုင်သာ အိမ်ဖြူကြီးမှာ တစ်ခြမ်းပျက်စီးပြီး ၊ ရုပ်ပျက်ဆင်းပျက် ဖြစ်သွားပြီ။ မြစ်ဘက်သို့ လှည့်ကြည့်လိုက်သည်။ မီးသင်္ဘောကြီးသည် ကျောက် ဆောင်ကြီးဆီသို့ ဦးတည်ကာ အရှိန်လျှော့၍ လာနေသည်။ တကယ်ပင် မော်ဂင်စီစဉ်ဖြစ်ခြင်းပါတကား။



တောင်ထွတ်မြိုင်သာဆီသို့ တအားပြေးချလာသည်။ ကေသီက သူ့လက် ကို ဖမ်းဆွဲပြီး

"ဘာဖြစ်လာတာလဲ ရော့စ်"

"မော်ဂင်ရော မော်ဂင်"

ရော့စ်အမေးကို ဟင်နရီမွန်းကလစ် လှမ်းကြားလိုက်သည်။ ရော့စ်၏ နောက်မှ ဟင်နရီနှင့် လူတချို့ ပြေးဝင်သွားကြသည်။ အိမ်ထဲတွင် မီးခိုးတွေ မည်းမှောင်လျက်ပင်ရှိသေးသည်။ မျက်ရည်ပေါက်ပေါက်ကျရင်း ချောင်းတဟွပ် ဟွပ် ဆိုးရင်း အပေါ်ထပ်သို့ သူတို့စမ်းတဝါးဝါး တက်သွားကြသည်။ အပေါ်ဆုံး ထပ်မှ ထူးထူးဆန်းဆန်း အခန်းထဲကို ရော့စ် အရင်ရောက်နှင့်သည်။ ဟင်နရီ တို့ ရောက်သွားတော့ နံရံကိုမှီကာ ကြမ်းပြင်သို့ ငုံ့ကြည့်နေသော ရော့စ်ပါရီကို တွေ့ကြရ၏။

တစ်ယောက်က အောက်ထပ်သို့ပြန်ပြေးလာပြီး မှန်အိမ်ထွန်းကာ အပြေး ပြန်တက်သွားသည်။ ကြမ်းပြင်ပေါ်တွင် တစောင်းလဲနေသည့် မော်ဂင်ကို တွေ့ ကြရ၏။ တံခါးပေါက်ဘက်သို့ မျက်နှာမူလျက်။ မျက်နှာတွင် မီးခိုးငွေ့တွေ ရိုက်ပြီး မည်းနေသည်။ မျက်ရည်ကြောင်းတစ်ဝိုက်တွင်သာ အဖြူရောင်ကလေး တန်းနေသည်။ အသက်မရှိတော့။

ဂျော့မက်ကာဖီက အထိတ်တလန့်ဖြင့်

"ဟာ– သူ့လက်သည်းတွေကို ကြည့်စမ်း"

လက်သည်းတွေအားလုံး ကျွတ်ထွက်နေသည်။ တံခါးရွက်တွင် ကုတ်ခြစ် ထားသော အစင်းကြောင်းများကို အတိုင်းသားတွေ့ရ၏။ ပြူးကျယ်လျက်ရှိသော မျက်လုံးများက အတိုင်းအဆမရှိ။ ထိတ်လန့်တုန်လှုပ်ခဲ့ကြောင်း သိသာလှသည်။ သည်အဓိပ္ပာယ်ကို ရော့စ်တစ်ယောက်သာ နားလည်မည့်သူ ရှိသည်။

"မီးခိုးမွန်ပြီး သေတာထင်တယ်"

ဟင်နရီမွန်းကလစ်က မှတ်ချက်ချလိုက်သည်။ ရော့စ် ဘာမှမပြောဘဲ သူ့ကို တစ်ချက်လှမ်းကြည့်သည်။ ပြီးမှ မော်ဂင်၏အလောင်းကို ကောက်ပွေ့ကာ အောက်ထပ်သို့ ဆင်းခဲ့သည်။ ဆင်ဝင်အောက်မှ ဒန်းပေါ်တွင် အသာကလေး ချပြီး မျက်ဝန်းများကို ပိတ်ပေးလိုက်သည်။ ကိုယ်ပေါ်မှ အနွေးထည်ကိုချွတ်ကာ အလောင်းပေါ်သို့ လွှမ်းပေးလိုက်သည်။ တစ်ဖက်သို့လှည့်လိုက်တော့ ကေသီနှင့် မျက်နှာချင်းဆုံသည်။ ကေသီဘာမှမပြောဘဲ ချာခနဲ လှည့်ထွက်သွားသည်။ မြင်းဆီသို့တန်းသွားပြီး တစ်ကြိုးတည်းစီးထွက်သွားသည်။

သူ့နောက်မှ ရော့စ် ခပ်မှန်မှန်စီးလိုက်သွားသည်။ လမ်းတွင် မြင်းချင်း ယှဉ်မိသော်လည်း တစ်ယောက်မှ စကားမဆိုကြ။ ပုဏ္ဏမီရိပ်သာ အဝင်ဝ ရောက်မှ

"ကဲ အခု ရှင်ဘာလုပ်မလဲ"

"စီစဉ်ထားတဲ့အတိုင်း နယူးယောက်ကိုသွားမယ်လေ ကေသီ"

ကေသီ အတောင့်သားရပ်လိုက်သည်။

"ရှင် တကယ်မြောက်ပိုင်းကို သွားတော့မယ်ပေါ့လေ၊ သွားပေါ့။ ကျွန်မ တော့ မလိုက်ဘူး"

ရော့စ်က ဇနီးလုပ်သူကို ဝေဒနာမျက်လုံးများဖြင့် လှမ်းကြည့်လိုက် သည်။

"မင်း ကိုယ့်နဲ့လမ်းခွဲတော့မယ်ပေါ့၊ ဟုတ်လား ကေသီ"

အက်ကွဲနေသည့်အသံဖြင့် ကေသီ တုံ့ပြန်သည်။

"ကျွန်မ စိတ်ကုန်လာပြီ ရော့စ်၊ ရှင့်အချစ်ဟောင်းဝိညာဉ်တွေရဲ့ လောင်း ရိပ်အောက်မှာ ကျွန်မ ဆက်မနေပါရစေနဲ့တော့ ရော့စ်ပါရီ"

ရော့စ် အထုပ်အပိုးပြင်နေသည်ကို ကေသီ ထိုင်ကြည့်နေ၏။ ဒူးပေါ်တွင် တံတောင်ဆစ်ထောက်လျက်။ လက်ဝါးပေါ်တွင် မေးတင်လျက်။

"ကိုယ်တောင်းပန်ပါရစေ ကေသီ၊ လိုက်ခဲ့ပါ"

"ဟင့်အင်း၊ မလိုက်ပါဘူး"

■

## အခန်း (၁၈)

၁၈၆၀ ပြည့်နှစ်၊ မိုးကုန်ခါနီးလောက်တွင် ဂျယ်နီမာတင်ထံ စာတစ်စောင်ရောက် လာသည်။ နယူးယောက်မှ လာသည့်စာဖြစ်၍ ရော့စ်ထံမှဟု ထင်လိုက်သည်။ သို့သော် စာအိတ်ကို သေသေချာချာကြည့်မှ ရော့စ်မဟုတ်မှန်းသိသည်။ ပုဏ္ဏမီ ရိပ်သာ၏ နောက်ပိုင်းပြောင်းလဲမှုများကို လုံးဝမသိသူတစ်ယောက်ထံမှစာ။ လိပ်စာတပ်ပုံကိုကြည့်လေ။ မစ္စက်တွမ်ပါရီသို့ ... တဲ့။ နက်ချက်စာတိုက်ဗိုလ်က ဂျယ်နီနှင့် လူချင်းသိနေသောကြောင့် ချက်ချင်းရောက်လာခြင်းဖြစ်သည်။

ဂျယ်နီ စာအိတ်ကိုဖွင့်လိုက်သည်။

- **အချစ်ဆုံးဂျယ်နီ**

နှစ်ပေါင်းများစွာ ခွဲခွာသွားပြီးနောက်မှ အမေရိကန်ကို ပြန်ရောက်တော့ ကွန်ချီတာ သိပ်ပျော်တာပဲ ဂျယ်နီရယ်။ ဒါပေ မဲ့ ရင်ထဲမှာလည်း နာကျင်ရပါတယ်။ ကွန်ချီတာ့အတွက်နဲ့ ကျူးဘားမှာ အသက်စွန့်သွားရှာတဲ့ အချစ်ဆုံး ရော့စ်ကို မမေ့ နိုင်လို့ပါပဲ။

ဂျယ်နီ ဆတ်ခနဲ ခေါင်းထောင်လိုက်သည်။ ဘုရား ဘုရား၊ ငါအိပ်မက် မက်နေတာများလား။ တုန်တုန်ယင်ယင်ဖြင့် စာကို ဆက်ဖတ်သည်။

မူလအစီအစဉ်က နယူးအော်လီယန်းကို ရောက်ဖို့ပဲ။ ဒါပေမဲ့ နိုင်ငံရေးတွေကရှုပ်ပြီး ရွေးကောက်ပွဲကလည်း နီးနေ တော့ တောင်ပိုင်းမှာ အခြေအနေမကောင်းဘူးဆို။ အေဘရာဟင် လင်ကွန်းဟာ တကယ်တော်တဲ့ ပုဂ္ဂိုလ်ကြီးပဲ ဂျယ်နီ။ ပြည်တွင်း

စစ်တော့ ဖြစ်လိမ့်မယ် ထင်တာပဲ။ တောင်ပိုင်းမှာ ဆူဆူပူပူ ဖြစ်နေတယ် ကြားတာနဲ့ ကွန်ချီတာရဲ့မန်နေဂျာက နယူးအော်လီယန်းခရီးစဉ်ကို ဖျက်လိုက်တယ်ဗျ။ သိပ်လာချင်တာပဲ ဂျယ်နီရယ်။ ကွန်ချီတာက အခု ကချေသည်မ ဟာဗာနာမယ် ဖြစ်နေပြီလေ။

ပုဏ္ဏမီရိပ်သာကို ပြန်ရောက်တော့မယ့်ဆဲဆဲမှာမှ လွဲရတယ်ကွယ်။ ကွန်ချီတာ့ချစ်လင် လက်စွမ်းပြထားတဲ့ ပုဏ္ဏမီရိပ်သာကို အလွမ်းပြေ လာကြည့်ချင်ပါသေးတယ် ဂျယ်နီ။ ဒါထက် ကွန်ချီတာနဲ့ ရော့စ် လက်ထပ်တာကို ဂျယ်နီတို့ ဘယ်သိကြမလဲနော်။ အင်းလေ ဘယ်သိနိုင်ပါ့မလဲ။ သူက ကျူးဘားမှာ အသတ်ခံရပြီး ကွန်ချီတာကလည်း စပိန်ကိုပါသွားတာကိုး။

ကွန်ချီတာရဲ့ အချစ်တွေဟာ သူနဲ့အတူပါသွားပါပြီ ဂျယ်နီရယ်။ ရှေ့ဆက်မရေးနိုင်တော့တာကို ခွင့်လွှတ်ပါ ဂျယ်နီ။ ကွန်ချီတာ့ရင်ထဲမှာ မချိလွန်းတော့လို့ပါ။

ဂျယ်နီတို့မင်္ဂလာဆောင်ကို အမြဲသတိရလျက်–

စာပြန်ပါနော်။

ချစ်တဲ့
ကွန်ချီတာ

ဂျယ်နီ စာကို ခပ်လောလော တစ်ခေါက်ပြန်ဖတ်သည်။ စာအိတ်ထောင့်မှ ကဇာတ်ရုံ၏ အမည်ကို မှတ်လိုက်သည်။ ပြီးတော့ လှေကားမှ တဒုန်းဒုန်း ပြေးဆင်းခဲ့ပြီး မြင်းတစ်စီးပေါ်သို့ လွှားခနဲ ခုန်တက်သည်။

မိနစ်ပိုင်းအတွင်း ဂျယ်နီသည် နက်ချက်မြို့ထဲရှိ စာတိုက်ဆီသို့ မြင်းကို ကဆုန်စိုင်းလျက် ရှိလေသတည်း။

တင်မောင်မြင့်

၉–၈–၈၆
နှင်းဆီကုန်း
သုဝဏ္ဏ။